မုတ်ကျွန်းဆရာတော်ဘုရား

ရေးသားစီရင်အပ်သော

# ဓာတုဝိဘင်္ဂသုတ်တော်

၁၃၃၇-ခုနှစ်၊ တန်ဆောင်မုန်းလပြည့် တနင်းလာနေ့

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာနှစ် ၂၅၁၉ ကောဇာ ၁၃၃၇ ဒီဇင်ဘာလ ၁၉၇၅

မုတ်ကျွန်းဆရာတော်ဘုရား

ရေးသားစီရင်အပ်သော

# ဓာတုဝိဘင်္ဂသုတ်ဖော်

၁၃၃၇-ခုနှစ်၊ တန်ဆောင်မုန်းလပြည့် တနင်္လာနေ့

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာနှစ် ၂၅၁၉ ကောဇာ ၁၃၃၇ ဒီဇင်ဘာလ ၁၉၇၅

ထုတ်ဝေသူ။ ။မောင်ထွန်းအောင်ကျော်၊၁၀၇-ပြည်လမ်း၊(၈)မိုင်၊ရန်ကုန်မြို့။
မှတ်ပုံတင်ကင်းလွတ်ခွင့်အမှတ် ၀၃၃၀၂။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် ၈၆၁၁။

ရန်ကုန်မြို့၊ ကမ္ဘာအေးစေတီ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ
မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် ညွှန်ကြားရေးမှူး
ဦးလှမောင် M.A.,M.S.,B.L. မှတ်ပုံတင်အမှတ် (၀၈၇၉/)က
ပုံနှိပ်သည်။

၁၅၆၃၈

## ဓာတုဝိဘင်္ဂသုတ်တော်

# နိဒါန်း

### ဓာတုဝိဘင် သုတ်တော်ကြီးကို ရေးသားရခြင်း အကြောင်း

မဟာကရုဏာဂုဏ်တော် ကြီးမားတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ပုက္ကုသာတိအမည်ရှိသော ရဟန်းကြီး(မင်းကြီး)အား အောက်မဂ်, အောက်ဖိုလ်တို့သို့ ဆိုက်ရောက်ပြီးတော့မှရင် ဤဘဝမှာပင်လျှင် အနာဂါမ်အဖြစ်ဖြင့် ပရိနိဗ္ဗာန်ပြုပြီး သုဒ္ဓါဝါသဘုံ၌စံနေလျက် ထိုသုဒ္ဓါဝါသဘုံမှာ ရဟန္တာအဖြစ်ဖြင့် ပရိနိဗ္ဗာန် စံနိုင်ရန်အလို့ငှါ ငဲ့ညှာတော်မူလျက် ဓာတ်ခြောက်ပါး တရားတို့ကို အခြေခံတော်မူပြီးတော့မှရင် လက္ခဏာရေး တရားသုံးပါးတို့ဖြင့် သုံးသပ်ပုံ တရားအလုံးစုံတို့ကို ဟောဖော် မြွက်ကြားတော်မူခဲ့ပါပေ၏။ ,

ထို ပုက္ကုသာတိ ရဟန်းကြီး၏ အတိတ်၌ ဖြစ်ခဲ့ဘူးပေသော အကြောင်း တရားတို့ကို အဋ္ဌကထာဆရာ အရှင်မြတ်က မိန့်ဟ မြွက်ကြားတော်မူရာဝယ် ပုက္ကုသာတိ ရဟန်းကြီး၏ အထံမှောက်သို့ ဗိမ္ဗိသာရမင်းကြီးက အလွန်တရာ သိမ်မွေ့နူးညံ့ မြင့်မြတ်ပါပေသော ဗုဒ္ဓရတနာ, ဓမ္မရတနာ, သံဃရတနာတို့ ပါဝင်ပါပေသည့် ဓမ္မက္ခန် လက်ဆောင်တော်ထုပ်ကြီးကို ပို့သလိုက်ခဲ့ပါပေသည်။

ထို ဓမ္မက္ခန် လက်ဆောင်တော်ထုပ်ကြီးကို ပို့သလိုက်ရာဝယ် လောက၌ ရတနာသုံးပါးနှင့်တကွ တရားအစုံအစုံတို့သည် အဘယ်မျှလောက်ပင် အဘိုးထိုက်တန်သည် ဆိုတာကိုတော့ ရှေ့ ပုက္ကုသာတိ ဝတ္ထုတော်ကြီးတွင် ဖတ်ရှုကြပါက သိရှိနားလည်နိုင်ကြပေလိမ့်မည်။ ပုရပိုက် ရွှေပေလွှာတွင် ပါဝင်နေပေသော ရတနာတို့ကိုတော့ရင် ထားပါဘိလေဦး၊ ၎င်း ဓမ္မက္ခန် ရွှေပေလွှာကို ထုပ်ပါသော တံတင်း(သေတ္တာ) အစရှိသည့် အရာဝတ္ထုတွေကပင်လျှင် ရတနာမျိုးစုံတို့ဖြင့် တန်းဆာဆင်ပြီးတော့မှရင် ထုပ်ထားရသည်ဆိုတော့ ရွှေပေလွှာတွင် ရေးသားထားပေသော ရတနာတို့ကတော့ ချိုးမွမ်း၍ပင် မဆုံးနိုင်အောင် အဘိုးထိုက်တန်ကြောင်း ထင်ရှားပေသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ဆိုသည်မှာ ဘုရားရှင်နှင့်တကွ တရား သံဃာ ထေရ်ဆရာတို့၏ ဂုဏ်အသွယ်သွယ်တို့ကို သိရှိပြီးတော့မှရင် ကိုးကွယ်ဆည်းကပ်နိုင်ရန်အလို့ငှါ ဒေါက်တာ မောင်မောင်(နိုင်ငံတော် ကောင်စီဝင်)နှင့် မင်္ဂလာ ဦးအောင့်မြင့်စသော တပည့်(သား သမီး)အပေါင်းတို့က ဆရာတော်ဘုရား၏ သာသနာပြု ဌာနကြီးတွင် နောင်လာ နောက်သားများပါ

မကျန် ဘုရားတပည့်တော်တို့တတွေ ပိဋကဉာဏ်ဖြင့် နည်းမှန်ကျင့်ကြံ ကြိုးကုတ် အားထုတ်နိုင်ရန်အလို့ငှါ ကျမ်းတစောင် ပြုစုထားရှိပေးတော်မူပါရန် တောင်းပန် လျှောက်ထားကြပါသဖြင့် ဆရာတော်သည် ဤ ခေတုဝိဘာဂ် သုတ်တော်ကြီးကို မူလစာကိုယ်ထက် ပိုမို၍ သိရှိနားလည်နိုင်ရန်(အချိန်ကို သင့်လျော်သော နည်း ဖြင့် ရယူ၍) ခေတုဝိဘာဂ်သုတ်တော်ကြီးမှ တပါးသော ပါဠိ အဋ္ဌကထာ ဋီကာ စသည်တို့မှလာသော မိန့်ဆိုချက်များကို ဖြည့်စွက်လျက် အချိန်ပင် မရနိုင်သော ကာလအတွင်းမှပင် တပည့်(သား သမီး)တို့အား သံသရာဝဋ်အတွင်းမှ လွတ် ကင်းကြစေရန် ရည်သန်လျက် ဤ ခေတုဝိဘာဂ် သုတ်တော်ဟု ဆိုအပ်သော ကျမ်းစာကို ရေးသား စီရင်ခဲ့ရပေသည်။ တဖန် ထိုကျမ်း၏ အစဖြစ်သော နိဒါန်းစကားကို ဆက်ကြပေဦးစို့.....။

## လက်ဆောင်

လက်ဆောင်ဆိုသည်မှာ တဦးအပေါ် တဦးက အချင်းချင်း တုံ့ပြန်သော စေတနာဖြင့် ပစ္စည်း၊ သို့မဟုတ် တရားတို့ကို အပြန်အလှန် ပေးကမ်းမှုကိုပင် လက်ဆောင်ဟု ခေါ်ဆိုရပါမည်။

လက်ဆောင်တို့ကတော့ရင် (က) ပစ္စည်းလက်ဆောင် (ခ) တရားလက် ဆောင်ဟူ၍ နှစ်မျိုးရှိပါပေသည်။ အဲဒီ နှစ်မျိုးထည်းမှာမှ ပစ္စည်း ရွှေ ငွေမှအစ အထည်အဝတ်တိုင်အောင် လက်ဆောင်ဆိုတာကတော့ရင် သတ္တဝါတိုင်း မြတ် နိုး တွယ်တာကြတဲ့ လက်ဆောင်တခုပါပဲ၊ ဓမ္မလက်ဆောင်ဆိုတာကတော့ရင် ကျွတ်သင့် ကျွတ်ထိုက် လွတ်သင့် လွတ်ထိုက်တဲ့ သတ္တဝါတွေမှသာ ရယူထိုက်တဲ့ လက်ဆောင်တခုဖြစ်ပါသည်။

ပစ္စည်းလက်ဆောင် ပေးအပ်ရာဝယ် အနည်းငယ် ဆိုကြပါစို့ရဲ၊ ရွှေ ငွေစသည် မှ အစပြုပြီးတော့မှရင် အဝတ်အထည် စသည်တို့တိုင်အောင် သုံးစွဲမှီဝဲ၍ ရနိုင် သော ပစ္စည်းဝတ္ထု အိမ် ကျောင်း စရပ် စသည်ကို ပေးခြင်းကိုပင်လျှင် ပစ္စည်းလက်ဆောင် ပေးသည်ဟု ခေါ်ဆိုရပေမည်။

ဓမ္မလက်ဆောင် ပေးအပ်ရာဝယ် ထပ်ဆိုကြဦးစို့ရဲ – ဤခေတုဝိဘာဂ်သုတ် တော်၌လည်း ဗိမ္ဗိသာရမင်းကြီးက ဗုဒ္ဓဂုဏ်တော်မှ အစပြုပြီးတော့မှရင် မင် ဆိုက် ဖိုလ်ဆိုက်ပြီး အာသဝေါကုန်ဆုံးလျက် ချုပ်ပျောက်ကာ နိဗ္ဗာန်ရောက် သည့်တိုင်အောင်သော တရားဓမ္မကွန်တို့ကို ရွှေပေလွှာပေါ်တွင် ရေးပြီးတော့မှ ပို့သလိုက်ရာသကဲ့သို့ရင်း တဖန် သုတ္တနိပါတအဋ္ဌကထာ ပါရာယနဝဂ် ဝတ္ထု ဂါထာဝဏ္ဏနာဝယ် ဗာဝရီဏာသီမင်းကြီးက ပို့သလိုက်သော——

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။
သံဃော လောကေ သမုပ္ပန္နော၊ ပုညက္ခေတ္တံ အနုတ္တရံ–

ဟူသော ဂါထာတော်ကို ရေးသား ပေးပို့လိုက်ရာ ကဋ္ဌဝါဟန ဘုရင်မင်းမြတ်က ရှေးက မကြားဘူးပေသော တရားစကားကိုလည်း ကြားနာရတော့မည်၊ ရှေးက မမြင်ဘူးသည်တို့ကိုလည်း ယခု ဖူးမြင်ရတော့မည်ဟု မိန့်တော်မူပြီးတော့မှရင် မှူးမတ်စသော အခြံအရံတို့ကို ခေါ်ဆောင်၍ မြတ်စွာဘုရား၏ ထံတော်မှောက်သို့ သွားကြရန် အကြံတော်ဥပေးခဲ့ပါသော် မှူးမတ်များက အကျွန်ုပ်တို့ သွားပါမည်ဟု လျှောက်ထား၍ ထိုအမတ်များ ရောက်သောအခါဝယ် (မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန် ပြုနှင့်လေပြီ) "မြတ်စွာဘုရား အဘယ်မှာနည်း၊ မြတ်စွာဘုရား အဘယ်အရပ်သို့ ကြွသွားသနည်း"ဟု အလုံးစုံသော ကျောင်းတို့ကို လှည့်လည်ကြွေးကြော်ပြီး မျက်မှောက်တွင် ထင်ရှားရှိနေသော သာဝကတို့ကို မြင်၍ မေးလျှောက်ကြလေကုန်၏။

"မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန် ပြုတော်မူသွားပေပြီ"ဟု ဖြေလိုက်သည် ရှိသော် အကျွန်ုပ်တို့မှာ အဝေးဖြစ်သောအရပ်မှ လာကြရပြီး မြတ်စွာဘုရားရှင်ကို ဖူးမြော်ခွင့်လေးတောင်မှ မရလိုက်ပေဘူးဘုရားဟု ငိုကြွေးပြီးတော့မှရင် "အရှင်ဘုရားတို့ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် မပြုမီက မြွက်ဟ မိန့်ကြားတော်မူခဲ့သော ဩဝါဒများ ရှိပါသေးသလားဘုရား"ဟုမေးလျှောက်ရာ အိုဥပါသကာတို့ ဩဝါဒမိန့်ခွန်းတော်များ ရှိပါသေးသည်ဟု မိန့်ကြားတော်မူကြပေကုန်၏။

ထိုမြတ်စွာဘုရားရှင်၏ မိန့်ခွန်းတော်များမှာ—

(က) သရဏဂုံတရား သုံးပါး၌ တည်စေရမည်။

(ခ) ငါးပါးသီလကို ခါးဝတ် ပုဆိုးကဲ့သို့ မြဲမြံအောင် ဆောက်တည်ရမည်။

(ဂ) ရှစ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ဥပုသ်သီလကို ကျင့်သုံး၍နေရမည်။

(ဃ) အာမိသ ဆွမ်း ခဲဖွယ် ဘောဇဉ်စသော ဒါန၊ ဓမ္မ(ပိဋကကျမ်းစာစသော)ဒါနတို့ကို ပေးလှူကြရမည်။

(င) ရှင်အဖြစ် ရဟန်းအဖြစ်ကို ခံယူကြရမည်ဟူ၍ရင်း မြတ်စွာဘုရားရှင်၏ မိန့်ခွန်းဩဝါဒတရားများ ကျန်ရှိနေပါပေ၏ဟူ၍ သာဝကများက မိန့်တော်မူလိုက်ပေ၏။

ထိုတရားတော် (ဩဝါဒ) တို့ကို နာကြားလိုက်ရ၍ ထိုမင်း၏တူဖြစ်သော အမတ်ကို ထား၍ အလုံးစုံသော ပုဂ္ဂိုလ်တို့သည် ရဟန်းပြုကြကုန်၏။ တူတော်

မောင်သံည်လည်း ပရိဘောဂဓာတ်(ဗောဓိရုက္ခနှင့် သပိတ်သက်နီး)ကို ယူဆောင်၍ ကဌ္ဌဝါဟနတိုင်းပြည်သို့ ဖဲသွားလေ၏။ တဖန် မြတ်စွာဘုရားရှင် ဒေသနာတော်ကို ဂနသေချာစွာ ဟောကြားနိုင်ပြီး ဝိနည်းကိုဆောင်သော မထေရ်ကိုလည်း ပင့်ဆောင်၍ ဖဲသွားလေ၏။

တဖန် မြို့တွင်းသို့ ဝင်ပြီး နန်းတော်သို့ရောက်သောအခါ လောက၌ ပွင့်တော်မူသော မြတ်စွာဘုရားသည်' ပရိနိဗ္ဗာန်ပြုတော်မူပြီဟု မင်းကြီးအား လျှောက်ထားပြီးတော့မှရင် မြတ်စွာဘုရားရှင်၏ မြွက်ဟမိန့်ကြားတော် မူခဲ့ပါသော ဩဝါဒတရားတို့ကို ပြောကြားလေ၏။ မင်းကြီးသည် မထေရ်၏အထံသို့ ချဉ်းကပ်၍ တရားတော်ကို ရိုသေစွာ နာကြားပြီး ကျောင်းကို ဆောက်လျက် စေတီတော်ကို တည်ထားကာ ဗောဓိပင်ကို စိုက်ပျိုးပြီးတော့မှရင် သရဏဂုံသုံးပါးတို့ကိုငှင်း၊ ခါးဝတ်ပုဆိုးကဲ့သို့ မြဲအောင် စောင့်ထိန်းရမည့် ငါးပါးသီလတို့ကိုငှင်း ဆောက်တည်၍ ရှစ်ပါးသော အင်္ဂါရပ်နှင့် ပြည့်စုံသော ဥပုသ်သီလတို့ကိုပါ ကျင့်သုံးပြီး အလှူဝတ္ထုတို့ကို ပေးလှူလျက် အသက်ရှိနေသမျှ ကာလပတ်လုံး ဆောက်တည်၍ နတ်ရွာစံသောအခါ ကာမာဝစရနတ်ပြည်၌ ဖြစ်၏။ ထိုမင်း၏ ပရိသတ်တို့သည် ရဟန်းပြုလျက် ပုထုဇဉ်ဘဝဖြင့်ပင် အသက်ကုန်ဆုံးကြကုန်၍ ထိုမင်းအား လုပ်ကျွေးပြုစုကြကုန်၏။

ဤဥပမာကဲ့သို့ပင်တည်း၊ မြတ်စွာဘုရားကို ဖူးမြော်လိုသောဆန္ဒ၊ မြတ်စွာဘုရား၏ ဩဝါဒတရားတို့ကို နာကြားလိုသောဆန္ဒတို့ ဖြစ်ပေါ်လာအောင် ပို့သလိုက်ပါသော ဓမ္မလက်ဆောင်တော်အရ ဘုရားရှင်ကိုပင် မဖူးမြင်ကြရငြားပါလည်း ဘုရားရှင်၏ မိန့်ခွန်းဩဝါဒ အဖြာဖြာတို့ကို နာခံမှတ်သား၍ ရတနာသုံးပါးတို့၏ အပေါ်၌သာလျှင် ယုံကြည်သော စိတ်ထားဖြင့် သရဏဂုံသီလစသည်တို့ကို ကျင့်သုံးဆောက်တည် ပေးကမ်းလှူဒါန်း၍ နေသဖြင့် အောက်ထစ်ဆုံး ကာမာဝစရနတ်ပြည်သို့ ရောက်ရသည်ဆိုတော့ရင် ဤဗိမ္ဗိသာရမင်းကြီးက ပုက္ကုသာတိမင်းထံ ပို့သလိုက်သော လက်ဆောင်တော်တို့ကို ဖတ်ရှု၍ အဝါးဝအောင် အားသစ်ကြရင်တော့ ကာမာဝစရနတ်ပြည်တွင် မဟုတ်၊ နိဗ္ဗာန်တိုင်ထိအောင် ရောက်နိုင်လိမ့်မည်ဟု ယုံကြည်ကြရပေမည်။

## ဓာတ်အမျိုးမျိုး

**ပထဝီဓာတ်၏လက္ခဏာစသည်။** ။တောင့်တင်း ခိုင်မာသည်၏အဖြစ်,ခက်ထရော်ကြမ်းတမ်းခြင်းရှိသည်၏ အဖြစ် တည်းဟူသော မှတ်အပ်သော လက္ခဏာ မှတ်ကြောင်း လက္ခဏာရှိပါပေ၏၊ သဟဇာတ်တရားတို့၏ တည်ရာအဖြစ်တည်းဟူသော ကိစ္စရှိပေ၏၊ သဟဇာတ်တရားတို့ကို ခံလင့်သော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏၊ မိမိမှကြွင်းသော အာပေါ,

တေဇော, ဝါယောဟုဆိုအပ်သော ဓာတ်သုံးပါး အပေါင်းလျှင် နိုးစွာသော အကြောင်းရှိ၏။

**ဗာဟိရပထဝီဓာတ်။** ။ဝိဘင်းပါဠိတော်တွင် ဖော်ပြထားသည်မှာ အယော=သံ၊ လောဟံ=သံသစ်၊ တိပုသီသံ=သလွှဲ၊ သဇ္ဈု=ငွေ၊ မုတ္တာ=ပုလဲ၊ မဏိ=ပတ္တမြား၊ ဝေဠုရိယ=ကြောင်မျက်ရွဲ၊ သင်္ခါ=ခရုသင်း၊ သိလာ=ကျောက်သလင်း၊ ပဝါဠ=သန္တာ၊ ရဇတံ=ငွေ၊ ဇာတရူပံ=ရွှေ၊ လောဟိတင်္ဂါ=ပတ္တမြားနီ၊ မသာရဂလ္လံ=ပတ္တမြားပြောက်၊ တိဏံ=မြက်၊ ကဋ္ဌံ=သစ်၊ သက္ခရံ=ကျောက်စရစ်၊ ကထလံ=အိုးခြမ်း၊ ဘူမိ=မြေ၊ ပါသာဏ=ကျောက်၊ ပဗ္ဗတ=တောင်၊ တပါးသော အကြင်သို့ သဘောရှိပေသော ပထဝီဓာတ်တို့သည် ရှိခဲ့ပါပေ၏။

**ဗာဟိရပထဝီဓာတ်။** ။တဖန် သမ္မောဟဝိနောဒနီအဋ္ဌကထာတွင် ဖော်ပြထားသည်မှာ အယသဒ္ဒါကား–ကာဠလောဟ=မည်းသော သံကို ယူထားပါသည်။

လောဟသဒ္ဒါကား—(က) ဇာတိလောဟ=သံဇာတ်၊ (ခ) ဝိဇာတိလောဟ=ပထယ်သံ၊ (ဂ) ကိတ္တိမလောဟ=ကြေးဖြူစသည်တို့နှင့် ရောနှော၍ ပြုအပ်သောကြေး၊ (ဃ) ပိသာစလောဟ=သံချေးဆိုပြီးတော့မှရင် လေးပါး ယူထားပါသည်။

**ဇာတိလောဟသံဓာတ်။** ။အယော=သံထွေ၊ သဇ္ဈု=ငွေ၊ သုဝဏ္ဏ=ရွှေ၊ တိပု=သလွဲစင်၊ သီသ=ခဲမပုပ်။ တမ္ဗလောဟ=ကြေးနီ၊ ဝေကန္တကလောဟ=သံမဏိ၊ ဤသို့ ခုနစ်ပါးကုန်သော သံတို့သည် ဇာတိလောဟ=သံဇာတ်တို့မည်ပါပေကုန်၏။

**ဝိဇာတိလောဟသံဓာတ်။** ။နာဂနာသိကလောဟ=ပထယ် အမည်ရှိသော သံသည်၊ဝိဇာတိလောဟ=ပထယ်သံမည်ပါပေ၏။

**ကိတ္တိမလောဟသံဓာတ်။** ။ကံသလောဟ = ကြေးဖြူ၊ ဝဋ္ဋလောဟ=တေး၊ အာရကူဋ=ခေပ်ပြာ၊ ဤသုံးပါးသော ကြေးတို့သည် ကိတ္တိမလောဟ=ကြေးဖြူစသည်တို့နှင့် ရောနှော၍ ပြုအပ်သော ကြေးတို့ မည်ပါပေကုန်၏။

**ပိသာစလောဟသံဓာတ်။** ။မောက္ခရကံ= သံကြောင်၊ ပုထုကံ= သံကျွတ်၊ မလီနကံ=သံပွတ်၊ စပလကံ=သွပ်မည်သောသံ၊ (သံပြန်၊) သေလကံ=သံကျောက်၊ အာဋကံ=သံလိုက်၊ ဘလ္လကံ=သံခဲ၊ ဒုသိ-

လောဟံ=သံချေး၊ ဤရှစ်ပါးကုန်သော သံတို့သည် ပိသာစလောဟ=သံချေးတို့ မည်ပါပေကုန်၏။

မှတ်ချက်။ ။တမ္ဗလောဟ=ကြေးနီ၊ ဝေကန္တကလောဟ=သံမဏိ(သံရှင်)၊ ဤနှစ်ပါးကုန်သော သံဓာတ်တို့နှင့်တကွ ကြွင်းသော အလုံးစုံသော ကြေးဖြူ အစရှိသည့် သံချေးကိုလည်း ဤဓာတုဝိဘင်း၌ လောဟ ဟူ၍ပင် မှတ်ယူရပေမည်။

တဖန်–သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ ဖော်ပြအပ်ပါသော တိပုစသည့် စကားရပ်တို့၏ ယူဆဟန်ကတော့ရင် တိပု=သလွဲဖြူ၊ သီသံ=သလွဲမည်း၊ သဇ္ဈု=ငွေ၊ မုတ္တာ=သမုဒ္ဒရာမှ ဖြစ်သော ပုလဲ၊ မဏိ=ပါဠိတော်မှာလာသော ကြောင်မျက်ရွဲစသည်တို့ကို ထား၍ ကြွင်းသော ဇောတိရသစသည် အပြားရှိသော အလုံးစုံလည်းဖြစ်သော ပတ္တမြား၊ ဝေဠုရိယ=ဝါးမှို့ အဆင်းကဲ့သို့ အဆင်းရှိသော ပတ္တမြား၊ သင်္ခ=သမုဒ္ဒရာမှဖြစ်သော ခရုသင်း၊ သိလာ=ညိုသော အဆင်းရှိသော ကျောက် (ဖြော့တောသော အဆင်းရှိသော ကျောက်, ဖြူသောအဆင်းရှိသောကျောက်)၊ ဤသို့စသည် အပြားရှိသော အလုံးစုံသော ကျောက်တို့ကို ယူရပေမည်။

သန္တာ=သန္တာ၊ ရဇတ=အသပြာ၊ ဇာတရူပ=ရွှေ၊ လောဟိတင်္ဂ=ပတ္တမြားနီ၊ မသာရဂလ္လ=ပတ္တမြား ပြောက်။ မြက် စသည်တို့၌ အပတွင် အနှစ်ရှိပေကုန်သော အယုတ်ဆုံးအားဖြင့် အုန်းပင်စသည်တို့သည်လည်း မြက်မည်ပေ၏။ အတွင်း၌ အနှစ်ရှိပေကုန်သော အယုတ်ဆုံးအားဖြင့် သစ်တုံးသည်လည်း သစ်မည်ပေ၏။

သက္ခရ=ပဲနောက် အတိုင်းအရှည်မှ လက်ကဆုပ် အတိုင်းအရှည် တိုင်အောင်သော ကျောက်ပြုတ်, ပဲနောက် အတိုင်းအရှည်အောက် ငယ်သော ကျောက်ကိုသဲ၊ ကထလ=အလုံးစုံသော အိုးခြမ်းကွဲ၊ ဘူမိ=မြေ၊ ပါသာဏ=လက်ဆုပ်၏အတွင်း၌ မကည်နိုင်သော ကျောက်မှစ၍ ခုနစ်တောင်တထွာရှိသော ဆင်ပမာဏသို့ မရောက်သော ကျောက်ကို ကျောက်၊ ပဗ္ဗတ=ခုနစ်တောင်တထွာရှိသော ဆင်၏ ပမာဏမှစ၍ အထက်၌ဖြစ်သော ကျောက်ကို တောင်ဟူ၍ အသီးအသီး မှတ်ယူကြရပေမည်။

ဤ ဆိုအပ်ခဲ့ပြီးသော အပယသန္တာန်၌ဖြစ်သော ဓာတ်အမျိုးမျိုးကို ဗာဟိရပထဝီဓာတ်ဟူ၍ မှတ်ယူရပေမည်။

ပထဝီဓာတ်အရ ပြီး၏။

**အာပေါဓာတ်၏ လက္ခဏာစသည်။** ။ယိုစီးသွားခြင်းလက္ခဏာရှိ၏၊ သဟဇာတ်တရားတို့ကို ပွါးစေခြင်း, ဖြိုးဖြိုးတက်စေခြင်း ကိစ္စရှိပါပေ၏၊ သဟဇာတ်တရားတို့ကို ဖွဲ့သောအားဖြင့် တက္ကပေါင်းရုံး၍ယူသော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏၊ မိမိမှကြွင်းသော ပထဝီ, တေဇော, ဝါယောဟု ဆိုအပ်သော ဓာတ်သုံးပါး အပေါင်းလျှင် နီးစွာသော အကြောင်းရှိ၏။

**ဗာဟိရအာပေါဓာတ်။** ။ဝိဘင်း ပါဠိတော်တွင် မိန့်တော်မူထားသည်မှာ–မူလရသော=အမြစ်ကို စွဲ၍ဖြစ်သော အရည်၊ ခန္ဓရသော=အပင်ကို စွဲ၍ဖြစ်သော အရည်၊ တစရသော=အခွံကို စွဲ၍ဖြစ်သော အရည်၊ ပတ္တရသော=အရွက်ကို စွဲ၍ဖြစ်သော အရည်၊ ပုပ္ဖရသော=အပွင့်ကို စွဲ၍ဖြစ်သော အရည်၊ ဖလရသော=အသီးကို စွဲ၍ဖြစ်သော အရည်၊ ခီရံ=နို့၊ ဒဓိ=နို့ဓမ်း၊ သပ္ပိ=ထောပတ်၊ နဝနီတံ=ဆီဦ၊ တေလံ=ဆီ၊ မဓု=ပျားရည်၊ ဖာဏိတံ=တင်လဲ၊ ဘူမာနိ ဝါ ဥဒကာနိ=မြေ၌ဖြစ်သော ရေ၊ အန္တလိက္ခာနိ ဝါ ဥဒကာနိ=ကောင်းကင်၌ ဖြစ်သော ရေ၊ တပါးသော အကြင်သို့ သဘောရှိပေသော အာပေါဓာတ်တို့သည် ရှိခဲ့ပါပေ၏။

**ဗာဟိရအာပေါဓာတ်။** ။တဖန် သမ္မောဟဝိနောဒနီ အဋ္ဌကထာတွင် မိန့်တော်မူထားသည်မှာ–မူလရသ=ဗာဟိရဖြစ်သော အာပေါဓာတ်နှင့် အမြစ်ကို စွဲ၍ဖြစ်သော အရည်၊ ခန္ဓရသ စသည်တို့၌ မူလရသအတိုင်း မှတ်ယူပါ။

ဘေသဇ္ဇသိက္ခာပုဒ်၌ မှတ်ခြင်းသည် ရှိသကဲ့သို့ ထိုအတူ ဤဓာတုဝိဘင်း၌ မှတ်ယူခြင်းစသည် အမြဲမရှိပေ၊ ခီရ=အလုံးစုံသော နို့ရည်၊ အကြွင်းဖြင့် နို့ဓမ်းစသည်တို့၌ ဤနည်းအတိုင်း မှတ်ယူပါ။ ဘုမ္မာနိ=တွင်း စသည်တို့၌ တည်သော ရေတွင်း စသည်တို့မှ ထွက်သော ရေ၊ အန္တလိက္ခာနိ=မြေသို့ မကျရောက်ကုန်သေးသော မိုးရေ၊ (ဆီးနှင်းရေ၊ ကမ္ဘာပျက်မိုးရေ) မြေကို ခံသောရေစသည်တို့သည်လည်း ဤဓာတုဝိဘင်း၌ အာပေါဓာတ်အရ ထည့်သွင်းယူကြရပေမည်။

ဤဆိုအပ်ခဲ့ပြီးသော အပသန္တာန်၌ ဖြစ်သော ဓာတ်အမျိုးမျိုးကို ဗာဟိရအာပေါဓာတ်ဟူ၍ မှတ်ယူရပေမည်။

အာပေါဓာတ် ပြီး၏။

**တေဇောဓာတ်၏လက္ခဏာစသည်။** ။ပူသည်၏ အဖြစ်တည်းဟူသော လက္ခဏာ ရှိပေ၏၊ ကျက်စေခြင်း၏ လက္ခဏာရှိပေ၏၊ သဟဇာတ်တရားတို့အား နူးညံ့စေသော အဖြစ်အားလျော်စွာ ပေးသော အခြင်းအရာအားဖြင့် ရှေးရှုထင်တတ်ပေ၏၊ မိမိမှ ကြွင်းသော ပထဝီ, အာပေါ်, ဝါယောဟု ဆိုအပ်သော ဓာတ်သုံးပါး အပေါင်းလျှင် နီးစွာသော အကြောင်း ရှိ၏။

**ဗာဟိရတေဇောဓာတ်။** ။ဝိဘင်း ပါဠိတော်တွင် မိန့်တော်မူထားသည်မှာ- ကဋ္ဌဂ္ဂိ=သစ်သားကို စွဲ၍ဖြစ်သော မီး၊ ပလာလဂ္ဂိ=ကောက်ရိုးကို စွဲ၍ဖြစ်သောမီး၊ တိဏဂ္ဂိ=မြက်ကို စွဲ၍ဖြစ်သော မီး၊ ဂေါမယဂ္ဂိ=နွားချေးကို စွဲ၍ဖြစ်သော မီး၊ ထုသဂ္ဂိ=ဖွဲကို စွဲ၍ ဖြစ်သော မီး၊ သင်္ကာရဂ္ဂိ= တံမြက်ချေးကို စွဲ၍ဖြစ်သောမီး၊ ဣန္ဒဂ္ဂိ=မိုးကြိုးကို စွဲ၍ဖြစ်သောမီး၊ အဂ္ဂိသန္တာပေါ=မီးပူ၊ သူရိယသန္တာပေါ=နေပူ၊ ကဋ္ဌသန္နိစယသန္တာပေါ=သစ်သားစုမီးပူ၊ တိဏသန္နိစယသန္တာပေါ=မြက်စုမီးပူ၊ ဓညသန္နိစယသန္တာပေါ=စပါးစုမီးပူ၊ ဘဏ္ဍသန္နိစယသန္တာပေါ=ဥစ္စာစုမီးပူ၊ တပါးသော အကြင်သို့ သဘောရှိပေသော တေဇောဓာတ်တို့သည် ရှိခဲ့ပါပေ၏။

**တေဇောဓာတ်။** ။တဖန် သမ္မောဟဝိနောဒနီ အဋ္ဌကထာတွင် မိန့်ဆိုထားသည်မှာ=တေဇော=အငွေ့၏ အစွမ်းအားဖြင့် ဖြစ်သောကြောင့် တေဇောမည်၏၊ တေဇောဂတ=အငွေ့သည်ပင်လျှင် အငွေ့၏ အဖြစ်သို့ ရောက်သည်၏ အဖြစ်ကြောင့် တေဇောဂတ မည်ပေ၏၊ ဥသ္မာ=ပူသော အခြင်းအရာ၊ ဥသ္မာဂတ=ပူသော အခြင်းအရာသည်ပင်လျှင် ပူခြင်းတည်းဟူသော သဘောသို့ ရောက်သည်၏အဖြစ်၊ ဥသုမံ=ပြင်းစွာသောအပူ၊ ဥသုမဂတ=ပြင်းစွာသော အပူသည်ပင်လျှင် ပူခြင်း၏ လက္ခဏာသို့ ရောက်သည်၏ အဖြစ်။

သန္တပ္ပတိ=ဤကိုယ်သည် ပြင်းစွာပူ၏၊ တရက်ချန်ဖျားခြင်း စသည်၏အဖြစ်အားဖြင့် ဖြစ်သော ပူခြင်းစသည် ရှိပါပေ၏၊ ဇီရတိ=တေဇောဓာတ် ပျက်ခြင်းကြောင့် ဤခန္ဓာကိုယ်သည် ရင့်(အို) ခြင်းသို့ ရောက်၏၊ မျက်စိသိ၊ မျက်စိမသန်ခြင်း စသည်တို့၏ အစွမ်းအားဖြင့် ဣန္ဒြေချို့တဲ့သည်၏ အဖြစ်သို့ရင်း၊ အားဆုတ်ယုတ်သည်၏ အဖြစ်သို့ရင်း၊ အရေတွန့်သည်၏ အဖြစ် အစရှိသော သဘောသို့ရင်း ရောက်ရပေ၏။

ပရိဍယှတိ=ပျက်သော တေဇောဓာတ်သည် ဤခန္ဓာကိုယ်ကို လောင်၏၊ တေဇောဓာတ်သည် ပျက်စီးခြင်းကြောင့် ဤခန္ဓာကိုယ်သည် ပြင်းစွာ ပူလောင်၏။ ထိုခန္ဓာကိုယ် ထင်ရှားရှိပေသော ပုဂ္ဂိုလ်သည်လည်း ငါသည် ပြင်းစွာပူ၏၊

ဝါသည် ပြင်းစွာ ပူ၏ဟု ငိုကြွေးမြည်တမ်းလျက် အကြိမ်တရာ စစ်ပါသော ထောပတ် ဝေါသီတ အမည်ရှိပေသော စန္ဒကူးနံ့သာ စသည်တို့ဖြင့် လိမ်းကျံခြင်းကိုရင်း ထမ်းရွက်ယပ်လေကိုရင်း တောင့်တ၏။

**သန္တပ္ပတိနှင့် ပရိဠယှတိအထူး။** ။သန္တပ္ပတိဟူသည် ခန္ဓာကိုယ်၏ ပကတိသဘော တရားကို လွန်ပြီးတော့မှရင် ညံ့သော ပူခြင်းဖြစ်ပါပေ၏၊ ပရိဠယှတိဟူသည် အလွန်တရာမှပင် ပြင်းစွာ ပူလောင်ခြင်းဖြစ်ပါပေ၏၊ ဤကား အထူးပေတည်း။

အကြောင်တေဇောဓာတ်ကြောင့် စားအပ်သော ဤထမင်း စသော အစာသည်ရင်း၊ သောက်အပ်သော ဤအဖျော် စသော အစာသည်ရင်း၊ ခဲအပ်ပါသော ဤမုန့်ခဲဖွယ် စသော အစာသည်ရင်း၊ လျက်အပ်ပါသော ဤသရက်သီးမှည့် ပျားရည် တင်လဲ သကာ စသော အစာသည်ရင်း၊ ကောင်းစွာကြေခြင်း ကောင်းစွာကျက်ခြင်းသို့ ရောက်ခဲ့ပေ၏။ ဒရည်(အရသာ)စသည်၏ အဖြစ်အားဖြင့် ကြေခြင်းသို့ ရောက်၏။

ဤ တေဇောဓာတ်တို့တွင် ရှေ့ဖြစ်ကုန်သော သန္တပ္ပတိတေဇော, ဇီရတိတေဇော, ပရိဠယှတိတေဇောဟု ဆိုအပ်ပေသော သုံးပါးကုန်သော တေဇောဓာတ်တို့သည် ကံ, စိတ်, ဥတု, အာဟာရ–လေးပါးကုန်သော အကြောင်းတရားတို့ကြောင့် ဖြစ်ပါပေကုန်၏။ နောက်ဖြစ်ပါသော ထမင်း အဖျော် စသော အစာ အာဟာရတို့ကို ကြေခြင်း ကျက်ခြင်းသို့ ရောက်နိုင်စေသော တေဇောဓာတ်သည် ကံကြောင့်သာ ဖြစ်ခဲ့ပါပေ၏။ တစုံတခုသော ခန္ဓာကိုယ်၌ ပကတိသဘော အတိုင်းသာ ဖြစ်သောသဘော ရှိခဲ့ပေ၏။ ထိုဥတုကိုလည်း ထည့်သွင်း၍ ယူနိုင်ပေသည်။

**ဗာဟိရတေဇောဓာတ်။** ။တဖန် သမ္မောဟဝိနောဒနီ အဋ္ဌကထာတွင် မိန့်ဆိုထားပါသော ကဋ္ဌဂ္ဂိစသော စကားရပ်တို့၏ ယူဆဟန်ကံတော့ရင် ကဋ္ဌဂ္ဂိ=သစ်သားတို့ကို စွဲပြီး တောက်ပသော သစ်တုံးလျှင် စွဲလမ်းရာရှိသော ထင်းလျှင် စွဲလမ်းရာရှိသော မီး(ကောက်ရိုးမီး စသည်တို့၌ ဤနည်းအတိုင်း မှတ်ယူပါ၊) သက်ာရဂ္ဂိ=အမှိုက်တို့ကို စုရုံး၍ တောက်စေအပ်သော အမှိုက်မီး၊ ဝုဋ္ဌဂ္ဂိ=မိုးကြိုးပစ်ခတ်၍ ကျခြင်းကြောင့် ဖြစ်ပေသော(လောင်)မီး၊ အဂ္ဂိသန္တာပ=မီးလျှံမီးတောက် ရဲရဲညီးသော မီးကြီးခဲအစုဟု ဆိုအပ်ပေသော မီးမယ်ဖြူ၊ အကြွင်းဖြစ်သော သူရိယသန္တာပ စသည်တို့သည် မထူးခြားတော့ပေပြီ။

တဖန်–ပိတ္တာတို့၏ခံတွင်းမှ ထွက်သောမီး၊ ကမ္ဘာလောင်သောမီး၊ ငရဲမီးတို့သည်လည်း ဤဓာတုဝိဘင်း၌ တေဇောအရ ထည့်သွင်း၍ ယူကြရပေမည်။

ဤဆိုအပ်ခဲ့ပြီးသော အပသန္တာန်၌ဖြစ်သော ဓာတ်အမျိုးမျိုးကို ဗာဟိရ တေဇောဓာတ်ဟု မှတ်ယူရပေမည်။

တေဇောဓာတ် ပြီး၏။

---

**ဝါယောဓာတ်၏ လက္ခဏာစသည်။** ။သဟဇာတ်တရားတို့ကို ထောက်ပံ့ခြင်း, ခိုင်စေခြင်း လက္ခဏာရှိ၏၊ တွန့်ခြင်း (လှုပ်ခြင်း) ကိစ္စရှိ၏၊ ဘုတ်အပေါင်းကို ရွှေ့ဆောင်သော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်တတ်ပေ၏၊ မိမိမှ ကြွင်းသော ပထဝီ, အာပေါ်, တေဇောဟု ဆိုအပ်သော ဓာတ်သုံးပါးအပေါင်းလျှင် နီးစွာသော အကြောင်း ရှိ၏။

**ဗာဟိရဝါယောဓာတ်။** ။ဝိဘင်းပါဠိတော်တွင် မိန့်ဆိုတော်မူထားသည်မှာ—ပုရတ္ထိမာဝါတာ=အရှေ့အရပ်မျက်နှာမှလာသော လေ၊ ပစ္ဆိမာဝါတာ = အနောက်အရပ်မျက်နှာမှ လာသော လေ၊ ဥတ္တရာဝါတာ = မြောက်အရပ်မျက်နှာမှ လာသော လေ၊ ဒက္ခိဏာဝါတာ=တောင်အရပ်မျက်နှာမှ လာသော လေ၊ သရဇာဝါတာ=မြူခိုးနှင့်တကွ လာသော လေ၊ အရဇာဝါတာ= မြူခိုးကင်းမဲ့စွာလာသော လေ၊ သီတာဝါတာ=အေးသော တိမ်တိုက်မှလာသော လေ၊ ဥဏှာဝါတာ=ပူသော တိမ်တိုက်မှ လာသော လေ၊ ပရိတ္တာဝါတာ=နည်းသော လေ (အားနည်းသော လေ)၊ အဓိမတ္တာဝါတာ=အားကြီးသော လေ၊ ကာဠဝါတာ=မည်းသော တိမ်တိုက်မှလာသော လေ၊ ဝေရမ္ဘဝါတာ=ယုဇနာ၏ အထက်မှ ဖြစ်သော လေ၊ ပက္ခဝါတာ=အတောင်ကြောင့်ဖြစ်ပေါ်သော လေ၊ သုပဏ္ဏဝါတာ=ဂဠုန်တို့မှ ဖြစ်ပေါ်သော လေ၊ တာလဝဏ္ဏဝါတာ=ထမ်းရွက်ဝန်းမှ ဖြစ်ပေါ်သော လေ၊ ဝိဓူပနဝါတာ = နှီးယပ်မှ ဖြစ်ပေါ်သော လေ၊ တပါးသော အကြင်သို့ သဘောရှိပေသော ဝါယောဓာတ်တို့သည် ရှိခဲ့ပါပေ၏။

**ဝါယောဓာတ်။** ။သမ္မောဟဝိနောဒနီ အဋ္ဌကထာတွင် မိန့်တော်မူထားသည်မှာ ဝါယော=လျင်စွာရောက်ခြင်း လှုပ်စေခြင်း၏ အစွမ်းအားဖြင့် ဝါယောမည်၏။ ဝါယောဂတ=လေသည်ပင်လျှင် လျင်စွာ ရောက်ခြင်း လှုပ်စေခြင်းသဘောသို့ ရောက်စေသည်၏ အဖြစ်ကြောင့် ဝါယောဂတမည်ပေ၏။

**ဥဒ္ဓင်္ဂမဝါတာ။** ။ကြို့ထိုးခြင်း သန်းခြင်း သလိပ်ဟပ်ခြင်း ရွတ်ဖတ်ခြင်းစသည် တို့ကို ဖြစ်စေတတ်ကုန်သော ရယ်မောခြင်း စကားဆိုခြင်း ကြွေးကြော်ခြင်းစသော အထက်သို့ တက်သော (အထက်သို့ အနှိုးခြင်းရှိသော) လေတို့ကို မှတ်ယူရပါမည်။

**အဓောဂမဝါတာ။** ။ကျင်ကြီး ကျင်ငယ် စသည်တို့ကို ထုတ်ပစ်တတ်ကုန်သော အောက်သို့ စုန်ဆင်းသော လေတို့ကို မှတ်ယူရပါမည်။

**ကုစ္ဆိသယဝါတာ။** ။အူတို့၏ အပ၌ တည်ပါပေသော လေတို့ကို မှတ်ယူရပါမည်။

**ကောဋ္ဌာသယဝါတာ။** ။အူတို့၏ အတွင်း၌ တည်ပါပေသော လေတို့ကို မှတ်ယူရပါမည်။

**အင်္ဂမင်္ဂါနုသာရိနောဝါတာ။** ။အကြောတည်းဟူသော ကွန်ရက်ကို လျောက်သဖြင့် အလုံးစုံသော ကိုယ်၌ အင်္ဂါကြီးငယ်တို့ကို နှံ့၍ တည်ကုန်သော ကွေးခြင်း ဆန့်ခြင်း စသည်တို့ကို ဖြစ်စေတတ်ကုန်သော လေတို့ကို မှတ်ယူရပေမည်။

**သတ္ထကဝါတာ။** ။အရိုးဆက် အဖွဲ့တို့ကို ဒါးငယ်ဖြင့် ဖြတ်လေကုန်ဘိသကဲ့သို့ ဖြစ်သော လေကို မှတ်ယူရပေမည်။

**ခုရကဝါတာ။** ။သင်ဓုန်းဒါးဖြင့် ခွဲစိတ်လေဘိသကဲ့သို့ နှလုံးသားတို့ကို ခွဲစိတ်သော လေကို မှတ်ယူရပေမည်။

**ဥပ္ပလကဝါတာ။** ။နှလုံးသားကိုသာလျှင် ထုတ်တတ်သော လေကို မှတ်ယူရပေမည်။

**အဿာသော။** ။အတွင်းသို့ ဝင်သော နှာခေါင်းလေကို မှတ်ယူရပေမည်။

**ပဿာသော။** ။အပသို့ထွက်သော နှာခေါင်းလေကို မှတ်ယူ ရပေမည်။ ဤဝါယောဓာတ်တို့တွင် ရှေ့ဖြစ်သော ဥဒ္ဒင်္ဂမဝါတာ လေ မှစပြီးတော့ရင် ဥပ္ပလကဝါတာ လေတို့သည်ကား ကံ, စိတ်, ဥတု, အာဟာရဟု ဆိုအပ်ပါသော လေးပါးကုန်သော သမုဋ္ဌာန်တို့ကြောင့် ဖြစ်ပါပေကုန်၏။ ထွက်သက် ဝင်သက်တို့သည် စိတ္တသမုဋ္ဌာန်=စိတ်ကြောင့်သာလျှင် ဖြစ်ပါပေ၏။

**ဗာဟိရဝါယောဓာတ်။** ။ပုရတ္ထိမာဝါတာ=အရှေ့အရပ်မျက်နှာမှ လာသောလေ၊ ပစ္ဆိမာဝါတာ =အနောက်အရပ်မျက်နှာမှ လာသောလေ၊ ဥတ္တရာဝါတာ=မြောက်အရပ်မျက်နှာမှ လာသော လေ၊ ဒက္ခိဏာဝါတာ= တောင်အရပ်မျက်နှာမှ လာသော လေ၊ သရဇာဝါတာ=မြူခိုးနှင့်တကွ လာသော လေ၊ အရဇာဝါတာ=မြူခိုးကင်းမဲ့စွာဖြင့် လာသော လေ၊ သီတာဝါတာ = ချမ်းသောဥတုဖြင့် ဖြစ်ကုန်သော ချမ်းသော တိမ်တိုက်အတွင်း၌ ဖြစ်ပေါ်သောလေ၊ ဥဏှာဝါတာ=ပူသော ဥတုဖြင့် ဖြစ်ကုန်သော ပူသော တိမ်တိုက်အတွင်း၌ ဖြစ်ပေါ်သောလေ။

ပရိတ္တာဝါတာ=ညှံ့ကုန်သော ညှင်းညှင်းလာကုန်သော လေ၊ အဓိမတ္တာဝါတာ=ပြင်းစွာလာသောလေ၊ ကာဠဝါတာ=မည်းသော တိမ်တိုက်အတွင်း၌ ဖြစ်သောလေ၊ ဝေရမ္ဘဝါတာ=တယူဇနာမှ အထက်၌ (တိုက်ခတ်ခြင်းကြောင့်) ဖြစ်ပေါ်သောလေ၊ ပက္ခဝါတာ=အယုတ်ဆုံးအားဖြင့် ယင်၏အတောင်ကိုခတ်ခြင်းဖြင့် ဖြစ်ကုန်သောလေ၊ သုပဏ္ဏဝါတာ=ဂဠုန်တို့၏ အတောင်ခတ်ခြင်းကြောင့် ဖြစ်ကုန်သောလေ၊ တာလဝဏ္ဋဝါတာ=ထမ်းရွက်ယပ်ဝန်းတို့ဖြင့်ရှင်းတပါးသော တစ်တခုသော အဝန်းသဏ္ဌာန်ဖြင့်ရှင်း ဖြစ်ကုန်သောလေ၊ ဝိဓူပနဝါတာ=သစ်ရွက်ယပ်ကြောင့် ဖြစ်ပေါ်သောလေ။

ဤဆိုအပ်ခဲ့ပြီးသော အတွင်း အပသန္တာန်၌ ဖြစ်ကုန်သော ဓာတ်တို့ကို အဇ္ဈတ္တိက ဗာဟိရဝါယောဓာတ်ဟု မှတ်ယူရပေမည်။

ဝါယောဓာတ် ပြီး၏။

---

**အာကာသဓာတ်၏လက္ခဏာစသည်။**　　။စက္ခုဒသက အစရှိပေသော တခုတခုသော ကလာပ်၌ တည်သော ရုပ်တို့ကို ကလာပ်တပါးတို့နှင့် ရောပြွမ်းသည်၏ အဖြစ်သို့ မရောက်စေသောအားဖြင့် ပိုင်းခြား တတ်သည်သာလျှင် မှတ်ကြောင်းလက္ခဏာရှိပါပေ၏၊ ဤတရားကား ရုပ်တို့၏ အောက်အဘို့, ဤတရားကား ရုပ်တို့၏ အထက်အဘို့, ဤတရားကား ရုပ်တို့၏ ရှေ့နောက် ဝဲယာ ဖီလာအဘို့ဟု ရုပ်တို့၏ အစွန်းအဆုံး အပိုင်းအခြားကို ပြခြင်းကိစ္စရှိပါပေ၏၊ ရုပ်တို့၏ အပိုင်းအခြားမျှဖြစ်၍ ဉာဏ်အား ရှေးရှု ထင်တတ်၏။

**အာကာသဓာတ်။**　　။သမ္မောဟဝိနောဒနီ အဋ္ဌကထာတွင် မိန့်တော်မူသည်မှာ (အာကာသ)ထိပါးခြင်း မရှိသော အနက်သဘောကြောင့် မရေးခြစ်အပ်၊ ထို့ကြောင့် အာကာသမည်၏။ အာကာသဂတ = အာကာသ သည်ပင်လျှင် မရေးခြစ်အပ်သော အနက်သဘောသို့ ရောက်သည်၏ အဖြစ်ကြောင့် အာကာသဂတမည်ပေ၏။ အဃ=မစပ်အပ်သည်၏ အဖြစ်ကြောင့် အဃမည်၏။ အဃဂတ=မစပ်အပ်သော သဘောသည်ပင်လျှင် ထိပါးအပ်သော သဘောသို့ မရောက်သည်၏အဖြစ်ကြောင့် အဃဂတမည်ပါပေ၏။

အကြွင် ပါးစပ်စသော အပေါက်ဖြင့် မျိုအပ်သော ထမင်းစသော အစာအာဟာရကို မျို၏၊ အတွင်းသို့ သွင်း၏။ ထိုအကြားသည် အာကာသဓာတ်မည်ပါပေ၏။ တဖန် ဝမ်းတွင်းအပြင်ဟု ဆိုအပ်သော အကြွင်အရပ်၌ လေးပါးအပြားရှိသော ထိုမျိုအပ်ပေသော အစာသည်သာလျှင် တည်၏။ ထိုအရပ်သည်လည်း အာကာဓာတ်မည်ပေ၏။ တဖန် အကြွင်အပေါက်ဖြင့် အလုံးစုံသော

ထိုမျှိအပ်သော အစာသည် ကျက်သည်၏အဖြစ်သို့ရှင်း အဖတ်၏အဖြစ်သို့ရှင်း ရောက်ပြီးတော့မှရင် ဖွဲ့၏၊ ဝမ်းအပြင်မှ ကျင်ကြီးကြောင်းတိုင်အောင် ကထွာ လက်လေးသစ် အတိုင်း အရှည်ရှိသော အသားအသွေးတို့မှ လွတ်၏။ ထို အပေါက်ကို အာကာသဓာတ်ဟူ၍ ဆိုအပ်ပေ၏။ တဖန် အရေ၏အကြား, အသား၏အကြား, အကြော၏အကြား, အရိုး၏အကြား, အမွေး၏အကြား၊ ဤအလုံးစုံကိုလည်း အာကာသဓာတ်အတွင်းသို့ သွင်းယူရပေမည်။

**ဗာဟိရအာကာသဓာတ်။** ။ဝိဘင်းပါဠိတော်တွင် မိန့်တော် မူထားသည်မှာ အာကာသ=ကောင်းကင်၊ အာကာသဂတ= ကောင်းကင်၏အဖြစ်၊ အဃ=မထိကောင်း၊ အဃဂတ=မထိကောင်းသော အဖြစ်၊ ဝိဝရ=အကြား၊ ဝိဝရဂတ=အကြား၏အဖြစ်၊ မဟာဘုတ်လေးပါးတို့နှင့် မထိ အပဌ် ဖြစ်ပေ၏။ စိတ်, ဥတု, အာဟာရကြောင့် ဖြစ်၏။ တပါးသော အကြင်သို့ သဘောရှိပေသော အာကာသဓာတ်တို့သည် ရှိခဲ့ပါပေ၏။

**ဗာဟိရအာကာသဓာတ်။** ။သမ္မောဟဝိနောဒနီ အဋ္ဌကထာတွင် မိန့်တော်မူ ထားသည်မှာ လေးပါးကုန်သော မဟာဘုတ်တို့မှ လွတ်သော နံရံအပေါက်၊ လေသာတံခါးပေါက် စသည်တို့ကို ယူရပေမည်။

အာကာသဓာတ် ပြီး၏။

---

## ဝိညာဏဓာတ်၏ လက္ခဏာအသီးသီး

**စက္ခုဝိညာဏဓာတ်၏ လက္ခဏာစသည်။** ။စက္ခုဝတ္ထုကိုမှီသည်ဖြစ်၍ ရူပါရုံကို သိခြင်း လက္ခဏာ ရှိ၏၊ ရူပါရုံကိုမျှ အာရုံပြုခြင်းကိစ္စ ရှိပါပေ၏၊ (ရူပါရုံသို့ ရှေးရှုသည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှု ထင်တတ်၏၊) ရူပါရုံလျှင် အာရုံရှိသော ကြိယာမနောဓာတ် ပဉ္စဒွါရာဝဇ္ဇန်း၏ ဖဲခြင်း, ချုပ်ခြင်းလျှင် နီးသော အကြောင်းရှိပေ၏။

**သောတဝိညာဏဓာတ် စသည်တို့၏ လက္ခဏာစသည်** သောတဝတ္ထု စသည်တို့ကို မှီကုန်သည် ဖြစ်၍ သဒ္ဒ အစရှိသော အာရုံကို သိခြင်း လက္ခဏာ ရှိပါပေ၏။ သဒ္ဒါရုံ အစရှိသည်မျှကို အာရုံပြုခြင်းကိစ္စ ရှိကြပေကုန်၏။ သဒ္ဒါရုံ အစရှိသည်တို့ ရှေးရှုသည်၏ အဖြစ်ဖြင့် ဉာဏ်အား ထင်တတ်ပေကုန်၏။ သဒ္ဒါရုံ အစရှိသည်လျှင် အာရုံရှိကုန် သော ကြိယာမနောဓာတ် ပဉ္စဒွါရာဝဇ္ဇန်းတို့၏ ဖဲခြင်း, ချုပ်ခြင်းလျှင် နီးသော အကြောင်းရှိကုန်၏။

ဝိပါက်မနောဓာတ်သည် စက္ခုဝိညာဏ် အစရှိသည်တို့၏ အခြားမဲ့၌ ရူပါရုံ စသော ပဉ္စာရုံကို သိခြင်းလက္ခဏာ ရှိပေ၏၊ ထိုရူပါရုံစသော ပဉ္စာရုံကို ခံတတ်သည်၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုတင်တတ်ပေ၏၊ စက္ခုဝိညာဏ် စသည်တို့၏ ကင်းခြင်း, ချုပ်ခြင်းလျှင် နီးစွာသော အကြောင်းရှိပါပေ၏။

အဟိတ်ဝိပါက် သောမနဿ ဥပေက္ခာ နှစ်ပါး အပြားရှိသည်လည်း ဖြစ်ပေသော သန္တီရဏကိစ္စ တဒါရုံကိစ္စ စသည်တပ်သော မနောဝိညာဏ ဓာတ်သည် ခြောက်ပါးသောအာရုံကို သိခြင်းလက္ခဏာ ရှိပေ၏၊ ထိုက်သင့်သည်အားလျော်စွာ သန္တီရဏကိစ္စ, တဒါရုံကိစ္စ, ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ တပ်၏။ ထို သန္တီရဏစသောကိစ္စ တပ်သည်၏အဖြစ်ဖြင့် ဉာဏ်အား ရှေးရှု ထင်တတ်၏။ ဟဒယဝတ္ထုလျှင် နီးစွာသော အကြောင်းရှိပေ၏။

**စက္ခုဝိညာဏဓာတ်စသည်။** ။သမ္မောဟဝိနောဒနီ အဋ္ဌကထာတွင် မိန့်တော်မူထားသည်မှာ စက္ခုဝိညာဏ်ဟု ဆိုအပ်ပါသော ဓာတ်သည် စက္ခုဝိညာဏဓာတ် မည်ပါပေ၏။ (သောတဝိညာဏဓာတ် စသည် အတူတူပေတည်း။) စက္ခုဝိညာဏဓာတ်မှစ၍ ခြောက်ပါးကုန်သော ဓာတ်တို့ကို သိမ်းဆည်းအပ်ပါကုန်သည်ရှိသော် တဆယ့်ရှစ်ပါးကုန်သော ဓာတ်တို့ကို သိမ်းဆည်းအပ်သည် မည်ပါပေ၏။

**သိမ်းဆည်းပုံ။** ။(၁) ပထဝီဓာတ်, တေဇောဓာတ်, ဝါယောဓာတ်တို့ကို ယူသဖြင့် ရှေးဦးစွာ ဖောဋ္ဌဗ္ဗဓာတ်ကို ယူအပ်သည်သာလျှင် ဖြစ်၏၊ (၂) အာပေါဓာတ်, အာကာသဓာတ်တို့ကို ယူသဖြင့် ဓမ္မဓာတ်ကို ယူအပ်သည်သာလျှင် ဖြစ်၏။ (၃) ဝိညာဏဓာတ်ကို ယူသဖြင့် ဝိညာဏဓာတ်၏ ရှေ့သွား နောက်လိုက် ဖြစ်သည်၏ အဖြစ်ကြောင့် မနောဓာတ်ကို ယူအပ်သည်သာလျှင် ဖြစ်၏။

(မနောဓာတ်သည် စက္ခုဝိညာဏဓာတ် စသည်တို့၏ ရှေ့သွားဖြစ်၏။အတီတဘဝင် ဘဝင်္ဂုပစ္ဆေဒတို့သည် နောက်လိုက် ဖြစ်ပါပေ၏။ ကြွင်းကုန်သော ကိုးပါးသော ဓာတ်တို့ကို ဆောင်၍ ပြအပ်ကုန်၏။)

စက္ခုဝိညာဏဓာတုသဒ္ဒါဖြင့် ထိုစက္ခုဝိညာဏဓာတ်၏ မှီရာဖြစ်၍ဖြစ်သော စက္ခုဓာတ်ကိုရင်း အာရုံဖြစ်၍ဖြစ်သော ရူပဓာတ်ကိုရင်း ယူအပ်ပါပေ၏။ ဤနှင့် မခြား အလားတူစွာ သောတဝိညာဏဓာတ် စသည်ကို ယူသဖြင့် သောတဓာတ် စသည်တို့ကိုလည်း ယူအပ်ကုန်သည်သာလျှင်တည်း။ ဤသို့ တဆယ့်ရှစ်ပါးကုန်သော ဓာတ်တို့ကို(သိမ်းဆည်း၍) ယူအပ်ကုန်သည်သာလျှင်ပေတည်း။

**ရုပ်နာမ်တရားတို့ကိုသိမ်းဆည်းသောခေတ်။** ။ဆယ်ပါးကုန်သော ခေတ်တို့ဖြင့် ရုပ်ကို သိမ်းဆည်း ခြင်းသည် ဖြစ်ခဲ့ပါပေ၏။ ခုနစ်ပါးကုန်သော ခေတ်တို့ဖြင့် နာမ်ကို သိမ်းဆည်းခြင်းသည် ဖြစ်ခဲ့ပေ၏။ ဓမ္မခေတ်ဖြင့် ရုံခါ ရုပ်ကို သိမ်းဆည်းပြီးတော့မှရင် ရုံခါ နာမ်ကို သိမ်းဆည်းခဲ့ ပါပေ၏။ ထို့ကြောင့် အခွဲနှင့်တကွ တဆယ့်တခု အရေအတွက် ရှိပေကုန်သော ခေတ်တို့ဖြင့် ရုပ်ကို သိမ်းဆည်းခြင်းသည် ဖြစ်ခဲ့ပါပေ၏။ အခွဲနှင့်တကွ ရှစ်ခု အရေအတွက် ရှိပေကုန်သော ခေတ်တို့ဖြင့် နာမ်ကို သိမ်းဆည်းခြင်းသည် ဖြစ်ခဲ့ပါပေ၏။

ရုပ်နာမ်သည် ငါးပါးသော ခန္ဓာမည်ပါပေ၏။ ထိုရုပ်နာမ်သည် ဒုက္ခသစ္စာ မည်၏၊ ထိုဒုက္ခသစ္စာကို ဖြစ်စေနိုင်သော ရှေး၌ဖြစ်သော တဏှာသည် သမုဒယ သစ္စာမည်၏၊ နှစ်ပါးကုန်သော ဒုက္ခသစ္စာ သမုဒယသစ္စာတို့၏ မဖြစ်ခြင်း (ချုပ်ခြင်း)သည် နိရောဓသစ္စာမည်ပေ၏။ ထိုနိရောဓသစ္စာကို အာရုံပြုသော အားဖြင့် သိတတ်သော မဂ္ဂင်ရှစ်ပါးသည် မဂ္ဂသစ္စာ မည်ပေ၏။ ဤသို့ သစ္စာလေးပါးဟု ဆိုအပ်သော ကမ္မဋ္ဌာန်းတရားကို တဆယ့်ရှစ်ပါးသော ခေတ်တို့၏ အစွမ်းအားဖြင့် ဆင်ခြင် နှလုံးသွင်း အားသစ်ခြင်းကိုပြုသော ရဟန်းအား အရဟတ္တဖိုလ်ဟုဆိုအပ်သော အဆုံးတိုင်အောင် ရောက်စေပြီးတော့မှရင် နိဂုံးချုပ်သည်၏အဖြစ်ကို ဆိုအပ်ပါပေ၏။

**ခေတ်တို့၏ဆန့်ကျင်ဖက် အစုံအားဖြင့်ဖြစ်ပုံ။** ။သုခသည် ဒုက္ခ၏ ဆန့်ကျင်ဖက် ဖြစ်သော သဘောရှိ၏၊ ဒုက္ခသည် သုခ၏ ဆန့်ကျင်ဖက်ဖြစ်သော သဘောရှိ၏၊ အကြင်မျှလောက်သော ကိုယ်အရပ်ကို သုခသည် နှံ့အပ်၏၊ ထိုမျှလောက်သော ကိုယ်အရပ်ကို ဒုက္ခသည် နှံ့အပ်၏။ အကြင်မျှလောက်သော ကိုယ်အရပ်ကို ဒုက္ခသည် နှံ့အပ်၏။ ထိုမျှလောက်သော ကိုယ်အရပ်ကို သုခသည် နှံ့အပ်၏။

သောမနဿဝေဒနာသည် ဒေါမနဿဝေဒနာ၏ ဆန့်ကျင်ဖက်ဖြစ်သော သဘောရှိ၏၊ ဒေါမနဿဝေဒနာသည် သောမနဿဝေဒနာ၏ ဆန့်ကျင်ဖက် ဖြစ်သော သဘောရှိ၏၊ အကြင်မျှလောက်သော ကိုယ်အရပ်ကို သောမနဿဝေဒနာသည် နှံ့အပ်၏၊ ထိုမျှလောက်သော ကိုယ်အရပ်ကို ဒေါမနဿဝေဒနာသည် နှံ့အပ်၏၊ အကြင်မျှလောက်သော ကိုယ်အရပ်ကို ဒေါမနဿဝေဒနာသည် နှံ့အပ်၏၊ ထိုမျှလောက်သော ကိုယ်အရပ်ကို သောမနဿဝေဒနာသည် နှံ့အပ်၏။

ဥပေက္ခာခေတ် အဝိဇ္ဇာခေတ်ဟူသော ပုဒ်နှစ်ခုသည် ဖြစ်ခြင်း အလားတူသည်၏အစွမ်းဖြင့် ရှေး သုခ ဒုက္ခ စသည်အတူ အစုံကို ပြုအပ်ပါပေ၏။

ထိုဓာတ်တို့တွင် သုခဓာတ် ဒုက္ခဓာတ်ကို ယူပါသဖြင့် ထိုသုခဓာတ် ဒုက္ခဓာတ်တို့နှင့်ယှဉ်သော ကာယဝိညာဏဓာတ်ကိုရင်း မှီရာဖြစ်၍ဖြစ်သော ကာယဓာတ်ကိုရင်း အာရုံဖြစ်၍ဖြစ်သော ဖောဋ္ဌဗ္ဗဓာတ်ကိုရင်း ယူအပ်ပါပေ၏။

သောမနဿဓာတ် ဒေါမနဿဓာတ်ကို ယူသဖြင့် ထို သောမနဿဓာတ် ဒေါမနဿဓာတ်နှင့်ယှဉ်သော မနောဝိညာဏဓာတ်ကို ယူအပ်ပါပေ၏။

အဝိဇ္ဇာဓာတ်ကို ယူသဖြင့် ဓမ္မဓာတ်ကို ယူအပ်ပါပေ၏။

ဥပေက္ခာဓာတ်ကို ယူသဖြင့် စက္ခုဝိညာဏဓာတ် သောတဝိညာဏဓာတ် ဃာနဝိညာဏဓာတ် ဇိဝှါဝိညာဏဓာတ် မနောဓာတ်တို့ကိုရင်း ထိုစက္ခုဝိညာဏဓာတ်စသည်တို့၏သာလျှင် မှီရာလည်းဖြစ် အာရုံလည်းဖြစ်၍ ဖြစ်ကုန်သော စက္ခုဓာတ် ရူပဓာတ် စသည်တို့ကိုရင်း ယူအပ်ပါပေကုန်၏။ ဤဆိုအပ်ခဲ့ပြီးပါသော နည်းဖြင့် တဆယ့်ရှစ်ပါး အပြားရှိကုန်သော ဓာတ်တို့ကို ယူအပ်ကုန်သည်သာလျှင်တည်း။

**ကာမဓာတ်။** ။ဝတ္ထုကာမ, ကိလေသာကာမဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် ကိလေသာကာမ ဆိုသည်မှာ ကာမနှင့်ယှဉ်သောဓာတ်ဟု ဆိုလိုသည်။ (ကာမဝိတက်၏ အမည်ပေတည်း၊) ဝတ္ထုကာမ ဆိုသည်မှာ ကာမသည်သာလျှင်ဟု ဆိုလိုပါသည်၊ (ကာမာဝစရ တရားတို့၏ အမည်ပေတည်း)။

**ဗျာပါဒဓာတ်။** ။ဗျာပါဒဓာတ် ဆိုသည်မှာ ဆယ်ပါးသော အာဃာတဝတ္ထုလျှင် အကြောင်းရှိသော ဒေါသနှင့်ယှဉ်သော ဓာတ်ဟု ဆိုလိုပါသည်၊ (ဗျာပါဒဝိတက်၏ အမည်ပေတည်း)။

**ဝိဟိံသာဓာတ်။** ။ဝိဟိံသာဓာတ် ဆိုသည်မှာ သတ္တဝါတို့ကို ညှဉ်းပန်းနှိပ်စက်ခြင်းသည် ဝိဟိံသာမည်၏။ ထိုဝိဟိံသာသည်သာလျှင် ဓာတ်ဟု ဆိုလိုပါပေသည်။ (တပါးသော သတ္တဝါတို့ကို ညှဉ်းဆဲခြင်း၏ အမည်ပေတည်း)။ ထိုတရားသဘောဖြင့် သတ္တဝါတို့သည် တပါးကုန်သော သတ္တဝါတို့ကို ညှဉ်းဆဲတတ်ကုန်၏ဟု ဤသို့ ညှဉ်းဆဲခြင်း ဖြစ်သည်၏ အဖြစ်ကြောင့် ဤနေရာ၌ ဝိဟိံသာဟူ၍ မှတ်ယူရပေမည်။ တနည်း—ဤဝိဟိံသာဟူသော စကားသည် သတ္တဝါတို့ကို ညှဉ်းဆဲခြင်းသည် ဖြစ်၏၊ ထိုသို့ ညှဉ်းဆဲခြင်း ဖြစ်သည်၏ အဖြစ်ကြောင့် ထိုတရားသဘောသည် ဝိဟိံသာ မည်ပါပေ၏။

**ဝိဟိံသာ၏ လက္ခဏာစသည်။** ။ထိုဝိဟိံသာသည် တပါးကုန်သော သတ္တဝါတို့ကို ညှဉ်းဆဲခြင်း လက္ခဏာရှိပေ၏။ ကရုဏာ၏ ဆန့်ကျင်ဖက်အဖြစ်ဖြင့် ဖြစ်ခြင်းလက္ခဏာရှိပေ၏၊ သူတပါး၏ သန္တာန်၌ ထိတ်လန့်ခြင်းကို ဖြစ်စေခြင်း ကိစ္စရှိရကား မိမိသန္တာန်၌ ကရုဏာကို ဖျက်ဆီး

ခြင်း ကိစ္စရှိ၏၊ ဒုက္ခဝေဒနာဖြစ်ခြင်းလျှင် အကျိုးရှိ၏၊ အမျက်ထွက်ခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ဤသို့လျှင် သိအပ်ပါပေ၏။

နေက္ခမ္မဓာတ်။ ။နေက္ခမ္မဓာတ် ဆိုသည်မှာ လောဘမှ ထွက်သည်၏ အဖြစ်ကြောင့် အလောဘကို နေက္ခမ္မဟူ၍ ဆိုအပ်၏။ နီဝရဏတို့မှ ထွက်သည်၏ အဖြစ်ကြောင့် ပဌမစျာန်ကို နေက္ခမ္မဟူ၍ ဆိုအပ်ပေ၏။ ခပ်သိမ်းသော အကုသိုလ်တို့မှ ထွက်သည်၏ အဖြစ်ကြောင့် အလုံးစုံသော ကုသိုလ်ကို နေက္ခမ္မဟူ၍ ဆိုအပ်ပါပေ၏။

နေက္ခမ္မနှင့်ယှဉ်သော ဓာတ်-ဟူသော ဤစကားသည် နေက္ခမ္မဝိတက်၏ အမည်ပေတည်း၊ နေက္ခမ္မသည်သာလျှင် ဓာတ်-ဟူသော ဤစကားသည် အလုံးစုံသော ကုသိုလ်၏ အမည်ပေတည်း၊ အဒေါသနှင့်ယှဉ်သော ဓာတ်-ဟူသော ဤစကားသည် အဗျာပါဒဝိတက်၏ အမည်ပေတည်း၊ အဒေါသသည်သာလျှင် ဓာတ်-ဟူသောဤစကားသည် မေတ္တာ၏ အမည်ပေတည်း၊ ကရုဏာနှင့်ယှဉ်သော ဓာတ်-ဟူသော ဤစကားသည် ကရုဏာနှင့်ယှဉ်သော ဝိတက်၏ အမည်ပေတည်း၊ ကရုဏာသည်သာလျှင် ဓာတ် ဟူသော ဤစကားသည် ကရုဏာ၏ အမည်ပေတည်း။

ဝိဟေဌေတိ ဆိုသည်မှာ ဆင်းရဲခြင်းကို ဖြစ်စေတတ်ပါပေ၏။ ဟေဌနာ ဆိုသည်မှာ လက်ဖြင့် ပုတ်ခတ်ခြင်း စသည်တို့ဖြင့် ဆင်းရဲခြင်းကို ဖြစ်စေခြင်း ဖြစ်ပါပေ၏။ ဝိဟေဌနာ ဆိုသည်မှာ အလွန်ဖြစ်သော ဆင်းရဲခြင်းကို ဖြစ်စေခြင်းပင် ဖြစ်ပါသည်၊ ဤ ဒေါသဖြင့် သတ္တဝါတို့သည် တပါးသော သတ္တဝါတို့ကို ညှဥ်းဆဲတတ်ကုန်၏။ ဤသို့ ညှဉ်းဆဲကြောင်း ဖြစ်သည်၏ အဖြစ်ကြောင့် ထိုဒေါသသည် ဝိဟိံသာမည်ပေ၏။ ရောသနာ ဆိုသည်မှာ ချုပ်ချယ်ခြင်းပင် ဖြစ်ပါသည်။ ဝိရောသနာ ဆိုသည်မှာ အလွန်ချုပ်ချယ်ခြင်းပင် ဖြစ်ပါသည်။

ဥပဃာတ—ဤဒေါသဖြင့် သတ္တဝါတို့သည် တပါးသော သတ္တဝါတို့ကို ညှဉ်းဆဲတတ်ကုန်၏။ ထို့ကြောင့် ထိုဒေါသသည် ဥပဃာတမည်ပေ၏။ မေတ္တိဆိုသည်မှာ ထိုထိုသို့သော တရားသဘောဖြင့် သတ္တဝါတို့သည် တပါးကုန်သော သတ္တဝါတို့ကို ချစ်ခင်တတ်ကုန်၏။ ထို့ကြောင့် ထိုတရားသဘောသည် မေတ္တိ ချစ်ခင်ခြင်း မည်ပေ၏။ မေတ္တာယနာဆိုသည်မှာ ချစ်ခင်ခြင်းဟူသော အခြင်းအရာပင်ဖြစ်သည်။ မေတ္တာယိတတ္တံဆိုသည်မှာ မေတ္တာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ အဖြစ်ကိုပင် ဆိုလိုပါသည်။ စေတောဝိမုတ္တိဆိုသည်မှာ ဒေါသမှ လွတ်ပြီးသော စိတ်၏ လွတ်ခြင်းကိုပင် ဆိုလိုပါသည်။ (ဒေါသမှလွတ်သော စိတ်၏ လွတ်ခြင်း။)

(ဤနေရာမှာ ဥပစာရသို့ရင်း အပ္ပနာသို့ရင်း ရောက်ပြီး ဖြစ်ပေသော မေတ္တာကိုသာ ဆိုလိုသည်။)

**ကရုဏာ။** ။ထိုတရားသဘောဖြင့် သတ္တဝါတို့သည် သနားတတ်ကုန်၏။ ထို့ကြောင့် ထိုတရားသဘောသည် ကရုဏာ မည်ပေ၏။ ကရုဏာယနာ=သနားခြင်းဟူသော အခြင်းအရာသည် ကရုဏာယနာ မည်ပေ၏။ ကရုဏာယိတတ္တံ=ကရုဏာတရားနှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏အဖြစ်ကိုပင် ကရုဏာယိတတ္တံဟု ဆိုပါသည်။ စေတောဝိမုတ္တိ=ဒေါသမှလွတ်ပြီးသော စိတ်၏ ဖြစ်ခြင်းကိုပင် ဆိုလိုသည်။ (ဒေါသမှလွတ်သော စိတ်၏ဖြစ်ခြင်း ဥပစာရအပ္ပနာ)။

**သတ္တဝါသင်္ခါရတို့၌ဖြစ်သော ကာမဝိတက်။** ။ဤတရားအပေါင်းတို့တွင် ကာမဝိတက်သည် သတ္တဝါတို့၌၎င်း သင်္ခါရတို့၌၎င်း ဖြစ်ခဲ့ပါပေ၏။(သင်္ခါရေသုအရ ပန်းချီသမားတို့ ရေးသား စီခြယ်ထားသော မိန်းမရုပ် ပန်းပုသမားတို့ ထုထားသော မိန်းမရုပ်စသည်တို့၌ ကာမဂုဏ်နှင့် ယှဉ်စပ်၍ ကြံစည်သော ဝိတက်ကိုသာ ယူပါ။ နှစ်ပါးကုန်သော သတ္တဝါ သင်္ခါရတို့၌ဖြစ်ပေသော ကာမဝိတက်သည် ကမ္မပထပျက်သည်ဟူ၍ မှတ်ယူရပေမည်။)

ဗျာပါဒကတော့ရင် သတ္တဝါတို့၌ ဖြစ်သော ဗျာပါဒသည်သာလျှင် ကမ္မပထပျက်၏၊ သင်္ခါရတို့၌ဖြစ်သော ဗျာပါဒသည် ကမ္မပထ မပျက်ပေ၊ ဝိဟိံသာတို့၌လည်း ဤနည်းအတိုင်းသာ မှတ်ယူပါ။

**ကာမဓာတ်စသည် ယူပုံ။** ။ကာမဓာတ်ကို ယူသဖြင့် ဗျာပါဒဓာတ် ဝိဟိံသာဓာတ်တို့ကိုလည်း ယူအပ်ပေ၏။ ထိုကာမဓာတ်မှသာလျှင် ထုတ်၍ ထုတ်၍ နှစ်ပါးအပြားရှိသည်လည်း ဖြစ်ကုန်သော ထိုထိုဓာတ်တို့ကို ပြအပ်ပါပေကုန်၏။ သဗ္ဗသင်္ဂါဟိကကထာ မည်၏။ ဗျာပါဒဓာတ် ဝိဟိံသာဓာတ်တို့ကို ထားပြီးတော့မှရင် ကြွင်းကုန်သော အလုံးစုံသော ဓာတ်တို့သည် ကာမဓာတ်သာ ဖြစ်ပေကုန်၏၊ဤသည်ကား အသမ္ဘိန္နကထာ မည်ပေ၏။

နေက္ခမ္မဓာတ်ကို ယူသဖြင့် အဗျာပါဒဓာတ် အဝိဟိံသာဓာတ်တို့ကို ယူအပ်သည် မည်ပေ၏။ ထိုနေက္ခမ္မဓာတ်မှာကား ထုတ်၍ထုတ်၍ ထိုနှစ်ခုတို့၏ အပေါင်းကို ပြအပ်ပေ၏။(သဗ္ဗသင်္ဂါဟိကကထာ။) အဗျာပါဒဓာတ် အဝိဟိံသာဓာတ်တို့ကို ထားပြီးတော့မှရင် ကြွင်းကုန်သော ဓာတ်တို့သည် နေက္ခမ္မဓာတ်တို့ မည်ပေကုန်၏။ အသမ္ဘိန္နကထာစသည် မည်ပါပေ၏။

ဓာတ်ဟူသော စကားရပ်၌ ဓာတ်အရ ယူပုံတမျိုးအနေနှင့် နိဒါနဝဂ္ဂသံယုတ် ဓာတုနာနတ္တသုတ်ဝယ်--

(က) စက္ခုဓာတ် ရူပဓာတ် စက္ခုဝိညာဏဓာတ် (၃) ပါး။

(ခ) သောတဓာတ် သဒ္ဒဓာတ် သောတဝိညာဏဓာတ် (၃) ပါး။

(ဂ) ဃာနဓာတ် ဂန္ဓဓာတ် ဃာနဝိညာဏဓာတ် (၃) ပါး။

(ဃ) ဇိဝှါဓာတ် ရသဓာတ် ဇိဝှါဝိညာဏဓာတ် (၃) ပါး။

(င) ကာယဓာတ် ဖောဋ္ဌဗ္ဗဓာတ် ကာယဝိညာဏဓာတ် (၃) ပါး။

(စ) မနောဓာတ် ဓမ္မဓာတ် မနောဝိညာဏဓာတ် (၃)ပါးဟူ၍ ဓာတ် (၁၈)ပါးရှိပါပေ၏ ဟူ၍ ဟောတော်မူထားပါပေ၏။

တဖန်–ပါထိကဝဂ္ဂအဋ္ဌကထာ သင်္ဂီတိသုတ်၌လည်း (က) ကာမဓာတ် (ခ) ဗျာပါဒဓာတ် (ဂ) ဝိဟိံသာဓာတ် (ဃ) နေက္ခမ္မဓာတ် (င) အဗျာ-ပါဒဓာတ် (စ) အဝိဟိံသာဓာတ် (ဆ) ဟီနဓာတ် (ဇ) မဇ္ဈိမဓာတ် (ဈ) ပဏီတဓာတ် ဟူ၍ (၉)မျိုး ပြပြန်သည်။

တဖန်–မူလပဏ္ဏာသအဋ္ဌကထာ၌လည်း (က) အာရမ္ဘဓာတ် (ခ) နိက္ကမဓာတ် (ဂ) ပရက္ကမဓာတ် ဟူ၍ (၃)မျိုး ပြပြန်သည်။

တဖန်–ဥပရိပဏ္ဏာသ အဋ္ဌကထာ အနုပဒဝဂ် ဗဟုဓာတုကသုတ်၌လည်း တဆယ့်ရှစ်ပါး အပြား ရှိကုန်သော ဓာတ်တို့တွင် သုခမရုပ် သောဠသ(တဆယ့်ခြောက်ခု)နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မဓာတ်တည်းဟူသော အစိတ်အခွဲနှင့်တကွဖြစ်သော တဆယ့်တပါးသော ဓာတ်တို့ကို ရုပ်ဓာတ်ဖြင့် သိမ်းဆည်းအပ်ပါပေ၏။

စေတသိက် ဒွေပညာသ (ငါးဆယ့်နှစ်ခု)ဟု ဆိုအပ်သော ဓမ္မဓာတ်တည်းဟူသော အစိတ်အခွဲနှင့်တကွဖြစ်သော ရှစ်ပါးသော ဓာတ်တို့ကို အရူပဓာတ်ဖြင့် သိမ်းဆည်းအပ်ပါပေ၏၊ ရုပ်နာမ်နှစ်ပါးတို့ဖြင့် သိမ်းဆည်းအပ်ပါပေ၏။

ဤသို့ တဆယ့်ရှစ်ပါးသော ဓာတ်တို့ကို ရုပ်နာမ်နှစ်ပါးတို့ဖြင့် သိမ်းဆည်းအပ်သည်ကိုသာလျှင် ဟောတော်မူအပ်ပါပေ၏။

ထိုတဆယ့်ရှစ်ပါးသော ဓာတ်တို့သည်လည်း ခန္ဓာ၏ အစွမ်းအားဖြင့် ငါးပါးသော ခန္ဓာတို့သည် ဖြစ်ပါပေကုန်၏။ တဏှာကြဉ်သော ငါးပါးသော ခန္ဓာတို့သည် ဒုက္ခသစ္စာ မည်ပေ၏၊ ထိုဒုက္ခသစ္စာတို့ကို ဖြစ်စေတတ်သော တဏှာသည် သမုဒယသစ္စာ မည်ပေ၏၊ နှစ်ပါးကုန်သော ဒုက္ခသစ္စာ သမုဒယသစ္စာတို့၏ မဖြစ်ခြင်း၏ အကြောင်းသည် (ဝါ) ချုပ်ငြိမ်းခြင်းသည် နိရောဓသစ္စာ မည်ပေ၏၊ နိရောဓသစ္စာကို သိတတ်သော မဂ္ဂင်ရှစ်ပါးတည်းဟူသော အကျင့်သည် မဂ္ဂသစ္စာ မည်ပေ၏။ ဤကဲ့သို့ သစ္စာလေးပါးတည်း ဟူသော ကမ္မဋ္ဌာန်းကို တဦးသောရဟာန်းအား ပြီးဆုံးခြင်း (အထွတ်အထိပ်) သို့ ရောက်စေ၍ ဟောတော်မူအပ်ပါပေ၏။

စက္ခုဝိညာဏဓာတ်ကို သိမ်းဆည်းအပ်သည်ရှိသော် ထို စက္ခုဝိညာဏဓာတ်၏ မှီရာဖြစ်သော စက္ခုဝတ္ထုသည် စက္ခုဓာတ်မည်ပေ၏၊ ပစ္စုပ္ပန်၌ဖြစ်သော ရူပါရုံ

သည် ရူပဓာတ်မည်၏၊ အဲဒီလို နှစ်ပါးကုန်သော စက္ခုဓာတ် ရူပဓာတ်တို့ကို သိမ်းဆည်းအပ်ပါပေကုန်၏။ (သောတဝိညာဏ စသည် တူပြီ)။

ထိုခြောက်ပါးတို့တွင် ပထဝီဓာတ် အစရှိသည်တို့ကို သဝိညာဏကကာယကို အတ္တမှဆိတ်သောအားဖြင့်ရင်း သတ္တဝါမဟုတ်သောအားဖြင့်ရင်း ပြတော်မူခြင်း ငှါ မြတ်စွာဘုရားသည် ဟောတော်မူခဲ့ပါပေ၏။ ထိုပထဝီဓာတ် အစရှိသော ခြောက်ပါးသော ဓာတ်တို့ကိုလည်း ရှေးဖြစ်ကုန်သော တဆယ့်ရှစ်ပါးသော ဓာတ်တို့ဖြင့် ပြည့်စေအပ်ကုန်၏။ ပြည့်စေသော ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည် အဆုံးဖြစ်သော ဝိညာဏဓာတ်မှ ထုတ်ဆောင်၍ ပြည့်စေအပ်ကုန်၏။

ဝိညာဏဓာတ်သည် စက္ခုဝိညာဏဓာတ် အစရှိသည်တို့၏ အစွမ်းဖြင့် ခြောက်ပါး အပြားရှိ၏။ မနောဝိညာဏဓာတ်ကို သိမ်းဆည်းအပ်သည်ရှိသော် ထိုမနောဝိညာဏဓာတ်၏ ရှေးဖြစ်သော သမ္ပဋိစ္ဆိုင်း ဒွေ့ နောက်ဖြစ်သော ပဉ္စဒွါရာဝဇ္ဇန်း၏ အစွမ်းဖြင့် မနောဓာတ်မည်ပါပေ၏။ ထိုမနောဓာတ်၏ ပစ္စုပ္ပန် အတိတ် အနာဂတ် ဖြစ်သော ဓမ္မာရုံ၏ အစွမ်းအားဖြင့် ဓမ္မဓာတ် မည်ပါပေ၏။ ဤသို့ နှစ်ပါးကုန်သော မနောဓာတ်၊ ဓမ္မဓာတ်တို့ကို သိမ်းဆည်း အပ်ပါပေကုန်၏။ ဤသို့ ပြည့်စေအပ်ပါပေ၏။

တဆယ့်ရှစ်ပါးကုန်သော ဓာတ်တို့တွင် သုခုမရုပ် သောဠသဟု ဆိုအပ်သော ဓမ္မဓာတ် အစိတ်အခွဲလျှင် တဆယ့်တခုမြောက်ရှိသော ဓာတ်တို့ကို ရုပ်ဖြင့် သိမ်းဆည်းအပ်၏။ ဤသို့ ရှေးတဆယ့်ရှစ်ဓာတ်၌ ပြအပ်သော နည်းအတိုင်း သာလျှင် ဤခြောက်ပါးသော ဓာတ်တို့ကိုလည်း တဦးသော ရဟန်းအား ပြီး ဆုံးခြင်း (အထွတ်အထိပ်)သို့ ရောက်စေပြီးတော့မှရင် ဟောတော်မူအပ်ပါပေ ၏ စသည်ဖြင့် ကျယ်ပြန့်စွာ ဟောတော်မူထားပါပေ၏။

တဖန်—ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အာယတန ဓာတုနိဒ္ဒေသ (ဓာတုဝိတ္ထာရ ကထာ)၌လည်း ဓာတ်တဆယ့်ရှစ်ပါးတို့ကို–

(က) စက္ခုဓာတ် ရူပဓာတ် စက္ခုဝိညာဏဓာတ် (၃) ပါး။

(ခ) သောတဓာတ် သဒ္ဒဓာတ် သောတဝိညာဏဓာတ် (၃) ပါး။

(ဂ) ဃာနဓာတ် ဂန္ဓဓာတ် ဃာနဝိညာဏဓာတ် (၃) ပါး။

(ဃ) ဇိဝှါဓာတ် ရသဓာတ် ဇိဝှါဝိညာဏဓာတ် (၃) ပါး။

(င) ကာယဓာတ် ဖောဋ္ဌဗ္ဗဓာတ် ကာယဝိညာဏဓာတ် (၃) ပါး။

(စ) မနောဓာတ် ဓမ္မဓာတ် မနောဝိညာဏဓာတ် (၃) ပါး ဟူ၍ ဓာတ် တဆယ့်ရှစ်ပါး ပြဆိုထားပါပေ၏။

ဆောင်ပုံ။ ။လောကီဖြစ်ပါပေကုန်သော ဓာတ်တို့သည်ကား အကြောင်းတရား၏ အဖြစ်ဖြင့် ရောထွေးယှက်တင် မဖြစ်ရလေအောင် ပိုင်းခြားကန့်သန့်ပြီးတော့မှုရင် ရွှေငွေအစရှိပေကုန်သော ဓာတ်တို့သည် ရွှေငွေအစရှိသည်တို့ဖြစ်ကုန်ဘိသကဲ့သို့ ရောတွက်၍ပင် မရနိုင်လောက်ပေသော သံသရာဝဋ္ဋဆင်းရဲကို ဖြစ်စေတတ်ပေကုန်၏။ ဝန်ထမ်းသမားတို့သည် ဝန်ကို ဆောင်အပ်လေဘိသကဲ့သို့ သတ္တဝါတို့သည်လည်း ဆောင်အပ်ပါပေ၏။

စီရင်ပုံ။ ။အဲဒီသဘောတရားတို့သည် မိမိ၏အလိုသို့ မလိုက်တတ်သည်၏အဖြစ်ကြောင့် စီရင်ခြင်းသဘောတရားမျှသာတည်း၊ အကြောင်းဖြစ်၍ဖြစ်ပါပေကုန်သော ဤလောကီဓာတ်တို့ဖြင့် သတ္တဝါအပေါင်းတို့သည် သံသရာဝဋ္ဋဆင်းရဲကို စီရင်အပ်ပါပေ၏။ ထိုမှတပါး ထိုထိုသို့သော အခြင်းအရာအားဖြင့် စီရင်အပ်ပြီးပါသော ထိုသံသရာဝဋ္ဋဆင်းရဲကို စက္ခုအစရှိသော သဘောတရားတို့၌သာလျှင် ထားအပ်ပါပေ၏ဟု မှတ်ယူရပေမည်။

တဖန်—အခြားသော သုတ် အဘိဓမ္မာ ပါဠိတော်တို့၌တော့ရင် အာဘာဓာတ်၊ သုဘဓာတ်၊ အာကာသာနဉ္စာယတနဓာတ်၊ ဝိညာဏဉ္စာယတနဓာတ်၊ အာကိဉ္စညာယတနဓာတ်၊ နေဝသညာနာသညာယတနဓာတ်၊ သညာဝေဒယိတနိရောဓဓာတ်၊ ကာမဓာတ်၊ ဗျာပါဒဓာတ်၊ ဝိဟိံသာဓာတ်၊ နေက္ခမ္မဓာတ်။

အဗျာပါဒဓာတ်၊ အဝိဟိံသာဓာတ်၊ သုခဓာတ်၊ ဒုက္ခဓာတ်၊ သောမနဿဓာတ်၊ ဒေါမနဿဓာတ်၊ ဥပေက္ခာဓာတ်၊ အဝိဇ္ဇာဓာတ်၊ အာရမ္ဘဓာတ်၊ နိက္ကမဓာတ်၊ ပရက္ကမဓာတ်၊ ဟီနဓာတ်၊ မဇ္ဈိမဓာတ်၊ ပဏီတဓာတ်၊ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ အာကာသဓာတ်၊ ဝိညာဏဓာတ်၊ သင်္ခတဓာတ်၊အသင်္ခတဓာတ်၊ အနေကဓာတုနာနာဓာတုလောက ဤသို့အစရှိပေကုန်သော အဋ္ဌာရသဓာတ်မှ တပါးကုန်သော ဓာတ်တို့သည် ထင်လာပေကုန်၏။

သို့ပါသော်လည်း ပရမတ္ထသဘောအားဖြင့် ထင်ရှားမသေချာမှုန်ပင် ရှိပါပေကုန်သော အလုံးစုံသော ဓာတ်တို့သည် ထိုတဆယ့်ရှစ်ပါးကုန်သော ဓာတ်တို့၌သာလျှင် အတွင်းဝင် (အကျုံးဝင်) သွား သည်၏အဖြစ်ကြောင့် အဋ္ဌာရသတဆယ့်ရှစ်ကုန်သော ဓာတ်တို့ကိုသာလျှင် မိန့်တော်မူပါသည်။

ဓာတ်အမျိုးမျိုး ပြီး၏။

ပါရမီ။ ။ပါရမီတော်မည်ပုံကို စရိယာပိဋကအဋ္ဌကထာ၌ မိန့်ဆိုတော်မူသည်မှာ မိမိသန္တာန်တွင် ထင်ရှားရှိနေပေသော တဏှာ မာန ဒိဋ္ဌိတရားအစုတို့ကို စွန့်ခွါပြီးတော့မှုရင် တပါးသူငါ သတ္တဝါတို့၏အပေါ်၌ ကြင်နာသနားသော ကရုဏာတရားဖြင့် အကြောင်းဟုတ်မှန်သည်၌ လိမ်မာသောဉာဏ်ကို

(သိမ်းပိုက်) သိမ်းဆည်း၍ ဒါနအလှူပေးခြင်း အစရှိကုန်သော ဂုဏ်အပေါင်းသည် ပါရမီမည်ပါပေ၏။

ထိုပါရမီဟူသော စကားရပ်သည်ကား လောကကွင် အလွန်အပြောများသလောက် သဘောပေါက်ဘို့ရာပင် အလွန်ခဲယဉ်းပေသည်။ အဘယ့်ကြောင့်ဆိုခဲ့ပါသော် ပါရမီဟူသော စကားရပ်သည် ပြောဆိုနေရုံမျှနှင့်ပြီးသလား၊ ပြုလုပ်မှ ရမှာလားဟူသော အချက်နှစ်ချက်ကိုပင် မစဉ်းစားကြတော့ပါပဲလျက်နှင့် ပါရမီ ရှိသလားဟူသော စကားကိုသာ အရမေးမြန်းလျှောက်ထားနေကြတော့သည်။ စင်စစ်အမှန် ဝေကန်မှာတော့ရင် ပါရမီဆိုတာ ပြုလုပ် ကျင့်ကြံ ကြိုးကုတ် အားထုတ်ခြင်းကို ပြုလုပ်မှသာလျှင် ရမည့် တရားမျိုး ဖြစ်ပါသည်။ အပြောကလေးနှင့် မပြီးမြောက် မအောင်မြင်နိုင်ပေ။

ဥပမာ ပါရမီတရား သန္တာန်ဝယ် ကိန်းဆိုက်လိုသော လူတယောက်သည် ဒါနပါရမီကိုပဲ ဆိုကြပါစို့ရဲ့ မိမိသန္တာန်ဝယ် ထင်ရှားရှိနေပေသော တဏှာ, မာန, ဒိဋ္ဌိတရားအစုတို့ကို ပယ်ခွါပြီးတော့မှရင် တပါးသူ ငါ သတ္တဝါတို့၏ အပေါ်၌ ကြင်နာသနားသော ကရုဏာတရားဖြင့် အကြောင်းဟုတ်သည်၌ လိမ်မာသော ဉာဏ်ကို သိမ်းဆည်းပြီးတော့မှရင် ကျောင်းတဆောင် ဆောက်လုပ်လှူဒါန်းသည်ပဲ ဆိုကြပါစို့ရဲ့ ထိုကျောင်းတော်ကြီး၏ အပေါ်၌ ဒါယကာ၏ ရည်ရွယ်ချက်အတိုင်း အလှူခံသော ဆရာတော် သံဃာတော်တို့နှင့် တကွ တပါးသူ ငါ သတ္တဝါအသီးသီးတို့ကလည်း တဏှာ,မာန, ဒိဋ္ဌိတရားအစုတို့ကို ပယ်စွန့်နိုင်ရာ ပယ်စွန့်ခွါနိုင်ကြောင်း အကျင့်ကောင်းတရားတို့ကို ပွါးများအားသစ်ကြသည့်အလျောက် တဏှာ, မာန, ဒိဋ္ဌိတရားအစုတို့ တနေ့တော့ဖြင့် ဝေကန် ပယ်စွန့်နိုင်သည်၏အဖြစ်သို့ ရောက်ကြရမည်မှာ မလွဲပေ။

ဒါ့ကြောင့် ပေးလှူသောသူသည် ကရုဏာတရား ရှေးရှုထားကာ ပေးလှူခဲ့သည့်အလျောက် အလှူခံသော တပါးသူငါ တို့ကလည်း ထိုအလှူဒါယကာ၏ ရည်ရွယ်ရင်းအတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်သည် အားလျော်စွာ ပြည့်စုံအောင်မြင်ပါပေ၏။ ထိုအလှူခံသူများ ပြည့်စုံသည့်အလျောက် အလှူပေး ပုဂ္ဂိုလ်မှာလည်း (အလုပ်တရား ပါသည်နှင့် အညီ) ဝေကန် ပြည့်စုံနိုင်ပါပေ၏။ (အလုပ်တရား မပါခဲ့ပါသော်) ပါရမီဟူသော စကားရပ်သည် အဘယ်သို့လျှင် ပေါ်လွင် ထင်ရှားနိုင်ပါအံ့နည်း။ ဒါ့ကြောင့် ပါရမီလုပ်ငန်း အကျယ်တရားကိုလည်း ပါရမီအပိုင်းတွင် ရှု၍ ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းကို ပြုလုပ်ရန်သာဖြစ်ပါသည်။

ပါရမီပြီး၏။

**ဗောဓိပက္ခိယတရား။** ။သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင်ဟုဆိုအပ်သော ထိုသုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့သည် သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြား ထင်ထင် သိတတ်သော အနက်သဘောကြောင့် ဗောဓိဟူ၍ ရအပ်သော အမည်ရှိသော အရိယာပုဂ္ဂိုလ်၏ အကူအမြှောင် လက်ဆောင် အသင်းအပင်း၌ ဖြစ်သည်၏ အဖြစ်ကြောင့် (ကျေးဇူးပြုတတ်သော အသင်းအပင်း၏ အဖြစ်၌ တည်သည်၏ အဖြစ်ကြောင့်) ဗောဓိပက္ခိယဟူ၍ ခေါ်ဆိုရပေသည်။

**သတိပဋ္ဌာန်။** ။ကာယ ဝေဒနာ အစရှိသော အာရုံတို့၌ ပြေးဝင်၍ အသုဘ ဟူသော အခြင်းအရာစသည်ကို ယူသည်၏ အစွမ်းဖြင့် ကပ်၍ တည်သည်၏ အဖြစ်ကြောင့် ကာယ ဝေဒနာစသော အာရုံသို့ ကပ်၍ တည်သည် မည်၏။ သတိသည်ပင်လျှင် ကာယ ဝေဒနာစသော အာရုံသို့ ကပ်၍ တည်တတ် လေသောကြောင့် သတိပဋ္ဌာန်မည်၏။

ထိုသတိ၏ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မဟူသော လေးပါးသော အာရုံ၌ အသုဘ အခြင်းအရာ, ဒုက္ခအခြင်းအရာ, အနတ္တအခြင်းအရာကို ယူသည်၏ အစွမ်းဖြင့်၎င်း သုဘသညာ, သုခသညာ, နိစ္စသညာ, အတ္တသညာကို ပယ်ခြင်း ကိစ္စကို ပြီးစေသည်၏ အစွမ်းဖြင့်၎င်း ဖြစ်ခြင်းကြောင့် လေးပါးသော အဘို့ တို့ဖြင့် ပြားခြင်းသည် ဖြစ်ခဲ့ပေ၏။ ထို့ကြောင့် သတိပဋ္ဌာန်လေးပါး ရှိပါပေ၏။

**သမ္မပ္ပဓာန်။** ။ဝီရိယဖြင့် အားထုတ်တတ်သောကြောင့်၎င်း, ကိုယ်စိတ်တို့ကို ချီးမြှောက် တတ်သောကြောင့်၎င်း ပဓာန မည်ပါပေ၏။ တင့်တယ် ကောင်းမြတ်သော အားထုတ်ကြောင်းပေတည်း။ (ကိုယ် စိတ်တို့ကို ချီးမြှောက်ကြောင်းပေတည်း။) ထို့ကြောင့် သမ္မပ္ပဓာန် မည်ပါပေ၏။ ဝီရိယ တရားဖြင့် အသင့်အားဖြင့် အားထုတ်ကြောင်းဖြစ်သော သတ္တိကြောင့် သမ္မပ္ပဓာန် မည်ပါပေ၏။

ဝီရိယသည် ကိလေသာဟူသော ဖောက်ပြန်ခြင်းဟု ဆိုအပ်သော ရှုပအသာ• ရှုပ္ပသဘောမှ ကင်းသည်၏ အဖြစ်ကြောင့် တင့်တယ်လျောက်ပတ် ကောင်းမြတ် သည်လည်းဖြစ်၏။ အခိုင်အမြဲ စီးပွါးချမ်းသာကို ပြီးစေတတ်သည်၏ အဖြစ် ကြောင့်၎င်း အထူးသဖြင့် ချီးမွမ်းအပ်သည်၏အဖြစ်ကို ဆောင်တတ်သည်၏ အဖြစ်ကြောင့်၎င်း မြတ်သည်၏အဖြစ် အကြောင်း၏အဖြစ်ကြောင့်၎င်း အထူး သဖြင့် ချီးမွမ်းအပ်သည် အထူးသဖြင့် မြတ်သည် ဖြစ်ခဲ့ပေ၏။ ထိုနှစ်ပါးသော သတ္တိကြောင့် သမ္မပ္ပဓာန် မည်၏။

ထို သမ္မပ္ပဓာန်သည် ဖြစ်ကုန်ပြီးသော အကုသိုလ်, မဖြစ်ကုန်သေးသော အကုသိုလ်တို့ကို ပယ်ခြင်းကိစ္စ, မဖြစ်စေခြင်းကိစ္စကို၎င်း၊ မဖြစ်ကုန်သေးသော

ကုသိုလ်, ဖြစ်ကုန်ပြီးသော ကုသိုလ်တို့၏ ဖြစ်စေခြင်းကိစ္စ, ပွါးစီးမြင့်ရှည် တည်ခြင်းကိစ္စကိုရင်း ပြီးစေတတ်၏။ ဤသို့ လေးပါးသော ကိစ္စကို ပြီးစေခြင်းဟူသော အကြောင်းတရားကြောင့် လေးပါးအပြားရှိ၏။ ထိုသို့ လေးပါးသော ကိစ္စကို ပြီးစေသောအားဖြင့် လေးပါးအပြားရှိသည်၏ အဖြစ်ကြောင့် သမ္မပ္ပဓာန်လေးပါး ရှိပါပေ၏။

ဣဒ္ဓိပါဒ်။ ။ပြီးခြင်းဟူသော အနက်, ပြည့်စုံခြင်းဟူသော အနက်ကြောင့်(ပြီးကြောင်း ပြည့်စုံပွါးစီးခြင်းသို့ ရောက်ကြောင်း၏ အဖြစ်ကြောင့်) ဣဒ္ဓိ မည်ပါပေ၏၊ သမ္ပယုတ်ဖြစ်သော ထိုဣဒ္ဓိ၏ ပြဋ္ဌာန်းသော အနက်ကြောင့် (အဓိပတိ ပစ္စည်း၏ အဖြစ်ကြောင့်) အခြေပါဒ မည်ပါပေ၏။ ထို့ကြောင့် ဣဒ္ဓိပါဒ် မည်ပါပေ၏။

တနည်း ဖိုလ်ဖြစ်၍ဖြစ်သော ထိုဣဒ္ဓိ၏ ရှေ့အဘို့၌ဖြစ်သော အကြောင်းဟူသော အနက်ကြောင့် ပါဒ မည်ပါပေ၏၊ ထို့ကြောင့် ဣဒ္ဓိပါဒ် မည်ပါပေ၏။ ထိုဣဒ္ဓိပါဒ်သည် ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသာ၏ အစွမ်းဖြင့် လေးပါး အပြားရှိပေ၏။ ထိုသို့ တရားကိုယ်အားဖြင့် လေးပါးအပြားရှိသည်၏ အဖြစ်ကြောင့် ဣဒ္ဓိပါဒ် မည်ပါပေ၏။

ဤ ဆိုအပ်ခဲ့ပြီးသော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့သည် ဥတ္တရဘာဇနီယ၌ လာသောနည်းဖြင့် လောကုတ္တရာ တရားတို့သာတည်း။ ရဟန်းသည် ဆန္ဒကို အကြီးအမှူးပြု၍ သမာဓိကို အကယ်၍ ရသည်ဖြစ်အံ့၊ စိတ်၏ တခုတည်းသော အာရုံရှိသည်၏အဖြစ်ကို အကယ်၍ ရခဲ့သည်ဖြစ်အံ့၊ ဤသမာဓိကို ဆန္ဒလျှင် အကြီးအကဲရှိသော သမာဓိဟူ၍ ဆိုအပ်ပါပေ၏။ ဤသို့ အစရှိသော စကားတော်ကို ဘုရားရှင် ဟောတော်မူသည်၏ အဖြစ်ကြောင့် ဆန္ဒ အစရှိသော လေးပါးသော အဓိပတိ၏ အစွမ်းအားဖြင့် ရအပ်သော တရားဖြစ်ကုန်သော လောကီဖြစ်ကုန်သော ဖဿအစရှိသော တရားတို့သည်လည်း ဣဒ္ဓိပါဒ် မည်ပါပေ၏။

ဣန္ဒြေ။ ။သဒ္ဓါ၏ ဆန့်ကျင်ဖက်ဖြစ်ကုန်သော အကုသိုလ် ဝတ္ထုတ္တယမှ တပါးတို့၌ ကြည်ညိုသော ပသာဒ၏ အတုအယောင်ဖြစ်သော မိစ္ဆာဝိမောက္ခဟူသော အဿဒ္ဓိယတရား, ထိနမိဒ္ဓ ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ဟု ဆိုအပ်သော ကောသဇ္ဇတရား, သတိ၏ မေ့လျော့ချွတ်ယွင်း ပျောက်ခြင်း၊ ထိုသတိကင်းသော အခြင်းအရာကြောင့်ဖြစ်သော အကုသိုလ်ခန္ဓာဟူသော ပမာဒတရား, စိတ်၏ ပျံ့လွင့်ခြင်းဟူသော ဝိက္ခေပ, တွေဝေခြင်း သဘောရှိသော သမ္မောသတို့ကို နှိမ်နင်းလွှမ်းမိုးတတ်သည်၏ အဖြစ်ကြောင့် နှိမ်နင်းလွှမ်းမိုး အစိုးရခြင်းဟု ဆိုအပ်၏။

အစိုးရသည်၏အဖြစ် တည်းဟူသော ယုံကြည်သဖြင့် ဆုံးဖြတ်သော သဒ္ဓါ၊ သမ္မယုတ်တရားတို့ကို ချီးမြှင့်တတ်သော ဝီရိယ၊ အာရုံသို့ကပ်၍ တည်တတ်သော သတိ၊ မပျံ့လွင့်သော သမာဓိ၊ အပြားအားဖြင့်သိတတ်သော ပညာ၏ တူသော လက္ခဏာအားဖြင့် သမ္မယုတ်တရားတို့၌ အစိုးရသည်၏အဖြစ် တည်းဟူသော သဘောဖြင့် ဣန္ဒြေ မည်၏။ သဒ္ဓါ ဝီရိယစသည်တို့၏ အစွမ်းဖြင့် ငါးပါးရှိပါပေ၏။

**ဗိုလ်။** ။အသဒ္ဓိယ ကောသဇ္ဇအစရှိသော တရားတို့သည် မနှိပ်စက်အပ်သည်၏အဖြစ်ကြောင့်ရင်း၊မတုန်လှုပ်သည်၏အဖြစ် တည်းဟူသော သဘောကြောင့်ရင်း, သမ္မယုတ်တရားတို့၌ မြဲမြံခိုင်ခံ့သည်၏ အဖြစ်ကြောင့်ရင်း ဗိုလ်မည်ပါပေ၏။ ထိုဗိုလ်သည် သဒ္ဓါ ဝီရိယ စသည်တို့၏ အစွမ်းဖြင့် ငါးပါး ရှိပါပေ၏။

**ဗောဇ္ဈင်။** ။လေးပါးအပြားရှိသော အရိယသစ္စာတို့ကို သိသော သတ္တဝါ၏ အကြောင်းတရား၏အဖြစ်ကြောင့် သင်္ကေအစရှိကုန်သော ခုနစ်ပါးသော တရားတို့သည် ဗောဇ္ဈင်တို့ မည်ပါပေကုန်၏။

**မဂ္ဂင်။** ။သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ဖြစ်သော ကြောင့် သမ္မာဒိဋ္ဌိအစရှိကုန်သော ရှစ်ပါးသော တရားတို့သည် မဂ္ဂင်တို့ မည်ပါပေကုန်၏။

ဗောဓိပက္ခိယတရား ပြီး၏။

---

**သီလမည်ပုံ။** ။ပေဋကောပဒေသပါဠိတော်၌ မိန့်တော်မူ လာသည်မှာ ကာယကံ, ဝစီကံတို့ကို ကောင်းစွာထားတတ်ပါသော အနက်သဘောကြောင့် သီလမည်ပါပေ၏၊ လယ်၌ အပြစ်ကင်းသဖြင့် ကောက်ဝန်းကျင်မှ လယ်၏ပြည့်စုံသကဲ့သို့ သီလသည်လည်း အပြစ်မှ ကင်းသဖြင့် သီလ၏ပြည့်စုံခြင်းကို ဆိုအပ်ပါပေ၏။

(၁) လယ်သည် မရောက်ခြင်း ဆွေးမြေ့ခြင်း၏ အစွမ်းအားဖြင့် မျိုးစေ့ ပြတ်ခြင်း ဗီဇခဏ္ဍရင်း၊

(၂) ကြဲသောအခါ၌ အချိုသော အရပ်တို့ကိုမနှံ့သည်ဖြစ်၍ ကြဲခြင်း၏ ပြတ်ခြင်း ဝပ္ပခဏ္ဍရင်း၊

(၃) အမှတ်မရှိသော အရပ်၌ ရေများ လွန်းသော နေရာမှာ များပြီး တော့ရင် ရေမရှိသော နေရာမှာ မရှိသည်၏ အစွမ်းဖြင့် ကောက်ပင်တို့သည်မပေါက်ရောက်ကုန်မူ၍ ရေကြောင့်ပြတ်ခြင်း ဥဒကခဏ္ဍရင်း၊

(၄) အချိုသော အရပ်၌ လေးကြိမ် ငါးကြိမ်ထွန်၍ နက်စွာရှိနေသဖြင့် ကျစ်မြေင်၏ ပေါက်ခြင်းသည်၎င်း။

ဤသို့ လေးပါးသော အပြစ်တို့နှင့် ပြည့်စုံသည်ရှိသော် မပြည့်စုံသည်ဖြစ်၏၊ ထိုအပြစ်လေးမျိုးရှိသော လယ်၌ ကောက်ပင်တို့လည်း မပေါက်ရောက်၊ လယ်သည်လည်း ပြတ်ခြင်းကြောင့် ထိုသို့သဘောရှိပေသော လယ်သည် အကျိုးထူးလည်း မရှိ အာနိသင်ထူးလည်း မရှိပေ၊ ထိုလယ်၌ များစွာသော မျိုးတို့ကို စိုက်ပျိုး၍လည်း အနည်းငယ်သော အသီးကိုသာ ရ၏။

အထက်၌ ဆိုအပ်ခဲ့ပြီးပါသော လေးပါးသော အပြစ်တို့မှ ကင်းခြင်းကြောင့် လယ်သည် ကောက်ပင်တို့ဖြင့် ပြည့်စုံပေ၏၊ ထိုကောက်ပင်တို့ဖြင့် ပြည့်စုံသော လယ်သည် အကျိုးများပြီးတော့မှရင် အထူးအာနိသင်ရှိလေဘိသကဲ့သို့ ဤအတူ ကျိုးသည်၏အဖြစ်, ပြတ်သည်၏အဖြင့်, ပြောက်သည်၏အဖြစ်, ကျားသည်၏ အဖြစ်ဟု ဆိုအပ်ပါသော လေးပါးသော အပြစ်တို့နှင့် ပြည့်စုံသော သီလသည် မပြည့်စုံသည် မည်ပါပေ၏။ ထိုလေးပါးသော အပြစ်တို့နှင့် ပြည့်စုံသော သဘောရှိပါပေသည့် သီလသည်လည်း အကျိုးထူးလည်း မရှိ အာနိသင်ထူးလည်း မရှိပေ။

## ပြည့်စုံခြင်း ၃-မျိုး

**ပရိပုဏ္ဏသမ္ပန္န။** ။ထက်ဝန်းကျင်မှ ပြည့်စုံခြင်းသို့ရောက်သော သလေးစပါးရှိသောလယ်ကို ကျေးသားတို့သည် စားကြပေကုန်၏၊ "အန္ဒယ်ဖြစ်ပေသော အရှင်ပုဏ္ဏား အရှင်ပုဏ္ဏားအား လျှောက်ကြားပါ၏၊ ထိုကျေးသားအပေါင်းကို တားမြစ်ခြင်းငှါ မစွမ်းနိုင်ပေ" ဟူသော စကားရပ်၌ ပြည့်စုံခြင်းဆိုသည်မှာ ထက်ဝန်းကျင်မှ ပြည့်စုံခြင်းသို့ ရောက်သော "ပရိပုဏ္ဏသမ္ပန္န" မည်ပါပေ၏။

**သမင်္ဂီသမ္ပန္န။** ။"ဤပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံသည် ဖြစ်ခဲ့ပေ၏၊ ကောင်းစွာပြည့်စုံသည် ပြည့်စုံခြင်းသို့ ရောက်သည် ကောင်းစွာပြည့်စုံခြင်းသို့ ရောက်သည်ဖြစ်၍ ပြည့်စုံသည်၊ ကောင်းစွာ အဆင့်ဆင့် ပြည့်စုံခြင်းသို့ရောက်သည်ဖြစ်၏"ဟူသော စကားရပ်၌ ပြည့်စုံခြင်းသည် ကောင်းစွာပြည့်စုံခြင်းသို့ရောက်သော "သမင်္ဂီသမ္ပန္န"မည်ပါပေ၏။

**မဓုရသမ္ပန္န။** ။"ရှေ့ဘုန်းတော် အရှင်မြတ်ဘုရား ဤမြေ၏ အောက် အပြင်၌ ချိုမြိန်ကောင်းမြတ်သော အရသာနှင့်ပြည့်စုံသော ပျားငယ်ဟူသော အပြစ်ကင်းသော ပျားငယ်၏အရသာကဲ့သို့ ထိုအတူ ချိုမြိန်သော အရသာနှင့်ပြည့်စုံ၏" ဟူသော စကားရပ်၌ ပြည့်စုံခြင်းသည် ကောင်းမြတ်သော အရသာနှင့်ယှဉ်သော "မဓုရသမ္ပန္န"မည်ပါပေ၏။

**မှတ်ချက်။** သမ္မန္န ၊ သီလ၏ ပြည့်စုံခြင်းဟူသော ဤစကားရပ်၌ ထက်ဝန်းကျင်မှ ပြည့်စုံသော သီလရှိသည် ဖြစ်ပါပေ၏ ဟူ၍ရင်း၊ သီလနှင့် ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်သည် ဖြစ်ပါပေ၏ဟူ၍ရင်း၊ ဤသို့သော အနက်ကို သိအပ်သောကြောင့် ပရိပုဏ္ဏသမ္မန္နနှင့် သမင်္ဂီသမ္မန္နသည် သင့်လျော်ပါပေ၏။

ဤလေးပါးသော အပြစ်၏ ကင်းခြင်းကြောင့် သီလတည်းဟူသော လယ်ယာသည် ပြည့်စုံသည် မည်ပါပေ၏၊ ထိုလေးပါးသော အပြစ်တို့မှ ကင်းသော သဘောရှိပေသော သီလသည်လည်း အလွန် အကျိုးများပြီးတော့မှရင် အာနိသင် ထူးလည်း ရှိပါပေ၏။ ဤမူလပဏ္ဏာသ အာကင်္ခေယျသုတ် အဋ္ဌကထာ ဒေသနာစကားကို ထောက်ရှု၍ သီလပျက်စီးလျှင် အကျိုးမဲ့ပြီးတော့မှ အာနိသင်ထူးကို မရနိုင်၊ သီလပြည့်စုံခဲ့ပါသော် အကျိုးရှိပြီးတော့မှရင် သီလနှင့်ပြည့်စုံအောင် အားသစ်ကြဘို့ရန် အလွန်လိုအပ်ပါပေ၏။

တဖန် – သဠာယတနသံယုတ် အဋ္ဌကထာ၌လည်း သီလဝိသုဒ္ဓိ သီလအထူးစင်ကြယ်ဘို့ရာ လိုအပ်ပါပေ၏၊ သီလစင်ကြယ်သော ပုဂ္ဂိုလ်တို့မှသာလျှင် မဂ်ဖိုလ် နိဗ္ဗာန်ဟု ဆိုအပ်သော တရားထူး တရားမြတ်တို့ကို ရနိုင်ခွင့် ရှိပါပေ၏ဟု မိန့်တော်မူထားပါပေသည်။

သီလခဏ်း ပြီး၏။

---

**ဆဒ္ဒွါရသံဝရ။** ။အကြင်ရူပါရုံကို ရှုသောပုဂ္ဂိုလ်အား ရာဂအစရှိသော အကုသိုလ်တရားတို့သည် ဖြစ်ပေါ် လာပေကုန်၏။ ထို ရူပါရုံကို မမှီဝဲအပ်၊ မရှုအပ်၊ မကြည့်အပ်ပေ၊ အကြင်ရူပါရုံကို ရှုသောပုဂ္ဂိုလ်အား အသုဘ (မတင့်တယ်သော အမှတ်သညာ) သည်လည်း တည်၏၊ ဘုရားအစရှိသော ရတနာမြတ်သုံးပါးတို့၌ ကြည်ညိုခြင်းသည်လည်းဖြစ်၏၊ ကံ၊ ကံ၏ အကျိုး အစရှိသည်တို့ကို ယုံကြည်ခြင်းသည်လည်း ဖြစ်ပေ၏၊ အနိစ္စသညာ (အမြဲ မရှိဟူသော အမှတ်သညာ)ကို ရခြင်းသည်လည်း ဖြစ်၏။ ထိုရူပါရုံကို မှီဝဲအပ်ပါပေ၏။

ဆန်းကြယ်သော အက္ခရာဟုဆိုအပ်သည်လည်း ဖြစ်ပါသော ဆန်းကြယ်သော ဝါကျဟု ဆိုအပ်သည်လည်း ဖြစ်ပါပေသော အကြင်သဒ္ဒါရုံကို နာကြားရသော ပုဂ္ဂိုလ်အား ရာဂအစရှိသော အကုသိုလ်တရားတို့သည်လည်း ဖြစ်ပေါ် လာပေကုန်၏။ ဤသို့ သဘောရှိသော အသံကို မမှီဝဲအပ် (နားမထောင် အပ်ပေ)၊ တမလွန်ဘဝ၌ဖြစ်သော အကျိုးကို မှီသော လောကုတ္တရာတရားနှင့် ဆက်စပ်သော အကြင်အသံကို အိုးထိန်းကျွန်မ၏ သီချင်းကိုလည်း နားထောင်သော ပုဂ္ဂိုလ်အား ကြည်ညိုမြတ်နိုးသည်လည်း ဖြစ်ခဲ့ပါပေ၏၊ အနိစ္စသညာ အမြဲမရှိ

ဟူသော အမှတ်သညာစသည်တို့၏ အစွမ်းဖြင့် ဝဋ်တရား၌ ငြီးငွေ့သည်၏အဖြစ်၌လည်း တည်၏၊ ဤသို့သော အသံကို မှီဝဲအပ်ပါပေ၏။

အကြင် အနံ့ကို ယူသော(နမ်းရှူသော)ပုဂ္ဂိုလ်အား ရာဂအစရှိသော အကုသိုလ်တို့သည် ဖြစ်ပေါ်လာပေကုန်၏၊ ဤသို့သဘောရှိသော အနံ့ကို မမှီဝဲအပ်ပေ၊ အကြင် အနံ့ကို ယူသော (နမ်းရှူသော) ပုဂ္ဂိုလ်အား အသုဘသညာစသည်ကို ရခြင်းသည် ဖြစ်ခဲ့ပါပေ၏၊ ဤသို့သဘောရှိသော အနံ့ကို မှီဝဲအပ်ပါပေ၏။

အကြင် ရသာရုံကို လျက်သော(သာယာသော)ပုဂ္ဂိုလ်အား ရာဂအစရှိသော အကုသိုလ်တရားတို့သည် ဖြစ်ပေါ်လာပေကုန်၏၊ ဤသို့ သဘောရှိပေသော အရသာကို မမှီဝဲအပ်၊ မသာယာအပ်ပေ၊ အကြင် အရသာကို လျက်သော (သာယာသော)ပုဂ္ဂိုလ်အား အစာအာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ရှိ၏ ဟူသော အမှတ်သညာသည်လည်း ဖြစ်ပေါ်လာပေ၏၊ သာယာခြင်းဟူသော အကြောင်းကြောင့်လည်း ကာယဗလကိုမှီ၍ အရိယာဘုံသို့ သက်ရောက်ခြင်းငှါ စွမ်းနိုင်၏။

သုံးဆောင်ဆဲသာလျှင် ဖြစ်သော မဟာသီဝမထေရ်၏ တူဖြစ်သော သီဝမည်သော သာမဏေအား ကိလေသာတို့၏ ကုန်ခန်းခြင်းသည် ဖြစ်လေဘိသကဲ့သို့ သုံးဆောင်ဆဲသော ပုဂ္ဂိုလ်အားသာလျှင် ကိလေသာတို့ ကုန်ခန်းခြင်းသည်မူလည်း ဖြစ်ခဲ့ပါပေ၏၊ ဤသို့ သဘောရှိသော အရသာကို မှီဝဲအပ်ပေ၏။

အကြင် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသော ပုဂ္ဂိုလ်အား ရာဂ အစရှိသော အကုသိုလ်တရားတို့သည် ဖြစ်ပေါ်လာပေကုန်၏၊ ဤသို့ သဘောရှိသော ဖောဋ္ဌဗ္ဗာရုံကို မမှီဝဲအပ်ပေ၊ အကြင်ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသော ပုဂ္ဂိုလ်အား အရှင်သာရိပုတ္တရာမထေရ် စသည်တို့အား အာသဝေါတရားတို့၏ ကုန်ခန်းခြင်းသည်၎င်း လုံ့လဝီရိယကို ကောင်းစွာ ချီးပင့်အပ်သည်၎င်း, နောင်လာ နောက်သားဖြစ်ကြပေကုန်သော ရဟန်းအပေါင်းတို့ကို မြင်ဘူးသည်သို့ အစဉ်လိုက်ခြင်းသို့ ရောက်စေသဖြင့် ချီးမြှင့်အပ်သည်၎င်း ဖြစ်လေဘိသကဲ့သို့ အာသဝေါတရားတို့၏ ကုန်ခြင်းသည်၎င်း လုံ့လဝီရိယကို ကောင်းစွာ ချီးပင့်အပ်သည်၎င်း ဖြစ်ခဲ့ပါပေ၏။ နောင်လာ နောက်သား ဖြစ်ကြပေကုန်သော ရဟန်းအပေါင်းတို့ကို မြင်ဘူးသည်သို့ အစဉ်လိုက်ခြင်းကို ရောက်စေသဖြင့် ချီးမြှင့်အပ်သည်လည်း ဖြစ်ခဲ့ပေ၏။ ဤသို့ သဘောရှိသော ဖောဋ္ဌဗ္ဗာရုံကို မှီဝဲအပ်ပေ၏။

မနောဝိညာဉ်ဖြင့် သိအပ်ပေကုန်သော အကြင်ဓမ္မာရုံတို့ကို နှလုံးသွင်းသော ပုဂ္ဂိုလ်အား ရာဂအစရှိသော အကုသိုလ်တရားတို့သည် ဖြစ်ပေါ်လာပေကုန်၏၊ သူတပါးတို့၏ လွန်စွာ နှစ်သက် ဝမ်းမြောက်ခြင်း၏ အကြောင်းဖြစ်သော အဆောက်အဦသည် ရှိပါပေ၏။ အဲဒီ လွန်စွာ နှစ်သက်ဝမ်းမြောက်ခြင်း၏ အကြောင်းဖြစ်သော အဆောက်အဦသည် ငါ့အား ဖြစ်ခဲ့ပါမူကား ဩော်

ကောင်းလေစွ၊ ဤသို့ အစရှိသော နည်းဖြင့်လည်း နှလုံးသွင်းသောပုဂ္ဂိုလ်အား မနောဝိညာဉ်ဖြင့် သိအပ်ကုန်သော တရားအပေါင်းတို့သည် အဘိဇ္ဈာ အစရှိသည်တို့အား ထင်ခြင်းသို့ ရောက်ခဲ့ပါပေကုန်၏။ ဤသို့ သဘောရှိပါပေသော တရားတို့ကို မမှိဝဲအပ်ကုန်။

အလုံးစုံသော သတ္တဝါတို့သည် ရန်မရှိသည် ဖြစ်ကြပါစေကုန်သတည်း၊အဲဒီလို မေတ္တာအစရှိသည်တို့၏ အစွမ်းအားဖြင့် နှလုံးသွင်းသော ပုဂ္ဂိုလ်အား မနောဝိညာဉ်ဖြင့် သိအပ်ကုန်သော တရားအပေါင်းတို့သည် မေတ္တာ အစရှိသည်တို့အား ထင်ခြင်းသို့ ရောက်ခဲ့ပေကုန်၏၊ ဤသို့ သဘောရှိပါပေကုန်သော တရားအပေါင်းတို့ကို မှိဝဲအပ်ပါပေကုန်၏ဟု သုတ်မဟာဝါအဋ္ဌကထာ သက္ကာပဉှာသုတ်တို့၌ မိန့်တော်မူအပ်ပါသော ဒေသနာစကားတော်ကို ထောက်ရှုပြီးတော့ရင် မမှိဝဲသင့်သည့် တရားအစုတို့ကို မမှိဝဲ (မရှု မမှတ် မကြည့်)ခြင်းသည် စောင့်ရှောက်သည် မည်ပါပေ၏။ အကယ်၍ ကြည့်ရှု မှိဝဲခဲ့ပါသည်ရှိသော် အသုဘသညာ (မတင့်တယ်သော အမှတ်သညာ) ဟူသော အခြင်းအရာစသည်ဖြင့် ဆင်ခြင်နှလုံးသွင်းပြီးတော့မှရင် မှိဝဲကြည့်ရှုပါမူကား စောင့်ရှောက်သည်ဟူ၍ ဆိုရပေမည်။

**သတောသမ္ပဇာနောပုဒ်။** ။သတိပညာနှင့် ယှဉ်သည် ဖြစ်နေရမည် ဟူသော သဋ္ဌာယတနသံယုတ် အာသီဝိသဝဂ် ရထောပမသုတ်၌ ဘုရားရှင် မိန့်တော်မူသည်မှာ သတိနှင့်ရင်း ပညာနှင့်ရင်း ပြည့်စုံရမည်။ အဘယ်သို့ ပြည့်စုံရမည်နည်း ဆိုခဲ့ပါသော် အိပ်သောသူ တယောက်သည် သတိသမ္ပဇဉ်ကို မပယ်သဖြင့် သတိနှင့် ပြည့်စုံပါပေ၏၊ ပညာနှင့် ပြည့်စုံပါပေ၏။ တဖန်တနေ့ပတ်လုံးရင်း အလုံးစုံသော ပဌမယာမ်ပတ်လုံးရင်း ကုသိုလ်စိတ်ကို ပိတ်ပင်တတ်ကုန်သော နီဝရဏစသော အကုသိုလ်တရားတို့မှ စိတ်ကို ထက်ဝန်းကျင်သုတ်သင်၍ ပဌမယာမ်အဆုံး၌ ဥပါဒိန္နကဖြစ်သော ကိုယ်ကို အိမ်မွေ့ ချခြင်းဖြင့် သက်သာစေအံ့ဟု စင်္ကြံမှ သက်၍ မူလကမ္မဋ္ဌာန်းကို မစွန့်မူ၍သာလျှင် ခြေတို့ကို ဆေးပြီး တံခါးကို ဖွင့်၏။

ညောင်စောင်း၌ ထိုင်နေကာ မူလကမ္မဋ္ဌာန်းကို ပယ်ပြီး ခန္ဓာတို့သည်သာလျှင် ခန္ဓာတို့၌, ဓာတ်တို့သည်သာလျှင် ဓာတ်တို့၌ ထိခိုက်အပ်၏ဟု ကျောင်းအိပ်ရာ နေရာကို ဆင်ခြင်လျက် အစဉ်သဖြင့် အိပ်ပျော်ခြင်းသို့သက်၏။ နိုးခဲ့ပါသော် မူလကမ္မဋ္ဌာန်းကို ယူပြီးတော့မှရင် နိုးပါပေ၏၊ ဤ ဥပမာလိုပဲ- အိပ်သောသူသည် အိပ်ပျော်ခြင်းသို့ ရောက်ငြားပါသော်လည်း သတိပညာနှင့် ပြည့်စုံသလို တရားအားသစ်သော ယောဂီသည်လည်း အမြဲသတိပညာနှင့် ယှဉ်၍ နေကြရပေမည်။

တဖန်-သတိဝဂ် သတိသမ္ပဇညသုတ်၌ မိန့်တော်မူသည်မှာ-

(က) ရဟန်းတို့ သတိသမ္ပဇဉ် တရားသည် မရှိခဲ့ပါသော် သတိသမ္ပဇဉ် ချို့သော ပုဂ္ဂိုလ်အား ဟိရီဩတ္တပ္ပတရားသည် ပျက်စီးသော အကြောင်းသည် ရှိပါပေ၏။

(ခ) ဟိရီဩတ္တပ္ပတရားသည် မရှိခဲ့ပါသော် ချို့သော ဟိရီဩတ္တပ္ပတရား ရှိသော ပုဂ္ဂိုလ်အား ဣန္ဒြိယသံဝရသည် ပျက်စီးသောအကြောင်း ရှိပါပေ၏။

(ဂ) ဣန္ဒြိယသံဝရသည် မရှိခဲ့ပါသော် ချို့သော ဣန္ဒြိယသံဝရရှိသော ပုဂ္ဂိုလ်အား သီလသည် ပျက်စီးသောအကြောင်း ရှိပါပေ၏။

(ဃ) သီလသည် မရှိခဲ့ပါသော် သီလချို့သော ပုဂ္ဂိုလ်အား သမ္မာသမာဓိသည် ပျက်စီးသော အကြောင်း ရှိပါပေ၏။

(င) သမ္မာသမာဓိသည် မရှိခဲ့ပါသော် ချို့သော သမ္မာသမာဓိရှိသော ပုဂ္ဂိုလ်အား မဖောက်မပြန် ဟုတ်မှန်စွာ သိတတ်သော တရားဘူတဉာဏ် အမြင်သည် ပျက်စီးသော အကြောင်း ရှိပါပေ၏။

(စ) မဖောက်မပြန် ဟုတ်မှန်စွာ သိတတ်သော တရားဘူတဉာဏ် အမြင်သည် မရှိခဲ့ပါသော် မဖောက်မပြန် ဟုတ်မှန်စွာ သိတတ်သော တရားဘူတဉာဏ်အမြင် ချို့သောပုဂ္ဂိုလ်အား ဝဋ္ဋတရား၌ ငြီးငွေ့ခြင်း, ဝဋ္ဋတရား၏ ကင်းခြင်းသည် ပျက်စီးသော အကြောင်း ရှိပါပေ၏။

(ဆ) ဝဋ္ဋတရား၌ ငြီးငွေ့ခြင်း, ဝဋ္ဋတရား၏ ကင်းခြင်းသည် မရှိခဲ့ပါသော် ဝဋ္ဋတရား၌ ငြီးငွေ့ခြင်း, ဝဋ္ဋတရား၏ကင်းခြင်း ချို့သော ပုဂ္ဂိုလ်အား အရဟတ္တဖိုလ်နှင့် အရဟတ္တဖိုလ်ကို သိတတ်သော ပစ္စဝေက္ခဏာဉာဏ်သည် ပျက်စီးသော အကြောင်း ရှိပါပေ၏။

ရဟန်းတို့ ဥပမာအားဖြင့် ပြရမည်ဆိုသော် သစ်ပင်တပင်သည် အခက် အရွက် ချို့တဲ့မှု ရှိခဲ့ပါသော် ထိုသစ်ပင်၏ အပွေးသည်လည်း ပြည့်စုံခြင်းသို့ မရောက်ရာ သကဲ့သို့ရင်း၊ အခွံနှင့်တကွ အကာအနှစ်တို့သည်လည်း ပြည့်စုံခြင်းသို့ မရောက်ရာ သကဲ့သို့ရင်း ရဟန်းတို့ ဤနှင့်မခြား အလားတူစွာသာလျှင် သတိသမ္ပဇဉ်မရှိ ချို့တဲ့သော ပုဂ္ဂိုလ်အား ဟိရီဩတ္တပ္ပစသော တရားတို့သည် ပျက်စီးခြင်းစသော အကြောင်းတို့ ရှိသည့်အပြင် နောက်ဆုံး အရဟတ္တဖိုလ်နှင့်တကွ အရဟတ္တဖိုလ်ကို သိမြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်ထိ တိုင်အောင် ပျက်စီးသော အကြောင်း ရှိနိုင်ပါပေ၏။

သတိသမ္ပဇဉ်နှင့် ပြည့်စုံလျှင် ဟိရီဩတ္တပ္ပစသော တရားတို့သည် ပြည့်စုံသော အကြောင်း ရှိသည့်အပြင် အရဟတ္တဖိုလ်နှင့်တကွ အရဟတ္တဖိုလ်ကို သိတတ်

သော ပစ္စဝေက္ခဏာဉာဏ် စသည်တို့သည် ပြည့်စုံသော အကြောင်း ရှိနိုင်ပါပေ၏။ (ပြည့်စုံနိုင်ပေ၏)။

**သန္တောသ**။ ။စူဠနိဒ္ဒေသ အဋ္ဌကထာ ခဂ္ဂဝိသာဏသုတ်၌ မိန့်တော်မူထားသည်မှာ ဆွမ်း သင်္ကန်း ကျောင်း ဆေး ဟု ဆိုအပ်သော လေးပါးသော ပစ္စည်းတို့၌ ကောင်းသည်ဖြစ်စေ၊ ညံ့သည်ဖြစ်စေ ရရသမျှနှင့်နှင့်သာလျှင် တင်းတိမ်ရောင့်ရဲခြင်းသည်၎င်း မိမိ၏ ကိုယ်တည်းဟူသော စွမ်းအား ဉာဏ်တည်းဟူသော စွမ်းအားရှိသည်အား လျော်စွာ သုံးစွဲပြီးတော့မှရင် တင်းတိမ်ရောင့်ရဲခြင်းသည်၎င်း မှန်မြတ်ပါပေတဲ့ လေးပါးသော ပစ္စည်း ဝတ္ထုတို့ကို တပါးသူငါ သတ္တဝါတို့အား လှူဒါန်းပြီး မိမိကိုယ်တိုင်ကတော့ရင် တပါးသူငါ သတ္တဝါတို့ မနှစ်သက်ပေသော လေးပါးသော ပစ္စည်းဝတ္ထုတို့ကို သုံးစွဲပြီးတော့မှရင် တင်းတိမ် ရောင့်ရဲခြင်းသည်၎င်း သန္တောသမည်ပါပေ၏။

**နီဝရဏ**။ ။ပေဋကောပဒေသပါဠိ သုတ္တတ္ထသမုစ္စယဘူမိ၌ အလုံးစုံသော ကုသိုလ်တရားအဖို့မှ တားမြစ်တတ်သောကြောင့် နီဝရဏမည်ပါပေ၏။

**တားမြစ်ပုံ**။ ။(က) ကာမစ္ဆန္ဒသည် အသုဘမှ တားမြစ်၏၊ (ခ) ဗျာပါဒသည် မေတ္တာတို့မှ တားမြစ်၏၊ (ဂ) ထိနသည် ငြိမ်းအေးခြင်းမှ တားမြစ်၏၊ (ဃ) မိဒ္ဓသည် လုံ့လကို အားထုတ်ခြင်းမှ တားမြစ်၏၊ (င) ဥဒ္ဓစ္စသည် သမထမှ တားမြစ်၏၊ (စ) ကုက္ကုစ္စသည် နှလုံးကြည်သာရွှင်လန်းခြင်းမှ တားမြစ်၏၊ (ဆ) ဝိစိကိစ္ဆာသည် ပညာမှ၎င်း ပဋိစ္စသမုပ္ပါဒ်တရားတော်မှ၎င်း တားမြစ်ပေ၏။

**ကာမစ္ဆန္ဒနီဝရဏ**။ ။ပေဋကောပဒေသပါဠိ သုတ္တတ္ထသမုစ္စယဘူမိ၌ ငါးပါးကုန်သော ကာမဂုဏ်တို့၌ တပ်မက်မောခြင်းသည်၎င်း ချစ်ခင်ခြင်းသည်၎င်း တွယ်တာနှစ်သက်ငြိကပ်ခြင်းသည်၎င်း အာရုံကို မျိုသွင်း၍ ပြီးစေခြင်းသည်၎င်း အလိုသည်၎င်း မိန်းမောခြင်းသည်၎င်း တောင့်တခြင်းသည်၎င်း မစွန့်ခြင်းသည်၎င်း အဖန်တလဲလဲ ကိန်းခြင်းသည်၎င်း ကုသိုလ်တရားတို့ကို လုယက်ခြင်းသည်၎င်း ရှိခဲ့ပါပေ၏၊ ဤတရား အလုံးစုံတို့သည် ကာမစ္ဆန္ဒနီဝရဏ မည်ပါပေ၏။

**ဗျာပါဒနီဝရဏ**။ ။သတ္တဝါတို့၌၎င်း သင်္ခါရတို့၌၎င်း '(က) ကိုးပါးကုန်သော ရန်ငြိုးဖွဲ့ခြင်း၊ (ခ) ပါဏာတိပါတ=သူတပါး၏ အသက်ကို သတ်ခြင်း၊ ပိသုဏဝါစာ=ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်း၊ ဖရုသဝါစာ=လွှကဲ့သို့ ကြမ်းတမ်းသောစကားတို့သည် ဒေါသမည်၏။ ၎င်းတရားတို့သည်

ကပ်၍ ညှဉ်းဆဲနှိပ်စက်ခြင်းသည် ရှိ၏၊ ဤတရား အလုံးစုံတို့သည် ဗျာပါဒနီဝရဏ မည်ပါပေ၏။

**ထိန။** ။ကိုယ်မခံ့သည်၏အဖြစ် မိုက်သည်၏အဖြစ် လေးသည်၏အဖြစ်သည်ငင်း၊ ကိုယ်၏ မငြိမ်းခြင်းသည်ငင်း ရှိ၏၊ ဤတရား အလုံးစုံတို့သည် ထိနမည်၏။

**မိဒ္ဓ။** ။စိတ်၏ အလွန်မိုက်သည်၏ အဖြစ် လေးသည်၏ အဖြစ် အမှု၌ မခံ့သည်၏အဖြစ်သည်ငင်း, စိတ်ချထားခြင်း, ငိုက်မြည်းခြင်း, ကိုယ်တုန်လှုပ်ခြင်း, လျှပ်ပေါ်ခြင်း, ပြေးခြင်းသည်ငင်း ရှိပါပေ၏၊ ဤတရား အလုံးစုံတို့သည် မိဒ္ဓ မည်ပါပေ၏။ ထို ထိနမိဒ္ဓနှစ်ပါးစုံသည် ထိနမိဒ္ဓ နီဝရဏမည်ပါပေ၏။

**ဥဒ္ဒစ္စ။** ။စိတ်၏ မငြိမ်သက်ခြင်းသည် ရှိ၏၊ ဤစိတ်၏ မငြိမ်သက်ခြင်းသည် ဥဒ္ဒစ္စမည်ပါပေ၏။

**ကုက္ကုစ္စ။** ။စိတ်၏ အရေးအကြောင်းသည်ငင်း, မမှတ်ခြင်းသည်ငင်း, အထူးမမှတ်ခြင်းသည်ငင်း, နှလုံး၏ အရေးအကြောင်းသည်ငင်း, နှလုံး၏ မသာယာခြင်းသည်ငင်း ရှိ၏၊ ဤတရား အလုံးစုံတို့သည် ကုက္ကုစ္စမည်ပါပေ၏။ ထို ဥဒ္ဒစ္စ ကုက္ကုစ္စတရား နှစ်ပါးစုံသည် ဥဒ္ဒစ္စကုက္ကုစ္စနီဝရဏမည်ပါပေ၏။

**ဝိစိကိစ္ဆာနီဝရဏ။** ။ဘုရား တရား သံဃာ စသည်တို့၌ ဘုရား တရား သံဃာ စသည်တို့သည် ရှိလေသလော၊ မရှိလေသလောဟု ယုံမှားသံသယရှိ၏၊ ဤတရားတို့သည် ဝိစိကိစ္ဆာမည်ပါပေ၏။

စင်စစ် ဝေကန် အမှန်မှာတော့ရင် ဝိစိကိစ္ဆာတို့သည်—

(က) သမန္တရာယိကာ=ကိလေသာငြိမ်းခြင်း၏ အန္တရာယ် ဖြစ်သော ဝိစိကိစ္ဆာ။

(ခ) ဒေသန္တရာယိကာ=အရပ်ဒေသ၏ အန္တရာယ်ဖြစ်သော ဝိစိကိစ္ဆာ။

(ဂ) သမာပတ္တန္တရာယိကာ=သမာပတ်၏ အန္တရာယ်ဖြစ်သော ဝိစိကိစ္ဆာ။

(ဃ) မဂ္ဂန္တရာယိကာ=မဂ်၏ အန္တရာယ်ဖြစ်သော ဝိစိကိစ္ဆာ။

(င) သဂ္ဂန္တရာယိကာ=နတ်ပြည်၏ အန္တရာယ်ဖြစ်သော ဝိစိကိစ္ဆာဟူ၍ ငါးပါးအပြား ရှိပါပေကုန်၏။

ထိုငါးပါးတို့တွင် ဝိစိကိစ္ဆာအရ သမာပတ်၏အန္တရာယ်ဖြစ်သော ဝိစိကိစ္ဆာကို ယူရပေမည်။

နီဝရဏပြီး၏။

**ဈာန်။** ။ပထဝီကသိုဏ်းအစရှိသော အာရုံသို့ကပ်၍ ရှုတတ်သောကြောင့်၎င်း ဆန့်ကျင်ဖက်ဖြစ်သော နီဝရဏတရားတို့ကို ဖုတ်ကြည်းစေတတ်, လောင်မြိုက်စေတတ်သောကြောင့်၎င်း ပူပန်စေတတ်သောကြောင့်၎င်း ဈာန်မည်ပါပေ၏။

**ပဌမဈာန်၏လက္ခဏာ။** ။ဈာန်တရားတို့တို့ ဆက်စပ်ပြီး ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ မိန့်တော်မူသည်မှာ—

(က) နီဝရဏကိလေသာတည်းဟူသော ဘေးရန်မှ စိတ်၏စင်ကြယ်ခြင်း။

(ခ) လျစ်လျူရှုသော သမာဓိနိမိတ်ကို ကျင့်ခြင်း။

(ဂ) ထိုမဇ္ဈိမ သမာဓိနိမိတ်၌ စိတ်ကို ပြေးစေခြင်း။

(ဃ) နီဝရဏကိလေသာတို့မှ စင်ကြယ် သန့်ရှင်းသော စိတ်ကို လျစ်လျူရှုခြင်း။

(င) သမထ တည်းဟူသော အကျင့်ကို လျစ်လျူရှုခြင်း။

(စ) အာရုံတပါးတည်းသော အဖြစ်ဖြင့် ထင်သည်ကို လျစ်လျူရှုခြင်း။

(ဆ) ထိုဈာန်၌ဖြစ်ပေကုန်သော သမာဓိ ပညာတရားတို့ကို မလွန်စေသော အနက်ဖြင့် ကောင်းစွာ ရှင်လန်းစေခြင်း။

(ဇ) သဒ္ဓိန္ဒြေစသည်တို့ကို နီဝရဏကိလေသာတို့မှ လွတ်ခြင်းဟူသော ကိစ္စဖြင့် ကောင်းစွာရှင်လန်းစေခြင်း။

(ဈ) ထိုဈာန်၌ဖြစ်သော တရားတို့အား လျောက်ပတ်သော ဝီရိယကို ဖြစ်စေသော အနက်ဖြင့် ကောင်းစွာ ရှင်လန်းစေခြင်း။

(ည) ထုံတတ်သော အနက် (အာသေဝနပစ္စည်း)ဖြင့် ကောင်းစွာ ရှင်လန်းစေခြင်းဟူ၍ ပဌမဈာန်၏ လက္ခဏာ ဆယ်ပါး အပြားရှိပါပေ၏။

**ပဌမဈာန်၏(အစ အလယ်=အဆုံး)။** ။နီဝရဏကိလေသာတို့မှ စင်ကြယ်ခြင်းတည်းဟူသော အကျင့်၏ စင်ကြယ်ခြင်းသည်ကား ပဌမဈာန်၏ အစဖြစ်ပါသည်။ တတြမဇ္ဈတ္တုပေက္ခာ၏ ပွါးခြင်းသည်ကား ပဌမဈာန်၏ အလယ်ဖြစ်ပါသည်။ ပညာဖြင့် ရှင်လန်းစေခြင်းသည်ကား ပဌမဈာန်၏ အဆုံး ဖြစ်ပါသည်။

**အာဒိ=အစ။** ။ထိုပဌမဈာန်၏ အကြင် နီဝရဏ ကိလေသာတည်းဟူသော ဘေးရန်သည် ရှိခဲ့ပါပေ၏၊ ထိုဘေးရန်မှ စိတ်သည် စင်ကြယ်၏၊(စင်ကြယ်သည်၏ အဖြစ်ဖြင့်) စိတ်သည် လျစ်လျူရှုသော သမာဓိနိမိတ်ကို ကျင့်၏၊ (ကျင့်သည်၏အဖြစ်ဖြင့်)ထိုလျစ်လျူရှုသော သမာဓိနိမိတ်၌ စိတ်သည်

ပြေးဝင်၏၊ ကိလေသာတည်းဟူသော ဘေးရန်မှ အကြင်ဈာန်စိတ်သည် စင်ကြယ်၏၊ (စင်ကြယ်သည်၏ အဖြစ်ဖြင့်) အကြင် ဈာန်စိတ်သည် လျစ်လျူ ရှုသော သမာဓိနိမိတ်ကို ကျင့်၏၊ ကျင့်သောကြောင့် အကြင်ဈာန်စိတ်သည် ထိုလျစ်လျူရှုသော မဇ္ဈိမသမာဓိနိမိတ်၌ ပြေးဝင်၏၊ ပဌမဈာန်၏ အစဖြစ်ပါသော ပဋိပဒါဝိသုဒ္ဓိ၏ လက္ခဏာသုံးပါးတို့သည် ဖြစ်ခဲ့ပါပေ၏။

**မဇ္ဈိမ=အလယ်။** ။စင်ကြယ်သော စိတ်ကို လျစ်လျူရှု၏၊ ကိလေသာကို ငြိမ်းစေသဖြင့် ကျင့်သောစိတ်ကို လျစ်လျူရှု၏၊ အာရုံတခုတည်း၌ တပ်သော စိတ်ကို လျစ်လျူရှုပါပေ၏၊ အကြင် စင်ကြယ်ပြီးသော စိတ်ကိုလည်းလျစ်လျူရှုပါပေ၏၊အကြင်ကိလေသာကို ငြိမ်းစေသဖြင့် ကျင့်သော စိတ်ကို လျစ်လျူရှုပါပေ၏၊ အကြင် တည်ကြည်သဖြင့် ထင်သော စိတ်ကို လျစ်လျူရှုပါပေ၏၊ ဤ တတြမဇ္ဈတ္တုပေက္ခာ၏ ပွါးခြင်းသည်ကား ပဌမဈာန်၏ အလယ်ဖြစ်သော အင်္ဂါသုံးပါးတို့ပေတည်း။

**ပရိယောသာန=အဆုံး။** ။ထိုဈာန်စိတ်၌ ဖြစ်ကုန်သော ပညာ သမာဓိတရားတို့၏ မလွန်ကျူးသော အနက်ဖြင့် ကောင်းစွာ ရှင်လန်းခြင်း, သဒ္ဓိန္ဒြေစသည်တို့၏ ကာမစ္ဆန္ဒအစရှိသော ကိလေသာနီဝရဏတို့မှ လွတ်ခြင်းကိစ္စဟူသော အနက်ဖြင့် ကောင်းစွာ ရှင်လန်းခြင်း, ထိုသဟဇာတ်တရားတို့အား လျောက်ပတ်စွာ ဖြစ်သော ဝီရိယဖြစ်သော အနက်ဖြင့် ကောင်းစွာ ရှင်လန်းခြင်း, အာသေဝနအနက်ဖြင့် ကောင်းစွာရှင်လန်းခြင်း၊ ဤသို့သော ကောင်းစွာ ရှင်လန်းခြင်းသည်ကား ပဌဈာန်၏ အဆုံးဖြစ်သော ရှင်လန်းခြင်း၏ လက္ခဏာလေးပါးတို့ပေတည်း။

ဤသုံးပါးသော အပြန်ဖြစ်သော ဈာန်စိတ်သည် သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံပါပေ၏၊ ဆယ်ပါးသော လက္ခဏာနှင့်လည်း ပြည့်စုံပါပေ၏၊ ဝိတက်နှင့်လည်း ပြည့်စုံ၏၊ ဝိစာရ ပီတိ သုခနှင့်လည်း ပြည့်စုံ၏၊ နောက်မှဖြစ်သော ဈာန်စိတ်၏ တည်ရာနှင့်လည်း ပြည့်စုံ၏၊ သဒ္ဓါနှင့်လည်း ပြည့်စုံ၏၊ ဝီရိယ သတိ သမာဓိ ပညာနှင့်လည်း ပြည့်စုံ၏၊ ဤသည်ကား ပြီးဆုံးခြင်း အစီရင်ပေတည်း။

**ပဌမဈာန်။** ။တဖန် ပေဋကောပဒေသပါဠိတော်လာ သမ္ဗာတဘူမိ၌ မိန့်တော်မူသည်မှာ ရာဂစရိုက် ထူပြောသော ပုဂ္ဂိုလ်စသည်တို့အား ငါးပါးသော နီဝရဏတို့၏ ဆန့်ကျင်ဖက်ပေတည်း၊ ထို နီဝရဏတို့ကို ထိုထို ပုဂ္ဂိုလ်တို့အား မသတ်ခြင်းကြောင့်လည်း မစွမ်းနိုင်သည်ဖြစ်၍ သုံးပါးကုန်သော အကုသိုလ်မူလတို့ကို နှိပ်၏။ လောဘဖြစ်သော အကုသိုလ်မူလဖြင့် အဘိဇ္ဈာကိုရင်း, ဥဒ္ဓစ္စကိုရင်း, ပေါ်လွင်သည်၏ အဖြစ်ကိုရင်း အလောဘဖြစ်သော ကုသိုလ်မူလဖြင့် နှိပ်၏။

ကုက္ကုစ္စသည်၎င်း, ဝိစိကိစ္ဆာသည်၎င်း, မောဟ၏ အသင်းအပင်း ဖြစ်ပေ၏။ ထိုမောဟ အသင်းအပင်းဖြစ်သော ကုက္ကုစ္စ,ဝိစိကိစ္ဆာကို အမောဟဖြင့် နှိပ်၏။

ဒေါသသည်၎င်း, ထိနမိဒ္ဓသည်၎င်း ဒေါသ၏ အသင်းအပင်း ဖြစ်ပေ၏။ ထိုဒေါသ၏ အသင်းအပင်းဖြစ်သော ဒေါသ, ထိနမိဒ္ဓကို အဒေါသဖြင့် နှိပ်၏။ (ပဌမစျာန်တွင် စကားချန်ထားသည်)။

ထို မူလသုံးပါးတို့တွင် အလောဘ၏ ပြည့်စုံစေခြင်းငှါ နေက္ခမ္မဝိတက်ကို ကြံ၏။ အဒေါသ၏ ပြည့်စုံစေခြင်းငှါ အဗျာပါဒဝိတက်ကို ကြံ၏၊ အမောဟ၏ ပြည့်စုံစေခြင်းငှါ အဝိဟိံသာဝိတက်ကို ကြံ၏။ ထိုသုတ်တို့တွင် အလောဘ၏ ပြည့်စုံစေခြင်းငှါ ဝတ္ထုကာမ, ကိလေသာကာမတို့မှ ဆိတ်၏၊ အဒေါသ၏ ပြည့်စုံစေခြင်းငှါ၎င်း, အမောဟ၏ ပြည့်စုံစေခြင်းငှါ၎င်း ယုတ်မာကုန်သော အကုသိုလ်ဖြစ်ကုန်သော တရားတို့မှ ဆိတ်၏၊ ဝိတက် ဝိစာရနှင့် တကွဖြစ်သော ဝိဝေကကြောင့်ဖြစ်သော ပီတိ သုခရှိသော ပဌမစျာန်ကို ပြည့်စုံစေပြီးတော့မှရင် နေရပေ၏။

**ဒုတိယစျာန်။** ။ထို ဝိတက် ဝိစာရတို့ကိုသာလျှင် မပြတ်မှီဝဲခြင်းကြောင့် ထို ပဌမစျာန်၌ ဝိတက် ဝိစာရသို့ ညွတ်သောစိတ်သည် ဖြစ်၏။ ထို ပဌမစျာန်၌ ဝိတက် ဝိစာရတို့သည် ရုန့်ရင်းကုန်သည် ဖြစ်၍ ထင်ကုန်၏၊ အကြင် ပီတိသည်၎င်း, သုခသည်၎င်း, နေက္ခမ္မသည်၎င်း ရုန့်ရင်းခြင်း ရှိပါပေ၏။

တနည်း–သမာဓိကြောင့်ဖြစ်သော ပီတိသည်၎င်း, မွေ့လျော်ခြင်းသည်၎င်း ဖြစ်၏၊ ထိုစျာန်အား ဝိစာရလျှင် အာရုံရှိပါပေ၏၊ ထို ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် အဇ္ဈတ္တသန္တာန်၌ စိတ်သည် ကြည်လင်၏၊ ဝိတက် ဝိစာရ ဖြစ်ကုန်သော နှစ်ပါးကုန်သော အကြင်တရားတို့ကို အောက်မေ့အပ်ကုန်၏၊ ပစ္စုပ္ပန်ဖြစ်သော နိမိတ်ကို ရှိသေစွာ ဆောင်အပ်၏၊ ထို ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် ဖြစ်သည်၏အဖြစ်သည်၎င်း, စိတ်၏ တည်ကြည်သော အဖြစ်သည်၎င်း ဖြစ်ခဲ့ပါပေ၏။

ထိုစျာန်၌ မြတ်သော အဖြစ်ဖြင့်လည်း ပီတိ၏ ပြည့်စုံခြင်းသို့ ရောက်၏။ အကြင်ပီတိသည် ရှိ၏၊ ထိုပီတိသည် သောမနဿိန္ဒြေ မည်၏။

အကြင်သုခသည် ရှိပါပေ၏၊ ထိုသုခသည် သုခိန္ဒြေ မည်ပါပေ၏။

အကြင်စိတ်၏ တည်ကြည်ခြင်းသည် ရှိပါပေ၏၊ ဤစိတ်၏ တည်ကြည်ခြင်းသည် သမာဓိမည်ပါပေ၏။ ထိုဒုတိယစျာန်သည် အင်္ဂါလေးပါးနှင့် ပြည့်စုံ၏။ ထိုဒုတိယစျာန်သည် ပီတိကို ခွါခြင်းကြောင့် တဏှာ ကပ်ငြိခြင်းနှင့် တကွ ဖြစ်၍ ယုတ်သော နိဗ္ဗာန စွန့်လွှတ်လျက် သွားပေ၏။

**တတိယစျာန်။** ။ထို ဒုတိယစျာန်၌ သောမနဿစိတ်ကို စွဲလမ်း၍ဖြစ်ခြင်း ရှိပါပေ၏၊ ထို့ကြောင့် ထိုယောဂီသည် ထို ဒုတိယစျာန်ကို စုံစမ်းလျက် ဥပေက္ခာကိုသာလျှင် နှလုံးသွင်း၏၊ ထိုယောဂီသည် ပီတိကို စွန့်ခွါခြင်းကြောင့် လျစ်လျူရှုလျက်နေ၏၊ အကြင်အကြောင်းကြောင့်လည်း ပီတိဖြင့် သုခဝေဒနာကို ခံစားခြင်း ရှိပါပေ၏၊ ထို သုခဝေဒနာကို ကိုယ်ဖြင့် ခံစားလျက် ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ နေပေ၏၊ အကြင် သတိသမ္ပဇဉ်ဖြင့် ဥပေက္ခာ၏ ပြည့်စုံခြင်းသို့ ရောက်၏၊ ဤ တတိယစျာန်သည် လေးပါးသော အင်္ဂါနှင့်ပြည့်စုံ၏။

**စတုတ္ထစျာန်။** ။ကိုယ်၌ဖြစ်သော သုခကို ပယ်ခြင်းကြောင့် ပဌမစျာန်၌ သောမနဿိန္ဒြေသည် ချုပ်၏၊ ဒုတိယစျာန်၌ ဒုက္ခိန္ဒြေသည် ချုပ်၏၊ ထိုယောဂီသည် သုခ ဒုက္ခတို့ကို ပယ်ခြင်းကြောင့် ရှေးဦး မဆွကပင်လျှင် သောမနဿ ဒေါမနဿတို့၏ ချုပ်ခြင်းကြောင့် ဒုက္ခလည်း မဟုတ်၊ သုခလည်း မဟုတ်သော ဥပေက္ခာသည် ဖြစ်စေအပ်သော သတိ၏ စင်ကြယ်ခြင်းရှိသော စတုတ္ထစျာန်ကို ပြည့်စုံစေ၍ နေ၏၊ ထိုစတုတ္ထစျာန်၌ လေးပါးကုန်သော ဣန္ဒြေတို့ဖြင့် ဥပေက္ခာသည် ကြည်လင်ပါပေ၏၊ ဒုက္ခိန္ဒြေဖြင့်၎င်း ဒေါမနဿိန္ဒြေဖြင့်၎င်း သုခိန္ဒြေဖြင့်၎င်း သောမနဿိန္ဒြေဖြင့်၎င်း ထို ဝေဒနာ သုံးပါးတို့၏ ချုပ်ခြင်းကြောင့် ဥပေက္ခာသည်၎င်း သမ္ပဇဉ်သည်၎င်း ဖြစ်၏။

ထို စျာန်၌ သုခိန္ဒြေဖြင့်၎င်း သောမနဿိန္ဒြေဖြင့်၎င်း သတိကင်းလွတ်သည် ဖြစ်ခဲ့ပါပေ၏၊ ထိုသုခ သောမနဿတို့၏ ချုပ်ခြင်းကြောင့် သတိရှိသည် ဖြစ်ခဲ့ပါပေ၏၊ ဒုက္ခိန္ဒြေဖြင့်၎င်း ဒေါမနဿိန္ဒြေဖြင့်၎င်း ပညာအဆင်အခြင် မရှိသည် ဖြစ်၏၊ ထိုဒုက္ခ ဒေါမနဿတို့၏ ချုပ်ခြင်းကြောင့် ပညာအဆင်အခြင် ရှိသည် ဖြစ်၏၊ ဤသို့ ဥပေက္ခာကိုလည်း သိခြင်းကြောင့် သတိရှိသော ပညာအဆင်အခြင်ရှိသော စိတ်၏ တည်ကြည်ခြင်းသည် ဖြစ်၏၊ ဤကား စတုတ္ထစျာန်ပေတည်း။

## ကမ္မဋ္ဌာန်းအခန်း

**ကမ္မဋ္ဌာန။** ။ကမ္မဋ္ဌာန်းတရားနှင့် ဆက်စပ်၍ ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ မိန့်တော်မူသည်မှာ အာရုံ၏ အဖြစ်အားဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်း အမှု၏ ဖြစ်ရာဌာနကိုပင် ကမ္မဋ္ဌာန်းဟူ၍ မှတ်ယူရပေမည်။

တဖန်-ဝိသုဒ္ဓိမဂ် မဟာဋီကာ သမာဓိနိဒ္ဒေသ၌ မိန့်တော်မူသည်မှာ ယောဂီပုဂ္ဂိုလ်၏ ချမ်းသာတူး ချမ်းသာမြတ်တို့၏ အကြောင်း၏ အဖြစ်ကြောင့်လည်း မည်ပါပေ၏။ ထို့ကြောင့် ကမ္မဋ္ဌာန်း မည်ပေ၏။

**ကမ္မဋ္ဌာန်း၏ လက္ခဏာ။** ။ကမ္မဋ္ဌာန်း၏ လက္ခဏာကို ဝိသုဒ္ဓိမဂ် မဟာဋီကာ ဒုတိယအုပ်၌ မိန့်တော်မူသည်မှာ ရေတွက်ခြင်း, အစဉ်လိုက်ခြင်း တွေ့ခြင်းတို့၏ အစွမ်းအားဖြင့် ဘာဝနာကို ပွါးများအားထုတ်စေ၍ ထားခြင်း (အပ္ပနာ)၏ ပြည့်စုံခြင်းသည် ဖြစ်ခဲ့ပါပေ၏။ တဖန်–အပ္ပနာမှ နောက်၌လည်း ဝိပဿနာ စသည်တို့၏ အစွမ်းအားဖြင့် အထွတ်အထိပ်သို့ ရောက်ခြင်းသည် ဖြစ်ခဲ့ပါပေ၏ဟု ကမ္မဋ္ဌာန်းသဘောလက္ခဏာကို မှတ်အပ်ပါပေ၏။ ထိုကမ္မဋ္ဌာန်းတို့သည် သဗ္ဗတ္ထက ကမ္မဋ္ဌာန်း ပါရိဟာရိယကမ္မဋ္ဌာန်းဟူ၍ နှစ်မျိုးရှိပါပေ၏။ (ရှေ့၌ ဆိုလတ့်)။

**သမထ ဝိပဿနာ ကမ္မဋ္ဌာန်း။** ။သမထဝိပဿနာနှင့် ဆက်စပ်၍ ပေဋကောပဒေသ ပါဠိတော် သုတ္တတ္တ သမုစ္စယဘူမိ၌ မိန့်တော်မူသည်မှာ အကြင်နီဝရဏတရားတို့ကို တားမြစ်ခြင်းသည် ရှိပါပေ၏။ ထိုနီဝရဏတရားတို့ကို တားမြစ်ခြင်းသည်ပင်လျှင် သမထမည်ပါပေ၏၊ အကြင်ထက်ဝန်းကျင်မှ ကုသိုလ်တရားတို့သို့ သက်ဝင်ခြင်းသည် ရှိပါပေ၏။ ဤသို့ ထက်ဝန်းကျင်မှ ကုသိုလ်တရားတို့သို့ သက်ဝင်ခြင်းသည်ပင်လျှင် ဝိပဿနာမည်ပါပေ၏။

**သမထ။** ။တဖန်—ပေဋကောပဒေသပါဠိတော်၌ မိန့်တော်မူသည်မှာ–စိတ်၏တည်ကြည်ခြင်း ကောင်းစွာတည်ခြင်း မြဲစွာတည်ခြင်း တည်ကြည်ခြင်း ပြဋ္ဌာန်းခြင်း ထင်ခြင်း သမာဓိဆောက်တည်ခြင်း မပျံ့လွင့်ခြင်း နှလုံးကြည်သာ ရှင်လန်းခြင်း စိတ်၏ငြိမ်းအေးခြင်း စိတ်၏တည်ကြည်ခြင်းသည် ရှိပါပေ၏။ ဤတရားအပေါင်းသည် သမထမည်ပါပေ၏။

**ဝိပဿနာ။** ။ခန္ဓာ ဓာတ် အာယတန နာမ် ရုပ် ပဋိစ္စသမုပ္ပါဒ် ပဋိစ္စသမုပ္ပန်ဖြစ်ကုန်သောတရား ဒုက္ခသစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ ကုသိုလ် အကုသိုလ်ဖြစ်ကုန်သောတရား သာဝဇ္ဇဖြစ်သောတရား ကဏှသုက္ကတရား မှီဝဲအပ် မမှီဝဲအပ်သောတရား ဟုတ်တိုင်းမှန်စွာ စိစစ်ခြင်း အပြားအားဖြင့် စိစစ်ခြင်း စုံစမ်းခြင်း အမြွတ်အားဖြင့် စုံစမ်းခြင်း ပညာဖြင့် ယူခြင်း ချိုးမြှင့်အပ်သောပညာ သိမ်းဆည်းအပ်သောပညာ စိတ်ဖြင့်ရွေးချယ်သောပညာ နှိုင်းချိန်သောပညာ စုံစမ်းသော ပညာ ဉာဏ် ဝိဇ္ဇာ ပညာ စက္ခုသိခြင်း လျင်စွာဆောင်နိုင်သောပညာ ပညာဟူသော အလင်း ပညာအရောင် ပညာတည်းဟူသောသံလျက် ပညာတည်းဟူသော စည်းသွားသည် ဓမ္မဝိစယသမ္ဗောဇ္ဈင် သမ္မာဒိဋ္ဌိတည်းဟူသော မဂ္ဂင်သည် ရှိပါပေ၏။ ဤတရားအပေါင်းသည် ဝိပဿနာမည်ပါပေ၏။

ထို့ကြောင့် ဤဝိစယစသော ပညာကို ဝိပဿနာဟု ဆိုအပ်ပါပေ၏။ ထိုဝိပဿနာပညာသည် အနိစ္စ ဒုက္ခ အနတ္တအားဖြင့် သုံးပါးရှိပါပေ၏။ ဤလက္ခဏာရေးသုံးပါးကိုလည်း ဝိပဿနာဟူ၍ ဆိုအပ်ပါပေ၏။

**သမထဝိပဿနာ။** ။တဖန်—ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ပဌမအုပ်၌ မိန့်တော်မူသည်မှာ ကာမစ္ဆန္ဒ အစရှိကုန်သော ဆန့်ကျင်ဘက်ဖြစ်ကုန်သော နီဝရဏတရားတို့ကို ဖျက်ဆီးတတ်သောကြောင့် သမထ(သမာဓိ) မည်ပေ၏။ အနိစ္စအစရှိသည်တို့၏ အစွမ်းဖြင့် အထူးထူး အပြားပြားသော အခြင်းအရာ ( ဉာဏ် )တို့ဖြင့် ( ရုပ် နာမ် ဓမ္မသင်္ခါရ )တရားတို့ကို ရှုတတ်သောကြောင့် ဝိပဿနာ(ပညာ)မည်ပါပေ၏။

## သာသနာတော်ဟူသော မိန့်ခွန်းတော်

**သာသနာတော်။** ။သာသနာတော်ဟူသော စကားရပ်မှာ စာနေစကား အလွန် တိုတောင်းသလောက် ယူဆချက် အလွန်တရာ အရေးပါလှပါသည်။

ထိုသာသနာတော်ဟူသော စကားရပ်သည်ကား—

(က) သာသနာ

(ခ) သာသနာပြု

ဟူ၍ နှစ်မျိုး ပေါ်လာပါပေ၏။ ထိုနှစ်မျိုးတို့တွင်—

(က) သာသနာဟူသော စကားရပ်သည်ကား မြတ်စွာဘုရားရှင်၏ ရွှေနှုတ်တော်မှ မိန့်တော်မူအပ်ပါသော မိန့်ခွန်း ဓမ္မက္ခန်(အဆုံး အမ)တို့ကို ပင်လျှင် သာသနာဟု မိန့်ဆိုတော်မူထားပါသည်။

(ခ) သာသနာပြုဟူသော စကားရပ်သည်ကား လောကမှာ ယူဆမှု ရှိနေတာကတော့ရင် ဘုရားတည်သောပုဂ္ဂိုလ် ကျောင်းဆောက်သောပုဂ္ဂိုလ် စသည်တို့ကို သာသနာပြုပုဂ္ဂိုလ်တို့ဟူ၍ ယူဆကြဟန် ရှိပါသည်။ စင်စစ်မှာတော့ရင် ဘုရားရှင်၏ မိန့်ခွန်းတော်တည်းဟူသော ဩဝါဒ(ဒေသနာ)အဖြာဖြာတို့ကို လိုက်နာပြီးတော့မှရင် နေထိုင်သောပုဂ္ဂိုလ်တို့ကို သာသနာပြုပုဂ္ဂိုလ်တို့ဟူ၍ ဆိုရပေမည်။

ထို့တွင် သာသနာဟူသော မိန့်ခွန်းတော်၏ စကားရပ်တို့၌ ကျမ်းဂန် အစောင်စောင်မှလာသော မိန့်ဆိုချက်တို့ကို ဆက်ကြပေဦးစို့။

**သာသနာတော်၏ အစ အလယ် အဆုံးတို့ကို ပြဆိုခ်က်း** ထိုသာသနာတော်မြတ်သည် သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ သာမညဖလသုတ်တော်၌ မိန့်ဆိုတော်မူသည်မှာ (က) အစ၌ သီလကို ပြတော်မူ၏၊ (ခ) အလယ်၌ မဂ်တရားကို ပြတော်မူ၏၊ (ဂ) အဆုံး၌ နိဗ္ဗာန်ကို ပြတော်မူ၏။

တဖန် မူလပဏ္ဏာသ အဋ္ဌကထာ စူဠဟတ္ထိ ပဒေါပမသုတ်၌ မိန့်ဆိုတော်မူသည်မှာ (က) အစ၏ ကောင်းခြင်း (ခ) အလယ်၏ ကောင်းခြင်း (ဂ) အဆုံး၏ ကောင်းခြင်းတို့နှင့် ပြည့်စုံပါပေသော သာသနာတော်မြတ်ကြီးသည်ကား သဒ္ဓမ္မ သုံးဖြာနှင့်လည်း ပြည့်စုံပါပေ၏။

## သုံးဖြာသာသနာ ဝေဝေဆာ

**သဒ္ဓမ္မသုံးမျိုး။** ။သူတော်ကောင်းတရားဟု ဆိုအပ်ပါတဲ့ (သဒ္ဓမ္မ) သုံးမျိုးတို့ကို ဝိနယ ပိဋက ပါစိတျာဒိ အဋ္ဌကထာ သဟဓမ္မိကဝဂ် ဝိလေခနသိက္ခာပုဒ်၌ (က) ပိဋကသုံးပုံတည်းဟူသော မြတ်စွာဘုရားရှင်၏ မိန့်ခွန်းစကားတော်သည် ပရိယတ္တိသဒ္ဓမ္မ မည်ပါပေ၏။ (ခ) ဓုတင် တဆယ့်သုံးပါးတို့၏ ဂုဏ်ကျေးဇူးတို့သည်၎င်း၊ ခန္ဓက၌ လာပေသော တဆယ့်လေးပါးသော ဝတ်တို့သည်၎င်း၊ နှစ်ဆယ့်ရှစ်ပါးသော ဝတ်ကြီးတို့သည်၎င်း ပဋိပတ္တိသဒ္ဓမ္မ မည်ပါပေ၏။ (ဂ) လေးပါးသော မဂ်တို့သည်၎င်း၊ လေးပါးသော ဖိုလ်တို့သည်၎င်း ပဋိဝေဓသဒ္ဓမ္မ မည်ပါပေ၏။ (ဝိနယသင်္ဂဟ အဋ္ဌကထာ၌လည်း တူပြီ)။

တဖန် ထိုသဒ္ဓမ္မသုံးမျိုးတို့ကိုပင်လျှင် အင်္ဂုတ္တရနိကာယ် ဒသကနိပါတ အဋ္ဌကထာ၌ မိန့်တော်မူသည်မှာ (က) အလုံးစုံလည်းဖြစ်သော မြတ်စွာဘုရားရှင်၏ မိန့်ခွန်းစကားတော်တို့သည် ပရိယတ္တိသဒ္ဓမ္မမည်ပါပေ၏။ (ခ) ဓုတင် တဆယ့်သုံးပါးတို့၏ ဂုဏ်ကျေးဇူးတို့သည်၎င်း၊ စာရိတ္တသီလ ဝါရိတ္တသီလတို့နှင့် တကွ သမာဓိ ဝိပဿနာတရားတို့သည်၎င်း ပဋိပတ္တိသဒ္ဓမ္မ မည်ပါပေ၏။ (ဂ) မဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန်ဟုဆိုအပ်သော ကိုးပါးသော လောကုတ္တရာတရားတော်တို့သည် ပဋိဝေဓ (အဓိဂမ) သဒ္ဓမ္မမည်ပါပေ၏။

**သာသနာသုံးမျိုး။** ။သာသနာသုံးမျိုးတို့ကို အဋ္ဌသာလိနီအဋ္ဌကထာ နိဒါနကထာ၌ မိန့်တော်မူသည်မှာ—

(က) ရှေးဦးစွာဖြစ်သော ဝိနည်းပိဋကကို များသော အပြစ်ရှိကြပေကုန်သော အကြင် သတ္တဝါတို့သည် ရှိကြပေကုန်၏။ ထိုသတ္တဝါတို့ကို အပြစ်အားလျော်စွာ ဤဝိနည်းပိဋကတော်၌ ဆုံးမပဲ့ပြင် သွန်သင်အပ်ပါပေကုန်၏။ ထိုသို့

အပြစ်အားလျော်စွာ ဆုံးမရာ ဆုံးမကြောင်းဖြစ်သောကြောင့် ယထာပရာဓ သာသနာမည်ပါပေ၏။

(ခ) နှစ်ခုမြောက်ဖြစ်သော သုတ္တန်ပိဋကကို များသောအဇ္ဈာသယ, များသောအနုသယ, များသောစရိုက် များသော နှလုံးသွင်းခြင်း ရှိကုန်သော သတ္တဝါတို့သည် အကြင်အကြင် များသောအဇ္ဈာသယ, များသောအနုသယ, များသောစရိုက်,များသောနှလုံးသွင်းခြင်းအားလျော်စွာ ဤသုတ္တန်ပိဋကတော်၌ ဆုံးမပဲ့ပြင် သွန်သင်အပ်ပါပေကုန်၏။ ထိုသို့ များသောအဇ္ဈာသယစသည် အားလျော်စွာ ဆုံးမရာ ဆုံးမကြောင်း ဖြစ်သောကြောင့် ယထာအနုလောမ သာသနာမည်ပါပေ၏။

(ဂ) သုံးခုမြောက်ဖြစ်ပေကုန်သော အဘိဓမ္မာပိဋကကို ပရမတ္ထတရားအစု၌ ငါ ငါ၏ဥစ္စာဟု ဤသို့ အမှတ်သညာ ရှိကြပါပေကုန်သော သတ္တဝါတို့သည် အကြင်အကြင် ပရမတ္ထတရားအားလျော်စွာ ဤအဘိဓမ္မာပိဋကတော်၌ ဆုံးမပဲ့ပြင် သွန်သင်အပ်ပါပေကုန်၏။ ထိုသို့ ပရမတ္ထ တရားအားလျော်စွာ ဆုံးမရာ ဆုံးမကြောင်း ဖြစ်လေသောကြောင့် ယထာဓမ္မ သာသနာမည်ပါပေ၏။ (ပါရာဇိကဏ်အဋ္ဌကထာ၌လည်း တူပြီ)။

မှတ်ချက်။ ။(က) ပရိယတ္တိသာသနာဆိုသည်မှာ စာပေကျမ်းဂန် (ပိဋက) တို့ကို သင်ကြားမှုကိုပင် ခေါ်ပါသည်။

(ခ) ပဋိပတ္တိသာသနာဆိုသည်မှာ သမထဘာဝနာ ဝိပဿနာ ဘာဝနာဟု ဆိုအပ်သော ဘာဝနာ တရားနှစ်ပါးတို့ကို ပွါးများအားထုတ်မှုကိုပင် ခေါ်ပါသည်။

(ဂ) ပဋိဝေဓသာသနာဆိုသည်မှာ မဂ်ဖိုလ် နိဗ္ဗာန် တရားအမှန် တို့ကို သိမှုကိုပင် ခေါ်ပါသည်။

တဖန် သမ္မောဟဝိနောဒနီအဋ္ဌကထာ–ဉာဏဝိဘင်္ဂ ဒသကနိဒ္ဒေသဝဏ္ဏနာ၌ မိန့်တော်မူသည်မှာ (က) ပရိယတ္တိဟူသည် ပိဋကသုံးပုံသည်ပင်လျှင် ပရိယတ္တိမည်ပါပေ၏။ (ခ) ပဋိဝေဓဟူသည် သစ္စာလေးပါး မြတ်တရားတို့ကို သိခြင်းသည်ပင်လျှင် ပဋိဝေဓမည်ပါပေ၏။ (ဂ) ပဋိပတ္တိဟူသည် မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်ရာရောက်ကြောင်းဖြစ်သော အကျင့်သည်ပင်လျှင် ပဋိပတ္တိ မည်ပါပေ၏။

ထိုတွင် ပဋိဝေဓသည်ငှင်း ပဋိပတ်သည်ငှင်း ဖြစ်သည်လည်း ရှိ၏၊ မဖြစ်သည်လည်းရှိ၏၊ ထင်ရှားစေအံ့၊ တပါးသောအခါကာလ၌ ထိုးထွင်း၍ သိခြင်း (ပဋိဝေဓ)ကို ပြုကြကုန်သော ရဟန်းတို့သည် များပါပေကုန်ပြီ။

ဤရဟန်းသည် ပုထုဇဉ်တည်း၊ ဤကဲ့သို့ လက်ချောင်းကို ဆန့်၍ ပြအပ်ပါပေ၏။ ဤသီဟိုဠ်ကျွန်း၌ပင်လျှင် တကြိမ်က ပုထုဇဉ် ရဟန်းမည်သည် မဖြစ်ခဲ့၊ ပဋိပတ်ကို ဖြည့်သော ပုဂ္ဂိုလ်တို့သည်လည်း ရံခါ များပါပေကုန်၏။ ရံခါ နည်းပါပေကုန်၏။ ဤသို့ ပဋိဝေဓသည်ရင်း, ပဋိပတ်သည်ရင်း ဖြစ်သည့်လည်း ရှိ၏၊ မဖြစ်သည့်လည်း ရှိ၏။ စင်စစ် ဝေကန်မှာတော့ရင် သာသနာတော်မြတ် ကြီး၏ အစွန့်ရှည် ကြာမြင့်စွာ တည်ခြင်းမှာကား ပရိယတ္တိသည်သာ ပမာဏ (ပဓာန)ပေတည်း။

တဖန် ပညာရှိသည် ပိဋကသုံးပုံကို ကြားရ၍ နှစ်ပါးကုန်သော ပဋိဝေဓ, ပဋိပတ်တို့ကိုလည်း ပြည့်စုံစေအပ်ပေ၏။

ငါတို့၏ အလောင်းတော်သခင်သည် အာဠာရ-ရသေ့၏ ထံမှောက်၌ ငါးပါးသော အဘိညာဉ်တို့ကိုရင်း, ခုနစ်ပါးသော သမာပတ်တို့ကိုရင်း ဖြစ်စေပြီးတော့မှရင် နေဝသညာနာသညာယတနသမာပတ်၏ စီးဖြန်းအားသစ်ခြင်း ပရိကံကို မေးတော်မူ၏။ ထိုရသေ့သည် မသိပေဟု ဆိုတော်မူ၏။

ထိုနောက်မှ ဥဒက-ရသေ့၏ ထံမှောက်သို့ သွားရောက်ပြီးတော့မှရင် ရအပ်ပြီးသော ဈာန်အဘိညာဉ်အထူးကို နှိုးနှော၍ နေဝသညာနာသညာယတန ဈာန်၏ စီးဖြန်းအားသစ်ခြင်း ပရိကံကို မေးတော်မူ၏။ ထိုရသေ့သည် ပြောကြားပေ၏။ ထိုရသေ့၏ ပြောကြားသော စကား၏ အခြားမဲ့၌သာလျှင် ဘုရားအလောင်းတော်သည် ထိုဈာန်ကို ပြည့်စုံစေဘိသကဲ့သို့ ဤနှင့်မခြား အလားတူစွာသာလျှင် ပညာရှိသော ရဟန်းသည် ပရိယတ္တိကို သင်ကြား၍ နှစ်ပါးသော ပဋိဝေဓ, ပဋိပတ်တို့ကိုလည်း ပြည့်စုံစေအပ်၏။

### ပရိယတ္တိသာသနာကို နိကာယ်အားဖြင့် ဝေဖန်ပုံ

ထို ပရိယတ္တိ သာသနာတော်မြတ်ကို နိကာယ်အားဖြင့် အဋ္ဌသာလိနီ အဋ္ဌကထာ(နိဒါနကထာ)ဝယ် မိန့်တော်မူထားသည်မှာ—

(က) သုံးပါးအပြားရှိသော ဝဂ်တို့ဖြင့် ရေတွက်အပ်ကုန်သော ဗြဟ္မဇာလ သုတ် အစရှိပေကုန်သော သုံးဆယ့်လေးသုတ်တို့သည် ဒီဃနိကာယ် မည်ပါပေ၏။ ဒီဃနိကာယ်ဆိုသည်မှာ ရှည်သောပမာဏ ရှိပေကုန်သော သုတ်တို့၏ အပေါင်းအစု၏ အဖြစ်ကြောင့်ရင်း, အမြဲနေရာ ဖြစ်သည်၏ အဖြစ်ကြောင့်လည်းကောင်း ဒီဃနိကာယ် မည်ပါပေ၏။

ရဟန်းတို့ တိရစ္ဆာန်ဖြစ်ကုန်သော ဤသတ္တဝါတို့သည် ဆန်းကြယ် လေကုန်ဘိသကဲ့သို့ ဤနှင့်မခြား အလားတူစွာသာလျှင် ရဟန်းတို့ ဆန်းကြယ်သော တိရစ္ဆာန်မှတပါးသော တခုသော အပေါင်းမျှကိုလည်း ငါဘုရားသည် မြင်တော်

မမူ။ ပေါဏိကမင်းတို့၏နေရာ စိကွလ္လိကမင်းတို့၏နေရာ ဤသို့အစရှိသော ဥဒါဟရုဏ်တို့သည် နိကာယသဒ္ဒါ၏ အပေါင်းနေရာကို ဟောသည်၏ အဖြစ်၌ သာသနာတော်အားဖြင့်၎င်း, လောကဝေါဟာရအားဖြင့်၎င်း ပြီးစေတတ်သော စကားတို့ပေတည်း။ ဒီဃနိကာယ်၏ နိကာယ်မည်သည်၏ အဖြစ်၌ ဆိုအပ်သော စကား၏ အနက်အဓိပ္ပါယ်ကို သိအပ်လေဘိသကဲ့သို့ ဤနှင့်မခြား အလားတူစွာ သာလျှင် ဒီဃနိကာယ်မှ ကြွင်းကုန်သော နိကာယ်တို့၏လည်း နိကာယ်၏ အဖြစ်၌ ဆိုအပ်ပါသော စကား၏ အနက်အဓိပ္ပါယ်ကို နည်းတူ သိအပ်ပါပေ၏။

(ခ) အလယ်အလတ် ပမာဏ ရှိကုန်သော တဆယ့်ငါးဝဂ်တို့ဖြင့် ရေတွက်အပ်ကုန်သော မူလပရိယာယသုတ် အစရှိကုန်သော အခွဲနှင့်တကွ တရာ့ငါးဆယ့်နှစ်သုတ်တို့သည် မဇ္ဈိမနိကာယ် မည်ပါပေ၏။

(ဂ) ဒေဝတာသံယုတ် စသည်တို့၏ အစွမ်းဖြင့် တည်ကုန်သော ဩဃတရဏသုတ် အစရှိကုန်သော ခုနစ်ထောင့် ခုနစ်ရာ ခြောက်ဆယ့်နှစ်သုတ် တို့သည် သံယုတ္တနိကာယ် မည်ပါပေ၏။

(ဃ) တပါး တပါးသော အင်္ဂါကို လွန်သည်၏ အစွမ်းဖြင့် တည်ကုန်သော စိတ္တပရိယာဒါနသုတ် အစရှိကုန်သော ကိုးထောင့် ငါးရာ ငါးဆယ့် ခုနစ်သုတ် တို့သည် အင်္ဂုတ္တရနိကာယ် မည်ပါပေ၏။

( င) အလုံးစုံသော ဝိနည်းပိဋကသည်၎င်း အဘိဓမ္မာပိဋကသည်၎င်း ခုဒ္ဒကပါဌ ဓမ္မပဒ အစရှိကုန်သော ရှေး၌ ပြအပ်ကုန်သော တဆယ့်ငါးပါး အပြားရှိကုန်သော ကျမ်းတို့သည်၎င်း လေးပါးအပြားရှိသော နိကာယ်တို့ကို ထားပြီး တော့မှရင် ကြွင်းသော ဘုရားရှင်၏ မိန့်ခွန်းတော်တို့သည်၎င်း ခုဒ္ဒကနိကာယ် မည်ပါပေ၏။

အင်္ဂါကိုးပါးဖြင့် ဝေဖန်ပုံ။ ။အလုံးစုံသော မြတ်စွာဘုရား၏ စကားတော်တို့ မည်သည် သုတ် ဟူ၍၎င်း, ဂေယျ ဟူ၍၎င်း, ဝေယျာကရဏ ဟူ၍၎င်း, ဂါထာ ဟူ၍၎င်း, ဥဒါန်း ဟူ၍၎င်း, ဣတိဝုတ် ဟူ၍၎င်း, ဇာတ် ဟူ၍၎င်း, အဗ္ဘုတဓမ္မ ဟူ၍၎င်း ဝေဒလ္လ ဟူ၍၎င်း၊ ဤသို့သော အပြားအားဖြင့် ကိုးပါးအပြား ရှိပါပေ၏။

သုတ်မည်ပုံ။ ။ဥဘတောဝိဘင်း, နိဒ္ဒေသကျမ်း မဟာဝါခန္ဓက စူဠဝါခန္ဓက, ပရိဝါရတို့သည်၎င်း သုတ္တနိပါတ်၌ မင်္ဂလသုတ် ရတနသုတ် နာလကသုတ် တုဝဋ္ဋကသုတ်တို့သည်၎င်း မင်္ဂလသုတ် စသည်မှ တပါးကုန်သော သုတ်ဟူ၍ ခေါ်ဆိုအပ်သော အမည်ရှိကုန်သော မြတ်စွာဘုရား၏ စကားတော် တို့သည်၎င်း သုတ်မည်ပါပေ၏။

**ဂေယျမည်ပုံ။** ။အလုံးစုံလည်းဖြစ်သော ဂါထာရှိသော သုတ်သည် ဂေယျ မည်ပါပေ၏။ (အထူးအားဖြင့် သံယုတ္တနိကာယ်၌ အလုံးစုံ လည်း ဖြစ်သော သဂါထာဝဂ်သည် ဂေယျမည်၏။)

**ဝေယျာကရဏမည်ပုံ။** ။အလုံးစုံလည်းဖြစ်သော အဘိဓမ္မာ ပိဋကသည်ရှင်း ဂါထာမရှိသော သုတ်သည်ရှင်း တပါးလည်းဖြစ်သော ရှစ်ပါးကုန်သော အင်္ဂါတို့နှင့် မရောနှောသော အကြင်မြတ်စွာဘုရား၏ မိန့်ခွန်း တော်သည်ရှင်း ရှိခဲ့ပါပေ၏။ ထို မိန့်ခွန်းတော်သည် ဝေယျာကရဏမည်၏။

**ဂါထာမည်ပုံ။** ။ဓမ္မပဒသည်ရှင်း ထေရဂါထာတို့သည်ရှင်း ထေရီဂါထာတို့ သည်ရှင်း သုတ္တနိပါတ်၌ သုတ်ဟူ၍ ခေါ်ဆိုအပ်သော အမည်မရှိကုန်သော သက်သက်သော ဂါထာတို့သည်ရှင်း ဂါထာမည်ပါပေ၏။

**ဥဒါန်းမည်ပုံ။** ။သောမနဿ ဝေဒနာနှင့်ယှဉ်သော ဉာဏ်ဖြင့်ဖြစ်သော ဂါထာ တို့နှင့် စပ်ကုန်သော နှစ်ဆယ့်နှစ်သုတ်တို့သည် ဥဒါန်းမည်ပါ ပေ၏။

**ဣတိဝုတ်မည်ပုံ။** ။ဝုတ္တဉှေတံ ဘဂဝတာ ဤသို့ အစရှိသောနည်းဖြင့် ဖြစ်သော တရာ့တဆယ်သော သုတ်တို့သည် ဣတိဝုတ် မည်ပါပေ၏။

**ဇာတ်မည်ပုံ။** ။အပဏ္ဏကဇာတ် အစရှိကုန်သော ငါးရာ့ငါးဆယ်ကုန်သော ဇာတ်တို့သည် ဇာတ်မည်ပါပေကုန်၏။

**အဗ္ဘုတဓမ္မမည်ပုံ။** ။စတ္တာရောမေ ။ပ။ အာနန္ဒေတိ အာဒိနယပ္ပဝတ္တာ-ဤသို့ အစရှိသော နည်းဖြင့် ဖြစ်ကုန်သော ခပ်သိမ်းကုန်သော အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲ ဖြစ်ကုန်သော တရားကျေးဇူးတို့နှင့် ယှဉ်ကုန်သော သုတ်တို့သည် အဗ္ဘုတဓမ္မမည်ပါပေ၏။

**ဝေဒလ္လမည်ပုံ။** ။စူဠဝေဒလ္လသုတ် မဟာဝေဒလ္လသုတ် သမ္မာဒိဋ္ဌိသုတ် သက္ကပဉ္စာ သုတ် သင်္ခါရဘာဇနီယသုတ် မဟာပုဏ္ဏမသုတ် အစရှိကုန် သော အလုံးစုံလည်း ဖြစ်သော ပညာကိုရှင်း နှစ်သက်ခြင်းကိုရှင်း ရကုန်၍ ရကုန်၍ မေးအပ်သော သုတ်တို့သည် ဝေဒလ္လမည်ပါပေ၏။ ဤသို့ အစရှိသော နည်းဖြင့် မြတ်စွာဘုရား၏ စကားတော်သည် အင်္ဂါအားဖြင့် ကိုးပါးအပြား ရှိပါပေ၏။

ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်း လေးထောင်တို့သည် ရှိပါပေကုန်၏။

အလုံးစုံသာလျှင် ဖြစ်သော ဤမြတ်စွာဘုရားရှင်၏ မိန့်ခွန်းတော်တို့သည် ဒွါသီတိ ဗုဒ္ဓတော။ပ။ပဝတ္တိနောတိ ဟူသော ဤဂါထာဖြင့် အရှင်အာနန္ဒာ

သည် ပြအပ်ပြီးသော ဓမ္မက္ခန္ဓာ၏ အစွမ်းဖြင့် ရှစ်သောင်း လေးထောင် အပြားရှိပါပေ၏။

ဂေါပကမောဂ္ဂလ္လာန်ပုဏ္ဏား— ငါသည် မြတ်စွာဘုရား အထံတော်မှ ရှစ်သောင်း နှစ်ထောင်သော ဓမ္မက္ခန္ဓာတို့ကိုလည်း အရှင်သာရိပုတ္တရာအထံမှ နှစ်ထောင်သော ဓမ္မက္ခန္ဓာတို့ကိုလည်း သင်ယူခဲ့ပါသည်။ အကြင်တရားတို့ကို ငါသည် လေ့လာအပ်ကုန်ပြီ၊ (အကြင်တရားတို့သည် ငါ၏လျှာဖျား၌ တည်ကုန်ပြီ၊ ထို တရားတို့သည် ရှစ်သောင်းလေးထောင်တို့သည် ဖြစ်ပါပေကုန်၏)။

ထိုတွင် တခုသော အနုသန္ဓိရှိသော သုတ်သည် တခုသော ဓမ္မက္ခန္ဓာမည်၏။ အကြင်သုတ်သည် တပါးမက များသော အနုသန္ဓိရှိ၏။ ထိုသုတ်၌ အနုသန္ဓိ၏အစွမ်းဖြင့် ဓမ္မက္ခန္ဓာအရေတွက်ကို သိအပ်ပေ၏။

ဂါထာဗန္ဓတို့၌ သိခြင်းငှါ လိုသောအနက်ကို မေးသောစကားသည် တခုသော တရားအစုမည်၏၊ အဖြေစကားသည် တခုသော ဓမ္မက္ခန္ဓာမည်၏။ အဘိဓမ္မာ၌ တခုတခုသော တိက် ဒုက်ကို ဝေဖန်ရာ စကားရပ်သည်လည်း တခုတခုသော စိတ္တဝါရကို ဝေဖန်ရာ စကားရပ်သည်လည်း တခု တခုသော ဓမ္မက္ခန္ဓာမည်ပါပေ၏။

ဝိနည်း၌ ဝတ္ထုသည် ရှိ၏၊ မာတိကာသည် ရှိ၏၊ ပုဒ်ကို ဝေဖန်ခြင်းသည် ရှိ၏၊ အာပတ်သင့်ခြင်းသည် ရှိ၏၊ အာပတ်မသင့်ခြင်းသည် ရှိ၏၊ အန္တရာပတ္တိသည် ရှိ၏၊ တိက်အပိုင်းအခြားကို ဆိုရာစကားရပ်သည် ရှိ၏၊ ဤသို့ ခုနစ်ပါးသော အဖို့အစုတို့သည် ဖြစ်ကုန်၏။

ထိုခုနစ်ပါးသော အဖို့အစုတို့တွင် တခုတခုသော အဖို့အစုသည် တခုတခုသော ဓမ္မက္ခန္ဓာဖြစ်၏။ ဤသို့ သိအပ်ပေ၏။

ဤသို့စသည်ဖြင့် ဆိုအပ်ပြီးသော အပြားရှိသော နည်းဖြင့် ဓမ္မက္ခန္ဓာ အားဖြင့် ရှစ်သောင်းလေးထောင်တို့သည် ဖြစ်ပါပေကုန်၏။

## သာသနာငါးထောင် အစွန့်ရှည်ကြာစွာ တည်ပုံ

ထိုပရိယတ္တိစသော သာသနာတော်မြတ်ကြီးသည် အနှစ် ငါးထောင်တိုင်အောင် အစွန့်ရှည် ကြာမြင့်စွာ တည်နိုင်ကြောင်းတို့ကို မိန့်ဆိုတော်မူထားသည်မှာ—

**ဒီဃနိကာယ်အလို။** ။(က) ပဋိသမ္ဘိဒါဉာဏ်သို့ ရောက်သော ရဟန္တာပုဂ္ဂိုလ်ခေတ် အနှစ်တထောင် (ခ) ခြောက်ပါးသော အဘိဉာဏ်ရှိသော (ပြည့်စုံသော) ရဟန္တာပုဂ္ဂိုလ်ခေတ် အနှစ်တထောင် (ဂ) ဝိဇ္ဇာ

သုံးပါးရှိသော ရဟန္တာပုဂ္ဂိုလ်ခေတ် အနှစ်တထောင် (ဃ) သုက္ခဝိပဿက ဖြစ်သော ရဟန္တာပုဂ္ဂိုလ်ခေတ် အနှစ်တထောင် (င) ပါတိမောက္ခသံဝရသီလ ခေတ် အနှစ်တထောင် တည်နိုင်ပါပေ၏။

**စူဠဝဂ္ဂအဋ္ဌကထာနှင့် အင်္ဂုတ္တရအဋ္ဌကထာအလို။** ။(က) ပဋိသမ္ဘိဒါဉာဏ်သို့ ရောက်သော ရဟန္တာပုဂ္ဂိုလ်ခေတ် အနှစ်တထောင် (ခ) သုက္ခဝိပဿက ရဟန္တာပုဂ္ဂိုလ်ခေတ် အနှစ်တထောင် (ဂ) အနာဂါမ်ပုဂ္ဂိုလ်ခေတ် အနှစ်တထောင် (ဃ) သကဒါဂါမ်ပုဂ္ဂိုလ်ခေတ် အနှစ်တထောင် (င) သောတာပန်ပုဂ္ဂိုလ်ခေတ် အနှစ်တထောင် ဟူ၍ အနှစ်ငါးထောင်တို့ ကာလပတ်လုံး မဂ်ဖိုလ်တည်းဟူသော သူတော်ကောင်းတရား (သာသနာတော်မြတ် ကြီးသည်)တည်လတ္တံ့ ဟု မိန့်တော်မူခဲ့ပါပေ၏။

နောက်ဆုံးဖြစ်သောပုဂ္ဂိုလ်၏ သစ္စာလေးပါး မြတ်တရားတို့ကို ထိုးထွင်း၍ သိပြီးသည်မှ နောက်ဆုံးဖြစ်သော ပုဂ္ဂိုလ်၏ သီလပျက်ပြီးသည်မှ အစပြုပြီး တော့ရင် သာသနာတော်၏ ဆုတ်နစ်ခြင်းသို့ ရောက်ခဲ့ရပေ၏။

ထို့ကြောင့် ပရိယတ္တိသည် တည်ခဲ့ပါသည်ရှိသော် သာသနာသည် တည်သည် မည်၏၊ အကြင်အခါ၌ ထိုပရိယတ္တိသည် ကွယ်ပျောက်၏။ ထိုအခါ၌ အဘိဓမ္မာပိဋကသည် ရှေးဦးစွာ ကွယ်ပျောက်ရပေ၏။ ထို အဘိဓမ္မာခုနစ်ကျမ်းတို့တွင် ပဋ္ဌာန်းကျမ်းသည် အလုံးစုံသော ကျမ်းတို့၏ ရှေးဦးစွာ ကွယ်ပျောက်ပေ၏။ အစဉ်သဖြင့် နောက်မှ ဓမ္မသင်္ဂဏီကျမ်းသည် ကွယ်ပျောက်ပေ၏။

ထို အဘိဓမ္မာပိဋကသည် ကွယ်ပျောက်ခဲ့ပါသည်ရှိသော် ဤမှ တပါးကုန်သော နှစ်ပါးအပြားရှိကုန်သော သုတ္တန် ဝိနည်း ပိဋကတို့သည် တည်ခဲ့ပါသေးသည် ရှိသော် သာသနာသည် တည်နေသေးသည် သာလျှင်တည်း။

ထို သုတ် ဝိနည်းပိဋကတို့တွင် သုတ္တန်ပိဋကသည် ကွယ်ပျောက်ခဲ့ပါပေသော် ရှေးဦးစွာ အင်္ဂုတ္တရနိကာယ်သည် ဧကာဒသက အင်္ဂုတ္တိုရ်မှ အစ ပြုပြီးတော့ရင် ဧကကအင်္ဂုတ္တိုရ်တိုင်အောင် ကွယ်ပျောက်ပေ၏။

ထို အင်္ဂုတ္တရနိကာယ် ကွယ်ပျောက်ပြီးသည်၏ အခြားမဲ့၌ သံယုတ္တနိကာယ်သည် စက္ကပေယျာလသုတ်မှ အစပြုပြီးတော့ရင် ဩဃတရဏသုတ် တိုင်အောင် ကွယ်ပျောက်ပေ၏။

ထို သံယုတ္တနိကာယ် ကွယ်ပျောက်ပြီးသည်၏ အခြားမဲ့၌ မဇ္ဈိမနိကာယ်သည် ဣန္ဒြိယဘာဝနာသုတ်မှ အစပြုပြီး တော့ရင် မူလပရိယာယသုတ်တိုင်အောင် ကွယ်ပျောက်ပေ၏။ တခုသော စကား၏ရင်း နှစ်ခုကုန်သော စကားတို့၏ရင်း

အမေးသည် ရှည်စွာသော ကာလ အဓွန့်သို့ ရောက်၏။ သာသနာ (အဆုံးအမ) ကို ဆောင်ခြင်းငှါ (တည်စေခြင်းငှါ) မစွမ်းနိုင်ပေ။

နှစ်ပါးကုန်သော အဘိဓမ္မာနှင့် သုတ္တန်ပိဋကတို့သည် (အကယ်၍) ကွယ်ပျောက်ကုန်ငြားပါသော်လည်း ဝိနည်းပိဋက တည်ရှိသေးခဲ့ပါသော် သာသနာ သည် တည်နိုင်သေးသည် မည်၏။

ပရိဝါရ,မဟာဝါခန္ဓက, စူဠဝါခန္ဓကတို့သည် ကွယ်ပျောက်ငြား ပါကုန်သော် လည်း ဥဘတောဝိဘင်းသည် တည်ရှိနေပါသေးက သာသနာတော်သည် တည် နိုင်ပါပေသေး၏။ ဥဘတောဝိဘင်းသည် အကယ်၍ ကွယ်ပျောက်ငြားပါသော် လည်း ဘိက္ခု, ဘိက္ခုနီပါတိမောက်ဟု ဆိုအပ်သော မာတိကာသည် တည်ရှိနေ ပါသေးက သာသနာတော်သည် တည်နိုင်ပါပေသေး၏။ မာတိကာသည် အကယ်၍ ကွယ်ပျောက်ငြားပါသော်လည်း နိဒါနုဒ္ဒေသဟု ဆိုအပ်သော ပါတိမောက် ပဗ္ဗဇ္ဇကံ, ဥပသမ္ပဒကံတို့သည် အနည်းဆုံး တည်နေခဲ့ပါသေးလျှင် မူ သာသနာတော်သည် မဆုတ်ယုတ် တည်နိုင်ပေသေး၏။

ရဟန်းသာမဏေအသွင်သည် ရှည်စွာသော ကာလအတွင်းသို့ ရောက်၏။ ဖြူသောအဝတ်ကို ဝတ်သောရဟန်း၏ အနွယ်တို့သည် ကဿပဘုရားရှင် ပွင့်တော် မူသောအခါကာလမှ အစပြုပြီးတော့ရင် သာသနာတော်ကို ဆောင်တော်မူခြင်း ငှါ မတတ်နိုင်ပေ။

ထို့ကြောင့် သာသနာတော်ကို ချစ်ခင် လေးစား မြတ်နိုးကြပါကုန်သော ပါဠိရှင် သူတော်စင်အပေါင်းတို့သည်—

ပဝိဝေကရသ၊

ဥပသမရသ၊

ဓမ္မပီတိရသ၊

ဟု ဆိုအပ်သော အရသာ သုံးမျိုးတို့ကို ကိုယ်တိုင် ကိုယ်ကျ သောက်ချိုး လိုကြပါလျှင် ကျင့်ကြံကြိုးကုတ် အားထုတ်နည်း အသွယ်သွယ်တို့ကို ပြဆိုမိန့် ကြားတော်မူထားပါသည့် ပရိယတ္တိဓမ္မက္ခန် (ဗုဒ္ဓ၏ဥပဒေစာပေ)တို့ကို အရင် ရှေးဦးမဆွက သင်ကြား နာယူ မှတ်သားခြင်းအမှုကို ပြုကြရန် သင့်လျော် ပေသည်။

ပရိယတ္တိတည်းဟူသော ဓမ္မက္ခန် စာပေကျမ်းဂန်ကို ပလိဗောဓဖြစ်မည် စိုးရိမ်ရ ကား တရားအားသစ်ချိန် (ဝိပဿနာဓုရကို အားသစ်ရာ၌)သာလျှင် ခေတ္တရပ်

နားထားရခြင်းသာ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ခုရနှစ်ဖြာတို့ကို အားသစ်ရာ၌ တခုခု တပါးပါးသော ခုရကိုသာလျှင် ပိုင်နိုင်စွာ အားသစ်နိုင်မည့်အရေး ရှေ့ရှုတော်မူလျက် တပါးတည်းသော ဝိပဿနာခုရကို အားသစ်ပါက ဂန္ထခုရကို ပလိဗောဓ ဖြစ်မည် စိုးရိမ်ရကား ရပ်နားထားရန် ဖြစ်ပါသည်။ ထို(ဝိပဿနာခုရ)တရားအားသစ်မှုပြီးဆုံးပါက တဖန်ပြန်လည်၍ (ဂန္ထခုရ) ပရိယတ္တိစာပေကို ဆက်လက် သင်ကြား ဖတ်ရှုလေ့လာခွင့် အထူးရှိပါသည်။

မိသစက္ခု (မျက်စိအလင်းခာတ်) အားနည်းနေသောသူ တယောက်သည် မျက်မှန် မတပ်ပါပဲလျက်နှင့် လမ်းလျှောက်ခဲ့ပါသော် စမ်းတဝါးဝါးနှင့် ဆင်ကန်းတောတိုး ဘိနှယ်သကဲ့သို့ ဖြစ်လေရကား မျက်မှန်တပ်လိုက်ပါသည်ရှိသော် ထိုသူသည် မျက်မှန်၏ ဒီဂရီပါဝါအရှိန်ကြောင့် အလင်းဓာတ် ပြန်လည်ရရှိသဖြင့် လမ်းဖြောင့်ကို မှန်ကန်စွာ လျှောက်နိုင်ဘိသကဲ့သို့ ထို့အတူ တရားအားသစ်လိုသော ယောဂီသည်လည်း မိမိသန္တာန်၌ဖြစ်ပေါ် နေပေသော ရုပ် နာမ် ဓမ္မသခါရတရားတို့၏ ဖြစ်ဟန် ပျက်ဟန် အတန်တန်တို့ကိုသော်လည်းကောင်း ထိုရုပ်နာမ်တရားတို့၏ အပေါ်၌ မယိမ်းမယိုင် မလှုပ်မရှား ငြိမ်ဝပ် တည်ကြည်မှု သမာဓိကိုသော်လည်းကောင်း ရင့်သည်ထက် ရင့် မြင့်သည်ထက် မြင့်အောင် အားသစ်နိုင်ရာ အားသစ်နိုင်ကြောင်းဖြစ်ပါသော ပရိယတ္တိစာပေ(မျက်မှန်)ကို ဆရာအရှင်မြတ်တို့၏ ထံတော်မှောက်၌ နာကြား၍ သင်ယူခြင်းတမျိုး, ပိဋကတ်ကျမ်းစာပေတို့ကို တိုက်ရိုက်သင်ယူခြင်းတမျိုး ၎င်း နှစ်မျိုးတို့တွင် တမျိုးမျိုးဖြင့် သင်ကြားနာယူပြီးမှသာလျှင် (ဝိပဿနာခုရ)တရားအားသစ်မှု အလုပ်စခန်း၌ ခရီးမတွံ့ပဲ သွက်သွက်လက်လက် အားသစ်နိုင်ပေလိမ့်မည်။

ဒါ့ကြောင့် တရားအားသစ်ကြကုန်သော ပါရမီရှင်တို့သည်—

(က) ဆရာအရှင်မြတ်တို့၏ ထံမှောက်၌ တရားတော်ကို နာကြားခြင်းဖြင့် သင်ယူနည်း၊

(ခ) ပိဋကတ်စာပေတို့ကို ကိုယ်တိုင်ကိုယ်ကျ တတ်သိနားလည်ကြကုန်သော ဆရာအရှင်မြတ်တို့၏ ထံမှောက်၌ ပုဒ်, ပါဠ်, အက္ခရာ, အနက်, အဓိပ္ပါယ် စုံလင်စွာတို့ကို တတ်သိနားလည်အောင် သင်ကြားခြင်းဆိုတဲ့ သင်ယူနည်း—

ဟု ဆိုအပ်ပါသော နည်းနိဿယည်းတို့ကို သေချာစွာရယူပြီးမှ အားသစ်ခဲ့ပါသော် ပရိယတ္တိတည်းဟူသော အထိန်းအကွပ် ရှိပြီးဖြစ်ရကား လမ်းချော်လမ်းလွဲစရာ မရှိတော့ပေ။ စိတ်ချ လက်ချသာ အားသစ်ဘို့သာ လိုတော့ပေသည်၊ ပရိယတ္တိစာပေတည်းဟူသော ဥပဒေကို ဘောင်ခတ်မထားပဲ မျက်ရမ်းမှန်းဆ အားသစ်ခဲ့ပါသော် ပရိယတ္တိအရသာသည် စားသော်ကမ်မှိဝဲစရာ မဟုတ်ဟု ယူဆ

ရှိသာမက မိမိကိုယ်ကို မိမိ အဒိမာနသဘောမျိုးတွေ (အထင်ကြီးမှုတွေ) ဝင်ကာ မဂ်ဖိုလ် ဆိုက်ရောက်တော့မည်ကိုပင် ဟန့်တားစေနိုင်တဲ့ အန္တရာယ်တို့သည် ထိုသူ၏ထံသို့ ဝင်ရောက် နှိပ်စက်လာနိုင်ပေသည်။

တဖန် အလွန် အေးချမ်းတဲ့ တရားတော်ကို လိုလား တောင့်တပြီး အားသစ်ကြတဲ့ ယောဂီတို့အဘို့မှာ အအေးဓာတ်ကို လိုလား၍ အားသစ်ခါမှ အပူဓာတ်နှင့် မကြုံတွေ့ကြအောင် ပရိယတ္တိတည်းဟူသော အခြေခံအုတ်မြစ်ကို အရင်ချပြီးမှ ပဋိပတ္တိတည်းဟူသော အဆင့်လှေကား အခန်းစသည်တို့ကို (ဖွဲ့ရန်) သင့်တော်ပေသည်ဟု ပရိယတ္တိစာပေကျမ်းဂန်ကို မစွန့်ပယ်သင့်ကြောင်း တိုက်တွန်းလျက် ဤဓာတုဝိဘင်္ဂသုတ်တော်ကြီး၏ နိဒါန်းစကားတို့ကို နိဂုံးချုပ်လိုက်ရလေတော့ရာသတည်း။

မုတ်ကျွန်းဆရာတော်
ဇေယျာသိဒ္ဓိကျောင်းတိုက်
ကမ္ဘာအေး
ရန်ကုန်မြို့

ဓာတုဝိဘင်္ဂသုတ်တော်

# မာတိကာ

---

အကြောင်းအရာ — စာမျက်နှာ

## ပဌမပိုင်း


ရတနတ္တယာဒိ ပဏာမဝန္ဒနာ .... .... .... ၁

ပုက္ကုသာတိမင်းကြီးဝတ္ထု .... .... .... ၃

ဗိမ္ဗိသာရမင်းက တက္ကသိုလ်ပြည် ကုန်သည်များကို မေးမြန်းခြင်း .... ၃

ဗိမ္ဗိသာရမင်းက ပုက္ကုသာတိမင်းနှင့် မိတ်ဆွေဖွဲ့လိုပုံ .... ၄

တက္ကသိုလ်မြို့မှ ကုန်သည်တို့ ပုက္ကုသာတိမင်းအား တင်လျှောက်ကြခြင်း ၅

ရာဇဂြိုဟ်မြို့မှ ကုန်သည်တို့ တက္ကသိုလ်ပြည်သို့ ကုန်ရောင်းသွားခြင်း ၅

ပုက္ကုသာတိမင်းက ဗိမ္ဗိသာရမင်းအား ကျန်းမာကြောင်းစသည်.... မေးမြန်းခြင်း .... .... .... .... ၅

ဗိမ္ဗိသာရမင်းနှင့် ပုက္ကုသာတိမင်းတို့ မမြင်ဘူးပဲ အဆွေခင်ပွန်းဖြစ်ပုံ ၇

ပုက္ကုသာတိမင်း ပို့သော လက်ဆောင်တော်များ .... .... ၈

ဗိမ္ဗိသာရမင်းက လက်ဆောင်ပို့ရာ၌ တဖန်ကြံစည်ပုံ.... .... ၉

လက်ဆောင်ရတနာများပို့ရန် ရွေးချယ်ခြင်း .... .... ၁၀

မနုဿရတနာ မြတ်ပုံ .... .... .... ၁၀

ယောကျ်ားရတနာ မြတ်ပုံ .... .... .... ၁၀

ရဟန်းရတနာ မြတ်ပုံ .... .... .... ၁၀

အသေက္ခရတနာ မြတ်ပုံ .... .... .... ၁၀

ဗုဒ္ဓရတနာ မြတ်ပုံ .... .... .... ၁၁

သဗ္ဗညု ဗုဒ္ဓရတနာ မြတ်ပုံ .... .... .... ၁၁

ရတနာသုံးပါး ရှိ မရှိ အမတ်များကို မေးမြန်းခြင်း .... ၁၁

ရတနာရွှေပေလွှာ ပို့ပုံ အစီအစဉ် .... .... .... ၁၂

ဘုရားရှင်ပွင့်တော်မူလာပုံ အကြောင်း .... .... ၁၄

အမြတ်ဆုံး ဘုရားရတနာ မှန်ကန်ကြောင်း သစ္စာအဓိဋ္ဌာန် .... ၁၅

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **တရားရတနာ ပွိုင့် အစီအစဉ်** .... .... .... | ၁၅ |
| အမြတ်ဆုံးတရားရတနာ မှန်ကန်ကြောင်း သစ္စာအဓိဋ္ဌာန် .... | ၁၆ |
| **သံဃာရတနာ ပွိုင့် အစီအစဉ်** .... .... .... | ၁၆ |
| ကျင့်အပ်သော သီလကို ပြဆိုခဏ်း .... .... | ၁၇ |
| အမြတ်ဆုံး သံဃာရတနာ မှန်ကန်ကြောင်း သစ္စာအဓိဋ္ဌာန် .... | ၁၈ |
| သဝဏ်လွှာ စာတမ်းကို ကြုတ်အမျိုးမျိုးဖြင့် ထည့်ခြင်း .... | ၁၈ |
| သဝဏ်လွှာ ပို့ရာ၌ စီမံပုံ .... .... .... | ၁၉ |
| သဝဏ်လွှာပို့ အမတ်များအား မှာထားချက် .... .... | ၁၉ |
| ပုက္ကုသာတိမင်းက လက်ဆောင်တော်များကို ကြိုဆိုခြင်း .... | ၂၀ |
| လက်ဆောင်တော်များကို မြင်ရ၍ ပုက္ကုသာတိမင်းကြီး ဝမ်းမြောက်ပုံ | ၂၀ |
| ပုက္ကုသာတိမင်း ရတနာသတင်းစကားကြောင့် နှစ်သက်ပုံ .... | ၂၁ |
| ပုက္ကုသာတိမင်း လူ့ဘဝဖြင့် စျာန်ချမ်းသာ ခံစားပုံ .... | ၂၂ |
| တက္ကသိုလ်မြို့သူမြို့သားများ ကြွေးကြော်ခြင်း .... .... | ၂၂ |
| ကြွေးကြော်သံကို ကြားရ၍ ပုက္ကုသာတိမင်း စဉ်းစားပုံ .... | ၂၃ |
| ပုက္ကုသာတိမင်း ဗုဒ္ဓကိုရည်၍ ရဟန်းပြုခြင်း .... .... | ၂၄ |
| မောင်းမများ ငိုကြွေးပုံ .... .... .... | ၂၄ |
| ပြည်သူပြည်သားများ ငိုကြွေးပုံ .... .... .... | ၂၅ |
| ပုက္ကုသာတိရဟန်းနောက်သို့ ပြည်သူအများလိုက်ပုံ .... | ၂၅ |
| ပုက္ကုသာတိရဟန်းက တောင်ဝေ့အရေးအသားဖြင့် ပြည်သူများကို တားမြစ်ပုံ .... .... .... .... | ၂၅ |
| ပုက္ကုသာတိရဟန်း၏ နှလုံးသွင်းပုံ .... .... | ၂၆ |
| ပုက္ကုသာတိရဟန်း ရာဇဂြိုဟ်ပြည်သို့ သွားပုံ .... .... | ၂၆ |
| ပုက္ကုသာတိရဟန်း ရာဇဂြိုဟ်ပြည်သို့ ရောက်ခြင်း .... .... | ၂၇ |
| အိုးထိန်းသည် စရပ်၌ တည်းခိုခြင်း .... .... | ၂၇ |
| ဘုရားရှင်၏ဉာဏ်တော်၌ ပုက္ကုသာတိရဟန်း ထင်လာပုံ .... | ၂၈ |
| လက္ခဏာတော်ကြီးငယ်များ ဖုံးအုပ်ကွယ်တော်မူခြင်း .... | ၂၉ |
| ဘုရားရှင်အား အိုးထိန်းသည်က လျှောက်ထားပုံ .... | ၂၉ |
| အိုးထိန်းသည်၏ တင်းကုပ်သို့ ရှေးဦးစွာ ရောက်သောရဟန်း .... | ၃၀ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဘုရားရှင် ပုက္ကုသာတိရဟန်းထံ ခွင့်ပန်ပုံ | ၃၀ |
| ဘုရားရှင် အကြံဖြစ်တော်မူပုံ | ၃၀ |
| ဘုရားရှင်က ပုက္ကုသာတိရဟန်းအား မေးမြန်းတော်မူပုံ | ၃၀ |
| ပုက္ကုသာတိရဟန်း ဖြေကြားပုံ | ၃၁ |
| ဘုရားရှင် ပုက္ကုသာတိရဟန်းကို တဖန် မိန့်ကြားတော်မူပုံ | ၃၁ |
| မြတ်စွာဘုရားအား တဖန် အကြံဖြစ်တော်မူပုံ | ၃၂ |
| ပုက္ကုသာတိရဟန်းအား မြတ်စွာဘုရား တရားဟောကြားတော်မူပုံ | ၃၂ |
| ပုဗ္ဗဘာဂ ပဋိပဒါကို မဟောပုံ | ၃၃ |
| ဓာတ် ၆-ပါး သရုပ် | ၃၃ |
| ပညာတ်ကိုစွန့်၍ ပရမတ်ကို နှလုံးသွင်းစေခြင်း | ၃၄ |
| ဓာတ်ခြောက်ပါး | ၃၄ |
| ဓာတ်ခြောက်ပါးကိုစွဲ၍ ဖဿာယတန ၆-ပါးဖြစ်ပုံ | ၃၄ |
| တည်ရာလေးပါး | ၃၆ |
| မြေဓာတ် ၂-မျိုး | ၃၆ |
| ပထဝီဓာတ် ၂၀ | ၃၆ |
| ပထဝီဓာတ်ဖြစ်တဲ့ ဆံပင်ကို ဥပမာပြု၍ ဝိပဿနာရှုပုံ | ၃၇ |
| ပထဝီဓာတ်ဖြစ်တဲ့ အမွေးကို ဥပမာပြု၍ ဝိပဿနာရှုပုံ | ၃၇ |
| ပထဝီဓာတ်ဖြစ်တဲ့ ခြေသည်းလက်သည်းကို ဥပမာပြု၍ရှုပုံ | ၃၈ |
| ပထဝီဓာတ်ဖြစ်တဲ့ သွားတို့ကို ဥပမာပြု၍ ရှုပုံ | ၃၈ |
| ပထဝီဓာတ်ဖြစ်တဲ့ အရေကို ဥပမာပြု၍ရှုပုံ | ၃၉ |
| ပထဝီဓာတ်ဖြစ်တဲ့ အသားကို ဥပမာပြု၍ ရှုပုံ | ၃၉ |
| ပထဝီဓာတ်ဖြစ်တဲ့ အကြောကို ဥပမာပြု၍ ရှုပုံ | ၄၀ |
| အရိုး အဆင့်ဆင့် တည်နေပုံ | ၄၀ |
| ပထဝီဓာတ်ဖြစ်တဲ့ အရိုးကို ဥပမာပြု၍ ရှုပုံ | ၄၁ |
| ပထဝီဓာတ်ဖြစ်တဲ့ ခြင်ဆီကို ဥပမာပြု၍ ရှုပုံ | ၄၁ |
| ပထဝီဓာတ်ဖြစ်တဲ့ အညှို့ကို ဥပမာပြု၍ ရှုပုံ | ၄၂ |
| ပထဝီဓာတ်ဖြစ်တဲ့ နှလုံးသားကို ဥပမာပြု၍ ရှုပုံ | ၄၂ |
| ပထဝီဓာတ်ဖြစ်တဲ့ အသည်းကို ဥပမာပြု၍ ရှုပုံ | ၄၃ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ပထဝီဓာတ်ဖြစ်တဲ့ အမြေးကို ဥပမာပြ၍ ရှုပုံ .... .... | ၄၃ |
| ပထဝီဓာတ်ဖြစ်တဲ့ အဖျဉ်းကို ဥပမာပြ၍ ရှုပုံ .... .... | ၄၄ |
| ပထဝီဓာတ်ဖြစ်တဲ့ အဆုတ်ကို ဥပမာပြ၍ ရှုပုံ .... .... | ၄၄ |
| ပထဝီဓာတ်ဖြစ်တဲ့ အူမကို ဥပမာပြ၍ ရှုပုံ .... .... | ၄၅ |
| ပထဝီဓာတ်ဖြစ်တဲ့ အူသိမ်ကို ဥပမာပြ၍ ရှုပုံ .... .... | ၄၅ |
| ပထဝီဓာတ်ဖြစ်တဲ့ အစာသစ်ကို ဥပမာပြ၍ ရှုပုံ .... .... | ၄၆ |
| ပထဝီဓာတ်ဖြစ်တဲ့ အစာဟောင်းကို ဥပမာပြ၍ ရှုပုံ .... | ၄၆ |
| ပထဝီဓာတ်ဖြစ်တဲ့ ဦးနှောက်ကို ဥပမာပြ၍ ရှုပုံ .... .... | ၄၇ |
| ရေဓာတ် ၂-မျိုး .... .... .... .... | ၄၇ |
| အာပေါဓာတ် ၁၂-မျိုး .... .... .... | ၄၇ |
| သည်းခြေ ၂-မျိုး .... .... .... .... | ၄၈ |
| အာပေါဓာတ်ဖြစ်တဲ့ သည်းခြေကို ဥပမာပြ၍ ရှုပုံ.... .... | ၄၈ |
| အာပေါဓာတ်ဖြစ်တဲ့ သလိပ်ကို ဥပမာပြ၍ ရှုပုံ .... .... | ၄၉ |
| အာပေါဓာတ်ဖြစ်တဲ့ ပြည်ကို ဥပမာပြ၍ ရှုပုံ .... .... | ၄၉ |
| သွေး ၂-မျိုး .... .... .... .... | ၅၀ |
| အာပေါဓာတ်ဖြစ်တဲ့ သွေးကို ဥပမာပြ၍ ရှုပုံ .... .... | ၅၀ |
| အာပေါဓာတ်ဖြစ်တဲ့ ချွေးကို ဥပမာပြ၍ ရှုပုံ .... .... | ၅၁ |
| အာပေါဓာတ်ဖြစ်တဲ့ အဆီခဲကို ဥပမာပြ၍ ရှုပုံ .... .... | ၅၁ |
| အာပေါဓာတ်ဖြစ်တဲ့ မျက်ရည်ကို ဥပမာပြ၍ ရှုပုံ.... .... | ၅၂ |
| အာပေါဓာတ်ဖြစ်တဲ့ ဆီကြည်ကို ဥပမာပြ၍ ရှုပုံ .... .... | ၅၂ |
| အာပေါဓာတ်ဖြစ်တဲ့ တံထွေးကို ဥပမာပြ၍ ရှုပုံ .... .... | ၅၃ |
| အာပေါဓာတ်ဖြစ်တဲ့ နှပ်ကို ဥပမာပြ၍ ရှုပုံ .... .... | ၅၃ |
| အာပေါဓာတ်ဖြစ်တဲ့ အစေးကို ဥပမာပြ၍ ရှုပုံ .... .... | ၅၄ |
| အာပေါဓာတ်ဖြစ်တဲ့ ကျင်ငယ်ကို ဥပမာပြ၍ ရှုပုံ.... .... | ၅၄ |
| တေဇောဓာတ် ၂-ပါး .... .... .... | ၅၅ |
| တေဇောဓာတ် ၆-မျိုး .... .... .... | ၅၅ |
| လေဓာတ် ၂-မျိုး .... .... .... .... | ၅၅ |
| ဝါယောဓာတ် ၆-မျိုး .... .... .... | ၅၅ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အာကာသဓာတ် ၂-မျိုး .... .... .... | ၅၆ |
| အာကာသဓာတ် ၁-မျိုး .... .... .... | ၅၆ |
| ဝိညာဏဓာတ်တွင် သုခဝေဒနာကို သိပုံ .... .... | ၅၇ |
| ဝိညာဏဓာတ်တွင် ဒုက္ခဝေဒနာကို သိပုံ .... .... | ၅၇ |
| ဝိညာဏဓာတ်တွင် ဥပေက္ခာဝေဒနာကို သိပုံ .... .... | ၅၈ |
| သုခဝေဒနာ ဒုက္ခဝေဒနာ ခံစားပုံ ဥပမာပြဆိုချက် .... | ၅၈ |
| ဥပေက္ခာဝေဒနာ ခံစားပုံ ဥပမာပြဆိုချက် .... .... | ၅၉ |
| ဥပမာပြဆိုချက်နှင့် စျာန်အဆင့်ဆင့်တက်ပုံ .... .... | ၅၉ |
| ဝိညာဏဉ္စာယတနစျာန်သို့ တက်ပုံ .... .... .... | ၅၉ |
| အာကိဉ္စညာယတနစျာန်သို့ တက်ပုံ.... .... .... | ၆၀ |
| နေဝသညာနာသညာယတနစျာန်သို့ တက်ပုံ .... .... | ၆၀ |
| ရူပစတုတ္ထစျာန် ဥပေက္ခာကို ဝိပဿနာ ရှုပုံ .... .... | ၆၁ |
| ဘုရားရှင်သည် ကျွမ်းကျင်သော ဆေးဆရာနှင့် တူခြင်း .... | ၆၁ |
| လောကီသခ်တမှ အသခ်တနိဗ္ဗာန်သို့ စိတ်ညွတ်အောင် ဟောပုံ .... | ၆၁ |
| ရူပါဝစရ စတုတ္ထစျာန်ကို ဝိပဿနာ ရှုပုံ .... .... | ၆၂ |
| တရားတက်ပုံ အဆင့်ဆင့်ကို ဥပမာနှင့် ယှဉ်ပြခြင်း.... .... | ၆၂ |
| ထိုထက်လွန်၍ ပေးပြန်ပုံ .... .... .... | ၆၂ |
| ဥပမာ ဥပမေယျ ဟပ်ပြခြင်း .... .... .... | ၆၃ |
| ဝေဒနာသုံးပါးကို လက္ခဏာရေး တင်ပုံ .... .... | ၆၄ |
| ဝေဒနာခံစားရာ၌ ဆိမီးငြိမ်းပုံ ဥပမာ .... .... | ၆၄ |
| သစ္စာနှင့်နိဗ္ဗာန် နှိုင်းယှဉ်ပြချက် .... .... .... | ၆၅ |
| အဘိဇ္ဈာ ဆန္ဒရာဂကို ပယ်ပုံ .... .... .... | ၆၅ |
| ဥပသမာ အဓိဋ္ဌာန်နှင့် ပြည့်စုံခြင်း .... .... .... | ၆၆ |
| သမထဝိပဿနာပညာကို မေ့လျော့သော ပုဂ္ဂိုလ် .... .... | ၆၆ |
| မိမိကိုယ်ကို အထင်ကြီးကြောင်း မာနတရားများ .... .... | ၆၇ |
| ဓာတ်တို့ကိုဝေဖန်ရာ ဓာတုဝိဘင်္ဂသုတ်ကို ဆောင်ထားသင့်ပုံ .... | ၆၇ |
| ပုက္ကုသာတိရဟန်း ဘုရားရှင်မှန်းသိ၍ ကန်တော့ပုံ .... | ၆၈ |
| ဘုရားရှင်က ပုက္ကုသာတိရဟန်း၏ အပြစ်ကို သည်းခံပုံ .... | ၆၈ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပုက္ကုသာတိ ရဟန်းအဖြစ် လျှောက်ထားခြင်း | .... | ၆၉ |
| တန်းခိုးဖြင့်ပြီးသော သပိတ်သင်္ကန်း မပြည့်စုံခြင်း အကြောင်း | .... | ၆၉ |
| ဘုရားရှင်၏ အမိန့်ဥသန်ကြောင့် မြို့သူမြို့သားများ ဖူးမြင်ကြရပုံ | .... | ၇၀ |
| ဗိမ္ဗိသာရမင်းကြီးက ပုက္ကုသာတိရဟန်းအား ရှာဖွေစေပုံ | .... | ၇၀ |
| ပုက္ကုသာတိရဟန်းကို နွားမငေ့သတ်ခြင်း | .... .... | ၇၁ |
| အဝိဟာဗြဟ္မာ့ဘုံ၌ ဖြစ်ကာမျှ အရဟတ္တဖိုလ်သို့ ရောက်သော ပုဂ္ဂိုလ်များ | | ၇၁ |
| ဗိမ္ဗိသာရမင်း၏ စိုးရိမ်မှုသောက | .... .... .... | ၇၂ |
| ရဟန်းများက ပုက္ကုသာတိ၏လားရာဂတိကို လျှောက်ထားခြင်း | .... | ၇၂ |
| ဗုဒ္ဓဂုဏ်တော်များ | .... .... .... .... | ၇၃ |
| (၁) အရဟံဂုဏ်တော် | .... .... .... | ၇၃ |
| (၂) သမ္မာသမ္ဗုဒ္ဓဂုဏ်တော် | .... .... .... | ၇၄ |
| (၃) ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် | .... .... .... | ၇၄ |
| (၄) သုဂတော ဂုဏ်တော် | .... .... .... | ၇၅ |
| (၅) လောကဝိဒူဂုဏ်တော် | .... .... .... | ၇၅ |
| (၆) အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော် | .... .... | ၇၅ |
| (၇) သတ္ထာဒေဝမနုဿာနံဂုဏ်တော် | .... .... | ၇၅ |
| (၈) ဗုဒ္ဓေါဂုဏ်တော် | .... .... .... | ၇၅ |
| (၉) ဘဂဝါဂုဏ်တော် | .... .... .... | ၇၆ |
| ပါရမီ ၁၀-ပါး | .... .... .... .... | ၇၆ |
| လူအများ ချမ်းသာရန် ကျင့်ပုံ | .... .... .... | ၇၆ |
| စွန့်ခြင်းကြီးငါးပါး | .... .... .... .... | ၇၆ |
| စရိယ သုံးပါး | .... .... .... .... | ၇၇ |
| ဒါနပါရမီ | .... .... .... .... | ၇၈ |
| သီလပါရမီ | .... .... .... .... | ၇၉ |
| နေက္ခမ္မပါရမီ | .... .... .... .... | ၈၀ |
| ပညာပါရမီ | .... .... .... .... | ၈၁ |
| ဝီရိယပါရမီ | .... .... .... .... | ၈၂ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ခန္တီပါရမီ .... .... .... .... | ၇၃ |
| သစ္စာပါရမီ .... .... .... .... | ၇၅ |
| အဓိဋ္ဌာန်ပါရမီ .... .... .... .... | ၇၆ |
| မေတ္တာပါရမီ .... .... .... .... | ၇၇ |
| ဥပေက္ခာပါရမီ .... .... .... .... | ၇၈ |
| ပါရမီ ၁၀-ပါး ဇာတ်တော် .... .... .... | ၇၉ |
| သခ်ပါလဇာတ် .... .... .... .... | ၇၉ |
| အတိတ်ဝတ္ထု .... .... .... .... | ၇၉ |
| ဒုယျောခနေမင်းသား မင်းဖြစ်ခြင်း .... .... .... | ၈၀ |
| ဈာန်အဘိညာဏ်ကို ဖြစ်စေခြင်း .... .... .... | ၈၀ |
| သခ်ပါလနဂါးမင်း ဖဲသွားခြင်း .... .... .... | ၈၁ |
| နဂါးမင်းအဖြစ်ကို တောင့်တလျက် ကောင်းမှုပြုပြီ .... | ၈၁ |
| နဂါးမင်းစည်းစိမ်ကို ငြီးငွေ့လျက် အဓိဋ္ဌာန်သီလဆောက်တည်ပုံ .... | ၈၁ |
| ပစ္စန္တရစ်ရွာသားတို့ နဂါးမင်းထံ ချဉ်းကပ်ပုံ .... .... | ၈၂ |
| သခ်ပါလနဂါးမင်း၏ ခန္ဓာကိုယ် .... .... .... | ၈၂ |
| နဂါးမင်းကို ရှစ်ဌာနတို့၌ ချည်နှောင်လျက် ယူသွားခြင်း .... | ၈၃ |
| အာဠာရသူကြွယ်နှင့် ပစ္စန္တရစ်ရွာသားတို့ တွေ့ကြပုံ .... | ၈၃ |
| အာဠာရသူကြွယ်ကို နဂါးပြည်သို့ ခေါ်ဆောင်ခြင်း .... | ၈၃ |
| အာဠာရရသေ့ကို တွေ့မြင်၍ ဗာရာဏသီမင်းကြည်ညိုပုံ .... | ၈၄ |
| မင်းကြီးက လျှောက်ထားပုံ .... .... .... | ၈၅ |
| မင်းကြီးက တဖန်လျှောက်ထားပုံ .... .... .... | ၈၅ |
| ရသေ့က မိန့်ကြားပုံ .... .... .... | ၈၆ |
| မုဆိုးသားတို့က ပြောဆိုပုံ .... .... .... | ၈၆ |
| ရသေ့က မိန့်ကြားပုံ .... .... .... | ၈၆ |
| မုဆိုးသားတို့ ဖြေဆိုပုံ .... .... .... | ၈၇ |
| ရသေ့က တဖန်မိန့်ကြားပုံ .... .... .... | ၈၇ |
| နဂါးမင်းက မိန့်ဆိုပုံ .... .... .... | ၈၈ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| နဂါးပြည်၌ ရှိသော စည်းစိမ်ကို ချီးမွမ်းခြင်း .... .... | ၉၈ |
| နဂါးပြည်၏ ပြာသာဒ်ကို ချီးမွမ်းပုံ .... .... | ၉၉ |
| နဂါးမင်း၏ မိဖုရားများလုပ်ကျွေးပုံ .... .... | ၉၉ |
| နဂါးမင်းက နဂါးပြည်၌ဖြစ်သောစည်းစိမ်တို့ဖြင့် မွေ့လျော်စေပုံ .... | ၁၀၀ |
| သံပါလ နဂါးမင်း၏ စည်းစိမ်ကို မေးမြန်းခြင်း .... .... | ၁၀၀ |
| နဂါးမင်းက ပြန်ကြားဖြေဆိုပုံ .... .... .... | ၁၀၁ |
| ဆောက်တည်အပ်သောကျင့်ဝတ်ကို မေးမြန်းခြင်း .... | ၁၀၁ |
| နဂါးမင်းက အတိတ်ဝတ္ထုကို ပြန်ကြားပုံ .... .... | ၁၀၁ |
| သံပါလနဂါးမင်းနှင့် အာဠာရတို့၏ အမေးအဖြေ .... | ၁၀၂ |
| နဂါးမင်း ဖြေကြားပုံ .... .... .... | ၁၀၂ |
| အာဠာရက တဖန်ပြန်၍ မေးမြန်းခြင်း .... .... | ၁၀၃ |
| သံပါလနဂါးမင်းက ဖြေကြားခြင်း .... .... | ၁၀၃ |
| အာဠာရက တဖန်ပြန်၍ မေးမြန်းခြင်း .... .... | ၁၀၃ |
| နဂါးမင်းက တဖန်ပြန်၍ ဖြေကြားခြင်း .... .... | ၁၀၄ |
| အာဠာရက မေးမြန်းခြင်း .... .... .... | ၁၀၄ |
| နဂါးမင်းက ဖြေကြားခြင်း .... .... .... | ၁၀၄ |
| **ပါရမီ၁၀-ပါး ယှဉ်ပြခြင်း .... .... ....** | **၁၀၅** |
| ပါရမီ၁၀-ပါးကို ဤဇာတ်တော်မှ ဆက်စပ်၍ယူခြင်း .... | ၁၀၆ |
| ဒါနပါရမီ .... .... .... .... | ၁၀၆ |
| သီလပါရမီ .... .... .... .... | ၁၀၆ |
| နေက္ခမ္မပါရမီ .... .... .... .... | ၁၀၇ |
| ပညာပါရမီ .... .... .... | ၁၀၇ |
| ဝီရိယပါရမီ .... .... .... | ၁၀၇ |
| ခန္တီပါရမီ .... .... .... | ၁၀၇ |
| သစ္စာပါရမီ .... .... .... | ၁၀၇ |
| အဓိဋ္ဌာနပါရမီ .... .... .... | ၁၀၇ |
| မေတ္တာပါရမီ .... .... .... | ၁၀၈ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဥပေက္ခာပါရမီ .... .... .... | ၁၀၈ |
| ရသေ့ရဟန်းပြုခြင်းအကြောင်း မိန့်ကြားပုံ .... .... | ၁၀၈ |
| သတ္တဝါတို့၏ အနိစ္စသဘောကိုမြင်၍ ရဟန်းပြုပုံတပန်ပြောကြားခြင်း | ၁၀၈ |
| ဗာရာဏသီမင်း တရားသဘော သိမြင်လာပုံ .... .... | ၁၀၈ |
| အာဋ္ဌာရရသေ့၏ တိုက်တွန်းချက် .... .... | ၁၀၉ |

ဒုတိယပိုင်း

| | |
|---|---|
| **ဓမ္မဂုဏ်တော်များ** .... .... .... | ၁၁၀ |
| သွာက္ခာတဂုဏ်တော် .... .... .... | ၁၁၀ |
| သန္ဒိဋ္ဌိကဂုဏ်တော် .... .... .... | ၁၁၀ |
| အကာလိကဂုဏ်တော် .... .... .... | ၁၁၀ |
| ဧဟိပဿိကဂုဏ်တော် .... .... .... | ၁၁၀ |
| ဩပနေယျိကဂုဏ်တော် .... .... .... | ၁၁၀ |
| ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိဂုဏ်တော် .... .... | ၁၁၁ |
| **ဗောဓိပက္ခိယတရားများ** .... .... .... | ၁၁၁ |
| သတိပဋ္ဌာန်တရားလေးပါး .... .... .... | ၁၁၁ |
| **ကာယာနုပဿနာ သတိပဋ္ဌာန်** .... .... .... | ၁၁၁ |
| ကာယာနုပဿနာ အာနာပါနပိုင်း .... .... | ၁၁၁ |
| ထွက်သက်ဝင်သက်ကို ပွတ်သမား ဥပမာဖြင့် ပြပုံ .... | ၁၁၂ |
| သန္တာန်အားဖြင့် ထွက်သက်ဝင်သက်ကို ရှုပုံ .... .... | ၁၁၂ |
| ဖြစ်ခြင်းပျက်ခြင်းအားဖြင့် ထွက်သက်ဝင်သက်ကို ရှုပုံ .... | ၁၁၂ |
| ကာယာနုပဿနာ ဣရိယာပထပိုင်း .... .... | ၁၁၃ |
| ဣရိယာပုထ်လေးပါးဖြင့် ရှုနည်း .... .... .... | ၁၁၃ |
| ကာယာနုပဿနာ သမ္ပဇာနပိုင်း .... .... .... | ၁၁၃ |
| ကာယာနုပဿနာ ပဋိကူလမနသိကာရပိုင်း .... .... | ၁၁၄ |
| ကောဋ္ဌာသအားဖြင့် ဆင်ခြင်ပုံ .... .... .... | ၁၁၅ |
| ဥပမာပြ၍ ဆင်ခြင်ပုံ .... .... .... | ၁၁၅ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သန္တာန်အားဖြင့် ဆင်ခြင်ပုံ .... .... .... | ၁၁၅ |
| ကာယာနုပဿနာ ဓာတုမနသိကာရပိုင်း .... .... | ၁၁၆ |
| ဓာတ်အားဖြင့် ဆင်ခြင်ပုံ .... .... .... | ၁၁၆ |
| ဓာတ်လေးပါးကို ဥပမာဖြင့် ဆင်ခြင်ပုံ .... .... | ၁၁၆ |
| ကာယာနုပဿနာ နဝသိဝထိကပိုင်း .... .... | ၁၁၇ |
| သူသေကောင် အမျိုးမျိုးပြလျက် ရှုခြင်း .... .... | ၁၁၇ |
| သူသေကောင်ကဲ့သို့ မိမိကိုယ်ကို ရှုပုံ .... .... | ၁၁၇ |
| ထိရစ္ဆာန်အမျိုးမျိုး ခဲစားဆိတ်ဆွဲအပ်သော သူသေကောင်ကဲ့သို့ ရှုခြင်း .... .... .... .... | ၁၁၇ |
| သင်းချိုင်း၌ စွန့်အပ်သော သူသေကောင်ကဲ့သို့ ရှုခြင်း .... | ၁၁၇ |
| အရိုးစုသာရှိသော သူသေကောင်ကဲ့သို့ ရှုခြင်း .... .... | ၁၁၈ |
| အသားအသွေးကင်းသော သူသေကောင်ကဲ့သို့ ရှုခြင်း .... | ၁၁၈ |
| အထူးထူးသော အရပ်မျက်နှာတို့၌ ပြန့်ကြဲသော အရိုးစုရှိသော သူသေကောင်ကဲ့သို့ ရှုခြင်း .... .... .... | ၁၁၈ |
| ခရုသင်း အဆင်းနှင့်တူသော အရိုးစုကဲ့သို့ ရှုခြင်း .... | ၁၁၉ |
| ပိုးထိုးပြီးသော တနှစ်လွန်သော သူသေကောင်ကဲ့သို့ ရှုခြင်း .... | ၁၁၉ |
| ပုပ်ပြီး မှုန့်မှုန့်ညက်ညက် သူသေကောင်ကဲ့သို့ ရှုခြင်း .... | ၁၁၉ |
| သန္တာန်အားဖြင့် ဆင်ခြင်ပုံ .... .... .... | ၁၁၉ |
| **ဝေဒနာနုပဿနာ သတိပဋ္ဌာန်** .... .... .... | ၁၂၀ |
| သန္တာန်အားဖြင့် ခံစားမှုဝေဒနာကို ရှုပုံ .... .... | ၁၂၁ |
| ဖြစ်ခြင်းပျက်ခြင်းအားဖြင့် ခံစားမှုဝေဒနာကို ရှုပုံ .... | ၁၂၁ |
| **စိတ္တာနုပဿနာသတိပဋ္ဌာန်** .... .... .... | ၁၂၂ |
| ဖြစ်ခြင်းပျက်ခြင်းအားဖြင့် စိတ်ကိုရှုပုံ .... .... | ၁၂၂ |
| **ဓမ္မာနုပဿနာ သတိပဋ္ဌာန်** .... .... .... | ၁၂၃ |
| ဓမ္မာနုပဿနာ နီဝရဏပိုင်း .... .... .... | ၁၂၃ |
| ကာမစ္ဆန္ဒ နီဝရဏကို အဖန်ဖန် ရှုပုံ .... .... | ၁၂၃ |
| ဓမ္မာနုပဿနာ ခန္ဓာပိုင်း .... .... .... | ၁၂၄ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ခန္ဓာငါးပါးတို့၌ ဖြစ်ခြင်း ပျက်ခြင်းကို ရှုပုံ .... .... | ၁၂၄ |
| ဓမ္မာနုပဿနာ အာယတနပိုင်း .... .... .... | ၁၂၅ |
| စက္ခုပသာဒနှင့် ရူပါရုံကိုစွဲ၍ဖြစ်သော တရားများကို ရှုပုံ .... | ၁၂၅ |
| ဓမ္မာနုပဿနာ ဗောဇ္ဈင်္ဂပိုင်း .... .... .... | ၁၂၆ |
| သတိသမ္ဗောဇ္ဈင်ကို ရှုပုံ .... .... .... | ၁၂၆ |
| ဓမ္မာနုပဿနာ သစ္စာပိုင်း .... .... .... | ၁၂၆ |
| သစ္စာလေးပါးကို ရှုပုံ .... .... .... | ၁၂၆ |
| **သမ္မပ္ပဓာန်လေးပါး** .... .... .... | ၁၂၇ |
| သမ္မပ္ပဓာန်တရား အားသစ်ပုံ .... .... .... | ၁၂၇ |
| **သမထဝိပဿနာချုပ်ရာ၌ ပျက်စီးပုံ အကျိုးပြု ဝတ္ထုများ** .... | ၁၂၈ |
| ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့၏ တရားကိုယ် .... .... | ၁၂၈ |
| ကေစိ ဆရာတို့ ဝါဒ .... .... .... | ၁၂၈ |
| **ဈာန်သရမ်းခြင်းကြောင့် ကန်းမနှင့် ညားရသောဝတ္ထု** .... | ၁၂၈ |
| ဥပဇ္ဈာယ်မထေရ် ဘုရားကို ကြည်ညိုခြင်း .... .... | ၁၂၉ |
| ဆရာ့အတွက် ပန်းများဆောင်ယူခြင်း .... .... | ၁၂၉ |
| ပန်းများ ပူဇော်လို့ မကုန်နိုင်ပုံ .... .... .... | ၁၃၀ |
| ဥပဇ္ဈာယ်မထေရ်၏ အကြံ .... .... .... | ၁၃၀ |
| ဈာန်အဟုန်ကြောင့် မာန်ဂုဏ်တက်ပုံ .... .... | ၁၃၁ |
| ပုထုဇဉ်တို့၏ တန်းခိုး မမြဲကြောင်း ဆုံးမပုံ .... .... | ၁၃၁ |
| ရက်ကန်းသည်မ သဒ္ဒါရုံကြောင့် ဈာန်ဟုန်ကျပုံ .... .... | ၁၃၁ |
| ဈာန်အဟုန်ကြောင့် ဝါဂွမ်းကဲ့သို့ ကျပုံ .... .... | ၁၃၂ |
| လူ့ဘဝ၏ အပြစ်အမျိုးမျိုး ပြ၍ ဆုံးမပုံ .... .... | ၁၃၂ |
| သာမဏေလူထွက် ရက်ကန်းသည်ဘဝ ရောက်ပုံ .... .... | ၁၃၃ |
| မိန်းမတို့၏ သဘောတံထွာ ဓမ္မတာ .... .... | ၁၃၄ |
| ယောက်ရိုး၏ သဘော .... .... .... | ၁၃၄ |
| ဥပဇ္ဈာယ်စကားကို အောက်မေ့ပုံ .... .... .... | ၁၃၄ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| တနည်း သမထ ချုပ်ငြိမ်းခြင်းကြောင့် အကျိုးမဲ့ ဖြစ်သော ဝတ္ထု .... | ၁၃၄ |
| ရဟန်းသုံးကျိပ်နှင့် တောင်သူ ယောကျ်ားတွေ့ပုံ .... .... | ၁၃၄ |
| တောင်သူယောကျ်ားက မိမိ၏ အတိတ်ဘဝကို လျှောက်ခြင်း .... | ၁၃၅ |
| တောင်သူယောကျ်ား၏ သတိပေးစကား .... .... | ၁၃၆ |
| ဣဒ္ဓိပါဒ်တရားလေးပါး .... .... .... | ၁၃၆ |
| ဆန္ဒိဒ္ဓိပါဒ်ကို ပွါးများပုံ .... .... .... | ၁၃၇ |
| ရှေ့နောက်အားဖြင့် နှလုံးသွင်းနေပုံ.... .... .... | ၁၃၈ |
| ပဋိကူလအားဖြင့် နှလုံးသွင်းနေပုံ .... .... .... | ၁၃၈ |
| အချိန်အခါအားဖြင့် နှလုံးသွင်းနေပုံ .... .... | ၁၃၈ |
| ဝီရိယိဒ္ဓိပါဒ်ကို ပွါးများပုံ .... .... .... | ၁၃၈ |
| ရှေ့နောက်အားဖြင့် နှလုံးသွင်းနေပုံ .... .... | ၁၃၉ |
| ပဋိကူလအားဖြင့် နှလုံးသွင်းနေပုံ .... .... .... | ၁၃၉ |
| အချိန်အခါအားဖြင့် နှလုံးသွင်းနေပုံ .... .... | ၁၃၉ |
| စိတ္တိဒ္ဓိပါဒ်ကို ပွါးများပုံ .... .... .... | ၁၃၉ |
| ရှေ့နောက်အားဖြင့် နှလုံးသွင်းနေပုံ.... .... .... | ၁၃၉ |
| ပဋိကူလအားဖြင့် နှလုံးသွင်းနေပုံ .... .... .... | ၁၄၀ |
| အချိန်အခါအားဖြင့် နှလုံးသွင်းနေပုံ .... .... | ၁၄၀ |
| ဝီမံသိဒ္ဓိပါဒ်ကို ပွါးများပုံ .... .... .... | ၁၄၀ |
| ရှေ့နောက်အားဖြင့် နှလုံးသွင်းနေပုံ .... .... | ၁၄၀ |
| ပဋိကူလအားဖြင့် နှလုံးသွင်းနေပုံ .... .... .... | ၁၄၀ |
| အချိန်အခါအားဖြင့် နှလုံးသွင်းနေပုံ .... .... | ၁၄၁ |
| ကြိမ်ဖန်များစွာ ပွါးများက ဖြစ်ပေါ်လာနိုင်သော အကျိုးများ.... | ၁၄၁ |
| ဣဒ္ဓိဝိဓ အဘိညာဏ်တန်းခိုး .... .... .... | ၁၄၁ |
| ဒိဗ္ဗသောတ အဘိညာဏ်တန်းခိုး .... .... .... | ၁၄၁ |
| ပရစိတ္တဝိဇာနန အဘိညာဏ်တန်းခိုး .... .... | ၁၄၂ |
| ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ် တန်းခိုး .... .... | ၁၄၃ |
| ဒိဗ္ဗစက္ခု အဘိညာဏ်တန်းခိုး .... .... .... | ၁၄၄ |
| အာသဝက္ခယ အဘိညာဏ်တန်းခိုး .... .... .... | ၁၄၄ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဣန္ဒြေ ၅ပါး | ၁၄၅ |
| သဒ္ဓိန္ဒြေဖြစ်ပုံ | ၁၄၅ |
| ဝီရိယိန္ဒြေဖြစ်ပုံ | ၁၄၆ |
| သတိန္ဒြေဖြစ်ပုံ | ၁၄၆ |
| သမာဓိန္ဒြေဖြစ်ပုံ | ၁၄၇ |
| ပညိန္ဒြေဖြစ်ပုံ | ၁၄၈ |
| ဣန္ဒြေ ၅-ပါး | ၁၄၈ |
| သဒ္ဓိန္ဒြေစင်ကြယ်ပုံ | ၁၄၈ |
| ဝီရိယိန္ဒြေစင်ကြယ်ပုံ | ၁၄၈ |
| သတိန္ဒြေစင်ကြယ်ပုံ | ၁၄၈ |
| သမာဓိန္ဒြေစင်ကြယ်ပုံ | ၁၄၉ |
| ပညိန္ဒြေစင်ကြယ်ပုံ | ၁၄၉ |
| ဗိုလ် ၅-ပါး | ၁၄၉ |
| ဗိုလ် ၅-ပါး ပွါးများခြင်း အကျိုး | ၁၅၀ |
| သဒ္ဓါဗိုလ် | ၁၅၀ |
| ဝီရိယဗိုလ် | ၁၅၀ |
| သတိဗိုလ် | ၁၅၀ |
| သမာဓိဗိုလ် | ၁၅၀ |
| ပညာဗိုလ် | ၁၅၀ |
| ဗောဇ္ဈင် ၇-ပါး | ၁၅၁ |
| သုတ္တန္တဘာဇနီယ (သုတ္တန်နည်းဖြင့် ဝေဖန်ပြခြင်း) | ၁၅၁ |
| သတိသမ္ဗောဇ္ဈင် | ၁၅၁ |
| ဓမ္မဝိစယ သမ္ဗောဇ္ဈင် | ၁၅၁ |
| ဝီရိယသမ္ဗောဇ္ဈင် | ၁၅၁ |
| ပီတိ သမ္ဗောဇ္ဈင် | ၁၅၁ |
| ပဿဒ္ဓိ သမ္ဗောဇ္ဈင် | ၁၅၁ |
| သမာဓိ သမ္ဗောဇ္ဈင် | ၁၅၁ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဥပေက္ခာ သမ္ဗောဇ္ဈင် .... .... .... | ၁၅၁ |
အဆွေတော်ဖြစ်သော ဗိမ္ဗိသာရမင်းအား ပို့လေကုန်”ဟု မိန့်တော်မူပြီး အမတ်တို့ကို ပို့စေခဲ့ပြီ၊ သတင်းမှာ စကားကိုလည်း မှာကြားလိုက်လေ၏ “ဤလက်ဆောင်ပဏ္ဏာကာရကို မြို့၏အလယ်၌ အမတ် အစရှိသော သူတို့ကို ခြံရံစေလျက် ဗိမ္ဗိသာရမင်းသည် ကြည့်ရှုပါလေ”ဟု ဤသို့ သတင်းစကားကိုလည်း မှာကြားလိုက်လေပြီ၊ ထိုအမတ်တို့သည် ရာဇဂြိုဟ်ပြည်သို့ သွား၍ ဗိမ္ဗိသာရမင်းအား ဆက်သကြကုန်၏။

**ပုက္ကုသာတိမင်းပို့သော လက်ဆောင်တော်များ။** ။ထိုဗိမ္ဗိသာရမင်းသည် ပုက္ကုသာတိမင်း၏ သတင်းစကားကိုကြားပြီး အမတ်အစရှိသော သူတို့ကို စည်းဝေးကြစေကုန်ဟု စည်ကိုလည်စေ၍ ရာဇဂြိုဟ်ပြည် မြို့၏အလယ်၌ အမတ် အစရှိသော သူအပေါင်း ခြံရံလျက် ထီးဖြူတော်ကို ဆောင်းကာ မြတ်သော ပလ္လင်ထက်၌ ထိုင်နေတော်မူလျက် မင်း၏ တံဆိပ်ကို ခွဲ၍ ရစ်ပတ်သော အဝတ်ကို ပယ်ရှားပြီး တံတင်း(သေတ္တာ)ကို ဖွင့်လှစ်လျက် တံတင်း(သေတ္တာ)၏ အတွင်း၌ ရှိသော အထုပ်ကို ဖြေ၍ ချိပ်လုံးတို့ကို တွေ့မြင်ခဲ့သော် “ငါ၏ အကြည်တော်ဖြစ်သော ပုက္ကုသာတိမင်းသည် ငါ ပုက္ကုသာတိမင်း၏ အကြည်တော် ဖြစ်သော ဗိမ္ဗိသာရမင်းမြတ်သည် အန် ကစားခြင်းကို နှစ်သက်တတ်၏ဟု မှတ်ထင်သည် ဖြစ်၍ လက်ဆောင်ပဏ္ဏာကို စေလေယောင်တကား”ဟု နှလုံးပိုက်၍ တခုသော ချိပ်လုံးကို ယူ၍ လက်ဖြင့်လှိမ့်ပြီး နှိုင်းဆချိန်၍သာလျှင် မလေးသည်၏ အဖြစ်ကြောင့် ချိပ်လုံး၏အတွင်း၌ပုဆိုးထုပ်သည် ရှိပါပေ၏ဟု သိလေ၏။

ထို့နောက် ထိုချိပ်လုံးကိုယူ၍ ပလ္လင်ခြေရင်း၌ ရိုက်ခတ်သော် လိမ်းကျံသော ချိပ်သည် ကွာ၍ကျ၏၊ ထိုဗိမ္ဗိသာရမင်းမြတ်သည် လက်သည်းဖြင့်ကြုတ်ကို ဖွင့်လှစ်၍ ကြုတ်အတွင်း၌ ကမ္ဗလာရတနာကို တွေ့မြင်၍ ဤမှတပါးသော ခုနစ်ခုသော ချိပ်လုံးတို့ကိုလည်း ဖွင့်လှစ်စေပြီ၊ အလုံးစုံတို့သည်လည်း ကမ္ဗလာတို့သည်သာ ဖြစ်ကုန်ပြီ။

ထို့နောက် တောက်ပသော အရောင်အဆင်းနှင့် ပြည့်စုံကုန်သော ကမ္ဗလာတို့ကို တွေ့မြင်၍ ကိုင်းတာစေသည်ရှိသော် အလျားအားဖြင့် တဆယ့်ခြောက်တောင်၊ အနံအားဖြင့် ရှစ်တောင် အတိုင်းအရှည်ရှိကုန်သည် ဖြစ်ကုန်ပြီ။ တိုင်းသူပြည်သား လူများအပေါင်းတို့သည် မြင်ကြကုန်၍ လက်ချောင်းတို့ကို ခါကုန်၏၊ ဦးရစ်ပေါင်း မြှောက်ခြင်းကို ပြုကြကုန်၏။ “ငါတို့ ဗိမ္ဗိသာရမင်း၏ မတွေ့မမြင်ဘူးသော အဆွေခင်ပွန်းဖြစ်သော ပုက္ကုသာတိမင်းသည် မတွေ့မမြင်ဘူးသေးပဲနှင့်သာလျှင် ဤသို့ သဘောရှိသော လက်ဆောင်ပဏ္ဏာကို စေလွှတ်ပေ၏ဟု အံ့သြချီးမွမ်းကြကုန်၏။ ဤသို့သဘောရှိသော မင်းကို မဟာမိတ်

အဖြစ်ပြုခြင်းငှါ အလွန်ပင် သင့်လှပေ၏”ဟု နှစ်လို ဝမ်းမြောက်သည် ဖြစ်ခဲ့ပေပြီ။

ရာဇာ ကေမေကံ ကမ္ဗလံ အဋ္ဌါပေသိ၊ သဗ္ဗေ အနဋ္ဌ၊ အဟေသုံ။
တေသု စတ္တာရော သမ္မာသမ္ဗုဒ္ဓဿ ပေသေသိ၊ စတ္တာရော အတ္တနော
ဃရေ အကာသိ။ (ဥပရိပဏ္ဏာသ အဋ္ဌကထာ ဓာတုဝိဘင်္ဂသုတ်-၁၉၆)။

ရာဇာ၊ ဗိမ္ဗိသာရမင်းကြီးသည်။ ကေ မေကံ၊ တသည် တထည်သော။ ကမ္ဗလံ၊ ကမ္ဗလာကို။ အဋ္ဌါပေသိ၊ အဘိုးဖြတ်စေပြီ။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော ရှစ်ထည်သော ကမ္ဗလာတို့သည်။ အနဋ္ဌ၊ အဘိုးများစွာ ဟိုက်ကုန်သည်။ အဟေသုံ၊ ဖြစ်ခဲ့ပေကုန်ပြီ။ တေသု၊ ထိုရှစ်ထည်သော ကမ္ဗလာတို့တွင်။ စတ္တာရော၊ လေးထည်ကုန်သော ကမ္ဗလာတို့ကို။ သမ္မာသမ္ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ပေသေသိ၊ ပို့သလှူဒါန်းစေပြီ။ စတ္တာရော၊ လေးထည်ကုန်သော ကမ္ဗလာတို့ကို။ အတ္တနော၊ မိမိဟု ဆိုအပ်သော ဗိမ္ဗိသာရမင်း၏။ ဃရေ၊ နန်းတော်၌။ အကာသိ၊ သုံးဆောင်သည်ကို ပြုပြီ။

ဗိမ္ဗိသာရမင်းမြတ်သည် တထည် တထည်သော ကမ္ဗလာကို ယူ၍ အဘိုးဖြတ်စေသော် အဘိုးများစွာ ထိုက်သည်၏အဖြစ်ကို သိလေပြီ၊ ထိုရှစ်ထည်သော ကမ္ဗလာတို့တွင် လေးထည်သော ကမ္ဗလာတို့ကို မြတ်စွာဘုရားအား လှူဒါန်းစေလျက် လေးထည်သော ကမ္ဗလာတို့ကို မိမိ၏ ရွှေနန်းတော်၌ သုံးဆောင်သည်ကို ပြုပြီ။

**ဗိမ္ဗိသာရမင်းက လက်ဆောင်ပို့ရာ၌ တဖန် ကြံစည်ပုံ**

ထို့နောက်တဖန် အကြံ ဖြစ်ပြန်သည်ကား “နောက်မှ စေလွှတ်ပို့သသော သူသည် ရှေးဦးစွာ စေလွှတ်ပို့သအပ်သော လက်ဆောင်ပဏ္ဏာထက် သာလွန်သော လက်ဆောင်ပဏ္ဏာတို့ကို ပို့သစေလွှတ်ခြင်းငှါ သင့်ပေ၏။ အဆွေတော်ဖြစ်သော ပုက္ကုသာတိမင်းသည် အဘိုးများစွာထိုက်သော လက်ဆောင်ပဏ္ဏာကို ပို့သစေလွှတ်အပ်ပေ၏။ အဘယ်ဝတ္ထုပစ္စည်းကို ငါက ပို့သစေလွှတ်ရအံ့နည်း”ဟု ဤသို့ ကြံပြန်၏။

ရာဇဂြိုဟ်မြို့တော်၌ ထိုကမ္ဗလာလက်ဆောင်ထက် လွန်မြတ်သော လက်ဆောင်သည် မရှိသလော၊ ဗိမ္ဗိသာရမင်းသည် ကြီးသောဘုန်းရှိလေသောကြောင့် ကမ္ဗလာလက်ဆောင်ထက် လွန်မြတ်သော လက်ဆောင်တော်သည် ဧကန်ရှိပါပေ၏။ ရာဇဂြိုဟ်နေပြည်တော်၌ ကမ္ဗလာလက်ဆောင်ထက် လွန်မြတ်သော လက်ဆောင်ပဏ္ဏာရှိပါသော်လည်း စင်စစ်မှာ ထိုဗိမ္ဗိသာရမင်းအား သောတာပန်ဖြစ်သောအခါမှစ၍ သုံးပါးကုန်သော ဘုရား,တရား,သံဃာဟု ဆိုအပ်သော

ရတနာတို့ကိုထား၍ ဝမ်းမြောက်ခြင်း 'သောမနဿ'ကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သည့်မည်သော တပါးသော ရတနာမည်သည် မရှိပေ။

**လက်ဆောင်ရတနာများပို့ရန် ရွေးချယ်ခြင်း။** ။ထိုဘုရား, တရား, သံဃာဟုဆိုအပ်သော ရတနာတို့ကို ရွေးချယ်ခြင်းငှါ အကြံဖြစ်တော်မူပေ၏။ ရတနာမည်သည်ကား သဝိညာဏက (အသက်ရှိ) ရတနာ၊ အဝိညာဏက (အသက်မဲ့) ရတနာဟူ၍ နှစ်ပါးအပြား ရှိ၏။ ထိုရတနာနှစ်ပါးတို့တွင် ရွှေ, ငွေ အစရှိသည်သည် အဝိညာဏက ရတနာမည်၏။ စက္ကုစသော ဣန္ဒြေနှင့်စပ်သော သတ္တဝါသည် သဝိညာဏက ရတနာမည်၏။ အဝိညာဏက ရတနာသည်ကား သဝိညာဏက ရတနာ၏သာလျှင် အသုံးအဆောင်ဖြစ်၏။ ဤသို့ နှစ်ပါးကုန်သော ရတနာတို့တွင် သဝိညာဏကရတနာသည်သာ မြတ်ပါပေ၏။

**မနုဿရတနာမြတ်ပုံ။** ။ထိုသဝိညာဏကရတနာသည်လည်း တိရစ္ဆာနရတနာ, မနုဿရတနာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဆင်ရတနာ, မြင်းရတနာသည် တိရစ္ဆာနရတနာမည်၏။ ထိုတိရစ္ဆာနရတနာသည်လည်း လူတို့၏သုံးဆောင်ခြင်းအကျိုးငှါသာလျှင်ဖြစ်ခဲ့ပေ၏။ ဤသို့ နှစ်ပါးကုန်သော ရတနာတို့တွင်လည်း မနုဿရတနာသည်သာ မြတ်ပါပေ၏။

**ယောကျ်ားရတနာမြတ်ပုံ။** ။မနုဿရတနာ သည်လည်း မိန်းမ ရတနာ, ယောကျ်ားရတနာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် စကြာရတနာကို လည်စေတတ်သော မင်းအားဖြစ်သော မိန်းမ ရတနာသည်လည်း ယောကျ်ားရတနာ၏သာလျှင် အသုံးအဆောင်ဖြစ်ပေ၏။ ဤသို့ နှစ်ပါးကုန်သော ရတနာတို့တွင်လည်း ယောကျ်ားရတနာသည်သာလျှင် မြတ်ပါပေ၏။

**ရဟန်းရတနာမြတ်ပုံ။** ။ပုရိသရတနာ သည်လည်း (အဂါရိယ) လူရတနာ, (အနဂါရိယ) ရဟန်းရတနာဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် လူရတနာသည်လည်း စကြာရတနာကို လည်စေတတ်သော မင်းသည် ယနေ့ရှင်ပြုသော သာမဏေကို ငါးပါးသော တည်ခြင်းဖြင့် ရှိခိုးရ၏။ ဤသို့ နှစ်ပါးကုန်သော ရတနာတို့တွင်လည်း အနဂါရိယရတနာသည်သာလျှင် မြတ်ပါပေ၏။

**အသေက္ခရတနာမြတ်ပုံ။** ။အနဂါရိယ ရတနာသည်လည်း သေက္ခရတနာ, အသေက္ခရတနာဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် သေက္ခရတနာတို့၏ တသိန်းသည်လည်း အသေက္ခရတနာ၏ ဂုဏ်အား

ဖြင့် တပိတ်ကို မမှီနိုင်၊ ဤသို့ နှစ်ပါးကုန်သော ရတနာတို့တွင် အသေက္ခရတနာသည်သာလျှင် အမြတ်ဆုံးပေတည်း။

**ဗုဒ္ဓရတနာမြတ်ပုံ။** ။ထိုအသေက္ခရတနာသည်လည်း ဗုဒ္ဓရတနာ, သာဝကရတနာဟူ၍နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် သာဝကရတနာတို့၏ တသိန်းသည်လည်း ဗုဒ္ဓရတနာ၏ဂုဏ်အားဖြင့် တပိတ်ကို မမှီနိုင်။ ဤသို့ နှစ်ပါးကုန်သော ရတနာတို့တွင်လည်း ဗုဒ္ဓရတနာသည်သာလျှင် အမြတ်ဆုံး ဖြစ်ပါပေ၏။

ဗုဒ္ဓရတနမ္ပိ ဒုဝိဓံ ပစ္စေကဗုဒ္ဓရတနံ သဗ္ဗညုဗုဒ္ဓရတနန္တိ။ တတ္ထ သတသဟဿမ္ပိ ပစ္စေကဗုဒ္ဓါနံ သဗ္ဗညုဗုဒ္ဓဿ ပဒေသံ န ပါပုဏာတိ။

ဣတိ ဧဝမ္ပိ ဒွိသု သဗ္ဗညုဗုဒ္ဓရတနံယေဝ သေဋ္ဌံ။ သဒေဝကသ္မိံ ဟိ လောကေ ဗုဒ္ဓရတနသမံ ရတနံ နာမ နတ္ထိ (ဥပရိပဏ္ဏာသဋ္ဌကထာ၊ ဝေတုဝိဘင်္ဂသုတ် ၁၉၇)

ဗုဒ္ဓရတနမ္ပိ၊ ဗုဒ္ဓရတနာသည်လည်း။ ပစ္စေကဗုဒ္ဓရတနံ၊ ပစ္စေကဗုဒ္ဓရတနာရှင်း။ သဗ္ဗညုဗုဒ္ဓရတနံ၊ သဗ္ဗညုဗုဒ္ဓရတနာရှင်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏။ တတ္ထ၊ ထိုနှစ်ပါးသော ရတနာတို့တွင်။ ပစ္စေကဗုဒ္ဓါနံ၊ ပစ္စေကဗုဒ္ဓါတို့၏။ သတသဟဿမ္ပိ၊ တသိန်းသည်လည်း။ သဗ္ဗညုဗုဒ္ဓဿ၊ သဗ္ဗညုဗုဒ္ဓဘုရားကိုယ်တော်မြတ်၏။ ပဒေသံ၊ ဂုဏ်အားဖြင့် တစိတ်ကို။ န ပါပုဏာတိ၊ မမှီနိုင်။

ဣတိ၊ ဤသို့။ ဒွိသု၊ နှစ်ပါးကုန်သော။ ဧဝမ္ပိ၊ ဤပစ္စေကဗုဒ္ဓရတနာ, သဗ္ဗညုဗုဒ္ဓရတနာတို့တွင်လည်း။ သဗ္ဗညုဗုဒ္ဓရတနံယေဝ၊ သဗ္ဗညုဗုဒ္ဓရတနာသည်သာလျှင်။ သေဋ္ဌံ၊ မြတ်ပါပေ၏။ ဟိ၊ သစ္စံ၊ မှန်ပါပေ၏။ သဒေဝကသ္မိံ၊ နတ်နှင့်တကွသော။ လောကေ၊ သတ္တလောက၌။ ဗုဒ္ဓရတနသမံ၊ ဘုရားရတနာနှင့် တူသော။ ရတနံ နာမ၊ ရတနာမည်သည်။ နတ္ထိ၊ မရှိတော့ပေပြီ။

**သဗ္ဗညုဗုဒ္ဓရတနာမြတ်ပုံ။** ။ဗုဒ္ဓရတနာသည်လည်း ပစ္စေကဗုဒ္ဓရတနာ, သဗ္ဗညုဗုဒ္ဓရတနာဟူ၍ နှစ်ပါး အပြားရှိ၏။ ထို နှစ်ပါးတို့တွင် ပစ္စေကဗုဒ္ဓါတို့၏ တသိန်းသည်လည်း သဗ္ဗညုဗုဒ္ဓဘုရားရှင်၏ ဂုဏ်အားဖြင့် တစိတ်ကို မမှီနိုင်။ ဤသို့ နှစ်ပါးကုန်သော ရတနာတို့တွင်လည်း သဗ္ဗညုဗုဒ္ဓရတနာသည်သာလျှင် အမြတ်ဆုံးဖြစ်ပေ၏။ နတ်နှင့်တကွသော သတ္တလောက၌ ဘုရားရတနာနှင့်တူသော ရတနာမည်သည် မရှိပေ။

**ရတနာသုံးပါး ရှိ, မရှိ အမတ်များကိုမေးမြန်းခြင်း။** ။ဤကြောင့် အတုမရှိသည်သာလျှင်ဖြစ်သော ရတနာကို တက္ကသိုလ်နေပြည်တော်သို့ ငါ၏ အဆွေတော်ဖြစ်သော ပုက္ကုသာတိမင်း

အား ပို့သစေလွှတ်အံ့ဟုကြံ၍ တက္ကသိုလ်မြို့တော်၌ နေကုန်သော အမတ်တို့ကို မေးတော်မူ၏ "အချင်းအမတ်တို့ သင်အမတ်တို့၏ ဇနပုဒ်၌ ဘုရားရတနာ, တရားရတနာ, သံဃာရတနာဟူ၍ သုံးပါးကုန်သော ရတနာတို့သည် ရှိကုန်၏လော"ဟု မေးတော်မူ၏။ မြတ်သော မင်းကြီး ထိုဗုဒ္ဓ, ဓမ္မ, သံဃဟူသော အသံမျှကိုလည်း ထိုအကျွန်ုပ်တို့နေရာ တက္ကသိုလ်မြို့တော်၌ မရှိပါ၊ ဖူးမြင်ရခြင်းသည်ကား အဘယ်မှာ ရှိပါအံ့နည်းဟု သံတော်ဦး တင်ကုန်၏။

"အချင်း အမတ်တို့ ကောင်းပေပြီ"ဟု ဆို၍ ဗိမ္ဗိသာရမင်းမြတ်သည် နှစ်သက်သည်ဖြစ်၍ ကြံစည်အောက်မေ့ပုံကား "လူတို့ကို ချီးမြှောက် သင်္ဂြိုဟ်ခြင်းငှါ ငါ၏ အဆွေတော်ဖြစ်သော ပုက္ကုသာတိမင်း၏ နေရာဖြစ်သော တက္ကသိုလ်မြို့တော်သို့ မြတ်စွာဘုရားကို ပင့်ဆောင်အပ်ပါသော်လည်း မြတ်စွာဘုရားတို့သည် အစွန်ဖြစ်သော ပစ္စန္တရစ် ဇနပုဒ်တို့၌ အရုဏ်ကို မတက်စေကုန်။ ထို့ကြောင့် မြတ်စွာဘုရားသည် ကြွတော်မူခြင်းငှါ မတတ်ကောင်း။ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလ္လာန် အစရှိကုန်သော မဟာသာဝကတို့ကို ပင့်ဆောင်ခြင်းငှါ တတ်ကောင်းပါသော်လည်း ငါဗိမ္ဗိသာရမင်းသည် မဟာသာဝကထေရ်တို့သည်ကား ပစ္စန္တရစ်၌ သီတင်းသုံး နေတော်မူကြကုန်၏။ ဤသို့သော စကားကို ကြားပါသော်လည်း လူတို့ကို စေလွှတ်ပြီးမှ ထိုမဟာသာဝကထေရ်တို့ကို ငါဗိမ္ဗိသာရမင်းမြတ်က ပင့်ဆောင်စေ၍ လုပ်ကျွေးခြင်းငှါသာလျှင် သင့်မြတ်၏။ ထို့ကြောင့် မဟာသာဝကတို့သည်လည်း ကြွတော်မူခြင်းငှါ မတတ်ကောင်းကုန်။

အကြင်လက်ဆောင်ပဏ္ဏာကာရဖြင့် သတင်းစကားကို စေလွှတ်အပ်ပါသည် ရှိသော် မြတ်စွာဘုရားသည်ငှင်း, မဟာသာဝကတို့သည်ငှင်း သွားကုန်သကဲ့သို့ ဖြစ်ကုန်၏။ ထိုသို့သော အကြောင်းကြောင့် သတင်းစကားကိုသာလျှင် စေလွှတ်တော့အံ့ဟု အကြံဖြစ်တော်မူ၏။

## ရတနာရွှေပေလွှာ ပို့ပုံအစီအစဉ်

အကြံဖြစ်တော်မူပြီး၍ အလျား လေးတောင် အနံတထွာအရှည်ရှိသော မပါးလွန်း မထူလွန်းသော ရွှေပြားကို ပြုလုပ်စေ၍ "ထိုရွှေပြား၌ အက္ခရာတို့ကို ရေးသားပေအံ့"ဟု နံနက် စောစောကသာလျှင် ဦးခေါင်းကို ဆေးလျှော်၍ ဥပုသ်သီတင်းကို ဆောက်တည်ကာ နံနက်စာ စားပြီးသည်ရှိသော် ပယ်ချွတ်အပ်ပြီးသော နံ့သာပန်း တန်းဆာရှိသည်ဖြစ်၍ ရွှေခွက်ဖြင့် ဟိန်ဂုံးစစ် (ဟင်္သပဒါး)ကိုယူ၍ အောက်ဆုံးတံခါးမှစ၍ တံခါးတို့ကို အစဉ်အတိုင်း ပိတ်လျက် ပြာသာဒ်ထက်သို့တက်၍ အရှေ့အရပ်ကိုမျက်နှာမူလျက် ခြသေ့ံခံသော လေသာတံခါးတို့ကို ဖွင့်လှစ်၍ ဟင်းလင်းအပြင်၌ ထိုင်နေ၍ ရွှေပြား၌ အက္ခရာတို့ကို ရေးလေ၏။

"ဣဓ တထာဂတော လောကေ ဥပ္ပန္နော အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသ ဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ"တိ ဗုဒ္ဓဂုဏေ တာဝ ဧကဒေသေန လိခိ။ (ဥပရိပဏ္ဏာသအဋ္ဌကထာ ခါတုဝိဘင်္ဂသုတ်-၁၉၈။)

ဣဓ တထာဂတော လောကေ ဥပ္ပန္နော အရဟံ သမ္မာသမ္ဗုဒ္ဓေါ ။ပ။ ဗုဒ္ဓေါ ဘဂဝါတိ၊ ဗုဒ္ဓေါ ဘဂဝါဟူ၍။ ဗုဒ္ဓဂုဏေ၊ ဘုရားရှင်၏ ဂုဏ်တော်တို့ကို။ တာဝ၊ ရှေးဦးစွာ။ ဧကဒေသေန၊ တစိတ်အားဖြင့်။ လိခိ၊ ရေးလေပြီ။

ဣဓ လောကေ၊ ဤသြကာသလောက၌။ အရဟံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ သစ္စာလေးပါး တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသော။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏ တဆယ့်ငါးပါးတို့နှင့်ပြည့်စုံတော်မူသော။ သုဂတော၊ ကောင်းသော စကားကို ဆိုတော်မူတတ်သော။ လောကဝိဒူ၊ လောကသုံးပါးကို သိတော်မူသော။ အနုတ္တရော၊ အတုမရှိ။ ပုရိသဒမ္မသာရထိ၊ လူယောကျ်ား နတ်ယောကျ်ား တိရစ္ဆာန်ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ သတ္ထာ၊ ဆရာဖြစ်တော်မူသော။ ဗုဒ္ဓေါ၊ အလုံးစုံသော ဥေယျဓမ်တရားတို့ကို သိတော်မူသော။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ တထာဂတော၊ မြတ်စွာဘုရားသည်။ ဥပ္ပန္နော၊ ပွင့်ထွန်းပေါ် ပေါက်တော်မူလေပြီ။

ဘုရားဂုဏ်တော်တို့ကို တစိတ်အားဖြင့် ရေးသားပြီ။

(က) ဤသို့လျှင် ပူဇော်အထူးကို ခံတော်မူထိုက်သော အရဟံဟူသော ဂုဏ်တော်။

(ခ) သစ္စာလေးပါးတရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသော သမ္မာသမ္ဗုဒ္ဓေါဟူသော ဂုဏ်တော်။

(ဂ) ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏ တဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော ဝိဇ္ဇာစရဏ သမ္ပန္နော ဟူသော ဂုဏ်တော်။

(ဃ) ကောင်းသောစကားကို ဆိုတော်မူတတ်သော သုဂတော ဟူသော ဂုဏ်တော်။

(င) လောကသုံးပါးကို သိတော်မူသော လောကဝိဒူ ဟူသောဂုဏ်တော်။

(စ) မယဉ်ကျေးသော လူယောကျ်ား နတ်ယောကျ်ား တိရစ္ဆာန်ယောကျ်ားတို့ကို အတုမရှိ ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော အနုတ္တရော ပုရိသ ဒမ္မသာရထိ ဟူသော ဂုဏ်တော်။

(သ) နတ် လူ ဗြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော သတ္ထာ ဒေဝ-
မနုဿာနံဟူသော ဂုဏ်တော်။

(ဗ) အလုံးစုံသော သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်ဟုဆိုအပ်
သော ဉေယျဓမ် တရားငါးပါးတို့ကို မိမိကိုယ်တိုင်လည်း
သိတော်မူ၍ သူတပါးတို့ကိုလည်း သိစေတော်မူတတ်သော
ဗုဒ္ဓေါဟူသော ဂုဏ်တော်။

(ဘ) ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ဘဂဝါ ဟူသော
ဂုဏ်တော်။

ဤဂုဏ်တော် ကိုးဖြာ ပြည့်စုံစွာဖြင့် ပွင့်ကွန်း ပေါ် ပေါက်တော်မူလာပေ၏။

**ဘုရားရှင်ပွင့်တော်မူလာပုံအကြောင်း။** ။ထိုနောက်မှ ဤသို့ ဆယ်ပါးသော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူ၍ တုသိတာ နတ်ရွာမှ စုတေခဲ့၍ မယ်တော်မာယာ၏ ဝမ်း၌ ပဋိသန္ဓေကို ယူပြီ၊ ဤသို့ လောက၏ ဖွင့်ခြင်းသည် ဖြစ်ပြီ၊ မယ်တော်မာယာ၏ဝမ်း၌ ကိန်းအောင်းဆဲသောအခါ၌ ဤမည်သော ဟန်းခိုးပြာဋိဟာသည် ဖြစ်ခဲ့လေပြီ၊ လူ၏ဘောင်၌နေသောအခါ ဤမည်သော စည်းစိမ်သည် ဖြစ်ခဲ့ပေပြီ၊ ဤသို့ မြတ်သော တောထွက်ခြင်းကို တောထွက်သော ဘုရားအလောင်းတော်သည် ဤသို့ ပြင်းစွာသော အားထုတ်ခြင်းကို အားထုတ်ခဲ့ပြီ၊ ဤသို့ ပြုနိုင်ခဲသော အမှုကို ပြုတော်မူ၍ မဟာဗောဓိမဏ္ဍိုင်သို့ တက်တော်မူလျက် အပရာဇိတ ပလ္လင်ထက်၌ ထိုင်နေတော်မူသော မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိတော်မူပြီ၊ သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိတော်မူပြီးသော မြတ်စွာဘုရားအား ဤသို့ လောကသုံးပါး၌ အပိတ်အပင်မရှိသည် ဖြစ်ခဲ့ပေပြီ၊ နတ်နှင့်တကွသော လောက၌ ဘုရား ရတနာမှ တပါးသော ဤသို့ သဘောရှိသော ရတနာမည်သည် မရှိဟု ဤသို့ ရေးသားလိုက်ပေပြီ။

> ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
> သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
> န နော သမံ အတ္ထိ တထာဂတေန၊
> ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
> ဧတေန သစ္စေန သုဝတ္ထိ ဟောတု–ဟု ရေးသားပေပြီ။

ဣဓ ဝါ၊ ဤမနုဿဘုံ၌ရင်း။ ဟုရံ ဝါ၊ နဂါးပြည် ဂဠုန်ပြည်၌ရင်း။ သဂ္ဂေသု ဝါ၊ နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ရင်း။ ယံကိဉ္စိ၊ အလုံးစုံသော။ ဝိတ္တံ၊ နှစ်သက်အပ်သော။ ပဏီတံ၊ မြတ်သော။ ယံ ရတနံ၊ အကြင် ရွှေ ငွေ ပုလဲ ပတ္တမြား

အစရှိသော ရတနာသည်။ အတ္ထိ၊ အဟုန်ပင် ရှိခဲ့ပါပေ၏။ တေသု၊ ထိုရတနာ တို့တွင်။ တထာဂတေန၊ မြတ်စွာဘုရားနှင့်။ သမံ၊ တူသော ရတနာသည်။ န နော ဝေ နတ္ထိ၊ မရှိသည်သာလျှင်တည်း။ ဣဒမ္ပိ ဗုဒ္ဓေ=အယံပိ ဗုဒ္ဓေ၊ ဤ မြတ်စွာဘုရားသည်လည်း။ ပဏီတံ=ပဏီတော၊ မြတ်သော။ ရတနံ၊ ရတနာ မည်ပါပေ၏။ ဧတေန သစ္စေန၊ ဤသို့ မှန်ကန်တည့်မြတ်စွာ ဆိုအပ်သော သစ္စာ စကားကြောင့်။ သုဝတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

**အမြတ်ဆုံး ဘုရားရတနာ မှန်ကန်ကြောင်း သစ္စာအဓိဋ္ဌာန်** ဤ မနုဿဘုံ၌ရှင်း နဂါးပြည် ဂဠုန်ပြည် ၌ရှင်း နတ်ပြည် ဗြဟ္မာ့ပြည်တို့၌ရှင်း အလုံးစုံသော နှစ်သက်အပ်သော မြတ်သော အကြင် ရွှေ ငွေ ပုလဲ ပတ္တမြား အစရှိသော ရတနာသည် ရှိ၏၊ ထိုရတနာ တို့တွင် မြတ်စွာဘုရားနှင့် တူမျှသော ရတနာသည် မရှိသည်သာလျှင်တည်း၊ ဤမြတ်စွာဘုရားသည်လည်း မြတ်သော ရတနာ မည်၏၊ ဤသို့ မှန်ကန်သော စကားကို ဆိုခြင်းကြောင့် ချမ်းသာခြင်းသည် ဖြစ်ပါစေသတည်းဟု ဤသို့ တစိတ်အားဖြင့် ဘုရားဂုဏ်တော်တို့ကိုလည်း ရေးသားပြီး၍ နှစ်ကြိမ်မြောက် ဓမ္မရတနာကို ချီးမွမ်းလိုသော ဗိမ္ဗိသာရမင်းသည်—

**တရားရတနာ ပို့ပုံ အစီအစဉ်။** ။"သွာက္ခာတော ဘဂဝတာ ဓမ္မော။ပ။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ" ဟူ၍ ရေးသားပြီး။

(က) လေးပါးကုန်သော သတိပဋ္ဌာန်၊

(ခ) လေးပါးကုန်သော သမ္မပ္ပဓာန်၊

(ဂ) လေးပါးကုန်သော ဣဒ္ဓိပါဒ်၊

(ဃ) ငါးပါးကုန်သော ဣန္ဒြေ၊

(င) ငါးပါးကုန်သော ဗိုလ်၊

(စ) ခုနစ်ပါးကုန်သော ဗောဇ္ဈင်၊

(ဆ) ရှစ်ပါးကုန်သော မဂ္ဂင်ဟူ၍—

မြတ်စွာဘုရားသည် ဟောတော်မူအပ်သော တရားမည်သည် ဤသို့သဘော ရှိသည်လည်း ဖြစ်ပေ၏။ ဤသို့ သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယတရား တို့ကို တစိတ်အားဖြင့် ရေးသား၍—

ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ မာနန္တရိ ကညမာဟု။

သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု-ဟု ရေးသားပေပြီ။

ဗုဒ္ဓသေဋ္ဌော၊ ဘုရားမြတ်စွာသည်။ သုစိံ၊ ကိလေသာတည်းဟူသော အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်သော။ ယံ သမာဓိံ၊ အကြင် မဂ်ဟု ဆိုအပ်သော သမာဓိကို။ ပရိဝဏ္ဏယီ၊ ချီးမွမ်းတော်မူပြီ။ တံ သမာဓိံ၊ ထိုမဂ်ဟု ဆိုအပ်သော သမာဓိကို။ အနန္တရိကံ၊ မိမိ၏ အခြားမဲ့၌ အကျိုးပေးခြင်းရှိ၏ ဟူ၍။ အာဟု၊ ဘုရားအစရှိသော သူတော်ကောင်းအပေါင်းတို့သည် ဟောတော်မူကြပေကုန်၏။ တေန သမာဓိနာ၊ ထိုမြတ်စွာဘုရားသည် ချီးမွမ်းအပ်သော စင်ကြယ်သော မိမိ၏ အခြားမဲ့၌ မြဲသောအားဖြင့် အကျိုးပေးတတ်သော မဂ် သမာဓိနှင့်။ သမော၊ တူမျှသော ရူပါဝစရသမာဓိ အရူပါဝစရသမာဓိသည်။ န ဝိဇ္ဇတိ၊ အမှန်ပင် မရှိခဲ့ပါပေ။ ဣဒမ္ပိ ဓမ္မေ=အယမ္ပိ ဓမ္မော၊ ဤမဂ်ဟု ဆိုအပ်သော သမာဓိတရားသည်လည်း။ ပဏီတံ=ပဏီတော၊ မြတ်ပေသော။ ရတနံ၊ ရတနာမည်ပါပေ၏။ ဧတေန သစ္စေန၊ ဤသို့ မှန်ကန်တည့်မတ်စွာ ဆိုအပ်သော သစ္စာစကားကြောင့်။ သုဝတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေ သတည်း။

အမြတ်ဆုံး တရားရတနာ မှန်ကန်ကြောင်း သစ္စာအဓိဋ္ဌာန်

ဘုရားမြတ်သည် ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်သော အကြင်မဂ်ဟု ဆိုအပ်သော သမာဓိကို ချီးမွမ်းတော်မူပြီ၊ မဂ်ဟု ဆိုအပ်သော သမာဓိကို မိမိ၏ အခြားမဲ့၌ အကျိုးပေးခြင်း ရှိ၏ဟူ၍ ဘုရားအစရှိသော သူတော်ကောင်းတို့သည် ဟောတော်မူအပ်ကုန်၏။ ထိုမြတ်စွာ ဘုရားသည် ချီးမွမ်းတော်မူအပ်သော စင်ကြယ်သော မိမိ၏ အခြားမဲ့၌ မြဲသော အားဖြင့် အကျိုးပေးတတ်သော မဂ်သမာဓိနှင့်တူသော ရူပါဝစရသမာဓိ အရူပါဝစရသမာဓိသည် မရှိပေ။ ဤမဂ်ဟု ဆိုအပ်သော သမာဓိတရားသည် လည်း မြတ်သော ရတနာမည်၏၊ ဤသို့ မှန်ကန်သော စကားကို ဆိုရခြင်း ကြောင့် ချမ်းသာခြင်းသည် ဖြစ်စေသတည်း။

ဤသို့ တစိတ်အားဖြင့် တရားတော်၏ ဂုဏ်တော်တို့ကို ရေးသားပြီး၍ သုံးကြိမ်မြောက် သံဃာတော်ရတနာကို ချီးမွမ်းလိုသော ဗိမ္ဗိသာရမင်းမြတ် သည်—

သံဃာရတနာဘွဲ့ရန်အစီအစဉ်။ ။“သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော ။ပ။ ပုညက္ခေတ္တံ လောကဿ”ဟူ၍ ရေးသား ပေပြီ။ ဧာတိကုလပုတ္တတို့မည်သည်ကား မြတ်စွာဘုရားရှင်၏ တရားစကားကို

ကြားနာရ၍သာလျှင် တောထွက်၍ ရှင်ရဟန်းပြုကြကုန်၏၊ အချို့သော အမျိုးကောင်းသားတို့သည်သာလျှင် ထီးဖြူကိုစွန့်ပစ်၍ ရှင်ရဟန်းပြုကြကုန်၏၊ အချို့သော အမျိုးကောင်း သားတို့သည် အိမ်ရှေ့မင်း၏ အဖြစ်ကို၊ အချို့သော အမျိုးကောင်း သားတို့သည် စစ်သူကြီး၏ အရာ အစရှိသည်တို့ကို စွန့်ပစ်၍ ရှင်ရဟန်းပြုကြကုန်၏။

**ကျင့်အပ်သောသီလကိုပြဆိုခဏ်း။** ။ရှင်ရဟန်းပြုပြီးသော ပုဂ္ဂိုလ်သည်လည်း ဤဆိုလတ္တံ့သော စူဠသီလ, မဇ္ဈိမသီလ, မဟာသီလဟု ဆိုအပ်သော သီလကိုဖြည့်ကုန်၏။ ဤသို့ စူဠသီလ, မဇ္ဈိမသီလ, မဟာသီလတို့ကို တစိတ်အားဖြင့်ရေး၍ ဒွါရခြောက်ပါးတို့၌ လုံခြုံအောင် စောင့်ရှောက်ခြင်းကိုရင်း သတိပညာကိုရင်း ပစ္စည်းလေးပါးတို့၌ တဆယ့် နှစ်ပါး အပြားရှိသော ရောင့်ရဲခြင်းကိုရင်း ကိုးပါးအပြားရှိသော အရည်ရုက္ခမူလအစ ရှိသော ကျောင်းကိုရင်း နီဝရဏပယ်ခြင်းကို ဟောရာဖြစ်သော စကားကိုရင်း ကသိုဏ်း ပရိကံကိုရင်း ဈာန် အဘိညာဏ်ကိုရင်း သုံးဆယ့်ရှစ်ပါးသော ကမ္မဋ္ဌာန်းတို့ကိုရင်း အရဟတ္တမဂ်တိုင်အောင် တစိတ်အားဖြင့် ရေးသားလေပြီ။ တဆယ့်ခြောက်ပါးအပြားရှိသော အာနာပါနဿတိကမ္မဋ္ဌာန်းကို အကျယ်အားဖြင့်သာလျှင် ရေးသားလေပြီး၍ "မြတ်စွာဘုရား၏ တပည့်ဖြစ်သော သံဃာမည်သည်ကား ဤသို့သဘောရှိကုန်သော ဂုဏ်တို့နှင့်လည်း ပြည့်စုံကြပေ၏။

ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသဋ္ဌာ၊
စတ္တာရိ တောနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု"–ဟူ၍ ရေးသားပြန်လေပြီ။

အဋ္ဌ၊ ရှစ်ယောက်ကုန်သော။ ယေ ပုဂ္ဂလာ၊ အကြင်အရိယာပုဂ္ဂိုလ်တို့ကို။ သတံ=သပ္ပုရိသေဟိ၊ သူတော်ကောင်းတို့သည်။ ပသဋ္ဌာ၊ ချီးမွမ်းအပ်ကုန်၏။ တောနိ ယုဂါနိ၊ ဤအရိယာပုဂ္ဂိုလ် အစုံတို့သည်။ စတ္တာရိ၊ လေးစုံတို့သည်။ ဟောန္တိ၊ ဖြစ်ခဲ့ပေကုန်၏။ တေ ပုဂ္ဂလာ၊ ထိုရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့သည်။ ဒက္ခိဏေယျာ၊ မြတ်သောအလှူကိုခံထိုက်ကုန်၏။ သုဂတဿ၊ မြတ်စွာဘုရား၏။ သာဝကာ၊ တပည့်ဖြစ်ကုန်၏။ ဧတေသု၊ ထိုမြတ်စွာဘုရား၏ တပည့်သားတို့၌။ ဒိန္နာနိ၊ လှူအပ်ကုန်သော အလှူတို့သည်။ မဟပ္ဖလာနိ၊ များသော အကျိုးရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ခဲ့ပေကုန်၏။ ဣဒမ္ပိ သံဃေ=အယမ္ပိ သံဃော၊ ဤသံဃာတော်သည်လည်း။ ပဏီတံ=ပဏီတော၊ မြတ်သော။ ရတနံ၊ ရတနာ

မည်ပါပေ၏။ ဧတေန သစ္စေန၊ ဤသို့ မှန်ကန် တည့်မတ်သော သစ္စာစကားကြောင့်။ သုဝတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

**အမြတ်ဆုံးသံဃာရတနာ မှန်ကန်ကြောင်း သစ္စာအဓိဋ္ဌာန်**

ရှစ်ယောက် ကုန်သော အရိယာပုဂ္ဂိုလ် တို့ကို သူတော်ကောင်းတို့ ချီးမွမ်းအပ်ကုန်၏။ ဤအရိယာပုဂ္ဂိုလ်အစုံတို့သည် လေးစုံတို့သည် ဖြစ်ကုန်၏။ ထိုရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့သည် မြတ်သော အလှူကို ခံကုန်၏၊ မြတ်စွာဘုရား၏ တပည့်ဖြစ်ကုန်၏။ ထိုမြတ်စွာဘုရား၏တပည့်တို့၌ လှူအပ်ကုန်သော အလှူတို့သည် များသော အကျိုးရှိကုန်၏။ ဤသံဃာတော်သည်လည်း မြတ်သော ရတနာမည်၏။ ဤသို့ မှန်သောသစ္စာစကားကြောင့် ချမ်းသာခြင်းသည် ဖြစ်စေသတည်း။

ဤသို့ တစိတ်အားဖြင့် သံဃာတော်၏ ဂုဏ်ကျေးဇူးတော်တို့ကို ရေးသားပြီး၍ မြတ်စွာဘုရား၏ ပရိယတ္တိသာသနာတော်ကို ကောင်းစွာ ဟောတော်မူအပ်၏။ ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာသည် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်၏။ ငါ ဗိမ္ဗိသာရမင်းမြတ်၏ အဆွေတော်ဖြစ်သော ပုက္ကုသာတိမင်းသည် အကယ်၍ စွမ်းနိုင်သည်ရှိသော် လူ့ဘောင်မှ ထွက်၍ ရဟန်းပြုစေသတည်း ဟု ရေး၍—

**သဝန်လွှာစာတမ်းကို ကြုတ်အမျိုးမျိုးဖြင့် ထည့်ခြင်း။**

။ရွှေပြားကို ခေါက်လိပ်လျက် သိမ်မွေ့သော ကမ္ဗလာဖြင့် ရစ်ပတ်ပြီး စန္ဒကူးနှစ်ဖြင့်ပြီးသော တံတင်း (သေတ္တာ)၌ ထည့်သွင်းကာ ထိုတံတင်းကို ရွှေဖြင့်ပြီးသော တံတင်း၌ထည့်သွင်း၍ ရွှေဖြင့်ပြီးသော တံတင်းကို ငွေဖြင့်ပြီးသောတံတင်း၌ ထည့်သွင်း၍ ငွေဖြင့်ပြီးသော တံတင်းကို ပတ္တမြားဖြင့်ပြီးသောတံတင်း၌ ထည့်သွင်း၍ ပတ္တမြားဖြင့်ပြီးသော တံတင်းကို သန္တာဖြင့်ပြီးသော တံတင်း၌ ထည့်သွင်း၍ သန္တာဖြင့်ပြီးသော တံတင်းကို ပတ္တမြားနီဖြင့်ပြီးသော တံတင်း၌ ထည့်သွင်း၍ ပတ္တမြားနီဖြင့်ပြီးသောတံတင်းကို ပတ္တမြားပြောက်ဖြင့်ပြီးသော တံတင်း၌ ထည့်သွင်း၍ ပတ္တမြားပြောက်ဖြင့်ပြီးသော တံတင်းကို ဖလ်ဖြင့်ပြီးသောတံတင်း၌ ထည့်သွင်း၍ ဖလ်ဖြင့်ပြီးသောတံတင်းကို ဆင်စွယ်ဖြင့် ပြီးသောတံတင်း၌ ထည့်သွင်း၍ ဆင်စွယ်ဖြင့်ပြီးသော တံတင်းကို အလုံးစုံသော ရတနာဖြင့်ပြီးသောတံတင်း၌ ထည့်သွင်း၍ အလုံးစုံသောရတနာဖြင့် ပြီးသောတံတင်းကို အထူးထူးသော အာရုံတို့ဖြင့်ဆန်းကြယ်သော ရတနာတို့ဖြင့် မွမ်းယှက်အပ်သော နှီးဖြင့် ပြီးသော တံတင်း၌ ထည့်သွင်း၍ နှီးဖြင့်ပြီးသော တံတင်းကို စန္ဒကူးနှစ်ဖြင့်ပြုအပ်သော ကြုတ်၌ ထားပြီ။

တဖန် စန္ဒကူးနှစ်ဖြင့် ပြုအပ်သောကြုတ်ကို ရွှေဖြင့်ပြီးသောကြုတ်၌ ဤသို့ ရေးနည်းအတိုင်းသာလျှင် ဆောင်ပြန်၍ အလုံးစုံရတနာဖြင့်ပြီးသော ပခြုပ်ကို နှီးဖြင့်ပြီးသောပခြုပ်၌ ထားပြန်ပြီ၊ ထို့နောက်မှ နှီးဖြင့်ပြီးသောပခြုပ်ကို စန္ဒကူး နှစ်ဖြင့်ပြီးသောပခြုပ်၌ ထားပြန်၏။

**သင်္ဂန်လှူဘွဲ့ရာ၌ စီမံပုံ။** ။ဤသို့ တဖန် ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် ဆောင်ပြန်၍ အလုံးစုံရတနာဖြင့်ပြီးသော ပခြုပ်ကို နှီးဖြင့်ပြီးသောပခြုပ်၌ ထားပြန်၍ အပ၌ ဒုဝတ်ဖြင့်ရစ်ပတ်၍ မင်းမြတ်တံဆိပ် ခပ်နှိပ်၍ အမတ်တို့ကို စေ၏။ အဘယ်သို့ စေသနည်း "ငါ ဗိမ္ဗိသာရမင်းမြတ်၏ အာဏာနှံ့ရာအရပ်၌ ခရီးကို တန်းဆာဆင်ကုန်လော့၊ ခရီးသည် ရှစ်ဥသဘ အပြန့်ကျယ်သည် ဖြစ်စေလော့၊ လေးဥသဘရှိသော အရပ်သည် မြက်ကိုပယ် ခြင်း ခြုံကိုပယ်ခြင်း တံမြက်လှည်းခြင်း အစရှိသည်ဖြင့် သုတ်သင်ကာမျှသည် သာလျှင် ဖြစ်စေလော့၊ အလယ်၌ လေးဥသဘ ကျယ်သောအရပ်ကို မင်း၏ အာနုဘော်ဖြင့် စီရင်ကုန်လော့"ဟု ဤသို့ စေ၏။

ထို့နောက်မှ မင်္ဂလာရှိသောဆင်တော်ကို တန်းဆာဆင်စေ၍ ထိုမင်္ဂလာ ဆင်တော်၏အထက်၌ ပလ္လင်ကိုခင်းစေ၍ ထီးဖြူကိုစိုက်ဆောက်လျက် မြို့ခရီး တို့ကို ဆန်းကြယ်စွာ ညီညွတ်သည်၏အဖြစ်ကိုရင်း စိုက်ဆောက်အပ်သော တံခွန် ကုက္ကား မင်္ဂလေးပွါးရှိသည်တို့ကိုရင်း ငှက်ပျောပင်ရှင်စိုက်ခြင်း ရေ ပြည့်အိုး တည်ခြင်း နံ့သာအခိုးအထုံ ပန်းပွင့် အစရှိသည်တို့ဖြင့် ကောင်းစွာ တန်းဆာဆင်သည်တို့ကိုရင်း ပြု၍ "မိမိတို့၏ နေရာအရပ်၌ ဤသို့ သဘော ရှိသော ပူဇော်ခြင်းကို ပြုစေသတည်း"ဟု အမတ်တို့၏အထံသို့ လျင်မြန်သော ခြေသည်တမန် ယောကျာ်းတို့ကို စေလွှတ်၍ မိမိ ဗိမ္ဗိသာရမင်းမြတ်သည် အလုံး စုံသော တန်းဆာဖြင့် တန်းဆာဆင်၍ အလုံးစုံသော မောင်းကြေးနင်းတို့နှင့် တကွ သွားကုန်သော ရောနှောသော ဗိုလ်ပါအပေါင်းတို့သည် ခြံရံအပ်သည် ဖြစ်၍ လက်ဆောင်ပဏ္ဏာကို ပို့သစေ၏။ ဤသို့လည်း နှလုံးသွင်း၍ မိမိ၏ နိုင်ငံ အပိုင်းအခြားသို့သွား၍ အမတ်အပေါင်းအား နှုတ်မှာသတင်းစကားကို ပေး လိုက်ပေပြီ။

**သင်္ဂန်လှူဘွဲ့အမတ်များအား မှာထားချက်။** ။"အမောင်တို့ ငါ၏ အဆွေ တော် ဖြစ်သော ပုက္ကုသာတိ မင်းသည် ငါပါးလိုက်သော လက်ဆောင်ပဏ္ဏာကို ခံယူသည်ရှိသော် မောင်းမ တို့၏ အလယ်၌ မခံယူမူ၍ ပြာသာဒ်ထက်၌ (ဝါ) သို့တက်၍ ခံစေသတည်း ဟု နှုတ်မှာသတင်းစကားကိုပေးလိုက်၏၊ ဤသို့နှုတ်မှာသတင်းစကား ပေးလိုက်ပြီး၍ တိုင်းစွန်အရပ်သို့ ရောက်၍ သွားလေကုန်ဟုဆို၍ ပုဆစ်နှစ်ဖက် တတောင်နှစ်

ဖက် နှုဖူးအရပ်ဟုဆိုအပ်သော ငါးပါးသောအရပ်တို့၏ တည်ခြင်းဖြင့် ရှိခိုး၍ ပြန်နှစ်ခဲ့၏။ ခရီးအကြား၌ နေကုန်သော မြို့စား ရွာစား အမတ်တို့သည် ထိုသို့ မှာဆိုလိုက်သော အမှတ်ဖြင့်သာလျှင် ခရီးကို စီရင်၍ လက်ဆောင်ပဏ္ဏာတို့ကို ဆောင်ကြကုန်၏။

**ပုက္ကုသာတိမင်းက လက်ဆောင်တော်များကြိုဆိုခြင်း။**

။ပုက္ကုသာတိမင်းသည်လည်း မိမိ၏ တိုင်းနိုင်ငံအပိုင်းအခြားမှစ၍ ထိုဗိမ္ဗိသာရမင်းမြတ် စီရင်သောအမှတ်ဖြင့်သာလျှင် ခရီးကို စီရင်စေ၍ တက္ကသိုလ်မြို့တော်ကို တန်းဆာဆင်၍ လက်ဆောင်ပဏ္ဏာအား ခရီးဦးကြိုဆိုခြင်းကိုပြုပြီး၊ လက်ဆောင်ပဏ္ဏာသည် တက္ကသိုလ်မြို့တော်သို့ ဥပုသ်နေ့၌ ရောက်လေ၏။ လက်ဆောင်ပဏ္ဏာကို ယူဆောင်၍ တက္ကသိုလ်မြို့တော်သို့ သွားသောအမတ်ပေါင်းတို့သည်လည်း ဗိမ္ဗိသာရမင်း၏ မှာဆိုအပ်သော သတင်းစကားကို ပုက္ကုသာတိမင်းအား ကြားလျှောက်၏။

ပုက္ကုသာတိမင်းသည် ဗိမ္ဗိသာရမင်းမြတ်က မှာအပ်သောသတင်းစကားကို ကြား၍ လက်ဆောင်ပဏ္ဏာနှင့်တကွ လာကုန်သော အမတ်အပေါင်းတို့အား မချွတ်ပြုအပ်သောကိစ္စကို စီရင်၍ လက်ဆောင်ပဏ္ဏာကိုယူ၍ ပြာသာဒ်ထက်သို့ တက်၍ ဤပြာသာဒ်ထက်သို့ "တစုံတယောက်သောသူသည် မဝင်လာလင့်"ဟု ဆို၍ တံခါးကို အစောင့်အရှောက်ပြုစေ၍ ခြသေ့ံခံသော လေသာနန်းတံခါးကို ဖွင့်ကာ ဗိမ္ဗိသာရမင်းမြတ်က ပို့သသော လက်ဆောင်ပဏ္ဏာကို မြင့်သောနေရာ၌ တင်ထား၍ မိမိဟုဆိုအပ်သော ပုက္ကုသာတိဖင်းသည် နိမ့်သောနေရာ၌ ထိုင်နေသည်ဖြစ်၍ ခပ်သောတံဆိပ်ကိုခွဲ၍ ရစ်ပတ်သောအဝတ်ကိုပယ်ကာ နှီးဖြင့်ပြီးသော ပခြုပ်မှစ၍ အစဉ်အားဖြင့် ဖွင့်လှစ်သည်ရှိသော် စန္ဒကူးနှစ်ဖြင့် ပြီးသော တံတင်းကို မြင်၍ ကြံတော်မူ၏။

**လက်ဆောင်တော်များကို မြင်ရ၍ ပုက္ကုသာတိမင်းကြီး ဝမ်းမြောက်ပုံ**

ဤသို့ များစွာ အထပ်ထပ် ခြံရံခြင်းသည် "တပါးသော ရတနာ၏ များစွာ အထပ်ထပ်ခြံရံခြင်းသည် မဖြစ်လတ္တံ့၊ မချွတ် မဇ္ဈိမဒေသ၌ ကြားနာအပ်သည်နှင့် ယှဉ်သောရတနာသည် ဖြစ်ပြီ"ဟု ကြံအောက်မေ့၏။ ထို့နောက်မှ ထိုစန္ဒကူးနှစ်ဖြင့် ပြီးသော တံတင်းကို ဖွင့်ပြန်၍ ပုက္ကုသာတိမင်းသည် တံဆိပ်ကိုခွဲ၍ သိမ်မွေ့သော ကမ္ဗလာကို နှစ်ဖက်မှပယ်ရှားသော် ရွှေပြားကိုမြင်လေ၏၊ ထိုပုက္ကုသာတိမင်းသည် ထိုရွှေပြားအခွေကို ဖြေ၍ "ထိုရွှေပြား၌ ရေးသားအပ်သော အက္ခရာတို့သည် နှစ်သက်ဖွယ် ရှိကုန်၏၊ ညီညွတ်သော အဦးရှိကုန်၏၊ ညီညွတ်သောအစဉ်

ရှိကုန်၏၊ လေးထောင့်ရှိကုန်၏”ဟု နှလုံးသွင်း၍ အစမှစ၍ ရွတ်ဖတ်ခြင်းငှါ အားထုတ်၏။

> တဿ “ဣမ တထာဂတော လောကေ ဥပ္ပန္နော”တိ ဗုဒ္ဓဂုဏေ ဝါစေန္တဿ ဗလဝသောမနဿံ ဥပ္ပဇ္ဇိ၊ နဝနဝုတိလောမကူပသဟဿာနိ ဥဒ္ဓဂ္ဂလောမာနိ အဟေသုံ။ အတ္တနော ဋ္ဌိတဘာဝံ ဝါ နိသိန္နဘာဝံ ဝါ န ဇာနာတိ။ (ဥပရိပဏ္ဏာသအဋ္ဌကထာ၊ ဓာတုဝိဘင်္ဂသုတ်၊ ၂၀၁)။

ဣမ တထာဂတော လောကေ ဥပ္ပန္နောတိ၊ ဣမ တထာဂတော လောကေ ဥပ္ပန္နောဟူ၍။ ဗုဒ္ဓဂုဏေ၊ ရှင်တော်မြတ်ဘုရား၏ ဂုဏ်တော်တို့ကို။ ဝါစေန္တဿ၊ ဖတ်ရွတ်သော။ တဿ၊ ထိုပုက္ကုသာတိမင်းအား။ ဗလဝသောမနဿံ၊ အားကြီးသော ဝမ်းမြောက်ခြင်းသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်ခဲ့ပေပြီ။ နဝနဝုတိလောမကူပသဟဿာနိ၊ ကိုးသောင်းသော အမွေးတွင်းတို့သည်။ ဥဒ္ဓဂ္ဂလောမာနိ၊ အထက်သို့ တက်သော အဖျားရှိသော အမွေးရှိကုန်သည်။ အဟေသုံ၊ ဖြစ်ခဲ့ပေကုန်ပြီ။ အတ္တနော၊ မိမိ၏။ ဋ္ဌိတဘာဝံ ဝါ၊ ရပ်သည်၏အဖြစ်ကိုရင်း၊ နိသိန္နဘာဝံ ဝါ၊ ထိုင်သည်၏အဖြစ်ကိုရင်း။ န ဇာနာတိ၊ မသိတော့ပေ။

ဣမ တထာဂတော လောကေ ဥပ္ပန္နောဟူ၍ ဘုရားဂုဏ်တော်တို့ကို ဖတ်ရွတ်သော ထိုပုက္ကုသာတိမင်းအား အားကြီးသော ဝမ်းမြောက်ခြင်းသည် ဖြစ်၏၊ ကိုးသောင်းသော အမွေးတွင်းတို့သည် အထက်သို့တက်သော အဖျားရှိသော အမွေးရှိကုန်သည် ဖြစ်ကုန်ပြီ။ မိမိ၏ ရပ်သည်၏အဖြစ်ကိုရင်း ထိုင်သည်၏အဖြစ်ကိုရင်း မသိတော့ပေ။

> အထဿ “ကပ္ပကောဋိသတသဟဿေဟိပိ တေ ဒုလ္လဘသာသနံ သဟာယံ နိဿာယ သောတုံ လဘာမီ”တိ ဘိယျော ဗလဝပီတိ ဥဒပါဒိ။ (ဥပရိပဏ္ဏာသ အဋ္ဌကထာ ဓာတုဝိဘင်္ဂသုတ်၊ ၂၀၁)

အထ၊ ထိုအခါ၌။ အဿ၊ ထိုပုက္ကုသာတိမင်းအား။ ကပ္ပကောဋိသတသဟဿေဟိပိ၊ ကမ္ဘာတို့၏ ကုဋေတသိန်းတို့ဖြင့်လည်း။ တေ ဒုလ္လဘသာသနံ၊ ဤသို့ ရခဲပေစွာသော ရတနာသတင်းစကားကို။ သဟာယံ၊ အဆွေတော်ဖြစ်သော ဗိမ္ဗိသာရမင်းကို။ နိဿာယ၊ အမှီသဟဲ တံကဲပြု၍။ သောတုံ၊ နာကြားခြင်းငှါ။ လဘာမိ၊ ရခဲ့ပါပေ၏။

ပုက္ကုသာတိမင်း ရတနာသတင်းစကားကြောင့် နှစ်သက်ပုံ။　　။ထိုအခါ ထိုပုက္ကုသာတိမင်းအား ကမ္ဘာတို့၏ ကုဋေတသိန်းတို့ဖြင့်လည်း ဤသို့ ရခဲစွာသော ရတနာ

၁၅၆၂၁

သတင်းစကားကို အဆွေတော်ဖြစ်သော ဗိမ္ဗိသာရမင်းကို အမှီပြု၍ နာခြင်းငှါ ရပေ၏ဟု နှလုံးသွင်း၍ လွန်စွာအားကြီးသော နှစ်သက်ခြင်းသည် ထင်ရှား ဖြစ်၏။

မှန်၏၊ ထိုပုက္ကုသာတိမင်းသည် ပီတိအဟုန်ကြောင့် အထက်၌ ဖတ်ရွတ်ခြင်း ငှါ မတတ်နိုင်လေရကား ပီတိအဟုန် ငြိမ်းသည်တိုင်အောင် နားနေပြီးမှ "သွာက္ခာတော ဘဂဝတာ ဓမ္မော"ဟူ၍ တရားတော်၏ ဂုဏ်တော်တို့ကို ဖတ် ရွတ်ခြင်းငှါ အားထုတ်ပြန်၏။

ထိုတရားဂုဏ်တော်ကို ရွတ်ဖတ်ရာ၌လည်း ထိုပုက္ကုသာတိမင်းအား ထိုရှေး အတူသာလျှင် ဖြစ်ခဲ့လေပြီ။ ထိုပုက္ကုသာတိမင်းသည် တဖန် ပီတိအဟုန် ငြိမ်း သည်တိုင်အောင် နားနေပြီးမှ "သုပ္ပဋိပန္နော"ဟူ၍ သံဃာတော်၏ ဂုဏ်တော် တို့ကို ဖတ်ရွတ်ခြင်းငှါ အားထုတ်ပြန်၏။

ထိုသံဃာဂုဏ်တော်ကို ရွတ်ဖတ်ရာ၌လည်း ထိုပုက္ကုသာတိမင်းအား ထိုရှေး အတူသာလျှင် နှစ်သက်ဝမ်းမြောက်ခြင်းသည် ဖြစ်၏။

**ပုက္ကုသာတိမင်း လူ့ဘဝဖြင့် စျာန်ချမ်းသာခံစားပုံ**

ထိုနောက်မှ ခပ်သိမ်းသော အက္ခရာတို့ကို ဖတ်ရွတ်သည်၏ အဆုံး၌ အာနာပါနဿတိကမ္မဋ္ဌာန်းကို ဖတ်ရွတ်၍ စတုတ္ထစျာန် ပဥ္စကစျာန်တို့ကို ဖြစ်စေပြီ၊ ထိုပုက္ကုသာတိမင်းသည် စျာန်ချမ်းသာဖြင့်သာလျှင် လွန်စေပြီ၊ တပါးသော တစုံတယောက်သော သူသည် တွေ့မြင်ခြင်းငှါမရ၊ တယောက်ထည်း သာလျှင် ဖြစ်သော ငယ်သော အလုပ်အကျွေးသည် ဝင်ရ၏။ ဤသို့ လခွဲမျှသော ကာလကို လွန်စေပြီ။

**တက္ကသိုလ် မြို့သူ မြို့သားများ ကြွေးကြော်ခြင်း**

ပြည်သူတို့သည် မင်းယင်ပြင်၌ စုဝေးကုန်၍ ကြွေးကြော်ခြင်းကို ပြုကြကုန်ပြီ "ဗိမ္ဗိသာရ မင်းမြတ်က ပို့လာသော လက်ဆောင်ပဏ္ဏာကို ခံယူသောနေ့မှစ၍ ဗိုလ်ပါတို့၏ မြင်ခြင်းသည်ရှင်း, ကခြေသည်မောင်းမတို့၏ မြင်ခြင်းသည်ရှင်း မရှိ၊ တရားအဆုံးအဖြတ်ကို ပေးခြင်းသည် မရှိ၊ ငါတို့ ပုက္ကုသာတိမင်းကြီးသည် အကြည်တော်ဖြစ်သော ဗိမ္ဗိသာရမင်းမြတ်က ပို့သအပ် သော လက်ဆောင်ပဏ္ဏာဟု ဆိုအပ်သော အကြင်ဝတ္ထုကိုလည်း အလိုရှိဘိ၏။ ထို ဗိမ္ဗိသာရမင်းမြတ်က ပို့လာသော လက်ဆောင်ပဏ္ဏာကို ထို ဗိမ္ဗိသာရမင်းမြတ် အား ပြန်၍ပေးပါလော့။

မင်းတို့မည်သည်ကား အချို့သောမင်းအား လက်ဆောင်ပဏ္ဏာကို ပေးသည် ၏ အစွမ်းဖြင့်လည်း လှည့်ပတ်၍ တိုင်းပြည်ကို မိမိအား ပြုခြင်းငှါ အားထုတ်

ကုန်၏။ ငါတို့၏ ပုဏ္ဏသာတိမင်းသည် အဘယ်မည်သောအမှုကို ပြုပါလိမ့်မည် နည်း”ဟု ကြွေးကြော်ခြင်းကို ပြုကြကုန်၏။

**ကြွေးကြော်သံကို ကြားရ၍ ပုဏ္ဏသာတိမင်း စဉ်းစားပုံ** ပုဏ္ဏသာတိမင်းသည် ကြွေးကြော်သောအသံကိုကြား၍ “တိုင်းပြည်ကို အလိုရှိရာအံ့လော၊ ထိုသို့မဟုတ် မြတ်စွာဘုရားကို အလိုရှိရာအံ့လော”ဤသို့ အကြံဖြစ်၏။ ထို့နောက် ပုဏ္ဏသာတိမင်းအား ဤသို့သောအကြံသည် ဖြစ်ပြီ“တိုင်းပြည်ကို စီရင်အပ်သည်၏ အဖြစ် မည်သည်ကို စာချီသည်ရင်း,စာရေးကြီး အမတ်သည်ရင်း ရေးမှတ်ခြင်းငှါ မစွမ်း နိုင်၊ မြတ်စွာဘုရား၏ သာသနာတော်ကို အလိုရှိတော့အံ့”ဟု နှလုံးသွင်းပြီးလျှင် အိပ်ရာ၌ထားအပ်သော သံလျက်ကို ယူ၍ ဆံတို့ကို သံလျက်ဖြင့်ဖြတ်၍ ခြသေ့်ခံ သော လေသာပြူတင်း တံခါးကိုဖွင့်၍ “ဤဆံစည်းကိုယူ၍ မင်းပြုကြကုန်လော့” ဟု ဆို၍ ပတ္တမြားဉသျှောင်နှင့် တကွသော ဆံစည်းကို ပရိသတ်အလယ်၌ ချလိုက်ပြီ။

လူများအပေါင်းတို့သည် ထိုပတ္တမြားဥသျှောင်နှင့် တကွသော ဆံစည်းကို ချီမြှောက်ကုန်၍ “အရှင်မင်းမြတ် အဆွေတော်ထံမှ ရအပ်သော လက်ဆောင် ပဏ္ဏာရှိကုန်သော မင်းတို့မည်သည်ကား အရှင်မင်းကြီးတို့ကဲ့သို့ သဘောရှိကုန် သည် ဖြစ်ကုန်သလော”ဟုဆို၍ တပြိုင်တည်းဖြင့်သာလျှင် ငိုကြွေးမြည်တမ်း ကုန်၏။ ပုဏ္ဏသာတိမင်းအားလည်း လက်နှစ်သစ်အရှည်ရှိသော ဆံမုတ်ဆိတ် သည် ဖြစ်ပြီ၊ ငါတို့ဘုရားလောင်း၏ ရဟန်းပြုသည်၏ အဖြစ်နှင့် တူသည်သာ လျှင် ဖြစ်သတတ်။

> တတော စူဠုပဋ္ဌာကံ ပေသေတွာ အန္တရာပဏာ ဒွေ ကာသာယ-ဝတ္ထာနိ မတ္တိကာပတ္တဉ္စ အာဟရာပေတွာ“ယေ လောကေ အရဟန္တော၊ တေ ဥဒ္ဒိဿ မယှံ ပဗ္ဗဇ္ဇာ”တိ သတ္ထာရံ ဥဒ္ဒိဿ ဧကံ ကာသာဝံ နိဝါ-သေတွာ ဧကံ ပါရုပိတွာ ပတ္တံ ဝါမအံသကူဋေ ကတွာ ကတ္တရဒဏ္ဍံ ဂဟေတွာ “သောဘတိ နုခေါ မေ ပဗ္ဗဇ္ဇာ နော ဝါ”တိ မဟာတလေ ကတိပယဝါရေ အပရာပရံ စင်္ကမိတွာ “သောဘတိ မေ ပဗ္ဗဇ္ဇာ”တိ ဒွါရံ ဝိဝရိတွာ ပါသာဒါ ဩတရိ။(ဥပရိပဏ္ဏာသအဋ္ဌကထာ-ဓာတုဝိဘင်္ဂသုတ်၊ ၂၀၂)

တတော၊ ထို့နောက်မှ။ စူဠုပဋ္ဌာကံ၊ အလုပ်အကျွေးငယ်ကို။ ပေသေတွာ၊ စေလွှတ်၍။ အန္တရာပဏာ၊ အိမ်ဈေး၏ အနီးမှ။ ဒွေ၊ နှစ်ထည်ကုန်သော။ ကာသာယဝတ္ထာနိ စ၊ ဖန်ရည်စွန်းသော အဝတ်တို့ကိုရင်း။ မတ္တိကာပတ္တဉ္စ၊

မြေသပိတ်ကိုရင်း။ အာဟရာပေတွာ၊ ဆောင်စေ၍။ လောကေ၊ လောက၌။ ယေ အရဟန္တော၊ အကြင်ရဟန္တာပုဂ္ဂိုလ်တို့သည်။ သန္တိ၊ ရှိပါပေကုန်၏။ တေ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့ကို။ ဥဒ္ဒိဿ၊ ရည်၍။ မယှံ၊ ငါပုက္ကုသာတိမင်းအား။ ပဗ္ဗဇ္ဇာ၊ ရဟန်း၏ အဖြစ်သည်။ ဟောတု၊ ဖြစ်ပါစေလော့။ ဣတိ၊ ဤသို့။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဥဒ္ဒိဿ၊ ရည်၍။ ဧကံ၊ တထည်သော။ ကာသာဝံ၊ သင်္ကန်းကို။ နိဝါသေတွာ၊ ဝတ်၍။ ဧကံ၊ တထည်သောသင်္ကန်းကို။ ပါရုပိတွာ၊ ရုံ၍။ ပတ္တံ၊ မြေသပိတ်ကို။ ဝါမအံသကူဋေ၊ လက်ဝဲပခုံးစွန်း၌။ ကတွာ၊ လွယ်သည်ကို ပြု၍။ ကတ္တရဒဏ္ဍံ၊ တောင်ဝှေးကို။ ဂဟေတွာ၊ စွဲကိုင်၍။ မေ၊ ငါ၏။ ပဗ္ဗဇ္ဇာ၊ ရဟန်း၏အဖြစ်သည်။ သောဘတိ နုခေါ၊ တင့်တယ်လေသလော။ နောဝါ၊ မတင့်တယ်လေသလော။ ဣတိ မနသိကတွာ၊ ဤသို့ နှလုံးသွင်း၍။ မဟာတလေ ကျယ်စွာသော ပြာသာဒ် အပြင်၌။ ကတိပယဝါရေ၊ နှစ်ကြိမ် သုံးကြိမ်သော အကြိမ်တို့ပတ်လုံး။ အပရာပရံ၊ ထိုမှ ဤမှ။ စင်္ကမိတွာ၊ စင်္ကြံသွား၍။ မေ၊ ငါ၏။ ပဗ္ဗဇ္ဇာ၊ ရဟန်း၏အဖြစ်သည်။ သောဘတိ၊ တင့်တယ်၏။ ဣတိ မနသိကတွာ၊ ဤသို့ နှလုံးသွင်း၍။ ဒွါရံ၊ တံခါးကို။ ဝိဝရိတွာ၊ ဖွင့်၍။ ပါသာဒါ၊ ပြာသာဒ်မှ။ ဩတရိ၊ သက်ဆင်းလေ၏။

**ပုက္ကုသာတိမင်း ဗုဒ္ဓကို ရည်၍ ရဟန်းပြုခြင်း**

ထို့နောက်မှ အလုပ်အကျွေးငယ်ကို စေလွှတ်၍ အိမ်ဈေး၏အနီးမှ နှစ်ထည်သော ဖန်ရည်စွန်းသော အဝတ်တို့ကိုရင်း မြေသပိတ်ကိုရင်း ဆောင်စေ၍ "လောက၌ အကြင် ရဟန္တာပုဂ္ဂိုလ်တို့သည် ရှိကုန်၏၊ ထိုရဟန္တာပုဂ္ဂိုလ်တို့ကို ရည်၍ ငါပုက္ကုသာတိမင်းအား ရဟန်း၏ အဖြစ်သည် ဖြစ်စေလော့"ဟု မြတ်စွာဘုရားကို ရည်၍ တထည်သောသင်္ကန်းကိုဝတ်၍ တထည်သော သင်္ကန်းကို ရုံ၍ မြေသပိတ်ကို လက်ဝဲ ပခုံးစွန်း၌ လွယ်သည်ကို ပြု၍ တောင်ဝှေးကို စွဲကိုင်၍ "ငါ၏ ရဟန်းအဖြစ်သည် တင့်တယ်သလော၊ မတင့်တယ်သလော"ဟု နှလုံးသွင်း၍ ကျယ်စွာသော ပြာသာဒ်အပြင်၌ နှစ်ကြိမ် သုံးကြိမ် တိုင်တိုင် ထိုမှ ဤမှ စင်္ကြံသွား၍ "ငါ၏ ရဟန်း၏ အဖြစ်သည် တင့်တယ်၏"ဟု နှလုံးသွင်းပြီး တံခါးကို ဖွင့်လျက် ပြာသာဒ်မှ သက်ဆင်းလေ၏။

**မောင်းမမျှားငိုကြွေးပုံ။**

။သက်ဆင်းလာသော ပုက္ကုသာတိရဟန်းကို သုံးတန်သော တံခါးတို့၌ တည်သော ကချေသည် မောင်းမ အစရှိသည်တို့သည် မြင်ကုန်လျက် ငါတို့ မင်းကြီး ဟူ၍ မသိကုန်။ "တပါးသော ပစ္စေကဗုဒ္ဓါမထေရ်သည် ငါတို့၏ ပုက္ကုသာတိ မင်းကြီးအား တရားစကားကို ပြောဟောခြင်းငှါ ကြွလာလေသလော"ဟု ကြံကြကုန်သတတ်၊ ထိုသို့ ကြံစည်ပြီးကာ ပြာသာဒ်၏ အထက်သို့တက်၍ ပုက္ကုသာတိရဟန်း၏ ရပ်ရာအရပ် ထိုင်

ရာအရပ်တို့ကို တွေ့မြင်သဖြင့် ငါတို့ အရှင်မင်းကြီးသည် ထွက်၍ သွားလေပြီဟု သိ၍ သမုဒ္ဒရာ၏ အလယ်၌ လှေသဘော်ာ နစ်လတ်သော် လူများအပေါင်းသည် ငိုယိုမြည်တမ်းကုန်သကဲ့သို့ တပြိုင်နက်တည်း ငိုကြွေးမြည်တမ်းကြကုန်၏။

**ပြည်သူပြည်သားများ ငိုကြွေးပုံ။** ။ဇာတိကုလပုတ္တ အာစာရကုလပုတ္တ ဖြစ်သော ပုက္ကုသာတိရဟန်းသည် မြေအပြင်သို့ သက်ကာမျှ ဖြစ်သည်ရှိသော် ဇာတိကုလပုတ္တ အာစာရကုလပုတ္တ ဖြစ်သော ပုက္ကုသာတိရဟန်းကို တဆယ့်ရှစ်ရပ်သော စစ်သည်တို့သည်၎င်း ခပ်သိမ်းကုန်သော ပြည်သူတို့သည်၎င်း ဗိုလ်ခြေအပေါင်းတို့သည်၎င်း ခြံရံကုန်၍ ပြင်းစွာသော ငိုကြွေးမြည်တမ်းခြင်းကို ပြုကြကုန်၏။

**ပုက္ကုသာတိ ရဟန်းနောက်သို့ ပြည်သူအများလိုက်ပုံ** အမတ်တို့သည်လည်း ပုက္ကုသာတိရဟန်းကို ဤသို့သော စကားကို လျှောက်ထားကြကုန်၏၊ "မဇ္ဈိမဒေသ၌ နေကြကုန်သော မင်းတို့ မည်သည် များသော မာယာ ရှိကြကုန်၏၊ သတင်း မှာစာကို စေလွှတ်၍ ဘုရားရတနာမည်သည် ဖြစ်လေပြီလော မဖြစ်လေသေးလောဟု မုချအားဖြင့် သိပြီးမှ သွားတော်မူကုန်လော့၊ ပြန်နစ်တော်မူပါကုန်လော့"ဟု တင်လျှောက်ကုန်၏၊ ငါ၏ အကြည်တော်ဖြစ်သော ဗိမ္ဗိသာရမင်းမြတ်၏ စကားကို ငါသည် ယုံကြည်လှ၏၊ ငါနှင့်တကွ နှစ်လုံး နှစ်ခုသော စကားမည်သည် မရှိ၊ သင်အမတ်တို့သည် ရပ်ရစ်ကုန်ဟု ပုက္ကုသာတိရဟန်းက ဆို၏၊ ထိုအမတ်တို့သည် နောက်ထပ်တဖန် လိုက်ကုန်သည်သာလျှင်တည်း။

**ပုက္ကုသာတိရဟန်းက တောင်ဝှေး အရေးအသားဖြင့် ပြည်သူများကို တားမြစ်ပုံ** အမျိုးကောင်းသား ဖြစ်ပေသော ပုက္ကုသာတိရဟန်းသည် တောင်ဝှေးဖြင့် အရေးအသားကို ပြု၍ "ဤတိုင်းပြည်သည် အဘယ်သူ၏ တိုင်းပြည်နည်း" ဟု ဆို၏။ အရှင်မင်းကြီးတို့၏ တိုင်းပြည်ပါတည်းဟု လျှောက်ကုန်၏၊ အကြင်သူသည် ဤအရေးအသားကို ခြေနှစ်ခုတို့၏ အကြားကိုပြု၏၊ ထိုသူအား မင်း၏ အာဏာဖြင့် ပြုစေအပ်၏ဟုဆို၏၊ မဟာဇနကဇာတ်၌ ငါတို့ဘုရားအလောင်းတော်သည် ပြုအပ်သော အရေးအသားကို သီဝလိဒေဝီမိဖုရားသည် ခြေနှစ်ခုတို့၏ အကြားကို ပြုခြင်းငှါ မဝံ့သည်ဖြစ်၍ လူးလည်းသော် အရေးအသားပျက်သွားသဖြင့် ထိုပျက်သွားသော အရေးအသားမှ သီဝလိဒေဝီမိဖုရားသွားသည့်အတိုင်း လူများအပေါင်းသည် လိုက်သွားလေ၏။

ထို ပုက္ကုသာတိရဟန်း ရေးသားသော အရေးအသားကိုကား လူများအပေါင်းသည် ခြေနှစ်ခုတို့၏အကြားကို ပြုခြင်းငှါ မဝံ့၊ အရေးအသားကို

ဦးခေါင်းရင်းကို ပြုကုန်၍ လူးလည်းကုန်လျက် ငိုကြွေးမြည်တမ်းကုန်၏။ ဇာတိကုလပုတ္တ အာစာရကုလပုတ္တဖြစ်သော ပုက္ကုသာတိရဟန်းသည် "ဤသူငယ်သည် ငါ ပုက္ကုသာတိရဟန်းအား ရောက်ရာရောက်ရာအရပ်၌ ဒန်ပူကိုရင်း မျက်နှာသစ်ရေကိုရင်း ပေးလတ္တံ့" ဤသို့ နှလုံးပိုက်၍ အယုတ်အားဖြင့် တယောက်သော သူငယ်ကိုမျှလည်း မခေါ်မူ၍ သွားလေ၏။

**ပုက္ကုသာတိရဟန်း၏ နှလုံးသွင်းပုံ။** ။ပုက္ကုသာတိရဟန်းအား ဤသို့သော အကြံသည် ဖြစ်သတတ် "ငါ ပုက္ကုသာတိရဟန်း၏ ဆရာဖြစ်တော်မူသော အရှင်ဂေါတမသည်လည်း မြတ်သော တောထွက်ခြင်းကို ထွက်၍ တယောက်ထည်းထည်း သာလျှင် ရဟန်းပြု၏"ဟု နှလုံးပိုက်၍ တယောက်ထည်းထည်းသာလျှင် သွားလေ၏။ "မြတ်စွာဘုရားအား ငါရှက်၏" ဤသို့လည်း အကြံဖြစ်ပြန်၏။ "ငါ ပုက္ကုသာတိရဟန်း၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ရဟန်းပြုပြီး၍ ယာဉ်ကို မစီးပေ"ဟု အကြံဖြစ်သတတ်၊ အယုတ်အားဖြင့် တလှံသော ဘိနပ်ကိုလည်း မစီး၊ တလက်ဆုပ်ဖြင့် ယူအပ်သော ထန်းရွက်ထီးကိုလည်း မဆောင်းချေ။ လူများအပေါင်းသည် သစ်ပင် မြို့တံတိုင်း ပြစင် အစရှိသည်တို့သို့ တက်၍ ငါတို့၏ အရှင်ပုက္ကုသာတိသည် သွားရှာလေပြီဟု နှလုံးပိုက်၍ မော်ကြည့်လိုက်ကြကုန်၏။

**ပုက္ကုသာတိရဟန်း ရာဇဂြိုဟ်ပြည်သို့သွားပုံ။** ။အမျိုးကောင်းသားဖြစ်သော ပုက္ကုသာတိရဟန်းသည် "ငါသည် ဝေးသောအရပ်သို့ သွားအပ်၏၊ တကြောင်းတည်းသော ခရီးဖြင့် လွန်မြောက်ခြင်းငှါ မတတ်ကောင်း"ဟု နှလုံးပိုက်၍ တဦးတည်းသော လှည်းကုန်သည်နောက်သို့ အစဉ်လိုက်၏။ ကြမ်းတမ်း ပူလောင်သောမြေ၌သွား၍ သိမ်မွေ့နူးညံ့သော အမျိုးသား၏ ခြေဘဝါးအပြင်တို့၌ ဖူးရရူး (ဖူးဖူးရောင်)သည် ထလတ်၍ ကွဲကုန်၏၊ ဒုက္ခဝေဒနာတို့သည် ဖြစ်ကုန်၏။

လှည်းကုန်သည်သည် သစ်ခက်တဲကိုဖွဲ့၍ ထိုင်နေသည်ရှိသော် ပုက္ကုသာတိအမျိုးသားသည် ခရီးမှဖဲ၍ တခုသောသစ်ပင်ရင်း၌ ထိုင်နေ၏။ ထိုင်နေရာအရပ်၌ ခြေဆုပ်နယ်ခြင်းကိုရင်း ကျောက်ကုန်းဆုပ်နယ်ခြင်းကိုရင်း ပြုတတ်သောသူမည်သည် မရှိ၊ အမျိုးကောင်းသားသည် အာနာပါန စတုတ္ထစျာန်ကိုဝင်စား၍ ခရီး၌ ပူပန်ခြင်း ပင်ပန်းခြင်း ပူလောင်ခြင်းတို့ကိုခွါ၍ စျာန်၌ မွေ့လျော်ခြင်းဖြင့် လွန်စေ၏။

တဖန် မိုးသောက်နေ့၌ အရုဏ်တက်သည်ရှိသော် ကိုယ်ကိုသုတ်သင်ခြင်းကို ပြု၍ တဖန် လှည်းကုန်သည်သို့ အစဉ်လိုက်၏၊ နံနက်စာ စားချိန်ရောက်သော အခါ အမျိုးကောင်းသားအား သပိတ်ကိုယူ၍ ခဲဖွယ်ကိုရင်း စားဖွယ်ကိုရင်း

သပိတ်၌ထည့်ကုန်၍ လှူကုန်၏၊ ထိုလှူသော ခဲဖွယ် စားဖွယ်သည် မနပ်သည်လည်းဖြစ်၏၊ ပြော့နဲသည်လည်းဖြစ်၏၊ ကျောက်စရစ်နှင့်အမျှ ရောသော ခဲဖွယ်ကိုရင်း ဆားမရှိသော ခဲဖွယ်ကိုရင်း သုံးဆောင်၍ အမျိုးကောင်းသားသည် ဝင်ရာဖြစ်သော လည်ချောင်း အာစောက်အရပ်ကို ဆင်ခြင်၍ အမြိုက်သုဒ္ဓါကဲ့သို့သုံးဆောင်၍ ဤနည်းဖြင့် တရာ့ကိုးဆယ့်နှစ်ယူဇနာရှိသော အရပ်တို့သို့ သွား၏။

**ပုက္ကုသာတိရဟန်း ရာဇဂြိုဟ်ပြည်သို့ ရောက်ခြင်း။** ။ဇေတဝန်ကျောင်းတော်တိုက် တံခါးမုခ်အနီးဖြင့် သွားသော်လည်း "မြတ်စွာဘုရားသည် အဘယ်အရပ်၌ သီတင်းသုံး နေတော်မူသနည်း"ဟု ဤသို့ မမေးခဲ့ပေ၊ အဘယ့်ကြောင့် မမေးသနည်း၊ မြတ်စွာဘုရားအား ရိုသေခြင်းကြောင့်ရင်း, ဗိမ္ဗိသာရမင်း၏ "ဣဓ တထာဂတော လောကေ ဥပ္ပန္နော"ဟူ၍ မြတ်စွာဘုရားကို ရာဇဂြိုဟ်ပြည်၌ ဖြစ်သကဲ့သို့ပြု၍ သတင်းစကားကို စေအပ်သောကြောင့် မြတ်စွာဘုရားကို မမေးမူ၍သာလျှင် လေးဆယ့်ငါးယူဇနာ အတိုင်းအရှည်ရှိသော ခရီးကို လွန်သော ထိုပုက္ကုသာတိရဟန်းသည် နေဝင်သောအခါ၌ ရာဇဂြိုဟ်ပြည်သို့ရောက်၍ မြတ်စွာဘုရားသည် အဘယ်အရပ်၌ သီတင်းသုံး နေတော်မူသနည်းဟု ဤသို့မေး၏။

အရှင်ဘုရား အဘယ်အရပ်မှ ကြွတော်မူခဲ့သနည်းဟု ရာဇဂြိုဟ်ပြည်သူတို့က မေးလျှောက်သည်ရှိသော် ဤရာဇဂြိုဟ်ပြည် မြောက်အရပ်မှ လာခဲ့သည်ဟု ပုက္ကုသာတိရဟန်းက ပြောဆိုသည်ရှိသော် မြတ်စွာဘုရားသည် အရှင်ဘုရားတို့၏ ကြွလာခဲ့သောခရီး၌ ဤရာဇဂြိုဟ်ပြည်မှ လေးဆယ့်ငါးယူဇနာအတိုင်းအရှည်ရှိသော သာဝတ္ထိပြည်၌ သီတင်းသုံးနေတော်မူ၏။ ဤသို့ ရာဇဂြိုဟ်ပြည်သူပြည်သားတို့က ပြောဆိုလိုက်သည်ရှိသော် ပုက္ကုသာတိရဟန်းသည် ကြံ၏ "ယခုအခါ၌ အခါမဟုတ်တော့ပြီ၊ သာဝတ္ထိပြည်သို့ ပြန်သွားခြင်းငှါ မတတ်ကောင်း၊ ယနေ့ ဤရာဇဂြိုဟ်ပြည်၌သာလျှင် နေဦး၍ နက်ဖန်မှ မြတ်စွာဘုရား၏အထံတော်သို့ ငါသွားတော့အံ့"ဟု ကြံ၏။

**အိုးထိန်းသည်စရပ်၌ တည်းခိုခြင်း။** ။ထို့နောက် "အခါမဟုတ်သည်၌ ရောက်လာသော ရဟန်းတို့သည် အဘယ်အရပ်၌ တည်းခိုနေကုန်သနည်း"ဟု မေး၏။ အရှင်ဘုရား ဤအိုးထိန်းသည်တို့၏ တင်းကုပ်၌ တည်းခိုနေပါကုန်၏ဟု ရာဇဂြိုဟ်ပြည်သူပြည်သားတို့က ပြောဆိုကြသောအခါ ပုက္ကုသာတိရဟန်းသည် အိုးထိန်းသည်ကို အခွင့်တောင်း၍ အိုးထိန်းသည်တို့၏ နေရာတင်းကုပ်သို့ ဝင်၍ထိုင်နေ၏။

ဘဂဝါပိ တံဒိဝသံ ပစ္စူသကာလေ လောကံ ဝေါလောကေန္တော ပုက္ကုသာတိံ ဒိသွာ စိန္တေသိ။ (ဥပရိပဏ္ဏာသအဋ္ဌကထာ ဓာတုဝိဘင်-သုတ် ၂၀၃)။

ဘဂဝါပိ၊ မြတ်စွာဘုရားသည်လည်း။ တံဒိဝသံ၊ ထိုနေ့၌။ ပစ္စူသကာလေ၊ မိုးသောက်ထသောအခါ၌။ လောကံ၊ သတ္တလောကကို။ ဝေါလောကေန္တော၊ မျှော်တင်းတော်မူလတ်သည်ရှိသော်။ ပုက္ကုသာတိံ၊ ပုက္ကုသာတိရဟန်းကို။ ဒိသွာ၊ မြင်တော်မူ၍။ စိန္တေသိ၊ ကြံတော်မူ၏။

**ဘုရားရှင်၏ဉာဏ်တော်၌ ပုက္ကုသာတိရဟန်း ထင်လာပုံ။** ။မြတ်စွာဘုရားသည်လည်း ထိုနေ့ မိုးသောက်ထသောအခါဝယ် သတ္တလောကကို မျှော်တင်းတော်မူလတ်သည်ရှိသော် ပုက္ကုသာတိရဟန်းကို မြင်တော်မူ၍ "ဤပုက္ကုသာတိရဟန်းသည် အကြည်တော်ဖြစ်သော ဗိမ္ဗိသာရမင်းမြတ်သည် စေအပ်သော သတင်းမှာစာမျှကို ဖတ်ရွတ်၍ ယူဇနာသုံးရာထက်လွန်သော တိုင်းပြည်ကြီးကို စွန့်ပယ်၍ ငါဘုရားကို ရည်မှန်းကာ ရဟန်းပြု၍ တရာ့ကိုးဆယ့်နှစ်ယူဇနာတို့ကိုလွန်၍ ရာဇဂြိုဟ်ပြည်သို့ ရောက်လတ္တံ့၊ ငါဘုရားသည် ပုက္ကုသာတိရဟန်းရှိရာအရပ်သို့ မသွားသည်ရှိသော် အောက်ဖိုလ်သုံးပါးတို့ကို ထိုးထွင်း၍မသိမူ၍ တညဉ့်နေသဖြင့် ထိုပုက္ကုသာတိရဟန်း၏ ကိုးကွယ်ရာမရှိသော သေခြင်းကိုပြုလတ္တံ့။ ငါဘုရားသည် ပုက္ကုသာတိရဟန်းရှိရာအရပ်သို့ သွားသည်ရှိသော် ထိုပုက္ကုသာတိရဟန်းသည် အောက်ဖိုလ်သုံးပါးတို့ကို ထိုးထွင်း၍ သိရလတ္တံ့။

စင်စစ် လူအပေါင်းတို့ကို သင်္ဂြိုဟ်ချီးမြှင့်ခြင်းငှါသာလျှင် ငါဘုရားသည် ကမ္ဘာတသိန်း အလွန်ရှိကုန်သော လေးအသင်္ချေတို့ကာလပတ်လုံး ပါရမီတို့ကို ဖြည့်အပ်ကုန်ပြီ၊ ထိုပုက္ကုသာတိရဟန်းအား သင်္ဂြိုဟ်ချီးမြှင့်ခြင်းကို ငါဘုရားပြုတော်မူအံ့"ဟု နှလုံးပိုက်၍ နံနက်စောစောကသာလျှင် ကိုယ်တော်ကို သုတ်သင်ခြင်းကိုပြုတော်မူ၍ ရဟန်းအပေါင်းခြံရံလျက် သာဝတ္ထိပြည်၌ ဆွမ်းအလို့ငှါ လှည့်လည်တော်မူ၍ ဆွမ်းစားပြီးသည်မှ နောက်၌ ဆွမ်းခံရွာမှ ဖဲခဲ့သည်ရှိသော် ဂန္ဓကုဋိသို့ ဝင်တော်မူ၍ တခဏမျှ ကိုယ်တော်၏ပူပန်ခြင်း ကိုယ်တော်၏ ပင်ပန်းခြင်းတို့ကို ငြိမ်းစေတော်မူ၍ "ပုက္ကုသာတိသည် ငါဘုရား၌ ရှိသေခြင်းကြောင့် ပြုနိုင်ခဲသော အမှုကို ပြုလတ်ပြီ။

ယူဇနာသုံးရာထက် လွန်သော တိုင်းပြည်ကိုစွန့်ပယ်၍ အယုတ်ဆုံးအားဖြင့် မျက်နှာသစ်ရေကို ပေးတတ်သော သူငယ်ကိုမျှလည်း မခေါ်ခဲ့မူ၍ တယောက်ထည်းတည်းသာလျှင် ထွက်ခဲ့၏"ဟု နှလုံးပိုက်တော်မူ၍ သာရိပုတ္တရာ မောဂ္ဂလ္လာန် အစရှိသည်တို့တွင် တစုံတယောက်သော ရဟန်းကိုမျှ မပြောဆိုခဲ့မူ၍ ကိုယ်တော်

တိုင်သာလျှင် သပိတ်သင်္ကန်းကို ယူတော်မူ၍ ကိုယ်တော်ကညီးသာလျှင် ထွက်တော်မူခဲ့၏။ ကြွတော်မူသော်လည်း ကောင်းကင်၌ ပျံကြွတော်မမူ၊ မြေကိုချို့တော်မမူ၊ "ငါဘုရားအား ရှက်တော်မူသော ပုက္ကုသာတိရဟန်းသည် ဆင်မြင်း ရထား ရွှေထမ်းစင် အစရှိသည်တို့တွင် တခုခုသော ယာဉ်၌လည်း မနေမူ၍ အယုတ်ဆုံးအားဖြင့် တလွှာသော ဘိနပ်ကို သော်လည်း မစီးမူ၍ လက်ဆုပ်ဖြင့် ကိုင်အပ်သော ထန်းရွက်ထီးကိုသော်လည်း မယူ (မဆောင်း)မူ၍ ထွက်ခဲ့၏၊ ငါဘုရားသည်လည်း ခြေဖြင့်သာလျှင် သွားခြင်းငှါ သင့်၏"ဟု ကြံ၍ ခြေဖြင့်သာလျှင် ကြွတော်မူ၏။

**လက္ခဏာတော်ကြီးငယ်များ ဖုံးအုပ်ကြွတော်မူခြင်း။**　　။ထို မြတ်စွာဘုရားသည် ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ကိုရင်း, တလံမျှလောက်သော ရောင်ခြည်တော်တို့ကိုရင်း, သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးတို့ကိုရင်း ဤသို့ မြတ်စွာဘုရား၏ အသရေတော်တို့ကို ဖုံးလွှမ်း၍ တိမ်တိုက်သည် ဖုံးလွှမ်းအပ်သော လပြည့်ဝန်းကဲ့သို့ မထင်မရှားသော ရဟန်းအသွင်ဖြင့် ကြွတော်မူလျက် တခုသော နေ့ခဏ်မှ လှျူအပ်သော ဆွမ်းဖြင့်သာလျှင် လေးဆယ့်ငါးယူဇနာရှိသော အရပ်တို့ကိုလွန်၍ နေဝင်သောအခါ၌ ပုက္ကုသာတိရဟန်းသည် ဝင်ကာမျှဖြင့်သာလျှင် ထိုအိုးထိန်းသည်၏ တင်းကုပ်သို့ ရောက်တော်မူလေ၏။

**ဘုရားရှင်အား အိုးထိန်းသည်က လျှောက်ထားပုံ**　　အခါတပါးဝယ် မြတ်စွာဘုရားရှင်သည် မဂဓတိုင်းတို့၌ ခရီးဒေသစာရီ လှည့်လည် ကြွသွားတော်မူသည်ရှိသော် ရာဇဂြိုဟ်ပြည်သို့ ဆိုက်ရောက်တော်မူ၏။ အကြင်အရပ်၌ ဘဂ္ဂဝအမည်ရှိသော အိုးထိန်းသည်သည် ရှိ၏။ ထိုအရပ်သို့ ချဉ်းကပ်တော်မူပြီးလျှင် ဘဂ္ဂဝအမည်ရှိသော အိုးထိန်းသည်ကို ဤသို့ မိန့်တော်မူ၏ "အိုဘဂ္ဂဝ သင့်အား အကယ်၍ ဝန်မလေးသည်ဖြစ်အံ့၊ သင်၏အိုးလုပ်ရာ တင်းကုပ်၌ တညဉ့်မျှ နေလို၏"ဟု မိန့်တော်မူ၏။ မြတ်စွာဘုရား စင်စစ်အားဖြင့် တပည့်တော်အား ဝန်မလေးပါ။ ဤသို့ပင် ဝန်မလေးပါသော်လည်း ဤအိုးလုပ်ရာတင်းကုပ်၌ ရှေးဦးစွာ ဆိုက်ရောက်နေထိုင်သော တဦးသောရဟန်းသည်ကား ရှိပါ၏။ အရှင်ဘုရားကို ရှေးဦးစွာ နေထိုင်သောရဟန်းသည် အကယ်၍ ခွင့်ပြုငြားအံ့၊ အရှင်ဘုရားတို့သည် အလိုရှိတိုင်း နေတော်မူပါကုန်လော့ဟု လျှောက်၏။

**အိုးထိန်းသည်၏ တင်းကုပ်သို့ ရှေးဦးစွာ ရောက်သောရဟန်း**

ထိုအခါ ပုက္ကုသာတိအမည် ရှိသော အမျိုးကောင်းသားသည် ဘုရားရှင်ကိုရည်မှန်း၍ ယုံကြည်သဖြင့် အိမ်ရာထောင်သော လူ့ဘောင်မှ အိမ်ရာမထောင်သော ရဟန်းဘောင်၌ ရဟန်းပြု၏။ ထိုပုက္ကုသာတိရဟန်းသည် ဘဂ္ဂဝအိုးထိန်းသည်၏ အိုးလုပ်ရာတင်းကုပ်၌ ရှေးဦးစွာ နေနှင့်သူဖြစ်၏။

**ဘုရားရှင် ပုက္ကုသာတိရဟန်းထံ ခွင့်ပန်ပုံ။**

။ထိုအခါ မြတ်စွာဘုရားသည် ပုက္ကုသာတိ ရဟန်းရှိရာ အရပ်သို့ ချဉ်းကပ်ပြီးလျှင် ပုက္ကုသာတိရဟန်းကို ဤသို့ မိန့်တော်မူ၏ "အိုရဟန်း သင်သည် အကယ်၍ဝန်မလေးသည်ဖြစ်အံ့၊ သင်၏နေရာတင်းကုပ်၌ တညည့်မျှနေလို၏ဟု မိန့်တော်မူ၏။ ဤသို့ နှစ်ယောက်သောသူတို့သည်လည်း မင်းမျိုးတို့ပေတည်း။ နှစ်ယောက်သောသူတို့သည်လည်း ဆုတောင်းခြင်းနှင့်ပြည့်စုံကုန်၏။ နှစ်ယောက်သောသူတို့သည်လည်း မင်းဖြစ်၍ ရဟန်းပြုကြကုန်၏။ နှစ်ယောက်သောသူတို့သည်လည်း ရွှေအဆင်းနှင့်တူသော အဆင်းရှိကြကုန်၏။ နှစ်ယောက်သောသူတို့သည်လည်း သမာပတ်ကို ရခြင်းရှိကြကုန်၏။ ထို့ကြောင့် ဤနေရာ၌ အတူနေလိုပေ၏။ အိုငါ့ရှင် အိုးထိန်းသည်၏ နေရာတင်းကုပ်သည်လည်း ကျယ်ဝန်းပါ၏။ အရှင်အလိုရှိတိုင်း နေပါလော့ဟု ဆို၏။ ထိုအခါ မြတ်စွာဘုရားသည် အိုးထိန်းသည်၏ အိုးလုပ်ရာ တင်းကုပ်သို့ ကြွတော်မူ၍ သင့်တင့်လျောက်ပတ်သော နေရာမြက်အခင်းကို ခင်းပြီး ထက်ဝယ်ဖွဲ့ခွေလျက် ကိုယ်ကို ဖြောင့်စွာထားကာ ကမ္မဋ္ဌာန်းသို့ ရှေ့ရှုလျက် သတိကို ထင်စွာဖြစ်စေပြီးတော့မှ ထိုင်နေတော်မူ၏။

**ဘုရားရှင်အကြံဖြစ်တော်မူပုံ။**

။ထိုအခါ မြတ်စွာဘုရားသည် များစွာသော ညဉ့်ပတ်လုံး ထိုင်နေတော်မူခြင်းဖြင့် လွန်စေတော်မူ၏။ အရှင်ပုက္ကုသာတိ ရဟန်းသည်လည်း များစွာသော ညဉ့်တို့ပတ်လုံး ထိုင်နေတော်မူခြင်းဖြင့် လွန်စေ၏။ ထိုအခါ မြတ်စွာဘုရားအား ဤသို့အကြံဖြစ်တော်မူ၏ "စင်စစ်လျှင် အမျိုးကောင်းသားသည် ကြည်ညိုဖွယ်ရာသော ဣရိယာပုထ်ကို ဖြစ်စေ၏ ငါသည် ဤအမျိုးကောင်းသားအား မေးမြန်းရမူ ကောင်းလေစွဟု" အကြံဖြစ်တော်မူ၏။

**ဘုရားရှင်က ပုက္ကုသာတိရဟန်းအား မေးမြန်းတော်မူပုံ**

ထိုအခါ မြတ်စွာဘုရားသည် အရှင်ပုက္ကုသာတိကို ဤသို့ မိန့်တော်မူ၏ "အိုရဟန်း သင်သည် အဘယ်သူကိုရည်မှန်း၍ ရဟန်းပြုသနည်း၊ သင်၏ဆရာကား အဘယ်သူပေနည်း၊ သင်သည် အဘယ်သူ၏တရားကို နှစ်သက်လေသနည်းဟု" မေးတော်မူ၏။

**ပုဏ္ဏသာတိရဟန်း ဖြေကြားပုံ။** ။အိုင်္ဂါရှင် သာကီဝင်မင်းမျိုးမှ ရဟန်းပြု တော်မူသော ရဟန်းဂေါတမသည် ရှိ၏။
ထိုအရှင်ဂေါတမ၏ ကောင်းသော ကျော်စောသံသည် ဤသို့ ပြန့်နှံ့၍တက်၏-

(က) ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သောကြောင့် 'အရဟံ' မည်တော်မူ၏။

(ခ) မဖောက်မပြန် သစ္စာလေးပါးတရားတို့ကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသောကြောင့် 'သမ္မာသမ္ဗုဒ္ဓ' မည်တော်မူ၏။

(ဂ) ဝိဇ္ဇာ ၃-ပါး၊ ဝိဇ္ဇာ ၈-ပါး၊ စရဏတဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့် 'ဝိဇ္ဇာစရဏသမ္ပန္န' မည်တော်မူ၏။

(ဃ) ကောင်းသောစကားကို ဆိုတော်မူတတ်သောကြောင့် 'သုဂတ' မည်တော်မူ၏။

(င) လောကသုံးပါးကို ပိုင်းခြား၍ သိတော်မူသောကြောင့် 'လောကဝိဒူ'မည်တော်မူ၏။

(စ) မယဉ်ကျေးသော လူယောကျ်ား နတ်ယောကျ်ား တိရစ္ဆာန်ယောကျ်ားတို့ကို ယဉ်ကျေးအောင် အတုမရှိ ဆုံးမတော်မူတတ်သောကြောင့် 'အနုတ္တရောပုရိသဒမ္မသာရထိ' မည်တော်မူ၏။

(ဆ) လူ နတ် ဗြဟ္မာသတ္တဝါတို့၏ ဆရာဖြစ်တော်မူသောကြောင့် 'သတ္ထာဒေဝမနုဿာနံ' မည်တော်မူ၏။

(ဇ) အလုံးစုံသော ဉေယျဓမ်တရားတို့ကို ကိုယ်တိုင်လည်း သိတော်မူ၍ သူတပါးတို့ကိုလည်း သိစေတော်မူတတ်သောကြောင့် 'ဗုဒ္ဓ' မည်တော်မူ၏။

(ဈ) ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသောကြောင့် 'ဘဂဝါ' မည်တော်မူ၏ဟု ကျော်စောသံသည် ပြန့်နှံ့၍ တက်၏။

ငါသည် ထိုမြတ်စွာဘုရားကို ရည်မှန်း၍ ရဟန်းပြု၏၊ ထိုမြတ်စွာဘုရားသည် သာလျှင် ငါ၏ ဆရာပေတည်း၊ ငါသည် ထိုမြတ်စွာဘုရား၏ တရားတော်ကို နှစ်သက်၏ဟု ဆို၏။

**ဘုရားရှင် ပုဏ္ဏသာတိရဟန်းကို တဖန် မိန့်ကြားတော်မူပုံ** အိုရဟန်း "ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် အလုံးစုံသော တရားတို့ကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသော မြတ်စွာဘုရားသည် ယခုအခါ အဘယ်အရပ်၌

နေတော်မူသနည်း”ဟု မေးတော်မူ၏။ အိုငါ့ရှင် မြောက်အရပ် ဇနပုဒ်တို့၌ သာဝတ္ထိမြို့သည် ရှိ၏။ ထိုသာဝတ္ထိမြို့၌ ပူဇော်အထူးကို ခံတော်မူထိုက်သော မဖောက်မပြန် အလုံးစုံသော တရားတို့ကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသော မြတ်စွာဘုရားသည် ယခုအခါ၌ နေတော်မူ၏ဟု ဆို၏။ အိုရဟန်း “သင်သည် မြတ်စွာဘုရားကို မြင်ဘူးပါ၏လော မြင်သည်ရှိသော် သိပါမည်လော” ဟု မိန့်တော်မူ၏။ အိုငါ့ရှင် “စင်စစ်လျှင် ငါသည် ထိုမြတ်စွာဘုရားကို မမြင်ဘူးချေ၊ မြင်သော်လည်း မသိနိုင်ချေ”ဟု ဆို၏။

**မြတ်စွာဘုရားအား တဖန်အကြံဖြစ်တော်မူပုံ**

ဤအမျိုးကောင်းသားသည် ငါ့ကိုသာလျှင် ရည်၍ ရဟန်းပြု၏။ ထိုအမျိုးကောင်းသားအား ငါသည် တရားကို ဟောရမူကား ကောင်းလေရာ၏ဟု အကြံ ဖြစ်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် အရှင်ပုက္ကုသာတိကို ဤသို့မိန့်တော်မူ၏ “အိုရဟန်း ငါသည် သင့်အား တရားဟောပေအံ့၊ ထိုတရားကို ကောင်းစွာ နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ ဟောကြားပေအံ့”ဟု မိန့်တော်မူ၏။ “အိုငါ့ရှင် ကောင်းပါပြီ”ဟု အရှင်ပုက္ကုသာတိသည် မြတ်စွာဘုရား၏ စကားတော်ကို တုံ့ပြန်ဝန်ခံလေ၏။ မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောကြား မိန့်မြွက်တော်မူ၏—

## ပုက္ကုသာတိရဟန်းအား မြတ်စွာဘုရား တရားဟောကြားတော်မူပုံ

အိုရဟန်း ဤယောကျ်ားသည်—

(က) ခြောက်ပါးသော ဓာတ်ရှိ၏၊

(ခ) ခြောက်ပါးသော ဖဿာယတနရှိ၏၊

(ဂ) တဆယ့်ရှစ်ပါးသော စိတ်၏ ကျက်စားရာရှိ၏၊

(ဃ) လေးပါးသော တည်ရာရှိ၏၊

ဤလေးပါးသော တည်ရာ၌ တည်သောသူအား(မာန)တရားတို့သည် မဖြစ်ကုန်၊ မာနမဖြစ်သည်ရှိသော် ရဟန်းကို ကိလေသာတို့မှ ငြိမ်းသောသူဟူ၍ ဆိုအပ်၏။

သမာဓိ ဝိပဿနာ ပညာကို မမေ့မလျော့ရာ၊

ဝစီသစ္စာကို အစဉ်စောင့်ရှောက်ရာ၏၊

ကိလေသာကို စွန့်ခြင်းကို အဖန်တလဲလဲ အားထုတ်ရာ၏၊ ထိုသူသည် ကိလေသာငြိမ်းခြင်းကိုသာလျှင် ကျင့်ရာ၏။

အိုရဟန်း ဤသည်ကား ဓာတုဝိဘင်္ဂသုတ်တော်၏ အကျဉ်းဥဒ္ဒေသပေတည်း။

**ပဗ္ဗဘာဂ ပဋိပဒါကို မဟောပုံ။** ။ထိုပုက္ကုသာတိရဟန်းအား ရွှေအဘို့၌ ဖြစ်သော စရဏ တဆယ့်ငါးပါးဟု ဆိုအပ်သော အကျင့်ကို မဟောမူ၍ အရဟတ္တဖိုလ်၏ နီးစွာသော အကြောင်းဖြစ်သော ဝိပဿနာကို ဟောကြားတော်မူ၏၊ ပုက္ကုသာတိရဟန်းအား ရွှေအဘို့၌ ဖြစ်သော စရဏတဆယ့်ငါးပါးဟု ဆိုအပ်သော အကျင့်သည် စင်ကြယ်သောကြောင့် ဗိမ္ဗိသာရမင်းသည် စေအပ်သော သတင်းစကားကို ဖတ်ရွတ် အားထုတ်၍ မြတ်သော ပြာသာဒ်ထက်၌ တည်လျက် အာနာပါန စတုတ္ထဈာန်ကို ဖြစ်စေအပ်၏။

ထိုအာနာပါန စတုတ္ထဈာန်သည် တရာ့ကိုးဆယ့်နှစ်ယူဇနာ ရှိသော ခရီးသို့ လာသော ပုက္ကုသာတိရဟန်းအား ယာဉ်၏ ကိစ္စကို ပြီးစေ၏၊ ထိုပုက္ကုသာတိရဟန်းအား သာမဏေ သီလသည် ပြည့်စုံ၏၊ ထို့ကြောင့် မဂ်၏ ရွှေအဘို့၌ ဖြစ်သော စရဏ တဆယ့်ငါးပါးဟု ဆိုအပ်သော အကျင့်ကို ဟောတော်မမူ မူ၍ အရဟတ္တဖိုလ်၏ နီးစွာသော အကြောင်းဖြစ်သော စင်စစ် သုညတ ဖြစ်သော ဝိပဿနာ၏ လက္ခဏာကိုသာလျှင် ဟောကြားခြင်းငှါ ဤဓာတုဝိဘင်္ဂသုတ်တော်၏ အကျဉ်းဥဒ္ဒေသကို ဟောတော်မူ၏။

**ဓာတ် ၆-ပါး သရုပ်။** ။၆-ပါးသော ဓာတ်တို့သည် ပရမတ္ထ အားဖြင့် ထင်ရှားရှိကုန်၏၊ ယောကျ်ားသည် ပရမတ္ထ အားဖြင့် ထင်ရှား မရှိ။ မှန်၏၊ မြတ်စွာဘုရားသည် အချို့အရာ၌ ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ဖြင့် ပရမတ္ထအားဖြင့် ထင်ရှား မရှိသော အနက်ကို ပြတော်မူ၏၊ အချို့အရာ၌ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ဖြင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ကို ပြတော်မူ၏၊ အချို့အရာ၌ ပရမတ္ထအားဖြင့် ထင်ရှား ရှိသော အနက်ဖြင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ကို ပြတော်မူ၏၊ အချို့အရာ၌ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ဖြင့် ပရမတ္ထ အားဖြင့် ထင်ရှားမရှိသော အနက်ကို ပြတော်မူ၏။

ထိုယောကျ်ားအား ခြောက်ပါးသော ဓာတ်တို့သည် ရှိကုန်၏၊ ထို့ကြောင့် ထိုယောကျ်ားသည် 'ဆဓာတုရ' မည်၏၊ အကြင် ရုပ်နာမ်တရား အပေါင်းကို ပုရိသ, သတ္တ, ဇီဝ အစရှိသည်ဖြင့် သင်ပုက္ကုသာတိ ရဟန်းသည် သိ၏၊ ထိုသင်သိအပ်သော ပုရိသ, သတ္တ, ဇီဝ အစရှိသည်သည် ခြောက်ပါးသော ဓာတ်မျှသာ ဖြစ်၏၊ ဤပုရိသ ဟူသော အမည်နာမ ပညတ်၌ ပရမတ္ထ အားဖြင့် ရှိလည်း မရှိ၊ စင်စစ် ပုရိသ ဟူသည် အမည်နာမ ပညတ်မျှသည်သာ ဖြစ်၏၊ (ကြွင်းသော ၆-ပါးသော အာယတန စသည်တို့ကို ရှေးနည်းအတိုင်း မှတ်ယူပါ။)

ဤဓာတုဝိဘင်္ဂသုတ်တော်၌ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ခြောက်ပါးသော ဓာတ်ရှိသော ပုဂ္ဂိုလ်ဖြင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ယောကျ်ား ပုဂ္ဂိုလ်ကို ပြတော်မူလိုရကား ဤ "ဆဓာတုရော အယံ ဘိက္ခု ပုရိသော" ဟူ၍ ဟောတော်မူ၏၊ ချဲ့ဦးအံ့၊ မြတ်စွာဘုရားသည် ပုရိသော ဟူ၍ လောကဝေါဟာရ ပညတ်ကို လွှတ်ပြီးမှ ဓာတုရော ဟူ၍သာလျှင် ဟောတော်မူပြီး ပုက္ကုသာတိ ရဟန်း၏ စိတ်ကို အကယ်၍ ထားခဲ့ပါသည်ရှိသော် ပုက္ကုသာတိရဟန်းသည် ယုံမှားခြင်းကို ပြုရာ၏၊ ပြင်းစွာ တွေဝေခြင်းသို့ ရောက်ရာ၏၊ ဒေသနာတော်ကို ခံယူခြင်းငှါ မစွမ်းနိုင်။

**ပညတ်ကို စွန့်၍ ပရမတ်ကို နှလုံးသွင်းစေခြင်း** ထို့ကြောင့် မြတ်စွာဘုရားသည် ပုက္ကုသာတိ ရဟန်းအား အစဉ်သဖြင့် ပုရိသော ဟူ၍ ဟောတော်မူအပ်သော အမည်နာမ ပညတ်ကို စွန့်ပြီး သတ္တဝါ ဟူသော အမည်နာမပညတ်သည်ရင်း ပုရိသော ဟူသော အမည်နာမ ပညတ်သည်ရင်း ပုဂ္ဂလော ဟူသော အမည်နာမ ပညတ်သည်ရင်း လောကဝေါဟာရ အမည်နာမ ပညတ်မျှသာတည်း၊ ပရမတ္ထအားဖြင့် သတ္တဝါ မည်သည် မရှိ၊ ဓာတ်အစုမျှ၌သာလျှင် စိတ်ကို ထားစေ၍ သုံးပါးသော အောက်ဖိုလ်တို့ကို ငါဘုရား သိစေတော်မူအံ့၊ ဤသို့ နှလုံးသွင်း၍ ဟောတော်မူပြီးမှ အနင်္ဂဏ သုတ်၌ ဟောတော်မူအပ်သော ဘာသာတပါး၌ လိမ်မာသည်၏ အဖြစ်ကြောင့် အထူးထူးသော လူမျိုးတို့၏ ဘာသာဖြင့် အတတ်ကို သင်စေသော လောကီ တက္ကသိုလ်ဆရာကဲ့သို့ ဤဆဓာတုရော အယံ ဘိက္ခု ပုရိသော ဟူ၍ ဟောတော်မူ၏။

ထိုဆဓာတုရော အစရှိသော ပါဠိ၌ အစိတ်ဖြစ်သော အနက်ကို ဤဆိုလတ္တံ့သော နည်းဖြင့် သိအပ်၏။

**ဓာတ်ခြောက်ပါး။** ။ရဟန်း ဓာတ်တို့သည် (၁) ပထဝီ=မြေဓာတ် (၂) အာပေါ=ရေဓာတ် (၃) တေဇော=မီးဓာတ် (၄) ဝါယော=လေဓာတ် (၅) ဟင်းလင်း အပြင် ကောင်းကင်=အာကာသဓာတ် (၆) ဝိညာဏဓာတ်၊ ဤဓာတ် ခြောက်ပါးတို့ပေတည်း၊ ရဟန်း ဤသို့လျှင် ခြောက်ပါးသော ဓာတ်ရှိ၏ ဟူသော သဘောကို သိရမည် ဟူ၍ ဟောတော်မူ၏။

**ဓာတ်ခြောက်ပါးကို စွဲ၍ဖဿာယတန၆-ပါးဖြစ်ပုံ** အိုရဟန်း (၁) စက္ခုသမ္ဖဿာယတန=မျက်စိ အတွေ့၏တည်ရာရင်း၊ (၂)သောတသမ္ဖဿာယတန=နားအတွေ့၏တည်ရာရင်း၊ (၃)ဃာနသမ္ဖဿာယတန=နှာခေါင်းအတွေ့၏ တည်ရာရင်း၊ (၄) ဇိဝှါသမ္ဖဿာယတန=

လျှာအတွေ့၏ တည်ရာရင်း၊ (၅) ကာယသမ္ဖဿာယတန = ကိုယ်အတွေ့၏ တည်ရာရင်း၊ (၆) မနောသမ္ဖဿာယတန=စိတ်အတွေ့၏ တည်ရာရင်း ဖဿာယတန 'အတွေ့၏ တည်ရာ'တို့သည် ဤခြောက်ပါးတို့ပေတည်း။ ရဟန်း ဤသို့လျှင် ခြောက်ပါးသော ဖဿာယတနရှိ၏ဟူသော သဘောကို သိရမည်ဟု ဟောတော်မူ၏။

တဆယ့်နှစ်ပါးသော စိတ်၏ကျက်စားရာဟူသည်–

၁။ မျက်စိဖြင့် ရူပါရုံကိုမြင်၍–

(က) ဝမ်းမြောက်ခြင်း 'သောမနဿ'၏ အကြောင်းဖြစ်သော ရူပါရုံကို စူးစမ်း ဆင်ခြင်၏။

(ခ) နှလုံးမသာယာခြင်း'ဒေါမနဿ'၏ အကြောင်းဖြစ်သော ရူပါရုံကို စူးစမ်းဆင်ခြင်၏။

(ဂ) လျစ်လျူရှုခြင်း 'ဥပေက္ခာ'၏ အကြောင်းဖြစ်သော ရူပါရုံကို စူးစမ်း ဆင်ခြင်၏။

၂။ နားဖြင့် အသံကိုကြား၍–

(က) ဝမ်းမြောက်ခြင်း'သောမနဿ'၏ အကြောင်းဖြစ်သော သဒ္ဒါရုံကို စူးစမ်း ဆင်ခြင်၏။

(ခ) နှလုံးမသာယာခြင်း'ဒေါမနဿ'၏အကြောင်းဖြစ်သော သဒ္ဒါရုံကို စူးစမ်း ဆင်ခြင်၏။

(ဂ) လျစ်လျူရှုခြင်း 'ဥပေက္ခာ'၏ အကြောင်းဖြစ်သော သဒ္ဒါရုံကို စူးစမ်း ဆင်ခြင်၏။

၃။ နှာခေါင်းဖြင့် အနံ့ကို နမ်း၍ သုံးချက်ဆို။

၄။ လျှာဖြင့် အရသာကို လျက်၍ သုံးချက်ဆို။

၅။ ကိုယ်ဖြင့် အကြမ်းအနု အပူအအေး စသည်ကို တွေ့ထိ၍ သုံးချက်ဆို။

၆။ စိတ်ဖြင့် ဓမ္မာရုံကို သိ၍–

(က) ဝမ်းမြောက်ခြင်း 'သောမနဿ'၏အကြောင်းဖြစ်သော ဓမ္မာရုံကို စူးစမ်းဆင်ခြင်၏။

(ခ) နှလုံးမသာယာခြင်း'ဒေါမနဿ'၏အကြောင်းဖြစ်သောဓမ္မာရုံကို စူးစမ်းဆင်ခြင်၏။

(ဂ) လျစ်လျူရှုခြင်း 'ဥပေက္ခာ'၏ အကြောင်းဖြစ်သော မမ္ဘာရုံကို စူးစမ်းဆင်ခြင်၏။

ဤသို့လျှင် သောမနဿ၏ အကြောင်းဖြစ်သော စိတ်၏ကျက်စားရာတို့ကား ခြောက်ပါး။

ဒေါမနဿ၏ အကြောင်းဖြစ်သော စိတ်၏ကျက်စားရာတို့ကား ခြောက်ပါး။

ဥပေက္ခာ၏ အကြောင်းဖြစ်သော စိတ်၏ကျက်စားရာတို့ကား ခြောက်ပါး။

ရဟန်း ဤသို့လျှင် တဆယ့်ရှစ်ပါးသော စိတ်၏ကျက်စားရာသည် ရှိ၏ ဟူသော သဘောကို ဤစကားကို အစွဲပြု၍ ဟောတော်မူ၏။

**တည်ရာလေးပါး။** ။အိုရဟန်း (၁) ပညာ၏တည်ရာ (၂) သစ္စာ၏တည်ရာ (၃) ကိလေသာကို စွန့်ခြင်း၏တည်ရာ (၄) အရဟတ္တမဂ်တည်းဟူသော တည်ရာ၊ ဤသို့လျှင် တည်ရာတို့သည် လေးပါးတို့ပေတည်း။

ရဟန်း ဤသို့လျှင် ယောကျ်ားသည် လေးပါးသော တည်ရာရှိ၏ ဟူသော သဘောကို ဤလေးပါး၏ တည်ရာကို အစွဲပြုပြီး သိရမည်ဟူ၍ ဟောတော်မူ၏။

ဝိပဿနာပညာကို မမေ့မလျော့ရာ စသော စကားသည် အဘယ်ကိုအစွဲပြု၍ ဟောအပ်ပါသနည်း၊ အိုရဟန်း ဓာတ်တို့သည် (၁) ပထဝီ=မြေဓာတ် (၂) အာပေါ=ရေဓာတ် (၃) တေဇော=မီးဓာတ် (၄) ဝါယော=လေဓာတ် (၅) ဟင်းလင်းအပြင် ကောင်းကင်=အာကာသဓာတ် (၆) ဝိညာဏဓာတ်၊ ဤ ခြောက်ပါးတို့ ပေတည်း။

**မြေဓာတ် ၂-မျိုး။** ။မြေဓာတ်သည် (၁)အတွင်းသန္တာန်၌ ဖြစ်သော မြေဓာတ် (၂) အပသန္တာန်၌ ဖြစ်သော မြေဓာတ်၊ ဤသို့ ၂-ပါး အပြားရှိ၏။

**ပထဝီဓာတ် ၂၀။** ။ရဟန်း အတွင်းသန္တာန်၌ ဖြစ်သော မြေဓာတ်ဟူသည် အဘယ်နည်း၊ မိမိသန္တာန်၌ ဖြစ်သော မိမိကိုယ်ဟူသော အသီးအခြားဖြစ်သော ခက်မာသော လက္ခဏာ ကြမ်းတမ်းသော အခြင်းအရာ ကိုယ်ကာယ၌တည်သော ဥပါဒိန္နရုပ်သည်ရှိ၏။ ထိုပထဝီဓာတ်သည် အဘယ်သည်တို့နည်း—ဆံပင်, မွေးညှင်း, ခြေသည်း လက်သည်း, သွား, အရေ, အသား, အကြော, အရိုး,ရိုးတွင်း ခြင်ဆီ, အညှိ., နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်, အူမ, အူသိမ်,အစာသစ်, အစာဟောင်း, ဦးနှောက်၊ ဆိုအပ်ခဲ့ပြီးသည်မှ တပါးလည်း ဖြစ်ကုန်သော အတွင်းသန္တာန်၌ အသီးအခြားဖြစ်သော ခက်မာ

သော လက္ခဏာသည်၎င်း၊ ကြမ်းတမ်းသော အခြင်းအရာသည်၎င်း ဥပါဒိန္နရုပ်သည်၎င်း ရှိ၏၊ အို ရဟန်း ဤဆိုအပ်ခဲ့ပြီးသည်ကို အတွင်းသန္တာန်၌ အသီးအခြားဖြစ်သော ပထဝီဓာတ်ဟူ၍ ဆိုအပ်၏။

အတွင်းသန္တာန်ဖြစ်သော ပထဝီဓာတ်သည်၎င်း အပသန္တာန်၌ ဖြစ်သော ပထဝီဓာတ်သည်၎င်း ရှိ၏။ ထိုနှစ်ပါးသော ဓာတ်အပေါင်းသည် ပထဝီဓာတ်သာလျှင်တည်း၊ ထိုပထဝီဓာတ်နှစ်ပါးသည် ငါ၏ဥစ္စာမဟုတ်၊ ဤပထဝီဓာတ်နှစ်ပါးသည် ငါမဟုတ်၊ ဤပထဝီဓာတ်နှစ်ပါးသည် ငါ၏အတ္တမဟုတ်၊ ဤသို့ ပထဝီဓာတ်ကို ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် ရှုကြည့်အပ်၏။ ဤသို့ပထဝီဓာတ်ကို ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် ရှုမြင်သော် ပထဝီဓာတ်၌ ငြီးငွေ့၏၊ ပထဝီဓာတ်၌ စိတ်သည် တပ်မက်ခြင်း ကင်း၏။

**ပထဝီဓာတ်ဖြစ်တဲ့ ဆံပင်ကို ဥပမာပြ၍ ဝိပဿနာရှုပုံ။** ။ဤဆံပင်တို့ မည်သည်ကား ဦးခေါင်းခွံကို ရစ်ပတ်သောအရေ၌ ရောက်ကုန်၏။ ထိုဆံပင်နှင့် ဦးခေါင်းခွံတို့တွင် တောင်ပို့ထိပ်၌ မြက်တုံးတို့ ပေါက်ရောက်ကုန်သည်ရှိသော် တောင်ပို့ထိပ်သည် "ငါ တောင်ပို့၌ မြက်တုံတို့သည် ပေါက်ရောက်ကုန်၏"ဟု မသိလေကုန်ဘိသကဲ့သို့ မြက်တုံးတို့သည်လည်း "ငါတို့သည် တောင်ပို့ထိပ်၌ ရောက်ကုန်၏"ဟု မသိလေကုန်ဘိသကဲ့သို့၊ ဤနှင့်မခြား အသားတူစွာသာလျှင် ဦးခေါင်းခွံကို ရစ်ပတ်သော အရေသည် "ငါ၌ ဆံပင်တို့သည် ဖြစ်ကုန်၏"ဟုမသိပေ၊ဆံပင်တို့သည်လည်း "ငါတို့သည် ဦးခေါင်းခွံကို ရစ်ပတ်သော အရေ၌ ဖြစ်ပေကုန်၏"ဟု မသိပေကုန်။

ဤဆံပင်ဟူသော ကောဋ္ဌာသ တရားအစုတို့သည် အချင်းချင်း နှလုံးသွင်းဆင်ခြင်ခြင်းမှ ကင်းကြပေကုန်၏။ ဆံပင်တို့ မည်သည်ကား ဤခန္ဓာကိုယ်၌ အသီးအခြားဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတသာတည်း၊ အတ္တမှ ဆိတ်၏၊ သတ္တဝါလည်း မဟုတ်၊ ခက်ထရော် ကြမ်းတမ်းမှုရှိ၏၊ ပထဝီဓာတ်မျှသာတည်း၊ ဤသို့ နှလုံးသွင်း ဆင်ခြင်အပ်၏။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ ၅၄။)

**ပထဝီဓာတ်ဖြစ်တဲ့ အမွေးကို ဥပမာပြ၍ ဝိပဿနာရှုပုံ** 　အမွေးတို့သည် ကိုယ်ကိုရစ်သော အရေ၌ ဖြစ်ပါပေကုန်၏၊ ထိုအမွေးနှင့် အရေတို့တွင် လူနေဆိတ်သောရွာ၌ (ရွာဟောင်း အရပ်၌) နေဇာမြက်တို့သည် ရောက်ကုန်သည်ရှိသော် ရွာဟောင်းအရပ်သည် "ငါ၌ နေဇာမြက်တို့သည် ဖြစ်ခဲ့ပါပေကုန်၏"ဟု မသိလေကုန်ဘိသကဲ့သို့ နေဇာမြက်တို့သည်လည်း "ငါတို့သည် ရွာဟောင်းအရပ်၌ ဖြစ်ခဲ့ပါပေကုန်၏"ဟု မသိလေကုန်

ဘိသကဲ့သို့ ဤ နှင့်မခြား အလားတူစွာသာလျှင် ကိုယ်ကိုရစ်သော အရေသည် "ငါ၌ အမွေးတို့သည် ဖြစ်ခဲ့ပါပေကုန်၏" ဟုလည်း မသိပေ၊ အမွေးတို့သည်ကား "ငါတို့သည် ကိုယ်ကိုရစ်သောအရေ၌ ဖြစ်ခဲ့ပါပေကုန်၏" ဟုလည်း မသိပေကုန်။

ဤ အမွေးဟူသော ကောဋ္ဌာသတရားအစုတို့သည် အချင်းချင်း နှလုံးသွင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏၊ အမွေးတို့မည်သည်ကား ဤ ခန္ဓာကိုယ်၌ အသီးအခြား ဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတသာတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါလည်း မဟုတ်၊ ခက်ထရော် ကြမ်းတမ်းမှုရှိ၏၊ ပထဝီဓာတ်မျှသာတည်း၊ ဤသို့ နှလုံးသွင်း ဆင်ခြင်အပ်၏။ (သမ္မောဟ ဝိနောဒနီအဋ္ဌကထာ ၅၄။)

**ပထဝီဓာတ်ဖြစ်တဲ့ ခြေသည်းလက်သည်းကို ဥပမာပြ၍ရှုပုံ။** ။ခြေသည်း လက်သည်း တို့သည် လက်ချောင်း ခြေချောင်းတို့၏ အဖျားတို့၌ ဖြစ်ပါပေကုန်၏။ ထို လက်သည်း ခြေသည်းနှင့် လက်ချောင်း ခြေချောင်း အဖျားတို့တွင် သူငယ်တို့သည် လှံတံတို့ဖြင့် သစ်မည်စည်အစေ့တို့ကို ထိုး၍ ကစားခဲ့ပါကုန်သည် ရှိသော် လှံတံတို့သည် "ငါတို့၌ သစ်မည်စည်အစေ့တို့ကို ထားပါပေကုန်၏" ဟု မသိလေကုန်ဘိသကဲ့သို့ သစ်မည်စည်အစေ့တို့သည်လည်း "ငါတို့သည် လှံတံတို့၌ ထားပါပေကုန်၏" ဟု မသိလေကုန်ဘိသကဲ့သို့ ဤနှင့်မခြား အလားတူစွာသာလျှင် လက်ချောင်း ခြေချောင်းတို့သည် "ငါတို့၏ အဖျားတို့၌ ခြေသည်း လက်သည်းတို့သည် ဖြစ်ပါပေကုန်၏" ဟူ၍လည်း မသိပေကုန်၊ ခြေသည်း လက်သည်းတို့သည်လည်း "ငါတို့သည် လက်ချောင်း ခြေချောင်းတို့၏ အဖျားတို့၌ ဖြစ်ပါပေကုန်၏" ဟူ၍လည်း မသိပေကုန်။

ဤ ခြေသည်းလက်သည်းဟူသော ကောဋ္ဌာသတရားအစုတို့သည် အချင်းချင်း နှလုံးသွင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏၊ ခြေသည်း လက်သည်းတို့မည်သည်ကား ဤခန္ဓာကိုယ်၌ အသီးအခြားဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတသာတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါလည်း မဟုတ်၊ ခက်ထရော် ကြမ်းတမ်းမှုရှိ၏၊ ပထဝီဓာတ်မျှသာတည်း၊ ဤသို့ နှလုံးသွင်း ဆင်ခြင်အပ်၏။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ ၅၄။)

**ပထဝီဓာတ်ဖြစ်တဲ့ သွားတို့ကို ဥပမာပြ၍ ရှုပုံ။** ။သွားတို့သည် မေးရိုးတို့၌ ဖြစ်ပါပေကုန်၏။ ထို သွားနှင့် မေးရိုးတို့တွင် လက်သမားတို့သည် ကျောက်ဆုံတို့၌ တစုံတခုသာလျှင်ဖြစ်သော အစေးမျိုးဖြင့် ဖွဲ့၍ကားသောတိုင်တို့၌ ဆုံတို့သည် "ငါတို့၌ တိုင်တို့သည် တည်ကုန်၏" ဟု မသိလေကုန်ဘိသကဲ့သို့ တိုင်တို့သည်လည်း "ငါတို့သည် ဆုံတို့၌

တည်ကုန်၏”ဟု မသိလေကုန်ဘိသကဲ့သို့ ဤနှင့်မခြား အလားတူစွာသာလျှင် မေးရိုးတို့သည် “ငါတို့၌ သွားတို့သည် ဖြစ်ပေကုန်၏”ဟု မသိပေကုန်၊ သွားတို့ သည်လည်း “ငါတို့သည် မေးရိုးတို့၌ ဖြစ်ပါပေကုန်၏”ဟုလည်း မသိပေကုန်။

ဤ သွားဟူသော ကောဋ္ဌာသတရားအစုတို့သည် အချင်းချင်း နှလုံးသွင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏၊ သွားတို့မည်သည်ကား ဤ ခန္ဓာကိုယ်၌ အသီး အခြားဖြစ်သော အရိုးစုသာတည်း၊ စိတ်လည်းမရှိ၊ အဗျာကတသာတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါလည်း မဟုတ်၊ ခက်ထရော်ကြမ်းတမ်းမှု ရှိ၏၊ ပထဝီဓာတ် မျှသာတည်း၊ ဤသို့ နှလုံးသွင်း ဆင်ခြင်အပ်၏။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ ၅၄။)

**ပထဝီဓာတ်ဖြစ်တဲ့ အရေကို ဥပမာပြ၍ ရှုပုံ။** ။အရေသည် အလုံးစုံသော ကိုယ်အရပ်ကို မြှေးယှက်ဖွဲ့၍ တည်၏။ ထို ကိုယ်နှင့် အရေတို့တွင် စိုစွတ်သော နွားရေဖြင့် ကျက်အပ်သော စောင်းခွက်ကြီး၌ စောင်းခွက်ကြီးသည် “ငါ၌ စိုစွတ်သော နွားရေသည် မြှေး ယှက်ဖွဲ့အပ်၏”ဟု မသိလေကုန်ဘိသကဲ့သို့ စိုစွတ်သော နွားရေသည်လည်း “ငါ သည် စောင်းခွက်ကြီးကို မြှေးယှက်ဖွဲ့အပ်၏”ဟု မသိလေကုန်ဘိသကဲ့သို့ ဤနှင့် မခြား အလားတူစွာသာလျှင် ကိုယ်သည် “ငါ့ကို အရေသည် မြှေးယှက်ဖွဲ့အပ် ၏” ဟုလည်း မသိပေ၊ အရေသည်လည်း “ငါသည် ကိုယ်ကို မြှေးယှက်ဖွဲ့အပ် ၏”ဟုလည်း မသိပေ။

ဤ အရေဟူသော ကောဋ္ဌာသတရားအစုတို့သည် အချင်းချင်း နှလုံးသွင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏၊ အရေတို့ မည်သည်ကား ဤ ခန္ဓာကိုယ်၌ အသီး အခြားဖြစ်သော အစုသာတည်း၊ စိတ်လည်းမရှိ၊ အဗျာကတသာတည်း၊ အတ္တမှ ဆိတ်၏၊ သတ္တဝါလည်း မဟုတ်၊ ခက်ထရော် ကြမ်းတမ်းမှုရှိ၏၊ ပထဝီဓာတ်မျှ သာတည်း၊ ဤသို့ နှလုံးသွင်း ဆင်ခြင်အပ်၏။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ ၅၅။)

**ပထဝီဓာတ်ဖြစ်တဲ့ အသားကို ဥပမာပြ၍ ရှုပုံ။** ။အသားသည် အရိုးစုကို လိမ်းကျံ၍ တည်၏၊ ထို အသားနှင့် အရိုးစုတို့တွင် သက်သက်သော မြေစိုင်ကြီးဖြင့် လိမ်းကျံအပ်သော နံရံ၌ နံရံသည် “ငါ့ကို သက်သက်သော မြေစိုင်ခဲကြီးသည် လိမ်းကျံ အပ်ပါပေ ၏”ဟု မသိလေဘိသကဲ့သို့ သက်သက်သော မြေစိုင်ခဲကြီးသည်လည်း “ငါသည် နံရံကြီးကို လိမ်းကျံအပ်ပါပေ၏”ဟု မသိလေဘိသကဲ့သို့ ဤနှင့် မခြား အလား တူစွာသာလျှင် အရိုးစုသည် “ငါ့ကို ကိုးရာမျှ အတိုင်းအရှည် ရှိကုန်သော

အသားတို့သည် လိမ်းကျံအပ်ပါပေကုန်၏''ဟု မသိပေကုန်၊ ကိုးရာမျှ အတိုင်း အရှည်ရှိကုန်သော အသားတို့သည်လည်း ''ငါသည် အရိုးစုကို လိမ်းကျံအပ်ပါ ပေကုန်၏''ဟူ၍လည်း မသိပေကုန်။

ဤ အသားဟူသော ကောဋ္ဌာသတရားအစုတို့သည် အချင်းချင်း နှလုံးသွင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏၊ အသားတို့ မည်သည်ကား ဤ ခန္ဓာကိုယ်၌ အသီး အခြားဖြစ်သော အစုသာတည်း၊ စိတ်လည်းမရှိ၊ အဗျာကတသာတည်း၊ အတ္တမှ ဆိတ်၏၊သတ္တဝါလည်းမဟုတ်၊ ခက်ထရော်ကြမ်းတမ်းမှုရှိ၏၊ ပထဝီဓာတ်မျှသာ တည်း၊ ဤသို့နှလုံးသွင်း ဆင်ခြင်အပ်၏။(သမ္မောဟဝိနောဒနီ အဋ္ဌကထာ-၅၅။)

**ပထဝီဓာတ်ဖြစ်တဲ့အကြောကိုဥပမာပြ၍ရှုပုံ။** ။အကြောသည် ကိုယ်တွင်း၌ အရိုးတို့ကိုဖွဲ့ပြီးတော့မှ ရင် တည်၏၊ ထိုအကြောနှင့် အရိုးတို့တွင် နွယ်တို့ဖြင့် ဖွဲ့အပ်ကုန်သော နံရံသစ်တို့၌ ''နံရံသစ်တို့ သည် ငါတို့ကို နွယ်တို့သည် ဖွဲ့အပ်ပေကုန်၏'' ဟူ၍ မသိလေကုန်ဘိသကဲ့သို့ နွယ်တို့ သည်လည်း ''ငါတို့သည် နံရံသစ်တို့ကို ဖွဲ့အပ်ပေကုန်၏'' ဟုလည်း မသိလေကုန် ဘိသကဲ့သို့ ဤနှင့်မခြား အလားတူစွာသာလျှင် အရိုးတို့သည် ''ငါတို့ကို အကြော တို့သည် ဖွဲ့အပ်ကုန်၏''ဟု မသိပေကုန်၊ အကြောတို့သည်လည်း''ငါတို့သည် အရိုး တို့ကို ဖွဲ့အပ်ပေကုန်၏'' ဟူ၍လည်း မသိပေကုန်။

ဤ အကြောဟူသော ကောဋ္ဌာသတရားအစုတို့သည် အချင်းချင်း နှလုံးသွင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏၊ အကြောတို့မည်သည်ကား ဤခန္ဓာကိုယ်၌ အသီး အခြားဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတ သာတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါလည်း မဟုတ်၊ ခက်ထရော်ကြမ်းတမ်းမှု ရှိ၏၊ ပထဝီ ဓာတ်မျှသာတည်း၊ ဤသို့ နှလုံးသွင်း ဆင်ခြင်အပ်၏။ (သမ္မောဟဝိနောဒနီအဋ္ဌ ကထာ ၅၅။)

**အရိုးအဆင့်ဆင့် တည်နေပုံ။** ။အရိုးတို့တွင် ဖနှောင့်ရိုးသည် ဖမျက်ရိုးကိုချီ၍ တည်ပါပေ၏၊ ဖမျက်ရိုးသည် မြင်းခေါင်းရိုးကို ချီ၍တည်၏၊ မြင်းခေါင်းရိုးသည် ပေါင်ရိုးကိုချီ၍တည်၏၊ ပေါင်ရိုးသည် ခါးရိုးကို ချီ၍တည်၏၊ ခါးရိုးသည် ကျောက်ကုန်းရိုးကို ချီ၍တည်၏၊ ကျောက်ကုန်းရိုး သည် လည်ရိုးကို ချီ၍တည်၏၊လည်ရိုးသည် ဦးခေါင်းရိုးကို ချီ၍တည်၏၊ ဦးခေါင်း ရိုးသည် လည်ရိုးအထက်၌ တည်၏၊ လည်ရိုးသည် ကျောက်ကုန်းရိုး၌ တည်၏၊ ကျောက်ကုန်းရိုးသည် ခါးရိုး၌ တည်၏၊ ခါးရိုးသည် ပေါင်ရိုး၌ တည်၏၊ ပေါင်ရိုး သည် မြင်းခေါင်းရိုး၌ တည်၏၊ မြင်းခေါင်းရိုးသည် ဖမျက်ရိုး၌ တည်၏၊ ဖမျက် ရိုးသည် ဖနှောင့်ရိုး၌ တည်၏။

**ပဌဝီဓာတ်ဖြစ်တဲ့အရိုးကို ဥပမာပြ၍ရှုပုံ** ထိုအရိုးတို့တွင် အုတ် သစ် နွားချေး အစရှိကုန်သော အစုတို့တွင် "အောက် အောက်၌ တည်ကြကုန်သော အုတ်–သစ်–နွားချေး အစရှိသည် တို့သည် အထက်အထက်၌တည်ကုန်သော အုတ်–သစ်–နွားချေးအစရှိသည်တို့ကို ချီကုန်ပြီးတော့မှ ရင် တည်ပေကုန်၏"ဟု မသိလေကုန်ဘိသကဲ့သို့ အထက် အထက်၌ ဖြစ်ကုန်သော အုတ်–သစ်–နွားချေး အစရှိသည်တို့သည် "ငါတို့သည် အောက် အောက်၌ဖြစ်ကုန်သော အုတ်-သစ် နွားချေးအစရှိသည်ကို၌ တည်ပါပေကုန်၏" ဟု မသိလေကုန်ဘိသကဲ့သို့ ဤနှင့်မခြား အလားတူစွာသာလျှင် ဖနှောင့်ရိုးသည် "ငါသည် ဖမျက်ရိုးကို ချီ၍တည်၏" ဟုလည်း မသိပေ၊ ဖမျက်ရိုးသည် "ငါသည် မြင်းခေါင်းရိုးကို ချီ၍ တည်၏"ဟုလည်း မသိပေ၊ မြင်းခေါင်းရိုးသည် "ငါသည် ပေါင်ရိုးကို ချီ၍တည်၏" ဟုလည်း မသိပေ၊ ပေါင်ရိုးသည် "ငါသည် ခါးရိုးကို ချီ၍ တည်၏"ဟုလည်း မသိပေ၊ ခါးရိုးသည် "ငါသည် ကျောက်ကုန်းရိုးကို ချီ၍တည်၏" ဟုလည်း မသိပေ။

ကျောက်ကုန်းရိုးသည် "ငါသည် လည်ရိုးကို ချီ၍တည်၏" ဟုလည်း မသိပေ၊ လည်ရိုးသည် "ငါသည် ဦးခေါင်းရိုးကို ချီ၍တည်၏" ဟု လည်း မသိပေ၊ ဦးခေါင်းရိုးသည် "ငါသည် လည်ရိုးအထက်၌ ချီ၍တည်ပါပေ၏" ဟု လည်း မသိပေ၊ လည်ရိုးသည် "ငါသည် ကျောက်ကုန်းရိုး၌ ချီ၍တည်ပါပေ၏" ဟု မသိပေ၊ ကျောက်ကုန်းရိုးသည် "ငါသည် ခါးရိုး၌ ချီ၍ တည်ပါပေ၏" ဟု မသိပေ၊ ခါးရိုးသည် "ငါသည် ပေါင်ရိုး၌ ချီ၍တည်ပါပေ၏" ဟု မသိပေ၊ ပေါင်ရိုးသည် "ငါသည် မြင်းခေါင်းရိုးကို ချီ၍တည်ပါပေ၏" ဟု မသိပေ၊ မြင်းခေါင်းရိုးသည် "ငါသည် ဖမျက်ရိုးကို ချီ၍တည်ပါပေ၏" ဟု မသိပေ၊ ဖမျက်ရိုးသည် "ငါသည် ဖနှောင့်ရိုး၌ချီ၍ တည်ပါပေ၏" ဟု မသိပေ။

ဤ အရေဟူသော ကောဋ္ဌာသ တရားအစုတို့သည် အချင်းချင်း နှလုံးသွင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။ အရိုးတို့မည်သည်ကား ဤခန္ဓာကိုယ်၌ အသီးအခြားဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတသာတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါလည်း မဟုတ်၊ ခက်ထရော်ကြမ်းတမ်းမှုရှိ၏၊ ပဌဝီဓာတ်မျှသာတည်း၊ ဤသို့ နှလုံးသွင်း ဆင်ခြင်အပ်၏။ (သမ္မောဟဝိနောဒနီအဋ္ဌကထာ ၅၅။)

**ပဌဝီဓာတ်ဖြစ်တဲ့ခြင်ဆီကိုဥပမာပြ၍ရှုပုံ။** ။ရိုးတွင်း ခြင်ဆီသည် ထိုထိုအရိုးတို့၏ အတွင်း၌တည်၏။ ထိုအရိုးနှင့် ရိုးတွင်းခြင်ဆီတို့တွင် ဝါးဆစ် စသည်တို့၏ အတွင်း၌ ထည့်အပ်ကုန်သော ကြိမ်ညွန့် စသည်တို့တွင် ဝါးဆစ် စသည်တို့သည် "ငါတို့၌ ကြိမ်ညွန့်စသည်

တို့ကို ထည့်အပ်ကုန်၏" ဟု မသိလေကုန် ဘိသကဲ့သို့ ကြိမ်ညွန့်စသည်တို့သည်လည်း "ငါတို့သည် ဝါးဆစ် စသည်တို့၌ တည်ကုန်၏" ဟု မသိလေကုန်ဘိသကဲ့သို့ ဤနှင့် မခြား အလားတူစွာ သာလျှင် အရိုးတို့သည် "ငါတို့၏ အတွင်း၌ ခြင်ဆီသည် တည်၏" ဟု မသိပေကုန်၊ ခြင်ဆီသည်လည်း "ငါသည် အရိုးတို့၏ အတွင်း၌ တည်၏" ဟု မသိပေကုန်။

ဤခြင်ဆီဟူသော ကောဋ္ဌာသ တရားအစုတို့သည် အချင်းချင်း နှလုံးသွင်းဆင်ခြင်ခြင်းမှ ကင်းကုန်၏၊ ခြင်ဆီတို့ မည်သည်ကား ဤခန္ဓာကိုယ်၌ အသီးအခြားဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတသာတည်း၊ အတ္တမှ ဆိတ်၏၊ သတ္တဝါလည်း မဟုတ်၊ ခက်ထရော်ကြမ်းတမ်းမှုရှိ၏၊ ပထဝီဓာတ်မျှသာတည်း၊ ဤသို့ နှလုံးသွင်းဆင်ခြင်အပ်၏။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ-၅၆။)

**ပထဝီဓာတ်ဖြစ်တဲ့အညှို့ကိုဥပမာပြ၍ရှုပုံ။** ။အညှို့သည် လည်မျိုမှ ထွက်သော တခုသော အမြစ်တို့ဖြင့် အတန်ငယ်သွား၍ နှစ်ဖြာကွဲပြားသော ကြီးသောအမြစ်သည် ဖွဲ့အပ်သည်ဖြစ်၍ နှလုံးသားကို ရံလျက် တည်၏။ ထိုအညှို့နှင့် ကြီးသော အကြောတို့တွင် အညှာသည် ဖွဲ့အပ်သော သရက်သီးနှစ်ခုတို့၏ အပေါင်း၌ အညှာသည် "ငါသည် သရက်သီး နှစ်ခုတို့၏ အပေါင်းကို ဖွဲ့အပ်၏" ဟု မသိလေကုန်ဘိသကဲ့သို့ သရက်သီး နှစ်ခုတို့သည်လည်း "ငါ့ကို အညှာသည် ဖွဲ့အပ်၏" ဟု မသိလေကုန်ဘိသကဲ့သို့ ဤနှင့် မခြား အလားတူစွာသာလျှင် ကြီးသော အကြောသည် "ငါသည် အညှို့ကို ဖွဲ့အပ်၏" ဟု မသိပေ၊ အညှို့သည်လည်း "ငါ့ကို ကြီးသော အကြောသည် ဖွဲ့အပ်၏" ဟု မသိပေ။

ဤအညှို့ဟူသော ကောဋ္ဌာသ တရားအစုတို့သည် အချင်းချင်း နှလုံးသွင်းဆင်ခြင်ခြင်းမှ ကင်းကုန်၏၊ အညှို့တို့မည်သည်ကား ဤခန္ဓာကိုယ်၌ အသီးအခြား ဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတသာတည်း၊ အတ္တမှ ဆိတ်၏၊ သတ္တဝါလည်း မဟုတ်၊ ခက်ထရော်ကြမ်းတမ်းမှုရှိ၏၊ ပထဝီဓာတ်မျှသာတည်း၊ ဤသို့ နှလုံးသွင်းဆင်ခြင်အပ်၏။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ-၅၆။)

**ပထဝီဓာတ်ဖြစ်တဲ့ နှလုံးသားကို ဥပမာပြ၍ ရှုပုံ။** ။နှလုံးသားသည် ကိုယ်၏ အတွင်း၌ ရင်ရိုး အလယ်ချိုင့်ကို မှီ၍ တည်၏၊ ထို နှလုံးသားနှင့် ရင်ရိုးအလယ်ချိုင့်တို့တွင် ဆွေးမြေ့ပြီးသော ခြင်းကြားချိုင့်ကိုမှီ၍ ထားအပ်ပေသော သားတစ်၌ ခြင်းကြားချိုင့်သည် "ငါ့ကို မှီပြီးတော့မှရင် သားတစ်ကို ထားအပ်ပါပေ၏" ဟု မသိလေကုန်ဘိသကဲ့သို့ သားတစ်သည်လည်း "ငါသည် ဆွေးမြေ့ပြီးသော ခြင်းကြားချိုင့်ကို မှီပြီးတော့မှရင် တည်၏" ဟု မသိလေကုန်ဘိသကဲ့သို့ ဤနှင့်မခြား အလားတူ

စွာသာလျှင် ရင်ရိုးအလယ် ချိုင့်အတွင်းသည် "ငါ့ကို မှီ၍ နှလုံးသားသည် တည်၏"ဟု မသိပေ၊ နှလုံးသားသည်လည်း "ငါသည် ရင်ရိုး အလယ်ချိုင့်အတွင်းကို မှီ၍ တည်၏"ဟု မသိပေ။

ဤနှလုံးသားဟူသော ကောဋ္ဌာသတရားအစုတို့သည် အချင်းချင်းနှလုံးသွင်းဆင်ခြင်ခြင်းမှ ကင်းကုန်၏၊ နှလုံးသားတို့ မည်သည်ကား ဤခန္ဓာကိုယ်၌ အသီးအခြားဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတ သာတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါလည်း မဟုတ်၊ ခက်ထရော်ကြမ်းတမ်းမှုရှိ၏၊ ပထဝီဓာတ်မျှသာတည်း၊ ဤသို့ နှလုံးသွင်းဆင်ခြင်အပ်၏။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ-၅၇။)

**ပထဝီဓာတ်ဖြစ်တဲ့ အသည်းကို ဥပမာပြ၍ရှုပုံ။** ။အသည်းသည် ကိုယ်၏အတွင်း၌ နှစ်ခုကုန်သော သားမြတ်တို့၏ အတွင်း၌ လကျ်ာနံပါးကို မှီ၍ တည်၏။ ထိုအသည်းနှင့် လကျ်ာနံပါးတို့တွင် အိုးအုံနံပါး၌ ကပ်ငြိသော အစုံသော အသားဆိုင်၌ အိုးအုံနံပါးသည် "ငါ၌ အစုံသော အသားဆိုင်သည် ကပ်ငြိပေ၏"ဟု မသိလေဘိသကဲ့သို့ အစုံသော အသားဆိုင်သည်လည်း "ငါသည် အိုးအုံနံပါး၌ ကပ်ငြိပေ၏"ဟု မသိလေဘိသကဲ့သို့ ဤနှင့်မခြား အလားတူစွာသာလျှင် နှစ်ခုကုန်သော သားမြတ်တို့၏ အတွင်း၌ လကျ်ာနံပါးသည် "ငါ့ကို မှီ၍ အသည်းသည် တည်၏"ဟု မသိပေ၊ အသည်းသည်လည်း "ငါသည် သားမြတ်တို့၏အတွင်း၌ လကျ်ာနံပါးကို မှီ၍ တည်၏"ဟု မသိပေ။

ဤအသည်းဟူသော ကောဋ္ဌာသတရားအစုတို့သည် အချင်းချင်း နှလုံးသွင်းဆင်ခြင်ခြင်းမှ ကင်းကုန်၏၊ အသည်းတို့မည်သည်ကား ဤခန္ဓာကိုယ်၌ အသီးအခြားဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတသာတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါလည်း မဟုတ်၊ ခက်ထရော်ကြမ်းတမ်းမှုရှိ၏၊ ပထဝီဓာတ်မျှသာတည်း၊ ဤသို့နှလုံးသွင်းဆင်ခြင်အပ်၏။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ-၅၇။)

**ပထဝီဖြစ်တဲ့အမြေးကို ဥပမာပြ၍ ရှုပုံ။** ။အမြေးတို့တွင် ဖုံးလွှမ်းသော အမြေးသည် နှလုံးသားကိုရင်း အညို့ကိုရင်း စိုင်းရံလျက်တည်၏။ မဖုံးလွှမ်းသော အမြေးသည် အလုံးစုံသော ကိုယ်အစု၌ အရေ၏အောက်မှ အသားကို မြေးယှက်၍ တည်၏။ ထိုအမြေးနှင့် အသားတို့တွင် ပုဆိုးစုတ်ဖြင့် ရစ်အပ်သောအသား၌ "အသားသည် ငါ့ကို ပုဆိုးစုတ်သည် ရစ်အပ်၏"ဟု မသိလေဘိသကဲ့သို့ ပုဆိုးစုတ်သည်လည်း "ငါသည် အသားကို ရစ်အပ်ပါပေ၏"ဟု မသိလေဘိသကဲ့သို့ ဤနှင့်မခြား အလားတူစွာသာလျှင် အညို့နှင့် နှလုံးသားတို့သည် အလုံးစုံသော ကိုယ်အစု၌ အသားသည်လည်း

"ငါ့ကို အမြေးသည် ဖုံးလွှမ်းအပ်ပါပေ၏"ဟု မသိပေ၊ အမြေးသည်လည်း "ငါသည် အညို့ နှလုံးသားတို့ကို အလုံးစုံသော ကိုယ်အစုဥ္ဌ အသားကို ဖုံးလွှမ်းအပ်၏ဟု မသိပေ။

ဤအမြေးဟူသော ကောဋ္ဌာသတရားအစုတို့သည် အချင်းချင်း နှလုံးသွင်းဆင်ခြင်ခြင်းမှ ကင်းကုန်၏၊ အမြေးတို့မည်သည်ကား ဤခန္ဓာကိုယ်၌ အသီးအခြားဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတသာတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါလည်း မဟုတ်၊ ခက်ထရော်ကြမ်းတမ်းမှု ရှိ၏၊ ပထဝီဓာတ်မျှသာတည်း၊ ဤသို့ နှလုံးသွင်း ဆင်ခြင်အပ်၏။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ-၅၇။)

**ပထဝီဓာတ်ဖြစ်တဲ့ အဖျဉ်းကိုဥပမာပြ၍ရှုပုံ။** ။အဖျဉ်းသည် နှလုံးသား၏ လက်ဝဲနံပါးဝယ် ဝမ်းအပြင်၏အထက်နံပါးကို မှီ၍ တည်၏၊ ထိုအဖျဉ်းနှင့် ဝမ်းအပြင်၏ အထက်နံပါးတို့တွင် ကျီအထက်ပါးနံပါးကိုမှီ၍တည်သော နွားချေးစိုင်၌ ကျီအထက်နံပါးသည် "ငါသည် နွားချေးစိုင်ကိုမှီ၍ တည်၏"ဟု မသိလေဘိသကဲ့သို့ နွားချေးစိုင်သည်လည်း "ငါသည် ကျီအထက်နံပါးကိုမှီ၍ တည်၏"ဟု မသိလေဘိသကဲ့သို့ ဤနှင့်မခြား အလားတူစွာသာလျှင် ဝမ်းအပြင်၏ အထက်နံပါးသည် "အဖျဉ်းသည် ငါ့ကို မှီ၍ တည်ပါပေ၏"ဟု မသိပေ၊ အဖျဉ်းသည်လည်း "ငါသည် ဝမ်းအပြင်၏ အထက်နံပါးကို မှီ၍ တည်ပါပေ၏"ဟု မသိပေ။

ဤ အဖျဉ်း ဟူသော ကောဋ္ဌာသ တရား အစုတို့သည် အချင်းချင်း နှလုံးသွင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏၊ အဖျဉ်းတို့မည်သည်ကား ဤခန္ဓာကိုယ်၌ အသီးအခြားဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတသာတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါလည်းမဟုတ်၊ ခက်ထရော် ကြမ်းတမ်းမှုရှိ၏၊ ပထဝီဓာတ်မျှသာတည်း၊ ဤသို့ နှလုံးသွင်းဆင်ခြင်အပ်၏။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ-၅၈။)

**ပထဝီဓာတ်ဖြစ်တဲ့ အဆုတ်ကို ဥပမာပြ၍ရှုပုံ။** ။အဆုတ်သည် ကိုယ်၏အတွင်း၌ နှစ်ပါးကုန်သော သားမြတ်တို့၏ အကြား၌ နှလုံးကိုရင်း အသည်းကိုရင်း ဖုံးလွှမ်း၍ တွဲလွဲဆွဲလျက် တည်၏၊ ထိုအဆုတ်နှင့် ကိုယ်၏အတွင်းတို့တွင် ဆွေးမြေ့ပြီးသော ကျီ၏အတွင်း၌ တွဲလွဲဆွဲသော စာကလေးတို့၏ အသိုက်အုံ၌ ဆွေးမြေ့ပြီးသော ကျီ၏အတွင်းသည် "ငါ၌ စာကလေးတို့၏ အသိုက်အုံသည် တွဲလွဲဆွဲလျက် တည်၏"ဟု မသိလေဘိသကဲ့သို့ စာကလေးတို့၏ အသိုက်အုံသည်လည်း "ငါသည် ဆွေးမြေ့ပြီးသော ကျီ၏ အတွင်း၌ တွဲလွဲဆွဲလျက် တည်ပါပေ၏"ဟု မသိလေဘိသကဲ့သို့ ဤနှင့်မခြား အလား

တူစွာသာလျှင် ကိုယ်၏အတွင်းသည် "ငါ၌ အဆုတ်သည် တွဲလွဲဆွဲလျက် တည်ပါပေ၏"ဟု မသိပေ၊ အဆုတ်သည်လည်း "ငါသည် ဤသို့သဘောရှိပေသော ကိုယ်၏အတွင်း၌ တွဲလွဲဆွဲလျက် တည်ပါပေ၏"ဟုလည်း မသိပေ၊

ဤအဆုတ်ဟူသော ကောဋ္ဌာသ တရားအစုတို့သည် အချင်းချင်း နှလုံးသွင်းဆင်ခြင်ခြင်းမှ ကင်းကုန်၏။ အဆုတ်တို့မည်သည်ကား ဤခန္ဓာကိုယ်၌ အသီးအခြားဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတ သာတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါလည်း မဟုတ်၊ ခက်ထရော် ကြမ်းတမ်းမှုရှိ၏၊ ပထဝီဓာတ်မျှသာတည်း၊ ဤသို့ နှလုံးသွင်း ဆင်ခြင် အပ်၏။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ ၅၈။)

**ပထဝီဓာတ်ဖြစ်တဲ့အူမကို ဥပမာပြ၍ရှုပုံ။** ။အူမသည် ရေမျို(လည်မျို)မှ ကျင်ကြီးကြောင်း အဆုံးရှိသော ကိုယ်အတွင်း၌ တည်၏။ ထိုအူမနှင့် ကိုယ်အတွင်းတို့တွင် သွေးထည့်သော ကျင်း၌ ခွေ၍ထားအပ်သော ဦးခေါင်းပြတ်ပြီးသော မြွေကောင်၌ သွေးထည့်သောကျင်းသည် "ငါ၌ မြွေကောင်သည် တည်ပါပေ၏"ဟု မသိလေဘိသကဲ့သို့ မြွေကောင်သည်လည်း "ငါသည် သွေးထည့်သောကျင်း၌ တည်ပါပေ၏"ဟု မသိလေဘိသကဲ့သို့ ဤနှင့်မခြား အလားတူစွာသာလျှင် ကိုယ်အတွင်းသည် "ငါ၌ အူမသည် တည်ပါပေ၏"ဟု မသိပေ၊ အူမသည်လည်း "ငါသည် ကိုယ်အတွင်း၌ တည်ပါပေ၏"ဟု မသိပေ၊

ဤအူမဟူသော ကောဋ္ဌာသ တရားအစုတို့သည် အချင်းချင်း နှလုံးသွင်းဆင်ခြင်ခြင်းမှ ကင်းကုန်၏၊ အူမတို့မည်သည်ကား ဤခန္ဓာကိုယ်၌ အသီးအခြားဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတသာတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါလည်းမဟုတ်၊ ခက်ထရော်ကြမ်းတမ်းမှုရှိ၏၊ ပထဝီဓာတ်မျှသာတည်း၊ ဤသို့နှလုံးသွင်း ဆင်ခြင်အပ်၏။(သမ္မောဟဝိနောဒနီ အဋ္ဌကထာ ၅၈။)

**ပထဝီဓာတ်ဖြစ်တဲ့ အူသိမ်ကို ဥပမာပြ၍ရှုပုံ။** ။အူသိမ်သည် အူမအကြား၌ နှစ်ဆယ့်တစ်ကောင် အရှည်ရှိသော အူမခွေတို့ကို ဖွဲ့၍တည်၏။ ထိုအူသိမ်နှင့်အူမတို့တွင် ခြေသုတ်ကြိုးဝန်းကိုဖွဲ့၍ တည်သောကြိုးငယ်တို့၌ ခြေသုတ်ကြိုးဝန်းသည် "ကြိုးငယ်တို့သည် ငါ့ကို ဖွဲ့၍တည်ကုန်၏"ဟု မသိလေကုန်ဘိသကဲ့သို့ ကြိုးငယ်သည်လည်း "ငါတို့သည် ခြေသုတ်ကြိုးဝန်းကို ဖွဲ့၍ တည်ကုန်၏"ဟု မသိလေကုန်ဘိသကဲ့သို့ ဤနှင့်မခြား အလားတူစွာသာလျှင် အူမသည် "အူသိမ်သည် ငါ့ကို ဖွဲ့၍တည်ပါပေ၏" ဟု မသိပေ၊ အူသိမ်သည်လည်း "ငါသည် အူမကိုဖွဲ့၍ တည်ပါပေ၏"ဟုမသိပေ။

ဤအူသိမ်ဟူသော ကောဋ္ဌာသတရားအစုတို့သည် အချင်းချင်း နှလုံးသွင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏၊ အူသိမ်တို့မည်သည်ကား ဤခန္ဓာကိုယ်၌ အသီးအခြားဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတသာတည်း၊ အတ္တမှ ဆိတ်၏၊ သတ္တဝါလည်း မဟုတ်၊ ခက်ထရော် ကြမ်းတမ်းမှု ရှိ၏၊ ပထဝီဓာတ်မျှသာတည်း၊ ဤသို့နှလုံးသွင်း ဆင်ခြင်အပ်၏။ (သမ္မောအဋ္ဌကထာ-၃၉။)

**ပထဝီဓာတ်ဖြစ်တဲ့ အစာသစ်ကို ဥပမာပြ၍ ရှုပုံ**

အစာသစ်သည် အူမ၌ တည်၏၊ မျိုအပ်သော အစာသစ် (စားအပ်သော အစာသစ်) သောက်အပ်သော အစာသစ်၊ ခဲအပ်သော အစာသစ်၊ လျက်အပ်သော အစာသစ်တို့သည် ရှိပါပေကုန်၏၊ ထိုအစာသစ်နှင့် အူမအတွင်းတို့တွင် ခွေးစာထည့်သော ကျင်း၌ တည်ပေသော ခွေးစာ၌ "ခွေးစာထည့်သောကျင်းသည် "ငါ၌ ခွေးစာသည် တည်ပါပေ၏"ဟု မသိလေဘိသကဲ့သို့ ခွေးစာသည်လည်း "ငါသည် ခွေးစာထည့်သော ကျင်း၌ တည်ပါပေ၏"ဟု မသိလေဘိသကဲ့သို့ ဤနှင့်မခြား အလားတူစွာသာလျှင် အူမအတွင်းသည် "ငါ၌ အစာသစ်သည် တည်ပါပေ၏"ဟု မသိပေ၊ အစာသစ်သည်လည်း "ငါသည် အူမအတွင်း၌ တည်ပါပေ၏"ဟုလည်း မသိပေ။

ဤအစာသစ် ဟူသော ကောဋ္ဌာသ တရားအစုတို့သည် အချင်းချင်း နှလုံးသွင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏၊ အစာသစ်တို့မည်သည်ကား ဤခန္ဓာကိုယ်၌ အသီးအခြားဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတ သာတည်း၊ အတ္တမှ ဆိတ်၏၊ သတ္တဝါလည်း မဟုတ်၊ ခက်ထရော် ကြမ်းတမ်းမှု ရှိ၏၊ ပထဝီဓာတ်မျှသာတည်း။ ဤသို့ နှလုံးသွင်း ဆင်ခြင်အပ်၏။ (သမ္မောအဋ္ဌကထာ-၃၉။)

**ပထဝီဓာတ်ဖြစ်တဲ့ အစာဟောင်းကို ဥပမာပြ၍ ရှုပုံ**

အစာဟောင်းသည် အစာကျက်အိမ်ဟု ဆိုအပ်သော လက်ရှစ်သစ် အတိုင်းအရှည်ရှိသော ဝါးဆစ်နှင့် တူသော အူမ၏ အဆုံး၌ တည်ပါပေ၏၊ ထိုအစာကျက်အိမ်နှင့် အစားဟောင်း အိမ်တို့တွင် ဝါးဆစ်၌ သိပ်၍ ထည့်အပ်သော ညက်သော ဖြော့သော အဆင်းရှိပါသော မြေ၌ ဝါးဆစ်သည် "ငါ၌ ဖြော့သော အဆင်း ရှိသော မြေသည် တည်ပါပေ၏"ဟု မသိလေဘိသကဲ့သို့ ဖြော့သော အဆင်းရှိသော မြေသည်လည်း "ငါသည် ဝါးဆစ်၌ တည်ပါပေ၏" ဟု မသိလေဘိသကဲ့သို့ ဤနှင့် မခြား အလားတူစွာသာလျှင် အစာကျက်အိမ်သည် "ငါ၌ အစာဟောင်းသည် တည်ပါပေ၏"ဟု မသိပေ၊ အစာဟောင်းသည်လည်း "ငါသည် အစာကျက်အိမ်၌ တည်ပါပေ၏" ဟုလည်း မသိပေ။

ဤအစာဟောင်း ဟူသော ကောဋ္ဌာသ တရားအစုတို့သည် အချင်းချင်း နှလုံးသွင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏၊ အစာဟောင်းတို့ မည်သည်ကား ဤခန္ဓာကိုယ်

၌ အသီးအခြားဖြစ်သော အစုသာတည်း၊စိတ်လည်း မရှိ၊အဗျာကတသာတည်း၊ အတ္တမှ ဆိတ်၏၊ သတ္တဝါလည်း မဟုတ်၊ ခက်ထရော် ကြမ်းတမ်းမှု ရှိ၏၊ ပထဝီ ဓာတ်မျှသာတည်း၊ ဤသို့ နှလုံးသွင်း ဆင်ခြင်အပ်၏။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ-၅၉။)

**ပထဝီဓာတ်ဖြစ်တဲ့ ဦးနှောက်ကို ဥပမာ ပြ၍ ရှုပုံ** ဦးနှောက်သည် ဦးခေါင်းခွံ၏ အတွင်း၌ တည်၏၊ထိုဦးခေါင်းခွံနှင့် ဦးနှောက်တို့တွင် ဖူးအုံ၌ ထည့်အပ်သော မုံ့ညက်စိုင်၌ ဖူးအုံသည် "ငါ၌ မုံ့ညက်စိုင်သည် တည်ပါပေ၏"ဟု မသိလေဘိသကဲ့သို့ မုံ့ညက်စိုင်သည်လည်း "ငါသည် ဖူးအုံ၌ တည်ပါပေ၏"ဟု မသိလေဘိသကဲ့သို့ ဤနှင့်ပြား အလား တူစွာသာလျှင် ဦးခေါင်းခွံအတွင်းသည် "ငါ၌ ဦးနှောက်သည် တည်ပါပေ၏" ဟု မသိပေ၊ ဦးနှောက်သည်လည်း "ငါသည် ဦးခေါင်းခွံ အတွင်း၌ တည်ပါပေ၏"ဟုလည်း မသိပေ။

ဤဦးနှောက် ဟူသော ကောဋ္ဌာသတရား အစုတို့သည် အချင်းချင်း နှလုံးသွင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏၊ ဦးနှောက်တို့ ပည်သည်ကား ဤကိုယ်၌ အသီးအခြားဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတသာတည်း၊ အတ္တမှ ဆိတ်၏၊ သတ္တဝါလည်း မဟုတ်၊ ခက်ထရော် ကြမ်းတမ်းမှုရှိ၏၊ ပထဝီ ဓာတ်မျှသာတည်း၊ ဤသို့ နှလုံးသွင်း ဆင်ခြင်အပ်၏။ (သမ္မောဟဝိနောဒနီ အဋ္ဌကထာ-၅၉။)

**ရေဓာတ် ၂-မျိုး။** ။အာပေါဓာတ်သည် အတွင်းသန္တာန်၌ဖြစ်သော အာပေါ ဓာတ်ရင်း၊ အပသန္တာန်၌ဖြစ်သော အာပေါဓာတ်ရင်း ဤသို့ နှစ်ပါး အပြားရှိ၏။

**အာပေါဓာတ် ၁၂-မျိုး။** ။ရဟန်း အတွင်းသန္တာန်၌ဖြစ်သော အာပေါဓာတ် ဟူသည် အဘယ်နည်း၊ မိမိသန္တာန်၌ ဖြစ်သော မိမိ ကိုယ်ဟူသော အသီးအခြားဖြစ်သော ဖွဲ့စည်းခြင်းလက္ခဏာ ဖွဲ့စည်းသော အခြင်း အရာ ဥပါဒိန္နရုပ်သည် ရှိ၏။ ထိုအာပေါဓာတ်သည် အဘယ်သည်တို့နည်း၊ သည်း ခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံထွေး၊ နှပ်၊ အစေး၊ ကျင်ငယ်သည်ရင်း၊ ဆိုအပ်ခဲ့ပြီးသည်မှ တပါးလည်းဖြစ်ကုန်သော အတွင်း သန္တာန်၌ အသီးအခြားဖြစ်သော ဖွဲ့စည်းခြင်း လက္ခဏာသည်ရင်း၊ ဖွဲ့စည်း သော အခြင်းအရာသည်ရင်း၊ ဥပါဒိန္နရုပ်သည်ရင်း ရှိ၏။ အိုရဟန်း ဤဆိုအပ် ခဲ့ပြီးသည်ကို အတွင်းသန္တာန်၌ဖြစ်သော အာပေါဓာတ်ဟူ၍ ဆိုအပ်၏။

အတွင်းသန္တာန်၌ဖြစ်သော အာပေါဓာတ်သည်ရင်း၊ အပသန္တာန်၌ဖြစ်သော အာပေါဓာတ်သည်ရင်း ရှိ၏။ ထိုနှစ်ပါးသော ဓာတ်အပေါင်းသည် အာပေါဓာတ်သာလျှင်တည်း။ ထို အာပေါဓာတ်နှစ်ပါးသည် ငါ၏ ဥစ္စာ မဟုတ်၊ ထိုအာပေါဓာတ် နှစ်ပါးသည် ငါမဟုတ်၊ ထိုအာပေါဓာတ် နှစ်ပါးသည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ အာပေါဓာတ်ကို ဟုတ်မှန်သောအတိုင်း ကောင်းသော ပညာဖြင့် ကြည့်ရှုအပ်၏။ ဤသို့ အာပေါဓာတ်ကို ဟုတ်မှန်သောအတိုင်း ကောင်းသော ဝိပဿနာပညာဖြင့် ရှုမြင်သော် အာပေါဓာတ်၌ ငြီးငွေ့၏၊ အာပေါဓာတ်၌ စိတ်သည် တပ်မက်ခြင်း ကင်း၏။

သလိပ် သည်းခြေ ဤသို့ အစရှိကုန်သော ကောဋ္ဌာသတို့ကိုလည်း အဆင်း, သဏ္ဌာန်, အရပ်, တည်ရာ, အပိုင်းအခြားတို့၏ အစွမ်းအားဖြင့် သိမ်းဆည်းပြီး တော့မှရင် ဓာတ်၏ အစွမ်းအားဖြင့်သာလျှင် နှလုံးသွင်း ဆင်ခြင်အပ်ကုန်၏။ ထိုသို့ ဓာတ်၏အစွမ်းအားဖြင့်သာလျှင် နှလုံးသွင်း ဆင်ခြင်ရာ၌–

**သည်းခြေ ၂-မျိုး။** ။သည်းခြေတို့တွင် အအိမ်သည် မဖွဲ့အပ်သော ‘အဗဒ္ဓ’ သည်းခြေသည် ဇီဝိတိန္ဒြေနှင့်စပ်သော အလုံးစုံသော ကိုယ်ကို နှံ့၍တည်၏၊ အအိမ်သည် ဖွဲ့အပ်သော ‘ဗဒ္ဓ’သည်းခြေသည် သည်းခြေ အိမ်၌တည်၏။

**အာပေါဓာတ်ဖြစ်တဲ့ သည်းခြေကို ဥပမာပြ၍ရှုပုံ** ထိုကိုယ်နှင့် သည်းခြေတို့တွင် မုံ့ကိုနှံ့၍တည်သောဆီ၌ မုံ့သည် “ဆီသည် ငါ့ကို နှံ့၍ တည်ပါပေ၏”ဟု မသိလေဘိသကဲ့သို့ ဆီသည်လည်း “ငါသည် မုံ့ကိုနှံ့၍ တည်ပါပေ၏”ဟု မသိလေဘိသကဲ့သို့ ဤနှင့်မခြား အလားတူစွာသာလျှင် ကိုယ်သည် “အအိမ်သည် မဖွဲ့အပ်သော သည်းခြေသည်လည်း ငါ့ကို နှံ့၍တည်ပါပေ၏”ဟု မသိပေ၊ အအိမ်သည် မဖွဲ့အပ်သော သည်းခြေသည်လည်း “ငါသည် ကိုယ်ကိုနှံ့၍တည်ပါပေ၏”ဟု မသိပေ။

မိုးရေတို့ဖြင့်ပြည့်သော သပွတ်သီးအိမ်၌ သပွတ်သီးအိမ်သည် “ငါ၌ မိုးရေသည် တည်ပါပေ၏”ဟု မသိလေဘိသကဲ့သို့ မိုးရေသည်လည်း “ငါသည် သပွတ်သီးအိမ်၌ တည်ပါပေ၏”ဟု မသိလေဘိသကဲ့သို့ ဤနှင့်မခြား အလားတူစွာသာလျှင် သည်းခြေအိမ်သည် “ငါ၌ အအိမ်သည် ဖွဲ့အပ်သော သည်းခြေသည် တည်ပါပေ၏”ဟု မသိပေ၊ အအိမ်သည် ဖွဲ့အပ်သော သည်းခြေသည်လည်း “ငါသည် သည်းခြေအိမ်၌ တည်ပါပေ၏”ဟုလည်း မသိပေ၊

ဤ သည်းခြေဟူသော ကောဋ္ဌာသ တရားအစုတို့သည် အချင်းချင်း နှလုံးသွင်းဆင်ခြင်ခြင်းမှကင်းကုန်၏၊ သည်းခြေမည် သည်ကား ဤခန္ဓာကိုယ်၌ အသီး

အခြားဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတသာတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါလည်း မဟုတ်၊ အစေးမျှ ဖြစ်၍ဖြစ်၏၊ (အရည်မျှသာ ဖြစ်၍ ဖြစ်၏၊) ဖွဲ့ကာမျှသော အခြင်းအရာတည်း၊ အာပေါဓာတ်မျှသာတည်း၊ ဤသို့ နှလုံးသွင်း ဆင်ခြင်အပ်၏။ (သမ္မောအဋ္ဌကထာ-၆၁။)

**အာပေါဓာတ်ဖြစ်တဲ့ သလိပ်ကို ဥပမာပြ၍ ရှုပုံ** သလိပ်သည် တသပိတ်ပြည့်ရုံမျှ အတိုင်းအရှည် ရှိ၏၊ ဝမ်းအပြင်၌ တည်၏။ ထိုဝမ်းအပြင်နှင့် သလိပ်တို့တွင် အထက်သို့တက်သော အမြှုပ်စိုင် ရှိသော တံစီးအိုး၌ တံစီးအိုးသည် "ငါ၌ အမြှုပ်စိုင်သည် တည်ပါပေ၏"ဟု မသိ လေဘိသကဲ့သို့ အမြှုပ်စိုင်သည်လည်း "ငါသည် တံစီးအိုး၌ တည်ပါပေ၏"ဟု မသိလေဘိသကဲ့သို့ ဤနှင့်မခြား အလားတူစွာသာလျှင် ဝမ်းအပြင်သည် "ငါ၌ သလိပ်သည် တည်ပါပေ၏"ဟု မသိပေ၊ သလိပ်သည်လည်း "ငါသည် ဝမ်းအပြင် ၌ တည်ပါပေ၏"ဟုလည်း မသိပေ။

ဤသလိပ်ဟူသော ကောဋ္ဌာသတရားအစုတို့သည် အချင်းချင်း နှလုံးသွင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏၊ သလိပ်မည်သည်ကား ဤခန္ဓာကိုယ်၌ အသီးအခြား ဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတ သာတည်း၊ အတ္တမှ ဆိတ်၏၊ သတ္တဝါလည်း မဟုတ်၊ အစေးမျှသာ ဖြစ်၍ ဖြစ်၏၊ (အရည်မျှသာ ဖြစ်၍ ဖြစ်၏၊) ဖွဲ့ကာမျှသော အခြင်းအရာတည်း၊ အာပေါဓာတ်မျှသာတည်း၊ ဤသို့ နှလုံးသွင်း ဆင်ခြင်အပ်၏။ (သမ္မော အဋ္ဌကထာ-၆၁။)

**အာပေါဓာတ်ဖြစ်တဲ့ ပြည်ကို ဥပမာပြ၍ရှုပုံ။** ။ပြည်သည် မမြဲသော တည်ရာ အရပ် ရှိ၏။ အကြင် အကြင် အရပ်၌လျှင် သစ်ငုတ် ဆူးငြောင့် လက်နက် မီးလျှံ အစရှိသည်တို့သည် နှိပ်စက် အပ်သော ကိုယ်အရပ်၌ သွေးသည် စု၍ ရင့်၏ (မှည့်၏)၊ ထွတ်မြင်းအိုင်းအမာ အစရှိကုန်သော အနာတို့သည်လည်း ဖြစ်ကုန်၏။ ထိုထိုသို့သော အရပ်၌သာလျှင် တည်၏၊ ပုဆိန်ဖြင့် ပေါက်မိခြင်းစသည်တို့၏ အစွမ်းအားဖြင့် ယိုသော အစေး (အရည်)ရှိသော သစ်ပင်၌ "သစ်ပင်၏ ပုဆိန်ပေါက်မိရာစသော အရပ်တို့သည် ငါတို့၌ အစေး(အရည်)သည် တည်ပါပေ၏"ဟု မသိလေဘိသကဲ့သို့ အစေး (အရည်)သည်လည်း "ငါသည် သစ်ပင်၏ ပုဆိန်ဖြင့် ပေါက်မိရာစသော အရပ် တို့၌ တည်ပါပေ၏"ဟု မသိလေဘိသကဲ့သို့ ဤနှင့်မခြား အလားတူစွာသာလျှင် ကိုယ်၏ သစ်ငုတ် ဆူးငြောင့်စသည်တို့သည် နှိပ်စက်အပ်ကုန်သော အရပ်တို့သည် "ငါတို့၌ ပြည်သည် တည်ပါပေ၏"ဟု မသိပေကုန်၊ ပြည်သည်လည်း "ငါသည် ထိုထိုသို့သော ကိုယ်အရပ်တို့၌ တည်ပါပေ၏"ဟူ၍လည်း မသိပေ။

ဤပြည်ဟူသော ကောဋ္ဌာသတရားအစုတို့သည် အချင်းချင်း နှလုံးသွင်းဆင်ခြင်ခြင်းမှ ကင်းကုန်၏။ ပြည်မည်သည်ကား ဤခန္ဓာကိုယ်၌ အသီးအခြားဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတသာတည်း၊ အတ္တမှ ဆိတ်၏၊ သတ္တဝါလည်းမဟုတ်၊ အစေး(အရည်)မျှသာ ဖြစ်၍ဖြစ်၏၊ဖွဲ့ကာမျှသော အခြင်းအရာတည်း၊ အာပေါဓာတ်မျှသာတည်း၊ ဤသို့ နှလုံးသွင်းဆင်ခြင်အပ်၏။ (သမ္မော အဋ္ဌကထာ-၆၂။)

**သွေး ၂-မျိုး။** ။သွေးတို့၌ စွေးသောသွေးသည် အဗဒ္ဓသည်းခြေကဲ့သို့ အလုံးစုံသော ကိုယ်ကို ပြန့်နှံ့၍ တည်၏။ စုသောသွေးသည် အသည်း၏အောက်အဘို့ကို ပြည့်စေ၍ တသပိတ်ပြည့်လောက်ရှိမျှသည်ဖြစ်လျက် အညို့ နှလုံးသား အသည်း အဆုတ်တို့ကို စိုစေလျက်(ဆွတ်လျက်)တည်၏။

**အာပေါဓာတ်ဖြစ်တဲ့ သွေးကို ဥပမာပြ၍ရှုပုံ။** ။ထိုနှစ်ပါးကုန်သော သွေးတို့တွင် လည်သောသွေး၌ မှိုကိုနှံ့၍တည်သော ဆိ၌ မှိုသည် "ဆီသည် ငါ့ကို နှံ့၍တည်ပါပေ၏"ဟု မသိလေဘိသကဲ့သို့ ဆီသည်လည်း "ငါသည် မှိုကို နှံ့၍တည်ပါပေ၏"ဟု မသိလေဘိသကဲ့သို့ ဤနှင့်မခြား အလားတူစွာသာလျှင် လည်သော သွေးသည် "အအိမ်သည် မဖွဲ့အပ်သော သည်းခြေသည်လည်း ငါ့ကိုနှံ့၍တည်ပါပေ၏"ဟု မသိပေ၊ အအိမ်သည် မဖွဲ့အပ်သော သည်းခြေသည်လည်း "ငါသည် လည်သော သွေးကို နှံ့၍ တည်ပါပေ၏"ဟု မသိပေ။

စုသောသွေးသည်ကား အိုးကွဲ၌ တည်သော ရေအိုးကွဲအောက်၌ တည်ကုန်သော ခဲအုတ်ကျိုးတို့ကို စိုစေသည်ရှိသော် "ခဲအုတ်ကျိုးတို့သည် ငါတို့သည် ရေကြောင့် စိုကုန်၏"ဟု မသိလေကုန်ဘိသကဲ့သို့ ရေသည်လည်း "ငါသည် ခဲအုတ်ကျိုးတို့ကို စိုစေ၏"ဟု မသိလေဘိသကဲ့သို့ ဤနှင့်မခြား အလားတူစွာသာလျှင် အသည်း၏ အောက်အဘို့အရပ်သည် "ငါ၌ သွေးသည် တည်၏၊ ငါတို့ကို စိုစေလျက် တည်ပါပေ၏"ဟု မသိပေ၊ သွေးသည်လည်း"ငါသည် အသည်း၏ အောက်အဖို့ကို ပြည့်စေလျက် အညို့အစရှိသည်တို့ကို စိုစေပြီးတော့မှရင် တည်ပါပေ၏"ဟု မသိပေ။

ဤသွေးဟူသော ကောဋ္ဌာသတရားအစုတို့သည် အချင်းချင်း နှလုံးသွင်းဆင်ခြင်ခြင်းမှ ကင်းကုန်၏။ သွေးတို့မည်သည်ကား ဤခန္ဓာကိုယ်၌ အသီးအခြားဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတသာတည်း၊ အတ္တမှ ဆိတ်၏၊ သတ္တဝါလည်း မဟုတ်၊ အစေး(အရည်)မျှဖြစ်၍ ဖြစ်၏၊ ဖွဲ့ကာမျှသော အခြင်းအရာတည်း၊ အာပေါဓာတ်မျှသာတည်း၊ ဤသို့ နှလုံးသွင်းဆင်ခြင်အပ်၏။ (သမ္မော အဋ္ဌကထာ-၆၂။)

**အာပေါခါတ်ဖြစ်တဲ့ ချွေးကို ဥပမာပြ၍ ရှုပုံ။** ။ချွေးသည် မီးပူခြင်းစသော ကာလတို့၌ ဆံပင်အကြား အမွေးတွင်း အကြားတို့ကို ပြည့်စေပြီးတော့မှရင် တည်လည်း တည်ပါပေ၏၊ယိုစီးလည်း ယိုစည်းပါပေ၏။ ထိုဆံပင်နှင့် မွေးတွင်းတို့တွင် ရေမှထုတ်ကာမျှ ဖြစ်ကုန်သော ကြာစွယ် ကြာရင်း ကြာရိုး ကြာစည်းတို့၌ ကြာစွယ်စသည်တို့၏ အစည်းအကြားတို့သည် "ငါတို့မှ ရေသည် ယိုစီး၏"ဟု မသိလေဘိသကဲ့သို့ ကြာစွယ်စသည်တို့၏ အစည်း အကြားတို့မှ ယိုစီးသောရေသည် ငါသည် ကြာစွယ် စသည်တို့၏ အစည်းအကြားမှ ယိုစီး၏"ဟု မသိလေဘိသကဲ့သို့ ဤနှင့်မခြား အလားတူစွာသာလျှင် ဆံပင်မွေးတွင်း၏ အကြားတို့သည် "ငါတို့မှ ချွေးသည် ယိုစီးပါပေ၏"ဟု မသိပေ၊ ချွေးသည်လည်း "ငါသည် ဆံပင်မွေးတွင်း၏ အကြားတို့မှ ယိုစီးပါပေ၏"ဟုလည်း မသိပေ။

ဤချွေးဟူသော ကောဋ္ဌာသတရားအစုတို့သည် အချင်းချင်း နှလုံးသွင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏၊ ချွေးတို့မည်သည်ကား ဤခန္ဓာကိုယ်၌ အသီးအခြားဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတသာတည်း၊ အတ္တမှ ဆိတ်၏၊ သတ္တဝါလည်း မဟုတ်၊ အစေး (အရည်) မျှသာဖြစ်၍ ဖြစ်၏။ ဖွဲ့ကာမျှဖြစ်သော အခြင်းအရာတည်း၊ အာပေါခါတ်မျှသာတည်း၊ ဤသို့ နှလုံးသွင်း ဆင်ခြင်အပ်၏။ (သမ္မောအဋ္ဌကထာ-၆၃။)

**အာပေါခါတ်ဖြစ်တဲ့ အဆီခဲကို ဥပမာပြ၍ ရှုပုံ။** ။အဆီခဲ ဟူသည်ကား ဆူသော ကိုယ်ရှိသော သူ၏ အလုံးစုံသော ကိုယ်ကို ကြုံသောသူ၏ မြင်းခေါင်းသား စသည်ကို မှီ၍ တည်သော ပြစ်ခဲသော အစေးတည်း၊ ထိုကိုယ်အစေးတို့တွင် နနွင်းဖြင့် ဆိုးအပ်သော ပုဆိုးဖြင့် ဖုံးလွှမ်းအပ်သော အသားစု၌ အသားစုသည် "ငါ့ကို မှီ၍ နနွင်းဖြင့် ဆိုးအပ်ပြီးသော ပုဆိုးသည် တည်ပါပေ၏"ဟု မသိလေဘိသကဲ့သို့ နနွင်းဖြင့် ဆိုးအပ်ပြီးသော ပုဆိုးသည်လည်း "ငါသည် အသားစုကို မှီ၍ တည်ပါပေ၏"ဟု မသိလေဘိသကဲ့သို့ ဤနှင့်မခြား အလားတူစွာသာလျှင် အလုံးစုံသောကိုယ်၌ ရင်း မြင်းခေါင်း စသည်တို့၌ရင်း "အသားသည် ငါ့ကိုမှီ၍ အဆီခဲသည် တည်ပါပေ၏"ဟု မသိပေ၊ အဆီခဲသည်လည်း "ငါသည် အလုံးစုံသောကိုယ်၌ရင်း မြင်းခေါင်းစသည်တို့၌ရင်း အသားကိုမှီ၍ တည်ပါပေ၏"ဟုလည်း မသိပေ၊

ဤအဆီခဲဟူသော ကောဋ္ဌာသတရားအစုတို့သည် အချင်းချင်း နှလုံးသွင်း ဆင်ခြင်ခြင်းမှ ကင်းကုန်၏။ အဆီခဲတို့မည်သည်ကား ဤခန္ဓာကိုယ်၌ အသီးအခြားဖြစ်သော အစုသာတည်း၊ စိတ်လည်း မရှိ၊ အဗျာကတသာတည်း၊ အတ္တမှ ဆိတ်၏၊သတ္တဝါလည်း မဟုတ်၊ အစေး(အရည်)မျှသာ ဖြစ်၍ ဖြစ်၏၊ ဖွဲ့ကာမျှ

အခြင်းအရာ ဥပါဒိန္နရုပ်သည် ရှိ၏။ ထိုဝါယောဓာတ်သည် အဘယ်နည်း၊ (၁) အထက်သို့ တက်သော 'ဥဒ္ဓင်္ဂမ'လေ (၂) အောက်သို့ စုံသော 'အဓောဂမ' လေ (၃) ဝမ်း၌တည်သော 'ကုစ္ဆိသယ'လေ (၄) အူတွင်း၌တည်သော 'ကောဋ္ဌာသယ'လေ (၅) အင်္ဂါကြီးငယ်တို့သို့ အစဉ်လျှောက်သော 'အင်္ဂမင်္ဂါနုသာရီ' လေ (၆) ထွက်သက်ဝင်သက် 'အဿာသ ပဿာသ'လေ၊ ဤသည်တို့ ပေတည်း၊ ဤဆိုအပ်ခဲ့ပြီးသည်မှ တပါးလည်းဖြစ်ကုန်သော အတွင်းသန္တာန်၌ ဖြစ်သော အသီးအခြားဖြစ်သော ထောက်ကန် ဖိနှိပ်ခြင်းလက္ခဏာသည်၎င်း ထောက်ကန် ဖိနှိပ်သောအခြင်းအရာသည်၎င်း ဥပါဒိန္နရုပ်သည်၎င်း ရှိ၏။ အိုရဟန်း ဤဆိုအပ်ခဲ့ပြီးသည်ကို အတွင်းသန္တာန်၌ဖြစ်သော ဝါယောဓာတ်ဟု ဆိုအပ်၏။

အတွင်းသန္တာန်၌ဖြစ်သော ဝါယောဓာတ်သည်၎င်း အပသန္တာန်၌ဖြစ်သော ဝါယောဓာတ်သည်၎င်း ရှိ၏။ ထိုနှစ်ပါးသော ဓာတ်အပေါင်းသည် ဝါယောဓာတ်သာလျှင်တည်း၊ ထိုဝါယောဓာတ်နှစ်ပါးသည် ငါ၏ ဥစ္စာမဟုတ်၊ ထိုဝါယောဓာတ်နှစ်ပါးသည် ငါမဟုတ်၊ ထိုဝါယောဓာတ်နှစ်ပါးသည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ ဟုတ်မှန်သောအတိုင်း ဝါယောဓာတ်နှစ်ပါးကို ကောင်းသော ပညာဖြင့် ရှုကြည့်အပ်၏။ ဤသို့ ဝါယောဓာတ်နှစ်ပါးကို ဟုတ်မှန်သောအတိုင်း ကောင်းသော ဝိပဿနာပညာဖြင့် ရှုမြင်သော် ဝါယောဓာတ်၌ ငြီးငွေ့၏၊ ဝါယောဓာတ်၌ စိတ်သည် တပ်မက်ခြင်း ကင်း၏။

**အာကာသဓာတ် ၂-မျိုး။** ။အိုရဟန်း အာကာသဓာတ်သည် အဘယ်နည်း၊ အတွင်းသန္တာန်၌ဖြစ်သော အာကာသဓာတ်၊ အပသန္တာန်၌ဖြစ်သော အာကာသဓာတ်၊ ဤသို့နှစ်ပါး အပြားရှိ၏။

**အာကာသဓာတ် ၁-ပါး။** ။ရဟန်း အတွင်းသန္တာန်၌ ဖြစ်သော အာကာသဓာတ်သည် အဘယ်နည်း၊ မိမိသန္တာန်၌ ဖြစ်သော မိမိကိုယ်ဟူသော အသီးအခြားဖြစ်သော ဟင်းလင်းအပြင် ကောင်းကင်ဖြစ်သော ဟင်းလင်းအပြင် ကောင်းကင်အခြင်းအရာဖြစ်သော ဥပါဒိန္နရုပ်သည် ရှိ၏။ ထိုအာကာသဓာတ်သည် အဘယ်နည်း၊ နားပေါက်၎င်း, နှာခေါင်းပေါက်၎င်း, ခံတွင်းပေါက်၎င်း, အကြင်အာကာသဓာတ်ဖြင့်လည်း စားအပ် သောက်အပ် လျက်အပ် ခဲအပ်သော အစာအာဟာရကို မျို၏။

အကြင်အာကာသဓာတ်သည်လည်း စားအပ် သောက်အပ် ခဲအပ် လျက်အပ်သော အစာအာဟာရသည် ကောင်းစွာတည်၏၊ အာကာသဓာတ်ဖြင့်လည်း စားအပ် သောက်အပ် ခဲအပ် လျက်အပ်သော အစာအာဟာရသည် အောက်အဘို့သို့ ထွက်၏။ ဤမှတပါးလည်းဖြစ်သော အတွင်းသန္တာန်၌ဖြစ်သော အသီး

အခြားဖြစ်သော ဟင်းလင်းအပြင် ကောင်းကင်သည်၎င်း ဟင်းလင်းအပြင် ကောင်းကင်ဟူသော အခြင်းအရာသည်၎င်း အသားအသွေးတို့ဖြင့် မတွေ့ထိ ကောင်းသော ဥပါဒိန္နရုပ်သည် ရှိ၏။ အိုရဟန်း ဤထိုအပ်ခဲ့ပြီးသည်ကို အဇ္ဈတ္တ သန္တာန်၌ဖြစ်သော အာကာသဓာတ်ဟု ဆိုအပ်၏။

အတွင်းသန္တာန်၌ဖြစ်သော အာကာသဓာတ်သည်၎င်း အပသန္တာန်၌ဖြစ် သော အာကာသဓာတ်သည်၎င်း ရှိ၏၊ ထိုနှစ်ပါးသော ဓာတ်အပေါင်းသည် အာကာသဓာတ်သာလျှင်တည်း၊ ထိုအာကာသဓာတ်နှစ်ပါးသည် ငါ၏ ဥစ္စာ မဟုတ်၊ ထိုအာကာသဓာတ်နှစ်ပါးသည် ငါမဟုတ်၊ ထိုအာကာသဓာတ်နှစ်ပါး သည် ငါ၏ အတ္တမဟုတ်ဟု ဤသို့ အာကာသဓာတ်နှစ်ပါးကို ဟုတ်မှန်သော အတိုင်း ပညာဖြင့် ကောင်းစွာ ရှုကြည့်အပ်၏။ ဤသို့ အာကာသဓာတ်နှစ်ပါး ကို ကောင်းသော ဝိပဿနာပညာဖြင့် ဟုတ်မှန်သောအတိုင်း ရှုမြင်သော် အာကာသဓာတ်၌ ငြီးငွေ့၏၊ အာကာသဓာတ်၌ စိတ်သည် တပ်မက်ခြင်းကင်း၏။

ထိုမှတပါး ထက်ဝန်းကျင်မှ စင်ကြယ်သော ပြိုးပြိုးပြက်ပြက်တောက်ပသော ဝိညာဏ်သည်သာလျှင် ကြွင်းကျန်ရစ်ကော့၏။ ထိုဝိညာဏ်ဖြင့် အဘယ်ကို သိသနည်း၊ ချမ်းသာ'သုခ'ဟူ၍လည်း သိ၏၊ ဆင်းရဲ'ဒုက္ခ'ဟူ၍လည်း သိ၏၊ ချမ်းသာလည်းမဟုတ် ဆင်းရဲလည်း မဟုတ်သော လျစ်လျူရှုမှု 'ဥပေက္ခာ'ဟူ၍ လည်း သိ၏။

**ဝိညာဏဓာတ်တွင် သုခဝေဒနာကို သိပုံ။** ။အိုရဟန်း သုခဝေဒနာ၏ အကြောင်း ဖြစ်သောဖဿကိုစွဲ၍ သုခဝေဒနာသည် ဖြစ်၏၊ထိုရဟန်းသည် သုခဝေဒနာကို ခံစားသည်ရှိသော် သုခဝေဒနာကို ခံစား၏ဟု သိ၏၊ သုခဝေဒနာ၏အကြောင်းဖြစ်သော ထိုဖဿ၏သာလျှင် ချုပ်ခြင်း ကြောင့် ထိုဖဿအားလျော်သော ဝေဒနာကို ဖြစ်စေတတ်သော သုခဝေဒနာ၏ အကြောင်းဖြစ်သော အကြင်ဖဿကို စွဲ၍ သုခဝေဒနာသည် ဖြစ်၏၊ ထိုသုခ ဝေဒနာသည် ချုပ်၏၊ ထိုသုခဝေဒနာသည် ငြိမ်း၏ဟူ၍ သိ၏။

**ဝိညာဏဓာတ်တွင် ဒုက္ခဝေဒနာကို သိပုံ။** ။အိုရဟန်း ဒုက္ခဝေဒနာ၏အကြောင်း ဖြစ်သော ဖဿကို စွဲ၍ ဒုက္ခဝေဒနာ သည် ဖြစ်၏၊ ထိုရဟန်းသည် ဒုက္ခဝေဒနာကို ခံစားသည်ရှိသော် ဒုက္ခဖြစ်သော ဝေဒနာကို ခံစား၏ဟု သိ၏၊ ဒုက္ခဝေဒနာ၏အကြောင်းဖြစ်သော ထိုဖဿ၏သာ လျှင် ချုပ်ခြင်းကြောင့် ထိုဖဿအားလျော်သော ဝေဒနာကို ဖြစ်စေတတ်သော ဒုက္ခဝေဒနာ၏အကြောင်းဖြစ်သော ဖဿကို စွဲ၍ ဒုက္ခဝေဒနာသည် ဖြစ်၏။ ထိုဒုက္ခဝေဒနာသည် ချုပ်၏၊ ထိုဒုက္ခဝေဒနာသည် ငြိမ်း၏ဟူ၍ သိ၏။

ဝိညာဏဓာတ်တွင် ဥပေက္ခာဝေဒနာကို သိပုံ။ ။အိုရဟန်း အဒုက္ခမသုခဝေဒနာ၏အကြောင်းဖြစ်သော ဖဿကို စွဲ၍ အဒုက္ခမသုခဝေဒနာသည် ဖြစ်၏။ ထိုရဟန်းသည် အဒုက္ခမသုခဖြစ်သော ဝေဒနာကို ခံစားသည်ရှိသော် အဒုက္ခမသုခဖြစ်သော ဝေဒနာကို ခံစား၏ဟု သိ၏၊ အဒုက္ခမသုခဝေဒနာ၏အကြောင်းဖြစ်သော ထိုဖဿ၏သာလျှင် ချုပ်ခြင်းကြောင့် ထိုဖဿအားလျော်သော ဝေဒနာကိုဖြစ်စေတတ်သော အဒုက္ခမသုခဝေဒနာ၏အကြောင်းဖြစ်သော ဖဿကိုစွဲ၍ အဒုက္ခမသုခဝေဒနာသည် ဖြစ်၏၊ ထိုအဒုက္ခမသုခဝေဒနာသည် ချုပ်၏၊ ထိုအဒုက္ခမသုခဝေဒနာသည် ငြိမ်း၏ဟူ၍ သိ၏။

သုခဝေဒနာ ဒုက္ခဝေဒနာ ခံစားပုံ ဥပမာပြဆိုချက်။ ။အိုရဟန်း ဥပမာ သော်ကား နှစ် ချောင်း ကုန်သော ထင်းတို့၏ ထိခိုက်ပေါင်းစပ်ဆုံမိခြင်းကြောင့် အပူငွေ့သည် ဖြစ်ပေါ်လာ၏၊ မီးသည် ဖြစ်ပေါ်၏၊ နှစ်ချောင်းကုန်သော ထိုထင်းတို့၏သာလျှင် အထူးထူးဖြစ်ခြင်းကြောင့်၎င်း, ကင်းခြင်းကြောင့်၎င်း ထိုထိခိုက်ပေါင်းဆုံမိခြင်း ဖြစ်သည်အားလျော်စွာ အပူငွေ့သည် ရှိ၏၊ ထိုအပူငွေ့သည် ချုပ်၏၊ ထိုအပူငွေ့သည် ငြိမ်း၏၊ အိုရဟန်း ဤဥပမာအတူသာလျှင် သုခဝေဒနာ၏အကြောင်းဖြစ်သော ထိုဖဿ၏သာလျှင် ချုပ်ခြင်းကြောင့် ထိုဖဿအားလျော်စွာ ခံစားအပ်သော သုခဝေဒနာကိုဖြစ်စေတတ်သော ဖဿကိုအစွဲပြု၍ ဖြစ်သော သုခဝေဒနာသည် ဖြစ်၏၊ ထိုသုခဝေဒနာသည် ချုပ်၏၊ ထိုသုခဝေဒနာသည် ငြိမ်း၏ဟူ၍ သိ၏။

အိုရဟန်း ဒုက္ခဝေဒနာ၏အကြောင်းဖြစ်သော ဖဿကိုစွဲ၍ ဒုက္ခဝေဒနာသည် ဖြစ်၏။ ထိုရဟန်းသည် ဒုက္ခဝေဒနာကို ခံစားသည်ရှိသော် ဒုက္ခဝေဒနာကို ခံစား၏ဟု သိ၏၊ ဒုက္ခဝေဒနာ၏အကြောင်းဖြစ်သော ထိုဖဿ၏သာလျှင် ချုပ်ခြင်းကြောင့် ထိုဖဿအားလျော်သော ဒုက္ခဝေဒနာကို ဖြစ်စေတတ်သော ဖဿကို အစွဲပြု၍ဖြစ်သော ဒုက္ခဝေဒနာသည် ဖြစ်၏၊ ထိုဒုက္ခဝေဒနာသည် ချုပ်၏၊ ထိုဒုက္ခဝေဒနာသည် ငြိမ်း၏ဟူ၍ သိ၏။

အိုရဟန်း အဒုက္ခမသုခ ဝေဒနာ၏အကြောင်းဖြစ်သော ဖဿကိုစွဲ၍ အဒုက္ခမသုခဝေဒနာသည် ဖြစ်၏၊ ထိုရဟန်းသည် အဒုက္ခမသုခဝေဒနာကို ခံစားသည်ရှိသော် အဒုက္ခမသုခဝေဒနာကို ခံစား၏ဟု သိ၏။ အဒုက္ခမသုခဝေဒနာ၏အကြောင်းဖြစ်သော ထိုဖဿ၏သာလျှင် ချုပ်ခြင်းကြောင့် ထိုဖဿအားလျော်သော ဥပေက္ခာဝေဒနာကိုဖြစ်စေတတ်သော ဖဿကို အစွဲပြု၍ဖြစ်သော ထိုအဒုက္ခမသုခဝေဒနာသည် ဖြစ်၏၊ ထိုအဒုက္ခမသုခဝေဒနာသည် ချုပ်၏၊ ထိုအဒုက္ခမသုခဝေဒနာသည် ငြိမ်း၏ဟူ၍ သိ၏။

**ဥပေက္ခာဝေဒနာ ခံစားပုံ ဥပမာ ပြဆိုချက်။** ။ထိုမှတပါး ထက်ဝန်းကျင်မှ စင်ကြယ်သော ပြိုးပြိုးပြက် တောက်ပသော ဥပေက္ခာသည်သာလျှင် ကြွင်းကျန်ရစ်တော့၏၊ ထိုဥပေက္ခာသည် နူးညံ့၏၊ အမှုခံ့၏၊ ပြိုးပြိုးပြက်တောက်ပ၏။ အိုရဟန်း ဥပမာဆိုသည်ရှိသော် လိမ်မာသော ရွှေပန်းထိမ်သည်ဂိုဏ်း ရွှေပန်းထိမ်သည်၏တပည့်သည်ဂိုဏ်း ဖိုကိုဖွဲ့ရာ၏၊ ဖိုကိုဖွဲ့ပြီးလျှင် ဖိုဝကို လိမ်းကျံရာ၏၊ ဖိုဝကို လိမ်းကျံပြီး၍ ညှပ်ဖြင့် ရွှေကိုကိုင်၍ဖိုဝကိုထည့်ရာ၏၊ ထိုရွှေကို အခါခပ်သိမ်းမှုတ်ရာ၏၊ အခါခပ်သိမ်း ရေဖြင့် ဖျန်းရာ၏၊ အခါခပ်သိမ်းကြည့်ရှုရာ၏၊ အကြွင်းမဲ့ ထုတ်ပယ်အပ်ပြီးသော အညစ်အကြေး ကင်းစင်သော ဖန်ရည်ရှိသော ထိုရွှေသည် နူးညံ့၏၊ အမှုခံ့၏၊ ပြိုးပြိုးပြက်တောက်ပ၏၊ အကြင်အကြင်သို့သော တန်းဆာအထူးကို အလိုရှိ၏။ ရွှေပြားဖြင့် အကယ်၍ အလိုရှိအံ့၊ နားဒေါင်းဖြင့် အကယ်၍ အလိုရှိအံ့၊ လည်ရွဲတန်းဆာဖြင့် အကယ်၍ အလိုရှိအံ့၊ ရွှေပန်းဖြင့် အကယ်၍ အလိုရှိအံ့၊ ထိုအကျိုးကိုလည်း ရွှေပန်းထိမ်သည်သည် ခံစားရပေ၏။

**ဥပမာပြဆိုချက်နှင့် စျာန်အဆင့်ဆင့် တက်ပုံ။** ။အိုရဟန်း ဤဥပမာ အတူသာလျှင် ထိုမှနောက်၌ ထက်ဝန်းကျင်မှ စင်ကြယ်သော ပြိုးပြိုးပြက် တောက်ပသော ဥပေက္ခာသည် သာလျှင် ကြွင်းကျန်ရစ်တော့၏။ ထို(ဥပေက္ခာ) သည် နူးညံ့၏၊ အမှုခံ့၏၊ ပြိုးပြိုးပြက် တောက်ပ၏၊ ထိုရဟန်းသည် ဤသို့ သိလေ၏၊ သိပုံကား ငါသည် ဤသို့စင်ကြယ်သော ဤသို့ပြိုးပြိုးပြက်တောက်ပသော ဤရူပါဝစရစတုတ္ထစျာန် (ဥပေက္ခာ) ကို အာကာသာနဉ္စာယတနစျာန်သို့ အကယ်၍ ဆောင်ငြားအံ့၊ ထိုအာကာသာနဉ္စာယတနစျာန်နှင့် လျော်သော သဘောရှိသော ရူပါဝစရ စတုတ္ထစျာန်ကိုလည်း ပွါးများအံ့၊ ဤသို့ ပွါးသည်ရှိသော် ငါ၏ ထိုအာကာသာနဉ္စာယတနစျာန်ကိုမှီသော ထိုအာကာသာနဉ္စာယတနစျာန်ကို ယူတတ်သော ဤရူပါဝစရ စတုတ္ထစျာန် ဥပေက္ခာသည် ရှည်မြင့်စွာသော ကာလပတ်လုံး တည်ရာ၏။

**ဝိညာဏဉ္စာယတန စျာန်သို့ တက်ပုံ။** ။ငါသည် ဤသို့ စင်ကြယ်သော ဤသို့ ပြိုးပြိုးပြက် တောက်ပသော ဥပေက္ခာကို ဝိညာဏဉ္စာယတနစျာန်သို့ အကယ်၍ ဆောင်အံ့။ ထိုဝိညာဏဉ္စာယတနစျာန်နှင့် လျော်သော သဘောရှိသော ရူပါဝစရစတုတ္ထစျာန်ကိုလည်း ပွါးများအံ့၊ ဤသို့ ပွါးများသည်ရှိသော် ငါ၏ ထိုဝိညာဏဉ္စာယတနစျာန်ကိုမှီသော ထိုဝိညာဏဉ္စာယတနစျာန်ကို ယူတတ်သော ဤရူပါဝစရစတုတ္ထစျာန် ဥပေက္ခာသည် ရှည်မြင့်စွာသော ကာလပတ်လုံး တည်ရာ၏။

**အာကိဉ္စညာယတနစျာန်သို့ တက်ပုံ။** ။ငါသည် ဤသို့ စင်ကြယ်သော ဤသို့ ပြိုးပြိုးပြက် တောက်ပသော ဤ ဥပေက္ခာကို အာကိဉ္စညာယတနစျာန်သို့ အကယ်၍ ဆောင်အံ့၊ အာကိဉ္စညာယတနစျာန်နှင့် လျော်သော သဘောရှိသော ရူပါဝစရ စတုတ္ထစျာန်ကိုလည်း ပွါးများအံ့၊ ဤသို့ ပွါးများသည်ရှိသော် ငါ၏ ထိုအာကိဉ္စညာယတနစျာန်ကို မှီသော ထိုအာကိဉ္စညာယတနစျာန်ကို ယူတတ်သော ဤရူပါဝစရစတုတ္ထစျာန် ဥပေက္ခာသည် ရှည်မြင့်စွာသော ကာလပတ်လုံး တည်ရာ၏။

**နေဝသညာနာသညာယတနစျာန်သို့ တက်ပုံ။** ။ငါသည် ဤသို့ စင်ကြယ်သော ဤသို့ ပြိုးပြိုးပြက် တောက်ပသော ဤ ဥပေက္ခာကို နေဝသညာနာသညာယတနစျာန်သို့ အကယ်၍ ဆောင်အံ့၊ ထိုနေဝသညာ နာသညာယတနစျာန်နှင့် လျော်သော သဘောရှိသော ရူပါဝစရ စတုတ္ထစျာန်ကိုလည်း ပွါးများအံ့၊ ဤသို့ ပွါးများသည်ရှိသော် ငါ၏ ထိုနေဝသညာနာသညာယတနစျာန်ကို မှီသော ထိုနေဝသညာနာသညာယတနစျာန်ကို ယူတတ်သော ဤရူပါဝစရစတုတ္ထစျာန်ဥပေက္ခာသည် ရှည်မြင့်စွာသော ကာလပတ်လုံး တည်ရာ၏ဟု သိ၏။

ထိုရဟန်းသည် ဤသို့ သိပြန်၏၊ သိပုံကား ငါသည် ဤသို့ စင်ကြယ်သော ဤသို့ ပြိုးပြိုးပြက် တောက်ပသော ဤ ဥပေက္ခာကို အာကာသာနဉ္စာယတန စျာန်သို့ အကယ်၍ ဆောင်ငြားအံ့၊ ထိုစျာန်နှင့် လျော်သော စိတ်ကိုလည်း ပွါးများအံ့၊ ဤ အာကာသာနဉ္စာယတနစျာန်သည် ပြုပြင်အပ်သော တရားသာ လျှင်တည်း၊ ငါသည် ဤသို့ စင်ကြယ်သော ဤသို့ ပြိုးပြိုးပြက် တောက်ပသော ဤဥပေက္ခာကို ဝိညာဏဉ္စာယတနစျာန်သို့ အကယ်၍ ဆောင်ငြားအံ့၊ ထိုစျာန်နှင့် လျော်သောစိတ်ကိုလည်း ပွါးများငြားအံ့၊ ဤ ဝိညာဏဉ္စာယတနစျာန်သည် ပြုပြင်အပ်သော တရားသာလျှင်တည်း။

ငါသည် ဤသို့စင်ကြယ်သော ဤသို့ ပြိုးပြိုးပြက် တောက်ပသော ဤဥပေက္ခာကို အာကိဉ္စညာယတနစျာန်သို့ အကယ်၍ ဆောင်ငြားအံ့၊ ထိုစျာန်နှင့်လျော်သောစိတ်ကိုလည်း ပွါးများငြားအံ့၊ ထိုအာကိဉ္စညာယတနစျာန်သည် ပြုပြင်အပ်သော တရားသာလျှင်တည်း၊ ငါသည် ဤသို့စင်ကြယ်သော ဤသို့ပြိုးပြိုးပြက် တောက်ပသော ဤဥပေက္ခာကို နေဝသညာနာသညာယတနစျာန်သို့ အကယ် ၍ဆောင်ငြားအံ့၊ ထိုစျာန်နှင့် သင့်လျော်သော စိတ်ကိုလည်း ပွါးများငြားအံ့၊ ထိုနေဝသညာနာသညာယတန စျာန်သည် ပြုပြင်အပ်သော တရားသာလျှင် တည်းဟု သိ၏။

**ရူပစတုတ္ထစျာန်ဥပေက္ခာကိုဝိပဿနာရှုပုံ။** ။ထိုရဟန်းသည် ရူပါဝစရစတုတ္ထ စျာန် ဥပေက္ခာကို သဿတဟူသော ဘဝဖြစ်ခြင်းငှါရင်း၊ ဥစ္ဆေဒဟူသော ဘဝပြတ်ခြင်းငှါရင်း မပြုပြင် မစေ့ဆော်၊ သဿတဟူသော ဘဝဖြစ်ခြင်းငှါရင်း၊ ဥစ္ဆေဒဟူသော ဘဝပြတ်ခြင်းငှါရင်း မပြုပြင် မစေ့ဆော်သော ထိုရဟန်းသည် လောက၌ တစုံတခုကိုမျှ မစွဲလန်း၊ မစွဲလန်းသော ပုဂ္ဂိုလ်သည် မတောင့်တ၊ မစွဲလန်း မတောင့်တသော ရဟန်းသည် အသီးအခြားသာလျှင် ပရိနိဗ္ဗာန်ပြု၏၊ ပဋိသန္ဓေ တည်နေရခြင်းသည် ကုန်ပြီ၊ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စ ရှိသမျှကို ပြုအပ်ပြီးပြီ၊ ဤတဆယ့်ခြောက်ပါးသော မဂ်ကိစ္စအလို့ငှါ ပဓာနအလုပ်ကို အားထုတ်ဖွယ် မရှိပြီဟု သိပြီ။

**ဘုရားရှင်သည် ဆေးဆရာနှင့်တူခြင်း** ကျွမ်းကျင်သော လိမ္မာစွာသော ဆေးသမားသည် အဆိပ်၏ ဖောက်ပြန်ခြင်းကိုမြင်၍ ပျို့အန်ခြင်းကို ပြုပြီး အဆိပ်ကို တည်ရာအရပ်မှ ချွေစေ၍ အထက်ဖြစ်သော ပခုံးအရပ် ဦးခေါင်းအရပ်သို့ အဆိပ်ကိုတင်ကာ အဆိပ်ရောက်သော ယောကျ်ား၏ ပခုံးကိုရင်း အဆိပ်ရောက်သော ယောကျ်ား၏ ဦးခေါင်းကိုရင်း ကိုင်ယူခြင်းငှါ မပေးမူ၍ အဆိပ်ကိုကျစေပြီး မြေ၌ချဘိသကဲ့သို့ ဤအတူသာလျှင် မြတ်စွာဘုရားသည် အမျိုးကောင်းသားအား အရူပါဝစရစျာန်၌ ကျေးဇူးကို ဟောတော်မူပြီ၊ ထိုသို့ဟောတော်မူသော စကားတော်ကို ကြားနာရသောကြောင့် ပုက္ကုသာတိရဟန်းသည် ရူပါဝစရစျာန်၌ တပ်မက်ခြင်းတဏှာကို ကုန်စေ၍ အရူပါဝစရစျာန်၌ တောင့်တခြင်းကို ဖြစ်စေပြီ။

မြတ်စွာဘုရားသည် ထိုအရူပါဝစရစျာန်၌ တောင့်တသည်ကို သိတော်မူ၍ ထိုအရူပါဝစရစျာန်သို့ မရောက်သေး မရသေးသည်သာလျှင် ဖြစ်သော ပုက္ကုသာတိရဟန်းအား အာကာသာနဉ္စာယတနဘုံအစရှိသည်တို့၌ စည်းစိမ်မည်သည် ရှိသည်ကား မှန်၏။ ထိုအရူပါဝစရဗြဟ္မာအား ရှေးဦးစွာသော အာကာသာနဉ္စာယတနဗြဟ္မာ့ဘုံ၌ ကမ္ဘာနှစ်သောင်းတို့ တိုင်တိုင် အသက်ရှည်၏၊ ဝိညာဏဉ္စာယတနဗြဟ္မာ့ဘုံ၌ ကမ္ဘာလေးသောင်းတို့ တိုင်တိုင် အသက်ရှည်၏။ အာကိဉ္စညာယတန ဗြဟ္မာ့ဘုံ၌ ကမ္ဘာ ခြောက်သောင်းတို့တိုင်တိုင် အသက်ရှည်၏၊ နေဝသညာ နာသညာယတနဗြဟ္မာ့ဘုံ၌ ကမ္ဘာရှစ်သောင်းလေးထောင်တို့ တိုင်တိုင် အသက်ရှည်၏။

**လောကီသခ်တမှအသခ်တနိဗ္ဗာန်သို့ စိတ်ညွတ်အောင်ဟောပုံ** ထိုသို့ပင် အသက်ရှည်ပါသော်လည်း ထိုအရူပါဝစရ စျာန်လေးပါးသည် နိဗ္ဗာန်ကဲ့သို့ မြဲသည် မဟုတ်၊ မချွတ်မြဲသည် မဟုတ်၊ အမြဲတည်သည် မဟုတ်၊ အခိုက်အတန့်သာ တည်၏၊ စုတေခြင်းသဘော ပျက်စီ

ခြင်းသဘော ဖောက်ပြန်ခြင်းသဘော ရှိ၏၊ ပဋိသန္ဓေနေခြင်းသည် အစဉ်လိုက်အပ်၏၊ အိုခြင်းသည် မပြတ်နှိပ်စက်အပ်၏၊ သေခြင်းသည် ညှဉ်းဆဲအပ်၏။ သခါရဒုက္ခ၌ တည်၏၊ ကိုးကွယ်ရာမှ ကင်း၏၊ ပုန်းအောင်းရာမှ ကင်း၏၊ ကိုးကွယ်ရာမရှိ အခါခပ်သိမ်း ကိုးကွယ်ရာ မရှိသည်ဖြစ်၏၊ ဤမျှလောက်သော ကမ္ဘာရှစ်သောင်းလေးထောင် ကာလပတ်လုံး ထိုအရူပါဝစရပြဟ္မာဘုံ၌ စည်းစိမ်ကိုခံစား၍လည်း ပုထုဇဉ်အဖြစ်ဖြင့် သေခြင်းကို ပြု၍ တဖန် အပါယ်လေးဘုံတို့၌ ကျအပ်၏။

**ရူပါဝစရစတုတ္ထဈာန်ကိုဝိပဿနာရှုပုံ။** ။ပုက္ကုသာတိ ရဟန်းသည် ထိုအပြစ်နှင့်တကွ ဟောတော်မူသော အရူပါဝစရဈာန်ကို ကြားနာ ရသောကြောင့် အရူပါဝစရဈာန်၌ တပ်မက်ခြင်းတဏှာကို ကုန်စေပြီ၊ မြတ်စွာဘုရားသည် ထိုပုက္ကုသာတိ ရဟန်းအား ရူပါဝစရဈာန် အရူပါဝစရဈာန်တို့၌ တပ်မက်ခြင်းတဏှာ ကုန်သည်၏အဖြစ်ကို သိတော်မူ၍ အရဟတ္တဖိုလ်ဖြင့် အထွတ်ကို ယူတော်မူလိုသောကြောင့်–

**တရားတက်ပုံ အဆင့်ဆင့်ကို ဥပမာနှင့် ယှဉ်ပြခြင်း** ဥပမာ အားဖြင့် တယောက်သော သူရဲကောင်းစစ်သူကြီးသည် တဦးသော ပြည့်ရှင်မင်းကို နှစ်သိမ့်စေသောကြောင့် အခွန် တသိန်း ထွက်သော ရွာမြတ်ကို ရရာ၏၊ တဖန် ပြည့်ရှင်မင်းသည် သူရဲကောင်း စစ်သူကြီး၏ အစွမ်းသတ္တိကို အောက်မေ့ပြန်၍ သူရဲကောင်းစစ်သူကြီးသည် ကြီးစွာသော အစွမ်းသတ္တိရှိ၏၊ သင်သည် အနည်းငယ်မျှ အခွန်ထွက်သော ရွာကို ရအပ်၏ဟု ဆို၍ ဤအခွန်တသိန်း ထွက်သော ရွာသည် သင့်အား မလျောက်ပတ်သေး၊ တပါးသော အခွန်လေးသိန်းထွက်သော ရွာကို ယူလော့ဟု ဆို၍ ပေးရာ၏၊ ထိုသူရဲကောင်းကြီးသည် “အရှင်မင်းကြီး ကောင်းပါပြီ”ဟု ဆို၍ ထို အခွန်တသိန်းထွက်သောရွာကို စွန့်၍ ဤမှ တပါးသော အခွန်လေးသိန်းထွက်သောရွာကို ယူရာ၏။

**ထို့ထက် လွန်၍ ပေးပြန်ပုံ။** ။ပြည့်ရှင်မင်းသည် သူရဲကောင်းစစ်သူကြီး လက်သို့ အခွန်လေးသိန်းထွက်သော ရွာမရောက်မီသာလျှင် ထိုသူရဲကောင်းစစ်သူကြီးကို ခေါ်စေ၍ သင့်အား အခွန်လေးသိန်း ထွက်သော ရွာဖြင့် အဘယ် အကျိုးရှိအံ့နည်း၊ ဤအခွန်လေးသိန်းထွက်သောရွာ၌ ယင်းအနာ(ကူးစက်တတ်သောရောဂါ)သည် ရှိ၏၊ ဤအမည်ရှိသော အရပ်၌မူကား ကြီးစွာသော မြို့သည် ရှိ၏၊ ထိုမြို့၌ ထီးကို စိုက်ဆောင်း၍ မင်းအဖြစ်ကို ပြုချေလော့ဟု စေလွှတ်ရာ၏၊ ထိုသူရဲကောင်း စစ်သူကြီးသည် ထိုမင်းကြီး ဆိုတိုင်း ပြုရာသကဲ့သို့တည်း။

**ဥပမာ ဥပမေယျ ဟပ်ပြခြင်း။** ။ထိုဥပမာ၌ ပြည့်ရှင်မင်းကဲ့သို့ မြတ်စွာဘုရားကို မှတ်အပ်၏၊ သူရဲကောင်းကြီးကဲ့သို့ ပုက္ကုသာတိ အမည်ရှိသော အမျိုးကောင်းသားကို မှတ်အပ်၏၊ ရှေးဦးစွာ ရအပ်သော အခွန်တသိန်းထွက်သော ရွာကိုကဲ့သို့ အာနာပါန စတုတ္ထဈာန်ကို မှတ်အပ်၏၊ ထိုရှေးဦးစွာ ရအပ်သော အခွန်တသိန်း ထွက်သော ရွာကို စွန့်၍ ဤမှတပါး သော အခွန်လေးသိန်းထွက်သောရွာကို ယူလော့ဟု ဆိုအပ်သော အခါကဲ့သို့ အာနာပါနစတုတ္ထဈာန်၌ တပ်မက်ခြင်းတဏှာကို ကုန်စေခြင်းကိုပြု၍ အရူပါဝစရ ဈာန်ကို ဟောတော်မူခြင်းကို မှတ်အပ်၏။

ထိုအခွန်လေးသိန်းထွက်သော ရွာသည် သူရဲကောင်း စစ်သူကြီး၏ လက်သို့ မရောက်မီအခါ၌သာလျှင် ခေါ်စေ၍ သင့်အား အခွန်လေးသိန်း ထွက်သော ရွာဖြင့် အဘယ် အကျိုးရှိအံ့နည်း၊ ဤအခွန်လေးသိန်းထွက်သောရွာ၌ ယင်း အနာ(ကူးစက်တတ်သောအနာ)သည် ဖြစ်တတ်၏၊ ဤမည်သော အရပ်၌ မြို့ သည် ရှိ၏၊ ထိုမြို့၌ ထီးကို စိုက်ဆောင်း၍ မင်းအဖြစ်ကို ပြုချေလော့ဟု ဆိုအပ် သော အခါကဲ့သို့ အရူပါဝစရဈာန်၌ သခ်တမေတ် ဟူ၍လည်း အပြစ်ကို ဟော တော်မူသောအားဖြင့် မရောက်ကုန်သေးသည်သာလျှင် ဖြစ်ကုန်သော ထိုအရူပ သမာပတ်တို့၌ တောင့်တခြင်းကို ဆုတ်နစ်စေ၍ အထက်၌ အရဟတ္တဖိုလ်ကို အထွတ်တင်သဖြင့် ဒေသနာတော်ကို ယူခြင်းကို မှတ်အပ်၏။

ထိုအရဟတ္တဖိုလ် တိုင်အောင် ဟောတော်မူသော်လည်း ပုက္ကုသာတိရဟန်း သည် မိမိ၏ဥပနိဿယအားလျော်သဖြင့် သုံးပါးသော အောက်မဂ် အောက်ဖိုလ် တို့ကို ထိုးထွင်း၍ သိပြီ၊ ဥပမာ မည်သည်ကား ပြည့်ရှင်မင်းသည် ရွှေခွက်ဖြင့် အထူးထူးအရသာရှိသော ဘောဇဉ်ကို စားသည်ဖြစ်၍ မိမိ၏ ခံတွင်းပမာဏဖြင့် ကြီးသော အစိုင်အခဲကို လုံး၍ ရင်ခွင်၌ထိုင်နေသော မင်းသားသည် အစိုင်အခဲ၌ တပ်မက်ခြင်းကို ပြုအပ်သည်ရှိသော် ထိုမိမိ၏ အလို့ငှါ ပြုအပ်သော ကြီးသော အလုပ်အလွေးကို မင်းသားငယ်အား ပေးရာ၏၊ မင်းသားငယ်သည် မိမိ၏ ခံတွင်း ပမာဏဖြင့်သာလျှင် ငယ်သော အလုပ်အလွေးကို ပြုရာသကဲ့သို့ မင်းသား ငယ်၏ ခံတွင်းပမာဏမှ ကြွင်းသော အလုပ်အလွေးကို အဘဖြစ်သော မင်းကြီး သည် ကိုယ်တိုင်သော်လည်း စားရာသကဲ့သို့ ခွက်၌သော်လည်း ချထားရာသကဲ့သို့ ထို့အတူ တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကိုယ်တော်၏ ပမာဏ ဖြစ်သော အရဟတ္တဖိုလ်ဖြင့် အထွတ်ကို ယူတော်မူသည် ဖြစ်၍ ဒေသနာတော်ကို ဟောတော်မူပြီ၊ ပုက္ကုသာတိရဟန်းသည် မိမိ၏ မဂ်ဖိုလ်အကြောင်းအားလျော် သဖြင့် အောက်ဖိုလ်သုံးပါးတို့ကို ထိုးထွင်း၍သိခြင်းကို ပြုပြီ။

**ဝေဒနာသုံးပါးကို လက္ခဏာရေး တင်ပုံ။** ။ထိုပုဂ္ဂိုလ်သည် သုခဝေဒနာကို အကယ်၍ ခံစားအံ့၊ ထိုသုခဝေဒနာသည် မမြဲဟု သိ၏၊ မသက်ဝင်အပ်ဟု သိ၏၊ မနှစ်သက်အပ်ဟု သိ၏၊ ဒုက္ခဝေဒနာကို အကယ်၍ ခံစားအံ့၊ ထိုဒုက္ခဝေဒနာသည် မမြဲဟု သိ၏၊ မသက်ဝင်အပ်ဟု သိ၏၊ မနှစ်သက်အပ်ဟု သိ၏၊ အဒုက္ခမသုခဝေဒနာကို အကယ်၍ ခံစားအံ့၊ ထိုအဒုက္ခမသုခဝေဒနာသည် မမြဲဟု သိ၏၊ မသက်ဝင်အပ်ဟု သိ၏၊ မနှစ်သက်အပ်ဟု သိ၏။

ထိုပုဂ္ဂိုလ်သည် သုခဝေဒနာကို အကယ်၍ ခံစားသည် ဖြစ်အံ့၊ မယှဉ်သည် ဖြစ်၍ သုခဝေဒနာကို ခံစား၏၊ ဒုက္ခဝေဒနာကို အကယ်၍ ခံစားသည် ဖြစ်အံ့၊ မယှဉ်သည်ဖြစ်၍ ထိုဒုက္ခဝေဒနာကို ခံစား၏၊ အဒုက္ခမသုခဝေဒနာကို အကယ်၍ ခံစားသည်ဖြစ်အံ့၊ မယှဉ်သည် ဖြစ်၍ ထိုအဒုက္ခမသုခဝေဒနာကို ခံစား၏။

ထိုပုဂ္ဂိုလ်သည် ကိုယ်လျှင် အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည် ရှိသော် ကိုယ်လျှင် အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏ဟု သိ၏၊ အသက်လျှင် အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ရှိသော် အသက်လျှင် အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏ဟု သိ၏၊ ကိုယ်ခန္ဓာ ပျက်၍ သေသည်မှ နောက် အသက်ကုန်သည်မှ အထက်၌ ဤ(၁၂)ပါးသော အာယတနတို့ကို မနှစ်သက်အပ်ကုန်သော အလုံးစုံ ခံစားအပ်သော ဝေဒနာတို့သည် ငြိမ်းကုန်လတ္တံ့ဟု သိ၏။

**ဝေဒနာ ခံစားရာ၌ ဆီမီးငြိမ်းပုံ ဥပမာ။** ။အိုရဟန်း ဥပမာသော်ကား ဆီကိုငြင်း မီးစာကိုငြင်း စွဲ၍ ဆီမီးသည် တောက်ပ၏၊ ထိုဆီ၏ငြင်း မီးစာ၏ငြင်း ကုန်ခြင်းကြောင့် တပါးသော ဝတ္ထုကို စွဲရသော အကြောင်းသည် မရှိသည်ဖြစ်၍ (မီးသည်) ငြိမ်းရာသကဲ့သို့ အိုရဟန်း ဤဥပမာအတူသာလျှင် ကိုယ်လျှင် အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ရှိသော် "ကိုယ်လျှင် အပိုင်းအခြား ရှိသော ဝေဒနာကို ခံစား၏"ဟု သိ၏၊ အသက်လျှင် အပိုင်းအခြားရှိသော ဝေဒနာကို ခံစားသည်ရှိသော် "အသက်လျှင် အပိုင်းအခြားရှိသော ဝေဒနာကို ခံစား၏"ဟု သိ၏၊ ကိုယ်ခန္ဓာ ပျက်၍ သေသည်မှနောက် အသက်ကုန်သည်မှ အထက်၌ ဤတဆဲ့နှစ်ပါးသော အာယတနတို့ကိုသာလျှင် မနှစ်သက်အပ်ကုန်သော အလုံးစုံ ခံစားအပ်သော ဝေဒနာတို့သည် ငြိမ်းကုန်လတ္တံ့ဟု သိ၏။

ထို့ကြောင့် ဤသို့ ပြည့်စုံသော ရဟန်းသည် မြတ်သော အရဟတ္တဖိုလ်ပညာဟူသော အဓိဋ္ဌာန်နှင့် ပြည့်စုံသည် ဖြစ်၏။

**သစ္စာနှင့် နိဗ္ဗာန် နှိုင်းယှဉ်ပြချက်။** ။အိုရဟန်း အလုံးစုံသော ဒုက္ခ၏ ကုန်ရာ ဖြစ်သော အရဟတ္တဖိုလ်၌ အကြင်ဉာဏ်သည် ရှိ၏၊ ဤဉာဏ်သည်သာလျှင် မြတ်သော ဖြူစင်သော ပညာပေတည်း၊ ထိုပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်ပညာသည် နိရောဓသစ္စာ၌ တည်၏၊ မပျက် မစီးပေ၊ အိုရဟန်း ထိုတရားသဘောသည်သာလျှင် ချွတ်ယွင်း၏၊ အကြင် သဘော တရားသည် ချွတ်ယွင်းတတ်သော သဘောတရားရှိ၏၊ ထိုချွတ်ယွင်းတတ်သော သဘောတရားသည် သစ္စာ မည်၏၊ အကြင် သဘောတရားသည်ကား မချွတ် ယွင်းတတ်၊ ထို မချွတ်ယွင်းတတ်သော သဘောရှိသော တရားသည်ကား နိဗ္ဗာန် ပေတည်း။

ထို့ကြောင့် ဤသို့ ပြည့်စုံသော ရဟန်းသည် မြတ်သော ဤနိဗ္ဗာန် တည်းဟူ သော သစ္စာအဓိဋ္ဌာန်နှင့် ပြည့်စုံသည်ဖြစ်၏၊ အိုရဟန်း မချွတ်ယွင်းသော သဘော ရှိသော အကြင် နိဗ္ဗာန်သည် ရှိ၏၊ ဤနိဗ္ဗာန်သည်ကား မြတ်သော အရိယသစ္စာ ပေတည်း၊ စင်စစ်လျှင် ရှေးပုထုဇဉ် ဖြစ်သောအခါက မရဘူးသေးသော မဂ် ဉာဏ် ဖိုလ်ဉာဏ် ရှိသော ထိုပုဂ္ဂိုလ်အားသာလျှင် ပြည့်စုံစေအပ်ကုန်သော ကောင်းစွာ ဆောက်တည်အပ်ကုန်သော ဥပဓိတို့သည် ရှိကုန်၏၊ ထိုဥပဓိတို့ကို ထိုပုဂ္ဂိုလ်သည် ပယ်အပ်ကုန်၏၊ အရင်းအမြစ်ကို ဖြတ်အပ်ကုန်၏၊ ထန်းပင်ငုတ် ကဲ့သို့ ပြုအပ်ကုန်၏၊ တဖန် မဖြစ်ခြင်းသဘောရှိသည့် အဖြစ်ကို ပြုအပ်ကုန်၏၊ နောင်အခါ ဖြစ်ပေါ်ခြင်းသဘော မရှိသည်ကို ပြုအပ်ကုန်၏၊ (ခန္ဓူပဓိ, ကိလေသူ ပဓိ, အဘိသင်္ခါရူပဓိ, ပဉ္စကာမဂုဏူပဓိ ဟူ၍ ဥပဓိလေးပါး)။

**အဘိဇ္ဈာဆန္ဒရာဂကို ပယ်ပုံ။** ။ထို့ကြောင့် ဤသို့ ပြည့်စုံသော ရဟန်းသည် မြတ် သော အရဟတ္တမဂ် တည်းဟူသော အဓိဋ္ဌာန်နှင့် ပြည့်စုံသည် ဖြစ်၏၊ အိုရဟန်း အကြင် အလုံးစုံသော ဥပဓိတို့ကို စွန့်ကြောင်း ဖြစ်သော အရဟတ္တမဂ်သည် ရှိ၏၊ ဤကိလေသာတို့ကို စွန့်ကြောင်းဖြစ်သော အရဟတ္တမဂ်သည်သာလျှင် မြတ်သော ဖြူစင်သော စွန့်ခြင်း မည်၏၊ စင်စစ်လျှင် ရှေးပုထုဇဉ် ဖြစ်ပေသော အခါက မရဘူးသေးသော မဂ်ဉာဏ် ဖိုလ်ဉာဏ်ရှိသော ထိုပုဂ္ဂိုလ်အားသာလျှင် သူတပါး၏ စည်းစိမ်ကို ရှေးရှုကြံစည်ခြင်း 'အဘိဇ္ဈာ' သည် ဖြစ်၏၊ အလိုဆန္ဒသည်ဖြစ်၏၊ အားကြီးသော ရာဂသည်လည်း ဖြစ်၏၊ ထို အဘိဇ္ဈာ ဆန္ဒရာဂကို ထိုပုဂ္ဂိုလ်သည် ပယ်အပ်ကုန်၏၊ အရင်းအမြစ်ကို ဖြတ်အပ် ကုန်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုအပ်ကုန်၏၊ တဖန် မဖြစ်ခြင်း သဘောရှိသည်၏ အဖြစ်ကို ပြုအပ်ကုန်၏၊ နောင်တဖန် ဖြစ်ပေါ်ခြင်း သဘောမရှိသည်ကို ပြုအပ် ကုန်၏။

စင်စစ်လျှင် ရှေးပုထုဇဉ်ဖြစ်သောအခါ၌ မရဘူးသော မဂ်ဉာဏ် ဖိုလ်ဉာဏ်ရှိ သော ပုဂ္ဂိုလ်အားသာလျှင် ရန်ငြိုးဖွဲ့ခြင်း သူတပါးအား ပျက်စီးစေလိုခြင်း

ပြစ်မှားခြင်းတို့ကို ထိုရဟန်းပုဂ္ဂိုလ်သည် ပယ်အပ်ကုန်၏၊ အရင်းအမြစ်ကို ဖြတ်အပ်ကုန်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုအပ်ကုန်၏၊ တဖန် မဖြစ်ခြင်းသဘောရှိသည့် အဖြစ်ကို ပြုအပ်ကုန်၏၊ နောင်အခါ၌ ဖြစ်ပေါ်ခြင်းသဘော မရှိသည်ကို ပြုအပ်ကုန်၏၊ စင်စစ်လျှင် ရှေးပုထုဇဉ်ဖြစ်သောအခါ၌ မရဘူးသေးသော မဂ်ဉာဏ် ဖိုလ်ဉာဏ်ရှိသော ထိုပုဂ္ဂိုလ်အားသာလျှင် မသိမှု'အဝိဇ္ဇာ'သည် ပြင်းစွာ တွေဝေခြင်းသည် ဖြစ်၏၊ ထို မသိမှု'အဝိဇ္ဇာ'ပြင်းစွာ တွေဝေခြင်းတို့ကို ထိုရဟန္တာပုဂ္ဂိုလ်သည် ပယ်အပ်ကုန်၏၊ အရင်းအမြစ်ကို ဖြတ်အပ်ကုန်၏၊ ထန်းပင်ငုတ်ကဲ့သို့ ပြုအပ်ကုန်၏၊ တဖန် မဖြစ်ပေါ်ခြင်းသဘောရှိသည့်အဖြစ်ကို ပြုအပ်ကုန်၏၊ နောင်အခါ၌ ဖြစ်ပေါ်ခြင်းသဘော မရှိသည်တို့ကို ပြုအပ်ကုန်၏။

**ဥပသမာအဓိဋ္ဌာန်နှင့် ပြည့်စုံခြင်း။** ။ထို့ကြောင့် ဤသို့ ပြည့်စုံသော ရဟန်းသည် မြတ်သော အရဟတ္တမဂ်တည်းဟူသော ဥပသမာအဓိဋ္ဌာန်နှင့်ပြည့်စုံသည်ဖြစ်၏။ အိုရဟန်း ရာဂ ဒေါသ မောဟတို့၏ ငြိမ်းကြောင်းဖြစ်သော အကြင်အရဟတ္တမဂ်သည် ရှိ၏၊ ဤအရဟတ္တမဂ်သည်သာလျှင် မြတ်သော ဖြူစင်သော ငြိမ်းသော တရားမည်၏။ "သမာဓိ ဝိပဿနာပညာကို မမေ့လျော့ရာ၊ ဝစီသစ္စာကို အစဉ်စောင့်ရှောက်ရာ၏၊ ကိလေသာပယ်စွန့်မှုကို အားထုတ်ရာ၏၊ ထိုပုဂ္ဂိုလ်သည် ကိလေသာတို့၏ ငြိမ်းချမ်းခြင်းကိုသာလျှင် ကျင့်ရာ၏"ဟု အကြင်စကားကို ဟောတော်မူအပ်၏၊ ထိုစကားကို ဤအကြောင်းကို အစွဲပြု၍ ဟောတော်မူ၏။

အဘယ်သူသည် သမထ ဝိပဿနာပညာကို မေ့လျော့သည် မည်သနည်း၊

အဘယ်သူသည် သမထ ဝိပဿနာပညာကို မမေ့မလျော့သည် မည်သနည်း။

**သမထဝိပဿနာပညာကို မေ့လျော့သော ပုဂ္ဂိုလ်။** ။ရှေးဦးစွာ အကြင်သူသည် ဤမြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုပြီး၍ ဆေးကုသခြင်းအစရှိသည်တို့၏ အစွမ်းဖြင့် နှစ်ဆယ့်တပါး အပြားရှိသော မအပ်သော ရှာမှီးခြင်းဖြင့် အသက်မွေးခြင်းကို မွေးမြူသည်ဖြစ်၍ ရဟန်း၏အဖြစ်အား လျော်သောအားဖြင့် စိတ်၏ ဖြစ်ခြင်းကို တားမြစ်ခြင်းငှါ မစွမ်းနိုင်၊ ထိုသူသည် သမထ ဝိပဿနာပညာကို မေ့လျော့သည် မည်၏။

**သမထဝိပဿနာပညာကို မမေ့လျော့သော ပုဂ္ဂိုလ်။** ။အကြင်သူသည် ဤမြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြု၍ စတုပါရိသုဒ္ဓိသီလ၌ တည်၏၊ မြတ်စွာဘုရား စကားတော်ကို သင်၍သင်၍ မိမိ၏ ကိလေသာကို နှိမ်ခြင်းငှါ လျောက်ပတ်သော

ဓုတင်ကို ဆောက်တည်ပြီး စိတ်သည် နှစ်သက်အပ်သော ကမ္မဋ္ဌာန်းကိုယူ၍ ဆိတ်ငြိမ်သော ကျောင်းကိုမှီ၍ ကသိုဏ်းပရိကံကို စီးဖြန်းခြင်းကို ပြုပြီးလျှင် သမာပတ်ကို ဖြစ်စေ၍ ယနေ့ပင်လျှင် အရဟတ္တဖိုလ်ကို ငါယူအံ့၊ ဤသို့နှလုံးသွင်း၍ ဝိပဿနာကို ပွါးများပေ၏၊ ထိုသူသည် သမထဝိပဿနာပညာကို မမေ့မလျော့သည် မည်၏။

အကြင်လေးပါးသော တည်ရာ၌ တည်သောသူကို မာနတည်းဟူသော ယိုစီးခြင်းတို့သည် မဖြစ်ကုန်၊ စင်စစ်လျှင် မာနတည်းဟူသော ယိုစီးခြင်း မဖြစ်သည်ရှိသော် အာသဝေါကုန်ပြီးသော ရဟန်းကို ကိလေသာတို့မှ ငြိမ်းသောသူဟူ၍ ဆိုအပ်၏ဟူသော ဤစကားကို ဟောတော်မူအပ်၏။ အဘယ်ကို အစွဲပြု၍ ဟောတော်မူသနည်းဟူမူ —

**မိမိကိုယ်ကို အထင်ကြီးကြောင်း မာနတရားများ။**　　။အိုရဟန်း ငါဖြစ်၏ဟု ဤသို့ မှတ်ထင်ခြင်းသည် ရှိ၏၊ ဤကိုယ်သည် ငါဖြစ်၏ဟု ဤသို့မှတ်ထင်ခြင်းသည် ရှိ၏၊ ဖြစ်လတ္တံ့ဟု ဤသို့မှတ်ထင်ခြင်းသည် ရှိ၏၊ မဖြစ်လတ္တံ့ဟု ဤသို့မှတ်ထင်ခြင်းသည် ရှိ၏၊ ရုပ်မရှိသည် ဖြစ်လတ္တံ့ဟု ဤသို့မှတ်ထင်ခြင်းသည် ရှိ၏၊ နာမ်မရှိသည် ဖြစ်လတ္တံ့ဟု ဤသို့မှတ်ထင်ခြင်းသည် ရှိ၏၊ သညာရှိသည် ဖြစ်လတ္တံ့ဟု ဤသို့မှတ်ထင်ခြင်းသည် ရှိ၏၊ သညာမရှိသည် ဖြစ်လတ္တံ့ဟု ဤသို့မှတ်ထင်ခြင်းသည် ရှိ၏၊ ရုန့်ရင်းသော သညာကားမရှိ သိမ်မွေ့သော သညာကား မရှိသည်မဟုတ် ဖြစ်လတ္တံ့ဟု ဤသို့ မှတ်ထင်ခြင်းသည် ရှိ၏။

အိုရဟန်း အနာဟူ၍ မှတ်ထင်ခြင်းသည် ရှိ၏၊ အိုင်းအမာဟူ၍ မှတ်ထင်ခြင်းသည် ရှိ၏၊ ဆူးငြောင့်ဟု မှတ်ထင်ခြင်းသည် ရှိ၏၊ အိုရဟန်း အလုံးစုံသော တဏှာအားဖြင့် မှတ်ထင်ခြင်း ဒိဋ္ဌိအားဖြင့် မှတ်ထင်ခြင်း မာနအားဖြင့် မှတ်ထင်ခြင်းတို့ကို လွန်မြောက်ခြင်း ကြောင့်သာလျှင် အာသဝေါကုန်ပြီးသော ရဟန်းကို ကိလေသာတို့မှ ငြိမ်းသောသူဟု ဆိုအပ်ပေ၏။

**ဓါတ်တို့ကိုဝေဖန်ရာ ဓါတုဝိဘင်္ဂသုတ်ကို ဆောင်ထားသင့်ပုံ**　　အိုရဟန်း စင်စစ်လျှင် အာသဝေါကုန်ပြီးသော ကိလေသာတို့မှ ငြိမ်းပြီးသောရဟန်းသည် ပဋိသန္ဓေမနေ မအို မသေ မပျက်စီး မတောင့်တ၊ အိုရဟန်း အကြင့်ကြောင့် ပဋိသန္ဓေ တည်နေရာ၏၊ ထိုကံသည် ထိုရဟန်းပုဂ္ဂိုလ်အား မရှိ၊ ပဋိသန္ဓေ နေခြင်းမရှိသော ပုဂ္ဂိုလ်သည် အဘယ်မှာ အိုလတ္တံ့နည်း၊ အိုခြင်းမရှိသော ပုဂ္ဂိုလ်သည် အဘယ်မှာလျှင် သေလတ္တံ့နည်း၊ မသေသောပုဂ္ဂိုလ်သည် အဘယ်မှာလျှင် ပျက်စီးလတ္တံ့

နည်း၊ ပျက်စီးခြင်းမရှိသောပုဂ္ဂိုလ်သည် အဘယ်မှာလျှင် တောင့်တလတ္တံ့နည်း၊ အကြင်လေးပါးသော တည်ရာ၌တည်သော ပုဂ္ဂိုလ်ကို မာနတည်ဟူသော ယိုစီးခြင်းတို့သည် မဖြစ်ကုန်၊ စင်စစ်လျှင် မာနတည်းဟူသော ယိုစီးခြင်း မဖြစ်သည်ရှိသော် အာသဝေါကုန်ပြီးသော ရဟန်းကို "ကိလေသာတို့မှ ငြိမ်းသောသူ"ဟူ၍ ဆိုအပ်၏ဟု အကြင်စကားကို ဟောတော်မူအပ်၏၊ ထိုစကားကို ဤအကြောင်းကိုအစွဲပြု၍ ဟောတော်မူအပ်၏။

အိုရဟန်း စင်စစ်လျှင် သင်သည် အကျဉ်းအားဖြင့် ငါဘုရားသည် ဟောကြားတော်မူအပ်သော ခြောက်ပါးသော ဓာတ်တို့ကို ဝေဖန်ရာ ဝေဖန်ကြောင်းဖြစ်သော ဓာတုဝိဘင်္ဂ သုတ်တော်ကြီးကို ရွတ်ဆောင် မှတ်သားလေ့လာလေ့ဟု မိန့်တော်မူ၏။

**ပုက္ကုသာတိရဟန်း ဘုရားရှင်မှန်းသိ၍ ကန်တော့ပုံ။** ။ထိုအခါ ပုက္ကုသာတိရဟန်းသည် "ငါ၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် အစဉ် ရောက်တော် မူလာပေ၏၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် အစဉ်ရောက်တော်မူလာပေ၏၊ မဖောက်မပြန် အလုံးစုံသော တရားတို့ကို ထိုးထွင်း၍ သိတော်မူတတ်သော မြတ်စွာဘုရားသည် အစဉ်ရောက်တော်မူလာပါပေ၏"ဟု နေရာမှထ၍လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်စံပယ် တင်ရုံသည်ကိုပြုပြီးလျှင် မြတ်စွာဘုရား၏ ခြေတော်တို့၌ ဦးခေါင်းဖြင့်ဝပ်၍ မြတ်စွာဘုရားကို ဤသို့လျှောက်ထားလေ၏—

"အရှင်ဘုရား မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ်မာသည့်အလျောက် အကျွန်ုပ်သို့ အပြစ်သည် ရောက်ပါ၏၊ အကျွန်ုပ်သည် မြတ်စွာဘုရားကို ငါ့ရှင်ဟူ၍ ခေါ်ဝေါ်ခြင်းဖြင့် ခေါ်ဝေါ်မိပါ၏ဟု မှတ်ထင်မိပါသည်၊ အရှင်ဘုရား ထိုအကျွန်ုပ်အား မြတ်စွာဘုရားသည် အပြစ်အားဖြင့် နောင်အခါ၌ စောင့်စည်းခြင်းငှါ သည်းခံတော်မူပါလော့"ဟု လျှောက်ထား၏။

**ဘုရားရှင်က ပုက္ကုသာတိရဟန်း၏ အပြစ်ကို သည်းခံပုံ။** ။အိုရဟန်း ကောင်းလေစွ၊ မိုက်သည့်အလျောက် တွေဝေသည့်အလျောက် မလိမ္မာသည့်အလျောက် သင့်အား အပြစ်သည် လွှမ်းမိုး၏။ သင်သည် ငါဘုရားကို ငါ့ရှင်ဟူသော ခေါ်ဝေါ်ခြင်းဖြင့် ခေါ်ဝေါ်မိပါ၏ဟု အကြင်အကြောင်းကြောင့် မှတ်ထင်၏။ အိုရဟန်း စင်စစ်လျှင် အကြင်အကြောင်းကြောင့်လည်း သင်သည် အပြစ်ကို အပြစ်အားလျော်စွာ ရှုမြင်ပြီး တရားတော်အား လျော်စွာ ကုစား၏။ သင်၏ ထိုအပြစ်ကို ငါဘုရားတို့သည် သည်းခံကုန်၏။ အိုရဟန်း မြတ်သော ငါဘုရား၏ အဆုံးအမတော်၌

အကြင်ပုဂ္ဂိုလ်သည် အပြစ်ကို အပြစ်အားဖြင့် ရှုမြင်ပြီး တရားအားလျော်စွာ ကုစား၏၊ နောင်အခါ၌ စောင့်ရှောက်ခြင်းသို့ ရောက်၏၊ ဤသို့ ကုစားခြင်း နောင်အခါ၌ စောင့်ရှောက်ခြင်းသို့ ရောက်ခြင်းသည် ကြီးပွါးခြင်းအတွက် ရှိသည်သာလျှင်တည်းဟု မိန့်တော်မူ၏။

**ပုက္ကုသာတိ ရဟန်းအဖြစ်လျှောက်ထားခြင်း။** ။အရှင်ဘုရား အကျွန်ုပ်သည် မြတ်စွာဘုရား အထံတော်၌ ရဟန်းအဖြစ်ကို ရလိုပါ၏ဟု လျှောက်၏။ ရဟန်း သပိတ်သက်နှ်းသည် ပြည့်စုံပြီလောဟု မိန့်တော်မူ၏။ အရှင်ဘုရား တပည့်တော်အား သပိတ်သက်နှ်း မပြည့်စုံသေးပါဘုရားဟု လျှောက်၏။ ရဟန်း သပိတ်သက်နှ်း မပြည့်စုံသူကို ငါဘုရားတို့သည် ရဟန်းပြုမပေးကုန်ဟု မိန့်တော်မူ၏။ ထိုအခါ အရှင်ပုက္ကုသာတိသည် မြတ်စွာဘုရား၏ တရားတော်ကို အလွန်နှစ်သက် ဝမ်းမြောက်သည်ကို ပြု၍ သပိတ်သက်နှ်းကို ရှာမှီးခြင်းငှါ ဖဲသွားလေ၏။

**တန်းခိုးဖြင့်ပြီးသော သပိတ်သက်နှ်း မပြည့်စုံခြင်း အကြောင်း** အဘယ့်ကြောင့် ပုက္ကုသာတိ အမျိုးကောင်းသားအား တန်းခိုးဖြင့်ပြီးသော သပိတ်သက်နှ်း မဖြစ်သနည်း။ ရှေးဘဝ၌ ပရိက္ခရာရှစ်ပါး မလှူသည်၏ အဖြစ်ကြောင့် တန်းခိုးဖြင့်ပြီးသော သပိတ်သက်နှ်းသည် မဖြစ်ခဲ့ပေ၊ ပုက္ကုသာတိ အမျိုးကောင်းသားသည် လှူအပ်ပြီးသော ဒါနလည်း ရှိ၏၊ ပြုအပ်ပြီးသော ဆုလည်း ရှိ၏၊ စင်စစ်သော်ကား တန်းခိုးဖြင့်ပြီးသော သပိတ်သက်နှ်းသည် ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့အားသာလျှင် ဖြစ်၏။ ဤ ပုက္ကုသာတိ ရဟန်းသည်လည်း တဖန် ပဋိသန္ဓေနေခြင်း ရှိ၏။ ထို့ကြောင့် တန်းခိုးဖြင့်ပြီးသော သပိတ်သက်နှ်းသည် မဖြစ်နိုင်၊ ထို့ကြောင့် ကိုယ်တော်တိုင် သပိတ်သက်နှ်းကို ရှာမှီး ပေးတော် မမူပေ။

ဘယ်အချိန် ပုက္ကုသာတိအမျိုးကောင်းသားသည် သက်နှ်းရှာ သွားသနည်းဟူမူ အရုဏ်တက်ချိန် သွားပေ၏၊ မြတ်စွာဘုရား၏ တရားဟောခြင်း ပြီးဆုံးခြင်း အရုဏ်တက်ခြင်း ရောင်ခြည်တော်လွှတ်ခြင်းတို့သည် တပြိုင်နက်တည်းသော ခဏ၌ဖြစ်သတတ်၊ မြတ်စွာဘုရားသည် ဒေသနာတော်ကို ပြီးဆုံးစေ၍ သာလျှင် ခြောက်ပါးသော ရောင်ခြည်တော်တို့ကို လွှတ်တော်မူသတတ်၊ အလုံးစုံသော အိုးထိန်းသည်၏နေရာ အိမ်သည် တပြိုင်နက်ဖြစ်သော အရောင်အဆင်း ရှိသည် ဖြစ်၍ တောက်ပကုန်၏။

အစုံအစုံတို့သည် ဖြစ်ကုန်၍ ထိုမှ ဤမှ ပြေးသွားကုန်သော ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော်တို့သည် အိုးထိန်းသည်၏ နေအိမ်ကို

ခပ်သိမ်းသော အရပ်မျက်နှာအဘို့ဖြင့် ရွှေပြားတို့ဖြင့် မြေးယှက်အပ်ကုန်သကဲ့သို့ ၎င်း အထူးထူးသော အဆင်းရှိသော ပန်း, အထူးထူးသော အဆင်းရှိသော ရတနာတို့ဖြင့် ပြိုးပြိုးပြက်ပြက် ထွက်သော အရောင်တို့ကို ပြုဘိသကဲ့သို့၎င်း ပြုကုန်ပြီ။

**ဘုရားရှင်၏ အမိန့်ဒွာန်ကြောင့် မြို့သူမြို့သားများ ဖူးမြင်ကြရပုံ**

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့၌ နေကုန်သော သူတို့သည် ငါ့ကို မြင်စေကုန် သတည်းဟု အမိဋ္ဌာန်တော်မူပြီ၊ ရာဇဂြိုဟ်မြို့သူမြို့သားတို့သည် မြတ်စွာဘုရားကို မြင်ပြီး၍ သာလျှင် ဘုရားရှင်ကိုယ်တော်မြတ် ကြွလာတော် မူသတတ်၊ အိုးထိန်းသည်၏ တင်းကုပ်၌ ထိုင်နေတော်မူသတတ်၊ ဤသို့ တယောက်က တယောက်အား ပြောကြား၍ ဗိမ္ဗိသာရမင်းကြီးအား သံတော်ဦး တင်ကြကုန်၏။ ဗိမ္ဗိသာရမင်းကြီးသည် လာ၍ မြတ်စွာဘုရားအား ရှိခိုးလျက် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်အချိန်အခါ၌ ကြွလာတော်မူခဲ့ပါသနည်း"ဟု မေးလျှောက်၏။ မြတ်သော မင်းကြီး ယမန်နေ့က နေဝင်သောအချိန် ကြွလာတော်မူခဲ့သည်ဟု မိန့်တော်မူ၏။

မြတ်စွာဘုရား အဘယ်မည်သော အကြောင်းကြောင့် ကြွလာတော်မူခဲ့ပါသနည်းဟု တဖန်လျှောက်ပြန်၏။ သင် ဗိမ္ဗိသာရမင်းကြီးတို့၏ အကြည်တော် ဖြစ်သော ပုက္ကုသာတိမင်းသည် သင်မင်းကြီးတို့ စေလွှတ်အပ်သော သတင်းအမှာစာကို ကြားရသောကြောင့် ရဟန်းပြုလျက် ငါဘုရားကို ရည်ရွယ်၍လာရာ သာဝတ္ထိ ပြည်ကိုလွန်၍ လေးဆယ့်ငါးယူဇနာရှိသော ခရီးသို့ လာခဲ့ပြီး အိုးထိန်းသည်၏ နေရာ တင်းကုပ်သို့ဝင်၍ ထိုင်နေ၏။ ငါဘုရားသည် ထို ပုက္ကုသာတိအမျိုး ကောင်းသားအား သင်္ဂြိုဟ်ချီးမြှောက်ခြင်းငှါ ကြွလာ၍ တရားစကားကို ဟော တော်မူပြီ၊ မြတ်သောမင်းကြီး ပုက္ကုသာတိသည် အောက်ဖိုလ် သုံးပါးတို့ကို ထိုးထွင်း၍ သိပြီဟု မိန့်တော်မူ၏။

**ဗိမ္ဗိသာရမင်းကြီးက ပုက္ကုသာတိရဟန်းအား ရှာဖွေစေပုံ**

ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ယခုအခါ အဘယ် အရပ်သို့ သွားပါသနည်းဟု မေးလျှောက်သည်ရှိသော် မြတ်သောမင်းကြီး ပဉ္စင်းအဖြစ်ကို တောင်းပန်၍ မပြည့်စုံသော သပိတ်သင်္ကန်းရှိသောကြောင့် သပိတ်သင်္ကန်းကို ရှာဖွေခြင်းငှါ သွားလေ၏ဟု မိန့်တော်မူသော် ဗိမ္ဗိသာရမင်းသည် ပုက္ကုသာတိအမျိုးကောင်းသား သွားရာ အရပ်မျက်နှာအဘို့ဖြင့် သွားလေ၏။ မြတ်စွာဘုရားသည်လည်း ကောင်းကင်

ခရီးဖြင့် ကြွလာတော်မူ၍ ဇေတဝန်ကျောင်း ဂန္ဓကုဋိတိုက်၌သာလျှင် ထင်ရှား ဖြစ်ပြီ။

သပိတ်သက်နီးကို ရှာသော ပုက္ကုသာတိ အမျိုးကောင်းသားသည်လည်း မိမိ၏မိတ်ဆွေ ဗိမ္ဗိသာရမင်းထံသို့ မသွား၊တက္ကသိုလ်မှလာကြကုန်သော ခြေသည် ကုန်သည်တို့၏အထံသို့လည်း မသွားမူ၍ ဤသို့သော အကြံဖြစ်သတတ်၊ စင်စစ် ငါ့အား ကြက်၏ ရှာမှီးခြင်းကဲ့သို့ ထိုထိုအရပ်၌ နှစ်သက်အပ် မနှစ်သက်အပ် သော သပိတ်သက်နီးကိုသာလျှင် စူးစမ်းဆင်ခြင်၍ ရှာမှီးခြင်းငှါ မသင့်၊ ရာဇဂြိုဟ်မြို့ကိုထား၍ ရေဆိပ် သုသာန် တံမြက်ချေးစုရှိရာအရပ် ခရီးအကြား တို့၌ ရှာတော့အံ့ဟု စိတ်အကြံဖြစ်ပြီး၍ ခရီးအကြား တံမြက်ချေးစုတို့၌ ရှေးဦးစွာ ပုဆိုးနွမ်းကို ရှာလေ၏။

**ပုက္ကုသာတိရဟန်းကို နွားမဝေ့သတ်ခြင်း။** ။တခုသော တံမြက်ချေးစု၌ ပုဆိုး နွမ်းကို ကြည့်ရှုသော ပုက္ကုသာတိ အမျိုးကောင်းသားကို တုန်လှုပ်သော စိတ်ရှိသော သားငယ်ရှိသော နွားမသည် အနီးသို့ပြေးလာ၍ ဦးချိုဖြင့် ထိုးဝေ့၍သတ်ပြီ၊ အဇ္ဈတ္တသန္တာန်၌ မွတ်သိပ်ဆာ လောင်သော ပုက္ကုသာတိအမျိုးကောင်းသားသည် အထက်ကောင်းကင်၌သာ လျှင် အသက်ကုန်ခြင်းသို့ ရောက်လျက် မြေ၌ကျလာ၏။ တံမြက်ချေးစုအရပ်၌ အောက်သို့မျက်နှာမူ၍ ချထားသော ရွှေဆင်းတုကဲ့သို့ ဖြစ်လျက် သေလေ၏။ သေပြီးသော် သုဒ္ဓါဝါသငါးဘုံတို့တွင် အောက်ဆုံး အဝိဟာပြဟ္မာ့ဘုံ၌ဖြစ်လေ၏။ အဝိဟာပြဟ္မာ့ဘုံ၌ ဖြစ်ကာမျှ၌သာလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

**အဝိဟာပြဟ္မာ့ဘုံ၌ဖြစ်ကာမျှ အရဟတ္တဖိုလ်သို့ ရောက်သော ပုဂ္ဂိုလ်များ** အဝိဟာပြဟ္မာ့ဘုံ၌ ဖြစ်ကာ မျှသာလျှင် ဖြစ်ကုန်သော ပုဂ္ဂိုလ် ခုနစ်ယောက်တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြကုန် သတတ်။

ကိလေသာမှ လွတ်ကုန်သော ကုန်ပြီးသော ရာဂဒေါသရှိကုန်သော သတ္တ လောက၌ တဏှာကို လွန်တော်မူကုန်သော ခုနစ်ဦးကုန်သော ရဟန်းတို့သည် အဝိဟာပြဟ္မာ့ဘုံသို့ ကပ်လျက် ဖြစ်ကုန်၏။

ထိုခုနစ်ဦးသောသူတို့သည် ကိလေသာတည်းဟူသော ညွန်ပျောင်းကို အလွန် လျှင် ကူးမြောက်နိုင်ခဲသော သေမင်း၏ အရာကို ကူးမြောက်ကုန်ပြီ၊ ထိုခုနစ်ဦး သောသူတို့သည် လူ၌ဖြစ်ကုန်သော အတ္တဘောကို စွန့်၍ နတ်ပြဟ္မာ၌ဖြစ်သော အတ္တဘောသို့ ကပ်ရောက်ကြကုန်ပြီ။

(၁) ဥပကရဟန်း (၂) ပလဂဏ္ဍ (၃) ပုက္ကုသာတိ (၄) ဘဒ္ဒိယ

(၅) ခဏ္ဍဒေဝ (၆) ဗာဟုရဂ္ဂိ (၇) သိင်္ဂိယ–

ထိုခုနစ်ဦးသော သူတို့သည် လူ၌ဖြစ်သော ခန္ဓာကိုယ် အတ္တဘောကို စွန့်၍ နတ်ပြဟ္မာ၌ဖြစ်သော ခန္ဓာကိုယ်အတ္တဘောသို့ ကပ်ရောက်ကုန်၏။

**ဗိမ္ဗိသာရမင်း၏ စိုးရိမ်မှုသောက။** ။ဗိမ္ဗိသာရမင်းသည် "ငါ၏ အကြည်တော်ဖြစ်သောပုက္ကုသာတိမင်းသည် ငါဗိမ္ဗိသာရမင်း စေလွှတ်အပ်သော သတင်းအမှာစာကို ဖတ်ရှုတ်၍ လက်သို့ ရောက်သော တက္ကသိုလ်ပြည်ကြီးကို စွန့်ပစ်ခဲ့၍ ဤမျှလောက် အဝေးရှည်သော ခရီးသို့ လာခဲ့၏၊ ပုက္ကုသာတိမင်းသည် ပြုနိုင်ခဲသော အမှုကို ပြုအပ်၏၊ ငါဗိမ္ဗိသာရမင်းသည် ရဟန်းတို့အား လျော်သော အရိုအသေပြုခြင်း လုပ်ကျွေးခြင်းဖြင့် ထိုပုက္ကုသာတိမင်းကို အရိုအသေပြုအံ့"ဟု ဆိုပြီး"ငါ၏ အကြည်တော်ဖြစ်သော ပုက္ကုသာတိမင်းကို သင်တို့ ရှာဖွေစုံစမ်းကုန်လော့"ဟု ထိုထိုအရပ်သို့ မင်းချင်း ယောကျ်ားတို့ကို စေလွှတ်ရာ တံမြက်ချေးစုရာအရပ်၌ ကျသော ထိုပုက္ကုသာတိမင်းကို မြင်ကုန်၍ လာကြပြီးလျှင် ဗိမ္ဗိသာရမင်းအား သံတော်ဦးတင်ကုန်၏။

ဗိမ္ဗိသာရမင်းသည် သွား၍ ပုက္ကုသာတိမင်းကို မြင်လျှင် "အချင်းတို့ အကြည်တော်အား အရိုအသေပြုခြင်းငှါ မရလေကုန်စွတကား၊ ငါ၏ အကြည်တော်ဖြစ်သော ပုက္ကုသာတိမင်းသည် ကိုးကွယ်ရာ မရှိ ဖြစ်ခဲ့ပြီ"ဟု ငိုကြွေး၍ ပုက္ကုသာတိမင်းကို ညောင်စောင်းဖြင့် ယူစေပြီး သင့်လျော်သောအရပ်၌ ထား၍ လူသာမဏေအား အရိုအသေကို ပြုခြင်းငှါ သိသောသူ၏ မရှိခြင်းကြောင့် ရေချိုးသော ဆတ္တာသည် အစရှိသည်တို့ကို ခေါ်စေ၍ ပုက္ကုသာတိမင်းကို ဦးခေါင်းလျှော်စေလျက် စင်ကြယ်သော အဝတ်တို့ကိုဝတ်စေပြီး မင်း၏အသွင်ဖြင့် တန်းဆာဆင်၍ ရွှေထမ်းစင်သို့ တင်ကာ အလုံးစုံသော မောင်းကြေးနင်း နံ့သာပန်းအစရှိသည် တို့ဖြင့် ပူဇော်ခြင်းကိုပြုလျက် မြို့မှထုတ်၍ များစွာကုန်သော နံ့သာထင်းတို့ဖြင့် ကြီးစွာသော ထင်းပုံကို ပြုစေ၍ ပုက္ကုသာတိအမျိုးကောင်းသားအား သဂြိုဟ်ခြင်းကိစ္စကိုပြု၍ ဓာတ်တော်တို့ကို ယူလျက် စေတီကို တည်စေပြီ။

**ရဟန်းများက ပုက္ကုသာတိ၏လားရာဂတိကို လျှောက်ထားခြင်း** "မြတ်စွာဘုရား ပုက္ကုသာတိအမည်ရှိသော အမျိုးကောင်းသားကို မြတ်စွာဘုရားသည် အကျဉ်းဖြစ်သော အဆုံးအမဖြင့် ဆုံးမအပ်၏၊ ထိုအမျိုးကောင်းသားသည် သေခဲ့လေပြီ။ ထိုအမျိုးကောင်းသား၏ လားရာဂတိကား အဘယ်ပါနည်း၊ တမလွန်ဘဝသည်ကား အဘယ် ပါနည်း"ဟု လျှောက်ကြကုန်၏။ ရဟန်းတို့ ပုက္ကုသာတိအမည်ရှိသော အမျိုးကောင်းသားသည်ကား ပညာရှိ၏၊ မှန်သောစကားကို ဆိုလေ့ရှိ၏၊ လောကုတ္တရာ တရားအားလျော်စွာ အကျင့်ကို ကျင့်၏၊ ငါဘုရားကိုလည်း တရားဟူသော အကြောင်းကြောင့် မညှဉ်းဆဲ။

အိုရဟန်းတို့ ပုက္ကုသာတိအမည်ရှိသော အမျိုးကောင်းသားသည် ငါးပါးကုန်သော အောက်ကာမဘုံ၌ ဖြစ်ခြင်းအဘို့ရှိကုန်သော သံယောဇဉ်တို့၏ကုန်ခြင်းကြောင့် သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေတည်နေသည်ဖြစ်၍ ထိုသုဒ္ဓါဝါသဘုံ၌ပင် ပရိနိဗ္ဗာန်ပြုလတ္တံ့၊ သုဒ္ဓါဝါသဘုံမှတဖန် ပြန်လည်ခြင်းသဘော မရှိပြီဟု မိန့်တော်မူ၏။ မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောကြားမိန့်မြွက် တော်မူသည်ရှိသော် ထိုရဟန်းတို့သည် ဝမ်းမြောက်သော စိတ်ရှိကုန်သည်ဖြစ်၍ မြတ်စွာဘုရား၏ စကားတော်ကို အလွန်နှစ်သက်ကြလေကုန်တော့သတည်း။

ဓာတုဝိဘင်္ဂသုတ် ပြီး၏။

---

ပုက္ကုသာတိမင်းကြီး၏ ဝတ္ထုတော်ကြီးကို ပြဆိုရာဝယ် ပြီးဆုံးပြီဖြစ်ပါသဖြင့် ထိုဝတ္ထုတော်ကြီး၌ ပါဝင်သော ဗိမ္ဗိသာရမင်းမြတ်၏ မွန်မြတ်သော စေတနာဖြင့် ပို့လွှတ် ဆက်သအပ်ပါသော ဓမ္မလက်ဆောင်တို့တွင် ရှေးဦးစွာဖြစ်သော ဗုဒ္ဓဂုဏ်တော်ကြီးကို ဆိုကြပေဦးစို့ –

## ဗုဒ္ဓဂုဏ်တော်များ

(သဂါထာဝဂ္ဂသံယုတ္တပါဠိ၊ သက္ကသံယုတ်၊ ၂၂၁)

(၁) အရဟံဂုဏ်တော်။　　။ထိုလူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် သခင်ကိုယ်တော်မြတ်ကြီးသည် –

(က) ဤသို့ အလုံးစုံသော ဝီတိက္ကမ ပရိယုဋ္ဌာန အနုသယကိလေသာ အသွယ်သွယ်တို့မှ ကင်းဝေးတော်မူသည်၏ အဖြစ်ကြောင့်ရင်း၊

(ခ) ဝီတိက္ကမ ပရိယုဋ္ဌာန အနုသယ ကိလေသာတည်းဟူသော ရန်သူတို့ကို အမြစ်ပါ မကျန်ရအောင် ပယ်ဖျက်ခုတ်ထွင် သုတ်သင်တော် မူတတ်သောကြောင့်ရင်း၊

(ဂ) ပဋိစ္စသမုပ္ပါဒ် တည်းဟူသော သံသရာစက်ရဟတ်၏ သခ်ါရအစ ဇာတိအဆုံး ရှိကုန်သော အကန့်အကန့်တို့ကို ဖျက်ဆီးတော်မူတတ်သောကြောင့်ရင်း၊

(ဃ) သင်္ကန်း ဆွမ်း ကျောင်း ဆေး (ပစ္စည်းလေးပါး) အစရှိကုန်သော မြတ်သော ပူဇော်အထူးကို ခံတော်မူထိုက်သောကြောင့်ရင်း၊

(င) မကောင်းမှု အကုသိုလ်ဒုစရိုက်ကို ပြုခြင်း၌ ဆိတ်ကွယ် ဖုံးလွှမ်းအပ်အပ်သောနေရာ (ဌာန) မည်သည် မရှိသည်၏ အဖြစ်ကြောင့် ၎င်း "အရဟံ" မည်တော်မူပါပေ၏။

(၂) **သမ္မာသမ္ဗုဒ္ဓဂုဏ်တော်။** ။ထိုလူ နတ် ပြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာဖြစ်တော်မူသောမြတ်စွာဘုရားရှင် သခင်ကိုယ်တော်မြတ်ကြီးသည် ဤသို့ သိသင့် ပယ်သင့် ဆိုက် ရောက်သင့် ပွါးများသင့်သော ဒုက္ခ, သမုဒယ, နိရောဓနှင့် မဂ္ဂတဖြာ မြတ်သစ္စာတို့ကို မဖောက်မပြန် မှန်ကန်တိမတ် သယမ္ဘူဉာဏ်မြတ်ဖြင့် ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူတတ်သောကြောင့် "သမ္မာသမ္ဗုဒ္ဓ" မည်တော်မူပါပေ၏။

(၃) ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်။ ။ထိုလူ နတ် ပြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားရှင် သခင်ကိုယ်တော်မြတ်ကြီးသည် ဤသို့သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်ဟု ဆိုအပ်သော ဝိဇ္ဇာသုံးပါး၊

ဣဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတဉာဏ်, ပရစိတ္တဝိဇာနနဉာဏ်, ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်, ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်ဟု ဆိုအပ်သော ဝိဇ္ဇာရှစ်ပါး၊

သီလကို စောင့်ရှောက်ခြင်းတည်းဟူသော 'သီလသံဝရ'၊

စက္ခုအစရှိသော ဣန္ဒြေတို့၌ လုံခြုံသော တံခါးရှိသည်၏ အဖြစ်ဟု ဆိုအပ်သော 'ဣန္ဒြိယေသု ဂုတ္တဒွါရတာ'၊

ဆွမ်းစသော ဘောဇဉ်၌ အတိုင်းအရှည်ကို သိသည်၏ အဖြစ်ဟုဆိုအပ်သော 'ဘောဇနေ မတ္တညုတာ'၊

နိုးကြားခြင်းနှင့် ယှဉ်ခြင်းဟု ဆိုအပ်သော 'ဇာဂရိယာနုယောဂ'၊

ဘုရား တရား သံဃာ ဟု ဆိုအပ်သော ရတနာ မြတ်သုံးပါးတို့၌ ယုံကြည်ခြင်းဟု ဆိုအပ်သော 'သဒ္ဓါ'၊

မကောင်းမှု အကုသိုလ်ဒုစရိုက်တို့မှ ရှက်ခြင်းဟု ဆိုအပ်သော 'ဟိရီ'၊

မကောင်းမှု အကုကိုလ် ဒုစရိုက်တို့မှ လန့်ခြင်းဟု ဆိုအပ်သော 'ဩတ္တပ္ပ'၊

များသော အကြားအမြင်ရှိခြင်းဟု ဆိုအပ်သော 'ဗာဟုသစ္စ'၊

အားထုတ်အပ်သော လုံ့လ စွမ်းပကားဟု ဆိုအပ်သော 'ဝီရိယ'၊

ခိုင်မြဲခြင်းတည်းဟူသော 'သတိ'၊

လောကီ လောကုတ္တရာ အကြောင်းအကျိုး နှစ်ဖြာဟု ဆိုအပ်သော 'ပညာ'။

လေးပါးကုန်သော ရူပါဝစရဈာန်ဟု ဆိုအပ်သော စရဏ တဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့် "ဝိဇ္ဇာစရဏသမ္ပန္နော" မည်တော်မူပါပေ၏။

(၄) **သုဂတော ဂုဏ်တော်။** ။ထို လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင်သခင်ကိုယ်တော်မြတ်ကြီးသည် ဤသို့ လျောက်ပတ်သော အရာဌာန၌ လျောက်ပတ်သော စကားကိုသာလျှင် ကောင်းစွာ ဆိုတော်မူတတ်သောကြောင့်၎င်း၊ ကောင်းမြတ်သော ချမ်းသာ နိဗ္ဗာန်သို့၎င်း ကောင်းမြတ်သော ဗောဓိပင်၏ တည်ရာအရပ်သို့၎င်း ကြွသွားတော်မူတတ်သောကြောင့်၎င်း"သုဂတ"မည်တော်မူပါပေ၏။

(၅) **လောကဝိဒူ ဂုဏ်တော်။** ။ထို လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားရှင်သခင်ကိုယ်တော်မြတ်ကြီးသည် ဤသို့ သတ္တလောက, သင်္ခါရလောက,ဩကာသလောကဟု ဆိုအပ်သော လောက သုံးပါးတို့ကို သိတော်မူတတ်သောကြောင့် "လောကဝိဒူ"မည်တော်မူပါပေ၏။

(၆) **အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်။** ။ထို လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားရှင် သခင်ကိုယ်တော်မြတ်ကြီးသည် ဤသို့ အတုမရှိသော ဂုဏ်အားဖြင့် ထူးမြတ်အောင် ဆုံးမသင့် ဆုံးမအပ် ဆုံးမခြင်းငှါ ထိုက်ကုန်သော (သရဏဂုံ သီလတို့၏ တည်စိမ့်သောငှါ ထိုက်ကုန်သော) တိရစ္ဆာန်ယောကျ်ား လူယောကျ်ား နတ်ယောကျ်ားတို့ကို ရထားထိန်းကဲ့သို့၎င်း မြင်းတို့ကို ဆုံးမတတ်သော မြင်းထိန်းကဲ့သို့၎င်း ဆုံးမတော်မူတတ်သောကြောင့် "အနုတ္တရော ပုရိသ ဒမ္မသာရထိ"မည်တော်မူပါပေ၏။

(၇) **သတ္ထာ ဒေဝမနုဿာနံ ဂုဏ်တော်။** ။ထို လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားရှင် သခင်ကိုယ်တော်မြတ်ကြီးသည် ဤသို့ လူ နတ် ဗြဟ္မာ ဘီလူး နဂါး ဂဠုန် စသည်တို့၏ ဆရာတဆူ ဧကန်ပင် ဖြစ်တော်မူသောကြောင့် "သတ္ထာ ဒေဝမနုဿာနံ"မည်တော်မူပါပေ၏။

(၈) **ဗုဒ္ဓေါ ဂုဏ်တော်။** ။ထို လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားရှင် သခင်ကိုယ်တော်မြတ်ကြီးသည် ဤသို့ ခပ်သိမ်းသော သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်,

ပညတ်ဟု ဆိုအပ်သော ဥဒေ ယျမေဓမ်တရား ငါးပါးတို့ကို မိမိ ကိုယ်တော်တိုင်လည်း သိတော်မူ၍ ဝေနေယျ သတ္တဝါ အများတို့ကိုလည်း သိစေတော်မူတတ်သော ကြောင့် "ဗုဒ္ဓ"မည်တော်မူပါပေ၏။

(၉) **ဘဂဝါဂုဏ်တော်။** ။ထိုနတ် လူ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် သခင်ကိုယ်တော် မြတ်ကြီးသည် ဤသို့ ဣဿရိယ, ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တဟု ဆိုအပ်သော ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တတို့နှင့် ပြည့်စုံတော်မူသောကြောင့် "ဘဂဝါ"မည်တော်မူပါပေ၏။

ဘုရားဂုဏ်တော်ကိုးပါး ပြီး၏။

---

## ပါရမီ ၁၀-ပါး

(သုတ်မဟာဝါ အဋ္ဌကထာ-၂၄၅)

### လူအများ ချမ်းသာရန် ကျင့်ပုံ

ဒီပင်္ကရာမြတ်စွာဘုရား၏ ခြေတော်ရင်း၌ ရှစ်ပါးသော တရားတို့ကို ပေါင်း၍ ဘုရားဖြစ်တော်မူရန်အလို့ငှါ တောင်းဆုချွေပါသော်လည်း များစွာသောလူတို့၏ အစီးအပွါးအလို့ငှါ ကျင့်သည်မည်ပေ၏။

(၁) ဒါနပါရမီ (၂) သီလပါရမီ (၃) နေက္ခမ္မပါရမီ (၄) ပညာပါရမီ (၅) ဝီရိယပါရမီ (၆) ခန္တီပါရမီ (၇) သစ္စာပါရမီ (၈) အဓိဋ္ဌာန်ပါရမီ (၉) မေတ္တာပါရမီ (၁၀) ဥပေက္ခာပါရမီဟူသော ပါရမီတော်တို့ကို လေးအသင်္ချေနှင့် ကမ္ဘာ တသိန်းတို့ကာလပတ်လုံး (က)ဗာဟိရဝတ္ထုကို စွန့်ခြင်း သီလကို မြဲစွာ ဆောက်တည်ခြင်းအစရှိသည်ကို ပြုခြင်းတည်းဟူသော (၁၀)ပါးသော ဒသပါရမီတို့ကို ၎င်း၊ (ခ)အင်္ဂါကြီးငယ်ကို စွန့်ခြင်း, အင်္ဂါကြီးငယ်ကို မငဲ့မူ၍ သီလကိုမြဲစွာ ဆောက်တည်ခြင်းအစရှိသည်ကို ပြုခြင်းတည်းဟူသော ဒသဥပပါရမီတို့ကို၎င်း၊ (ဂ)အသက်ကို စွန့်ခြင်း အသက်ကိုမငဲ့မူ၍ သီလကိုဆောက်တည်ခြင်းအစရှိသည် ကို ပြုခြင်းတည်းဟူသော ဒသပရမတ္ထပါရမီတို့ကို၎င်း၊ ဤသို့ ပါရမီ ၁၀-ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူသော်လည်း လူအပေါင်းတို့၏ အကျိုး စီးပွါးအလို့ငှါသာ ကျင့်တော်မူ၏။

စွန့်ခြင်းကြီးငါးပါး။ ။(၁)အင်္ဂပရိစ္စာဂ=အင်္ဂါကြီးငယ်ကိုစွန့်ခြင်း (၂)နယနပရိစ္စာဂ=မျက်စိကို စွန့်ခြင်း (၃)ဓနပရိစ္စာဂ=ဥစ္စာစည်းစိမ်ကို စွန့်ခြင်း (၄)ရဇ္ဇပရိစ္စာဂ=တိုင်းပြည်ကို စွန့်ခြင်း (၅) ပုတ္တဒါရ

ပရိစ္စာဂ=သားမယားကို စွန့်ခြင်း၊ ဤသို့စွန့်ခြင်းကြီးငါးပါးတို့ကို ဖြည့်ကျင့်တော်မူသော်လည်း လူအပေါင်းတို့၏ အကျိုးစီးပွါး အလို့ငှါသာ ကျင့်တော်မူ၏။

**စရိယသုံးပါး။** ။(၁) လောကတ္ထစရိယ=လောက၏ အကျိုးငှါ ကျင့်တော်မူခြင်း (၂)ဉာတတ္ထစရိယ=ဆွေတော်မျိုးတော်တို့၏အကျိုးငှါ ကျင့်တော်မူခြင်း (၃)ဗုဒ္ဓတ္ထစရိယ=ဘုရားဖြစ်ခြင်းအကျိုးငှါ ကျင့်တော်မူခြင်း၊ ဤသို့ စရိယသုံးပါးကို ဖြည့်ကျင့်တော်မူခြင်းသည်လည်း လူအပေါင်းတို့၏ အကျိုးစီးပွါးအလို့ငှါသာ ကျင့်တော်မူ၏။

ခန္တိဝါဒီရသေ့ဖြစ်သောအခါ၌၎င်း, စူဠဓမ္မပါလမင်းသား ဖြစ်သောအခါ၌၎င်း, ဆဒ္ဒန်ဆင်မင်းဖြစ်သောအခါ၌၎င်း, ဘူရိဒတ်နဂါးမင်း–စမ္ပေယျနဂါးမင်း–သင်္ခပါလနဂါးမင်းဖြစ်သောအခါ၌၎င်း, မျောက်မင်းဖြစ်သောအခါ၌၎င်း ထိုသို့သဘောရှိကုန်သော ပြုခဲလှစွာသော အမှုတို့ကို ပြုငြားပါသော်လည်း လူအပေါင်းတို့၏ အကျိုးစီးပွါးအလို့ငှါသာ ကျင့်တော်မူ၏။

ဝေဿန္တရာမင်း အဖြစ်၌ တည်၍ ခုနစ်ကြိမ် ခုနစ်ပါးသော အလှူကြီးကို ပေးလှူပြီး ခုနစ်ပါးကုန်သော အရာတို့၌ မြေကြီးကို လှုပ်စေ၍ အထွတ်အထိပ်ဖြစ်သော ပါရမီတို့ကို ယူငြားပါသော်လည်း လူအပေါင်းတို့၏ အကျိုးစီးပွါးအလို့ငှါသာ ကျင့်တော်မူ၏။

ထိုဝေဿန္တရာမင်း အဖြစ်မှ အခြားမဲ့သော (တပါးသော)ခန္ဓာကိုယ် အတ္တဘော၌ ထိုတုသိတာနတ်ပြည်ဝယ် အသက်အပိုင်းအခြားရှိသမျှ ကာလပတ်လုံး တည်သော်လည်း လူအပေါင်းတို့၏ အကျိုးစီးပွါး အလို့ငှါသာ ကျင့်တော်မူ၏။

တုသိတာနတ်ပြည်၌ ငါးပါးကုန်သော ပုဗ္ဗနိမိတ်တို့ကို မြင်ပြီး တသောင်းသော စကြဝဠာ၌ နေကုန်သော နတ်ပြဟ္မာတို့သည် တောင်းပန်အပ်သည်ဖြစ်၍ ငါးပါးသော ကြည့်ခြင်းတို့ကို ကြည့်တော်မူပြီး လူ နတ် ပြဟ္မာတို့အား သင်္ဂြိုဟ် ချီးမြှင့်ခြင်းငှါ ဝန်ခံခြင်းကို ပေးလျက် တုသိတာနတ်ပြည်မှ စုတေပြီး မယ်တော်ဝမ်း၌ ပဋိသန္ဓေယူငြားပါသော်လည်း လူအပေါင်းတို့၏ အကျိုးစီးပွါး အလို့ငှါသာ ကျင့်တော်မူ၏။

ဆယ်လတို့ပတ်လုံး အမိဝမ်း၌ နေတော်မူ၍ လူမိုနိ မည်သော အင်္ဂြင်းတော၌ အမိဝမ်းမှ ဖွားမြင်ငြားပါသော်၎င်း ၂၉-နှစ်တို့ပတ်လုံး အိမ်၌ နေ၍ မြတ်သော တောထွက်ခြင်းကို ထွက်၍ အနောမာမြစ်နား၌ ရဟန်းပြုသော်၎င်း၊ ၆-နှစ်တို့ပတ်လုံး ပဓာနတရားဖြင့် မိမိကိုယ်ကိုပင်ပန်းစေ၍ သစ္စာလေးပါး

ကို သိတော်မူရာ ဖြစ်သော ပလ္လင်သို့ တက်တော်မူပြီး သဗ္ဗညုတဉာဏ်ကို ထိုးထွင်း၍ သိတော်မူသော်ရင်း၊

ခုနစ်ပါးသော သတ္တာဟတို့ပတ်လုံး သဗ္ဗညုတဉာဏ်၏ကြည်ရာဖြစ်သော ဗောဓိမဏ္ဍိုင်သို့မျှသော်ရင်း၊ ဘုရားပစ္စေကဗုဒ္ဓါ ဣသိတို့၏ကျရာ ဣသိပတန မည်သော မိဂဒါဝုန်တောသို့ ကြွတော်မူလျက် အတုမရှိသော ဓမ္မစကြာ တရားတော်ကို ဟောတော်မူသော်ရင်း၊ ရေမီး အစုံအစုံသော တန်းခိုးပြာဋိဟာတို့ကို ပြတော်မူသော်ရင်း၊ တာဝတိံသာ နတ်ပြည်မှ သက်ဆင်းတော်မူခြင်းကိုရင်း။

ဘုရားသည် ဖြစ်၍ ၄၅–နှစ်တို့ ကာလပတ်လုံး တည်တော်မူလျက် အာယုသင်္ခါရကို လွှတ်တော်မူခြင်းကိုရင်း အစုံအစုံသော အင်္ကြင်းပင်တို့၏အကြား၌ ဝိပါကနာမက္ခန္ဓာ ကမ္မဇရုပ် အကြွင်း မရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုသော်ရင်း လူအပေါင်း၏ အကျိုးစီးပွါး အလို့ငှါ ကျင့်တော်မူ၏၊ အကြင်ရွှေလောက် ထိုမြတ်စွာဘုရား၏ မုန်ညင်းစေ့မျှ ဖြစ်ကုန်သော ဓာတ်တော်တို့သည် တည်ကုန်၏၊ ထိုရွှေလောက် လူအပေါင်း၏အကျိုးစီးပွါး အလို့ငှါသာလျှင် ကျင့်တော်မူသည် မည်၏။

## ဗုဒ္ဓဝံသပါဠိတော်–၃၁၅

**ဒါနပါရမီ။** ။လူများ အပေါင်း၏ အကျိုးစီးပွါး အလို့ငှါ ကျင့်တော်မူသော သဗ္ဗညုသခင် ဘုရားရှင် ကိုယ်တော်မြတ်သည် ဘုရားမဖြစ်မီ သုမေဓာရသေ့ ဘဝတုန်းက ဒီပင်္ကရာ မြတ်စွာဘုရား၏ ခြေတော်ရင်းမှာ နိယတဗျာဒိတ်ပန်းကို ပန်ဆင်ပြီးနောက် ယခုအခါမှာ စင်စစ်သဖြင့် ငါသည် ဘုရား ဖြစ်ခြင်းငှါ ထိုက်ပါပေကုန်သော ဒါန အစရှိသော ပါရမီ ဆယ်ပါး အမြတ် တရားတို့ကို ထိုထိုသော အရပ် မျက်နှာတို့၌ စူးစမ်း ဆင်ခြင်ပေအံ့။ အထက် နတ်ပြည် နတ်ရွာတို့၌ရင်း၊ အောက်လူ့ပြည် လူ့ရွာတို့၌ရင်း၊ အကြင် အရှေ့ အနောက် တောင် မြောက် အစရှိသော ဆယ်ပါးသော အရပ်မျက်နှာတို့သည် ရှိနေပေကုန်၏၊ ထို အရှေ့ အနောက် တောင် မြောက် အစရှိသော ဆယ်ပါးသော အရပ်မျက်နှာတို့၌ အမှန်ထင်ရှား ရှိပါသော တရားသဘော၏ ဖြစ်ပေါ်နေခြင်းကို စူးစမ်း ဆင်ခြင်တော်မူ၏။

အဲဒီလို စူးစမ်းဆင်ခြင်လိုက်ခဲ့ပါသည်ရှိသော် ရှေးရှေးက ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့သည် အဖန်တလဲလဲ လေ့ကျက် အပ်သော ခရီးမသဖွယ် လည်း ဖြစ်ပါပေသော ရှေးဦးစွာသော ဒါနပါရမီကို မြင်တော်မူပါပေပြီ။

သုမေဓာပညာရှိ သင်သည် သဗ္ဗညုတ ဉာဏ်ထူးဉာဏ်မြတ်သို့ ရောက်ခြင်းငှါ အကယ်၍ကား အလိုရှိခဲ့သည် ဖြစ်ပေအံ့၊ ထိုသို့ အလိုရှိခဲ့ပါသော် ရှေးဦးစွာ

ဖြစ်သော ဒါနပါရမီကို အလွန်လျှင် မြဲမြံစွာ ပြုပြီးတော့မှ စိတ်ဖြင့်သာ ကောင်းစွာ ဆောက်တည်လော့၊ ဒါနပါရမီကို ဖြည့်ကျင့်လေလော့။

အမှတ်မရှိသော ရေဖြင့် ပြည့်နေသော အောက်ဖက်သို့ မျက်နှာမူပြီးတော့မှ ရင် ထားပါပေတဲ့ အိုးသည် အကြွင်းအကျန်မရှိပဲ ရေကို အန်ကျသည်သာလျှင် တည်း၊ ထိုရေအန်ထွက်ရာ၌ မစောင့်နိုင်ဘိသကဲ့သို့ ထိုအတူသာလျှင် သင်သည် လည်း အယုတ် အလတ် အမြတ်ဖြစ်ကုန်သော သူတောင်းစားတို့ကို မြင်ပြီး အောက်သို့ မျက်နှာမူပြီးတော့မှရင် ထားပါပေတဲ့ အိုးကဲ့သို့ အကြွင်းအကျန်မရှိ ဒါနဝတ္ထုကို စွန့်လွှတ်လေလေလော့ဟု မိမိကိုယ်ကို ဆုံးမပေ၏။

ဒါနပါရမီ ပြီး၏။

---

**သီလပါရမီ။** ။ထိုသုမေဓာရသေ့အား ဘုရားဖြစ်ခြင်း၌ ထိုက်ပါပေကုန်သော တရားတို့သည် ဤမျှလောက်သာ အတိုင်းအရှည်ရှိသည်တော့ မဖြစ်တန်ရာ၊ ထို့ထက် အလွန်ပင် စူးစမ်းဆင်ခြင်ခဲ့သည်ရှိသော် နှစ်ခုမြောက် သော သီလပါရမီကို မြင်တော်မူ၍ ဤသို့ အကြံဖြစ်တော်မူခဲ့ပေ၏။ သုမေဓာ ပညာရှိ သင်ကား ဤနေ့ ဤအချိန် ဤအခါမှ စပြီးတော့ရင် နှစ်ခုမြောက်ဖြစ် သော သီလပါရမီကို ဖြည့်ကျင့်လေလော့။

စမရီအမည်ရှိပါသော အခြေလေးချောင်း ရှိပါတဲ့ သားကောင်သည် အသက်ကို မကြည့်ရှုမူ၍ မိမိ၏ အမြီးကိုသာလျှင် စောင့်ရှောက်လေဘိသကဲ့သို့ ထိုအတူသာလျှင် သင်သည် ဤနေ့ ဤအချိန် ဤအခါမှ စပြီးတော့ရင် အသက် ကိုသော်လည်း မကြည့်ရှုမူ၍ သီလကိုသာလျှင် စောင့်ရှောက်ခဲ့ပါသည်ရှိသော် ဘုရားစင်စစ် ဝေကန်ဖြစ်လတ္တံ့ဟု နှစ်ခုမြောက်ဖြစ်သော သီလပါရမီကို မြဲမြံစွာ ပြုပြီး ကောင်းစွာ ဆောက်တည် ကျင့်သုံးတော်မူပေ၏။

ဤမျှလောက်ကုန်သော ဒါနပါရမီတရားတို့သည်သာလျှင် ဘုရားဖြစ်ခြင်း ၏ အကြောင်းတရားတို့သည် မဖြစ်ကုန်ရာသေးပေ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်ကို ရင့်ကျက်စေတတ်ကုန်သော တပါးကုန်သော အကြောင်သဘောတရားတို့ သည် ရှိကြပေလိမ့်ဦးမည်၊ ထိုသဘောတရားတို့ကိုလည်း ငါသည် တဖန် ဆက် လက်၍ စူးစမ်းဆင်ခြင်ပေအံ့ဟု အကြံဖြစ်ပေ၏။ စူးစမ်းဆင်ခြင်သည်ရှိသော် ထိုအခါ၌ ရှေးရှေးက ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့သည် အဖန် တလဲလဲ မှီဝဲအပ် မပြတ်မှီဝဲအပ်ပေသော နှစ်ခုမြောက်သော သီလပါရမီကို မြင် လေပြီ။

သုမေဓာပညာရှိ သင်သည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်ခြင်းငှါ အကယ်၍ အလိုရှိသည် ဖြစ်ငြားအံ့၊ ဤကဲ့သို့ အလိုရှိပါသော် နှစ်ခုမြောက်ဖြစ်သော ဤသီလပါရမီကို အလွန်လျှင် မြဲမြံစွာပြုပြီးတော့မှ စိတ်ဖြင့်သာ ကောင်းစွာ ဆောက်တည်လော့၊ သီလပါရမီကို ဖြည့်ကျင့်လေလော့ဟု မိမိကိုယ်ကို ဆုံးမပေပြီ။

စမရီအမည်ရှိသော သားကောင်သည် တစုံတခုသော သစ်ပင်နွယ် စသည်တို့၌ ငြိကပ်နေသော အမြီးကိုသာ စောင့်ရှောက်၏၊ အကြောင်း၌ ငြိ၏၊ ထိုသို့ ငြိရာ အရပ်၌ ရပ်ပြီးတော့မှ သေခြင်းသို့ ရောက်၏၊ အမြီးကိုတော့ မပျက်စီးစေဘိသကဲ့သို့ ထို့အတူ သင်သည် လေးပါးကုန်သော အရပ်တို့၌ ခွဲဝေအပ်ကုန်သော ပါတိမောက္ခသံဝရသီလ စသော သီလတို့ကို ပြည့်စုံစေလော့၊ စမရီသားကောင်သည် အမြီးကို စောင့်ရှောက်ဘိသကဲ့သို့ ထို့အတူ အခါခပ်သိမ်း သီလကို စောင့်ရှောက်လေလေလော့ဟု မိမိကိုယ်ကို ဆုံးမပေပြီ။

## သီလပါရမီ ပြီး၏။

---

နေက္ခမ္မပါရမီ။ ။ထိုအခါမှာ သုမေဓာပညာရှိအား ဘုရားဖြစ်ခြင်းငှါ ထိုက်ပါပေကုန်သော တရားတို့သည် ဤမျှလောက်သာ အတိုင်းအရှည်ရှိသည်တော့ မဖြစ်တန်ရာ၊ ထို့ထက် အလွန်ပင် စူးစမ်းဆင်ခြင်ခဲ့ပါသည်ရှိသော် သုမေဓာရသေ့အား သုံးခုမြောက်သော နေက္ခမ္မပါရမီကို မြင်တော်မူ၍ ဤသို့သော အကြံဖြစ်တော်မူခဲ့ပေ၏။

သုမေဓာရသေ့ သင်ကား ဤအချိန် ဤအခါ ဤသမယမှစ၍ နေက္ခမ္မပါရမီကို ဖြည့်ကျင့်လေလော့၊ ရှည်ကြာမြင့်စွာသော ကာလပတ်လုံး နှောင်အိမ်ထောင်တန်း၌ နေရသော ယောကျ်ားသည် ထိုနှောင်အိမ်ထောင်တန်း၌ ချစ်ခြင်းကို မပြု၊ စင်စစ် ငြီးငွေ့လျက် မနေလို ဖြစ်ဘိသကဲ့သို့ ထို့အတူ သင်သုမေဓာရသေ့သည်လည်း အလုံးစုံသော ဘဝတည်းဟူသော နှောင်အိမ်သံချိုင့်အတွင်းမှ လွတ်ကင်းလိုသော ဆန္ဒရှိသည်ဖြစ်၍ တောထွက်ခြင်းသို့ ရှေ့ရှုပြုမူလိုသောစိတ် ဖြစ်ပေါ်လာသည်ရှိသော် ဘုရားစင်စစ် ဧကန် ဖြစ်လတ္တံ့ဟု သုံးခုမြောက်သော နေက္ခမ္မပါရမီကို မြဲမြံစွာပြုပြီး ကောင်းစွာ ဆောက်တည်ကျင့်သုံးတော်မူ၏။

ဤမျှ အတိုင်းအရှည်ရှိကုန်သော ထိုဒါနသီလပါရမီတို့သည်သာ ဘုရားဖြစ်ခြင်းငှါ ထိုက်ပါပေကုန်သော အကြောင်းအရာတို့သည် မဖြစ်ပေကုန်၊ တပါးကုန်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တို့ကို ရင့်ကျက်စေတတ်ကုန်သော

အကြောင်တရားတို့သည် ရှိကြပေကုန်၏။ ကိုသဘောတရားတို့ကိုလည်း ငါသည် စူးစမ်းဆင်ခြင်ပေအံ့ဟု အကြံဖြစ်ပေ၏။

ချစ်သား သာရိပုတ္တရာ ငါသည် ကြံတော်မူသည်ရှိသော် ထိုအခါကာလ သမယ၌ ရှေးရှေးအခါက ပွင့်တော်မူကြကုန်ပြီးဖြစ်သော ဘုရားရှင်တို့သည် အဖန်တလဲလဲ မှီဝဲအပ် မပြတ်မှီဝဲအပ်သော သုံးခုမြောက်ဖြစ်သော နေက္ခမ္မပါရမီကို မြင်တော်မူပြီ။

သုမေဓပညာရှိ သင်သည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်စေခြင်းငှါ အကယ်၍ အလိုရှိခဲ့သည်ဖြစ်အံ့၊ ဤသို့ အလိုရှိခဲ့ပါသည်ရှိသော် သုံးခုမြောက်ဖြစ်သော ဤနေက္ခမ္မပါရမီကို အလွန်လျှင် မြဲမြံစွာပြုပြီးတော့မှရင် စိတ်ဖြင့်သာ ကောင်းစွာ ဆောက်တည်လော့၊ နေက္ခမ္မပါရမီကို ဖြည့်ကျင့်လေလော့ဟု မိမိကိုယ်ကို ဆုံးမပေပြီ။

နှောင်အိမ်ထောင်အတွင်း၌ ကြာမြင့်စွာသော ကာလပတ်လုံး နေရသော ဆင်းရဲခြင်းဖြင့် နှိပ်စက်အပ်သော ယောကျ်ားသည် ထိုနှောင်အိမ်ထောင်အတွင်း၌ ချစ်ခြင်း တပ်ခြင်းကို မဖြစ်စေပဲ လွတ်ခြင်းကိုသာလျှင် ရှာမှီးလေဘိသကဲ့သို့ ထိုအတူသာလျှင် သင်သည် ခပ်သိမ်းသော ဘဝတို့ကို နှောင်အိမ်တို့ကိုကဲ့သို့ ရှုလော့၊ ဘဝသုံးပါးမှ လွတ်ခြင်းငှါ တောထွက်ခြင်းကို ရှေးရှုသည် ဖြစ်လေလော့ဟု မိမိကိုယ်ကို ဆုံးမပေပြီ။

နေက္ခမ္မပါရမီ ပြီး၏။

---

ပညာပါရမီ။ ။ထို့နောက်မှ သုမေဓာရှင်ရသေ့သည် ဘုရားဖြစ်ခြင်းငှါ ထိုက်ပါပေကုန်သော တရားတို့သည် ဤမျှလောက်သာ အတိုင်းအရှည်ရှိသည်တော့ မဖြစ်တန်ရာ၊ ထို့ထက် အလွန်ပင် စူးစမ်းဆင်ခြင်ခဲ့ပါသည်ရှိသော် သုမေဓာရသေ့အား လေးခုမြောက်ဖြစ်ပေသော ပညာပါရမီကို မြင်တော်မူ၍ ဤသို့သော အကြံတော်သည် ဖြစ်ပေ၏။

သုမေဓာပညာရှိ သင်ကား ဤအချိန် ဤအခါ ဤသမယမှစ၍ ပါရမီတို့ကို ဖြည့်ကျင့်လေလော့၊ ပညာရှိသော ရဟန်းသည် အယုတ်အလတ် အမြတ်မရွေး တစုံတခုသော အိမ်ကို မမှတ်မူ၍ အိမ်စဉ်မပြတ် ဆွမ်းများ လှည့်လည်ခဲ့သည်ရှိသော် မျှလောက်ရုံမျှသော ဆွမ်းကို ရဘိသကဲ့သို့ ထိုအတူ သင်သည်လည်း အလုံးစုံသော ပညာရှိတို့သို့ ဆည်းကပ်၍ ပြဿနာကို မေးသည်ရှိသော် ဘုရားစင်စစ် ဝေကန်ဖြစ်လတ္တံ့ဟု လေးခုမြောက်ဖြစ်သော ပညာပါရမီကို မြင်တော်မူ၍ မြဲမြံစွာပြုပြီးတော့မှရင် ဆောက်တည်တော်မူ၏။

ဤမျှ အတိုင်းအရှည်ရှိကုန်သော ထိုဒါန သီလစသော ပါရမီတရားတို့သည် သာ ဘုရားဖြစ်ခြင်းငှါ ထိုက်ပါပေကုန်သော အကြောင်းတရားတို့သည် မဖြစ်ပေကုန်၊ တပါးသော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တို့ကို ရင့်ကျက်စေတတ်ကုန်သော အကြင် တရားတို့သည် ရှိကြပေကုန်၏၊ ထိုသဘောတရားတို့ကိုလည်း ငါသည် စူးစမ်းဆင်ခြင်ပေအံ့ဟု အကြံ ဖြစ်ပေ၏။

ချစ်သား သာရိပုတ္တရာ ငါသည် ဤသို့ကြံတော်မူသည်ရှိသော် ထိုအခါကာလ သမယ၌ ရှေးရှေးအခါက ပွင့်တော်မူကုန်ပြီးသော ဘုရားရှင်တို့သည် အဖန်တလဲလဲ မှီဝဲအပ် မပြတ်မှီဝဲအပ်သော လေးခုမြောက် ဖြစ်သော ပညာပါရမီကို မြင်တော်မူပြီ။

သုမေဓာပညာရှိ သင်သည် အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်သို့ ရောက်ခြင်းငှါ အကယ်၍ အလိုရှိခဲ့သည်ဖြစ်အံ့၊ ဤကဲ့သို့ အလိုရှိခဲ့ပါသည်ရှိသော် လေးခုမြောက်ဖြစ်သော ဤပညာပါရမီကို အလွန်လျှင် မြဲမြံစွာ ပြုပြီးတော့မှရင် စိတ်ဖြင့်သာ ကောင်းစွာ ဆောက်တည်လော့၊ ပညာပါရမီကို ဖြည့်ကျင့်လေလော့ဟု မိမိကိုယ်ကို ဆုံးမပေပြီ။

ရဟန်းသည် အယုတ် အလတ် အမြတ် ဖြစ်ကုန်သော အမျိုးတို့ကို မကျန်မူ၍ ဆွမ်းခံခဲ့သည် ဖြစ်ပေ၏၊ ဤသို့ အယုတ် အလတ် အမြတ် မရွေး အိမ်စဉ်ရပ်၍ ဆွမ်းခံခဲ့ပါသည်ရှိသော် ရဟန်းသည် မျှလောက်ရုံ ရလေဘိသကဲ့သို့ ထို့အတူသာလျှင် သုမေဓာ ပညာရှိ သင်သည် နေ့ရော ညဉ့်ပါ ဘယ်ခါမဆို ထိုထိုကာလ ရှိသမျှမဆိုင်း အချိန်တိုင်း၌ ပညာရှိသောသူကို မေးသည်ဖြစ်၍ ပညာပါရမီကို ဖြည့်ပြီး သဗ္ဗညုတဉာဏ်သို့ ရောက်လတ္တံ့ဟု မိမိကိုယ်ကို ဆုံးမပေပြီ။

ပညာပါရမီ ပြီး၏။

---

ဝီရိယ ပါရမီ။ ။ထို့နောက်မှ သုမေဓာရှင်ရသေ့သည် ဘုရားဖြစ်ခြင်းငှါ ထိုက်ပါပေကုန်သော တရားတို့သည် ဤမျှလောက်သာ အတိုင်းအရှည်ရှိသည်တော့ မဖြစ်တန်ရာ၊ ထို့ထက် အလွန်ပင် စူးစမ်း ဆင်ခြင်ခဲ့ပါသည် ရှိသော် သုမေဓာရသေ့အား ငါးခုမြောက် ဖြစ်သော ဝီရိယပါရမီကို မြင်တော်မူ၍ ဤသို့သော အကြံတော်သည် ဖြစ်ပေ၏။

သုမေဓာပညာရှိ သင်ကား ဤနေ့ ဤအချိန် ဤအခါသမယမှစ၍ ဝီရိယပါရမီကို ဖြည့်ကျင့်လေလော့၊ ကေသရာဇာခြင်္သေ့မင်းသည် အလုံးစုံသော ဣရိယာပုထ်တို့၌ မြဲမြံခြင်း လုံ့လ ဝီရိယသည် ဖြစ်လေဘိသကဲ့သို့ ထို့အတူ သင်သည်လည်း အလုံးစုံသော ဘဝတို့၌ အလုံးစုံသော ဣရိယာပုထ်တို့ကို မြဲမြံစွာ

သော လှံ့လဖြင့် မယုတ်သည်ရှိသော် ဘုရားစင်စစ် ကေန် ဖြစ်လတ္တံ့ဟု ငါးခု မြောက်ဖြစ်သော ဝီရိယပါရမီကို မြဲမြံစွာပြုပြီး အမိဋ္ဌာန်ဆောက်တည်တော်မူ၏။

ဤမျှအတိုင်းအရှည်ရှိကုန်သော ထို ဒါန သီလ စသော ပါရမီတရားတို့သည် သာ ဘုရားဖြစ်ခြင်းငှါ ထိုက်ပါပေကုန်သော အကြောင်းတရားတို့သည် မဖြစ်ပေ ကုန်၊ တပါးကုန်သော အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တို့ကို ရင့်ကျက်စေတတ် ကုန်သော အကြောင်တရားတို့သည် ရှိကြပေကုန်၏၊ ထိုသဘောတရားတို့ကိုလည်း ငါသည် စူးစမ်းဆင်ခြင်ပေအံ့ဟု အကြံဖြစ်ပေ၏။

ချစ်သား သာရိပုတ္တရာ ငါသည် ကြံတော်မူသည်ရှိသော် ထိုအခါကာလ သမယ၌ ရှေးရှေးအခါက ပွင့်တော်မူကြကုန်ပြီး ဖြစ်သော ဘုရားရှင်တို့သည် အဖန်တလဲလဲ မှီဝဲအပ် မပြတ်မှီဝဲအပ်သော ငါးခုမြောက် ဖြစ်သော ဝီရိယပါရမီ ကို မြင်တော်မူပြီ။

သုမေဓာပညာရှိ သင်သည် အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ရောက် ခြင်းငှါ အကယ်၍ အလိုရှိခဲ့သည် ဖြစ်အံ့၊ ဤကဲ့သို့ အလိုရှိခဲ့ပါသည်ရှိသော် ငါးခုမြောက်ဖြစ်သော ဝီရိယပါရမီကို ဖြည့်ကျင့်လေလော့ဟု မိမိ ကိုယ်ကို ဆုံးမ ပေပြီ။

သားတကာတို့၏ မင်းဖြစ်ပါသော ကေသရာဇာခြင်္သေ့မင်းသည် ထိုင်ခြင်း ရပ် ခြင်း သွားခြင်း၌ မတွန့်မဆုတ်သော ဝီရိယရှိပါပေ၏၊ နေ့ရောညဉ့်ပါ ဘယ်ခါမဆို ထိုထိုကာလ ရှိသမျှ မဆိုင်း အချိန်တိုင်း၌ အားထုတ်သော စိတ်ရှိသည်ဖြစ်ဘိ သကဲ့သို့ ထို့အတူသာလျှင် သုမေဓာပညာရှိ သင်သည် အလုံးစုံသော ဘဝတို့၌ မြဲမြံစွာ လှံ့လကို အားထုတ်၍ ဝီရိယပါရမီကို ဖြည့်ကျင့်သည်ရှိသော် အရဟတ္တ မဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်လတ္တံ့ဟု မိမိကိုယ်ကို ဆုံးမပေပြီ။

ဝီရိယပါရမီ ပြီး၏။

---

**ခန္တီပါရမီ။** ။ထို့နောက်မှ သုမေဓာရှင်ရသေ့သည် ဘုရားဖြစ်ခြင်းငှါ ထိုက်ပါ ပေကုန်သော တရားတို့သည် ဤမျှလောက်သာ အတိုင်းအတာရှိ သည်တော့ မဖြစ်တန်ရာ၊ ထို့ထက် အလွန်ပင် စူးစမ်းဆင်ခြင်ခဲ့ပါသည်ရှိသော် သုမေဓာရသေ့အား ခြောက်ခုမြောက်ဖြစ်သော ခန္တီပါရမီကို မြင်တော်မူ၍ ဤသို့သော အကြံတော်သည် ဖြစ်ပေ၏။

သုမေဓာပညာရှိ သင်ကား ဤနေ့ ဤအချိန် ဤအခါသမယမှစ၍ ခန္တီ ပါရမီကို ဖြည့်ကျင့်လေလော့၊ မိမိနှိုင်းယှဉ်ဘက်ဖြစ်သော သူ၌ရင်း မိမိအောက်

ယုတ်သော သူ၌ရင်း သည်းခံခြင်းသည် ဖြစ်ခဲ့ရာ၏၊ မြေကြီးသည် စင်ကြယ်သည်ကိုရင်း မစင်ကြယ်သည်ကိုရင်း ပစ်ချထည့်သွင်းခြင်းကြောင့် ချစ်ခြင်း နှလုံးမသာယာခြင်းကို မပြုဘဲ လွန်မင်းစွာ သည်းခံဘိသကဲ့သို့ ထို့အတူ သင်သုမေဓာရသေ့သည်လည်း မိမိနှင့်တူသောသူ မိမိအောက် ယုတ်သောသူတို့၌ သည်းခံသည်ရှိသော် ဘုရားစင်စစ် ဧကန်ဖြစ်လတ္တံ့ဟု ခြောက်ခုမြောက်ဖြစ်သော ခန္တီပါရမီကို မြဲမြံစွာပြုပြီး ဆောက်တည်တော်မူ၏။

ဤမျှလောက်ကုန်သော ဒါန သီလစသော ပါရမီတရားတို့သည်သာလျှင် ဘုရားဖြစ်ခြင်း၏ အကြောင်းတို့သည် မဖြစ်ကုန်သေးပေ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်ကျက်စေတတ်ကုန်သော တပါးကုန်သော အကြောင်း တရားတို့သည် ရှိကြပေလိမ့်မည်၊ ထိုသဘောတရားတို့ကိုလည်း ငါသည် တဖန် ဆက်လက်၍ စူးစမ်းဆင်ခြင်ပေအံ့ဟု အကြံဖြစ်ပြန်၏၊ စူးစမ်းဆင်ခြင်လိုက်သည်ရှိသော် ထိုအခါ၌ ရှေးရှေးက ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့သည် အဖန်တလဲလဲ မှီဝဲအပ် မပြတ်မှီဝဲအပ်ပေသော ခြောက်ခုမြောက်ဖြစ်သော ခန္တီပါရမီကို မြင်လေပြီ။

သုမေဓာပညာရှိ သင်သည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်ခြင်းငှါ အကယ်၍ အလိုရှိသည်ဖြစ်ငြားအံ့၊ ဤကဲ့သို့ အလိုရှိခဲ့ပါသော် ခြောက်ခုမြောက်ဖြစ်သော ခန္တီပါရမီကို အလွန်လျှင် မြဲမြံစွာပြုပြီးတော့မှ စိတ်ဖြင့်သာကောင်းစွာ ဆောက်တည်လော့၊ ခန္တီပါရမီကို ဖြည့်ကျင့်လေလော့ဟု မိမိကိုယ်ကို ဆုံးမပေပြီ။

သုမေဓာပညာရှိ သင်သည် ခြောက်ခုမြောက်ဖြစ်သော ဤခန္တီပါရမီကို အလွန်လျှင် မြဲမြံစွာပြုပြီး ဆောက်တည်လော့၊ ထိုခန္တီပါရမီကို ပြုခြင်း၌ နှလုံးနှစ်ခွမရှိပါဘဲလျက်နှင့် သဗ္ဗညုတဉာဏ်သို့ ရောက်လတ္တံ့။

မြေမည်သည်ကား ပစ်ချထားအပ်သော စင်ကြယ်သန့်ရှင်း ကောင်းမွန်ခြင်း တည်းဟူသော စန္ဒကူး မာလာကိုကျူ စသည်ကိုရင်း မစင်မကြယ်စက်ဆုတ်ဖွယ်ရှိသော ခွေးသေကောင်ပုပ်စသည်ကိုရင်း အလုံးစုံသော ဝတ္ထုကို သည်းခံ၏၊ မုန်းခြင်း ချစ်ခြင်းကို မပြုလေဘိသကဲ့သို့ ထို့အတူ သုမေဓာပညာရှိ သင်သည် အလုံးစုံသော ဘဝတို့၌ ခပ်သိမ်းသော သူတို့၏ မြတ်နိုးခြင်း မထီမဲ့မြင်ပြုခြင်းတို့၌ သည်းခံခြင်းရှိသည်ဖြစ်၍ ခန္တီပါရမီကို ဖြည့်ကျင့်သည်ရှိသော် သဗ္ဗညုတဉာဏ်သို့ ရောက်လတ္တံ့ဟု မိမိကိုယ်ကို ဆုံးမပေပြီ။

ခန္တီပါရမီ ပြီး၏။

**သစ္စာပါရမီ။**　　။ထိုနောက်မှ သုမေဓာရှင်ရသေ့သည် ဘုရားဖြစ်ခြင်းငှါ ထိုက်ပါပေကုန်သော တရားတို့သည် ဤမျှလောက်သာ အတိုင်းအရှည်ရှိသည်တော့ မဖြစ်တန်ရာ၊ ထို့ထက်အလွန်ပင် စူးစမ်းဆင်ခြင်ခဲ့ ပါသည်ရှိသော် သုမေဓာရသေ့အား ခုနစ်ခုမြောက်သော သစ္စာပါရမီကို မြင် တော်မူ၍ ဤသို့သော အကြံတော်သည် ဖြစ်ပေ၏။

သုမေဓာပညာရှိ သင်ကား ဤနေ့ ဤအချိန် ဤအခါသမယမှစ၍ သစ္စာ ပါရမီကို ဖြည့်ကျင့်လေလော့၊ မိုးကြိုးလက်နက် ဦးထိပ်ထက်သို့ ကျငြားပါသော် လည်း ဥစ္စာ စပါး သား မယား စသည်တို့၏ အကျိုးငှါ ဆန္ဒာဂတိ စသည်တို့ ၏ အစွမ်းဖြင့် သိလျက် ချွတ်ယွင်းသော စကားကိုမျှ မပြောဆိုလင့်၊ သောက်ရူး ကြယ် မည်သည်ကား အလုံးစုံသော ဥတုတို့၌ မိမိသွားမြဲလမ်းကို စွန့်၍ တပါး သော ခရီးဖြင့် မသွား၊ မိမိ သွားမြဲ ဖြစ်သော ခရီးဖြင့်သာ မှန်စွာသွားဘိသကဲ့ သို့ ထို့အတူ သင် သုမေဓာရသေ့သည်လည်း သစ္စာကို စွန့်၍ မုသားမဆိုသည် ရှိသော် ဘုရားစင်စစ် ဝေကန်ဖြစ်လတ္တံ့ဟု ခုနစ်ခုမြောက် ဖြစ်သော သစ္စာ ပါရမီတော်ကို မြဲမြံစွာပြုပြီး အဓိဋ္ဌာန် ဆောက်တည်တော်မူ၏။

ဤမျှလောက်ကုန်သော ဒါနပါရမီ စသော တရားတို့သည်သာလျှင် ဘုရား ဖြစ်ခြင်း၏ အကြောင်းတို့သည် မဖြစ်ကုန်သေးပေ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗ ညုတဉာဏ်ကို ရင့်ကျက်စေတတ်ကုန်သော တပါးကုန်သော အကြောင်းတရား တို့သည် ရှိကြပေလိမ့်ဦးမည်၊ ထိုသဘောတရားတို့ကိုလည်း ငါသည် တဖန် ဆက်လက်၍ စူးစမ်း ဆင်ခြင်ပေအံ့ဟု အကြံ ဖြစ်ပြန်၏၊ စူးစမ်းဆင်ခြင်လိုက် သည်ရှိသော် ထိုအခါ၌ ရှေးရှေးက ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့ သည် အဖန်တလဲလဲ မှီဝဲအပ် မပြတ် မှီဝဲအပ်သော ခုနစ်ခုမြောက် ဖြစ်သော သစ္စာပါရမီကို မြင်လေပြီ။

သုမေဓာပညာရှိ သင်သည် အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်သို့ ရောက် ခြင်းငှါ အကယ်၍ အလိုရှိသည် ဖြစ်ငြားအံ့၊ ဤကဲ့သို့ အလိုရှိခဲ့ပါသော် ခုနစ်ခုမြောက်ဖြစ်သော သစ္စာပါရမီကို အလွန်မြဲမြံစွာပြုပြီးတော့မှ စိတ်ဖြင့်သာ ကောင်းစွာ ဆောက်တည်လော့၊ သစ္စာပါရမီကို ဖြည့်ကျင့်လေလော့ဟု မိမိ ကိုယ်ကို ဆုံးမပေပြီ၊ ထိုသစ္စာပါရမီကို ဖြည့်ကျင့်ရာ၌ မချွတ်ယွင်းသော စကား ရှိသည်ဖြစ်၍ သဗ္ဗညုတဉာဏ်သို့ ရောက်လိမ့်လတ္တံ့။

နတ်နှင့်တကွသော လောက၌ (လူအပေါင်း၏)ချိန်သဖွယ် ဖြစ်၍ ဖြစ်သော သောက်ရူးကြယ် မည်သည်ကား နွေ, ဆောင်း, မိုး ကာလ သုံးပါးတို့၌ သွားမြဲ ဖြစ်ပေသော ခရီးမှ မဖဲ မရွေ့ဘိသကဲ့သို့ ထို့အတူ သုမေဓာပညာရှိ သင်သည်

လည်း သစ္စာတို့၏ သွားမြဲဖြစ်သော ခရီးမှ မဖဲ မရွေ့လေလင့်၊ သစ္စာပါရမီကို ဖြည့်ကျင့်၍ သဗ္ဗညုတဉာဏ်သို့ ရောက်လတ္တံ့ဟု မိမိကိုယ်ကို ဆုံးမပေပြီ။

သစ္စာပါရမီ ပြီး၏။

---

**အဓိဋ္ဌာန် ပါရမီ။** ။ထို့နောက်မှ သုမေဓာ ရှင်ရသေ့သည် ဘုရားဖြစ်ခြင်းငှါ ထိုက်ပါပေကုန်သော တရားတို့သည် ဤမျှလောက်သာ အတိုင်းအရှည်ရှိသည်တော့ မဖြစ်တန်ရာ၊ ထို့ထက် အလွန်ပင် စူးစမ်းဆင်ခြင်ခဲ့ပါသည်ရှိသော် သုမေဓာရှင်ရသေ့အား ရှစ်ခုမြောက်ဖြစ်သော အဓိဋ္ဌာန်ပါရမီတော်ကို မြင်တော်မူ၍ ဤသို့သော အကြံတော်သည် ဖြစ်ပေ၏။

သုမေဓာပညာရှိ သင်ကား ဤနေ့ ဤအချိန် ဤအခါသမယမှစ၍ အဓိဋ္ဌာန ပါရမီကို ဖြည့်ကျင့်လေလော့၊ ထိုအဓိဋ္ဌာနပါရမီ၌ မတုန်မလှုပ် ဆောက်တည် လေလော့၊ တောင်တို့ မည်သည်ကား အလုံးစုံသော အရပ်မျက်နှာတို့မှ လေတို့ဖြင့် တိုက်ခတ်ငြားပါသော်လည်း တုန်လှုပ်ယိမ်းယိုင်ခြင်း မရှိပေ။

ပကတိ မိမိ၏ နေရာ၌သာ အမြဲတည်ဘိသကဲ့သို့ ထိုအတူ သင်သုမေဓာရသေ့သည်လည်း မိမိအဓိဋ္ဌာန်ပြုခြင်း၌ မတုန်မလှုပ်မြဲသည်ရှိသော် ဘုရားစင်စစ် ဝေကန်ဖြစ်လတ္တံ့ဟု ရှစ်ခုမြောက်ဖြစ်သော အဓိဋ္ဌာန်ပါရမီကို မြဲမြံစွာပြုပြီး ဆောက်တည်တော်မူ၏။

ဤမျှလောက်ကုန်သော ဒါနပါရမီအစရှိသော တရားတို့သည်သာလျှင် ဘုရားဖြစ်ခြင်း၏ အကြောင်းတို့သည် မဖြစ်ကုန်သေးပေ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်ကျက်စေတတ်ကုန်သော တပါးကုန်သော အကြောင်းတရားတို့သည် ရှိကြပေလိမ့်ဦးမည်၊ ထိုသဘောတရားတို့ကိုလည်း ငါသည် တဖန် ဆက်လက်၍ စူးစမ်းဆင်ခြင်ပေအံ့ဟု အကြံဖြစ်ပြန်၏၊ စူးစမ်းဆင်ခြင်သည်ရှိသော် ထိုအခါ၌ ရှေးရှေးက ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့သည် အဖန် တလဲလဲ မှီဝဲအပ် မပြတ် မှီဝဲအပ်သော ရှစ်ခုမြောက်ဖြစ်သော အဓိဋ္ဌာန်ပါရမီကို မြင်လေပြီ။

သုမေဓာပညာရှိ သင်သည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်ခြင်းငှါ အကယ်၍ အလိုရှိသည်ဖြစ်ငြားအံ့၊ ဤကဲ့သို့ အလိုရှိခဲ့ပါသော် ရှစ်ခုမြောက်သော အဓိဋ္ဌာန်ပါရမီကို အလွန်လျှင် မြဲမြံစွာပြုပြီးတော့မှရင် စိတ်ဖြင့်သာ ကောင်းစွာ ဆောက်တည်လော့၊ အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့်လေလော့ဟု မိမိကိုယ်ကို ဆုံးမပေပြီ။

ကျောက်ဖြင့်ပြီးသော မတုန်မလှုပ်မူ၍ ကောင်းစွာတည်သော တောင်သည် မည်သို့ပင် လေတို့သည် ပြင်းစွာ တိုက်ခတ်ငြားသော်လည်း တုန်လှုပ်ခြင်းမရှိ၊

မိမိတည်မြဲတိုင်းသော ဟည်ဘိသကဲ့သို့ . ထို့အတူ သင့်သုမေဓာရသေ့သည်လည်း အဓိဋ္ဌာန်ခြင်း၌ နေ့ရောညဉ့်ပါ ဘယ်အခါမဆို ထိုထိုကာလ ရှိသမျှမဆိုင်း အချိန်တိုင်း၌ မတုန်လှုပ်သည် ဖြစ်လေလော့၊ အဓိဋ္ဌာန်ပါရမီကို ဖြည့်၍ သဗ္ဗညုတဉာဏ်သို့ ရောက်လတ္တံ့ဟု မိမိကိုယ်ကို ဆုံးမပေပြီ။

အဓိဋ္ဌာန်ပါရမီ ပြီး၏။

---

မေတ္တာပါရမီ၊ ။ထို့နောက်မှ သုမေဓာရှင်ရသေ့သည် ဘုရားဖြစ်ခြင်းငှါ ထိုက်ပါပေကုန်သော တရားတို့သည် ဤမျှလောက်သာ အတိုင်းအရှည်ရှိသည်တော့ မဖြစ်တန်ရာ၊ ထို့ထက် အလွန်ပင် စူးစမ်းဆင်ခြင်ခဲ့ပါသည်ရှိသော် သုမေဓာရှင်ရသေ့အား ကိုးခုမြောက်ဖြစ်သော မေတ္တာပါရမီကို မြင်တော်မူ၍ ဤသို့သော အကြံတော်သည် ဖြစ်ခဲ့ပေ၏။

သုမေဓာပညာရှိ သင်ကား ဤနေ့ ဤအချိန် ဤအခါသမယမှစ၍ မေတ္တာပါရမီကို ဖြည့်ကျင့်လေလော့၊ ကျေးဇူးရှိသောသူတို့၌ရင်း ကျေးဇူးမဲ့သောသူတို့၌ရင်း တူမျှသောစိတ်ရှိသည်ကို ဖြစ်စေလော့၊ ရေတို့မည်သည်ကား ယုတ်မာသောသူအားရင်း ကောင်းမြတ်သောသူအားရင်း ချမ်းအေးခြင်း တူမျှစွာ ဖြစ်စေဘိသကဲ့သို့ ထို့အတူ အလုံးစုံသော သတ္တဝါတို့၌ တူမျှသော မေတ္တာစိတ်ကို ဖြစ်စေသည်ရှိသော် ဘုရားစင်စစ် ဧကန်ဖြစ်လတ္တံ့ဟု ကိုးခုမြောက်သော မေတ္တာပါရမီတော်ကို မြဲမြံစွာပွုပြီး ဆောက်တည်တော်မူ၏။

ဤမျှလောက်ကုန်သော ဒါနပါရမီစသော ဂုဏ်ရားတို့သည်သာလျှင် ဘုရားဖြစ်ခြင်း၏ အကြောင်းတို့သည် မဖြစ်ကုန်သေးပေ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရင့်ကျက်စေတတ်ကုန်သော တပါးသော အကြောင်းတရားတို့သည် ရှိကြပေလိမ့်ဦးမည်၊ ထိုသဘောတရားတို့ကိုလည်း ငါသည် တဖန် ဆက်လက်၍ စူးစမ်းဆင်ခြင်ပေအံ့ဟု အကြံဖြစ်ပြန်၏၊ စူးစမ်းဆင်ခြင်လိုက်သည်ရှိသော် ထိုအခါ၌ ရှေးရှေးက ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့သည် အဖန်တလဲလဲ မှီဝဲအပ် မပြတ်မှီဝဲအပ်ပေသော ကိုးခုမြောက်သော မေတ္တာပါရမီကို မြင်လေပြီ။

သုမေဓာပညာရှိ သင်သည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်ခြင်းငှါ အကယ်၍ အလိုရှိသည်ဖြစ်ငြားအံ့၊ ဤကဲ့သို့ အလိုရှိအပ်ပါသော် ကိုးခုမြောက်ဖြစ်သော မေတ္တာပါရမီကို အလွန်လျှင် မြဲမြံစွာပွုပြီးတော့မှ စိတ်ဖြင့်သာ ကောင်းစွာ ဆောက်တည်လော့၊ မေတ္တာပါရမီကို ဖြည့်ကျင့်လေလော့ဟု မိမိကိုယ်ကို ဆုံးမပေပြီ၊ မေတ္တာပါရမီကို ဆောက်တည်ရာဝယ် အလောင်း

တော်မြတ်၏ မေတ္တာစိတ်ဖြစ်ခြင်းနှင့် တစုံတယောက်သော သူနှင့်မျှ တူသောသူ ဟူ၍ မရှိပေ။

ရေတို့မည်သည်မှာ ကောင်းကုန်သော သူတို့ကိုရင်း ယုတ်မာကုန်သောသူတို့ ကိုရင်း ချမ်းအေးခြင်းသည် တူမျှပေ၏၊ ကိုယ်၌တင်သော မြူအညစ်အကြေး ချေးစသည်ကို မျောဘိသကဲ့သို့ ထိုအတူ သုမေဓာပညာရှိ အစီးအပွါးရှိသည် မရှိသည်တို့ကို ပြုတတ်ကုန်သော လူတို့ကို အညီအမျှ မေတ္တာစိတ် ဖြစ်ခြင်းဖြင့် ပွါးစေလော့၊ မေတ္တာပါရမီကို ဖြည့်ကျင့်ပြီး သဗ္ဗညုတဉာဏ်သို့ ရောက်လတ္တံ့ဟု မိမိကိုယ်ကို ဆုံးမပေပြီ။

မေတ္တာပါရမီ ပြီး၏။

---

ဥပေက္ခာပါရမီ။ ။ဤမေတ္တာပါရမီ၏ အခြားမဲ့၌ သုမေဓာရှင်ရသေ့သည် ဘုရားဖြစ်ခြင်းငှါ ထိုက်ပါပေကုန်သော တရားတို့သည် ဤမျှ လောက်သာ အတိုင်းအရှည်ရှိသည်တော့ မဖြစ်တန်ရာ၊ ထို့ထက် အလွန်ပင် စူးစမ်းဆင်ခြင်ခဲ့ပါသည်ရှိသော် သုမေဓာရှင်ရသေ့အား ဆယ်ခုမြောက်ဖြစ်သော ဥပေက္ခာပါရမီကို မြင်တော်မူ၍ ဤသို့သော အကြံတော်သည် ဖြစ်ခဲ့ပါပေ၏။

သုမေဓာပညာရှိ သင်ကား ဤနေ့ ဤအချိန် ဤအခါသမယမှစ၍ ဥပေက္ခာ ပါရမီကို ဖြည့်ကျင့်လေလော့၊ ချမ်းသာခြင်း၌ရင်း ဆင်းရဲခြင်း၌ရင်း လျစ်လျူရှု သည်သာ ဖြစ်စေလော့၊ မြေကြီးသည်ကား စင်ကြယ်သည်ကိုရင်း မစင်ကြယ် သည်ကိုရင်း ပစ်ချသော်လည်း လျစ်လျူရှုသည်သာ ဖြစ်ဘိသကဲ့သို့ ထို့အတူ သင်သုမေဓာရသေ့သည်လည်း ဆင်းရဲခြင်း ချမ်းသာခြင်းတို့၌ လျစ်လျူရှုခဲ့ပါ သည်ရှိသော် ဘုရားစင်စစ် ဧကန်ဖြစ်လတ္တံ့ဟု ဆယ်ခုမြောက်ဖြစ်သော ဥပေက္ခာ ပါရမီကို ဆောက်တည်တော်မူ၏။

ဤမျှလောက်ကုန်သော ဒါနပါရမီစသော တရားတို့သည်သာလျှင် ဘုရား ဖြစ်ခြင်း၏ အကြောင်းတို့သည် မဖြစ်ကုန်သေးပေ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်ကို ရင့်ကျက်စေတတ်ကုန်သော တပါးကုန်သော အကြောင်းတရားတို့သည် ရှိကြပေလိမ့်ဦးမည်၊ ထိုသဘောတရားတို့ကိုလည်း ငါသည် တဖန် ဆက်လက်၍ စူးစမ်းဆင်ခြင်ပေအံ့ဟု အကြံဖြစ်ပြန်၏၊ စူးစမ်းဆင်ခြင်သည်ရှိသော် ထိုအခါ ရှေးရှေးက ပွင့်တော်မူကြကုန်ပြီးသော ဘုရားရှင်တို့သည် အဖန်တလဲလဲ မှီဝဲ အပ် မပြတ်မှီဝဲအပ်ပေသော ဆယ်ခုမြောက်သော ဥပေက္ခာပါရမီကို မြင်လေပြီ။

သုမေဓာပညာရှိသင်သည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်ခြင်း ငှါ အကယ်၍ အလိုရှိသည် ဖြစ်ငြားအံ့၊ ဤကဲ့သို့ အလိုရှိအပ်ပါသော် ဆယ်ခု

မြောက်ဖြစ်သော ဥပေက္ခာပါရမီကို အလွန်လျှင် မြဲမြံစွာပြုပြီးတော့မှ စိတ်ဖြင့်သာ ကောင်းစွာ ဆောက်တည်လော့၊ ဥပေက္ခာပါရမီကို ဖြည့်ကျင့်လေလော့ဟု မိမိကိုယ်ကို ဆုံးမပေပြီ။

ဤမျှလောက်ကုန်သော ထိုဒါနစသော ပါရမီတို့သည်သာ ဘုရားဖြစ်ခြင်းငှါ ထိုက်ကုန်သော အကြောင်းတရားတို့သည် မဖြစ်ပေကုန်ရာ၊ တပါးကုန်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တို့ကို ရင့်ကျက်စေတတ်ကုန်သော အကြောင်းတရားတို့သည် ရှိကြပေကုန်၏၊ ထိုသဘောတရားတို့ကိုလည်း ငါသည် စူးစမ်းဆင်ခြင်ပေအံ့ဟု အကြံဖြစ်ပေ၏။

ချစ်သားသာရိပုတ္တရာ ငါသည် ကြံတော်မူသည်ရှိသော် ထိုအခါကာလသမယ၌ ရှေးရှေးအခါက ပွင့်တော်မူကြကုန်ပြီးဖြစ်သော ဘုရားရှင်တို့သည် အဖန်တလဲလဲ မှီဝဲအပ် မပြတ် မှီဝဲအပ်သော ဆယ်ခုမြောက်သော ဥပေက္ခာပါရမီကို မြင်တော်မူပြီ။

သုမေဓာပညာရှိ သင်သည် ဆယ်ခုမြောက် ဖြစ်ပါသော ဥပေက္ခာပါရမီကို အလွန်လျှင် မြဲမြံစွာ ပြုပြီးတော့မှ စိတ်ဖြင့် ဆောက်တည်လျက် ချိန်သဖွယ် ဖြစ်၍(လျစ်လျူရှုသည်ဖြစ်၍) မြဲမြံသည်ဖြစ်၍ သဗ္ဗညုတဉာဏ်သို့ ရောက်လတ္တံ့။

မြေ မည်သည်ကား မိမိ၌ ပစ်ထားအပ်သော မစင်မကြယ် ရွံရှာဖွယ်ရာ ဖြစ်သော ခွေးသေကောင်ပုပ် စသည်ကိုရင်း သန့်ရှင်း စင်ကြယ် နှစ်သက်ဖွယ် ဖြစ်သော စန္ဒကူးနံ့သာ စသည်ကိုရင်း ထိုနှစ်ပါးတို့ကိုလည်း မုန်းခြင်း ချစ်ခြင်းမှ ကင်းကုန်လျက် လျစ်လျူရှုဘိသကဲ့သို့ ထို့အတူ သင် သုမေဓာ ရသေ့သည် ချမ်းသာ ဆင်းရဲ၌ နေ့ရော ညဉ့်ပါ ဘယ်အခါမဆို ထိုထိုကာလ ရှိသမျှမဆိုင်း အချိန်တိုင်း၌ ချိန်နှင့်တူသည် ဖြစ်ပေလော့၊ ဥပေက္ခာပါရမီကို ဖြည့်ကျင့်ပြီး၍ သဗ္ဗညုတဉာဏ်သို့ ရောက်လတ္တံ့ဟု မိမိကိုယ်ကို ဆုံးမတော်မူပေပြီ။

ဥပေက္ခာပါရမီ ပြီး၏။

---

## ပါရမီ(၁၀)ပါး ဇာတ်တော်

### သခ်ပါလဇာတ် (ဇာတကဌကထာ ပဥ္စမအုပ်–၁၇၂)

**အတိတ်ဝတ္ထု။**　။လွန်လေပြီးသောအခါဝယ် ရာဇဂြိုဟ်ပြည်၌ မဂဓ အမည် ရှိသော မင်းသည် စိုးမိုးအုပ်ချုပ်၍ နေတော်မူစဉ် ထိုအခါ၌ **အလောင်းတော်** သခင်သည် ထိုမဂဓမင်းကြီး၏ တောင်နန်းမဟေသီခေါင်ကြီး သခင်၏ ဝမ်းကြာတိုက်၌ ဖြစ်ပါပေ၏၊ ထိုအခါဝယ် သတို့သား၏ အမည်ကို

"ဒုယျောဓနေ"ဟူ၍ မှည့်ကြပေကုန်၏၊ ထိုဒုယျောဓနေ သတို့သားသည် အရွယ်သို့ ရောက်လတ်သည်ရှိသော် တက္ကသိုလ်ပြည်၌ အလုံးစုံသော အတတ်တို့ကို သင်၍ (ဝါ)သင်ပြီးတော့မှ ပြန်လာခဲ့၍ ရာဇဂြိုဟ်ပြည့်ရှင် ဘခင် ဘုရင်မင်းမြတ်အား သင်ယူခဲ့သော အလုံးစုံသော အတတ်တို့ကို ပြပေ၏။

ဒုယျောဓနေမင်းသား မင်းဖြစ်ခြင်း။ ။ထိုအခါ၌ ဘုရားအလောင်းတော် မင်းသားကို ဘခင်ဘုရင် မင်းကြွားကြီးသည် မင်းအဖြစ်၌ အဘိသိက် သွန်းလောင်း၍ မိမိမှာမူ ရသေ့ပြုလုပ်ပြီး ဥယျာဉ်၌ နေပေ၏၊ ဘုရားအလောင်းသည် တနေ့ တနေ့၌ သုံးကြိမ် သုံးကြိမ်တိုင်တိုင် ဘခင်ဘုရင်မင်းကြွားကြီး၏ အထံသို့ သွားရောက်ပေ၏၊ ထိုခမည်းတော်ရသေ့အား ကြီးစွာသော လာဘ်သပ်ပကာတို့ဖြင့် ပူဇော်ခြင်းသည် ထင်ရှားမသေ့ အမှန်ပင် ဖြစ်ခဲ့ပေပြီ၊ ထိုဘခင်ရသေ့သည် ထုံခဏ၌ပင်လျှင် ပလိဗောဓကြောင့် ကသိုဏ်း ပရိကံမှုကိုလည်း ပြုခြင်းငှါ မစွမ်းနိုင်သည် ဖြစ်၍ ကြံစည်ပြန်၏၊ အဘယ်သို့ ကြံသနည်း၊ ငါ့အား များစွာသော လာဘ်ပူဇော်မှုတို့သည် ရှိခဲ့ပါပေ၏။

ချာန်အဘိညာဏ်ကို ဖြစ်စေခြင်း။ ။"ငါသည် ဥယျာဉ်၌ နေသဖြင့် ဤအနှောင်အဖွဲ့ကို ဖြတ်တောက်ခြင်းငှါ မတတ်နိုင်ပေ၊ ထိုရသေ့သည် ငါသည် သားကို မပြောကြားမူ၍ သာလျှင် တပါးသော အရပ်သို့ သွားပေတော့အံ့"ဟု ကြံစည်ပေ၏။ ထိုရသေ့သည် တစုံတယောက်သော သူကိုမျှ အသိမပေးပါဘဲလျက် ဥယျာဉ်မှ ထွက်တော်မူခဲ့၍ မဂဓတိုင်းကို ကျော်လွန်ကာ မဟိသကတိုင်း၌ သင်္ခပါလ မည်သော အိုင်မှ ထွက်သည်ရှိသော် ကဏ္ဏဝေဏ္ဏအမည် ရှိသော မြစ်၏အကွေ့၌ စန္ဒကတောင်ကို အမှီပြု၍ သစ်ရွက်မိုးကျောင်းကိုပြုပြီး ထိုသစ်ရွက်မိုးကျောင်း၌ နေလျက် ကသိုဏ်းပရိကံကို ပြု၍ ချာန်အဘိညာဏ်ကို ဖြစ်စေလျက် ဆွမ်းခံလှည့်လည်၍ ရအပ်သော ဆွမ်းစသည် ဖြင့် မျှတ၍ နေပေ၏။

ထိုရသေ့ကို သင်္ခပါလ အမည်ရှိသော နဂါးမင်းသည် များစွာသော အခြံအရံဖြင့် ကဏ္ဏဝေဏ္ဏ အမည်ရှိသော မြစ်မှထွက်ခဲ့၍ ကြိုးကြား ကြိုးကြား ဆည်းကပ်၍ နေလေ၏၊ ထိုရသေ့သည် နဂါးမင်းအား တရားကို ဟောတော်မူပေ၏၊ ထိုအခါမှာ ရသေ့၏သားသည် ဘခင်ကြီးကို ဖူးမြင်လိုသည်ဖြစ်၍ ကြွသွားတော်မူရာအရပ်ကို မသိသည်ဖြစ်ရကား စူးစမ်းရှာဖွေစေလျက် "ဤမည်သော အရပ်၌ သီတင်းသုံးတော်မူသည်"ဟု သိရကား ထိုဘခင်ရသေ့ကြီးအား ဖူးမြော်တော်မူခြင်းငှါ များစွာသော အခြံအရံနှင့် ထိုအရပ်သို့သွားပြီး သင့်တင့်လျောက်ပတ်

သော အရပ်၌ သစ်တပ်ကို ပြုစေပြီးတော့မှနေ၍ နှစ်ယောက် သုံးယောက်ကုန်သော အမတ်တို့နှင့်တကွ သစ်ရွက်မိုးကျောင်းသို့ ရွှေရှုလျက် သွားလေ၏။

**သင်္ခပါလနဂါးမင်း ဖဲ့သွားခြင်း။**

။ထိုခဏ၌ သင်္ခပါလနဂါးမင်းသည် များစွာသော အခြံအရံနှင့် တရားနာကြားလျက်နေလေ၏။ ထိုနဂါးမင်းသည် လာရောက်နေသော ထိုမင်းကို မြင်၍ ရသေ့ကို ရှိခိုးပြီး ထိုင်ရာဖြစ်သော နေရာမှ ဖဲသွားလေ၏။ မင်းသည် အဘရသေ့ကို ရှိခိုး၍ အပြန်အလှန် ဆက်စပ်ဟန် စကားအဝဝကို ပြောဆိုပြီးတော့မှ ထိုင်နေ၍ မေးလျှောက်ပေ၏"အရှင်ဘုရား အရှင်မြတ်ဘုရား၏ ထံပါးသို့ လာရောက်သော ဤမင်းသည်ကား အဘယ်မည်သောမင်းပါနည်း"ဟူ၍ မေးလျှောက်ပေ၏။ အမောင်သားတော် ဤယခုလာရောက်သော မင်း၏ အမည်သည်ကား သင်္ခပါလ အမည်ရှိသော နဂါးမင်းဖြစ်ပါပေသည်ဟု မိန့်ဆို၏။

**နဂါးမင်းအဖြစ်ကို တောင့်တလျက် ကောင်းမှုပြုပြီ**

ထိုအခါမှာ ထိုဒုယျောဓနမင်းသည် သင်္ခပါလ အမည်ရှိသော နဂါးမင်း၏ စည်းစိမ်ကို အမှီသဟဲ တံကဲပြု၍ (နဂါးပြည်၌ လောဘကို ပြု၍ နှစ်ရက် သုံးရက်နေလျက်) အဘရသေ့အား ဆွမ်းအာဟာရကို မပြတ်ပေးလှူပြီးတော့မှရင် မိမိ၏ မြို့သို့သာလျှင် သွား၍ လေးပါးကုန်သော တံခါးတို့၌ အလှူတင်းကုပ်တို့ကို ပြုလုပ်စေလျက် အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းကို ချောက်ချားစေပြီး အလှူကို ပေး၍ သီလကို ဆောက်တည်လျက် ဥပုသ်စောင့်ထိန်းခြင်းအမှုကို ပြုကာ နဂါးပြည်ကို တောင့်တ၍ အသက်ကုန်ဆုံးသောအခါဝယ် နဂါးဘုံ၌ သင်္ခပါလနဂါးမင်းသည် ဖြစ်ခဲ့ပေပြီ။

**နဂါးမင်းစည်းစိမ်ကို ငြီးငွေ့လျက် အဓိဋ္ဌာန်သီလ ဆောက်တည်ပုံ**

ထိုသင်္ခပါလနဂါးမင်းသည် ကာလ လွန်သည် ရှိသော် ထိုနဂါးမင်း စည်း စိမ် ဖြင့် နှလုံးမသာယာသည်ဖြစ်၍ ထိုအခါမှစ၍ လူဖြစ်စေရန် ဆိုကို တောင့်တလျက် ဥပုသ်စောင့်ထိန်းခြင်းအမှုကို ပြုပြီး နေခဲ့ပေ၏။ ထိုအခါ၌ နဂါးမင်းအား နဂါးဘုံ၌နေသော သူအား ဥပုသ်စောင့်ထိန်း၍ နေခြင်းသည် မဖြစ်နိုင်ပေ၊ သီလပျက်စီးခြင်းသို့ ရောက်ခဲ့ရပါပေ၏။ နဂါးမင်းသည် ထိုအခါမှအစပြု၍ နဂါးပြည်မှ ထွက်ခဲ့ပြီး ကဏ္ဏဝေဏ္ဏအမည်ရှိသော မြစ်၏ မနီးမဝေး၌ လမ်းမကြီး၏ရင်းခြေတဖဝါးသွားလောက်သော လမ်း၏ရင်း အကြား၌ တခုသော ခြတောင်ပို့ကို ဝန်းရံလျက် ဥပုသ်စောင့်ထိန်းခြင်းအမှုကို ဆောက်တည်၍ စောင့်ထိန်းအပ်သော သီလရှိသည်ဖြစ်ရကား "ငါ၏ အရေအသားစသည်တို့ကို အလိုရှိကြကုန်

သော သူတို့သည် အရေအသားစသည်တို့ကို ဆောင်ယူကြစေကုန်သတည်း''ဟု အမိဋ္ဌာန်ပြုလျက် မိမိခန္ဓာကိုယ်ကို အလျှုတင်းကုပ်ဝဌ် စွန့်လွှတ်၍ ခြတောင်ဘို့ ထိပ်ထက်၌ လျောင်းလျက် သီလဆောက်တည်မှုကို ပြုလျက် တဆယ့်လေးရက် တဆယ့်ငါးရက်မြောက်သော နေ့၌ နေ၍ အထွက်တရက်နေ့၌ နဂါးပြည်သို့ သွားခဲ့ပေပြီ။

**ပစ္စန္တရစ်ရွာသားတို့ နဂါးမင်းထံ ချဉ်းကပ်ပုံ။** ။ထိုအခါဝယ် တနေ့သ၌ ဘုရားအလောင်း သင်္ခပါလနဂါးမင်းသည် ဤသို့ သဘောရှိသော သီလကို ဆောက်တည်၍ လျောင်းသည်ရှိသော် ပစ္စန္တရစ်ရွာ၌ နေကြကုန်သော တဆယ့်ခြောက်ယောက်သော သူတို့သည် အသားကို ရှာဖွေဆောင်ယူပေအံ့ဟု လက်နက်တို့ကို စွဲကိုင်လျက် တောအရပ်သို့ လှည့်လည်သည်ရှိခဲ့ပါသော် တစုံတခုကိုမျှ မရသည်ဖြစ်၍ ထွက်ကြကုန်လျက် ခြတောင်ဘို့ထက်၌ လျောင်းလျက်နေသော ထိုနဂါးမင်းကို မြင်၍ "ငါတို့သည် ယနေ့ ဖွတ်ငယ်ကိုမျှလည်း မရခဲ့ပေ၊ ဤနဂါးမင်းကို သတ်၍ စားအံ့"ဟု ကြံ၍ "နဂါးမင်းသည် အလွန်ကြီးသည်သာလျှင်တည်း၊ ဖမ်းယူလိုက်ခဲ့ပါသည်ရှိသော် ထွက်ပြေးရာ၏။ ထိုနဂါးမင်းကို ခွေလျက် အိပ်နေစဉ်မှာပင်လျှင် တံကျင်တို့ဖြင့် ထိုးပစ်ဖောက်၍ အားနည်းသည်ကိုပြုပြီး ဖမ်းယူအံ့"ဟု ကြံစည်ကာ တံကျင်တို့ကိုယူ၍ နဂါးမင်း၏ ထံပါးသို့ ချဉ်းကပ်ကြကုန်၏။

**သင်္ခပါလနဂါးမင်း၏ ခန္ဓာကိုယ်။** ။အလောင်းတော်၏ ကြီးစွာသော ကိုယ်ကို ခွေ၍ ထားသည်ရှိသော် တခုသော စကျင်းရှိသော လှေပိန်းကော ပမာဏရှိ၏။ ထားအပ်သော မြလေးပန်းဆိုင်းနှင့် တူပါပေ၏၊ ချင်ရွေးသီး အဆင်းနှင့် တူကုန်သော မျက်စိတို့နှင့်ရှင်း၊ လယ်ခေါင်ရန်းပန်း အဆင်းနှင့် တူပေသော ဦးခေါင်းနှင့်ရှင်း ပြည့်စုံသည်ဖြစ်ပါသောကြောင့် အလွန် တင့်တယ်ပါပေ၏။

သင်္ခပါလ နဂါးမင်းသည် တဆယ့်ခြောက်ယောက်ကုန်သော ထိုလူသားတို့၏ ခြေသံဖြင့် အခွေကြားမှ ဦးခေါင်းကိုထုတ်၍ နီမြန်းသော မျက်စိတို့ကို ဖွင့်လျက် တံကျင်တို့ကို လက်၌ ကိုင်ဆောင်၍ လာကြကုန်လော ထိုတဆယ့်ခြောက်ယောက်ကုန်သော သူတို့ကို မြင်လျှင် ဤသို့ကြံစည်ခဲ့ပေ၏။ "ယနေ့သည်ကား ငါ၏တောင့်တခြင်း အာသာနှလုံး အလိုသည် အပြီးသို့ ရောက်ပေလိမ့်လတ္တံ့။

ငါသည် မိမိ၏ခန္ဓာကိုယ်ကို အလှူတင်းကုပ်အဝဌ် အပ်နှင်း၍ အားသစ်ခြင်းလုံ့လဥဿာဟကို ဆောက်တည်၍ လျောင်းလျက်နေစဉ် ငါ့ခန္ဓာကိုယ်ကို လှံတို့ဖြင့် ထိုးဖောက်၍ အပေါက်ကြီး အပေါက်ငယ်ကို ပြုကြကုန်သော ဤ

တဆယ့်ခြောက်ယောက်ကုန်သော သူတို့ကို အမျက်ထွက်သည်၏ အစွမ်းဖြင့် မျက်စိတို့ကို ဖွင့်၍ မကြည့်ပေအံ့''ဟု ဤသို့ကြံ၍ မိမိ၏သီလ ပျက်စီးမည်ကို ကြောက်လန့် စိုးရိမ်ပါသဖြင့် မြဲမြံစွာ ဆောက်တည်၍ ဦးခေါင်းကို အခွေ အကြား၌သာလျှင် သွင်း၍ အိပ်၏။

**နဂါးမင်းကို ရှစ်ဌာနတို့၌ ချည်နှောင်လျက် ယူသွားခြင်း**

ထို အခါဝယ် တဆယ့် ခြောက်ယောက်သော သူတို့သည် နဂါးမင်း၏ အထံသို့ ချဉ်းကပ်ကြ၍ အမြီးကိုဆွဲကိုင်လျက် မြေဝယ် လှဲချပြီးတော့မှ ထောင်းထုလျက် ထက်လှစွာ သောတံကျင်တို့ဖြင့် ရှစ်ဌာနတို့၌ ထိုးဖောက် ကြကုန်ပြီးလျှင် ဆူးရှိသော မည်းနက်သော ကြိမ်လုံးတို့ကို တံကျင်ထိုးရာ အပေါက်တို့ဖြင့် သွင်း၍ ရှစ်ဌာနတို့၌ ထမ်းပိုးဖြင့်ထမ်းလျက် လမ်းမကြီးသို့ ပြန်လှည့်၍ သွားကြကုန်၏။

ဘုရားအလောင်းတော်သည် တံကျင်တို့ဖြင့် ထိုးသောနေရာမှ အစပြု၍ တခုခုသော ဌာနမှာလည်း အမျက် ထွက်သည်၏ အစွမ်းဖြင့် မျက်စိတို့ကိုဖွင့်၍ ထိုတဆယ့်ခြောက်ယောက်သောသူတို့ကို မကြည့်၊ ရှစ်ခုသော ထမ်းပိုးတို့ဖြင့် ယူဆောင်အပ်သော ထိုဘုရားအလောင်း၏ ဦးခေါင်းကို မြေ၌ တွဲလွဲဆွဲ၍ ရိုက်ပုတ်၏။ ထိုအခါ ဘုရားအလောင်း နဂါးမင်း၏ ဦးခေါင်းကို တွဲလွဲဆွဲလျက် လမ်းခရီးမ၌ အိပ်စေ၍ သေးသွယ်သောတံကျင်ဖြင့် နှာခေါင်းဖုကို ထိုးဖောက်ပြီးတော့မှ ကြိုးငယ်ကိုသွင်း၍ ဦးခေါင်းကို ထမ်းလျက် ထမ်းပိုး၏ အစွန်း၌ ကပ်ငြိသည်ဖြစ်၍ တဖန်လည်း ချီမ၍ ခရီးမသို့ သွားကြကုန်၏။

**အာဠာရသူကြွယ်နှင့် ပစ္စန္တရစ်ရွာသားတို့ တွေ့ကြပုံ**

ထိုခဏ၌ ဝိဒေဟတိုင်း မိထိလာမြို့၌ နေသော အာဠာရ မည်သော သူကြွယ်သည် လှည်း ငါးရာတို့ကို ဆောင်၍ ညင်သာသော ယာဉ်၌ ထိုင်လျက်သွားစဉ် မုဆိုးသားတို့သည် ဘုရားအလောင်းသခ်ပါလနဂါးမင်းကို ယူ၍သွားသည်ကိုမြင်၍ တဆယ့်ခြောက်ယောက်သောသူတို့အားလည်း တဆယ့်ခြောက်ကောင်ကုန်သော လှည်းတိုက်နွားတို့နှင့် တကွ တလက်ဆွမ်းစီ တလက်ဆွမ်းစီရှိသော ရွှေတပဲပမာဏရှိသော အလေးတို့ကိုငင်း အလုံးစုံ ကုန်သော မုဆိုးသားတို့အား အဝတ် ပုဆိုး အရုံတို့ကိုငင်း ထိုမုဆိုးသားတို့၏ ဇနီးတို့အတွက် (အဝတ်ပုဆိုး တန်းဆာတို့ကိုငင်း) ပေး၍ စေလွှတ် လိုက်ပေ၏။

**အာဠာရသူကြွယ်ကို နဂါးပြည်သို့ ခေါ်ဆောင်ခြင်း**

ထိုအခါ၌ နဂါးမင်းသည် နဂါးပြည်သို့ သွားလျက် ထိုနဂါးပြည်၌ ကြာမြင့်သည် မပြုမူ၍ များစွာသော အခြံအရံနှင့်ထွက်

ပြီး အာဠာရ၏အထံသို့ ချဉ်းကပ်လျက် နဂါးပြည်၏ စည်းစိမ်ကိုဆို၍ အာဠာရ သူကြွယ်ကိုခေါ်လျက် နဂါးပြည်သို့ သွားကာ သုံးရာကုန်သော နဂါးအမျိုးသမီး ငယ်တို့နှင့်တကွ ထိုအာဠာရ သူကြွယ်အား များစွာသော စည်းစိမ်ကို ပေး၍ နတ်၌ ဖြစ်ကုန်သော ကာမဂုဏ်တို့ဖြင့် ရောင့်ရဲစေ၏။

အာဠာရသူကြွယ်သည် နဂါးပြည်၌ တနှစ်တိုင်တိုင် နေ၍ နတ်၌ဖြစ်သော ကာမဂုဏ်တို့ကို မှီဝဲလျက် နဂါးမင်း ငါသည် ရဟန်းပြုခြင်းငှါ အလိုရှိပေ၏၊ ဤသို့ နဂါးမင်းအား ပြောဆို၍ ရဟန်း အသုံးအဆောင် ပရိက္ခရာတို့ကို ယူပြီး နဂါးပြည်မှ ဟိမဝန္တာ အရပ်သို့ သွား၍ ရသေ့ရဟန်းပြုလျက် ထိုဟိမဝန္တာအရပ်၌ ကြာမြင့်စွာနေပြီး နောက်အဘို့၌ ဒေသစာရီ လှည့်လည်သည်ရှိသော် ဗာရာဏသီပြည်သို့ရောက်၍ မင်း၏ ဥယျာဉ်၌ သီတင်းသုံးကာ နောက်တနေ့၌ ဆွမ်း အလို့ငှါ ဗာရာဏသီမြို့တော်သို့ဝင်လျက် မင်းအိမ်တံခါးသို့ ရောက်ခဲ့ပေ၏။

**အာဠာရ ရသေ့ကို တွေ့မြင်၍ ဗာရာဏသီမင်း ကြည်ညိုပုံ**

ထိုအခါ၌ ထိုအာဠာရ ရသေ့ကို ဗာရာဏသီမင်းသည် မြင်၍ ဣရိယာပုထ်ကို ကြည်ညို၍ ပင့်လျှောက်စေပြီး ခင်းထားအပ်သော နေရာ၌ နေတော်မူစေလျက် အထူးထူး အပြားပြား အရသာရှိသော ဘောဇဉ်တို့ကို ကျွေးမွေးလှူဒါန်း၍ တခုသော နိမ့်သော နေရာဝယ် နေပြီးလျှင် ရှိခိုး၍ ထိုအာဠာရ ရသေ့နှင့် အတူတကွ အချင်းချင်း ဝမ်းမြောက်သော စကားကို ပြောဆိုလျက် ရှေးဦးစွာ ဂါထာကို လျှောက်ဆို၏—

အရိယာဝကာသောသိ ပသန္နနေတ္တော၊
မညေ ဘဝံ ပဗ္ဗဇိတော ကုလမှာ။
ကထံ နု ဝိတ္တာနိ ပဟာယ ဘောဂေ၊
ပဗ္ဗဇိ နိက္ခမ္မ ဃရာ သပညာတိ။

ဘန္တေ၊ အရှင်ဘုရား။ တွံ၊ အရှင်ဘုရားသည်။ အရိယာဝကာသော၊ အပြစ် ကင်းသော ကောင်းသော ကိုယ်ရောင် ကိုယ်ဝါ ရှိသည်။ အသိ၊ ဖြစ်ခဲ့ပေ၏။ ပသန္နနေတ္တော၊ ကြည်လင်သော မျက်စိရှိသည်။ အသိ၊ ဖြစ်ခဲ့ပေ၏။ ဘဝံ၊ အရှင် သည်။ ကုလမှာ၊ မြတ်သောအမျိုးမှ။ ပဗ္ဗဇိတော မညေ၊ ရဟန်းပြုသည်ထင်ရ ပေ၏။ ကထံ နု—ကေန ကာရဏေန၊ အဘယ်အကြောင်းကြောင့်။ ဝိတ္တာနိ စ၊ ဥစ္စာတို့ကိုရင်း။ ဘောဂေ စ၊ အသုံးအဆောင်တို့ကိုရင်း။ ပဟာယ၊ ပယ်စွန့်၍။ သပညော၊ ပညာနှင့်ပြည့်စုံသော။ တွံ၊ အရှင်ဘုရားသည်။ ဃရာ၊ အိမ်ရာ တည်ထောင်သည့် လူ့ဘောင်မှ။ နိက္ခမ္မ၊ တောထွက်၍။ ပဗ္ဗဇိ၊ ရဟန်းပြုဘိသနည်း။

မင်းကြီးက လျှောက်ထားပုံ။ ။အရှင်ဘုရား အရှင်ဘုရားသည် အပြစ်ကင်းသော ကောင်းသော ကိုယ်ရောင် အဆင်းရှိသည်၊ ပါ- အလွန် အဆင်းလှသူ ဖြစ်ပါသည်၊ ကြည်လင်သော မျက်စိ ရှိပါ၏၊ မြတ်သော အမျိုးမှ ရဟန်းပြုသည်ဟု ထင်မှတ်ပါ၏၊ အဘယ်အကြောင်းကြောင့် ဉစ္စာ စည်းစိမ်တို့ကိုရင်း များသော အသုံးအဆောင်တို့ကိုရင်း ပယ်စွန့်လျက် ပညာရှိသော အရှင်ဘုရားသည် အိမ်ရာတည်ထောင် လူ့ဘောင်မှ တောထွက်၍ ရဟန်းပြုပါသနည်းဟု လျှောက်ထားလေ၏။

ထိုနောက်မှ ရသေ့သည် မင်းအား ဂါထာဖြင့် မိန့်ကြားပေ၏—

သယံ ဝိမာနံ နရဒေဝ ဒိသွာ၊
မဟာနုဘာဝဿ မဟောရဂဿ။
ဒိသွာန ပုညာန မဟာဝိပါကံ၊
သဒ္ဓါယ'ဟံ ပဗ္ဗဇိတောမှိ ရာဇ။

နရဒေဝ၊ လူတို့အထွတ် လောကနတ် ဖြစ်တော်မူသော။ ရာဇ၊ ဘုရင်မင်းမြတ်။ အဟံ၊ ငါသည်။ မဟာနုဘာဝဿ၊ ကြီးသော အာနုဘော်ရှိသော။ မဟောရဂဿ၊ သခ်ပါလ နဂါးမင်း၏။ ဝိမာနံ၊ အရာမကသော ကခြေသည် စည်းစိမ်ချမ်းသာတို့ဖြင့်ပြည့်စုံသော ရွှေဗိမာန်ကို။သယံ၊ကိုယ်တိုင်။ ဒိသွာန စ၊ မြင်၍ရင်း။ ပုညာနံ၊ ကောင်းမှုတို့၏။ မဟာဝိပါကံ၊ ကြီးမြတ်သော အကျိုးကို။ ဒိသွာန စ၊ မြင်၍ရင်း။ သဒ္ဓါယ၊ ကံ ကံ၏အကျိုး တမလွန်ဘဝကို ယုံကြည်သောကြောင့်။ ပဗ္ဗဇိတော၊ ရဟန်းပြုသည်။ အမှိ၊ ဖြစ်ခဲ့ပေ၏။

လူတို့ထက် မြတ်တော်မူသော မင်းမြတ် ကြီးသော အာနုဘော်ရှိသော ကြီးသော ကိုယ်ရှိသော သခ်ပါလနဂါးမင်း၏ အရာမက များစွာသော ကခြေသည် အပေါင်းနှင့် ပြည့်စုံသော ရွှေဗိမာန်ကို ကိုယ်တိုင်မြင်ရ၍ရင်း ကောင်းမှုတို့၏ ကြီးမြတ်သော အကျိုးကိုမြင်၍ရင်း ကံ ကံ၏အကျိုးကို ယုံကြည်သောကြောင့် ရင်း ရဟန်းပြုခဲ့ပေ၏ဟု မိန့်ကြားလေ၏။

မင်းကြီးက တဖန် လျှောက်ထားပုံ။ ။အရှင်ဘုရား ရသေ့ ရဟန်းတို့သည် ဝတ္ထုကာမတို့၌ တပ်စွန်းသော အားဖြင့် ချွတ်ယွင်းသော စကားကို အဘယ်သို့သော အခါမှ မဆိုခဲ့ပေ၊ ကြောက်လန့်သော အားဖြင့်လည်း ချွတ်ယွင်းသော စကားကို မဆိုကြပေကုန်၊ အမျက်ဒေါသထွက်သောအားဖြင့် (ကရုဏာဒေါသမှအပ) မူလည်း ချွတ်ယွင်းသော စကားကို အဘယ်သို့သော အခါမှ မဆိုခဲ့ကြကုန်၊ မေးအပ်သော အရှင်ဘုရားသည် ဘုရားတပည့်တော်အား ထိုအကြောင်းကို ဟောကြားတော် မူပါလော့၊

ကြားနာရပါသဖြင့် ဘုရား တပည့်တော်အား ကြည်ညိုခြင်းသည် ဖြစ်ရပေအံ့ဟု လျှောက်ထားလေ၏။

ရသေ့က မိန့်ကြားပုံ။ ။တိုင်းသူသခင် ပြည့်ရှင်မင်းမြတ် လောကနတ် ငါ ရသေ့သည် ကုန်သွယ်ခြင်းအမှုကို ပြုရပေအံ့ဟု သွားသည်ရှိသော် လမ်းခရီးမကြီး၌ ကြီးပွါးသော ကိုယ်ရှိသော မြင့်မြတ်ကြီးမားသော သခ်ပါလနဂါးမင်းကို ဖမ်းယူ၍ သွားကြကုန်သော ဝမ်းမြောက်ကြပြီးတော့မှ နေကြတဲ့ မုဆိုးသားတို့ကို မြင်ခဲ့ခြင်း ဖြစ်ခဲ့ပေသည်ဟု မိန့်ဆို၏။

တဖန် မိန့်ကြားတော် မူတာကတော့—

လူတို့ကို ပိုင်သ အစိုးရတော်မူသော မင်းမြတ် ထိုငါသည် နဂါးမင်းကို ဖမ်းသွားကုန်သော မုဆိုးသားတို့သို့ ချဉ်းကပ်၍ ထိုမုဆိုးသားတို့ကြောင့် ကြက်သီးမွေးညှင်းထလျက် ကြောက်လန့်သည်ဖြစ်၍ မေးမြန်းခဲ့ပါပေ၏၊ အိုအသင် မုဆိုးသားအပေါင်းတို့ ကြောက်မက်ဖွယ်ရှိသည့် ကိုယ် ရှိပါပေသော ဤ နဂါးမင်းကြီးကို အဘယ်အရပ်သို့ ဆောင်အပ်လိုပေသနည်း၊ အဲဒီ နဂါးဖြင့် သင်တို့ အဘယ်သို့ ပြုရန် ကြံရွယ်ကြကုန်ဘိသနည်း ဟူ၍ မေးခဲ့ပါပေ၏။

မုဆိုးသားတို့က ပြောဆိုပုံ။ ။ထိုအခါ မုဆိုးသားတို့က နေပြီးတော့ရင် အို ဝိဒေဟတိုင်းသား ကြီးပွါးသောကိုယ် ရှိသော မြင့်မြတ်သော ရင်ဖြင့် သွားတတ်သော ဤ နဂါးမင်းကို စားအံ့သောငှါ ဆောင်ခဲ့ပါပေ၏၊ ထို နဂါး၏ အသားသည် ချိုမြိန်ခြင်း ဆူခြင်း နူးညံ့ခြင်း သဘော ရှိပါပေ၏၊ သင်ကတော့ နဂါးရဲ့ အရသာကို မသိသေးပေ၊ ငါတို့သည် ဤ အရပ်မှ ထမ်းပိုးရွက်ကာ မိမိတို့၏ အိမ်တို့သို့ သွားကုန်လျက် ဒါးဖြင့် လှီး၍ အသားတို့ကို ဝမ်းမြောက်ဝမ်းသာ ဖြတ်ကြကုန်လျက် စားကြကုန်အံ့၊ အို ဝိဒေဟတိုင်းသား ရသေ့ ထိုစကားသည် မှန်ပေစွ၊ ငါတို့သည်ကား စင်စစ် မှာတော့ နဂါးတို့ရဲ့ ရန်သူတို့ ဖြစ်ကြပေ၏၊ ဤသို့ ပြောဆိုကြ ကုန်၏။

ရသေ့က မိန့်ကြားပုံ။ ။အို မုဆိုးသားတို့ ကြီးပွါးသော ကိုယ်ရှိသော မြင့်မြတ်သော ဤရင်ဖြင့် သွားတတ်သော နဂါးမင်းကို (နဂါးသားကို) စားအံ့သောငှါ အကယ်၍ ဆောင်ယူအပ်ခဲ့ပါသည် ရှိသော် သင် မုဆိုးသားတို့အား လှည်းတိုက် နွားလား တဆယ့်ခြောက်ကောင်တို့ကို ပေးခဲ့ပါအံ့၊ ဤ နဂါးမင်းကို အနှောင်အဖွဲ့မှ လွတ်လိုက်ကြပေကုန်လော့ ဤသို့ မိန့်ဆိုလိုက်ပေ၏။

**မုဆိုးသားတို့ ဖြေဆိုပုံ။** ။ဝိဒေဟတိုင်းသားဖြစ်သော အာဠာရ နှစ်လိုဖွယ်ရှိသော ဤနဂါးသည် အကျွန်ုပ်တို့၏ စင်စစ်(မချွတ်) ပင် အစာဖြစ်ပါပေ၏။ ရင်ဖြင့် သွားတတ်သော နဂါးတို့ကို အကျွန်ုပ်တို့သည် ရှေးအခါက အများ အပြားပင် စားခဲ့ဘူးကြပါပေ၏။ သင်ဝိဒေဟတိုင်းသား ၏ စကားကို လိုက်နာကြပါကုန်အံ့၊ သင်ကနေပြီးတော့ရင် အကျွန်ုပ်တို့၏ အဆွေခင်ပွန်းသည်လည်း ဖြစ်ရပေလော့၊ ဤသို့ မုဆိုးသားတို့က ဆိုကြပေကုန်၏။

**ရသေ့က တဖန် မိန့်ကြားပုံ။** ။တိုင်းသူသခင် ပြည့်ရှင်ဘုရင်မင်းမြတ် ထိုအခါမှာ ထိုမုဆိုးသားတို့သည် ထိုနဂါးမင်းအား အနှောင်အဖွဲ့မှ လွှတ်စေကုန်သတတ်၊ ထိုနဂါးမင်း၏ နှာခေါင်းပေါက်မှ သွင်းလျက် ကျော့ကွင်း၌ အကြင်စွပ်အပ်သော အနှောင်အဖွဲ့သည် ရှိခဲ့ပါပေ၏၊ ထို အနှောင်အဖွဲ့မှလည်း ရင်ဖြင့် သွားတတ်သော နဂါးမင်းကို လွှတ်စေကုန်၏၊ ထိုသခ်ပါလနဂါးမင်းသည် အနှောင်အဖွဲ့မှ လွတ်မြောက်သည်ဖြစ်၍လည်း တခဏမျှ အရှေ့ချက်နှာသို့ ရှေးရှုပြီးတော့ရင် သွားလေ၏။

တခဏမျှ အရှေ့မျက်နှာသို့ ရှေးရှုပြီး သွားရှာလေသော ထိုနဂါးမင်းသည် မျက်ရည်တို့ဖြင့် ပြည့်ကုန်သော မျက်စိတို့ဖြင့် အကျွန်ုပ်ကို ကြည့်ရှုခဲ့ပါပေ၏၊ ထိုအခါမှာ အကျွန်ုပ်သည် ထိုနဂါးမင်း၏ နောက်မှ လက်ဆယ်ချောင်းကို ပေါင်း၍ ယှက်သော လက်အုပ်ကို ချီလျက် လိုက်ခဲ့ပေ၏။

နဂါးမင်း သင်သည် ရှောင်တခင် ကြွတော်မူလေလော့၊ သင်နဂါးမင်းကို ရန်သူတို့သည် နောက်ထပ်တဖန် မဖမ်းစေကုန်လင့်၊ ရန့်ရင်း ကြမ်းကြုတ်ကုန်သော သူတို့နှင့် တဖန် ပေါင်းဖော်ရခြင်းသည် စင်စစ်သဖြင့် အမှန်ဆင်းရဲပေ၏။ နဂါးမင်း သင်နဂါးမင်းသည် မုဆိုးသားတို့၏ မမြင်နိုင်သော အရပ်သို့ ကြွတော်မူလေလော့ဟု ဆိုလိုက်ပေ၏။

တိုင်းသူသခင် ပြည့်ရှင်ဘုရင်မင်းကြီး ထိုနဂါးမင်းသည် ကြည်သော ရေရှိသော ညိုသောအရောင်ရှိသော နှလုံးမွေ့လျော်ဖွယ်ရာရှိသော ကောင်းသော ရေဆိပ်ရှိသော ကမ်းနှစ်ဖက်တို့၌ သပြေပင်,ရင်းရဲပင်တို့ဖြင့် ပြွမ်းသော ကဏ္ဏဝေဏ္ဏမြစ်ကို သွားလေ၏၊ ဘေးရန် ကင်းဝေးသည်ဖြစ်၍ ဝမ်းမြောက်ရွှင်လန်းစွာဝင်သွားလေ၏။

တိုင်းသူသခင် ပြည့်ရှင်ဘုရင်မင်းမြတ် ထိုနဂါးမင်းသည် ကဏ္ဏဝေဏ္ဏမြစ်သို့ ဝင်သွားပြီး မကြာမြင့်မီမှာပင်လျှင် နတ်၌ဖြစ်သော အခြံအရံဖြင့် ခြံရံလျက် ငါ၏ ရှေ့၌ထင်ရှားဖြစ်လာ၏၊ သားသည် အဘကို ဆည်းကပ်ခစားဘိသကဲ့သို့ ထိုအတူ

ထိုနဂါးမင်းသည် နှလုံးသို့ သက်ဝင်သော နားဌ ချမ်းသာသော စကားကို ပြောဆိုလျက် အကျွန်ုပ်ကို ဆည်းကပ်ခစားပြီး လာခဲ့ပါပေ၏။

**နဂါးမင်းက မိန့်ဆိုပုံ။** ။ထိုအခါမှာ နဂါးမင်းက အာဠာရ သင်သည် ကျွန်ုပ်၏ အမိဆိုလည်း ဟုတ်ပါပေ၏၊ အဘဆိုလည်း ဟုတ်ပါပေ၏၊ နှလုံးသားနှင့်တူသော အသက်ကို ပေးစွန့်ပေတတ်သော ခင်ပွန်းအစစ် အဆွေချစ်သည်လည်း ဟုတ်ပါပေ၏၊ အာဠာရ သင့်အား ကျွန်ုပ်သည် ပူဇော်ပသချီးမြှောက်ခြင်းကိုလည်း ပြုပါရစေအံ့၊ အကျွန်ုပ်သည်တန်းခိုးကို တဖန်ပြန်ရသည် ဖြစ်ခဲ့ပါပေ၏။

အိုအာဠာရ သင်သည် ကျွန်ုပ်၏ နေရာဗိမာန်တို့ကိုလည်း လိုက်ခဲ့ပြီးတော့မှ ရင် ရှုတော်မူပါဦးလော့၊ သိကြားမင်း၏ တာဝတိံသာနတ်ပြည်နှင့်တူသော များစွာသော ဘောဇဉ်ရှိသော များစွာသော ထမင်းအဖျော်ရှိသော နဂါးပြည်ကိုလည်း လိုက်ခဲ့ပြီးတော့မှရင် ရှုတော်မူပါဦးလော့၊ တိုင်းသူသခင် ပြည့်ရှင်ဘုရင်မင်းမြတ်ကြီး အဲဒီလို ထိုသခ်ပါလနဂါးမင်းသည် ကျွန်ုပ်ကို ဆိုခဲ့ပါပေ၏။

**နဂါးပြည်၌ရှိသောစည်းစိမ်ကို ချီးမွမ်းခြင်း။** ။အကျွန်ုပ်ကို ဤသို့ဆိုခဲ့ပါသည်၊ အို အာဠာရ အကြင် နဂါးတို့၏ နေပြည်အရပ်ဝယ် ဝင်တည့် ကာမျှဖြင့်ပင်လျှင် သတ္တဝါ အပေါင်းတို့သည် စိုးရိမ်ကြောင့်ကြ ဗျာပါရကို စွန့်ကြကုန်၏၊ ထိုနဂါးတို့၏ နေပြည်အရပ်သည် ညီညွတ်သော မြေအဘို့တို့နှင့်လည်း ပြည့်စုံသော သဘောရှိပါပေ၏၊ ငါတို့ နဂါးပြည်၏ မြေအပြင်မှာကား ကျောက်ခဲ ကျောက်စရစ်တို့လည်း အလွန်ကင်းရှင်းပါပေ၏။

နူးညံ့သိမ်မွေ့စွာ ရတနာခုနစ်ပါးတို့၏ အရောင်ဖြင့် ပြောင်ပြောင်ထွန်းဝင်းသည့် သဘောလည်း ရှိပေ၏၊ ပိုးပရန့်၏ ကျောက်ကုန်းအဆင်းနှင့် တူသော ခြင်းခြင်းနီသော နိမ့်သော မြက်နှင့်လည်း ပြည့်စုံပါပေ၏၊ မြူခိုးလည်း ကင်းပါပေ၏၊ ကြည်ညိုဖွယ်ရာလည်း အလွန်ကောင်းပါပေ၏။

မယုတ်သော ကမ်းရှိသော ကျောက်မျက်ရွှဖြင့် ပြီးသော စိမ်းညိုကြည်လင်သော ရေ၏တည်ရာ ရေကန်လည်း ရှိပါပေ၏၊ ရေကန်ကြီး၏ လေးဒေါင့်မျက်နှာတို့မှာလည်း အလွန် မွေ့လျော်ဖွယ်ရာ ကောင်းပေသော သရက်ဥယျာဉ်လည်း ရှိပါပေ၏၊ ထိုဥယျာဉ်၌ သရက်ပင်တို့သည် မှည့်ကုန်သော အစိမ်းအရွမ်းဖြစ်ကုန်သော အသီးများ ရှိကုန်သည်ဖြစ်၍ အလွန်ပွင့်လင်းစည်ပင်ကုန်၏၊ ဥတုခြောက်ပါးတို့နှင့် လျော်သော အပွင့်အသီးနှင့် ပြည့်စုံကုန်၏၊ သစ်သီးတို့ကို ဆောင်ယူကြကုန်၏၊

**နဂါးပြည်၏ပြာသာဒ်ကို ချီးမွမ်းပုံ။** ။တိုင်းသူ့သခင် ပြည့်ရှင် ဘုရင်မင်းမြတ် ထို သရက်ဥယျာဉ်တော်တို့၏ အလယ်မှာ ပြိုးပြိုးပြက် ထွက်သော အရောင်အဆင်းရှိသော ငွေဖြင့်ပြီးသော တံခါးရွက်ရှိသော မြတ်သော ရွှေပြာသာဒ်သည် ကောင်းကင်ပြင်၌ လျှပ်စစ်နွယ်ကဲ့သို့ ထွန်းလင်း တောက်ပပါပေ၏။

တိုင်းသူ့သခင် ပြည့်ရှင်ဘုရင်မင်းမြတ် ထိုပြာသာဒ်၌ ကောင်းစွာ ဖန်ဆင်းအပ်ကုန်သော တပါးမက များသော ဆန်းကြယ်ခြင်း ရှိပေကုန်သော ပတ္တမြားဖြင့် ပြီးသည်လည်းဖြစ်ကုန်သော ရွှေဖြင့် ပြီးသည်လည်း ဖြစ်ကုန်သော မွန်မြတ်သော စုလစ်မွန်းချွန်တပ်သော အဆောင်တိုက်ခန်းတို့သည် တန်းဆာဆင်အပ်ကုန်သော ရွှေခြေကျင်း ဝတ်ကုန်သော သတိုးသမီးတို့ဖြင့် အခါခပ်သိမ်း ပြည့်စုံကုန်၏။

တိုင်းသူ့သခင် ပြည့်ရှင်ဘုရင်မင်းမြတ် များစွာသော တိုင်ရှိသော အတုမဲ့ လျှင်း ပမာကင်းသော အာနုဘော်ရှိသော ထိုပြာသာဒ်သို့ မယုတ်မာ မွန်မြတ်သော အဆင်းရှိသော သခ်ပါလနဂါးမင်းသည် အဆောတလျင် အကျွန်ုပ်ကို လက်၌ကိုင်၍ တက်ပြီး အကြင်အရပ်၌ ထိုသခ်ပါလနဂါးမင်း၏ မိဖုရားသည် နေ၏၊ ထိုအရပ်သို့ ဆောင်၏။

တယောက်သော မိန်းမသည်လည်း ကျောက်မျက်ရွဲဖြင့် ပြီးသော အတိုးများစွာ ထိုက်သော တင့်တယ်စွာသော အမျိုးကောင်းသော ပတ္တမြားတို့နှင့်ပြည့်စုံသော နေရာကို အဆောတလျင် ယူတည့်ပြီးတော့မှရင် မန္တီးဆော် မတိုက်တွန်းပါပဲလျက်နှင့် ခင်းထားပေ၏။

**နဂါးမင်း၏ မိဖုရားများ လုပ်ကျွေးပုံ။** ။ထို့နောင်မှ သခ်ပါလ နဂါးမင်းသည် အကျွန်ုပ်ကို လက်၌ ကိုင်ပြီးတော့မှရင် မြတ်သောနေရာဝယ် နေစေဘိ၏၊ အကြင့်ကြောင့် အရှင်သည် အကျွန်ုပ်၏ အလေးအမြတ် ပြုအပ်ကုန်သော သူတို့တွင် တယောက်သောသူ ပေတည်း၊ ထို့ကြောင့် ဤမြတ်သော နေရာသည် အရှင်၏နေရာသာ ဖြစ်ပါပေ၏၊ အဲဒီ မြတ်သောနေရာ၌ အရှင်သည် နေတော်မူပါလော့၊ ဤသို့ဆို၍ မြတ်သော နေရာ၌ နေစေပေ၏၊

တိုင်းသူ့သခင် ပြည့်ရှင် ဘုရင်မင်းမြတ် ချစ်မြတ်နိုးအပ် လုပ်ကျွေးသမှု မွေးမြူခြင်း ပြုအပ်ပါပေသော လင်ယောကျ်ား၏ ခြေတို့ကို မယားသည် ဆေးဘိသကဲ့သို့ တယောက်သော မိန်းမသည်လည်း အဆောတလျင် ရေကို ယူ၍ ကပ်လာပြီးတော့မှရင် အကျွန်ုပ်၏ခြေတို့ကို ဆေးပါပေ၏။

တိုင်းသူ့သခင် ပြည့်ရှင်ဘုရင်မင်းမြတ် တယောက်သော မိန်းမသည်လည်း ရွှေဖြင့်ပြီးသောခွက်ဖြင့် များစွာသော ဟင်းကိုင်း၊ အထူးထူး အပြားပြား များစွာသော ဟင်းလျာကိုင်း၊ နှစ်သက်ဖွယ်သော သဘောရှိသော ထမင်းကိုင်း အဆောတလျင် ယူတည့်ပြီးတော့မှရင် တည်ထားဆက်ကပ်လာပေ၏။

**နဂါးမင်းက နဂါးပြည်၌ဖြစ်သော စည်းစိမ်တို့ဖြင့် မွေ့လျော်စေပုံ**

မင်းမြတ် ဘာရတမိန်းမတို့သည် မိမိတို့ လင်ဖြစ်သော သခ်ပါလနဂါးမင်း၏ စိတ်ကို သိကြ၍ စား၍ပြီးသော အကျွန်ုပ်ကို တီးမှုတ်မျိုးတို့ဖြင့် လုပ်ကျွေးကြကုန်၏၊ ထို့ထက် အလွန် ထို သခ်ပါလနဂါးမင်းသည် အကျွန်ုပ်ကို တုပ်ဝပ် ဆည်းကပ်ပေ၏၊ များစွာကုန်သော မြတ်သော နတ်ပြည်၌ ဖြစ်ပါကုန်သော ကာမဂုဏ်တို့ဖြင့် လုပ်ကျွေးစေ၏။

အာဠာရ အလုံးစုံသော လက်တဆုပ်မျှ ပမာဏရှိသည်ဖြစ်၍ သွယ်သွယ် သေးသေး ယဉ်ကျေးသော ခါးလည်းရှိကုန်သော ပဒုမာကြာပန်းနှင့်တူသော မွန်မြတ်သော အရောင်း အဆင်းလည်း ရှိကုန်သော သုံးရာကုန်သော ထို မိန်းမတို့သည် ငါ၏မယားတို့ ပါပေတည်း၊ အာဠာရ ထို မိန်းမတို့သည် သင်၏အလိုကို ပြုတတ်ကုန်သည် ဖြစ်ပေကုန်၏၊ သင့်အား ပေးပါ၏၊ သင်သည် ထို သုံးရာကုန်သော မိန်းမတို့ကို အလုပ်အကျွေးပြုပါလော့။

**သခ်ပါလနဂါးမင်း၏စည်းစိမ်ကို မေးမြန်းခြင်း**

တိုင်းသူ့သခင် ပြည့်ရှင် ဘုရင်မင်းမြတ် ငါသည် တနှစ်ပတ်လုံး နတ်၌ဖြစ်သော ကာမဂုဏ် အရသာကို ခံစား၍ ထိုအခါ၌ ငါသည် အလွန် နဂါးအား မေး၏၊ သခ်ပါလနဂါးမင်းအား ဤစည်းစိမ်ချမ်းသာသည် ဖြစ်၏၊ အဘယ်သို့သော ကောင်းမှုကိုင်း အဘယ်သို့သော အကြောင်းကိုင်း ပြု၍ ဤ စည်းစိမ်ကို သင်သည် ရအပ်ပါသနည်း၊ အဘယ်သို့သော အကြောင်းကို ပြု၍ သင်သည် မြတ်သော ရွှေဗိမာန်ကို ရအပ်ဘိသနည်း။

နဂါးမင်း သင်သည် မြတ်သော ရွှေဗိမာန်ကို အကြောင်းကင်းလျက် အလိုလို ပင် ရလေသလော၊ ထိုသို့မဟုတ်မူ သင်၏အကျိုးငှါ တစုံတယောက်သော သူသည် ညွတ်ခြင်းကြောင့် ဖြစ်စေသလော၊ မိမိအလိုလို တည်ဆောက် လုပ်စေသလော၊ ထိုသို့ မဟုတ်မူကား နတ်တို့သည်လည်း ပေးအပ်လေသလော၊ ထို အကြောင်းကို သင့်အား ငါမေး၏၊ မြတ်သော ရွှေဗိမာန်ကို အဘယ်သို့ပြု၍ ရခဲ့ဘိသနည်းဟု မေးမြန်း၏။

နဂါးမင်းက ပြန်ကြားဖြေဆိုပုံ။ ။အို အာဋ္ဌာရ ဤမြတ်သော ရွှေဗိမာန်ကို ငါသည် အကြောင်းကင်းသဖြင့် မရအပ်၊ ငါ၏အကျိုးငှါ တစုံတယောက်သောသူသည်လည်း ညွှတ်ခြင်းကြောင့်လည်း မဖြစ်စေ၊ မိမိအလိုလို ကိုယ်တိုင်ဆောက်လုပ်အပ်သည်လည်းမဟုတ်၊ နတ်အများကလည်း လာရောက်ပေးထားသည်လည်းမဟုတ်၊ မယုတ်မာပါပဲလျက်နှင့် စိတ်သန္တာန်ကို ဖြူစင်သန့်ရှင်းစေတတ်သည့် မိမိပြုလုပ်ခဲ့သော ကုသိုလ်ကံကြောင့်သာ ဤသို့သော ရွှေဗိမာန်ကို ငါသည် ရအပ်ပါပေ၏။

ဆောက်တည်အပ်သော ကျင့်ဝတ်ကို မေးမြန်းခြင်း　　နဂါးမင်း သင်၏ မြတ်သော ဗိမာန်ကို ရစိမ့်သောငှါ ကောင်းစွာဆောက်တည်အပ်သော ကျင့်ဝတ်သည် အဘယ်သို့သော ကျင့်ဝတ်ဖြစ်ပါသနည်း၊ ရွှေဗိမာန်ကို ရခြင်းအကြောင်း ကောင်းမြတ်အကျင့်သည် အဘယ်အကျင့်နည်း၊ ဤစည်းစိမ်ချမ်းသာကို ရခြင်းတည်းဟူသော အကျိုးသည် အဘယ်မည်သော ကောင်းမှု၏အကျိုးပါနည်း၊ အသို့မှု၍ သင်သည် ဤ ရွှေဗိမာန်ကို ရအပ်ခဲ့ဘိသနည်း၊ ထိုအကြောင်းကို ငါ့အား ပြောကြားပါလော့။

နဂါးမင်းက အတိတ်ဝတ္ထုကို ပြန်ကြားပုံ။ ။အို အာဋ္ဌာရ မဂဓရာဇ်တိုင်းသူ ပြည်သား လူအများ တို့ကို အစိုးရပေသော ကြီးသော တန်းခိုးအာနုဘော်ရှိသော ဒုယျောဓနမည်သော မင်းမြတ်ကြီးသည် ဖြစ်ခဲ့ဘူးပေပြီ၊ ထို ဒုယျောဓနမင်းကြီးသည် အသက်သည် နည်း၏ မမြဲချေ၊ ဖောက်ပြန်သော သဘောရှိပေ၏ဟူ၍ သိတော်မူသဖြင့် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ပြန့်ပြောစွာသော ဆွမ်းအလှူကိုရင်း ဟင်းအဖျော်အလှူကိုရင်း ရိုသေလေးစားစွာ ဒါနကို ပေးလှူခဲ့ပေ၏၊ ထိုအခါ၌ ငါ၏အိမ်သည် ခရီးလေးခုတို့၏ အဆုံ၌ တူးအပ်သော ရေကန်သဖွယ်သည် ဖြစ်ခဲ့ပါပေ၏၊ ရဟန်း ပုဏ္ဏားတို့သည်လည်း လေးပါးသော ပစ္စည်းတို့ဖြင့် ရောင့်ရဲစွာ နေနိုင်ကြပေကုန်၏။

ထိုလူ့ပြည်၌ ပန်းကိုရင်း နံ့သာ နံ့သာပျောင်း ဆီမီး ယာဉ် ကျောင်း အဝတ် သက်န်း အိပ်ရာ နေရာ အဖျော်ယမကာဟု ဆိုအပ်သော ဤ (၁၀)ပါး ကုန်သော ဒါနဝတ္ထုတို့ကို ရိုသေလေးစားစွာဖြင့် အလှူတော်ကြီးပေးခဲ့ဘူးပါပြီ။

အာဋ္ဌာရ ထိုဆယ်ပါးသော ဒါနဝတ္ထုတို့ကို လှူဒါန်းခြင်း တည်းဟူသော ကျင့်ဝတ်သည် အကျွန်ုပ်၏ မြတ်သော ရွှေဗိမာန်ကြီးကို ရခြင်း၏ အကြောင်း ဖြစ်သော ကျင့်ဝတ်ပေတည်း၊ ထိုဆိုအပ်ပြီးသော ကျင့်ဝတ် မည်သည်ကား

အကျွန်ုပ်၏ ရွှေဗိမာန်ကို ရခြင်း၏ အကြောင်း ကောင်းမြတ်သော အကျင့်တည်း၊ ဤကောင်းကျိုးသည် ထိုသို့သဘောရှိသော ကောင်းစွာ ကျင့်အပ်သော ဒါနကုသိုလ်၏ ကောင်းကျိုး ဖြစ်ပေ၏။

အိုအာဠ္ဌာရ ထိုသို့သဘောရှိသော လှူဒါန်းပူဇော်ရသော ကောင်းမှုကုသိုလ်ကြောင့်သာလျှင် ဤရွှေဗိမာန်ကြီးကိုရင်း များစွာသော ဘောဇဉ်ကိုရင်း များစွာသော ထမင်း အဖျော်ကိုရင်း ငါသည် ကောင်းစွာ ရအပ်ပါပေ၏၊ ကချေသည်တို့နှင့်ရင်း သီချင်းသည်တို့နှင့်ရင်း ပြည့်စုံသော သဘောရှိသော ဤငါ၏ ရွှေဗိမာန်ကြီးသည် အစွန့်ကြာမြင့်စွာ တည်နေလင့်ကစား မြဲသော သဘောကား မရှိနိုင်ချေတကား။

**သခ်ပါလနဂါးမင်းနှင့်အာဠ္ဌာရတို့၏ အမေးအဖြေ** နဂါးမင်း အရှိန်အစော် မရှိသည့်အပြင် နည်းသော အာနုဘော် ရှိကုန်တဲ့ ထိုမုဆိုးသားတို့သည် အရှိန်အစော်နှင့် ပြည့်စုံပြီးတော့မှရင် ကြီးသော တန်းခိုးအာနုဘော် ရှိပါပေတဲ့ အသင်နဂါးမင်းကြီးကို အဘယ်သို့သော အကြောင်းကြောင့် ရှစ်ဌာနတို့၌ တံကျင်ဖြင့် ထိုးလျှိုပြီးတော့ရင် ညှဉ်းဆဲနှိပ်စက်ကြလေကုန်ဘိသနည်း၊ အစွယ်ထက်သော လက်နက်ရှိပါပေသည့် နဂါးမင်း အဘယ်အကြောင်းကို အစွဲ ပြုပြီး အဘယ့်ကြောင့် သင်နဂါးမင်းကြီးသည် မုဆိုးသားအပေါင်းတို့၏ လက်တွင်း၌ ပျက်စီးခြင်းသို့ ရောက်ရလေဘိသနည်း။

အစွယ်ထက်သော လက်နက်ရှိပါပေသည့် နဂါးမင်း သင် နဂါးမင်းကြီး၏ တန်းခိုးအစွမ်းတော်သည် ထိုမုဆိုးသားတို့ကို မြင်သောအခါ၌ ကြီးစွာသော ကြောက်ခြင်းသို့ ရောက်ခဲ့လေဘိသလော၊ ထိုသို့ မဟုတ်ခဲ့မူ သင်နဂါးမင်း၏ အစွမ်းတော် တည်းဟူသော အဆိပ်သည် အစွယ် အရင်းသို့ မရောက်လာလေသလော၊ အဘယ်ကိုအစွဲပြု၍ အဘယ့်ကြောင့်သာလျှင် မုဆိုးသားအပေါင်းတို့၏ အထံ၌ ဆင်းရဲပင်ပန်းခြင်းသို့ ရောက်ခဲ့ရလေဘိသနည်း။

**နဂါးမင်း ဖြေကြားပုံ။** ။အာဠ္ဌာရ ထိုအခါ၌ ငါ၏ အစွမ်းသည် ကြီးသော ဘေးသို့ မရောက်နိုင်၊ ငါ၏ အစွမ်း တည်းဟူသော အဆိပ်ကို တပါးသောသူ၏ အဆိပ်ဖြင့် ထိုမုဆိုးသားတို့သည် ပယ်ဖျောက်အံ့ သောငှါ မတတ်နိုင်ပေ၊ ထိုသို့ပင် မတတ်နိုင်စေကာမူ သမုဒ္ဒရာကမ်းကိုကဲ့သို့ ဘုရား အစရှိသော သူတော်ကောင်းတို့၏ ကောင်းစွာ ဟောတော်မူအပ်ကုန်သော လွန်ခြင်းငှါ ခဲယဉ်းကုန်သော သီလ အစရှိကုန်သော တရားတို့သည် ရှိပေကုန်၏၊ ထိုကြောင့် မုဆိုးသားတို့၏ အထံ၌ ငါသည် ဆင်းရဲပင်ပန်းခြင်းသို့ ရောက်ရပေ၏။

အာဠာရ ငါသည် တဆယ့်လေးရက်တို့၏ ပြည့်ကြောင်းဖြစ်သော နေ့၌ရင်း တဆယ့်ငါးရက်တို့၏ ပြည့်ကြောင်းဖြစ်သော နေ့၌ရင်း အမြဲဥပုသ်ကို စောင့်သုံး၏၊ ထိုအခါ၌ တကျိပ်ခြောက်ယောက်ကုန်သော မုဆိုးသားတို့သည် ကြိုးကိုရင်း မြဲမြံသော ကျော့ကွင်းတို့ကိုရင်း ယူ၍ ငါ၏အထံသို့ လာကြပေကုန်၏။

အာဠာရ မုဆိုးသားတို့သည် ငါ၏ ကိုယ်၌ ရှစ်ဌာနတို့၌ ဖောက်၍ရင်း နှာခေါင်းကို ဖောက်၍ရင်း နှာခေါင်း၌ သီသောကြိုးကို ထမ်းပိုးစွန်း၌ ဆွဲ၍ ထက်ဝန်းကျင်မှ သိမ်းဆည်း၍ ငါ့ကို ဆောင်ကြပေကုန်၏၊ ငါသည် ဥပုသ်ကို မပျက်စီးစေလိုသောကြောင့် ထိုသို့သဘောရှိသော ဆင်းရဲကို သည်းခံနိုင်ပေ၏။

**အာဠာရ-က တဖန်ပြန်၍ မေးမြန်းခြင်း။** ။အဆွေသခ်ပါလနဂါးမင်း တဖဝါး လှမ်းလောက်ရုံမျှသော ခြေကြောင်း ခရီး၌ ခွန်အားနှင့်ရင်း အဆင်းနှင့်ရင်း ပြည့်စုံသော သဘောရှိသော အဆွေ နဂါးမင်းကို မုဆိုးသားတို့သည် မြင်ကြကုန်၏၊ သင်အဆွေနဂါးမင်းသည် ဘုန်း ကျက်သရေအားဖြင့်ရင်း ပညာအားဖြင့်ရင်း ကြီးပွါးသောသူသည် ဖြစ်သည် မဟုတ်တုံလော၊ အဘယ်ကို တောင့်တလိုသည်ဖြစ်၍ ဥပုသ်ဆောက်တည်ခြင်း အကျင့်ကို သင်သည် ပြုလေဘိသနည်း။

**သခ်ပါလနဂါးမင်းက ဖြေကြားခြင်း။** ။အာဠာရ သားကို အလိုရှိသောကြောင့် ဥပုသ်ဆောက်တည်ခြင်း တည်းဟူသော အကျင့်ကို ငါပြုသည်ကား မဟုတ်၊ ပစ္စည်းဥစ္စာကို ရလိုခြင်းတည်းဟူသော အကြောင်းကြောင့်လည်း ဥပုသ်ဆောက်တည်ခြင်းတည်းဟူသော အကျင့်ကို ငါပြုသည်ကား မဟုတ်၊ အသက်ရှည်ပြီးတော့ရင် မသေစေလိုသော စိတ်ဆန္ဒကို နှလုံးသွင်း၍သည်း (အသက်ကို ရှည်စေလိုခြင်း မသေစေလိုခြင်းတည်းဟူသော အကြောင်းကြောင့်လည်း) ဥပုသ်ဆောက်တည်ခြင်းတည်းဟူသော အကျင့်ကို ငါပြုသည်ကား မဟုတ်၊ ငါသည်' လူ၏ဘဝကို ရစေလိုသော ဆန္ဒရှိပါသဖြင့် လူ၏ အဖြစ်ကို တောင့်တပါ၏၊ ထိုကြောင့်သာလျှင် အားထုတ်၍ သီလကျင့်ခြင်း တည်းဟူသော အကျင့်ကို ပြုမိပေ၏။

**အာဠာရ-က တဖန်ပြန်၍ မေးမြန်းခြင်း။** ။နဂါးမင်း သင်သည် နီသော မျက်လုံးရှိ၏၊ ပခုံးနှစ်ဖက်တို့၏ အကြား၌ ပြေပြစ်ချောမောသော အသား ရှိပေ၏၊ တန်းဆာဆင်အပ်ပေ၏၊ ကောင်းစွာ ပြုပြင်အပ်သော ဆံမုတ်ဆိတ်လည်း ရှိပေ၏၊ စန္ဒကူးနီဖြင့် ကောင်းစွာ လိမ်းကျံ အပ်ပေ၏၊ အရပ်လေးမျက်နှာတို့၌ သင်သည် ဂန္ဓဗ္ဗနတ်မင်းကြီးကိုယ်ကဲ့သို့ ထွန်း တောက်ပါပေ၏။

နဂါးမင်း သင်သည် နတ်၏ တန်းခိုးကို အမှန်ရခဲ့ပါပေ၏၊ ကြီးသော အာနုဘော်လည်း ရှိပါပေ၏၊ အလုံးစုံကုန်သော ကာမဂုဏ်တို့ဖြင့် ပြည့်စုံပါပေ၏၊ ဤနဂါးပြည်ထက် လူ့ပြည်သည် အဘယ်အကြောင်းအရာဖြင့် သာယာလွန်ကဲပြီးတော့မှုရင် မြင့်မြတ်ပါပေသည်ဟူ၍ ဆိုရပေသနည်း၊ သင့်ကို ထိုသို့သော အကြောင်းကို ငါမေးလိုပေ၏။

**နဂါးမင်းက တဖန်ပြန်၍ ဖြေကြားခြင်း။** ။အာဠာရ လူ့လောကကို ချန်လှပ်ထား၍ မင်ဖိုလ်နိဗ္ဗာန်ဟု ဆိုအပ်သော စင်ကြယ်ခြင်းသည်ရင်း သီလကို ဆောက်တည်ခြင်းသည်ရင်း မရှိခဲ့ပါပေ၊ ငါသည်မူကား လူ့ဘဝ လူအမျိုးကို ရခဲ့ပါ၍ ပဋိသန္ဓေနေခြင်း သေခြင်းသဘောတရား၏ အဆုံးကို ပြုရပါတော့အံ့။

**အာဠာရ-က မေးမြန်းခြင်း။** ။နဂါးမင်း သင်နဂါးမင်း၏ အထံတော်ဝယ် နေသော ငါ့အား တနှစ်တိုင်တိုင် ကြာမြင့်ခဲ့လေပြီ၊ ငါ့ကို သင်သည် ထမင်းဖြင့်ရင်း အဖျော်ယမကာဖြင့်ရင်း လုပ်ကျွေးပူဇော်အပ်ခဲ့ပါပေပြီ၊ သင့်ကို ပန်ကြား၍ သွားရပါတော့အံ့၊ နဂါးမင်းမြတ် ငါသည်ကား လူ့ပြည်မှ ကင်းကွာ၍ နေရသည်မှာ ကြာမြင့်ခဲ့လေပြီ။

**နဂါးမင်းက ဖြေကြားခြင်း။** ။အာဠာရ သားသမီးတို့သည်ရင်း မယားတို့သည်ရင်း အမှီပြု၍ အသက်မွေးကြကုန်သော သူတို့သည်ရင်း အမြဲဆုံးမတိုင်း ခံရကုန်သောသူတို့သည်ရင်း ထိုသူကို လုပ်ကျွေးကြကုန်၏၊ တစုံတယောက်သောသူသည် သင့်ကိုမဆဲရေး မပြည်တမ်းခဲ့သည် မဟုတ်ပါလော၊ သင့်အား မြင်ခြင်းကို ငါသည် ချစ်ခင်လေးမြတ်သည်သာလျှင် ဖြစ်ခဲ့ပေ၏။

နဂါးမင်း အကြင့်ကြောင့် သင်၏စိတ်သည် ငါ၌ ကြည်လင်ပါပေ၏၊ ထို့ကြောင့် အမိသည်ရင်း အဘသည်ရင်း လုပ်ကျွေးအပ်သော ချစ်လှစွာသော သားသည် အိမ်၌ နေရဘိသကဲ့သို့လည်း ထို့အတူ နေရပေ၏၊ ထိုမိဘအိမ်၌ နေရသည်ထက်လည်း ငါ့အား ဤနဂါးပြည်၌သာလျှင် နေထိုင်ရခြင်းသည် ကောင်းမြတ်ပါပေ၏။

အာဠာရ ငါ့အား နီသောအဆင်းရှိသော ဥစ္စာကို ဆောင်ယူ၍ ပေးတတ်သော ပတ္တမြားသည် အမှန်ပင် ရှိခဲ့ပါပေ၏၊ မြတ်သောပတ္တမြားကို သင်သည် ဆောင်ယူ၍ မိမိနေထိုင်ရာ အိမ်သို့ သွားပါပေလော့၊ ဥစ္စာရပြီးတော့မှုရင် ပတ္တမြားကို ရေအိုးထဲ၌ ထားလေလော့ဟုဆို၍ ကျွန်ုပ်အား ပတ္တမြားရတနာကို ဆောင်နှင်းအပ်ပါ၏ဟု ဆို၏။

ပါရမီ ၁၀-ပါးယှဉ်ပြခြင်း။　။ဤသံပါလဇာတ် ဒေသနာတော်ဖြင့် ပါရမီ ၁၀-ပါးတို့ကို အသီးသီး ခွဲခြားပြရာ၌——

ဣမိဿာ ပန သံပါလဓမ္မဒေသနာယ ဒသပိ ပါရမိယော လဗ္ဘန္တိ၊

တဒါ ဟိ မဟာသတ္တေန သရီရဿ ပရိစ္စတ္တဘာဝေါ ဒါနပါရမီ နာမ ဟောတိ၊

တထာရူပေနာပိ ဝိသယတေဇေန သီလဿ အဘိန္နတာ သီလပါရမီ၊

နာဂဘာဝနတော နိက္ခမိတွာ သမဏဓမ္မကရဏံ နေက္ခမ္မပါရမီ၊

ကတ္တဗ္ဗာကတ္တဗ္ဗ ကာတုံ ဝဋ္ဋတီတိ သံဝိဒဟနံ ပညာပါရမီ၊

အဓိဝါသနဝီရိယံ ဝီရိယပါရမီ၊

အဓိဝါသနခန္တိ ခန္တီပါရမီ၊

သစ္စသမာဒါနံ သစ္စပါရမီ၊

မမ သီလံ န ဘိန္ဒိဿာမီတိ အဓိဋ္ဌာနံ အဓိဋ္ဌာနပါရမီ၊

အနုဒ္ဒယဘာဝေါ မေတ္တာပါရမီ၊

ဝေဒနာယ မဇ္ဈတ္တဘာဝေါ ဥပေက္ခာပါရမီတိ။

ဣမိဿာ ပန သံပါလဓမ္မဒေသနာယ၊ ဤသံပါလဇာတ် တရားဒေသနာတော်ဖြင့်။ ဒသပါရမိယောပိ၊ ဆယ်ပါးသော ပါရမီတော်တို့ကိုလည်း။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

ဟိ၊ ထိုစကားကိုချဲ့၍ပြဦးအံ့၊ တဒါ၊ ထိုအခါ၌။ မဟာသတ္တေန၊ ဘုရားအလောင်း သံပါလနဂါးမင်းသည်။ သရီရဿ၊ မိမိခန္ဓာကိုယ်ကို။ ပရိစ္စတ္တ-ဘာဝေါ၊ စွန့်လှူသော အဖြစ်သည်။ ဒါနပါရမီ နာမ၊ ဒါနပါရမီမည်သည်။ ဟောတိ၊ ဖြစ်၏။

တထာရူပေနာပိ၊ ထိုသို့ သဘောရှိသည်လည်းဖြစ်သော။ ဝိသယတေဇေန၊ အဆိပ်တန်းခိုးဖြင့်။ သီလဿ၊ မိမိစောင့်ရှောက်အပ်သော သီလကို။ အဘိန္နတာ၊ မပျက်ဆီးအပ်သည်၏ အဖြစ်သည်။ သီလပါရမီ၊ သီလပါရမီမည်၏။

နာဂဘာဝနတော၊ နဂါးပြည်မှ။ နိက္ခမိတွာ၊ ထွက်၍။ သမဏဓမ္မကရဏံ၊ ရဟန်းတရားကို ပြုကျင့်ခြင်းသည်။ နေက္ခမ္မပါရမီ၊ နေက္ခမ္မပါရမီမည်၏။

ကတ္တဗ္ဗာကတ္တဗ္ဗ၊ ဤအမည် ဤအမည်ရှိသော ကုသိုလ် ကောင်းမှုကိုလည်း။ ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတီတိ၊ သင့်ပေ၏ဟူ၍။ သံဝိဒဟနံ၊ ကောင်းစွာစီရင်ခြင်းသည်။ ပညာပါရမီ၊ ပညာပါရမီမည်၏။

အဓိဝါသနဝီရိယံ၊ သည်းခံ၍ အားထုတ်ခြင်းသည်။ ဝီရိယပါရမီ၊ ဝီရိယပါရမီမည်၏။

အဓိဝါသနခန္တိ၊ သည်းခံ၍ နေခြင်းသည်။ ခန္တီပါရမီ၊ ခန္တီပါရမီမည်၏။

သစ္စသမာဒါနံ၊ သစ္စာဆို၍ ဆောက်တည်ခြင်းသည်။ သစ္စပါရမီ၊ သစ္စာပါရမီမည်၏။

မမ၊ ငါ၏။ သီလံ၊ စောင့်ရှောက်အပ်သော သီလကို။ န ဘိန္ဒိဿာမီတိ၊ မဖျက်ပေအံ့ဟု။ အဓိဋ္ဌာနံ၊ အဓိဋ္ဌာန်၍ ဆောက်တည်ခြင်းသည်။ အဓိဋ္ဌာနပါရမီ၊ အဓိဋ္ဌာန်ပါရမီ မည်၏။

အနုဒ္ဒယာဘာဝေါ၊ မုဆိုးသားတို့အပေါ်ဝယ် သနားကြင်နာသော အဖြစ်သည်။ မေတ္တာပါရမီ၊ မေတ္တာပါရမီမည်၏။

ဝေဒနာယ၊ မုဆိုးသားတို့ ညှဉ်းဆဲသော ဒဏ်ကို ခံစားခြင်း၏။ မဇ္ဈတ္တ-ဘာဝေါ၊ လျစ်လျူရှုသောအဖြစ်သည်။ ဥပေက္ခာပါရမီ၊ ဥပေက္ခာပါရမီမည်၏။

ဤ သင်္ခပါလဇာတ်တော်ကြီးကို ထည့်သွင်းပြီးတော့မှ ရေးသားလိုက်ရခြင်းသည်ကား ပါရမီ(၁၀)ပါးနှင့် ဆက်စပ်၍ အလွန်ပင် အကျိုးများနိုင်ဖွယ် စကားသွား စကားလာများကို သိရှိစေရန်အလို့ငှါ ထည့်သွင်း ရေးသားလိုက်ရပါတော့သည်။

**ပါရမီ (၁၀) ပါးကို ဤဇာတ်တော်မှ ဆက်စပ်ယူခြင်း** ဤ သင်္ခပါလဇာတ်တော်ကြီး၌ သင်္ခပါလအမည်ရှိသော နဂါးမင်းကြီးနှင့် ဆက်စပ်နေသော တရားတော်၌ ပါရမီ(၁၀)ပါးတို့ကို ရအပ်ပါပေသည်၊ ထိုစကားကို ပေါ်လွင်အောင် ရေးသားရမည်ဆိုလျှင် ထိုအခါ၌ သင်္ခပါလအမည်ရှိသော အလောင်းတော် သခင်သည်—

**ဒါနပါရမီ။** ။မိမိ၏ ခန္ဓာကိုယ်ကြီးကို (တဆယ့်ခြောက်ယောက်သော) မုဆိုးသားတို့ကို တိကျ မှန်ကန်သော သဒ္ဓါတရားဖြင့် စွန့်လွှတ်လှူဒါန်းခြင်းကိုပင်လျှင် ဒါနပါရမီဟူ၍ ခေါ်ဆိုရပါမည်။

**သီလပါရမီ။** ။သင်္ခပါလနဂါးမင်းကြီးသည် ပြင်းထန်သော အစွမ်းတော်တည်းဟူသော အဆိပ်ရှိပါသော်လည်း ထိုအဆိပ်ဖြင့် မုဆိုးသားတို့ကို ပြန်လည် မခုခံပါပဲလျက်နှင့် မိမိ၏သီလကို မပျက်စီးသွားရလေအောင် ထိန်းသိမ်း စောင့်စည်းလိုက်ခြင်းကိုပင်လျှင် သီလပါရမီဟူ၍ ခေါ်ဆိုရပါမည်။

**နေက္ခမ္မပါရမီ။** ။နဂါးပြည်မှာ နေသောအခါဝယ် လွန်မင်းစွာသော ထမင်း အဖျော်ယမကာ ကချေသည် စသည်တို့နှင့် မွေ့လျော်ဖွယ်ရာ များပါသော်လည်း မနေပါပဲလျက်နှင့် နဂါးပြည်မှ ထွက်ခဲ့၍ ဟိမဝန္တာအရပ်၌ ရသေ့ ရဟန်းတို့၏ ကျင့်ကြံကြိုးကုတ် အားထုတ်ရမည့် တရားတို့ကို အားထုတ်ရန် ကြွသွား၍ ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းကိုပင်လျှင် နေက္ခမ္မပါရမီဟူ၍ ခေါ်ဆိုရပါမည်။

**ပညာပါရမီ။** ။အလွန် သင့်လျော် ပျော်ရွှင်ဖွယ်ရာ ဖြစ်ပါသည့် (နတ်၌ဖြစ် ပါသည့်(နတ်၌ဖြစ်သော ကာမဂုဏ်တို့နှင့်သာ မွေ့လျော်စေနိုင်သည့်) နဂါးပြည်မှာ နေခဲ့ပါသည်ရှိသော် ငါ့အား အဘယ်မှာ ရသေ့ ရဟန်းတို့ အားထုတ်ရမည့်တရားကို အားထုတ်နိုင်ဖွယ်ရာ ရှိပါအံ့နည်း၊ ထို့ကြောင့် နဂါးပြည်၌ ပြည့်စုံပါပေသော ကာမဂုဏ်တရားတို့ကို အလိုမရှိ၊ ပြင်းထန်စွာ ပူပန်စေနိုင်သည့် ကာမဂုဏ်တရားတို့ကို ပယ်စွန့်နိုင်သော အသိဉာဏ်ထူးဖြစ်ပေါ်လာခြင်းကိုပင်လျှင် ပညာပါရမီဟူ၍ ခေါ်ဆိုရပါမည်။

**ဝီရိယပါရမီ။** ။ထိုသို့ တဆယ့်ခြောက်ယောက်ကုန်သော မုဆိုးသားတို့သည် နှိပ်စက် ညှဉ်းဆဲနေသည်ကို သည်းခံနိုင်ခြင်း တည်းဟူသော လုံ့လ ဝီရိယကိုပင်လျှင် ဝီရိယပါရမီဟူ၍ ခေါ်ဆိုပါမည်။

**ခန္တီပါရမီ။** ။တဖန် တဆယ့်ခြောက်ယောက်သော မုဆိုးသားတို့သည် နဂါးမင်း၏ ခန္ဓာကိုယ်ကို ရှစ်ဌာနတို့၌ ထက်လှစွာသော တံကျင်တို့ဖြင့် ထိုးဖောက်ဆွနေသည်ကို မတုန့်ပြန်ပါပဲလျက်နှင့် သည်းခံ၍ နေလိုက်ခြင်းကိုပင်လျှင် ခန္တီပါရမီဟူ၍ ခေါ်ဆိုရပေမည်။

**သစ္စာပါရမီ။** ။သားကို အလိုရှိသောကြောင့်ရင်း ဥစ္စာပစ္စည်းကို အလိုရှိသောကြောင့်ရင်း အသက်ရှည်ပြီးတော့မှုရင် မသေစေလိုသော စိတ်ဆန္ဒကို နှလုံးသွင်း၍လည်း (အသက်ကို ရှည်စေလိုခြင်း မသေစေလိုခြင်းတည်းဟူသော အကြောင်းကြောင့်လည်း) ဥပုသ်ဆောက်တည်နေခြင်း မဟုတ်ပါပေ၊ လူ့ဘဝကို ရစေလိုသော ဆန္ဒနှင့်တကွ သစ္စာမူပြီးတော့မှုရင် သီလကို ခံယူဆောက်တည်ခြင်းကိုပင်လျှင် သစ္စာပါရမီဟူ၍ ခေါ်ဆိုရပါမည်။

**အဓိဋ္ဌာနပါရမီ။** ။တဆယ့်ခြောက်ယောက်ကုန်သော မုဆိုးသားတို့သည် မည်သို့ပင် အဘယ်မျှလောက် တံကျင်တို့ဖြင့် နှိပ်စက်ညှဉ်းပန်းငြားသော်လည်း မိမိ၏ သန္တာန်ဝယ် တည်ရှိနေသော သီလကို မပျက်စီးသွားရအောင် မိမိသီလ မပျက်စေရ ဟူ၍ အဓိဋ္ဌာန်ခြင်း ဆောက်တည်ခြင်းကိုပင်လျှင် အဓိဋ္ဌာနပါရမီဟူ၍ ခေါ်ဆိုရပါမည်။

**မေတ္တာပါရမီ။** ။သခ်ပါလ နဂါးမင်း၏ တဆယ့်ခြောက်ယောက်သော မုဆိုးသားတို့၏ အပေါ်၌ အမျက်မထားပါပဲလျက်နှင့် အစဉ်သနားကြင်နာမှု (အစဉ် သနားကြင်နာစွာနှင့် မေတ္တာ ထားခြင်း) ကိုပင်လျှင် မေတ္တာပါရမီဟူ၍ ခေါ် ဆိုရပါမည်။

**ဥပေက္ခာပါရမီ။** ။သခ်ပါလ နဂါးမင်းသည် တဆယ့်ခြောက်ယောက် ကုန်သော မုဆိုးသားတို့သည် ထက်လှစွာသော တံကျင်တို့ဖြင့် ထိုးဖောက်သော ဝေဒနာအား အမှတ်မထားပဲ လျစ်လျူရှု၍ နေထိုင်ခြင်းကို ပင်လျှင် ဥပေက္ခာပါရမီ ဟူ၍ ခေါ် ဆိုရပေမည်။

**ရသေ့ ရဟန်း ပြုခြင်းအကြောင်း မိန့်ကြားပုံ။** ။တိုင်းသူူသခင် ပြည့်ရှင် ဘုရင်မင်းမြတ်ကြီး လူ့ပြည်၌ာနဝယ် လူတို့၌ ဖြစ်ကုန်သော ငါးပါးအာရုံ ကာမဂုဏ် တရားတို့ကိုလည်း ငါသည် မြင်အပ်ကုန်ပြီ၊ ငါးပါးအာရုံ ကာမဂုဏ်တရားတို့သည် မမြဲသော သဘော အတိသာ ရှိကုန်၏၊ ဖောက်ပြန်တတ်သော သဘောလည်း ရှိပါပေကုန်၏၊ ငါးပါး အာရုံ ကာမဂုဏ်တို့၌ မကောင်းသော အကုသိုလ်စနစ် အပြစ်ကို မြင်ရပြီးသည် သာ ဖြစ်ပါ၍ အကျွန်ုပ်သည်ကား ကံ့ကံ၏ အကျိုး နိဗ္ဗာန်ကိုသာ ယုံကြည်ပါ သည် ဖြစ်၍ ရသေ့ရဟန်း အဖြစ်နှင့်ပင် နေခဲ့ပါသည်၊ (ရသေ့ရဟန်းပြုခဲ့ပါ၏)။

**သတ္တဝါတို့၏အနိစ္စသဘောကိုမြင်၍ ရဟန်းပြုပုံ တဖန် ပြောကြားခြင်း** အမှည့် အစိမ်း ဖြစ်ကုန်သော သစ်သီးတို့သည် ကြွေကျကုန် ဘိသကဲ့သို့ ထိုအတူ ပျိုရွယ် နုနယ်ကုန်သော သတ္တဝါအပေါင်းတို့သည်ရင်း ကြီးမား အိုမင်း ရင့်ရော်ပြီးပေ သော လူသတ္တဝါအပေါင်းတို့သည်ရင်း ကိုယ်ခန္ဓာ ပျက်စီးကြကုန်သည် ဖြစ်၍ ကြွေကျကုန်၏၊ တိုင်းသူူသခင် ပြည့်ရှင်ဘုရင်မင်းမြတ် ထိုသေကြေပျက်စီးခြင်း သဘောသို့ရောက်ခြင်းကိုလည်း မြင်ရပါသည်ဖြစ်၍ မချွတ်မယွင်း သံသရာဝဋ် ဆင်းရဲ အပေါင်းမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းဖြစ်သော ရဟန်း ပြုခြင်း တည်းဟူသော အဖြစ်သည်သာလျှင် မြတ်ပါပေ၏ဟူ၍ နှလုံးပိုက်လျက် ရဟန်းပြုခဲ့ပါပေ၏။

**ဗာရာဏသီမင်း တရားသဘော သိမြင်လာပုံ။** ။အာဠာရ အကြင် သူတော်ကောင်း အပေါင်း တို့သည် ပညာနှင့် ပြည့်စုံပြီး များသော အကြားအမြင် ရှိကြပါကုန်လျက် များသော အကြောင်းအရာတို့ကိုလည်း သိကြပါပေကုန်၏၊ ထို သူတော်ကောင်းတို့ကို

ကုသိုလ်ကောင်းမှုကို အလိုရှိကြကုန်သော သူတို့သည် စင်စစ်ဝေကန် မှိဝဲ ဆည်းကပ် ပူဇော်အပ်ကုန်၏၊ ငါသည် ကောင်းမှု ကုသိုလ်တရားတို့၌ မမေ့မလျော့ နေလေ့ရှိသော နဂါးမင်း၏ ဂုဏ်ကျေးဇူး စကားကိုလည်း အရှင်အာဠာရ ရသေ့၏ တရားစကားကိုလည်း ကြားနာရပေ၍ များစွာကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုရပါတော့အံ့။

**အာဠာရရသေ့၏ တိုက်တွန်းချက်။**　။တိုင်းသူ့သခင် ပြည့်ရှင် ဘုရင်မင်းမြတ် အကြင် သူတော်ကောင်း အပေါင်းတို့သည် ပညာနှင့် ပြည့်စုံကုန်၏၊ များသော အကြားအမြင် ရှိပါကုန်လျက် များသော အကြောင်းအရာတို့ကိုလည်း သိကြပါပေကုန်၏၊ထိုသူတော်ကောင်းတို့ကို ကုသိုလ်ကောင်းမှုကို အလိုရှိကြကုန်သော သူတို့သည် စင်စစ် ဝေကန် မှိဝဲ ဆည်းကပ် ပူဇော်အပ်ကုန်၏၊ သင်သည် နဂါးမင်းကြီး၏ ဂုဏ်ကျေးဇူးစကားကိုလည်း၊ အကျွန်ုပ်၏ တရားစကားကိုလည်း ကြားနာရသည် ဖြစ်၍ အလွန် များပြားကုန်သော ကုသိုလ်ကောင်းမှုတို့ကို ပြုပါလေလော့ဟု မိန့်ဆိုအပ်လေသတည်း။

သင်္ခပါလ ဇာတ်ဝတ္ထု ပြီး၏။

# မဟာတုဝိဘင်္ဂဟာသုတ်တော် ပဥ္စမပိုင်း ပြီးပြီ။

# ခေတ္တပိဋကသုတ်တော်

# ဒုတိယပိုင်း

## ဓမ္မဂုဏ်တော်များ

**သွာက္ခာတဂုဏ်တော်။** ။လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် သခင်ကိုယ်တော်မြတ်ကြီးသည် ဤမဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်အပေါင်းကို ကောင်းစွာပင် ဟောတော်မူအပ်ပါပေ၏။

**သန္ဒိဋ္ဌိကဂုဏ်တော်။** ။လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် သခင် ကိုယ်တော်မြတ်ကြီးသည် ကောင်းစွာ ဟောတော်မူအပ်သော တရားတော်ဆယ်ပါးတို့တွင် မဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန်ဟု ဆိုအပ်သော ကိုးပါးသော လောကုတ္တရာတရားသည် ယခုပစ္စက္ခ မျက်မှောက်အကျိုးကို ပေးတတ်ပါပေ၏။

**အကာလိကဂုဏ်တော်။** ။လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် သခင် ကိုယ်တော်မြတ်ကြီးသည် ကောင်းစွာ ဟောတော်မူအပ်သော မဂ်လေးပါးတရားတော်သည် ကာလ (မခြားဘဲ) အခြားမဲ့၌ အကျိုးကို ပေးတတ်ပါပေ၏။

**ဧဟိပဿိကဂုဏ်တော်။** ။လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် သခင် ကိုယ်တော်မြတ်ကြီးသည် ကောင်းစွာ ဟောတော်မူအပ်သော မဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန်ဟု ဆိုအပ်သော ကိုးပါးသော လောကုတ္တရာ တရားတော်မြတ်အပေါင်းသည် လာလှည့် ရှုလှည့်ဟူသော စကားကိုလည်း ဆိုတော်မူတတ်ပါပေ၏။

**ဩပနေယျိကဂုဏ်တော်။** ။လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် သခင်ကိုယ်တော်မြတ်ကြီးသည် ကောင်းစွာ ဟောတော်မူအပ်သော မဂ်လေးဝ ဖိုလ်လေးတန်ဟု ဆိုအပ်သော ရှစ်ပါးသော လောကုတ္တရာတရားတော်သည် နတ်ရွာနိဗ္ဗာန်သို့ ကပ်၍ ဆောင်ခြင်းငှါ ထိုက်ပါပေ၏။

**ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိဂုဏ်တော်။** ။လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် သခင် ကိုယ်တော်မြတ်ကြီးသည် ကောင်းစွာ ဟောတော်မူအပ်သော မဂ်လေးဝ ဖိုလ်လေးတန် နိဗ္ဗာန်ဟု ဆိုအပ်သော ကိုးပါးသော လောကုတ္တရာတရားတော်သည် အသီးအသီး မဂ္ဂဋ္ဌာန်လေးယောက်ဖြစ်ကုန်သော ပညာရှိတို့သည် မိမိတို့၏ သန္တာန်၌ ထင်ရှားရှိပါပေသော လောကုတ္တရာတရားတို့ကို သိအပ်ခံစားရပါမည်။

တရားဂုဏ်တော် ခြောက်ပါး ပြီး၏။

---

**ဗောဓိပက္ခိယတရားများ**

သတိပဋ္ဌာန်တရားလေးပါး (သုတ်မဟာဝါပါဠိတော်နှာ-၂၃၁)

**ကာယာနုပဿနာ အာနာပါနပိုင်း**

ရဟန်းတို့ အဘယ်သို့သော အချင်းအရာဖြင့် ရဟန်းသည် ရူပကာယ၌ ရူပကာယကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေသနည်း၊ ရဟန်းတို့ ဤပစ္စုပ္ပန်ဘဝ၌ ရဟန်းသည် တောသို့ကပ်၍ရင်း သစ်ပင်ရင်းသို့ ကပ်၍ရင်း ဆိတ်ငြိမ်သော အရပ်သို့ ကပ်၍ရင်း ထက်ဝယ်ဖွဲ့ခွေ ဖြောင့်စွာခန္ဓာကိုယ်ကို ထားပြီးတော့မှရင် ကမ္မဋ္ဌာန်းသို့ ရှေးရှုသော သတိကို ထား၍ နေ၏။

**ထွက်သက်ဝင်သက်ကို နှလုံးသွင်း၍ နေခြင်း။** ။ထိုရဟန်းသည် သတိနှင့်ပြည့်စုံသည် ဖြစ်၍ ထွက်သက်ကို ဖြစ်စေ၏၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍ ဝင်သက်ကို ဖြစ်စေ၏၊ ရှည်စွာမူလည်း ထွက်သက်ကို ဖြစ်စေသည်ဖြစ်၍ "ငါသည် ရှည်စွာ ထွက်သက်ကို ဖြစ်စေ၏" ဟု သိပေ၏၊ ရှည်စွာမူလည်း ဝင်သက်ကို ဖြစ်စေသည်ဖြစ်၍ "ငါသည် ရှည်စွာ ဝင်သက်ကို ဖြစ်စေ၏"ဟု သိပေ၏၊ တိုစွာမူလည်း ထွက်သက်ကို ဖြစ်စေသည်ဖြစ်၍ "ငါသည် တိုစွာ ထွက်သက်ကို ဖြစ်စေ၏"ဟု သိပေ၏။ တိုစွာမူလည်း ဝင်သက်ကို ဖြစ်စေသည်ဖြစ်၍ "ငါသည် တိုစွာ ဝင်သက်ကို ဖြစ်စေ၏"ဟု သိပေ၏။

"အလုံးစုံသော ထွက်သက်အပေါင်းကို ထင်စွာပြုသည်ဖြစ်၍ ထွက်သက်ကို ဖြစ်စေအံ့" ဟု လို့လပြု၏၊ "အလုံးစုံသော ဝင်သက်အပေါင်းကို ထင်စွာပြုသည် ဖြစ်၍ ဝင်သက်ကို ဖြစ်စေအံ့"ဟု လို့လပြု၏၊ "ရုန့်ရင်းသော ကာယသင်္ခါရကို

ငြိမ်းစေပြီး ထွက်သက်ကို ဖြစ်စေအံ့''ဟု လုံ့လပြု၏၊ ''ရုန့်ရင်းသော ကာယ သင်္ခါရကို ငြိမ်းစေပြီး ဝင်သက်ကို ဖြစ်စေအံ့''ဟု လုံ့လပြု၏။

**ထွက်သက်ဝင်သက်ကို ပွတ်သမား ဥပမာဖြင့်ပြပုံ။** ။ရဟန်းတို့ ဥပမာအားဖြင့် လိမ္မာသော ပွတ်သမား သည်၎င်း ပွတ်သမား၏ တပည့်သည်၎င်း ရှည်စွာမူလည်း ငင်သည်ဖြစ်၍ ''ငါ သည် ရှည်စွာ ငင်၏''ဟု သိပေ၏၊ တိုစွာမူလည်း ငင်သည်ဖြစ်၍ ''ငါသည် တိုစွာ ငင်၏''ဟု သိလေဘိသကဲ့သို့ ဤအတူ ရဟန်းတို့ ရဟန်းသည် ရှည်စွာမူလည်း ထွက်သက်ကို ဖြစ်စေ၍ ''ငါသည် ရှည်စွာ ထွက်သက်ကို ဖြစ်စေ၏''ဟု သိပေ၏။ ရှည်စွာမူလည်း ဝင်သက်ကို ဖြစ်စေသည်ဖြစ်၍ ''ငါသည် ရှည်စွာ ဝင်သက် ကို ဖြစ်စေ၏''ဟု သိပေ၏။ တိုစွာ မူလည်း ထွက်သက်ကို ဖြစ်စေသည် ဖြစ်၍ ''ငါသည် တိုစွာ ထွက်သက်ကို ဖြစ်စေ၏''ဟု သိပေ၏၊ တိုစွာမူလည်း ဝင်သက်ကို ဖြစ်စေ၍ ''ငါသည် တိုစွာ ဝင်သက်ကို ဖြစ်စေ၏''ဟု သိပေ၏၊ ''အလုံးစုံသော ထွက်သက်အပေါင်းကို ထင်စွာပြုသည်ဖြစ်၍ ထွက်သက်ကို ဖြစ်စေအံ့''ဟု လုံ့လ ပြု၏၊ ''အလုံးစုံသော ဝင်သက်အပေါင်းကို ထင်စွာပြုသည်ဖြစ်၍ ဝင်သက်ကို ဖြစ်စေအံ့''ဟု လုံ့လပြု၏၊ ''ရုန့်ရင်းသော ကာယသင်္ခါရကို ငြိမ်းစေပြီး ထွက် သက်ကို ဖြစ်စေအံ့''ဟု လုံ့လပြု၏၊ ''ရုန့်ရင်းသော ကာယသင်္ခါရကို ငြိမ်းစေပြီး ဝင်သက်ကို ဖြစ်စေအံ့''ဟု လုံ့လပြု၏။

**သန္တာန်အားဖြင့် ထွက်သက်ဝင်သက်ကိုရှုပုံ။** ။ဤသို့ မိမိသန္တာန်၌ ဖြစ်သော ထွက်သက်ဝင်သက် အပေါင်း၌ လည်း ထွက်သက်ဝင်သက် အပေါင်းဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏၊ သူတပါးသန္တာန်၌ ဖြစ်သော ထွက်သက် ဝင်သက် အပေါင်း၌၎င်း, ရံခါ မိမိ သူ တပါး နှစ်ဦးသားတို့၏ သန္တာန်၌ဖြစ်သော ထွက်သက် ဝင်သက်အပေါင်းတို့၌ ၎င်း ထွက်သက် ဝင်သက်အပေါင်းဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။

**ဖြစ်ခြင်းပျက်ခြင်းအားဖြင့် ထွက်သက်ဝင်သက်ကို ရှုပုံ။** ။ထွက်သက် ဝင်သက် အပေါင်း၌ ဖြစ်ခြင်း သဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏၊ ထွက်သက် ဝင်သက်အပေါင်း၌ ပျက်ခြင်းသဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏၊ ထွက်သက် ဝင်သက် အပေါင်း၌ ဖြစ်ခြင်း ပျက်ခြင်း သဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။

ခန္ဓာကိုယ် ရူပကာယ ဟူသော ကောဋ္ဌာသ အပေါင်းသည်သာလျှင် ရှိ၏။ ဤသို့လျှင် ရဟန်းအား သတိသည် ရှေးရှုအပ်သည်ဖြစ်၏၊ ဉာဏ်၏ပွါးခြင်း အကျိုးငှါသာလျှင်၎င်း သတိ၏ပွါးခြင်း အကျိုးငှါသာလျှင်၎င်း တဏှာဒိဋ္ဌိတို့ ကို မမှီမူ၍သာလျှင်၎င်း နေ၏။ ဥပါဒါနက္ခန္ဓာဟူသော လောက၌ တစုံတခုသော

သဘောတရားကို ငါ၏ကိုယ်ဟူ၍၎င်း ငါ၏ကိုယ်နှင့်စပ်၍ ဖြစ်၏ဟူ၍၎င်း မစွဲလန်း၊ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ခန္ဓာကိုယ် ရူပကာယ၌ ခန္ဓာကိုယ် ရူပကာယဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေရပေ၏။

အာနာပါနပိုင်း ပြီး၏။

---

## ကာယာနုပဿနာ ဣရိယာပထပိုင်း

ဣရိယာပုထ်လေးပါးဖြင့် ရှုနည်း။ ။ရဟန်းတို့ ရဟန်းသည် သွားသော်လည်း "ငါသည် သွား၏"ဟု သိပေ၏၊ ရပ်သော်လည်း "ငါသည် ရပ်၏"ဟု သိပေ၏၊ ထိုင်သော်လည်း "ငါသည် ထိုင်၏"ဟု သိပေ၏၊ လျောင်းသော်လည်း "ငါသည် လျောင်း၏"ဟု သိပေ၏၊ အကြင်အကြင်သို့သော အခြင်းအရာအားဖြင့် ထိုရဟန်း၏ ခန္ဓာကိုယ်ကို ထားအပ်ပေ၏၊ ထိုထိုသို့သော အခြင်းအရာအားဖြင့် ထိုခန္ဓာကိုယ်ကို သိပေ၏။

ဤသို့ မိမိသန္တာန်၌ဖြစ်သော ရူပကာယ၌၎င်း သူတပါးသန္တာန်၌ဖြစ်သော ရူပကာယ၌၎င်း မိမိ သူတပါး နှစ်ဦးသားတို့၏ သန္တာန်၌ဖြစ်သော ရူပကာယ၌၎င်း ရူပကာယဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။

> မှတ်ချက်။ ။သွားတတ်သော တစုံတယောက်သောသူဟူ၍ မရှိ၊ ရပ်တတ်သောသူဟူ၍လည်း မရှိ၊ ထိုင်တတ်သောသူဟူ၍လည်း မရှိ၊ လျောင်းတတ်သော သူဟူ၍လည်း မရှိခဲ့ပေ၊ သို့ပင်ဖြစ်သော်လည်း စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်၏ ထိုထိုအရပ်သို့ နှံ့၍ ဖြစ်ခြင်းသည်သာလျှင် သွားသည် မည်၏။ ဤသို့ အစရှိသည်ဖြင့် နှလုံးသွင်းသော ရဟန်းသည် သွားခြင်း၌ ပညာဖြင့် ဆင်ခြင်၍ ကမ္မဋ္ဌာန်းကို ပွါးစေပြီးသွားသည်သာ မည်၏။

ဣရိယာပထပိုင်း ပြီး၏။

---

## ကာယာနုပဿနာ သမ္ပဇာနပိုင်း

ပညာဖြင့် ဆင်ခြင်၍ ရှုနည်း။ ။ရဟန်းတို့ ရဟန်းသည် ရှေ့သို့ တက်သော်၎င်း နောက်သို့ ဆုတ်သော်၎င်း ပညာဖြင့် ဆင်ခြင်၍သာ ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်းကို ပြုလေ့ရှိပေ၏။

တူရူကြည့်သော်ရင်း တစောင်းကြည့်သော်ရင်း ပညာဖြင့် ဆင်ခြင်၍သာ တူရူကြည့်ခြင်း တစောင်းကြည့်ခြင်းကို ပြုလေ့ရှိပေ၏။

လက်ခြေတို့ကို ကွေးသော်ရင်း လက်ခြေတို့ကို ဆန့်သော်ရင်း ပညာဖြင့် ဆင်ခြင်၍သာ လက်ခြေတို့ကို ကွေးခြင်း ဆန့်ခြင်းကို ပြုလေ့ရှိပေ၏။

ဒုကုဋ်သပိတ်သင်္ကန်းကို ဆောင်ခြင်း၌ ပညာဖြင့် ဆင်ခြင်၍သာ ဒုကုဋ် သပိတ်သင်္ကန်းကို ဆောင်ခြင်းကို ပြုလေ့ရှိပေ၏။

စားသော်ရင်း သောက်သော်ရင်း ခဲသော်ရင်း လျက်သော်ရင်း ပညာဖြင့် ဆင်ခြင်၍ စားခြင်း သောက်ခြင်း ခဲခြင်း လျက်ခြင်းတို့ကို ပြုလေ့ရှိပေ၏။

ကျင်ကြီး ကျင်ငယ်စွန့်သော အမှုကို ပြုခြင်း၌ ပညာဖြင့် ဆင်ခြင်၍သာ ကျင်ကြီးကျင်ငယ်ကို စွန့်ခြင်းကို ပြုလေ့ရှိပေ၏။

သွားသော်ရင်း ရပ်သော်ရင်း ထိုင်သော်ရင်း အိပ်သော်ရင်း နိုးသော်ရင်း စကားဆိုသော်ရင်း ဆိတ်ဆိတ်နေသော်ရင်း ပညာဖြင့် ဆင်ခြင်၍သာ သွားခြင်း အစရှိသည်တို့ကို ပြုလေ့ရှိပေ၏။

ဤသို့ မိမိသန္တာန်, သူတပါးသန္တာန်, မိမိသူတပါး နှစ်ဦးသားတို့၏ သန္တာန်၌ဖြစ်သော ရူပကာယ၌လည်း ရူပကာယဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေပေ၏။

**မှတ်ချက်။** ။ငါသည် သွားသည် ရှိခဲ့ပါသော် သွားခြင်းကြောင့် အကျိုးစီးပွါးဖြစ်အံ့ လျောက်ပတ်အံ့လော၊ မလျောက်ပတ်အံ့လောဟု ဆင်ခြင်၍ သွားခြင်း အစရှိသည်ကို ပြုခြင်းသည် ပညာဖြင့် ဆင်ခြင်၍ သွားခြင်း အစရှိသည်ကို ပြုသည် မည်၏။

သမ္ပဇာနပိုင်း ပြီး၏။

---

## ကာယာနုပဿနာ ပဋိကူလမနသိကာရပိုင်း

ရဟန်းတို့ ရဟန်းသည် ခြေဖဝါးအပြင်ဘက်မှ အထက် ဆံပင်ဖျားမှအောက် ထက်ဝန်းကျင် အရေပါးလျှင် အဆုံးရှိသော အထူးထူး အပြားပြားရှိသော မစင်ကြယ်သည့် အရာတို့ဖြင့်ပြည့်သော ဤရူပကာယကိုသာလျှင် ဆင်ခြင်၏။

**ကောဋ္ဌာသအားဖြင့် ဆင်ခြင်ပုံ။** ။ဆင်ခြင်ပုံကား– "ငါ၏ခန္ဓာကိုယ်၌ ဆံပင်, မွေးညှင်း, ခြေသည်း လက်သည်း, သွား, အရေ၊ အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညှို့၊ နှလုံး, အသဲ, အမြှေး, အဖျဉ်း, အဆုတ်၊ အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်၊ သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ၊ မျက်ရည်, ဆီကြည်, တံထွေး, နှပ်, အစေး, ကျင်ငယ် ဟု ဆိုအပ်သော သုံးဆယ့်နှစ်ကောဋ္ဌာသသည် ရှိ၏"ဟု ဤသို့ ဆင်ခြင်၏။

**ဥပမာပြ၍ ဆင်ခြင်ပုံ။** ။ရဟန်းတို့ ဥပမာတခု ပြရသည်ရှိသော် အောက် အထက် ၂-ပါး၌ မျက်နှာဝရှိသော စပါးကြည် သည် အထူးထူး အပြားပြားရှိသော စပါးတို့ဖြင့် ပြည့်ပေ၏။ အဲဒီလို အထူးထူး အပြားပြားရှိသော စပါးတို့ဖြင့် ပြည့်တယ်ဆိုတာကတော့ရင် သလေးစပါး, ကောက်စပါး, ပဲနောက်, ပဲလွန်း, နှမ်း, ဆန်တို့ဖြင့် ပြည့်သည် ဖြစ်ခဲ့ပေ၏။ ထိုစပါးကြည်ကို စက္ခုပသာဒနှင့် ပြည့်စုံသော ယောကျာ်းသည် ဆင်ခြင်ရာ၏။

အဘယ်သို့ အဘယ်ပုံ ဆင်ခြင်သနည်း "ဤသည်တို့ကား သလေးစပါးတို့ ပေတည်း၊ ဤသည်တို့ကား ကောက်စပါးတို့ပေတည်း၊ ဤသည်တို့ကား ပဲနောက်တို့ပေတည်း၊ ဤသည်တို့ကား ပဲလွန်းတို့ပေတည်း၊ ဤသည်တို့ကား နှမ်းတို့ပေတည်း၊ ဤသည်တို့ကား ဆန်တို့ပေတည်း"ဟု အဲဒီလို ဆင်ခြင်ရာဘိ သကဲ့သို့ ထိုအတူသာလျှင် ရဟန်းတို့ ရဟန်းသည် ဆံပင်စသည်ဟု ဆိုအပ်သော သုံးဆယ့်နှစ်ကောဋ္ဌာသသည် ရှိ၏ဟု ဤသို့ ဆင်ခြင်ရာ၏။

**သန္တာန်အားဖြင့် ဆင်ခြင်ပုံ။** ။ဤသို့ မိမိသန္တာန်၌ ဖြစ်သော ခန္ဓာကိုယ်ကို ဟူသော ဆံပင်, မွေးညှင်း အစရှိသော ကောဋ္ဌာသအပေါင်း၌ ကောဋ္ဌာသအပေါင်းဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏၊ သူတပါးသန္တာန်၌ ဖြစ်သော ခန္ဓာကိုယ်ဟူသော ဆံပင်, မွေးညှင်း အစရှိသော ကောဋ္ဌာသအပေါင်း၌ ကောဋ္ဌာသအပေါင်းဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏၊ မိမိ သူတပါး နှစ်ဦးသားတို့၏ သန္တာန်၌ဖြစ်သော ခန္ဓာကိုယ်ဟူသော ဆံပင်, မွေးညှင်း အစရှိသော ကောဋ္ဌာသအပေါင်း၌ ကောဋ္ဌာသအပေါင်းဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။

ကောဋ္ဌာသ၌ ဖြစ်ကြောင်းသဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏၊ ကောဋ္ဌာသ၌ ပျက်ခြင်းသဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏၊ ကော- ဋ္ဌာသ၌ ဖြစ်ခြင်း ပျက်ခြင်းသဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။

ဆံပင် မွေးညှင်း အစရှိသော ခန္ဓာကိုယ် ရူပကာယဟူသော ကောဋ္ဌာသ အပေါင်းသည်သာလျှင် ရှိ၏၊ ဤသို့လျှင် ရဟန်းအား သတိသည် ရှေ့ရှုသည် ဖြစ်၏၊ ဉာဏ်၏ ပွါးများခြင်း အကျိုးငှါသာလျှင်ရင်း သတိ၏ ပွါးများခြင်း ငှါသာလျှင်ရင်း တဏှာဒိဋ္ဌိတို့ကို မမှီမူ၍နေ၏။ ဥပါဒါနက္ခန္ဓာဟူသော လောက၌ တစုံတခုသော တရားကို ငါ၏ကိုယ်ဟူ၍ရင်း ငါ့ကိုယ်နှင့်စပ်၍ ဖြစ်၏ဟူ၍ရင်း မစွဲလန်း၊ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ခန္ဓာကိုယ် ရူပကာယ၌ ခန္ဓာကို ရူပကာယဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေရပေ၏။

ပဋိကူလမနသိကာရပိုင်း ပြီး၏။

---

## ကာယာနုပဿနာ ဓာတုမနသိကာရပိုင်း

**ဓာတ်အားဖြင့် ဆင်ခြင်ပုံ။** ။ရဟန်းတို့ ရဟန်းသည် တည်တိုင်းသာလျှင်ဖြစ်သော ထားတိုင်းသာလျှင်ဖြစ်သော ဤ ရူပကာယကို ဓာတ်အားဖြင့် ဆင်ခြင်၏။ အဘယ်သို့ ဆင်ခြင်သနည်း ဤခန္ဓာကိုယ်၌ ပထဝီဓာတ်သည် ရှိ၏၊ အာပေါဓာတ်သည် ရှိ၏၊ တေဇောဓာတ်သည် ရှိ၏၊ ဝါယောဓာတ်သည် ရှိ၏၊ ဤသို့ ဆင်ခြင်၏။

**ဓာတ်လေးပါးကို ဥပမာဖြင့် ဆင်ခြင်ပုံ။** ။ရဟန်းတို့ ဥပမာတခု ပြရမည် ဆိုသော် လိမ္မာသော နွားသတ်ယောကျ်ားသည်ရင်း နွားသတ်ယောကျ်ား၏ တပည့်သည်ရင်း နွားမကို သတ်၍ ခရီးမလေးကြောင်းတို့၏ ဆုံရာ၌ အဘို့အစုအားဖြင့် ခွဲခြားဝေဖန်၍ နေသည်ဖြစ်ဘိသကဲ့သို့ ထို့အတူသာလျှင် ရဟန်းတို့ ရဟန်းသည် တည်တိုင်းသော ထားတိုင်းသော ဤရူပကာယကို ဓာတ်အားဖြင့် ဆင်ခြင်၏။ အဘယ်သို့ အဘယ်ပုံ ဆင်ခြင်သနည်း ဤငါ၏ ရူပကာယ၌ ပထဝီဓာတ်သည် ရှိ၏၊ အာပေါဓာတ်သည် ရှိ၏၊ တေဇောဓာတ်သည် ရှိ၏၊ ဝါယောဓာတ်သည် ရှိ၏၊ ဤသို့ ဆင်ခြင်၏။

ဤသို့ မိမိသန္တာန်, သူတပါးသန္တာန်, မိမိသူတပါး နှစ်ဦးသားတို့၏ သန္တာန်တို့၌ဖြစ်သော ရူပကာယခန္ဓာကိုယ်၌ ဓာတ်အပေါင်းဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေပေ၏။ပ။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ခန္ဓာကိုယ် ရူပကာယ၌ ခန္ဓာကိုယ် ရူပကာယဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေပေ၏။

ဓာတုမနသိကာရပိုင်း ပြီး၏။

## ကာယာနုပဿနာ နဝသိဝထိကပိုင်း

**သူသေကောင်အမျိုးမျိုးပြလျက် ရှုခြင်း။** ။ရဟန်းတို့ ရဟန်းသည် သင်းချိုင်း၌ စွန့်ပစ်အပ်သော သေ၍ တရက်ရှိပြီးသော သူသေကောင်ကိုဂင်း သေ၍ နှစ်ရက်ရှိပြီးသော သူသေကောင်ကိုဂင်း သေ၍ သုံးရက်ရှိပြီးသော သူသေကောင်ကိုဂင်း ဖူးဖူးရောင်ပြီးသော သူသေကောင်ကိုဂင်း ညိုညိုမဲမဲရှိသော သူသေကောင်ကိုဂင်း ပြည်ယိုလျက်ရှိသော သူသေကောင်ကိုဂင်း မြင်ရာ၏။

**သူသေကောင်ကဲ့သို့ မိမိကိုယ်ကို ရှုပုံ။** ။ထိုရဟန်းသည် သူသေကောင်ပုပ်ကဲ့သို့ ထိုအတူ မိမိခန္ဓာကိုယ်ကို ဆောင်၏။ အဘယ်သို့ ဆောင်သနည်း၊ ဤငါ၏ ခန္ဓာကိုယ်သည်လည်း ဤသူသေကောင်ပုပ်ကဲ့သို့ ပုပ်သော သဘောရှိ၏၊ ဤသူသေကောင်ပုပ်ကဲ့သို့ ဖြစ်ခြင်းသဘောရှိ၏၊ ဤသူသေကောင်ပုပ်ကဲ့သို့ ပုပ်သောသဘောကို မလွန်ဆန်နိုင်ဟု ဤသို့ ဆောင်၏။

**တိရစ္ဆာန်အမျိုးမျိုးခဲစား ဆိတ်ဆွအပ်သော သူသေကောင်ကဲ့သို့ ရှုခြင်း** ရဟန်းတို့ ရဟန်းသည် သင်းချိုင်း၌ စွန့်ပစ်အပ်သော ကျီးတို့သည် ခဲအပ်သော စွန်ရဲတို့သည် ဆိတ်ဆွအပ်သော ငှင်းတတို့သည် ဆိတ်ဆွအပ်သော ဘုမ္မတီးငှက်တို့သည် ဆိတ်ဆွအပ်သော ခွေးတို့သည် ခဲအပ်သော ကျားတို့သည် ခဲအပ်သော ကျားသစ်တို့သည် ခဲအပ်သော မြေခွေးတို့သည် ခဲအပ်သော အထူးထူး အပြားပြားရှိကုန်သော ပိုးအပေါင်းတို့သည် ခဲအပ်သော သူသေကောင်ကို မြင်ရာ၏။

ထိုရဟန်းသည် ထိုသူသေကောင်ကဲ့သို့ မိမိ၏ ခန္ဓာကိုယ်ကို ဆောင်၏၊ အဘယ်သို့ ဆောင်သနည်း၊ ဤငါ၏ ခန္ဓာကိုယ်သည်လည်း ဤသူသေကောင်ကဲ့သို့သော သဘောရှိ၏၊ ဤသူသေကောင်ကဲ့သို့ ဖြစ်ခြင်းသဘော ရှိ၏၊ ဤသူသေကောင်ကဲ့သို့ ဖြစ်ခြင်းသဘောတရားကို မလွန်ဆန်နိုင်ဟု ဤသို့ ဆောင်၏။

**သင်းချိုင်း၌ စွန့်အပ်သော သူသေကောင်ကဲ့သို့ ရှုခြင်း** ရဟန်းတို့ ရဟန်းသည် သင်းချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို မြင်ရာ၏၊ အဘယ်သို့ မြင်ရာသနည်း၊ အသားအသွေးတို့နှင့်တကွဖြစ်သော အကြောတို့ဖြင့် ဖွဲ့အပ်သော အရိုးစုဖြစ်သော သူသေကောင်ကို မြင်ရာ၏၊ ထိုရဟန်းသည် ထိုသို့သော

အသားအသွေးရှိသော အကြောတို့ဖြင့် ဖွဲ့အပ်သော အရိုးစုသာ ဖြစ်သော သူသေကောင်ကဲ့သို့ မိမိ၏ ခန္ဓာကိုယ်ကို ဆောင်၏။

**အရိုးစုသာရှိသော သူသေကောင်ကဲ့သို့ ရှုခြင်း။** ။ရဟန်းတို့ ရဟန်းသည် သင်းချိုင်း၌ စွန့်ပစ်အပ်သော အသားမရှိ အသွေးတို့ဖြင့် လိမ်းကျံအပ်သော အကြောတို့ဖြင့် ဖွဲ့အပ်သော အရိုးစုသာဖြစ်သော သူသေကောင်ကို မြင်ရာ၏၊ ထိုရဟန်းသည် ထို အသားမရှိသော အသွေးတို့ဖြင့် လိမ်းကျံအပ်သော အကြောတို့ဖြင့် ဖွဲ့အပ်သော သူသေကောင်ကဲ့သို့ မိမိ၏ ခန္ဓာကိုယ်ကို ဆောင်၏။ အဘယ်သို့ ဆောင်သနည်း၊ အသားအသွေးမရှိသော အကြောတို့ဖြင့် ဖွဲ့အပ်သော သူသေကောင်ကဲ့သို့ မိမိ၏ ခန္ဓာကိုယ်ကို ဆောင်၏။

**အသားအသွေးကင်းသော သူသေကောင်ကဲ့သို့ ရှုခြင်း။** ။ရဟန်းတို့ ရဟန်းသည် သင်းချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို မြင်ရာ၏၊ အဘယ်သို့ မြင်ရာသနည်း၊ အသားအသွေးကင်းသော အကြောတို့ဖြင့် ဖွဲ့အပ်သော အရိုးစုသာဖြစ်သော သူသေကောင်ကို မြင်ရာ၏၊ ထိုရဟန်းသည် ထိုသို့သော အသားအသွေးကင်းသော အကြောတို့ဖြင့် ဖွဲ့အပ်သော အရိုးစုသာဖြစ်သော သူသေကောင်ကဲ့သို့ မိမိ၏ ခန္ဓာကိုယ်ကို ဆောင်၏။

**အထူးထူးသော အရပ်မျက်နှာတို့၌ ဖြန့်ကြဲသော အရိုးစုရှိသော သူသေကောင်ကဲ့သို့ရှုခြင်း** ရဟန်းတို့ ရဟန်းသည် သင်း ချိုင်း ၌ စွန့် အပ်သော သူသေကောင်ကို မြင်ရာ၏၊ အဘယ်သို့ မြင်ရာသနည်း၊ တပါးသော အရပ်မျက်နှာ အဘို့ဖြင့် လက်ရိုးကို၊ တပါးသော အရပ်မျက်နှာအဘို့ဖြင့် ခြေရိုးကို၊ တပါးသောအရပ်မျက်နှာအဘို့ဖြင့် ဖမျက်ရိုးကို၊ တပါးသော အရပ်မျက်နှာအဘို့ဖြင့် မြင်းခေါင်းရိုးကို၊ တပါးသော အရပ်မျက်နှာအဘို့ဖြင့် ပေါင်ရိုးကို၊ တပါးသော အရပ်မျက်နှာအဘို့ဖြင့် ခါးရိုးကို၊ တပါးသော အရပ်မျက်နှာ အဘို့ဖြင့် နံရိုးကို၊ တပါးသော အရပ်မျက်နှာအဘို့ဖြင့် ကျောက်ကုန်းရိုးကို၊ တပါးသော အရပ်မျက်နှာအဘို့ဖြင့် ပခုံးရိုးကို၊ တပါးသော အရပ်မျက်နှာအဘို့ဖြင့် လည်ရိုးကို၊ တပါးသော အရပ်မျက်နှာအဘို့ဖြင့် မေးရိုးကို၊ တပါးသော အရပ်မျက်နှာ အဘို့ဖြင့် သွားရိုးကို၊ တပါးသော အရပ်မျက်နှာအဘို့ဖြင့် ဦးခေါင်းခွံရိုးကို ဤသို့ အထူးထူးသော တူရူသော အရပ်မျက်နှာ တူရူမဟုတ်သော အရပ်မျက်နှာတို့၌ စွန့်ပစ်အပ်ကုန်သော အသား အသွေး အကြော ဖွဲ့ခြင်း မရှိကုန်သော အရိုးစုသာ ဖြစ်ကုန်သော သူသေကောင်တို့ကို မြင်ရာ၏။

ထိုရဟန်းသည် ထို အသား အသွေး အကြော မရှိသော အရိုးစုသာဖြစ်သော သူသေကောင်ကိုကဲ့သို့ မိမိ၏ ခန္ဓာကိုယ်ကို ဆောင်၏၊ ဤ ငါ၏ ခန္ဓာကိုယ်သည်လည်း ဤသို့ အရိုးစုသဘောရှိ၏၊ ဤသို့ အရိုးစုဖြစ်ခြင်း သဘောရှိ၏၊ ဤသို့ အရိုးစုဖြစ်ခြင်း သဘောကို မလွန်ဆန်နိုင်၊ ဤသို့ ဆောင်၏။

**ခရုသင်းအဆင်းနှင့်တူသော အရိုးစုကဲ့သို့ ရှုခြင်း။** ။ရဟန်းတို့ ရဟန်းသည် သင်းချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို မြင်ရာ၏၊ အဘယ်သို့ မြင်ရာသနည်း၊ ဖြူသော ခရုသင်းအဆင်းနှင့်တူသော အဆင်းရှိကုန်သော အရိုးစုတို့ကို မြင်ရာ၏၊ ထိုရဟန်းသည် ထိုဖြူသော ခရုသင်းအဆင်းနှင့်တူသော အဆင်းရှိကုန်သော အရိုးစုဖြစ်သော သူသေကောင်ကဲ့သို့ ဤမိမိ၏ ခန္ဓာကိုယ်ကို ဆောင်၏။

**ပိုးထိုးပြီးသော တနှစ်လွန်သော သူသေကောင်ကဲ့သို့ ရှုခြင်း။** ။ရဟန်းတို့ ရဟန်းသည် သင်းချိုင်း၌ စွန့်ပစ်အပ်သော သူသေကောင်ကို မြင်ရာ၏၊ အဘယ်သို့ မြင်ရာသနည်း၊ ပိုးတို့သည် ထိုးဆွအပ်ကုန်ပြီးသော တနှစ်လွန်ကုန်ပြီးသော အရိုးတို့ကို မြင်ရာ၏၊ ထိုရဟန်းသည် ပိုးတို့သည် ထိုးဆွအပ်ကုန်ပြီးသော တနှစ်လွန်ကုန်ပြီးသော အရိုးစုတို့ကဲ့သို့ ဤမိမိ၏ ခန္ဓာကိုယ်ကို ဆောင်၏။

**ပုပ်ပြီး မှုန့်မှုန့်ညက်ညက် သူသေကောင်ကဲ့သို့ရှုခြင်း။** ။ရဟန်းတို့ ရဟန်းသည် ပုပ်ကုန်ပြီးသော မှုန့်မှုန့်ညက်ညက်ဖြစ်၍ ဖရိုဖရဲကျဲကုန်သော အရိုးစုတို့ကို မြင်ရာ၏၊ ထိုရဟန်းသည် ထို အရိုးစုကဲ့သို့ ဤမိမိ၏ ခန္ဓာကိုယ်ကို ဆောင်၏၊အဘယ်သို့ ဆောင်သနည်း၊ ဤ ငါ၏ခန္ဓာကိုယ်သည်လည်း ဤအရိုးစုသဘောသာ ရှိ၏၊ ဤသို့ အရိုးစု ဖြစ်ခြင်း သဘောရှိ၏၊ ဤသို့ အရိုးစုဖြစ်ခြင်းသဘောကို မလွန်ဆန်နိုင်၊ ဤသို့ဆောင်၏။

**သန္တာန်အားဖြင့်ဆင်ခြင်ပုံ။** ။ဤသို့ မိမိသန္တာန်, သူတပါးသန္တာန်, ရံခါ မိမိ သူတပါး နှစ်ဦးသားတို့၏သန္တာန်တို့၌ ဖြစ်သော ရူပကာယ ခန္ဓာကိုယ်၌ ရူပကာယ ခန္ဓာကိုယ်ဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။

ရူပကာယ၌မူလည်း ဖြစ်ကြောင်းသဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏၊ ရူပကာယ၌ ပျက်ခြင်းသဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍နေ၏၊ ရူပကာယ၌ ဖြစ်ခြင်း ပျက်ခြင်း သဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။

ခန္ဓာငါးပါး အပေါင်းသည်သာလျှင် ရှိ၏၊ ဤသို့ ထိုရဟန်းအား သတိသည် ရှေးရှုဖြစ်၏၊ ဉာဏ်၏ပွါးများခြင်း အကျိုးငှါသာလျှင်ရင်း သတိ၏ပွါးများစေ

ခြင်း အကျိုးငှါသာလျှင်ရင်း တဏှာဒိဋ္ဌိတို့ကို မမှီမူ၍နေ၏၊ ဥပါဒါနက္ခန္ဓာဟူသော လောက၌ တစုံတခုသော ရုပ်နာမ်တရားသဘောကို ငါ၏ကိုယ်ဟူ၍ရင်း ငါ၏ကိုယ်နှင့်စပ်၍ဖြစ်၏ဟူ၍ရင်း မစွဲလမ်း။ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ရူပကာယ၌ အရိုးစုအပေါင်းဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။

နဝသိဝထိကပိုင်း ပြီး၏။

မှတ်ချက်။ ။၁၄-ပါးကုန်သော ကာယာနုပဿနာတို့ကား—

၁။ အာနာပါနပဗ္ဗ=အာနာပါနပိုင်း

၂။ ဣရိယာပထပဗ္ဗ=ဣရိယာပထပိုင်း

၃။ သမ္ပဇာနပဗ္ဗ=သမ္ပဇာနပိုင်း

၄။ ပဋိကူလမနသိကာရပဗ္ဗ=ပဋိကူလမနသိကာရပိုင်း

၅။ ဓာတုမနသိကာရပဗ္ဗ=ဓာတုမနသိကာရပိုင်း

၆။ နဝသိဝထိကပဗ္ဗ=နဝသိဝထိကပိုင်းဟူ၍ အပိုင်းတဆယ့်လေးပါးရှိသည်။

၁၄-ပါးသော ကာယာနုပဿနာ သတိပဋ္ဌာန်တို့သည် ပြီးကုန်ပြီ။

---

## ဝေဒနာနုပဿနာသတိပဋ္ဌာန်

ရဟန်းတို့ အဘယ်သို့သော အခြင်းအရာဖြင့် ရဟန်းသည် ဝေဒနာတို့၌ ဝေဒနာဟုသာ အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေဘိသနည်း။

ရဟန်းတို့ ငါဘုရား သာသနာတော်၌ ရဟန်းသည် သုခဝေဒနာကို ခံစားသည် ရှိသော် "ငါသည် သုခဝေဒနာကို ခံစား၏"ဟု သိ၏။

ဒုက္ခဝေဒနာကို ခံစားသည် ရှိသော် "ငါသည် ဒုက္ခဝေဒနာကို ခံစား၏"ဟု သိ၏။

အဒုက္ခမသုခ (ဥပေက္ခာ) ဝေဒနာကို ခံစားသည် ရှိသော် "ငါသည် အဒုက္ခမသုခ (ဥပေက္ခာ) ဝေဒနာကို ခံစား၏"ဟု သိ၏။

ကာမဂုဏ်နှင့်စပ်သော သုခဝေဒနာကို ခံစားသည် ရှိသော် "ငါသည် ကာမဂုဏ်နှင့်စပ်သော သုခဝေဒနာကို ခံစား၏"ဟု သိ၏၊ ကာမဂုဏ်နှင့် မစပ်သော သုခဝေဒနာကို ခံစားသည် ရှိသော် "ငါသည် ကာမဂုဏ်နှင့် မစပ်သော သုခဝေဒနာကို ခံစား၏"ဟု သိ၏။

ကာမဂုဏ်နှင့်စပ်သော ဒုက္ခဝေဒနာကို ခံစားသည် ရှိသော် "ငါသည် ကာမဂုဏ်နှင့် စပ်သော ဒုက္ခဝေဒနာကို ခံစား၏"ဟု သိ၏၊ ကာမဂုဏ်နှင့် မစပ်သော ဒုက္ခဝေဒနာကို ခံစားသည် ရှိသော် "ငါသည် ကာမဂုဏ်နှင့် မစပ်သော ဒုက္ခဝေဒနာကို ခံစား၏"ဟု သိ၏။

ကာမဂုဏ်နှင့်စပ်သော အဒုက္ခမသုခ (ဥပေက္ခာ) ဝေဒနာကို ခံစားသည် ရှိသော် "ငါသည် ကာမဂုဏ်နှင့် စပ်သော အဒုက္ခမသုခ (ဥပေက္ခာ) ဝေဒနာကို ခံစား၏"ဟု သိ၏၊ ကာမဂုဏ်နှင့် မစပ်သော အဒုက္ခမသုခ(ဥပေက္ခာ)ဝေဒနာကို ခံစားသည် ရှိသော် "ငါသည် ကာမဂုဏ်နှင့် မစပ်သော အဒုက္ခမသုခ (ဥပေက္ခာ)ဝေဒနာကို ခံစား၏"ဟု သိ၏။

**သန္တာန်အားဖြင့် ခံစားမှု ဝေဒနာကို ရှုပုံ။**

။ဤသို့ မိမိသန္တာန်၌ ဖြစ်သော ခံစားမှု'ဝေဒနာ'အပေါင်း၌လည်း ခံစားမှု'ဝေဒနာ'အပေါင်းဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏၊သူတပါးသန္တာန်၌ ဖြစ်သော ခံစားမှု 'ဝေဒနာ'အပေါင်း၌လည်း ခံစားမှု 'ဝေဒနာ' အပေါင်းဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏၊ ရံခါ မိမိ သူတပါး နှစ်ဦးသားတို့၏ သန္တာန်၌ ဖြစ်သော ခံစားမှု ဝေဒနာအပေါင်း၌လည်း ခံစားမှု 'ဝေဒနာ'အပေါင်းဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။

**ဖြစ်ခြင်းပျက်ခြင်းအားဖြင့် ခံစားမှု ဝေဒနာကို ရှုပုံ**

ခံစားမှု 'ဝေဒနာ' အပေါင်း၌ ဖြစ်ခြင်း သဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏၊ ခံစားမှု 'ဝေဒနာ' အပေါင်း၌ ပျက်ခြင်းသဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏၊ ခံစားမှု'ဝေဒနာ' အပေါင်း၌ ဖြစ်ခြင်း ပျက်ခြင်း သဘောကို အဖန်တလဲလဲရှုသည် ဖြစ်၍ နေ၏၊ ခံစားမှု'ဝေဒနာ'အပေါင်းသည်သာ ထိုရဟန်းအား သတိသည် ရှေးရှုထင်၏။

ဤသို့လျှင် ရဟန်းအား သတိသည် ရှေးရှုကင်အပ်သည် ဖြစ်၏၊ ဉာဏ်၏ပွါးခြင်း အကျိုးငှါလည်းကောင်း၊ သတိ၏ ပွါးခြင်း အကျိုးငှါလည်းကောင်း ဖြစ်၏။ တဏှာဒိဋ္ဌိတို့ကို မမှီမူ၍သာလျှင် နေ၏၊ဥပါဒါနက္ခန္ဓာဟူသော လောက၌ တစုံတခုသော သဘောတရားကို ငါခံစား၏ဟူ၍လည်းကောင်း ငါ၏ကိုယ်နှင့် စပ်၍ ဖြစ်၏ ဟူ၍လည်းကောင်း မစွဲလမ်း၊ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ခံစားမှု'ဝေဒနာ'တို့၌ ခံစားမှု 'ဝေဒနာ'ဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။

ဝေဒနာနုပဿနာသတိပဋ္ဌာန် ပြီး၏။

## စိတ္တာနုပဿနာသတိပဋ္ဌာန်

ရဟန်းတို့ အဘယ်သို့သော အခြင်းအရာအားဖြင့် ရဟန်းသည် စိတ်၌ စိတ်ဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေဘိသနည်း။

ရဟန်းတို့ ငါဘုရားသာသနာတော်၌ ရဟန်းသည် ရာဂရှိသော စိတ်ကိုလည်း "ရာဂရှိသော စိတ်"ဟု သိ၏၊ ရာဂကင်းသော စိတ်ကိုလည်း "ရာဂကင်းသော စိတ်"ဟု သိ၏။

ဒေါသရှိသော စိတ်ကိုလည်း "ဒေါသရှိသော စိတ်"ဟု သိ၏၊ ဒေါသမရှိသော စိတ်ကိုလည်း "ဒေါသမရှိသော စိတ်"ဟု သိ၏။

မောဟရှိသော စိတ်ကိုလည်း "မောဟရှိသော စိတ်"ဟု သိ၏၊ မောဟမရှိသော စိတ်ကိုလည်း "မောဟမရှိသော စိတ်"ဟု သိ၏။

ထိနမိဒ္ဓသို့ အစဉ်လိုက်သော စိတ်ကိုလည်း "ထိနမိဒ္ဓသို့ အစဉ်လိုက်သော စိတ်"ဟု သိ၏၊ ဥဒ္ဓစ္စနှင့်တကွဖြစ်သော စိတ်ကိုလည်း "ဥဒ္ဓစ္စနှင့်တကွဖြစ်သော စိတ်"ဟု သိ၏။

မဟဂ္ဂုတ်ဖြစ်သော စိတ်ကိုလည်း "မဟဂ္ဂုတ်ဖြစ်သော စိတ်"ဟု သိ၏၊ ကာမာဝစရစိတ်ကိုလည်း "ကာမာဝစရစိတ်"ဟု သိ၏။

မိမိထက်လွန်သော တရားရှိသော စိတ်ကိုလည်း "မိမိထက်လွန်သော တရားရှိသော စိတ်"ဟု သိ၏၊ မိမိထက်လွန်သော တရားမရှိသော စိတ်ကိုလည်း "မိမိထက်လွန်သော တရားမရှိသော စိတ်"ဟု သိ၏။

ဥပစာရသမာဓိ အပ္ပနာသမာဓိနှင့် ယှဉ်သော စိတ်ကိုလည်း "ဥပစာရသမာဓိ အပ္ပနာသမာဓိနှင့် ယှဉ်သော စိတ်"ဟု သိ၏၊ ဥပစာရသမာဓိ အပ္ပနာသမာဓိနှင့် မယှဉ်သော စိတ်ကိုလည်း "ဥပစာရသမာဓိ အပ္ပနာသမာဓိနှင့် မယှဉ်သော စိတ်"ဟု သိ၏။

တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်၏ အစွမ်းဖြင့် ကိလေသာတို့မှ လွတ်သော စိတ်ကိုလည်း "တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်၏ အစွမ်းဖြင့် ကိလေသာတို့မှ လွတ်သော စိတ်"ဟု သိ၏၊ တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်၏ အစွမ်းဖြင့် ကိလေသာတို့မှ မလွတ်သော စိတ်ကိုလည်း "တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်၏ အစွမ်းဖြင့် ကိလေသာတို့မှ မလွတ်သော စိတ်"ဟု သိ၏။

**သန္တာန်အားဖြင့် စိတ်ကိုရှုပုံ။** ။ဤသို့ မိမိသန္တာန်၌ဖြစ်သော စိတ်အပေါင်း၌လည်း စိတ်အပေါင်းဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏၊ သူတပါးသန္တာန်၌ဖြစ်သော စိတ်အပေါင်း၌လည်း စိတ်အပေါင်း

ဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏၊ ရံခါ မိမိ သူတပါး နှစ်ဦးသားတို့၏ သန္တာန်၌ဖြစ်သော စိတ်အပေါင်း၌လည်း စိတ်အပေါင်းဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။

**ဖြစ်ခြင်းပျက်ခြင်းအားဖြင့် စိတ်ကိုရှုပုံ။** ။ကာမာဝစရစိတ်၌ ဖြစ်ခြင်းသဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။ ကာမာဝစရစိတ်၌ ပျက်ခြင်းသဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏၊ ကာမာဝစရစိတ်၌ ဖြစ်ခြင်း ပျက်ခြင်း သဘောကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။ စိတ်အပေါင်းသည်သာ ထိုရဟန်းအား သတိသည် ရှေးရှုဖြစ်၍ ထင်၏။

ဤသို့လျှင် ရဟန်းအား သတိသည် ရှေးရှု ထင်အပ်သည် ဖြစ်၏၊ ဉာဏ်၏ ပွါးခြင်း အကျိုးငှါရင်း သတိ၏ ပွါးခြင်း အကျိုးငှါရင်း ဖြစ်၏၊ တဏှာဒိဋ္ဌိတို့ကို မမှီမူ၍သာလျှင် နေ၏၊ ဥပါဒါနက္ခန္ဓာဟူသော လောက၌ တစုံတခုသော ရုပ်နာမ်တရားတို့ကို တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်း၊ ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် စိတ်၌ စိတ်ဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။

စိတ္တာနုပဿနာသတိပဋ္ဌာန် ပြီး၏။

## ဓမ္မာနုပဿနာ နီဝရဏပိုင်း

ရဟန်းတို့ ရဟန်းသည် အဘယ်သို့သော အခြင်းအရာဖြင့် တရားတို့၌ တရားဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ငါးပါးကုန်သော နီဝရဏတရားတို့၌ နီဝရဏတရားဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။

**ကာမစ္ဆန္ဒနီဝရဏကို အဖန်ဖန်ရှုပုံ။** ။ရဟန်းတို့ အဘယ်သို့သော အခြင်းအရာအားဖြင့် ရဟန်းသည် ငါးပါးကုန်သော နီဝရဏ တရားတို့၌ နီဝရဏတရားဟု အဖန်တလဲလဲ ရှုသည် ဖြစ်၍ နေသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မိမိ၌ ထင်ရှားရှိသော မိမိ၏ ခန္ဓာပဉ္စကသန္တာန်၌ ဖြစ်သော ကာမစ္ဆန္ဒနီဝရဏကို "ငါ၏ အတွင်း သန္တာန်၌ ကာမစ္ဆန္ဒနီဝရဏသည် ရှိ၏"ဟု သိ၏၊ မိမိ၌ ထင်ရှားမရှိသော မိမိ၏ ခန္ဓာပဉ္စက သန္တာန်၌ ဖြစ်သော ကာမစ္ဆန္ဒနီဝရဏကို ငါ၏ အတွင်းသန္တာန်၌ ကာမစ္ဆန္ဒနီဝရဏသည် မရှိဟု သိ၏၊ အကြင် အကြင်သို့သော အခြင်းအရာအားဖြင့် မဖြစ်သော ကာမစ္ဆန္ဒနီဝရဏ၏ ဖြစ်ခြင်းသည် ဖြစ်၏၊ ထိုကာမစ္ဆန္ဒနီဝရဏ၏ ဖြစ်ခြင်းကိုလည်း သိ၏၊ အကြင်အကြင်သို့သော အခြင်းအရာအားဖြင့် ဖြစ်သော

ကာမစ္ဆန္ဒနီဝရဏကို ပယ်ခြင်းသည် ဖြစ်၏၊ ထိုကာမစ္ဆန္ဒနီဝရဏကို ပယ်ခြင်းကိုလည်း သိ၏၊ အကြင် အကြင်သို့သော အခြင်းအရာအားဖြင့် ပယ်အပ်ပြီးသော ကာမစ္ဆန္ဒနီဝရဏ၏ နောင်အခါ၌ မဖြစ်ခြင်းသည် ဖြစ်၏၊ ထိုပယ်အပ်ပြီးသော ကာမစ္ဆန္ဒနီဝရဏ၏ တဖန် မဖြစ်ခြင်းကိုလည်း သိ၏။

မှတ်ချက်။ ။ဗျာပါဒနီဝရဏ, ထိနမိဒ္ဓနီဝရဏ, ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ, ဝိစိကိစ္ဆာနီဝရဏတို့ကိုလည်း မှီငြမ်းပြု၍ မှတ်ယူပါ။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ငါးပါးကုန်သော နီဝရဏတရားတို့၌ နီဝရဏတရားဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။

ဓမ္မာနုဿနာ နီဝရဏပိုင်း ပြီး၏။

---

### ဓမ္မာနုပဿနာ ခန္ဓာပိုင်း

ရဟန်းတို့ ရဟန်းသည် ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာ တရားတို့၌ ဥပါဒါနက္ခန္ဓာတရားဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏၊ ရဟန်းတို့ အဘယ်သို့သော အခြင်းအရာအားဖြင့် ရဟန်းသည် ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာ တရားတို့၌ ဥပါဒါနက္ခန္ဓာတရားဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေဘိသနည်း။

**ခန္ဓာငါးပါးတို့၌ ဖြစ်ခြင်း ပျက်ခြင်းကို ရှုပုံ။** ။ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ရူပက္ခန္ဓာသည် ဤသို့ သဘောရှိ၏၊ ရူပက္ခန္ဓာ၏ဖြစ်ခြင်းသည် ဤသို့ သဘောရှိ၏၊ ရူပက္ခန္ဓာ၏ ချုပ်ခြင်းသည် ဤသို့ သဘောရှိ၏။ ဝေဒနာက္ခန္ဓာသည် ဤသို့ သဘောရှိ၏၊ ဝေဒနာက္ခန္ဓာ၏ ဖြစ်ခြင်းသည် ဤသို့ သဘောရှိ၏၊ ဝေဒနာက္ခန္ဓာ၏ ချုပ်ခြင်းသည် ဤသို့ သဘောရှိ၏။ သညာက္ခန္ဓာသည် ဤသို့ သဘောရှိ၏၊ သညာက္ခန္ဓာ၏ ဖြစ်ခြင်းသည် ဤသို့ သဘောရှိ၏၊ သညာက္ခန္ဓာ၏ ချုပ်ခြင်းသည် ဤသို့ သဘောရှိ၏။ သင်္ခါရက္ခန္ဓာတို့သည် ဤသို့ သဘောရှိကုန်၏၊ သင်္ခါရက္ခန္ဓာတို့၏ ဖြစ်ခြင်းသည် ဤသို့ သဘောရှိကုန်၏၊ သင်္ခါရက္ခန္ဓာတို့၏ ချုပ်ခြင်းသည် ဤသို့ သဘောရှိကုန်၏။ ဝိညာဏက္ခန္ဓာသည် ဤသို့ သဘောရှိ၏၊ ဝိညာဏက္ခန္ဓာ၏ ဖြစ်ခြင်းသည် ဤသို့ သဘောရှိ၏၊ ဝိညာဏက္ခန္ဓာ၏ ချုပ်ခြင်းသည် ဤသို့ သဘောရှိ၏။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတရားတို့၌ ဥပါဒါနက္ခန္ဓာတရားဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။

ခန္ဓာပိုင်း ပြီး၏။

## ဓမ္မာနုပဿနာ အာယတနပိုင်း

ရဟန်းတို့ ရဟန်းသည် ခြောက်ပါးကုန်သော အတွင်းအပ သန္တာန်၌ ဖြစ်ကုန်သော အာယတနတရားတို့၌ အာယတနတရားဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏၊ ရဟန်းတို့ အဘယ်သို့သော အခြင်းအရာအားဖြင့် ရဟန်းသည် ခြောက်ပါးကုန်သော အတွင်း အပ သန္တာန်၌ ဖြစ်ကုန်သော အာယတနတရားတို့၌ အာယတနတရားဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေဘိသနည်း။

**စက္ခုပသာဒနှင့်ရူပါရုံကိုစွဲ၍ဖြစ်သော တရားများကို ရှုပုံ**

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် စက္ခုပသာဒကိုလည်း သိ၏၊ ရူပါရုံကိုလည်း သိ၏၊ ထိုစက္ခု ရူပါရုံ နှစ်ပါးစုံကို စွဲ၍ အကြင် သံယောဇဉ်သည် ဖြစ်၏၊ ထိုသံယောဇဉ်၏ ဖြစ်ခြင်းကိုလည်း သိ၏။

အကြင် အကြင်သို့သော အခြင်းအရာဖြင့် မဖြစ်သေးသော သံယောဇဉ်၏ ဖြစ်ခြင်းသည် ရှိ၏၊ ထိုသံယောဇဉ်၏ ဖြစ်ခြင်းကိုလည်း သိ၏။

အကြင် အကြင်သို့သော အခြင်းအရာဖြင့် မပြတ်ဖြစ်သော သံယောဇဉ်ကို ပယ်ခြင်းသည် ရှိ၏၊ ထိုသံယောဇဉ်၏ ပယ်ကြောင်းကိုလည်း သိ၏။

အကြင် အကြင်သို့သော အခြင်းအရာဖြင့် ပယ်အပ်ပြီးသော သံယောဇဉ်၏ နောက်အခါ၌ တဖန် မဖြစ်ခြင်းသည် ရှိ၏၊ ထိုသို့ ပယ်အပ်ပြီးသော သံယောဇဉ်၏ တဖန် မဖြစ်ခြင်းကိုလည်း သိ၏။

မှတ်ချက်။　။သောတပသာဒကိုလည်း သိ၏၊ သဒ္ဒါရုံကိုလည်း သိ၏၊

ဃာနပသာဒကိုလည်း သိ၏၊ ဂန္ဓာရုံကိုလည်း သိ၏၊

ဇိဝှါပသာဒကိုလည်း သိ၏၊ ရသာရုံကိုလည်း သိ၏၊

ကာယပသာဒကိုလည်း သိ၏၊ ဖောဋ္ဌဗ္ဗာရုံကိုလည်း သိ၏၊

မနာယတနကိုလည်း သိ၏၊ ဓမ္မာရုံကိုလည်း သိ၏၊ ဤသို့ စသည်ဖြင့် စက္ခာယတနအတိုင်း အကျယ်ချဲ့ပြီး ပွါးများကြပါလေ။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ခြောက်ပါးကုန်သော အဇ္ဈတ္တိကဗာဟိရ အာယတန ဖြစ်ကုန်သော တရားတို့၌ အာယတနတရားဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏။

**အာယတနပိုင်း ပြီး၏။**

## ဓမ္မာနုပဿနာ ဗောဇ္ဈင်ပိုင်း

ရဟန်းတို့ ရဟန်းသည် ခုနစ်ပါးကုန်သော ဗောဇ္ဈင်တရားတို့၌ ဗောဇ္ဈင်တရားဟု အဖန်တလဲလဲရှုသည်ဖြစ်၍ နေ၏၊ ရဟန်းတို့ အဘယ်သို့သော အခြင်းအရာဖြင့် ရဟန်းသည် ခုနစ်ပါးကုန်သော ဗောဇ္ဈင်တရားတို့၌ ဗောဇ္ဈင်တရားဟု အဖန်တလဲလဲရှုသည်ဖြစ်၍ နေဘိသနည်း။

**သတိသမ္ဗောဇ္ဈင်ကို ရှုပုံ။** ။ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မိမိ၌ ထင်ရှားရှိသော မိမိ၏ အတွင်းသန္တာန်၌ဖြစ်သော သတိသမ္ဗောဇ္ဈင်ကိုမူလည်း "ငါ၏ အတွင်းသန္တာန်၌ သတိသမ္ဗောဇ္ဈင်သည် ရှိ၏"ဟု သိ၏၊ မိမိ၌ ထင်ရှားမရှိသော မိမိ၏ အတွင်းသန္တာန်၌ဖြစ်သော သတိသမ္ဗောဇ္ဈင်ကို "ငါ၏ အတွင်းသန္တာန်၌ သတိသမ္ဗောဇ္ဈင်သည် မရှိ"ဟု သိ၏၊ အကြင်အကြင်သို့သော အခြင်းအရာဖြင့် မဖြစ်သော သတိသမ္ဗောဇ္ဈင်၏ ဖြစ်ခြင်းသည် ဖြစ်၏၊ ထိုသတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းကိုလည်း သိ၏၊ အကြင်အကြင်သို့သော အခြင်းအရာဖြင့်ဖြစ်သော သတိသမ္ဗောဇ္ဈင်ကို ဖြစ်ပွါးစေခြင်း ငှါ ပြည့်စုံခြင်းသည် ဖြစ်၏၊ ထိုသို့ ပြည့်စုံခြင်းကိုလည်း သိ၏။

> **မှတ်ချက်။** ။ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိ သမ္ဗောဇ္ဈင်, သမာဓိ သမ္ဗောဇ္ဈင်, ဥပေက္ခာ သမ္ဗောဇ္ဈင်ကိုလည်း သိ၏၊ ဤသို့ စသည်ဖြင့် သတိသမ္ဗောဇ္ဈင်အတိုင်း အကျယ်ချဲ့ပြီး ပွါးများကြပါလေ။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ခုနစ်ပါးကုန်သော ဗောဇ္ဈင်တရားတို့၌ ဗောဇ္ဈင်တရားတို့ဟု အဖန်တလဲလဲရှုသည်ဖြစ်၍ နေ၏။

ဗောဇ္ဈင်ပိုင်း ပြီး၏။

---

## ဓမ္မာနုပဿနာ သစ္စာပိုင်း

ရဟန်းတို့ ရဟန်းသည် လေးပါးကုန်သော အရိယသစ္စာတရားတို့၌ အရိယသစ္စာတရားတို့ဟု အဖန်တလဲလဲရှုသည်ဖြစ်၍ နေ၏၊ ရဟန်းတို့ အဘယ်သို့သော အခြင်းအရာဖြင့် ရဟန်းသည် လေးပါးကုန်သော အရိယသစ္စာတရားတို့၌ အရိယသစ္စာတရားတို့ဟု အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေဘိသနည်း။

**သစ္စာလေးပါးကို ရှုပုံ။** ။ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် "ဤတရားအပေါင်းသည် ဆင်းရဲ'ဒုက္ခ'တည်း"ဟု မဖောက်

မပြန် သိ၏၊ ဤတရားအပေါင်းသည် "ဒုက္ခ၏ဖြစ်ကြောင်း ဒုက္ခသမုဒယတည်း" ဟု မဖောက်မပြန် သိ၏၊ ဤတရားအပေါင်းသည် "ဆင်းရဲချုပ်ရာ နိဗ္ဗာန်" ဟု မဖောက်မပြန် သိ၏၊ ဤတရားအပေါင်းသည် "ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့် မဂ္ဂသစ္စာ" ဟု မဖောက်မပြန် သိ၏။

သတိပဋ္ဌာန်လေးပါးအကျဉ်း ပြီး၏။

---

## သမ္မပ္ပဓာန်လေးပါး

(ဝိဘင်္ဂပါဠိတော် သမ္မပ္ပဓာနဝိဘင်္ဂ–၂၁၆)

**သမ္မပ္ပဓာန်တရား အားသစ်ပုံ။** ။ရဟန်းတို့ ရဟန်းသည် အလိုဆန္ဒကို အကြီးအမှူးပြု၍ တည်ကြည်ခြင်းကို အကယ်၍ ရအံ့၊ စိတ်၏တည်ကြည်သော အဖြစ်ကို အကယ်၍ ရအံ့၊ ဤတရားကို အလိုဆန္ဒကို အကြီးအမှူးပြု၍ ဖြစ်သော တည်ကြည်ခြင်းတရားဟူ၍ ဆိုအပ်၏။

(က) ထိုရဟန်းသည် မဖြစ်ကုန်သေးသော ယုတ်မာ ကြမ်းတမ်းကုန်သော မလိမ်မာခြင်းကို ဖြစ်စေတတ်ကုန်သော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှါ အလိုဆန္ဒကိုဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လကို အားထုတ်၏၊ စိတ်ကို ချီးမြှင့်၏၊ ဆောက်တည်၏။

(ခ) ဖြစ်ကုန်ပြီးသော ယုတ်မာကြမ်းတမ်းကုန်သော မလိမ်မာခြင်းကို ဖြစ်စေတတ်ကုန်သော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ အလိုဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လကို အားထုတ်၏၊ စိတ်ကို ချီးမြှင့်၏၊ ဆောက်တည်၏။

(ဂ) မဖြစ်ကုန်သေးသော လိမ်မာခြင်းကို ဖြစ်စေတတ်ကုန်သော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ အလိုဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လကို အားထုတ်၏၊ စိတ်ကိုချီးမြှင့်၏၊ ဆောက်တည်၏။

(ဃ) ဖြစ်ကုန်ပြီးသော လိမ်မာခြင်းကို ဖြစ်စေတတ်ကုန်သော ကုသိုလ်တရားတို့၏ တည်ခြင်းငှါ မပျောက်ပျက်ခြင်းငှါ လွန်စွာဖြစ်စေခြင်းငှါ ပြန့်ပြောခြင်းငှါ ပွါးများခြင်းဖြင့် ပြည့်စေခြင်းငှါ အလိုဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လကို အားထုတ်၏၊ စိတ်ကို ချီးမြှင့်၏၊ ဆောက်တည်၏၊ ဤတရားအပေါင်းတို့ကို အားထုတ်သည်ဖြစ်၍ ဖြစ်သော လုံ့လတို့ဟူ၍ ဆိုအပ်ပေကုန်၏။

ဤကဲ့သို့ ဤအလိုဆန္ဒ အတိုင်းရင်း ဤအလိုဆန္ဒကို အကြီးအမှူးပြု၍ ဖြစ်သော တည်ကြည်ခြင်းသည်ရင်း အားထုတ်သည်ဖြစ်၍ ဖြစ်သော လုံ့လတို့သည်ရင်း ဖြစ်ခဲ့ပေကုန်၏။

## သမထဝိပဿနာချုပ်ရာ၌ ပျက်စီးပုံ အကျိုးပြ ဝတ္ထုများ

## (သမ္မောဟဝိနောဒနီ အဋ္ဌကထာ-၂၇၈)

**ဖြစ်ကုန်ပြီးသောကုသိုလ်တရားတို့၏တရားကိုယ်။** ။စကား တခုထပ်၍ ဆက်လိုက်ပေဦးစို့၊ ဤကဿပသံယုတ်ဒေသနာတော်၌ ပါဟကာ အကုသလာ-ဟူသောပုဒ်ဖြင့် လောဘအစရှိသည်တို့ကို သိအပ်ကုန်၏၊ အနုပ္ပန္နာ ကုသလာ ဓမ္မာ-ဟူသော ပုဒ်ဖြင့် သမထဝိပဿနာကိုရင်း မဂ်ကိုရင်း သိအပ်ပေ၏၊ ဖြစ်ပြီးကုန်သော ကုသိုလ်မည်သည်တို့ကား သမထဝိပဿနာတို့သည်သာလျှင်တည်း။

အထူးဆိုကြပေဦးစို့-မဂ်သည် တကြိမ်သာဖြစ်၍ ချုပ်သည်ရှိသော် အကျိုးမဲ့ဖြစ်ခြင်းငှါ ဖြစ်စေတတ်သည်မည်သည် မရှိ၊ မှန်၏၊ မဂ်သည် အနန္တရဖြစ်သော ဖိုလ်၏အကြောင်းကို ပေး၍သာလျှင် ချုပ်၏။

**ကေစိဆရာတို့ဝါဒ။** ။တနည်းသော်ကား ရှေးဖြစ်သော တတိယဝါရ၌လည်း သမထဝိပဿနာတို့ကိုသာလျှင် ယူအပ်ကုန်၏ဟု ကေစိဆရာတို့ ဆိုအပ်၏၊ ထိုသို့ပင် ဆိုအပ်ပါသော်လည်း ထိုကေစိဆရာတို့၏စကားသည် မသင့်၊ ထိုသမထကကာ၌ဖြစ်ကုန်သော သမထဝိပဿနာတို့သည် ချုပ်ကုန်သည်ရှိသော် အကျိုးမဲ့ဖြစ်ခြင်းငှါ ဖြစ်ကုန်၏၊ ဤသို့ အနက်ထင်စွာ ပြုခြင်းငှါ ဤဆိုလတ္တံ့သည်ကား ဝတ္ထုပေတည်း။

**ချွန်သရမ်းခြင်းကြောင့် ကန်းမနှင့်ငြားရသောဝတ္ထု။** ။ရဟန္တာမထေရ်တပါးသည် "မဟာစေတီကိုရင်း မဟာဗောဓိပင်ကိုရင်း ရှိခိုးအံ့" ဟု နှလုံးသွင်း၍ သမာပတ်ကိုရသော ဘဏ္ဍာကိုဆောင်ယူတတ်သော သာမဏေနှင့်တကွ တခုသောဇနပုဒ်မှ မဟာဝိဟာရကျောင်းတိုက်သို့ ကြွလာ၍ စိဝရမည်သော ပရိဝုဏ်သို့ ဝင်ခဲ့ပေ၏။ ညချမ်းသောအခါ များစွာသော ရဟန်းအပေါင်းတို့သည် စေတီတော်ကို ရှိခိုးသည်ရှိသော် စေတီတော်ကို ရှိခိုးခြင်းငှါ မထွက်သေးပေ။ အဘယ့်ကြောင့် မထွက်သေးသနည်းဟူမူ ရဟန္တာပုဂ္ဂိုလ်တို့အား ရတနာသုံးပါး၌ ကြီးစွာသော ရိုသေခြင်း ရှိသောကြောင့် မထွက်ပေ။

ရဟန်းတော်များ ရှိခိုးပြီး၍ ဖဲကြသွားသော် လူတို့၏ ညစာစားသောက်ချိန်၌ သာမဏေကိုလည်း မသိစေပဲ "စေတီတော်ကို ရှိခိုးအံ့" ဟု နှလုံးသွင်းလျက် တပါးတည်းသာ ထွက်ခဲ့ပေ၏၊ ဘဏ္ဍာကိုဆောင်ယူတတ်သော သာမဏေသည် အသို့နည်း ငါ၏ဆရာမထေရ်သည် အခါမဟုတ်သည်၌ တပါတည်းသာလျှင် ကြွတော်မူ၏၊ သိအောင်ပြုဦးအံ့" ဟု နှလုံးသွင်း၍ ဥပဇ္ဈာယ်မထေရ်၏ ဘဝါးခြေထပ် ထွက်ခဲ့၏။ ရဟန္တာမထေရ်သည် နှလုံးမသွင်း မဆင်ခြင်မူ၍ ထိုဘဏ္ဍာကို ဆောင်ယူတတ်သော သာမဏေလာသည်ကို မသိပဲ တောင်မျက်နှာ တံခါးဖြင့် စေတီယင်ပြင်သို့ တက်တော်မူ၏၊ ဘဏ္ဍာကို ဆောင်ယူတတ်သော သာမဏေသည်လည်း ဘဝါးခြေထပ်သာလျှင် တက်၍ လိုက်၏။ ရဟန္တာမထေရ်သည် မဟာစေတီတော်ကို ဖူးမြော်လျက် ဘုရားဂုဏ်လျှင် အာရုံရှိသော ပီတိဖြင့် ကြွင်းမဲ့ဥဿုံအလုံးစုံကို စိတ်ဖြင့် ကောင်းစွာနှလုံးသွင်းလျက် အလွန်ရွှင်လန်းစွာ စေတီတော်ကို ရှိခိုး၏။

**ဥပဇ္ဈာယ်မထေရ်ဘုရားကို ကြည်ညိုခြင်း။** ။ဘဏ္ဍာကို ဆောင်ယူ တတ်သော သာမဏေသည် ဥပဇ္ဈာယ်မထေရ်၏ရှိခိုးသော အခြင်းအရာကိုမြင်၍ "ငါ၏ ဥပဇ္ဈာယ်မထေရ်သည် အလွန်လျှင် ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ရှိခိုး၏၊ အသို့နည်း ပန်းတို့ကို ရသော် ပူဇော်ရာအံ့လော" ဟု ကြံ၏။ ဥပဇ္ဈာယ်မထေရ်သည် ရှိခိုးပြီးလျှင် ထ၍ ဦးခေါင်း၌ လက်အုပ်ကိုထား၍ မဟာစေတီတော်ကို ကြည့်ရှုလျက် ရပ်၏၊ သာမဏေသည် ချောင်းဟည့်လျက် မိမိလာသည်၏ အဖြစ်ကို သိစေ၏၊ ဥပဇ္ဈာယ်မထေရ်သည် ပြန်လှည့်၍ ကြည့်တော်မူသော် သာမဏေကိုမြင်၍ "သာမဏေ သင်အဘယ်အခါ၌ လာခဲ့သနည်း" ဟု မေးတော်မူ၏၊ အရှင်ဘုရား အရှင်ဘုရားတို့ စေတီတော်ကို ရှိခိုးချိန်၌ ရောက်လာပါသည်ဘုရား၊ အလွန်ကြည်ညိုကုန်သည်ဖြစ်၍ စေတီတော်ကို ရှိခိုးတော်မူကြကုန်၏။ အသို့နည်း ပန်းတို့ကို ရသော် ပူဇော်တော်မူကုန်ပါမည်လောဘုရား" ဟု လျှောက်ထားလေ၏။

သာမဏေ ဩော် ပူဇော်ကုန်အံ့၊ ဤစေတီတော်ကဲ့သို့ တပါးသော စေတီ၌ ဤမျှအတိုင်းအရှည်ရှိသော ဓာတ်တော်တို့ကို ဌာပနာတည်ခြင်း မည်သည် မရှိ၊ ဤသို့သဘောရှိသော အတုမရှိသော စေတီတော်ကြီးကို ပန်းတို့ကိုရလျှင် အဘယ်သူသည် မပူဇော်ပဲ ရှိအံ့နည်းဟု မိန့်တော်မူ၏။

**ဆရာ့အတွက် ပန်းများဆောင်ယူခြင်း။** ။အရှင်ဘုရား ထိုသို့ ပန်းပူဇော်တော်မူလိုပါမူကား သည်းခံ စောင့်ဆိုင်းတော်မူပါဦးဘုရား၊ တပည့်တော် ဆောင်ယူပါရစေဦးဘုရားဟု လျှောက်ထား၍ ထိုခဏ၌ပင် ဈာန်ကိုဝင်စား၍ တန်းခိုးဖြင့် ဟိမဝန္တာတောင်သို့ သွားပြီး အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းတို့ကို ယူဆောင်၍ ရေစစ်ကို ပြည့်စေလျက် ဥပဇ္ဈာယ်

မထေရ်မြတ်သည် တောင်အရပ်မျက်နှာမှ အနောက်အရပ် မျက်နှာသို့ မရောက်မီ သာလျှင် ဟိမဝန္တာတောင်မှ ပြန်လာလတ်၍ ပန်းတို့ကိုထည့်သော ရေစစ်ကို လက်၌ ထည့်၏၊ "အရှင်ဘုရား ပူဇော်ပါကုန်လော့"ဟု လျှောက်၏။

**ပန်းများပူဇော်လို့ မကုန်နိုင်ပုံ။** ။ဥပဗ္ဗာယမထေရ်သည် သာမဏေ ငါတို့၏ ပန်းတို့သည် အလွန်လျှင် နည်းပါးကုန်၏ဟု ဆို၏၊ အရှင်ဘုရား ကြွသွားကြွတော်မူပါကုန်၊ မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို ဆင်ခြင်၍ ပူဇော်တော်မူပါကုန်ဟု လျှောက်၏၊ ဥပဗ္ဗာယမထေရ်သည် အနောက်မျက်နှာကို မှီသော စောင်းတန်းလှေခါးဖြင့် တက်တော်မူ၍ ပွတ်တိုင်၏အတွင်းဖြစ်သောဘုံ၌ ပူဇော်ခြင်းကို ပြုခြင်းငှါ အားထုတ်တော်မူ၏၊ ပွတ်တိုင်၏ အတွင်းဖြစ်သောဘုံ၌ ပြည့်ကုန်သော ပန်းတို့သည် ကျ၍ နှစ်ခုမြောက်သောဘုံ၌ ပုဆစ် ပမာဏရှိသော အပိုင်းအခြားအားဖြင့် ပန်းအစုတို့သည် ပြည့်ကုန်၏၊နှစ်ခုမြောက် သောဘုံမှ သက်ဆင်းလတ်၍ အခြေအင်းပျဉ်အစဉ်ကို ပူဇော်ပြီး၊ အခြေအင်းပျဉ် အစဉ်၏လည်း ပြည့်သည်၏အဖြစ်ကိုသိ၍ အောက်အပြင်၌ ကြဲဖြန့်သည်ဖြစ်၍ ကြွတော်မူ၏။ အလုံးစုံသော စေတီယင်ပြင်သည် ပန်းတို့ဖြင့် ပြည့်၏။

ထိုစေတီယင်ပြင်သည် ပန်းတို့ဖြင့် ပြည့်သည်ရှိသော် "သာမဏေ ပန်းတို့သည် မကုန်နိုင်"ဟူ၍ မိန့်တော်မူ၏၊ အရှင်ဘုရား ပန်းထည့်သော ရေစစ်ကို အောက်သို့ မျက်နှာမူသည်ကို ပြုတော်မူပါကုန်လော့ဟု သာမဏေက လျှောက်ထားသည်ရှိသော် အောက်သို့ မျက်နှာမူသည်ကို ပြု၍လှုပ်၏၊ လှုပ်သောအခါ၌ ပန်းတို့သည် ကုန်သွားပေ၏။

**ဥပဗ္ဗာယမထေရ်၏ အကြံ။** ။မထေရ်သည် ပန်းထည့်သောရေစစ်ကို သာမဏေ အား ပေးလိုက်၍ ဆင်ပမာဏရှိသော တံတိုင်း (နှင့်)တကွ စေတီတော်ကို သုံးကြိမ် လက်ျာရစ် လှည့်သည်ကိုပြု၍ လေးပါး ကုန်သောအရပ်တို့၌ ရှိခိုး၍ ပရိဝုဏ်သို့ သွားသည်ရှိသော် စိတ်အကြံဖြစ်၏ "ဤ သာမဏေသည် အလွန် တန်းခိုးကြီးပါပေ၏၊ ဤတန်းခိုးအာနုဘော်ကို စောင့် ရှောက်ခြင်းငှါ တတ်နိုင်လတ္တံ့လောဟု ဆင်ခြင်သော် ဤတန်းခိုးအာနုဘော်ကို စောင့်ရှောက်ခြင်းငှါ မတတ်နိုင်လတ္တံ့ဟု မြင်တော်မူ၍ သာမဏေကို ဆို၏—

"သာမဏေ သင်သည် ယခုအခါ၌ ကြီးသောတန်းခိုး ရှိပါပေ၏၊ ထိုသို့ပင် ကြီးသောတန်းခိုး ရှိပါသော်လည်း ဤသို့သဘောရှိသော တန်းခိုးကို ဖျက်ဆီး၍ နောင်သောအခါ၌ ကန်းသော ရက္ကန်းသည် ဒါယိကာမ၏လက်ဖြင့် နယ်အပ် သော ပအုံးရည်ကို သင် သောက်ရလတ္တံ့ဟု ဆို၏။

ဈာန်အဟုန်ကြောင့် မာန်ဂုဏ်တက်ပုံ။ ။သာမဏေသည် ဆရာဥပဇ္ဈာယ်၏ စကား၌ ထိတ်လန့်၍ "အရှင်ဘုရား အကျွန်ုပ်အား ကမ္မဋ္ဌာန်းကို ကြားတော်မူပါကုန်"ဟု မတောင်းပန်၊ ဤသို့ မတောင်းပန်ခြင်းတည်း ဟူသော အပြစ်သည် ငယ်သောသူ၏ မှားတတ်စမြဲ ဖြစ်သော အပြစ်မည်၏၊ စင်စစ်သော်ကား "အကျွန်ုပ်တို့၏ ဆရာဥပဇ္ဈာယ်သည် အဘယ်သို့သော စကားကို ဆိုသနည်း"ဟု ထိုစကားကို မကြားသကဲ့သို့ သွားပြီ။ ဥပဇ္ဈာယ်မထေရ်သည် မဟာစေတီကိုရင်း မဟာဗောဓိပင်ကိုရင်း ရှိခိုး၍ သာမဏေကို သပိတ်သင်္ကန်းကို ယူဆောင်စေ၍ အစဉ်အားဖြင့် ကုဋ္ဋေဠိတိဿ မဟာဝိဟာရကျောင်းတိုက်သို့ ကြွတော်မူလေ၏။

သာမဏေသည် ဆရာဥပဇ္ဈာယ်၏အထံ၌ ဘဝါးခြေထပ်ဖြစ်၍ ဆွမ်းခံသွားခြင်းကို မပြု၊ "အရှင်ဘုရား အဘယ်မည်သော ရွာတွင်းသို့ ဝင်ကုန်အံ့နည်း"ဟု မေးလျှောက်ပြီး "ယခုအခါ ငါ၏ဆရာ ဥပဇ္ဈာယ်သည် ရွာတံခါးသို့ ရောက်သည် ဖြစ်လတ္တံ့"ဟု သိ၍ မိမိ၏ရင်း ဆရာဥပဇ္ဈာယ်၏ရင်း သပိတ်သင်္ကန်းကို ဆောင်ယူ၍ ကောင်းကင်ခရီးဖြင့် လာလတ်၍ ဥပဇ္ဈာယ်မထေရ်၏ သပိတ်သင်္ကန်းကို ဆောင်နှင်းခဲ့၍ ဆွမ်းအလို့ငှါ ရွာတွင်းသို့ ဝင်၏၊ ဥပဇ္ဈာယ်မထေရ်သည် အခါ ခပ်သိမ်း ဆုံးမ၏—

ပုထုဇဉ်တို့၏တန်းခိုး မမြဲကြောင်း ဆုံးမပုံ။ ။"ဤသို့တန်းခိုးဖြင့် သွားလာခြင်းကို သင်မပြုလင့်၊ ပုထုဇဉ်တို့၏ တန်းခိုးမည်သည်ကား ရွှေလျှားတတ်၏(ဝါ)မမြဲ၊ မလျှောက်ပတ်သော ရူပ သဒ္ဒ အစရှိသော အာရုံကိုရ၍ အနည်းငယ်မျှဖြင့်သာလျှင် ပျက်စီးတတ်၏၊ ထင်ရှားရှိသော သမာပတ် ဆုတ်ယုတ်ခဲ့ပါသည်ရှိသော် မြတ်သော သီတင်းသုံး ခြင်းသည် တည်တံ့ခြင်းငှါ မတတ်နိုင်"ဟု မိန့်ဆိုပေ၏။ သာမဏေသည် "ငါ၏ ဥပဇ္ဈာယ်ဆရာသည် အဘယ်သို့ ဆိုပေသနည်း"ဟု နာကြားခြင်းငှါ အလိုမရှိပေ၊ ရှေးအတူသာလျှင် တန်းခိုးဖန်ဆင်းခြင်းကို ပြုမြဲပြု၏။ ဥပဇ္ဈာယ်မထေရ်သည် အစဉ်အားဖြင့် စေတီတော်ကို ရှိခိုးခြင်းကိုပြုသည်ရှိသော် ကမ္ဗုပေန္နမည်သော ကျောင်းတိုက်သို့ ကြွလေ၏။ ထိုကျောင်းတိုက်၌ ဥပဇ္ဈာယ်မထေရ်သည် နေသော်လည်း သာမဏေသည် ထိုအတူသာလျှင် တန်းခိုးဖန်ဆင်းကို ပြုမြဲပြု၏။

ရက်ကန်းသည်မ သဒ္ဓါရုံကြောင့် ဈာန်ဟုန်ကျပုံ။ ။ထိုနောက် တနေ့သောနေ့၌ တယောက်သော ရက္ကန်းသည်၏ သမီးသည် အလွန်အဆင်းလှ၏၊ ပဌမအရွယ်၌ တည်၏၊ ကမ္ဗုပေန္န ရွာမှထွက်၍ ပဒုမာရေအိုင်သို့ သက်ဆင်း၍ သီချင်းသီဆိုလျက် ကြာပန်းတို့ကို ချိုး၏၊ အသံ၌ တပ်ခြင်းတို့ကို ဆိုဦးစို့၊ ထိုသို့ သီချင်းသီသောအခါ၌ သာမဏေ

သည် ပဒုမာရေအိုင်၏ အထက်ဖြင့် သွားလတ်သည်ရှိသော် အစေး၌ကပ်သော ယင်သည် ဖွဲ့မိသကဲ့သို့ ထိုသတိုးသမီးငယ်၏ သီချင်းသီဆိုသောအသံ၌ ဖွဲ့၏ (တပ်မက်၏)၊ ထိုခဏ၌သာလျှင် တန်းခိုးမှ ကွယ်ပျောက်ခဲ့၏၊ အတောင်ပြတ်သော ကျီးကဲ့သို့ဖြစ်ပြီ။

**ဈာန်အဟုန်ကြောင့် ဝါဂွမ်းကဲ့သို့ ကျပုံ။** ။မြေ၌တည်သည်ကို ဆိုဦးစို့၊ ထင်ရှားရှိဘူးသော သမာပတ်၏ အစွမ်းကြောင့် ထို ပဒုမာရေအိုင်၏ အပြင်၌သာလျှင် မကျမူ၍ လက်ပံလဲ ကျဘိသကဲ့သို့ ကျသည်ဖြစ်၍ အစဉ်အားဖြင့် ပဒုမာရေအိုင်၏ကမ်း၌ တည်၏၊ ထို သာမဏေသည် လျင်စွာသွား၍ ဆရာဥပဇ္ဈာယ်၏ သပိတ်သကန်းကို ပေးခဲ့၍ ပြန်နစ်၏၊ ဥပဇ္ဈာယ်မထေရ်သည် "ရှေးမဆွကသာလျှင် ဤအကြောင်းကို ငါမြင်၏၊ တားမြစ်သော်လည်း မပြန်နစ်လတ္တံ့"ဟု နှလုံးပိုက်၍ တစုံတခုသော စကားကိုမျှ မဆိုပဲ ဆွမ်းအလို့ငှါ ဝင်တော်မူလေ၏။

သာမဏေသည် သွား၍ သတိုးသမီးငယ်၏ ရေအိုင်မှ တက်သည်ကို ငံ့လင့်နေသည်ဖြစ်၍ ပဒုမာရေအိုင်၏ ကမ်း၌ တည်၏၊ သတိုးသမီးငယ်သည်လည်း သာမဏေကို ကောင်းကင်ဖြင့် သွားသည်ကိုရင်း တဖန်လာ၍ တည်သည်ကိုရင်း မြင်၍ "မချွတ် ဤသာမဏေသည် ငါ့ကို မှီ၍ ဆန့်ကျင်၏"ဟု သိ၍ "အမောင်သာမဏေ ဖဲ၍ နေပါဦးလော့"ဟု ဆို၏။ ထိုသာမဏေသည် စဉ်းငယ်ဖဲ၍ နေ၏။ ဤမှတပါးသော သတိုးသမီးငယ်သည် ရေအိုင်မှတက်၍ ကိုယ်ဝတ်ကို ဝတ်၍ သာမဏေသို့ ချဉ်းကပ်၍ "အရှင်ဘုရား အကြောင်းအဘယ်သို့ ရှိသနည်း"ဟု မေးလျှောက်၏၊ သာမဏေသည်လည်း ထိုတပ်နှစ်သက်သော အကြောင်းကို ပြန်ကြား၏။

**လူ့ဘဝ၏ အပြစ်အမျိုးမျိုးပြ၍ ဆုံးမပုံ။** ။သတိုး သမီးငယ်သည် များစွာကုန်သော အကြောင်း တို့ဖြင့် အိမ်ရာထောင်သော လူ့ဘောင်၌ အပြစ်ကိုရင်း မြတ်သော သီတင်းသုံးခြင်း၌ အကျိုးကိုရင်း ပြ၍ ပြောဆိုပါသော်လည်း သာမဏေ၏ ဆန့်ကျင်ခြင်းကို ပယ်ဖျောက်ခြင်းငှါ မတတ်နိုင်သည် ဖြစ်၍ "ဤ သာမဏေသည် ငါ၏ အကြောင်းကြောင့် ဤသို့ သဘောရှိသော တန်းခိုးမှ ဆုတ်ယုတ်ခဲ့၏၊ ယခု စွန့်ခြင်းငှါ မသင့်"ဟု နှလုံးပိုက်၍ "ဤနေရာမှာပင် ရပ်တန့် နေပေဦးလော့ဟု" မှာခဲ့ပြီး အိမ်သို့ သွားကာ အမိအဘတို့အား ထိုအကြောင်းကို ပြန်ကြား၏။

အမိအဘတို့သည်လည်း လာကြ၍ အထူးထူး အထွေထွေသော စကားကို ဆိုဆုံးမသည်ရှိသော် ဆိုဆုံးမသော စကားကို မနာယူသောသာမဏေကို "အမောင်သာမဏေ ငါတို့ကို မြတ်သော အမျိုးဟု မှတ်ထင်နေသလား၊ ငါတို့သည်

ရက်ကန်းသည် မျိုးတို့တည်း၊ ရက်ကန်းသည်တို့၏ အမှုကို ပြုခြင်းငှါ စွမ်းနိုင်သလော"ဟု ဆိုကြကုန်၏။

**သာမဏေလူထွက် ရက်ကန်းသည်ဘဝ ရောက်ပုံ။** ။သာမဏေ သည်လည်း "ဥပါသကာ လူဖြစ်သောသူ မည်သည် ရက်ကန်းသည်တို့၏ အမှုကိုလည်း ပြုရာ၏၊ ကျူထရံသည်တို့၏ အမှုကိုလည်း ပြုရာ၏၊ ဤပုဆိုးမျှဖြင့် အဘယ့်ကြောင့် တပ်နှစ်သက်ခြင်းကို ပြုကုန်ဘိသနည်း"ဟု ဆို၏။ ရက်ကန်းသည်သည် ရင်၌ဖွဲ့သော ပုဆိုးကို ပေး၍ အိမ်သို့ဆောင်ပြီး သမီးကို ပေး၏၊ သာမဏေ လူထွက်သည် ရက်ကန်းသည်တို့၏အမှုကို သင်၍ ရက်ကန်းသည် အပေါင်းတို့နှင့် တကွ ရက်ကန်းရက်ရာ တင်းကုပ်၌ ရက်ကန်းရက်သော အမှုကို ပြု၏။

တပါးသော ရက်ကန်းသည် ယောကျ်ားတို့၏ မိန်းမတို့သည် စောစောကသာလျှင် ထမင်းကို ပြီးစေ၍ ဆောင်ယူခဲ့ကုန်၏၊ သာမဏေ လူထွက်၏ ဇနီးသည်ကား မလာသေးပေ၊ သာမဏေလူထွက်သည် အခြားသော ရက်ကန်းသည် အပေါင်းတို့က ရက်ကန်းသည်၏အမှုကိုလွှတ်၍ စားကုန်သည်ရှိသော် ရောက်လုံးကို ရောက်သည်ဖြစ်၍ ထိုင်နေ၏။ သာမဏေလူထွက် ဇနီးသည် နောက်မှ ထမင်းလာပို့၏၊ ထိုသို့ လာသော အခါ၌ မိမိ၏ဇနီးကို သာမဏေလူထွက်သည် "အလွန်ကြာမြင့်မှ လာသည်"ဟု ဆို၍ ခြိမ်းခြောက်၏။

**မိန်းမတို့၏ သဘောတံထွာ ဓမ္မတာ။** ။မာတုဂါမ၏ သဘောကို ဆိုကြဦးစို့၊ **မာတုဂါမ မည်သည်ကား မိမိ၌တပ်နှစ်သက်သော စိတ်ရှိသည်ကို သိသော် စကြဝတေးမင်းကိုပင် သော်လည်း ကျွန်ယောကျ်ားကဲ့သို့ မှတ်ထင်တတ်၏။** ထို့ကြောင့် သာမဏေလူထွက်၏ ဇနီးသည် တပါးကုန်သော ယောကျ်ားတို့၏ အိမ်၌ ထင်း ဟင်းရွက် ဆား အစရှိသည်တို့ကို သိုမှီး၍ ထားအပ်ကုန်၏၊ အပဖြစ်သော တော တောင် စသည်မှ ယူဆောင်၍ ပေးတတ် စေတတ်သော သူတို့သည်လည်း ရှိကြကုန်၏၊ ငါ့မှာ မူကား တယောက် ထည်းထည်းသာ ဖြစ်၏၊ မောင်မင်းသည်လည်း "ငါ၏အိမ်၌ ဤမည်သော ထင်း ဟင်းရွက် ဆား အစရှိသည်သည် ရှိ၏၊ ဤမည်သော ထင်း ဟင်းရွက် ဆား အစရှိသည်သည် မရှိဟု မသိ၊ အကယ်၍ စားလိုသည်ဖြစ်အံ့ စားလော့၊ မစားလိုသည်ဖြစ်အံ့ မစားနှင့်"ဟု ဆိုပေ၏။

ထို သာမဏေ လူထွက်သည် "သက်သက်လည်း နေမြင့်မှ ထမင်းကိုဆောင်ခဲ့သည်သာ မဟုတ်သေး၊ စကားဖြင့်လည်း ငါ့ကို ထိပါး၏"ဟု အမျက်ထွက်၍ တပါးသော ပုတ်ခတ်ကြောင်း ဖြစ်သော တုတ် လုံတံကို မမြင်သည် ဖြစ်၍

ထိုရောက်လုံး၌ တပ်သော ရောက်ရိုးကိုပင်လျှင် ရောက်လုံးမှ နှုပ်၍ ပစ်လိုက်၏၊ သာမဏေလူထွက်၏ ဇနီးသည် လာသော ရောက်ရိုးကို မြင်၍ စဉ်းငယ်မျက်နှာကို လှည့်လိုက်၏။

**ရောက်ရိုး၏ သဘော။** ။ရောက်ရိုး၏ အစွန်း မည်သည် အလွန်ထက်၏၊ သာမဏေလူထွက်၏ ဇနီးသည် မျက်နှာကို လှည့်လိုက်သည် ရှိသော် ရောက်ရိုးစွန်းသည် မျက်ထောင့်စွန်းသို့ စူးဝင်၍ တည်၏၊ သာမဏေလူထွက်၏ ဇနီးသည် လက်နှစ်ဖက်တို့ဖြင့်လျှင်စွာ မျက်စိကို ဆိုင်၏၊ ပေါက်ရာအရပ်မှ သွေးယိုစီး၏၊ သာမဏေလူထွက်သည် သွေးယိုသောအခါ၌ ဆရာဥပဇ္ဈာယ်၏ ဆိုဆုံးမသော စကားကို ကြားယောင်မိပြီး အမှတ်ရလာ၏။

**ဥပဇ္ဈာယ် ဆရာစကားကို အောက်မေ့ပုံ။** ။"ဤအကြောင်းကို ရည်တော်မူ၍ ငါ့ကို ဥပဇ္ဈာယ် ဆရာသည် အနာဂတ်ကာလ၌ ကန်းသော ရက်ကန်းသည်မ၏ လက်တို့ဖြင့် နယ်အပ်သော ပအုံးရည်ကို သင် သောက်ရလတ္တံ့" ဟု မိန့်တော်မူဘူးပါပေ၏၊ ဤ အကြောင်းကို ငါ၏ ဥပဇ္ဈာယ်မထေရ်သည် မြင်အပ်သည် ဖြစ်လတ္တံ့၊ သြော် အံ့ဖွယ် ရှိပါပေစွ၊ အရှင်သည် အရှည်ကို မြင်တော်မူ၏ဟူ၍ သည်းစွာအသံဖြင့် ငိုကြွေးခြင်းငှါ အားထုတ်၏၊ သာမဏေလူထွက်ကို တပါးသော ရက်ကန်းသည်တို့က "အဇမောင် မသင့်၊ မငိုကြွေးပါလင့်၊ ပျက်စီးသောမျက်စိကို ငိုကြွေးသောအားဖြင့် ပြကတေ့ ရှိအောင် ပြုခြင်းငှါ မတတ်ကောင်း"ဟု ဆိုကြကုန်၏။

ထိုသာမဏေလူထွက်သည် **"ကျွန်တော်သည် မျက်စိပျက်စီးခြင်း တည်းဟူသော အကြောင်းကြောင့် ငိုကြွေးသည် မဟုတ်ပါ၊ ဝင်စစ်သော်ကား ဆရာ ဆိုဆုံးမသော စကားကို ရည်ရွယ်၍ ကျွန်တော် ငိုပါ၏"**ဟု ဆို၍ အလုံးစုံသော ဆရာဥပဇ္ဈာယ်၏ စကားကို အစဉ်အားဖြင့် ပြောကြား၏၊ ဤသို့ ဖြစ်ပြီးသော သမထဝိပဿနာသည် ချုပ်သည်ရှိသော် အကျိုးမဲ့ခြင်းငှါ ဖြစ်ကုန်၏။

သမထဝိပဿနာတို့ ချုပ်ရာ၌ အကျိုးမဲ့ပြသောဝတ္ထု ပြီး၏။

---

## တနည်း သမထချုပ်ငြိမ်းခြင်းကြောင့် အကျိုးမဲ့ဖြစ်သော ဝတ္ထု

**ရဟန်းသုံးကျိပ်နှင့် တောင်သူယောကျ်ားတွေ့ပုံ။** ။သုံးကျိပ်သော ရဟန်းတို့သည် ကလျာဏီမဟာစေတီတော်ကို ရှိခိုး၍ တောအုပ်ခရီးဖြင့် ခရီးမသို့ သက်ကုန်သည်ဖြစ်၍ ခရီးအကြား၌ မီးလောင်သော တောင်ယာဝယ် တောင်သူ၏ အမှုကို ပြု၍လာသော

လူတယောက်ကို မြင်ကြကုန်၏၊ ထိုတောင်သူ ယောကျ်ား၏ ကိုယ်သည် မင်(မီးသွေး)ဖြင့် လိမ်းကျံဘိသကဲ့သို့ ဖြစ်ခဲ့ပေပြီ၊ မင်(မီးသွေး)ဖြင့် လိမ်းကျံသည် သာလျှင် ဖြစ်သော တထည်သော ပုဆိုးကို အောက်ပိုးကျိုက်၍ ဝတ်သော ယောကျ်ားကို မြင်ကြကုန်သည်ရှိသော် မီးလောင်သော သစ်ငုတ်ကဲ့သို့ ထင်၏။

ထိုတောင်သူယောကျ်ားသည် နေ့အဘို့၌ တောင်သူအမှုကို ပြုပြီး၍ ထက်ဝက် မီးလောင်ကုန်သော သစ်သားတို့၏ အစည်းကို ထမ်း၍ ကျောက်ကုန်း ထက်၌ ဖရိုဖရဲကြဲ၍ တွဲလျားကြကုန်သော ဆံပင်တို့ဖြင့် ခရီးမဟုတ်သော တော အရပ်ဖြင့် လာလတ်၍ ရဟန်းတို့၏ မျက်မှောက်၌ တည်၏၊ သာမဏေငယ်တို့ မြင်ကြကုန်၍ အချင်းချင်း ကြည့်ကြကုန်လျက် "ငါ့ရှင်တို့ သင်၏ အဘလော၊ သင့်၏ အဘိုးလော၊ သင်၏ ဦးရီးလော"ဟူ၍ ရယ်ရွှင်ကုန်လျက် သွားပြီးတော့ မှရင်——

"ဒါယကာကြီး သင်သည် အဘယ်အမည်ရှိသနည်း"ဟု အမည်ကို မေးအပ်သည်ရှိသော် နှလုံးမသာယာခြင်းရှိသည် ဖြစ်၍ ထင်းစည်းကို စွန့်ပစ်၍ ကိုယ် ဝတ်ပုဆိုးကို ကောင်းစွာ ပြင်ဝတ်လျက် မထေရ်ကြီးတို့ကို ရှိခိုးပြီးလျှင် "အရှင် ဘုရားတို့ ရပ်တန့်တော် မူပါကုန်ဦးလော့"ဟု လျှောက်ထားလေ၏။ မထေရ်ကြီး တို့သည် ရပ်တန့်တော်မူကြကုန်၏၊ သာမဏေငယ်တို့သည် လာလတ်ကုန်၍ မထေရ်ကြီးတို့၏ မျက်မှောက်၌လည်း ရယ်ရွှင်ခြင်းကို ပြုကြကုန်၏။

**တောင်သူယောကျ်ားက မိမိ၏အတိတ်ဘဝကို လျှောက်ခြင်း**

အဲဒီတော့ ဒါယကာက လျှောက်ထားလိုက်သည်မှာ "အရှင်ဘုရားတို့ အရှင်ဘုရားတို့သည် တပည့်တော်ကို မြင်ကြကုန်၍ ရယ်ရွှင်ကြကုန်၏၊ ဤမျှလောက်သာလျှင် အထွဋ်အထိပ်သို့ ရောက်ကြကုန်ပြီ"ဟု မမှတ်ကုန်လင့်၊ တပည့်တော်လည်း ရှေး၌ အရှင်ဘုရားတို့နှင့် တူသော ရဟန်းသည် ဖြစ်ဘူးပါပြီ၊ စင်စစ်သော်ကား အရှင်ဘုရား တို့အား စိတ်၏ တည်ကြည်ခြင်း မျှသည်လည်း မရှိကြသေးပေ။ တပည့် တော်မှာမူ ဤ မြတ်စွာ ဘုရား၏ သာသနာတော်၌ ကြီးသော တန်းခိုးရှိသည် ကြီးသော အာနုဘော်ရှိသည် ဖြစ်ဘူးပါပေပြီ။

ကောင်းကင်ကို ယူ၍ မြေဖြစ်အောင် ပြုနိုင်ပါ၏၊ မြေကို ယူ၍ ကောင်းကင် ဖြစ်အောင် ပြုနိုင်ပါ၏၊ ဝေးသောအရပ်ကို ယူ၍ အနီးအရပ်ဖြစ်အောင် ပြုနိုင် ပါပေ၏၊ အနီးဖြစ်သော အရပ်ကို ယူ၍ ဝေးသော အရပ်ဖြစ်အောင် ပြုနိုင်ပါ ပေ၏၊ စကြာဝဠာတသိန်းကို တခဏခြင်းဖြင့် ထုတ်ခြင်း ထွင်း၍ သွားနိုင်ပါ၏၊ တပည့်တော်၏ လက်တို့ကို ရှုတော်မူပါကုန်လော့၊ ယခုအခါ၌ မျောက်၏လက်နှင့် တူကုန်၏၊ တပည့်တော်သည် ဤလက်တို့ဖြင့် ဤမြေ၌ ထိုင်နေလျက် သာလျှင်

လ–နေတို့ကို သုံးသပ်ဘူးပါပြီ၊ ဤခြေတို့ဖြင့်သာလျှင် လ–နေတို့ကို ခြေပွတ် အိုးခြမ်းကိုပြု၍ နေဘူးပါပေပြီ၊ တပည့်တော်အား ဤသို့သဘောရှိသော တန်းခိုး သည် မေ့လျော့ခြင်းကြောင့် ကွယ်ပျောက်ပါပေပြီ။

**တောင်သူယောကျ်ား၏ သတိပေးစကား။** ။အရှင်ဘုရားတို့ မမေ့မလျော့ပါ ကုန်လင့် (အပြစ်ကို ပြပါမည်)၊ မေ့လျော့ခြင်းကြောင့် ဤသို့ သဘောရှိသော ပျက်စီးခြင်းသို့ ရောက်တတ်ပါ ကုန်၏။ မမေ့ မလျော့ကုန်သည်ဖြစ်၍ နေကုန်သော သူတို့သည် ဇာတိ ဇရာ မရဏ၏အဆုံးကို ပြုကြကုန်၏၊ ထို့ကြောင့် အရှင်ဘုရားတို့ ကိုယ်တော်တို့သည် တပည့်တော်ကိုသာလျှင် အာရုံပြု၍ မမေ့မလျော့ကုန်သည်ဖြစ်ကြပါကုန်လော့ဟု ဆို၍ ဤသို့ ခြိမ်းခြောက်ပြီး အဆုံးအမကို ပေး၏၊ ထိုတောင်သူယောကျ်ား ပြောဆိုစဉ်မှာပင်လျှင် ထိတ်လန့်ခြင်းသို့ ရောက်ကြကုန်၍ ဝိပဿနာကို ပွါးကုန် သော ထို သုံးကျိပ်သော ရဟန်းတို့သည် ထိုတောအရပ်၌သာလျှင် အရဟတ္တဖိုလ် သို့ ရောက်ကြကုန်၏။

ဤသို့လည်း ဖြစ်ကုန်ပြီးသော သမထ ဝိပဿနာတို့သည် ချုပ်ကုန်သည် ရှိသော် အကျိုးမဲ့ ဖြစ်ခြင်းငှါ ဖြစ်ကုန်၏။ ဤသည်ကား သမ္မပ္ပဓာန်တရား လေးပါး နိဂုံးစကား ရပ်ပေတည်း။

သမထဝိပဿနာတို့ ချုပ်ရာ၌ အကျိုးမဲ့ကိုပြသော ဝတ္ထုတမျိုး ပြီး၏။

သမ္မပ္ပဓာန်လေးပါး ပြီး၏။

---

## ဣဒ္ဓိပါဒ်တရား လေးပါး

(မဟာဝဂ္ဂသံယုတ်ပါဠိတော် ဣဒ္ဓိပါဒသံယုတ် ၂၃၀)

ဣဓ ဘိက္ခု ဆန္ဒသမာဓိပ္ပဓာနသင်္ခါရသမန္နာဂတံ ဣဒ္ဓိပါဒံ ဘာဝေတိ၊ ဣတိ မေ ဆန္ဒော န စ အတိလီနော ဘဝိဿတိ၊ န စ အတိပ္ပဂ္ဂဟိ-တော ဘဝိဿတိ၊ န စ အဇ္ဈတ္တံ သံခိတ္တော ဘဝိဿတိ၊ န စ ဗဟိဒ္ဓါ ဝိက္ခိတ္တော ဘဝိဿတိ။

ပစ္ဆာ ပုရေသညီ စ ဝိဟရတိ၊ ယထာ ပုရေ တထာ ပစ္ဆာ၊ ယထာ ပစ္ဆာ တထာ ပုရေ၊ ယထာ အဓော တထာ ဥဒ္ဓံ၊ ယထာ ဥဒ္ဓံ တထာ အဓော။

ယထာ ဒိဝါ တထာ ရတ္တိံ၊ ယထာ ရတ္တိံ တထာ ဒိဝါ၊ ဣတိ ဝိဝဋေန စေတသာ အပရိယောနဒ္ဓေန သပ္ပဘာသံ စိတ္တံ ဘာဝေတိ

ဣဓ၊ ဤမြတ်စွာဘုရား၏ အဆုံးမတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဆန္ဒ-သမာဓိပ္ပဓာနသင်္ခါရသမန္နာဂတံ၊ အလိုဆန္ဒကို အကြီးအမှူးပြု၍ဖြစ်သော တည်ကြည်ခြင်း အားထုတ်သည် ဖြစ်၍ ဖြစ်သော လုံ့လနှင့် ပြည့်စုံသော။ ဣဒ္ဓိပါဒံ၊ တန်ခိုးအခြေကို။ ဘာဝေတိ၊ ပွါးများ၏။ ဣတိ၊ ဤသို့။ မေ၊ ငါ၏။ ဆန္ဒော၊ အလိုဆန္ဒသည်။ အတိလီနော စ၊ လွန်စွာတွန့်သည်လည်း။ န ဘဝိဿတိ၊ မဖြစ်လတ္တံ့၊ အတိပ္ပဂ္ဂဟိတော စ၊ လွန်စွာချီးမြှင့်အပ်သည်လည်း။ န ဘဝိဿတိ၊ မဖြစ်လတ္တံ့၊ အဇ္ဈတ္တံ၊ အတွင်းသန္တာန်၌။ သံခိတ္တော၊ ချဉ်းချုံးအပ်သည်။ ဝါ၊ ကြုံ့သည်။ န ဘဝိဿတိ၊ မဖြစ်လတ္တံ့။ ဗဟိဒ္ဓါ၊ အပဖြစ်သော သန္တာန်၌။ ဝိက္ခိတ္တော စ၊ ပျံ့လွင့်သည်လည်း။ န ဘဝိဿတိ၊ မဖြစ်လတ္တံ့။

ပစ္ဆာ၊ နောက်၌။ ပုရေသညီ စ၊ ရှေး၌ နှလုံးသွင်းသော အမှတ်ရှိသည် ဖြစ်လည်း။ ဝိဟရတိ၊ နေ၏။ ပုရေ ယထာ၊ ရှေးအကျိုးရှိသော အခါသို့ ရောက်သောအခါ၌ကဲ့သို့။ တထာ၊ ထို့အတူ။ ပစ္ဆာ၊ နောက်၌ စီးဖြန်းခြင်းကို နှလုံးသွင်းသောအခါ၌။ ဝိဟရတိ၊ နေ၏။ ပစ္ဆာ ယထာ၊ နောက်၌ အကျိုးရှိသော အခါသို့ ရောက်သောအခါ၌ကဲ့သို့။ တထာ၊ ထို့အတူ။ ပုရေ၊ ရှေး၌ စီးဖြန်းခြင်းကို နှလုံးသွင်းသောအခါ၌။ ဝိဟရတိ၊ နေ၏။ အဓော ယထာ၊ အောက်ခြေဖဝါး အပြင်မှစ၍ သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို ပွါးများသောအခါ၌ကဲ့သို့။ တထာ၊ ထို့အတူ။ ဥဒ္ဓံ၊ အထက်ဆံဖျားမှစ၍ သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို ပွါးများသောအခါ၌။ ဝိဟရတိ၊ နေ၏။ ဥဒ္ဓံ ယထာ၊ အထက်ဆံဖျားမှစ၍ သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို ပွါးများအပ်သောအခါ၌ကဲ့သို့။ တထာ၊ ထို့အတူ။ အဓော၊ အောက်ခြေဖဝါးအပြင်မှစ၍ သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို ပွါးများသော အခါ၌။ ဝိဟရတိ၊ နေ၏။

ဒိဝါ ယထာ၊ နေ့၌ အလိုဆန္ဒကို အကြီးအမှူးပြု၍ဖြစ်သော တည်ကြည်ခြင်း အားထုတ်သည်ဖြစ်၍ဖြစ်သော လုံ့လနှင့်ပြည့်စုံသော တန်ခိုးအခြေကို ပွါးများ၍ နေသကဲ့သို့။ ရတ္တိံ၊ ညဉ့်၌။ ဝိဟရတိ၊ နေ၏။ ရတ္တိံ ယထာ၊ ညဉ့်၌အလိုဆန္ဒကို အကြီးအမှူးပြု၍ဖြစ်သော တည်ကြည်ခြင်း အားထုတ်သည်ဖြစ်၍ ဖြစ်သော လုံ့လနှင့်ပြည့်စုံသော တန်ခိုးအခြေကို ပွါးများ၍ နေသကဲ့သို့။ ဒိဝါ၊ နေ့၌။ ဝိဟရတိ၊ နေ၏။ ဣတိ၊ ဤသို့။ ဝိဝဋေန၊ ဖွင့်သော။ အပရိယောနဒ္ဓေန၊ မြှေးယှက်ခြင်း မရှိသော။ စေတသာ၊ စိတ်ဖြင့်။ သပ္ပဘာသံ၊ အရောင်ရှိသော။ စိတ္တံ၊ စိတ်ကို။ ဘာဝေတိ၊ ပွါးများ၏။

'ဆန္ဒိဒ္ဓိပါဒ်ကို ပွါးများပုံ။ ။မြတ်စွာဘုရား၏အဆုံးအမတော်၌ သံသရာ့နှောင် အတွင်းမှ လွတ်ကင်းလိုသော ရဟန်းသည် အလိုဆန္ဒကို အကြီးအမှူးပြု၍ ဖြစ်သော တည်ကြည်ခြင်း အားထုတ်သည်ဖြစ်၍ ဖြစ်

သော လုံ့လနှင့် ပြည့်စုံသော တန်းခိုး၏ အခြေကို ပွါးများ၏။ ဤသို့ ပွါးများသည်ရှိသော် ငါ၏ အလိုဆန္ဒသည် လွန်စွာ တွန့်သည်လည်း မဖြစ်လတ္တံ့၊ လွန်စွာ ချီးမြှင့်အပ်သည်လည်း မဖြစ်လတ္တံ့၊ အတွင်းအဇ္ဈတ္တသန္တာန်၌ ကျဉ်းသည်လည်း မဖြစ်လတ္တံ့၊ အပဖြစ်သော ဗဟိဒ္ဓသန္တာန်၌ ပျံ့လွင့်သည်လည်း မဖြစ်လတ္တံ့။

ရှေ့နောက်အားဖြင့် နှလုံးသွင်းနေပုံ။ ။နောက်၌ ရှေးစီးဖြန်းခြင်းကို နှလုံးသွင်း၍နေသော အမှတ်ရှိသည်ဖြစ်၍လည်း နေပေ၏၊ ရှေးစီးဖြန်းခြင်းကို နှလုံးသွင်း၍ နေသောအခါ၌ကဲ့သို့ ထို့အတူ အကျိုးရှိသောအခါသို့ ရောက်သောအခါ၌ နေပေ၏၊ နောက်အကျိုးရှိသော အခါသို့ ရောက်သောအခါ၌ကဲ့သို့ ထို့အတူ ရှေးစီးဖြန်းခြင်းကို နှလုံးသွင်းသော အခါ၌ နေပေ၏။

ပဋိကူလအားဖြင့် နှလုံးသွင်းနေပုံ။ ။အောက်ခြေဘဝါး အပြင်မှစ၍ သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို ပွါးများသော အခါ၌ကဲ့သို့ ထို့အတူ အထက် ဆံဖျားမှစ၍ သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို ပွါးများသော အခါ၌ နေပေ၏၊ အထက်ဆံဖျားမှစ၍ သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို ပွါးများသော အခါ၌ကဲ့သို့ ထို့အတူ အောက်ခြေဘဝါး အပြင်မှစ၍ သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို ပွါးများသောအခါ၌နေပေ၏။

အချိန်အခါအားဖြင့် နှလုံးသွင်းနေပုံ။ ။နေ့၌ အလိုဆန္ဒကို အကြီးအမှူး ပြု၍ ဖြစ်သော တည်ကြည်ခြင်း အားထုတ်သည်ဖြစ်၍ ဖြစ်သော လုံ့လနှင့် ပြည့်စုံသော တန်းခိုး၏ အခြေကို ပွါးများ၍ နေသကဲ့သို့ ထို့အတူ ညဉ့်၌ နေပေ၏၊ ညဉ့်၌ အလိုဆန္ဒကို အကြီးအမှူးပြု၍ ဖြစ်သော တည်ကြည်ခြင်း အားထုတ်ခြင်းသည် ဖြစ်၍ ဖြစ်သော လုံ့လနှင့် ပြည့်စုံသော တန်းခိုး၏အခြေကို ပွါးများ၍နေသကဲ့သို့ ထို့အတူ နေ့၌ နေပေ၏။ ဤသို့ ဖွင့်သော မြှေးယှက်ခြင်း မရှိသော စိတ်ဖြင့် အလင်းရောင်ရှိသော စိတ်ကို ပွါးများ၏။

ဝီရိယိဒ္ဓိပါဒ်ကို ပွါးများပုံ။ ။လုံ့လကို အကြီးအမှူးပြု၍ ဖြစ်သော တည်ကြည်ခြင်း အားထုတ်သည်ဖြစ်၍ ဖြစ်သော လုံ့လနှင့် ပြည့်စုံသော တန်းခိုး၏အခြေကို ပွါးများ၏၊ ဤသို့ ပွါးများသည်ရှိသော် ငါ၏ လုံ့လသည် လွန်စွာတွန့်သည်လည်း မဖြစ်လတ္တံ့၊ လွန်စွာ ချီးမြှင့်အပ်သည်လည်း မဖြစ်လတ္တံ့၊ အတွင်းသန္တာန်၌ ကျဉ်းသည်လည်း မဖြစ်လတ္တံ့၊ အပဖြစ်သော ဗဟိဒ္ဓသန္တာန် ပျံ့လွင့်သည်လည်း မဖြစ်လတ္တံ့။

**ရှေ့နောက်အားဖြင့် နှလုံးသွင်းနေပုံ။** ။နောက်၌ ရှေးစီးဖြန်းခြင်းကို နှလုံးသွင်း၍နေသော အမှတ်ရှိသည် ဖြစ်၍လည်း နေပေ၏၊ ရှေးစီးဖြန်းခြင်းကို နှလုံးသွင်း၍နေသော အခါ၌ကဲ့သို့ ထိုအတူ နောက်အကျိုးရှိသောအခါသို့ ရောက်သောအခါ၌ နေပေ၏၊ နောက်အကျိုးရှိသောအခါသို့ ရောက်သောအခါ၌ကဲ့သို့ ထိုအတူ ရှေးစီးဖြန်းခြင်းကို နှလုံးသွင်း၍ နေသောအခါ၌ နေပေ၏။

**ပဋိကူလအားဖြင့် နှလုံးသွင်းနေပုံ။** ။အောက်ခြေဘဝါး အပြင်မှစ၍ သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို ပွါးများသော အခါ၌ကဲ့သို့ ထိုအတူ အထက်ဆံဖျားမှစ၍ သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို ပွါးများသော အခါ၌ နေပေ၏၊ အထက်ဆံဖျားမှစ၍ သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို ပွါးများသောအခါ၌ကဲ့သို့ ထိုအတူ အောက်ခြေဘဝါး အပြင်မှစ၍ သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို ပွါးများသောအခါ၌နေပေ၏။

**အချိန်အခါအားဖြင့် နှလုံးသွင်းနေပုံ။** ။နေ့၌ လို့လကို အကြီးအမှူးပြု၍ ဖြစ်သော တည်ကြည်ခြင်း အားထုတ်သည်ဖြစ်၍ ဖြစ်သော လို့လနှင့်ပြည့်စုံသော တန်းခိုး၏ အခြေကို ပွါးများ၍ နေသကဲ့သို့ ထိုအတူ ညဉ့်၌နေပေ၏၊ ညဉ့်၌ လို့လကို အကြီးအမှူးပြု၍ ဖြစ်သော တည်ကြည်ခြင်း အားထုတ်သည်ဖြစ်၍ ဖြစ်သော လို့လနှင့်ပြည့်စုံသော တန်းခိုး၏ အခြေကို ပွါးများ၍ နေသကဲ့သို့ ထိုအတူ နေ့၌ နေပေ၏။ ဤသို့ ဖွင့်သော မြှေးယှက်ခြင်းမရှိသော စိတ်ဖြင့် အလင်းရောင်ရှိသော စိတ်ကို ပွါးများ၏။

**စိတ္တိဒ္ဓိပါဒ်ကိုပွါးများပုံ။** ။စိတ်ကို အကြီးအမှူးပြု၍ဖြစ်သော တည်ကြည်ခြင်း အားထုတ်သည်ဖြစ်၍ ဖြစ်သော လို့လနှင့် ပြည့်စုံသော တန်းခိုး၏အခြေကို ပွါးများ၏။ ဤသို့ ပွါးများသည်ရှိသော် ငါ၏ သိခြင်းစိတ်သည် လွန်စွာ တွန့်သည်လည်း မဖြစ်လတ္တံ့၊ လွန်စွာ ချီးမြှင့်အပ်သည်လည်း မဖြစ်လတ္တံ့၊ အတွင်းသန္တာန်၌ ကျဉ်းသည်လည်း မဖြစ်လတ္တံ့၊အာပ ဖြစ်သော ဗဟိဒ္ဓသန္တာန်၌ ပျံ့လွင့်သည်လည်း မဖြစ်လတ္တံ့။

**ရှေ့နောက်အားဖြင့် နှလုံးသွင်းနေပုံ။** ။နောက်၌ ရှေးစီးဖြန်းခြင်းကို နှလုံးသွင်း၍နေသော အမှတ် ရှိသည်ဖြစ်၍လည်း နေပေ၏၊ ရှေးစီးဖြန်းခြင်းကို နှလုံးသွင်း၍ နေသော အခါ၌ ကဲ့သို့ ထို့အတူ နောက်အကျိုးရှိသော အခါသို့ ရောက်သောအခါ၌ နေပေ၏၊ နောက်အကျိုးရှိသော အခါသို့ ရောက်သော အခါ၌ကဲ့သို့ တို့အတူ ရှေးစီးဖြန်းခြင်းကို နှလုံးသွင်း၍ နေသောအခါ၌ နေပေ၏။

ပဋိကူလအားဖြင့် နှလုံးသွင်းနေပုံ။ ။အောက်ခြေဘဝါး အပြင်မှစ၍ သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို ပွါးများသောအခါ၌ကဲ့သို့ ထို့အတူ အထက်ဆံများမှစ၍ သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို ပွါးများသောအခါ၌ နေပေ၏၊ အထက်ဆံဖျားမှစ၍ သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို ပွါးများသော အခါ၌ကဲ့သို့ ထို့အတူ အောက်ခြေဖဝါးမှစ၍ သုံးဆယ့်နှစ်ပါးသော အခြင်းအရာများကို ပွါးများသော အခါ၌ နေပေ၏။

အချိန်အခါအားဖြင့် နှလုံးသွင်းနေပုံ။ ။နေ့၌ စိတ်ကို အကြီးအမှူးပြု၍ ဖြစ်သော တည်ကြည်ခြင်း အားထုတ်သည် ဖြစ်၍ ဖြစ်သော လို့လနှင့် ပြည့်စုံသော တန်းခိုး၏အခြေကို ပွါးများသကဲ့သို့ ထို့အတူ ညဉ့်၌ နေပေ၏။ ညဉ့်၌ စိတ်ကို အကြီးအမှူးပြု၍ဖြစ်သော တည်ကြည်ခြင်း အားထုတ်သည်ဖြစ်၍ ဖြစ်သော လို့လနှင့် ပြည့်စုံသော တန်းခိုး၏ အခြေကို ပွါးများသကဲ့သို့ ထို့အတူ နေ့၌ နေပေ၏။ ဤသို့ ဖွင့်သော မြေးယှက်ခြင်းမရှိသော စိတ်ဖြင့် အလင်းရောင်ရှိသော စိတ်ကို ပွါးများ၏။

ဝိမံသိဒ္ဓိပါဒ်ကို ပွါးများပုံ။ ။စူးစမ်းခြင်းကို အကြီးအမှူးပြု၍ ဖြစ်သော တည်ကြည်ခြင်း အားထုတ်သည်ဖြစ်၍ ဖြစ်သော လို့လနှင့်ပြည့်စုံသော တန်းခိုး၏အခြေကို ပွါးများ၏၊ဤသို့ပွါးများသည်ရှိသော် ငါ၏စူးစမ်းခြင်းသည် လွန်စွာ တွန့်သည်လည်း မဖြစ်လတ္တံ့၊ လွန်စွာ ချီးမြှင့်အပ်သည်လည်း မဖြစ်လတ္တံ့၊ အတွင်းသန္တာန်၌ ကျဉ်းသည်လည်း မဖြစ်လတ္တံ့။ အပ ဖြစ်သော ဗဟိဒ္ဓသန္တာန်၌ ပျံ့လွင့်သည်လည်း မဖြစ်လတ္တံ့။

ရှေ့နောက်အားဖြင့် နှလုံးသွင်းနေပုံ။ ။နောက်၌ ရှေးစီးဖြန်းခြင်းကို နှလုံးသွင်း၍ နေသော အမှတ်ရှိသည်ဖြစ်၍လည်း နေပေ၏၊ ရှေးစီးဖြန်းခြင်းကို နှလုံးသွင်း၍ နေသော အခါ၌ ကဲ့သို့ ထို့အတူ နောက်အကျိုးရှိသော အခါသို့ ရောက်သောအခါ၌ နေပေ၏။ နောက်အကျိုးရှိသောအခါသို့ ရောက်သော အခါ၌ကဲ့သို့ ထို့အတူ ရှေးစီးဖြန်းခြင်းကို နှလုံးသွင်း၍ နေသောအခါ၌ နေပေ၏။

ပဋိကူလအားဖြင့် နှလုံးသွင်းနေပုံ။ ။အောက်ခြေဖဝါး အပြင်မှစ၍ သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို ပွါးများသော အခါ၌ ကဲ့သို့ ထို့အတူ အထက်ဆံများမှစ၍ သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို ပွါးများသော အခါ၌ နေပေ၏၊ အထက် ဆံများမှစ၍ သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို ပွါးများသော အခါ၌ ကဲ့သို့ ထို့အတူ အောက်

ခြေဖဝါး အပြင်မှစ၍ သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို ပွါးများသော အခါ၌ နေပေ၏။

**အချိန်အခါအားဖြင့် နှလုံးသွင်းနေပုံ။** ။နေ့၌ စူစမ်းခြင်းကို အကြီးအမှူးပြု၍ ဖြစ်သော တည်ကြည်ခြင်း အားထုတ်သည်ဖြစ်၍ ဖြစ်သော လုံ့လနှင့် ပြည့်စုံသော တန်းခိုး၏အခြေကို ပွါးများသော အခါ၌ ကဲ့သို့ ထိုအတူ ညဉ့်၌ နေပေ၏၊ ညဉ့်၌ စူးစမ်းခြင်းကို အကြီးအမှူး ပြု၍ ဖြစ်သော တည်ကြည်ခြင်း အားထုတ်သည်ဖြစ်၍ ဖြစ်သော လုံ့လနှင့် ပြည့်စုံသော တန်းခိုးအခြေကို ပွါးများသော အခါ၌ ကဲ့သို့ ထိုအတူ နေ့၌နေပေ ၏။ ဤသို့ ဖွင့်သော မြှေးယှက်ခြင်း မရှိသော စိတ်ဖြင့် အလင်းရောင်ရှိသော စိတ်ကို ပွါးများ၏။

## ကြိမ်ဖန်များစွာ ပွါးများက ဖြစ်ပေါ်လာနိုင်သော အကျိုးများ

**ဣဒ္ဓိဝိဓ အဘိညာဏ် တန်းခိုး။** ။ရဟန်းသည် လေးပါးကုန်သော တန်းခိုး၏ အခြေတို့ကို ဤသို့ ပွါးများ အပ်ကုန်သည်ရှိသော် ဤသို့အကြိမ်များစွာ ပြုအပ်ကုန်သည် ရှိသော် များသော အပြားရှိသော တန်းခိုး ဖန်ဆင်းခြင်းကို ဖြစ်စေ၏၊ တယောက်သည် ဖြစ်လျက်လည်း များ သော အပြားရှိသည် ဖြစ်၏၊ များသော အပြားရှိသည် ဖြစ်လျက်လည်း တယောက်သည် ဖြစ်၏၊ တစုံတခုဖြင့် ပိတ်ခြင်း မရှိသည်ကို တစုံတခုဖြင့် ပိတ် ခြင်း ရှိသည်ကို ပြု၏၊ ဥပမာ ကောင်းကင်၌ကဲ့သို့ နံရံတဖက်သို့ တံတိုင်း တဖက် သို့ တောင်၏တဖက်သို့ ငြိတွယ်ခြင်း မရှိသည် ဖြစ်၍သွား၏၊ တဖန် ဤကဲ့သို့ မြေ၌လည်း ပေါ်ခြင်း ငုပ်ခြင်း ကိုပြု၏။

မြေ၌ကဲ့သို့ ရေ၌လည်း ကွဲပြိုခြင်း မရှိသည် ဖြစ်၍ သွား၏၊ ဤသို့ တဖန် ရေ၌ကဲ့သို့ ကောင်းကင်၌လည်း အတောင်ရှိသော ငှက်ကဲ့သို့ ထက်ဝယ်ဖြင့် သွား၏၊ ဤသို့ ကြီးသော တန်းခိုးရှိကုန်သော ဤသို့ကြီးသော အာနုဘော် ရှိကုန်သော ဤလ နေ တို့ကို လက်ဖြင့် သုံးသပ်၏၊ ထက်ဝန်းကျင် သုံးသပ်၏၊ ဗြဟ္မာ့ပြည် တိုင်အောင်လည်း ကိုယ်ဖြင့် မိမိအလိုကို ဖြစ်စေ၏။

**ဒိဗ္ဗသောတ အဘိညာဏ် တန်းခိုး။** ။ရဟန်းသည် စင်စစ် လေးပါး ကုန်သော တန်းခိုး၏ အခြေတို့ကို ဤသို့ ပွါးစေအပ် ကုန်သည်ရှိသော် ဤသို့ အကြိမ်များစွာ ပြုအပ်ကုန်သည် ရှိသော် စင်ကြယ်သော လူတို့၏ နားကြားခြင်းကို လွန်သော နတ်တို့၏ နားကဲ့သို့သော နတ်တို့၏ တည် ရာဖြင့် နတ်ပြည်၌ရင်း လူ့ပြည်၌ရင်း ဝေးသော အရပ်၌ရင်း နီးသော အရပ်

ဥ္ပာင်း အကြောင်အသံတို့သည် ရှိကုန်၏၊ နှစ်ပါးကုန်သော ထိုအသံတို့ကို ကြား ရ၏။

**ပရိစိတ္တ ဝိဇာနန အဘိညာဏ် တန်းခိုး။** ။ရဟန်းသည် စင်စစ် လေးပါးကုန် တန်းခိုး၏ အခြေတို့ကို ဤသို့ ပွါးစေကုန်သည်ရှိသော် ဤသို့ အကြိမ်များစွာ ပြုအပ်ကုန်သည် ရှိသော် တပါးကုန်သောသူတို့၏ တပါးကုန်သော ပုဂ္ဂိုလ်တို့၏ စိတ်ကို မိမိစိတ်ဖြင့် ပိုင်းခြား၍ အပြားအားဖြင့် သိ၏။

တပ်ခြင်းရှိသော စိတ်ကိုလည်း "တပ်ခြင်းရှိသော စိတ်"ဟု အပြားအားဖြင့် သိ၏၊ တပ်ခြင်းကင်းသော စိတ်ကိုလည်း "တပ်ခြင်း ကင်းသော စိတ်" ဟု အပြားအားဖြင့် သိ၏။

အမျက်ထွက်ခြင်း ရှိသော စိတ်ကိုလည်း "အမျက် ထွက်ခြင်း ရှိသော စိတ်" ဟု အပြားအားဖြင့် သိ၏။ အမျက်ထွက်ခြင်း ကင်းသော စိတ်ကိုလည်း "အမျက်ထွက်ခြင်း ကင်းသော စိတ်"ဟု အပြားအားဖြင့် သိ၏။

တွေဝေခြင်း ရှိသော စိတ်ကိုလည်း "တွေဝေခြင်း ရှိသောစိတ်"ဟု အပြားအားဖြင့် သိ၏၊ တွေဝေခြင်း ကင်းသော စိတ်ကိုလည်း "တွေဝေခြင်းကင်းသော စိတ်"ဟု အပြားအားဖြင့် သိ၏၊

တွန့်သော စိတ်ကိုလည်း "တွန့်သော စိတ်"ဟု အပြားအားဖြင့် သိ၏၊ ပျံ့လွင့်ခြင်းရှိသော စိတ်ကိုလည်း "ပျံ့လွင့်ခြင်း ရှိသော စိတ်" ဟု အပြားအားဖြင့် သိ၏။

မြတ်သည်၏ အဖြစ်သို့ ရောက်သော စိတ်ကိုလည်း "မြတ်သည်၏ အဖြစ်သို့ ရောက်သော စိတ်" ဟု အပြားအားဖြင့် သိ၏၊ မြတ်သည်၏ အဖြစ်သို့ မရောက်သော စိတ်ကိုလည်း "မြတ်သည်၏ အဖြစ်သို့ မရောက်သော စိတ်"ဟု အပြားအားဖြင့် သိ၏။

မိမိထက် မြတ်သော တရားရှိသော စိတ်ကိုလည်း "မိမိထက် မြတ်သော တရားရှိသော စိတ်"ဟု အပြားအားဖြင့် သိ၏၊ မိမိထက် မြတ်သော တရား မရှိသော စိတ်ကိုလည်း "မိမိထက် မြတ်သော တရားမရှိသော စိတ်"ဟု အပြားအားဖြင့် သိ၏။

တည်ကြည်ခြင်း ရှိသော စိတ်ကိုလည်း "တည်ကြည်ခြင်း ရှိသော စိတ်"ဟု အပြားအားဖြင့် သိ၏၊ တည်ကြည်ခြင်း မရှိသော စိတ်ကိုလည်း "တည်ကြည်ခြင်း မရှိသော စိတ်" ဟု အပြားအားဖြင့် သိ၏။

ကိလေသာတို့မှ လွတ်သော စိတ်ကိုလည်း "ကိလေသာတို့မှ လွတ်သော စိတ်"ဟု အပြားအားဖြင့် သိ၏၊ ကိလေသာတို့မှ မလွတ်သော စိတ်ကိုလည်း "ကိလေသာတို့မှ မလွတ်သော စိတ်"ဟု အပြားအားဖြင့် သိ၏။

**ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်တန်းခိုး။** ။ရဟန်း စင်စစ် လေးပါးကုန်သော တန်းခိုး၏ အခြေတို့ကို ဤသို့ ပွါးများစေအပ်ကုန်သည်ရှိသော် ဤသို့ အကြိမ်များစွာ ပြုအပ်ကုန်သည်ရှိသော် များသော အပြား ရှိသော ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို အစဉ်လျှောက်၍ အောက်မေ့၏။ ဤရှေး၌ နေဘူးသော ခန္ဓာအစဉ်သည် အဘယ်နည်း၊ တခုသော ကိုယ်၏ အဖြစ်ကိုငင်း နှစ်ခုသော ကိုယ်၏ အဖြစ်တို့ကိုငင်း သုံးခုသော ကိုယ်၏ အဖြစ်တို့ကိုငင်း လေးခုသော ကိုယ်၏ အဖြစ်တို့ကိုငင်း ငါးခုသော ကိုယ်၏ အဖြစ်တို့ကိုငင်း ဆယ်ခုသော ကိုယ်၏ အဖြစ်ကိုငင်း နှစ်ဆယ်သော ကိုယ်၏ အဖြစ်ကိုငင်း သုံးဆယ်သော ကိုယ်၏ အဖြစ်ကိုငင်း လေးဆယ်သော ကိုယ်၏ အဖြစ်ကိုငင်း ငါးဆယ်သော ကိုယ်၏ အဖြစ်ကိုငင်း အရာသော ကိုယ်၏ အဖြစ်ကိုငင်း အထောင်သော ကိုယ်၏ အဖြစ်ကိုငင်း အသိန်းသော ကိုယ်၏ အဖြစ်ကိုငင်း များစွာကုန်သော ပျက်သော ကမ္ဘာတို့ကိုငင်း များစွာကုန်သော ဖြစ်သော ကမ္ဘာတို့ကိုငင်း များစွာကုန်သော ပျက်သော ကမ္ဘာ ဖြစ်သော ကမ္ဘာတို့ကိုငင်း အစဉ်လျှောက်၍ အောက်မေ့၏။

အဘယ်သို့ အစဉ်လျှောက်၍ အောက်မေ့သနည်း၊ ဤမည်သော ဖြစ်ခြင်း၌ ဤသို့သော အမည်ရှိသည် ဤသို့သော အနွယ်ရှိသည် ဤသို့သော အဆင်းရှိသည် ဤသို့သော အစာရှိသည် ဤသို့သော ချမ်းသာဆင်းရဲကို ခံစားသည် ဤသို့သော အသက်အပိုင်းအခြားရှိသည် ဖြစ်ခဲ့ပေပြီ။

ထိုငါသည် ထိုအဖြစ်မှ ရွေ့လျောသည်ရှိသော် ဤမည်သော အဖြစ်၌ ထင်ရှားဖြစ်ပြီ၊ ထိုအဖြစ်၌လည်း ဤသို့သော အမည်ရှိသည် ဤသို့သော အနွယ်ရှိသည် ဤသို့သော အဆင်း ရှိသည် ဤသို့သော အစာ ရှိသည် ဤသို့သော ချမ်းသာဆင်းရဲကို ခံစားသည် ဤသို့သော အသက်အပိုင်းအခြား ရှိသည် ဖြစ်ခဲ့ပေပြီ။

ထိုငါသည် ထိုအဖြစ်မှ ရွေ့လျောသည်ရှိသော် ဤမည်သော အဖြစ်၌ ဖြစ်ပြီ၊ ဤသို့ အခြင်းအရာနှင့်တကွဖြစ်သော ညွှန်ခြင်းနှင့်တကွဖြစ်သော များသော အပြားရှိသော ရှေး၌ နေဘူးသော ခန္ဓာအစဉ်ကို အစဉ် လျှောက်၍ အောက်မေ့၏။

**ဒိဗ္ဗစက္ခုအဘိညာဏ်တန်းခိုး။** ။ရဟန်းသည် စင်စစ် လေးပါးကုန်သော တန်းခိုး၏ အခြေတို့ကို ဤသို့ ပွါးစေအပ်ကုန်သည် ရှိသော် ဤသို့ အကြိမ်များစွာ ပြုအပ်ကုန်သည်ရှိသော် စင်ကြယ်သော လူတို့၏ အမြင်ကို လွန်သော နတ်မျက်စိနှင့်တူသော မျက်စိဖြင့် ရွေ့လျော၍ဆဲဖြစ်ကုန်သော ဖြစ်ဆဲ ဖြစ်ကုန်သော ယုတ်ကုန်သော မြတ်ကုန်သော ကောင်းသော အဆင်းရှိကုန်သော မကောင်းသော အဆင်း ရှိကုန်သော ကောင်းသော အလားရှိကုန်သော မကောင်းသော အလားရှိကုန်သော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ထိုထိုဘုံဘဝသို့ ကပ်ကုန်သော သတ္တဝါတို့ကို အပြားအားဖြင့် သိ၏။

အရှင်တို့ စင်စစ် ဤသတ္တဝါတို့သည် ကိုယ်ဖြင့် မကောင်းသော အကျင့်နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့် မကောင်းသော အကျင့်နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့် မကောင်းသော အကျင့်နှင့် ပြည့်စုံကုန်၏၊ မြတ်သော သူတို့ကို စွပ်စွဲတတ်ကုန်၏၊ မှားသော အယူ ရှိကုန်၏၊ မှားသောအားဖြင့် ကံကို ဆောက်တည်ခြင်း ရှိကုန်၏၊ ထိုသတ္တဝါတို့သည် ကိုယ်အစု၏ ပျက်စီးခြင်းကြောင့် သေသည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော သူတို့၏ လားရာဖြစ်သော ပျက်စီးလျက် ကျရာဖြစ်သော ငရဲ၌ ဖြစ်ကုန်၏။

အရှင်တို့ ဤသတ္တဝါတို့သည်ကား ကိုယ်ဖြင့် ကောင်းသော အကျင့်နှင့် ပြည့်စုံကုန်၏၊ နှုတ်ဖြင့် ကောင်းသော အကျင့်နှင့် ပြည့်စုံကုန်၏၊ စိတ်ဖြင့် ကောင်းသော အကျင့်နှင့် ပြည့်စုံကုန်၏၊ မြတ်သော သူတို့ကို မစွပ်စွဲတတ်ကုန်၊ ကောင်းသော အယူ ရှိကုန်၏၊ ကောင်းသောအားဖြင့် ကံကို ဆောက်တည်ခြင်း ရှိကုန်၏၊ ထိုသတ္တဝါတို့သည် ကိုယ်အစု၏ ပျက်စီးခြင်းကြောင့် သေသည်မှ နောက်၌ ကောင်းသောသူတို့၏ လားရာဖြစ်သော အဆင်းအာရုံ အစရှိသည်တို့၏ တည်ရာဖြစ်သော နတ်ပြည်၌ ဖြစ်ကုန်၏။

ဤသို့ စင်ကြယ်သော လူတို့၏ အမြင်ကို လွန်သော နတ်မျက်စိနှင့် တူသော မျက်စိဖြင့် ရွေ့လျောဆဲဖြစ်ကုန်သော ဖြစ်ဆဲ ဖြစ်ကုန်သော ယုတ်ကုန်သော မြတ်ကုန်သော ကောင်းသော အဆင်းရှိကုန်သော မကောင်းသော အဆင်း ရှိကုန်သော ကောင်းသော အလား ရှိကုန်သော မကောင်းသော အလား ရှိကုန်သော သတ္တဝါတို့ကို မြင်၏၊ ကံအားလျော်စွာ ထိုထို ဘုံဘဝသို့ ကပ်ကုန်သော သတ္တဝါတို့ကို အပြား အားဖြင့် သိ၏။

**အာသဝက္ခယအဘိညာဏ် တန်းခိုး။** ။ရဟန်းသည် စင်စစ် လေးပါး ကုန်သော တန်းခိုး၏ အခြေတို့ကို ဤသို့ ပွါးများအပ် ကုန်သည်ရှိသော် ဤသို့ အကြိမ်များစွာ ပြုအပ်ကုန်သည်ရှိသော် ယိုစီးတတ်ကုန်သော တရားတို့၏ ကုန်ခြင်းခြင်းကြောင့် ယိုစီးခြင်း မရှိသော

စိတ်ဖြင့် ကိလေသာတို့မှ လွတ်ခြင်းကိုင်း ပညာဖြင့် ကိလေသာတို့မှ လွတ်ခြင်းကိုင်း မျက်မှောက်သော ကိုယ်၏အဖြစ်၌သာလျှင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုပြီးတော့မှရင် ပြည့်စုံစေ၍ နေပေ၏၊ ဤသို့ ဖြစ်ခဲ့ပေ၏ ဟူ၍ မြတ်စွာဘုရား မိန့်ကြားတော်မူပေ၏။

ဣန္ဒြိယဝိဒ်လေးပါး ပြီး၏။

---

## ဣန္ဒြေ ၅-ပါး

(မဟာဝဂ္ဂသံယုတ်ပါဠိတော် ဣန္ဒြိယသံယုတ် ၁၇၃)

ရဟန်းတို့ ဣန္ဒြေတို့သည် ဤငါးပါးတို့ပေတည်း။ အဘယ်ငါးပါးတို့နည်း၊ သဒ္ဓိန္ဒြေ ဝီရိယိန္ဒြေ သတိန္ဒြေ သမာဓိန္ဒြေ ပညိန္ဒြေတို့ပေတည်း။

**သဒ္ဓိန္ဒြေဖြစ်ပုံ။** ။သဒ္ဓိန္ဒြေသည် အဘယ်ကို ဆိုပါသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် ယုံကြည်မှု 'သဒ္ဓါ' တရားရှိ၏။

ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း 'အရဟံ' မည်တော်မူ၏။

သစ္စာလေးပါး တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် မှန်ကန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း 'သမ္မာသမ္ဗုဒ္ဓ' မည်တော်မူ၏။

ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏတဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း 'ဝိဇ္ဇာစရဏသမ္ပန္န' မည်တော်မူ၏။

ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း 'သုဂတ' မည်တော်မူ၏။

လောကကို သိတော်မူသော အကြောင်းကြောင့်လည်း 'လောကဝိဒူ' မည်တော်မူ၏။

ဆုံးမထိုက်သော လူယောကျ်ား နတ်ယောကျ်ား တိရစ္ဆာန်ယောကျ်ားတို့ကို အတုမရှိ ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သော အကြောင်းကြောင့်လည်း 'အနုတ္တရော ပုရိသဒမ္မသာရထိ' မည်တော်မူ၏။

နတ်လူတို့၏ ဆရာဖြစ်တော်မူသော အကြောင်းကြောင့်လည်း 'သတ္ထာ ဒေဝမနုဿာနံ' မည်တော်မူ၏။

အလုံးစုံသော ဥေယျမ်တရား ငါးပါးတို့ကို မိမိကိုယ်တိုင်လည်း သိ, သူတပါးတို့ကိုလည်း သိစေတော်မူတတ်သော အကြောင်းကြောင့်လည်း 'ဗုဒ္ဓ'မည်တော်မူ၏။

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း 'ဘဂဝါ'မည်တော်မူ၏ဟု မြတ်စွာဘုရား၏ ဗောဓိဉာဏ်ကို ယုံကြည်၏၊ ရဟန်းတို့ ဤသည်ကိုပင် သဒ္ဓိန္ဒြေဟု ဆိုအပ်ပေ၏။

**ဝီရိယိန္ဒြေဖြစ်ပုံ။** ။ရဟန်းတို့ ဝီရိယိန္ဒြေဟူသည် အဘယ်ကို ဆိုပါသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာ၏ တပည့်သည် အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ ကုသိုလ်တရားတို့နှင့် ပြည့်စုံစေခြင်းငှါ အားထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍ နေပေ၏၊ ကုသိုလ်တရားတို့၌ အားအစွမ်းရှိ၏၊ မြဲမြံစွာ အားထုတ်၏၊ တာဝန်ကိုပစ်ချထားသူ မဟုတ်၊ ထိုအရိယာတပည့်သည် မဖြစ်သေးသော ယုတ်ညံ့သော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏၊ ဖြစ်ကုန်ပြီးသော ယုတ်ညံ့ကုန်သော အကုသိုလ်တရားတို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏။

မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန် ဆန္ဒကိုဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏၊ ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို တည်မြဲစေရန် မပျောက်ပျက်စေရန် တိုးတက်ဖြစ်ပွါးစေရန် ပြန့်ပြောစေရန် ပွါးများမှု ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လပြု၏၊ စိတ်ကို ချီးမြှောက်၏၊ ဆောက်တည်၏၊ ရဟန်းတို့ ဤသည်ကိုပင် ဝီရိယိန္ဒြေဟု ဆိုအပ်ပေ၏။

**သတိန္ဒြေဖြစ်ပုံ။** ။ရဟန်းတို့ သတိန္ဒြေဟူသည် အဘယ်ကို ဆိုပါသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာတပည့်သည် သတိရှိ၏၊ လွန်ကဲသော ပညာနှင့် ယှဉ်သော သတိနှင့် ပြည့်စုံ၏၊ ကြာမြင့်စွာက ပြုအပ်သော အမှုကိုရင်း ကြာမြင့်စွာက ပြောအပ်သော စကားကိုရင်း အောက်မေ့နိုင်၏၊ အဖန်ဖန် အောက်မေ့နိုင်၏။

ထိုအရိယာတပည့်သည်—

ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု'သတိ' ရှိသည်ဖြစ်၍ လောက၌ သူတပါး စည်းစိမ်ကို ရှေးရှုကြံခြင်း 'အဘိဇ္ဈာ' နှလုံး မသာယာခြင်း 'ဒေါမနဿ'ကို ပယ်ဖျောက်လျက် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေပေ၏။

ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု'သတိ'ရှိသည်ဖြစ်၍ လောက၌ သူတပါး စည်းစိမ်ကို ရှေးရှုကြံခြင်း 'အဘိဇ္ဈာ' နှလုံးမသာယာခြင်း 'ဒေါမနဿ'ကို ပယ်ဖျောက်လျက် ဝေဒနာတို့၌ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေပေ၏။

ပြင်းစွာ အားထုတ်သော လုံ့လရှိသည်ဖြစ်၍ ဆင်ခြင်ဉာဏ်'သမ္ပဇဉ်' အောက်မေ့မှု'သတိ'ရှိသည်ဖြစ်၍ လောက၌ သူတပါးစည်းစိမ်ကို ရှေးရှုကြံခြင်း'အဘိဇ္ဈာ' နှလုံးမသာယာခြင်း'ဒေါမနဿ'ကို ပယ်ဖျောက်လျက် စိတ်၌ စိတ်ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေပေ၏။

ပြင်းစွာ အားထုတ်သော လုံ့လရှိသည် ဖြစ်၍ ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်' အောက်မေ့မှု'သတိ'ရှိသည်ဖြစ်၍ လောက၌ သူတပါးစည်းစိမ်ကို ရှေးရှုကြံခြင်း 'အဘိဇ္ဈာ' နှလုံးမသာယာခြင်း 'ဒေါမနဿ'ကို ပယ်ဖျောက်လျက် သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေပေ၏။ ရဟန်းတို့ ဤသည်ကိုပင် သတိခန္ဓြဟု ဆိုအပ်ပေ၏။

သမာဓိခန္ဓြဖြစ်ပုံ။　　။ရဟန်းတို့ သမာဓိခန္ဓြဟူသည် အဘယ်ကို ဆိုပါသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာ တပည့်သည် နိဗ္ဗာန်ကို အာရုံပြုလျက် တည်ကြည်မှု'သမာဓိ'ကိုရ၏၊ စိတ်၏အာရုံတခုတည်း၌ တည်ကြည်မှု 'ကေဂ္ဂတာ'ကို ရ၏၊ ထိုသူသည် ကာမတို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ကြံစည်မှု 'ဝိတက်'နှင့်တကွဖြစ်သော သုံးသပ်မှု'ဝိစာရ'နှင့်တကွဖြစ်သော နီဝရဏ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု'သုခ'ရှိသော (ပဌမစျာန်သို့ ရောက်၍) ဂနေပေ၏။

ဝိတက် ဝိစာရ ငြိမ်းခြင်းကြောင့် မိမိသန္တာန်၌ စိတ်ကို ကြည်လင်စေတတ်သော စိတ်တည်ကြည်မှု 'သမာဓိ'ကို ဖြစ်စေတတ်သော ကြံစည်မှု 'ဝိတက်' သုံးသပ်မှု'ဝိစာရ'မရှိသော တည်ကြည်မှု 'သမာဓိ'ကြောင့် ဖြစ်သော နှစ်သိမ့်မှု 'ပီတိ' ချမ်းသာမှု'သုခ'ရှိသော(ဒုတိယစျာန်သို့ရောက်၍)နေပေ၏။

နှစ်သိမ့်မှု'ပီတိ'ကိုလည်း မစွဲမက်ခြင်းကြောင့် လျစ်လျူရှု၍သာ နေပေ၏၊ အောက်မေ့မှု'သတိ' ဆင်ခြင်ဉာဏ် 'သမ္ပဇဉ်'နှင့် ပြည့်စုံသည်ဖြစ်၍ နေပေ၏၊ ချမ်းသာမှု'သုခ'ကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင် တတိယစျာန်ကြောင့် ထိုသူကို လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာ နေလေ့ရှိသောသူဟု အရိယာ ပုဂ္ဂိုလ်တို့သည် ချီးမွမ်းပြောဆိုကြကုန်၏၊ ထိုတတိယစျာန်သို့ ရောက်၍ နေပေ၏။

ချမ်းသာမှု'သုခ'ကိုလည်း ပယ်ခြင်းကြောင့် ဆင်းရဲမှု'ဒုက္ခ'ကိုလည်း ပယ်ခြင်းကြောင့် ဝမ်းသာခြင်း 'သောမနဿ'နှလုံးမသာယာခြင်း 'ဒေါမနဿ'တို့၏ ရှေးဦးကပင် ချုပ်နှင့်ခြင်းကြောင့် ဆင်းရဲ ချမ်းသာ ကင်းသော လျစ်လျူရှုမှု 'ဥပေက္ခာ'ကြောင့် ဖြစ်သော သတိ၏ စင်ကြယ်ခြင်းရှိသော (စတုတ္ထဈာန်သို့ ရောက်၍)နေပေ၏၊ ရဟန်းတို့ ဤသည်ကိုပင် သမာဓိန္ဒြေဟု ဆိုအပ်ပေ၏။

**ပညိန္ဒြေဖြစ်ပုံ။** ။ရဟန်းတို့ ပညိန္ဒြေဟူသည် အဘယ်ကို ဆိုပါသနည်း၊ ရဟန်းတို့ ဤသာသနာတော်၌ အရိယာ၏ တပည့်သည် ပညာရှိ၏၊ အဖြစ်အပျက်ကို သိမ်းဆည်းတတ်သော ရုပ်နာမ်ကို ထွင်းဖောက်၍ သိနိုင်ခဲသော ဆင်းရဲ၏ ကုန်ရာ နိဗ္ဗာန်သို့ ကောင်းစွာ ရောက်စေတတ်သော မြတ်သော ပညာနှင့် ပြည့်စုံပါ၏၊ ထိုအရိယာတပည့်သည် "ဤကား ဆင်းရဲတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိပေ၏၊ "ဤကား ဆင်းရဲဖြစ်ကြောင်းတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိပေ၏၊ "ဤကား ဆင်းရဲချုပ်ရာတည်း"ဟု ဟုတ်တိုင်းမှန်စွာ သိပေ၏၊ "ဤကား ဆင်းရဲချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်တည်း"ဟု ဟုတ်တိုင်းမှန်စွာ သိပေ၏၊ ရဟန်းတို့ ဤသည်ကိုပင် ပညိန္ဒြေဟု ဆိုအပ်ပေ၏။

## ဣန္ဒြေ ၅-ပါး

## (ပဋိသမ္ဘိဒါမဂ်ပါဠိတော် ၁၉၈)

**သဒ္ဓိန္ဒြေစင်ကြယ်ပုံ။** ။(က) သဒ္ဓါတရား မရှိကုန်သော ပုဂ္ဂိုလ်တို့ကို ကြဉ်ခြင်းငှင်း (ခ) သဒ္ဓါတရား ရှိကုန်သော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်လုပ်ကျွေးခြင်းငှင်း (ဂ) ကြည်ညိုခြင်းကို ဆောင်တတ်သော ပသာဒနီယသုတ် စသည်တို့ကို သုံးသပ်ဆင်ခြင်ခြင်းငှင်း၊ ဤသုံးပါးကုန်သော အကြောင်းတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား သဒ္ဓိန္ဒြေသည် စင်ကြယ်၏။

**ဝီရိယိန္ဒြေစင်ကြယ်ပုံ။** ။(က) ပျင်းရိကုန်သော ပုဂ္ဂိုလ်တို့ကို ကြဉ်ခြင်းငှင်း (ခ) ကြိုးပမ်းသော ဝီရိယရှိကုန်သော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်လုပ်ကျွေးခြင်းငှင်း (ဂ) သမ္မပ္ပဓာနသုတ်တို့ကို ဆင်ခြင်ခြင်းငှင်း၊ ဤသုံးပါးကုန်သော အကြောင်းတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ဝီရိယိန္ဒြေသည် စင်ကြယ်၏။

**သတိန္ဒြေစင်ကြယ်ပုံ။** ။(က) လွတ်သော သတိရှိကုန်သော ပုဂ္ဂိုလ်တို့ကို ကြဉ်ခြင်းငှင်း (ခ)ထင်သော သတိရှိကုန်သော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်လုပ်ကျွေးခြင်းငှင်း (ဂ) သတိပဋ္ဌာနသုတ်တို့ကို ဆင်ခြင်ခြင်းငှင်း၊

ဤသုံးပါးကုန်သော အကြောင်းတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား သတိန္ဒြေသည် စင်ကြယ်၏။

**သမာဓိန္ဒြေစင်ကြယ်ပုံ။** ။(က) မတည်ကြည်သော ပုဂ္ဂိုလ်တို့ကို ကြဉ်ခြင်းရင်း (ခ) တည်ကြည်သော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်လုပ်ကျွေးခြင်းရင်း (ဂ) ဈာန် ဝိမောက္ခတို့ကို ဆင်ခြင်ခြင်းရင်း၊ ဤသုံးပါးကုန်သော အကြောင်းတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား သမာဓိန္ဒြေသည် စင်ကြယ်၏။

**ပညိန္ဒြေစင်ကြယ်ပုံ။** ။(က) ပညာနည်းကုန်သော ပုဂ္ဂိုလ်တို့ကို ကြဉ်ခြင်းရင်း (ခ) ပညာရှိကုန်သော ပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်လုပ်ကျွေးခြင်းရင်း (ဂ) နက်နဲပေသော ဉာဏ်၏ကျက်စားရာ ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ်နှင့် စပ်သော သုတ်တို့ကို ဆင်ခြင်ခြင်းရင်း၊ ဤသုံးပါးကုန်သော အကြောင်းတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်အား ပညိန္ဒြေသည် စင်ကြယ်၏။

ဤသို့ သဒ္ဓိန္ဒြေ စသော ငါးပါးသော ဣန္ဒြေတို့၏ စင်ကြယ်ကြောင်း အင်္ဂါရပ်နှင့် မညီညွတ်သော ပုဂ္ဂိုလ်ငါးဦးတို့ကို ကြဉ်လျက် သဒ္ဓိန္ဒြေ စသော ငါးပါးသော ဣန္ဒြေတို့၏ စင်ကြယ်ကြောင်း အင်္ဂါရပ်နှင့် ညီညွတ်သော ပုဂ္ဂိုလ်ငါးဦးတို့ကို မှီဝဲဆည်းကပ်လုပ်ကျွေးသော (က) ပသာဒနီယသုတ် (ခ) သမ္မပ္ပဓာနသုတ် (ဂ) သတိပဋ္ဌာနသုတ် (ဃ) စတုတ္ထဈာန်နှင့် ရှစ်ပါးသော ဝိမောက္ခ သုံးပါးသော ဝိမောက္ခ(ဈာန်–ဝိမောက္ခ)နှင့် ဆက်စပ်သောသုတ် (င) နက်နဲသော ပညာ၏ ကျက်စားရာ ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်နှင့် ဆက်စပ်သော သုတ်တို့ကို ဆင်ခြင်သော ပုဂ္ဂိုလ်အား ဤတဆယ့်ငါးပါးသော အကြောင်းတို့ကြောင့် ဤငါးပါးသော ဣန္ဒြေတို့သည် စင်ကြယ်ပေကုန်၏။

ဣန္ဒြေငါးပါး ပြီး၏။

---

## ဗိုလ် ၅-ပါး

(မဟာဝဂ္ဂသံယုတ်ပါဠိတော် သက္ကသံယုတ်-၂၁၈)

ရဟန်းတို့ အားတို့ဟူသည်ကား ငါးမျိုးတို့ ပေတည်း၊ ထိုငါးမျိုးတို့ဟူသည် ယုံကြည်ခြင်း တည်းဟူသော 'သဒ္ဓါဗိုလ်' အားရင်း အားထုတ်ခြင်း လုံ့လတည်းဟူသော 'ဝီရိယဗိုလ်'အားရင်း အောက်မေ့ခြင်း တည်းဟူသော '[illegible]တိဗိုလ်' အားရင်း တည်ကြည်ခြင်း တည်းဟူသော 'သမာဓိဗိုလ်' အားရင်း အပြားအားဖြင့် သိခြင်း တည်းဟူသော 'ပညာဗိုလ်'အားရင်း၊ ဤသည်တို့ကို ငါးပါးကုန်သော 'ဗိုလ်' အားတို့ဟူ၍ မှတ်ယူရပေမည်။

## ဗိုလ်ငါးပါး ပွါးများခြင်းအကျိုး

ရဟန်းတို့ ဂင်္ဂါမြစ်သည် အရှေ့သို့ နိမ့်သည် အရှေ့သို့ ရှိုင်းသည် အရှေ့သို့ ဝှမ်းသည် ဖြစ်သကဲ့သို့ ရဟန်းတို့ ဤအတူသာလျှင် ရဟန်းသည် ငါးပါးကုန်သော အားတို့ကို ပွါးစေသည်ဖြစ်၍ ငါးပါးကုန်သော အားတို့ကို အကြိမ်များစွာ ပြုကြကုန်သည် ဖြစ်၍ နိဗ္ဗာန်သို့ ညွတ်သည် နိဗ္ဗာန်သို့ ရှိုင်းသည် နိဗ္ဗာန်သို့ ဝှမ်းသည် ဖြစ်ခဲ့ပေ၏။

ရဟန်းတို့ အဘယ်သို့လျှင် ရဟန်းသည် ငါးပါးကုန်သော အားတို့ကို ပွါးကုန်သည် ဖြစ်၍ ငါးပါးကုန်သော အားတို့ကို အကြိမ်များစွာ ပြုကုန်သည်ဖြစ်၍ နိဗ္ဗာန်သို့ ညွတ်သည် နိဗ္ဗာန်သို့ ရှိုင်းသည် နိဗ္ဗာန်သို့ ဝှမ်းသည် ဖြစ်ဘိသနည်း—

**သဒ္ဓါဗိုလ်။** ။ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော ရာဂကင်းခြင်းကို မှီသော ရာဂချုပ်ခြင်းကို မှီသော မင်္ဂသို့ ညွတ်သော ယုံကြည်ခြင်း တည်းဟူသော သဒ္ဓါဗိုလ် အားကို ပွါးစေ၏။

**ဝီရိယဗိုလ်။** ။ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော ရာဂ ကင်းခြင်းကို မှီသော ရာဂချုပ်ခြင်းကို မှီသော အားထုတ်ခြင်း တည်းဟူသော ဝီရိယဗိုလ် အားကို ပွါးစေ၏။

**သတိဗိုလ်။** ။ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော ရာဂကင်းခြင်းကို မှီသော ရာဂချုပ်ခြင်းကို မှီသော အောက်မေ့ခြင်း တည်းဟူသော သတိဗိုလ် အားကို ပွါးစေ၏။

**သမာဓိဗိုလ်။** ။ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော ရာဂ ကင်းခြင်းကို မှီသော ရာဂချုပ်ခြင်းကို မှီသော တည်ကြည်ခြင်း တည်းဟူသော သမာဓိဗိုလ် အားကို ပွါးစေ၏၊

**ပညာဗိုလ်။** ။ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်းကို မှီသော ရာဂကင်းခြင်းကို မှီသော ရာဂချုပ်ခြင်းကို မှီသော အပြားအားဖြင့် သိခြင်း တည်းဟူသော ပညာဗိုလ် အားကို ပွါးစေ၏။

ရဟန်းတို့ ဤသို့လျှင် ရဟန်းသည် ငါးပါးကုန်သော အားတို့ကို ပွါးစေသည် ဖြစ်၍ ငါးပါးကုန်သော အားတို့ကို အကြိမ်များစွာ ပြုကြကုန်သည်ဖြစ်၍ နိဗ္ဗာန်သို့ ညွတ်သည် နိဗ္ဗာန်သို့ ရှိုင်းသည် နိဗ္ဗာန်သို့ ဝှမ်းသည် ဖြစ်ပါပေ၏ ဟူ၍ မြတ်စွာဘုရား မိန့်တော်မူခဲ့ ပါပေ၏။

ဗိုလ်ငါးပါး ပြီး၏။

## ဗောဇ္ဈင် ၇-ပါး

(ဝိဘင်းပါဠိတော် ဗောဇ္ဈင်္ဂဝိဘင်္ဂ–၂၃၆)

### သုတ္တန္တ ဘာဇနီယ (သုတ္တန်နည်းဖြင့် ဝေဖန်ပြခြင်း)

**သတိသမ္ဗောဇ္ဈင်။** ။ဤသာသနာတော်၌ ရဟန်းသည် သတိနှင့် ပြည့်စုံသည် ဖြစ်၍ မြတ်သော ရင့်ကျက်သော သတိပညာနှင့် ပြည့်စုံသည်ဖြစ်၏၊ ရှည်မြင့်စွာ ပြုခြင်းကိုရင်း ရှည်မြင့်စွာ ဆိုခြင်းကိုရင်း အောက်မေ့နိုင်သည် အဖန်တလဲလဲ အစဉ်မပြတ် အောက်မေ့နိုင်သည် ဖြစ်ခဲ့ပေ၏၊ ဤသည်ကို ပင်လျှင် သတိသမ္ဗောဇ္ဈင်ဟု ဆိုအပ်ပေ၏။

**ဓမ္မဝိစယသမ္ဗောဇ္ဈင်။** ။ထိုအောက်မေ့နိုင်သော အခြင်းအရာဖြင့် သတိနှင့် ပြည့်စုံလျက်နေသော ထိုရဟန်းသည် ထိုတရားကို ပညာဖြင့် ဆင်ခြင်နိုင်၏၊ စူးစမ်းနိုင်၏၊ ထက်ဝန်းကျင်၌ စုံစမ်းခြင်းသို့ ရောက်ပေ၏၊ ဤသည်ကိုပင်လျှင် ဓမ္မဝိစယသမ္ဗောဇ္ဈင်ဟူ၍ ဆိုအပ်ပေ၏။

**ဝီရိယသမ္ဗောဇ္ဈင်။** ။ထိုတရားကို ပညာဖြင့် ဆင်ခြင်သော စုံစမ်းနိုင်သော မတွန့်တိုသော ဝီရိယနှင့် အားထုတ်နိုင်သည် ဖြစ်ခဲ့ပေ၏၊ ဤသည်ကိုပင်လျှင် ဝီရိယသမ္ဗောဇ္ဈင်ဟူ၍ ဆိုအပ်ပေ၏။

**ပီတိသမ္ဗောဇ္ဈင်။** ။အားထုတ်သော ရဟန်းအား နှစ်သက် ဝမ်းမြောက်သော ပီတိသည် ဖြစ်၏၊ ဤသည်ကိုပင်လျှင် ပီတိသမ္ဗောဇ္ဈင် ဟူ၍ ဆိုအပ်ပေ၏။

**ပဿဒ္ဓိသမ္ဗောဇ္ဈင်။** ။နှစ်သက်သော စိတ်ရှိပေသော ရဟန်းအား ကိုယ်သည်လည်း ငြိမ်း၏၊ စိတ်သည်လည်း ငြိမ်း၏၊ ဤသည်ကိုပင်လျှင် ပဿဒ္ဓိသမ္ဗောဇ္ဈင်ဟူ၍ ဆိုအပ်ပေ၏။

**သမာဓိသမ္ဗောဇ္ဈင်။** ။ငြိမ်းသော ကိုယ်ရှိသော ချမ်းသာသော ရဟန်းအား စိတ်သည် တည်ကြည်၏၊ ဤသည်ကိုပင်လျှင် သမာဓိသမ္ဗောဇ္ဈင် ဟူ၍ ဆိုအပ်ပေ၏။

**ဥပေက္ခာသမ္ဗောဇ္ဈင်။** ။ထိုရဟန်းသည် ဤသို့သော အခြင်းအရာ အားဖြင့် တည်ကြည်သော စိတ်ကို ကောင်းစွာလျစ်လျူရှုသည် ဖြစ်၏၊ ဤသည်ကိုပင်လျှင် ဥပေက္ခာသမ္ဗောဇ္ဈင် ဟူ၍ ဆိုအပ်ပေ၏။

**သတိသမ္ဗောဇ္ဈင်။** ။ထိုဗောဇ္ဈင် ၇-ပါး တို့တွင် သတိသမ္ဗောဇ္ဈင် ဟူသည် အဘယ်နည်း၊ အဇ္ဈတ္တတရားတို့၌ သတိသည် ရှိ၏၊ ဗဟိဒ္ဓတရားတို့၌လည်း သတိသည် ရှိ၏၊ အဇ္ဈတ္တတရားတို့၌ အကြင် သတိသည်လည်း ရှိ၏၊ ထိုသို့ရှိနေသော သတိသမ္ဗောဇ္ဈင်သည် ထူးသောဉာဏ်အလို့ငှါ မဂ်ဉာဏ်အလို့ငှါ နိဗ္ဗာန်အလို့ငှါ ဖြစ်ပေ၏၊ ဗဟိဒ္ဓတရားတို့၌လည်း အကြင် သတိသမ္ဗောဇ္ဈင်သည်လည်း ရှိ၏၊ ထိုသတိသမ္ဗောဇ္ဈင်သည် ထူးသောဉာဏ်အလို့ငှါ မဂ်ဉာဏ်အလို့ငှါ နိဗ္ဗာန်အလို့ငှါ ဖြစ်ပေ၏။

**ဓမ္မဝိစယသမ္ဗောဇ္ဈင်။** ။ဓမ္မဝိစယသမ္ဗောဇ္ဈင် ဟူသည် အဘယ်နည်း၊ အဇ္ဈတ္တတရားတို့၌ ဆည်းပူးခြင်းသည် ရှိ၏၊ ဗဟိဒ္ဓတရားတို့၌လည်း ဆည်းပူးခြင်းသည် ရှိ၏၊ အဇ္ဈတ္တတရားတို့၌ အကြင် ဆည်းပူးခြင်းသည် ရှိ၏၊ ထိုသို့ ရှိနေသော ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ထူးသောဉာဏ်အလို့ငှါ မဂ်ဉာဏ် အလို့ငှါ နိဗ္ဗာန်အလို့ငှါ ဖြစ်ပေ၏၊ ဗဟိဒ္ဓတရားတို့၌ အကြင် ဆည်းပူးခြင်းသည် ရှိ၏၊ ထိုသို့ရှိနေသော ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် ထူးသောဉာဏ်အလို့ငှါ မဂ်ဉာဏ်အလို့ငှါ နိဗ္ဗာန်အလို့ငှါ ဖြစ်ပေ၏။

**ဝီရိယသမ္ဗောဇ္ဈင်။** ။ဝီရိယသမ္ဗောဇ္ဈင် ဟူသည် အဘယ်နည်း၊ ကိုယ်၌ တည်သောဝီရိယသည် ရှိ၏၊ စိတ်၌တည်သော ဝီရိယသည် ရှိ၏၊ အကြင် ကိုယ်၌ တည်သော ဝီရိယသည် ရှိ၏၊ ထိုသို့ ရှိနေသော ဝီရိယသမ္ဗောဇ္ဈင်သည် ထူးသောဉာဏ်အလို့ငှါ မဂ်ဉာဏ်အလို့ငှါ နိဗ္ဗာန်အလို့ငှါ ဖြစ်ပေ၏၊ အကြင် စိတ်၌ တည်သော ဝီရိယသည် ရှိ၏၊ ထိုသို့ ရှိနေသော ဝီရိယသမ္ဗောဇ္ဈင်သည် ထူးသော ဉာဏ်အလို့ငှါ မဂ်ဉာဏ်အလို့ငှါ နိဗ္ဗာန်အလို့ငှါ ဖြစ်ပေ၏။

**ပီတိသမ္ဗောဇ္ဈင်။** ။ပီတိသမ္ဗောဇ္ဈင်ဟူသည် အဘယ်နည်း၊ဝိတက်နှင့်တကွ ဝိစာရနှင့်တကွဖြစ်သော ပြန့်နှံ့စိမ့်စိုသော နှစ်သက်ခြင်းသည် ရှိ၏၊ ဝိတက်လည်း မရှိ ဝိစာရလည်း မရှိသော ပြန့်နှံ့စိမ့်စိုသော နှစ်သက်ခြင်းသည်လည်း ရှိ၏၊ အကြင် ဝိတက် ဝိစာရနှင့်တကွ ဖြစ်နေသော ပြန့်နှံ့စိမ့်စိုသော နှစ်သက်ခြင်းသည် ရှိ၏၊ ထိုသို့ ရှိနေသော ပီတိသမ္ဗောဇ္ဈင်သည် ထူးသော ဉာဏ်အလို့ငှါ မဂ်ဉာဏ်အလို့ငှါ နိဗ္ဗာန်အလို့ငှါ ဖြစ်ပေ၏။ အကြင်ဝိတက် ဝိစာရ မရှိသော ပြန့်နှံ့စိမ့်စိုသော နှစ်သက်ခြင်းသည် ရှိ၏၊ ထိုသို့ ရှိနေသော ပီတိသမ္ဗောဇ္ဈင်သည် ထူးသော ဉာဏ်အလို့ငှါ မဂ်ဉာဏ်အလို့ငှါ နိဗ္ဗာန်အလို့ငှါ ဖြစ်ပေ၏။

**ပဿဒ္ဓိသမ္ဗောဇ္ဈင်။** ။ပဿဒ္ဓိသမ္ဗောဇ္ဈင်ဟူသည် အဘယ်နည်း၊ ကိုယ်၏ ကင်းငြိမ်းခြင်း (ငြိမ်သက်ခြင်း)သည် ရှိ၏၊ စိတ်၏ ကင်းငြိမ်းခြင်း (ငြိမ်သက်ခြင်း) သည် ရှိ၏၊ အကြင် ကင်းငြိမ်းခြင်း(ငြိမ်သက်ခြင်း)သည်

ရှိ၏၊ ထိုသို့ ရှိနေသော ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ထူးသော ဉာဏ်အလို့ငှါ မဂ်ဉာဏ်အလို့ငှါ နိဗ္ဗာန်အလို့ငှါ ဖြစ်ပေ၏၊ ကိုယ်စိတ်၏ အကြင် ကင်းငြိမ်းခြင်း(ငြိမ်သက်ခြင်း)သည် ရှိ၏၊ ထိုသို့ ရှိနေသော ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ထူးသော ဉာဏ်အလို့ငှါ မဂ်ဉာဏ်အလို့ငှါ နိဗ္ဗာန်အလို့ငှါ ဖြစ်ပေ၏။

**သမာဓိသမ္ဗောဇ္ဈင်။** ။သမာဓိသမ္ဗောဇ္ဈင်ဟူသည် အဘယ်နည်း၊ ဝိတက် ဝိစာရနှင့်တကွဖြစ်သော တရားတို့၌ စိတ်၏ မပျံ့လွင့်ခြင်းသည် ရှိ၏၊ ဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိသော တရားတို့၌ စိတ်၏ မပျံ့လွင့်ခြင်းသည် ရှိ၏၊ အကြင် ဝိတက် ဝိစာရနှင့်တကွဖြစ်သော တရားတို့၌ စိတ်၏ မပျံ့လွင့်ခြင်းသည် ရှိ၏၊ ထိုသို့ ရှိနေသော သမာဓိသမ္ဗောဇ္ဈင်သည် ထူးသော ဉာဏ်အလို့ငှါ မဂ်ဉာဏ်အလို့ငှါ နိဗ္ဗာန်အလို့ငှါ ဖြစ်ပေ၏။ အကြင် ဝိတက် ဝိစာရ မရှိသော တရားတို့၌ စိတ်၏ မပြန့်လွင့်ခြင်းသည် ရှိ၏၊ ထိုသို့ ရှိနေသော သမာဓိသမ္ဗောဇ္ဈင်သည် ထူးသော ဉာဏ်အလို့ငှါ မဂ်ဉာဏ်အလို့ငှါ နိဗ္ဗာန်အလို့ငှါ ဖြစ်ပေ၏။

**ဥပေက္ခာသမ္ဗောဇ္ဈင်။** ။ဥပေက္ခာသမ္ဗောဇ္ဈင်ဟူသည် အဘယ်နည်း၊ အဇ္ဈတ္တတရားတို့၌ လျစ်လျူရှုခြင်းသည် ရှိ၏၊ ဗဟိဒ္ဓတရားတို့၌ လျစ်လျူရှုခြင်းသည် ရှိ၏၊ အဇ္ဈတ္တတရားတို့၌ အကြင် လျစ်လျူရှုခြင်းသည် ရှိ၏၊ ထိုသို့ရှိနေသော ဥပေက္ခာသမ္ဗောဇ္ဈင်သည် ထူးသော ဉာဏ်အလို့ငှါ မဂ်ဉာဏ်အလို့ငှါ နိဗ္ဗာန်အလို့ငှါ ဖြစ်ပေ၏။ ဗဟိဒ္ဓတရားတို့၌ အကြင် လျစ်လျူရှုခြင်းသည် ရှိ၏၊ ထိုသို့ ရှိနေသော ဥပေက္ခာသမ္ဗောဇ္ဈင်သည် ထူးသော ဉာဏ်အလို့ငှါ မဂ်ဉာဏ်အလို့ငှါ နိဗ္ဗာန်အလို့ငှါ ဖြစ်ပေ၏။

## ဗောဇ္ဈင်ခုနစ်ပါး ပွါးများခြင်း

ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်း ငါးပါးကို မှီသော ရာဂကင်းခြင်းကို မှီသော ချုပ်ခြင်းကို မှီသော တဒင်္ဂပဟာန် သမုစ္ဆေဒပဟာန်အဖြစ်ဖြင့် နိဗ္ဗာန်သို့ ရောက်သော နှလုံးရှိသော သတိသမ္ဗောဇ္ဈင် ဓမ္မဝိစယသမ္ဗောဇ္ဈင် ဝီရိယသမ္ဗောဇ္ဈင် ပီတိသမ္ဗောဇ္ဈင် ပဿဒ္ဓိသမ္ဗောဇ္ဈင် သမာဓိသမ္ဗောဇ္ဈင် ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို ပွါး၏။

သုတ္တန္တဘာဇနီယနည်း ပြီး၏။

## အဘိဓမ္မဘာဇနီယ

## (အဘိဓမ္မာနည်းဖြင့် ဝေဖန်ပြခြင်း)

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ သံသရာဝဋ်မှ ထွက်မြောက်တတ်သော စတုပဋ္ဌိသန္ဓေကို ဖျက်ဆီး၍ သွားတတ်သော လောကုတ္တရာစျာန်ကို ပွါးများ၏၊ ခြောက်ဆယ့်နှစ်ပါး၌ အကျုံးဝင်သော ဒိဋ္ဌိတို့ကို ပယ်စွန့်ခြင်းငှါ သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငှါ ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် ငြိုငြင်သော အကျင့်ရှိသော နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကိုကပ်၍ နေပေ၏၊ ထိုအခါ၌ ခုနစ်ပါးကုန်သော သတိသမ္ဗောဇ္ဈင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်ဟုဆိုအပ်သော ဗောဇ္ဈင်တို့ ဖြစ်ကုန်၏။

**သတိသမ္ဗောဇ္ဈင်။** ။ထိုစကားရပ်၌ သတိသမ္ဗောဇ္ဈင်ဟူသည် အဘယ်နည်း၊ အကြင် အောက်မေ့ခြင်း, အဖန်တလဲလဲ အောက်မေ့ခြင်း, ကောင်းစွာ အောက်မေ့ခြင်း, သတိသမ္ဗောဇ္ဈင်သည် မဂ်၏ အင်္ဂါ မဂ်၌အကျုံးဝင်၏၊ ဤသည်ကို သတိသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

**ဓမ္မဝိစယသမ္ဗောဇ္ဈင်။** ။ထို စကားရပ်၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဟူသည် အဘယ်နည်း၊ အကြင် အပြားအားဖြင့် သိခြင်း, သိသော အခြင်းအရာ, မတွေဝေခြင်း, တရားကို ဆည်းပူးခြင်း, ကောင်းသော အမြင်, ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် မဂ်၏အင်္ဂါ မဂ်၌ အကျုံးဝင်၏၊ ဤသည်ကို ဓမ္မဝိစယသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

**ဝီရိယသမ္ဗောဇ္ဈင်။** ။ထိုစကားရပ်၌ ဝီရိယသမ္ဗောဇ္ဈင်ဟူသည် အဘယ်နည်း၊ စိတ်၌ မှီသော အကြင် အားထုတ်ခြင်း, အားထုတ်မှုကို ပြုခြင်း, ကောင်းစွာ အားထုတ်ခြင်း, ဝီရိယသမ္ဗောဇ္ဈင်သည် မဂ်၏ အင်္ဂါ မဂ်၌ အကျုံးဝင်၏၊ ဤသည်ကို ဝီရိယသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

**ပီတိသမ္ဗောဇ္ဈင်။** ။ထိုစကားရပ်၌ ပီတိသမ္ဗောဇ္ဈင်ဟူသည် အဘယ်နည်း၊ အကြင်ပြုံးခြင်း, ဝမ်းမြောက်ခြင်း, ဝမ်းမြောက်သော အခြင်းအရာ, ရွှင်လန်းခြင်း, အပြားအားဖြင့် ရွှင်လန်းခြင်း, နှစ်သက်ခြင်း, တက်ကြွသည်၏ အဖြစ်,စိတ်၏ နှစ်သက်သည်၏ အဖြစ်ဟူသော ပီတိသမ္ဗောဇ္ဈင်သည် ရှိ၏၊ဤသည်ကို ပီတိသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

**ပဿဒ္ဓိသမ္ဗောဇ္ဈင်။** ။ထိုစကားရပ်၌ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဟူသည် အဘယ်နည်း၊ အကြင် ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ၏ ငြိမ်းခြင်း, တဖန် ငြိမ်းခြင်း, ငြိမ်းသော အခြင်းအရာ, တဖန် ငြိမ်းသော အခြင်းအရာ၏ အဖြစ်ဟူသော ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် ရှိ၏၊ ဤသည်ကို ပဿဒ္ဓိသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

**သမာဓိသမ္ဗောဇ္ဈင်။** ။ထိုစကားရပ်၌ သမာဓိသမ္ဗောဇ္ဈင်ဟူသည် အဘယ်နည်း၊ စိတ်တည်ကြည်ခြင်း, ကောင်းစွာတည်ခြင်း, မတုန် မလှုပ် တည်ခြင်း, မပြန့်ခြင်း, မလွင့်ခြင်း, မပြန့်လွင့်သော နှလုံး၏အဖြစ် အကြင် သမထ သမာဓိန္ဒြေ သမာဓိဗိုလ် သမာဓိသမ္ဗောဇ္ဈင်သည် မဂ်၏ အင်္ဂါ မဂ်၌ အကျုံးဝင်၏၊ ဤသည်ကို သမာဓိသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

**ဥပေက္ခာသမ္ဗောဇ္ဈင်။** ။ထိုစကားရပ်၌ ဥပေက္ခာသမ္ဗောဇ္ဈင်ဟူသည် အဘယ်နည်း၊ အကြင် လျစ်လျူရှုခြင်း, လျစ်လျူရှုသော အခြင်းအရာ, အလွန်လျစ်လျူရှုခြင်း, အလယ်အလတ် လျစ်လျူရှုခြင်း, စိတ်၏ လျစ်လျူရှုမှုဟူသော ဥပေက္ခာသမ္ဗောဇ္ဈင်သည် ရှိ၏၊ ဤသည်ကို ဥပေက္ခာသမ္ဗောဇ္ဈင်ဟု ဆိုအပ်၏။

ဤ ဆိုအပ်ခဲ့ပြီးသော တရားတို့ကို ဗောဇ္ဈင်ခုနစ်ပါး တရားတို့ ဟူ၍ ဆိုအပ်ကုန်၏။

အဘိဓမ္မဘာဇနီယနည်း ပြီး၏။

ဗောဇ္ဈင်ခုနစ်ပါး ပြီး၏။

---

## မဂ္ဂင်တရား ၈-ပါး

### (ဝိဘင်းပါဠိတော်–၂၄၄)

### သုတ္တန္တဘာဇနီယ (သုတ္တန်နည်းဖြင့် ဝေဖန်ပြခြင်း)

မဂ္ဂင်တရား ၈-ပါးဟူသည် အဘယ်နည်း၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိတို့ ဖြစ်ကြပေသည်။ ဤမဂ္ဂင်တရား ၈-ပါးတို့တွင်—

**သမ္မာဒိဋ္ဌိမဂ္ဂင်။** ။သမ္မာဒိဋ္ဌိမဂ္ဂင်ဟူသည် ဒုက္ခသစ္စာ၌ သိသောဉာဏ်, ဒုက္ခ အကြောင်း၌ သိသောဉာဏ်, ဒုက္ခ၏ချုပ်ရာ၌သိသောဉာဏ်, ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်၌ သိသောဉာဏ်၊ ဤသည်ကိုပင်လျှင် သမ္မာဒိဋ္ဌိမဂ္ဂင်ဟူ၍ ဆိုအပ်ပေ၏။

**သမ္မာသင်္ကပ္ပမဂ္ဂင်။** ။သမ္မာသင်္ကပ္ပမဂ္ဂင်ဟူသည် အကုသိုလ်မှ ထွက်မြောက်လိုသော အကြံ, မစောင်းမမြောင်းလိုသောအကြံ, မညှဉ်းဆဲလိုသောအကြံ၊ ဤသည်ကိုပင်လျှင် သမ္မာသင်္ကပ္ပမဂ္ဂင်ဟူ၍ ဆိုအပ်၏။

**သမ္မာဝါစာမဂ္ဂင်။** ။သမ္မာဝါစာမဂ္ဂင်ဟူသည် ပျက်သော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း, ချောပစ်သောစကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း, ကြမ်းကြုတ်သောစကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း, ပြိန်ဖျင်းသော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဤသည်ကိုပင်လျှင် သမ္မာဝါစာမဂ္ဂင်ဟူ၍ ဆိုအပ်၏။

**သမ္မာကမ္မန္တမဂ္ဂင်။** ။သမ္မာကမ္မန္တမဂ္ဂင်ဟူသည် သူ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း, သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း, သူတပါး သားမယား အိမ်ရာကို ကျူးလွန်ပြစ်မှားခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဤသည်ကိုပင်လျှင် သမ္မာကမ္မန္တမဂ္ဂင်ဟူ၍ ဆိုအပ်၏။

**သမ္မာအာဇီဝမဂ္ဂင်။** ။သမ္မာအာဇီဝမဂ္ဂင်ဟူသည် ဤ သာသနာတော်၌ မင်္ဂဖိုလ်ရပြီးသော တပည့်သားသည် မှားသော အသက်မွေးခြင်းကိုပယ်၍ ကောင်းသော အသက်မွေးခြင်းဖြင့် အသက်မွေးခြင်းကို ပြု၏၊ ဤသည်ကိုပင်လျှင် သမ္မာအာဇီဝမဂ္ဂင်ဟူ၍ ဆိုအပ်၏။

**သမ္မာဝါယာမမဂ္ဂင်။** ။သမ္မာဝါယာမမဂ္ဂင်ဟူသည် ဤသာသနာတော်၌ ရဟန်းသည် မဖြစ်ကုန်သေးသော ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှါ ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လစိုက်၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ လုံ့လပြု၏။

ဖြစ်ကုန်ပြီးသော ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လစိုက်၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ လုံ့လပြု၏။

မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လစိုက်၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ လုံ့လပြု၏။

ဖြစ်ကုန်ပြီးသော ကုသိုလ်တရားတို့ကို တည်ခြင်းငှါ, မတွေဝေခြင်းငှါ, တိုးပွါးခြင်းငှါ, ပြန့်ပြောခြင်းငှါ, ပွါးများခြင်းငှါ, ပြည့်စုံခြင်းငှါ ဆန္ဒကို ဖြစ်စေ၏၊ အားထုတ်၏၊ လုံ့လစိုက်၏၊ ဝီရိယကို အားထုတ်၏၊ စိတ်ကို ချီးမြှောက်၏၊ လုံ့လပြု၏၊ ဤသည်ကိုပင်လျှင် သမ္မာဝါယာမ မဂ္ဂင်ဟူ၍ ဆိုအပ်၏။

**သမ္မာသတိမဂ္ဂင်။** ။သမ္မာသတိမဂ္ဂင်ဟူသည် ဤသာသနာတော်၌ ရဟန်းသည် ကိုယ်၌ ကိုယ်ကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေပေ၏၊ မကောင်းမှုကို ပူပန်စေသည်ဖြစ်၍ ပညာအဆင်အခြင်နှင့် ပြည့်စုံစေသည်ဖြစ်၍ သတိနှင့် ပြည့်စုံစေသည်ဖြစ်၍ လောက၌ အလိုကြီးခြင်း နှလုံးမသာယာခြင်းကို ပယ်ဖျောက်ရာ၏။

ဝေဒနာတို့၌ ဝေဒနာတို့ကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေပေ၏၊မကောင်းမှုကို ပူပန်စေသည်ဖြစ်၍ ပညာအဆင်အခြင်နှင့် ပြည့်စုံစေသည်ဖြစ်၍ သတိနှင့် ပြည့်စုံစေသည်ဖြစ်၍ လောက၌ အလိုကြီးခြင်း နှလုံးမသာယာခြင်းကို ပယ်ဖျောက်ရာ၏။

စိတ်၌ စိတ်ကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏၊ မကောင်းမှုကို ပူပန်စေသည်ဖြစ်၍ ပညာအဆင်အခြင်နှင့် ပြည့်စုံစေသည်ဖြစ်၍ သတိနှင့် ပြည့်စုံစေသည်ဖြစ်၍ လောက၌ အလိုကြီးခြင်း နှလုံးမသာယာခြင်းကို ပယ်ဖျောက်ရာ၏။

တရားတို့၌ တရားတို့ကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ နေ၏၊ မကောင်းမှုကို ပူပန်စေတတ်သည်ဖြစ်၍ နေ၏၊ ပညာအဆင်အခြင်နှင့် ပြည့်စုံသည်ဖြစ်၍ သတိနှင့် ပြည့်စုံသည်ဖြစ်၍ လောက၌ အလိုကြီးခြင်း နှလုံးမသာယာခြင်းကို ပယ်ဖျောက်ရာ၏။

**သမ္မာသမာဓိမဂ္ဂင်။** ။သမ္မာသမာဓိမဂ္ဂင်ဟူသည် ဤသာသနာတော်၌ ရဟန်းသည် ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ဝိတက်နှင့်တကွဖြစ်သော ဝိစာရနှင့်တကွဖြစ်သော ဆိတ်ငြိမ်ခြင်းကြောင့်ဖြစ်သော ပီတိသုခရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေပေ၏။

ဝိတက် ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် အတွင်းသန္တာန်၌ စိတ်ကိုကြည်လင်စေတတ်သော စိတ်၏ မြတ်သော တည်ကြည်ခြင်းကို ဖြစ်စေတတ်သော ကြံစည်မှုမရှိသော စုံစမ်းမှုမရှိသော သမာဓိကြောင့်ဖြစ်သော ပီတိ သုခရှိသော ဒုတိယဈာန်ကို ပြည့်စုံစေသည်ဖြစ်၍ နေပေ၏။

ပီတိကိုလည်း စက်ဆုပ်ခြင်းကြောင့် လျစ်လျူရှုသည်ဖြစ်၍ နေ၏။ သတိနှင့်လည်း ပြည့်စုံ၏၊ အဆင်အခြင်ပညာနှင့် ပြည့်စုံသည်ဖြစ်၍ ချမ်းသာခြင်းကိုလည်း ကိုယ်ဖြင့် ခံစား၏၊ အကြင်တတိယဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို ဘုရားအစရှိသော အရိယာတို့သည် "လျစ်လျူရှုတတ်သောသူဟူ၍ သတိနှင့် ပြည့်စုံသောသူဟူ၍ ချမ်းသာကို ခံစားတတ်သောသူ"ဟူ၍ ချီးမွမ်းကြကုန်၏၊ ထိုတတိယဈာန်ကို ပြည့်စုံစေသည်ဖြစ်၍ နေပေ၏။

သုခကိုလည်း ပယ်ခြင်းကြောင့် ဒုက္ခကိုလည်း ပယ်ခြင်းကြောင့် ရှေးဦးမဆွ အခါကပင်လျှင် သောမနဿဝေဒနာ ဒေါမနဿဝေဒနာတို့၏ ချုပ်ခြင်းကြောင့် သုခလည်းမဟုတ် ဒုက္ခလည်းမဟုတ်သော လျစ်လျူရှုခြင်းကို ဖြစ်စေတတ်သော သတိ၏ စင်ကြယ်ခြင်းဖြစ်သော စတုတ္ထစျာန်ကို ပြည့်စုံစေသည်ဖြစ်၍ နေ၏။ ဤသည်ကိုပင်လျှင် သမ္မာသမာဓိမဂ္ဂင်ဟူ၍ ဆိုအပ်၏။

မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂင်ဟူသည် အဘယ်နည်း—— သမ္မာဒိဋ္ဌိစသည်တို့ ဖြစ်ကြပေသည်။ ထိုစကားရပ်၌ သမ္မာဒိဋ္ဌိသည် အဘယ်နည်း၊ ဤသာသနာတော်၌ ရဟန်းသည် ဆိတ်ငြိမ်ခြင်း ငါးပါးကို မှီသော ရာဂ ကင်းခြင်းကို မှီသော ရာဂချုပ်ခြင်းကို မှီသော တဒင်္ဂပဟာန် သမုစ္ဆေဒပဟာန် အားဖြင့် နိဗ္ဗာန်သို့ ရောက်သော နှလုံးရှိသော သမ္မာဒိဋ္ဌိကို ပွါး၏၊ သမ္မာသင်္ကပ္ပကို ပွါး၏၊ သမ္မာဝါစာကို ပွါး၏၊ သမ္မာကမ္မန္တကို ပွါး၏၊ သမ္မာအာဇီဝကို ပွါး၏၊ သမ္မာဝါယာမကို ပွါး၏၊ သမ္မာသတိကို ပွါး၏၊ သမ္မာသမာဓိကို ပွါး၏။

သုတ္တန္တဘာဇနီယနည်း ပြီး၏။

---

## အဘိဓမ္မဘာဇနီယ (အဘိဓမ္မာနည်းဖြင့် ဝေဖန်ပြခြင်း)

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ သံသရာဝဋ်မှ ထွက်မြောက်တတ်သော စုတိပဋိသန္ဓေကို ဖျက်ဆီး၍ သွားတတ်သော လောကုတ္တရာစျာန်ကို ပွါးများ၏၊ ၆၂-ပါး၌ အကျုံးဝင်သော ဒိဋ္ဌိတို့ကို ပယ်ခြင်းငှါ သောတာပတ္တိဖိုလ်သို့ ရောက်ခြင်းငှါ ကာမဂုဏ်တို့မှ ဆိတ်၍သာလျှင် အကုသိုလ်တရားတို့မှ ဆိတ်၍သာလျှင် ဝိတက်နှင့်လည်းတကွ ဝိစာရနှင့်လည်းတကွဖြစ်သော ဆိတ်ငြိမ်ခြင်းကြောင့်ဖြစ်သော ငြိုငြင်သော အကျင့်ရှိသော နူန့်ညွှေးသော အဘိညာဉ်ရှိသော ပဌမစျာန်သို့ ကပ်၍ နေပေ၏၊ ထိုအခါ၌ အင်္ဂါရှစ်ပါးရှိသော မဂ်သည် ဖြစ်၏၊ သမ္မာဒိဋ္ဌိရင်း, သမ္မာသင်္ကပ္ပရင်း, သမ္မာဝါစာရင်း, သမ္မာကမ္မန္တရင်း, သမ္မာအာဇီဝရင်း, သမ္မာဝါယာမရင်း, သမ္မာသတိရင်း, သမ္မာသမာဓိရင်းတည်း။

သမ္မာဒိဋ္ဌိမဂ္ဂင်။ ။အကြင် အပြားအားဖြင့် သိခြင်း, အပြားအားဖြင့် သိသော အခြင်းအရာ, ပညာ,ပညိန္ဒြေ စေတသိက်,တရားကို ဆင်ခြင်ခြင်း ကောင်းသောအမြင်,ဓမ္မဝိစယသမ္ဗောဇ္ဈင် မဂ်၏အင်္ဂါ မဂ်တရား၌ အကျုံးဝင်သော တရားသည် ရှိ၏၊ ဤသည်ကို သမ္မာဒိဋ္ဌိမဂ္ဂင် ဟူ၍ ဆိုအပ်ပေ၏။

**သမ္မာသင်္ကပ္ပမဂ္ဂင်။** ။အကြင်ကြံစည်ခြင်း, ကြံစည်သောအခြင်းအရာ, ကောင်းစွာကြံခြင်း, ဈာန်သို့ရောက်ခြင်း, ဈာန်အထူးသို့ရောက်ခြင်း, ကမ္မဋ္ဌာန်းသို့ စိတ်ကိုတင်ခြင်း, ကောင်းသော ကြံခြင်း မဂ်၏အင်္ဂါ မဂ်တရား၌ အကျုံးဝင်သော တရားသည် ရှိ၏၊ ဤသည်ကို သမ္မာသင်္ကပ္ပမဂ္ဂင်ဟူ၍ ဆိုအပ်၏။

**သမ္မာဝါစာမဂ္ဂင်။** ။ဝစီဒုစရိုက် လေးပါးတို့မှ ကြဉ်ခြင်း, အထူးကြဉ်ခြင်း, တဖန်ကြဉ်ခြင်း, ရှောင်ကြဉ်ခြင်း, မပြုသော အခြင်းအရာ, မပြုခြင်း, လွန်ကျူးသော အပြစ်သို့ မရောက်ခြင်း, ကမ်းကို မလွန်နိုင်ခြင်း, အရဟတ္တမဂ်ဖြင့် သတ်ခြင်း, ကောင်းစွာဆိုခြင်း, မဂ်၏အင်္ဂါ မဂ်တရား၌ အကျုံးဝင်သော တရားသည် ရှိ၏၊ ဤသည်ကို သမ္မာဝါစာမဂ္ဂင်ဟူ၍ ဆိုအပ်၏။

**သမ္မာကမ္မန္တမဂ္ဂင်။** ။ကာယဒုစရိုက် သုံးပါးတို့မှ ကြဉ်ခြင်း, အထူးကြဉ်ခြင်း, တဖန်ကြဉ်ခြင်း, ရှောင်ကြဉ်ခြင်း, မပြုသောအခြင်းအရာ, မပြုခြင်း, လွန်ကျူးသောအပြစ်သို့မရောက်ခြင်း, ကမ်းကိုမလွန်နိုင်ခြင်း အရဟတ္တမဂ်ဖြင့် သတ်ခြင်း, ကောင်းသောအမှု၌ ပြုလုပ်ခြင်း, မဂ်၏အင်္ဂါ မဂ်တရား၌ အကျုံးဝင်သော တရားသည် ရှိ၏၊ ဤသည်ကို သမ္မာကမ္မန္တမဂ္ဂင်ဟူ၍ ဆိုအပ်၏။

**သမ္မာအာဇီဝမဂ္ဂင်။** ။ဖောက်ပြန်သော အသက်မွေးခြင်းမှ ကြဉ်ခြင်း, အထူးကြဉ်ခြင်း, တဖန်ကြဉ်ခြင်း, ရှောင်ကြဉ်ခြင်း, မပြုသော အခြင်းအရာ, မပြုခြင်း, လွန်ကျူးသောအပြစ်သို့မရောက်ခြင်း, ကမ်းကို မလွန်နိုင်ခြင်း, အရဟတ္တမဂ်ဖြင့် သတ်ခြင်း, ကောင်းသော အသက်မွေးခြင်း, မဂ်၏အင်္ဂါ မဂ်တရား၌ အကျုံးဝင်သော တရားသည် ရှိ၏၊ ဤသည်ကို သမ္မာအာဇီဝမဂ္ဂင်ဟူ၍ ဆိုအပ်၏။

**သမ္မာဝါယာမမဂ္ဂင်။** ။စိတ်၌ဖြစ်သော အကြင်အားထုတ်ခြင်း, ကောင်းစွာအားထုတ်ခြင်း, ဝီရိယသမ္ဗောဇ္ဈင် မဂ်၏အင်္ဂါ မဂ်တရား၌ အကျုံးဝင်သော တရားသည် ရှိ၏၊ ဤသည်ကို သမ္မာဝါယာမမဂ္ဂင် ဟူ၍ ဆိုအပ်၏။

**သမ္မာသတိမဂ္ဂင်။** ။အကြင် အောက်မေ့ခြင်း, အဖန်တလဲလဲ အောက်မေ့ခြင်း, ကောင်းစွာ အောက်မေ့ခြင်း, သတိသမ္ဗောဇ္ဈင် မဂ်၏အင်္ဂါ မဂ်တရား၌ အကျုံးဝင်၏၊ ဤသည်ကို သမ္မာသတိမဂ္ဂင်ဟူ၍ ဆိုအပ်၏။

**သမ္မာသမာဓိမဂ္ဂင်။** ။စိတ်၏ အကြင် တည်ခြင်း, ကောင်းစွာ တည်ခြင်း, သမာဓိသမ္ဗောဇ္ဈင် မဂ်၏အင်္ဂါ မဂ်တရား၌ အကျုံးဝင်၏၊ ဤသည်ကို သမ္မာသမာဓိမဂ္ဂင်ဟူ၍ ဆိုအပ်၏။

ဤ ဆိုအပ်ခဲ့ပြီးသည်ကား အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်တည်း။

အဘိဓမ္မဘာဇနီယနည်း ပြီး၏။

မဂ္ဂင်တရား ၈-ပါး ပြီး၏။

# ဓာတုဝိဘင်္ဂသုတ်တော် ဒုတိယပိုင်း ပြီးပြီ။

# ခေတ္တပိဘက်သုတ်တော်

# တတိယပိုင်း

## သံသာဂုဏ်တော်များ

**သုပ္ပဋိပန္နဂုဏ်တော်။** ။နတ် လူ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် သခင်ကိုယ်တော်မြတ်ကြီး၏ တပည့်သားအပေါင်းသည် ဆုံးမပဲ့ပြင် သွန်သင်တော်မူသည့်အတိုင်း ကောင်းစွာ ကျင့်တော်မူတတ်ပါပေ၏။

**ဥဇုပ္ပဋိပန္နဂုဏ်တော်။** ။နတ် လူ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားရှင် သခင်ကိုယ်တော်မြတ်ကြီး၏ တပည့်သားအပေါင်းသည် အပြစ်ကင်းသော ကောင်းမြတ်သော အကျင့်ကို ဖြောင့်မတ်စွာ ကျင့်တော်မူတတ်ပါပေ၏။

**ဉာယပ္ပဋိပန္နဂုဏ်တော်။** ။နတ် လူ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် သခင်ကိုယ်တော်မြတ်ကြီး၏ တပည့်သားအပေါင်းသည် နိဗ္ဗာန်(ရောက်စေခြင်း, ရစေခြင်း)အကျိုးငှါ ကျင့်တော်မူတတ်ပါပေ၏။

**သာမိစိပ္ပဋိပန္နဂုဏ်တော်။** ။နတ် လူ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် သခင်တော်ကိုယ်တော်မြတ်ကြီး၏ တပည့်သားအပေါင်းသည် ရိုသေ လေးစားစွာ ကောင်းသော အကျင့်ကို ကျင့်တော်မူတတ်ပါပေ၏။

**အာဟုနေယျဂုဏ်တော်။** ။နတ် လူ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် သခင်ကိုယ်တော်မြတ်ကြီး၏ လေးပါးကုန်သော အကြင် ယောကျ်ားမြတ်အစုံတို့သည် ပုဂ္ဂိုလ်၏အစွမ်းဖြင့် အကြင် ရှစ်ယောက်သော ယောကျ်ားမြတ်ဟု ဆိုအပ်သော တပည့်သားအပေါင်းသည် အဝေးမှ ဆောင်၍ လှူအပ်သော အလှူကို ခံတော်မူထိုက်ပါပေ၏။

**ပါဟုနေယျဂုဏ်တော်။** ။လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် သခင်ကိုယ်တော်မြတ်ကြီး၏ လေးပါးကုန်သော အကြင် ယောကျ်ားမြတ် အစုံတို့သည် ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် အကြင် ရှစ်ယောက်သော ယောကျ်ားမြတ် တပည့်သားအပေါင်းတို့သည် အညွှသည်တို့အား ရည်မှတ်၍ တည်ထားသော အလှူဝတ္ထုကို ခံတော်မူထိုက်ပါပေ၏။

**ဒက္ခိဏေယျဂုဏ်တော်။** ။နတ် လူ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် သခင်ကိုယ်တော်မြတ်ကြီး၏ လေးပါးကုန်သော အကြင် ယောကျ်ားမြတ် အစုံတို့သည် ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် အကြင် ရှစ်ယောက်သော ယောကျ်ားမြတ် တပည့်သားအပေါင်းသည် မြတ်သောအလှူကို ခံတော်မူထိုက်ပါပေ၏။

**အဉ္စလိကရဏီယဂုဏ်တော်။** ။နတ် လူ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် သခင်ကိုယ်တော်မြတ်ကြီး၏ လေးပါးကုန်သော အကြင်ယောကျ်ားမြတ် အစုံတို့သည် ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် အကြင်ရှစ်ယောက်သော ယောကျ်ားမြတ် တပည့်သားအပေါင်းသည် နတ်လူတို့၏ လက်အုပ်ချီမိုး ရှိခိုးခြင်းကို ပြုထိုက်ပါပေ၏။

**အနုတ္တရံပုညက္ခေတ္တံဂုဏ်တော်။** ။နတ် လူ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင် သခင်ကိုယ်တော်မြတ်ကြီး၏ လေးပါးကုန်သော အကြင် ယောကျ်ားမြတ်အစုံတို့သည် ပုဂ္ဂိုလ်၏အစွမ်းအားဖြင့် အကြင် ရှစ်ယောက်သော ယောကျ်ားမြတ်တပည့်သားအပေါင်းသည် လူများ၏ အတုမရှိသော ကောင်းမှု၏ပွါးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်ပါပေ၏။

သံဃာ့ဂုဏ်တော်ကိုးပါး ပြီး၏။

---

## သီလသုံးမျိုး

## (သီလက္ခန်ပါဠိတော် ၄)

### စူဠသီလ

စူဠသီလဟူသည် ရဟန်းတို့ အကြင် သူ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း အစရှိသော သီလအားဖြင့် ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်းစကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။ ဤ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း

အစရှိသော သီလသည် နည်းသော အတိုင်းအရှည်ရှိသည်သာလျှင်တည်း၊ ယုတ်သော အတိုင်းအရှည်ရှိသည်သာလျှင်တည်း၊ အလေ့မျှသည်သာလျှင်တည်း။ ရဟန်းတို့ နည်းသော အတိုင်းအရှည်ရှိသော ယုတ်သော အတိုင်းအရှည်ရှိသော အလေ့မျှသာဖြစ်သော အကျင့်သီလဖြင့် ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်း စကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

**သူ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်သောသီလ။** ။ထိုသီလသည် အဘယ်နည်း၊ ဤသို့ အဘယ်၍ မေးငြားအံ့၊ "ရဟန်းဂေါတမသည် သူ၏အသက်ကို သတ်ခြင်းကို ပယ်၍ သူ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ ပယ်အပ်ပြီးသော ဒဏ်ရှိ၏၊ ပယ်အပ်ပြီးသော လက်နက်ရှိ၏၊ ကာယဒုစရိုက်စသည်တို့ကို စက်ဆုပ်တတ်၏၊ မေတ္တာစိတ်နှင့် ပြည့်စုံ၏၊ ခပ်သိမ်းသော သတ္တဝါတို့၏ အစီးအပွါးကို အစဉ်စောင့်ရှောက်သည်ဖြစ်၍ နေပေ၏"။ ရဟန်းတို့ ဤသူ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း တည်းဟူသော သီလဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်း စကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

**သူ၏ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်သော သီလ။** ။"ရဟန်းဂေါတမသည် အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတပါး၏ ဥစ္စာကို ခိုးယူခြင်းကို ပယ်၍ အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတပါး၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်၏၊ ပေးအပ်သည်ကိုသာ ယူတတ်၏၊ ပေးအပ်သည်ကိုသာ အလိုရှိတတ်၏၊ မခိုးယူတတ်သော စင်ကြယ်သည်ဖြစ်၍ ဖြစ်သော မိမိကိုယ်ကို ပြု၍နေပေ၏"။ ရဟန်းတို့ ဤသီလဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်းစကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

**မမြတ်သောအကျင့်မှ ရှောင်ကြဉ်သော သီလ။** ။"ရဟန်းဂေါတမသည် မမြတ်သော အကျင့်ကို ပယ်၍ မြတ်သော အကျင့်ကို ကျင့်တတ်၏၊ ယုတ်သော အကျင့်ကို မကျင့်တတ်၊ ရွာသူတို့၏ အကျင့်ဖြစ်သော မေထုန်မှ ရှောင်ကြဉ်၏"။ ရဟန်းတို့ ဤသီလဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်းစကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

**ချွတ်ယွင်းသောစကားကိုဆိုခြင်းမှ ရှောင်ကြဉ်သော သီလ** "ရဟန်းဂေါတမသည် ချွတ်ယွင်းသော စကားကို ဆိုခြင်းကို ပယ်၍ ချွတ်ယွင်းသော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်၏၊ မှန်သောစကားကိုသာ ဆိုတတ်၏၊ မှန်သောစကားဖြင့် မှန်သောစကားကို စေ့စပ်

တတ်၏၊ မြဲမြံ တည်ကြည်သော စကားရှိ၏၊ ယုံကြည်အပ်သော စကားရှိ၏၊ လူအပေါင်းကို မချွတ်ယွင်းစေတတ်ပေ”။ ရဟန်းတို့ ဤသီလဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်းစကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

**ဂုံးစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်သော သီလ**

“ရဟန်းဂေါတမသည် ချစ်ခြင်းမှ ဆိတ်ခြင်းကို ပြုတတ်သော စကားကို ပယ်၍ ချစ်ခြင်းမှ ဆိတ်ခြင်းကို ပြုတတ်သောစကားမှ ရှောင်ကြဉ်၏၊ ဤအရပ်မှ ကြား၍ ဤအမည်ရှိသောသူတို့၏ ကွဲပြားခြင်းငှါ ဤအမည်ရှိသော အရပ်၌မပြောကြားတတ်၊ ဤအမည်ရှိသော အရပ်၌မူလည်း ကြား၍ ဤအမည်ရှိသောသူတို့၏ ကွဲပြားခြင်းငှါ ဤသူတို့အား မပြောကြားတတ်၊ ဤသို့ ကွဲပြားကုန်သော သူတို့ကိုလည်း စေ့စပ်တော်မူတတ်၏၊ အညီအညွတ် ဖြစ်ကုန်သော သူတို့အားလည်း အားအဆင့်ကို ပေးတတ်၏၊ ညီညွတ်ခြင်း၌ မွေ့လျော်ခြင်း ရှိ၏၊ ညီညွတ်ခြင်း၌ မွေ့လျော်တတ်၏၊ ညီညွတ်ခြင်းကို နှစ်သက်တတ်၏၊ ညီညွတ်ခြင်းကို ပြုတတ်သောစကားကို ဆိုတော်မူတတ်ပေ၏”။ ရဟန်းတို့ ဤသီလဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်းစကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

**ကြမ်းကြုတ်သောစကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်သော သီလ**

“ရဟန်းဂေါတမသည် ကြမ်းကြုတ်သော စကားကိုပယ်၍ ကြမ်းကြုတ်သော စကားမှ ရှောင်ကြဉ်၏၊ အကြင်စကားသည် အပြစ်မရှိ၊ နားချမ်းသာ၏၊ ချစ်ခြင်းကို ဖြစ်စေတတ်၏၊ နှလုံးသို့ သက်ဝင်တတ်၏၊ ရေး၌ ဖြစ်၏၊ များစွာသော လူအပေါင်းသည် နှစ်သက်အပ်၏၊ များစွာသော လူအပေါင်း၏ နှလုံးကို ပွါးစေတတ်၏၊ ထိုသို့ သဘောရှိသော စကားကို ဆိုတတ်၏”။ ရဟန်းတို့ ဤသီလဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်းစကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

**အကျိုးပရှိသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်သော သီလ**

“ရဟန်းဂေါတမသည် အကျိုးမရှိသော စကားကိုပယ်၍ အကျိုးမရှိသော စကားမှ ရှောင်ကြဉ်၏။ ဆိုသင့်သော အခါကို မှတ်၍ ဆိုတတ်၏၊ ဟုတ်သည်ကိုသာ ဆိုတတ်၏၊ အကျိုးကိုသာ ဆိုတတ်၏၊ တရားတော်ကိုသာ ဆိုတတ်၏၊ ဝိနည်းကိုသာ ဆိုတတ်၏၊ နှလုံး၌ ထားအပ်သည်နှင့် ယှဉ်သောစကားကို ဆိုတော်မူတတ်၏၊ လျောက်ပတ်သောအခါ၌ အကြောင်းနှင့်တကွဖြစ်သော အပိုင်းအခြားရှိသော အကျိုးနှင့် ယှဉ်သော စကားကို ဆိုတော်မူတတ်၏”။ရဟန်းတို့ ဤသီလဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်းစကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

မိဇ္ဇဂါမ် ဘူတဂါမ်ကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်သောသီလ

"ရဟန်းဂေါတမသည် ဗီဇဂါမ် ဘူတဂါမ်ကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်၏"။ ရဟန်းတို့ ဤသီလဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်း စကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

ရဟန်းဂေါတမသည် တထပ်တည်းသာ စားလေ့ရှိ၏၊ ညဉ့်၌ စားခြင်းမှ ကြဉ်ရှောင်၏၊ နေလွဲသောအခါ၌ စားခြင်းမှ ကြဉ်ရှောင်၏။

ရဟန်းဂေါတမသည် သာသနာတော်၏ ကြောင့်တံကျင်သဖွယ်ဖြစ်သော ကခြင်း သီခြင်း တီးမှုတ်ခြင်းတို့ကို ကြည့်ရှု နားထောင်ခြင်းတို့မှ ရှောင်ကြဉ်၏။

ရဟန်းဂေါတမသည် ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, လွှင်မှုန့်ချေခြင်း တည်းဟူသော ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်း၏ အကြောင်းမှ ရှောင်ကြဉ်၏။

ရဟန်းဂေါတမသည် မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းဂေါတမသည် ရွှေ ငွေကို ကိုင်ခံယူခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းဂေါတမသည် စပါးစိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းဂေါတမသည် အသားစိမ်းကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းဂေါတမသည် မိန်းမကြီး မိန်းမငယ်တို့ကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းဂေါတမသည် ကျွန်မိန်းမ ကျွန်ယောကျ်ားတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းဂေါတမသည် ဆိတ်မြန်မာ ဆိတ်ကုလား(သိုး)တို့ကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းဂေါတမသည် ကြက် ဝက်တို့ကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းဂေါတမသည် ဆင် နွား မြင်း မြည်းတို့ကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းဂေါတမသည် လယ်နှင့် ယာကို ခံယူခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းဂေါတမသည် လူတို့စေခိုင်း၍ ထိုထိုအရပ်သို့ သွားခြင်း တအိမ်မှ တအိမ်သို့ သွားခြင်းတို့ကို အဖန်တလဲလဲ အားထုတ်ခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းဂေါတမသည် ဝယ်ခြင်း ရောင်းခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းဂေါတမသည် ချိန်စဉ်းလဲခြင်း အသပြာစဉ်းလဲခြင်း တောင်းစဉ်းလဲခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းဂေါတမသည် တံစိုးစားခြင်း ဥပါယ်တမည်တို့ဖြင့် လှည့်ပတ်ခြင်း အတူပြု၍ လှည့်ပတ်ခြင်းဟူသော ကောက်သော အမှုနှင့် ယှဉ်ခြင်းမှ ရှောင်ကြဉ်၏။

ရဟန်းဂေါတမသည် ဖြတ်ခြင်း သတ်ခြင်း နှောင်ဖွဲ့ခြင်း ခရီး၌ ပုန်းကွယ်၍ လုယက်ခြင်း ရွာနိဂုံးစသည်တို့ကို လုယက်ခြင်း အနိုင်အထက် မှုခြင်းမှ ရှောင်ကြဉ်၏ဟု ဆိုရာ၏။

ရဟန်းတို့ ဤသီလဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်းဂုဏ်ကို ဤသို့သော်လည်း ပြောဆိုနိုင်ရာ၏။

စူဠသီလ ပြီး၏။

---

## မဇ္ဈိမသီလ

**ဗီဇဂါမ် ဘူတဂါမ် ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်သော သီလ**

မဇ္ဈိမသီလ ဟူသည် အကြင် အကြင်သို့ သဘောရှိကုန်သော အရှင်ဖြစ်ကုန်သော အချို့ကုန်သော ရဟန်းပုဏ္ဏားတို့သည် ကံ, ကံ၏ အကျိုးကို ယုံကြည်၍ လှူပ်ကုန်သော ဘောဇဉ်တို့ကို စားကုန်၍ ဤသို့ သဘောရှိသော ဗီဇဂါမ် ဘူတဂါမ်ကို ဖျက်ဆီးခြင်းကို အဖန်တလဲလဲ အားထုတ်ကုန်သည်ဖြစ်၍ နေကြပေကုန်၏၊ ဤဗီဇဂါမ် ဘူတဂါမ် ဟူသည် ဘယ်လို အခြင်းအရာပေနည်း၊ အမြစ်မျိုးစေ့, ပင်စည်မျိုးစေ့, အဆစ်မျိုးစေ့, အညွန့်မျိုးစေ့, အစေ့မျိုးစေ့ ဟူ၍ ငါးပါး ရှိပေ၏။ ဤသို့ သဘောရှိသော ဗီဇဂါမ် ဘူတဂါမ်တို့ကို ဖျက်ဆီးခြင်းကိုမူလည်း အဖန်တလဲလဲ အားထုတ်ကုန်သည်ဖြစ်၍ နေကြကုန်၏။ ဤသို့ သဘောရှိသော ထိုဗီဇဂါမ် ဘူတဂါမ်တို့ကို ဖျက်ဆီးခြင်းမှ ရဟန်းဂေါတမသည် ရှောင်ကြဉ်၏။

ရဟန်းတို့ ဤသီလဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်းစကားကို ဆိုလိုသည် ဖြစ်၍ ဆိုရာပေ၏။

**သိုမှီးခြင်းအမျိုးပျိုးမှ ရှောင်ကြဉ်သော သီလ။**

။အကြင် အကြင်သို့ သဘောရှိကုန်သော အရှင်ဖြစ်ကုန်သော အချို့ကုန်သော ရဟန်း ပုဏ္ဏားတို့သည် ရှိကြပေကုန်၏၊ ထိုရဟန်း ပုဏ္ဏားတို့သည် ကံ,ကံ၏ အကျိုးကို ယုံကြည်ကြကုန်သည် ဖြစ်၍ လှူအပ်ကုန်သော ဘောဇဉ်တို့ကို စားကြကုန်သည်ဖြစ်၍ ဤသို့ သဘောရှိသော သိုမှီးခြင်းကိုပြု၍ သုံးဆောင်ခြင်းကို အဖန်တလဲလဲ အားထုတ်ကြကုန်သည်ဖြစ်၍ နေကြပေကုန်

၏။ ထိုသိုမှီးခြင်းကို ပြုခြင်းဟူသည် အဘယ်နည်း၊ ထမင်းကို သိုမှီးခြင်း, အဖျော်ကို သိုမှီးခြင်း, အဝတ်ပုဆိုးကို သိုမှီးခြင်း, ယာဉ်ကို သိုမှီးခြင်း,အိပ်ယာကို သိုမှီးခြင်း, နံ့သာကို သိုမှီးခြင်း, အာမိသကို သိုမှီးခြင်းတို့ ဖြစ်ပါသည်။ ဤသို့ သဘောရှိသော သိုမှီးခြင်းကိုပြု၍ သုံးဆောင်ခြင်းကိုလည်း အဖန်တလဲလဲ အားထုတ်အပ်ကုန်သည် ဖြစ်၍ နေကြပေကုန်၏။

ဤသို့ သဘောရှိသော သိုမှီးခြင်းကို ပြု၍ သုံးဆောင်ခြင်းမှ ရဟန်းဂေါတမသည် ရှောင်ကြဉ်၏၊ ရဟန်းတို့ ဤသီလဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်းစကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏၊ အကြင် အကြင်သို့ သဘောရှိကုန်သော အရှင်ဖြစ်ကုန်သော အချို့သော ရဟန်း ပုဏ္ဏားတို့သည် ရှိကြပေကုန်၏၊ ထိုရဟန်း ပုဏ္ဏားတို့သည် ကံ,ကံ၏ အကျိုးကို ယုံကြည်ကြကုန်၍ လှူအပ်သော ဘောဇဉ်တို့ကို စားကုန်၍ ဤသို့ သဘောရှိသော သာသနာတော်၏ ဗြောင့်တံကျင်သဖွယ်ဖြစ်သော ရှုခြင်းကို အဖန်တလဲလဲ အားထုတ်ကုန်သည်ဖြစ်၍ နေကြပေကုန်၏။

**သာသနာတော်၏ ဗြောင့်တံကျင်များ။** ။ဤသာသနာတော်၌ တံကျင်သဖွယ်ဖြစ်သော ရှုခြင်း ဟူသည် အဘယ်နည်း၊ ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, ကခြင်း သဘင်, စစ်ထိုးခြင်း ခွက်ခွင်းမောင်း ကြေးနင်း လေးဘောင့်ရှိသော ဒူရိယာ ကချေသည်တို့ကို တန်းဆာဆင်ခြင်း, သံတွေ့ကစားခြင်း, ဝါးထောင်တက်၍ ကစားခြင်း, အရိုးဆေးကစားခြင်း, ဆင်တိုက်ခြင်း, မြင်းတိုက်ခြင်း, ကျွဲတိုက်ခြင်း, နွားလားဥသဘတိုက်ခြင်း, ဆိတ်မြန်မာတိုက်ခြင်း, ဆိတ်ကုလား(သိုး)တိုက်ခြင်း, ကြက်တိုက်ခြင်း, ငုံးတိုက်ခြင်း, တုတ်ရိုက်ခြင်း, လက်သီးထိုးခြင်း, လက်ဝှေ့ထိုးခြင်း, စစ်ထိုးခြင်း, စစ်သည် ရေတွက်ရာအရပ် စစ်သည်တို့စုဝေးရာအရပ် ဆင်အပေါင်း မြင်းအပေါင်း အစရှိသည်တို့ကို ရှုခြင်းတို့ ဖြစ်ပါသည်။

ဤသာသနာတော်၌ ဗြောင့်တံကျင်သဖွယ်ဖြစ်သော ရှုခြင်းကိုလည်း အဖန်တလဲလဲ အားထုတ်ကြကုန်သည်ဖြစ်၍ နေကြပေကုန်၏။ ဤသို့ သဘောရှိသော ဤသာသနာတော်၏ ဗြောင့်တံကျင်သဖွယ်ဖြစ်သော ရှုခြင်းမှ ရဟန်းဂေါတမသည် ရှောင်ကြဉ်၏။ ရဟန်းတို့ ဤသီလဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်းစကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

**ကစားခြင်းအမျိုးမျိုး။** ။အကြင် အကြင်သို့ သဘောရှိကုန်သော အရှင်ဖြစ်ကုန်သော အချို့ကုန်သော ရဟန်းပုဏ္ဏားတို့သည် ရှိကြကုန်၏။ ဤသို့ သဘောရှိသော ကြွေအန်ကစားခြင်းအစရှိသည်တို့၌ အဖန်တလဲလဲအားထုတ်ခြင်းကို အားထုတ်ကုန်သည်ဖြစ်၍ နေကြပေကုန်၏။

ကြွေအန်ကစားခြင်းအစရှိသည့်တို့၌ အဖန်တလဲလဲ အားထုတ်ခြင်းဟူသည် အဘယ်နည်း၊ ရှစ်ကွက်ရေးသား အန်ကစားခြင်း, ဆယ်ကွက်ရေးသား အန် ကစားခြင်း, ကောင်းကင်၌ အန်မြှောက်၍ ကစားခြင်း, မြေ၌ ခရီးကြောင်း ရေးသား၍ ကစားခြင်း, ဇယ်ချ၍ ကစားခြင်း, အန်ပျဉ်၌ အန်ချ၍ ကစား ခြင်း, ကျေးသား တောက်ကစားခြင်း, ဝါးခြမ်းစိပ်ဖြင့် ကစားခြင်း, ဂုံညှင်းဖြင့် ကစားခြင်း, ထန်းရွက်ထန်းပိုးမှုတ်၍ ကစားခြင်း, ထွန်ငယ်ဖြင့် ကစားခြင်း, ထက်အောက်ပြန်လျှိုး ဂွမ်းထိုး၍ ကစားခြင်း, ချာချာပတ်ပတ် မပြတ်လည်တတ်သော ထန်းရွက်စကြာ ကစားခြင်း, ဘတ်ခွက်ကွမ်းစားချင့်၍ ကစားခြင်း, ရထားငယ်ဖြင့် ကစားခြင်း, လေးငယ်ဖြင့် ကစားခြင်း, အက္ခရာ ဝှက်၍ ကစားခြင်း, စိတ်ဖြင့် အကြံကို သိသော ကစားခြင်း, ကုန်းယောင် ကန်း ယောင်စသည်ကို ပြု၍ ကစားခြင်းတို့ ဖြစ်ပါသည်။

ဤသို့ သဘောရှိသော ကြွေအန်အစရှိသည့်တို့ဖြင့် ကစားခြင်းတည်းဟူ သော ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်း၏အကြောင်း၌ အဖန်တလဲလဲ အား ထုတ်ခြင်းကိုမူလည်း အားထုတ်ကုန်သည်ဖြစ်၍ နေကြပေကုန်၏။

ဤသို့ အစရှိသော ထိုကြွေအန်အစရှိသည့်တို့ဖြင့် ကစားခြင်းတည်းဟူသော ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်း၏ အကြောင်း၌ အဖန်တလဲလဲ အားထုတ် ခြင်းမှ ရဟန်းဂေါတမသည် ရှောင်ကြဉ်၏၊ ရဟန်းတို့ ဤသို့လည်းဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်းစကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

**မြင့်သောနေရာ, မြတ်သောနေရာများ**။ ။အကြင် အကြင်သို့ သဘောရှိကုန် သော အရှင်ဖြစ်ကုန်သော အချို့ ကုန်သော ရဟန်းပုဏ္ဏားတို့သည် ရှိကြပေကုန်၏။ ထိုရဟန်းပုဏ္ဏားတို့သည် ကံ, ကံ၏အကျိုးကို ယုံကြည်၍ လှူအပ်ကုန်သော ဘောဇဉ်တို့ကို စားကြကုန်၍ ဤသို့ သဘောရှိသော မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းကို အဖန် တလဲလဲ အားထုတ်ကုန်သည်ဖြစ်၍ နေကြပေကုန်၏။

မြင့်သောနေရာ မြတ်သောနေရာဟူသည် အဘယ်နည်း၊ ပမာဏထက် လွန် သော အခြေရှိသော ညောင်စောင်းအင်းပျဉ်, အခြေ၌ သားရဲရုပ်ရှိသော ညောင်စောင်းအင်းပျဉ်, ရှည်သော အမွေးရှိသော ကော်ဇောကြီး, ချုပ်ရိုး ဖြင့် ဆန်းကြယ်သော သားမွေးဖြင့် ပြီးသော အခင်း, သားမွေးဖြင့် ပြီးသော ဖြူသော အခင်း, တခဲနက် ပန်းပွင့်အဆင်းရှိသော သားမွေးဖြင့် ပြီးသော အခင်း, လဲဖြင့် ပြီးသော အခင်း, ခြင်္သေ့ ကျား အစရှိသော အရုပ်တို့ဖြင့် ဆန်းကြယ်သော သားမွေးဖြင့် ပြီးသော အခင်း, နှစ်ဖက်အဆာရှိသော သားမွေးဖြင့် ပြီးသော အခင်း, တဖက်အဆာရှိသော သားမွေးဖြင့် ပြီးသော အခင်း, ရတနာရွှေချည်

တို့ဖြင့် ချုပ်အပ်သော ပိုးချည်တို့ဖြင့် ယက်အပ်သော အခင်း, ရတနာရွှေချည် တို့၏ အကြားအကြား၌ ပိုးချည်တို့ဖြင့် သွင်း၍ ယက်အပ်သော အခင်း, တကျိပ် ခြောက်ယောက်သော ကချေသည်မတို့ ရပ်၍ ကလောက်သော သားမွေးဖြင့် ပြီးသော အခင်းကြီး, ဆင်းကုန်းနှီး မြင်းကုန်းနှီး ရထားခင်းနှီး သစ်နက်ရေတို့ ဖြင့် ညောင်စောင်းပမာဏချုပ်၍ ပြုအပ်သော အခင်း, ဝန်ပိုင့်ရေဖြင့် ပြုအပ် သော မြတ်သော အိပ်ယာခင်း, အထက်ဗိတာန်နီနှင့်ဟက္ကသော နှစ်ဖက်သော ခြေအုံး ခေါင်းအုံးရှိသော ညောင်စောင်းတို့ ဖြစ်ပါသည်။

ဤမြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းကိုလည်း အဖန်တလဲလဲ အား ထုတ်ကုန်သည်ဖြစ်၍ နေကြပေကုန်၏။ ဤသို့ သဘောရှိသော မြင့်သောနေ ရာ မြတ်သောနေရာ၌ နေခြင်းမှ ရဟန်းဂေါတမသည် ရှောင်ကြဉ်၏။ ရဟန်းတို့ ဤသီလဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်းစကားကို ဆိုလိုသည် ဖြစ်၍ ဆိုရာပေ၏။

တန်းဆာ ဆင်ခြင်း စသည်မှ ရှောင်ကြည်ပုံ။　　။အကြင် အကြင်သို့ သဘော ရှိကုန်သော အရှင် ဖြစ်ကုန် သော အချို့သော ရဟန်း ပုဏ္ဏားတို့သည် ရှိကြ ပေကုန်၏။ ထို ရဟန်း ပုဏ္ဏား တို့သည် ကံ, ကံ၏အကျိုးကို ယုံကြည်၍ လှူအပ်ကုန်သော ဘောဇဉ်တို့ကို စားကြကုန်၍ ဤသို့ သဘောရှိသော တန်းဆာဆင်ခြင်း, အရေ အဆင်းကို ကြည်လင်စေခြင်း, ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ခြင်း၏ အကြောင်း၌ အဖန် တလဲလဲ အားထုတ်ခြင်းကို ,အဖန်တလဲလဲ အားထုတ်ကုန်သည် ဖြစ်၍ နေကြ ပေကုန်၏။

ဤ တန်းဆာ ဆင်ခြင်း, အရေအဆင်းကို ကြည်လင်စေခြင်း,ကုသိုလ်ကောင်း မှုတို့၌ မမေ့မလျော့ခြင်း၏ အကြောင်း၌ အဖန် တလဲလဲ အားထုတ်ခြင်းဟူသည် အဘယ်နည်း။ နံ့သာမှုန့် စသည်တို့ဖြင့် နယ်ခြင်း, ဆုတ်နယ်ခြင်း, နံ့သာအစရှိ သည်တို့ဖြင့် ရေချိုးခြင်း, လက်ရုံးကို ပွါးအောင် ပြုခြင်း, ကြေးမုံကြည့်ခြင်း, မျက်ရေထွက်ခြင်း, ပန်းပန်ခြင်း, နံ့သာလိမ်းခြင်း, မျက်နှာကို လွင်မှုန့်ချေခြင်း, မျက်နှာလိမ်းကျံခြင်း, လက်ကောက်ဝတ်ခြင်း, ဥသျှောင်ထုံးခြင်း, တန်းဆာဆင် သော တောင်ဝှေး,တန်းဆာ ဆင်သောကျည်တောက်,သန်လျက်ကို ဆောင်ခြင်း, ထီးကို ဆောင်ခြင်း, ဆန်းကြယ်သော ဘိနပ်ကို ဆောင်ခြင်း, နဖူးသင်းကျစ် ကို ဖွဲ့ခြင်း, ပတ္တမြားဥသျှောင်ကို ဆောင်ခြင်း, သားမြီးယပ်ကို ဆောင်ခြင်း, ရှည်သော အဆာရှိကုန်သော ဖြူကုန်သော အဝတ်တို့ကို ဆောင်ခြင်းတို့ ဖြစ်ပါသည်။

ဤ တန်းဆာ ဆင်ခြင်း အရေ အဆင်းကို ကြည်လင်စေခြင်း ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့ခြင်း၏ အကြောင်း၌ အဖန်တလဲလဲ အားထုတ်ခြင်းကို မူလည်း အဖန် တလဲလဲ အားထုတ်ကြကုန်သည်ဖြစ်၍ နေကြ ပေကုန်၏။ ဤသို့ သဘော ရှိသော ထိုတန်းဆာ ဆင်ခြင်း, အရေ အဆင်းကို ကြည်လင်စေခြင်း, ကုသိုလ် ကောင်းမှု၌ မေ့လျော့ခြင်း၏ အကြောင်း၌ အဖန်တလဲလဲ အားထုတ်ခြင်းမှ ရဟန်းဂေါတမသည် ရှောင်ကြဉ်၏။ ရဟန်းတို့ ဤသီလဖြင့် မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်းစကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

**မင်္ဂ,ဖိုလ်တို့၏ ဖီလာစကား ပြောဆိုခြင်းမှ ရှောင်ကြည်ပုံ**

အကြင် အကြင်သို့ သဘောရှိသော အရှင် ဖြစ်ကုန်သော အချို့ကုန်သော ရဟန်း ပုဏ္ဏားတို့သည် ရှိကြပေကုန်၏။ ထိုရဟန်း ပုဏ္ဏားတို့သည် ကံ, ကံ၏အကျိုးကို ယုံကြည်၍ လှူအပ်ကုန်သော ဘောဇဉ်တို့ကို စားကုန်၍ ဤသို့ သဘောရှိသော မင်္ဂ,ဖိုလ်တို့၏ ဖီလာဖြစ်သော စကားကို အဖန် တလဲလဲ အားထုတ်ကြ ကုန်သည်ဖြစ်၍ နေကြပေ၏။

ဤ မင်္ဂ,ဖိုလ်တို့၏ ဖီလာဖြစ်သော စကားဟူသည် အဘယ်နည်း၊ မင်းကိုစွဲ၍ ဖြစ်သော စကား, ခိုးသူကို စွဲ၍ဖြစ်သော စကား, အမတ်ကြီးကို စွဲ၍ ဖြစ်သော စကား, စစ်သည်ကို စွဲ၍ ဖြစ်သော စကား, ဘေးကို စွဲ၍ ဖြစ်သော စကား, စစ်ထိုးသည်ကို စွဲ၍ ဖြစ်သော စကား, ထမင်းကို စွဲ၍ ဖြစ်သော စကား, အဖျော်ကို စွဲ၍ ဖြစ်သောစကား, အဝတ်ပုဆိုးကို စွဲ၍ ဖြစ်သော စကား, အိပ်ယာကို စွဲ၍ ဖြစ်သော စကား, ပန်းကို စွဲ၍ ဖြစ်သော စကား, နံ့သာကို စွဲ၍ ဖြစ်သော စကား, ဆွေမျိုးကို စွဲ၍ ဖြစ်သော စကား, ယာဉ်ကို စွဲ၍ ဖြစ်သော စကား, ရွာကို စွဲ၍ ဖြစ်သော စကား, နိဂုံးကို စွဲ၍ ဖြစ်သော စကား, မြို့ကို စွဲ၍ ဖြစ်သော စကား, ဇနပုဒ်ကို စွဲ၍ ဖြစ်သော စကား, မိန်းမကိုစွဲ၍ဖြစ်သော စကား, ယောကျ်ားကို စွဲ၍ ဖြစ်သော စကား, ရဲရင့်သော သူကို စွဲ၍ ဖြစ်သော စကား, ခရီးကို စွဲ၍ ဖြစ်သော စကား, ရေဆိပ်ကို စွဲ၍ ဖြစ်သော စကား, ရှေး၌ သေပြီးသောသူတို့ကို စွဲ၍ ဖြစ်သော စကား, အထူးထူး အပြားပြားသော စကား, လောကကို ကြားသော စကား, သမုဒ္ဒရာကို ကြားသော စကား ဤသို့ ပွါး၏၊ ဤသို့ ယုတ်၏ဟူ၍ ဆိုသော စကားတို့ ဖြစ်ပါသည်။

ဤ မင်္ဂ,ဖိုလ်တို့၏ ဖီလာဖြစ်သော စကားကိုမူလည်း အဖန်တလဲလဲ အားထုတ်ကြကုန်သည်ဖြစ်၍ နေကြ ပေကုန်၏။ ဤသို့ သဘောရှိသော မင်္ဂ,ဖိုလ်တို့၏ ဖီလာဖြစ်သော စကားမှ ရဟန်းဂေါတမသည် ရှောင်ကြည်၏။ ရဟန်းတို့ ဤ သီလဖြင့် မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်း စသော စကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။ အကြင် အကြင်သို့ သဘောရှိကုန်သော အရှင် ဖြစ်

ကုန်သော အချို့ကုန်သော ရဟန်း ပုဏ္ဏားတို့သည် ရှိကြပေကုန်၏။ ထို ရဟန်း ပုဏ္ဏားတို့သည် ကံ, ကံ၏ အကျိုးကို ယုံကြည်၍ လှူအပ်ကုန်သော ဘောဇဉ်တို့ကို စားကုန်၍ ဤသို့ သဘောရှိသော ဆန့်ကျင်သော စကားကို အဖန်တလဲလဲ အားထုတ်ကြကုန်သည်ဖြစ်၍ နေကြပေကုန်၏။

**ဆန့်ကျင်ဖက် စကားများ။** ။ဤဆန့်ကျင်ဖက်စကား ဟူသည် အဘယ်ကို ဆိုလိုပါသနည်း၊ သင်သည် ဤ သုတ်, အဘိဓမ္မာ, ဝိနည်းကို မသိ၊ ငါသည် ဤ သုတ်, အဘိဓမ္မာ, ဝိနည်းကို သိ၏၊ သင်သည် အသို့နည်း၊ ဤ သုတ် ဝိနည်း, အဘိဓမ္မာ ဝိနည်းကို သိလတ္တံ့နည်း၊ သင်သည် ဖောက်ပြန်သော အကျင့်ရှိသည် ဖြစ်ခဲ့ပါပေ၏၊ ငါသည် မဖောက်ပြန်သော အကျင့်ရှိသည် ဖြစ်၏၊ ငါ၏ စကားသည် ပြေပြစ်၏၊ သင်၏စကားသည် မပြေပြစ်၊ သင်သည် ရှေး၌ ဆိုအပ်သည်ကို နောက်၌ ဆို၏၊ နောက်၌ ဆိုအပ်သည်ကို ရှေး၌ ဆို၏၊ သင်၏ အလေ့အကျက်သည် ဆန့်ကျင်၏၊ သင်၏ အယူကို အပြစ်တင်အပ်၏၊ သင့်ကို အယူသည် နှိပ်စက်အပ်သည် ဖြစ်၏၊ ကဲ့ရဲ့ခြင်းမှ လွတ်စေခြင်းငှါ လှည့်လည်လေလော့၊ အကယ်၍ စွမ်းနိုင်သည်ဖြစ်အံ့၊ ဤသို့ စွမ်းနိုင်သော် ပယ်မူလည်း ပယ်လော့-စသည်တို့ ဖြစ်ပါသည်။

ဤဆန့်ကျင်သော စကားကိုမူလည်း အဖန်တလဲလဲ အားထုတ်ကုန်သည် ဖြစ်၍ နေကြပေကုန်၏၊ ဤသို့ သဘောရှိသော ဆန့်ကျင်သော စကားမှ ရဟန်း ဂေါတမသည် ရှောင်ကြဉ်၏၊ ရဟန်းတို့ ဤသီလဖြင့်မူလည်း ပုထုဇဉ်သည် ငါ ဘုရား၏ ချီးမွမ်းခြင်း စကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

**တမန်အစေအပါးခံခြင်းမှ ရှောင်ကြဉ်ပုံ။** ။အကြင် အကြင်သို့ သဘောရှိကုန်သော အရှင်ဖြစ်ကုန်သော အချို့ကုန်သော ရဟန်း ပုဏ္ဏားတို့သည် ရှိကြပေကုန်၏၊ ထိုရဟန်း ပုဏ္ဏားတို့သည် ကံ, ကံ၏ အကျိုးကို ယုံကြည်၍ လှူအပ်ကုန်သော ဘောဇဉ်တို့ကို စားကြကုန်၍ ဤသို့ သဘောရှိသော တမန်ပြု၍ သွားခြင်း အစေအပါး ခံ၍ သွားခြင်းတို့၌ အဖန်တလဲလဲ အားထုတ်ခြင်းကို အဖန်တလဲလဲ အားထုတ်ကြကုန်သည်ဖြစ်၍ နေကြပေကုန်၏။

ဤတမန်ပြု၍ သွားခြင်း အစေအပါး ခံ၍ သွားခြင်းတို့၌ အဖန်တလဲလဲ အားထုတ်ခြင်း ဟူသည် အဘယ်နည်း၊ အဘိသိက် မသွန်းသေးသော မင်းတို့၏ ရင်း, မင်းအမတ်ကြီးတို့၏ရင်း, အဘိသိက် သွန်းကုန်ပြီးသော မင်းတို့၏ရင်း, ပုဏ္ဏားတို့၏ရင်း, သူကြွယ်တို့၏ရင်း, မင်းသားတို့၏ရင်း ဤအရပ်မှ သွားချေလော့၊ ဤအမည်ရှိသော အရပ်မှ လာခဲ့လော့၊ ဤမည်သော ဝတ္ထုကို ဆောင်ခဲ့

လော့၊ ဤအမည်ရှိသော အရပ်မှ ဤမည်သော ဝတ္ထုကို ဆောင်ခဲ့ချေလော့၊ ဤသို့ စေရာအရပ်သို့ သွားခြင်းတည်း၊ ဤသည်သာလျှင်တည်း။

ဤတမန်ပို့၍ သွားခြင်း အစေအပါးခံ၍ သွားခြင်းတို့၌ အဖန်တလဲလဲ အားထုတ်ခြင်းကိုမူလည်း အားထုတ်ကြကုန်သည်ဖြစ်၍ နေကြပေကုန်၏၊ ဤသို့သဘောရှိသော ထိုတမန်ပို့၍သွားခြင်း အစေအပါးခံ၍ သွားခြင်းတို့၌ အဖန်တလဲလဲ အားထုတ်ခြင်းမှ ရဟန်းဂေါတမသည် ရှောင်ကြဉ်၏–စသည်တို့ ဖြစ်ပါသည်။ ရဟန်းတို့ ဤသီလဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်း စကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

အံ့ဖွယ်သရဲကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ပုံ။ ။အကြင် အကြင်သို့ သဘောရှိကုန်သော အရှင်ဖြစ်ကုန်သော အချို့ကုန်သော ရဟန်း ပုဏ္ဏားတို့သည် ရှိကြပေကုန်၏၊ ထိုရဟန်း ပုဏ္ဏားတို့သည် ကံ့ကံ၏ အကျိုးကို ယုံကြည်၍ လှူအပ်ကုန်သော ဘောဇဉ်တို့ကို စားကြကုန်၍ အံ့ဖွယ်သရဲကို ဖြစ်စေတတ်ကုန်သည်လည်း ဖြစ်ကြပေကုန်၏၊ မိမိကိုယ်ကို ချီးမြှောက် ပြောပကြကုန်သည်လည်း ဖြစ်ကြပေကုန်၏၊ နိမိတ်မှုလေ့ ရှိကြကုန်သည်လည်း ဖြစ်ကြပေကုန်၏၊ လာဘ်ကို ရှာလေ့ရှိကြကုန်သည်လည်း ဖြစ်ကြပေကုန်၏၊ မိမိ လာဘ်ဖြင့် သူတပါးလာဘ်ကို ရှာမှီးတတ်ကုန်သည်လည်း ဖြစ်ကြပေကုန်၏၊ အံ့ဖွယ်သရဲကို ဖြစ်စေတတ်ကုန်သည်လည်း ဖြစ်ကြပေကုန်၏၊ မိမိကိုယ်ကို ချီးမြှောက်ပြောပကြကုန်သည်လည်း ဖြစ်ကြပေကုန်၏၊ နိမိတ်မှုလေ့ရှိကြကုန်သည်လည်း ဖြစ်ကြပေကုန်၏၊ လာဘ်ကို ရှာလေ့ရှိကုန်သည်လည်း ဖြစ်ကြပေကုန်၏၊ မိမိလာဘ်ဖြင့် သူတပါး၏လာဘ်ကို ရှာမှီးတတ်ကုန်သည်လည်း ဖြစ်ကြပေကုန်၏။

ရဟန်း ပုဏ္ဏားတို့သည် အံ့ဖွယ်သရဲကို ဖြစ်စေတတ်ကုန်သည်လည်း ဖြစ်ကြပေကုန်၏၊ မိမိကိုယ်ကို ချီးမြှောက် ပြောပကြကုန်သည်လည်း ဖြစ်ကြပေကုန်၏၊ နိမိတ်မှုလေ့ရှိကြကုန်သည်လည်း ဖြစ်ကြပေကုန်၏၊ လာဘ်ကို ရှာလေ့ရှိကုန်သည်လည်း ဖြစ်ကြပေကုန်၏၊ မိမိလာဘ်ဖြင့် သူတပါး၏ လာဘ်ကို ရှာမှီးတတ်ကုန်သည်လည်း ဖြစ်ကြပေကုန်၏၊ ဤသို့သဘောရှိသော အံ့ဖွယ်သရဲကို ဖြစ်စေခြင်း မိမိကိုယ်ကို ချီးမြှောက်ပြောပခြင်းမှ ရဟန်းဂေါတမသည် ရှောင်ကြဉ်၏။

ရဟန်းတို့ ဤသီလဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်း ဂုဏ်ကို ဤသို့သော်လည်း ပြောဆိုနိုင်ရာ၏။

မဇ္ဈိမသီလ ပြီး၏။

## မဟာသီလ

မဟာသီလဟူသည် အကြင် အကြင်သို့ သဘောရှိကုန်သော အရှင်ဖြစ်ကုန်သော အချို့ကုန်သော ရဟန်းပုဏ္ဏားတို့သည် ရှိကြပေကုန်၏။ ထိုရဟန်းပုဏ္ဏားတို့သည် ကံ့ကံ၏ အကျိုးကို ယုံကြည်၍ လှူအပ်ကုန်သော ဘောဇဉ်တို့ကို စားကြကုန်၍ ဤသို့ သဘောရှိသော မဂ်ဖိုလ်တို့၏ ဖိလာဖြစ်သော အတတ်[1]ဖြင့် ဖောက်ပြန်သော အသက်မွေးခြင်းဖြင့် အသက်မွေးခြင်းကို ပြုကြပေကုန်၏။ ဖောက်ပြန်သော အသက်မွေးခြင်းဖြင့် အသက်မွေးသော အတတ်ဟူသည် အဘယ်နည်း——

**မဂ်ဖိုလ်တို့၏ ဖိလာဖြစ်သော ခြေလက်စသည်ကို ဆိုသော ကျမ်းစသည်များ**

(၁) ခြေလက်အင်္ဂါကို ဆိုသော ကျမ်း (၂) နိမိတ်ကို ဆိုသော ကျမ်း (၃)မိုးကြိုးကျခြင်း အစရှိသည်ကို ဆိုသော ကျမ်း (၄) အိပ်မက်ကို ဆိုသော ကျမ်း (၅) လက္ခဏာကို ဆိုသော ကျမ်း (၆) ကြွက်ခဲသည်ကို ဆိုသော ကျမ်း (၇)မီးပူဇော်သည်ကို ဆိုသော ကျမ်း (၈)ယောက်မဖြင့် မီးပူဇော်သည်ကို ဆိုသော ကျမ်း (၉)ဖွဲဖြင့် မီးပူဇော်သည်ကို ဆိုသော ကျမ်း (၁၀)ဆန်ကွဲဖြင့် မီးပူဇော်သည်ကို ဆိုသော ကျမ်း (၁၁)ဆန်ရင်းဖြင့် မီးပူဇော်သည်ကို ဆိုသော ကျမ်း (၁၂) ထောပတ်ဖြင့် မီးပူဇော်သည်ကို ဆိုသော ကျမ်း (၁၃) ဆီမီးပူဇော်သည်ကို ဆိုသော ကျမ်း (၁၄)မုံညင်းစေ့ စသည်ကို ခံတွင်းဖြင့် ယူ၍ မီးပူဇော်သည်ကို ဆိုသော ကျမ်း (၁၅) လကျ်ာပဆစ် ဒူးသွေးစသည်ဖြင့် မီးပူဇော်သည်ကို ဆိုသော ကျမ်း။

(၁၆)လက်ဆစ် ခြေဆစ်စသော အင်္ဂါကို သိသော အတတ် (၁၇)အိမ်ယာအရာမ်စသည်ကို သိသော အတတ် (၁၈)ခေတ္တကျမ်းကို သိသော အတတ် (၁၉) သုသာန်၌နေ၍ သင်ရသော အတတ် (၂၀)ဘုတ်တိုက်သော အတတ် (၂၁) မြေအိမ်၌နေ၍ သင်အပ်သော အတတ် (၂၂)မြွေခဲသည်ကို ဆေးကုသော အတတ် (၂၃)အဆိပ်ကို ဖြေတတ်သော အတတ် (၂၄)ကင်းမြီးကောက်ခဲသည်ကို ဆေးကုသော အတတ် (၂၅)ကြွက်ခဲသည်ကို ဆေးကုသော အတတ် (၂၆) ငှက်မြည်သံကို သိသော အတတ် (၂၇)ကျီးမြည်သံကို သိသော အတတ် (၂၈) အသက် တို ရှည် နေရလတ္တံ့သည်ကို သိသော အတတ် (၂၉)သူတပါးပစ်သော မြှားကို တားမြစ်တတ်သော အတတ် (၃၀)သားမြည်သံကို သိသော အတတ်တို့ ဖြစ်ပါသည်။

---

၁။ ဤဖိလာအတတ်ဟူသည် နတ်ရွာနိဗ္ဗာန်ရောက်ကြောင်း အကျင့်နှင့် ဆန့်ကျင်ဖက် အတတ်တည်း။

ဤမဂ်,ဖိုလ်တို့၏ ဖိုလာဖြစ်သော အတတ်ဖြင့်မူလည်း အသက်မွေးခြင်းကို ပြုကြပေကုန်၏၊ ဤသို့ သဘောရှိသော မဂ်ဖိုလ်တို့၏ ဖိုလာဖြစ်သော အတတ်ဖြင့် ထိုဖောက်ပြန်သော အသက်မွေးခြင်းမှ ရဟန်းဂေါတမသည် ရှောင်ကြဉ်ပေ၏။ ရဟန်းတို့ ဤသီလဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်းစကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

အကြင် အကြင်သို့ သဘောရှိကုန်သော အရှင်ဖြစ်ကုန်သော အချို့ကုန်သော ရဟန်းပုဏ္ဏားတို့သည် ရှိကြပေကုန်၏၊ ထိုရဟန်းပုဏ္ဏားတို့သည် ကံ,ကံ၏ အကျိုးကို ယုံကြည်၍ လှူအပ်ကုန်သော ဘောဇဉ်တို့ကို စားကြကုန်၍ ဤသို့ သဘောရှိသော မဂ်, ဖိုလ်တို့၏ ဖလာဖြစ်သော အတတ်ဖြင့် ဖောက်ပြန်သော အသက်မွေးခြင်းဖြင့် အသက်မွေးခြင်းကို ပြုကြကုန်၏။

မဂ်ဖိုလ်တို့၏ ဖိလာဖြစ်သော ပတ္တမြားစသည်ကို ဆိုသော ကျမ်းစသည်များ (၁)ပတ္တမြား၏ လက္ခဏာ (၂) အဝတ်ပုဆိုး၏ လက္ခဏာ (၃)တုတ်တောင်ဝှေး၏ လက္ခဏာ (၄)သံလျက်၏ လက္ခဏာ (၅)လှံ၏ လက္ခဏာ (၆)မြား၏ လက္ခဏာ (၇)လေး၏ လက္ခဏာ (၈)လက်နက်၏ လက္ခဏာ (၉)မိန်းမ၏ လက္ခဏာ (၁၀)ယောကျ်ား၏ လက္ခဏာ (၁၁)သတို့သား၏ လက္ခဏာ (၁၂) သတို့သမီး၏ လက္ခဏာ (၁၃)ကျွန်ယောကျ်ား၏ လက္ခဏာ (၁၄)ကျွန်မိန်းမ၏ လက္ခဏာ (၁၅)ဆင်၏ လက္ခဏာ (၁၆)မြင်း၏ လက္ခဏာ (၁၇)ကျွဲ၏ လက္ခဏာ (၁၈)ဥသဘ၏ လက္ခဏာ (၁၉)နွား၏ လက္ခဏာ (၂၀)ဆိတ်မြန်မာ၏ လက္ခဏာ (၂၁)ဆိတ်ကုလား(သိုး)၏ လက္ခဏာ (၂၂)ကြက်၏ လက္ခဏာ (၂၃)ငုံး၏ လက္ခဏာ (၂၄)ဖွတ်၏ လက္ခဏာ (၂၅)အထွတ်၏ လက္ခဏာ (၂၆)လိပ်၏ လက္ခဏာ (၂၇)သား၏ လက္ခဏာတို့ ဖြစ်ပါသည်။

မဂ်ဖိုလ်တို့၏ ဖိလာဖြစ်သော အတတ်ဖြင့်မူလည်း အသက်မွေးခြင်းကို ပြုကြကုန်၏။ ဤသို့ သဘောရှိသော မဂ်,ဖိုလ်တို့၏ ဖိလာဖြစ်သော အတတ်ဖြင့် ဖောက်ပြန်သော အသက်မွေးခြင်းမှ ရဟန်းဂေါတမသည် ရှောင်ကြဉ်ပါပေ၏။ ရဟန်းတို့ ဤသီလဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်းစကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

အကြင် အကြင်သို့ သဘောရှိကုန်သော အရှင်ဖြစ်ကုန်သော အချို့ကုန်သော ရဟန်းပုဏ္ဏားတို့သည် ရှိကြပေကုန်၏။ ထိုရဟန်းပုဏ္ဏားတို့သည် ကံ, ကံ၏အကျိုးကို ယုံကြည်၍ လှူအပ်ကုန်သော ဘောဇဉ်တို့ကို စားကြကုန်၍ ဤသို့သဘောရှိသော မဂ်,ဖိုလ်တို့၏ ဖိလာဖြစ်သော အတတ်ဖြင့် ဖောက်ပြန်သော အသက်မွေးခြင်းဖြင့် အသက်မွေးခြင်းကို ပြုကြကုန်ရာ၏။

**မဂ်ဖိုလ်တို့၏ဖီလာဖြစ်သောမင်းတို့ထွက်ခြင်းစသည်ကိုဆိုသော ကျမ်းစသည်များ** (၁) မင်းတို့၏ (စစ်) ထွက်ခြင်းသည် ဖြစ်လတ္တံ့, (၂) မင်းတို့၏ (စစ်)မထွက်ခြင်းသည် ဖြစ်လတ္တံ့, (၃) အတွင်း၌ဖြစ်ကုန်သော မင်းတို့၏ကပ်ခြင်းသည် ဖြစ်လတ္တံ့, (၄) အပ၌ဖြစ်ကုန်သော မင်းတို့၏ ဖဲခြင်းသည် ဖြစ်လတ္တံ့, (၅) အတွင်း၌ဖြစ်ကုန်သော မင်းတို့၏ အောင်ခြင်းသည် ဖြစ်လတ္တံ့, (၆) အပ၌ဖြစ်ကုန်သော မင်းတို့၏ ရှုံးခြင်းသည် ဖြစ်လတ္တံ့, (၇) အပ၌ဖြစ်ကုန်သော မင်းတို့၏ အောင်ခြင်းသည် ဖြစ်လတ္တံ့, (၈) အတွင်း၌ဖြစ်ကုန်သော မင်းတို့၏ ရှုံးခြင်းသည် ဖြစ်လတ္တံ့, (၉) ဤမင်း၏အောင်ခြင်းသည် ဖြစ်လတ္တံ့, (၁၀) ဤမင်း၏ ရှုံးခြင်းသည် ဖြစ်လတ္တံ့, တို့ ဖြစ်ပါသည်။

ဤမဂ်,ဖိုလ်တို့၏ ဖီလာဖြစ်သော အတတ်ဖြင့်မူလည်း အသက်မွေးခြင်းကို ပြုကြပေကုန်၏။ ဤသို့သဘောရှိသော မဂ်,ဖိုလ်တို့၏ ဖီလာဖြစ်သော အတတ်ဖြင့် ဖောက်ပြန်သော အသက်မွေးခြင်းမှ ရဟန်းဂေါတမသည် ရှောင်ကြဉ်၏၊ ရဟန်းတို့ ဤသို့လဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်းစကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

အကြင် အကြင်သို့ သဘောရှိကုန်သော အရှင်ဖြစ်ကုန်သော အချို့ကုန်သော ရဟန်းပုဏ္ဏားတို့သည် ရှိကြပေကုန်၏။ ထိုရဟန်းပုဏ္ဏားတို့သည် ကံ,ကံ၏ အကျိုးကို ယုံကြည်၍ လှူအပ်ကုန်သော ဘောဇဉ်တို့ကို စားကြကုန်၏။

**မဂ်ဖိုလ်တို့၏ ဖီလာဖြစ်သော ရာဟုဖမ်းခြင်းစသည်ကိုဆိုသောကျမ်းစသည်များ** (၁) လကို ရာဟုဖမ်းခြင်းသည် ဖြစ်လတ္တံ့, (၂) နေကို အသူရိန်ဖမ်းခြင်းသည် ဖြစ်လတ္တံ့, (၃) နက္ခတ်ချင်း ယှဉ်ခြင်းသည် ဖြစ်လတ္တံ့, (၄) လ,နေတို့၏ ခရီးဟုတ်သည်ကို သွားခြင်းသည် ဖြစ်လတ္တံ့, (၅) လ,နေတို့၏ ခရီးမဟုတ်သည်ကို သွားခြင်းသည် ဖြစ်လတ္တံ့, (၆) နက္ခတ်တို့၏ ခရီးဟုတ်သည်ကို သွားခြင်းသည် ဖြစ်လတ္တံ့, (၇) နက္ခတ်တို့၏ ခရီးမဟုတ်သည်ကို သွားခြင်းသည် ဖြစ်လတ္တံ့, (၈) ဥက္ကာကျခြင်းသည် ဖြစ်လတ္တံ့, (၉) အရပ်မျက်နှာ ပူပန်ခြင်းသည် ဖြစ်လတ္တံ့, (၁၀) မြေလှုပ်ခြင်းသည် ဖြစ်လတ္တံ့, (၁၁) တော်လဲခြင်းသည် ဖြစ်လတ္တံ့, (၁၂) လ,နေ,နက္ခတ်တို့၏ တက်ခြင်း, သက်ခြင်း, ညစ်ညူးခြင်း, ဖြူစင်ခြင်းသည် ဖြစ်လတ္တံ့, (၁၃) လကို ရာဟုဖမ်းခြင်းသည် ဤသို့ အကျိုးရှိသည် ဖြစ်လတ္တံ့, (၁၄) နေကို အသူရိန်ဖမ်းခြင်းသည် ဤသို့ အကျိုးရှိသည် ဖြစ်လတ္တံ့, (၁၅) နက္ခတ်ယှဉ်ခြင်းသည် ဤသို့ အကျိုးရှိသည် ဖြစ်လတ္တံ့ ။

ဤမဂ်,ဖိုလ်တို့၏ ဖိလာဖြစ်သော အတတ်ဖြင့်မူလည်း အသက်မွေးခြင်းကို ပြုကြပေကုန်၏၊ ဤသို့ သဘောရှိသော မဂ်ဖိုလ်တို့၏ ဖိလာဖြစ်သော အတတ်ဖြင့် ထိုဖောက်ပြန်သော အသက်မွေးခြင်းမှ ရဟန်းဂေါတမသည် ရှောင်ကြဉ်ပေ၏။ ရဟန်းတို့ ဤသီလဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်းစကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

အကြင် အကြင်သို့ သဘောရှိကုန်သော အရှင်ဖြစ်ကုန်သော အချို့ကုန်သော ရဟန်းပုဏ္ဏားတို့သည် ရှိကြပေကုန်၏၊ ထိုရဟန်းပုဏ္ဏားတို့သည် ကံ,ကံ၏ အကျိုးကို ယုံကြည်၍ လှူအပ်ကုန်သော ဘောဇဉ်တို့ကို စားကြကုန်၍ ဤသို့ သဘောရှိသော မဂ်, ဖိုလ်တို့၏ ဖလာဖြစ်သော အတတ်ဖြင့် ဖောက်ပြန်သော အသက်မွေးခြင်းဖြင့် အသက်မွေးခြင်းကို ပြုကြကုန်၏။

**မဂ်ဖိုလ်တို့၏ ဖိလာဖြစ်သော ပတ္တမြားစသည်ကို ဆိုသော ကျမ်းစသည်များ** (၁)ပတ္တမြား၏ လက္ခဏာ (၂) အဝတ်ပုဆိုး၏ လက္ခဏာ (၃)တုတ်တောင်ဝှေး၏ လက္ခဏာ (၄)သံလျက်၏ လက္ခဏာ (၅)လှံ၏ လက္ခဏာ (၆)မြှား၏ လက္ခဏာ (၇)လေး၏ လက္ခဏာ (၈)လက်နက်၏ လက္ခဏာ (၉)မိန်းမ၏ လက္ခဏာ (၁၀)ယောကျ်ား၏ လက္ခဏာ (၁၁)သတို့သား၏ လက္ခဏာ (၁၂) သတို့သမီး၏ လက္ခဏာ (၁၃)ကျွန်ယောကျ်ား၏ လက္ခဏာ (၁၄)ကျွန်မိန်းမ၏ လက္ခဏာ (၁၅)ဆင်၏ လက္ခဏာ (၁၆)မြင်း၏ လက္ခဏာ (၁၇)ကျွဲ၏ လက္ခဏာ (၁၈)ဥသဘ၏ လက္ခဏာ (၁၉)နွား၏ လက္ခဏာ (၂၀)ဆိတ်မြန်မာ၏ လက္ခဏာ (၂၁)ဆိတ်ကုလား(သိုး)၏ လက္ခဏာ (၂၂)ကြက်၏ လက္ခဏာ (၂၃)ငုံး၏ လက္ခဏာ (၂၄)ဖွတ်၏ လက္ခဏာ (၂၅)အထွတ်၏ လက္ခဏာ (၂၆)လိပ်၏ လက္ခဏာ (၂၇)သား၏ လက္ခဏာတို့ ဖြစ်ပါသည်။

မဂ်ဖိုလ်တို့၏ ဖိလာဖြစ်သော အတတ်ဖြင့်မူလည်း အသက်မွေးခြင်းကို ပြုကြကုန်၏။ ဤသို့ သဘောရှိသော မဂ်,ဖိုလ်တို့၏ ဖိလာဖြစ်သော အတတ်ဖြင့် ဖောက်ပြန်သော အသက်မွေးခြင်းမှ ရဟန်းဂေါတမသည် ရှောင်ကြဉ်ပါပေ၏။ ရဟန်းတို့ ဤသီလဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်းစကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

အကြင် အကြင်သို့ သဘောရှိကုန်သော အရှင်ဖြစ်ကုန်သော အချို့ကုန်သော ရဟန်းပုဏ္ဏားတို့သည် ရှိကြပေကုန်၏။ ထိုရဟန်းပုဏ္ဏားတို့သည် ကံ,ကံ၏အကျိုးကို ယုံကြည်၍ လှူအပ်ကုန်သော ဘောဇဉ်တို့ကို စားကြကုန်၍ ဤသို့သဘောရှိသော မဂ်,ဖိုလ်တို့၏ ဖိလာဖြစ်သော အတတ်ဖြင့် ဖောက်ပြန်သော အသက်မွေးခြင်းဖြင့် အသက်မွေးခြင်းကို ပြုကြကုန်ရာ၏။

**မင်္ဂလာဖိုလ်တို့၏ဖီလာဖြစ်သောမင်းတို့ထွက်ခြင်းစသည်ကိုဆိုသော ကျမ်းစသည်များ** (၁) မင်းတို့၏ (စစ်) ထွက်ခြင်းသည် ဖြစ်လတ္တံ့. (၂) မင်းတို့၏ (စစ်)မထွက်ခြင်းသည် ဖြစ်လတ္တံ့. (၃) အတွင်း၌ဖြစ်ကုန်သော မင်းတို့၏ကပ်ခြင်းသည် ဖြစ်လတ္တံ့. (၄) အပ၌ဖြစ်ကုန်သော မင်းတို့၏ ဖဲခြင်းသည် ဖြစ်လတ္တံ့. (၅) အတွင်း၌ဖြစ်ကုန်သော မင်းတို့၏ အောင်ခြင်းသည် ဖြစ်လတ္တံ့. (၆) အပ၌ဖြစ်ကုန်သော မင်းတို့၏ ရှုံးခြင်းသည် ဖြစ်လတ္တံ့. (၇) အပ၌ဖြစ်ကုန်သော မင်းတို့၏ အောင်ခြင်းသည် ဖြစ်လတ္တံ့. (၈) အတွင်း၌ဖြစ်ကုန်သော မင်းတို့၏ ရှုံးခြင်းသည် ဖြစ်လတ္တံ့. (၉) ဤမင်း၏အောင်ခြင်းသည် ဖြစ်လတ္တံ့. (၁၀) ဤမင်း၏ ရှုံးခြင်းသည် ဖြစ်လတ္တံ့. တို့ ဖြစ်ပါသည်။

ဤမဂ်,ဖိုလ်တို့၏ ဖီလာဖြစ်သော အတတ်ဖြင့်မှုလည်း အသက်မွေးခြင်းကို ပြုကြပေကုန်၏။ ဤသို့သဘောရှိသော မဂ်,ဖိုလ်တို့၏ ဖီလာဖြစ်သော အတတ်ဖြင့် မှောက်ပြန်သော အသက်မွေးခြင်းမှ ရဟန်းဂေါတမသည် ရှောင်ကြဉ်၏၊ ရဟန်းတို့ ဤသီလဖြင့်မှုလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်းစကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

အကြင် အကြင်သို့ သဘောရှိကုန်သော အရှင်ဖြစ်ကုန်သော အချို့ကုန်သော ရဟန်းပုဏ္ဏားတို့သည် ရှိကြပေကုန်၏။ ထိုရဟန်းပုဏ္ဏားတို့သည် ကံ,ကံ၏ အကျိုးကို ယုံကြည်၍ လှူအပ်ကုန်သော ဘောဇဉ်တို့ကို စားကြကုန်၏။

**မင်္ဂလာဖိုလ်တို့၏ ဖီလာဖြစ်သော ရာဟုဖမ်းခြင်းစသည်ကို ဆိုသောကျမ်းစသည်များ** (၁) လကို ရာဟုဖမ်းခြင်းသည် ဖြစ်လတ္တံ့. (၂) နေကို အသူရိန်ဖမ်းခြင်းသည် ဖြစ်လတ္တံ့. (၃) နက္ခတ်ချင်း ယှဉ်ခြင်းသည် ဖြစ်လတ္တံ့. (၄) လ,နေတို့၏ ခရီးဟုတ်သည်ကို သွားခြင်းသည် ဖြစ်လတ္တံ့. (၅) လ,နေတို့၏ ခရီးမဟုတ်သည်ကို သွားခြင်းသည် ဖြစ်လတ္တံ့. (၆) နက္ခတ်တို့၏ ခရီးဟုတ်သည်ကို သွားခြင်းသည် ဖြစ်လတ္တံ့. (၇) နက္ခတ်တို့၏ ခရီးမဟုတ်သည်ကို သွားခြင်းသည် ဖြစ်လတ္တံ့. (၈) ဥက္ကာကျခြင်းသည် ဖြစ်လတ္တံ့. (၉) အရပ်မျက်နှာ ပူပန်ခြင်းသည် ဖြစ်လတ္တံ့. (၁၀) မြေလှုပ်ခြင်းသည် ဖြစ်လတ္တံ့. (၁၁) တော်လဲခြင်းသည် ဖြစ်လတ္တံ့. (၁၂) လ,နေ,နက္ခတ်တို့၏ တက်ခြင်း, သက်ခြင်း, ညစ်ညူးခြင်း, ဖြူစင်ခြင်းသည် ဖြစ်လတ္တံ့. (၁၃) လကို ရာဟုဖမ်းခြင်းသည် ဤသို့ အကျိုးရှိသည် ဖြစ်လတ္တံ့. (၁၄) နေကို အသူရိန်ဖမ်းခြင်းသည် ဤသို့ အကျိုး ရှိသည် ဖြစ်လတ္တံ့. (၁၅) နက္ခတ်ယှဉ်ခြင်းသည် ဤသို့ အကျိုးရှိသည် ဖြစ်လတ္တံ့.။

ဤမင်္ဂ,ဖိုလ်တို့၏ ဖိုလ်ဖြစ်သော အတတ်ဖြင့်မူလည်း အသက်မွေးခြင်းကို ပြုကြပေကုန်၏၊ ဤသို့ သဘောရှိသော မင်္ဂဖိုလ်တို့၏ ဖိုလ်ဖြစ်သော အတတ်ဖြင့် ထိုဖောက်ပြန်သော အသက်မွေးခြင်းမှ ရဟန်းဂေါတမသည် ရှောင်ကြဉ်ပေ၏။ ရဟန်းတို့ ဤသီလဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်း စကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

အကြင် အကြင်သို့ သဘောရှိကုန်သော အရှင်ဖြစ်ကုန်သော အချို့ကုန်သော ရဟန်းပုဏ္ဏားတို့သည် ရှိကြပေကုန်၏၊ ထိုရဟန်းပုဏ္ဏားတို့သည် ကံ,ကံ၏ အကျိုးကို ယုံကြည်၍ လှူအပ်ကုန်သော ဘောဇဉ်တို့ကို စားကြကုန်၍ ဤသို့ သဘောရှိသော မင်္ဂ, ဖိုလ်တို့၏ ဖလာဖြစ်သော အတတ်ဖြင့် ဖောက်ပြန်သော အသက်မွေးခြင်းဖြင့် အသက်မွေးခြင်းကို ပြုကြကုန်၏။

**မင်္ဂဖိုလ်တို့၏ ဖိုလ်ဖြစ်သော ပတ္တပြားစသည်ကို ဆိုသော ကျမ်းစသည်များ**

(၁)ပတ္တမြား၏ လက္ခဏာ (၂) အဝတ်ပုဆိုး၏ လက္ခဏာ (၃)တုတ်တောင်ဝှေး၏ လက္ခဏာ (၄)သံလျက်၏ လက္ခဏာ (၅)လှံ၏ လက္ခဏာ (၆)မြား၏ လက္ခဏာ (၇)လေး၏ လက္ခဏာ (၈)လက်နက်၏ လက္ခဏာ (၉)မိန်းမ၏ လက္ခဏာ (၁၀)ယောကျ်ား၏ လက္ခဏာ (၁၁)သတို့သား၏ လက္ခဏာ (၁၂) သတို့သမီး၏ လက္ခဏာ (၁၃)ကျွန်ယောကျ်ား၏ လက္ခဏာ (၁၄)ကျွန်မိန်းမ၏ လက္ခဏာ (၁၅)ဆင်၏ လက္ခဏာ (၁၆)မြင်း၏ လက္ခဏာ (၁၇)ကျွဲ၏ လက္ခဏာ (၁၈)ဥသဘ၏ လက္ခဏာ (၁၉)နွား၏ လက္ခဏာ (၂၀)ဆိတ်မြန်မာ၏ လက္ခဏာ (၂၁)ဆိတ်ကုလား(သိုး)၏ လက္ခဏာ (၂၂)ကြက်၏ လက္ခဏာ (၂၃)ငုံး၏ လက္ခဏာ (၂၄)ဖွတ်၏ လက္ခဏာ (၂၅)အထွတ်၏ လက္ခဏာ (၂၆)လိပ်၏ လက္ခဏာ (၂၇)သား၏ လက္ခဏာတို့ ဖြစ်ပါသည်။

မင်္ဂဖိုလ်တို့၏ ဖိုလ်ဖြစ်သော အတတ်ဖြင့်မူလည်း အသက်မွေးခြင်းကို ပြုကြကုန်၏။ ဤသို့ သဘောရှိသော မင်္ဂ,ဖိုလ်တို့၏ ဖိုလ်ဖြစ်သော အတတ်ဖြင့် ဖောက်ပြန်သော အသက်မွေးခြင်းမှ ရဟန်းဂေါတမသည် ရှောင်ကြဉ်ပါပေ၏။ ရဟန်းတို့ ဤသီလဖြင့်မူလည်း ပုထုဇဉ်သည် ငါဘုရား၏ ချီးမွမ်းခြင်းစကားကို ဆိုလိုသည်ဖြစ်၍ ဆိုရာပေ၏။

အကြင် အကြင်သို့ သဘောရှိကုန်သော အရှင်ဖြစ်ကုန်သော အချို့ကုန်သော ရဟန်းပုဏ္ဏားတို့သည် ရှိကြပေကုန်၏။ ထိုရဟန်းပုဏ္ဏားတို့သည် ကံ, ကံ၏အကျိုးကို ယုံကြည်၍ လှူအပ်ကုန်သော ဘောဇဉ်တို့ကို စားကြကုန်၍ ဤသို့သဘောရှိသော မင်္ဂ,ဖိုလ်တို့၏ ဖိုလ်ဖြစ်သော အတတ်ဖြင့် ဖောက်ပြန်သော အသက်မွေးခြင်းဖြင့် အသက်မွေးခြင်းကို ပြုကြကုန်ရာ၏။

**စက္ခုဝိညာဉ်စိတ်ဖြင့် စက္ခုဒွါရကို စောင့်ရှောက်ခြင်း**

မြတ်သောမင်းကြီး ဤသာသနာတော်၌ လွတ်လမ်းကို ရှာသည့် ရဟန်းသံဃာသည် စက္ခုဝိညာဉ်ဖြင့် ရူပါရုံကို မြင်ရလေသောကြောင့် ဣတ္ထိနိမိတ်, ပုရိသနိမိတ် စသည်တို့ကိုလည်း ရယူလိုသောဆန္ဒ မရှိပါပေ၊ လက် ခြေ အစရှိသော ပုံဟန်သဏ္ဍာန်တို့ကိုလည်း ရယူလိုသောဆန္ဒ မရှိပါပေ၊ အကြင် စက္ခုန္ဒြေကို မစောင့်ရှောက်ခြင်းကြောင့် စက္ခုန္ဒြေကို မစောင့်ရှောက်ပါပဲ လျက်နှင့် နေပေသော ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာကို အာရုံ၌ တပ်ခြင်း နှလုံးမသာယာခြင်းဟု ဆိုအပ်ကုန်သော ယုတ်မာ ညစ်နွမ်းကုန်သော အကုသိုလ် ဖြစ်ကုန်သော သဘောတရားတို့သည် အဖန်တလဲလဲ နှိပ်စက် ဖိစီးကုန်ရာ၏၊ ထို စက္ခုန္ဒြေကို စောင့်ရှောက်ခြင်းငှါ ကျင့်ပေ၏၊ စက္ခုန္ဒြေကို စောင့်ရှောက်ပါပေ၏၊ စက္ခုန္ဒြေ၌ စောင့်ရှောက်ခြင်းသို့ ရောက်ပါပေ၏။

**သောတဝိညာဉ်စိတ်ဖြင့် သောတဒွါရကို စောင့်ရှောက်ခြင်း**

မြတ်သောမင်းကြီး ဤ သာသနာတော်၌ လွတ်လမ်းကို ရှာသည့် ရဟန်းသံဃာသည် သောတဝိညာဉ်ဖြင့် သဒ္ဒါရုံကို ကြားရလေသောကြောင့် ဣတ္ထိနိမိတ်, ပုရိသနိမိတ် စသည်တို့ကို ရယူလိုသောဆန္ဒ မရှိပါပေ၊ လက် ခြေ အစရှိသော ပုံဟန်သဏ္ဍာန်တို့ကိုလည်း ရယူလိုသောဆန္ဒ မရှိပါပေ၊ အကြင် သောတိန္ဒြေကို မစောင့်ရှောက်ခြင်းကြောင့် သောတိန္ဒြေကို မစောင့်ရှောက်ပါပဲလျက် နေပေသော ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာကို အာရုံ၌ တပ်ခြင်း နှလုံးမသာယာခြင်းဟု ဆိုအပ်ကုန်သော ယုတ်မာညစ်နွမ်းကုန်သော အကုသိုလ်ဖြစ်ကုန်သော သဘောတရားတို့သည် အဖန်တလဲလဲ နှိပ်စက် ဖိစီးကုန်ရာ၏၊ ထို သောတိန္ဒြေကို စောင့်ရှောက်ခြင်းငှါ သင့်ပေ၏၊ သောတိန္ဒြေကို စောင့်ရှောက်ပါပေ၏၊ သောတိန္ဒြေ၌ စောင့်ရှောက်ခြင်းသို့ ရောက်ပါပေ၏။

**ဃာနဝိညာဉ်စိတ်ဖြင့် ဃာနဒွါရကို စောင့်ရှောက်ခြင်း**

မြတ်သောမင်းကြီး ဤသာသနာတော်၌ လွတ်လမ်းကို ရှာသည့် ရဟန်းသံဃာသည် ဃာနဝိညာဉ်ဖြင့် ဂန္ဓာရုံကို နန်းရလေသောကြောင့် ဣတ္ထိနိမိတ်, ပုရိသနိမိတ် အစရှိသည်တို့ကိုလည်း ရယူလိုသောဆန္ဒ မရှိပါပေ၊ လက် ခြေ အစရှိသော ပုံဟန်သဏ္ဍာန်တို့ကို ရယူလိုသောဆန္ဒ မရှိပါပေ၊ အကြင် ဃာနိန္ဒြေကို မစောင့်ရှောက်ခြင်းကြောင့် ဃာနိန္ဒြေကို မစောင့်ရှောက်ပါပဲလျက် နေပေသော ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာကို အာရုံ၌တပ်ခြင်း နှလုံးမသာယာခြင်းဟု ဆိုအပ်ကုန်သော ယုတ်မာညစ်နွမ်းကုန်သော အကုသိုလ်ဖြစ်ကုန်သော သဘော

တရားတို့သည် အဖန်တလဲလဲ နှိပ်စက် ဖိစီးကုန်ရာ၏၊ ထို ဃာနိန္ဒြေကို စောင့်ရှောက်ခြင်းငှါ သင့်ပေ၏၊ ဃာနိန္ဒြေကို စောင့်ရှောက်ပါပေ၏၊ ဃာနိန္ဒြေ၌ စောင့်ရှောက်ခြင်းသို့ ရောက်ပါပေ၏။

**ဇိဝှါဝိညာဉ်စိတ်ဖြင့် ဇိဝှါဒွါရကို စောင့်ရှောက်ခြင်း**

မြတ်သောမင်းကြီး ဤသာသနာတော်၌ လွတ်လမ်းကို ရှာသည့် ရဟန်းသံဃာသည် ဇိဝှါဝိညာဉ်ဖြင့် ရသာရုံကို လျက်ရလေသောကြောင့် ဣတ္ထိနိမိတ်, ပုရိသနိမိတ် စသည်တို့ကို ရယူလိုသောဆန္ဒ မရှိပါပေ၊ လက်ခြေ အစရှိသော ပုံဟန်သဏ္ဌာန်တို့ကို ရယူလိုသောဆန္ဒ မရှိပါပေ၊ အကြင် ဇိဝှိန္ဒြေကို မစောင့်ရှောက်ခြင်းကြောင့် ဇိဝှိန္ဒြေကို မစောင့်ရှောက်ပါပဲလျက်နှင့် နေသော ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာကို အာရုံ၌ တပ်ခြင်း နှလုံးမသာယာခြင်းဟု ဆိုအပ်ကုန်သော ယုတ်မာ ညစ်နွမ်းကုန်သော အကုသိုလ်ဖြစ်ကုန်သော သဘောတရားတို့သည် အဖန်တလဲလဲ ဖိစီးနှိပ်စက်ကုန်ရာ၏၊ ထိုဇိဝှိန္ဒြေကို စောင့်ရှောက်ခြင်းငှါ သင့်ပေ၏၊ ဇိဝှိန္ဒြေကို စောင့်ရှောက်ပါပေ၏၊ ဇိဝှိန္ဒြေ၌ စောင့်ရှောက်ခြင်းသို့ ရောက်ပါပေ၏။

**ကာယဝိညာဉ်စိတ်ဖြင့် ကာယဒွါရကို စောင့်ရှောက်ခြင်း**

မြတ်သောမင်းကြီး ဤသာသနာတော်၌ လွတ်လမ်းကိုရှာသည့် ရဟန်း သံဃာသည် ကာယဝိညာဉ်ဖြင့် ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိရလေသောကြောင့် ဣတ္ထိနိမိတ်, ပုရိသနိမိတ် အစရှိသည်တို့ကို ရယူလိုသောဆန္ဒ မရှိပါပေ၊ လက်ခြေ အစရှိသော ပုံဟန် သဏ္ဌာန်တို့ကိုလည်း ရယူလိုသောဆန္ဒ မရှိပါပေ၊ အကြင် ကာယိန္ဒြေကို မစောင့်ရှောက်ခြင်းကြောင့် ကာယိန္ဒြေကို မစောင့်ရှောက်ပါပဲလျက်နှင့် နေသော ထို လွတ်လမ်းကိုရှာ ရဟန်း သံဃာကို အာရုံ၌တပ်ခြင်း နှလုံးမသာယာခြင်းဟု ဆိုအပ်ကုန်သော ယုတ်မာ ညစ်နွမ်းကုန်သော အကုသိုလ်ဖြစ်ကုန်သော သဘောတရားတို့သည် အဖန်တလဲလဲ ဖိစီးနှိပ်စက်ကုန်ရာ၏၊ ထို ကာယိန္ဒြေကို စောင့်ရှောက်ခြင်းငှါ ကျင့်ပေ၏၊ ကာယိန္ဒြေကို စောင့်ရှောက်ပါပေ၏၊ ကာယိန္ဒြေ၌ စောင့်ရှောက်ခြင်းသို့ ရောက်ပါပေ၏။

**မနောဝိညာဉ်စိတ်ဖြင့် မနောဒွါရကို စောင့်ရှောက်ခြင်း**

မြတ်သောမင်းကြီး ဤသာသနာတော်၌ လွတ်လမ်းကို ရှာသည့် ရဟန်း သံဃာသည် မနောဝိညာဉ်ဖြင့် ဓမ္မာရုံကို သိရလေသောကြောင့် ဣတ္ထိနိမိတ်, ပုရိသနိမိတ် စသည်တို့ကို ရယူလိုသောဆန္ဒ မရှိပါပေ၊ လက်ခြေအစရှိသော ပုံဟန်သဏ္ဌာန်တို့ကိုလည်း ရယူလိုသောဆန္ဒ မရှိပါပေ၊ အကြင် မနိန္ဒြေကို မစောင့်ရှောက်ခြင်းကြောင့် မနိန္ဒြေကို

မစောင့်ရှောက်ပါပဲလျက်နှင့် နေသော ထို လွတ်လမ်းကိုရှာ ရဟန်း သံဃာကို အာရုံ၌တပ်ခြင်း နှလုံး မသာယာခြင်းဟု ဆိုအပ်ကုန်သော ယုတ်မာ ညစ်နွမ်းကုန်သော အကုသိုလ်ဖြစ်ကုန်သော သဘောတရားတို့သည် အဖန်တလဲလဲ ဖိစီး နှိပ်စက်ကုန်ရာ၏၊ ထို မနိန္ဒြေကို စောင့်ရှောက်ခြင်းငှါ ကျင့်၏၊ မနိန္ဒြေကို စောင့်ရှောက်၏၊ မနိန္ဒြေကို စောင့်ရှောက်ခြင်းသို့ ရောက်ပါပေ၏။

ထို လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် ဖြူစင်ကြည်လင်သော ဣန္ဒြေကို စောင့်ရှောက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ မိမိသဏ္ဍာန်၌ ဆင်းရဲဒုက္ခနှင့် မရောသော အလွန်မြင့်မြတ်သော ချမ်းသာကို ခံစားရပါပေ၏၊ မြတ်သောမင်းကြီး ဤသို့လျှင် ဤလွတ်လမ်းကိုရှာ ရဟန်းသံဃာသည် ဣန္ဒြေ၌ လုံခြုံရလေအောင် စောင့်ရှောက်အားသော ဒွါရတံခါး ရှိပါပေ၏။

ဆဒ္ဒါရသံဝရကထာ ပြီး၏။

---

## သတိသမ္ပဇညတရား

(သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ ၁၆၅၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ ၃၃၂)

**သမ္ပဇညတရားလေးပါး။** ။(၁) သာတ္ထကသမ္ပဇဉ်=အကျိုးရှိသည်ကို ဆင်ခြင်သောပညာ (၂) သပ္ပါယသမ္ပဇဉ်=မိမိအား သင့်လျော် လျောက်ပတ် ကောင်းမြတ်သည်ကိုသာ ဆင်ခြင်သောပညာ (၃) ဂေါစရသမ္ပဇဉ်=ကမ္မဋ္ဌာန်းအာရုံကို ဆင်ခြင်သောပညာ (၄) အသမ္မောဟသမ္ပဇဉ်=ကမ္မဋ္ဌာန်း၌ မတွေဝေသောပညာ ဟူ၍ သမ္ပဇဉ်တရား လေးပါး ရှိပါပေ၏။

**သာတ္ထကသမ္ပဇဉ်မည်ပုံ။** ။ယောဂီသည် ရှေ့သို့ တက်လိုသော စိတ် ရှိသည်ဖြစ်ခဲ့ပါသော် စိတ်၏အလိုသို့ လိုက်သဖြင့်သာလျှင် မသွားပါပဲလျက်နှင့် "ဤအရပ်သို့ ငါသွားသဖြင့် ငါ့အား အကျိုး ရှိမည်လော၊ သို့မဟုတ် အကျိုးမရှိပေဘူးလော"ဟု အကျိုးရှိမည်, မရှိမည်ကို ချင့်ချိန်လျက် စူးစမ်းဆင်ခြင်ကာ အကျိုး ရှိမည်ကိုသာ စူးစမ်းဆင်ခြင်ခြင်းသည် သာတ္ထကသမ္ပဇဉ်(အကျိုးရှိသည်ကိုသာ ဆင်ခြင်သောပညာ)မည်ပါပေ၏။

**သာတ္ထက၌ အတ္ထအရယူပုံ။** ။စေတီတော်ကိုသော်၎င်း ဗောဓိပင်ကိုသော်၎င်း မြင်ခဲ့ပါသော် ဘုရားဟူသော အာရုံရှိသော သံဃာတော်ကို ဖူးမြင်ရခြင်းဖြင့် သံဃာဟူသော အာရုံရှိသော ပီတိကို ဖြစ်စေပြီး၊ ထိုပီတိကိုပင်လျှင် ကုန်ခြင်း ပျက်ခြင်းအားဖြင့် ဆင်ခြင် သုံးသပ်သော

ရဟန်းသည် ရဟန္တာဖြစ်ခဲ့ပါပေ၏၊ မထေရ်တို့ကို မြင်၍ (မြင်ခဲ့ပါသော်) ထို မထေရ်တို့၏ အဆုံးအမဩဝါဒ၌တည်ပြီး အသုဘ(မတင့်တယ်သည်)ကို မြင်ခဲ့ပါသော် ထိုအသုဘ(မတင့်တယ်သော)သဘောတရား၌ ပဌမဈာန်ကို ဖြစ်စေပြီး ထို ပဌမဈာန်ကိုပင်လျှင် ကုန်ခြင်း, ပျက်ခြင်းအားဖြင့် ဆင်ခြင်သုံးသပ်သော ရဟန်းသည် ရဟန္တာဖြစ်ခဲ့ပေ၏၊ ထို့ကြောင့် ထိုစေတီသည်တို့ကို ဖူးမြင်ရခြင်းကို သာတ္ထက ဟူ၍ အဋ္ဌကထာဆရာ မိန့်ဆိုပေ၏။

အချို့သော ဆရာများကတော့ "သက်န်းစသော အာမိသဖြင့်လည်း အစီးအပွါးသည် အတ္ထမည်ပေ၏။ အကြောင်းကတော့ရင် ထိုအာမိသကြောင့် ဖြစ်သော အကျိုးကို အမှီပြုပြီးတော့မှ သာသနာတော်ကို ချီးမြှင့် ထောက်ပံ့ခြင်း အကျိုးငှါ ကျင့်သည်၏အဖြစ်ကြောင့် အတ္ထ" ဟူ၍ ယူတော်မူကြပါသည်။

**သပ္ပါယသမ္ပဇဉ်ဖြစ်ပုံ။** ။ထိုစေတီသည်တို့ကို ဖူးမြော်ခြင်းအလို့ငှါ သွားရာ၌ လျောက်ပတ်သည် မလျောက်ပတ်သည်ကို ယူပြီးတော့မှရင် ချင့်ချိန်လျက် လျောက်ပတ်သည်ကို စူးစမ်း ဆင်ခြင်ခြင်းသည် သပ္ပါယသမ္ပဇဉ် မည်ပါပေ၏။

**စေတီကိုပင် မလျောက်ပတ်သောအရပ် ယူပုံ။** ။ရှေးဦးစွာ စေတီကို ဖူးမြင်ခြင်းသည် အကျိုးရှိပါပေ၏၊ ထိုသို့ပင် အကျိုးရှိငြားပါသော်လည်း စေတီတော်ကို ကြီးကျယ်စွာ ပူဇော်ခြင်း အကျိုးငှါ ဆယ်ယူဇနာ တဆယ့်နှစ်ယူဇနာ အရပ်အတွင်း၌ ပရိသတ်တို့သည် စည်းဝေးကြပေကုန်အံ့၊ မိမိ၏စည်းစိမ်အား လျော်ကုန်သော တန်းဆာဆင်ခြင်း အားဖြင့် စီရင်အပ်ကုန်သော မိန်းမတို့သည်၎င်း, ယောကျ်ားတို့သည်၎င်း ဆန်းကြယ်စွာ ပြုအပ်သော အရုပ်တို့ကဲ့သို့ လှည့်လည် သွားလာကုန်၏၊ ထိုမျှပင် မဟုတ်သေး၊ ထိုပရိသတ်၌ ရဟန်းအား အလိုရှိအပ် နှစ်သက်အပ် တောင့်တအပ် မြတ်နိုးအပ် ခင်မင်အပ်သော အာရုံ၌ လောဘသည် အကယ်၍ ဖြစ်ခဲ့အံ့၊ အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ် မတောင့်တအပ် မခင်မင်အပ်သော အနိဋ္ဌာရုံ၌ ဒေါသသည် အကယ်၍ ဖြစ်ခဲ့အံ့၊ မသင့်တင့်သော ကြည့်ရှုမှု၌ မောဟသည် အကယ်၍ ဖြစ်ခဲ့အံ့၊ ကိုယ်လက်နှီးနှောခြင်း တည်းဟူသော ကာယသံသဂ္ဂအာပတ်သို့လည်း အကယ်၍ပင် ရောက်ငြားအံ့၊ ဇီဝိတ ဗြဟ္မစရိယ (အသက်နှင့်မြတ်သော အကျင့်)တို့၏ အန္တရာယ်သည်လည်း အကယ်၍ ဖြစ်အံ့၊ ဤကဲ့သို့ ဖြစ်ခဲ့ပါသည် ရှိသော် ထိုစေတီရှိရာ အရပ်သည် မလျောက်ပတ်သည် မည်ပါပေ၏။

ထိုသို့ ဆိုအပ်ပြီးသော အပြားရှိသော အခြင်းအရာအားဖြင့် အန္တရာယ်မရှိခဲ့ပါသော် လျောက်ပက်သည် မည်ပါပေ၏။

**ဗောဓိပင်စသည်တို့၌ မလျှောက်ပတ်သော အရပ်ယူပုံ**

ဗောဓိပင်ကို ဖူးမြင်ရာ၌ အထက်ပါ နည်းအတိုင်းပင် မှတ်သားလော့၊ သံဃာကို ဖူးမြင်ရာ၌ အကျိုးရှိသည် ဖြစ်အံ့၊ ထိုသို့ပင် အကျိုးရှိငြားပါသော်လည်း ရွာအတွင်း၌ မဏ္ဍပ်ကြီးကို ဆောက်လုပ်စေ၍ လူတို့သည် တညဉ့်ပတ်လုံး တရားနာခြင်း အမှုကို ပြုကြကုန်သည်ရှိသော် ဆိုအပ်ပြီးသော အပြားအားဖြင့်သာလျှင် လူတို့၏ အစည်းအဝေးသည်ငှင်း အန္တရာယ်သည်ငှင်း အကယ်၍ ဖြစ်ခဲ့ပေအံ့၊ ဤသို့ ဖြစ်ခဲ့ပါသည်ရှိသော် ထိုဌာနသည် မလျှောက်ပတ်သည် ဖြစ်ခဲ့ပေ၏။

အန္တရာယ်အစရှိသည်တို့ မဖြစ်ခဲ့ပါသည်ရှိသော် ထိုဌာနသည် လျှောက်ပတ်သော ဌာနဖြစ်ပေ၏၊ မထေရ်ကြီးတို့ကို ဖူးမြော်ရာ၌လည်း ဤနည်းအတိုင်း မှတ်ယူပါ။

**အသုဘာတခုတည်းက ပုဂ္ဂိုလ်နှစ်ဦးအား အကျိုးရှိပုံ ပြဆိုသောဝတ္ထု**

အသုဘာကိုရှုခြင်း၌ အကျိုးရှိသည်ကို ပြသော ဝတ္ထုကို ပြဆိုဦးအံ့ — ရဟန်းငယ် တပါးသည် သာမဏေကို ခေါ်၍ ဒန်ပူအလို့ငှါ သွားခဲ့လေပြီ၊ သာမဏေသည် ခရီးမှ ဖဲခွါ၍ ရှေ့သို့ သွားသည်ရှိသော် အသုဘာကို မြင်၍ ပဋိမချာန်ကို ဖြစ်စေပြီး ထိုပဋိမချာန်ကိုသာလျှင် အခြေပြု၍ သင်္ခါရတရားတို့ကို သုံးသပ်ဆင်ခြင်ခဲ့ပါသည်ရှိသော် သုံးပါးကုန်သော အောက်ဖိုလ်တို့ကို မျက်မှောက်ပြု၍ အထက်မဂ် ရ-ရန်အကျိုးငှါ ကမ္မဋ္ဌာန်းကို ယူ၍ တည်နေပေပြီ၊ ထိုသာမဏေကို မမြင်သော ရဟန်းငယ်သည် "သာမဏေ,သာမဏေ"ဟု ခေါ်ပြီ။

ထို သာမဏေသည် "ငါသည် ရှင်ပြုသောနေ့မှ အစပြု၍ ရဟန်းနှင့်အတူတကွ စကားနှစ်ခွန်း မည်သည်တို့ကို မပြောခဲ့ဘူးပေ၊ တပါးသော နေ့မှာလည်း အထက်မဂ်ဟု ဆိုအပ်သော တရားထူးကို ရခြင်းသည် ဖြစ်တော့အံ့"ဟု ကြံစည်ပြီး တော့မှ "အရှင်ဘုရား အဘယ်အရာကို ဆိုလိုပါသနည်း"ဘုရားဟု စကားတခွန်း ပြန်လျှောက်ထားလိုက်ပေ၏၊ ထိုမျှမကသေး၊ "လာခဲ့"ဟု ဆိုခဲ့ပါသည်ရှိသော် တခွန်းတည်းသော စကားဖြင့်သာလျှင် လာ၍"အရှင်ဘုရား ဤလမ်းဖြင့်သာလျှင် လာ၍ တပည့်တော်သည် တည်ရာအရပ်၌ တခဏမျှ အရှေ့အရပ်သို့ ရှေးရှု မျက်နှာမူလျက် တည်၍ ကြည့်ပါကုန်ဘုရား"ဟု လျှောက်ထား၏၊ ထိုရဟန်းငယ်သည် သာမဏေဆိုတိုင်း ပြု၍ ထိုသာမဏေသည် ရောက်အပ် ရအပ်သော တရားထူးသို့သာလျှင် ရောက်ခဲ့ပေပြီ၊ ဤကဲ့သို့ တခုတည်းသော အသုဘာသည် ရဟန်း, သာမဏေ နှစ်ဦးတို့၏ အကျိုးငှါ ဖြစ်ခဲ့ချေ၏။

**လိင်တူသောအသုဘကိုသာ ရှုပုံ။** ။ဆက်ကြဦးစို့ ဤကဲ့သို့ အသုဘရှုခြင်းသည် အကျိုးရှိငြားပါသော်လည်း ယောကျ်ားအား မာတုဂါမ အသုဘသည် မလျောက်ပတ်၊ မာတုဂါမအား ယောကျ်ား အသုဘသည် မလျောက်ပတ်၊ သဘောတူသော လိင်ရှိသော အသုဘသာလျှင် လျောက်ပတ်၏။

ဤကဲ့သို့ စေတီစသည်တို့ကို ဖူးမြော်ခြင်းငှါ သွားရာ၌ လျောက်ပတ်သည်ကိုသာ ယူ၍ လျောက်ပတ်သည်ကို ချင့်ချိန်လျက် စူးစမ်းဆင်ခြင်ခြင်းသည် သပ္ပါယသမ္ပဇဉ် မည်ပါပေ၏။

**ဂေါစရသမ္ပဇဉ်ဖြစ်ပုံ။** ။ဤသို့ အကျိုးရှိသည် လျောက်ပတ်သည်ကို သာချင့်ချိန်လျက် စူးစမ်း ဆင်ခြင်ပြီးသော ရဟန်း၏ သုံးဆယ့်ရှစ်ပါးသော ကမ္မဋ္ဌာန်းတို့တွင် (အာလောက, အာကာသကြဉ်) မိမိ၏ စိတ်ကြိုက် နှစ်သက်ရာဖြစ်သော ကမ္မဋ္ဌာန်းဟု ဆိုအပ်သော အာရုံကို ဥဂ္ဂဟကောသလ္လ ဉာဏ်ကို ပြည့်စုံစေခြင်း၏ အစွမ်းဖြင့် သင်ယူပြီး၍ ထိုကမ္မဋ္ဌာန်းဟု ဆိုအပ်သော အာရုံကို ဆွမ်းခံရာဟု ဆိုအပ်သော အာရုံ၌ ယူပြီး၍သာလျှင် သွားခြင်းသည် ဂေါစရသမ္ပဇဉ်မည်ပါပေ၏။

**ဂေါစရ သမ္ပဇည စတုက္က။** ။ထင်ရှား စေအံ့–ဤ သာသနာ တော်၌ အချို့သော ရဟန်းသည် အသွားသာလျှင် ဆောင်၏, အပြန် မဆောင်၊ အချို့သော ရဟန်းသည် အပြန်သာလျှင် ဆောင်၏, အသွား မဆောင်၊ အချို့သော ရဟန်းသည် အသွားလည်း မဆောင်, အပြန်လည်း မဆောင်၊ အချို့သော ရဟန်းသည် အသွားလည်း ဆောင်၏, အပြန်လည်း ဆောင်၏၊ ဤ လေးပါး အပြားရှိသော စတုက္ကကို သိအပ်ပေ၏။

**အသွားသာ ဆောင်၍ အပြန်မဆောင်သော ရဟန်း အကြောင်း** ထို လေးပါးသော ရဟန်းတို့တွင် တပါးသော ရဟန်းသည် တနေ့ပတ်လုံး စင်္ကြံသွားသဖြင့်ငင်း, ထိုင်နေသဖြင့်ငင်း, ပိတ်ဆို့ နှောင့်ယှက် ကန့်ကွက် တားမြစ် တတ်ကုန်သော နီဝရဏတရားတို့မှ စိတ်ကို သုတ်သင်၍ ညဉ့်၏ ပဌမယာမ်၌ ထိုအတူ ပိတ်ဆို့ နှောင့်ယှက် ကန့်ကွက် တားမြစ် တတ်ကုန်သော နီဝရဏတရားတို့မှ စိတ်ကို သုတ်သင်၍ မဇ္ဈိမယာမ်၌ အိပ်၍ ပစ္ဆိမယာမ်၌လည်း ထိုင်ခြင်း သွားခြင်းတို့ဖြင့် လွန်စေ၍ စောစော စီးစီး ကသာလျှင် စေတီယင်ပြင်၌ ပြုအပ်သောဝတ်၊ ဗောဓိယင်ပြင်၌ ပြုအပ်သော ဝတ်တို့ကို ပြု၍ ဗောဓိပင်၌ ရေကို သွန်းလောင်းလျက် သောက်ရေကိုငင်း သုံးဆောင်ရေကိုငင်း တည်ထားပြီး ဆရာ၌ ပြုကျင့်

အပ်သော ဝတ် ဥပဇ္ဈာယ်၌ ပြုကျင့်အပ်သော ဝတ် အစရှိကုန်သော အလုံးစုံကုန်သော ရဟန်းသာမဏေတို့ ပြုကျင့်အပ်သော ဝတ်တို့ကို ကောင်းစွာ ဆောက်တည်၍ ကျင့်၏။

ထိုရဟန်းသည် မျက်နှာသစ်ခြင်း စသော ကိုယ်လက် သုတ်သင်ခြင်း အမှုကိုပြု၍ အိပ်ရာနေရာသို့ ဝင်ပြီး နှစ်ထက်ဝယ် သုံးထက်ဝယ်တို့ ပတ်လုံး (နှစ်ထက်ဝယ် ဟူသည် ထက်ဝယ်ဖွဲ့ခွေမှုကို နှစ်ကြိမ် သုံးကြိမ်မပျက်) အငွေ့ကို ယူစေလျက် မူလကမ္မဋ္ဌာန်းကို အဖန်ဖန် အားထုတ်၍ ဆွမ်းခံချိန်၌ ထပြီး ကမ္မဋ္ဌာန်းကို အရင်းပြုသဖြင့် သာလျှင် သပိတ်သင်္ကန်းကိုယူ၍ အိပ်ရာမှထွက်၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက် သာလျှင် စေတီယင်ပြင်သို့ သွား၍ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းသည် အကယ်၍ ဖြစ်အံ့၊ ဤကဲ့သို့ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းသည် ဖြစ်ခဲ့ပါသည် ရှိသော် ထို ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို မစွန့်မူ၍ သာလျှင် စေတီယင်ပြင်သို့ ဝင်၏။

ကမ္မဋ္ဌာန်းသည် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းမှ တပါးသော ကမ္မဋ္ဌာန်းသည် အကယ်၍ ဖြစ်အံ့၊ ဤသို့ ဖြစ်ခဲ့ပါသော် စောင်းတန်း ခြေရင်း၌ ရပ်၍ လက်ဖြင့် ယူအပ်သော ဥစ္စာဘဏ္ဍာကို ထားလေဘိ သကဲ့သို့ ထိုဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းမှတပါးသော ကမ္မဋ္ဌာန်းကို ထား၍ ဘုရားရှင် အာရုံရှိသော ပီတိကို ဖြစ်စေပြီး စေတီယင်ပြင်သို့ တက်၍ စေတီလည်း အကယ်၍ ကြီးလွန်းခဲ့ပါမူ သုံးကြိမ် အရှိအသေပြု၍ လေးပါးကုန်သော ဌာနတို့၌ ရှိခိုးအပ်၏။ စေတီသည် အကယ်၍ ငယ်သည် ဖြစ်ခဲ့ပါမူ ထိုအတူ သုံးကြိမ် အရှိအသေပြု၍ ရှစ်ပါးကုန်သော အရှေ့ အနောက် တောင် မြောက်၊ အရှေ့တောင် အနောက်တောင် အရှေ့မြောက် အနောက်မြောက်ဟု ဆိုအပ်ကုန်သော အရပ်မျက်နှာတို့၌ ရှိခိုးအပ်၏။

**စေတီကို ရှိခိုးပြီးမှ ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက် ဆွမ်းခံဝင်ခြင်း**

စေတီကို ရှိခိုးပြီး စေတီယင်ပြင်သို့ ရောက်သော ရဟန်းသည်လည်း ဘုန်းရှိတော် မူသော မြတ်စွာ ဘုရား၏ ရှေ့တော် မျက်မှောက် စက်တော်အောက်၌ ရှိသေ ညွတ်ကျိုးခြင်းကို ပြုဘိသကဲ့သို့ ရှိသေ ညွတ်ကျိုးသော အခြင်းအရာကို ပြု၍ ဗောဓိပင်ကို ရှိခိုးအပ်၏၊ ထိုရဟန်းသည် ဤသို့ စေတီကိုငှင်း ဗောဓိပင်ကိုငှင်း ရှိခိုး၍ သိုမှီးရာအရပ်သို့ သွားပြီး သိုမှီးအပ်သော ဥစ္စာဘဏ္ဍာကို လက်ဖြင့် ယူဘိသကဲ့သို့ ထားအပ်သော ကမ္မဋ္ဌာန်းကို ယူ၍ ရွာအနီး၌ ကမ္မဋ္ဌာန်းကို အဦးအစ ပဓာနပြုသဖြင့် သာလျှင် သင်္ကန်းကို ရုံ၍ ရွာသို့ ဆွမ်းခံအလို့ငှါ ဝင်၏။

ထိုအခါ ရဟန်းကို လူတို့သည် မြင်၍ "ငါတို့၏ အရှင်သည် လာတော်မူပြီ" ဟု ခရီးဦး ကြိုဆိုကြကုန်လျက် သပိတ်ကိုယူ၍ နေထိုင်ရာ စရပ်၌ သော်၎င်း အိမ်၌ သော်၎င်း နေထိုင်စေ၍ အကြင်မျှလောက်သော ကာလပတ်လုံး ဆွမ်းစားခြင်း သည် မပြီးဆုံးသေး၊ ထိုမျှလောက်သော ကာလပတ်လုံး ခြေတို့ကို ဆေးကုန်၍ ဆီဖြင့် လိမ်းကြံကုန်လျက် ရှေ့၌ လူတို့သည် ထိုင်နေကုန်လျက် အမေးပြဿနာကို သော်လည်း မေးလျှောက်ကြကုန်၏၊ တရားတော်ကို မူလည်း နာကြားခြင်း ကြ ပေကုန်၏။

တရား မဟောစေကုန်သည် ဖြစ်အံ့၊ ထိုသို့တရား မဟောစေကုန်သော်လည်း လူတို့ကို ချီးမြှောက်အံ့သောငှါ တရားစကားမည်သည်ကို ပြုအပ် ပြုသင့် ပြုထိုက် သည်သာတည်းဟု အဋ္ဌကထာဆရာတို့ ဆိုကြကုန်၏။ တရားစကားသည် ကမ္မဋ္ဌာန်းမှ လွတ်သည် မည်သည် မရှိပေ၊ ထို့ကြောင့် ကမ္မဋ္ဌာန်းကို အဦး အစ ပဓာနပြုသဖြင့်သာလျှင် တရားစကားကို ဟောပြီး၍ ကမ္မဋ္ဌာန်းကို အဦးအစ ပဓာနပြုသဖြင့်သာလျှင် အစာ အာဟာရကို သုံးဆောင် မှီဝဲပြီး ဝမ်းမြောက် ကြောင်း စကားကို ပြောဆိုခြင်းကို ပြု၍ ပြန်ကြွသွားပါသော်လည်း လူတို့သည် လိုက်ပို့ကြကုန်သည် ဖြစ်၍ ရွာမှထွက်သော် ရွာမှထွက်ရာအရပ်၌ လူတို့ကို အပြန် ခိုင်းကာ ခရီးကို ဆက်လက်သွား၏။

**ရှေး ရဟန်းတော်များ ဝတ်ပြုပုံ အတုယူဖွယ်။** ။ထို ဆွမ်းခံ ပြန်ရာ အခါဝယ် ထိုရဟန်းကို အလွန်စောစော ထွက်၍ ရွာပြင်ဘက်၌ ပြုအပ်ပြီးသော ဆွမ်းစားခြင်းကိစ္စ ရှိကုန်သော သာမဏေ ရဟန်းငယ်တို့သည် မြင်၍ အနီးသို့ သွားပြီး ထိုရဟန်း၏ သပိတ် သင်္ကန်းကို ယူကြကုန်၏။ ရှေး၌ ဖြစ်ကုန်သော ရဟန်းတို့သည် "ငါတို့၏ ဥပဇ္ဈာယ်ပေတည်း၊ ဆရာပေတည်း" ဟု မျက်နှာကို ကြည့်လိုက်ကြကုန်၍ ဝတ်ကြီး ဝတ်ငယ် အသွယ် သွယ်ကို မဖြည့်ကြကုန်၊ ရောက်လာသော အပိုင်းအခြား အားဖြင့်သာလျှင် ကြည့်ကုန်၏။

ထို သာမဏေ ရဟန်းငယ်တို့သည် ရဟန်းကို "အရှင်ဘုရား ဤလူတို့သည် အရှင်ဘုရားတို့နှင့် အဘယ်သို့ တော်စပ်ကြပါကုန်သနည်း ဘုရား၊ အမိဘက်မှ တော်စပ်ပါသလော၊ အဘဘက်မှ တော်စပ်ပါသလော ဘုရား" ဟု လျှောက်ကြ ကုန်၏၊ သင်တို့၌ ထိုလူတို့၏ ချစ်ခြင်းကို၎င်း, များစွာ မြတ်နိုးခြင်းကို၎င်း မြင်၍ မေးပါကုန်၏၊ ဤကဲ့သို့ ဆိုသော် ငါ့ရှင်တို့ အကြင်အမှုကို အမိ အဘတို့ပင် ဖြစ်စေ ပြုနိုင်ခဲပါပေ၏၊ ထိုအမှုကို ထိုလူတို့သည် ငါတို့အား ပြုကြကုန်၏။ ငါတို့ ၏ သပိတ်သင်္ကန်းသည်လည်း ထိုလူတို့၏ ဥစ္စာပေတည်း၊ ထိုလူတို့၏ အာနု ဘော်ကြောင့် ဘေးရှိသောအခါ၌ ဘေးကို မသိရကုန်၊ ဆာလောင်သော အခါ၌ ဆာလောင်ခြင်းကို မသိရကုန်၊ ငါတို့အား ဤသို့ ကျေးဇူးပြုကြကုန်သော လူတို့

မည်သည် မရှိကြကုန်ဟု ထိုလူတို့၏ ဂုဏ်ကျေးဇူးတို့ကို ပြောဆိုလျက် သွား၏၊ ဤရဟန်းကို အသွားကိုသာ ဆောင်ပြီး အပြန်ကို မဆောင်သော ရဟန်းဟု မှတ်အပ်ပေ၏။

**အပြန်သာ ဆောင်၍ အသွား မဆောင်သော ရဟန်း အကြောင်း**

အကြင် ရဟန်းအား စောစော စီးစီးက သာလျှင် ဆိုအပ်ပြီးသော အပြားရှိသော ဝတ်အကျင့်ကို ပြုလုပ်စဉ် ကမ္မဇတေဇောဓာတ်သည် တောက်လောင်၏၊ အနုပါဒိန္နကဖြစ်သော ထမင်းစသော ဝတ္ထုကို လွှတ်၍ ဥပါဒိန္နကဖြစ်သော ဝမ်းအပြင်ကို စွဲယူ၏၊ ကိုယ်မှ ချွေးတို့သည် ထွက်ကုန်၏၊ ကမ္မဋ္ဌာန်းဟု ဆိုအပ်သော ခရီးသို့ မတက်၊ ရဟန်းသည် စောစော စီးစီးကသာလျှင် သပိတ် သင်္ကန်းကို ယူ၍ အဆောတလျင် စေတီတော်ကို ဖူးမြော်ပြီး နွားအပေါင်းတို့ ခြံမှ ထွက်ရာ အခါ၌သာလျှင် ရွာသို့ ယာဂုဆွမ်းအလို့ငှါ ဝင်လျက် ယာဂုကို ရခဲ့ပါသော် နေရာ စရပ်သို့ ဝင်ပြီး သောက်ခဲ့ပေ၏။

ထိုယာဂုသောက်ရာအခါ၌ ရဟန်း၏ နှစ်ကြိမ် သုံးကြိမ် မျိုကာမျှဖြင့်သာလျှင် ကမ္မဇတေဇောဓာတ်သည် ဥပါဒိန္နက ဖြစ်သော ဝမ်းအပြင်ကို လွှတ်၍ အနုပါဒိန္နကဖြစ်သော ထမင်းစသော ဝတ္ထုကို ယူ၏၊ အိုးတို့၏အရာဖြင့် ရေချိုးသကဲ့သို့ တေဇောဓာတ်ကြောင့်ဖြစ်သော ပူပန်ခြင်း ငြိမ်းခြင်းသို့ ရောက်၍ ကမ္မဋ္ဌာန်းကို အဦးအစ ပဓာနပြုသဖြင့်သာလျှင် ယာဂုကို ဘုဉ်းပေး၍ သပိတ်ကိုရင်း, ခံတွင်းကိုရင်း ဆေးကြောပြီး ဆွမ်းမစားမီ အကြား၌ ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ ယာဂုသောက်ရာ အရပ်မှ ကြွင်းကုန်သော အရပ်တို့၌ ဆွမ်းအလို့ငှါ လှည့်လည်၍ရင်း, ကမ္မဋ္ဌာန်းကို အဦးအစ ပဓာနပြုသဖြင့်သာလျှင် အစာအာဟာရကို ဘုဉ်းပေး၍ရင်း ထိုသို့ဆောင်ရာအခါမှ စပြီးတော့ရင် အစဉ်မပြတ်သော ကမ္မဋ္ဌာန်းကို ယူ၍ သွား၏၊ ဤရဟန်းသည် အပြန်သာ ဆောင်၍ အသွား မဆောင်သော ရဟန်းမည်၏။

**အသွားလည်း မဆောင် အပြန်လည်း မဆောင်သော ရဟန်းအကြောင်း**

အကြင် ရဟန်းသည် မေ့မေ့ လျော့လျော့ နေလေ့ရှိပေ၏၊ ချအပ်သော ဝီရိယ ရှိသည်ဖြစ်၍ အလုံးစုံသော ဝတ်ကြီး ဝတ်ငယ်တို့ကို ဖျက်ဆီး၍ ငါးပါး အပြားရှိသော စေတောခီလ၊ ငါးပါးအပြားရှိသော စေတောဝိနိဗန္ဓ တရားတို့နှင့် ယှဉ်သော စိတ်ရှိသော အကြင်ရဟန်းသည် နေသည်ရှိသော် ကမ္မဋ္ဌာန်းသည် ရှိ၏၊ ဤသို့သော အမှတ်သညာကိုလည်း မပြုပါပဲလျက်နှင့် ရွာသို့ ဆွမ်းအလို့ငှါ ဝင်၍ ရဟန်းတို့အား မသင့်တော် မလျော်ကပ်သော လူတို့နှင့် နှီးနှော

ဆက်ဆံခြင်းဖြင့် နှီးနှော၍ဆက်ဆံလျက် လှည့်လည်၍ရင်း စား၍ရင်း အချည်းအနှီးသာ ထွက်ပေ၏၊ ဤရဟန်းကို အသွားလည်း မဆောင် အပြန်လည်း မဆောင်သော ရဟန်းဟူ၍ မှတ်အပ်ပေ၏။

**အသွားအပြန်ဆောင်သောရဟန်း။** ။မိမိ၏တရားနှင့်စပ်သော စီးပွါး ချမ်းသာကို အလိုရှိကုန်သော အမျိုးကောင်းသားတို့သည် သာသနာတော်၌ ရဟန်းပြုကြကုန်၍ ဆယ်ပါးတစု အပါးနှစ်ဆယ်တစု အပါးသုံးဆယ်တစု အပါးလေးဆယ်တစု အပါးငါးဆယ်တစု အပါးတရာတစုတို့သည် တပေါင်းတည်းနေကုန်လျက် ပြုကျင့်အားထုတ်အပ်သော ဝတ်ကို ပြုကြကုန်ပြီး နေကြပေကုန်၏၊ အဘယ်သို့ နေကြသလဲဆိုရင် ငါ့ရှင်တို့ သူတပါး၏ ကြွေးမြီသည် နှိပ်စက်အပ်ကုန်သည် ဖြစ်၍ သင်တို့သည် ရဟန်းပြုကြကုန်သည် မဟုတ်၊ ဘေးသည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ သင်တို့သည် ရဟန်းပြုကြကုန်သည် မဟုတ်၊ အသက်မွေးမှု ဟူသော အကြောင်းကြောင့် သင်တို့သည် ရဟန်းပြုကြကုန်သည် မဟုတ်၊ ဝဋ္ဋဆင်းရဲမှ လွတ်မြောက်လိုကြကုန်သည် ဖြစ်၍ သင်တို့သည် ဤသာသနာတော်၌ ရဟန်းပြုကြကုန်၏။

ထို့ကြောင့် သွားစဉ်ကာလ၌ ဖြစ်သော ကိလေသာကို သွားစဉ်ကာလ၌ သာလျှင် နှိမ်နင်းကြကုန်လော့၊ ထို့အတူ ရပ်စဉ်ကာလ၌ရင်း, ထိုင်စဉ်ကာလ၌ရင်း,အိပ်စဉ်ကာလ၌ရင်း ဖြစ်ပေါ်လာကုန်သော ကိလေသာတို့ကို ရပ်စဉ်ကာလ, ထိုင်စဉ်ကာလ, အိပ်စဉ်ကာလတို့၌သာလျှင် နှိမ်နင်းကြကုန်လော့ဟု ကတိကဝတ်ကို ပြု၍ နေကြကုန်၏။

**ကိလေသာနှိမ်နင်းရာ၌ နည်းယူဖွယ်။** ။ထိုရဟန်းတို့သည် ဤသို့ ကတိကဝတ်ကို ပြုကြကုန်၍ ဆွမ်းခံရွာသို့ သွားသည်ရှိသော် ဥသဘဝက်, တဥသဘ,ဂါဝုတ်ဝက်, တဂါဝုတ် အတွင်းတို့၌ ကျောက်တို့သည် ရှိပေကုန်အံ့၊ ထိုကျောက်အမှတ်ဖြင့် ကမ္မဋ္ဌာန်းကို နှလုံး သွင်းကြကုန်လျက် သာလျှင် သွားကြပေကုန်၏၊ တစုံတယောက်သော ရဟန်းအား သွားခြင်း၌ ကိလေသာသည် အကယ်၍ဖြစ်အံ့၊ ထိုသွားစဉ်၌ပင်လျှင် ကိလေသာကို နှိမ်နင်းအပ်ပေ၏၊ ထိုသွားသောအခြင်းအရာဖြင့် မစွမ်းနိုင်ခဲ့ပါသည်ရှိသော် ရပ်၏၊ထိုသို့ ရပ်သည်ရှိသော် ထိုရဟန်း၏ နောက်မှလာသော ရဟန်းသည်လည်း ရပ်၏၊ ထိုကိလေသာ ဥပါဒ်သော ရဟန်းသည် နောက်မှ လာသော ရဟန်းသည် သင်၏ဖြစ်ပေါ်နေသော ဝိတက်ကို သိပါပေ၏၊ထိုကိလေသာ ဥပါဒ်ခြင်းသည် သင့်အား မသင့်မတော် မလျော်မလျောက်ပတ်ဟု မိမိကိုယ်ကို အပြစ်တင်၍ ဝိပဿနာကို ပွါးစေပြီး ထိုရပ်စဉ်ခဏ၌သာလျှင် အရိယာဘုံသို့ သက်ရောက်ခဲ့ပေ၏။

ထိုရပ်သော အခြင်းအရာဖြင့် မတတ်နိုင်ခဲ့ပါသည်ရှိသော် ထိုင်၏၊ ထိုသို့ ထိုင်ခဲ့ပါသည်ရှိသော် ထိုရဟန်း၏ နောက်မှ လာသော ရဟန်းသည်လည်း ထိုင်၏၊ ဤသို့ အစရှိသည်ဖြင့် ထိုရပ်သည်၌ ပြဆိုခဲ့ပြီးသော နည်းကိုပင်လျှင် သိအပ်ပေ၏၊ အရိယာဘုံသို့ တက်ခြင်းငှါ မတတ်နိုင်ပါသော်လည်း ကိလေသာတို့ကို စွန့်ခွါ၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍သာလျှင် သွား၏၊ ကမ္မဋ္ဌာန်းနှင့် ကင်းသော စိတ်ဖြင့် ခြေကို မကြွမချ၊ အကယ်၍ ကြွချအံ့၊ ပြန်လှည့်၍ ရှေ့လှမ်းပြီးသော အရပ်သို့သာလျှင် ပြန်လှည့်လာပေ၏။

**ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်သော မဟာဖုဿဒေဝထေရ်ဝတ္ထု**

ဥပမာမှာ-အာလိန္ဒကအရပ်၌နေသော မဟာဖုဿဒေဝမထေရ်သည် တဆယ့် ကိုးနှစ်တို့ ကာလပတ်လုံး ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်လျက် နေပေ၏၊ လူတို့သည် လမ်းကြား၌ လယ်ထွန်ခြင်း စိုက်ပျိုးခြင်း ကောက်နယ်ခြင်း အမှုတို့ကို ပြုနေကြစဉ် ခေါက်တုန့်ခေါက်ပြန်သွားနေသော မဟာဖုဿဒေဝမထေရ်ကို မြင်ကြကုန်ပြီ၊ မြင်ပြီးတော့မှရင် ဤမထေရ်သည် အမြဲမပြတ် အဖန်ဖန် အထပ်ထပ် ပြန်လှည့်၍ သွား၏၊ မျက်စိလည် လမ်းမှား နေသလော၊ သို့မဟုတ် တစုံတခုကို မေ့၍ နေသလောဟု ပြောဆိုကြကုန်၏၊ ထိုမဟာဖုဿဒေဝမထေရ်သည် ထိုလူတို့ ဆိုသော စကားကို မနှလုံးမူမူ၍ ကမ္မဋ္ဌာန်းနှင့် ယှဉ်သော စိတ်ဖြင့်သာလျှင် ရဟန်းတို့၏ တရားကို အားသစ်လျက် ဝါနှစ်ဆယ်အတွင်း၌ပင် ရဟန္တာဖြစ်ခဲ့ပေပြီ။

ထိုမဟာဖုဿဒေဝမထေရ်၏ ရဟန္တာဖြစ်သော နေ့၌ ထိုမဟာဖုဿမထေရ်၏ စင်္ကြံထောင့်စွန်းဝယ် အုပ်စိုး မှီခို၍နေသော နတ်သည် လက်ချောင်းတို့ဖြင့် ဆီမီးရောင်ကို တောက်ပစေ၍ ရပ်လျက် နေလေ၏၊ နတ်မင်းကြီး လေးယောက်တို့သည်၎င်း နတ်တို့ကို အစိုးရသော သိကြားမင်းသည်၎င်း သဟမ္ပတိဗြဟ္မာကြီးသည်၎င်း အခစားအံ့သောငှါ သွားကြကုန်ပြီ။

ထိုနတ်တို့၏ အရောင်အဆင်းကို မြင်၍ ဝနဝါသီမဟာတိဿမထေရ်သည် ထိုနတ်တို့ အရောင်အဆင်းကို ဒုတိယနေ့၌ မေးပြီ၊ မေးပုံကား-ညဉ့်အဖို့၌ အရှင်၏ အထံဝယ် အရောင်အဆင်းသည် ဖြစ်ခဲ့ပေပြီ၊ ထိုအရောင်အဆင်းသည် မည်သည့် အရောင်အဆင်းပေနည်းဟု မေးလေပြီ၊ မထေရ်သည် အထူးထူး အပြားပြား ပစ်လွှတ်ခြင်းဖြင့် ပစ်လွှတ်လိုသည်ဖြစ်၍ အရောင်အဆင်းသည်လည်း ဆီမီးရောင် သို့မဟုတ် ပတ္တမြားရောင်တို့ ဖြစ်တန်ချေ၏၊ ဤသို့ အစရှိသော စကားကို မိန့်ဆိုခဲ့ပေပြီ၊ ထိုသို့ ပြောဆိုခြင်းကြောင့် သင်တို့သည် ကွယ်ဝှက်ကုန်

ဘိ၏ဟု အကြုပ်ကိုင်အပ်သည်ရှိသော် ဩြဝ် ဟုတ်ပါပေ၏ဟု ဝန်ခံ၍ ပြော ဆို၏။

**ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်သော မဟာနာဂထေရ်ဝတ္ထု**

ကာဠဝလ္လိမဏ္ဍပဝါသီ မဟာနာဂထေရ်သည် ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်လျက် "ရှေးဦးစွာ အစဉ်အတိုင်း မြတ်စွာဘုရား၏ ဒုက္ကရစရိယာအကျင့်ကို ပူဇော်အံ့"ဟု နှလုံးသွင်း၍ ခုနစ်နှစ်တို့ပတ်လုံး ရပ်ခြင်း သွားခြင်းကိုသာလျှင် ဆောက်တည်ကျင့်သုံးပြီ၊ တဖန် တဆယ့်ခြောက်နှစ်တို့ပတ်လုံး ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်လျက် အရဟတ္တဖိုလ်သို့ ရောက်ခဲ့ပေပြီ။ ထိုမထေရ်သည် ကမ္မဋ္ဌာန်းနှင့် ယှဉ်သည်သာလျှင် ဖြစ်သော စိတ်ဖြင့် ခြေကို ချီလျက် ကမ္မဋ္ဌာန်းနှင့် မယှဉ်သော စိတ်ဖြင့် ခြေကို ကြွချီမိခဲ့ပါသည်ရှိသော် ဆုတ်နစ်လျက် ရွာ၏အနီးသို့ သွားပြီး "နွားလော, ရဟန်းလော" ဟု တွေးတော စ-ကာရှိသော အရပ်၌ တည်၍ သင်္ကန်းကို ရုံပြီး ရေကရားမှ ရေဖြင့် သပိတ်ကို ဆေး၍ ရေငုံသည်ကို ပြု၏။

အဘယ့်ကြောင့် ရေငုံထားပါသလဲ "ငါ့အား ဆွမ်းကို လှူခြင်းငှါရင်း ရှိခိုးခြင်းငှါရင်း လာကြပေကုန်သော လူတို့ကို'အသက်ရှည်ကြပါစေ'ဟု ပြောဆိုခြင်း မျှဖြင့်လည်း ကမ္မဋ္ဌာန်း၏ ပျက်ခြင်းသည် မဖြစ်ပါစေလင့်"ဟု ရေကို ငုံထားခြင်း ဖြစ်ပါသည်ဟု မိန့်ဆို၏၊"အရှင်ဘုရား ယနေ့ ရက် မည်မျှရှိပြီနည်း"ဟု နေ့ကိုရင်း ရဟန်းတို့၏ အရေအတွက်ကိုရင်း အမေးပြဿနာကိုရင်း မေးလျှောက်ခဲ့ပါသည် ရှိသော် ရေကို မျို၍ ပြောကြား၏၊ နေ့အစရှိသည်တို့ကို မေးတတ်ကုန်သော သူတို့သည် မရှိကြပေကုန်၊ ဤသို့ ထင်ရှားရှိကုန်သည်ရှိသော် ရွာမှ ထွက်သော အခါ်နအခါ၌ ရွာတံခါးဝယ် ထွေး၍သာလျှင် သွားပေ၏။

**ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့်သော ရဟန်း ငါးကျိပ်ဝတ္ထု**

ကလမ္ဗတိတ္ထ အမည် ရှိသော ကျောင်း၌ ဝါဆိုတော်မူကြကုန်သော ငါးဆယ်သော ရဟန်းတို့ကဲ့သို့ ဂတပစ္စာဂတဝတ်ကို ဖြည့်ကျင့် ကြကုန်၏၊ ထိုရဟန်းတို့သည် ဝါဆိုလပြည့်နေ့၌ ကတိကဝတ်ကို ပြုကြန်ပြီ၊ "ငါတို့သည် ရဟန္တာ မဖြစ်သေးမီ ကာလ အတွင်းဝယ် အချင်းချင်း စကားပြောဆိုမှုကို မပြုကြကုန်အံ့"ဟု ကတိကဝတ်ကို ပြုကြကုန်ပြီ၊ ထို့ပြင် ရွာသို့ ဆွမ်းအလို့ငှါ ဝင်ကြပါကုန်သည် ရှိသော် ရေကို ငုံပြီးတော့မှရင် ဝင်ကြပေကုန်၏။ နေ့ အစ ရှိသည်တို့ကို မေးအပ်ပါသော် ဆိုအပ်ပြီးသော အထက်ပါ နည်းအတိုင်း ကျင့်ကြပေကုန်၏။ ထို အရပ်၌ လူတို့သည် လုပ်ထွေးရာ အရပ်ကို မြင်၍ သိကြပေကုန်ပြီ၊ "သိပုံကတော့

ယနေ့တော့ရင် ရဟန်းတပါးသာ လာ၏၊ ယနေ့တော့ရင် ရဟန်း နှစ်ပါး လာကြကုန်၏”ဟု ဤသို့ သိကြ ပေကုန်ပြီ။

တဖန် ဤသို့လည်း ကြံကြကုန်၏၊ “ကြံပုံက ဤရဟန်းတို့သည် ငါတို့နှင့် အတူတကွသာလျှင် စကား မပြောကုန်သလော၊ သို့မဟုတ် အချင်းချင်းလည်း စကား မပြောကြကုန်သလော၊ အကယ်၍ အချင်းချင်းလည်း စကား မပြောပဲ နေကြပါကုန်သည် ရှိသော် မချွတ်ဝေကန် တကယ်အမှန် ဖြစ်ပါသော ငြင်းခုံ ခိုက်ရန်မှု ရှိကြပေကုန်လတ္တံ့၊ လာကြကုန်၊ ထို ရဟန်းတို့ကို အချင်းချင်း သည်းခံ စေကုန်အံ့”ဟု ကြံစည် ကြပြီးတော့မှရင် အလုံးစုံသော လူတို့သည် ကျောင်းသို့ သွား၍ ရဟန်းအပါး ငါးဆယ်တို့တွင် နှစ်ပါးသော ရဟန်းတို့သည်လည်း တခုတည်းသော နေရာ၌ နေသည်ကို မမြင်ကြရကုန်။

ထိုအခါမှာ ထိုလူ အပေါင်းတို့တွင် တယောက်သော ယောကျ်ားသည် ပညာမျက်စိ အမြင်ရှိပေ၏၊ ထိုယောကျ်ားသည် “အချင်းတို့ ငြင်းခုံ ခိုက်ရန် ပြုကြကုန်သော သူတို့၏ နေရာမှာ ဤနေရာမျိုး မဟုတ်၊ စေတီယင်ပြင် ဗောဓိယင်ပြင်သည် ကောင်းစွာပြေပြစ် တံမြက်စီး လှည်းရ၏၊ တံမြက်စီးတို့ကို ကောင်းစွာ ထားအပ်ကုန်၏၊ သောက်ရေ သုံးဆောင်ရေတို့ကို ကောင်းစွာ ထားအပ်ကုန်၏”ဟု ဤသို့ ဆိုပေ၏၊ ထိုလူတို့သည် ရောက်ရာ အရပ်မှသာလျှင် လှည့်၍ ပြန်သွားကြကုန်၏၊ ထိုရဟန်းတို့သည်လည်း ဝါတွင်းသုံးလ၏ အတွင်း၌သာလျှင် ရဟန္တာ ဖြစ်ကြကုန်ပြီ၊ သီတင်းကျွတ် လပြည့် မဟာပဝါရဏာ ပွဲနေ့၌ ကိလေသာ မှုမှေး ကင်းဝေး စင်ကြယ်သော ပဝါရဏာကို ပြုကြပေပြီ။

**အာဟာရ သုံးဆောင်ရာ၌ ဆင်ခြင်ပုံ။** ။အထက်ပါ မဟာနာဂမထေရ်ကဲ့သို့ ဎင်း **အပါး ငါးဆယ်** ကုန်သော ရဟန်းတို့ ကဲ့သို့ဎင်း ကမ္မဋ္ဌာန်းကို အဖန် တလဲလဲ အားထုတ်သည်သာ ဖြစ်သော စိတ်ဖြင့် ခြေကိုကြွချီလျက် ရွာ၏အနီးသို့ သွား၍ ရေငုံပြီး လမ်းခရီးကို ကောင်းစွာ အကြင်အရပ်၌ သေသောက် ကြူးသောသူ မိန်းမကြူးသော သူ အစရှိကုန်သော ငြင်းခုံခိုက်ရန် ပြုသော သူတို့သည်ဎင်း ဆင်ကြမ်း မြင်းကြမ်း စသော သတ္တဝါတို့သည်ဎင်း မရှိပေကုန်၊ ထိုခရီးသို့ သွား၏၊ ထိုအရပ်၌လည်း ဆွမ်းအလို့ငှါ လှည့်လည်သည် ရှိသော် အလွန် လျင်မြန် သကဲ့သို့ လျင်မြန်စွာ မသွားသင့်၊ လျင်မြန်သော တစုံတခုသော ပိဏ္ဍပါတ် ဓုတင်မည်သည် မရှိခဲ့ပေ၊ မညီညွတ်သော မြေအဘိုသို့ ရောက်သော ရေတင် လှည်းကဲ့သို့ တုန်လှုပ်ခြင်း မရှိမူ၍ သာလျှင် သွားအပ်၏။

တဖန် အိမ်စဉ်အတိုင်း ဝင်သည်ရှိသော် လှူသည်ကိုဎင်း မလှူသည်ကိုဎင်း ကောင်းစွာမှတ်၍ လှူလိုသည် မလှူလိုသည် အားလျော်စွာ အခါကို ဆိုင်းငံ့လျက်

ဆွမ်းကို ရခဲ့ပါသည် ရှိသော် ယူ၍ ရွာတွင်း၌ရှင်း ရွာအပြင်ဘက်၌ရှင်း (ဖြစ်ပါစေ) ကျောင်းသို့ သာလျှင် ပြန်လာ၍ အကြင် အကြင် အလိုရှိတိုင်းသော ရဟန်းတော်တို့အား သင့်တော် လျောက်ပတ် ကောင်းမြတ်သော အရပ်၌ နေပြီး ကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက် အစာအာဟာရ၌ စက်ဆုပ် ရွံရှာဖွယ်သော အမှတ်သညာကို ဖြစ်စေပြီး လှည်းစာ ထိုးသော ဥပမာ၊ အနာကို ဆေးလိမ်းသော ဥပမာ၊ သား၏ အသားကို စားသော ဥပမာတို့၏ အစွမ်းဖြင့် ဆင်ခြင်လျက် ရှစ်ပါးသော သီလနှင့် ပြည့်စုံသော အာဟာရကို သုံးဆောင်စားမျို၏။ ရွာသူ ရွာသားငယ်တို့ကဲ့သို့ မြူးထူးပျော်ပါး ကစားခြင်းငှါ မသုံးဆောင် မစားမမျိုပေ။

လက်ဝှေ့ လက်ပန်းစသည်တို့ကဲ့သို့ အားဟူသော မာန်ယစ်ခြင်းငှါ မစားမမျို၊ နန်းတွင်းသူ ပြည့်တန်းဆာမတို့ကဲ့သို့ အရေအဆင်း လှပတင့်တယ်ခြင်းငှါ မစားမမျို၊ ဂျွမ်းသမား ကချေသည်တို့ကဲ့သို့ အသားအရေ ပြည့်ဖြိုးခြင်းငှါ မစားမမျို၊ မြတ်သော အကျင့်ကို ကျင့်ခြင်းငှါရှင်း သာသနာတော်ကို ချီးမြှင့်တောက်ပ အားသစ်ခြင်းငှါရှင်း ဆွမ်းကို မှီဝဲ စားမျိုပေ၏၊ ဆွမ်းစားပြီးသော ရဟန်းသည် ရေသောက်ခြင်းကိစ္စကို ပြုပြီးတော့မှရင် တခဏမျှ ထမင်းကြောင့်ဖြစ်သော ပင်ပန်းခြင်းကို ငြိမ်းစေပြီး၍ နံနက်အခါ၌ကဲ့သို့ ဤအတူ ညနေအခါ၌ရှင်း ပုရိမယာမ်၌ရှင်း မိုးသောက်ယာမ်၌ရှင်း ကမ္မဋ္ဌာန်းကိုသာလျှင် နှလုံးသွင်း၏။ ဤရဟန်းကို အသွားလည်းဆောင် အပြန်လည်းဆောင်သော ရဟန်းဟူ၍ မှတ်အပ်၏။

ဂတ ပစ္စာဂတဝတ်ကို ဖြည့်ကျင့်သော ရဟန်း၏ အကျိုးတရားများ

အသွားဆောင်ခြင်း အပြန်ဆောင်ခြင်းဟု ဆိုအပ်သော ဤ ဂတ ပစ္စာဂတဝတ်ကို ဖြည့်ကျင့်သော ရဟန်းသည် အရဟတ္တဖိုလ်ကို ရခြင်း၏ အားကြီးသော မှီရာအကြောင်းနှင့် ပြည့်စုံခဲ့ပါသော် ပဌမအရွယ်၌သာလျှင် အရဟတ္တဖိုလ်သို့ ရောက်ရာ၏၊ ပဌမအရွယ်၌ ရဟန္တာမဖြစ်ခဲ့ပါမူ မဇ္ဈိမအရွယ်၌ ရဟန္တာဖြစ်ရာ၏၊ ထိုမဇ္ဈိမအရွယ်၌ ရဟန္တာမဖြစ်ခဲ့ပါမူ သေခါနီးအခါ၌ ရဟန္တာဖြစ်ရာ၏၊ သေခါနီးအခါ၌ ရဟန္တာမဖြစ်ခဲ့ပါသည်ရှိသော် နတ်သားဖြစ်ပြီးတော့မှရင် ရဟန္တာဖြစ်ရာ၏၊ နတ်သားဖြစ်ပြီးတော့လည်း ရဟန္တာမဖြစ်သေးခဲ့သော် သဗ္ဗညုဘုရား မပွင့်သေးမီပင်လျှင် ပစ္စေကဗောဓိဉာဏ်ကို မျက်မှောက်ပြုရာ၏။ ပစ္စေကဗောဓိဉာဏ်ကို မျက်မှောက်မပြုရသေးသည်ရှိသော် ဘုရားရှင်တို့၏ မျက်မှောက်၏ အဖြစ်၌လျှင် မြတ်သော အဘိညာဉ်ရှိသော ပုဂ္ဂိုလ်သည် ဖြစ်ရာ၏၊ ဗာဟိယတိုင်း၌ မွေးဖွားသော ဒါရုစီရိယမထေရ်ကဲ့သို့ မှတ်အပ်၏။

**ဂေါစရသပ္ပဇဉ်ပြည့်ကျင့်သဖြင့် အထွတ်အထိပ် ရောက်သော မထေရ်များ**　ကြီးကျယ် မြင့်မြတ်သော ပညာရှိ၏၊ အရှင်သာရိပုတ္တရာ မထေရ်ကဲ့သို့ မှတ်အပ်၏။ တန်းခိုးကြီးမားပေ၏၊ အရှင်မောဂ္ဂလ္လာန်မထေရ်ကဲ့သို့ မှတ်အပ်၏၊ ကိလေသာတို့ကို ချိုးဖွဲ့ဖျက်ဆီးတတ်၏၊ ၎င်းတရားတို့ကိုလည်း ဟောတော်မူတတ်၏၊ အရှင်မဟာကဿပမထေရ်ကဲ့သို့ မှတ်အပ်၏။ ဒိဗ္ဗစက္ခုအဘိညာဉ်ရှိ၏၊ အရှင်အနုရုဒ္ဓါမထေရ်ကဲ့သို့ မှတ်အပ်၏။ ဝိနည်းကို ဆောင်၏၊ အရှင်ဥပါလိမထေရ်ကဲ့သို့ မှတ်အပ်၏။ တရားဟောတတ်သော ပုဂ္ဂိုလ်ဖြစ်၏၊ မန္တာဏီပုဏ္ဏေးမ၏သား ဖြစ်သော အရှင်ပုဏ္ဏမထေရ်ကဲ့သို့ မှတ်အပ်၏။ တော၌ နေနိုင်သည်လည်း ဖြစ်၏၊ အရှင်ရေဝတမထေရ်ကဲ့သို့ မှတ်အပ်၏။ များသောအကြား အမြင်ရှိ၏၊ အရှင်အာနန္ဒာမထေရ်ကဲ့သို့ မှတ်အပ်၏။ သိက္ခာသုံးပါးကို အလိုရှိပေ၏၊ ဘုရားရှင်၏ သားတော်ဖြစ်သော အရှင်ရာဟုလာမထေရ်ကဲ့သို့ မှတ်အပ်၏။ ဤနေရာဝယ် အကြင်ရဟန်းသည် အသွားလည်း ဆောင်၏၊ အပြန်လည်း ဆောင်၏၊ ထိုရဟန်း၏ ဂေါစရသမ္ပဇဉ်သည်လည်း အဆုံး အထွတ် အထိပ်သို့ ရောက်ခဲ့၏။

**အသမ္မောဟသမ္ပဇဉ် ဖြစ်ပုံ။**　။ရှေ့သို့ တက်ခြင်း စသည်တို့၌ မတွေဝေခြင်းသည် အသမ္မောဟသမ္ပဇဉ်မည်၏၊ ဤသာသနာတော်၌ ရဟန်းသည် ရှေ့သို့ တက်သော်၎င်း နောက်သို့ ဆုတ်သော်၎င်း အလွန်မိုက်ကန်းသော ပုထုဇဉ်တို့သည် ရှေ့သို့ တက်ခြင်း အစရှိသည်တို့၌ "ကိုယ်သည် ရှေ့သို့ တက်၏၊ ကိုယ်သည် ရှေ့သို့ တက်ခြင်းကို ဖြစ်စေအပ်ပြီ"၊ "ဤသို့ ငါသည် ရှေ့သို့ တက်ခဲ့မိပေ၏၊ ငါသည် ရှေ့သို့ တက်ခြင်းကို ဖြစ်စေအပ်ပြီ"၊ ဤသို့ပင် အလွန် တွေဝေကုန်သကဲ့သို့ ထိုအတူ မတွေဝေခဲ့ပေ။

**စိတ္တဇဝါယောဓာတ်ကြောင့် ရှေ့သို့တက်ခြင်း စသည်ဖြစ်ပုံ**　"ရှေ့သို့ တက်ပေအံ့" ဟု စိတ်သည် ဖြစ်ခဲ့ပါသော် ထိုစိတ်နှင့် သာလျှင် အတူတကွ စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်သည် ကာယဝိညတ်ကို ဖြစ်စေပေ၏ဟု စိတ်သည် ပြုအပ်သော ဝါယောဓာတ် ပျံ့နှံ့ခြင်း၏ အစွမ်းအားဖြင့် ကိုယ်ဟု သမုတ်အပ်သော ဤအရိုးစုသည် ရှေ့သို့ တက်၏၊ ဤသို့ ရှေ့သို့ တက်သော ထိုအရိုးစု၏ တကြိမ်တကြိမ်သော ခြေကြွခြင်း၌ ပထဝီ၊ အာပေါဓာတ် နှစ်ပါးတို့သည် ညွှတ်ခြင်းသဘော၊ နိမ့်ခြင်းသဘော ရှိကုန်၏၊ ဤပထဝီ၊ အာပေါမှ တပါးကုန်သော တေဇော၊ ဝါယောဓာတ် နှစ်ပါးတို့သည် လွန်ကဲခြင်းသဘော၊ အားရှိခြင်းသဘောရှိပေကုန်၏၊ ရှေ့သို့ ဆောင်ခြင်း ရှောင်လွှဲခြင်းတို့၌ ထိုအတူပေတည်း။

ခြေကို လွှတ်ခြင်း၌ တေဇောဓာတ်, ဝါယောဓာတ် နှစ်ပါးတို့သည် ညံ့ခြင်းသဘော, နုံ့ခြင်းသဘောရှိကုန်၏၊ ဤတေဇော,ဝါယောဓာတ်မှ တပါးကုန်သော ပထဝီ, အာပေါဓာတ် နှစ်ပါးတို့သည် လွန်ကဲခြင်းသဘော, အားရှိခြင်းသဘော ရှိပေကုန်၏၊ ခြေချခြင်း နှိမ်ခြင်းတို့၌လည်း အတူတူပေတည်း။

**ဖြစ်ပြီးရုပ်နာမ်တရားတို့သည် ဖြစ်ဆဲရုပ်နာမ် တရားသို့ မလိုက်ပုံ**

ထိုခြေကြွခြင်း စသော ခြောက်ပါးတို့တွင် ခြေကြွခြင်း၌ ဖြစ်ကုန်သော ရုပ်နာမ် တရားတို့သည် ရှေ့ရှုဆောင်ခြင်းသို့ မရောက်ကုန်၊ ထိုအတူ ရှေ့ရှုဆောင်ခြင်း၌ ဖြစ်ကုန်သော ရုပ်နာမ်တရားတို့သည် ရှောင်လွှဲခြင်းသို့ မရောက်ကုန်၊ ရှောင်လွှဲခြင်း၌ ဖြစ်ကုန်သော ရုပ်နာမ်တရားတို့သည် ခြေကို လွှတ်ဆဲခဏသို့ မရောက်ကုန်၊ ခြေကို လွှတ်ဆဲ ခဏ၌ ဖြစ်ကုန်သော ရုပ်နာမ် တရားတို့သည် ခြေချခြင်း ခဏသို့ မရောက်ကုန်၊ ခြေချခြင်း ခဏ၌ ဖြစ်ကုန်သော ရုပ်နာမ် တရားတို့သည် ခြေကို နှိမ်ဆဲခဏသို့ မရောက်ကုန်၊ ထိုသို့ ခြေကြွခြင်း စသည်တို့၌သာလျှင် အဆစ်အဆစ် အစပ်အစပ် အခြားအခြားဖြစ်ပြီးတော့မှုရင် ပူသော အိုးကင်း၌ ထည့်အပ်သော နှမ်းကဲ့သို့ ဖြစ်ဖြစ် မြည်ကုန်လျက် ပျက်စီးကုန်၏။

**ဓာတ်တို့သည်သာ သွားခြင်းစသည်ဖြစ်ပုံ။**

။ထိုရှေ့သို့ တက်ခြင်း စသည်တို့၌ အဘယ် မည်သော တယောက်သော သူသည် ရှေ့သို့ တက်သနည်း၊ အကြင့်ကြောင့် ပရမတ္ထအားဖြင့် ဓာတ်တို့၏သာလျှင် သွားခြင်းသည် ဖြစ်ခဲ့ပေ၏၊ ဓာတ်တို့၏သာလျှင် ရပ်ခြင်းသည် ဖြစ်ခဲ့ပေ၏၊ ဓာတ်တို့၏သာလျှင် ထိုင်ခြင်းသည် ဖြစ်ခဲ့ပေ၏၊ဓာတ်တို့၏သာလျှင် အိပ်ခြင်းသည် ဖြစ်ခဲ့ပေ၏၊ ဤသို့ ခြေကြွခြင်း စသော ကောဋ္ဌာသ၌ ရုပ်နှင့် တကွ တပါးသော စိတ်သည် ဖြစ်ခဲ့ပေ၏၊ တပါးသော စိတ်သည် ချုပ်ခဲ့ပေ၏၊ အခြားမရှိသည်ဖြစ်၍ အစဉ်မလပ် တစပ်တည်းဖြစ်၍ မြစ်ရေအလျဉ်ကဲ့သို့ ဖြစ်၏၊ ဤသို့ ရှေ့သို့တက်ခြင်း အစရှိသည်တို့၌ မတွေဝေခြင်းသည် အသမ္မောဟ သမ္ပဇဉ် မည်၏။

**ရှေ့သို့ ကြည့်ရှုခြင်း စသည်၌ နန္ဒမထေရ်ကဲ့သို့ ကြည့်ရှုသင့်ပုံ**

တဖန် ရှေ့သို့ ကြည့်ရှုခြင်းသည် 'အာလောကိတ'မည်၏၊ ထောင့်အရပ်သို့ကြည့်ရှုခြင်း ဖောက်ပြန်သော တစေ့တစောင်း စောင်း၍ ကြည့်ရှုခြင်းသည် 'ဝိလောကိတ' မည်၏၊ ထို နှစ်ပါးတို့တို့တွင် ရှေ့သို့ ကြည့်ရှုအံ့ဟု စိတ်သည် ဖြစ်ခဲ့ပါသော် စိတ်၏အစွမ်းဖြင့်သာလျှင် မကြည့်မူ၍ အကျိုးတရားကို နှိုင်းချိန် ဆင်ခြင်၍ ယူခြင်းသည် သာတ္ထကသမ္ပဇဉ် မည်၏၊ ထိုအကျိုးတရားကို နှိုင်းချိန်ဆင်ခြင်ခြင်းကို အရှင်နန္ဒ

ကို သက်သေထား၍ သိအပ်၏၊ ဘုရားရှင်သည် "ရဟန်းတို့ နန္ဒသည် အကယ်၍ အရှေ့အရပ်ကို ကြည့်ရှုသည်ရှိသော် အလုံးစုံသော စိတ်ဖြင့် နှလုံးသွင်း၍ နန္ဒသည် အရှေ့အရပ်ကို ကြည့်၏၊ ဤသို့ အရှေ့အရပ်ကို ကြည့်သော ငါ့အား အဘိဇ္ဈာ ဒေါမနဿဟု ဆိုအပ်ကုန်သော ယုတ်မာကုန်သော အကုသိုလ် တရားတို့သည် အစဉ်တစိုက် လိုက်ပြီးတော့မှုရင် မနှိပ်စက်ကုန်လတ္တံ့ ဟူ၍ ကြည့်၏" ဟု ထိုအရှေ့အရပ်ကို ကြည့်ခြင်း၌ ထက်ဝန်းကျင် အပြားအားဖြင့် သိပေ၏။

"ရဟန်းတို့ နန္ဒသည် အနောက်အရပ်၊ မြောက်အရပ်၊ တောင်အရပ်၊ အထက်အရပ်၊ အောက်အရပ်၊ ထောင့်အရပ်တို့ကို အကယ်၍ ကြည့်ရှုအပ်ခဲ့ပါကုန်သည်ရှိသော် အလုံးစုံသောစိတ်ဖြင့် နှလုံးသွင်း၍ နန္ဒသည် ထောင့်အရပ်ကို ကြည့်ရှု၏၊ ဤသို့ ထောင့်အရပ်ကို ကြည့်ရှုသော ငါ့အား အဘိဇ္ဈာ ဒေါမနဿဟု ဆိုအပ်သော ယုတ်မာကုန်သော အကုသိုလ်တရားတို့သည် အစဉ်တစိုက် လိုက်ပြီးတော့မှုရင် မနှိပ်စက်ကုန်လတ္တံ့ ဟူ၍ ကြည့်၏"ဟု ထိုထောင့်အရပ်ကို ကြည့်ရှုခြင်း၌ ထက်ဝန်းကျင် အပြားအားဖြင့် သိပေ၏။

**အကျိုးရှိမည်ကိုသာ ဆင်ခြင်၍ လက်ခြေတို့ကို ကွေးဆန့်သင့်ပုံ**

လက်ခြေတို့ကို ကွေးခြင်း ဆန့်ခြင်းတို့၌ စိတ်၏ အလိုနှင့်သာလျှင် ကွေးခြင်း ဆန့်ခြင်းတို့ကို မပြုမူ၍ လက်ခြေတို့ကို ကွေးခြင်း ဆန့်ခြင်းကြောင့် အကျိုးရှိသည် မရှိသည်ကို နှိုင်းယှဉ်ပြီး စူးစမ်းဆင်ခြင်လျက် အကျိုးရှိသည်ကို နှိုင်းယှဉ်ခြင်း အကျိုးရှိသည်ကို စူးစမ်းဆင်ခြင်ခြင်းသည် သာတ္ထကသမ္ပဇဉ်မည်၏။ လက်ခြေတို့ကို အလွန်ကြာမြင့်စွာ ကွေး၍သော်ငြား ဆန့်၍သော်ငြား တည်နေသောသူအား ခဏခဏ ဝေဒနာဖြစ်၏၊ စိတ်၏ တည်ကြည်မှုကို မရပေ၊ ကမ္မဋ္ဌာန်းတရားသည် ကျ၏၊ တရားထူးကို မရပေ။

ကွေးသင့်သောအချိန်မှာ ကွေးသောသူအားငြား ဆန့်သင့်သောအချိန်မှာ ဆန့်သောသူအားငြား ထိုဝေဒနာတို့သည် မဖြစ်ကုန်၊ စိတ်၏ တည်ကြည်မှုသည် ရှိ၏၊ ကမ္မဋ္ဌာန်းတရားသည် ပွါးခြင်းသို့ ရောက်၏၊ တရားထူးကို ရ၏ဟု အကျိုးရှိသည် အကျိုးမရှိသည်ကို နှိုင်းယှဉ်ပြီးတော့မှုရင် စူးစမ်း ဆင်ခြင်ခြင်းကိုပင် သာတ္ထကသမ္ပဇဉ်ဟု မှတ်ရပေမည်။

**လျောက်ပတ်သည်ကိုသာ ဆင်ခြင်၍ လက်ခြေတို့ကို ကွေးဆန့်သင့်ပုံ**

အကျိုးရှိပါသော်လည်း လျောက်ပတ်သည် မလျောက်ပတ်သည်ကို စူးစမ်းဆင်ခြင်၍ လျောက်ပတ်သည်ကိုသာ ယူခြင်းသည် သပ္ပါယသမ္ပဇဉ်မည်၏။ ထိုလျောက်ပတ်သည်ကို နှိုင်းယှဉ်ပြီး စူးစမ်းဆင်ခြင်ရာဝယ် မဟာစေတီယင်ပြင်၌ ရဟန်းပျိုတို့သည် သရဇ္ဈာယ်ခြင်းကို ယူကုန်၏၊ ထိုရဟန်းပျိုတို့၏ နောက်နံဘေးတို့၌ ရဟန်းမိန်းမတို့သည် တရားကို

နာကြားကြကုန်၏၊ ထိုရဟန်းပျိုတို့တွင် တယောက်သော ရဟန်းပျိုသည် လက်ကို ဆန့်သည်ရှိသော် ကိုယ်လက်နှိုးနှောခြင်းသို့ရောက်၍ ထိုသို့ ကိုယ်လက်နှိုးနှောခြင်းကြောင့်သာလျှင် လူဝတ်ကြောင် ဖြစ်ရပေပြီ။

တပါးသော ရဟန်းသည် ခြေကို ဆန့်သည်ရှိသော် မီးထဲ၌ ဆန့်မိ၍ အရိုးတိုင်အောင် ခြေတို့ကို လောင်ကျွမ်း၏၊ တပါးသော ရဟန်းသည် တောင်ပို့၌ ဆန့်မိပြီ၊ ထိုရဟန်းကို လျှင်သော အဆိပ်ရှိသော မြွေသည် ကိုက်အပ်ပြီ၊ ထို့ကြောင့် ဤသို့ သဘောရှိသော် မလျောက်ပတ်သောနေရာ၌ မဆန့်မိစေမူ၍ လျောက်ပတ်သော နေရာ၌သာလျှင် ခြေတို့ကို ကွေးခြင်း ဆန့်ခြင်းတို့ကို ပြုအပ်ပေ၏၊ ဤလျောက်ပတ်သော ကွေးခြင်း ဆန့်ခြင်းကိုပင်လျှင် သပ္ပါယသမ္ပဇဉ်ဟု မှတ်အပ်၏၊

**ကမ္မဋ္ဌာန်းကိုမလွှတ်မူ၍ လက်ခြေတို့ကို ကွေးဆန့်သောမထေရ်အကြောင်း**

မဟာထေရ်တပါးသည် နေ့အခါ နေသော နေရာ၌ ထိုင်နေလျက် အနီးနေ တပည့်တို့နှင့်တကွ စကားပြောဆိုနေစဉ် အဆောတလျင် လက်ကို ကွေး၍ တဖန်ထားမြဲနေရာ၌ ထားကာ ဖြေးဖြေး ကွေး၏၊ ထိုမထေရ်ကို အနီးနေ တပည့်တို့သည် မေးလျှောက်ကြကုန်၏၊ "အရှင်ဘုရား အဘယ့်ကြောင့်သာလျှင် လက်ကို အဆောတလျင် ကွေး၍ တဖန်ထားမြဲနေရာ၌ထားကာ ဖြေးဖြေး ကွေးကုန်သနည်း"ဟု လျှောက်ကြကုန်၏။

"ငါ့ရှင်တို့ ယနေ့မှ အစပြုပြီးဘော့ရင် ငါသည် ကမ္မဋ္ဌာန်းကိုနှလုံးသွင်းခြင်းငှါ အားထုတ်၏၊ ငါသည် ကမ္မဋ္ဌာန်းကို လွှတ်၍ မကွေးအပ်ပေဘူး၊ ငါသည် သင်တို့နှင့်တကွ စကားပြောဆိုစဉ် ကမ္မဋ္ဌာန်းကို လွှတ်၍ လက်ကို ကွေးအပ်ပြီ၊ ထို့ကြောင့် တဖန် ထားမြဲနေရာ၌ ထားကာ လက်ကို ကွေးအပ်ပေပြီ"ဟု မိန့်ဆိုသည်ရှိသော် "အရှင်ဘုရား ကောင်းလှပါပြီ၊ ရဟန်းတို့သည် ဤသဘောအတိုင်းသာ ဖြစ်သင့်ပေ၏"ဟု ရဟန်းများက ဆိုကြပေကုန်ပြီ၊ ဤလက်ကို ကွေးခြင်း ဆန့်ခြင်း၌လည်း ကမ္မဋ္ဌာန်းကို မစွန့်ခြင်းကိုသာလျှင် ဂေါစရသမ္ပဇဉ်ဟု မှတ်ယူရပေမည်။

**ကွေးခြင်း ဆန့်ခြင်း၌ ယန္တရားရုပ် ဥပမာပြပုံ**

ကိုယ်တွင်း၌ တစုံတခုသော ကွေးတတ် ဆန့်တတ်သော အတ္တသည် မရှိ၊ သို့မဟုတ် ရှိခဲ့ပါသော် ဆိုအပ်ပြီးသော အပြားရှိသော စိတ်သည် ပြုအပ်သော ဝါယောဓာတ်၏ ပျံ့နှံ့ခြင်း၏ အစွမ်းဖြင့် ကြိုးကို ငင်သည်၏အစွမ်းဖြင့် သစ်သားရုပ် ယန္တရားရုပ်သေး၏ လက်ခြေတို့၏ လှုပ်ခြင်းကဲ့သို့ ကွေးခြင်း ဆန့်ခြင်းသည် ဖြစ်ခဲ့ပေ၏ဟု သိခြင်းသည် ကွေးခြင်း ဆန့်ခြင်း၌ အသမ္မောဟသမ္ပဇဉ်မည်၏ဟု မှတ်ရပေမည်။

**ဒုကုဋ်သက်န်းစသည်ကို ဆောင်ခြင်း၌ လျှောက်ပတ်သည်ကို ဆင်ခြင်ပုံ**

ဒုကုဋ္ဌသက်န်းတို့ကို ဝတ်ခြင်း ရုံခြင်းတို့၏ အစွမ်းဖြင့် သပိတ်ကို ဆွမ်းခံခြင်းစသည်တို့၏အစွမ်းဖြင့် သုံးဆောင်ခြင်းသည် 'ဓာရဏ' ဆောင်ခြင်းမည်ပေ၏။ ထိုဒုကုဋ္ဌသက်န်း သပိတ်ကို ဆောင်ခြင်း၌ ဒုကုဋ္ဌသက်န်းကို ဝတ်၍ရုံ၍ ဆွမ်းအလို့ငှါ လှည့်လည်သော ရဟန်းအား ပစ္စည်းလေးပါးကို ရခြင်းသည်၎င်း အဒေးကို ပယ်ဖျောက်ခြင်းငှါ အစရှိသောနည်းဖြင့် မြတ်စွာဘုရားသည် ဟောတော်မူအပ်ပြီးသော အပြားရှိသည်သာလျှင်ဖြစ်သော အကျိုးသည်၎င်း အတ္ထမည်၏။ ထိုအကျိုးတရား၏ အစွမ်းဖြင့် သာတ္ထကသမ္ပဇဉ်ကို သိအပ် မှတ်ယူအပ်ပေ၏။

ပူတတ်သော သဘောရှိသောရဟန်းအား၎င်း အားနည်းသော ရဟန်းအား၎င်း သိမ်မွေ့နူးညံ့သော သက်န်းသည် သင့်လျော်လျှောက်ပတ် ကောင်းမြတ်၏၊ ချမ်းအေးတတ်သော ရဟန်းအား တခဲနက် ထူထဲသော သက်န်း နှစ်ထပ်နှစ်လွှာရှိသော သက်န်းသည် သင့်လျော် လျှောက်ပတ် ကောင်းမြတ်၏၊ ထိုသိမ်မွေ့နူးညံ့သော သက်န်းမှ၎င်း တခဲနက် ထူထပ်သော နှစ်ထပ်သက်န်းမှ၎င်း ဖောက်ပြန် (လွဲချော်)သော သက်န်းသည် မသင့်မတော် မလျော် မလျှောက်ပတ် မကောင်းမြတ်ပေ။

**အဖိုးတန်သက်န်းများ တောနေရဟန်းအား မလျှောက်ပတ်ပုံ**

အမှတ် မထား တပါးပါးသော ရဟန်းအား ဆွေးမြွေ ဟောင်းနွမ်းသော သက်န်းသည် မသင့်မတော် မလျှောက်ပတ်ပေ၊ ထပ်ခြင်း ဖာခြင်းစသည်ကို ပေးခြင်းဖြင့် ထိုရဟန်းအား ထိုဆွေးမြွေဟောင်းနွမ်းသော သက်န်းသည် ပလိဗောဓကို ပြုတတ်ပေ၏၊ ပဋ္ဋုဏ္ဏတိုင်း၌ဖြစ်သောပုဆိုး ဘွဲ့ဖြူပုဆိုးစသည် အပြားရှိသော တပ်မက်ဖွယ်ဖြစ်သောသက်န်းသည် တော၌ တယောက်ထည်းထည်းနေသော ရဟန်းအား ဝတ်ခြင်း၏အန္တရာယ်ကို၎င်း အသက်၏အန္တရာယ်ကို၎င်း ပြုတတ်ပါပေ၏၊ စင်စစ်ဧကန် အမှန်အားဖြင့် အကြင်သက်န်းသည် နိမိတ်ပြုခြင်းစသော မှားယွင်းဖောက်ပြန် မမှန်သော အသက်မွေးခြင်းနှင့် စပ်ခြင်းကြောင့်ဖြစ်သော မိစ္ဆာဇီဝ၏ အစွမ်းဖြင့် ဖြစ်ခဲ့ပေ၏။

အကြင်သက်န်းကို မှီဝဲသော ရဟန်းအား အကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ထိုသက်န်းသည် မလျှောက်ပတ်။ ဆိုအပ်ခဲ့ပြီးသော မလျှောက်ပတ်သော သက်န်းများမှ တပါးသော သက်န်းသည် လျှောက်ပတ်ကောင်းမြတ်ပေ၏၊ ထိုသက်န်း၏အစွမ်းဖြင့် ဤဒုကုဋ္ဌသက်န်းကို ဆောင်ခြင်း၌ သပ္ပါယသမ္ပဇဉ်ကို သိအပ် မှတ်ယူအပ်ပေ၏။

ကမ္မဋ္ဌာန်းကို မစွန့်ခြင်း၏ အစွမ်းဖြင့်သာလျှင် ဂေါစရသမ္ပဇဉ်ကို သိအပ် မှတ်ယူအပ်ပေ၏။

**သက်န်းစသည်ကို သုံးဆောင်ရာ၌ နှလုံးသွင်းပုံနှင့် ဥပမာပြချက်**

ကိုယ်တွင်း၌ တစုံတခုသော သက်န်းကို ရုံတတ်သော အတ္တမည်သည် မရှိပေ။ ရှိခဲ့သည် ဖြစ်အံ့၊ ဆိုအပ်ပြီးသော အပြားရှိသောစိတ်သည် ပြုအပ်သော ဝါယော ဓာတ်၏ ပျံ့နှံ့ခြင်း၏ အစွမ်းဖြင့်သာလျှင် သက်န်းဝတ်ရုံခြင်းဖြစ်၏။ ထိုရုံတတ်သောကိုယ်, ရုံအပ်သော သက်န်းတို့တွင် သက်န်းသည်လည်း စိတ်မရှိ၊ ကိုယ်ခန္ဓာသည်လည်း စိတ်မရှိ၊ ထိုသို့ စိတ်မရှိသည်၏အဖြစ်ကြောင့် သက်န်းက နေပြီးတော့ရင် "ငါသည် ကိုယ်ကို ခြုံအပ်ပြီ"ဟု မသိပေ၊ ကိုယ်ကလည်း "ငါ့ကို သက်န်းသည် ခြုံအပ်ပေပြီ"ဟု မသိပေ။ ပုဆိုးနွမ်းစုတ်ဖြင့် ညှစ်စေးစသည်ဖြင့် ပြုလုပ်သော အရုပ်ကိုဖုံးလွှမ်းဘိသကဲ့သို့ ဓာတ်တို့သည်သာလျှင် ဓာတ်အပေါင်းကို ဖုံးလွှမ်းကုန်၏၊ ထိုသို့ စေတနာနှင့် အတ္တကင်းဆိတ်သည်၏ အဖြစ်ကြောင့် ကောင်းသော သက်န်းကို ရရှိခဲ့ပါသော် မနှစ်သက် ဝမ်းမမြောက်အပ်ပေ၊ မကောင်းသော သက်န်းကို ရရှိခဲ့ပါသော် နှလုံးမသာယာမှု မပြုအပ်ပေ။

ဥပမာ နဂါးနေသော တောင်ပို့, အရိုအသေ ပြုပြီး ပူဇော်အပ်သော သစ်ပင်တို့၌ အချို့ကုန်သော သူတို့သည် ပန်းနံ့သာ အဝတ်တန်းဆာ စသည်တို့ဖြင့် အရိုအသေပြုကုန်၏၊ အချို့ကုန်သော သူတို့သည် ကျင်ကြီးကျင်ငယ် ညွှံ တုတ် လှံတံ ဒါးလက်နက်ဖြင့် ထိုးပစ်ပုတ်ခတ်ခြင်း စသည်တို့ဖြင့် ရိုသေမှု မပြုကြပေကုန်၊ ထိုအရိုသေပြုခြင်း မပြုခြင်းတို့ကြောင့် နဂါးနေသော တောင်ပို့,သစ်ပင်စသည်တို့သည် ဝမ်းမြောက်ခြင်းကိုရင်း နှလုံးမသာယာခြင်းကိုရင်း မပြုကြပေကုန်၊ ဤ ဥပမာမခြား အလားတူစွာသာလျှင် "ကောင်းသော သက်န်းကို ရခဲ့ပါသည် ရှိသော် ဝမ်းမြောက်မှုကို မပြုအပ်ပေ၊ မကောင်းသော သက်န်းကို ရခဲ့ပါသည်ရှိသော် နှလုံးမသာယာမှုကို မပြုအပ်ပေ"ဟု ဖြစ်သော ဆင်ခြင်ခြင်း၏ အစွမ်းဖြင့် ဤဒုက္ခ(?)သက်န်းကို ဆောင်ယူခြင်း၌ အသမ္မောဟသမ္ပဇဉ်ကို သိအပ် မှတ်ယူအပ်ပေ၏။

**သပိတ်၌ အကျိုးရှိသည်ကို ဆင်ခြင်လျက် ယူပုံ။**

။သပိတ်ကို ဆောင်ရာ၌လည်း သပိတ်ကို အဆော တလျင် မယူပါပဲလျက်နှင့် "ဤသပိတ်ကို ယူ၍ ဆွမ်းအလို့ငှါ လှည့်လည်သည်ရှိသော် ဆွမ်းကို ရသည် ဖြစ်အံ့"ဟု သပိတ်ကို ကိုင်ယူခြင်းတည်းဟူသော အကြောင်းကြောင့် ရအပ်သော အကျိုး၏အစွမ်းအားဖြင့် သာတ္ထကသမ္ပဇဉ်ကို သိအပ် မှတ်ယူအပ်ပေ၏။

ကြုံသော ပိန်သောကိုယ်, အားနည်းသော ကိုယ်ရှိသော ရဟန်းအား အလွန်လေးသော သပိတ်သည် မလျောက်ပတ်ပေ၊ အမှတ်မထား တပါးပါးသော ရဟန်းအား ဖွဲ့စပ်အပ် မှတ်အပ်သော လေးချက် ငါးချက်သော အဖုအဖာရှိသော စင်ကြယ်ခဲသော သပိတ်သည် မလျောက်ပတ်ပေ၊ ရေဆေးခြင်းငှါ မလွယ်ကူသော သပိတ်သည်လည်း မလျောက်ပတ်ပေ၊ ဆက်ကြဦးနှို့ စင်ကြယ်ခဲသော သပိတ်, အဆေးခက်သော သပိတ်ကို ဆေးသော ရဟန်းအား ပလိဗောဓသည် ဖြစ်၏၊ ထို့ကြောင့် မလျောက်ပတ်ပေ။

ထိုမှတပါး တပ်မက်မောဖွယ်ရာဖြစ်သော ပတ္တမြားအဆင်းနှင့် တူသော အဆင်းအရောင်ရှိပေသော သပိတ်သည် သက်နိုး၌ ဆိုအပ်ပြီးသည့်အတိုင်း မသင့်တော် မအပ်ပေ၊ စင်စစ်ဝေကန် မအပ်သည်ကား နိမိတ်ပြုခြင်း စသည်တို့၏ အစွမ်းဖြင့် ရအပ်သော သပိတ်သည် ရှိ၏၊ အကြင် သပိတ်ကို သုံးဆောင် မှီဝဲသော ရဟန်းအား ယုတ်မာညစ်နွမ်းကုန်သော အကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ဤသပိတ်သည်လည်း စင်စစ် ဝေကန် အမှန်ပင် မလျောက်ပတ်ပေ၊ ဆိုအပ်ပြီးသော သပိတ်တို့မှ ကြွင်းကုန်သော သပိတ်တို့သည်လည်း သင့်တော် လျောက်ပတ် ကောင်းမြတ်ပေ၏၊ ထိုသင့်တော် လျောက်ပတ် ကောင်းမြတ်သော သပိတ်၏ အစွမ်းဖြင့်သာလျှင် ဤသပိတ်ကို ဆောင်ခြင်း၌ သပ္ပါယသမ္ပဇဉ်ဟု သိအပ် မှတ်ယူအပ်ပေ၏။

ကမ္မဋ္ဌာန်းကို မစွန့်သည်၏ အစွမ်းဖြင့်သာလျှင် ဂေါစရသမ္ပဇဉ်ကို သိအပ် မှတ်ယူအပ်ပေ၏။

**သပိတ်ကိုင်ရာ၌ ခေတ်အားဖြင့် ဆင်ခြင်ပုံကို ဥပမာဖြင့် ပြခြင်း**

ကိုယ်အတွင်း၌ တစုံ တခုသော သပိတ်ကို ကိုင်ယူ တတ်သော အတ္တမည်သည် မရှိခဲ့ပေ၊ ရှိခဲ့ပါသော် ဆိုအပ်ပြီးသော အပြားရှိသော စိတ်သည် ပြုအပ်သော ဝါယောခေတ်၏ ပျံ့နှံ့ခြင်း၏ အစွမ်းဖြင့် သာလျှင် သပိတ်ကို ယူခြင်း မည်၏။ ထိုကိုင်ယူတတ်သော လက်, ကိုင်ယူ အပ်သော သပိတ်တို့တွင် သပိတ်သည်လည်း စိတ်မရှိ၊ လက်တို့သည်လည်း စိတ်မရှိကုန်၊ ထိုသို့ စိတ်မရှိသည်၏ အဖြစ်ကြောင့် သပိတ်က နေပြီးတော့မှရင် "ငါ့ကို လက်တို့သည် ကိုင်ယူအပ်၏" ဟူ၍ မသိ၊ လက်တို့ကလည်း "ငါတို့သည် သပိတ်ကို ကိုင်ယူတတ်ပေကုန်၏" ဟူ၍လည်း မသိကုန်၊ ညှပ်ဖြင့် မီးကဲ့သို့ အဆင်းရှိသော သပိတ်ကို ကိုင်ယူခြင်း၌ကဲ့သို့ ခေတ်တို့သည်သာ ခေတ်အပေါင်းကို ယူတတ်ကုန်၏၊ ဤသို့ဖြစ်သော ဆင်ခြင်ခြင်း၏ အစွမ်းဖြင့် ဤသပိတ်ကို ဆောင်ခြင်း၌ အသမ္မောဟသမ္ပဇဉ်ဟု သိအပ် မှတ်ယူအပ်ပေ၏။

**ဆွမ်းစားရာ၌ လျောက်ပတ် မလျောက်ပတ်သည်ကို ဆင်ခြင်ပုံ** ဆွမ်းအစရှိသော အာဟာရကို စားခြင်း၌ရင်း ယာဂုအစရှိသည်ကို သောက်ခြင်း၌ရင်း မုံ့မှုန့် ခဲဖွယ်စသည်ကို ခဲခြင်း၌ရင်း ပျားသကာ တင်လဲစသည်ကို လျက်ခြင်း၌ရင်း စားသုံး မှီဝဲခြင်းသည် ရွာသူသားငယ်တို့ကဲ့သို့ မြူးထူးပျော်ပါး ကစားခြင်းငှါ မသုံးဆောင် မစားမျိုပေ- အစရှိသောနည်းဖြင့် ဆိုအပ်ပြီးသော ရှစ်ပါးအပြားရှိသော အကျိုးထူး၏အစွမ်းဖြင့် သာတ္ထကသမ္ပဇဉ်ဟု သိအပ် မှတ်ယူအပ်ပေ၏။

ကြမ်းသောဘောဇဉ်, မြတ်သောဘောဇဉ်, ခါးသောဘောဇဉ်, ချိုသောဘောဇဉ်စသည်တို့တွင် အကြင်ဘောဇဉ်ဖြင့် အကြင်ရဟန်းအား ချမ်းသာမှု မရှိ၊ ထိုဘောဇဉ်သည် ရဟန်းအား မသင့်တော် မလျော်မလျောက်ပတ်၊ နိမိတ်ပြုခြင်းစသည်တို့၏ အစွမ်းဖြင့် ရအပ်သော အကြင်ဘောဇဉ်သည် ရှိ၏၊ အဲဒီဘောဇဉ်ကို စားသော ရဟန်းအား ယုတ်မာညစ်နွမ်းကုန်သော အကုသိုလ်တရားတို့သည် တိုးပွါးကုန်၏၊ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ထိုဘောဇဉ်သည် စင်စစ်ဝေကန် အမှန်ပင် မလျောက်ပတ်ပေ၊ ဆိုအပ်ခဲ့ပြီးသော ဘောဇဉ်တို့မှ တပါးကုန်သော ဘောဇဉ်တို့သည် သင့်တော် လျောက်ပတ် ကောင်းမြတ်ပါပေကုန်၏၊ ထိုလျောက်ပတ်သော ဘောဇဉ်၏အစွမ်းဖြင့် ဤစားခြင်း စသည်၌ သပ္ပါယသမ္ပဇဉ်ဟု သိအပ် မှတ်ယူအပ်ပေ၏။

ကမ္မဋ္ဌာန်းကို မစွန့်သည်၏ အစွမ်းဖြင့်သာလျှင် ဂေါစရသမ္ပဇဉ်ဟု သိအပ် မှတ်ယူအပ်ပေ၏။

**စိတ္တဇဝါယောဓာတ် ခန္ဓာကိုယ်ကို ဆောင်ရွက်ခြင်းအကြောင်း** ကိုယ်တွင်း၌ တစုံကခုသော စားတတ်သော အတ္တသည် မရှိ၊ ရှိခဲ့ပါသော် ဆိုအပ်ပြီးသော အပြားရှိသော စိတ်သည် ပြုအပ်သော ဝါယောဓာတ် ပျံ့နှံ့ခြင်း၏ အစွမ်းဖြင့်သာလျှင် သပိတ်ကို ကိုင်ယူခြင်း မည်သည်ဖြစ်၏၊ စိတ်သည် ပြုအပ်သော ဝါယောဓာတ် ပျံ့နှံ့ခြင်း၏ အစွမ်းဖြင့်သာလျှင် လက်ကို သပိတ်၌ချခြင်းသည် ဖြစ်၏၊ စိတ်သည် ပြုအပ်သော ဝါယောဓာတ် ပျံ့နှံ့ခြင်း၏ အစွမ်းဖြင့်သာလျှင် အလုပ်အလွေးပြုခြင်းသည်ရင်း၊ အလုပ်အလွေးကို ထုတ်ခြင်းသည်ရင်း ခံတွင်းကို ဖွင့်ခြင်းသည်ရင်း ဖြစ်ခဲ့ပေ၏၊ တစုံတခုသော အတ္တသည် သော့ဖြင့်ရင်း စက်ယန္တရားဖြင့်ရင်း မေးရိုးတို့ကို မဖွင့်ပေ၊ စိတ်သည် ပြုအပ်သော ဝါယောဓာတ် ပျံ့နှံ့ခြင်း၏ အစွမ်းဖြင့်သာလျှင် ဆွမ်းလုပ်ကို ခံတွင်း၌ ထားခြင်းသည် အထက်သွားတို့၏ ကျည်ပွေ့ကိစ္စကို ပြီးစေခြင်းသည်ရင်း အောက်သွားတို့၏ ဆုံကိစ္စကို

ပြီးစေခြင်းသည်၎င်း လျှာ၏ လက်ကိစ္စကို ပြီးစေခြင်းသည်၎င်း ဖြစ်ခဲ့ပေ၏၊ ဤသို့ ထိုလက်ကိစ္စကို ပြီးစေခဲ့ပါသည်ရှိသော်—

တနည်း ထိုခံတွင်းမှ လျှာဖျားဌ် ကြဲသော တံထွေးသည် လိမ်းကျံ၏၊ လျှာရင်း၌ ဖြစ်ချဲ့သော တံထွေးသည် လိမ်းကျံ၏။ အောက်သွားဟူသော ဆုံ၌ လျှာတည်းဟူသောလက်ဖြင့် လှန်လှော၍အပ်သော တံထွေးတည်းဟူသော ရေဖြင့် ဆွတ်ဖျန်းအပ်သော အထက်သွားတည်းဟူသော ကျည်ပွေ့ဖြင့် ထောင်းကြိတ်အပ်သော ထိုဘောဇဉ်ကို ယောက်ချိုဖြင့်သော်၎င်း ယောက်မဖြင့်သော်၎င်း အတွင်းသို့ သွင်းတတ်သည် မည်သော တစုံတယောက်သည် မရှိခဲ့ပေ၊ ဝါယောဓာတ် ကြောင့်သာလျှင် ဝင်၏၊ ဝင်တိုင်း ဝင်တိုင်းသော အစာကို ကောက်ရိုးအခင်းကို ပြုပြီးတော့မှရင် ဆောင်တတ်သည် မည်သော တစုံတယောက်သည်လည်း မရှိခဲ့ပေ။

**ခန္ဓာကိုယ်၌ ဝါယောဓာတ်နှင့် တေဇောဓာတ်တို့ ဆောင်ရွက်ပုံ**

ဝါယောဓာတ် ကြောင့်သာလျှင် တည်၏၊ တည်တိုင်း တည်တိုင်းသော အစာကို ခံလောက်ပြုပြီး မီးပျိုးပြီး ချက်တတ်သည်မည်သော တစုံတယောက်သည် မရှိပေ၊ တေဇောဓာတ်ကြောင့်သာလျှင် ကျက်၏၊ ကျက်တိုင်း ကျက်တိုင်းသော အစာကို ဒုတ်တို့ဖြင့်၎င်း တောင်ဝှေးတို့ဖြင့်၎င်း အပြင်ဖက်သို့ ထုတ်ဆောင်တတ်သည်မည်သော တစုံတယောက်သည် မရှိခဲ့ပေ၊ ဝါယောဓာတ်ကြောင့်သာလျှင် ထုတ်ဆောင်၏ဟု ဝါယောဓာတ်သည် ရှေ့သို့လည်း ဆောင်၏၊ ရှောင်လွှဲလည်း ရှောင်လွှဲ၏၊ ခံလည်း ခံ၏၊ လှန်လှောလည်း လှန်လှော၏၊ ထောင်းကြိတ်လည်း ထောင်းကြိတ်၏၊ ချောက်လည်း ချောက်စေ၏၊ ထုတ်လည်း ထုတ်၏။

**ဓာတ်ကို စွဲ၍ အသမ္မောဟသမ္ပဇဉ်ဖြစ်ပုံ။**

။ပထဝီဓာတ်သည် ခံလည်း ခံ၏၊ လှန်လှောလည်း လှန်လှော၏၊ ထောင်းကြိတ်လည်း ကောင်းကြိတ်၏၊ ချောက်လည်းချောက်၏၊ အာပေါဓာတ်သည် စွတ်စိုလည်း စွတ်စိုစေ၏၊ စွတ်စိုပြီးသော အစာကိုလည်း စောင့်ရှောက်၏၊ တေဇောဓာတ်သည် အတွင်းသို့ ဝင်ပြီးသော အစာကို ကျက်စေ၏၊ အာကာသဓာတ်သည် ထွက်ရာခရီးသည် ဖြစ်၏၊ ဝိညာဏဓာတ်သည် ထိုကိစ္စတို့၌ ဤသင့်သော လုံ့လကို စွဲ၍ နှလုံးသွင်း၏၊ ဤသို့သော ဆင်ခြင်ခြင်း၏ အစွမ်းဖြင့် ဤဆွမ်းအစရှိသော အာဟာရကို စားခြင်းအစရှိသည်တို့၌ အသမ္မောဟသမ္ပဇဉ်ဟု သိအပ် မှတ်ယူအပ်ပေ၏။

**ကျောင်းကြီးကျောင်းငယ်စွန့်ရာ၌ သာတ္ထကသမ္ဘင်ျဖြစ်ပုံ။** ။ကျောင်းကြီးကိုဒင်း ကျောင်းငယ်ကိုဒင်း စွန့်ခြင်းကို ပြုရာဝယ် ရင့်ကျက်သော အခါ၌ ကျောင်းကြီးကျောင်းငယ်ကို မစွန့်သော သူ၏ ခန္ဓာကိုယ်တကိုယ်လုံးမှာ ချွေးတို့သည် ထွက်ကုန်၏၊ မျက်စိတို့သည် လည်ကုန်၏၊ စိတ်သည် တခုတည်းသော အာရုံ၌ နားနေ၍ မရပေ၊ တပါးကုန်သော အနာရောဂါတို့သည် ဖြစ်ကုန်၏၊ ဆက်ကြဦးစို့ ရင့်ကျက်သော အခါ ကျောင်းကြီးကျောင်းငယ်ကို စွန့်သော သူအား ထိုအလုံးစုံသည် မဖြစ်ပေ၊ ဤသည်ကား ကျောင်းကြီးကျောင်းငယ် စွန့်ခြင်း၌ အကျိုးထူးမည်ပေ၏၊ ထိုအကျိုးထူး၏ အစွမ်းဖြင့် သာတ္ထကသမ္ဘဇဉ်ကို သိအပ် မှတ်ယူအပ်ပေ၏။

မသင့်မတင့်သော အရပ်၌ ကျောင်းကြီး ကျောင်းငယ်စွန့်သောသူအား ပါစိတ်ဒုက္ကဋ္ဌ်အာပတ်တို့သည် သင့်ပေကုန်၏၊ ကျော်စောကင်းမဲ့မှုသည် တိုးပွါး၏၊ အသက်၏ အန္တရာယ်သည် ရှိ၏၊ သင့်တော်လျောက်ပတ်သော နေရာ၌ ကျောင်းကြီးကျောင်းငယ်စွန့်သောသူအား ကျော်စောကင်းမဲ့မှု တိုးပွါးခြင်းသည်ဒင်း အသက်၏ အန္တရာယ်သည်ဒင်း မဖြစ်ပေ၊ ဤသည်ကား ကျောင်းကြီး ကျောင်းငယ်စွန့်ရာ၌ သင့်တော်လျောက်ပတ်သော နေရာဖြစ်၏၊ ထိုသင့်တော် လျောက်ပတ်သော နေရာ၏ အစွမ်းဖြင့် သပ္ပါယသမ္ဘဇဉ်ကို သိအပ် မှတ်ယူအပ်ပေ၏။

ကမ္မဋ္ဌာန်းကို မစွန့်သည်၏ အစွမ်းဖြင့်သာလျှင် ဂေါစရသမ္ဘဇဉ်ကို သိအပ် မှတ်ယူအပ်ပေ၏။

**ကျောင်းကြီးကျောင်းငယ်စွန့်ရာ၌ အသမ္မောဟသမ္ဘဇဉ်ဖြစ်ပုံ။** ။ကိုယ်တွင်း၌ကျောင်းကြီး ကျောင်းငယ်စွန့်ခြင်း အမှုကို ပြုတတ်သော အတ္တသည် မရှိပေ၊ ရှိခဲ့ပါသော် စိတ်သည် ပြုအပ်သော ဝါယောဓာတ် ပျံ့နှံ့ခြင်း၏ အစွမ်းဖြင့်သာလျှင် ကျောင်းကြီးကျောင်းငယ် စွန့်ခြင်းအမှုသည် ဖြစ်ခဲ့ပေ၏၊ ဥပမာ ထွတ်မြင်းနာသည် မှည့်လတ်သော် ထွတ်မြင်းနာပေါက်ကွဲသည်ဖြစ်၍ ပြည်သွေးသည် အလိုမရှိသဖြင့် ထွက်သကဲ့သို့ဒင်း တဖန်အလွန်ရေပြည့်သော အိုးသည် ရေပြည့်နေသောကြောင့် ရေအိုးမှရေသည် အလိုမရှိသဖြင့် ထွက်သကဲ့သို့ဒင်း ဤနှင့်မခြား အလားတူစွာသာလျှင် အစာဟောင်းအိမ် ကျောင်းငယ်အိမ်တို့၌ စုဝေးကုန်သော လေအဟုန်ဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ကျောင်းကြီးကျောင်းငယ်တို့သည် အလိုမရှိသဖြင့်လည်း ထွက်ကုန်၏၊ ဆက်ကြဦးစို့ — ထွက်သော ထိုကျောင်းကြီးကျောင်းငယ်တို့သည် ထိုရဟန်းအား မိမိဘို့လည်း မဖြစ်၊ သူတပါးဘို့လည်း မဖြစ်၊ သက်သက် ကိုယ်၏ အကျိုးဆက်သည်သာလျှင် ဖြစ်၏။

တဖန်ဥပမာ ရေဘူးမှ ရေဟောင်းကို စွန့်သောသူအား ထိုရေဟောင်းသည် မိမိဘို့လည်း မဖြစ်၊ သူတပါးဘို့လည်း မဖြစ်၊သက်သက် သုတ်သင်ကာမျှသည်သာ

ဖြစ်ဘိသကဲ့သို့ ဤအတူပါပဲ ဤသို့ဖြင့်သော ဆင်ခြင်ခြင်း၏ အစွမ်းဖြင့် ဤ ကျင်ကြီးကျင်ငယ်စွန့်ခြင်း၌ အသမ္မောဟသမ္ပဇဉ်ဟု သိအပ် မှတ်ယူအပ်ပေ၏။

ဤကား သတိသမ္ပဇဉ်အခဏ်းကို နားလည်စေခြင်းငှါ လွယ်ကူအောင် မကျဉ်း မကျယ် ရေးသားရ၍ ပြီးဆုံးပါတော့သတည်း။

သတိသမ္ပဇညကထာ ပြီး၏။

---

**သန္တောသကထာ**

(သုတ်သီလက္ခန်အဋ္ဌကထာ ၁၈၂)

ရောင့်ရဲခြင်း ၁၂-မျိုး

(က) အကြင်အကြင် ရအပ်သော ရောင့်ရဲသော အခြင်းအရာအားဖြင့် ဖြစ်သော (ရောင့်ရဲခြင်း) အလောဘပြဋ္ဌာန်းသော လေးပါးသော နာမ်ခန္ဓာဟု ဆိုအပ်သော 'ယထာလာဘသန္တောသ'၊

(ခ) အကြင်အကြင် ကိုယ်အားလျော်စွာ သက်နီးဖြင့် ရောင့်ရဲသော အခြင်းအရာအားဖြင့် ဖြစ်သော အလောဘပြဋ္ဌာန်းသော လေးပါး သော နာမ်ခန္ဓာဟု ဆိုအပ်သော 'ယထာဗလသန္တောသ'၊

(ဂ) အကြင်အကြင် တင့်တယ် လျောက်ပတ်သော သက်နီးဖြင့် ရောင့်ရဲ သော အခြင်းအရာအားဖြင့် ဖြစ်သော အလောဘပြဋ္ဌာန်းသော လေးပါးသော နာမ်ခန္ဓာဟု ဆိုအပ်သော 'ယထာသာရုပ္ပသန္တောသ'၊

ဤသို့ သက်နီး, ဆွမ်း, ကျောင်း, ဆေးဟူသော ပစ္စည်းလေးမျိုးတို့တွင် တမျိုး တမျိုးစီ၌ သုံးမျိုးစီ ရရှိနိုင်သဖြင့် အားလုံးပေါင်း သန္တောသ ၁၂-ပါး အပြားရှိပေသည်။

**သက်နီး၌ ယထာလာဘသန္တောသမည်ပုံ။** ။ဤသာသနာတော်၌ လွတ်လမ်း ကိုရှာ ရဟန်းသံဃာသည် နှစ် သက် ကောင်းမွန်ပေသော သက်နီးကိုငင်း နှစ်သက်ဖွယ်မရှိ ဟောင်းနွမ်းခြင်း အတိ ဖြစ်ပါပေသော သက်နီးကိုငင်း ရရှိခဲ့ပါပေ၏၊ ထိုသို့ လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် ထိုနှစ်သက်ဖွယ်ရာ ကောင်း,မကောင်းသော သက်နီးဖြင့် သာလျှင် ရောင့်ရဲမျှတပါပေသည်၊ တပါးသော သက်နီးကို မတောင့်တ၊ ရရှိခဲ့ ပါသော်လည်း မခံယူပေ၊ ဤသန္တောသသည်ကား ထိုလွတ်လမ်းကိုရှာ ရဟန်း သံဃာ၏ သက်နီး၌ ရောင့်ရဲမှု 'ယထာလာဘသန္တောသ' မည်ပါပေ၏။

**သက်နိုင်း၌ ယထာဗလသန္တောသမည်ပုံ။** ။ပြကတေ့အားဖြင့် နည်းသော အား ရှိသည်ဖြင့် အနာရောဂါ အိုမင်းခြင်းသည် နှိပ်စက်အပ်သည်ဖြင့် ဖြစ်ခဲ့ပေအံ့၊ လေးသော သင်္ကန်းကို ဝတ်ရုံသည်ရှိသော် ပင်ပန်းအံ့၊ ဤသို့ ပင်ပန်းသည်ရှိသော် ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာသည် သဘောတူသော(ဝါ)တူသော သီလစသည် အဘိုရှိသော လွတ်လမ်းကိုရှာ ရဟန်းသံဃာနှင့်တကွ ထိုလေးသော သင်္ကန်းကို ဖလှယ်၍ ပေါ့သော သင်္ကန်းဖြင့် မျှတရောင့်ရဲသော်လည်း ရောင့်ရဲသည် မည်သည်သာလျှင် ဖြစ်ခဲ့ပါပေ၏၊ ဤသန္တောသမည်သည်ကား ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာ၏ သင်္ကန်း၌ 'ယထာဗလသန္တောသ' မည်ပါပေ၏။

**သင်္ကန်း၌ ယထာသာရုပ္ပသန္တောသမည်ပုံ။** ။တပါးသော လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် မွန်မြတ်သော ပစ္စည်းကို ရသည် ဖြစ်ခဲ့ပါပေ၏၊ ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာသည် အဝတ် သင်္ကန်းစသည်တို့တွင် တပါးပါးသော များသော အဘိုးထိုက်တန်သော အဝတ်သင်္ကန်းကိုဖြင့် များစွာကုန်သော အဝတ်သင်္ကန်းတို့ကိုဖြင့် ရသည်ရှိသော် ဤအဝတ်သင်္ကန်းသည် ဆယ်ဝါစလင့် ရဟန်းပြု၍ ကြာမြင့်ကြကုန်သော မထေရ်တို့အား သင့်လျော် လျောက်ပတ် ကောင်းမြတ်ပေ၏၊ ဤအဝတ်သင်္ကန်းသည် များသော အကြားအမြင် ရှိတော်မူကြကုန်သော လွတ်လမ်းကိုရှာ ရဟန်းသံဃာတို့အား သင့်လျော် လျောက်ပတ် ကောင်းမြတ်ပါပေ၏၊ ဤအဝတ်သင်္ကန်းသည် နာမကျန်းရှိကုန်သော လွတ်လမ်းကိုရှာ ရဟန်းသံဃာတို့အား ဖြစ်ပါပေ၏၊ ဤအဝတ်သင်္ကန်းသည် လာဘ်နည်းပါးကုန်သော လွတ်လမ်းကိုရှာ ရဟန်းသံဃာတို့အား ဖြစ်ပါပေ၏။

ဤသို့ စိရပဗ္ဗဇိတထေရ်, ဗဟုသုတ, ဂိလာန, အပ္ပလာဘီ ရဟန်းတို့အား ပေးလှူပြီးတော့မှရင် ထိုစိရပဗ္ဗဇိတထေရ်,ဗဟုသုတ,ဂိလာန,အပ္ပလာဘီ ရဟန်းတို့၏ သင်္ကန်းဟောင်းကိုမူလည်း ယူ၍ တံမြက်ချေးစုန့်ရာစသော အရပ်မှ အဝတ်စုတ်တို့ကိုမူလည်း ရွေးကောက်၍ ထိုအဝတ်စုတ်တို့ဖြင့် ဒုကုဋ္ဌသင်္ကန်းပြု၍ ဝတ်သော်လည်း ရောင့်ရဲသည်သာလျှင် ဖြစ်ခဲ့ပါပေ၏၊ ဤသည်ကိုပင်လျှင် ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာ၏သင်္ကန်း၌ 'ယထာသာရုပ္ပသန္တောသ' မည်ပါပေ၏။

**ဆွမ်း၌ ယထာလာဘသန္တောသ မည်ပုံ။** ။ဤသာသနာတော်၌ လွတ်လမ်းကိုရှာ ရဟန်း သံဃာသည် ခေါင်းပါး ကြမ်းတမ်းသည်လည်း ဖြစ်သော မွန်မြတ်သည်လည်း ဖြစ်သော ဆွမ်းဘောဇဉ်ကို ရခဲ့ပါပေ၏၊ ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာသည် ထိုလူခပဏီတ ဆွမ်းဘောဇဉ်ဖြင့်သာလျှင် မျှတ ရောင့်ရဲပါပေ၏၊ တပါးသော ဆွမ်းဘောဇဉ်ကို

မတောင့်တ၊ ရရှိခဲ့ပါသော်လည်း မခံယူ၊ ဤသည်ကိုပင်လျှင် ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာ၏ ဆွမ်းဘောဇဉ်၌ 'ယထာလာဘသန္တောသ' မည်ပါပေ၏။

**ဆွမ်း၌ ယထာဗလသန္တောသ မည်ပုံ။** ။တဖန် ဆက်ကြဦးစို့၊ အကြင် လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် ပြကတေ့ အားဖြင့် မသင့် ဆန့်ကျင်သည်လည်းဖြစ်သော အနာနှင့် မသင့်သည်လည်း ဖြစ်သော ဆွမ်းဘောဇဉ်ကို ရခဲ့ပါပေ၏၊ သုံးဆောင်အပ်သော အကြင်ဆွမ်းဖြင့် ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာအား မချမ်းသာ မမျှတသည် ဖြစ်ခဲ့ပါပေ၏၊

ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာသည် သဘောတူသော လွတ်လမ်းကိုရှာ ရဟန်းသံဃာအား ဆွမ်းဘောဇဉ်ကို ပေးလှူ၍ ထိုသဘောတူသော လွတ်လမ်းကိုရှာ ရဟန်းသံဃာ၏လက်မှ လျှောက်ပတ်သော ဘောဇဉ်ကို သုံးဆောင်မှီဝဲ၍ ရဟန်းတရားကို ပြုပြင်ပါသော်လည်း မျှတရောင့်ရဲသည်သာ ဖြစ်ခဲ့ပါပေ၏၊ ဤသည်ကိုပင်လျှင် ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာ၏ ဆွမ်းဘောဇဉ်၌ 'ယထာဗလသန္တောသ' မည်ပါပေ၏။

**ဆွမ်း၌ ယထာသာရုပ္ပသန္တောသ မည်ပုံ။** ။ဤယထာဗလသန္တောသ ပြီးသော အခါ များစွာသော မွန်မြတ်သော ဆွမ်းဘောဇဉ်ကို ရခဲ့ပါပေ၏၊ ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာသည် ထိုဆွမ်းဘောဇဉ်ကိုပင်လျှင် သင်္ကန်းကို ပေးပါဘိနှယ်သကဲ့သို့ ထိုအတူ စိရပဗ္ဗဇိတ ထေရ်, ဗဟုသုတ, အပ္ပလာဘီ, ဂိလာန ရဟန်းတို့အား ပေးလှူ၍ ထိုစိရပဗ္ဗဇိတ ထေရ်စသည်တို့၏ စားကြွင်းကိုသော်၎င်း ဆွမ်းဘောဇဉ်အလို့ငှါ လှည့်လည်၍ ပြောင်း ပဲ လူး နှမ်း ဆပ် ရောစပ်သော အာဟာရကိုသော်၎င်း သုံးဆောင် မှီဝဲပါသော်လည်း မျှတရောင့်ရဲသည်သာ ဖြစ်ခဲ့ပါပေ၏၊ ဤသည်ကိုပင်လျှင် ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာ၏ ဆွမ်းဘောဇဉ်၌ 'ယထာသာရုပ္ပသန္တောသ' မည်ပါပေ၏။

**အိပ်ရာနေရာ၌ ယထာလာဘသန္တောသ မည်ပုံ။** ။ဤသာသနာတော်၌ လွတ်လမ်းကိုရှာ ရဟန်း သံဃာသည် စိတ်နှလုံးကို ပွါးစေတတ်သည်လည်းဖြစ်သော စိတ်နှလုံးကို မပွါးစေတတ်သည်လည်းဖြစ်သော အိပ်ရာ နေရာကို ရခဲ့ပါပေ၏၊ ထိုလွတ်လမ်းကိုရှာ ရဟန်း သံဃာသည် ထိုမနာပ, အမနာပ ဖြစ်သော အိပ်ရာ နေရာဖြင့်ပင် ဝမ်းမြောက်ခြင်းကို မဖြစ်စေနိုင်၊ နှလုံးမသာယာခြင်းကိုလည်း မဖြစ်စေနိုင်ပေ၊ အောက်ထစ်ပိုင်းခြား အယုတ်ဆုံး အားဖြင့် ရရသမျှသာလျှင် ဖြစ်သော မြက်ခင်းဖြင့် သော်လည်း မျှတရောင့်ရဲ၏၊ ဤသည်ကိုပင်လျှင် ထိုလွတ်လမ်းကိုရှာ ရဟန်း သံဃာ၏ အိပ်ရာ နေရာ၌ 'ယထာလာဘသန္တောသ' မည်ပါပေ၏။

**အိပ်ရာနေရာ၌ ယထာဗလသန္တောသ မည်ပုံ။** ။တဖန် အကြင် လွတ်လမ်းကို ရှာ ရဟန်း သံဃာသည် မိမိ အား ပြကတေ့ အားဖြင့် မသင့်၊ ဆန့်ကျင်သည်လည်းဖြစ်သော အနာနှင့် မသင့်သည်လည်း ဖြစ်သော အိပ်ရာ နေရာကို ရခဲ့ပါပေ၏၊ အကြင် အိပ်ရာ နေရာ၌နေသော ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာအား မချမ်းသာသည် ဖြစ်ခဲ့ ပါပေ၏၊ ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာသည် ထိုအိပ်ရာ နေရာကို သဘောတူ သော လွတ်လမ်းကိုရှာ ရဟန်းသံဃာအား ပေးလှူပြီးတော့မှ ထို သဘာဂဖြစ် သော လွတ်လမ်းကိုရှာ ရဟန်း သံဃာ၏ ဥစ္စာဖြစ်သော လျောက်ပတ်သော အိပ်ရာ နေရာ၌ နေပါသော်လည်း မျှတ ရောင့်ရဲသည်သာလျှင် ဖြစ်ခဲ့ပါပေ၏၊ ဤသည်ကိုပင်လျှင် ထိုလွတ်လမ်းကိုရှာ ရဟန်း သံဃာ၏ အိပ်ရာ နေရာ၌ 'ယထာဗလသန္တောသ'မည်ပါပေ၏။

**အိပ်ရာနေရာ၌ ယထာသာရုပ္ပသန္တောသမည်ပုံ။** ။နောက်ပြီးတော့မှ တပါး သော လွတ်လမ်းကိုရှာ ရဟန်း သံဃာသည် ကြီးသော ဘုန်းရှိသည် ဖြစ်ခဲ့ပါပေ၏၊ ယာဉ် လိုဏ် မဏ္ဍပ် စုလစ်မွန်ချွန်တပ်သော ကျောင်းအစရှိကုန်သော များစွာကုန်သော မွန်မြတ် သော အိပ်ရာ နေရာတို့ကို ရခဲ့ပါပေ၏၊ ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာသည် ထိုအိပ်ရာ နေရာတို့ကို သင်္ကန်းကို ပေးပါဘိနှယ်သကဲ့သို့ ထိုအတူ စိရပဗ္ဗဇိတ ထေရ် စသည်တို့အား ပေးလှူ၍ အမှတ်မရှိ တစုံတခုသော နေရာ၌ နေငြားပါ သော်လည်း မျှတရောင့်ရဲသည်သာလျှင် ဖြစ်ခဲ့ပါပေ၏၊ ဤသည်ကိုပင်လျှင် ထို လွတ်လမ်းကိုရှာ ရဟန်းသံဃာ၏ အိပ်ရာ နေရာ၌ 'ယထာသာရုပ္ပသန္တောသ' မည်ပါပေ၏။

ဤမျှသာမကသေး အကြင် လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် မြတ်သော အိပ်ရာ နေရာ မည်သည် မေ့လျော့ရာဌာန မည်ပါပေ၏၊ ထိုမြတ်သော အိပ်ရာ နေရာ၌ နေထိုင်သော လွတ်လမ်းကိုရှာ ရဟန်းသံဃာအား ထိနမိဒ္ဓသည် သက် ဝင်၏၊ အိပ်ခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ တဖန် နိုးသော ရဟန်းအား အကုသလဝိတက်တို့သည် ထင်ရှား ဖြစ်ပါပေကုန်၏၊ ဤသို့ ဆင်ခြင်၍ ထိုသို့ သဘောရှိသော အိပ်ရာ နေရာသို့ ရောက်ပါသော်လည်း လက်မခံခဲ့ပေ၊ ထိုလွတ် လမ်းကိုရှာ ရဟန်းသံဃာသည် ထိုအိပ်ရာ နေရာကို ပယ်၍ လွင်တီးခေါင် သစ်ပင် ရင်းအနီး စသည်တို့၌ နေထိုင်ငြားပါသော်လည်း မျှတရောင့်ရဲသည်သာလျှင် ဖြစ်ခဲ့ပါပေ၏၊ ဤသည်ကိုပင်လျှင် ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာ၏ အိပ်ရာ နေရာ၌ 'ယထာသာရုပ္ပသန္တောသ'မည်ပါပေ၏။

**ဆေး၌ ယထာလာဘသန္တောသ မည်ပုံ။** ။ဆက်ကြဦးစို၊ လွတ်လမ်းကိုရှာ ရဟန်း သံဃာသည် မကောင်းသည်လည်း ဖြစ်သော ကောင်းသည်လည်း ဖြစ်သော ဆေးကို ရခဲ့ပါပေ၏၊ ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာသည် အကြင်ဆေးကို ရခဲ့ပါပေ၏၊ ထိုသို့ ရရသမျှသော ဆေးဖြင့်သာလျှင် မျှတ ရောင့်ရဲ၏၊ တပါးသော ဆေးကို မတောင့်တ၊ ရရှိပါသော်လည်း မခံယူပေ၊ ဤသည်ကိုပင်လျှင် ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာ၏အနာ၏ဆန့်ကျင်ဖက် အသက်၏အရံအကာ တန်းဆာ အဆောက်အဦဖြစ်သော ဆေး၌ 'ယထာလာဘသန္တောသ'မည်ပါပေ၏။

**ဆေး၌ ယထာဗလသန္တောသ မည်ပုံ။** ။တဖန် အကြင် လွတ်လမ်းကိုရှာ ရဟန်း သံဃာသည် ဆီကို အလိုရှိ၏၊ တင်လဲကို ရခဲ့ပါပေ၏၊ ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာသည် တင်လဲကို သဘောတူသော ရဟန်းသံဃာအား ပေးလှူ၍ ထိုသဘောတူဖြစ်သော ရဟန်းသံဃာ၏ လက်မှ ဆီကို ယူ၍ငင်း တပါးသော ဆီကိုသာလျှင် ရှာမှီး၍ငင်း ဆေးကို ပြုပြင် စီရင်ပြီးပါသော်လည်း မျှတ ရောင့်ရဲသည်သာလျှင် ဖြစ်ခဲ့ပါပေ၏၊ ဤသည်ကိုပင်လျှင် ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာ၏ အနာ၏ဆန့်ကျင်ဖက် အသက်၏ အရံအကာ တန်းဆာ အဆောက်အဦ ဖြစ်သော ဆေး၌ 'ယထာဗလသန္တောသ' မည်ပါပေ၏။

တပါးသော ဘုန်းကံကြီးသော ရဟန်းသည် ဆီ ပျား တင်လဲ စသော မွန်မြတ်သော ဆေးကို ရရှိခဲ့ပါပေ၏၊ ထိုရဟန်းသံဃာသည် ထိုဆေးကိုသာလျှင် သက်န်းကို ပေးပါဘိန္နယ်သကဲ့သို့ ထိုအတူ စိရပဗ္ဗဇိတထေရ် စသည်တို့အား ပေးလှူ၍ ထိုမထေရ်တို့၏ ဆောင်အပ်သော အမှတ်မရှိ တစုံတခုသော ဆေးဖြင့် မျှတ ရောင့်ရဲပါသော်လည်း မျှတရောင့်ရဲသည်သာလျှင် ဖြစ်ခဲ့ပါပေ၏။

**ဆေး၌ ယထာသာရုပ္ပသန္တောသမည်ပုံ။** ။ဤမျှသာ မကသေး အကြင် လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် တခုသောခွက်၌ နွားကျင်ငယ်သေးပုပ်ဖြင့်စိမ်သော ကြဇုသဖန်းခါးကို ပေးလှူ၍ တခုသောခွက်၌ စတုမဓုကို အရှင်ဘုရား အကြင်ဆေးကို အလိုရှိ၏၊ ထိုဆေးကို ယူတော်မူပါလော့ ဤသို့ ဆိုခဲ့ပါသည်ရှိသော် ထိုရဟန်းအား ထိုကြဇုသဖန်းခါး စတုမဓုတို့တွင် တခုခုဖြင့်လည်း အနာရောဂါသည် ငြိမ်းအံ့၊ ထိုသို့ငြိမ်းပါငြားသော်လည်း နွားကျင်ငယ်သေးပုပ်ဖြင့် စိမ်သော ကြဇုသဖန်းခါးကို မြတ်စွာဘုရားသခင် အစရှိသည်တို့သည် ချီးမွမ်းတော်မူအပ်ပါပေ၏၊ ဤသို့ အောက်မေ့

အမှတ်ပြု၍ စတုမဓုကိုပယ်၍ နွားကျင်ငယ်သေးပုပ်ဖြင့် စိမ်သော ကြဇာသဖန်းခါး သီးဖြင့်သာလျှင် ဆေးကို ပြုပြင်စီရင်ငြားပါသော်လည်း အလွန်မြတ်သော မျှတ ရောင့်ရဲသည် မည်သည်သာလျှင်တည်း၊ ဤသည်ကိုပင်လျှင် ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာ၏ အနာ၏ ဆန့်ကျင်ဖက် အသက်၏ အရံအကာ တန်းဆာ အဆောက်အဦဖြစ်၍ဖြစ်သော ဆေး၌ 'ယထာသာရုပ္ပသန္တောသ' မည်ပါပေ၏။

သက်န်းသုံးထည်, သပိတ်, ဒန်ပူဖြတ်ကြောင်းဖြစ်သောပဲခွပ်ဒါး, အပ်, ခါးပန်း ကြိုး, ရေစစ်ဟု ဆိုအပ်ကုန်သော ရှစ်ပါးသော ပရိက္ခရာတို့သည် ကမ္မဋ္ဌာန်းစီးဖြန်း ခြင်းနှင့်ယှဉ်သော ပစ္စယသန္တောသနှင့် ပြည့်စုံသည့် ရဟန်းသံဃာအား သင့် လျော် လျောက်ပတ်ပေကုန်၏။

သန္တောသ ၁၂-ပါး ပြီး၏။

---

## ဝိဝိတ္တ (ဆိတ်ငြိမ်သောကျောင်း)

(ဝိဘင်္ဂပါဠိ ဈာနဝိဘင် ၂၆၀)

**ဆိတ်ငြိမ်ရာကျောင်းဟူရာ၌ အဘိဓမ္မာနည်း**

တရားတော်ကို အားသစ်လိုသော သမ္မာဆန္ဒ ရှိ ကြကုန်သော ပါရမီရှင်အများတို့အား ဆိတ်ငြိမ် ရာဌာန "ဝိဝိတ္တ"ကျောင်းတို့ကို သိနားလည်ရ ပါမည်၊ ဆိတ်ငြိမ်ရာဌာန 'ဝိဝိတ္တ'ကျောင်းဟူသည် အောက်တွင် ညွှန်ပြပါရှိသော ကျောင်းတော်များ ဖြစ်ပါသည်။

(က) အနီး၌ ကျောင်းသည် အကယ်၍ ဖြစ်ခဲ့ပါသည်ရှိသော် ထို ကျောင်းတော်သည် လူအပေါင်းတို့နှင့်၎င်း လွတ်လမ်းကိုရှာ ရဟန်းသံဃာအပေါင်းတို့နှင့်၎င်း (ရှုတ်ထွေး ပွေလီ) ရောပြွမ်း ဆက်စပ်မှု မရှိမှသာလျှင် ထိုဌာနကို ဆိတ်ငြိမ်ရာဌာန 'ဝိဝိတ္တ' ဟူ၍ မှတ်ယူရပါမည်။

(ခ) အဝေး၌ ကျောင်းသည် အကယ်၍ ဖြစ်ခဲ့ပါသည်ရှိသော် ထို ကျောင်းတော်သည် လူအပေါင်းတို့နှင့်၎င်း လွတ်လမ်းကိုရှာ ရဟန်းသံဃာအပေါင်းတို့နှင့်၎င်း (ရှုတ်ထွေး ပွေလီ) ရောပြွမ်း ဆက်စပ်မှု မရှိမှသာလျှင် ထိုဌာနကို ဆိတ်ငြိမ်ရာဌာန 'ဝိဝိတ္တ' ဟူ၍ မှတ်ယူရပါမည်။

## ဝိဝိတ္တ

(သီလက္ခန္ဓဝဂ္ဂပါဠိတော် ၆၇)

**ဆိတ်ငြိမ်သောကျောင်းဟူရာ၌ သုတ္တန်နည်း** လွတ်လမ်းကိုရှာသော ရဟန်းသံဃာအပေါင်းသည် ဆိတ်ငြိမ်သော ကျောင်းတို့သို့ ချဉ်းကပ်ရပေမည်။အဲဒီ ဆိတ်ငြိမ်သော ကျောင်းတို့မည်သည် အဘယ်နည်း၊ အောက်တွင် အမှတ်ပြထားသော ကျောင်းများ ဖြစ်ပါပေသည်။

(၁) အရည=တော

(၂) ရုက္ခမူလ=သစ်ပင်ရင်းအနီး

(၃) ပဗ္ဗတ=တောင်

(၄) ကန္ဒရ=ချောက်

(၅) ဂိရိဂုဟ=တောင်ကြား

(၆) သုသာန=သုသာန်

(၇) ဝနပတ္ထ=တောခြုံ

(၈) အဗ္ဘောကာသ=လွင်တီးခေါင်

(၉) ပလာလပုဉ္ဇ=ကောက်ရိုးစုတို့ ဖြစ်ကြပေသည်။

## အရည

(သမ္မောဟဝိနောဒနီ အဋ္ဌကထာ·၃၅၀)

**ပိဋကတ်တော်သုံးပါးအရ တောအကြောင်း။** ။တောမည်သည် (က)ဝိနည်းပရိယာယ်အားဖြင့် ရွာကိုရင်း ရွာ၏ ဥပစာကိုရင်း ထား၍ အလုံးစုံသော အရပ်သည် တောမည်၏။(ခ) အဘိဓမ္မာနည်းအားဖြင့် တံခါးခုံမှထွက်၍ အပြင်ဖက်ဖြစ်သည့် အလုံးစုံသော အရပ်သည် တောမည်၏။ (ဂ) သုတ္တန်နည်းအားဖြင့် အနီးကပ်ဆုံး ရေတွက်ခဲ့ပါသော် ကုလလေးတာ·အပြန်ငါးရာရှိသော နေရာ၌ရှိသော ကျောင်းသည် တောမည်၏။

**သစ်ပင်ရင်းအနီးအကြောင်း။** ။သစ်ပင်ရင်းအနီးဟူသည် အလုံးစုံသော ချမ်းအေးသော အရိပ်ရှိသော ကင်းဆိတ်သော သစ်ပင်၏အနီးပေတည်း။

**တောင်အကြောင်း။** ။တောင်ဟူသည် ကျောက်တောင်, မြေတောင်, ကျောက်မြေရောစပ် သုံးရပ်သော တောင်တည်း၊ ထိုတောင်၌ ကျောက်ရေကန်များသည် ရှိခဲ့ပါပေ၏၊ ထိုကျောက်ရေကန်တို့၌ရေ (သောက်ချိုး

ခြင်း)ကိစ္စကို ပြုပြီးတော့မှရင် အေးချမ်းသော သစ်ပင်ရိပ်ဝယ် နေလျက် အထူး ထူးသော အရပ်မျက်နှာတို့သည် ထင်ခဲ့ပါကုန်သည်ရှိသော် အေးမြသော လေ သည် ယပ်ခပ်အပ်သော် လွတ်လမ်းကိုရှာ ရဟန်းသံဃာ၏စိတ်သည် တခုတည်း သော အာရုံရှိသည် ဖြစ်ခဲ့ပါပေ၏။

ချောက်အကြောင်း။ ။ချောက်ဟူသည် ရေဖြင့် ဖောက်ခွဲအပ်သော ရေ ကြောင့် ပေါက်ကွဲသော တောင်အရပ်သို့ အကြင် တောင်အရပ်ကို တောင်ခါးပန်းဟူ၍ရင်း နွယ်သစ်ခက် မြက်စသော အမှိုက် စသည်တို့ဖြင့် ပိတ်ဖုံးထားပေသော ခြုံအိမ်ဟူ၍ရင်း (တောင်ကွေ့ဟူ၍ရင်း) ဆိုရပေမည်။

ထိုတောင်အရပ် ချောက်၌ ငွေပြားနှင့်တူသော သဲသည် ဖြစ်ခဲ့ပေ၏၊ ထိပ်၌ မြဖိတာန်ကဲ့သို့ တောအုပ်သည် ဖြစ်ခဲ့ပါပေ၏၊ မြတုံးနှင့်တူသော ရေသည် စီး ဆင်းပေ၏၊ ဤသို့ သဘောရှိသော တောင်ချောက်သို့ သက်ဆင်း၍ သောက် ရေကို သောက်ပြီးတော့မှရင် ကိုယ်တိုကို အေးအောင်ပြုလျက် သဲကို စုပုံ၍ ပံသုကူသင်္ကန်းကို ခင်းထား၍ နေထိုင်လျက် ရဟန်းတရားကို အားထုတ်သော လွတ်လမ်းကိုရှာ ရဟန်းသံဃာ၏ စိတ်သည် တည်ကြည်ခြင်းသည် ဖြစ်ခဲ့ပါပေ၏။

**တောင်ကြားအကြောင်း။** ။တောင်ကြားဟူသည် တောင်နှစ်လုံးတို့၏ အလယ် အကြားဝယ် တောင်တလုံးတည်း၌ ဥမင်လိုဏ် ခေါင်းနှင့်တူသော ကြီးကျယ်သော အခေါင်းအပေါက်ပေတည်း။

**သုသာန်အကြောင်း။** ။သုသာန်ဟူသည် သုသာန်ဆိုသည်မှာ ဤနေရာသည် သုသာန်ပါပဲဟူ၍ အမည်ကို သတ်မှတ်ထားရုံဖြင့် သုသာန်၏လက္ခဏာ မမြောက်သေးခဲ့ချေ၊ သူသေ(အလောင်း)တခုခုကို မီး သင်္ဂြိုဟ်ပြီးသော အခါမှစပြီးတော့ရင် သုသာန်ဟူ၍ ခေါ်ဆိုရပေမည်၊ အဘယ့် ကြောင့်ဆိုသော် သုသာန်ဟူ၍ သတ်မှတ်ထားသော နေရာဝယ် အနည်းဆုံး သူသေ(အလောင်း)ကောင် အိပ်ပြီးကာမျှဖြင့် သုသာန်ဟူ၍ ခေါ်ဆိုရပေမည်၊ ထို့ကြောင့် သူသေ(အလောင်း)ကောင်တို့၏ အိပ်ရာကို သုသာန်ဟူ၍ ခေါ်ဆိုရ ပေမည်။ (ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ပ၊ ၁၀၀)

**တောခြုံအကြောင်း။** ။တောခြုံဟူသည် ရပ်ရွာအနီးကို ကျော်လွန်၍ လူ အပေါင်းတို့၏ မသွားမလာရာအရပ်၊ အကြင် အရပ်၌ လူအပေါင်းတို့သည်(လယ်ယာစသည်တို့ကို) ထွန်ယက်စိုက်ပျိုးခြင်းကို မပြုကုန်၊ ထိုအရပ်ကို တောခြုံဟူ၍ ခေါ်ဆိုရပေမည်။ (အဘိ၊ဋ္ဌ၊၂၊၃၅၁)။

**လှင်တီးခေါင်အကြောင်း။** ။လှင်တီးခေါင်ဟူသည် အမိုးမရှိသော လှင်တီးခေါင်အရပ်ပေတည်း၊ အလိုရှိသော လှတ်လမ်းကိုရှာ ရဟန်းသံဃာသည် ဤအမိုး မရှိသော အရပ်၌ သက်နီးကုဋ္ဌိကို ပြုပြီး တော့မှရင် နေခဲ့ပါပေ၏။

**ကောက်ရိုးစုအကြောင်း။** ။ကောက်ရိုးစုဟူသည် ကောက်ရိုးပုံ ပေတည်း၊ ကြီးကျယ်သော ကောက်ရိုးစုပုံမှ ကောက်ရိုးကို ဆွဲထုတ် စုရုံး၍ တောင်ခေါင်းလိုဏ်နှင့်တူကုန်သော နေရာတို့ကို ပြုကြပေကုန်၏၊ ခြုံကြီး ခြုံငယ်စသည်တို့၏လည်း အထက်၌ ကောက်ရိုးကို ထည့်ကြကုန်၍ အောက်၌ နေကြကုန်လျက် ရဟန်းတရားတို့ကို ပြုကြပေကုန်၏။

ဤသည်တို့ကို ကိုးပါးသော ကျောင်းဟူ၍ ခေါ်ဆိုရပေမည်။

သေနာသန

(ဝိဘင်္ဂပါဠိ စူဠနိဝိဘင်္ဂ-၂၆၀)

ကျောင်းတို့မည်သည် အောက်ပါအတိုင်း ဖြစ်ပါပေသည်—

(၁) ညောင်စောင်းသည်လည်း ကျောင်းမည်ပါပေ၏။

(၂) အင်းပျဉ်သည်လည်း ကျောင်းမည်ပါပေ၏။

(၃) ဘုံလျှိုသည်လည်း ကျောင်းမည်ပါပေ၏။

(၄) ခေါင်းအုံးသည်လည်း ကျောင်းမည်ပါပေ၏။

(၅) ကျောင်းသည်လည်း ကျောင်းမည်ပါပေ၏။

(၆) တဖက်စောင်းမိုးသော ကျောင်းသည်လည်း ကျောင်းမည်ပါပေ၏။

(၇) ပြာသာဒ်သည်လည်း ကျောင်းမည်ပါပေ၏။

(၈) ပြအိုးသည်လည်း ကျောင်းမည်ပါပေ၏။

(၉) တန်ဆောင်းသည်လည်း ကျောင်းမည်ပါပေ၏။

(၁၀) လိုဏ်သည်လည်း ကျောင်းမည်ပါပေ၏။

(၁၁) ဂူသည်လည်း ကျောင်းမည်ပါပေ၏။

(၁၂) သစ်ပင်ရင်းသည်လည်း ကျောင်းမည်ပါပေ၏။

(၁၃) ဝါးရုံသည်လည်း ကျောင်းမည်ပါပေ၏။

## သေနာသန

(သမ္မောဟဝိနောဒနီ အဋ္ဌကထာ-၃၄၉)

**ညောင်စောင်း(အိပ်ရာ ခင္ဒင်)၄-မျိုး။** ။ညောင်စောင်းဟူသည် (က) မသာရကာ=အခြေ၌ အပေါင် တပ်သော ညောင်စောင်း (ခ) ဗုန္ဒိကာဗဒ္ဓ=အခြေနှင့် အပေါင် စပ်လျက်ရှိသော ညောင်စောင်း (ဂ)ကုဠီရပါဒက=ပုဇွန်ခြေသဏ္ဌာန်အခြေရှိသော ညောင်စောင်း (ဃ) အာဟစ္စပါဒက=အပေါင်၌ အခြေစွပ်တပ်သော ညောင်စောင်းဟူ၍ ညောင်စောင်း(အိပ်ရာ ခင္ဒင်) ၄-မျိုး ရှိပါပေသည်။

**အင်းပျဉ်(စားပွဲ ကုလားတိုင်)၄-မျိုး။** ။အင်းပျဉ်ဟူသည်-(က) မသာရက=အခြေ၌ အပေါင်တပ်သော အင်းပျဉ် (ခ) ဗုန္ဒိကာဗဒ္ဓ=အခြေနှင့် အပေါင်စပ်လျက်ရှိသော အင်းပျဉ် (ဂ) ကုဠီရပါဒက=ပုဇွန်ခြေသဏ္ဌာန် အခြေရှိသော အင်းပျဉ် (ဃ) အာဟစ္စပါဒက=အပေါင်၌ အခြေစွပ်တပ်သော အင်းပျဉ်ဟူ၍ အင်းပျဉ်(စားပွဲ ကုလားထိုင်) ၄-မျိုး ရှိပါပေသည်။

**ဘုံလျှိ(ဖုံ မွေ့ရာ)၅-မျိုး။** ။ဘုံလျှိဟူသည်- (က) ဥဏ္ဏာဘိသိ = သားမွေး အဆာ သွတ်သော ဘုံလျှိ (ခ) စောဠဘိသိ=ပုဆိုးအဆာ သွတ်သော ဘုံလျှိ (ဂ) ဝါကဘိသိ=လျှော်အဆာ သွတ်သော ဘုံလျှိ (ဃ) တိဏဘိသိ=မြက်အဆာ သွတ်သော ဘုံလျှိ (င) ပဏ္ဏဘိသိ=သစ်ရွက်အဆာ သွတ်သော ဘုံလျှိဟူ၍ ဘုံလျှိ(ဖုံ မွေ့ရာ) ၅-မျိုး ရှိပါပေသည်။

**ခေါင်းအုံး။** ။ခေါင်းအုံးဟူသည် ဦးခေါင်းပမာဏရှိသော ခေါင်းအုံးတည်း၊ ထိုခေါင်းအုံးသည် အနံအားဖြင့် တထွာ လက်လေးသစ် အလျားအားဖြင့် ညောင်စောင်းအနံ ပမာဏသည် သင့်လျော် လျောက်ပတ်ကောင်းမြတ်ပါပေ၏။

**ကျောင်း။** ။ကျောင်းဟူသည် ထက်ဝန်းကျင်မှ ရှောင်လွှဲသော လမ်းခရီးရှိသော ကျောင်းတွင်း၌သာ ညဉ့်နေရာ နေ့နေရာတို့ကို ပြု၍ ဆောက်လုပ်သော ကျောင်းမည်ပါပေသည်။

**တဖက်စောင်းမိုးသောကျောင်း။** ။တဖက်စောင်းမိုးသော ကျောင်းဟူသည်-ဂဠုန်တောင်တဖက်ရပ် တဖက်စောင်းမိုးသော အိမ်အထူးသည် ကျောင်းမည်ပါပေသည်။

**ပြာသာဒ်။** ။ပြာသာဒ်ဟူသည်-အထွတ် ၂-ခုတို့ကို ယူ၍ ဆောက်လုပ်အပ်သော ပြာသာဒ်ရှည်မျိုးဖြစ်ပါပေသည်။

**ပြုအိုး။** ။ပြုအိုးဟူသည်–ရန်သူ မင်း အစရှိသည်တို့ကို တားမြစ်ခြင်းငှါ အုတ်တို့ဖြင့် ပြုအပ်သော ထူထဲသော နံရံရှိသော ဘုံ ၄-ဆင့် ၅-ဆင့်ရှိသော မိုရာအထူး ဖြစ်ပါပေသည်။

**တန်ဆောင်း။** ။တန်ဆောင်းဟူသည်–ဆွမ်းစားစရပ်နှင့် တူသော မဏ္ဍပ်တန်ဆောင်းဖြစ်ပါပေသည်။ ဝိနည်းအလိုအားဖြင့် တခုသော အထွတ်ဖြင့် ရေတွက်အပ်သော လေးထောင့်ရှိသော ပြာသာဒ်ရှည် ဖြစ်ပါပေသည်။

**လိုဏ်။** ။လိုဏ်ဟူသည်–တောင်ကို တူး၍ဖြစ်စေ လိုဏ်ခေါင်း ပြုလုပ်ခြင်းငှါ မလောက်သော အရပ်၌ နံရံကို တက်စေ၍ဖြစ်စေ ပြုအပ်သော ကျောင်းမည်ပါပေသည်။

**ဂူ။** ။ဂူဟူသည်–နေ့ညဉ့်ပတ်လုံး ဆီမီးထွန်းခြင်းငှါ ရအပ်သော မြေချောက်ဖြစ်ပါသည်။ တောင်ချောက် ဖြစ်စေ, မြေချောက်ဖြစ်စေ ဂူမည်ပါပေသည်။

**သစ်ပင်ရင်း။** ။သစ်ပင်၏အောက်၌ အရံရှိသော်ဖြစ်စေ အရံမရှိသော်ဖြစ်စေ သစ်ပင်ရင်း မည်ပါပေသည်။

**ဝါးရုံ။** ။ဝါးရုံဟူသည်–ဝါးခြုံပင် မည်ပါပေသည်။

အကြင်လွှတ်လမ်းကိုရှာ ရဟန်းသံဃာတို့သည် စုပေါင်းလျက် အစည်းအဝေး ပြုကြကုန်၏၊ ထိုလွှတ်လမ်းကိုရှာ ရဟန်းသံဃာတို့ စုပေါင်းစည်းဝေးရာအရပ်ဌာနသည်ပင်လျှင် (အကြပ်အရပ်၌ အိပ်လည်း အိပ်ရ၏၊ နေလည်း နေရ၏၊ ထိုအရပ်သည်) ကျောင်း မည်ပါပေ၏။

ဝိဂ္ဂတ္တ(ဆိတ်ငြိမ်သောကျောင်း)ပြီး၏။

---

## နီဝရဏပ္ပဟာနကထာ

(သီလက္ခန် အဋ္ဌကထာ-၁၉၀)

### မပယ်အပ်သေးသော နီဝရဏငါးပါးကို ဥပမာဖြင့် ပြခြင်း

**ကာမစ္ဆန္ဒနီဝရဏသည် ကြွေးမြီယူသူနှင့် တူပုံ။** ။မပယ်အပ်သေးသော ကာမစ္ဆန္ဒနီဝရဏကို ကြွေးမြီရှိသူနှင့်တူသည်ကိုပြဆိုရာ၌ အကြင်ယောကျ်ားသည် တပါးကုန်သော သူတို့၏အထံမှ

ကြွေးမြီကိုယူ၍ ပျက်စီးစေ၏၊ ထိုယောက်ျားသည် ထိုကြွေးမြီရှင်တို့က ကြွေးမြီကို ပေးလော့ဟု တောင်းခံပါသော်ငြင်း ကြမ်းတမ်းသောစကားကို ပြောဆိုခဲ့ပါသော်ငြင်း တုပ်ချည်နှောင်ခဲ့ပါသော်ငြင်း ရိုက်နှက်ပုတ်ခတ် နှိပ်စက်ခဲ့ပါသော်ငြင်း တစုံတခုနှင့်မျှ တုံ့ပြန်အံ့သောငှါ မစွမ်းနိုင်၊ ကြွေးမြီရှင်၏ ပြုလုပ်သမျှကိုသာ သည်းခံပြီးတော့မှုရင် နေရပေ၏၊ ထိုယောက်ျားသည် တပါးကုန်သောသူတို့၏အထံမှ ကြွေးမြီကို ယူထားမိလေသောကြောင့် သည်းခံရခြင်း ဖြစ်ပါပေ၏။

ဤဥပမာနှင့်မခြား အလားတူစွာသာလျှင် အကြင်ပုဂ္ဂိုလ်သည် အကြင်ဝတ္ထု၌ ကာမစ္ဆန္ဒဖြင့် တပ်နှစ်သက်၏၊ ထိုတဏှာနှင့်တကွဖြစ်သော စိတ်ဖြင့် ထိုတဏှာ၏ အကြောင်းဖြစ်သော ဝတ္ထုကို စွဲလမ်းသောကြောင့် ကာမစ္ဆန္ဒ၏ တည်ရာဖြစ်သော ပုဂ္ဂိုလ်သည် ကြမ်းတမ်းသောစကားကို ပြောဆိုခဲ့ပါသော်ငြင်း တုပ်ချည်နှောင်ခဲ့ပါသော်ငြင်း ရိုက်နှက်ပုတ်ခတ် နှိပ်စက်ခဲ့ပါသော်ငြင်း ကြွေးမြီရှင်၏ ပြုလုပ်သမျှကိုသာ သည်းခံပြီးတော့မှုရင် နေရပေ၏၊ ထိုယောက်ျားအား ကာမစ္ဆန္ဒသည် ဖြစ်ခဲ့ရာ၏၊ သည်းခံခြင်းနှင့်တူသော ရာဂပြခန်းသော အကုသိုလ်စိတ္တုပ္ပါဒ်၏ အကြောင်းသည် ဖြစ်ခဲ့ပေ၏၊ အဘယ်ကဲ့သို့နည်းဟူမူ အိမ်ရှင်တို့သည် ရိုက်နှက်ပုတ်ခတ် နှိပ်စက်အပ်ကုန်သော မိန်းမတို့၏ သည်းခံခြင်းကဲ့သို့ပင် ဖြစ်ပါပေ၏၊ ဤသို့ ကြွေးမြီရှိသူကဲ့သို့ ကာမစ္ဆန္ဒနီဝရဏကို မှတ်ယူထားရပေမည်။

**ဗျာပါဒနီဝရဏသည် ရောဂါသည်နှင့် တူပုံ။** ။မပယ်အပ်သော ဗျာပါဒနီဝရဏကို ရောဂါသည်နှင့် တူသည်ကို ပြဆိုရာ၌ သည်းခြေနာ နှိပ်စက်အပ်သောသူသည် ပျား သကြား သကာ တင်လဲစသည်တို့ကို ပေးအပ်ငြားပါကုန်သော်လည်း သည်းခြေနာ နှိပ်စက်အပ်သောကြောင့် ထိုပျား သကြား သကာ တင်လဲစသည်တို့၏ အရသာကို မသိမရ မခံစားနိုင်ပေ၊ အလွန် ခါးခါးတောက်တောက်ကြီးပါတကားဟု ထွေးအန်ပစ်သည် ဖြစ်သကဲ့သို့ ဤဥပမာနှင့်မခြား အလားတူစွာသာလျှင် ကောဓကြောင့် ဖောက်ပြန်ပျက်စီးသောစိတ် ရှိပါသောသူသည် အကျိုးစီးပွါးကို အလိုရှိကုန်သော ဆရာဥပဇ္ဈာယ်တို့သည် အနည်းငယ်မျှ ဆုံးမပဲ့ပြင် သွန်သင်အပ်သည် ရှိခဲ့ပါသော်လည်း အဆုံးအမ ဩဝါဒကို နာယူမှု မရှိကြပေ။

ငါ့အား သင်တို့သည် အလွန်နှိပ်စက်ကြပါပေကုန်၏၊ ဤသို့အစရှိသော နှုတ်လှံ့ထိုးသောစကားတို့ကို ပြောဆိုကြကုန်လျက် ထိုထို ဤဤ လှည့်လည်သွားလာ၍ လူထွက်ကြပေကုန်၏၊ သည်းခြေနာ နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် ထိုယောက်ျားသည် ပျား သကြား သကာ တင်လဲအစရှိသည်တို့၏ အရ

သာကို မသိ, မရ, မခံစားရဘိသကဲ့သို့ ကောဓသည် နှိပ်စက်အပ်သောကြောင့် ဈာန်ချမ်းသာစသည် အပြားရှိသော သာသနာတော်၏ အရသာကိုမသိမရ မခံစားနိုင်ပေဟု အနာရောဂါရှိသောသူကဲ့သို့ ဗျာပါဒနိဝရဏကို မှတ်ယူထားရပေမည်။

**ထိနမိဒ္ဓနိဝရဏသည် ထောင်အိမ်တွင်း၌ ရှိသူနှင့် တူပုံ။** ။မပယ်အပ်သေးသော ထိနမိဒ္ဓ-နိဝရဏကို ထောင်အိမ်တွင်း၌ ရှိသူနှင့်တူသည်ကို ပြဆိုရာ၌ နက္ခတ်ပွဲသဘင်နေ့၌ ထောင်အိမ်ထဲတွင် တုပ်ချည်ဖွဲ့နှောင် ချုပ်ထားအပ်သော ယောကျ်ားသည် နက္ခတ်ပွဲလမ်းသဘင်နေ့၏ အစကို မမြင်ပေ၊ နက္ခတ်ပွဲလမ်းသဘင်နေ့၏ အလယ်ကိုလည်း မမြင်ပေ၊ နက္ခတ်ပွဲလမ်းသဘင်နေ့၏ အဆုံးကိုလည်း မမြင်ပေ၊ ထိုယောကျ်ားသည် နှစ်ရက်မြောက်သောနေ့၌ ထောင်အိမ်မှ လွတ်လာခဲ့ပါသည်ရှိသော် ယမန်နေ့ နက္ခတ်ပွဲလမ်းသဘင်သည် သြော် စိတ်နှလုံးကို ပွါးစေတတ်ပါပေ၏၊ ကကြခြင်းသည်ရှင်း ဆိုကြခြင်းသည်ရှင်း အလွန် နှစ်လိုဖွယ်ရာကောင်းပါပေ၏၊ ဤသို့အစရှိသော စကားတို့ကို ကြားရပါသော်လည်း စကားတုံ့ကို မပေးနိုင်ခဲ့ပေ၊ အဘယ်သို့သော အကြောင်းကြောင့် ထိုယောကျ်ားသည် စကားတုံ့ကို မပေးနိုင်ခဲ့လေသနည်း၊ ထိုယောကျ်ားသည် နက္ခတ်ပွဲလမ်းသဘင်ကို မတွေ့ထိ မခံစားအပ်သည်၏ အဖြစ်ကြောင့်ပင်တည်း။

ထိုသို့ နက္ခတ်ပွဲလမ်းသဘင်ကို မတွေ့ မခံစားအပ်သည်၏ အဖြစ်ကြောင့် စကားတုံ့ကို မပေးနိုင်ဘိသကဲ့သို့ ဤ ဥပမာနှင့်မခြား အလားတူစွာသာလျှင် ထိန,မိဒ္ဓသည် နှိပ်စက်အပ်သော လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် ဆန်းကြယ်သော နည်းရှိသော နာအပ်သော တရားသည် ဖြစ်ငြားပါသော်လည်း ထိုနာအပ်သော တရားတော်၏ အစကို မသိ၊ နာအပ်သော တရားတော်၏ အလယ်ကိုလည်း မသိ၊ နာအပ်သော တရားတော်၏ အဆုံးကိုလည်း မသိ၊ ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာသည်လည်း တရားတော်ကို နာကြားပြီးသည်ရှိခဲ့ပါသော် တရားတော်ကို နာကြားခြင်းသည် သြော်....အံ့သြဖွယ် ရှိပါပေစွတကား၊ အကြောင်းသည်လည်း သြော်....အံ့သြဖွယ် ရှိပေစွတကား၊ ဥပမာသည်လည်း သြော်–အံ့သြဖွယ် ရှိပါပေစွတကား၊ အဲဒီလို နာကြားအပ်သော တရားတော်၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းပြောဆိုကြကုန်သော သူတို့၏ စကားကို ကြားနာနေရပါသော်လည်း စကားတုံ့ပြန်ကို မပေးနိုင်ခဲ့ပေ။

အဘယ်သို့သော အကြောင်းကြောင့် စကားတုံ့ပြန် မပေးနိုင်ခဲ့လေသနည်း၊ ထိန-မိဒ္ဓ အစွမ်းဖြင့် တရားတော်လာ စကားများကို မခံစားရသည်၏ အဖြစ်

ကြောင့် စကားတုံ့ပြန်ခြင်းကို မပေးနိုင်ခဲ့ပေ၊ ဤသို့သော ထောင်အိမ်၌ ဖွဲ့မိသော သူကဲ့သို့ ထိန-မိဒ္ဓ-နီဝရဏကို မှတ်ယူထားရပေမည်။

**ဥဒ္ဓစ္စ-ကုက္ကုစ္စနီဝရဏသည် ကျွန်နှင့်တူပုံ။** ။မပယ်အပ်သေးသော ဥဒ္ဓစ္စ-ကုက္ကုစ္စ နီဝရဏကို ကျွန်နှင့်တူသည်ကို ပြဆိုရာ၌ နက္ခတ်ပွဲလမ်းသဘင်ကို ကစားလိုသော ကျွန်သည်လည်း အဆောတလျင် ချောင်တခင်ပြုအပ်သော ဤမည်သော ပြုဖွယ်ကိစ္စသည် ဝေကန်ပင် ရှိခဲ့ပါပေ၏၊ လျင်မြန်စွာ ထိုအရပ်သို့ သွားလော့၊ ထိုသို့မဟုတ် မသွားပါပဲလျက်နှင့် နေခဲ့ပါသည်ရှိသော် သင်၏ လက်ခြေကိုသော်၎င်း၊ နား နှာခေါင်းကိုသော်၎င်း ဖြတ်တောက်ပေအံ့ဟု ဆိုလိုက်ခဲ့ပါသည်ရှိသော် ထိုကျွန်သည် လျင်မြန်စွာ ထိုအရပ်သို့ သွားရပေတော့သည်သာလျှင်တည်း၊ နက္ခတ်ပွဲလမ်းသဘင် ကျင်းပရာ အစ-အလယ်-အဆုံး သုံးပါးစလုံးကိုကား ခံစားအံ့သောငှါ မရနိုင်ပေ၊ အဘယ်သို့သော အကြောင်းကြောင့်နည်းဟူမူ—သူတပါးနှင့် စပ်သည်၏ အဖြစ်ကြောင့်သာလျှင် ခံစားခွင့်ကို မရနိုင်ပေ။

ဤအတူသာလျှင် ဝိနည်းတရားတော်၌ အသိဉာဏ်ကင်းသဖြင့် မဆုံးဖြတ်နိုင်သော ရဟန်းသည် ဝိဝေကအကျိုးငှါ တောမှိုင်ဝနာသို့ ဝင်ပြီးပါသော်လည်း တစုံတခုသော ဝတ္ထု၌သာလျှင် အောက်ထစ်ပိုင်းခြား အယုတ်ဆုံးအားဖြင့် အပ်သော အသား၌လည်း မအပ်သော အသားဟူသော အမှတ်သညာဖြင့် ဖြစ်သော ကာယဝိဝေက ကိုယ်၏ဆိတ်ငြိမ်မှုကို စွန့်ပယ်၍ သီလစင်ကြယ်စေခြင်း အလို့ငှါ ဝိနည်းကို ဆောင်သော ရဟန်း၏ အထံတော်သို့ သွားရောက်အပ်ပေ၏။

ကာယဝိဝေကသုခ ကိုယ်၏ ဆိတ်ငြိမ်မှု ချမ်းသာကို ခံစားအံ့သောငှါ မရပေ၊ အဘယ်သို့သော အကြောင်းကြောင့်နည်း၊ ဥဒ္ဓစ္စ-ကုက္ကုစ္စသည် နှိပ်စက်အပ်သည်၏အဖြစ်ကြောင့် ကာယဝိဝေကသုခကို ခံစားအံ့သောငှါ မရနိုင်ခဲ့ပေ၊ ဤသို့သော ကျွန်ကဲ့သို့ ဥဒ္ဓစ္စ-ကုက္ကုစ္စကို မှတ်ယူထားရပေမည်။

**ဝိစိကိစ္ဆာနီဝရဏသည် ခရီးရှည်သွားသူနှင့် တူပုံ။** ။မပယ်အပ်သေးသော ဝိစိကိစ္ဆာနီဝရဏကို ကန္တာရဖြစ်သော အစွန့်ရှည်သောခရီးသို့ သွားသောယောကျ်ားနှင့် တူသည်ကို ပြဆိုရာ၌ ကန္တာရဖြစ်သော အစွန့်ရှည်သော ခရီးသို့ သွားသော ယောကျ်ားသည် ခိုးသူတို့သည် လူတို့ (ကို)အား လုယက်ရာ အရပ်ကို၎င်း သတ်ရာ အရပ်ကို၎င်း မြင်၍ ဒုတ်လုံတံအသံဖြင့်၎င်း ငှက်အသံဖြင့်၎င်း ခိုးသူတို့သည် လာကြပေကုန်၏ဟု ထိတ်လန့်ကြောက်ရွံ့ခြင်းသည် ဖြစ်ခဲ့ပါပေ၏၊ အနည်းငယ် သွားလည်း

သွား၏၊ ခဏခဏလည်း ရပ်၏၊ ပြန်နစ်လည်း ပြန်နစ်၏၊ သွားရောက်ရာအရပ်ထက် ပြန်လည်ရာ အရပ်သည်သာလျှင် အထူးသဖြင့် များပြားပါပေ၏။

ထိုယောကျာ်းသည် ဆင်းရဲငြိုငြင်သော ကာယိက ဒုက္ခဖြင့် ပင်ပန်းသော စေတသိကဒုက္ခဖြင့် နှိပ်စက်ခြင်းအားဖြင့် ဘေးကုန်ခြင်း တည်းဟူသော အပိုင်း အခြားရှိရာအရပ်သို့ ရောက်သည်လည်း ရှိသကဲ့သို့ မရောက်သည်လည်း ရှိသကဲ့ သို့ ဤအတူသာလျှင် အကြင်ယောကျာ်းအား ရှစ်ဌာနတို့၌ တွေးတောယုံမှား ခြင်းသည် ဖြစ်ခဲ့ပါပေ၏၊ ထိုယောကျာ်းသည် ဘုရားဟုတ်လေသလော၊ ဘုရား မဟုတ်လေသလောဟု ဤသို့ အစရှိသောနည်းဖြင့် တွေးတောယုံမှားလျက် ဆုံးဖြတ်၍ ယုံကြည်ခြင်းငှါ မတတ်နိုင် (ဝါ) မယုံကြည်နိုင်ပေ၊ ယုံကြည်ခြင်းငှါ မတတ်နိုင်လေသောကြောင့် မဂ်သို့သော်ငြားလည်း ဖိုလ်သို့သော်ငြား မရောက်နိုင်။

ထိုသို့ မယုံကြည်နိုင်သောကြောင့် ကန္တာရဖြစ်သော အခွန့်ရှည်သော ခရီး၌ ခိုးသူတို့သည် ရှိလေကုန်သလော၊ မရှိလေကုန်သလောဟု ဤသို့ အမြဲမပြတ် အဖန်ဖန် အထပ်ထပ် ရှေးဦးစွာ တွေးတောခြင်းကိုငြား အဆင့်ဆင့် တွေးတော ခြင်းကိုငြား သက်ဝင်၍ မယုံကြည်နိုင်ကြောင်း သံသယကိုငြား စိတ်၏ တုန်လှုပ် ခြင်း (နှလုံးသား၏ တုန်လှုပ်ခြင်း)ကိုငြား ဖြစ်စေလျက် ဘေးမရှိရာ နိဗ္ဗာန် တည်းဟူသော အရပ်သို့ရောက်ခြင်း၏ အန္တရာယ်ကို ပြုဘိသကဲ့သို့ ဤနည်းအ တိုင်း ဝိစိကိစ္ဆာသည်လည်း ဘုရား ဟုတ်လေသလော၊ ဘုရား မဟုတ်လေသလော ဟု ဤသို့ အစရှိသောနည်းဖြင့် အဖန်ဖန် အထပ်ထပ် ရှေးဦးစွာ တွေးတောခြင်း ကိုငြား အဆင့်ဆင့် တွေးတောခြင်းကိုငြား သက်ဝင်၍ မယုံကြည်နိုင်ကြောင်း သံသယကိုငြား စိတ်၏ တုန်လှုပ်ခြင်းကိုငြား ဖြစ်စေလျက် အရိယာဘုံသို့ရောက် ခြင်း၏ အန္တရာယ်ကို ပြုခဲ့ပါပေ၏၊ အဲဒီလို ကန္တာရဖြစ်သော အခွန့်ရှည်သော ခရီးကိုကဲ့သို့ ဝိစိကိစ္ဆာနီဝရဏကို မှတ်ယူထားရပေမည်။

### ပယ်အပ်ပြီးသော နီဝရဏငါးပါးကို ဥပမာဖြင့်ပြပုံ

**ကာမစ္ဆန္ဒနီဝရဏသည် ကြွေးမြီမရှိသူနှင့်တူပုံ။**　။ပယ်အပ်ပြီးသော ကာမစ္ဆန္ဒ နီဝရဏကို ကြွေးမြီမရှိသည်၏ အဖြစ်နှင့်တူသည်ကို ပြဆိုရာ၌ ယောကျာ်းတယောက်သည် သူတပါးတို့၏ အထံမှ အကြွေးကိုယူ၍ ကြီးပွါးအံ့သော အမှုကိစ္စ၌ ယှဉ်စေပြီးတော့မှငြား ပြည့်စုံကြွယ် ဝသည်၏အဖြစ်သို့ ရောက်ခဲ့ပါသည်ရှိသော် ဤကြွေးမြီသည်ကား ပလိဗောဓ ပိတ်ပင်နှောင့်ယှက် ကန့်ကွက်ဖျက်ဆီးတတ်သော အန္တရာယ်၏ အကြောင်းရင်း ဖြစ်ပါပေ၏ဟူ၍ ကြံစည်၍ အတိုးနှင့်တကွသော ကြွေးမြီကိုပေးဆပ်၍ စာချုပ် စာရင်းကို ဆုတ်ပစ်ရာ၏၊ ထိုသို့ ဆုတ်ပစ်လိုက်သည်ရှိသော် ထိုယောကျာ်းအား

ထိုပေးဆပ်ပြီးရာအခါမှ အစပြု၍ တစုံတယောက်သောသူသည် တမန်ကို မစေ၊ အမှာစာကို မစေ၊ ထိုယောကျ်ားသည် ကြွေးမြီရှင်တို့ကို မြင်သော် အလိုရှိခဲ့ပါမူ နေရာမှထ၏၊ အကယ်၍ အလိုမရှိခဲ့ပါမူ နေရာမှ မထပဲ နေဘိ၏၊ အဘယ့်ကြောင့်နည်းဟူမူ ထိုကြွေးမြီရှင်နှင့်တကွ ဥစ္စာတို့နှင့် မဆက်စပ်သည်ဖြစ်၍ လိမ်းကျံကပ်ငြိခြင်း မရှိသည်၏အဖြစ်ကြောင့်ပင် ဖြစ်ပါပေ၏။

ဤသည့်မခြား အလားတူစွာသာလျှင် ရဟန်းသည် ဤကာမစ္ဆန္ဒမည်သည် ပလိဗောဓ (ပိတ်ပင်နှောင့်ယှက် ကန့်ကွက်ဖျက်ဆီးတတ်သော အန္တရာယ်)၏ အကြောင်းရင်း ဖြစ်ပါပေ၏ဟူ၍ ကြံစည်ကာ ခြောက်ပါးသောတရားတို့ကို ပွါးလျက် မိမိ၌ဖြစ်စေ၍ ကာမစ္ဆန္ဒနီဝရဏကို ပယ်ပေ၏။

### ကာမစ္ဆန္ဒနီဝရဏကို ပယ်နိုင်သည့် တရား ၆-မျိုး

(သုတ်မဟာဝါ အဋ္ဌကထာ-၃၆၈)

ခြောက်ပါးသော ဓမ္မဟူသည်—

(က) အသုဘနိမိတ္တဿ ဥဂ္ဂဟော=အသုဘနိမိတ်ကို သင်ယူခြင်း၊

(ခ) အသုဘဘာဝနာနုယောဂေါ=အသုဘဘာဝနာတရားကို ပွါးစေခြင်း၌ အားထုတ်ခြင်း၊

(ဂ) ဣန္ဒြိယေသု ဂုတ္တဒွါရတာ=ဣန္ဒြေတို့၌ စောင့်ရှောက်အပ်သည်ဖြစ်၍ လုံခြုံသော တံခါးရှိသည်၏ အဖြစ်၊

(ဃ) ဘောဇနေ မတ္တညုတာ=ဘောဇဉ်၌ အတိုင်းအရှည်ကို သိသည်၏ အဖြစ်၊

(င) ကလျာဏမိတ္တတာ=ကောင်းသော အဆွေခင်ပွန်းရှိသည်၏အဖြစ်၊

(စ) သပ္ပါယကထာ=ကာမစ္ဆန္ဒနီဝရဏကို ပယ်စွန့်ရာ၌ လျောက်ပတ်သော စကား၊

ဤခြောက်ပါးကုန်သော တရားတို့သည် ကာမစ္ဆန္ဒနီဝရဏကို ပယ်စွန့်ခြင်းငှါ အားသစ်ရမည့် တရားတို့ ဖြစ်ပေ၏။

**ကာမစ္ဆန္ဒနီဝရဏ ကွာအောင် ပွါးများအပ်သော တရားများ**

ဆယ်ပါး အပြား ရှိသော အသုဘ နိမိတ်ကို သင်ယူသော ပုဂ္ဂိုလ်အားလည်း ကာမစ္ဆန္ဒကို ပယ်စွန့်အပ်၏၊ (ကာမစ္ဆန္ဒသည် ပျောက်၏။) ပွါးစေသော ပုဂ္ဂိုလ်အားလည်း ကာမစ္ဆန္ဒကို ပယ်စွန့်အပ်၏၊ (ကာမစ္ဆန္ဒသည် ပျောက်၏၊) ဣန္ဒြေတို့

လုံခြုံအောင် ပိတ်အပ်သော တံခါးရှိသော ပုဂ္ဂိုလ်အားလည်း ကာမစ္ဆန္ဒကို ပယ်စွန့်အပ်၏ (ကာမစ္ဆန္ဒသည် ပျောက်၏။) လေးလုပ် ငါးလုပ်သော ဆွမ်းလုပ်တို့၏ တည်ရာသည် ရှိခဲ့ပါသော် ရေကို သောက်ပြီးတော့မှရင် မျှတခြင်း အလေ့ရှိသည်၏ အဖြစ်ကြောင့် ဘောဇဉ်၌ အတိုင်းအရှည်ကို သိသော ရဟန်းအားလည်း ကာမစ္ဆန္ဒကို ပယ်စွန့်အပ်၏၊ (ကာမစ္ဆန္ဒသည် ပျောက်၏။) ထို့ကြောင့် ဘုရားရှင်က လေးလုပ် ငါးလုပ်သော ဆွမ်းတို့ကို မစားပါပဲနှင့် ရေသောက်ရန်အတွက် ချန်လှပ်ပြီးတော့မှရင် ရေကို သောက်ရာ၏၊ ဤသို့ လေးလုပ် ငါးလုပ်သော ဆွမ်းတို့ကို မစားပါပဲနှင့် ရေကို သောက်ပြီးတော့မှ နေခြင်းသည် ကိုယ်နှင့် အသက်ကို မငဲ့ကွက်မူ၍ နိဗ္ဗာန်သို့သာ စေလွှတ်တတ်သော စိတ်ရှိသော ရဟန်းအား ချမ်းသာစွာ နေခြင်းငှါ သင့်ပေ၏။

အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းခြင်းအမှုရှိသော တိဿမထေရ်နှင့် တူပေကုန်သော အသုဘကို ပွါးစေခြင်း၌ မွေ့လျော်ကုန်သော ကောင်းသော အဆွေခင်ပွန်းတို့ကို မှီဝဲသောပုဂ္ဂိုလ်အားလည်း ကာမစ္ဆန္ဒကို ပယ်စွန့်အပ်၏၊ (ကာမစ္ဆန္ဒသည် ပျောက်၏။) ရပ်ခြင်း ထိုင်ခြင်း အစရှိသည်တို့၌ ဆယ်ပါးအပြားရှိသော အသုဘကို မှီသော သင့်လျော် လျောက်ပတ်သော စကားဖြင့် ကာမစ္ဆန္ဒကို ပယ်စွန့်အပ်၏၊ (ကာမစ္ဆန္ဒသည် ပျောက်၏။) ဤခြောက်ပါးကုန်သော တရားတို့ဖြင့် ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်စွန့်အပ်ပြီးသော ကာမစ္ဆန္ဒ၏ အရဟတ္တမဂ်ဖြင့် နောင်သောအခါဝယ် ဖြစ်ခြင်းသည် မရှိတော့ပေ။

**ကာမရာဂဖြစ်ပေါ်ချိန် ဆရာကောင်းထံ ချဉ်းကပ်ပုံ**

ရဟန်း ဤသာသနာတော်၌အကြင်အခါမှာ ရဟန်းသည် ကာမရာဂသည် ထိုးကျင့်အပ်သော ကာမရာဂသည်ပင် အစဉ်လိုက်အပ်(နှိပ်စက်အပ်)သော စိတ်ဖြင့် နေ၏။ ဖြစ်ပေါ်ပြီးသော ကာမရာဂ၏ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်မှန်သည့်အတိုင်းပင် မသိပေ၊ ထိုအခါ၌ ဝဋ္ဋဆင်းရဲမှ ကင်းလွတ်ရာ နိဗ္ဗာန်ကို မှီသော စိတ်ကို ပွါးစေတတ်သော ရဟန်းကို ချဉ်းကပ်၍ ဤကဲ့သို့ လျှောက်ထားအပ်သည် ဖြစ်ခဲ့ရာ၏၊ "ငါ့ရှင်တို့ ငါသည် ကာမရာဂသည် ထိုးကျင့်အပ်သော ကာမရာဂသည် နှိပ်စက်အပ်သော စိတ်ဖြင့် နေရ၏၊ ဖြစ်ပေါ်ပြီးသော ကာမရာဂ၏ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်မှန်သည့်အတိုင်းပင် မသိပေ၊ တောင်းပန်ပါ၏၊ စင်စစ် အမှန် ဧကန် အရှင်သည် တပည့်တော်အား ကာမရာဂကို ပယ်ခြင်းငှါ တရားတော်ကို ဟောတော်မူပါလော့"ဟု လျှောက်ထားအပ်ပေ၏။ (အင်္ဂုတ္တိုရ်ပါဠိတော် ဆက္ကနိပါတ်-၂၈၀)

**ကာမရာဂကို ပယ်ရန် ရှေးဦးစွာ ဟောသင့်သောတရား** ထိုသို့ လျှောက်ထား တောင်းပန်သော ရဟန်းအား ဝဋ္ဋဆင်းရဲမှ ကင်းလွတ်ရာ နိဗ္ဗာန်ကို မှီသော စိတ်ကို ပွါးစေတတ်သော ရဟန်းက နေပြီးတော့မှုရင် ကာမရာဂကို ပယ်ခြင်းငှါ (အသုဘ ကမ္မဋ္ဌာန်း) တရားကို ဟောတော် မူပါပေ၏၊ ရဟန်း ဤ ကာမရာဂ နှိပ်စက်သော အခါ သည် ဝဋ္ဋဆင်းရဲမှ ကင်းလွတ်ရာ နိဗ္ဗာန်ကို မှီသော စိတ်ကို ပွါးစေတတ်သော ရဟန်းကို ရှေးဦးစွာပင် ဖူးမြင်ခြင်းငှါရင်း ချဉ်းကပ်ခြင်းငှါရင်း သင့်လျော် လျောက်ပတ် ကောင်းမြတ်သော အခါပေတည်း။

**ဗျာပါဒနီဝရဏသည် ရောဂါမရှိသူနှင့် တူပုံ။** ။ပယ်အပ်ပြီးသော ဗျာပါဒနီဝရဏကို ရောဂါမရှိ သည်၏အဖြစ်နှင့် တူသည်ကို ပြဆိုရာ၌ သည်းခြေနာ ရောဂါရှိသော ထိုယောကျ်ားသည် ဆေးကုခြင်းဖြင့် ထို သည်းခြေနာရောဂါကို ငြိမ်းစေ၍ ထိုရောဂါ ငြိမ်းရာအခါမှ အစပြု၍ ပျား သကြား သကာ တင်လဲစသည်တို့၏ အရသာကို ခံစားရဘိသကဲ့သို့ ဤအတူသာလျှင် လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် အဲဒီ ဗျာပါဒမည်သည် မိမိ သူတပါး နှစ်ဦးသားတို့၏ များစွာသော အကျိုးမဲ့ကို ပြုတတ်၏၊ ဤသို့ ကြံပြီးတော့မှုရင် ခြောက်ပါးသော တရားတော်တို့ကို ပွါးများလျက် ဗျာပါဒနီဝရဏကို ဝိက္ခမ္ဘနန်၏ အစွမ်းဖြင့် ပယ်ပေ၏။

## ဗျာပါဒနီဝရဏကို ပယ်နိုင်သည့်တရား ၆-မျိုး

(သုတ်မဟာဝါအဋ္ဌကထာ ၃၆၉)

ခြောက်ပါးသော ဓမ္မတို့ ဟူသည်–

(က) မေတ္တာနိမိတ္တဥဂ္ဂဟ=မေတ္တာ တည်းဟူသော နိမိတ်ကို သင်ယူခြင်း၊

(ခ) မေတ္တာဘာဝနာနုယောဂ=မေတ္တာပွါးစေခြင်း၌ အားထုတ်ခြင်း၊

(ဂ) ကမ္မဿကတာ ပစ္စဝေက္ခဏာ=ကံသာလျှင် မိမိတို့ ဥစ္စာရှိသည်၏ အဖြစ်ကို ဆင်ခြင်ခြင်း၊

(ဃ) ပဋိသင်္ခါန ဗဟုလတာ=လျစ်လျူ ရှုခြင်း များသည်၏ အဖြစ် (ဝါ) များသော လျစ်လျူရှုခြင်း ရှိသည်၏ အဖြစ်၊

(င) ကလျာဏမိတ္တတာ=ကောင်းသော အဆွေခင်ပွန်း ရှိသည်၏ အဖြစ်၊

(စ) သပ္ပါယကထာ=ဗျာပါဒကို ပယ်ခြင်းအား လျော်ကပ်သော စကား၊

ဤ ခြောက်ပါးကုန်သော တရားတို့သည် ဗျာပါဒ နီဝရဏကို ပယ်စွန့်ခြင်းငှါ အားသစ်ရမည့် တရားတို့ ဖြစ်ပေကုန်၏။

ထင်ရှား ပေါ်လွင်စေရန် အနည်းငယ် ရှင်းပြပေဦးအံ့၊ ပိုင်းခြားအပ် သော အရပ်မျက်နှာကို နှံ့စေခြင်း, မပိုင်းခြားအပ်သော အရပ်မျက်နှာကို နှံ့စေခြင်းတို့တွင် တပါးပါး၏ အစွမ်းဖြင့် မေတ္တာကို ယူသော လွတ်လမ်းကို ရှာ ရဟန်း သံဃာအားလည်း ဗျာပါဒကိုပယ်အပ်၏၊ ဗျာပါဒသည် ပျောက်၏။

အပိုင်းအခြား အားဖြင့်, အပိုင်းအခြား မရှိသော အားဖြင့်, နှံ့စေခြင်း၏ အစွမ်းဖြင့် မေတ္တာကို ပွါးစေသော လွတ်လမ်းကိုရှာ ရဟန်းသံဃာအား လည်း ဗျာပါဒကို ပယ်အပ်၏၊ ဗျာပါဒသည် ပျောက်၏။

သင်သည် ထိုသူတို့အား အမျက်ထွက်သည် ဖြစ်၍ အဘယ်ကဲ့သို့များ ပြုနိုင် ဦးမည်နည်း၊ ထိုသူ၏ သီလ အစရှိသည်တို့ကို ဖျက်ဆီးအံ့သောငှါ တတ်နိုင် လတ္တံ့လော၊ သင်သည် မိမိကံဖြင့် လာခဲ့၍ မိမိ၏ ကံဖြင့်သာလျှင် သွားရလတ္တံ့ သည် မဟုတ်လော၊ သူတပါးအား အမျက်ထွက်ခြင်း မည်သည်ကား အလျှံ ကင်းသော မီးကျီးခဲ, ရဲရဲတောက်သော သံပြား, မစင်စသည်တို့ကို ကိုင်ပြီး တော့မှရင် သူတပါးကို ပုတ်ခတ်ခြင်းငှါ အလိုရှိသောသူ၏ အဖြစ်နှင့် တူပါပေ ၏။ ဤသူသည်လည်း သင့်အား အမျက်ထွက်သည်ဖြစ်၍ အသို့ပင် ပြုနိုင်လတ္တံ့ နည်း၊ သင်၏ သီလစသည်တို့ကို ဖျက်ဆီးအံ့သောငှါ တတ်နိုင်လတ္တံ့လော၊ ဤသူ သည် မိမိ၏ ကံဖြင့်သာလျှင် လာရ၍ မိမိ၏ ကံဖြင့်သာလျှင် သွားရ ပေလိမ့်လတ္တံ့၊ သူတပါးသည် မခံလင့်သော လက်ဆောင်ကဲ့သို့ငှင်း လေညာသို့ ပစ်လွှတ်အပ် သော မြူမှုန်ဆုပ်ကဲ့သို့ငှင်း ထိုသူ၏သာလျှင် ဦးထိပ်၌ ဤအမျက်သည် ကျ လတ္တံ့ ဟု မိမိ၏ငှင်း သူတပါး၏ငှင်း ကံသာလျှင် မိမိဥစ္စာ ရှိသည်၏ အဖြစ်ကို ဆင်ခြင်သော ပုဂ္ဂိုလ်အားလည်း ဗျာပါဒကို ပယ်အပ်၏။

နှစ်ပါးစုံသော သူတို့၏ မိမိကံသာလျှင် ဥစ္စာရှိသည်၏ အဖြစ်ကို ဆင်ခြင်၍ လျစ်လျူရှုခြင်း၌ တည်သော ပုဂ္ဂိုလ်အားလည်း ဗျာပါဒကိုပယ်အပ်၏၊ ဗျာပါဒ သည် ပျောက်၏။

အဿဂုတ္တမထေရ်နှင့်တူကုန်သော မေတ္တာကို ပွါးစေခြင်း၌ မွေ့လျော်ကုန် သော ကောင်းသော အဆွေခင်ပွန်းတို့ကို မှီဝဲသော ပုဂ္ဂိုလ်အားလည်း ဗျာပါဒ ကို ပယ်အပ်၏၊ ဗျာပါဒသည် ပျောက်၏။

ရပ်ခြင်း ထိုင်ခြင်း အစရှိသည်တို့၌ မေတ္တာကို မှီသော လျောက်ပတ်သော စကားဖြင့်လည်း ဗျာပါဒကို ပယ်အပ်၏၊ ခြောက်ပါးကုန်သော ဤတရားတို့ဖြင့် ပယ်အပ်သော ဗျာပါဒ၏ အနာဂါမိမဂ်ဖြင့် နောင်သောအခါဝယ် မဖြစ်ခြင်းသည် ဖြစ်ခဲ့ပါပေ၏။

ပယ်အပ်ပြီးသော ဗျာပါဒရှိသော ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာသည် သည်းခြေနာပျောက်ကင်းသော ယောကျ်ားသည် ပျား သကြား သကာ တင်လဲ အစရှိသည်တို့၏ အရသာကို မြတ်မြတ်နိုးနိုး မှီဝဲသုံးဆောင်လေဘိသကဲ့သို့ စာရိတ္တသီလကို ရည်၍ ပညတ်အပ်သော သိက္ခာပုဒ်အစရှိကုန်သော စာရိတ္တ၊ ဝါရိတ္တသိက္ခာပုဒ်တို့ကို ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့် ခံလင့်၍ မြတ်မြတ်နိုးနိုး ကျင့်ကြံအားထုတ်ပါပေ၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် အနာရောဂါကင်းသော သူကဲ့သို့ ဗျာပါဒနီဝရဏကို ပယ်သည်၏ အဖြစ်ကို ဟောတော်မူအပ်ပေ၏။

## မပြတ်အောက်မေ့ ထိုက်သော 'သာရဏီယ' တရား ၆-မျိုး

## (အင်္ဂုတ္တိုရ်ပါဠိတော် ဆက္ကနိပါတ် ၂၅၆)

**၁။ မေတ္တာနှင့် ယှဉ်သော ကာယကံကို ဖြစ်စေခြင်း။** ။ငါ့ရှင်တို့ ဤသာသနာတော်မြတ်၌ လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် သီတင်းသုံးဖော်တို့၌ မျက်မှောက်၌ရှင်း မျက်ကွယ်၌ရှင်း မေတ္တာနှင့် ယှဉ်သော ကာယကံကို ရှေးရှုဖြစ်စေအပ်သည် ဖြစ်ခဲ့ပါပေ၏၊ ဤတရားကိုလည်း အောက်မေ့အပ်၏၊ ဤတရားသည် ချစ်မြတ်နိုးခြင်းကို ပြုတတ်၏၊ လေးမြတ်ခြင်းကို ပြုတတ်၏၊ ဤတရားသည် တပေါင်းတည်းဖြစ်စေခြင်းငှါ အချင်းချင်း မဆန့်ကျင်ခြင်းငှါ အချင်းချင်း မနှိပ်စက်ခြင်းငှါ အညီအညွတ်ဖြစ်စေခြင်းငှါ အတူတကွဖြစ်စေခြင်းငှါ ဖြစ်ခဲ့ပါပေ၏။

**၂။ မေတ္တာနှင့် ယှဉ်သော ဝစီကံကို ဖြစ်စေခြင်း။** ။ငါ့ရှင်တို့ လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် မေတ္တာနှင့် ယှဉ်သော ဝစီကံကို ရှေးရှုဖြစ်စေအပ်သည် ဖြစ်ခဲ့ပါပေ၏၊ လေးမြတ်ခြင်းကို ပြုတတ်၏၊ ဤတရားသည် တပေါင်းတည်း ဖြစ်စေခြင်းငှါ အချင်းချင်း မဆန့်ကျင်ခြင်းငှါ အချင်းချင်း မနှိပ်စက်ခြင်းငှါ အညီအညွတ်ဖြစ်စေခြင်းငှါ အတူတကွဖြစ်စေခြင်းငှါ ဖြစ်ခဲ့ပါပေ၏။

**၃။ မေတ္တာနှင့် ယှဉ်သော မနောကံကို ဖြစ်စေခြင်း။** ။ငါ့ရှင်တို့ လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် မေတ္တာနှင့်ယှဉ်သော မနောကံကို ရှေးရှုဖြစ်စေအပ်သည် ဖြစ်ခဲ့ပါပေ၏၊

ဤတရားကိုလည်း အောက်မေ့အပ်၏၊ ဤတရားသည် ချစ်မြတ်နိုးခြင်းကို ပြု တတ်၏၊ လေးမြတ်ခြင်းကိုလည်း ပြုတတ်ပါပေ၏၊ ဤတရားတော်သည် တပေါင်းတည်းဖြစ်ခြင်းငှါ အချင်းချင်း မဆန့်ကျင်ခြင်းငှါ အချင်းချင်း မနှိပ်စက်ခြင်းငှါ အညီအညွတ်ဖြစ်စေခြင်းငှါ အတူတကွဖြစ်စေခြင်းငှါ ဖြစ်ခဲ့ပါပေ၏။

၄။ တရားသဖြင့် ရရှိသော ဘောဇဉ်ကို အညီအမျှ ခွဲဝေသုံးဆောင်ခြင်း — ငါ့ရှင်တို့ လွတ်လမ်းကို ရှာ ရဟန်းသံဃာသည် အကြင် လာဘ်တို့သည် တရားနှင့် ညီစွာ ဖြစ်ပေကုန်၏၊ တရားသဖြင့် ရအပ်ကုန်၏၊ ယုတ်သော အပိုင်း အခြားအားဖြင့် သပိတ်၌ အကျုံးဝင်သော ဘောဇဉ်မျှသည်လည်း တရားနှင့် ညီစွာ ဖြစ်၏၊ တရားသဖြင့် ရအပ်၏၊ ထိုသို့ သဘောရှိကုန်သော လာဘ်တို့နှင့် သီလရှိကုန်သော သီတင်းသုံးဖော်တို့နှင့် အတူတကွ အထူးမရှိမူ၍ သုံးဆောင် လေ့ရှိခဲ့ပါပေ၏၊ ဆက်ဆံသော သုံးဆောင်ခြင်းလည်း ရှိသည် ဖြစ်ခဲ့ပါပေ၏၊ ဤ တရားကိုလည်း အောက်မေ့အပ်၏၊ ဤတရားသည် ချစ်မြတ်နိုးခြင်းကို ပြုတတ် ၏၊ လေးမြတ်ခြင်းကိုလည်း ပြုတတ်ပါပေ၏၊ ဤတရားတော်သည် တပေါင်း တည်းဖြစ်စေခြင်းငှါ အချင်းချင်း မဆန့်ကျင်ခြင်းငှါ အချင်းချင်း မနှိပ်စက်ခြင်း ငှါ အညီအညွတ်ဖြစ်စေခြင်းငှါ အတူတကွဖြစ်စေခြင်းငှါ ဖြစ်ခဲ့ပါပေ၏။

၅။ မိမိ၏ သီလကို သီတင်းသုံးဖော်တို့၏ သီလနှင့် တူသည်ကို ပြု၍ နေခြင်း — ငါ့ရှင်တို့ လွတ်လမ်းကို ရှာ ရဟန်းသံဃာသည် အကြင် သီလတို့သည် မကျိုးမပေါက် မပျောက်ကုန် မကျားကုန်၊ တော်လှန်အပ်ကုန်၏၊ ပညာရှိသူတို့ သည် ချီးမွမ်းအပ်ကုန်၏၊ တဏှာ ဒိဋ္ဌိတို့သည် မစွဲလမ်းအပ်ကုန်၊ ဥပစာရ သမာဓိ အပ္ပနာသမာဓိကို ဖြစ်စေတတ်ကုန်၏၊ ထိုသို့ သဘောရှိကုန်သော သီလ တို့၌ သီတင်းသုံးဖော်တို့နှင့် အတူတကွ မျက်မှောက်၌ရင်း မျက်ကွယ်၌ရင်း သီလအားဖြင့် တူသည်၏ အဖြစ်သို့ ရောက်သည်ဖြစ်၍ နေရပေ၏၊ ဤတရားကို လည်း အောက်မေ့အပ်၏၊ ဤတရားသည် ချစ်မြတ်နိုးခြင်းကို ပြုတတ်၏၊ လေးမြတ်ခြင်းကိုလည်း ပြုတတ်ပါပေ၏၊ ဤတရားတော်သည် တပေါင်းတည်း ဖြစ်စေခြင်းငှါ အချင်းချင်း မဆန့်ကျင်ခြင်းငှါ အချင်းချင်း မနှိပ်စက်ခြင်းငှါ အညီအညွတ်ဖြစ်စေခြင်းငှါ အတူတကွဖြစ်စေခြင်းငှါ ဖြစ်ခဲ့ပါပေ၏။

၆။ မိမိ၏ ပညာကို သီတင်းသုံးဖော်တို့၏ ပညာနှင့် တူသည်ကို ပြု၍နေခြင်း — ငါ့ရှင်တို့ လွတ်လမ်းကို ရှာ ရဟန်း သံဃာသည် အကြင် ပညာ သည် ကိလေသာတည်းဟူသော အပြစ်မှကင်း၏၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်

၏၊ ထိုသို့ ပညာနှင့် ပြည့်စုံသော သူအား အကြွင်းမဲ့ ဝဋ်ဆင်းရဲ၏ ကုန်ခြင်းငှါ ဖြစ်ခဲ့ပါပေ၏၊ ထိုသို့ သဘောရှိသော ပညာဖြင့် သိတင်းသုံးဖော်တို့နှင့် အတူ တကွ မျက်မှောက်၌ရင်း, မျက်ကွယ်၌ရင်း, ပညာအားဖြင့် တူသည်၏ အဖြစ်သို့ ရောက်သည်ဖြစ်၍ နေရပေ၏၊ ဤတရားတော်ကိုလည်း အောက်မေ့အပ်၏၊ ဤတရားတော်သည် ချစ်မြတ်နိုးခြင်းကို ပြုတတ်၏၊ လေးမြတ်ခြင်းကိုလည်း ပြုတတ်ပါပေ၏၊ ဤတရားတော်သည် တပေါင်းတည်း ဖြစ်စေခြင်းငှါ, အချင်းချင်း မဆန့်ကျင်ခြင်းငှါ, အချင်းချင်း မနှိပ်စက်ခြင်းငှါ, အညီအညွတ် ဖြစ်စေခြင်းငှါ, အတူတကွ ဖြစ်စေခြင်းငှါ ဖြစ်ခဲ့ပါပေ၏။

## ဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်သော ဓာတ် ၆-မျိုး

(အင်္ဂုတ္တိုရ်ပါဠိတော် ဆက္ကနိပါတ် ၂၅၇)

အဘယ်မည်ကုန်သော ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်ကုန်သော တရားတော်တို့သည် ခြောက်ပါးတို့ပေနည်း။

၁။ မေတ္တာပွါးရုံဖြင့် ဒေါသပပယ်နိုင်ဟု အယူမှားရှိသူကို ဆုံးမပုံ — ငါ့ရှင် ဤသာသနာတော်၌ လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် ဤသို့ ဆိုရာ၏၊ အဘယ်ကဲ့သို့ ဆိုရာသနည်း၊ ငါ့ရှင်တို့ ငါသည် မေတ္တာနှင့် ယှဉ်သော ကိလေသာတို့မှ လွတ်သော စိတ်ကို ပွါးစေအပ်၏၊ အလေ့အလာ ပြုအပ်၏၊ယာဉ်ကိုကဲ့သို့ ပြုအပ်၏၊ တည်ရာကဲ့သို့ ပြုအပ်၏၊ မပြတ်ယှဉ်စေပြီးတော့ရင် အဖန်တလဲလဲ ဆင်ခြင်အပ်၏၊ ကောင်းစွာ အားထုတ်အပ်၏၊ ထိုသို့ မေတ္တာနှင့် ယှဉ်သော စိတ်ကို အားထုတ်ပါလျက်နှင့် ငါ၏ စိတ်ကို ပျက်စီးစေလိုမှု 'ဒေါသ'သည် နှိပ်စက်၍ တည်၏ဟု ဆိုရာပေ၏။

ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာကို "သင်သည် ဤသို့ မဆိုပေလင့်"ဟု ဆိုရာ၏၊ "ငါ့ရှင် ဤသို့ မဆိုပေလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲပေလင့်၊ မြတ်စွာဘုရားအား စွပ်စွဲခြင်းသည် မကောင်းသည်သာလျှင်တည်း၊ မြတ်စွာဘုရားသည် ဤသို့ ဟောတော်မမူရာ၊ ငါ့ရှင်တို့ မေတ္တာနှင့် ယှဉ်သော ကိလေသာမှ လွတ်သော စိတ်ကို ပွါးစေအပ် အလေ့အလာပြုအပ်သည်ရှိသော် ယာဉ်ကဲ့သို့ ပြုအပ်သည်ရှိသော် တည်ရာကဲ့သို့ ပြုအပ်သည်ရှိသော် မပြတ်ယှဉ်စေအပ်သည် ဖြစ်၍ အဖန်တလဲလဲ ဆင်ခြင်အပ်သည်ရှိသော် ကောင်းစွာ အားထုတ်အပ်သည်ရှိသော် ထိုသို့ မေတ္တာနှင့် ယှဉ်သော စိတ်ကို ပွါးစေလျက် ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာ၏ စိတ်ကို ဒေါသသည် နှိပ်စက်၍ တည်၏ဟု ဆိုခြင်းသည် မသင့်ပါပေ၊ အရာမဟုတ်"ဟူ၍ ဆိုအပ်ရာ၏၊ မေတ္တာနှင့် ယှဉ်သော အကြွင်ကိလေသာ

မှ လွတ်သော စိတ်သည် ရှိပေ၏၊ ထိုတရားသဘောသည် ဒေါသ၏ထွက်မြောက်ရာ ထွက်မြောက်ကြောင်းသည် ဖြစ်ခဲ့ပါပေ၏၊ ထိုအကြောင်းသည် မရှိခဲ့ပေရာ" ဟု ဆိုဆုံးမရာ၏။

၂။ ကရုဏာပွါးရုံဖြင့် ဝိဟိံသတရား မပယ်နိုင်ဟု အယူမှားရှိသူကို ဆုံးမပုံ — ငါ့ရှင်တို့ ဤသာသနာတော်၌ လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် ဤသို့ ဆိုရာ၏၊

အဘယ်သို့ ဆိုရာသနည်း၊ "ငါသည် ကရုဏာနှင့်ယှဉ်သော ကိလေသာမှ လွတ်သော စိတ်ကို ပွါးစေအပ်၏၊ အလေ့အလာ ပြုအပ်၏၊ ယာဉ်ကဲ့သို့ ပြုအပ်၏၊ တည်ရာကဲ့သို့ ပြုအပ်၏၊ မပြတ်ယှဉ်စေအပ်သည် ဖြစ်၍ အဖန်တလဲလဲ ဆင်ခြင်အပ်၏၊ ကောင်းစွာ အားထုတ်အပ်၏၊ ထိုသို့ ကရုဏာနှင့်ယှဉ်သော စိတ်ကို ပွါးစေအပ်ပါလျက် ငါ၏စိတ်ကို သတ္တဝါတို့ကို ညှဉ်းဆဲခြင်း 'ဝိဟိံသ'သည် နှိပ်စက်၍ တည်ပါပေ၏"ဟု ဆိုရာပေ၏။

ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာကို "သင်သည် ဤသို့ မဆိုလင့်"ဟု ဆိုအပ်သည် ဖြစ်ခဲ့ပေရာ၏၊ ငါ့ရှင်သည် ဤသို့ မဆိုလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲပေလင့်၊ မြတ်စွာဘုရားကို စွပ်စွဲခြင်းသည် မကောင်းသည်သာလျှင်တည်း၊ မြတ်စွာဘုရားသည် ဤကဲ့သို့ ဟောတော်မမူရာ၊ ငါ့ရှင်တို့ ကရုဏာနှင့်ယှဉ်သော အကြင်ကိလေသာမှ လွတ်သော စိတ်သည် ရှိခဲ့ပါပေ၏၊ ထိုတရားသဘောသည် သတ္တဝါတို့ကိုညှဉ်းဆဲခြင်းမှ ထွက်မြောက်ကြောင်းသည် အကြင့်ကြောင့် ဖြစ်ခဲ့ပါပေ၏၊ ထိုအကြောင်းသည် မရှိခဲ့ပေရာဟု ဆိုဆုံးမရာ၏။

၃။ မုဒိတာပွါးရုံဖြင့် ဝမ်းမြောက်မှု မဖြစ်နိုင်ဟု အယူမှားရှိသူကို ဆုံးမပုံ — ငါ့ရှင်တို့ ဤသာသနာတော်၌ လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် ဤသို့ ဆိုခဲ့ပေ

ငြားအံ့၊ ငါသည် မုဒိတာနှင့်ယှဉ်သော ကိလေသာမှ လွတ်သော စိတ်ကို အကြင့်ကြောင့် ပွါးစေအပ်၏ (ရှေ့စကားရပ်များသည် အတူးမရှိတော့ချေ)။ ထိုသို့ ပွါးစေလျက် မမွေ့လျော်ခြင်းသည် ငါ၏ စိတ်ကို နှိပ်စက်၍ တည်ပါပေ၏ဟု ဆိုရာ၏၊ ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာကို "သင်သည် ဤသို့ မဆိုလင့်"ဟု ဆိုအပ်ပါပေ၏၊ ငါ့ရှင်သည် ဤသို့ မဆိုလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲပေလင့်။ပ။ ငါ့ရှင်တို့ မုဒိတာနှင့်ယှဉ်သော အကြင် ကိလေသာမှ လွတ်သော စိတ်သည် ရှိခဲ့ပါပေ၏၊ ထိုတရားသဘောသည် မမွေ့လျော်ခြင်းမှ ထွက်မြောက်ခြင်းသည် အကြင့်ကြောင့် ဖြစ်ခဲ့ပါပေ၏၊ ထိုအကြောင်းသည် မရှိခဲ့ပေရာဟု ဆိုဆုံးမရာ၏။

**၄။ ဥပေက္ခာပွါးရုံဖြင့် ရာဂမကင်းနိုင်ဟု အယူမှားရှိသူကို ဆုံးမပုံ** ငါ့ရှင်တို့ ဤသာသနာတော်၌ လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် ဤသို့ ဆိုငြားအံ့၊ အဘယ်ကဲ့သို့ ဆိုသနည်း၊ "ငါသည် ဥပေက္ခာနှင့်ယှဥ်သော ကိလေသာမှ လွတ်သော စိတ်ကို အကြင့်ကြောင့် ပွါးစေအပ်၏။ပ။ ထိုသို့ ပွါးစေလျက် ရာဂသည် ငါ၏ စိတ်ကို နှိပ်စက်၍ တည်ပါပေ၏၊" ဤသို့ ဆိုရာ၏၊ ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာကို "သင်သည် ဤသို့ မဆိုလင့်"ဟု ဤသို့ ဆိုအပ်ပါပေ၏၊အရှင်သည် ဤသို့မဆိုလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲလင့်။ပ။ ငါ့ရှင်တို့ ဥပေက္ခာနှင့်ယှဥ်သော အကြင်ကိလေသာမှ လွတ်သော စိတ်သည် ရှိခဲ့ပါပေ၏၊ ထိုတရားသဘောသည် ရာဂမှ ထွက်မြောက်ကြောင်းသည် အကြင့်ကြောင့် ဖြစ်ခဲ့ပါပေ၏၊ ထိုအကြောင်းသည် မရှိခဲ့ပေရာဟု ဆိုဆုံးမရာ၏။

**၅။ အာရုံမယူရုံဖြင့် နိမိတ်မကင်းနိုင်ဟု အယူမှားရှိသူကို ဆုံးမပုံ** ငါ့ရှင်တို့ ဤသာသနာတော်၌ လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် ဤသို့ ဆိုငြားအံ့၊ အဘယ်ကဲ့သို့ ဆိုသနည်း၊ ငါသည် ယောကျ်ား မိန်းမ အစရှိသော အာရုံကို မယူသော ကိလေသာတို့မှ လွတ်သော စိတ်ကို ပွါးစေအပ် အလေ့အလာ ပြုအပ်၏။ပ။ ထိုသို့ ပွါးစေလျက် ငါ၏ စိတ်သည် ယောကျ်ား မိန်းမ အစရှိသော နိမိတ်ကို သိသည် ဖြစ်ခဲ့ပါပေ၏။ပ။ ငါ့ရှင်တို့ အဘယ့်ကြောင့် ထိုအကြောင်းသည် မရှိခဲ့လေသနည်း၊ ယောကျ်ား မိန်းမ အစရှိသော အာရုံကို မယူသော အကြင် ကိလေသာတို့မှ လွတ်သောစိတ်သည် ရှိခဲ့ပါပေ၏၊ ထိုတရားသဘောသည် ယောကျ်ား မိန်းမ အစရှိကုန်သော အလုံးစုံသော နိမိတ်တို့၏ ထွက်မြောက်ကြောင်းသည် အကြင့်ကြောင့် ဖြစ်ခဲ့ပါပေ၏၊ ထိုအကြောင်းသည် မရှိခဲ့ပေရာဟု ဆိုဆုံးမရာ၏။

**၆။ ငါမဟုတ်ဟု ရှုရုံဖြင့် မာနမကင်းနိုင်ဟု အယူမှားရှိသူကို ဆုံးမပုံ** ငါ့ရှင်တို့ ဤ သာသနာတော်၌ လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် ဤသို့ ဆိုငြားအံ့၊ "ငါသည် ဖြစ်၏၊ ဤသို့သော မာန်မူခြင်းမှ ငါ၏စိတ်သည် ကင်း၏၊ ဤတရားသည် ငါသည် ဖြစ်၏၊ ဤမိစ္ဆာအယူကို ငါသည် မရှု၊ ထိုသို့ မရှုပါပဲလျက်နှင့် ငါ၏ စိတ်သည် အဘယ်သို့ ဖြစ်သနည်းဟု ယုံမှားခြင်း တည်းဟူသော ငြောင့်သည် နှိပ်စက်သည်ဖြစ်၍ တည်ပါပေ၏"ဟု ဆိုငြားအံ့၊ ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာကို "သင်သည် ဤသို့ မဆိုလင့်"ဟု ဆိုအပ်သည် ဖြစ်ခဲ့ပေရာ၏၊အရှင်သည် ဤသို့ မဆိုလင့်၊ မြတ်စွာဘုရားကို မစွပ်စွဲလင့်၊ မြတ်စွာဘုရားကိုစွပ်စွဲခြင်းသည် မကောင်း၊ မြတ်စွာဘုရားသည် ဤကဲ့သို့ ဟောတော်မမူရာ။

ငါ့ရှင်တို့ ထိုအကြောင်းသည် မသင့်၊ အရာမဟုတ်၊ ငါသည် ဖြစ်၏၊ ဤသို့ မာန်မူခြင်းမှ ကင်း၏၊ ဤတရားသည် ငါသည် ဖြစ်ပါပေ၏ဟု မိစ္ဆာအယူကို မရှုပါပဲလျက်နှင့် ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာ၏ စိတ်ကို . အဘယ်သို့ ဖြစ်သနည်းဟူသော ယုံမှားခြင်း တည်းဟူသော ငြောင့်သည် နှိပ်စက်သည်ဖြစ်၍ အကြင့်ကြောင့် တည်လတ္တံ့၊ ဤသို့သော အကြောင်းသည် မရှိသနည်း၊ ငါ့ရှင်တို့ အကြင်တရားသဘောသည် ငါသည် ဖြစ်၏၊ မာနမှထွက်၏၊ ထိုအကြောင်းသည် အဘယ်သို့ ဖြစ်သနည်း ဟူသော ယုံမှားခြင်း တည်းဟူသော ငြောင့်၏ ထွက်မြောက်ကြောင်းသည် ဖြစ်ခဲ့ပေရာ၏ ဟု ဆိုဆုံးမရာ၏။

ဗျာပါဒနီ၀ရဏကို ပယ်နိုင်သော မေတ္တာတရား ၆-မျိုး

(ဗောဇ္ဈင်္ဂသံယုတ် ၂၁၂၊ သံ-ဋ္ဌ ၃၊၂၀၂)

(က) နောက်၌ ဖြစ်လတ္တံ့သော မေတ္တာ၏ အကြောင်းဖြစ်၍ ဖြစ်သော ရှေး၌ဖြစ်သော မေတ္တာကို သင်ယူခြင်းသည်ရင်း၊

(ခ) ဥပစာရတိုင်အောင် သင်ယူပြီးသော မေတ္တာကို ထုံမွမ်း လေ့လာ အခါခါ ပွါးစေခြင်းကို အားထုတ်ခြင်းသည်ရင်း၊

(ဂ) သတ္တဝါတို့သည် ကံသည်သာလျှင် ဥစ္စာရှိသည်၏ အဖြစ်ကို ဆင်ခြင် ခြင်းသည်ရင်း၊

(ဃ) အမျက်ထွက်ခြင်း၌ အပြစ်တရား ဒေါသအမျက် ထောင်းထောင်း ထလျက် မနေမူ၍ ပယ်ခွါလျက် မေတ္တာသက်ဝင် ချစ်ခင်ခြင်း၌ အကျိုးအာနိသင် ဆင်ခြင် သိမြင်ခြင်း များ၏ အဖြစ်သည်ရင်း၊

(င) မေတ္တာဝိဟာရီ ဝသီဘော်ရောက်သော စိတ်ကောင်းရှိသည်၏ အဖြစ် အကျိုးအာနိသင်သည်ရင်း၊

(စ) မေတ္တာကို အမှီ ပြုပြီးတော့မှုရင် လျှောက်ပတ်သော တရားစကား များကိုသာ ပြောဆိုခြင်းသည်ရင်း၊

ဤခြောက်ပါးသော တရားတို့သည် မေတ္တာ၏ ဆန့်ကျင်ဖက် ဗျာပါဒနီ၀ရဏကို ပယ်ခွါခြင်းငှါ ဖြစ်ပါပေကုန်၏။

**ဒိသာ၀ဖရဏမေတ္တာကြောင့်လည်း ဗျာပါဒကွာခြင်း။** ။ဆက်ကြဦးစို့ ပိုင်းခြားရည်၍ ပြန့်ခြင်း နှံ့စေခြင်း, မပိုင်းမခြား မရည်၍ မပြန့်ခြင်း မနှံ့စေခြင်း, အရပ်မျက်နှာကို

ပြန့်ခြင်း နှံ့စေခြင်းတို့တွင် တပါးပါး၏ အစွမ်းဖြင့် အစီးအပွါးဖြင့် နှံ့စေခြင်း တည်းဟူသော မေတ္တာကို သင်ယူသော သူအား ဗျာပါဒသည် ကင်းပျောက်ပေ၏၊ ပိုင်းခြားရည်၍ ပြန့်ခြင်းနှံ့စေခြင်း, မပိုင်းခြား မရည်မူ၍ ပြန့်ခြင်း နှံ့စေခြင်း, အရပ်မျက်နှာကို ပြန့်နှံ့စေခြင်း၏ အစွမ်းဖြင့် မေတ္တာကို ပွါးစေသောသူအားလည်း ထို့အတူပင် ဗျာပါဒသည် ကင်းပျောက်ပေ၏။

ကံကို အာရုံပြု၍ မေတ္တာ ပွါးများခြင်း။ ။သင် ယောဂီသည် တပါးသော သူတယောက်အား အမျက်ဒေါသ ထောင်းထောင်း ထသည်ဖြစ်၍ အဘယ်သို့ ပြုနိုင်လတ္တံ့ မည်နည်း၊ ထိုသူ၏ သီလတို့ကို ဖျက်ဆီးခြင်းငှါ အသို့ တတ်နိုင်လတ္တံ့နည်း၊ သင်သည် မိမိ၏ကံဖြင့် သာလျှင် လာပြီးတော့မှုရင် မိမိ၏ ကံဖြင့်သာလျှင် သွားရ လတ္တံ့သည် မဟုတ်ပါလော၊ သူတပါးအား အမျက်ထွက်ခြင်း မည်သည် အလျှံကင်းသော မီးကျီခဲ, လောလောပူသော သံချောင်း, စက်ဆုပ်အပ်သော မစင်စသည်တို့ကို ထုတ်ယူပြီး တော့မှုရင် သူတပါးကို ပစ်ခတ်ရိုက်ပုတ်လိုသည်၏ အဖြစ်နှင့် တူပါပေ၏၊ လေညာ ရှေးရှုလွှင့်သော မြူမှုန့်နှင့်လည်း တူပါပေ၏။

ဤသူသည် သင့်အား ဒေါသအမျက် ထောင်းထောင်း ထွက်သည်ဖြစ်၍ အဘယ်သို့ပင် ပြုနိုင်လတ္တံ့နည်း၊ သင်၏ သီလအစရှိသည်တို့ကို ဖျက်ဆီးခြင်းငှါ တတ်နိုင်သလော၊ ဤသူသည် မိမိ၏ ကံဖြင့်သာလျှင် လာပြီးတော့မှုရင် မိမိ၏ ကံဖြင့်သာလျှင် သွားရလတ္တံ့၊ မြေခွက်အပြည့် ဘင်ပုပ်ထည့်၍ အဦးမှု ကမ်းလည်း မလှမ်းသည့် လက်ဆောင်ကဲ့သို့ရင်း,လေညာရှေးရှု ပစ်လွှင့်အပ်သော မြူဆုပ်ကဲ့သို့ရင်း, ဤထွက်သော အမျက်သည် ထိုသူ၏ ထိပ်ထက်၌ ကျလတ္တံ့ဟု ဆိုပြီးတော့မှုရင် မိမိ၏ရင်း, သူတပါး၏ရင်း, ကံသည်သာလျှင် မိမိဥစ္စာရှိသည်၏ အဖြစ်ကို ဆင်ခြင်၍ ဆင်ခြင်ခြင်း၌ တည်သော သူအားရင်း, အဃဂုတ္တ မထေရ်ကျော်နှင့် တူကုန်သော မေတ္တာဘာဝနာ၌ မွေ့လျော်ပျော်ပိုက်ကုန်သော ကလျာဏမိတ်တို့ကို မှီဝဲဆည်းကပ်သော သူအားရင်း ဗျာပါဒသည် ကင်းပျောက်ပေ၏။

ဣရိယာပုထ်ကို မှီသဖြင့် လျောက်ပတ်သော မေတ္တာ စကားဖြင့်လည်း ဗျာပါဒကွာပုံ ရပ်ခြင်း ထိုင်ခြင်း စသည်တို့၌ မေတ္တာကို အမှီပြုပြီး တော့မှုရင် လျောက်ပတ်သော တရားစကားများကိုသာ ပြောဆိုသဖြင့်လည်း ဗျာပါဒသည် ကင်းပျောက်ပေ၏။

**ဗျာပါဒဖြစ်ပေါ်ချိန် ဆရာကောင်းထံ ချဉ်းကပ်ပုံ**

ရဟန်း ဤသာသနာတော်၌ အကြင်အခါမှာ ရဟန်းသည် ဗျာပါဒသည် ထိုးကျင့်အပ်သော ဗျာပါဒသည် အစဉ်လိုက်အပ် (နှိပ်စက်အပ်)သော စိတ်ဖြင့် နေ၏၊ ဖြစ်ပေါ်ပြီးသော ဗျာပါဒ၏ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်မှန်သည့်အတိုင်းပင် မသိပေ၊ ထိုအခါမှာ ဝဋ်ဆင်းရဲမှ ကင်းလွတ်ရာ နိဗ္ဗာန်ကို မှီသော စိတ်ကို ပွါးစေတတ်သော ရဟန်းကို ချဉ်းကပ်၍ ဤကဲ့သို့ လျှောက်ထားအပ်သည် ဖြစ်ခဲ့ရာ၏၊ "ငါ့ရှင်တို့ ငါသည် ဗျာပါဒသည် ထိုးကျင့်အပ်သော ဗျာပါဒသည် အစဉ်လိုက်အပ်သော စိတ်ဖြင့်ပင် နေရ၏၊ ဖြစ်ပေါ်နေသော ဗျာပါဒ၏ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်မှန်သည့်အတိုင်းပင် မသိပေ၊ တောင်းပန်ပါ၏၊ စင်စစ် အမှန် ဝေကန် အရှင်သည် တပည့်တော်အား ဗျာပါဒကို ပယ်ခြင်းငှါ တရားတော်ကို ဟောတော်မူပါလော့" ဟု လျှောက်ထားအပ်ပေ၏။ (အင်္ဂုတ္တိုရ် ပါဠိတော် ဆက္ကနိပါတ် ၂၀၀)

**ဗျာပါဒကို ပယ်ရန် ရှေးဦးစွာ ဟောသင့်သော တရား**

ထိုသို့ လျှောက်ထား တောင်းပန်သော ရဟန်းအား ဝဋ်ဆင်းရဲမှ ကင်းလွတ်ရာ နိဗ္ဗာန်ကို မှီသော စိတ်ကို ပွါးစေတတ်သော ရဟန်းက နေပြီးတော့မှရင် ဗျာပါဒကို ပယ်ခြင်းငှါ (မေတ္တာကမ္မဋ္ဌာန်း)တရားကို ဟောတော်မူပါပေ၏၊ ရဟန်း ဤဗျာပါဒနှိပ်စက်သော အခါသည် ဝဋ်ဆင်းရဲမှ ကင်းလွတ်ရာ နိဗ္ဗာန်ကို မှီသော စိတ်ကို ပွါးစေတတ်သော ရဟန်းကို ရှေးဦးစွာပင် ဖူးမြင်ခြင်းငှါ သင့်လျော် လျောက်ပတ် ကောင်းမြတ်သော အခါပေတည်း။

**ထိန မိဒ္ဓနီဝရဏသည် ထောင်အိမ်မှ လွတ်သူနှင့်တူပုံ**

ပယ်အပ်ပြီးသော ထိနမိဒ္ဓနီဝရဏကို အနှောင်အဖွဲ့မှ လွတ်သော သူ၏ အဖြစ်နှင့် တူသည်ကို ပြဆိုရာ၌ နက္ခတ်ပွဲလမ်းသဘင်နေ့၌သာလျှင် နှောင်အိမ်၌ သွင်းထားခြင်းကို ခံစားရသော ယောကျ်ားသည်"တပါးသော နက္ခတ်ပွဲသဘင်နေ့၌ ရှေ့၌လည်း ငါ့ကို မေ့လျော့မှုဟု ဆိုအပ်သော အပြစ်ကြောင့် နှောင်ဖွဲ့အပ်ပါပေ၏၊ ထိုသို့ နှောင်ဖွဲ့ခံထားရလေသောကြောင့် နက္ခတ်ပွဲသဘင်ကို မခံစားရပေပြီ"ဟု ကြံ၍ အကြင်သို့သော အခြင်းအရာအားဖြင့် ရန်သူတို့သည် နှိပ်စက်ခွင့်ကို မရကြပေကုန်၊ ဤသို့သော အခြင်းအရာအားဖြင့် မမေ့လျော့သည်ဖြစ်၍ နက္ခတ်ပွဲသဘင်ကို ခံစား၍ နက္ခတ်ပွဲသဘင်သည် ဩော် အံ့ဖွယ်ရှိပေစွ၊ နက္ခတ်ပွဲသဘင်သည် ဩော် အံ့ဖွယ်ရှိပါပေစွတကားဟူ၍ ဥဒါန်းကို ကျူးရင့်ဘိသကဲ့သို့ ဤသည်နှင့်မခြား အလားတူစွာသာလျှင် လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် ဤ ထိနမိဒ္ဓမည်သည် များစွာ

သော ဒိဋ္ဌဓမ္မသမ္ပရာယိက အကျိုးမဲ့ကို ပြုတတ်၏ဟု ကြံလျက် ခြောက်ပါးကုန်သော တရားတို့ကို ပွါးများ၍ ထိနမိဒ္ဓကို ပယ်အပ်၏။

**ထိနမိဒ္ဓ နီဝရဏကို ပယ်နိုင်သည့် တရား ၆-မျိုး**

**(သုတ်မဟာဝါ အဋ္ဌကထာ-၃၇၀)**

ခြောက်ပါးသော ဓမ္မတို့ဟူသည်—

(က) အတိဘောဇနေ နိမိတ္တဂ္ဂါဟ=အလွန်စားခြင်း၌ ထိနမိဒ္ဓ၏ နိမိတ်ကို ယူခြင်း၊

(ခ) ဣရိယာပထသမ္ပရိဝတ္တနတာ = ဣရိယာပုထ်ကို ပြောင်းလဲသည်၏ အဖြစ်၊

(ဂ) အာလောကသညာ မနသိကာရော = အာလောကသညာကို နှလုံးသွင်းခြင်း၊

(ဃ) အဗ္ဘောကာသဝါသော=လွင်တီးခေါင်၌ နေခြင်း၊

(င) ကလျာဏမိတ္တတာ=ကောင်းသော မိတ်ဆွေရှိသည်၏ အဖြစ်၊

(စ) သပ္ပါယကထာ=ထိနမိဒ္ဓကို ပယ်စွန့်ခြင်း၌ လျောက်ပတ်သောစကား၊

ဤခြောက်ပါးကုန်သော တရားတို့သည် ထိန မိဒ္ဓနီဝရဏကို ပယ်စွန့်ခြင်းငှါ အားသစ်ရမည့် တရားတို့ ဖြစ်ပေကုန်၏။

ထင်ရှားပေါ် လွင်စေရန် အနည်းငယ်ရှင်းပြပါဦးအံ့၊ အာဟာရဟတ္ထက ပုဏ္ဏား, တတြဝဋ္ဋကပုဏ္ဏား, အလံသာဋကပုဏ္ဏား, ကာကမာသကပုဏ္ဏား, ဘုတ္တဝမိတက ပုဏ္ဏား တို့၏ စားခြင်းကဲ့သို့ စားခြင်းကို စားပြီးတော့မှရင် ညဥ့်သန့်ရာ နေ့သန့်

---

၁။ အာဟာရဟတ္ထကပုဏ္ဏား=ထမင်းစားပြီး မိမိအလိုလို မထနိုင်၍'လက်ကို ဆွဲထူပါ' ဆိုရအောင် စားသောပုဏ္ဏား။

၂။ တတြဝဋ္ဋကပုဏ္ဏား=ဗိုက်လေးလွန်းသဖြင့် မထနိုင်၍ ထိုစားရာအရပ်၌ပင် (စပါးကြီးမြွေကဲ့သို့) လူးလိမ့်နေရအောင် စားသောပုဏ္ဏား။

၃။ အလံသာဋကပုဏ္ဏား=ဝမ်းဗိုက်ကင်းလွန်း၍ ပုဆိုးကိုပင် မဝတ်နိုင်အောင် စားသော ပုဏ္ဏား။

၄။ ကာကမာသကပုဏ္ဏား=အစာများ ခံတွင်းသ ဆိုက်နေ၍ ကျီးနှိုက်၍ မှီအောင် စားသောပုဏ္ဏား။

၅။ ဘုတ္တဝမိတကပုဏ္ဏား=ဝမ်းဗိုက်မဆန့်သဖြင့် စားပြီးလျှင် အန်ပစ်ရအောင် စားသော ပုဏ္ဏား။

ရာအရပ်၌နေ၍ ရဟန်းတရားကို ပြုတတ်သော လွတ်လမ်းကိုရှာ ရဟန်းသံဃာအား ထိနမိဒ္ဓသည် ကြီးစွာသော ဆင်းရဲကိုကဲ့သို့ လွှမ်းမိုးလျက် လာခဲ့ပေ၏။

လေးလုပ် ငါးလုပ်သော ဆွမ်းတို့၏တည်ရာအရပ်ကို ထားပြီးတော့မှရင် ရေကို သောက်၍ မျှခြင်း အလေ့ရှိသော လွတ်လမ်းကိုရှာ ရဟန်းသံဃာအား ထိုထိန-မိဒ္ဓသည် မဖြစ်တော့ပေ၊ အဲဒီလို အလွန်စားခြင်း၌ ထိနမိဒ္ဓ၏အကြောင်းကို ယူတတ်သော ပုဂ္ဂိုလ်အားလည်း ထိနမိဒ္ဓကို ပယ်အပ်၏။

အကြင်ဣရိယာပုထ်၌ ထိနမိဒ္ဓသည် သက်၏၊ ထိုဣရိယာပုထ်မှ တပါးသော ဣရိယာပုထ်ကို ပြောင်းလဲသော ပုဂ္ဂိုလ်အားလည်း ထိနမိဒ္ဓကို ပယ်အပ်၏။

ညဥ့်အခါ၌ လရောင် ဆီမီးရောင် မီးရှူးရောင်တို့ကို နေ့အခါ၌ ယူအပ်ပြီးသော နိမိတ်ရှိသော (နေရောင်ကို ယူအပ်ပြီးသော နိမိတ်ရှိသော) ပုဂ္ဂိုလ်အားလည်း ထိနမိဒ္ဓကို ပယ်အပ်၏။

လွင်တီးခေါင်၌ နေသောပုဂ္ဂိုလ်အားလည်း ထိနမိဒ္ဓကို ပယ်အပ်၏။

မဟာကဿပမထေရ်နှင့်တူကုန်သော ပယ်အပ်ပြီးသော ထိနမိဒ္ဓရှိကုန်သော ကောင်းသော အဆွေခင်ပွန်းတို့ကို မှီဝဲသောပုဂ္ဂိုလ်အားလည်း ထိနမိဒ္ဓကို ပယ်အပ်၏။

တည်ရာအရပ်၌ နေခြင်းစသည်တို့၌ (ဓုတင်ကို မှီအပ်သော သင့်လျော်လျောက်ပတ်သော စကားမျှဖြင့်လည်း) ထိနမိဒ္ဓကို ပယ်အပ်၏။

ခြောက်ပါးကုန်သော ဤတရားတို့ဖြင့် ပယ်အပ်ပြီးသော ထိနမိဒ္ဓ၏ အရဟတ္တမဂ်ဖြင့် နောင်သောအခါ၌ မဖြစ်စေခြင်းသည် ဖြစ်ခဲ့ပါပေ၏။

ဤသို့ ပယ်အပ်ပြီးသော ထိနမိဒ္ဓရှိသော ထိုလွတ်လမ်းကိုရှာ ရဟန်းသံဃာသည် နှောင်အိမ်မှ လွတ်သော ယောကျ်ားသည် ခုနစ်ရက်ပတ်လုံးလည်း နက္ခတ်ပွဲလမ်းသဘင်၏ စ, လယ်, အဆုံး, သုံးပါးလုံးကို ခံစားရဘိသကဲ့သို့ ဤအတူ သာလျှင် နာအပ်သော တရားတည်းဟူသော နက္ခတ်ပွဲလမ်းသဘင်၏ စ, လယ်, အဆုံး သုံးပါးလုံးကို ခံစားလျက် ပဋိသမ္ဘိဒါတို့နှင့်တကွ ရဟန္တာ၏အဖြစ်သို့ ရောက်ခဲ့ပါပေ၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် အနှောင်အဖွဲ့တည်းဟူသော နှောင်အိမ်မှ လွတ်သောသူကဲ့သို့ ထိနမိဒ္ဓနီဝရဏကို ပယ်သည်၏အဖြစ်ကို ဟောတော်မူအပ်ပါပေ၏။

**ထိနမိဒ္ဓဖြစ်ပေါ်ချိန် ဆရာကောင်းထံ ချဉ်းကပ်ပုံ။**　။ရဟန်း ဤသာသနာတော်၌ အကြင်အခါမှာ ရဟန်းသည် ထိနမိဒ္ဓသည် ထိုးကျင့်အပ်သော ထိနမိဒ္ဓသည် အစဉ်လိုက်အပ်

သော စိတ်ဖြင့် နေ၍၊ ဖြစ်ပေါ်ပြီးသော ထိနမိဒ္ဓ၏ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်မှန်သည့်အတိုင်းပင် မသိပေ၊ ထိုအခါမှာ ဝဋ်ဆင်းရဲမှ ကင်းလွတ်ရာ နိဗ္ဗာန်ကို မှီသော စိတ်ကို ပွါးစေတတ်သော ရဟန်းကို ချဉ်းကပ်၍ ဤကဲ့သို့ လျှောက်ထားအပ်သည် ဖြစ်ခဲ့ရာ၏ "ငါ့ရှင်တို့ ငါသည် သာလျှင် ထိနမိဒ္ဓသည် ထိုးကျင့်အပ်သော ထိနမိဒ္ဓသည် အစဉ်လိုက်အပ်သော စိတ်ဖြင့် နေရ၏၊ ဖြစ်ပေါ်ပြီးသော ထိနမိဒ္ဓ၏ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်မှန်သည့်အတိုင်းပင် မသိပေ၊ တောင်းပန်ပါ၏၊ စင်စစ်အမှန် ဝေကန် အရှင်သည် တပည့်တော်အား ထိနမိဒ္ဓကို ပယ်ခြင်းငှါ တရားတော်ကို ဟောတော်မူပါလော့"ဟု လျှောက်ထားအပ်ပေ၏။

**ထိနမိဒ္ဓကိုပယ်ရန် ရှေးဦးစွာ ဟောသင့်သော တရားများ** ထိုသို့ လျှောက်ထား တောင်းပန်သော ရဟန်းအား ဝဋ်ဆင်းရဲမှ ကင်းလွတ်ရာ နိဗ္ဗာန်ကို မှီသော စိတ်ကို ပွါးစေတတ်သော ရဟန်းက နေပြီးတော့မှရင် ထိနမိဒ္ဓကို ပယ်ခြင်းငှါ အာလောကသညာကိုရင်း၊ ဝီရိယာရမ္ဘဝတ္ထု အစရှိသည်တို့ကိုရင်း ဟောတော်မူပါပေ၏၊ ရဟန်း ဤ ထိနမိဒ္ဓ နှိပ်စက်သောအခါသည် ဝဋ်ဆင်းရဲမှ ကင်းလွတ်ရာ နိဗ္ဗာန်ကို မှီသော စိတ်ကို ပွါးစေတတ်သော ရဟန်းကို ရှေးဦးစွာပင် ဖူးမြင်ခြင်းငှါရင်း ချဉ်းကပ်ခြင်းငှါရင်း သင့်တော် လျှောက်ပတ် ကောင်းမြတ်သော အခါပေတည်း။

**ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏသည် တော်လှန်သူနှင့် တူပုံ။** ။ပယ်အပ်ပြီးသော ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏကို တော်လှန်(လွတ်လပ်)သူနှင့် တူသည်ကို ပြဆိုရာ၌ ကျွန်သည် တစုံတယောက်သောလျှင် ဖြစ်သော မိတ်ဆွေကို အမှီပြု၍ ကြွေးမြီရှင်တို့၏ ကြွေးမြီဥစ္စာကို ပေးဆပ်၍ မိမိကိုယ်ကို တော်လှန်သူပြုပြီး ထိုတော်လှန်သူ ဖြစ်သောအခါမှ အစပြု၍ အကြင်အမှုကို ပြုခြင်းငှါ အလိုရှိ၏၊ ထိုအမှုကို ပြုဘိသကဲ့သို့ ဤအတူသာလျှင် လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် ဤဥဒ္ဓစ္စ ကုက္ကုစ္စမည်သည် များစွာသော ဒိဋ္ဌဓမ္မသမ္ပရာယိက အကျိုးမဲ့ကို ပြုတတ်၏၊ ဤသို့ ကြံစည်ပြီးတော့မှရင် ခြောက်ပါးသော တရားတို့ကို ပွါးများ၍ ဥဒ္ဓစ္စ ကုက္ကုစ္စကို ပယ်အပ်၏။

## ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏကို ပယ်နိုင်သည့်တရား ၆-မျိုး

(သုတ်မဟာဝါ အဋ္ဌကထာ ၃၇၁)

ခြောက်ပါးသော ဓမ္မဟူသည်—

(က) ဗဟုဿုတတာ=များသော အကြားအမြင် ရှိသည်၏ အဖြစ်၊

(ခ) ပရိပုစ္ဆကတာ=အပ်သည့်, မအပ်သည်ကို အဖန်တလဲလဲ ဆွေးနွေး မေးမြန်းခြင်း ရှိသည်၏ အဖြစ်၊

(ဂ) ဝိနယေ ပကတညုတာ=ဝိနည်း၌ သဘောကို သိသည်၏ အဖြစ်၊

(ဃ) ဝုဍ္ဎသေဝိတာ=ကြီးသောသူကို မှီဝဲဆည်းကပ်သည်၏ အဖြစ်၊

(င) ကလျာဏမိတ္တတာ=ကောင်းသော အဆွေခင်ပွန်း ရှိသည်၏အဖြစ် (ဝါ) ကောင်းသော မိတ်ဆွေ ရှိသည်၏အဖြစ်၊

(စ) သပ္ပါယကထာ=ဥဒ္ဒစ္စကုက္ကုစ္စကို ပယ်ခြင်းအား လျော်ပတ်သော စကား၊

ဤခြောက်ပါးကုန်သော တရားတို့သည် ဥဒ္ဒစ္စ ကုက္ကုစ္စ နီဝရဏကို ပယ်စွန့်ခြင်းငှါ အားသစ်ရမည့် တရားတို့ ဖြစ်ပေကုန်၏။

ထင်ရှားပေါ်လွင်စေရန် အနည်းငယ် ရှင်းပြပေဦးအံ့၊ များသော အကြား အမြင်ရှိသော သူ၏ အဖြစ်ဖြင့်လည်း တခုသော နိကာယ်ကိုရင်း၊ နှစ်ခု ကုန်သော နိကာယ်တို့ကိုရင်း၊ သုံးခုကုန်သော နိကာယ်တို့ကိုရင်း၊ လေးခုကုန်သော နိကာယ်တို့ကိုရင်း၊ ငါးခုကုန်သော နိကာယ်တို့ကိုရင်း ပါဠိတော်၏ အစွမ်း အားဖြင့်ရင်း၊ သဒ္ဒါဟောအပ်သော အနက်၏ အစွမ်းအားဖြင့်ရင်း သင်ယူသော ပုဂ္ဂိုလ်အားလည်း ဥဒ္ဒစ္စကုက္ကုစ္စကို ပယ်အပ်၏။

အပ်, မအပ်ကို ဆွေးနွေးခြင်းများသော ပုဂ္ဂိုလ်အားလည်း ဥဒ္ဒစ္စကုက္ကုစ္စကို ပယ်အပ်၏။

ဝိနည်းပညတ်တော်၌ လေ့လာပြီးသော ဝသီဘော်ရှိသည်၏အဖြစ်ကြောင့် သဘောကို သိသော လွတ်လမ်းကိုရှာ ရဟန်းသံဃာအားလည်း ဥဒ္ဒစ္စကုက္ကုစ္စကို ပယ်အပ်၏။

သီတင်းကြီးလျက် အသက်ကြီးကုန်သော မထေရ်တို့ကို ဆည်းကပ်သော ပုဂ္ဂိုလ်အားလည်း ဥဒ္ဒစ္စကုက္ကုစ္စကို ပယ်အပ်၏။

ဥပါလိမထေရ်နှင့် တူကုန်သော ဝိနည်းကို ဆောင်ကုန်သော ကောင်းသော အဆွေခင်ပွန်းတို့ကို မှီဝဲသောပုဂ္ဂိုလ်အားလည်း ဥဒ္ဒစ္စကုက္ကုစ္စကို ပယ်အပ်၏။

တည်ရာအရပ်၌ နေခြင်းအစရှိသည်တို့၌ ပယ်အပ်သည့်, မပယ်အပ်သည်ကို မှီသော လျော်ပတ်သော စကားဖြင့်လည်း ဥဒ္ဒစ္စကုက္ကုစ္စကို ပယ်အပ်၏။

ထို့ကြောင့် ခြောက်ပါးကုန်သော ဤတရားတို့ဖြင့် ဝိက္ခမ္ဘနအားဖြင့် ပယ် အပ်ပြီးသော ဥဒ္ဒစ္စကုက္ကုစ္စတို့တွင် ဥဒ္ဒစ္စကို အရဟတ္တမဂ်ဖြင့် ကုက္ကုစ္စကို အနာဂါမိ

မဂ်ဖြင့် နောင်သောအခါ၌ တဖန် မဖြစ်စေသည်၏အစွမ်းဖြင့် ပယ်စွန့်အပ်ပါ ပေ၏။

ဤသို့ ပယ်အပ်ပြီးသော ဥဒ္ဒစ္စကုက္ကုစ္စကို တော်လှန်သော ယောကျ်ားသည် အကြင်အမှုကို ပြုခြင်းငှါ အလိုရှိ၏၊ ထိုအမှုကို ပြုဘိသကဲ့သို့ တော်လှန်သော ယောကျ်ားကို ကဇုံတယောက်သောသူသည် နိုင်ထက်မှုခြင်း အားရှိအားမဲ့ပြုခြင်း ဖြင့် ထိုတော်လှန်သူအဖြစ်မှ မဆုတ်နစ် စေနိုင်၏သို့ ဤအတူသာလျှင် ချမ်း သာသည်အားလျော်စွာ နီဝရဏမှ ထွက်မြောက်ကြောင်း အကျင့်ကို ကျင့်၏၊ ထိုတော်လှန်သူ ယောကျ်ားကို ဥဒ္ဒစ္စကုက္ကုစ္စနီဝရဏသည် နိုင်ထက်မှုခြင်း အားရှိ အားမဲ့ပြုခြင်းအားဖြင့် ထိုနီဝရဏမှ ထွက်မြောက်ကြောင်းဖြစ်သော အကျင့်မှ မဆုတ်မနစ်နိုင်ပေ။ ထို့ကြောင့် မြတ်စွာဘုရားသည် တော်လှန်သောသူကဲ့သို့ ဥဒ္ဒစ္စကုက္ကုစ္စနီဝရဏကို ပယ်သည်၏အဖြစ်ကို ဟောတော်မူအပ်ပါပေ၏။

**ဥဒ္ဒိစ္စကုက္ကုစ္စ ဖြစ်ပေါ်ချိန် ဆရာကောင်းထံ ချဉ်းကပ်ပုံ**

ရဟန်း ဤသာသနာတော်၌ အကြင်အခါမှာ ဥဒ္ဒစ္စကုက္ကုစ္စ သည် ထိုးကျင့်အပ်သော ဥဒ္ဒစ္စ ကုက္ကုစ္စသည် အစဉ်လိုက်အပ်သော စိတ်ဖြင့် နောင်ဖြစ်ပေါ်ပြီးပါသော ဥဒ္ဒစ္စ ကုက္ကုစ္စ၏ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်မှန်သည့်အတိုင်း ပင် မသိပေ၊ ထိုအခါမှာ ဝဋ်ဆင်းရဲမှ လွတ်ကင်းရာနိဗ္ဗာန်ကို မှီသောစိတ်ကို ပွါးစေတတ်သော ရဟန်းကို ချဉ်းကပ်၍ ဤကဲ့သို့ လျှောက်ထားအပ်သည်ဖြစ်ခဲ့ ရာ၏ "ငါ့ရှင်တို့ ငါသည်သာလျှင် ဥဒ္ဒစ္စကုက္ကုစ္စသည် ထိုးကျင့်အပ်သော ဥဒ္ဒစ္စ ကုက္ကုစ္စသည် အစဉ်လိုက်အပ်သော စိတ်ဖြင့် နေ၏၊ ဖြစ်ပေါ်ပြီးပါသော ဥဒ္ဒစ္စ ကုက္ကုစ္စ၏ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်မှန်သည့် အတိုင်းပင် မသိပေ၊ တောင်းပန်ပါ၏၊ စင်စစ်အမှန် ဝေကန် အရှင်သည် တပည့် တော်အား ဥဒ္ဒစ္စကုက္ကုစ္စကို ပယ်ခြင်းငှါ တရားတော်ကို ဟောတော်မူပါလော့" ဟု လျှောက်ထားအပ်ပေ၏။ (အင်္ဂုတ္တိုရ်ပါဠိတော် ဆက္ကနိပါတ်-၂၇၁)

**ဥဒ္ဒစ္စကုက္ကုစ္စကိုပယ်ရန် ရှေးဦးစွာ ဟောသင့်သောတရား**

ထိုသို့ လျှောက်ထား တောင်းပန်သော ရဟန်းအား ဝဋ်ဆင်းရဲမှ ကင်းလွတ်ရာ နိဗ္ဗာန်ကို မှီသောစိတ်ကို ပွါးစေတတ် သော ရဟန်းက နေပြီးတော့မှရင် ဥဒ္ဒစ္စကုက္ကုစ္စကို ပယ်ခြင်းငှါ သမထကမ္မဋ္ဌာန်း တရားကို ဟောတော်မူပါပေ၏၊ ရဟန်း ဤဥဒ္ဒစ္စကုက္ကုစ္စ နှိပ်စက်သောအခါသည် ဝဋ်ဆင်းရဲမှ ကင်းလွတ်ရာ နိဗ္ဗာန်ကိုမှီသောစိတ်ကို ပွါးစေတတ်သော ရဟန်းကို ရှေးဦးစွာပင် ဖူးမြင်ခြင်းငှါလည်း ချဉ်းကပ်ခြင်းငှါလည်း သင့်တော် လျှောက်ပတ် ကောင်းမြတ်သော အခါပေတည်း။

**ဝိစိကိစ္ဆာနီဝရဏသည် ဘေးမရှိရာသို့ ရောက်သူနှင့်တူပုံ** ပယ်အပ်ပြီးသော ဝိစိကိစ္ဆာနီဝရဏကို ကန္တာရကိုလွန်မြောက်၍ ဘေးမရှိရာ အရပ်သို့ ရောက်သူနှင့်တူသည်ကို ပြဆိုရာ၌ ရန်သူကို ချေမှုန်းနိုင်သော အားရှိသော လက်၌ရောက်သော ဥစ္စာနှစ်ကိုယူ၍ စီရင်အပ်ပြီးသော လက်နက်ငါးမျိုးရှိသော အခြံအရံရှိသော ယောကျာ်းသည် (ရေဖြင့် ကူးခပ်ရာ) ခရီးခဲသို့ သွားရာ၏၊ ထိုယောကျာ်းကို ရန်သူကို ချေမှုန်းနိုင်သော အားရှိသည်၏ အဖြစ်ကြောင့်၎င်း, စီရင်အပ်ပြီးသော လက်နက်ငါးမျိုးရှိသည်၏ အဖြစ်ကြောင့်၎င်း, အခြံအရံရှိသည်၏အဖြစ်ကြောင့်၎င်း, ခိုးသူတို့သည် အဝေးမှသာလျှင် မြင်ကြကုန်၍ ထွက်ပြေးကြကုန်ရာ၏၊ ထိုယောကျာ်းသည်ကား ဘေးရန်ကင်းကွာ ချမ်းသာသဖြင့် (ထိုရေဖြင့် ကူးခပ်ရာ) ခရီးခဲကို လွန်မြောက်၍ ဘေးမရှိရာအရပ်သို့ ရောက်သည်ရှိသော် အလွန်ဝမ်းမြောက်သည်ဖြစ်ရာဘိသကဲ့သို့ ဤအတူသာလျှင် လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် ဤဝိစိကိစ္ဆာမည်သည် များစွာသော သမ္မာပဋိပတ်၏ အကျိုးမဲ့ကို ပြုတတ်၏ဟု ကြံပြီး၍ ခြောက်ပါးသောတရားတို့ကို ပွါးများလျက် ဝိစိကိစ္ဆာကို ပယ်စွန့်အပ်၏။

## ဝိစိကိစ္ဆာနီဝရဏကို ပယ်နိုင်သည့် တရား ၆-မျိုး

## (သုတ်မဟာဝါအဋ္ဌကထာ ၃၇၂)

ခြောက်ပါးသော တရားတို့ဟူသည်—

(က) ဗဟုဿုတတာ=များသော အကြားအမြင်ရှိသည်၏အဖြစ်၊

(ခ) ပရိပုစ္ဆကတာ=ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတို့ကို ဆွေးနွေးမေးမြန်းခြင်း ရှိသောသူ၏အဖြစ်၊

(ဂ) ဝိနယေ ပကတညုတာ=ဝိနည်း၌ သဘောကို သိသည်၏အဖြစ်၊

(ဃ) အဓိမောက္ခဗဟုလတာ=များသော ဆုံးဖြတ်ခြင်း ရှိသောသူ၏အဖြစ်၊

(င) ကလျာဏမိတ္တတာ=ကောင်းသော မိတ်ဆွေရှိသည်၏အဖြစ်၊

(စ) သပ္ပါယကထာ=ဝိစိကိစ္ဆာကို ပယ်ခြင်းအား လျော်ကပ်သော စကား၊

ဤခြောက်ပါးကုန်သော တရားတို့သည် ဝိစိကိစ္ဆာနီဝရဏကို ပယ်စွန့်ခြင်းငှါ အားသစ်ရမည့် တရားတို့ ဖြစ်ပေကုန်၏။

ထင်ရှားပေါ်လွင်စေရန် အနည်းငယ် ရှင်းပြဦးအံ့၊ များသော အကြားအမြင်ရှိသောသူ၏အဖြစ်ဖြင့်လည်း တပုဒ်သောနိကာယ်ကို၎င်း, နှစ်ခုကုန်သော နိကာယ်တို့ကို၎င်း, သုံးခုကုန်သော နိကာယ်တို့ကို၎င်း, လေးခုကုန်သော နိကာယ်တို့ကို၎င်း,

ငါးခုကုန်သော နီကာယ်တို့ကိုင်း, ပါဠိတော်၏အစွမ်းအားဖြင့်ရင်း, သဒ္ဒါတို့ ဟောအပ်သော အနက်၏အစွမ်းအားဖြင့်ရင်း သင်ယူသော ပုဂ္ဂိုလ်အားလည်း ဝိစိကိစ္ဆာကို ပယ်အပ်၏။

ရတနာသုံးပါးတို့ကို အကြောင်းပြု၍ (အစွဲပြု၍) ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတို့ကို ဆွေးနွေးမေးမြန်းခြင်း များသော ဆုံးဖြတ်ခြင်းရှိသော ပုဂ္ဂိုလ်အားလည်း ဝိစိကိစ္ဆာကို ပယ်အပ်၏။

ဝိနည်းတရားတော်၌ အလေ့အကျက် ဝသီဘော်ရှိသော ပုဂ္ဂိုလ်အားလည်း ဝိစိကိစ္ဆာကို ပယ်အပ်၏။

သုံးပါးကုန်သော ရတနာတို့၌ သက်ဝင်ယုံကြည်ခြင်း'သဒ္ဓါ'ဟု ဆိုအပ်သော ဆုံးဖြတ်ချက်များသော ပုဂ္ဂိုလ်အားလည်း ဝိစိကိစ္ဆာကို ပယ်အပ်၏။

သဒ္ဓါတရားအားဖြင့် ညွတ်ကုန်သော ဝက္ကလိမထေရ်နှင့် တူကုန်သော ဖကောင်းသော အဆွေခင်ပွန်းတို့ကို မှီဝဲသော ပုဂ္ဂိုလ်အားလည်း ဝိစိကိစ္ဆာကို ပယ်အပ်၏။

တည်ရာအရပ်၌ နေခြင်းအစရှိသည်တို့၌ ရတနာမြတ်သုံးပါးတို့၏ဂုဏ်ကျေးဇူးကို မှီသော လျော်ကပ်သော စကားဖြင့်လည်း ဝိစိကိစ္ဆာကို ပယ်အပ်၏။

ထိုကြောင့် ခြောက်ပါးကုန်သော ဤ တရားတို့ဖြင့် ပယ်အပ်ပြီးသော ဝိစိကိစ္ဆာကို သောတာပတ္တိမဂ်ဖြင့် နောင်သောအခါ၌ တဖန် မဖြစ်ခြင်း ရှိသည်ကို ပြုအပ်ပါပေ၏။

ဤသို့ ပယ်အပ်ပြီးသော ဝိစိကိစ္ဆာရှိသော ထို လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် ရန်သူတို့ကို ချေမှုန်းနိုင်သော အားရှိသော စီရင်အပ်ပြီးသော လက်နက်ငါးမျိုးရှိသော အခြံအရံရှိသော ဘေးမရှိသော ယောကျ်ားသည် ခိုးသူတို့ကို မြက်မှိုက်ကိုကဲ့သို့ မရေတွက်မူ၍ ဘေးရန်ကင်းကွာ ချမ်းသာသဖြင့် ထွက်၍ ဘေးမရှိရာအရပ်သို့ ရောက်လေဘိသကဲ့သို့ ဤသည်နှင့်မခြား အလားတူစွာ သာလျှင် လွတ်လမ်းကိုရှာ ရဟန်းသံဃာသည် ဒုစရိုက်တည်းဟူသော ခရီးခဲကို လွန်မြောက်၍ မြတ်သော ဘေးမရှိရာ အရပ်ဖြစ်သော မြတ်သော နိဗ္ဗာန်သို့ ရောက်ခဲ့ပါပေ၏၊ ထိုကြောင့် မြတ်စွာဘုရားသည် ဘေးမရှိရာအရပ်ကို ရောက်သူကဲ့သို့ ဝိစိကိစ္ဆာနီဝရဏကို ပယ်သည်၏အဖြစ်ကို ဟောတော်မူအပ်ပါပေ၏။

**ဝိစိကိစ္ဆာဖြစ်ပေါ်ချိန် ဆရာကောင်းထံ ချဉ်းကပ်ပုံ**

ရဟန်း ဤသာသနာတော်၌ အကြင်အခါမှာ ရဟန်းသည် ဝိစိကိစ္ဆာသည် တိုးကျင့်အပ်သော ဝိစိကိစ္ဆာသည်ပင် အစဉ်လိုက်အပ်သော စိတ်ဖြင့် နေ၏၊ဖြစ်ပေါ်ပြီးပါသော ဝိစိကိစ္ဆာ၏ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်မှန်သည့်အတိုင်းပင် မသိပေ၊

ထိုအခါမှာ ဝဋ္ဋဆင်းရဲမှ ကင်းလွတ်ရာ နိဗ္ဗာန်ကို မှီသော စိတ်ကို ပွါးစေတတ်သော ရဟန်းကို ချဉ်းကပ်၍ ဤကဲ့သို့ လျှောက်ထားအပ်သည် ဖြစ်ခဲ့ရာ၏။

"ငါ့ရှင်တို့ ငါသည်သာလျှင် ဝိစိကိစ္ဆာသည် ထိုးကျင့်အပ်သော ဝိစိကိစ္ဆာသည် အစဉ်လိုက်အပ်သော စိတ်ဖြင့် နေရ၏၊ ဖြစ်ပေါ်ပြီးပါသော ဝိစိကိစ္ဆာ၏ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကိုလည်း ဟုတ်မှန်သည့်အတိုင်းပင် မသိပေ၊ တောင်းပန်ပါ၏၊ စင်စစ်အမှန် ဧကန် အရှင်သည် တပည့်တော်အား ဝိစိကိစ္ဆာကိုပယ်ခြင်းငှါတရားတော်ကို ဟောတော်မူပါလော့"ဟု လျှောက်ထားအပ်ပေ၏။ (အင်္ဂုတ္တိုရ်ပါဠိတော် ဆက္ကနိပါတ်-၂၈၁)

**ဝိစိကိစ္ဆာကိုပယ်ရန် ရှေးဦးစွာ ဟောသင့်သော တရား**　ထိုသို့ လျှောက်ထားတောင်းပန်သော ရဟန်းအား ဝဋ္ဋဆင်းရဲမှ ကင်းလွတ်ရာ နိဗ္ဗာန်ကို မှီသော စိတ်ကို ပွါးစေတတ်သော ရဟန်းက နေပြီးတော့မှရင် ဝိစိကိစ္ဆာကို ပယ်ခြင်းငှါ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးနှင့် စပ်သော တရားတော်တို့ကို ဟောတော်မူပါပေ၏၊ ရဟန်း ဤဝိစိကိစ္ဆာ နှိပ်စက်အပ်သောအခါသည် ဝဋ္ဋဆင်းရဲမှ ကင်းလွတ်ရာ နိဗ္ဗာန်ကို မှီသော စိတ်ကို ပွါးစေတတ်သော ရဟန်းကို ရှေးဦးစွာပင် ဖူးမြင်ခြင်းငှါရင်း ချဉ်းကပ်ခြင်းငှါရင်း သင့်တော် လျှောက်ပတ် ကောင်းမြတ်သော အခါပေတည်း။

**မှတ်ချက်။**　။ဤနီဝရဏတို့မှ ထွက်မြောက်တတ်ကြောင်း ဖြစ်သော ဥပစာရသုခ အပ္ပနာသုခဖြင့် ချမ်းသာသောသူ၏စိတ်ကို ဥပစာရ သမာဓိ အစွမ်းဖြင့်ရင်း အပ္ပနာသမာဓိ၏ အစွမ်းဖြင့်ရင်း ကောင်းစွာပင်လျှင် တည်ထားအပ်၏။

မပယ်အပ်သော နီဝရဏ, ပယ်အပ်ပြီးသော နီဝရဏ ငါးပါးတို့ကို ဥပမာ ဥပမေယျတို့ဖြင့် နှိုင်းယှဉ်ပြီး မှတ်သားဖွယ်ရာတို့ဖြင့် တန်းဆာဆင်လျက် ပြဆိုအပ်သော နီဝရဏပယ်ပုံ စကား အစဉ်သည် ပြီး၏။

နီဝရဏပ္ပဟာနကထာ ပြီး၏။

---

## ကသိုဏ်းပရိကံ စသည်

(ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ပဌမ-အုပ်-၁၁၅)

**လျှောက်ပတ်သော ကျောင်း၌ ကမ္မဋ္ဌာန်းအားထုတ်သင့်ပုံ**　ဆရာနှင့် အတူတူ တကျောင်းတည်းမှာ နေသော ပုဂ္ဂိုလ်အား ချမ်းသာမှုကို ရရှိခဲ့ပါသော် ထို ပုဂ္ဂိုလ်သည် ဆရာနှင့် အတူတူ နေသော ကျောင်း၌ပင်လျှင် ကမ္မဋ္ဌာန်းကို သုတ်

သင်ပြီးတော့မှရင် နေအပ်ပေ၏။ အကယ်၍ ထိုကျောင်းမှာနေလို့ ချမ်းသာမှု မရရှိခဲ့ပါသော် တဂါဝုတ်သော်ငင်း ယူဇနာခွဲသော်ငင်း တယူဇနာသော်ငင်း ကွာခြားသော အရပ်တွင် ရှိသော သင့်တော် လျောက်ပတ်သော ကျောင်းတွင် နေအပ်ပေ၏။

အဲဒီလို နေခဲ့ပါသည်ရှိသော် ကမ္မဋ္ဌာန်း၏ တစုံတခုသော အရာဌာန၌ ယုံမှားခြင်းသော်ငင်း, မေ့လျော့ခြင်းသော်ငင်း ဖြစ်ခဲ့ပါသော် စောစောစီးစီး ထပြီးတော့မှရင် ကျောင်း၌ သေနာသနဝတ်ကို ပြုပြီး လမ်းခရီးအကြားမှာ ဆွမ်းခံသွားပြီးလျှင် ဆွမ်းစားပြီးသော် ဆရာ၏ အထံသို့ သွား၍ ထိုနေ့မှာပင် ဆရာ၏ အထံတော်၌ ကမ္မဋ္ဌာန်းကို သုတ်သင်ကာ ဒုတိယနေ့မှာ ဆရာကို ရှိခိုးပြီး ထွက်ခဲ့လျက် ခရီးအကြားမှာ ဆွမ်းခံသွားပြီး မပင်မပန်းပဲ မိမိကျောင်းသို့ ပြန်လာနိုင်ပေ၏။

အကြင်ပုဂ္ဂိုလ်သည် တယူဇနာဝေးကွာတဲ့ နေရာမှာလည်း ကမ္မဋ္ဌာန်းအား သစ်ရာ ချမ်းသာရာ အရပ်ကို မရပေ၊ ထိုပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်း၌ အလုံးစုံ ရှုပ်ထွေးရာ အရာတို့ကို ဖြတ်၍ အထူးသဖြင့် စင်ကြယ်သော ဆင်ခြင်ခြင်းနှင့်စပ်သော ကမ္မဋ္ဌာန်းကို ပြုပြီးတော့မှရင် ဝေးကွာသော နေရာသို့လည်း သွားစဲ့ပြီး သမာဓိကို ပွါးစေခြင်းငှါ မလျောက်ပတ်သော ကျောင်းကို ပယ်ကာ လျောက်ပတ်သော ကျောင်း၌ နေရာ၏။

## မလျောက်ပတ်သော ကျောင်း ၁၈-မျိုး

(၁) မဟတ္တံ=ကြီးလွန်းသော ကျောင်း၊

(၂) နဝတ္တံ=အသစ်ဖြစ်သော ကျောင်း၊

(၃) ဇိဏ္ဏတ္တံ=ဟောင်းနွမ်း ယိုယွင်းသော ကျောင်း၊

(၄) ပန္ထနိဿိတတ္တံ=လမ်းခရီးကို မှီသော ကျောင်း၊

(၅) သောဏ္ဍိ=ကျောက်ရေကန်ရှိသော ကျောင်း၊

(၆) ပဏ္ဏံ=ဟင်းရွက်ခင်းနီးသော ကျောင်း၊

(၇) ပုပ္ဖံ=ပန်းဥယျာဉ်နီးသော ကျောင်း၊

(၈) ဖလံ=သစ်သီးဥယျာဉ်နီးသော ကျောင်း၊

(၉) ပတ္ထနီယတာ=လူတို့သည် တောင့်တ ချီးမွမ်းအပ်သော ကျောင်း၊

(၁၀) နဂရသန္နိဿိတတာ=မြို့ရွာကို မှီသော ကျောင်း၊

(၁၁) ဒါရုသန္တိဿိတတာ=ထင်းတော,သစ်တောကို မှီသော ကျောင်း၊

(၁၂) ခေတ္တသန္တိဿိတတာ=လယ်တောကို မှီသော ကျောင်း၊

(၁၃) ဝိသဘာဂါနံ ပုဂ္ဂလာနံ အတ္ထိတာ=သဘောမတူ ရန်သူများသော ကျောင်း၊

(၁၄) ပဋ္ဋနသန္တိဿိတတာ=ရေဆိပ်အပြင်ကို မှီသော ကျောင်း၊

(၁၅) ပစ္စန္တသန္တိဿိတတာ=ပစ္စန္တရစ်ကို မှီသော ကျောင်း၊

(၁၆) ရဇ္ဇသီမသန္တိဿိတတာ=တိုင်းပြည် အပိုင်းအခြား အစွန်အနားကို မှီသော ကျောင်း၊

(၁၇) အသပ္ပါယတာ=မလျောက်ပတ်သော ကျောင်း၊

(၁၈) ကလျာဏမိတ္တာနံ အလာဘော=မိတ်ဆွေကောင်းတို့ကို မရနိုင်သော ကျောင်းဟူ၍ တဆယ့်ရှစ်မျိုးသော ကျောင်းတို့သည် မလျောက်ပတ်သော ကျောင်းတို့ပေတည်း။

### မလျောက်ပတ်သောကျောင်း ၁၈-မျိုး အကျယ်

**ကြီးသောကျောင်း။** ။ကြီးသော ကျောင်းသည် ကမ္မဋ္ဌာန်းအားသစ်သော ယောဂီပုဂ္ဂိုလ်အား အဘယ့်ကြောင့် မလျောက်ပတ်သနည်း၊ ကြီးသောကျောင်း၌ အလိုဆန္ဒ အမျိုးမျိုးရှိသော ရဟန်းတို့ စုဝေးမိကြကုန်၏။ ထိုရဟန်းတို့သည် အချင်းချင်း ဆန့်ကျင်ကြခြင်းကြောင့် (ဗောဓိယင်္ဂဏစသော)ဝတ်ကို မပြုလုပ်ကြကုန်။ ဗောဓိယင်ပြင်စသည်တို့ကို တံမြက်မလှည်းကြကုန်၊ သောက်ရေ သုံးရေတို့ကို မထည့်ထားကြကုန်။ ထိုဝတ်ကြီး ဝတ်ငယ် မပြုသောကျောင်း၌ ဤယောဂီရဟန်းသည်"ဆွမ်းခံရွာ၌ ဆွမ်းခံလှည့်လည်မည်"ဟု (ကြံစည်လျက်) သပိတ်သင်္ကန်းကိုယူ၍ ထွက်သောအခါ ဗောဓိယင်္ဂဏစသော ဝတ်ကို မပြုရသေးသည်ကို မြင်လျှင်ဖြစ်စေ, ရေအိုး၌ ရေမရှိသည်ကို မြင်လျှင်ဖြစ်စေ, ဤယောဂီရဟန်းသည် ဝတ်ကိုပြုရ၏၊ ရေအိုးကို (ရေထည့်၍) တည်ထားရ၏၊ ထိုသို့မပြုလျှင် ဝတ်ပျက်ခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့်၏၊ ပြုပြန်လျှင်လည်း အချိန်လွန်သွား၍ နေမြင့်မှ ဆွမ်းခံဝင်ရသဖြင့် (အခြားရဟန်းများအား လောင်းလှူလိုက်ကြ၍) ဆွမ်းကုန်သွားသောအခါ တစုံတရာမျှ မရလိုက်တော့ပေ။

တကိုယ်တည်း ကိန်းအောင်းရာသို့ ကပ်ပြန်လျှင်လည်း ရှင်သာမဏေများနှင့် ရဟန်းငယ်တို့၏ ကျယ်လောင်စွာ ပြောဆိုသော အသံကြောင့်ရင်း သံဃာ့အမှု

ကိစ္စတို့ (ကို ပြုလုပ်သာ်)ကြောင့်ငှင်း စိတ်ပျံ့လွင့်၏၊ ဝတ်အားလုံးကို ပြုလုပ်ပြီး သည်သာဖြစ်သည့်ပြင် ဝတ်မှုကြွင်းသော (အခြား)ထိခိုက်ခြင်းလည်း မရှိပါမူ ထို သို့သော ကျောင်းကြီး၌ကား နေသင့်သေး၏။

**ကျောင်းသစ်။** ။ကျောင်းသစ်၌ (ပြုလုပ်ရန်) အမှုကိစ္စများပြား၏၊ မပြုလုပ် သော ရဟန်းကို ကဲ့ရဲ့တတ်ကုန်၏၊ "အရှင်မြတ်သည် ချမ်းသာ သလို ရဟန်းတရားကို အားထုတ်ပါ၊ အမှုကိစ္စကို တပည့်တော်တို့ ပြုလုပ်ကြပါ မည်"ဟု ရဟန်းတို့က ပြောဆို (ခွင့်ပြု)ထားပါမူ ထိုသို့သော ကျောင်းသစ်၌ နေ သင့်သေး၏။

**ဟောင်းနွမ်း ဒိုမင်း ယိုယွင်း ဆွေးမြေ့သောကျောင်း။** ။ဟောင်းနွမ်း ဒိုမင်း ယိုယွင်းဆွေးမြေ့သော ကျောင်း၌ သုတ်သင်ပြုပြင်ဖွယ်ရာ များစွာရှိသည်၊ အနည်းဆုံး မိမိ၏ အိပ်ရာ နေရာမျှကိုသော်လည်း မသုတ်သင် မပြုပြင်သော ရဟန်းကို ကဲ့ရဲ့တတ်ကုန်၏။ သုတ်သင်ပြုပြင်သော ရဟန်းအား ကမ္မဋ္ဌာန်းမှ ဆုတ်ယုတ်တတ်၏။

**လမ်းမကြီးနှင့်နီးသောကျောင်း။** ။လမ်းခရီးကို မှီသောကျောင်း၌ နေ့ရော ညဉ့်ပါ အာဂန္တုကများ (လာရောက်) စုဝေးကြကုန်၏။ အချိန်အခါမဲ့ လာသော အာဂန္တုကတို့အား မိမိ၏အိပ်ရာနေရာ ကို ပေး၍(မိမိကမူ)သစ်ပင်ရင်း၌ဖြစ်စေ၊ ကျောက်ဖျာပေါ်မှာဖြစ်စေ နေရ၏၊ နောက် တနေ့၌လည်း ထို့အတူပင် (နေရပြန်၏၊) ထို့ကြောင့် ကမ္မဋ္ဌာန်း အားထုတ်ရန် အခွင့်မရတော့ပေ။ ဤကဲ့သို့ အာဂန္တုကကြောင့် နေရာကျဉ်းကြပ် ခြင်း မရှိပါမူ ထိုသို့သော လမ်းခရီးကို မှီသော ကျောင်း၌ကား နေသင့်သေး ပေ၏။

**ကျောက်ရေကန်ရှိသောကျောင်း။** ။ကျောက်ရေကန်ရှိသော ကျောင်း၌ ရေ ခပ်ရန် လူအများ လာရောက် စုဝေးကြ ကုန်၏၊ မြို့၌ သီတင်းသုံးသော မင်းဆရာမထေရ်တို့၏ အနီးနေ တပည့်တို့သည် သက်န်းဆိုးရန်ကိစ္စအတွက် လာကြကုန်၏၊ ဆိုးရေအိုး, ဆိုးရေကျို့ရန် သစ်သား, ဆိုးရေကျင်းစသည်တို့ကို မေးမြန်းသော ထိုရဟန်းအား ဤမည် ဤမည်သော အရပ်၌ဟု(ပြရ)ကုန်၏။ ဤသို့ အခါခပ်သိမ်းလည်း အမြဲကြောင့်ကြ စိုက်နေရ၏။

**ဟင်းရွက်ခင်း နီးသောကျောင်း။** ။ဟင်းရွက် အမျိုးမျိုးရှိသော ကျောင်း၌ ထိုရဟန်းသည် ကမ္မဋ္ဌာန်းအာရုံကို ယူ၍ နေ့သန့်ရာ၌ နေ့စဉ်လည်း အနီးအပါး၌ ဟင်းရွက်ခူးသော အမျိုးသမီးတို့သည် သီချင်းသီဆိုကာ ဟင်းရွက်ခူးလျက် ဝိသဘာဂအသံ ထိခိုက်ခြင်းဖြင့် ကမ္မဋ္ဌာန်း၏ အန္တရာယ်ကို ပြုနိုင်ကုန်၏။

**ပန်းဥယျာဉ်နီးသောကျောင်း။** ။ပန်းခြံအမျိုးမျိုးတို့ ဝေဝေဆာဆာ ပွင့်လျက်ရှိသော ကျောင်း၌လည်း ထိုဟင်းရွက်ခင်းရှိသော ကျောင်း၌ တွေ့ကြုံရတတ်သော သဘောရှိသည်သာလျှင်ဖြစ်သော ဘေးရန်အန္တရာယ်ကို တွေ့ကြုံရတတ်၏။

**သစ်သီးဥယျာဉ် နီးသောကျောင်း။** ။သရက် သပြေ ပိန္နဲ စသော အသီး (အပင်) အမျိုးမျိုး ရှိသော ကျောင်း၌ သစ်သီးလိုချင်သော သူတို့သည် လာ၍တောင်းကြကုန်၏၊ မပေးသော ရဟန်းအား စိတ်ဆိုးကြကုန်၏၊ အနိုင်အထက်မူလည်း ယူကြကုန်၏၊ ညနေချမ်း အခါ ဝယ် ကျောင်း၏အလယ်၌ စင်္ကြံလျှောက်သော ရဟန်းသည် ထိုသစ်သီးဆွတ် နေသူတို့ကို မြင်၍ "ဥပါသကာတို့ အဘယ့်ကြောင့် ဤသို့ပြုလုပ်ကြသနည်း" ဟု ပြောဆိုသည်ရှိသော် အလိုရှိတိုင်း ဆဲရေးတတ်ကြကုန်၏၊ ထိုရဟန်း(ထို ကျောင်း၌) မနေနိုင်အောင်လည်း လုံ့လပြုတတ်ကြကုန်၏။

**လူတို့ချီးမွမ်းအပ်သောကျောင်း။** ။(ဆည်းကပ်ခြင်း စသည်ဖြင့်) တောင့်တ အပ်သော လူတို့ အလေးအမြတ် သမုတ် ထားသော ဒက္ခိဏဂိရိကျောင်း, ဟတ္ထိကုစ္ဆိကျောင်း, စေတိယဂိရိကျောင်း, စိတ္တလပဗ္ဗတကျောင်းတို့နှင့် အလားတူသော ကျောင်း၌ နေသော ရဟန်းကို "ဤအရှင်သည် ရဟန္တာပေတည်း"ဟု ချီးမွမ်း၍ ရှိခိုးကန်တော့လိုကုန်သော လူတို့သည် ထက်ဝန်းကျင်မှ စုရုံးလာရောက်ကြကုန်၏၊ ထို့ကြောင့် ယောဂီအား မချမ်းသာပေ၊ သို့ရာတွင် ထိုကျောင်းနှင့် သင့်လျော် လျောက်ပတ်သော ယောဂီ သည်ကား နေ့အခါ အခြားနေရာသို့ သွား(နေ)၍ ညအခါ (ထိုကျောင်း၌) နေအပ်၏။

**မြို့ရွာ နီးသော ကျောင်း။** ။မြို့ရွာကို မှီသော ကျောင်း၌ ဝိသဘာဂ အာရုံတို့ ထင်ပေါ် လာကုန်၏၊ ရေခပ် ကျွန်မတို့သည်လည်း ရေအိုးတို့ဖြင့် ပွတ်တိုက် တိုးဝှေ့ကုန်လျက် သွားကုန်၏၊ ဘေးသို့ ဖဲ၍ လမ်း မပေးကုန်၊ အစိုးရလူတို့သည်လည်း ကျောင်းတိုက်အလယ်၌ တင်းတိမ် လိုက်ကာ ကို ကာရံ၍ နေတတ်ကြကုန်၏။

**သစ်တော ဝါးတောကို မှီသောကျောင်း။** ။ထင်းတော ဝါးတောကို မှီသော (ကျောင်းဟု ဆိုအပ်သော) ထင်း နှင့်အိမ် စသော အဆောက်အဦ၏ အစိတ်အပိုင်း ပြုလုပ်ရန် လျော်သော သစ်ပင် ဝါးပင်တို့ ပေါ်များသော ကျောင်း၌ထင်းခွေသော အမျိုးသမီးတို့သည် ရှေး၌ ဆိုအပ်ပြီးသော ဟင်းရွက်ခူး အမျိုးသမီးတို့ကဲ့သို့ (ကမ္မဋ္ဌာန်း နှလုံးသွင်း

ခြင်းငှါ) မချမ်းသာခြင်းကို ပြုတတ်ကုန်၏၊ "ကျောင်း၌ရှိသော သစ်ပင်တို့ကို ခုတ်ဖြတ်၍ အိမ်တို့ကို သောက်လုပ်ကြကုန်အံ့"ဟု ကြံကာ လူတို့သည် လာ၍ (ထိုသစ်ပင်တို့ကို) ခုတ်ဖြတ်ကြကုန်၏။

အကယ်၍ ယောဂီရဟန်းသည် ညနေချမ်းအခါ၌ ကမ္မဋ္ဌာန်း အားထုတ်ရာ ကျောင်းဆောင်မှ ထွက်၍ ကျောင်း၏အလယ်၌ စကြံလျှောက်နေစဉ် လူတို့ကို မြင်၍ "ဥပါသကာတို့ အဘယ့်ကြောင့် ဤသို့ ပြုလုပ်ကြသနည်း"ဟု ပြောဆိုငြားအံ့၊ (ထိုလူတို့သည်) အလိုရှိတိုင်း ဆဲရေးတတ်ကုန်၏၊ ထိုရဟန်း (ထိုကျောင်း၌) မနေနိုင်အောင်လည်း အားထုတ်တတ်ကြကုန်၏။

**လယ်တောကို မှီသော ကျောင်း။** ။ပတ်ဝန်းကျင်မှ လယ်များ ဝန်းရံလျက် တည်သည်ဖြစ်၍ လယ်ကွင်းနှင့် စပ်သော ကျောင်း၌ လူတို့သည် ကျောင်း၏ အလယ်၌ပင်လျှင် ကောက်နယ် တလင်းကို ပြုလုပ်၍ စပါးနယ်ကြကုန်၏၊ ကျောင်းဦးတို့၌လည်း အိပ်ကြကုန်၏၊ အကြင် ကျောင်း၌လည်း များစွာသော သံဃာ့ အသုံးအဆောင် ဖြစ်သော လယ်ယာ ရှိ၏၊ အရာမ်စောင့်တို့သည် ဒါယကာ၏နွားတို့ကို (ကောက်တို့ကို မစားစေရန်) ပိတ်ဆို့ကုန်၏၊ (ဒါယကာတို့၏)လယ်ရေပေးလှည့်ကို တားမြစ်ကုန်၏။

လူတို့သည် ကောက်နှံတို့ကို ယူလာ၍ "အရှင်ဘုရားတို့၏ အရာမ်စောင့်တို့၏ ပြုလုပ်ပုံကို ကြည့်ရှုကြပါကုန်"ဟု ဆိုကာ သံဃာအား ပြကြကုန်၏၊ ထိုထို(သို့သော) အကြောင်းကြောင့် မင်း, မင်း၏ အမတ်ကြီးတို့၏ အိမ်တံခါးသို့ သွားကြရ၏၊ ဤသို့သော ကျောင်းကိုလည်း လယ်ရှိသော ကျောင်း၌ပင်လျှင် ထည့်သွင်းအပ်ပါပေသည်။

**သဘောမတူ ရန်သူများသောကျောင်း။** ။အချင်းချင်း မသင့်မျှသော ပုဂ္ဂိုလ်တို့ရှိသော ကျောင်းဟူသည် အချင်းချင်း သဘောမသင့်မျှသဖြင့် ရန်သူဖြစ်နေသော ရဟန်းတို့နေရာ ကျောင်းတည်း၊ (ထိုကျောင်း၌)ယင်း မသင့်မျှသော ရဟန်းတို့သည် ငြင်းခုံခိုက်ရန်အမှုကို ပြုကြသောအခါ "အရှင်ဘုရားတို့ ဤသို့ မပြုကြကုန်လင့်"ဟု (ယောဂီရဟန်းက) ဖြန်ဖြေတားမြစ်လျှင် "ဤပံ့သုကူစုတင်ဆောင်ရဟန်း ရောက်လာသော အခါမှ စ၍ (ငါတို့)ပျက်စီးရချေပြီ"ဟု ပြောဆိုတတ်ကုန်၏။

**ရေဆိပ်အပြင်ကို မှီသောကျောင်း။** ။ရေဆိပ် ဖြစ်စေ, ကုန်းဆိပ် ဖြစ်စေ, နီးသော ကျောင်း၌ အမြဲ မပြတ် လှေ, လှည်းတို့ဖြင့် လာကြသော လူတို့သည် "တည်းခိုခွင့် ပေးပါကုန်၊ သောက်ရေ

ပေးပါကုန်၊ ဆား ပေးပါကုန်”ဟု (ပြောဆို တောင်းရမ်းကာ) ဆက်စပ်မှီခိုကုန်လျက် မချမ်းသာမှုကို ပြုတတ်ကုန်၏။

**ပစ္စန္တရစ်ကိုမှီသောကျောင်း။** ။တိုင်းစွန် ပြည်ဖျားဝယ် ရှိသော ကျောင်း၌ လူတို့သည် ဘုရားအစရှိသော ရတနာသုံးပါးတို့၌ မကြည်ညိုကြကုန်။

**တိုင်းပြည်နယ်ခြားအနီး မှီသောကျောင်း။** ။တိုင်းပြည်၏ နယ်ခြားအနီး၌ရှိသော ကျောင်း၌ မင်းဘေး စိုးဘေးရှိ၏၊ ထို (ကျောင်းရှိရာ နယ်ခြား)အရပ်ကို မင်းတပါးက“ငါ၏အာဏာ၌ မတည်”ဟု ယူဆကာ ရိုက်နှက်ပုတ်ခတ်၏၊ အခြား မင်းတပါးကလည်း “ငါ၏အာဏာ၌ မတည်”ဟု ယူဆကာ ရိုက်နှက်ပုတ်ခတ်၏။ ထိုမင်းနှစ်ပါးတို့၏ နှစ်နိုင်ငံတို့တွင် ဤရဟန်းသည် တခါတရံ ဤမင်း၏ နိုင်ငံ၌ လှည့်လည် သွားလာနေ၏၊ တခါတရံ ထိုမင်း၏(နိုင်ငံ၌ လှည့်လည် သွားလာနေ၏)။ ထိုသို့ လှည့်လည် သွားလာနေသည်ရှိသော် ထိုရဟန်းကို “ဤရဟန်းသည် သူလျှိုတည်း”ဟု ထင်မှတ်ကြခြင်းကြောင့် (ထိုရဟန်းကို) ပျက်စီးခြင်းသို့ ရောက်စေတတ်ကုန်၏။

**မလျောက်ပတ်သောကျောင်း။** ။မလျောက်ပတ်သော ကျောင်းဟူသည် ဝိသဘာဂ ရူပါရုံ စသည်တို့၏ လှည့်လည် သွားလာခြင်းကြောင့်ဖြစ်စေ၊ ဘီလူးသိမ်းဆည်းထားသောကြောင့်ဖြစ်စေ မလျောက်ပတ်သော ကျောင်းပေတည်း။ ထိုသို့ မလျောက်ပတ်ပုံ၌ ဤဆိုလတ္တံ့သည်ကား ဝတ္ထုပေတည်း။

ဆိုကြဦးစို့–မထေရ်တပါးသည် တောကျောင်း၌ နေသတတ်။ ထိုအခါ မထေရ်၏ သင်္ချုက်မိုး ကျောင်းတံခါး၌ ဘီလူးမတယောက် ရပ်လျက် သီချင်းသီဆိုလာ၏။ ထိုမထေရ်သည် ထွက်၍ တံခါး၌ ရပ်နေ၏။ ဘီလူးမသည် သွား၍ စင်္ကြံဦး၌ သီဆိုပြန်၏။ မထေရ်သည်လည်း စင်္ကြံဦးသို့ သွားပြန်၏။ ထိုဘီလူးမသည် အသူတရာနက်သော ချောက်ကမ်းပါးထိပ်၌ ရပ်လျက် သီဆိုပြန်၏။ မထေရ်သည် ပြန်လှည့်လာ၏။ ထိုအခါ ဘီလူးမသည် လျင်မြန်စွာ လာ၍ မထေရ်ကို (ပခုံး၌) ကိုင်လျက် “အရှင်ဘုရား သင်လိုရဟန်းကို ကျွန်ုပ် စားခဲ့သည်မှာ တယောက်လည်း မက, နှစ်ယောက်လည်း မက(များလှပြီ)”ဟု ဆိုလေ၏။

**မိတ်ဆွေကောင်းတို့ကို မရနိုင်သောကျောင်း။** ။မိတ်ဆွေကောင်းတို့ကို မရသော ကျောင်းဟူသည် မိတ်ဆွေကောင်းဖြစ်သော ဆရာကိုဖြစ်စေ, ဆရာနှင့်တူသူကိုဖြစ်စေ, ဥပဇ္ဈာယ်ကိုဖြစ်စေ, ဥပဇ္ဈာယ်နှင့်တူသူကိုဖြစ်စေ, မရနိုင်သော (ကျောင်းတည်း)။ “ယင်း

ကျောင်း၌ ထိုမိတ်ဆွေကောင်း (ဆရာစသည်)တို့ကို မရခြင်းသည် (ကမ္မဋ္ဌာန်း အားထုတ်ရာ၌) ကြီးမားသောအပြစ် စင်စစ်ပေတည်း။ ဤသို့အားဖြင့် ဤအပြစ် ၁၈-မျိုးတို့တွင် တမျိုးမျိုးနှင့် ပြည့်စုံသောကျောင်းကို "မသင့်လျော်သော ကျောင်း"ဟု သိအပ်ပေသည်။

ဤတဆယ့်ရှစ်မျိုးသော ကျောင်းမျိုးတို့သည်ကား ကမ္မဋ္ဌာန်းဘာဝနာတရားကို စီးဖြန်း အားသစ်ရာ၌ မသင့် မတော် မလျောက်ပတ်သော ကျောင်း အရပ်တို့ပေတည်းဟု သိပြီးတော့မှရင် ဘေးရှိသော လမ်းခရီးကို ကဲ့သို့ ပညာရှိသည် ဆောလျင်စွာ ရှောင်ကြဉ်ရာ၏။

**လျောက်ပတ်သော ကျောင်းများ။** ။ဆွမ်းခံရာဖြစ်သော ရွာမှ မဝေးလွန်းသည်၏ အဖြစ် မနီးလွန်းသည်၏အဖြစ် အစရှိကုန်သော အင်္ဂါငါးပါးတို့နှင့် ပြည့်စုံသော ကျောင်းသည် ကမ္မဋ္ဌာန်း ဘာဝနာကို စီးဖြန်း အားသစ်ရာ၌ သင့်တော် လျောက်ပတ် ကောင်းမြတ်သော ကျောင်းမည်ပေ၏။

**ကျောင်းအင်္ဂါငါးပါးနှင့် ပြည့်စုံပုံ။** ။(၁) ရဟန်းတို့ ကျောင်းသည် မဝေးလွန်းသည်ငင်း မနီးလွန်းသည်ငင်း, ဘေးရန်ကင်းသော ခရီးရှိသည်ငင်း, သွားခြင်းငှါ လျောက်ပတ်သည်ငင်း (၂) နေ့အခါဝယ် လူတို့နှင့် မရောပြွမ်း ညဉ့်အခါ၌ လူသံဆိတ်၏၊ အုတ်အုတ် ကြွက်ကြွက် ကျွေးကျော်သံမှလည်း ဆိတ်၏။ (၃) မှက် ခြင် လေ နေပူ မြွေ ကင်း သန်းတို့၏ ကိုက်ခြင်း, ထိပါးခြင်းဟု ဆိုအပ်သော အတွေ့ အထိ မှလည်း ကင်း၏၊ (၄) ထိုကျောင်း၌နေသော ရဟန်းအား မငြိုမငြင်သဖြင့် သင်္ကန်း ဆွမ်း ကျောင်း သူနာတို့၏ အထောက်အပံ့ အသက်၏ အရန်အတားဖြစ်သော ဆေးတို့သည် ဖြစ်ခဲ့ပေကုန်၏။

(၅) ထိုကျောင်း၌ နာခံ မှတ်သား အပ်ပြီးသော သုတ္တ ဂေယျစသော တရားကျမ်းဂန် တည်းဟူသော အကြားအမြင် ဗဟုသုတရှိသော နှုတ်တက် ရွရွတတ်သော ပရိယတ္တိအာဂုံပါဠိရှိသော (ဝါ) ဆရာထံမှောက်ဝယ် သန့်ရှင်းစင်ကြယ်စွာ သုတ်သင်သဖြင့် ကောင်းမွန်စွာ နှုတ်သို့ လာစေအပ်ပြီးသော ပရိယတ္တိအာဂုံပါဠိ ရှိသော သုတ် အဘိဓမ္မာကို ဆောင်နိုင်ကုန်သော ဝိနည်းကို ဆောင်နိုင်ကုန်သော သုံးပုံ မာတိကာကို ဆောင်နိုင်ကုန်သော မြဲမြံသော သီလ သမာဓိစသော ဂုဏ်ထူးရှိကုန်သော ရဟန်းတို့သည် နေကြပေကုန်၏။

ထို ပရိယတ္တိကျွမ်းကျင်သော ရဟန်းတို့ကို ရံဖန် ရံခါ ချဉ်းကပ်ပြီးတော့မှရင် အရှင်ဘုရား ဤ ပုဒ်ကို အဘယ်သို့ မှတ်ရကုန်မည်နည်း၊ ဤ ပုဒ်၏ အနက်ကား

အဘယ်တို့ ပါနည်းဟု မေးမြန်း စိစစ်၍။ ထိုပရိယတ္တိကျွမ်းကျင်ကြကုန်သော ရဟန်းတို့သည် ထိုယောဂီရဟန်းအား မပွင့်မလင်းသော ပါဠိတော်၏ အနက်ကိုလည်း ဖွင့်ပြကြကုန်၏၊ ပေါ်အောင် မပြုအပ်သေးသည်ကိုလည်း ယုတ္တိကိုမူ ပြသဖြင့် ပေါ်အောင်ပြုကုန်၏၊ (ပြကုန်၏၊)တပါးမက များသော အကျိုးရှိကုန်သော သံသယဖြစ်နိုင်လောက်သော ပါဠိဓမ္မတို့၌ မဖောက်မပြန် အဆုံးအဖြတ်ပေးသဖြင့် တွေးဆယုံမှားမှုကိုလည်း ပယ်ဖျောက်ကုန်၏။ ရဟန်းတို့ ဤသို့လျှင် ကျောင်းသည် အင်္ဂါငါးပါးနှင့် ပြည့်စုံပါပေ၏။

**ပလိဗောဓငယ်များ။** ။ကမ္မဋ္ဌာန်း ဘာဝနာကို အားသစ်ရန် သင့်လျော်လျောက်ပတ်သော ကျောင်း၌နေသော ရဟန်းအား ငယ်ကုန်သော ပလိဗောဓတို့သည် ရှိပေကုန်၏၊ ထိုပလိဗောဓတို့ကိုလည်း ဖြတ်အပ်ကုန်၏၊ ပလိဗောဓငယ်တို့ မည်သည် ရှည်ကုန်သော ဆံပင် ခြေသည်း လက်သည်း စသည်တို့ကို ဖြတ်အပ်ကုန်၏၊ ဟောင်းနွမ်း ဆွေးမြေ့နေသော သင်္ကန်းတို့၌ ပြင်ထပ်ပေးခြင်း, အလျား အနားပတ် ပြင်ခြင်း, အနံ အနားပတ် တင်ခြင်း စသည်တို့ဖြင့် မြဲမြံစွာ ထေးဖာခြင်းအမှုကိုရင်း ရက်ကန်းသား စုတ်ရာတို့၌ ချုပ်စပ်ခြင်းအမှုကိုရင်း ပြုအပ်ပါပေ၏၊ ညစ်နွမ်းသော သင်္ကန်းတို့ကိုလည်း အရောင်သစ် တင်သဖြင့် ပြုပြင်ဆိုးသမှုကို ပြုအပ်ကုန်၏၊ အကယ်၍ သပိတ်၌ အညစ်အကြေးရှိခဲ့ပါမူ သပိတ်ကို ဖုံးအပ်၏၊ ညောင်စောင်း အင်းပျဉ်တို့ကိုလည်း သုတ်သင်အပ်ကုန်၏။

**ပွဲါးများပုံအစီအစဉ်။** ။ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ဖြတ်အပ်ပြီးသော ပလိဗောဓငယ်ရှိသော ရဟန်းသည် ဆွမ်းစားပြီးသည်မှ နောက်၌ ဆွမ်းဘုဉ်းပေးရာမှ တဖန် ပြန်ခဲ့၍ ဆွမ်းဘုဉ်းပေးခြင်းကြောင့် ဖြစ်သော ပင်ပန်းခြင်း(ဆွမ်းဆီယစ်ခြင်း)ကို ပယ်ဖျောက်ပြီးတော့မှရင် ရဟန်းရှင်လူ ဆိတ်သော အရပ်၌ တင်ပလ္လင် ခွေ၍ ချမ်းသာစွာ နေထိုင်လျက် ပြုပြင်စီရင်အပ်သော ရေ၌ရင်း မပြုမပြင် မစီရင်အပ်သော သက်သက်သော ကောက်နယ်တလင်း စသော မြေ၌ရင်း ဥဂ္ဂဟနိမိတ်ကို ယူအပ်၏။

ဥဂ္ဂဟနိမိတ်ကို ယူခြင်းသဘောကို ရှေးအဋ္ဌကထာ ကျမ်းကြီးများ၌ မိန့်ဆိုတားတော်မူသည်မှာ ပထဝီကသိုဏ်းကို ဥဂ္ဂဟနိမိတ် အဖြစ်ဖြင့် ယူသော ယောဂီသည် ပြုပြင်အပ်ပြီးသည်လည်း ဖြစ်သော, ပြုပြင်စီရင်ခြင်း မရှိ ပကတိအတိုင်းမူလည်း ဖြစ်သော၊ အပိုင်းအခြား ရှိသည်သာဖြစ်၍, အပိုင်းအခြား မရှိ မဟုတ်သော၊ အစွန်းရှိသည်သာ ဖြစ်၍, အစွန်းမရှိ မဟုတ်သော၊ လုံးဝန်းသည်သာဖြစ်၍, မလုံးမဝန်းမရှိ မဟုတ်သော၊ အဆုံးရှိသည်သာ ဖြစ်၍ အဆုံးမရှိ မဟုတ်

သော၊ မန်းငယ်ပမာဏ စလောင်းဖုံးကြီး ပမာဏရှိသော မြေအဝန်း၌ နိမိတ်ကို ယူအပ်၏။

**ပထမစျာန်သို့ရောက်ပုံ။** ။ထိုယောဂီသည် နေအဝန်း ဥဂ္ဂဟနိမိတ်ကို မြဲစွာယူအပ်သည် ဖြစ်ခဲ့ပါပေ၏၊ သတိဖြင့် အဖန်တလဲလဲ မြဲစွာ မှတ်သည်ကို ပြုအပ်ပြီးတော့မှုရင် မြဲစွာ မှတ်ပေ၏၊ ထိုယောဂီသည် မြေအဝန်း ဥဂ္ဂဟနိမိတ်ကို မြဲစွာယူအပ်သည်ကို ပြုပြီးတော့မှုရင် နိမိတ်ကိုယူပြီး သတိဖြင့် အဖန်တလဲလဲ မြဲစွာ မှတ်သည်ကို ပြုလျက် ဆင်ခြင် စဉ်းစား နှလုံး၌ထားကာ "မချွတ် ဤအကျင့်ဖြင့် အိုခြင်း သေခြင်းမှ လွတ်ရပေအံ့"ဟု အကျိုးဆက်ကို မြင်လေ့ရှိသည် အမြတ်ရတနာဟု မှတ်အပ်သည်ဖြစ်၍ အရိုအသေ အလေးအမြတ် ပြုခြင်းကို ဖြစ်စေပြီးတော့မှုရင် ကောင်းစွာ မြတ်နိုးအပ်သည် ဖြစ်၍ ထိုအာရုံ၌ မိမိစိတ်ကို ဥပစာရစျာန်သို့ ဆောင်၍ မြဲစွာ ဖွဲ့ချည်၏၊ ထိုယောဂီသည် ဝတ္ထုကာမ ကိလေသာကာမတို့မှ ဆိတ်၍ သာလျှင် ပထမစျာန်ကို ပြည့်စုံစေ၍ နေ၏ဟု မိန့်ဆိုတော်မူကြ၏။

**စျာန်ကို အခြေပြုပြီး ဝိပဿနာကိုဖြစ်စေလျက် ရဟန္တာဖြစ်သော မဟာလ္လကထေရ်အကြောင်း** ထိုအဋ္ဌကထာ စကား၌ အကြင် ယောဂီသည် အတိတ်ဘဝကလည်း သာသနာတော်၌ရင်း ရသေ့ ရဟန်း အဖြစ်၌ရင်း ရဟန်းပြု၍ ပထဝီကသိုဏ်း၌ စတုက္ကစျာန် ပဉ္စကစျာန်တို့ကို ဖြစ်စေအပ်ဘူးကုန်၏၊ ဤသို့ ရှေးဘဝ၌ စတုက္က ပဉ္စကစျာန်ကို ဖြစ်စေဘူးသော သဘောရှိသော ဘာဝနာဖြင့် ပြီးစေအပ်သော ကောင်းမှုရှိသော ဥပနိဿယနှင့် ပြည့်စုံသော ထိုယောဂီအား မပြုမပြင်အပ်သော မြေ၌ ထွန်ရာအရပ်၌ရင်း အဝန်းသဏ္ဌာန်ရှိသော ကောက်နယ်တလင်း၌ရင်း ဥဂ္ဂဟနိမိတ်သည် မဟာလ္လကမထေရ်အား ဖြစ်လေဘိသကဲ့သို့ ဖြစ်ခဲ့ပေ၏။

လယ်ထွန်ရာအရပ်ကို ကြည့်သော ထိုအရှင်မဟာလ္လကမထေရ်အား ထို ကြည့်ရှုအပ်သော အရပ်အတိုင်းအရှည် ရှိသည်သာဖြစ်သော ဥဂ္ဂဟနိမိသည် ဖြစ်ခဲ့ပေ၏၊ ထိုမဟာလ္လကမထေရ်သည် ထိုနိမိတ်ကို ပွါးစေပြီးတော့မှုရင် ငါးပါးသော စျာန်တို့ကိုဖြစ်စေလျက် စျာန်လျှင် နီးစွာသော အကြောင်းရှိသော ဝိပဿနာကို ဖြစ်စေ၍ အရဟတ္တဖိုလ်သို့ ရောက်ခဲ့ပေ၏။

**ပထဝီကသိုဏ်း၏ အပြစ် လေးမျိုး။** ။ဆက်ကြဦးစို့၊ အကြင် ပုဂ္ဂိုလ်သည် ရှေးက ပြုဘူးသော အလေ့အလာ မရှိပေ၊ ထိုပုဂ္ဂိုလ်သည် ဆရာ၏အထံတော်၌ သင်ယူအပ်သော ကမ္မဋ္ဌာန်း အစီအရင်ကို မချွတ်

မယှဉ်းစေမူ၍ (၁) ညိုသောအဆင်း (၂) ရွှေသောအဆင်း (၃) နီသော အဆင်း (၄) ဖြူသောအဆင်း တို့နှင့် ရောစပ်သည်၏အစွမ်းအားဖြင့် လေးပါး ကုန်သော ကသိုဏ်း၏ အပြစ်တို့ကို ပယ်စွန့်၍ အချင်း တထွာ, အနံ လက် လေးသစ် ရှိသော ကသိုဏ်းဝန်းကို ပြုအပ်၏။

ဤအချင်း တထွာ, အနံ လက်လေးသစ် ပမာဏရှိသော အပိုင်းအခြားကို ပြုပြီးတော့မှရင် အဆင်းအရောင် ထွက်သော စန္ဒကူး စသော သစ်လက်ဝါးကို ယူ၍ ကျောက်လက်ဝါးဖြင့် ပွတ်တိုက်ကာ နိမ့်မြင့်မထင် စည်ကြီးအပြင်နှင့် တူသည်ကိုပြုလျက် ကသိုဏ်းဝန်းထားရာ အရပ်ကို တံမြက်လှည်းကာ ရေချိုး၍ လာပြီးလျှင် ကသိုဏ်းဝန်းမှ နှစ်တောင့်တွာ အတွင်းဖြစ်သော အရပ်၌ ခင်းထား အပ်သော တထွာလက်လေးသစ် အခြေရှိသော နိမ့်မြင့်မရှိ ကောင်းစွာ ခင်းထားအပ်သော အင်းပျဉ်၌ ထိုင်နေအပ်၏။

**ပထဝီကသိုဏ်းကို ပွါးများပုံ။**　။ဆိုအပ်ပြီးသောနည်းဖြင့် ထိုင်နေ၍ ကာမဂုဏ် တို့သည် မသာယာအပ်ပါပေကုန်၊ ဤသို့ အစ ရှိသောနည်းဖြင့် ကာမဂုဏ်တို့၌ အပြစ်တို့ကို ဆင်ခြင်ပြီးတော့မှရင် ကာမဂုဏ် တို့မှ လွတ်ကင်းသော အလုံးစုံသော ဒုက္ခမှ လွတ်မြောက်ခြင်း၏ အကြောင်း ဖြစ်၍ဖြစ်သော ဈာန်၌ ကောင်းသော အလိုဆန္ဒရှိသည်ဖြစ်၍ ဘုရားဂုဏ်, တရား ဂုဏ်, သံဃာဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်းဖြင့် နှစ်သက်ဝမ်းမြောက် ခြင်းကို ဖြစ်စေပြီးသော် ယခု ငါ အားထုတ်လတ္တံ့သော ဤအကျင့်သည် အလုံး စုံသော ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့သည် ကျင့်သုံးအပ်ကုန်သော ဥပစာရနှင့်တကွသော ဈာန် ဝိပဿနာ မဂ် ဖိုလ် နိဗ္ဗာန်ဟူသော နေက္ခမ္မသို့ ရောက်ကြောင်းဖြစ်သော အကျင့်ပေတည်း။

ဤသို့ ရောက်ကြောင်းဖြစ်သော အကျင့်၌ ကောင်းစွာ အရိုအသေပြုခြင်းရှိ သည်ဖြစ်၍ မချွတ်ကေန် အမှန်စင်စစ် ဤအကျင့်ဖြင့် စိတ္တဝိဝေက အစရှိသော ဝိဝေကကြောင့်ဖြစ်သော သုခဟူသော အရသာ၏ ခံစားခြင်းအဘို့ ရှိသည်ဖြစ် လတ္တံ့ဟု ကြိုးစားအားထုတ်မှု လုံ့လကိုဖြစ်စေပြီးလျှင် တူမျှသောအခြင်းအရာဖြင့် မျက်စိတို့ကို ဖွင့်၍ ပထဝီကသိုဏ်း၌ စက္ခုဖြင့် ယူအပ်သော နိမိတ်ကို စိတ်ဖြင့် မှတ်ယူသည်ဖြစ်၍ ပွါးများအပ်၏။

**ပထဝီကသိုဏ်း ရှုပုံရှုနည်း။**　။မျက်စိကို ဖွင့်လွန်းလျှင် မသင့်ပေ၊ မျက်စိကို အလွန်မှေးမှေးမျှ ဖွင့်လျှင်လည်း မသင့်ပေ၊ ကြေးမုံမှန်အပြင်၌ မျက်နှာရိပ်ကိုကြည့်သော လုလင်ပျိုကဲ့သို့ ညီညွတ်သော အခြင်းအရာဖြင့် မျက်စိတို့ကို ဖွင့်၍ ဥဂ္ဂဟနိမိတ်ကို ယူသည်ဖြစ်၍ ပွါးစေအပ်၏။ ထိုပထဝီကသိုဏ်း၌တည်သော အရုဏ်အဆင်းနှင့်တူသော အဆင်းကို မနော

ဝိညာဉ်ဖြင့် မကြံမဆင်ခြင်သင့်။ ထိုကသိုဏ်းဝန်း၌ရှိသော ပထဝီဓာတ်၏ ထဒ္ဓ-လက္ခဏာကို နှလုံး၌ မထားအပ်။

(ကြေးမုံပြင်၌ မျက်နှာရိပ်ကိုကြည့်သော လုလင်ပျို၏ သဘောသည် မျက်ကြောလန်အောင် လွန်စွာ လုန်၍မကြည့်၊ ဆင်ကြည့်အတု မှိန်းကာ ရှုလျက် လျော့လျော့လျည်းလျည်း ကြော့ကျည်းမှိတ်တုတ် ရှုသည် လည်း မဟုတ်၊ ကြေးမုံပြင်၏ အဆင်းကိုလည်း မဆင်ခြင် မကြံစည်၊ လက္ခဏာကိုလည်း နှလုံးမထား၊ စင်စစ်ဝေကန် အမှန်မှာ တူမျှ ညီညွတ် သော အခြင်းအရာဖြင့် ကြည့်ရှုခြင်း၌ မိမိ၏ မျက်နှာရိပ်ကိုသာ စိတ်စိတ်ရှုဘိသကဲ့သို့ ဤယောဂီသည်လည်း ပထဝီကသိုဏ်းကို တူမျှ ညီညွတ်သော အခြင်းအရာဖြင့် ကြည့်ရှုခြင်း၌ ဥဂ္ဂဟနိမိတ်ကို ယူခြင်း၌ ကြိုးပမ်းလေ့လာ ဗျာပါရ စိုက်သည်ဟူလို)။

စင်စစ်ဝေကန် အမှန်မှာ အဆင်းကို မလွတ်မူ၍ အဆင်း၏မှီရာ ပထဝီက သိုဏ်းကိုပုံ၍ ပထဝီဓာတ်များသည်၏ အဖြစ်ဖြင့် (အစွမ်းဖြင့်) လောကဝေါဟာ ရပညတ်၌ စိတ်ကိုထား၍ ပထဝီ ပထဝီဟူ၍ နှလုံးသွင်းအပ်၏။ ပထဝီဟူ၍ငှင်း မဟီဟူ၍ငှင်း မေဒိနီဟူ၍ငှင်း ဘူမိဟူ၍ငှင်း ဝသုဓာဟူ၍ငှင်း ဝသုန္ဓရာဟူ၍ငှင်း ဤသို့ အစရှိကုန်သော မြေ၏ အမည်တို့တွင် အကြင်အမည်ကို ဆိုခြင်းငှါ အလိုရှိ ၏။ ထိုအလိုရှိသော အမည်ကို ဆိုသင့်ပင် ဆိုသင့်ငြားပါသော်လည်း ထိုယောဂီ အား ရှေးအခါက ထိုကသိုဏ်းဝန်း၌ ယူဘူးသော အမှတ်သညာ၏ အစွမ်းဖြင့် လျော်သောအမည်ကိုပင် ဆိုအပ်၏။

စင်စစ်ဝေကန် အမှန်မှာ ပထဝီဟူသော အမည်သည်သာ ထင်ရှားပေ၏။ ထို့ကြောင့် ပထဝီ ပထဝီဟူ၍သာ ပွါးများအပ်၏။ ရံခါ မျက်စိကို ဖွင့်၍ ဥဂ္ဂဟ နိမိတ်ကို ယူသည်၏ အစွမ်းဖြင့် မြေအဝန်းကို စေ့စေ့ကြည့်၍ တဖန် ရံခါ မျက်စိ ကို မှိတ်၍ကြည့်၍ ယူအပ်တိုင်းသော အခြင်းအရာဖြင့် အဖန်ဖန် ထိုကသိုဏ်း ဝန်းကို ဆင်ခြင်အပ် နှလုံးသို့ ဆောင်အပ်၏၊ အကြင်မျှလောက်သော ကာလ ပတ်လုံး ဥဂ္ဂဟနိမိတ်သည် မဖြစ်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး ကာလအရာ ကာလအထောင်တို့ပတ်လုံးငှင်း ထို့ထက်အလွန်ငှင်း ဆိုအပ်ခဲ့ပြီး သော ဖွင့်တို့ မှိတ်တို့ တဘုံလဲလဲ နှလုံးစွဲအောင် ခဲ၍ ဆင်ခြင်သော နည်းဖြင့် သာလျှင် ပွါးများအပ်၏။

ဥဂ္ဂဟနိမိတ်ထင်ပုံ။ ။ဤသို့သော နည်းဖြင့် မဆုတ်မတန်း အားထုတ် စွန့်စား ပွါးစေသော ထိုယောဂီအား အကြင်အခါမှာ မျက်စိမှိတ် ပြီးတော့မှရင် ဆင်ခြင်စဉ် မျက်စိဖွင့်ပြီးတော့မှ ကြည့်လေဘိသကဲ့သို့ (မနော

ဒွါရိက ဧဝေါဝိညာဉ်အား)ထင်ခြင်းသို့ ကပ်ရောက်လာ၏၊ ထိုအခါ၌ ဥဂ္ဂဟနိမိတ် ဖြစ်၏၊ ထိုဥဂ္ဂဟနိမိတ်ဖြစ်သောအခါမှစပြီး ထိုနေရာ၌ မနေအပ်၊ မိမိ၏ နေရာ အရပ်သို့ ဝင်၍ ထိုအရပ်၌ နေသဖြင့် ပွါးများအပ်၏။

ခြေဆေးခြင်းကြောင့် ဖြစ်သော ကြာမြင့်ခြင်းကို ပယ်ဖျောက်ခြင်းငှါ ယောဂီသည် တလွှာဘိနပ်ကိုင်း ဘေးရန်ကို ပယ်ဖျောက် ဟန့်တား ပယ်မြစ်ခြင်း ငှါ တောင်ဝှေးကိုင်း အလိုရှိအပ်ပါပေ၏။ နုသော သမာဓိသည် တစုံတခုသော မလျောက်ပတ်သော အကြောင်းနှင့် အကယ်၍ ပျက်စီးအံ့၊ ထိုသို့ ပျက်စီးခဲ့ပါ သည်ရှိသော် ဤယောဂီသည် ဘိနပ်ကိုစီး၍ တောင်ဝှေးကိုယူလျက် ထိုကသိုဏ်း ဝန်းရှိရာ အရပ်သို့ သွားပြီး မြင်တိုင်းသော ဥဂ္ဂဟနိမိတ်ကို ယူလျက် လာ၍ ချမ်းသာစွာ ထိုင်နေသဖြင့် ပွါးများအပ်၏။ အဖန်တလဲလဲ နိမိတ်ကို နှလုံးသွင်း ဆင်ခြင်အပ်၏။ ကမ္မဋ္ဌာန်းကို ကောင်းစွာ ဆင့်ကာ ဆင့်ကာ ဆောင်အပ်ပေ၏။ ရှေးရှုခေါ် အပ်သည် ထက်ဝန်းကျင်မှ ခေါ် အပ်သည်ကို ပြုအပ်၏။

**ပဋိဘာဂနိမိတ်ထင်ပုံ။** ။ဤသို့ပြုသော ယောဂီအား ဘာဝနာ၏ အစဉ်ဖြင့် နီဝရဏတရားတို့သည် ကွာကုန်၏၊ ကိလေသာတို့သည် ငြိမ်ငြိမ်သက်သက် ဝပ်ကုန်၏၊ ဥပစာရသမာဓိသည် စိတ်ကို အညီအညွတ် ကောင်းစွာ ထားအပ်၏။ ပဋိဘာဂနိမိတ်သည် ဖြစ်ခဲ့ပေ၏။

**နိမိတ်ထင်ပုံအမျိုးမျိုး။** ။ဥဂ္ဂဟနိမိတ်၌ လက်ချောင်း လက်နှောင့်ရာ လက် ဖဝါးရာစသော ကသိုဏ်းအပြစ်သည် ထင်ပေ၏။ ပဋိဘာဂနိမိတ်သည် အိမ်မှ ထုတ်အပ်သော ကြေးမုံဝန်း(မှန်)ကဲ့သို့ရင်း ကောင်း စွာ ပွတ်သတ်ပြီးသော ခရုသင်းမှန်ကဲ့သို့ရင်း တိမ်တိုက်ကြားမှ ထွက်ပေါ်လာ သော လပြည့်ဝန်းကဲ့သို့ရင်း တိမ်ညိုဝ၌ ဥဗျိုင်းကဲ့သို့ရင်း ဥဂ္ဂဟနိမိတ်ကို ထွင်း ဖောက်၍ ထွက်လေဘိသကဲ့သို့ ထိုဥဂ္ဂဟနိမိတ်ထက် အဆအရာ အဆအထောင် အလွန် စင်ကြယ်သည်ဖြစ်၍ ထင်၏။

ထိုသို့ ထင်လာသော ပဋိဘာဂနိမိတ်သည် အဆင်းသဏ္ဌာန်အစရှိသည်တို့ မရှိပေ(မဟုတ်ပေ)။ သက်သက် ဥပစာရသမာဓိကို ရသော ပုဂ္ဂိုလ်အား ထင် သော အခြင်းအရာမျှဖြစ်၍ ဘာဝနာသည် ဖြစ်စေအပ်၏။ ထိုပဋိဘာဂနိမိတ် ဖြစ်သောအခါမှစ၍ နီဝရဏတို့သည် ကွာကုန်၏။ ကိလေသာတို့သည် ငြိမ်ဝပ်စွာ နေကုန်၏။

**ဥပစာရသမာဓိထင်ပုံ။** ။သမာဓိသည် ဥပစာရသမာဓိ, အပ္ပနာသမာဓိဟူ၍ နှစ်ပါးအပြားရှိပေ၏၊ ဈာန်တို့၏ ဆန့်ကျင်ဖက်တို့မှ ဝေးသည်၏ အဖြစ်, မြဲမြံသည်၏ အဖြစ်သို့ ရောက်ခြင်း ဤနှစ်ပါးသော

အကြောင်းတို့ဖြင့် ဥပစာရအခိုက်၌ရှင်း ဈာန်ကို ရခြင်းအခိုက်၌ရှင်း စိတ်ကို အညီအညွတ် ကောင်းစွာ ထားအပ်၏။ ထိုနှစ်ပါးတို့တွင် ဥပစာရအခိုက်၌ နီဝရဏ တို့ကို ပယ်ခြင်းဖြင့် စိတ်သည် အညီအညွတ် ကောင်းစွာ ထားအပ်၏။ (ငြိမ်သက်၏။) ဈာန်ကိုရခြင်းအခိုက်၌ အင်္ဂါထင်ရှားဖြစ်ပေါ်ခြင်းဖြင့် စိတ်သည် အညီအညွတ် ကောင်းစွာ ထားအပ်၏။ (ငြိမ်သက်၏။) တဖန် ဥပစာရအခိုက်၌ အင်္ဂါတို့သည် အားအစွမ်း မရှိပေကုန်၊ အင်္ဂါတို့၏ အားအစွမ်းမရှိသောကြောင့် ဥပမာအားဖြင့် နုနယ်သော သူငယ်သည် ထူမ၍ ထားခဲ့ပါသော် အဖန်ဖန် မြေသို့ လဲကျလေဘိသကဲ့သို့ ဤအတူသာလျှင် ဥပစာရအခိုက်၌ စိတ်သည် ရံခါ နိမိတ်ကို အာရုံပြု၍ ရံခါ ဘဝင်သို့ သက်စေ၏။

**အပ္ပနာသမာဓိထင်ပုံ။** ။အပ္ပနာ၌ကား အင်္ဂါတို့သည် အားအစွမ်း ရှိကုန်၏၊ အင်္ဂါတို့၏ အားအစွမ်း ရှိသည်၏ အဖြစ်ကြောင့် ဥပမာအားဖြင့် သန်စွမ်းသော အားရှိသော ယောကျ်ားသည် နေရာမှထ၍ တနေ့လုံး ရပ်နိုင်ဘိသကဲ့သို့ ဤအတူသာလျှင် အပ္ပနာသမာဓိသည် ဖြစ်ခဲ့ပါ သော် ဈာန်စိတ်သည် တကြိမ် ဘဝင်အယဉ်ကို ဖြတ်၍ တညဉ့်ပတ်လုံးရှင်း, တနေ့ပတ်လုံးရှင်း တည်နိုင်ပေ၏။ ကုသိုလ် အစီအစဉ်၏ အစွမ်းအားဖြင့် သာ လျှင် ဖြစ်ခဲ့ပေ၏။

**ပဋိဘာဂနိမိတ်ကို စကြဝတေးမင်း ကိုယ်ဝန်ကဲ့သို့ စောင့်ရှောက်ပုံ** ထိုနှစ်ပါးသော သမာဓိတို့တွင် ဥပစာရ သမာဓိနှင့် တကွ ထို ဆိုအပ်ပြီးသော သဘောရှိသော အကြင် ပဋိဘာဂနိမိတ်သည် ဖြစ်ခဲ့ပေ၏။ ထိုပဋိဘာဂနိမိတ် ကို ဖြစ်စေခြင်းမည်သည်မှာ အလွန် ငြိုငြင်သဖြင့် ပြုအပ်၏။ ထို့ကြောင့် ထက်ဝယ်ပလ္လင်ဖြင့်သာလျှင် ထိုပဋိဘာဂနိမိတ်ကို ပွါး၍ အပ္ပနာကို ရခြင်းငှါ စွမ်းနိုင်ခဲ့ပါသော် ကောင်းပေစွ။ မစွမ်းနိုင်ငြားအံ့၊ ဤယောဂီသည် နိမိတ်ကို မမေ့မလျော့ ဖြစ်ပြီးတော့မှုရင် စကြာမင်းလောင်း ကိုယ်ဝန်ကို စောင့်ရှောက် သကဲ့သို့ စောင့်ရှောက် အပ်ပေ၏။

နိမိတ်ကို စောင့်ရှောက်သော ယောဂီအား ရပြီးသော ဥပစာရဈာန်၏ ဆုတ်ယုတ်ခြင်းသည် မရှိပေ၊ အစောင့်အရှောက် မရှိခဲ့ပါမူကား ရတိုင်း ရတိုင်း သော ဥပစာရဈာန်သည် ပျောက်လေ၏။

## စောင့်ရှောက်ပုံ အစီအရင်

ကျောင်း, ဆွမ်းခံရွာ, စကား, ပုဂ္ဂိုလ်, ဘောဇဉ်, သီတဥတု–ဥဏှဥတု, ဣရိယာပုထ်၊ ဤသို့ ခုနစ်ပါး အပြားရှိကုန်သော မလျောက်ပတ် ပေကုန်သော ကျောင်း စသည်တို့ကို ကြဉ်ရာ၏။

**မလျောက်ပတ်သောကျောင်း။** ။အကြင်ကျောင်း၌ နေသော ယောဂီအား–

(က) မဖြစ်သေးသော နိမိတ်သည်မူလည်း မဖြစ်၊

(ခ) ဖြစ်ပြီးသော နိမိတ်သည်မူလည်း ပျောက်၏၊

(ဂ) မထင်သေးသော သတိမူလည်း မထင်၊

(ဃ) အညီအညွတ် ကောင်းစွာ မထားအပ်သေးသော စိတ်ကိုမူလည်း ကောင်းစွာ မထားအပ်၊

ဤသို့ သဘောရှိသော ကျောင်းသည် အသပ္ပါယ မလျောက်ပတ်သော ကျောင်းမည်၏။

**လျောက်ပတ်သော ကျောင်း။** ။အကြင် ကျောင်း၌ နေသော ယောဂီအား နာဂါးတောင်၌ နေသော ပဓာနိယတိဿ မထေရ်ကဲ့သို့ နိမိတ်သည်မူလည်း ထင်၏၊ မြဲမြံစွာ တည်ကြည် ခြင်းလည်း ဖြစ်၏၊ သတိသည်လည်း ထင်၏၊ စိတ်သည်လည်းတည်ကြည်၏၊ ဤကျောင်းသည် လျောက်ပတ်သော ကျောင်းမည်၏။

**လျောက်ပက် မလျောက်ပတ်သော ရွာ။** ။အကြင် ရွာသည် ကျောင်းမှ မြောက်အရပ်၌သော်၎င်း တောင်အရပ်၌သော်၎င်း မဝေးလွန်းသော တကောသခွဲ၌ ဖြစ်၏။ ရလွယ်သော ပြည့်စုံသော ဆွမ်းရှိ၏။ ထိုရွာသည် လျောက်ပတ်သော ရွာမည်၏။ ထိုသို့မဟုတ်သော ရွာသည် မလျောက်ပတ်သော ရွာမည်၏။

**မလျောက်ပတ်သော စကား။** ။နတ်ရွာ နိဗ္ဗာန်တို့နှင့် မစပ်ဆိုင် ဗီလာဖြစ်သော ရာဇကထာစသော သုံးဆယ့်နှစ်ပါးသော ကထာ၌ အကျုံးဝင်သော စကားသည် မလျောက်ပတ်သော စကားမည်၏။

**လျောက်ပတ်သော စကား။** ။အပ္ပိစ္ဆကထာစသော ဆယ်မျိုးသော စကားတို့ကို မှီသော စကားသည် လျောက်ပတ်သော စကားမည်၏၊ ထိုလျောက်ပတ်သော စကားကိုသော်လည်း အတိုင်းအရှည်ကို သိသဖြင့် ပြောဆိုအပ်ပေ၏။

**လျောက်ပတ်သော ပုဂ္ဂိုလ်။** ။တိရစ္ဆာနကထာ စ သော စကားများကို ပြောဆိုလေ့ရှိခြင်း အလေ့မရှိ၊ သီလစသော ဂုဏ်တို့နှင့် ပြည့်စုံ၏၊ အကြင်ပုဂ္ဂိုလ်ကိုမှီ၍ မညီညွတ် မတည်ကြည်သော စိတ်သည်

ညီညွတ် တည်ကြည်၏၊ ညီညွတ် တည်ကြည်သော စိတ်သည်လည်း စွဲမြဲစွာ တည်ခြင်းရှိ၏၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်သည် လျောက်ပတ်သော ပုဂ္ဂိုလ် မည်၏။

မလျောက်ပတ်သော ပုဂ္ဂိုလ်။ ။ကိုယ်ဆူဖြိုး ခိုင်ခံ့အောင် ပြုပြင် မွေးမြူခြင်း၌ လေ့လာသော မဂ်ဖိုလ်မှ ဖီလာဖြစ်သော စကားမျိုးကို ပြောဆိုတတ်သော ပုဂ္ဂိုလ်သည် မလျောက်ပတ်သော ပုဂ္ဂိုလ်မည်၏။ ထို မလျောက်ပတ်သော ပုဂ္ဂိုလ်သည် မလျောက်ပတ်သော စကားကို ညွှန်ရှိသော ရေကဲ့သို့ ကြည်လင်သော ရေသည် နောက်ကျုခြင်းကို ပြု၏၊ ထို မလျောက်ပတ်သော ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ကောဋ္ဌတောင်စောင်း၌ နေသော ရဟန်းငယ်အား ပြည့်စုံသော သမာပတ်သည်လည်း ပျက်စီးချေသေး၏၊ နိမိတ်ကို ရခြင်းသည် အဘယ် ဆိုဖွယ်ရာ ရှိအံ့နည်း။

ဘောဇဉ်၌ လျောက်ပတ် မလျောက်ပတ် ယူပုံ။ ။အချို့သော ယောဂီအား ချိုသော အရသာ ရှိသော ဘောဇဉ်သည် လျောက်ပတ်၏၊ အချို့သော ယောဂီအား ချဉ်သော အရသာ ရှိသော ဘောဇဉ်သည် လျောက်ပတ်၏။ အချို့သော ယောဂီအား အေးသော ဥတုသည် လျောက်ပတ်၏၊ အချို့သော ယောဂီအား ပူသော ဥတုသည် လျောက်ပတ်၏။

ထို့ကြောင့် ဘောဇဉ်ကိုရင်း ဥတုကိုရင်း မှီဝဲသော ယောဂီအား ချမ်းသာပေ၏၊ မတည်ကြည်သော စိတ်သည်လည်း တည်ကြည်၏၊ တည်ကြည်သော စိတ်သည် မူလည်း မြဲမြံစွာ တည်ကြည်၏၊ ထို ဘောဇဉ် ဥတုသည် လျောက်ပတ်၏၊ ထိုမှ တပါးသော ဘောဇဉ်နှင့် ဥတုတို့သည် မလျောက်ပတ် ပေကုန်။

ဣရိယာပုထ်၌ လျောက်ပတ် မလျောက်ပတ်ယူပုံ။ ။အချို့သော ယောဂီအား စင်္ကြံ သွားခြင်းသည် လျောက်ပတ်၏၊ အချို့သော ယောဂီအား အိပ်ခြင်း ထိုင်ခြင်းတို့တွင် တပါးပါးနှင့် လျောက်ပတ်၏၊ ထို့ကြောင့် ထိုဣရိယာပုထ်ကို ကျောင်းကို ကဲ့သို့ သုံးရက်တို့ ပတ်လုံး စုံစမ်း၍ အကြင် ဣရိယာပုထ်၌ မတည်ကြည်သော စိတ်သည် တည်ကြည်၏၊ တည်ကြည်ပြီးသော စိတ်သည် မြဲမြံစွာ တည်ကြည်၏။ ထိုဣရိယာပုထ်သည် လျောက်ပတ်၏၊ ဤမှ တပါးသော ဣရိယာပုထ်သည် မလျောက်ပတ်ပေဟု သိအပ်၏။

## အပ္ပနာကောသလ္လညာဏ် ဆယ်ပါး

(၁) အဇ္ဈတ္တဝတ္ထု,ဗဟိဒ္ဓဝတ္ထုတို့ကို သန့်ရှင်းသည်၏အဖြစ်တို့ကို ပြုခြင်း၊

(၂) သဒ္ဓါအစရှိသော ဣန္ဒြေတို့၏ မျှသည်၏ အဖြစ်ကို ပြီးစေခြင်း၊

(၃) နိမိတ်၌ ကျွမ်းကျင် လိမ်မာခြင်း၊

(၄) စိတ်ကို ချီးမြှောက်သင့်သော အခါ၌ စိတ်ကို ချီးမြှောက်ခြင်း၊

(၅) စိတ်ကို နှိပ်သင့်သော အခါ၌ စိတ်ကို နှိပ်ခြင်း၊

(၆) စိတ်ကို ရွှင်စေသင့်သော အခါ၌ စိတ်ကို ရွှင်စေခြင်း၊

(၇) စိတ်ကို လျစ်လျူရှုသင့်သော အခါ၌ လျစ်လျူရှုခြင်း။

(၈) စိတ်မတည်ကြည်သော ပုဂ္ဂိုလ်ကို ကြဉ်ခြင်း၊

(၉) စိတ်တည်ကြည်သော ပုဂ္ဂိုလ်ကို မှီဝဲခြင်း၊

(၁၀) ထိုအပ္ပနာသမာဓိကို နှလုံးညွတ်ခြင်း-ဟူ၍ အပ္ပနာကောသလ္လ တရား ဆယ်ပါးတို့ပေတည်း။

**အပ္ပနာကောသလ္လညာဏ်ဖြစ်ပုံ။** ။ဤသို့ ရအပ်ပြီးသော ပဋိဘာဂ နိမိတ်၌ ဤအထက်ပါ အပ္ပနာကောသလ္လညာဏ်ကို ပြည့်စုံစေသူအား အပ္ပနာသည် ဖြစ်၏၊ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ကျင့်သော ပုဂ္ဂိုလ်အား အပ္ပနာသည် အကယ်၍ မဖြစ်နိုင်ခဲ့အံ့၊ ထိုသို့ မဖြစ်သေးပါသော်လည်း ပညာရှိသည် လုံ့လကို မလျော့ရာ၊ ထပ်ကာ ထပ်ကာ အလျဉ်မစဲ အားးခဲရာ၏၊ (အားထုတ်ရာ၏)။

သတ္တဝါသည် ပေါ့လျော့ခြင်းဖြင့် အနည်းငယ်သော တရားထူး မည်သည်ကို ရရာ၏၊ ဤသို့သော အကြောင်းသည် မရှိ။

ထို့ကြောင့် ဘာဝနာစိတ်သည် တွန့်တိုခြင်း, ပျံ့လွင့်ခြင်း စသည်တို့၏ အဖြစ်ဖြင့် ဖြစ်သော အခြင်းအရာကို စူးစမ်း၍ ပညာရှိသည် ဝီရိယ၏ သမာဓိနှင့် မျှသော ကိစ္စရှိသည်၏ အဖြစ်ကိုသာလျှင် အဖန်တလဲလဲ ယှဉ်စေရာ၏။

စဉ်းငယ်မျှလည်း တွန့်သည်၏ အဖြစ်သို့ ရောက်သော စိတ်ကို မျှသည်၏ အဖြစ်အလို့ငှါ ချီးပင့်ရာ၏၊ အားထုတ်လွန်းသော စိတ်ကို တားမြစ်ပြီး၍ အညီအမျှ ဖြစ်စေရာ၏။

ပန်းဝတ်မှုံ၌ရှင်း ရေခွက်၌ ထားသော ကြာရွက် အပြင်၌ရှင်း ပင့်ကူချည်၌ရှင်း လှေ၌ရှင်း ဆီကျည်၌ရှင်း ပျား အစရှိသော သတ္တဝါ၏ဖြစ်သော အခြင်းအရာကို ဥပမာ အဖြစ်ဖြင့် အဋ္ဌကထာတွင် ဖွင့်ပြသကဲ့သို့ တွန့်တိုခြင်း ပျံ့လွင့်ခြင်းမှ အချင်း ခပ်သိမ်း လွတ်စေ၍ ပဋိဘာဂနိမိတ်သို့ ရှေ့ရှုပြီးတော့မှုရင် ဘာဝနာစိတ်ကို စိုင်းနှင်ရာ၏။

**နိမိတ်ဖြစ်ရာ၌ ပျားဥပမာဖြင့် ယှဉ်ပြခြင်း**

ဥပမာဖြင့်ပြရာဝယ်''ဆုံးဖြတ်တတ်သော ဉာဏ်ကင်းသော ပျားသည် ဤမည်သော သစ်ပင်ဝယ် ပန်းသည် ပွင့်ပြီ''ဟု သိ၍ လျင်မြန်သော အဟုန်ဖြင့် ပျံပြေးခြင်းငှါ အားထုတ်သောကြောင့် ထိုအပွင့်ရှိ သစ်ပင်ကို လွန်ပြီးမှ နောက်သို့တဖန် ပြန်လာရသည်ဖြစ်၍ ပန်းရက်ရည် ကုန်ပြီးမှ ရောက်လာပေ၏၊ ထို့ပြင် မလိမ်မာသော အခြား ပျားတကောင်သည် နှံ့သော လေးသော အဟုန်ဖြင့် ပျံသွားသောကြောင့် ပန်းရက်ရည်ကုန်ပြီးမှသာလျှင် ရောက်၏။

လိမ်မာသော ပျားသည် မလျင်လွန်း မနှေးလွန်းသော အဟုန်ဖြင့် ပျံခဲ့ရာ သစ်ပင်အကိုင်းအခက်ကို အမှီပြု၍ ဖြစ်သော ပန်းအစု (ပန်းတော)သို့ ရောက်၍ အလိုရှိတိုင်း ပန်းရက်ရည်တို့ကို စုတ်ယူပြီးလျှင် ပျားရည်ကို ပြည့်စုံစေလျက် ပျားရည်၏ အရသာကို ခံစားရလေဘိသကဲ့သို့ရှင်း။

**နိမိတ်ဖြစ်ရာ၌ ဆေးသမားဥပမာဖြင့် ယှဉ်ပြခြင်း**

တဖန် သွေးကြော ဖောက်တတ်သော (ခွဲစိပ် ကုသတတ်သော) ဆေးဆရာ၏ တပည့်တို့သည် ရေခွက်ဝယ် ထားအပ်သော ကြာရွက်၌ ဓားငယ်ဖြင့် သွေးကြောဖောက်ခြင်း စသော လှီးဖောက်ခြင်း အတတ်ကို သင်ကြားခဲ့ပါသော် မလိမ္မာသော တပည့်တယောက်သည် အဟုန်ဖြင့် ဓားငယ်ကို ချသဖြင့် ကြာရွက် နှစ်ခြမ်းသော်လည်း (ဖြတ်မိ၏)ကွဲတတ်၏၊ ရေ၌သော်လည်း နစ်စေတတ်၏။

မလိမ်မာသော တပည့်တယောက်သည် ကြာရွက်ကို နှစ်ခြမ်း ဖြတ်ခြင်း ရေ၌ နစ်ခြင်းမှ ကြောက်သောကြောင့် ဓားငယ်ဖြင့် ကြာရွက်ထိခြင်းငှါ မဝံ့။

လိမ်မာသော တပည့်တယောက်သည်ကား မနှေးမမြန် မျှတသော လှုံ့လဖြင့် ထိုကြာရွက်၌ ဓားငယ်ရာကို ပြပြီး နေရာတကျ ဖောက်လျက် အပြီးတိုင် တတ်မြောက်သည် ဖြစ်၍ ထိုသို့ ဖောက်ခွဲ၍ ကုသသင့်သော သဘောရှိကုန်သော အရာတို့၌ သွေးကြောဖောက်ခြင်း အမှုကို ပြု၍ (ဆေးကုခ) လာဘ်ကို ရဘိသကဲ့သို့ရှင်း။

**နိမိတ်ဖြစ်ရာ၌ ပင့်ကူချည်မျှင်ဆောင်သူ ဥပမာဖြင့် ယှဉ်ပြခြင်း**

တဖန် အကြင်သူသည် လေးလံသော ပမာဏ ရှိသော ပင့်ကူ ချည်မျှင်ကို ဆောင်နိုင်အံ့၊ ထိုသူ အသပြာ လေးထောင်ရပေမည်ဟု မင်းက နေပြီးတော့ရင် ဆိုခဲ့ပါမူ မလိမ္မာသော ယောကျ်ား တယောက်သည် လျင်မြန်သော အဟုန်ဖြင့် ပင့်ကူချည်မျှင်ကို ငင်လတ်သည်ရှိသော် ထိုထိုအရပ်မှ ပြတ်လေ၏။

မလိမ္မာသော တယောက်သော ယောကျ်ားသည်ကား ပြတ်အံ့သည်မှ ကြောက်သောကြောင့် လက်မျှဖြင့် ပင့်ကူချည်မျှင်ကို မထိဝံ့ပေ။

လိမ္မာသော တယောက်သော ယောကျ်ားသည် အစမှစ၍ ညီမျှသော လှံ့လဝီရိယဖြင့် တုတ်တံ၌ ပင့်ကူချည်မျှင်ကို ရစ်၍ ဆောင်ယူခဲ့လေသဖြင့် အသပြာ လေးထောင်သော လာဘ်ကို ရလေဘိသကဲ့သို့ရင်း။

**နိမိတ်ဖြစ်ရာ၌ လှေသူကြီးဥပမာဖြင့် ယှဉ်ပြခြင်း။**

။တဖန် မလိမ္မာသော လှေသူကြီးသည် လေ အဟုန် ပြင်းလာသဖြင့် ရွက်ကို ဖွင့်လျက် လှေကို အရပ်တပါးသို့ ပြေးသွားစေ၏။ မလိမ္မာသော လှေသူကြီးတယောက်သည် လေအဟုန် မပြင်းပါပဲလျက်နှင့် ရွက်ချလတ်၍ လှေကို ထိုအရပ်၌ပင်လျှင် ရပ်ထားစေ၏။

လိမ္မာသော လှေသူကြီးသည်ကား လေအဟုန် မပြင်းသောအခါမှာ ရွက်ကို အကုန်ဖွင့်၍ လေအဟုန် ပြင်းသောအခါမှာ ရွက်တဝက်မျှကို ဖွင့်၍ ချမ်းသာစွာဖြင့် လိုရာအရပ်သို့ ရောက်ဘိသကဲ့သို့ရင်း။

**နိမိတ်ဖြစ်ရာ၌ ဆီလောင်းသူ ဥပမာဖြင့် ယှဉ်ပြခြင်း**

တဖန် အကြင်သူသည် ခွက်ငယ် စသည်၌ တည်သော ဆီဖြင့် မဖိတ် မလျှံစေမူ၍ သိမ်မွေ့သော အပေါက်ရှိသော ဆီကျည်ကို ပြည့်စေနိုင်သော သူအား လာဘ်ရမည်ဟု ဆရာက နေပြီးတော့မှရင် တပည့်တို့အား ပြောဆိုသည်ရှိသော် မလိမ္မာသော လာဘ်ကို မက်မောသော တယောက်သော သူသည် အဟုန်ဖြင့် ပြည့်စေလတ်သော် ဆီကို ဖိတ်စေ၏။

မလိမ္မာသော တယောက်သောသူသည် ဆီဖိတ်မည်ကို ကြောက်သောကြောင့် ဆီကို ရဲရဲလောင်းခြင်းငှါ မဝံ့။

လိမ္မာသော တယောက်သော တပည့်သည် ညီမျှသော လှံ့လဖြင့် ဆီကို ပြည့်စေ၍ လာဘ်ကို ရလေဘိသကဲ့သို့—

**ပဋိဘာဂနိမိတ်ကို ရှေးရှုဖြစ်စေလျက် အပ္ပနာသို့ ရောက်ပုံ**

ဤအတူသာလျှင် တပါးသော ရဟန်းသည် ပဋိ-ဘာဂနိမိတ်သည် ဖြစ်ပေါ်ခဲ့ပါသော် လျင်စွာ အပ္ပနာသို့ ရောက်အံ့ဟု ပြင်းစွာ ဝီရိယပြုအံ့၊ ထိုသူ၏ စိတ်သည် လွန်စွာ အားထုတ်အပ်သော ဝီရိယရှိသည်၏ အဖြစ်ကြောင့် ပျံ့လွင့်ခြင်းသို့ ရောက်၏။ ထိုရဟန်းသည် အပ္ပနာသို့ ရောက်ခြင်းငှါ မတတ်နိုင်။

တပါးသော ရဟန်းသည်ကား လွန်စွာ အားထုတ်အပ်သော ဝီရိယ၏အပြစ်ကို မြင်တွေ့၍ ပဋိဘာဂနိမိတ်ဖြစ်ပြီးသော ယခုအခါ၌ ငါ့အား အပ္ပနာဖြင့် အဘယ်ပြုအံ့နည်းဟု ဝီရိယကို လျော့၏၊ ထိုရဟန်း၏ စိတ်သည် အလွန်တွန့်သော ဝီရိယရှိသည်၏ အဖြစ်ကြောင့် ပျင်းရိခြင်းဘက်သို့လည်း ကျလေ၏၊ ထိုရဟန်းသည်လည်း အပ္ပနာသို့ ရောက်ခြင်းငှါ မစွမ်းနိုင်။

အကြင်ရဟန်းသည် စဉ်းငယ်မျှလည်း တွန့်သော ဘာဝနာစိတ်ကို တွန့်သည်၏အဖြစ်မှ တုန်လှုပ်သော ဘာဝနာစိတ်ကို တုန်လှုပ်သည်၏ အဖြစ်မှ လွတ်စေပြီးတော့မှရင် ညီမျှသော လုံ့လဖြင့် မတွန့်မတိုသော ဘာဝနာစိတ်ကို ပဋိဘာဂနိမိတ်သို့ ရှေးရှု ဖြစ်စေ၏၊ ထိုရဟန်းသည် အပ္ပနာသို့ ရောက်နိုင်ပေ၏၊ ထိုရဟန်းနှင့် တူသည် ဖြစ်သင့်၏၊ ဤကဲ့သို့ ဥပမာ ဥပမေယျ စသည်ဖြင့် ဆိုအပ်ပေ၏။

## ပထမဈာန်သို့ ရောက်ခြင်း

**အပ္ပနာသမာဓိသို့ ရောက်ရာ၌ စိတ်အစဉ်ဖြစ်ပုံ။**

။ဤသို့ ဘာဝနာစိတ်ကို ပဋိဘာဂ နိမိတ်၌သာ ထားသည်၏ အစွမ်းဖြင့် နိမိတ်သို့ ရှေးရှုစိုင်းနှင်သော ထိုယောဂီအား ယခုအခါမှာ အပ္ပနာသည် ပြည့်စုံလတ္တံ့ဟု ဆိုအပ်သင့်သော ဇောတို့၏ဝါဒ၌ ဘဝင်ကိုဖြတ်၍ ပထဝီ, ပထဝီ ဟူ၍ ပွါးများ အားထုတ်စေသည်၏ အစွမ်းဖြင့် ဘာဝနာစိတ်သို့ ကပ်ပြီးတော့မှရင် ထင်လာသော တိုးပွါးအားထုတ်စေသော ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်ကိုပင်လျှင် အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း စိတ်သည် ဖြစ်၏။

**ဇောဖြစ်ပုံ။**

။ထိုမနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပြီးသော အခါ၌ ထိုမနောဒွါရာဝဇ္ဇန်းသည် ယူအပ်သော ပထဝီကသိုဏ်း၏ ပဋိဘာဂနိမိတ်ဟူသော အာရုံကိုပင်လျှင် လေးကြိမ် ငါးကြိမ်သော ဇောတို့သည် ဇောကုန်၏၊ ထိုလေးကြိမ် ငါးကြိမ်သော ဇောတို့တွင် အဆုံး၌ တခုသော ဇောသည် ရူပါဝစရဇော ဖြစ်၏။

**ပရိကံ,ဥပစာ,အနုလုံဖြစ်ပုံ။** ။အကြင်ဇောတို့ကို အပ္ပနာကို ပြုပြင်တတ်သည်၏ အဖြစ်ကြောင့် ပရိကံတို့ ဟူ၍ရင်း ရွာအစရှိသည်တို့မှ အနီးဖြစ်သော အရပ်ကို ရွာ၏ဥပစာ, မြို့၏ဥပစာဟူ၍ရင်း ဆိုအပ်သကဲ့သို့ ထို့အတူ အပ္ပနာမှ နီးသည်၏ အဖြစ်ကြောင့် အနီးအပါး၌ ကျင်လည်တတ်သည်၏ အဖြစ်ကြောင့် ဥပစာတို့ဟူ၍ရင်း,ဤဝီထိမှ ရှေး၌ ဖြစ်သော ဝီထိ ပရိကံတို့အားရင်း အထက် အပ္ပနာအားရင်း လျော်သောကြောင့် အနုလုံတို့ ဟူ၍ရင်း ဆိုအပ်ပေကုန်၏။

**ဂေါတြဘူဖြစ်ပုံ။** ။ထိုပရိကံ, ဥပစာ, အနုလုံဟု မှတ်အပ်ကုန်သော စိတ်တို့တွင် အလုံးစုံသော စိတ်တို့၏ နောက်ဆုံး ဖြစ်သော အကြင် တတိယ စတုတ္ထ စိတ်သည် ရှိ၏၊ ထိုစိတ်ကိုကား ကာမာဝစရအနွယ်ကို နှိမ်နင်းနိုင်သည်၏ အဖြစ်ကြောင့်ရင်း မဟဂ္ဂုတ်အနွယ်ကို ပွါးစေတတ်သည်၏ အဖြစ်ကြောင့်ရင်း ဂေါတြဘူဟု ဆိုအပ်ပေ၏။

**ပရိကံ,ဥပစာ,အနုလုံ,ဂေါတြဘူ မည်ပုံ။** ။ဤသို့ လေးပါးသော စိတ်တို့တွင် မယူအပ်သေးသည်ကိုသာ ယူသဖြင့် (ဝါ)ယူအပ်ပြီးသည်ကို မယူသဖြင့် ရှေးဦးစွာသော ဇောစိတ်သည် ပရိကံ မည်၏၊ ဒုတိယစိတ်သည် ဥပစာမည်၏၊ တတိယစိတ်သည် အနုလုံ မည်၏၊ စတုတ္ထ စိတ်သည် ဂေါတြဘူ မည်၏၊ စတုတ္ထစိတ်သည်ရင်း ပဉ္စမစိတ်သည်ရင်း အပ္ပနာ စိတ် မည်၏။

**အပ္ပနာစိတ်ဖြစ်ပုံ။** ။လေးကြိမ်မြောက် ဖြစ်သောစိတ် ငါးကြိမ်မြောက် ဖြစ်သော စိတ်တို့သည်သာလျှင် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်လေ၏၊ ထိုလေးကြိမ်မြောက် ငါးကြိမ်မြောက် အပ္ပနာဖြစ်ခြင်းကို ခိပ္ပါဘိညာပုဂ္ဂိုလ် ဒန္ဓာဘိညာပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် ဖြစ်သည်ဟု မှတ်အပ်ပေ၏၊ ထိုငါးကြိမ်မြောက်မှ နောက်ဝယ် ဆဋ္ဌမ သတ္တမဇောတို့သည် ကျသကဲ့သို့ ဖြစ်၏၊ဘဝင်၏ အလှည့် ဖြစ်ခဲ့ပေ၏။

**အာဘိဓမ္မိက ဂေါဒတ္တထေရ်၏ အပ္ပနာဖြစ်ပုံ တနည်း။** ။အာဘိဓမ္မိက ဂေါဒတ္တ မထေရ်သည်ကား ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝန-ပစ္စယေန ပစ္စယော ဟူသော ဤပဋ္ဌာန်းပါဠိကို ရွတ်၍ အာသေဝန ပစ္စည်းဖြင့် နောက်ဖြစ်သော ကုသိုလ်တရားသည် အားရှိ၏၊ ထို့ကြောင့် ဆဋ္ဌဇောအရာ၌ရင်း သတ္တမဇောအရာ၌ရင်း အပ္ပနာသည် ဖြစ်ခဲ့ပေ၏။

ထိုစကားကို အဋ္ဌကထာတို့၌ မထေရ်၏ အကြိုက်မျှကိုသာဟု ဆို၍ ပယ်၏၊ စတုတ္ထဇော ပဉ္စမဇောတို့၌သာ အပ္ပနာသည် မည်၏၊ ပဉ္စမဇော၏ နောက်၌

ဆဋ္ဌဇော သတ္တမဇောတို့သည် ဘဝင်နှင့် နီးကပ်သော အကြောင်းရှိသည်၏ အဖြစ်ကြောင့် ဇောကြသည်မည်၏ဟု ဆိုအပ်ခဲ့ပေပြီ၊ ထိုစကားကိုမူ စိစစ်၍ ဆိုအပ်သည်၏ အဖြစ်ကြောင့် ပယ်ခြင်းငှါ မတတ်နိုင်ပေ။

**အပ္ပနာဇောဖြစ်ရာ၌ ဥပမာ ယှဉ်ပြချက်။** ။ဥပမာ တယောက်သော ယောကျ်ားသည် ကမ်းပါးပြတ်သို့ ရှေးရှုပြီး တော့မှရင် ပြေးခဲ့ပါသော် ရပ်တန့်လိုပါသော်လည်း ပြတ်သော ကမ်းပါး အစွန်အနား၌ ခြေကိုထား၍ ရပ်တည်ခြင်းငှါ မတတ်နိုင်၊ ကမ်းပါးပြတ်၌သာလျှင် ကျလေဘိသကဲ့သို့ ဤအတူ ခြောက်ကြိမ်မြောက်၌ရင်း ခုနစ်ကြိမ်မြောက်၌ရင်း ဘဝင်၏ နီးသည်၏ အဖြစ်ကြောင့် အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်ခြင်းငှါ မတတ်နိုင်ပေ၊ ထို့ကြောင့် စတုတ္ထဇော, ပဉ္စမဇောတို့၌သာလျှင် အပ္ပနာသည် ဖြစ်၏ဟု သိအပ်ပေ၏။

ထိုအပ္ပနာသည်လည်း တခုသော စိတ္တက္ခဏသာ ရှိပါပေ၏၊ ကောင်းပါပြီ၊ လက်ဦးရစ ဖြစ်တဲ့ မဟဂ္ဂုတ်အပ္ပနာ၌ရင်း လောကီအဘိညာဏ်တို့၌ရင်း မဂ်လေးပါးတို့၌ရင်း မဂ်၏အခြားမဲ့ဖြစ်သော ဖိုလ်၌ရင်း ရူပ အရူပဘုံတို့၌ ဘဝင်ဖြစ်သော စျာန်စိတ်၌ရင်း နိရောဓသမာပတ်၏ အကြောင်းဖြစ်သော နေဝသညာ နာသညာယတနဇော၌ရင်း နိရောဓသမာပတ်မှ ထသော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်၏ ဖလသမာပတ်၌ရင်း ဤကဲ့သို့ ခုနစ်ပါးကုန်သော ဌာနတို့၌ ကာလအပိုင်းအခြား မရှိပေ။

**ပစ္စဝေက္ခဏာဇောဖြစ်ပုံ။** ။ဤခုနစ်ဌာနတို့တွင် မဂ်၏ အခြားမဲ့ ဖြစ်သော ဖိုလ်ဇောသည် သုံးကြိမ်ထက် အလွန် မဖြစ်၊ နိရောဓသမာပတ်၏ အကြောင်း ဖြစ်သော နေဝသညာ နာသညာယတနဇောသည် နှစ်ကြိမ်တို့ထက် အလွန် မဖြစ်၊ ရူပ အရူပဘုံတို့၌ ဘဝင်၏ အတိုင်းအရှည်သည် မရှိပေ၊ ဆိုအပ်ခဲ့ပြီးသော သုံးဌာနမှ ကြွင်းကုန်သော ပဌမအပ္ပနာ လောကီအဘိညာဉ် မဂ်လေးခု နိရောဓသမာပတ်မှ ထသော ပုဂ္ဂိုလ်၏ အဋ္ဌမ အက္ခဏာဟူသော လေးဌာနတို့၌ တခုသော စိတ်သည်သာ ဖြစ်ပေ၏။

ထို့ကြောင့် လက်မှန်အစ ပဌမ အပ္ပနာသည် စိတ္တက္ခဏ တချက်သာလျှင် ဖြစ်၏၊ ထိုအပ္ပနာဇော တကြိမ် ဖြစ်သည်မှ နောက်ဝယ် ဘဝင်ကျလေ၏၊ ထို့နောက် ဘဝင်ကို ဖြတ်၍ စျာန်ကို ဆင်ခြင်ခြင်းငှါ အာဝဇ္ဇန်းသည် ဖြစ်၏၊ ထို့နောက် စျာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဇောသည် ဖြစ်ခဲ့ပါပေ၏။

**ပဌမစျာန်ကို ရပုံ။** ။ဆက်ကြဦးစို့၊ ဤဆိုအပ်ခဲ့ပြီးသော စကား အစဉ်ဖြင့် ထိုယောဂီသည် ကာမဂုဏ်တို့မှ အသီးအခြား ဖြစ်၍သာလျှင် (ကင်းဆိတ်သည် ဖြစ်၍ သာလျှင်) အကုသိုလ် တရားတို့မှ အသီးအခြား ဖြစ်၍

ဝိတက်နှင့်တကွ ဖြစ်သော ဝိစာရနှင့်တကွ ဖြစ်သော ဝိဝေကကြောင့် ဖြစ်သော ပီတိသုခရှိသော ပဌမဈာန်သို့ ရောက်၍ (ပဌမဈာန်ကို ပြည့်စုံစေ၍) နေရ၏၊ ဤသို့ ပဌမဈာန်ကို ပြည့်စုံစေ၍နေသော ဤယောဂီပုဂ္ဂိုလ်သည် အင်္ဂါ ငါးပါး တို့နှင့် ပြည့်စုံ၏၊ သုံးပါးသော ကောင်းခြင်းရှိပေ၏၊ ဆယ်ပါးသော လက္ခဏာ နှင့် ပြည့်စုံ၏၊ ပထဝီ ကသိုဏ်းလျှင် အာရုံရှိသော ပဌမဈာန်ကို ရအပ်ပါပေ၏။

ဤသို့ စသည်ဖြင့် (က) ကသိုဏ်း ပရိကံ (ခ) ဈာန်အဘိညာဏ်ဟူ၍ ဗိမ္ဗိ သာရမင်းကြီး ပို့သသော လက်ဆောင်တော်ကို အကျဉ်းမျှ ရေးသားလိုက်ရပါ သည်၊ အဘိညာဏ် ပွါးများပုံ အကျယ်ကိုမူ ဤကျမ်း ဋ္ဌိပါဒ် ဒေသနာတော် (စာမျက်နှာ ၁၃၆-၁၄၅)တွင် ကြည့်ရှု လေ့လာရန် ညွှန်ကြားလိုက်ပါသည်၊ (ဒုတိယဈာန်စသည်တို့ကိုကား ကျယ်ဝန်းသွားမည် စိုးရိမ်သဖြင့်) ဤအကျဉ်း သိသာရုံမျှကိုသာ ရေးသား ဖော်ပြလိုက်ရပေတော့သတည်း။

ကသိုဏ်း ပရိကံ ဈာန်ခဏ်း ပြီး၏။

---

## ပလိဗောဓ ၁၀-ပါး

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပဌမအုပ်-ဂ၆)

လောကီဖြစ်သော သမာဓိကို ဆိုအပ်ပေပြီ၊ ထိုသမာဓိကို ဆိုအပ်ပြီးသော နည်းဖြင့် သီလတို့ကို သုတ်သင်ပြီး ထက်ဝန်းကျင် အလွန်စင်ကြင်သော သီလ ၌ တည်ပြီးသော ယောဂီပုဂ္ဂိုလ်သည် ဆယ်ပါးသော ပလိဗောဓတို့တွင် အ နှောင့်အယှက် ပြုတတ်သော ပလိဗောဓကို ဖြတ်၍ ကမ္မဋ္ဌာန်းကို ပေးတတ် သော ကလျာဏ မိတ်ဆွေသို့ ချဉ်းကပ်၍ မိမိ၏ စရိုက်အား လျော်စွာ အမျိုး လေးဆယ်ကုန်သော ကမ္မဋ္ဌာန်းတို့တွင် တပါးပါးသော ကမ္မဋ္ဌာန်းကို သင်ယူ၍ သမာဓိပွါးစေခြင်းငှါ မလျော် မလျောက်ပတ်သော ကျောင်းကို ပယ်၍ လျော် လျောက်ပတ်သော ကျောင်း၌ နေသဖြင့် ငယ်သော ပလိဗောဓ ဖြတ်ခြင်းကို ပြုပြီးတော့မှုရင် အလုံးစုံသော ဘာဝနာ အစီအရင်ကို မယုတ်စေမူ၍ ပွါး များစေအပ်၏။ ဤဆိုအပ်ပြီးသော နည်းသည် ဘာဝနာ အစီအရင် အကျဉ်း ပေတည်း။

**ပလိဗောဓ (၁၀) ပါး။** ။အကျယ်ကို ဆိုကြပေဦးစို့၊ ကမ္မဋ္ဌာန်း ဘာဝနာကို တားဆီး ပိတ်ပင် ဖြစ်ခွင့် မပေး ဘေးရန်အနှောင့် အယှက် 'ပလိဗောဓ' တို့ ဟူသည်ကား=

(၁) အာဝါသ ပလိဗောဓ=ကျောင်းအနှောင့်အယှက်၊

(၂) ကုလပလိဗောဓ=ဒါယကာအနှောင့်အယှက်၊

(၃) လာဘပလိဗောဓ=လာဘ်အနှောင့်အယှက်၊
(၄) ဂဏပလိဗောဓ=ဂိုဏ်းအနှောင့်အယှက်၊
(၅) ကမ္မပလိဗောဓ=အမှုကိစ္စအနှောင့်အယှက်၊
(၆) အဒ္ဓါနပလိဗောဓ=ခရီးအနှောင့်အယှက်၊
(၇) ဉာတိပလိဗောဓ=ဆွေမျိုးအနှောင့်အယှက်၊
(၈) အာဗာဓပလိဗောဓ=အနာရောဂါအနှောင့်အယှက်၊
(၉) ဂန္ထပလိဗောဓ=ကျမ်းဂန်အနှောင့်အယှက်၊
(၁၀) ဣဒ္ဓိပလိဗောဓ=တန်းခိုးအနှောင့်အယှက်–

ဟူ၍ ဆယ်ပါး အပြားရှိပါပေ၏။ ဤဆယ်ပါးသော တရားတို့သည် အနှောင့် အယှက် 'ပလိဗောဓ' မည်ပါပေကုန်၏။

ထိုဆယ်ပါးတို့တွင် အာဝါသသည်ပင်လျှင် အာဝါသ ပလိဗောဓမည်ပါပေ၏။ ကုလ ပလိဗောဓ အစရှိသည်တို့၌ ဤဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းသာလျှင် သိအပ်ပေ၏။

**အာဝါသ ပလိဗောဓ။** ။ထို အာဝါသ ပလိဗောဓ ဟူသော စကားရပ်၌ (က) တခုသော တိုက်ခန်းကိုရင်း (ခ) တခုသော ပရိဝုဏ်ကိုရင်း (ဂ) အလုံးစုံသော သံဃာအရာမ်ကိုရင်း 'အာဝါသ'ဟူ၍ မှတ်အပ်ပါပေ၏။ အကြင် အာဝါသသည် အလုံးစုံသော ယောဂီအားပင်လျှင် ပလိဗောဓ မဖြစ်၊ ဖြစ်သင့်သည်ကို ဆိုကြဦးစို့၊ အကြင်သူသည် ဤအာဝါသ အမှုသစ်စသည်တို့၌ အားထုတ် ကြောင့်ကြခြင်းသို့မူလည်း ရောက်ခဲ့ပေ၏၊ သိမ်းဆည်းအပ်သော များစွာသော သက်နီး သပိတ်စသော ဘဏ္ဍာရှိသည် ငှင်း၊ အရိပ်ရေနှင့် ပြည့်စုံသည်၏ အဖြစ် ရလွယ်သော ဆွမ်းရှိသည်၏ အဖြစ် အစရှိသော တစုံတခုသော အကြောင်းကြောင့် ငဲ့ခြင်း အာလယရှိသည်ဖြစ်၍ တပ်သော စိတ်ရှိသည်ငှင်း ဖြစ်ခဲ့ပါပေ၏။ ထိုသို့ အမှုသစ် စသည်၌ ကြောင့်ကြ မကင်းသော ယောဂီအားသာလျှင် ပလိဗောဓသည် ဖြစ်ပေ၏။ ဤမှတပါး သော ယောဂီအား ပလိဗောဓသည် မဖြစ်ပေ။

**အာဝါသ ပလိဗောဓ ပဖြစ်ပုံ မှတ်သားဖွယ် ဝတ္ထု။** ။ထို မရှိတတ အာလယ ကင်းသူအား ပလိဗောဓ မဖြစ်ခြင်း၌ ဤဆိုလတ္တံ့သော ဝတ္ထုကို သိအပ်ပါပေ၏။ နှစ်ဦးကုန်သော အမျိုးသားတို့သည် အနုရာဓမြို့မှ ထွက်ခဲ့ကြ၍ အစဉ်သဖြင့် ထူပါရုံကျောင်း၌ ရဟန်း ပြုကြပေကုန်၏။ ထိုရဟန်း နှစ်ဦးတို့တွင် တပါးသော ရဟန်းသည် (ဘိက္ခုပါတိမောက် ဘိက္ခုနီပါတိမောက်) ဟု ဆိုအပ်ကုန်သော ဒွေမာတိကာ

တို့ကို အလေ့အလာပြု၍ နှုတ်တက်ရအောင် အားသစ်၍ ငါးဝါမျှနေ၍ ပဝါရဏာပြုလျက် အနုရာဓပြည်မှ အရှေ့ စူးစူး၌ တောင်ထူး တောင်မြတ်တို့၏ အကြား တောအရေးရှိ၍ ပါစိနခဏ္ဍရာဇိ အမည်ရှိသော အရပ်သို့ ကြွတော်မူလေ၏။ ရဟန်းတပါးသည် ထို ထူပါရုံတိုက်၌ ပင်လျှင် နေပေ၏။ ထိုပါစိနခဏ္ဍရာဇိအမည်ရှိသော အရပ်သို့ ကြွသွား လေသော ရဟန်းသည် ထိုပါစိနခဏ္ဍရာဇိ အမည်ရှိသောအရပ်၌ ရှည်ကြာစွာနေ၍ ဆယ်ဝါမြောက်သော အခါဝယ် အကြံတခု ဖြစ်ပေါ် လာပေ၏။

**ပါစိနခဏ္ဍရာဇိအရပ်၌ နေသော ရဟန်းအကြံ။** ။"ဤဌာနသည် လျောက်ပတ်ပါပေ၏၊ ယခု လျောက်ပတ်သော အရပ်ကို ငါ့အဆွေအားလည်း ပြောကြားပေအံ့"ဟု အကြံတခုဖြစ်ပေါ် သည်အားလျော်စွာ ကြံစည်ပြီး၍ ထိုအရပ်မှ ဖဲခွါခဲ့ပြီးတော့ရင် ထူပါရုံကျောင်းတော်သို့ ဦးတည်လျက် ဝင်ခဲ့ပါပေ၏၊ ဝင်စဉ်ပင်လျှင် ထိုရဟန်းကို မြင်၍ တူသော ဝါရှိသော မထေရ်သည် ခရီးဦးကြိုဆို၍ သပိတ်သင်္ကန်းကို လှမ်းယူ၍ ဝတ်ကို ပြုပေ၏။ အာဂန္တုကမထေရ်သည် ကျောင်းဝင်းသို့ ဝင်ပြီးတော့မှရင် "ယခု ငါ့အား အဆွေခင်ပွန်းသည် ထောပတ်ကိုရင်း တင်လဲ (သကာ) ကိုရင်း အဖျော်ယမကာကိုရင်း ပို့လတ္တံ့၊ မှန်ပါပေစွ ငါ့အဆွေသည် ဤမြို့၌ ကြာရှည်မြင့်စွာ အမြဲနေလေ့ရှိပါပေ၏"ဟု အဲဒီလို ကြံစည်ပေ၏။

**ကြံစည်တိုင်း မဖြစ်ပုံ။** ။ထိုညွှေ့သည် ရဟန်းသည် ညဉ့်အခါ၌ ကြံတိုင်း မရသည်ဖြစ်၍ စောစော၌ "ယခု အလုပ်အကျွေးတို့သည် ယူအပ်သော ယာဂု ခဲဖွယ် (စားစရာ) အစရှိသည်တို့ကို ပို့လတ္တံ့" ဟု ဤသို့ တဖန် ကြံစည်ပြန်၏။ ထို ယာဂု ခဲဖွယ်(စားစရာ)တို့ကိုလည်း မမြင်သည်ဖြစ်၍ "ကျောင်းသို့ လာရောက် လှူဒါန်းကြကုန်သော ဒါယကာတို့သည် မရှိကြပေကုန်၊ ရွာတွင်းသို့ ဆွမ်းခံကြွလာသော ငါ့အဆွေအား လှူလတ္တံ့"ဟူ၍ ငါမှတ်ထင်မိပေ၏။ ဤသို့ ကြံစည်ပြီး၍ စောစောကသာလျှင် ထိုကျောင်းနေအဆွေရဟန်းနှင့် အတူတကွ ရွာတွင်းသို့ ဝင်၏။

ထိုရဟန်းနှစ်ပါးတို့သည် အတူတကွ တကြောင်းတည်းသော ခရီးသို့ လှည့်လည်၍ တမှုတ်မျှသော ယာဂုကို ရ၍ သိမ်တင်းသုံးရာ စရပ်၌ နေ၍ သောက်ကြပေကုန်၏၊ ထို့နောင်မှ အာဂန္တုကရဟန်းသည် "အမြဲလှူသော ယာဂု မရှိမှန်း သိပါပေ၏၊ ဆွမ်းအချိန်အခါ၌ ယခု လူတို့သည် မွန်မြတ်သော ဆွမ်းကို ပေးကုန်လတ္တံ့"ဟု ဤသို့ ကြံစည်ပေ၏။

တဖန် ဆွမ်းအချိန်အခါ၌ ဆွမ်းအလို့ငှါ လှည့်လည်၍ ရအပ်သမျှကိုသာလျှင် စားပြီး၍ အာဂန္တုကရဟန်းသည် "အရှင်ဘုရား အလုံးစုံသော ကာလ၌ ဤသို့

ပြောင်းပဲလူးဆပ် ရတတ်သမျှသော ဆွမ်းဖြင့်သာလျှင် မျှတကုန်သလား” ဟု ဤသို့ မေးလျှောက်ပေ၏။ ငါ့ရှင် ဩော် ဟုတ်ပါပေသည်ဟူ၍ မိန့်ဆိုလိုက်သည်ရှိသော် အရှင်ဘုရား ပါဠိနခက္ကရာဇိအမည်ရှိသော အရပ်သည် ပစ္စည်းလေးပါး မရှား လွယ်စွာ ချမ်းသာလှပါပေ၏၊ ထိုအရပ်သို့ သွားကြပေကုန်အံ့ဟု ဤသို့ ဆို၏။

**တောနေ ရဟန်းနှင့် တူပုံ မိန့်ကြားချက်။** ။အာဝါသိက မထေရ်သည် မြို့၏ တောင်ဘက် တံခါးမုခ်မှ ထွက်၍ အိုးထိန်းသည်တို့၏ ရွာခရီးသို့ ကြွသွားလေ၏။ အာဂန္တုကရဟန်းသည် “အရှင်ဘုရား အဘယ်သို့သော အကြောင်းကြောင့် ဤအိုးထိန်းသည်တို့၏ ရွာခရီးသို့ ကြွသွားတော်မူလေသနည်း”ဟု ဤသို့ မေးလျှောက်ပေ၏။ ငါ့ရှင် ပါဠိနခက္ကရာဇိ[၁]အမည်ရှိသော အရပ်၏ ဂုဏ်ကျေးဇူးအသွယ်သွယ်ကို သင်သည်သာ ချီးမွမ်းသည် မဟုတ်ပါပေလော၊အဲဒီလို ဆိုလိုက်သည်ရှိသော် “အရှင်ဘုရား အရှင်ဘုရားတို့၏ ဤမျှလောက် ရှည်ကြာစွာသော ကာလပတ်လုံး သီတင်းသုံး နေရာဌာနၶ တစုံတခုသော သပိတ်တလုံး သက်နိုး သုံးထည်ထက် ပိုမိုသော ပရိက္ခရာ မရှိပြီလော”ဟု လျှောက်လိုက်ပေ၏။ ငါ့ရှင် ဩော် မရှိခဲ့ပေပြီ၊ ညောင်စောင်းအင်းပျဉ်ကို သိုမှီးသိမ်းဆည်းအပ်ပြီးသည်သာလျှင်တည်း။

ညောင်စောင်းအင်းပျဉ်မှ တခြား တပါးသော တစုံတခုသော ပရိက္ခရာသည် မရှိ၊ အဲဒီလို ဆိုလိုက်သည်ရှိသော် “အရှင်ဘုရား အကျွန်ုပ်မှာမူကား တောင်ဝှေးသည်ရင်း ဆီကျည်သည်ရင်း ဘိနပ်အိပ်သည်ရင်း ထိုကျောင်း၌ပင်လျှင် ရှိလေသေး၏”ဟု ဆို၏။ ငါ့ရှင် သင်သည် တနေ့မျှနေ၍ ဤမျှလောက် များပြားသော ပရိက္ခရာတို့ကို ထားအပ်သလောဟု ဆိုလိုက်သည်ရှိသော် အရှင်ဘုရား ဩော် ထားအပ်ပါပေ၏။ အဲဒီလိုဆို၍ အာဂန္တုကရဟန်းသည် ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ ထိုမထေရ်ကို ရှိခိုး၍ “အရှင်ဘုရား အရှင်ဘုရားတို့ကဲ့သို့သော ပုဂ္ဂိုလ်မြတ်တို့အား အလုံးစုံသော အရပ်တို့၌ တောနေ အရှင် မည်သည် သာလျှင်တည်း။

ထူပါရာမကျောင်းတော်သည်ကား လေးဆူကုန်သော ဘုရားရှင် သခင် ကိုယ်တော်မြတ်တို့၏ ခါးပန်း ဓမ္မကရိဏ် ရေသနုတ်တော်ဟူသော ပရိဘောဂ ဓာတ် လကျ်ာညှပ်ရိုးတော်ဟူသော သရီရဓာတ်ကို ဌာပနာရာအရပ်ပေတည်း၊ သံမဏ္ဍိပြာသာဒ်၌ လျှောက်ပတ်သော တရားတော်ကို နာကြားခြင်းကိုရင်း မဟာစေတီကို ဖူးမြော်ခြင်းကိုရင်း မထေရ်ကို ဖူးမြော်ခြင်းကိုရင်း ရခဲ့ပါပေ၏။

---

၁။ ပါဠိန-အရှေ့အရပ်-အရှေ့+ခက္က-အပြတ်+ရာဇိ-အရေးအကြောင်း-အတန်း။ ပါဠိနခက္ကရာဇိ=အရှေ့ဖက်တောတန်းအပြတ်၊ ဝါ-တောင်တန်းအပြတ်။

ဘုရားပွင့်တော်မူရာ အခါကာလ သမယကဲ့သို့ ဖြစ်ပေ၏။ အရှင်တို့သည် ဤ အရပ်၌ ပင်လျှင် သီတင်းသုံးတော်မူကြပါကုန်”ဟူ၍ လျှောက်ဆို၍ နှစ်ရက် မြောက်သော နေ့၌ သပိတ်သက်န်းကို ယူ၍ မိမိတပါးတည်းသာလျှင် ကြွသွား လေ၏။ ဤ အရှင်ကဲ့သို့ မကပ် မငြိတွယ်သော စိတ်ရှိသော ရဟန်းအား ကျောင်းသည် ပလိဗောဓ မဖြစ်နိုင်ပေ။

မှတ်ချက်။ ။ဤ ဝတ္ထုဖြင့် ရဟန်းတော်များမည်သည် တောင် ကမ်း အရိပ် အာဝါသ၌ ဤ အရှင်ကဲ့သို့ ဖြစ်သင့်သည် ဟု ဩဝါဒတရား ပေးအပ် ပါပေ၏။

အာဝါသပလိဗောဓ ပြီး၏။

---

**ကုလပလိဗောဓ။** ။ကုလဆိုသည်မှာကား အမျိုးဖြစ်သော ကုလသည်ရင်း အလုပ် အကျွေးဖြစ်သော ကုလသည်ရင်း ကုလမည်ပါ ပေ၏။ ဤ စကား ထင်ရှားအောင် ဆိုကြဦးစို့—

အလုပ်အကျွေးဖြစ်သောသူသည် “ချမ်းသာခြင်းသို့ ရောက်သည်ရှိသော် မိမိ လည်း ချမ်းသာခြင်းသို့ ရောက်သည် ဖြစ်၏” ဤသို့ အစရှိသော နည်းဖြင့် ပေါင်းပေါင်းပျစ်ပျစ် ကျွမ်းချစ်နှီးနှော တရောတယှက်နေသော အချို့သော ဂိဟိသံသဋ္ဌရဟန်းအား ဥပဋ္ဌာကကုလသော်လည်း (အလုပ်အကျွေးဖြစ်သော သူသော်လည်း) ပလိဗောဓသည် ဖြစ်ပါပေ၏။

ထို ဂိဟိသံသဋ္ဌရဟန်းသည် အဆွေအမျိုးဖြစ်ကြကုန်သော သူတို့နှင့် ကင်း၍ တရားတော်ကို နာကြားခြင်းငှါ အနီးဖြစ်သော ကျောင်းသို့လည်း မသွားနိုင် ပေ၊ ဥပဋ္ဌာက ညာတိ မငြိမတွယ် ပယ်ခွါနိုင်သော အချို့သော အရှင်အား အမိ အဘတို့ပင် ဖြစ်သော်လည်း ပလိဗောဓတို့သည် မဖြစ်ကြ ပေကုန်။

**ကုလပလိဗောဓ မဖြစ်သော ဝတ္ထု။** ။ကောရဏ္ဍကကျောင်းတော်၌ နေသော မထေရ်၏ တူတော်ဖြစ်သော ရဟန်းငယ် အား ပလိဗောဓတို့သည် မဖြစ်ကုန်ဘိသကဲ့သို့ ပေတည်း။ ထို ရဟန်းငယ်သည် မိမိ ပါဠိသင်ခြင်း အကျိုးငှါ(ပါဠိဆရာကို ညွှန်းစေ၍ မိမိသရဏ္ဍာယ်ခြင်းအကျိုး ငှါ) ရောဟဏဇနပုဒ်သို့ သွားလေသတတ်။ မထေရ်၏ နှမဖြစ်သော ဥပါသိကာမ သည်လည်း အခါခပ်သိမ်း မထေရ်ကို ထိုသား ရဟန်း၏ အဖြစ် ကြောင်းသနစ်စုံ ကို ရေတော်ဘိသကဲ့သို့ မေးလျှောက်ပေ၏။ မထေရ်သည် တနေ့သ၌ သူငယ်ကို ဆောင်အံ့ဟု ကြံရွယ်ပြီးတော့မှရင် ရောဟဏဇနပုဒ်သို့ ရှေးရှုလျက် ကြွသွား လေ၏။

ရဟန်းငယ်သည်လည်း“ဤ ရောဟဏဇနပုဒ်၌ ငါ၏ စာပေ သင်ကြား၍ နေ ခြင်းသည် ကြာမြင့်ပေပြီ၊ ယခုအခါဝယ် ဥပဇ္ဈာယ်ကို ဖူးမြင်၍ ဒါယိကာမကြီး

၏ အကြောင်းသနစ်စုံကိုလည်း သိ၍ လာအံ့”ဟု ကြံရွယ်ပြီး ရေဟာဏဇနပုဒ်မှ ပြန်လည် ထွက်ခဲ့ပါပေ၏။ ထို ရဟန်းငယ်သည် တခုသော သစ်ပင်ရင်း၌ ဦးရီး မထေရ်အား ဝတ်ကြီး ဝတ်ငယ်ကို ပြု၍ “အဘယ်အရပ်သို့ သွားမည်နည်း”ဟု ဦးရီးတော်မထေရ်က မေးအပ်သည်ဖြစ်၍ ထို မိမိ ကြံထားသော အကြောင်းကို ပြောကြား ပါပေ၏။

**မိဘကျောင်း၌ ဝါကပ်ခြင်း။** ။မထေရ်က သင်သည် ကောင်းမွန်စွာ ပြုအပ်ပါပေ၏၊ ဒါယိကာမကြီးသည်လည်း အခါခပ်သိမ်း မေးလျှောက်ပေ၏၊ ငါသည်လည်း ထို သင့်ကို ဆောင်ခြင်း အကျိုးငှါ သာလျှင် လာခဲ့ပေ၏၊ သင်သည် သွားချေ၊ ငါသည်မူကား ဤအရပ် အမှတ်မဲ့သော ကျောင်း၌သာလျှင် ဤတဝါတွင်း ကာလပတ်လုံး နေအံ့ဟု ဆို၍ ရဟန်းငယ်ကို လွှတ်လိုက်ပေ၏။ ထိုရဟန်းငယ်သည် ဝါကပ်ရာနေ့၌သာလျှင် ထိုကောရဏ္ဍကကျောင်းတိုက်သို့ ရောက်ပါပေ၏။ ကျောင်းသည်လည်း ထိုရဟန်းငယ်၏အဘသည် ဆောက်လုပ်စေအပ်သော ကျောင်းသို့ပင်လျှင် ရောက်၏။

ထို့နောက်မှ ရဟန်းငယ်၏အဘသည် နှစ်ရက်မြောက်သော နေ့၌ လာခဲ့၍ “အရှင်ဘုရားတို့ အဘယ်ရဟန်းအား တပည့်တော်တို့ ကျောင်းသည် ရောက်လေသနည်း”ဟု လျှောက်ခဲ့ပါသည်ရှိသော် “အာဂန္တုက ဖြစ်ရသော ရဟန်းငယ်အား ရောက်၏၊ (အာဂန္တုကဖြစ်သော ရဟန်းငယ်သည် ရောက်၏)”ဟု ဤသို့ ပြောကြား၍ (ဤသို့ ပြောကြားလိုက်သည်ရှိသော်) —

**ထိုရဟန်းငယ်က ဝန်ခံခြင်း။** ။ထိုရဟန်းငယ်၏ အထံမှောက်သို့ ချဉ်းကပ်ပြီးတော့မှရင် ရှိခိုး၍ ‘အရှင်ဘုရား ဘုရားတပည့်တော်တို့၏ ကျောင်းတိုက်၌ ဝါကပ်ခြင်းသို့ ရောက်သော အရှင်အား ဝတ်သည် ရှိပါပေ၏”ဟု လျှောက်ထား၏၊ ဒါယကာ ဥပါသကာ သင်က ဝတ်ရှိပါ၏ဟု ဆိုခြင်းသည် အဘယ်သို့သော ဝတ်ကို ဆိုလိုပါသနည်းဟု မေးလိုက်ခဲ့ပါသည်ရှိသော် ဝါတွင်းကာလ သုံးလတို့ပတ်လုံး ဘုရားတပည့်တော်များ၏ အိမ်၌သာလျှင် ဆွမ်းကိုယူ၍ ပဝါရဏာပြု၍သွားသော ကာလ၌ ပြောကြားအပ်ပါပေ၏ဟု လျှောက်ဆိုပေ၏။ ထိုရဟန်းငယ်သည် ဆိတ်ဆိတ်နေခြင်းဖြင့် သည်းခံ၍ နေ၏။

**ဝါတွင်းသုံးလပတ်လုံး မိဘအိမ်၌ ဆွမ်းခံခြင်း။** ။ဒါယကာသည်လည်း အိမ်သို့ သွား၍ “ငါတို့၏ ကျောင်း၌ တပါးသော အာဂန္တုကဖြစ်သော အရှင်ကောင်းသည် ဝါကပ်၍ နေပါပေ၏၊ ငါတို့အနေနှင့် ရိုသေစွာ လုပ်ကျွေးပြုစုအပ်ပါပေ၏”ဟု ဆိုလိုက်ခဲ့သည်ရှိသော် အိမ်ရှင်ဒါယိကာမသည် “ကောင်းပါပြီ”ဟု ဝန်ခံ၍ မွန်မြတ်သော ခဲဖွယ်ကိုရင်း

ဘောဇဉ်ကိုရင်း မျှတစေ၏။ ရဟန်းငယ်သည်လည်း ဆွမ်းဘုဉ်းပေးသော အခါ ကာလ၌ အဆွေအမျိုးတို့၏အိမ်သို့ သွားလေ၏။ ထိုရဟန်းငယ်ကို တစုံတယောက်သောသူမျှ မမှတ်မိပေ။

ထိုရဟန်းငယ်သည် ဝါတွင်းသုံးလ ကာလ ပတ်လုံးလည်း ထိုမိဘဆွေမျိုးတို့၏ အိမ်၌ ဆွမ်းဘုဉ်းပေး၍ ဝါကျွတ်သည်ရှိသော် "ငါသည် သွားတော့အံ့"ဟု ပန်ကြား၏။ ထိုအခါ၌ ရဟန်းငယ်အား အဆွေအမျိုးတို့သည် "အရှင်ဘုရား နက်ဖန်ခါကျလျှင်လည်း ကြွတော်မူခဲ့ပါဦးဘုရား" ဟူ၍ နှစ်ရက်မြောက်သောနေ့၌ အိမ်၌သာလျှင် ဆွမ်းကို ကျွေးမွေးလှူဒါန်း၍ ဆီထည့်စရာ ဆီနယ်ခွက် (ဆီထည့်စရာ ကျည်တောက်)ကို (ဆီဖြင့်) ပြည့်စေ၍ တင်လဲဆိုင်တလုံးကိုရင်း အသစ်ဖြစ်သော ကိုးတောင် အကိုင်းအရှည်ရှိသော ပုဆိုးကိုရင်း ပေးလှူ၍ "အရှင်ဘုရား ကြွတော်မူပါလော့"ဟု လျှောက်ကြကုန်၏။ ရဟန်းငယ်သည် ဝမ်းမြောက်ကြောင်း အနုမောဒနာကို ပြုပြီးတော့မှရင် ရောဟဏဇနပုဒ်သို့ ကြွသွားလေ၏။

**ဆရာဥပဇ္ဈာယ်နှင့် ပြန်တွေ့ခြင်း။** ။ထိုရဟန်းငယ်၏ ဥပဇ္ဈာယ်ဆရာသည်လည်း ပဝါရဏာပြု၍ ခရီးရှင်ဆိုင် လာလတ်သော် ရွေး၌ တွေ့ရာအရပ်၌သာလျှင် ထိုရဟန်းငယ်ကို တွေ့လတ်လေသတည်း။ ထိုရဟန်းငယ်သည် အမှတ်မရှိ တပါးပါးသော သစ်ပင်ရင်း၌နေလျက် မထေရ်အား ဝတ်ပြု၍ နေ၏။ ထိုအခါ၌ ထိုရဟန်းငယ်ကို မထေရ်သည် "ကောင်းသော မျက်နှာရှိသော ငါ့ရှင် သင်၏ ဥပါသိကာမကြီး (မယ်တော်ကြီး)ကို တွေ့ခဲ့ပါသလား"ဟူ၍ မေးလေ၏။

ရဟန်းငယ်သည် "အရှင်ဘုရား ဩော် တွေ့ခဲ့ပါပေပြီ"ဟု ဤသို့ အလုံးစုံသော အကြောင်းသနစ်စုံကို ပြောကြား၍ မိဘလှူလိုက်သောဆီဖြင့် မထေရ်၏ ခြေတို့ကို လိမ်း၍ရင်း ထိုတင်လဲဖြင့် အဖျော်ယမကာတို့ကိုပြု၍ရင်း ထိုမိဘလှူလိုက်သော ပုဆိုးကိုးတောင်ကိုလည်း မထေရ်အားသာလျှင် ပေးလှူ၍ မထေရ်ကို ရှိခိုး၍ "အရှင်ဘုရား ဘုရားတပည့်တော်အား ရောဟဏမည်သော ဇနပုဒ်သည်သာလျှင် သင့်တော်လျောက်ပတ် ကောင်းမြတ်ပါပေကုန်၏"ဟူ၍ တောင်းပန်လျှောက်ထား၍ ဖဲခွါသွားလေ၏။ မထေရ်သည်လည်း ကျောင်းသို့ သွားပြီးတော့မှရင် နှစ်ရက်မြောက်နေ့၌ ကောရဏ္ဍကရွာသို့ ဝင်လေ၏။

**မထေရ်ကြီးနှမ၏ စိုးရိမ်စိတ်။** ။ဥပါသိကာမကြီးသည်လည်း "ငါ၏ မောင်တော်သည် ငါ၏သားတော်ကို ခေါ်ဆောင်၍ ယခု လာပေလတ္တံ့"ဟု ဤသို့ ပဝါရဏာနေ့မှစ၍ အခါခပ်သိမ်း (နေ့တိုင်းနေ့တိုင်း)လမ်းကို မြော်လျက်သာလျှင် ရပ်တည်နေပါပေ၏။ ထိုရဟန်းငယ်

ကလေး၏ အမိ မထေရ်ကြီး၏ နှမသည် ထိုမထေရ်ကို တပါးတည်းသာလျှင် ကြွလာသည်ကို မြင်၍ "ငါ့သားသည် သေပြီးပြီဟူ၍ ငါထင်မှတ် မိပါတော့၏၊ ဤမထေရ်သည် တပါးတည်းသာလျှင် ကြွလာခဲ့ပေ၏"ဟု အောက်မေ့လျက် မထေရ်၏ ခြေနှစ်ဖက်အစုံ၌(ဝပ်၍) အထူးထူး မြည်တမ်း ဖွဲ့နွဲ့လျက် ထံတျာ အေးအေး ငိုကြွေး၏။

မထေရ်သည် "ရဟန်းငယ်သည် အလိုနည်းသည်၏အဖြစ်ကြောင့် မိမိကိုယ်ကို မသိစေမူ၍သာလျှင် သွားလေယောင်တကား"ဟူ၍ မိမိ၏နှမ ရဟန်းငယ်၏ မိခင်ကို သက်သာစေ၍ မိမိအသွားက ဂင်္ဂါမြစ်နား၌ တွေ့သော ကာလမှစ၍ နောက်ထပ်တဖန် ဆုံမိကြသည့်တိုင်အောင် ရဟန်းငယ်၏ အလုံးစုံသော အကြောင်းသနစ်ကို ပြောကြား၍ သပိတ်အိပ်မှ ထိုရဟန်းငယ် လှူလိုက်သော ပုဆိုးကိုးတောင်ကို ထုတ်၍ နှမအား ပြသပေ၏။

**သားရဟန်း၌ ကြည်ညိုစိတ်ဖြစ်ပုံ။** ။ဥပါသိကာမကြီးသည် ဆွတ်ဆွတ် လွတ်လွတ် ကြည်ညို၍ သားသည် ကြွလေသောအရပ်သို့ ရှေးရှုသည်ဖြစ်၍ ရင်ဖြင့်ဝပ်၍ ရှိခိုးလျက် "ငါ၏သားနှင့်တူသော ရဟန်းကို ကိုယ်တော်မျက်မှောက်ကို(ဝါ)နာမကာယဖြင့် ဒေသနာတော်ကို လက်ခံနိုင်သောပုဂ္ဂိုလ်အဖြစ်ဖြင့် သက်သေဖြစ်ထိုက်သောသူကို(ဝါ)မျက်မှောက် ဖြစ်ထိုက်သောသူကို ပြု၍ မြတ်စွာဘုရားသည် ဆယ်ပါးသော ကထာဝတ္ထုကို ကြားခြင်း ရှေးရှိသော မြင်းရထားကို ဆုံးမသော ဥပမာတို့ဖြင့် ထင်စွာပြအပ်သော ထို ရထဝိနီတသုတ်[၁]၌လာသော ခုနစ်ပါးအပြားရှိသော ဝိသုဒ္ဓိအကျင့်ကို ၎င်း နာဠကမထေရ်အား ဟောအပ်သော မောနေယျ[၂]အကျင့်ကို၎င်း မူလပပဉ္စ သင်္ခါရ အစရှိသည်ဖြင့် ဟောအပ်သော တုဝဋ္ဋက[၃]သုတ်၌လာသော အကျင့်ကို ၎င်း စီဝရအစရှိသော စတုပစ္စယတို့၌ ရောင့်ရဲခြင်း ဘာဝနာ၌ မွေ့လျော်သော သူ၏အဖြစ်ကိုပြတတ်သော သာကီယနွယ်ဖွား မြတ်သော အရိယာအရှင်မြတ်၏

---

၁။ မဇ္ဈိမနိကာယ် မူလပဏ္ဏာသပါဠိ ရထဝိနီတသုတ်၌ ကထာဝတ္ထု ၁၀-ပါးကို၎င်း, ရထဝိနီတခေါ် မြင်းလိမ္မာရထားတို့ဖြင့် ဥပမာပြု၍ ဝိသုဒ္ဓိ ၇-ပါးတို့ကို၎င်း ပြဆိုထား၏။

၂။ မောနေယျအကျင့်ဟူသည် သုတ္တနိပါတ်ပါဠိ နှာ ၃၇၇-၌ "ကိလေသာကင်းဆိတ်သော ရဟန်း၏အကျင့်ကို သင့်အား ပညတ်ဟောကြားပေအံ့" ဤသို့စသည်ဖြင့် ဟောထားသော အကျင့်ရှိသောသုတ်။

၃။ တုဝဋ္ဋကအကျင့်ဟူသည် သုတ္တနိပါတ်ပါဠိ နှာ ၄၂၁-၌ "အကျယ်ချဲ့တတ်သော ပပဉ္စတရားဟု ဆိုအပ်သော တဏှာ, မာန, ဒိဋ္ဌိတို့၏ အမြစ်အရင်း အဝိဇ္ဇာကို၎င်း, ငါဖြစ်သည်ဟု ထင်သော မာနကို၎င်း၊ ပညာဖြင့် အလုံးစုံ ချုပ်ထိန်း ပယ်ရှင်းရာ၏"စသည် ဖြင့် ဟောထားသော အကျင့်ဖြစ်သည်။

အကျင့်ဖြစ်သော မဟာအရိယဝံသအကျင့်[၁]ကိုရင်း ဟောတော်မူခဲ့ပါပေ၏”ဟူ၍ ငါထင်မိပါ၏။

မွေးဖွားသော အမိ၏အိမ်၌ ဝါတွင်းသုံးလပတ်လုံး ဆွမ်းဘုဉ်းပေးပြီး နေခဲ့ပါလျက်လည်း ‘ငါသည်ကား သင်၏သား၊ သင်သည်ကား ငါ၏မိခင်’ဟူ၍ မဆိုဖြစ်ခဲ့ပေ။ (တရားတော်ကို ချစ်၍ လျစ်လျူရှုနိုင်ပါပေသည်) အံ့ဩဖွယ်ပါတကား၊ ဩော် အံ့ဩဖွယ်ရာ အလွန်ကောင်းပါပေသော ယောကျ်ားမြတ်ပါကလား”ဟူ၍ ဆိုပါပေ၏။ ဤကဲ့သို့ သဘောရှိပါသော ယောကျ်ားမြတ်အားအမိအဘတို့သော်လည်း ပလိဗောဓတို့သည် မဖြစ်ပေကုန်။ (အမိအဘတို့မှတပါးသော)အလုပ်အကျွေးစသော ဆွေမျိုးဉာတကာတို့သည် အဘယ်မှာ ပလိဗောဓဖြစ်နိုင်ပါအံ့နည်း။

ကုလပလိဗောဓ ပြီး၏။

---

**လာဘပလိဗောဓ။** ။လာဘဟူသည် လေးပါးသော ပစ္စည်းတို့ကို လာဘ်ဟူ၍ဆိုရပေမည်။ထိုလေးပါးသော ပစ္စည်းတို့သည် အဘယ်ကဲ့သို့ ပလိဗောဓ ဖြစ်ကြလေကုန်ဘိသနည်း၊ ထိုစကားကို တင်ရှားပေါ် လွင်အောင်ဆက်၍ ဆိုကြဦးစို့၊ ဘုန်းတန်းခိုးကြီးမားသော ရဟန်းအား ရောက်လေရာအရပ်၌ လူတို့သည် ပြန့်ပြောသော အခြံအရံရှိကုန်သော ပစ္စည်းတို့ကို ပေးကြပေကုန်၏။ (ဥပမာ—ဆွမ်းကို လှူသည်ဖြစ်အံ့၊ သပိတ် သက်န်း စသည်တို့ကိုဆွမ်း၏ အခြံအရံပြု၍ လှူ၏၊ သင်္ကန်းစသည်တို့ကို လှူရာ၌လည်း ဤနည်းအတိုင်း မှတ်ယူအပ်ပါပေ၏၊) ထိုဘုန်းကြီးသော ရဟန်းသည် ထိုလူတို့အားအနုမောဒနာ ပြုကုန်ရာဖြစ်၍ တရားတော်ကို ဟောရသည်ဖြစ်၍ ရဟန်းတရားကို ပြုခြင်းငှါ အခွင့်ကို မရကြ၊ အရုဏ်တက်သော အခါ၌ အကြင်မျှလောက်ပဌမယာမ်သည် ရှိပါပေ၏၊ ထိုမျှလောက် လူတို့နှင့် ရောနှောခြင်းသည် မပြတ်။

**ဘုန်းကြီးသောရဟန်း လာဘပလိဗောဓဖြစ်ပုံ။** ။တဖန် လင်းအားကြီး၌လျှင် ပိဏ္ဍပါတိက ဖြစ်လျက် ပစ္စည်းအများ လိုလားသော ရဟန်းတို့သည် လာ၍ အရှင်ဘုရားဤမည်သော ဥပါသကာသည်ရင်း, ဤမည်သော ဥပါသိကာမသည်ရင်း, ဤမည်သော အမတ်သည်ရင်း, ဤမည်သော အမတ်၏သမီးသည်ရင်း အရှင်

---

၁။ အရိယဝံသသုတ် (အင်္ဂုတ္တိုရ် ပဌမအုပ် နှာ ၃၃၆-၌ သင်္ကန်း, ဆွမ်း, ကျောင်း, ဘာဝနာ၌ မွေ့လျော်ခြင်းဟူသော ဤအကျင့် ၄-ပါးကို ပြထား၏။ ထိုအကျင့်ကိုပင် ဤ၌ဆိုလိုသည်။

ဘုရားတို့အား ဖူးမြင်ကြပါလိုကုန်၏ ဟူ၍ ရှေးနေ့က ဆွမ်းခံစဉ် ကြားဘူးခဲ့တိုင်း လျှောက်ကုန်၏၊ ထိုရဟန်းသည် ငါ့ရှင် သပိတ်သင်္ကန်းကို ယူလော့ ဟု ဤသို့ဆို၍ သွားအံ့သော အစီအစဉ် ရှိသည်သာလျှင် ဖြစ်ပေ၏၊ ထို့ကြောင့် ဒါယကာတို့ကို သင်္ဂြိုဟ်ခြင်း၌ အမြဲ ဗျာပါရစိုက်ရသည် ဖြစ်ပေ၏။ ထို ဘုန်းတန်းခိုးကြီး၍ ဗျာပါရများသော ရဟန်းအားသာလျှင် ထိုပစ္စည်းတို့သည် ပလိဗောဓတို့ ဖြစ်ကုန်၏။ ထို့ကြောင့် အဖွဲ့အစည်းကို ပယ်စွန့်၍ အကြင်အရပ်၌ ထိုသူတို့ မသိကုန်၊ ထိုအရပ်၌ တယောက်ထည်းထည်း ကျင့်အပ်၏။ ဤသို့ ကျင့်အပ်သည်ရှိသော် ပလိဗောဓသည် ပြတ်သည် ဖြစ်ခဲ့ပါပေ၏။

လာဘပလိဗောဓ ပြီး၏။

---

**ဂဏပလိဗောဓ။** ။ဂိုဏ်း(အဖွဲ့အစည်း)ဟူသည်မှာ သုတ္တန်ကိုဆောင်သောပုဂ္ဂိုလ်အပေါင်းသည်၎င်း, အဘိဓမ္မာကိုဆောင်ကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည်၎င်း ဂဏ မည်ပါပေ၏။ အကြင်ရဟန်းသည် ထို ဂိုဏ်းအား ပါဠိသင်ခြင်းကို၎င်း, အဋ္ဌကထာ သင်ခြင်းကို၎င်း ပေးရသည်ဖြစ်၍ ရဟန်းတရားကို ပွားခြင်း၏အခွင့်ကို မရနိုင်ပေ။ (ထိုရဟန်းအားသာလျှင်) ဂိုဏ်းသည် ပလိဗောဓ မည်ပါပေ၏။

**ဂဏပလိဗောဓဖြတ်ပုံ။** ။ထိုရဟန်းသည် ထိုဂိုဏ်း ပလိဗောဓကို ဤဆိုလတ္တံ့သော အခြင်းအရာအားဖြင့် ဖြတ်အပ်၏။ ထိုရဟန်းတို့သည် ပြီးပြီးသော ဥဒ္ဒေသစသော ကိစ္စသည်(မသင်ရသေး၊ ကြွင်းသော ပါဠိ အဋ္ဌကထာ)နည်းသည် အကယ်၍ဖြစ်အံ့၊ ထိုအဝသိဋ္ဌကိစ္စကို(အဝသိဋ္ဌ ပါဠိ အဋ္ဌကထာကို)ပြီးစေ၍ တောသို့ ဝင်အပ်၏။ သင်ယူပြီးသော ပါဠိ အဋ္ဌကထာသည် နည်းသည် အကယ်၍ဖြစ်ပါအံ့၊ မသင်ရသေး၊ ကြွင်းသော ပါဠိ အဋ္ဌကထာသည် များသည် အကယ်၍ဖြစ်အံ့၊ တယူဇနာ အတိုင်းအရှည်ရှိသော အရပ်မှ ကျော်လွန်၍ မသွားပါပဲလျက်နှင့် တယူဇနာ အပိုင်းအခြား အတွင်း၌သာလျှင် မိမိမှ တပါးသော ဂိုဏ်းအား ကျမ်းဂန် သင်ကြားပေးတတ်သော ဆရာသို့ ချဉ်းကပ်၍ အရှင်သည် ဤရဟန်းတို့ကို ပါဠိသင်ခြင်း စသည်တို့ဖြင့် သင်္ဂြိုဟ်တော်မူပါဟု လျှောက်ထားအပ်၏။

ဤသို့ မရသော ရဟန်းသည် ငါ့ရှင်တို့ ငါ့အား တခုသော(ရဟန်း တရားကို ကျင့်ခြင်းတည်းဟူသော)ကိစ္စသည် ရှိပါပေ၏။ အရှင်ဘုရားတို့သည် အကြင်အကြင် ချမ်းသာရာ ဖြစ်ပါပေသော အရပ်တို့သို့ သွားတော်မူကြလေကုန် ဟူ၍

ဂိုဏ်းကို ပယ်စွန့်ခွါလျက် မိမိ၏သမဏဓမ္မ(ရဟန်းတရားကို ကျင့်ခြင်း တည်းဟူသော အမှု)ကို ပြုအပ်ပါပေ၏။

ဂဏပလိဗောဓ ပြီး၏။

**ကမ္မပလိဗောဓ။** ။အသစ်အသစ် ပြုလုပ်အပ်သော အမှုသည် ကမ္မံဟူသော စကားအရ နဝကမ္မပေတည်း။ ထိုအမှုသစ်ကို ပြုသော ရဟန်းသည် လက်သမားစသည်တို့သည် ရအပ် မရအပ်သည်ကို သိအပ်ပါပေ၏။ ပြုအပ်ပြီးသောအမှု မပြုအပ်သေးသောအမှု (အမှုကြီး အမှုငယ်၌) သိရှိနားလည်အောင် ပြုသောအားဖြင့် ကြောင့်ကြရခြင်းသို့ ရောက်ခဲ့ရပေ၏။ ထို့ကြောင့် အခါခပ်သိမ်း ပလိဗောဓသည် ဖြစ်ခဲ့ပါပေ၏။

**ကမ္မပလိဗောဓကိုဖြတ်ပုံ။** ။ထိုနဝကမ္မပလိဗောဓကိုလည်း ဤဆိုလတ္တံ့သော အခြင်းအရာအားဖြင့် ကပ်၍ ဖြတ်အပ်ပါပေ၏။ မပြီးသေး ကြွင်းသောအမှုသည် နည်းသည် အကယ်၍ ဖြစ်ခဲ့ပါအံ့၊ပြီးဆုံးစေအပ်၏။ မပြီးသေး ကြွင်းသော အမှုသည် များသည် အကယ်၍ ဖြစ်ခဲ့ပါအံ့ (အမှုသစ်သည် သံဃာအမှုဖြစ်ခဲ့ပါမူကား သံဃာအားရင်း သံဃတာဝန် အရပ်ရပ်တို့ကို အကြီးအမှူးပြု၍ ဆောင်ရွက်တော်မူကြကုန်သော ရဟန်းတို့အားရင်း အပ်နှင်းအပ်၏။) မိမိဥစ္စာဖြစ်ခဲ့ပါမူကား မိမိ၏တာဝန်၌ ကြီးကဲစွာ ဆောင်ရွက်တော်မူကြကုန်သော ရဟန်းတို့အား အပ်နှင်းအပ်ပေ၏။ ထိုကဲ့သို့ အကြီးအကဲအဖြစ်ဖြင့် ဆောင်ရွက်တော်မူကြကုန်သော ရဟန်းတို့ကို မရသောရဟန်းသည် သံဃာအား စွန့်လွှတ်၍ သွားအပ်ပါပေ၏။

ကမ္မပလိဗောဓ ပြီး၏။

**အဒ္ဓါနပလိဗောဓ။** ။အဒ္ဓါနဆိုသော စကားသည် ခရီးသွားခြင်းကို ဆိုလိုပေသည်။ ထိုစကား ထင်ရှားပေါ်လွင်အောင် ဆိုကြပေဦးအံ့၊ အကြင်ယောဂီအား တစုံတခုသောအရပ်၌ ရှင်အဖြစ် ရဟန်းအဖြစ် ပြုလိုသောသူသည် ဖြစ်ခဲ့ပေအံ့၊ ရသင့် ရထိုက်သော တစုံတခုသော ပစ္စည်းစသည်မှုလည်း ဖြစ်ခဲ့ပေအံ့၊ ထိုရှင်အဖြစ် ရဟန်းအဖြစ် ပြုလိုသောသူသည် ရသင့် ရထိုက်သော ပစ္စည်းစသည်ကို မရပဲ ရှိသည်ဖြစ်ခဲ့ပါမူ သည်းခံခြင်းငှါ အကယ်၍ မတတ်နိုင်သည်ဖြစ်ပေအံ့၊ တောသို့ဝင်၍ ရဟန်းတရားတို့ကို ပြုကျင့်ပါသော်လည်း ခရီးသွားလိုသော စိတ်မည်သည် အကြင့်ကြောင့် ဖျောက်နိုင်ခဲသည် ဖြစ်ပါပေ၏။ ထို့ကြောင့် ယောဂီသည် ထိုကိစ္စရှိရာအရပ်သို့ သွား၍ ထိုကိစ္စပြီးစေ၍သာလျှင်

ရဟန်းတရား၌ သိရှိနားလည်အောင် ပြုသောအားဖြင့် ကြောင့်ကြရခြင်းကို ပြုအပ်ပါပေ၏။

အဒ္ဓါနပလိဗောဓ ပြီး၏။

---

**ဉာတိပလိဗောဓ။** ။ဉာတိဟူသည် ကျောင်း၌ ဆရာဥပဇ္ဈာယ် အတူနေတပည့် အတွင်းနေတပည့်ဟူသော ဥပဇ္ဈာယ်တူသော ဆရာရှိသောသူတို့သည် ဉာတိမည်ပါပေ၏။ အိမ်၌ အမိ အဘ ညီအစ်ကို မောင်နှမ အစရှိကုန်သော သူတို့သည် ဉာတိမည်ပါပေ၏။ ထိုဆရာ ဥပဇ္ဈာယ် စသည်တို့သည် နာဖျားကုန်မူကား ယောဂီ၏ ပလိဗောဓတို့သည် ဖြစ်ခဲ့ပါပေကုန်၏။ ထို့ကြောင့် ထိုပလိဗောဓကို လုပ်ကျွေးပြုစု၍ ထိုဆရာဥပဇ္ဈာယ် စသည်တို့၏ ပြကတေ့ (မူအတိုင်း) ကျန်းမာသည်ကိုပြု၍ (ဝါ) ပြုသဖြင့် ဖြတ်အပ်၏။ ထိုဆရာဥပဇ္ဈာယ် စသည်တို့တွင် အာစရိယစသည်တို့မှ ရှေးဦးစွာ ဥပဇ္ဈာယ်သည် နာသည်ဖြစ်၍ လျင်စွာ အကယ်၍ အနာမှ မထအံ့၊ အသက်ထက်ဆုံးလည်း လုပ်ကျွေးပြုစုအပ်၏။

**နာမကျန်းသော ဆရာဥပဇ္ဈာယ်တို့ကို လုပ်ကျွေးရပုံ** ထိုဥပဇ္ဈာယ်အတူ သရဏဂုံပေး၍ ရှင်ပြုပေးသော ဆရာကိုင်း ကမ္မဝါစာ ရွတ်ဖတ်ပေး၍ ရဟန်း ပြုပေးသော ဆရာကိုင်း အတူနေ တပည့်ကိုင်း မိမိကမ္မဝါရွတ်ဖတ်၍ ပဉ္စင်းခံအပ်သော ဥပသမ္ပာဒိတ အန္တေဝါသိက မိမိရှင်ပြုပေး၍ သရဏဂုံပေးအပ်ပါသော ပဗ္ဗဇိတ အန္တေဝါသိက မိမိနှင့်တူသော ဥပဇ္ဈာယ်ရှိသော သီတင်းသုံးဖော် သီတင်းသုံး ဖက်တို့ကိုင်း အသက်သေသည်အထိ တိုင်အောင်လည်း လုပ်ကျွေးအပ်ပေကုန်၏။

**ပလိဗောဓ မဖြတ်ရသော ပုဂ္ဂိုလ်များ။** ။နိဿယည်းဆရာ, စာပေကျမ်းဂန် ပို့ချသောဆရာ, နိဿယည်းယူသော တပည့်, စာပေကျမ်းဂန် သင်ကြားသော တပည့်, မိမိနှင့်တူသော ဆရာရှိသော သီတင်းသုံးဖော် သီတင်းသုံးဖက်တို့ကိုကား အကြင်မျှလောက်သော ကာလပတ်လုံး နိဿယည်းယူခြင်း,စာပေကျမ်းဂန် သင်ကြားခြင်းတို့သည် မပြတ် ပေကုန်သေး၊ ထိုမျှလောက် ကာလပတ်လုံး လုပ်ကျွေး မွေးမြူအပ်ပေကုန်၏။ စွမ်းနိုင်သော ရဟန်းသည် ထိုနိဿယည်း ဥဒ္ဒေသပြတ်သည်မှ အထက်ဖြစ်သော နောက်၌လည်း လုပ်ကျွေး မွေးမြူအပ်ကုန်သည် သာတည်း။

ဆရာဥပဇ္ဈာယ်၌ လုပ်ကျွေးလေဘိသကဲ့သို့ အမိအဘတို့၌ လုပ်ကျွေးမွေး မြူအပ်၏၊ ဩော် ဟုတ်မှန်ပါပေစွ၊ ထိုမိဘတို့သည် မင်းအဖြစ်၌ တည်ကုန်သည်

အကယ်၍ဖြစ်စေကုန်မူ သား၌လည်း လုပ်ကျွေးခြင်းကို အကယ်၍ တောင့်တကုန်အံ့၊ လုပ်ကျွေးသမှုကို ပြုသင့်သည်သာတည်း၊ ထိုမိဘတို့အား ဆေးသည် အကယ်၍ မရှိသည်ဖြစ်အံ့၊ မိမိ၏ ဥစ္စာကို ပေးအပ်ပါပေ၏၊ မိမိအား လည်း မရှိခဲ့ပါသော် ဆေးအလှူခံသော အကျင့်ဖြင့် ရှာမှီး၍လည်း ပေးသင့်သည်သာတည်း။

**ညီအစ်ကို စသည်တို့၌ ပြုကျင့်ပုံ။**　။တဖန် ဆက်ကြဉ်းစို့ ညီအစ်ကို အစ်မ နှမတို့အား ထိုသူတို့၏ ဥစ္စာဖြစ်သော ဆေးကိုသာလျှင် ရောနှော ပေါင်းစပ်၍ ပေးအပ်၏။ ထိုညီအစ်ကို အစ်မ နှမတို့အား ဆေးသည် အကယ်၍ပင် မရှိသည် ဖြစ်ပေအံ့၊ မိမိဥစ္စာကို တသက်လျှာမျှပေး၍ နောက်အဘို့၌ ရပါပေသော ရဟန်းသည် ယူအပ်ပေ၏၊ မရသော ရဟန်းသည် ထိုညီ အစ်ကို အစ်မ နှမတို့ကို မတောင်းအပ်ပေကုန်၊ ဆွေမျိုးမတော်သော ညီမလင် (ယောက်ဖ) အား ဆေးကို ပြုခြင်းငှါ မအပ်ပေ၊ ပေးခြင်းငှါလည်း မအပ်ပေ။

မအပ်မလျော်သည်မှအပ လျော်သည်ကို ဆိုကြဉ်းစို့ "သင်၏ လင်ယောကျ်ားအား ပေးလော့" ဟုဆို၍ နှမအား ပေးအပ်၏၊ အစ်ကို ညီသားမယား၌လည်း ဤနည်းအတိုင်း မှတ်ယူအပ်ပေ၏၊ အထူးကတော့ရင် ထိုညီ အစ်ကို အစ်မ နှမတို့၏ သားသမီးတို့သည် ဤရဟန်း၏ အဆွေတော်ကုန်သည်သာတည်း၊ ထို့ကြောင့် ထိုသားသမီး တို့အား ဆေးကို ပြုခြင်းငှါ အပ်ပါပေ၏။

ဉာတိပလိဗောဓ ပြီး၏။

---

**အာဗာဓ ပလိဗောဓ။**　။မူလအနာမူလည်း ဖြစ်စေ, အစဉ်မပြတ် လိုက်သော အနုဗန္ဓအနာမူလည်း ဖြစ်စေ အမှတ်မဲ့သော ရောဂါသည် မိမိအား ဖြစ်ပေအံ့၊ ထိုအနာရောဂါသည် နှိပ်စက်ခဲ့ပါမူကား ပလိဗောဓ သည် ဖြစ်ပေ၏၊ ထို့ကြောင့် ဆေးကိုပြုခြင်းဖြင့် ဖြတ်အပ်၏။

**အာဗာဓဖြတ်ရာ၌နှလုံးသွင်း ဆင်ခြင်ဖြတ်ပုံ။**　။ဆက်ကြဉ်းစို့ နှစ်ရက် သုံးရက် ( အနည်း ငယ်သော ရက်မျှ) ဖြင့် ဆေးကို ကုသပါသော ရဟန်းအားလည်း အကယ်၍ မငြိမ်းခဲ့အံ့၊ ငါသည် အတ္တဘော တည်းဟူသော သင်၏ကျွန်လည်း မဟုတ်ခဲ့ပေ။ သူရင်းငှါးလည်း မဟုတ်ခဲ့ပေ။ မှန်ပါပေစွ၊ အတ္တဘော တည်းဟူသော သင့်ကိုသာလျှင် မယားကဲ့သို့ မွေးရသည်ဖြစ်၍ ဉာဏ်ဖြင့် လျောက်၍ လျောက်၍ အောက်မေ့သော်လည်း အဆုံးကျအောင် မဆိုနိုင်သော အစရှိသော သံသရာတည်းဟူသော

ဝဋ္ဋတရား (အတွင်း) ၌ ဆင်းရဲခြင်းသို့ ရောက်ပေပြီဟူ၍ အတ္တဘောကို ကဲ့ရဲ့၍ ရဟန်းတို့၏ (ကျင့်ကြံစည်ခြင်းကို ပြုအပ်သော) တရားတော်ကို ကျင့်ကြံစည်ခြင်းကို ပြုအပ်ပေ၏။

အာဟာရပလိဗောဓ ပြီး၏။

---

**ဂန္ထပလိဗောဓ။** ။စာပေကျမ်းဂန် သင်ကြားခြင်းဟူသည် ပရိယတ္တိကို ဆောင်ခြင်းပေတည်း။ ထို ဆောင်ရွက်ခြင်း ဟူသည် သရဇ္ဈာယ်ခြင်း, မှတ်သားခြင်း, လေ့ကျက်ခြင်း, မေးမြန်းခြင်း စသည်တို့ဖြင့် မပြတ်အားထုတ်ခြင်း ဗျာပါရများသူအား ပလိဗောဓသည် ဖြစ်ပါပေ၏။ ဗျာပါရမစိုက်ရသော သူအား ပလိဗောဓသည် မဖြစ်ခဲ့ပေ၊ ထို ပလိဗောဓ မဖြစ်ရာ၌ ဤဆိုလတ္တံ့ သည်တို့ကား ဝတ္ထုတို့ပါပေတည်း။

**ဂန္ထပလိဗောဓပဖြစ်ရာ၌ ပုတ်ဖွယ်ရာ ဝတ္ထု။** ။မဇ္ဈိမနိကာယ်ကို ဆောင်သော အရှင် ရေဝတမထေရ် သည် **မလယဝါသီရေဝတထေရ်**၏ အထံသို့ သွား၍ ကမ္မဋ္ဌာန်းကို တောင်းယူပေသတဲ့၊ မလယဝါသီ ရေဝတမထေရ်သည် ငါ့ရှင် ပရိယတ္တိ၌ သင်သည် အဘယ်သို့သော ပရိယတ်ကို လေ့လာခဲ့ဘူးသော သဘောရှိခဲ့ပါပေသနည်းဟု မေး၏။ အရှင်ဘုရား ဘုရားတပည့်တော်သည် မဇ္ဈိမနိကာယ်ကို လေ့လာအပ်ပါ၏ဟု လျှောက်၏၊ ငါ့ရှင် ဤ မဇ္ဈိမနိကာယ်သည် အလွန်ဆောင်ရ ခက်ပါပေ၏။ မူလပဏ္ဏာသကို သရဇ္ဈာယ်သော သူအား မဇ္ဈိမပဏ္ဏာသသည် နှုတ်သို့ လာတတ်ပါပေ၏၊ ထို မဇ္ဈိမပဏ္ဏာသကို သရဇ္ဈာယ်သောသူအား ဥပရိပဏ္ဏာသသည် နှုတ်သို့ လာတတ်ပါပေ၏၊ သင့်အား ကမ္မဋ္ဌာန်းသည် အဘယ်မှာ ဖြစ်နိုင်လတ္တံ့နည်းဟု ဤသို့ ဆိုပါပေ၏။

အရှင်ဘုရား အရှင်ဘုရားတို့၏ အထံ၌ ကမ္မဋ္ဌာန်းကို ရသည်ရှိသော် တဖန်ပြန်၍ မကြည့်အံ့ဟုဆို၍ ကမ္မဋ္ဌာန်းကို ယူပြီးလျှင် တဆယ့်ကိုးနှစ်တို့ ကာလပတ်လုံး သရဇ္ဈာယ်ခြင်းကို မပြုမူ၍ အနှစ်နှစ်ဆယ်ပြည့်သော နေ့၌ အရဟတ္တဖိုလ်သို့ရောက်၍ သရဇ္ဈာယ်ခြင်းအကျိုးငှါ ကြွရောက်လာကြကုန်သော ရဟန်းတို့အား "ငါ့ရှင်တို့ ပရိယတ္တိကို မကြည့်၊ ပစ်လွှတ်သော ငါ့အား အနှစ် နှစ်ဆယ်တို့သည် ပြည့်သည့်အထိ ရောက်ခဲ့ပေပြီ၊ ထိုသို့ပင် ဖြစ်ပါသော်သည်း ငါသည် ဤ မဇ္ဈိမနိကာယ်၌ ပြုအပ်ပြီးသော လေ့ လာခြင်းရှိ၏၊ အားထုတ်ကြပေကုန်လော့" ဟု ဆိုပြီးတော့မှုရင်း အစမှစ၍ အဆုံးကမ္ပတ်တိုင်အောင် တလုံးသော အက္ခရာ၌လည်း ထို မြင်ကြား တွေ့ထိသဗ္ဗောကို မမေ့ မှတ်မိ သတိမြဲသော အရှင်အား ယုံမှားခြင်းသည် မဖြစ်။

ကဂုဋ္ဌိယဂိရိဝါသီ နာဂမထေရ်သည်လည်း တဆယ့်နှစ်နှစ်တိုင်အောင် ပရိယတ္တိကို စွန့်လွှတ်၍ ရဟန်းတို့အား ဓာတုကထာ (ဓာတ်တရားနှင့် ဆက်စပ်သော စကား)ကို ပို့ချပေ၏၊ အနုရာဓမြို့၌ သီတင်းသုံးတော်မူကြကုန်သော မထေရ်တို့နှင့် အတူတကွ နှီးနှောကုန်သော ထိုရဟန်းတို့အား တခုသော အမေးပြဿနာသည်လည်း အစဉ်ချွတ်သဖြင့် လာသည် မဖြစ်။

**ဆရာကောင်းထံ နည်းမခံပဲ အတ္တနောမတိမျှဖြင့် လက်မခံသောဝတ္ထု**

မဟာဝိဟာရကျောင်းတိုက်၌လည်း **တိပိဋကစူဠာဘယ**မည်သော မထေရ်ကျော်သည် အဋ္ဌကထာကို မလေ့ကျက်မူ၍သာလျှင် ဒီဃနိကာယ်စသော ငါးပါးသော နိကာယ်ကို သင်ပြီးသော ပရိသတ်၌ ပိဋကတ်သုံးပုံတို့ကို ဖွင့်ပေအံ့ဟူ၍ မြတ်သော တရားစည်ကို တီးခတ်စေ၏၊ ရဟန်းသံဃာသည် အဘယ်ဆရာတို့၏ သင်စဉ် ချစဉ်နည်း၊ မိမိ ဆရာ၏ သင်စဉ် ချစဉ် နည်းကိုသာလျှင် ဆရာ့မှန်ထုတ် လက်ဆုပ်ဥပဒေသကိုသာလျှင် ဆိုလော့၊ တပါးသော ဆရာ့မှန်ထုတ် လက်ဆုပ် ဥပဒေအရ အတ္တနောမတိမျှဖြင့် ဆိုခြင်းငှါ မပေးကုန်ဟု ဆို၏။

ဥပဇ္ဈာယ်ဆရာသည်လည်း မိမိအား ဆည်းကပ်ခြင်းငှါ လာသော ထိုတိပိဋကစူဠာဘယမထေရ်ကို "ငါ့ရှင် သင်သည် စည်ကို ခတ်စေသလော"ဟူ၍ မေးတော်မူ၏။ အရှင် ဩြဝ် ခတ်စေပါပေ၏ဟု လျှောက်ထားပေ၏၊ အဘယ်သို့သော အကြောင်းကြောင့် ခတ်စေဘိသနည်းဟု မေးတော်မူပြန်၏။ အရှင်ဘုရား ပရိယတ္တိကို ဖွင့်ပေအံ့ဟူ၍ ခတ်စေပါ၏ဟု ဤသို့ ပြန်လျှောက်၏၊ ငါ့ရှင် အဘယ ဆရာတို့သည် ဤပုဒ်ကို အဘယ်ကဲ့သို့ ဖွင့်ကုန်သနည်းဟု မေးတော်မူ၏။ အရှင်ဘုရား ဤ ကဲ့သို့ပင် ဖွင့်တော်မူကြပါကုန်၏ဟု လျှောက်ထား၏၊ ဥပဇ္ဈာယ်မထေရ်သည် "ဟုန်" ဟူ၍ ပယ်တော်မူ၏။ တဖန် တိပိဋကစူဠာဘယမထေရ်သည် တပါးသော တပါးသော ပရိယာယ်ဖြင့် အရှင်ဘုရား ဤသို့ ဆိုကုန်၏ဟူ၍ သုံးကြိမ်တိုင်တိုင် ဆိုခဲ့ပေ၏။

**တိပိဋကစူဠာဘယမထေရ်ကို တိုက်တွန်းပုံ။**

။ဥပဇ္ဈာယ်မထေရ်သည် သုံးကြိမ်တိုင်တိုင် ဆိုအပ်သော စကားအစဉ်တို့ကို "ဟုန်"ဟူ၍ ပယ်တော်မူ၍ "ငါ့ရှင် အဘယ သင်သည် လက်ဦးစွာ ဆိုအပ်သော စကားသည်ပင်လျှင် ဆရာမြတ်တို့ ဆိုရိုးအဋ္ဌကထာအစဉ်ပင်တည်း၊ ထိုသို့မသွ အချက်ကျပါလျက် ဆရာတို့၏ နှုတ်မှ လက်ပူးလက်ကြပ် မသင်အပ်သည်၏ အဖြစ်ကြောင့် 'ဤသို့သာ ဆရာတို့သည် ဆိုကြပေကုန်၏'ဟူ၍ ကြံ့ကြံ့ကောင်းစွာ တည်ခြင်းငှါ မတတ်နိုင်ပဲ ရှိချေသည်။ သွားပါလေ၊ မိမိအား ဆိုခြင်းငှါ သင့်ကုန်သော ပရံပရာဘတ လက်ဆုပ်ဥပဒေ မူသေနိဿယည်း နည်းပေး

ကောင်းသော ဆရာကျော်တို့၏ အထံ၌ နာလေချေဦးလော့”ဟု ဤသို့ ဆိုပေ၏။

**မဟာဓမ္မရက္ခိတထေရ်ထံနည်းယူပုံ။** ။“အရှင်ဘုရား အဘယ်ကို သွားရောက်၍ အဘယ်ဆရာ၏ အထံ၌ နာယူရပါမည်နည်း”ဟူ၍ မေးလျှောက်ပေ၏။ “ငါ့ရှင် ဂင်္ဂါမြစ်၏ ထိုမှာဖက်ဖြစ်သော ရောဟဏဇနပုဒ်ဝယ် ကုလာခရပဗ္ဗတ(တောင်)ကျောင်းတိုက်၌ ကောင်းစွာ ဆုံးဖြတ်အပ်ပြီးသော အလုံးစုံသော ပိဋကတ်သုံးပုံတည်းဟူသော ပိဋကရှိသော မဟာဓမ္မရက္ခိတမည်သော မထေရ်သည် သီတင်းသုံးလျက်ရှိ၏၊ ထိုမဟာဓမ္မရက္ခိတ မထေရ်၏ အထံတော်သို့ သွားရောက်လေလော့”ဟု ဤသို့ ဆိုလိုက်ပေ၏၊ (စူဠာဘယမထေရ်သည်)“အရှင်ဘုရား ကောင်းပါပြီ”ဟူ၍ ဝန်ခံလျက် ဥပဇ္ဈာယ် မထေရ်ကို ရှိခိုးပြီးလျှင် ရဟန်းတော် ငါးရာတို့နှင့် အတူတကွ မဟာဓမ္မရက္ခိတ၏ အထံတော်သို့ သွားရောက်ပြီးလျှင် ရှိခိုး၍ ထိုင်နေလေ၏။

မဟာဓမ္မရက္ခိတမထေရ်သည်“အဘယ်သို့သော အကြောင်းကြောင့် လာရောက်ကြပေကုန်သနည်း”ဟူ၍ မေးလေ၏။ “အရှင်မြတ်ဘုရား အဋ္ဌကထာဓမ္မတို့ကို နာကြားခြင်းငှါ လာကြပါကုန်၏”ဟူ၍ လျှောက်ထားကြကုန်၏။ “ငါ့ရှင်အဘယ ဒီဃနိကာယ် မဇ္ဈိမနိကာယ်တို့၌ ငါ့ကို ရံခါ ရံခါ မေးလျှောက်ကြပေကုန်၏။ ဒီဃနိကာယ် မဇ္ဈိမနိကာယ်တို့မှ ကြွင်းသော နိကာယ်တို့ကိုမူကား ငါသည် အနှစ်သုံးဆယ်တို့တိုင်တိုင် ပြန်မကြည့်(အလေ့အကျင့်)မပြုစဘူး။ ထိုသို့ပင် ဖြစ်ပါသော်လည်း သင်သည် ညဉ့်အခါဝယ် ငါ၏ အထံတော်၌ ပါဠိတော်ကို လာရောက် ပြန်ကြားချေလော့၊ ငါသည် သင့်အား နေ့အခါ၌ ဖြေဆိုပေအံ့”ဟု မိန့်ဆိုတော်မူ၏။

ထိုအဘယမထေရ်သည် “အရှင်ဘုရား ကောင်းပါပြီ”ဟူ၍ ထိုဆရာဆိုသော အတိုင်း ပြုလုပ်လေ၏။ ပရိဝုဏ်တံခါး၌ ကြီးကျယ်စွာသော မဏ္ဍပ်ကြီးကို ဆောက်လုပ်၍ ရွာတွင်း၌ နေထိုင်ကြကုန်သော သူတို့သည် နေ့တိုင်း နေ့တိုင်း တရားတော်ကို နာကြားရန် အလို့ငှါ လာရောက်ကြပေကုန်၏။ အဘယမထေရ်သည် ညဉ့်အခါ၌ ပါဠိတော်ကို ပြန်ဆို၏။

**တပည့်ထံ ကမ္မဋ္ဌာန်းနာယူသော ဆရာ။** ။ထိုညဉ့်အခါ၌ ပြန်ဆိုတော်မူသော ပါဠိတော်ကို နေ့အခါ၌ ဖွင့်ဆိုသည်ဖြစ်၍ အစဉ်သဖြင့် ဒေသနာတော်ကို ဖြေဆိုတော်မူ၍ ပြီးဆုံးစေပြီးလျှင် တပည့်ဖြစ်သူ အဘယမထေရ်၏ အထံ၌ အင်းပျဉ်ဝယ် နေသော ဆရာသည် ထိုအင်းပျဉ်မှ ဆင်းသက်၍ မြေ၌ ဖျာပေါ်ဝယ် နေလျက် “ငါ့ရှင် အဘယ ငါ့အား ကမ္မဋ္ဌာန်းကို ဟောပေဦးလော့”ဟူ၍ တောင်းပန်လေ၏။

“အရှင်ဘုရား အသို့ ဆိုကုန်သနည်း၊ ဘုရားတပည့်တော်သည် အရှင်တို့၏သာ လျှင် အထံတော်၌ သင်အပ် နာအပ်သည် မဟုတ်ပါလော ဘုရား၊ တပည့်တော် အနေနှင့် အရှင်ဘုရားတို့ မသိအပ်သော အဘယ်ကမ္မဋ္ဌာန်းကို ဟောအပ်ပါ သနည်း”ဟု လျှောက်ထားပေ၏။

ထိုနောင်မှ ထိုတပည့်ဖြစ်သူ အဘယမထေရ်ကို ဆရာဖြစ်သူ မဟာဓမ္မရက္ခိတ မထေရ်သည် “ငါ့ရှင် အဘယ မြင်အပ်ပြီးသော သစ္စာရှိသည်ဖြစ်၍ လမ်းရိုး လမ်းမှန်ကျပြီးသော သူ၏ ဤကမ္မဋ္ဌာန်းဟူသော ဝိသုဒ္ဓိခရီး မည်သည် နွား ကျောင်းသား လမ်းနှင့်တူသော ပရိယတ်ခရီးမှတပါး ဖြစ်ပါပေသည်”ဟု ဤသို့ မိန့်ဆိုလေ၏။ အဘယမထေရ်သည် ထိုအခါ၌ သောတာပန်သည် ဖြစ်ပြီးပေ သတတ်။ ထိုသို့ ကမ္မဋ္ဌာန်းတောင်းလတ်သော် မဟာဓမ္မရက္ခိတမထေရ်အား အဘယမထေရ်သည် ကမ္မဋ္ဌာန်းကို ပေးပြီးလျှင် ပြန်လာ၍ ကြေးပြာသာဒ်၌ ပိဋကတ်သုံးပုံပါဠိတော်ကို ဖွင့်ဆိုပို့ချနေ၏၊ ထိုသို့ ပို့ချနေစဉ် “မဟာရက္ခိတ မထေရ်သည် ပရိနိဗ္ဗာန် စံတော်မူလေပြီ”ဟု ကြားသိရလေ၏။

**ဆရာ၏ဂုဏ်ကျေးဇူးကို ချီးမွမ်းပုံ။** ။ကြားတော်မူပြီး၍ “ငါ့ရှင်တို့ သင်္ကန်းကို ဆောင်ခဲ့ကြကုန်လော့”ဟု ဤသို့ ဆို၍ ဆရာအား အရိုအသေပြုအပ်သည်(ပူဇော်အပ်သည်)၏အဖြစ်ကို ပြုခြင်း အကျိုး ငှါ သင်္ကန်းကို အဝန်းညီအောင် သပ္ပါယ်စွာ ရုံ၍“ငါ့ရှင်တို့ ငါတို့၏ ဆရာအား အရဟတ္တမဂ်သည် လျှောက်ပတ်လှပေ၏၊ ငါ့ရှင်တို့ ငါတို့၏ ဆရာသည် စဉ်းလဲ ခြင်းမရှိ၊ ဖြောင့်မတ်စွာ အကြောင်းဟုတ်သည် မဟုတ်သည်ကို ပိုင်းခြား၍ သိ သည် ဖြစ်၍ ရဟန်းအာဇာနည် ဖြစ်ပါပေ၏၊ ငါတို့ဆရာ မထေရ်သည် မိမိ၏ စာသင် တပည့်သား အထံ၌ ဖျာပေါ်ဝယ် ထိုင်လျက် ‘ငါ့အား ကမ္မဋ္ဌာန်းကို ဟောပါလော့’ဟု တောင်းပန်၏၊ ‘ငါ့ရှင်တို့ ငါတို့ ကျေးဇူးရှင် မဟာဓမ္မ ရက္ခိတမထေရ်အား အရဟတ္တမဂ်သည် လျှောက်ပတ် လှပေသည်”ဟု ဤသို့ ချီးမွမ်း အံ့ဩ၏။

ဤသို့ ရေဝတ, နာဂ, မဟာဓမ္မရက္ခိတမထေရ်တို့ကဲ့သို့ သဘော ရှိပါပေသော အရှင်တို့အား စာပေကျမ်းဂန်သည် ဂန္ထပလိဗောဓ မဖြစ်နိုင်ပေ။

ဂန္ထပလိဗောဓ ပြီး၏။

---

**ဣဒ္ဓိပလိဗောဓ။** ။ဣဒ္ဓိ ဟူသည်ကား ပုထုဇဉ်တို့၌ဖြစ်သော တန်းခိုးကို ဣဒ္ဓိ ဟူ၍ ဆိုရပေမည်၊ ထင်ရှားအောင် ဆိုကြဦးစို့၊ ထိုပုထုဇဉ် တန်းခိုးသည် ပက်လက် အိပ်တတ်ကာမျှ ဖြစ်သော သူငယ်ကဲ့သို့ရင်း, ကောက်နု

ကဲ့သို့ငင်း ဘေးရန်များသည် ဖြစ်၍ (မပျက်အောင်)ဆောင်ထားရန် ခက်ခဲပါပေ၏၊ အနည်းငယ်သော အနှောင့်အယှက်ဖြင့်သာလျှင် ပျက်စီးတတ်ပါ၏။

**ဝိပဿနာအားထုတ်လိုသူ ဣဒ္ဓိပလိဗောဓကို ဖြတ်ရခြင်း** ထိုစကားရပ်ကိုပင် ဆက်၍ ပြဦးမည်၊ ပုထုဇဉ်တို့၏ တန်းခိုးသည် ဝိပဿနာ၏ ပလိဗောဓသည် ဖြစ်ခဲ့ပါပေ၏၊ သမာဓိ၏ ပလိဗောဓသည်ကား မဖြစ်ပေ၊ အဘယ့်ကြောင့်ဆိုသော် သမာဓိသို့ ရောက်ပြီးမှ(သာ) ထိုတန်းခိုးသို့ ရောက်နိုင်ခြင်းကြောင့်တည်း၊ ပလိဗောဓကို ဖြတ်ပြီးတော့မှရင် သမာဓိ၏ ပလိဗောဓ မဖြစ်သည်၏ အဖြစ်ကြောင့်သာလျှင် ဝိပဿနာ အသိဉာဏ်ပညာကို အလိုရှိသော ယောဂီသည် ဣဒ္ဓိပလိဗောဓကိုလည်း ဖြတ်အပ်၏။

**သမာဓိလိုသူ ဣဒ္ဓိမှ တပါး ကျန် ပလိဗောဓ ၉-ပါးကို ဖြတ်ရခြင်း** သမာဓိကို အလိုရှိသော တရားတော်ကို လိုလားသော ယောဂီများသည် ဣဒ္ဓိပလိဗောဓ မှ ကြွင်းသော ကိုးပါးသော ပလိဗောဓတို့ကိုသာလျှင် ဖြတ်အပ်ကုန်၏။

ဣဒ္ဓိပလိဗောဓ ပြီး၏။

---

ဤသည်တို့ကား ရှေးဦးစွာ (အစဉ်ကျသော) ပလိဗောဓတို့၏ ပလိဗောဓကထာ၌ အကျယ်ဖြစ်သော စကားရပ်ပါပေတည်း။

ပလိဗောဓ ၁၀-ပါး ပြီး၏။

---

## ကမ္မဋ္ဌာနဒါယက

(ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ပဌမအုပ် ၉၄)

**ကမ္မဋ္ဌာန်း နှစ်မျိုး ခွဲခြားပုံ။** ။ကမ္မဋ္ဌာန်း ပေးတတ်သော မိတ်ဆွေကောင်းသို့ ချဉ်းကပ်၍ ဟူသော စကားရပ်၌ ကမ္မဋ္ဌာန်းသည်—

(က) အလုံးစုံ၌ အလိုရှိအပ်သော 'သဗ္ဗတ္ထက' ကမ္မဋ္ဌာန်း၊

(ခ) စရိုက်အားလျော်စွာ ထိုထို ပုဂ္ဂိုလ်၏ အသီးအခြား အမြဲဆောင် ထားအပ်သော 'ပါရိဟာရိယ' ကမ္မဋ္ဌာန်း—

ဟူ၍ နှစ်မျိုးရှိပါပေ၏။

**သဗ္ဗတ္ထက ကမ္မဋ္ဌာန်း အကျယ်ရှင်းပြချက်။** ။ထိုနှစ်ပါးတို့တွင် ရဟန်းသံဃာ အစ ရှိသည်တို့၌ (၁) မေတ္တာ ကမ္မဋ္ဌာန်းသည်ရင်း (၂) မရဏဿတိ ကမ္မဋ္ဌာန်းသည်ရင်း သဗ္ဗတ္ထကကမ္မဋ္ဌာန်း မည်ပါပေ၏။ (၃) အသုဘ သညာသည်လည်း သဗ္ဗတ္ထက ကမ္မဋ္ဌာန်း မည်ပါပေ၏ဟု အချို့သော ဆရာတို့ ဆိုကြပေကုန်၏။

ကမ္မဋ္ဌာန်းကို အားထုတ်လိုသော ရဟန်းသည် ရှေးဦးစွာ "ဣမသ္မိံ ဝိဟာရေ သဗ္ဗေ ဘိက္ခူ" ဤသို့ အစရှိသော နည်းဖြင့် ပိုင်းခြား သတ်မှတ်၍ ဥပစာရ သိမ်၌ တည်သော ရဟန်းသံဃာ၌ ဤ ကျောင်းတိုက်ဝယ် ခပ်သိမ်းကုန်သော ရဟန်းသံဃာတို့သည်–

(က) ချမ်းသာခြင်းသို့ ရောက်ကြပါစေ ကုန်သတည်း၊

(ခ) ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါ စေကုန်သတည်း၊ ဤသို့ စသည်ဖြင့် မေတ္တာကို ပွါးအပ်၏။

ထို့နောက်မှ ဥပစာရသိမ်၌ တည်ရှိသော နတ်တို့၌ ဤဥပစာရသိမ်၌ တည်သော နတ်တို့သည် ချမ်းသာ ကြပါစေကုန်သတည်း ဟူ၍ မေတ္တာကို ပွါးများ အပ်၏။ ဆွမ်းခံရွာကို အစိုးရပေသော လူတို့၌လည်း မေတ္တာကို ပွါးများအပ်ပေ၏၊ ထို ဂေါစရဂါမ်ရွာ၌ နေကြကုန်သော လူတို့ကို အကြောင်းပြု၍ အလုံး စုံသော သတ္တဝါတို့၌ မေတ္တာကို ပွါးများအပ်၏။

**ကမ္မဋ္ဌာန်း ပွါးများခြင်း၏ မျက်မှောက်အကျိုး။** ။(၁) ရဟန်း သံဃာအပေါင်း၌ ပွါးစေ အပ်သော မေတ္တာဖြင့် သိတင်းသုံးဖော် ဖြစ်တော် မူကြကုန်သော ရဟန်းသံဃာတော်တို့၏ မိမိ၌ နူးညံ့သော စိတ်ရှိသည်၏ အဖြစ်ကို ဖြစ်စေ၏။ ထိုသို့ ဖြစ်စေခဲ့ပါသည်ရှိသော် (ထိုကမ္မဋ္ဌာနိက ရဟန်းအား) ထို ရဟန်းသံဃာတို့သည် အချင်းချင်း နှလုံးချမ်းမြေ့ ပြေပြစ်သော ပေါင်းသင်း ဆက်ဆံခြင်း ရှိကြပေကုန်၏။

(၂) ဥပစာရသိမ်၌ တည်ကြကုန်ပေသော နတ်အပေါင်းတို့၌ ပွါးစေအပ်သော မေတ္တာဖြင့် မိမိ၌နူးညံ့အောင် ပြုအပ်သော စိတ်ရှိကုန်သော နတ်တို့သည် တရားနှင့်လျော်သော စောင့်ရှောက်ခြင်းဖြင့် ကောင်းစွာ စီရင်အပ်သော အစောင့်အရှောက် ရှိခဲ့ပါပေ၏။

(၃) ဆွမ်းခံရာ ရွာ၌လည်း တိုင်းပြည် ရပ်ရွာကို အစိုးရသောမင်း၌ ပွါးစေ အပ်သော မေတ္တာဖြင့် မိမိ၌ နူးညံ့အောင် ပြုအပ်သော သန္တာန်ရှိကုန်သော အစိုးရကုန်သော မင်းအပေါင်းတို့သည် တရားအားလျော်စွာ စောင့်ရှောက် ခြင်းဖြင့် ကောင်းစွာ စောင့်ရှောက်အပ်သော ပရိက္ခရာ ရှိပါပေ၏။

(၄) ထိုဆွမ်းခံရာ ရွာ၌ လူတို့၌ ပွါးစေအပ်သော မေတ္တာတရားဖြင့် မိမိ၌ ကြည်စေအပ်သော စိတ်ရှိကုန်သော ထိုဆွမ်းခံရာရွာ၌ နေကြကုန်သော လူတို့သည် မနှိပ်စက်အပ်သည်ဖြစ်၍ ကျင်လည် (သွားလာလှည့်လည်) ရပေ၏။

(၅) အလုံးစုံသော သတ္တဝါတို့၌ ပွါးစေအပ်သော မေတ္တာ တရားဖြင့် ခပ်သိမ်းသော အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာတို့၌ အထိအခိုက် အနှောင့်အယှက်မရှိသော ကျက်စားခြင်း (လှည့်လည် သွားလာခြင်း)ရှိသည် ဖြစ်ခဲ့ပါပေ၏။

**မရဏာဿတိ ပွါးများရခြင်း အကျိုး။** ။"ငါသည် မချွတ်သေရပေအံ့, ငါသည် မချွတ် သေရပေအံ့"ဟု အဖန်တလဲလဲ အောက်မေ့သော သတိ တရားဖြင့် မချွတ် ငါသည် ဇီဝိတိန္ဒြေကို စွန့်ရလတ္တံ့ ဟု ကြံအောက်မေ့(သောယောဂီပုဂ္ဂိုလ်အား)သည်ဖြစ်၍ မလျောက်ပတ်သော ပစ္စည်းကို ရှာမှီးခြင်း အမှုကို ပယ်စွန့်ပြီးတော့မှရင် အဆင့်ဆင့် ပွါးသော ထိတ်လန့်ခြင်းရှိသည်ဖြစ်၍ သမ္မာပဋိပတ်မှ မတွန့်မဆုတ်သော စိတ်ရှိသည် ဖြစ်နိုင်ခဲ့ပါပေ၏။

**အသုဘသညာ ပွါးများရခြင်း၏ အကျိုး။** ။အသုဘသညာ၌ လေ့လာသော ရဟန်း၏စိတ်ကို နတ်၌ ဖြစ်ကုန်သော အာရုံအပေါင်းတို့သည်သော်လည်း လောဘ၏အစွမ်းဖြင့် ထက်ဝန်းကျင်မှ မလုယူနိုင်ပေကုန်၊ (နတ်၌ ဖြစ်သော အာရုံမှ တပါးသော အာရုံတို့သည် အဘယ်မှာ လုယူနိုင်ပေတော့အံ့နည်း)။

ဤသို့ များသော ကျေးဇူးရှိသည်၏ အဖြစ်ကြောင့် အလုံးစုံသော ရဟန်း၏ ပြုဖွယ်ကိစ္စ၌ (အလုံးစုံသော ကမ္မဋ္ဌာန်းကို အားထုတ်ခြင်း၌) ရှေးဦးမဆွ မှီဝဲအပ်သည်၏ အစွမ်းဖြင့် လိုအပ်ပေ၏၊ ထို့ကြောင့် **သဗ္ဗတ္ထကကမ္မဋ္ဌာန်း** ဟူ၍ ဆိုအပ်ပေ၏။

**ပါရိဟာရိယကမ္မဋ္ဌာန်း ရှင်းပြချက်။** ။လေးဆယ် ကုန်သော ကမ္မဋ္ဌာန်းတို့တွင် အကြင် ကမ္မဋ္ဌာန်းသည် အကြင် ရဟန်း၏ စရိုက်အား လျော်၏၊ ထိုစရိုက်အားလျော်သော ကမ္မဋ္ဌာန်းကို ကမ္မဋ္ဌာန်း တရားတော်ကို အလိုရှိသော ရဟန်းသည်(သဗ္ဗတ္ထကကမ္မဋ္ဌာန်းကိုကဲ့သို့ ရံခါသာ မမှီဝဲ)အမြဲဆောင်ရွက် အားထုတ်သည်၏ အဖြစ်ကြောင့်ရင်း အထက် အထက်၌ ဖြစ်သော ဘာဝနာအမှု၏ နီးသော အကြောင်းဖြစ်သောကြောင့်ရင်း **ပါရိဟာရိယကမ္မဋ္ဌာန်း** ဟူ၍ ဆိုအပ်ပေ၏။

အဲဒီလို နှစ်ပါး အပြားရှိသော ကမ္မဋ္ဌာန်း တရားတို့ကို အကြင် ကမ္မဋ္ဌာန်းနည်း နိဿယည်းကို ပေးတတ်သော ဆရာသည် ပေးခဲ့ပါပေ၏၊ ထိုဆရာသည် ကမ္မဋ္ဌာန်း ပေးသော ဆရာ မည်ပါပေ၏။

ကလျာဏမိတ္တ=မိတ်ဆွေကောင်း ဟူသည်—

(က) သီတင်းသီလ ပြည့်စုံသည် ဖြစ်၍ ချစ်ခင်အပ်သော 'ပိယ'ဂုဏ်၊

(ခ) လူသာမန်တို့ စင်စစ် ချီပိုး ဆောင်ရွက်နိုင်ခဲသော သီလ, သမာဓိ, သဒ္ဓါသ–စသော တရားတို့ကို အလေးအမြတ်ပြုခြင်း တည်းဟူသော 'ဂရု'ဂုဏ်၊

(ဂ) သီတင်းသုံးဖော် အချင်းချင်းတို့၏ မေတ္တာရေမခန်း ပွါးစေအပ်သော 'ဘာဝနီယ'ဂုဏ်၊

(ဃ) သူတပါးတို့ကို ကောင်းအောင် ဆုံးမတတ်သော 'ဝတ္တာ'ဂုဏ်၊

(င) သူတပါးတို့၏ အပြောအဆိုကို ခံနိုင်စွမ်းရှိသော 'ဝစနက္ခမ'ဂုဏ်၊

(စ) သစ္စာ, ပဋိစ္စသမုပ္ပါဒ် စသည်တို့နှင့် စပ်သော နက်နဲသော စကားကို ဟောပြောတတ်သော 'ဂမ္ဘီရ'ဂုဏ်၊

(ဆ) မလျော်သော အရာ၌ မတိုက်တွန်းတတ်သော 'နောစ ဋ္ဌာနေ နိယောဇကေ'ဂုဏ်၊

ဤသို့ ပိယ စသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသော စင်စစ် အစီးအပွါးကို ရှာလေ့ရှိသော သီလ သမာဓိ ပညာ ကြီးပွါးခြင်းအဖို့၌ တည်သော ကလျာဏ မိတ်သို့ ချဉ်းကပ်အပ်၏။

**ကလျာဏမိတ္တမည်ထိုက်သောပုဂ္ဂိုလ်များ။**　　။ဆက်ကြဦးစို — "ချစ်သား အာနန္ဒာ ငါဘုရားတည်းဟူသော ကလျာဏမိတ်ကို အကြောင်းပြု၍ (မှီခို ကပ်ရပ်၍) ပဋိသန္ဓေနေခြင်း သဘော မကင်းသော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်းသဘောမှ လွတ်ကုန်၏" ဟု ဤသို့စသော တရားစကားတော်ကြောင့် သမ္မာသမ္ဗုဒ္ဓ အမည်တော်ရသော သဗ္ဗညုရှင်တော် မြတ်စွာဘုရားသည်သာလျှင် အလုံးစုံသော အခြင်းအရာနှင့် ပြည့်စုံသော ကလျာဏမိတ် မည်၏။

ထိုသဗ္ဗညုရှင်တော် မြတ်စွာဘုရားသည် ရှိတော်မူခဲ့သော် ထိုသမ္မာသမ္ဗုဒ္ဓ အမည်ရသော ဘုန်းတော်ကြီးမား မြတ်စွာဘုရား၏ အထံတော်၌ ယူအပ်ပါသော ကမ္မဋ္ဌာန်းသည် လုံ့မစောက် ယူအပ်သည် ဖြစ်ခဲ့ပါပေ၏။

ထိုသို့မဟုတ် ဘုန်းတော်အလွန်ကြီးမားလှစွာသော သဗ္ဗညုမြတ်စွာဘုရားရှင် သည် နိဗ္ဗာန်သို့ ကြွမြန်းတော်မူလတ်သော် ရှစ်ကျိပ်ကုန်သော မဟာသာဝက

တို့တွင် အကြင်မဟာသာ၀ကသည် သက်တော်ထင်ရှား ရှိနေသေးပေ၏။ ထို ထင်ရှားရှိနေသော မဟာသာ၀က၏အထံတော်၌ ကမ္မဋ္ဌာန်းကို ယူခြင်းငှါ သင့်ပါပေ၏။

ထိုမဟာသာ၀ကသည် မရှိခဲ့ပါသော် အကြင်ကမ္မဋ္ဌာန်းကို ယူခြင်းငှါ အလိုသည် ဖြစ်ခဲ့ပါပေ၏၊ ထိုသို့ ယူလိုသော ကမ္မဋ္ဌာန်း၏ အစွမ်းအားဖြင့်သာလျှင် စတုက္ကစျာန် ပဉ္စကစျာန်တို့ကို ဖြစ်စေ၍ စျာန်လျှင် နီးစွာသော အခြေပါဒရှိသော ဝိပဿနာကို ပွါးစေပြီး အရဟတ္တမဂ်သို့ ရောက်ခဲ့ပြီး အာသဝေါကုန်ပြီးသော ရဟန္တာ[၁] အရှင်မြတ်၏ အထံတော်၌ ယူအပ်ပါပေ၏။

**လဇ္ဇီပေသလပုဂ္ဂိုလ်၌ ကမ္မဋ္ဌာန်းယူထိုက်ပုံ။** ။အာသဝေါကင်းပြီးသော ရဟန္တာ အရှင်မြတ်ကို ရခဲ့ပါသည်ရှိသော် ကောင်းလှပါပေ၏၊ အကယ်၍သော အာသဝေါကင်းစင်ပြီးသော ရဟန္တာအရှင်မြတ်ကို မရခဲ့ပါသည်ဖြစ်အံ့၊ အနာဂါမ်, သကဒါဂါမ်, သောတာပန်, စျာန်ရပုထုဇဉ်ပုဂ္ဂိုလ်, ပိဋကတ်သုံးပုံဆောင်, နှစ်ပုံဆောင်, တစ်ပုံဆောင်ပုဂ္ဂိုလ်တို့တွင် ရှေးရှေးပုဂ္ဂိုလ်၏အထံ၌ ယူအပ်သင့်ပေသည်။ ပိဋကတ်တစ်ပုံ ဆောင်နိုင်သော အရှင်သည်လည်း မရှိခဲ့ပါသည်ရှိသော် အကြင်အရှင်သည် တခုသော နိကာယ်ကိုမျှလည်း အဋ္ဌကထာနှင့်တကွ အဝါး၀အောင် (ကျေပွန်စွာ)လေ့လာအပ်၏။ ဤမျှတပါးသော နိကာယ်မျှ လှယ်ဖယ်ရ၍ အဋ္ဌကထာနှင့်တကွ လေ့လာနိုင်သော အရှင်သည်လည်း လဇ္ဇီသူတော်ကောင်းသည် ဖြစ်အံ့၊ ထိုလဇ္ဇီပေသလဖြစ်သော ဗဟုသုတအရှင်၏ အထံတော်၌ ယူအပ်ပါပေ၏။

ဤသို့ လဇ္ဇီပေသလ သိက္ခာကာမဖြစ်၍ ဗဟုသုတရှိသော အရှင်သည် သုတ်ကို ဆောင်တတ်သော ဗုဒ္ဓါနုဗုဒ္ဓတို့၏ ကျေးဇူးဂုဏ်အစဉ် ကျေးဇူးဂုဏ်အနွယ်ကို စောင့်ရှောက်တတ်သော ရှေးဆရာ အစဉ်အဆက်တို့၏နည်းကို ဆောင်တတ်သော အရာဖြစ်၍ အာစရိယဝါဒ၌ မလွန်မကြူး အမြဲယှဉ်ခြင်း ရှိခဲ့ပေ၏၊ မိမိအယူကိုသာလျှင် လိပ်ခဲတင်းလင်း ဆိုခြင်း မရှိပေ၊ ထို့ကြောင့်သာလျှင် ရှေးမထေရ်ကျော်တို့သည် "လဇ္ဇီပုဂ္ဂိုလ်သည် သာသနာတော်ကို စောင့်ရှောက်ပေလတ္တံ့၊ လဇ္ဇီ

---

၁။ အသို့နည်း ရဟန္တာသည် "ငါရဟန္တာဟူ၍ မိမိဂုဏ်ကို ထင်ရှားဖော်ပြပါသလော-ဤကား အမေး။ အဘယ်မှာ (ဤသို့)မေးဖွယ်ရှိအံ့နည်း၊ "ဘာ၀နာအမှုကို ပြုသူ= ကမ္မဋ္ဌာန်းအားထုတ်သူ"ဟု သိလျှင် (ငါ ရဟန္တာဟု) ထင်ရှားပြတတ်ပေ၏။

အဿဂုတ္တမထေရ်သည် ကမ္မဋ္ဌာန်းအားထုတ်သော ရဟန်းအား "ဤသူသည် ကမ္မဋ္ဌာန်း အားထုတ်သူတည်း"ဟု သိသောကြောင့် ကောင်းကင်၌ သားရေပိုင်းကိုခင်း၍ ထိုသားရေပိုင်း၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေလျက် ကမ္မဋ္ဌာန်းကို ဟောဘူးပါပေ၏။ ဤကား အဖြေ။

ပုဂ္ဂိုလ်သည် သာသနာတော်ကို စောင့်ရှောက်ပေလတ္တံ့”ဟု သုံးကြိမ်တိုင်တိုင် ဆိုဘူးကြပေကုန်ပြီ။

**မိမိရဘူး သိဘူးသည်ကိုသာ ကြားနိုင်သော ကလျာဏမိတ္တ** ဤ ကမ္မဋ္ဌာနဒါယက ကလျာဏမိတ္တတို့တွင် ရှေး၌ ဆိုခဲ့သော ခီဏာသဝ-စသည်တို့သည် မိမိ သည်ရဘူး သွားဘူးသော ကမ္မဋ္ဌာန်းလမ်းကြောင်း အကျင့်ကိုသာလျှင် ပြောကြားနိုင်ကြကုန်၏။

**ဗဟုသုတရှိသောကလျာဏမိတ္တ။** ။ဗဟုသုတရှိသော ကမ္မဋ္ဌာန်းဆရာသည်ကား ထိုထိုသို့သော ဆရာ၏အထံသို့ ချဉ်းကပ်၍ ကမ္မဋ္ဌာန်းအား ကျေးဇူးပြုတတ်သော ပါဠိ အဋ္ဌကထာတို့ကို သုတ်သင် ရှင်းလင်း အပ်ပြီးသည်၏အဖြစ်ကြောင့် နိကာယ်ငါးရပ်တို့တွင် တခုခုသော နိကာယ်မှလည်း ထိုကမ္မဋ္ဌာန်းအားလျော်သော သုတ်ပုဒ်ကိုရင်း ပါဠိသို့ အစဉ်လိုက်သော ဝုတ္တိ ကိုရင်း မြဲမြံစွာမှတ်ယူ၍ ကမ္မဋ္ဌာန်းယူရန်လာသောသူအား ကျေးဇူးပြုသည် မပြု သည်ကို မိမိနှလုံး၌ကောင်းစွာထား၍ သုတ်သင် ရှင်းလင်းအပ်ပြီးသော အရပ်၌ ဖြောင့်ဖြောင့် နင်း၍ သွားသော ဆင်ပေါက်ကြီးကဲ့သို့ ကမ္မဋ္ဌာန်းအစဉ်ကို ကျယ် စွာသော ခရီးမကဲ့သို့ ပြု၍ ကမ္မဋ္ဌာန်းကို ဟောကြားနိုင်ပေ၏။

ထိုကြောင့် ဤသို့ လဇ္ဇီပေသလ သိက္ခာကာမဖြစ်၍ ဗဟုသုတနှင့် ပြည့်စုံ သော သဘောရှိသော ကမ္မဋ္ဌာန်းကို ပေးတတ်သော အဆွေခင်ပွန်းကောင်း၏ အထံမှောက်သို့ ချဉ်းကပ်၍ ထိုကမ္မဋ္ဌာန်းကို ပေးတတ်သော ကလျာဏမိတ် ဖြစ်သောဆရာအား ဝတ်ကြီး ဝတ်ငယ်ကို ရိုသေစွာ ကုန်အောင်ပြု၍ ကမ္မဋ္ဌာန်း ကို ယူအပ်၏။

**ကလျာဏမိတ္တပုဂ္ဂိုလ်ထံသွားရောက်ပုံ။** ။ဤကလျာဏမိတ်ကို မိမိနှင့်တကျောင်း တည်း၌သာလျှင် အကယ်၍ ရသည် ဖြစ်အံ့၊ ဤသို့ မိမိနှင့် တကျောင်းတည်း၌ ကလျာဏမိတ်ကို ရခြင်းသည် ကောင်းပေ၏၊ အကယ်၍ တကျောင်းတည်း၌ မရခဲ့အံ့၊ အကြင် ကျောင်း၌ ကလျာဏမိတ်သည် နေ၏။ ထိုကျောင်းသို့ သွားရာ၏။ သွားသော ရဟန်းသည် ရေဆေးပြီး၍ ဆိုပြောင်အောင် လိမ်းအပ်ကုန်သော ခြေတို့ဖြင့် ဘိနပ်စီးပြီး ထီး ကို တမြောက်မြောက်ကိုင်လျက် ဆီကျည်တောက် (ပုံး)ပျားရည်အိုး တင်လဲအိုး စသည်တို့ကို ကိုင်စေ၍ တပည့်အပေါင်း ခြံရံလျက် ယောင်ယောင်ဝါးဝါး မသွား သင့်ပေ။

အသင့်ကို ဆိုလိုက်ပေဦးအံ့။ ခရီးသွားထိုက်သော ရဟန်းတို့ ပြုအပ်သော ဝတ်ကို ပြည့်စေပြီး မိမိ၏ သပိတ် သင်္ကန်းစသည်ကို တပည့်ဝန်ထမ်းကို မခေါ် ကိုယ်တိုင်ပင် ကိုင်ဆောင်လျက် ခရီးအကြား၌ အကြင်ကြင်သို့သော ကျောင်း တော်သို့ ဝင်၍ ခပ်သိမ်းသော ကျောင်းတိုက်၌ ဝင်စဉ်ကာလ အာဂန္တုကဝတ်၊ ထွက်စဉ်ကာလ ဂမိကဝတ်ကို လျော်စွာပြုပြီးတော့မှရင် အဆောင်အယောင် မများ ပေါ့ပါးသော ပရိက္ခရာနှင့် အလွန်ခေါင်းပါးသော အသက်မွေးခြင်း ရှိသည်ဖြစ်၍ သွားအပ်၏။

**ကမ္မဋ္ဌာန်းယူ သွားရာ၌ တပါးသောပရိဝုဏ်သို့ မဝင်သင့်ခြင်းအကြောင်း**

ထို ကလျာဏမိတ် ရှိသော ကျောင်းသို့ ဝင်သော ရဟန်းသည် ခရီးအကြား၌သာလျှင် ဒန်ပူကို နောက်ပါ ကပ္ပိယကာရအား ပြုလုပ်စေပြီးတော့မှ ယူ၍ ဝင်သင့်၏။ "တမုဟုတ်မျှ အပင်ပန်းဖြေ၍ ခြေကို ရေဆေးခြင်း, ရေနယ်ဆီ လိမ်းခြင်း စသည်တို့ကိုပြု၍ ဆရာ၏အထံတော်သို့ သွားအံ့"ဟု နှလုံးသွင်းလျက် တပါး သော ပရိဝုဏ်သို့ မဝင်သင့်ပေ။ အဘယ့်ကြောင့်ဆိုသော် ထို အခြားသော ပရိဝုဏ်၌ ကမ္မဋ္ဌာန်းကို ယူအံ့သောငှါ လာသော ရဟန်း၏ ဆရာနှင့် ဝိသဘာဂ ဖြစ်ကုန်သော ရဟန်းတို့သည် အကယ်၍ ရှိကုန်သည်ဖြစ်အံ့၊ ထို ဝိသဘာဂ ရဟန်းတို့သည် လာခြင်း၏ အကြောင်းတို့ကို မေးပြီး ဆရာ၏ ကျေးဇူးမဲ့သော အပြစ်တို့ကို ပြလျက် "ထိုဆရာရှင်၏ အထံတော်သို့ အကယ်၍ သွားမိခဲ့မူကား– ပျက်စီးခြင်းသို့ ရောက်ရာပေ၏"ဟု နှလုံးမသာယာခြင်းဖြင့် ထိုအရပ်မှသာလျှင် ပြန်နစ်ရာ၏။

ထိုသို့သဘောရှိသော နှလုံးမသာယာခြင်းကို ဖြစ်စေကုန်ရာ၏။ ထိုသို့ အပြစ် ရှုပ်မျှဖြစ်သောကြောင့် ဆရာ၏နေရာကို မေး၍ ဖြောင့်ဖြောင့် ထိုဆရာ သီတင်း သုံးတော်မူရာဖြစ်သော နေရာသို့သာလျှင် သွားသင့်၏။

**ကမ္မဋ္ဌာန်းဆရာထံ ဆည်းကပ်ရာ၌ မှတ်သားဖွယ်ရာများ**

ဆရာသည် သီတင်းငယ်သည် အကယ်၍ ဖြစ်စေကာမူ သပိတ်သင်္ကန်း လှမ်းယူခြင်း စသည်တို့ကို မသာယာအပ်ကုန်။ သီတင်း ကြီးသည် အကယ်၍ ဖြစ်ခဲ့ပါမူ–သွား၍ ဆရာကို ရှိခိုး၍ ရပ်အပ်၏။ "ငါ့ရှင် သပိတ်သင်္ကန်းကို ချဦးလော့" ဤသို့ ဆရာဆိုအပ်သော ရဟန်းသည် ချအပ်၏။ "သောက်ရေကို သောက်ဦးလော့"ဟု ဆိုလိုက်သော ရဟန်းသည် အကယ်၍ သောက်လိုသောဆန္ဒ ရှိခဲ့ပါလျှင် သောက်အပ်ပေ၏။ "ခြေတို့ကို ဆေးလော့" ဟု ဆိုလိုက်သော ရဟန်းသည် ခြေတို့ကို အဆောတလျင် မဆေးအပ်ကုန်သေး၊

အဘယ့်ကြောင့်ဆိုသော် ဆရာသည် ဆောင်အပ်သော ရေသည် အကယ်၍ ဖြစ်ခဲ့အံ့၊ ဆရာ ထမ်းထားသော ရေကို ခြေဆေးခြင်းငှါ မလျောက်ပတ်ပေ။

ဆေးသင့်သည်ကို ဆိုအံ့၊ "ငါ့ရှင် ဆေးလော့၊ ငါသည် ဆောင်အပ်သော ရေကား မဟုတ်၊ တပါးသော သူတို့သည် ဆောင်အပ်သော ရေပေတည်း"ဟု ဆိုအပ်သော ရဟန်းသည် အကြင်အရပ်၌ နေသည်ရှိသော် ဆရာသည် မမြင်နိုင်။ ဤသို့ ဆရာမမြင်သော သဘောရှိသော ဖုံးလွှမ်းသော အရပ်၌၎င်း၊ ဟင်းလင်းအပြင် လွင်တီးခေါင်အရပ်၌၎င်း၊ ကျောင်း၏တခုသောအစွန်း၌၎င်း နေ၍ ခြေတို့ကို ဆေးအပ်ကုန်၏။

**ဆရာ့စိတ် အထင်မမှားအောင် ကျင့်ရပုံ။** ။ဆရာသည် ဆီကျည်ကို အကယ်၍ ဆောင်ခဲ့သည်ဖြစ်အံ့၊ ဆောလျင်စွာ ထ၍ လက်နှစ်ဖက်တို့ဖြင့် ရိုသေစွာ လှမ်းယူအပ်ကုန်၏။ အဘယ့်ကြောင့်ဆိုသော် အကယ်၍ မလှမ်းယူအံ့၊ "ဤရဟန်းသည် ဤမလှမ်းယူသော အခါမှစ၍ အတူတကွ သုံးဆောင်ခြင်းသည် ပျက်၏"ဟုဆရာ၏ စိတ်တပါးရှိသည်၏အဖြစ်သည် ဖြစ်ခဲ့ရာ၏။ ယူပြီး၍ လက်ဦးစွာလျှင် ခြေတို့ကို မသုတ်လိမ်းအပ်ကုန်သေး။ ထိုဆီသည် ဆရာ၏ကိုယ်တော်မှ နယ်သောဆီသည် အကယ်၍ ဖြစ်ငြားအံ့၊ ဆရာ၏ကိုယ်တော်ကို နယ်သောဆီကို တပည့်၏ခြေကို သုတ်လိမ်းခြင်းငှါ မလျောက်ပတ်နိုင်ရာ။ ထိုသို့ မလျောက်ပတ်နိုင်သည်၏ အဖြစ်ကြောင့် နဖူးဆံသကို သုတ်လိမ်း၍ ပခုံး လည်ကုပ်စသည်တို့ကို သုတ်လိမ်းအပ်ကုန်၏။

"ငါ့ရှင် ဤဆီသည် ခပ်သိမ်းကုန်သော ရဟန်းတော်တို့၏ အကျိုးငှါ ဆောင်အပ်သော ဆီပေတည်း၊ ခြေတို့ကိုလည်း သုတ်လိမ်းလော့"ဟု ဤသို့ ဆရာ ခွင့်ပေးသော တပည့်သည်ကား အတန်ငယ် ဦးခေါင်း၌ ထားခြင်းကို ပြုပြီး ခြေတို့ကိုလည်း သုတ်လိမ်း၍ "အရှင်ဘုရား ဤဆီကျည်ကို ထားပါအံ့"ဟု ခွင့်တောင်း၍ ဆရာသည် ယူသည်ရှိသော် ပေးအပ်ပေ၏။

**ကမ္မဋ္ဌာန်းဆရာထံ ရောက်သော်လည်း ကမ္မဋ္ဌာန်း မတောင်းရသေးခြင်း အကြောင်း** လာသောနေ့မှစ၍ အရှင်ဘုရား တပည့်တော်အား ကမ္မဋ္ဌာန်းကို ဟောတော်မူပါကုန်ဟု မဆိုအပ်သေးပေ။ နှစ်ရက်မြောက်သော နေ့မှ အစပြုပြီး ဆရာအား ပြုကတေ့အလုပ်အကျွေးသည် အကယ်၍ ရှိသည်ဖြစ်အံ့၊ ထိုရှိလင့်သော ပြုကတေ့အလုပ်အကျွေးကို တောင်းပန်၍ အာစရိယဝတ်ကို ပြုအပ်၏။ တောင်းပန်ပါသော်လည်း အကယ်၍ ခွင့်မပြုပေအံ့၊ အခွင့်ကိုရသောအခါမှသာလျှင် ပြုအပ်ပေ၏။ ပြုစုသော ရဟန်းသည် ငယ်ကုန်, အလယ်အလတ် ဖြစ်ကုန်,ကြီးကုန်သော သုံးချောင်းကုန်သော ဒန်ပူတို့ကို ဆက်ကပ်အပ်ကုန်၏။ တဖန် ရေအေး ရေပူ

နှစ်မျိုးဟု ဆိုအပ်သော မျက်နှာသစ်ရေကိုရင်း ချိုးရေကိုရင်း စီရင်အပ်၏။ ထိုစီရင်ထားသော ရေမှ အကြင်ရေကို ဆရာသည် သုံးရက်တို့ ကာလပတ်လုံး သုံးဆောင်၏။ ထိုသို့သဘောရှိသော ဆရာသုံးဆောင်သော ရေကိုသာလျှင် အမြဲဆက်ကပ်အပ်၏။အမှတ်ကိုပြု၍ ဟုတ်ဟုတ်ခြားခြားသော ရေကို သုံးဆောင်သောဆရာအား ရအပ်သော ရေကို ဆက်ကပ်အပ်၏။

**ကမ္မဋ္ဌာန်းဆရာထံ၌ ကျင့်အပ်သောကျင့်ဝတ်များ။** ။“ရဟန်းတို့ တပည့်သည် ဆရာ၌ ကောင်းစွာကျင့်အပ်၏။ ထိုအာစရိယဝတ်၌ ဤဆိုလတ္တံ့ သည်ကား ကောင်းစွာ ကျင့်ခြင်းပေတည်း၊ စောစောကလျှင် ထပြီး ဘိနပ်တို့ကို ချွတ်၍ လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ်တင်ကာ ဒန်ပူကို ပေးအပ်၏၊ မျက်နှာသစ်ရေကို ပေးအပ်၏၊ နေရာကို ခင်းအပ်၏။ ယာဂုသည် အကယ်၍ ရှိသည်ဖြစ်အံ့၊ ယာဂုထည့်ယူသောခွက်ကို စင်ကြယ်စွာ ဆေးကြော၍ ယာဂုကို ဆက်ကပ်အပ်၏ဟု ဤသို့အစရှိသော ပဟာဝါခန္ဓကာ၌ အကြင် ကောင်းစွာ ကျင့်ရာသော ဝတ်အစုကို မြတ်စွာဘုရားသခင်သည် ပညတ်အပ်၏။ ထိုကောင်းစွာ ကျင့်ရာသော အလုံးစုံသော ဝတ်ကိုလည်း လိုက်နာပြုကျင့်အပ်၏။

**ဝတ်အကျင့်နှင့် ပြည့်စုံပြီးမှလာရောက်ကြောင်းကို လျှောက်ထားရခြင်း** ဤသို့ ဝတ်နှင့်ပြည့်စုံခြင်းဖြင့် ဆရာကို နှစ်သက်စေသည် ဖြစ်၍ ညဉ့်အခါ၌ ဆရာကို ရှိခိုးပြီး သွားလေလော့ဟု ဆရာလွှတ်အပ်သော ရဟန်းသည် သွားအပ်၏။ အကြင်အခါ ထိုဆရာသည် အဘယ့်ကြောင့် လာသည် ဖြစ်ဘိသနည်းဟု မေးအံ့၊ ထိုအခါ လာရောက်ခြင်း၏ အကြောင်းကို ဆိုအပ်ပေ၏။ ထိုဆရာသည် အကယ်၍ မမေးငြားအံ့၊ ဝတ်တရားကိုကား အကယ်၍ သာယာပေအံ့၊ ဆယ်ရက်သည်ရင်း လခွဲသည်ရင်း လွန်စေသည်ရှိသော် တနေ့သ၌ ညချမ်းအခါဝယ် သွားလေတော့ဟု လွှတ်အပ်ပါသော်လည်း မသွားမူ၍ အခွင့်ကို ပြုစေလျက် လာခြင်း၏ အကြောင်းကို ပြောကြားအပ်၏။ တနည်း—အခါမဟုတ်သည်၌ သွား၍ အဘယ်အကျိုးငှါ လာခဲ့ပါသနည်း ဤသို့ မေးခဲ့ပါသည်ရှိသော် လာရောက်ခြင်း၏ အကြောင်းကို ပြောကြားအပ်၏။ ထိုဆရာသည် နံနက်စောစောကပင်လျှင် လာခဲ့ပေလော့ဟု အကယ်၍ ဆိုခဲ့သည် ဖြစ်အံ့၊ နံနက်စောစောကပင်လျှင် သွားအပ်၏။

**ကမ္မဋ္ဌာန်းဆရာထံ ချဉ်းကပ်ပုံ။** ။ထိုသို့ သွားအပ်ပါသော်လည်း ထိုကမ္မဋ္ဌာန်းနည်းကို ခံယူသော တပည့်၏ နံနက်အခါ၌ သည်းခြေနာသည်မူလည်း ဝမ်းကို အကယ်၍ လောင်သည်ဖြစ်အံ့၊ ဝမ်းမီး တေ

ဇောည့်သည်၏ အဖြစ်ကြောင့်မူလည်း အစာသည် အကယ်၍ မကြေလွှက်ခဲ့ပေ အံ့၊ ထိုမှတပါးသော တစုံတခုသော ရောဂါသည်မူလည်း အကယ်၍ နှိပ်စက်ခဲ့ပါ သည်ရှိသော် မိမိ၌ ဖြစ်နေသမျှသော အနာရောဂါကို ဟုတ်မှန်သောအတိုင်း ထင်စွာပြု၍ မိမိအား ကိုယ် စိတ် ခံ့ကျန်း၍ လျော်ကပ်သောအခါ၌ ပြော ကြားလျက် ထိုနံနက်အခါ၌ ချဉ်းကပ်အပ်၏။ ထိုမှတပါး မလျော်ကပ်သော နံနက်အခါ၌ ဆရာဟောအပ်ပါသော်လည်း ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်းငှါ မစွမ်းနိုင်ပေ၊ ထို့ကြောင့် နံနက်အခါ၌ ချဉ်းကပ်အပ်၏။

ဤသည်ကား ကမ္မဋ္ဌာန်းပေးသော ကလျာဏမိတ္တထံသို့ ချဉ်းကပ်ခြင်းကို ဆိုသော စကားတရပ် အပြီးသတ်တည်း။

ကလျာဏမိတ္တထံသို့ ချဉ်းကပ်ပုံ ပြီး၏။

---

## စရိုက် ဖွင့်ပြချက်

ယခုအခါ "မိမိ၏စရိုက်အား လျော်သော"ဟူသော စကားရပ်၌ စရိုက် ဟူ သော စကား၏ (အကျယ်ကို ဆိုပေအံ့)။ အဖြစ်များခြင်း ဟူသော စရိုက်[၁] တို့သည်—

(၁) ရာဂအားဖြင့် ထိုထိုအာရုံ၌ ကျက်စားတတ်သော 'ရာဂစရိတ' ပုဂ္ဂိုလ်၊

(၂) ဒေါသအားဖြင့် ထိုထိုအာရုံ၌ကျက်စားတတ်သော 'ဒေါသစရိတ' ပုဂ္ဂိုလ်၊

(၃) မောဟအားဖြင့် ထိုထိုအာရုံ၌ ကျက်စားတတ်သော 'မောဟစရိတ' ပုဂ္ဂိုလ်၊

(၄) သဒ္ဓါအားဖြင့် ထိုထိုအာရုံ၌ ကျက်စားတတ်သော 'သဒ္ဓါစရိတ' ပုဂ္ဂိုလ်၊

(၅) ပညာအားဖြင့် ထိုထိုအာရုံ၌ ကျက်စားတတ်သော 'ဗုဒ္ဓိစရိတ' ပုဂ္ဂိုလ်၊

(၆) ဝိတက်အားဖြင့် ထိုထိုအာရုံ၌ ကျက်စားတတ်သော 'ဝိတက္ကစရိတ' ပုဂ္ဂိုလ်ဟူ၍ ၆-ဦးသော ပုဂ္ဂိုလ်တို့ ရှိကြပေကုန်၏။

ထို ၆-ဦးသော ပုဂ္ဂိုလ်တို့တွင်—

**ရာဂနှင့်သဒ္ဓါထူပြောပုံ တူမျှခြင်း။** ။ရာဂအားကောင်းသော ပုဂ္ဂိုလ်အား အကြင့် ကြောင့် ကုသိုလ်စိတ်ဖြစ်သောအခါ၌ သဒ္ဓါ သည် ရာဂနှင့် နီးသော ဂုဏ်ရှိသည်၏ အဖြစ်ကြောင့် အားကောင်းပါပေ၏။

---

၁။ စရိုက်တို့သည် အကျဉ်းအားဖြင့် ၆-ပါးသာရှိသည်။ အကျယ်ပွါးလျှင် စရိုက် ၆၃-ပါး ရှိသည်။ ဝါဒ တနည်းအရ စရိုက် ၆၄-ပါးရှိသည်။

ထင်ရှားစွာ ပြဦးစို့–အကုသိုလ်စိတ် ဖြစ်ပေါ်သောအခါ၌ ရာဂသည် သိမ်မွေ့နူးညံ့သည် မကြမ်းမရှနိုင်သည် ဖြစ်လေဘိသကဲ့သို့ ထိုအတူ ကုသိုလ်စိတ်ဖြစ်ပေါ်သောအခါ၌ သဒ္ဓါသည် သိမ်မွေ့နူးညံ့သည် မကြမ်း မရှနိုင်သည် ဖြစ်၏။ ရာဂသည် ဝတ္ထုကာမတို့ကို ရှာမှီးလေဘိကဲ့သို့ ထိုအတူပင်ပဲ သဒ္ဓါသည် သီလ အစရှိကုန်သော ဂုဏ်အသွယ်သွယ်တို့ကို ရှာမှီးပေ၏။ ရာဂသည် စီးပွါးမဲ့ကို မစွန့်လေဘိသကဲ့သို့ ဤအတူပဲ သဒ္ဓါသည် အစီးအပွါးကို မစွန့်၊ ထို့ကြောင့် ရာဂထူပြောသော ပုဂ္ဂိုလ်အား သဒ္ဓါထူပြော အားကောင်းသော ပုဂ္ဂိုလ်နှင့် သဘောတူခဲ့ပါပေ၏။

**ဒေါသနှင့်ပညာထူပြောပုံ တူမျှခြင်း။** ။ဒေါသ ထူပြော အားကောင်းသော ပုဂ္ဂိုလ်အား အကြင့်ကြောင့် ကုသိုလ်စိတ်ဖြစ်သောအခါ၌ ပညာသည် ဒေါသနှင့်နီးသော ဂုဏ်ရှိသည်၏ အဖြစ်ကြောင့် အားကောင်းပါပေ၏။

ထင်ရှားစွာပြဦးစို့၊ အကုသိုလ်စိတ်ဖြစ်ပေါ်သောအခါ ဒေါသသည် ချစ်ခင်လေးမြတ်သည်ဖြစ်၍ အာရုံကို မငြိလေဘိသကဲ့သို့၊ ထိုအတူ ကုသိုလ်စိတ်ဖြစ်ပေါ်သောအခါ၌ ပညာသည် ချစ်ခင်လေးမြတ်သည်ဖြစ်၍ အာရုံကို မကပ်ငြိ၊ ဒေါသသည် မမှန်သော အပြစ်ကိုသာလျှင် ရှာမှီးလေဘိသကဲ့သို့ ဤအတူ ပညာသည် မှန်သော သခ်ါရ၏ အပြစ်ကိုသာလျှင် ရှာမှီးပေ၏။ ဒေါသသည် သတ္တဝါကို ကြဉ်ရှောင်သော အခြင်းအရာဖြင့် ဖြစ်စေဘိသကဲ့သို့ ဤအတူ ပညာသည် သခ်ါရကို ကြဉ်ရှောင်သော အခြင်းအရာဖြင့်ဖြစ်၏။ ထို့ကြောင့် ဒေါသထူပြော အားကောင်းသော ပုဂ္ဂိုလ်အား ပညာထူပြော အားကောင်းသော ပုဂ္ဂိုလ်နှင့် သဘောတူခဲ့ပါပေ၏။

**မောဟနှင့်ဝိတက်ထူပြောပုံ တူမျှခြင်း။** ။မောဟထူပြော အားကောင်းသော ပုဂ္ဂိုလ်အား အကြင့်ကြောင့် မဖြစ်ကုန်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ လုံ့လပြုသည် ရှိသော်များသောအားဖြင့် မောဟနှင့်နီးသော လက္ခဏာရှိသည်၏ အဖြစ်ကြောင့် အန္တရာယ်ကို ပြုကုန်သော မိစ္ဆာဝိတက်, မိစ္ဆာသက်ပွတို့သည် ဖြစ်ကြပေကုန်၏။

ထင်ရှားစွာပြဦးစို့၊ မောဟသည် တွေဝေသည်၏ အဖြစ်ဖြင့် ထက်ဝန်းကျင်နှောက်ယှက်သည်၏ အဖြစ်ကြောင့် အမြဲမတည်လေဘိသကဲ့သို့ ဤအတူ ဝိတက်သည် အထူးထူးသော အပြားရှိသော အာရုံကို ကြံတတ်သည်၏အဖြစ်ကြောင့် အမြဲမတည်သည် ဖြစ်၏။ တဖန် မောဟသည် အာရုံသို့သက်ဝင်၍ မဆုံးဖြတ်နိုင်သည်၏ အဖြစ်ကြောင့် တုန်လှုပ်သည် ဖြစ်လေဘိသကဲ့သို့ ထိုအတူ ဝိတက်သည်

လျှင်စွာ ရွှေပြောင်း၍ ကြံတတ်သည်၏ အဖြစ်ကြောင့် တုန်လှုပ်သည် ဖြစ်ခဲ့ပါပေ၏။ ထို့ကြောင့် မောဟထူပြော အားကောင်းသော ပုဂ္ဂိုလ်အား ဝိတက်ထူပြော အားကောင်းသော ပုဂ္ဂိုလ်နှင့် သဘောတူခဲ့ပါပေ၏။

**ဆရာတဦး၏ဝါဒ(အပရေဝါဒ)။** ။အစဉ်အားဖြင့် "ရှေး၌ဖြစ်ကုန်သော (ရာဂ, ဒေါသ, မောဟ-ဟူသော) သုံးပါးကုန်သော စရိုက်တို့သည် ရှေးဘဝ၌ လေ့ကျက်ပြုလုပ်ခဲ့ဘူးသော အလေ့အကျက်ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏။ ပထဝီစသောဓာတ်နှင့် သလိပ် လေစသော ဒေါသဟူသောအကြောင်းကြောင့် ဖြစ်ပါပေကုန်၏"ဟု အချို့သော ဥပတိဿထေရ်တို့က (ဝိမုတ္တိမဂ္ဂကျမ်း၌) ဆိုကြပေကုန်၏။ ထိုဆရာတို့ အလိုမှာ—

(၁) ရှေးအတိတ်ဘဝ၌ အကောင်းအမွန် နှစ်သက်ဖွယ်ရာသော အမှုအရာ များသောသူ, တင့်တယ်သော အမှုကို ပြုခြင်းများသော သူသည် ရာဂထူပြောသည် ဖြစ်ခဲ့ပေ၏၊ နတ်ပြည်မှ စုတေ၍ ဤလူ့ပြည်၌ ဖြစ်လာသသူသည်လည်း ရာဂထူပြောသူ ဖြစ်ပေ၏။

(၂) ရှေး၌ ဖြတ်ခြင်း သတ်ခြင်း နှောင်ဖွဲ့ခြင်း ရန်မူခြင်း များသောသူသည် ဒေါသထူပြောသည် ဖြစ်ခဲ့ပေ၏၊ ငရဲဘုံနှင့် နဂါးမျိုးတို့မှ စုတေ၍ ဤလူ့ပြည်၌ ဖြစ်သောသူသည်လည်း ဒေါသထူပြောသူ ဖြစ်ပေ၏။

(၃) ရှေးဘဝ၌ သေသောက်များသောသူသည်ရင်း အကြားအမြင် ဝမ်းထဲပညာ၊ ပညာရှိတပါးကို မေးမြန်းခြင်း ကင်းသော သူသည်ရင်း မောဟထူပြောသည် ဖြစ်ခဲ့ပေ၏၊ တိရစ္ဆာန်မျိုးမှ စုတေ၍ လူ့ပြည်၌ ဖြစ်သောသူသည် မောဟထူပြောသူ ဖြစ်ပေ၏။ ဤသို့ ရှေးဘဝ၌ လေ့ကျက်ဘူးသော အလေ့အကျက်ဟူသော အကြောင်း ရှိကုန်၏ဟု ဆိုကြကုန်၏။

**ဓာတ် ၂-ပါးကြောင့် မောဟစရိုက်ဖြစ်ပုံ။** ။ပထဝီဓာတ်၏ရင်း အာပေါဓာတ်၏ရင်း အဲဒီလို နှစ်ပါးကုန်သော ဓာတ်တို့ ပြန့်ပြောသည်၏ အဖြစ်ကြောင့် ထိုပုဂ္ဂိုလ်သည် မောဟစရိုက်ရှိသူ ဖြစ်ခဲ့ပါပေ၏။

**ဓာတ် ၂-ပါးကြောင့် ဒေါသစရိုက်ဖြစ်ပုံ။** ။ပထဝီ,အာပေါဓာတ်နှစ်ပါးမှ တပါးကုန်သော တေဇောဓာတ်, ဝါယောဓာတ် နှစ်ပါးတို့၏ ပြန့်ပြောသည်၏ အဖြစ်ကြောင့် ဒေါသစရိုက်ရှိသူ ဖြစ်ခဲ့ပါပေ၏။

**ဓာတ် ၄-ပါးကြောင့် ရာဂစရိုက်ဖြစ်ပုံ။** ။ထိုမှတပါး အလုံးစုံသော ဓာတ်လေးပါးတို့၏ မျှသည်၏ အဖြစ်ကြောင့် ထိုပုဂ္ဂိုလ်သည် ရာဂစရိုက်ရှိသူ ဖြစ်ခဲ့ပါပေ၏။

**ဒေါသသို့လိုက်၍ စရိုက်အမျိုးမျိုးဖြစ်ခြင်း။**

။လေ သလိပ် စသော ဒေါသတို့တွင်လည်း သလိပ်လွန်ကဲသော ပုဂ္ဂိုလ်သည် ရာဂစရိုက်ရှိသူ ဖြစ်ခဲ့ပါပေ၏။ (တနည်းမှာကား သလိပ် ဒေါသလွန်ကဲသော ပုဂ္ဂိုလ်သည် မောဟစရိုက်ရှိသူ ဖြစ်ခဲ့ပါပေ၏။) လေလွန်ကဲသော ပုဂ္ဂိုလ်သည် ရာဂစရိုက်ရှိသူ ဖြစ်ခဲ့ပါပေ၏။ ဤသို့ မှတ်ရပေလိမ့်မည်။ ဤသို့ သလိပ် လေဟူသော ဒေါသလျှင် အကြောင်းရှိကုန်၏ဟု ဆိုကြပေကုန်၏။

**အမှုအရာကို ကြည့်ပြီး စရိုက်အမျိုးမျိုးပြသော ဝါဒတမျိုး**

ထိုအချို့ ဆရာတို့ ဆိုသော စကားရပ်၌ ရှေး၌ အကောင်း အမွန် နှစ်သက်ဖွယ်သော အမှုအရာများသောသူ, တင့်တယ်သော အမှုကို ပြုခြင်းများသောသူ, နတ်ပြည်မှ စုတေ၍ ဤလူ့ပြည်၌ ဖြစ်သောသူ, အလုံးစုံသော သူတို့သည် ရာဂထူပြောကြကုန်သည်ချည်းသာ မဖြစ်ပေကုန်။ ဤမှတပါးသော ဖြတ်ခြင်း, သတ်ခြင်း, နှောင်ဖွဲ့ခြင်း, ရန်မူခြင်း များသောသူ၊ငရဲရွာ နဂါးပြည်မှစုတေ၍ ဤလူ့ပြည်၌ ဖြစ်သော အလုံးစုံသော သူတို့သည်လည်း ဒေါသ, မောဟ ထူပြောကုန်သည် ချည်းသာ မဖြစ်ပေကုန်။

ဤအတူ ဓာတ်တို့၏လည်း '(နှစ်ပါးကုန်သော ဓာတ်တို့၏) ဤသို့ အစရှိသည်ဖြင့် ဆိုအပ်ပြီးသော နည်းဖြင့် ထူပြောခြင်းများသောအားဖြင့် ရာဂစရိုက်စသည်တို့ကို မှတ်ခြင်းမည်သည် မြဲခြင်းမည်သည် မရှိခဲ့ပေ။ သလိပ် လေစသော ဒေါသလွန်ကဲသည်၏ အဖြစ်ဖြင့် ရာဂစသော စရိုက်ဖြစ်၏ဟု ဒေါသအားဖြင့် ရာဂစသည်တို့ကို မှတ်ခြင်း၌လည်း ရာဂ မောဟ နှစ်ပါးအပေါင်းကိုသာလျှင် ဆိုအပ်သည် ဖြစ်ခဲ့ပေ၏။ ထိုဒေါသအားဖြင့် အထက်ပါ ဆိုခဲ့သော စကားသည်လည်း ရှေ့နှင့် နောက် ဆန့်ကျင်ဖက်သာလျှင် ဖြစ်ခဲ့ပါပေ၏။ သဒ္ဓါစရိုက်စသည်တို့တွင်လည်း တခုသော စရိုက်၏လည်း အကြောင်းကို အထူး မဆိုခဲ့ပါတကား၊ ထို့ကြောင့် အလုံးစုံသော အချို့သော ဆရာတို့ ဆိုအပ်ပါပေသော စကားသည် (ပညာဖြင့်) ပိုင်းပိုင်းခြားခြား မရှိသော စကားရပ်ပေတည်း။

## ဥဿဒကိတ္တန ထူပြောလွန်ကဲသည်ကို ပြဆိုရာ အခန်း

**ကံကို ဆည်းပူးစဉ် ထူပြောသော တရားအလျောက် အကျိုးပေးပုံ**

အဋ္ဌကထာ ဆရာတို့၏ အလိုတော်မှာကား ဤသတ္တဝါတို့သည် ရှေးဘဝ၌ ဖြစ်သော လောဘစသော အကြောင်းတို့၏ ရှေးဘဝ၌ ဖြစ်သော လောဘစသည်တို့တွင် တပါးပါး ခြံရံအပ်သော အကြောင်း ဇနကကံ၏ မြဲခြင်းသဘော

တည်းဟူသော မှတ်ခြင်း ထူပြောသော လောဘ, ထူပြောသော ဒေါသ, ထူပြောသော မောဟ, ထူပြောသော အလောဘ, ထူပြောသော အဒေါသ, ထူပြောသော အမောဟတို့ ဖြစ်ကြပေကုန်၏။

**ကံကို ဆည်းပူးစဉ် ထက်သန်သော တရားအလိုက် အကျိုးပေးပုံ**

ပေါ်လွင် ထင်ရှားအောင် ဆိုကြပေဦးစို့၊ အကြင်သူအား ကံကို ဆည်းပူးအားထုတ်သော ခဏ၌ လောဘသည် အားသန် အားကြီးသည် ဖြစ်ခဲ့ပါပေ၏။ အလောဘသည် နုံ့ပြီးတော့မှုရင် သေးသိမ် အားနည်းသည်ဖြစ်ပေ၏။ အဒေါသ, အမောဟတို့သည် အားသန်ပါပေ၏။ ဒေါသ, မောဟတို့သည် နုံ့ပြီးတော့မှုရင် သေးသိမ် အားနည်းပါကုန်၏။ ထိုသို့ ဖြစ်သောသူအား နုံ့ပြီးတော့မှုရင် သေးသိမ် အားနည်းသော အလောဘသည် အားသန်အားကြီးသော လောဘကို နှိမ်နင်းလွှမ်းမိုးခြင်းငှါ မတတ်နိုင်ပေ။

**လောဘ-အဒေါသ-အမောဟ ထူပြောသော ပုဂ္ဂိုလ်၏ အမူအရာ**

တဖန် အဒေါသ အမောဟ တို့သည် အားသန် အားကြီးကုန်သည် ဖြစ်၍နုံ့သော အားနည်းသော ဒေါသ, မောဟတို့ကို နှိမ်နင်း လွှမ်းမိုးခြင်းငှါတတ်နိုင်ပေကုန်၏။ ထိုသို့လောဘ, အဒေါသ အမောဟတို့၏ အားသန်အားကြီးသည်၏ အဖြစ်ကြောင့် ဆိုအပ်ပြီးသော အားသန် အားကြီးသော လောဘ စသည်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်ကား အားသန် အားကြီးသော လောဘစသည် ဥပနိဿယည်းရှိသော ကုသိုလ်ကံသည် ပေးအပ်သော ပဋိသန္ဓေအားဖြင့် ဖြစ်လတ်သော် ထိုသူသည် လောဘကြီးသူ ဖြစ်ခဲ့ပါပေ၏၊ သူကို ချမ်းသာစေခြင်း အလေ့ရှိသည် (ဝါ) ပြေပြစ်သည်, အမျက်မထွက်ခြင်း အလေ့ရှိသည် ပညာအားသန် အားကြီးသည် ဝရဇိန်နှင့်တူသော ဉာဏ်ရှိခြင်းတို့သည် ဖြစ်ပါပေကုန်၏။ (၁)

**လောဘ-ဒေါသ-အမောဟထူပြောသောပုဂ္ဂိုလ်၏အမူအရာ။**

။တဖန် အကြင်သူအား ကံကို ဆည်းပူးအားထုတ်သော ခဏ၌ လောဘ, ဒေါသတို့သည် အားရှိပါပေကုန်၏။ အလောဘ, အဒေါသတို့သည် နုံ့ပြီးတော့မှုရင် သေးသိမ် အားနည်း ပါပေကုန်၏။ အမောဟကား အားသန် အားကြီးပြီးတော့မှုရင် မောဟသည် နုံ့ပြီး သေးသိမ် အားနည်းပေ၏။ ထိုဆိုအပ်ခဲ့ပြီးသော အားသန်အားကြီးသော လောဘ, ဒေါသနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် ရှေး၌ ဆိုအပ်ပြီးသော နည်းကို အစဉ်လျှောက်သဖြင့်သာလျှင် လောဘကြီးသည်၏အဖြစ်, ဒေါသသည် ဖျက်ဆီးအပ်သည်၏

အဖြစ်တို့သည် ဖြစ်ပေါ်လာခဲ့ပေ၏။ သို့သော်လည်း ဒတ္တာဘယမထေရ်မြတ်ကဲ့သို့ ပညာအားသန် အားကြီးသည် ဖြစ်၍ ဝရဇိန်နှင့် တူသော ထက်မြက်သောဉာဏ် ရှိသည်၏ အဖြစ်တို့သည် ဖြစ်ခဲ့ကုန်၏။ (၂)

**လောဘ-အဒေါသ-မောဟ-ထူပြောသော ပုဂ္ဂိုလ်၏ အမူအရာ** အကြင် သူအား ကံကို ဆည်းပူး အား ထုတ်သော ခဏ၌ လောဘ, အဒေါသ, မောဟတို့သည် အားသန် အားကြီးပေကုန်၏။ ဤမှတပါးသော အလောဘ, ဒေါသ, အမောဟတို့သည် နုံ့ပြီးတော့မှုရင် သေးသိမ် အားနည်းကုန်၏။ ထိုလောဘ, အဒေါသ, မောဟနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် ရှေး၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင် လောဘကြီးသည်၏ အဖြစ်, ဉာဏ်လေး ဉာဏ်ထိုင်းသည်၏ အဖြစ်တို့သည် ဖြစ်ခဲ့ပါပေကုန်၏။ သို့သော်လည်း သူတပါးကို ချမ်းသာစေခြင်း (ပြေပြစ်ခြင်း), အမျက်ထွက်ခြင်း အလေ့ မရှိပါပေ။ ဗာကုလမထေရ်မြတ်နှင့် အလားတူပင်တည်း။ (၃)

**လောဘ-ဒေါသ-မောဟ ထူပြောသော ပုဂ္ဂိုလ်၏ အမူအရာ** ထိုမှတပါး အကြင်သူအား ကံကို ဆည်းပူးသော ခဏ၌ သုံးပါး အပြား ရှိသည်လည်းဖြစ်ကုန်သော လောဘ, ဒေါသ, မောဟတို့သည် အားရှိပါပေကုန်၏။ အလောဘ, အဒေါသ, အမောဟတို့သည် နုံ့ပြီးတော့မှုရင် သေးသိမ် အားနည်းပေကုန်၏။ ထိုလောဘ, ဒေါသ, မောဟနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ရှေး၌ ဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင် လောဘကြီးသည်၏ အဖြစ်, ဒေါသသည် ဖျက်ဆီး အပ်သည်၏အဖြစ်, မိုက်မဲတွေဝေသည်၏ အဖြစ်တို့သည် ဖြစ်ပေါ်လာခဲ့ပါပေကုန်၏။ (၄)

**အလောဘ-ဒေါသ-မောဟထူပြောသော ပုဂ္ဂိုလ်၏ အမူအရာ** အကြင် သူအား ကံကို ဆည်း ပူးသော ခဏ၌ အလောဘ, ဒေါသ, မောဟတို့သည် အားသန် အားကြီး ပါပေကုန်၏။ ဤမှတပါးသော လောဘ, အဒေါသ,အမောဟတို့သည် နုံ့ ပြီးတော့မှုရင် သေးသိမ် အားနည်း ပေကုန်၏။ ထိုအလောဘ, ဒေါသ, မောဟတို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် ရှေး၌ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင် လောဘ မကြီးသည်၏အဖြစ်, ရာဂကိလေသာ နည်းသည်၏ အဖြစ်တို့သည် ဖြစ်ခဲ့ပါပေ၏၊ နတ်၌ဖြစ်သော အာရုံကိုလည်း မြင်ခဲ့သော် ရာဂဖြင့် တုန်လှုပ်ခြင်း မရှိပေ၊ သို့ရာတွင် ဒေါသ ဖျက်ဆီးအပ်သည်၏ အဖြစ်, ဉာဏ်ထိုင်း ဉာဏ်လေးသည်၏ အဖြစ်သည် ဖြစ်ပါပေ၏။ (၁)

**အလောဘ-အဒေါသ-မောဟ ထူပြောသော ပုဂ္ဂိုလ်၏အမူအရာ**

အကြင် သူအားကံကို ဆည်းပူးသော ခဏ၌ အလောဘ, အဒေါသ, မောဟတို့သည် အားသန် အားကြီးပေကုန်၏၊ ဤမှတပါးသော လောဘ, ဒေါသ, အမောဟတို့သည် နုံ့ပြီးတော့မှုရင် သေးသိမ် အားနည်းပေကုန်၏။ ထို အလောဘ, အဒေါသ, မောဟနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ရှေးက ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် လောဘ မကြီးသည်၏ အဖြစ်, ဒေါသ မဖျက်ဆီးအပ်သည်၏ အဖြစ်, သူကို ချမ်းသာစေခြင်း (ပြေပြစ်ခြင်း) အလေ့ရှိသည်၏ အဖြစ်တို့သည် ဖြစ်ပေါ်လာခဲ့ပါပေကုန်၏၊ သို့ရာတွင် ဉာဏ်လေး ဉာဏ်ထိုင်းပါပေ၏။ (၂)

**အလောဘ-ဒေါသ-အမောဟ ထူပြောသော ပုဂ္ဂိုလ်၏အမူအရာ**

ထိုမှတပါး အကြင် သူအားကံကို ဆည်းပူးသော ခဏ၌ အလောဘ, ဒေါသ, အမောဟတို့သည် အားသန် အားကြီးပေကုန်၏၊ ဤမှ တပါးသော လောဘ, အဒေါသ, မောဟတို့သည် နုံ့ပြီးတော့မှုရင် သေးသိမ် အားနည်းပေကုန်၏၊ ထို အလောဘ, ဒေါသ, အမောဟနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ရှေး၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင် လောဘမကြီးသည်၏ အဖြစ်, ပညာ အားသန်သည်၏ အဖြစ်တို့သည် ဖြစ်ခဲ့ပေကုန်၏၊ သို့ရာတွင် ဒေါသသည် နှိပ်စက်အပ်သည် ဖြစ်၍ အမျက်ထွက်လေ့ရှိပါပေ၏။ (၃)

**အလောဘ-အဒေါသ-အမောဟ ထူပြောသော ပုဂ္ဂိုလ်၏အမူအရာ**

ထိုမှတပါး အကြင် သူအားကံကို ဆည်းပူးသော ခဏ၌ သုံးပါး အပြားရှိသည်လည်း ဖြစ်ကုန်သော အလောဘ, အဒေါသ, အမောဟတို့သည် အားသန် အားကြီးပေကုန်၏၊ ဤမှတပါးသော လောဘ, ဒေါသ, မောဟတို့သည် နုံ့ပြီးတော့မှုရင် သေးသိမ် အားနည်းပေကုန်၏၊ ထိုအလောဘ, အဒေါသ, အမောဟနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ရှေး၌ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်သာလျှင် မဟာသံဃရက္ခိတ မထေရ်မြတ်ကဲ့သို့ လောဘမကြီးသည်၏ အဖြစ်, ဒေါသသည် မဖျက်ဆီးအပ်သည်၏အဖြစ်, ပညာ အားသန် အားကြီးသည်၏ အဖြစ်တို့သည် ဖြစ်ခဲ့ပါပေကုန်၏။ (၄)

ဤဆိုခဲ့ပြီးသော (ဥဿဒ ကိတ္တန)ဟူသော စကားရပ်ကို စိစစ်ရာ၌ လောဘကြီးသူကို ရာဂစရိုက်ရှိသူ ဟူ၍ သိအပ်၏၊ ဒေါသကြီးသူ, ဉာဏ်ပညာ ထုံထိုင်းသော ပုဂ္ဂိုလ်တို့ကို ဒေါသ စရိုက်ရှိသူ, မောဟ စရိုက်ရှိသူဟု သိအပ်ပေကုန်၏၊ ပညာ အားကြီးသော ပုဂ္ဂိုလ်ကို ဗုဒ္ဓိစရိုက်ရှိသူဟု သိအပ်ပေ၏၊ လောဘ မကြီး

သူ့ ဒေါသမကြီးသူ ပုဂ္ဂိုလ်တို့သည် ကြည်လင်ခြင်း ပင်ကို သဘောရှိသည်၏ အဖြစ်ကြောင့် သဒ္ဓါစရိုက်ရှိသူ ဟူ၍ သိအပ်ပေကုန်၏။

တနည်းမှာကား အမောဟ အခြံအရံရှိသော ကံကြောင့် ဖြစ်သော ပုဂ္ဂိုလ်သည် ဗုဒ္ဓိစရိုက်သည် ဖြစ်လေဘိသကဲ့သို့ ဤအတူ အားသန် အားကြီးသော သဒ္ဓါအခြံအရံရှိသော ကံကြောင့် ဖြစ်သော ပုဂ္ဂိုလ်သည် သဒ္ဓါစရိုက်သည် ဖြစ်ခဲ့ပေ၏၊ ကာမဝိတက် စသည် အခြံအရံဖြစ်သော ကံကြောင့်ဖြစ်သော ပုဂ္ဂိုလ်သည် ဝိတက်စရိုက်သည် ဖြစ်ခဲ့ပေ၏၊ လောဘ, မောဟ အစရှိသည်ဖြင့် အချင်းချင်း မဆန့်ကျင်သည်ဖြစ်၍ ရောသော အခြံအရံရှိသော ကံကြောင့်ဖြစ်သော ပုဂ္ဂိုလ်သည် ရောသော စရိုက်ရှိသူ ဖြစ်ခဲ့ပေ၏။

ဤဆိုခဲ့သည့်အတိုင်း လောဘ စသည်တို့တွင် တပါးပါး ခြံရံသော ပဋိသန္ဓေကို ဖြစ်စေသည့် ကံသည် စရိုက်တို့၏အကြောင်းရင်းဖြစ်သည်ဟု သိအပ်ပေ၏။

"ဤပုဂ္ဂိုလ်ကား ရာဂစရိုက်ရှိသော ပုဂ္ဂိုလ်ဟု အဘယ်သို့ သိအပ်သနည်း" ဤသို့ အစရှိသော မေးခွန်းကို ဆိုခဲ့ပြီ၊ ထိုမေးခွန်း၌ ဤဆိုလတ္တံ့သည်ကား သိကြောင်း နည်းပေတည်း။

ဣရိယာပထတော ကိစ္စာ၊ ဘောဇနာ ဒဿနာဒိတော။
ဓမ္မပ္ပဝတ္တိတော စေဝ၊ စရိယာယော ဝိဘာဝယေတိ။

ဣရိယာပထတော၊ ဣရိယာပထ အားဖြင့်၎င်း။ ကိစ္စာ၊ ကိစ္စ အားဖြင့်၎င်း။ ဘောဇနာ၊ ဘောဇဉ်အားဖြင့်၎င်း။ ဒဿနာဒိတော၊ ကြည့်ရှုခြင်း အစရှိသော အားဖြင့်၎င်း။ ဓမ္မပ္ပဝတ္တိတော စေဝ၊ မာယာ, သာဌေယျ စသော ဓမ္မတို့၏ ဖြစ်ခြင်း အားဖြင့်၎င်း။, စရိယာယော၊ စရိုက်တို့ကို။ ဝိဘာဝယေ၊ ပြရာ၏။ ဣတိအယံ၊ ဤသည်ကား။ နယော၊ သိကြောင်း နည်းပေတည်း။

**ဣရိယာပထ စသောအားဖြင့် စရိုက် အမျိုးမျိုးကို ပြခြင်း**

စရိုက်တို့ကို ပြဆိုရာဝယ် ဣရိယာပထ အားဖြင့်၎င်း ကိစ္စအားဖြင့်၎င်း ဘောဇဉ်အားဖြင့်၎င်း ကြည့်ရှုခြင်း အစရှိသောအားဖြင့်၎င်း မာယာ သာဌေယျစသော ဓမ္မတို့၏ ဖြစ်ခြင်းအားဖြင့်၎င်း စရိုက်တို့ကို ပြဆိုပေရာ၏။

**သွားခြင်းစသော ဣရိယာပုထ်တို့ဖြင့် စရိုက်ကို ပြခြင်း။**

။ဣရိယာပထအားဖြင့် ပြဆိုရာ၌ ရာဂစရိုက်ရှိသူသည် မပြုမပြင် သဘောအတိုင်း သွားခြင်းဖြင့် သွားသည်ရှိသော် ယဉ်ကျေးတင့်တယ်သည်၏ အဖြစ်ဖြင့် စံပယ်ခြင်းဖြင့် သွား၏။ ဖြည်းဖြည်း

ညွှင်းညွှင်း(အသာ အယာ)ခြေကို ယဥ်ရှံချ၏၊ အညီအညာ ချ၏၊ အညီအညာ ချီကြွ၏။ ,ထိုရာဂစရိုက်ရှိသော ပုဂ္ဂိုလ်၏ ခြေရာသည် အလယ်မထိသည် ဖြစ်၏။

ဒေါသစရိုက်ရှိသော ပုဂ္ဂိုလ်၏ ခြေရာသည် ခြေဖျားတို့ဖြင့် မြေကိုတူးလေဘိသကဲ့သို့ သွားပေ၏၊ အဆောတလျင် ကတိုက် ကရိုက် ခြေကို ချ၏၊ အဆောတလျင် ကတိုက် ကရိုက် ချီကြွ၏။ ထိုဒေါသစရိတ ပုဂ္ဂိုလ်၏ ခြေရာသည်လည်း နောက်အဘို့အားဖြင့် ဆွဲငင်ဘိသကဲ့သို့ပင် ရှိပါပေ၏။

မောဟစရိုက်ရှိသော ပုဂ္ဂိုလ်၏ ခြေရာသည် ထက်ဝန်းကျင်မှ ဖယ်ယမ်း ဖယ်ယမ်း နှောင့်ယှက်သော သွားခြင်းဖြင့် သွား၏၊ ယိုတီး ယိုတိုကဲ့သို့ ခြေကို ချ၏၊ ယိုတီး ယိုတိုကဲ့သို့ ခြေကို ချီကြွ၏။ ထိုမောဟစရိုက် ပုဂ္ဂိုလ်၏ ခြေရာသည်လည်း အဆောတလျင် ခြေဖျားဖနှောင့်ဖြင့်သာ ထောက်မိ နင်းမိပေ၏။

မာဂဏ္ဍိယသုတ်၏ အဋ္ဌုပ္ပတ္တိ၌လည်း—

"ရာဂထူပြောသော ပုဂ္ဂိုလ်၏ ခြေရာသည် အလယ်မထိ ဆောင့်ကြွားရှိသည် ဖြစ်ခဲ့ပါပေ၏။

ဒေါသစရိုက်ထူပြောသော ပုဂ္ဂိုလ်၏ ခြေရာသည် နောက်အဘို့အား ဖြင့် ဆွဲငင်ဘိသကဲ့သို့ပင် ရှိပါပေ၏။

မောဟစရိုက်ထူပြောသော ပုဂ္ဂိုလ်၏ ခြေရာသည် အဆောတလျင် ခြေဖျားဖနှောင့်ဖြင့်သာ ထောက်မိ နင်းမိပါပေ၏။

ဖွင့်လှစ်ပယ်ခွါအပ်ပြီးသော ကိလေသာတည်းဟူသော အမိုးရှိသော အရှင်၏ ခြေရာသည် အညီအညွတ် ညီညီညာညာ ကောင်းစွာ ထိသည် ဖြစ်၍ ဤခြေရာကဲ့သို့ သဘောရှိပေ၏။ ထို့ကြောင့် ဤခြေရာသည် ဖွင့်လှစ် ပယ်ခွါအပ်ပြီးသော ကိလေသာတည်းဟူသော အမိုးရှိသော အရှင်၏ ခြေရာပေတည်း" ဟူသော ဤစကားကို ဟောထားတော်မူပါသည်။

**ရပ်ခြင်း ဣရိယာပုထ်ဖြင့် စရိုက်ကို ပြခြင်း။** ။ရာဂစရိုက်ထူပြောသော ပုဂ္ဂိုလ်၏ ရပ်ခြင်းသည်လည်း ကြည်ညိုစေခြင်းကို ဆောင်တတ်သည် ယဥ်ကျေးတင့်တယ် လိုစချင်ဖွယ်သော အခြင်းအရာရှိပါပေ၏။

ဒေါသစရိုက်ထူပြောသော ပုဂ္ဂိုလ်၏ ရပ်ခြင်းသည်လည်း သံချောင်းကို မျိုသော စပါးကြီးမြွေဝမ်းကဲ့သို့ ကြမ်းတမ်းခိုင်မာသော အခြင်းအရာရှိပါပေ၏။

မောဟစရိုက်ဘူပြောသော ပုဂ္ဂိုလ်အား နှောင့်ယှက်သော အခြင်းအရာ ရှိခဲ့ပါပေ၏။

ထိုင်ခြင်း ဣရိယာပုထ်၌လည်း ဤဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းသာလျှင် သိအပ်ပါပေ၏။

**ရာဂစရိုက်ထူပြောသူ၏ အပြုအမူ။** ။ရာဂစရိုက်ထူပြောသော ပုဂ္ဂိုလ်သည် မဆောမလျင် ဖြည်းဖြည်းသာသာနှင့် အညီအညွတ် သပ်သပ်ယပ်ယပ် အိပ်ရာနေရာကို ခင်းတဲ့၍ သက်သက်သာသာ လျောင်းပြီးတော့မှရင် အင်္ဂါကြီးငယ်တို့ကို ကောင်းစွာ သိုထား သိမ်းဆည်း၍ ကြည်ညိုဖွယ်ရာ ဖြစ်သော အခြင်းအရာဖြင့် အိပ်စက်ပေ၏၊ ထစေအပ်ပါသော်လည်း လျင်လျင် မြန်မြန် မထမူ၍ ရွံ့ရှာခန့်ညားသကဲ့သို့ သက်သက်သာသာ စကားတို့ကို ပေးလေ၏။

**ဒေါသစရိုက်ထူပြောသူ၏ အပြုအမူ။** ။ဒေါသစရိုက် ထူပြောသော ပုဂ္ဂိုလ်သည် အဆောတလျင် ဟုတ်ဟုတ် ငြားငြား အိပ်ရာကို ခင်း၍ အဆောတလျင် ပစ်လှဲလျက် ထန်းပင်လည်းသည့် ပမာ ကျသော ကိုယ် မျက်မှောင်ကြုတ်သည်ကို ပြုပြီးတော့မှရင် အိပ်၏၊ အိပ်ရာမှ ထလတ်ပါသည် ရှိသော်လည်း လျင်မြန်စွာ ထ၍ အမျက်ထွက်ဘိ သကဲ့သို့ မချေမင် ဆတ်ဆတ် များများ စကားတို့ကို ပြောကြားပေ၏။

**မောဟစရိုက်ထူပြောသူ၏ အပြုအမူ။** ။မောဟစရိုက် ထူပြောသော ပုဂ္ဂိုလ်သည် မလျော်ကမ်ပတ် မနှစ် မရှား အထား အသိုရှိသော အိပ်ရာခင်းပြီးတော့မှရင် ထိုမှ ဤမှ ပစ်ကြဲအပ်သော မတင့်မတယ် အင်္ဂါကြီးငယ်ရှိသည် ဖြစ်၍ များသောအားဖြင့် မှောက်ခုံဖြစ်လျက် အိပ်တတ်ပါပေ၏။ အိပ်ရာမှ ထလတ်ပါသည် ရှိသော် ဟုံးဟုံး ဟင်းဟင်း သမ်းဟဲခြင်းကို ပြုလျက် လေးလေး လံလံ ထပါပေ၏။

တဖန် ဆက်ကြဦးမှို့ သဒ္ဓါစရိုက် အစရှိသည် တို့သည် ရာဂစရိုက် အစရှိသည် တို့နှင့် အကြင့်ကြောင့် သဘောတူပါ ပေကုန်၏။ ထိုကြောင့် ထို သဒ္ဓါစရိုက် စသည် ထူပြောသော ပုဂ္ဂိုလ်တို့၏လည်း ထို ရာဂစရိုက်စသည် ထူပြောသော ပုဂ္ဂိုလ်တို့နှင့် သဘောတူသည်သာလျှင် ဖြစ်သော ဣရိယာပုထ်သည် ဖြစ်ခဲ့ပါပေ၏။

ဤဆိုခဲ့သည့်အတိုင်း ရှေးဦးစွာ ဣရိယာပုထ်အားဖြင့် စရိုက်ကို ပြရာ၏။

**ရာဂစရိုက်ထူပြောသူ၏ အလုပ်ကိစ္စ။** ။ကိစ္စဟူသော စကားရပ်မှာကား တံမြက် လှည်းခြင်း အစရှိကုန်သော ကိစ္စတို့ကို ပြု အပ်ပါကုန်သည် ရှိသော် ရာဂစရိုက် ထူပြောသော ပုဂ္ဂိုလ်သည် ကောင်းမွန်စွာ တံမြက်ဆုပ်ကို ကိုင်၍ မဆောမလျင် ဖြည်းဖြည်း သာသာ သဲကို ဖရိုဖရဲ မကြဲ

မှု၍ ရေညွှန့်ပန်းကို ဖြန့်ခင်းသကဲ့သို့ ဖြန့်ခင်းလျက် စင်ကြယ်စွာ အညီအညွတ် တံမြက်လှည်းခြင်းကို ပြုရာ၏။

**ဒေါသစရိုက် ထူပြောသူ၏ အလုပ်ကိစ္စ။** ။ဒေါသစရိုက် ထူပြောသော ပုဂ္ဂိုလ်သည် တင်းတင်း ကြပ်ကြပ် တံမြက်ဆုပ်ကို ကိုင်ယူ၍ လျင်မြန်သော သဘောရှိသည်ဖြစ်၍ ဝဲယာ နှစ်ဖက်အားဖြင့် သဲကို ဖယ်ရှားလျက် ကြမ်းသောအသံဖြင့် မစင်မကြယ် မညီမညွတ် တံမြက်လှည်းခြင်းကို ပြု၏။

**မောဟစရိုက် ထူပြောသူ၏ အလုပ်ကိစ္စ။** ။မောဟစရိုက် ထူပြောသော ပုဂ္ဂိုလ်သည် လျော့လျော့ တံမြက်ဆုပ်ကို ကိုင်ယူ၍ ထိုမှ ဤမှ ပြန့်၍ သဲ အမှိုက်တို့ကို မွှေနှောက်လျက် မစင်မကြယ် မညီမညွတ် တံမြက်လှည်းခြင်းကို ပြု၏။

**တံမြက်လှည်းရာ၌ကဲ့သို့ သက်နှိုးစသော ကိစ္စတို့၌လည်း နှိုင်းယှဉ်သိရန်** တံမြက်လှည်းရာ၌ ကဲ့သို့ ထိုသည့် မခြားအလားတူစွာ သင်္ကန်း ဖွတ်ခြင်း သင်္ကန်း ဆိုးခြင်း အစရှိကုန်သော ခပ်သိမ်းသော ကိစ္စတို့၌လည်း ရာဂစရိုက် ထူပြောသော ပုဂ္ဂိုလ်သည် ကျွမ်းကျွမ်း ကျင်ကျင် အသိမ်အမွေ့ အကောင်း အမွန် ညီညီညွတ်ညွတ် အရှိအသေ ပြုပြုပြင်ပြင် ပြုလေ့ရှိပါပေ၏။

ဒေါသစရိုက် ထူပြောသော ပုဂ္ဂိုလ်သည် မြဲမြဲ ကြပ်ကြပ် တက်တက် ကြွကြွ မညီ မညွတ် တစိတစောင်း ပြုလေ့ ရှိပါပေ၏။

မောဟစရိုက် ထူပြောသော ပုဂ္ဂိုလ်သည် မကျွမ်း မကျင် ကြမ်းကြမ်း ယုတ်ယုတ် နှောင့်နှောင့် ယှက်ယှက် ရှုပ်ရှုပ် ထွေးထွေး မညီမညွတ် မပြေ မပြစ် မ ိုင်းမပြတ် ပြုလေ့ ရှိပါပေ၏။

ရာဂစရိုက် ထူပြောသော ပုဂ္ဂိုလ်၏ သင်္ကန်းကို ဝတ်ရုံခြင်းသည်လည်း မတင်း လွန်း မလျော့လွန်း ပါပဲလျက်နှင့် ကြည်ညိုဖွယ်ရာဂုဏ်ကို ဆောင်ပြီးတော့မှရင် အဝန်းညီစွာ ဝတ်ရုံပါ ပေ၏။

ဒေါသစရိုက် ထူပြောသော ပုဂ္ဂိုလ်အား တင်းတင်း ကြပ်ကြပ်နှင့် အဝန်း ညီညွတ်မှု မရှိပါပဲလျက်နှင့် ဝတ်ရုံပါပေ၏။

မောဟစရိုက် ထူပြောသော ပုဂ္ဂိုလ်အား လျော့လျော့ လျည်းလျည်း ဖြစ် ပြီးတော့မှရင် ရှုပ်ရှုပ်ထွေးထွေး ပြုလုပ်ပြီးတော့မှရင် ဝတ်ရုံခြင်းကို ပြုလုပ် ဟတ်ပါပေ၏။

**သဒ္ဓါစရိုက် စသည်တို့ကို ရာဂစရိုက်စသည်တို့နှင့် နှိုင်းယှဉ်သိရန်** သဒ္ဓါစရိုက် ထူပြောသော ပုဂ္ဂိုလ် အစ ရှိသည်တို့ကို ထိုရာဂစရိုက် ထူပြောသော သူအစရှိသော ပုဂ္ဂိုလ်တို့၏ အပြုအမူကိုသာလျှင် အစဉ်လျှောက်သဖြင့် သိအပ်ပေကုန်၏။ ထိုရာဂစရိုက် ထူပြောသော ပုဂ္ဂိုလ် စသည်တို့နှင့် တူသောသဘော ရှိသည်၏ အဖြစ်ကြောင့်ပေတည်း။

ဤဆိုခဲ့ပြီးသည့်အတိုင်း ကိစ္စအားဖြင့် စရိုက်တို့ကို ပြရာ၏။

**ရာဂစရိုက်ထူပြောသူ၏ ဘောဇဉ်သုံးဆောင်မှု၌ သိရန်။** ။ရာဂစရိုက်ထူပြောသော ပုဂ္ဂိုလ်သည် နူးညံ့သိမ်မွေ့ ကောင်းမွန် ချိုမြိန်သော ဘောဇဉ်ကို ကြိုက်နှစ်သက်တတ်ပါပေ၏။ သုံးဆောင် မှီဝဲ ပါသော်လည်း ဆွမ်းလုပ် မကြီးလွန်းပဲနှင့် အဝန်းညီသော ဆွမ်းလုပ်ကို ပြုလျက် အထူးထူးသော အရသာကို ခံလျက် မဆောမလျင် ဖြည်းညှင်းသက်သာ စားတတ်၏။ ထိုမှတပါး စိုးစဉ်း ကောင်းမွန် သာယာ အပ်သော အရသာကိုသာလျှင် ရလျှင် ဝမ်းမြောက်ခြင်းသို့ ရောက်တတ်၏။

**ဒေါသစရိုက် ထူပြောသူ၏ ဘောဇဉ် သုံးဆောင်မှု၌ သိရန်။** ။ဒေါသ စရိုက်ထူပြောသောပုဂ္ဂိုလ်သည် ကြမ်းတမ်းသော ဘောဇဉ်, ချဉ်သောဘောဇဉ်ကို ကြိုက်နှစ်သက်တတ်ပါပေ၏။ သုံးဆောင်မှီဝဲ ပါသော်လည်း (ပလုပ် ပလောင်း) အဆောတလျင် ခံတွင်းသို့ ပြည့်စေသော ဆွမ်းလုပ်ကို ပြုပြီးတော့မှရင် အရသာကို မခံစားပါပဲလျက်နှင့် အလျင်စလို သုံးဆောင် မှီဝဲတတ်ပါပေ၏။ ထိုမှတပါး တစုံတခုသာလျှင်ဖြစ်သော မကောင်းမွန်သော အရသာကို ရ၍ နှလုံးမကြည်လင်ခြင်းသို့ ရောက်ခဲ့ပါပေ၏။

**မောဟစရိုက် ထူပြောသူ၏ ဘောဇဉ် သုံးဆောင်မှု၌ သိရန်။** ။မောဟ စရိုက် ထူပြောသော ပုဂ္ဂိုလ်သည် အမှတ်မဲ့သော ဘောဇဉ်ကို ကြိုက်တတ်ပါပေ၏၊ ကိန်းသေသတ်မှတ်မှုမရှိပေ။ သုံးဆောင်မှီဝဲပါသော်လည်း အဝန်းလည်း မညီ သေးငယ်သော ဆွမ်းလုပ်ကို ပြုပြီးတော့မှရင် ဆွမ်းခွက်၌ ဆွမ်းလုံးကို စွန့်လျက် ခံတွင်းကို လူးလဲစေပြီး မငြိမ်သက်သော စိတ်အားဖြင့် ထိုထိုအာရုံကို ကြံလျက် သုံးဆောင် မှီဝဲပါပေ၏။

**သဒ္ဓါစရိုက်စသည်ကို ရာဂစရိုက်စသည်တို့ နည်းတူသိပုံ။** ။သဒ္ဓါစရိုက် ထူပြောသော ပုဂ္ဂိုလ်အစ ရှိသည်တို့ကိုလည်း ထိုရာဂ စရိုက် ထူပြောသော ပုဂ္ဂိုလ်တို့ကိုသာလျှင် အစဉ်

လျော်ကသဖြင့် သိအပ်ပါပေကုန်၏။ ထိုရာဂစရိုက် ထူပြောသော ပုဂ္ဂိုလ်စသည်တို့နှင့် သဘောတူသည်၏ အဖြစ်ကြောင့် ပေတည်း။

ဤဆိုခဲ့သည့်အတိုင်း ဘောဇဉ်အားဖြင့် စရိုက်တို့ကို ပြရာ၏။

**ရာဂစရိုက် ထူပြောသူ၏ကြည့်ရှုရာ၌ သိရန်။** ။ရာဂစရိုက် ထူပြောသော ပုဂ္ဂိုလ်သည် စဉ်းငယ် အနည်း ငယ်မျှလည်းဖြစ်သော နှလုံးသားကို မွေ့လျော် စေတတ်သော ရုပ် အဆင်း အာရုံ လက္ခဏာကိုမြင်၍ အံ့သြဖွယ်ရာ ဖြစ်လေဘိသကဲ့သို့ ကြာမြင့်စွာ ကြည့်ရှုတတ်ပါပေ၏။ ကာမအာရုံ အနည်းငယ်မျှ ဖြစ်သော ဂုဏ်ကျေးဇူး၌ တွယ်တာကပ်ငြိပေ၏။ ဟုတ်မှန် ထင်ရှားသည်လည်း ဖြစ်သော အပြစ်ကို မယူ (မမြင်) တော့ပေ၊ နေရာမှ ဖဲခွါ သွားရပါသော်လည်း မလွှတ်လိုသည်ဖြစ်၍ သာလျှင် တငဲ့ကွက်ကွက် (လှည့်၍ လှည့်၍)သာ ပြု၍ နေရာမှ ဖဲခွါ သွားတတ်ပေ၏။

**ဒေါသစရိုက် ထူပြောသူ၏ ကြည့်ရှုရာ၌ သိရန်။** ။ဒေါသစရိုက် ထူပြောသော ပုဂ္ဂိုလ်သည် စဉ်းငယ် အနည်းငယ်လည်းဖြစ်သော နှလုံးသားကို မမွေ့လျော်စေတတ်သော ရုပ်အဆင်းအာရုံ လက္ခဏာကို မြင်၍ ထိုမနှစ်သက်၊ မမြတ်နိုးဖွယ်ရာ အာရုံကိုလည်း မခံနိုင်သဖြင့် ပင်ပန်းခြင်း ဖြစ်လေဘိသကဲ့သို့ ကြာမြင့်စွာ မကြည့်ရှုတတ်ပေ၊ ကာမအာရုံ အနည်းငယ်ဖြစ်သော အပြစ်၌ ပင်ပန်းဆင်းရဲပြီးတော့မှုရင် အမျက်ထွက်တတ်ပေ၏။ ဟုတ်မှန်ထင်ရှားပါသော်လည်း ဂုဏ်ကျေးဇူးကို မယူတော့ပေ၊ နောက်ဆုံးနေရာမှ ဖဲခွါသွားရပါသော်လည်း လွှတ်လိုသည်သာလျှင် ဖြစ်ပြီးကော့မှ နောက်သို့ ငဲ့ကွက်မှု မရှိပါပဲလျက်နှင့် ဖဲခွါ သွားတတ်ပါပေ၏။

**မောဟစရိုက် ထူပြောသူ၏ကြည့်ရှုရာ၌ သိရန်။** ။မောဟစရိုက် ထူပြောသော ပုဂ္ဂိုလ်သည် တစုံတခုသော ရုပ်အဆင်းအာရုံ လက္ခဏာကိုမြင်၍ သူတပါးကို ပုံ၍ ယုံကြည်ခြင်း ဖြစ်တတ်ပါပေ၏၊ ကဲ့ရဲ့သော သူတပါး၏စကားကို ကြားသိခဲ့ရလျှင် ကဲ့ရဲ့တတ်၏၊ ချီးမွမ်းသော သူတပါး၏စကားကို ကြားသိရလျှင် ချီးမွမ်းတတ်ပေ၏၊ မိမိမူကား မသိခြင်း တည်းဟူသော အကြောင်းကြောင့်ဖြစ်သော ဥပေက္ခာဖြင့် လျစ်လျူရှုအပ်သည်သာလျှင် ဖြစ်တတ်ပါပေ၏။ အသံကို နားထောင်ခြင်း အစရှိသည်တို့၌လည်း ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းသာလျှင် သိအပ်ပါပေ၏။

**သဒ္ဓါစရိုက် စသည်တို့ကို ရာဂစရိုက် စသည်တို့နှင့် နှိုင်းယှဉ်သိရန်** သဒ္ဓါစရိုက်ရှိသော ပုဂ္ဂိုလ် အစရှိသည် တို့ကိုလည်း ဆိုအပ်ခဲ့ပြီးသော ရာဂစရိုက် ထူပြောသော ပုဂ္ဂိုလ်စသည်တို့၏ သဘောကိုသာလျှင် အစဉ်လျော်က

သဖြင့် သိအပ်ပါပေကုန်၏။ အဘယ့်ကြောင့်ဆိုသော် ထိုသဒ္ဓါစရိုက်ရှိသူ စသည်တို့သည် ထိုရာဂစရိုက်ထူပြောသော ပုဂ္ဂိုလ်စသည်တို့နှင့် သဘောတူသည်၏ အဖြစ်ကြောင့် ပေတည်း။

ဤသို့ ဆိုခဲ့သည့်အတိုင်း ကြည့်ရှုခြင်း စသည်အားဖြင့် စရိုက်တို့ကို ပြရာ၏။

**ရာဂစရိုက် ထူပြောသော ပုဂ္ဂိုလ်တို့၌ ဖြစ်သောတရား။** ။ရာဂစရိုက် ထူပြောသောပုဂ္ဂိုလ်အား–

(က) မိမိ၌ ထင်ရှားရှိသော အပြစ်ကို ဖုံးလွှမ်းခြင်း လက္ခဏာရှိသော လှည့်ပတ်ခြင်း 'မာယာ'၊

(ခ) မိမိ၌ ထင်ရှား မရှိသောဂုဏ်ကို ဖော်ပြလျက် စဉ်းလဲခြင်း လက္ခဏာရှိသော ယုတ်သောအလို 'သာဌေယျ'၊

(ဂ) မြင့်မောက် တက်ကြွခြင်း 'မာန'၊

(ဃ) အလိုဆိုး ရမ္မက်နှိပ်စက်ခြင်း 'ပါပိစ္ဆတာ'၊

(င) ထင်ရှားရှိသော ဂုဏ်ဖြင့် ချီးမွမ်းခြင်းကို အရင်းမူသဖြင့် ခံခြင်း၌ အတိုင်းအရှည်ကို မသိသည်၏ အဖြစ်လျှင် လက္ခဏာရှိသော ကြီးသောအလို 'မဟိစ္ဆတာ'၊

(စ) မိမိလက်ဖြင့် မရောင့်ရဲခြင်း လက္ခဏာရှိသော 'အသန္တုဋ္ဌိတာ'၊

(ဆ) ထိက စူးတတ်သည်ဖြစ်၍ သားချိုနှင့် တူသောကြောင့် သိင်္ဂ မည်သော ပြည်ကြီးသူတို့ကဲ့သို့ စမွယ်သောသူ၏အဖြစ် ကိလေသာ ဟူသော 'သိင်္ဂ'၊

(ဇ) မိမိကိုယ်ကိုရင်း, သက်နှီးစသော ပရိက္ခရာတို့ကိုရင်း တန်းဆာ ဆင်ခြင်း၏ အစွမ်းဖြင့်ဖြစ်သော လျှပ်ပေါ်သောသူ၏ အဖြစ်ဟူသော 'စာပလျ'၊

ဤသို့ အစရှိကုန်သော အဟိရိက, အနောတ္တပ္ပ, မဒ, ပမာဒ-စသော ပါပဓမ္မတို့သည် များစွာပင် ဖြစ်လာပေကုန်၏။

**ဒေါသစရိုက်ထူပြောသော ပုဂ္ဂိုလ်တို့၌ ဖြစ်သောတရား** ဒေါသစရိုက်ထူပြော ပုဂ္ဂိုလ်အား—

(က) ရှေးဦးစွာ အမျက်ထွက်ခြင်း 'ကောဓ'၊

(ခ) သူကျေးလွန်သော အပြစ်ကို ဖွဲ့ချည်မှတ်ထားခြင်း လက္ခဏာရှိသောရန်ငြိုးဖွဲ့ခြင်း 'ဥပနာဟ'

(ဂ) သူ့ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း လက္ခဏာရှိသော 'မက္ခ'၊
(ဃ) သူနှင့်ဂုဏ်ရည်တူ ယှဉ်စုံအင်တူ ယူခြင်းလက္ခဏာရှိသော'ပဠာသ'၊
(င) သူ့စည်းစိမ်ကို ငြူစူခြင်း လက္ခဏာရှိသော 'ဣဿာ'၊
(စ) မိမိစည်းစိမ်ကို ဝန်တို လျှို့ဝှက်ခြင်း လက္ခဏာရှိသော 'မစ္ဆရိယ'၊

ဤသို့ အစရှိကုန်သော ဒေါသစဿဟာ, ပါပမိတ္တတာ အစရှိသော ပါပဓမ္မတို့သည် များစွာပင် ဖြစ်လာပေကုန်၏။

မောဟ စရိုက် ထူပြောသော ပုဂ္ဂိုလ်တို့၌ ဖြစ်သောတရား　　မောဟ စရိုက် ထူပြောသော ပုဂ္ဂိုလ်အား—

(က) စိတ်၏ ထိုင်းမှိုင်းခြင်း 'ထိန'၊
(ခ) စေတသိက်တို့၏ ထိုင်းမှိုင်းခြင်း 'မိဒ္ဓ'၊
(ဂ) စိတ်၏ပျံ့လွင့်ခြင်း 'ဥဒ္ဓစ္စ'၊
(ဃ) နောင်တ ပူပန်ခြင်း 'ကုက္ကုစ္စ'၊
(င) ယုံမှားခြင်း 'ဝိစိကိစ္ဆာ'၊
(စ) မသင့်သောအားဖြင့် မြဲစွာ စွဲလမ်းခြင်း လက္ခဏာရှိသော သူ၏ အဖြစ် ဟူသော 'အာဓာနဂ္ဂါဟိတာ'၊
(ဆ) မိမိစွဲလမ်းအပ်သော မိစ္ဆာအယူကို စွန့်လွှတ်ခဲသော သူ၏ အဖြစ် ဟူသော 'ဒုပ္ပဋိနိဿဂ္ဂိတာ'—

ဤသို့ အစရှိကုန်သော မုဋ္ဌဿစ္စ, အသမ္ပဇည-စသော ပါပဓမ္မတို့သည် များစွာပင် ဖြစ်လာပေကုန်၏။

သဒ္ဓါစရိုက်ထူပြောသောပုဂ္ဂိုလ်တို့၌ ဖြစ်သောတရား　　သဒ္ဓါစရိုက် ထူပြောသော ပုဂ္ဂိုလ်အား—

(က) လွတ်လွတ် စွန့်ကြဲခြင်း ရှိသည်၏အဖြစ် 'မုတ္တစာဂတာ'၊
(ခ) အရိယာတို့ကို ဖူးမြင်လိုသည့်အဖြစ်'အရိယာနံ ဒဿနကာမတာ'၊
(ဂ) သူတော်ကောင်းတို့၏ တရားတော်ကို နာကြားလိုသည်၏ အဖြစ် 'သဒ္ဓမ္မံ သောတုကာမတာ'၊
(ဃ) ဝမ်းမြောက်ခြင်း များသည်၏အဖြစ် 'ပါမောဇ္ဇဗဟုလတာ'၊
(င) မစဉ်းလဲသည်၏ အဖြစ် 'အသဌတာ'၊
(စ) မာယာ မများသည်၏ အဖြစ် 'အမာယာဝိတာ'၊

(ဆ) ကြည်ညိုဖွယ်ရာကို ဆောင်တတ်ကုန်သော ဘုရား, တရား, သံဃာ သာဓုကောင်းမြတ်သောဝတ္ထုတို့ကို ကြည်ညိုခြင်း'ပသာဒနီယေသု ဌာနေသု ပသာဒေါ'၊

ဤသို့ အစရှိကုန်သော တရားတို့သည် များစွာပင် ဖြစ်လာပေကုန်၏။

ဗုဒ္ဓိစရိုက်ထူပြောသောပုဂ္ဂိုလ်၌ ဖြစ်သောတရား။ ။ဗုဒ္ဓိစရိုက် ထူပြောသော ပုဂ္ဂိုလ်အား—

(က) ဆိုဆုံးမခဲ့ပါသော် လွယ်ကူသည်၏အဖြစ် 'သောဝစဿတာ'၊

(ခ) ကောင်းသော အဆွေခင်ပွန်းကောင်း (မိတ်)ရှိသည်၏ အဖြစ် 'ကလျာဏမိတ္တတာ'၊

(ဂ) ဘောဇဉ်၌ အလျှုခံခြင်း၊ သုံးဆောင်မှီဝဲခြင်း၌ အတိုင်းအရှည်ကို သိသည်၏ အဖြစ် 'ဘောဇနေ မတ္တညုတာ'၊

(ဃ) သတိသမ္ပဇဉ်ရှိခြင်း'သတိသမ္ပဇည'၊

(င) နိုးကြားခြင်း၌ အဖန်တလဲလဲ အားထုတ်ခြင်း 'ဇာဂရိယာနုယောဂ'၊

(စ) ထိတ်လန့်ခြင်းငှါ သင့်တော်ပါပေကုန်သော ဇာတိ, ဇရာ, မရဏ-စသော အရာတို့၌ ထိတ်လန့်ခြင်း 'သံဝေဇနီယေသုဌာနေသု သံဝေဂေါ'၊

(ဆ) ထိတ်လန့်သောသူ၏ သင့်သော(အကြောင်း)အားဖြင့် အားထုတ်ခြင်း'သံဝိဂ္ဂဿ စ ယောနိသော ပဓာနံ'၊

ဤသို့ အစရှိကုန်သော တရားတို့သည် များစွာပင် ဖြစ်လာပေကုန်၏။

ဝိတက်စရိုက်ထူပြောသောပုဂ္ဂိုလ်တို့၌ ဖြစ်သောတရား ဝိတက်စရိုက် ထူပြောသော ပုဂ္ဂိုလ်အား—

(က) စကားများများ ပြောကြားသည်၏အဖြစ်'ဘဿဗဟုလတာ'၊

(ခ) အပေါင်းအဖော်၌ မွေ့လျော်သည်၏အဖြစ်'ဂဏာရာမတာ'၊

(ဂ) ဒါန, သီလစသော ကုသိုလ်တရား တိုးပွါးခြင်း၌ မမွေ့လျော်သည်၏ အဖြစ် 'ကုသလာနုယောဂေ အရတိ'၊

(ဃ) အမြဲမတည်သော ကိစ္စရှိသောသူ၏အဖြစ် 'အနဝဋ္ဌိတကိစ္စတာ'၊

(င) ဤသို့ပြုအံ့ ဤသို့ပြုအံ့ဟု နက်ဖြန်မှုအပ်သောကိစ္စတို့ကို ညဉ့်အခါ၌ ကြံခြင်းဟူသော ညဉ့်၌ အခိုးလွှတ်ခြင်း'ရတ္တိံ ဓူမာယနာ'၊

(စ) ထိုထိုညဉ့်၌ ကြံအပ်ပြီးသော ကိစ္စတို့ကို နေ့အခါ၌ အားထုတ်ခြင်းတည်းဟူသော နေ့အခါ အလျှံလွှတ်ခြင်း'ဒိဝါ ပဇ္ဇလနာ'၊

(ဆ) ထို့မှ ဤမှ ထိုထိုအာရုံ၌ စိတ်ကို ပေါက်လွှတ် ပေါက်လွှတ် ပြေးစေခြင်း'ဟုရာဟုရံ ဓာဝနာ'၊

ဤသို့ အစရှိကုန်သော တရားတို့သည် များစွာပင် ဖြစ်လာပေကုန်၏။

ဤဆိုခဲ့သည့်အတိုင်း (မာယာ, သာဌေယျစသော) တရားတို့၏ ဖြစ်ခြင်းအားဖြင့် စရိုက်တို့ကို ပြရာ၏။

အမှာ—ဤသို့ ဆိုခဲ့သည့်အတိုင်း ဣရိယာပုထ် စသည်အားဖြင့် စရိုက်တို့ကို ပြရာ၏ဟု ဆိုသော်လည်း ဤစရိုက်တို့ကို ပြခြင်း အစီအရင်သည် ပါဠိတော်၌ လုံးဝပင် မလာပေ၊ အဋ္ဌကထာ၌လည်း မလာပေ။ ပါဠိတော် အဋ္ဌကထာ စကားမဖက် သက်သက်သော ဆရာတို့၏ အယူကို အစဉ်လျှောက်သဖြင့် (ဤစရိုက်တို့ကို ပြခြင်း အစီအရင်ကို) ဆိုထားပေသည်။ ထို့ကြောင့် အနှစ်သာရအားဖြင့် မယုံကြည်အပ်ပေ။

အကြောင်းသော်ကား ရာဂစရိုက်ရှိသော ပုဂ္ဂိုလ်နှင့် ဆိုင်သည်ဟု ဆိုခဲ့သော ဣရိယာပုထ်စသည်တို့ကို ဒေါသစရိုက်ရှိသော ပုဂ္ဂိုလ်စသည်တို့သည်လည်း မမေ့မလျော့ သတိပြု၍ နေကြပါမူ ပြုခြင်းငှါ စွမ်းနိုင်ကုန်၏။ ထို့ပြင် (ရာဂ ဒေါသ စသည်) ရောနှောသော စရိုက်ရှိသော ပုဂ္ဂိုလ်တဦးတည်းမှာပင် လက္ခဏာကွဲပြားသော ဣရိယာပုထ်စသည်တို့သည် မရှိသင့်ကုန်၊ ထို အကြောင်း ၂-ပါးကြောင့်ပေတည်း။

**မှတ်ချက်။** ။အဋ္ဌကထာဆရာ၏ အာဘော် အလိုတော်ကျမှာကား—

"သူ့စရိုက်ကို ပိုင်းခြား၍ သိတတ်သော အဘိညာဉ်ကိုရသော ဆရာသည် စရိုက်ကို အဘိညာဉ်ဖြင့် သိ၍ ကမ္မဋ္ဌာန်းကို ဟောကြားပေလတ္တံ့၊ စေတောပရိယအဘိညာဉ်ကိုရသော ဆရာမှ တပါးသော ဆရာတို့သည် အန္တေဝါသိကတပည့်ကို မေးအပ်၏"ဟု ဆိုထားပေ၏။

ထို့ကြောင့် စေတောပရိယဉာဏ်ဖြင့်သော်လည်း သိသင့် သိထိုက် သိကောင်းပါပေ၏။ (သိနိုင်ပါပေ၏၊) ထိုပုဂ္ဂိုလ်ကို ဓမ္မပွဝတ္တိ အစရှိသော စကားရပ်ကို မေး၍သော်လည်း သိအပ်ပါပေ၏။ အဘယ်သို့ သိအပ်ပေသနည်း "ဤပုဂ္ဂိုလ်သည် ရာဂစရိုက် ထူပြော၏၊ ဤပုဂ္ဂိုလ်သည် ဒေါသစရိုက် အစရှိသည်တို့တွင် တပါးပါးသော စရိုက်ထူပြော၏" ဟု ဤသို့ သိအပ်ပေ၏။

"အဘယ်စရိုက်ရှိသော ပုဂ္ဂိုလ်အား အဘယ် ကျောင်း ညောင်စောင်း-စသည်သည် လျော်သနည်း"ဟူသော ဤစကားရပ်၌ ရှေးဦးစွာ ကျောင်းကို ပြဆိုပါမည်။

ရာဂစရိုက်ထူပြောသောပုဂ္ဂိုလ်၏ကျောင်း။ ။ကျောင်းသည် ရာဂစရိုက်ထူ ပြောသောပုဂ္ဂိုလ်အားမစင်ကြယ်သောပွတ်တိုင်ရှိသောကျောင်း, မြေအပြင်၌သာ ဟည်၍ အထက်အပြင် ကင်းသောကျောင်း, မပြုပြင်အပ်သောနံရံ မြေအမှုရှိသော ဟောင်ဝှမ်း, မြက်မိုးသော ကုဋိ, သစ်ရွက်မိုးသော စရပ်ဆိုး စသည်တို့တွင် တပါးပါးသော (က)မြူတို့ဖြင့် ပြွမ်းသော (ခ) လင်းနို့ငှက်တို့ဖြင့် ပြည့်သော (ဂ) ပြတ် ကျိုး ပေါက်ကွဲ ပျက်စီးသော (ဃ) အလွန် မြင့်မားသည်လည်း ဖြစ်သော (င) အလွန် နိမ့် (ချိုင့်ဝှမ်း)သည်လည်း ဖြစ်သော (စ) ကြမ်းသော ငန်သော မြေအဘို့ရှိသော (ဆ) ခြင်္သေ့သစ်ကျားစသော ဘေးရန်ဖြင့် ရွံရှာဖွယ်လည်း ရှိသော (ဇ) မစင်ကြယ်သော (ဈ) မညီမညွတ်သော ခရီးရှိသော ကျောင်းသည် ရှိခဲ့ပါပေ၏။

အကြင် ကျောင်း၌ ညောင်စောင်း အင်းပျဉ်သည်လည်း ကြမ်းပိုးတို့ဖြင့် ပြည့်နေပေ၏၊ ဖောက်ပြန် မလှ (မတင့်တယ်သော) ရုပ်အဆင်း ရှိပေ၏၊ မကောင်းသော သဏ္ဌာန်လည်း ရှိ၏၊ အကြင် ကျောင်းကို ကြည့်သောသူအား ပင်လျှင် စက်ဆုပ်ခြင်းသည် ဖြစ်၏၊ ထိုရေးသားခဲ့ပြီးသော ကျောင်းတို့သည် ကား လျောက်ပတ်သော ကျောင်းတို့ ဖြစ်ပါပေ၏။

ရာဂစရိုက်ထူပြောသော ပုဂ္ဂိုလ်၏ အဝတ်။ ။အနားပြတ်သော (နခမ်းပြတ်သော တွဲတွဲကျသော ချည်မျှင်တို့ဖြင့် ပြည့်သော ကွန်ရက်သဏ္ဌာန်ပြုအပ်သော မုံ့နှင့်တူသော မယ်နှ(စို) ရှိသော ပျဉ်ကဲ့သို့ ကြမ်းသော သည်းမခံသာနိုင်အောင်သော အတွေ့ရှိပါပေသော ညစ်ထန်းပြီး နွားဝန်တင်ကဲ့သို့ လေးလံသည်၏ အဖြစ်ဖြင့်ရင်း စပ်ကြိုစပ်ကြား မအားမလပ် ချုပ်စပ်ထေး ဖာရသည်၏အဖြစ်ဖြင့်ရင်း ငြိုငြင်သဖြင့် ဆောင်အပ်သော (ဝတ်ရုံအပ်သော)အဝတ်ပုဆိုးသည် လျောက်ပတ်ပါပေ၏။

ရာဂစရိုက်ထူပြောသော ပုဂ္ဂိုလ်၏ သပိတ်။ ။သပိတ်သည်လည်း လေးသော မကောင်းသော သဏ္ဌာန်ရှိသော လူ့ခေါင်းခွံကဲ့သို့ စက်ဆုပ်ဖွယ်ရှိသော အဆင်းမလှသော မြေသပိတ်သည်ရင်း စို့မယ်နဖြင့်ရင်း သံပြားအဖာဖြင့်ရင်း သင့်လျော်ဖွယ်ရာ မရှိ ဖျက်ဆီးအပ်သော တင့်တယ်ခြင်းရှိသော သံသပိတ်သည်ရင်း သင့်လျော်ပါပေ၏။

ဆွမ်းခံရာဖြစ်ပါသော ရွာ၏ လမ်းသည်လည်း နှစ်သက်ဖွယ်ရာ မရှိ၊ ရွာနှင့် လည်း မနီး၊ ညီညွတ်မှုလည်း မရှိပဲ ရှိသည်ဖြစ်ခဲ့ပါမူ သင့်လျော်ပြီး အပ်ပါပေ၏၊ ဆွမ်းခံလှည့်လည်ရာဖြစ်သော ရွာသည်လည်း အကြင်ရွာ၌ လူတို့သည် မမြင်လေပေယောင် လှည့်လည်သွားကုန်၏၊ အကြင်အရပ်၌ ဆွမ်းခံလေရာ ဆွမ်းလောင်းလှူမည့် အိမ် တအိမ်မျှပင် မတွေ့ရှိခဲ့ပါပေ။ ထွက်သော ရဟန်းအား

"အရှင်ဘုရား လာခဲ့"ဟု ဆွမ်းစားစရပ်သို့ သွင်း၍ (ပင့်ပြီးတော့မှရင်) ယာဂု ဆွမ်းကို ပေးလှူ၍ သွားကုန်သည်ရှိသော် နွားတို့ကို ခြံ၌ သွင်း၍ သွားလေ ကုန်ဘိသကဲ့သို့ ငဲ့ကွက်ခြင်း မရှိကုန်သည်ဖြစ်၍ သွားကြပေကုန်၏။ ထိုသို့ သဘောရှိသည်ဖြစ်ခဲ့ပါမူ သင့်လျော်ပြီး အပ်ပါပေ၏။

**ရာဂစရိုက်ထူပြောသော ပုဂ္ဂိုလ်၏ အလုပ်အကျွေး။** ။လုပ်ကျွေးသော သူတို့သည်လည်း ကျွန်မူလည်း ဖြစ်စေ အလုပ်မူလည်း ဖြစ်စေ၊ အဆင်းသဏ္ဌာန် မလှကုန်သည်ဖြစ်အံ့ (ဝါ)အမြင်မကောင်းခြင်း ဟောင်းနွမ်း ညစ်ထပ်သော အဝတ် ရှိခြင်း အနံ့ မကောင်း ရေအိမ်ဟောင်းသို့ လှောင်းလှောင်းနံစေ်ခြင်းသဘော ဖြစ်ပြီးတော့ မှရင် ရွံရှာဖွယ်ရာ ဖြစ်ပေကုန်အံ့၊ အကြင် လုပ်ကျွေးသော သူတို့သည် မရိုမသေသော အမူအရာဖြင့် ယာဂုဆွမ်းကို စွန့်ကုန်ဘိသကဲ့သို့ ထိုသို့သဘော ရှိကုန်ပါမူ လျောက်ပတ်ပေကုန်၏။

ယာဂု ခဲဖွယ် ဘောဇဉ်အစရှိသော စားစရာတို့သည်လည်း ကြမ်းသည် အဆင်းသဏ္ဌာန် မကောင်းပါပဲလျက်နှင့် ကြိတ်လမန်းလူး ဆန်ခွဲအစရှိသည်တို့ ဖြင့် ပြီးလျက်(ဝါ)ပြုလုပ်ခဲ့ပါမူ ရက်တက်သည်ရှင်း ပအုံးရည်သည်ရှင်း ကြမ်း ထရော် ဟင်းရွက်ဖြင့် ချက်အပ်သော ဟင်းသည်ရှင်း အကယ်၍ ဖြစ်ခဲ့ပါမူ သက်သက်ဝမ်းပြည့်ရုံသာ အမှတ်မရှိသော စားဖွယ် ခဲဖွယ် သောက်ဖွယ်သည် သင့်လျော်ပြီး အပ်ပါပေ၏။ ထိုပုဂ္ဂိုလ်အား ဣရိယာပုထ်သည်လည်း ရပ်ခြင်း သည်ရှင်း သွားခြင်းသည်ရှင်း သင့်လျော်ပြီး အပ်ပါပေ၏။

**ရာဂစရိုက် ထူပြောသော ပုဂ္ဂိုလ်အား လျောက်ပတ်သော အရာဝတ္ထု** အာရုံသည် ညိုသောအရောင်အဆင်း ရှိကုန်သော အဆင်းအင်္ဂါ လက္ခဏာရှိသော ကသိုဏ်းတို့တွင် အမှတ်မရှိ တစုံတခုသော မစင်ကြယ်သော အဆင်းအင်္ဂါလက္ခဏာရှိသော ကသိုဏ်းသည် ဖြစ်ခဲ့ ပါဘိမူ သင့်လျော်ပြီး အပ်ပါပေ၏၊ ဤဆိုအပ်ခဲ့ပြီးသော ကျောင်းစသော အလုံး စုံသည် ရာဂစရိုက် ထူပြောသောပုဂ္ဂိုလ်အား သင့်လျော် လျောက်ပတ်ပါပေ၏။

**ဒေါသစရိုက် ထူပြောသော ပုဂ္ဂိုလ်၏ အသုံးအဆောင်။** ။ဒေါသ စရိုက် ထူပြောသော ပုဂ္ဂိုလ်အား မမြင့်မားလွန်းသော မနိမ့်လွန်းသော အရိပ်ရေနှင့် ပြည့်စုံသော ကောင်းမွန်စွာ ဝေဖန် စီစဉ်ထားအပ်သော နံရံ သည်တိုင် စောင်းတန်း လှေခါးလည်း ရှိပေသော ကောင်းစွာ ပြီးပြီးသော ခြူးပန်း ခြူးနွယ် အထူး ထူး အပြားပြားသော ပန်းချီလက်မှုပညာ လက်ရာတို့ဖြင့် ထွန်းတောက်ပ

သော ညီညွတ်ပြေပြစ် နူးညံ့သော မြေအပြင်ရှိသော ပြဟ္မာမင်းကြီး၏ ဗိမာန်နှင့်လည်း တူပါပေသော ပန်းဆိုင်းတို့ဖြင့် ဆန်းကြယ်သော အဆင်းရှိသော ပုဆိုး ဗိတာန်တို့ဖြင့် ကောင်းစွာ ဆင်အပ်သော တန်းဆာရှိသော ကောင်းစွာ ခင်းအပ်သော သန့်ရှင်းစင်ကြယ် မွေလျော်သော အခင်းရှိသော ညောင်စောင်း အင်းပျဉ်ရှိသော ထိုထိုသို့သော ၄နေရာအရပ်၌ ထုံမွှေးစေခြင်းငှါ ထားအပ်သော ပန်းဆိုင်းတို့ဖြင့် ထုံအပ်သော အနံ့တို့ဖြင့် ကောင်းသော ရနံ့ရှိသော အကြင် ကျောင်းတော်သည် မြင်တွေ့ရုံကာမျှဖြင့် သာလျှင် အားကြီးသော နှစ်သက်ခြင်း ကြည်နူး ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်ပါပေ၏၊ ဤသို့ သဘောရှိပါသော ကျောင်းတော်သည် လျောက်ပတ် ကောင်းမြတ်ပါပေ၏။

ဆက်ကြဦးစို့၊ ထိုကျောင်းတော်၏ လမ်းခရီးသည်လည်း အလုံးစုံသော ဘေးရန် အပေါင်းတို့မှ ကင်းလွတ်ငြိမ်းသည် ဖြစ်ခဲ့ပေမူ သန့်ရှင်းစင်ကြယ်သော အပြင်ရှိပြီးတော့မှရင် တန်းဆာဆင်ခြင်းနှင့် စပ်သည်သာလျှင် ဖြစ်ခဲ့လေဘိမူ သင့်လျော်ပြီး အပ်ပါပေ၏။

**ဒေါသစရိုက် ထူပြောသူ၏ သက်န်းအသုံးအဆောင်။** ။ဤနေရာ၌(ဤစကား၌)ကင်း သန်းကြမ်းပိုး မြွေ ကြွက်တို့၏မှီရာကို ဖြတ်ခြင်းငှါ မများလွန်းသော တခုသော ညောင်စောင်း အင်းပျဉ်မျှသာရှိသော ကျောင်း ပရိက္ခရာတို့သည်လည်း ထို ဒေါသစရိုက် ထူပြောသော ပုဂ္ဂိုလ်အား အပ်၏၊ စိန့်ပြည် (တရုပ်ပြည်) ၌ ဖြစ်သော ပုဆိုး, သောမာရတိုင်း၌ ဖြစ်သောပုဆိုး, ပိုးချည်ပုဆိုး, သိမ်မွေ့သော ဝါချည်ပုဆိုး, သိမ်မွေ့သော ခေါမတိုင်း၌ဖြစ်သော ပုဆိုး-စသည်တို့တွင် အကြင်အကြင် ပုဆိုးသည် ကောင်းမွန်ပေ၏၊ ထိုထိုသို့သော ပုဆိုးဖြင့် ပြုအပ်သော ပေါ့ပါးသော ရဟန်းတော်တို့အား လျောက်ပတ်သဖြင့် ကောင်းစွာ ဆိုးအပ်သော စင်ကြယ်သော အဆင်းရှိသော ကေစီသင်္ကန်းသည်ရင်း သင်းပိုင်သည်ရင်း နှစ်ထပ်သင်္ကန်းသည်ရင်း သင့်လျော်ပြီး အပ်ပါပေ၏။

ရေပြွက်ကဲ့သို့ ကောင်းသော သဏ္ဌာန်ရှိသော မြကဲ့သို့ ကောင်းမွန် ပြေပြစ်သော အညစ်အကြေး ကင်းသော ရဟန်းတော်တို့အား လျောက်ပတ်သဖြင့် အလွန်ထက်ဝန်းကျင် စင်ကြယ်သော အဆင်းရှိသော သံဖြင့်ပြီးသော သပိတ်သည် သင့်လျော်ပြီး အပ်ပါပေ၏၊ ဘေးရန်အပေါင်းမှ ကင်းလွတ်သော ညီညွတ်သော နှလုံးကို ပွါးစေတတ်သော ဝေးလည်း မဝေးလွန်း နီးလည်း မနီးလွန်းသော ဆွမ်းခံရွာရှိသော ဆွမ်းခံရာဖြစ်သော ခရီးလမ်းကြောင်းသည် သင့်လျော်ပြီး အပ်ပါပေ၏။

ဆွမ်းခံရာဖြစ်သော ရွာသည်လည်း ရှိပါပေ၏၊ အကြင်ရွာ၌ လူတို့သည် ယခု အရှင်တို့၏ သခင်သည် ကြွလာလတ္တံ့ဟု ရေသွန်းဖျန်းသဖြင့် ချောမော ပြေပြစ်သော အရပ်၌ နေရာကို ခင်း၍ ခရီးဦးကြိုဆိုပြီး သပိတ်တော်ကို ယူ၍ အိမ်ပေါ်သို့ ပင့်ဆောင်ပြီး ခင်းထားအပ်သော နေရာ၌ သီတင်းသုံးတော် မူစေလျက် (လုပ်ကျွေး မွေးမြူကြ ကုန်၏)။ ထိုသို့ပြုလုပ်ခဲ့ပါမူ သင့်လျော်ပြီး အပ်ပါပေ၏။

**ဒေါသစရိုက် ထူပြောသူ၏ အလုပ် အကျွေး။**　။ထို ဒေါသစရိုက် ထူပြောသော ပုဂ္ဂိုလ်အား လုပ်ကျွေးမွေးမြူကြကုန်သော သူတို့သည် ရှိကြပေကုန်၏၊ ထိုသူတို့သည် အဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံပြီး ကြည်ညိုဖွယ်ဂုဏ်ထူးကို ဆောင်ခြင်း၊ တဖန် ရေကို ကောင်းစွာ ချိုးပြီး အမွှေးနံ့သာတို့ကို ကောင်းစွာ လိမ်းကျံလျက် အခိုးအထုံ ပန်းရနံ့ဖြင့် ကောင်းသော အနံ့ရှိခြင်း၊ အထူးထူးသော အဆင်းရှိသော ဆိုးရည်ဖြင့် ဆိုးအပ်ကုန်သော စင်ကြယ် နှစ်သက်ဖွယ်သော အဝတ်တန်းဆာတို့ဖြင့် တန်းဆာဆင်ခြင်း အမှုတို့ကို ပြုပြီးတော့မှရင် ရိုသေစွာ လုပ်ကျွေးကြပေကုန်၏။ ထိုသို့ သဘောရှိခဲ့ပါကုန်မူ သင့်လျော် လျောက်ပတ်ပါပေ၏။

**ဒေါသစရိုက် ထူပြောသူ၏ သုံးဆောင်ဖွယ်များ။**　။အဆင်း အနံ့ အရသာနှင့် ပြည့်စုံသော ဩဇာရှိပြီး တော့မှရင် နှလုံးကို မွေ့လျော်စေတတ်သော အလုံးစုံသော အခြင်းအရာအားဖြင့် ကောင်းမွန်မြတ်သော အလိုအလျောက် မျှလောက်သော ယာဂု ခဲဖွယ် ဘောဇဉ် စသော အစားအစာသည်လည်း သင့်လျော်ပြီး အပ်ပါပေ၏။

ထို ဒေါသစရိုက် ထူပြောသော ပုဂ္ဂိုလ်အား ဣရိယာပုထ်သည်လည်း အိပ်ခြင်းသည်ရင်း ထိုင်နေခြင်းသည်ရင်း သင့်လျော်ပြီး အပ်ပါပေ၏။

အာရုံသည် ညိုသော အရောင် အစရှိကုန်သော အဆင်း အင်္ဂါလက္ခဏာ ရှိသော ကသိုဏ်းတို့တွင် အမှတ်မရှိ တစုံတခုသော ကောင်းစွာ ထက်ဝန်းကျင် စင်ကြယ်သော အဆင်းရှိသော ကသိုဏ်းတခုခု ရှိကုန်သည်ဖြစ်ခဲ့ပါမူ သင့်လျော်ပြီး အပ်ပါပေ၏။ ဤ အလုံးစုံသည် ဒေါသစရိုက်ရှိသော ပုဂ္ဂိုလ်အား သင့်လျော်ပါပေ၏။ (ဒေါသစရိုက်နှင့် စပ်သမျှသည်ကား ပြီးဆုံးပေပြီ။)

**မောဟစရိုက်ထူပြောသူ၏ကျောင်း။**　။မောဟစရိုက်ထူပြောသော ပုဂ္ဂိုလ်အား လွင်တီးခေါင် အရပ်သို့ ရှေးရှုသော မကျဉ်းမြောင်းသော ကျောင်း၌ နေသောသူအား ဟင်းလင်းကုန်သော အရပ်တို့သည် ထင်ကုန်၏၊ ထိုသို့ သဘောရှိသော (အရပ်မျက်နှာတို့ကို လင်းလင်း

ချင်းချင်း တွေ့မြင်ရသော) ကျောင်းသည် သင့်လျော်ပြီး အပ်ပါပေ၏။ ဣရိယာပုထ်တို့တွင် စင်္ကြံသွားခြင်းသည် သင့်လျော်ပြီး အပ်ပါပေ၏။

**မောဟစရိုက်ထူပြောသူ၏ကသိုဏ်းဝန်း။** ။ထို မောဟစရိုက် ထူပြော သော ပုဂ္ဂိုလ်အား ကျဉ်းသော မန်းငယ် စကောငယ်အတိုင်း အရှည်ရှိသည်လည်း ဖြစ်သော အိုးဖုံး စလောင်းဖုံးကြီး အတိုင်းအရှည်ရှိသည်လည်း ဖြစ်သော အာရုံသည် မသင့်လျော် မအပ်ခဲ့ပေ၊ အကြင့်ကြောင့် ကျဉ်းမြောင်းသော အရပ်၌ စိတ်သည် ပကတိထက် အလွန် တွေဝေခြင်းသို့ ရောက်တတ်၏၊ ထို့ကြောင့် ပြန့်ပြောသော ကြီးကျယ်သော ကသိုဏ်းဝန်းသည် သင့်လျော်ပြီး အပ်ပါပေ၏၊ မောဟစရိုက်ထူပြောသော ပုဂ္ဂိုလ်အားလျော်သော အကြွင်းဖြစ်သော စကားရပ်သည် ဒေါသစရိုက်ထူပြော သော ပုဂ္ဂိုလ်အား ဆိုအပ်ပြီးသော စကားရပ်အတိုင်း မှတ်ယူပေလော့၊ ဤ အလုံးစုံသည် မောဟစရိုက်ထူပြောသော ပုဂ္ဂိုလ်အား သင့်လျော်၏။ (မောဟ စရိုက်နှင့် စပ်သမျှသည်ကား ပြီးဆုံးပေပြီ။)

**ဒေါသစရိုက်ထူပြောသောသူကဲ့သို့ သဒ္ဓါစရိုက် ထူပြောသော သူကို မှတ်ရန်** အလုံးစုံလည်း ဖြစ်ပေသော ဒေါသ စရိုက် ထူ ပြောသော ပုဂ္ဂိုလ်၌ ဆိုအပ်ပြီးသော အစီ အရင်သည် သဒ္ဓါစရိုက်ထူပြောသော ပုဂ္ဂိုလ်အား သင့်လျော်ပြီး လျောက်ပတ် ပေ၏။ အထူးမှာကား အာရုံတို့တွင်လည်း ထိုသဒ္ဓါစရိုက်ထူပြောသော ပုဂ္ဂိုလ် အား ဗုဒ္ဓါနုဿတိအစရှိသော ခြောက်ပါးကုန်သော အနုဿတိဋ္ဌာနတို့သည်လည်း သင့်လျော်ပြီး အပ်ပါပေ၏၊ (သဒ္ဓါစရိုက်နှင့် စပ်သမျှသည်ကား ပြီးဆုံးပေပြီ။)

**ဗုဒ္ဓိစရိုက်ထူပြောသူ အလုံးစုံတို့၌ လျောက်ပတ်ပုံ။** ။ဗုဒ္ဓိစရိုက်ထူပြောသော ပုဂ္ဂိုလ်အား မလျောက် ပတ်သောကျောင်း စသည် မည်သည် မရှိပေ၊ ဗုဒ္ဓိစရိုက်ထူပြောသော ပုဂ္ဂိုလ် အား ကျောင်းအစရှိသည်တို့တွင် တပါးပါးသော ဤမည်သော ကျောင်းစသည် သည် မသင့်မလျော် မလျောက်ပတ်ပါပေဟူ၍ မဆိုအပ် မဆိုစကောင်းပေ။

**ဝိတက်စရိုက်ထူပြောသူနှင့် လျောက်ပတ်သောကျောင်း။** ။ဝိတက်စရိုက် ထူ ပြောသော ပုဂ္ဂိုလ် အား ဟင်းလင်းဖြစ်သော လွင်တီးခေါင်အရပ်သို့ ရှေးရှုသော ကျောင်း၌နေသော သူအား မွေ့လျော်ဖွယ်ရာရှိကုန်သော အရာမ်ဥယျာဉ် ရေကန်တို့သည်၎င်း ရွာ၊ နိဂုံး၊ ဇနပုဒ်စသည်တို့သည်၎င်း၊ စိမ်းစိမ်းညို့ညို့ အရောင်ရှိသော တော တောင် တို့သည်လည်း ထင်လာပေကုန်၏၊ ထိုသို့ သဘောရှိသော တောင်တို့သည်၎င်း

ထင်ပေါ် လာကုန်၏၊ ထိုသို့သောကျောင်းသည် မသင့်မလျော် မအပ်ပါပေ၊ ထိုသို့ သဘောရှိသော ကျောင်းသည် ကြံစည်တွေးတောလျက် စိတ်ပြေးသွားခြင်း၏ သာလျှင် အကြောင်းဖြစ်ခဲ့ပါပေ၏၊ ထို့ကြောင့် နက်နဲသော တောင်ချောက်ဝ၌ တောဖြင့်ဖုံးလွှမ်းအပ်သော ဟတ္ထိကုစ္ဆိ=ဆင်ဝမ်းဗိုက်နှင့်တူသော တောင်ဝှမ်းရှိသော အရှင်မဟိန္ဒမထေရ်ကျော်၏ လိုဏ်ဂူနှင့်တူသော ကျောင်း၌သာ နေသင့်ပေ၏။

ထိုဝိတက်စရိုက်ထူပြောသော ပုဂ္ဂိုလ်အား အာရုံသည်လည်း ပြန့်ပြန့်ပြောပြော ကြီးကျယ်မှု မသင့်မလျော် မအပ်ပေ၊ ထင်ရှားစေအံ့၊ ထိုသို့ ကြီးကျယ်ပြန့်ပြောသော သဘောရှိသော အာရုံသည် ဝိတက်စရိုက်၏ အစွမ်းဖြင့် သာလျှင် စိတ်ပြေးသွားခြင်း၏ ကျေးဇူးပြုနိုင်ရုံသာ ရှိပါပေ၏။ ကျဉ်းမြောင်းပါပေသော အာရုံသည် သင့်လျော်ပြီး အပ်ပါပေ၏။ အကြွင်းသည် ရာဂစရိုက်ထူပြောသော ပုဂ္ဂိုလ်အား ဆိုအပ်ပြီးသော အစီအစဉ် စကားရပ်အတိုင်းသာလျှင် မှတ်ယူကြရပေမည်။ ဤအလုံးစုံသည် ဝိတက်စရိုက်ရှိသော ပုဂ္ဂိုလ်အား သင့်လျော်ပါပေ၏။

ဤဆိုခဲ့ပြီးသော အကျယ်စကားသည် "မိမိ၏ စရိုက်အားလျော်သော"ဟူသည့် စကားရပ်၌ လာသော စရိုက်တို့ကို အကွဲအပြားကို ပိုင်းခြားဆုံးဖြတ်ခြင်း, အကြောင်းရင်းကို ပိုင်းခြားဆုံးဖြတ်ခြင်း, သိနိုင်ပုံပြခြင်းကို ပိုင်းခြားဆုံးဖြတ်ခြင်း, လျော်သည်ကို ပိုင်းခြားဆုံးဖြတ်ခြင်းအားဖြင့် အကျယ်ပြဆိုခြင်း ပေတည်း။

စရိုက် ၆-ပါး မှတ်ဖွယ် ပြီး၏။

---

## ကမ္မဋ္ဌာန်း ၄၀-အဖွင့်

(ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ပဌမအုပ် ၁၀၆)

## ကမ္မဋ္ဌာန်းဆုံးဖြတ်ပုံ အခြင်းအရာ

ထို (သို့ စရိုက် အားလျော်သော ကမ္မဋ္ဌာန်းကို အပြည့်အစုံ မပြဆိုရသေးသော) ကြောင့် "ကမ္မဋ္ဌာန်း လေးဆယ်တို့တွင် တပါးပါးသော ကမ္မဋ္ဌာန်းကို ယူ၍" ဟူသော ဤစကားရပ်၌—

(၁) လေးဆယ်အပြား ရှိပါပေကုန်၏ဟူ၍ သင်္ချာအစွမ်းအားဖြင့် အကျဉ်းပြအပ်ကုန်သော ကမ္မဋ္ဌာန်းတို့ကို အကျယ်ရေတွက်၍ ပြသော 'သင်္ခါတနိဒ္ဒေသ' အားဖြင့်၎င်း၊

(၂) ဤမျှသော ကမ္မဋ္ဌာန်းတို့သည် ဥပစာရစျာန်ကို ဆောင်ကုန်၏၊ ဤမျှသော ကမ္မဋ္ဌာန်းတို့သည် အပ္ပနာစျာန်ကို ဆောင်ကုန်၏ဟု ဥပစာရစျာန် အပ္ပနာစျာန်ကို ဆောင်သော 'ဥပစာရပ္ပနာဝဟ' အားဖြင့်၎င်း၊

(၃) ဤမျှသော ကမ္မဋ္ဌာန်းတို့သည် တခုသော စျာန်ရှိကုန်၏၊ ဤမျှသော ကမ္မဋ္ဌာန်းတို့သည် ဒုက တိကစျာန် ရှိကုန်၏၊ ဤမျှသော ကမ္မဋ္ဌာန်းတို့သည် အလုံးစုံသော စျာန်ရှိကုန်၏ဟု စျာန်ကို ဝေဖန်သော 'စျာနပ္ပဘေဒ' အားဖြင့်၎င်း၊

(၄) အင်္ဂါအာရုံကို လွန်သော 'သမတိက္ကမ' အားဖြင့်၎င်း၊

(၅) ဤမျှသော ကမ္မဋ္ဌာန်းတို့ကို ပွါးစေအပ်ကုန်၏၊ ဤမျှသော ကမ္မဋ္ဌာန်းတို့ကို မပွါးစေ အပ်ကုန်ဟု ပွါးစေအပ်, မပွါးစေအပ်သော 'ဝဍ္ဎနာဝဍ္ဎန' အားဖြင့်၎င်း၊

(၆) သဘာဝမှ နိမိတ္တန ဝတ္တဗ္ဗ၏ အစွမ်းဖြင့်၎င်း, စလိတာစလိတ၏ အစွမ်းဖြင့်၎င်း,အာရုံကို ဝေဖန်သော 'အာရမ္မဏ' အားဖြင့်၎င်း၊

(၇) ကာမာဝစရ စသော ဘုံကို ဝေဖန်သော 'ဘူမိ' အားဖြင့်၎င်း၊

(၈) ဒိဋ္ဌစသည်တို့၏ အစွမ်းအားဖြင့် ယူအပ်သည်၏ အဖြစ်ကို ဝေဖန်သော 'ဂဟဏ' အားဖြင့်၎င်း၊

(၉) အာရုပ္ပစျာန် စသည်တို့၏ ယထာရဟ အကြောင်းဖြစ်သော 'ပစ္စယ' အားဖြင့်၎င်း၊

(၁၀) ရာဂစရိုက် စသည်တို့အား လျော်သော 'စရိယာနုကူလ' အဖြစ်ဖြင့်၎င်း၊

ဤသို့ ရှေးဦးစွာ ဆယ်ပါးသော အဘို့အစုတို့ဖြင့် ကမ္မဋ္ဌာန်း အဆုံးအဖြတ်ကို သိကြရပါမည်။

ကမ္မဋ္ဌာန်းလေးဆယ်။ ။ထိုအခြင်းအရာ ၁၀-ပါးတို့တွင် "လေးဆယ်ဟူသော သချ်ာဖြင့် အကျဉ်းပြအပ်ပြီးသော ကမ္မဋ္ဌာန်းတို့ကို အကျယ်ပြခြင်းအားဖြင့်"ဟူရာ၌ (အကျယ်ကား) ကမ္မဋ္ဌာန်းလေးဆယ် တို့တွင်ဟူသော စကား၌–(က) ကသိုဏ်းဆယ်ပါး (ခ) အသုဘဆယ်ပါး (ဂ) အနုဿတိဆယ်ပါး (ဃ) ဗြဟ္မဝိဟာရလေးပါး (င) အာရုပ္ပလေးပါး (စ) သညာတပါး (ဆ) ဝဝတ္ထာန်တပါး ဆိုပြီးတော့မှရင် ကမ္မဋ္ဌာန်းလေးဆယ် အပြားရှိပါပေ၏။

**ကသိုဏ်းဆယ်ပါး။** ။(၁) ပထဝီကသိုဏ်း (၂) အာပေါကသိုဏ်း (၃) တေဇောကသိုဏ်း (၄) ဝါယောကသိုဏ်း (၅)နီလကသိုဏ်း (၆) ပီတကသိုဏ်း (၇) လောဟိတကသိုဏ်း (၈) ဩဒါတကသိုဏ်း (၉)အာလောက ကသိုဏ်း (၁၀) ပရိစ္ဆိန္နာကာသ ကသိုဏ်းဆိုပြီးတော့မှရင် ကသိုဏ်းကမ္မဋ္ဌာန်း ဆယ်ပါး အပြားရှိပါပေ၏။

**အသုဘဆယ်ပါး။** ။(၁)ဥဒ္ဓုမာတက အပုပ်ကောင်(၂)ဝိနီလက အပုပ်ကောင် (၃) ဝိပုဗ္ဗက အပုပ်ကောင် (၄) ဝိစ္ဆိဒ္ဒက အပုပ်ကောင် (၅) ဝိက္ခာယိတကအပုပ်ကောင် (၆) ဝိက္ခိတ္တကအပုပ်ကောင် (၇)ဟတဝိက္ခိတ္တက အပုပ်ကောင်(၈)လောဟိတကအပုပ်ကောင်(၉)ပုဠုဝကအပုပ်ကောင်(၁၀)အဋ္ဌိကအပုပ်ကောင်ဆိုပြီးတော့မှရင် အသုဘကမ္မဋ္ဌာန်းဆယ်ပါး အပြားရှိပါပေ၏။

**အနုဿတိဆယ်ပါး။** ။(၁)ဗုဒ္ဓါနုဿတိ (၂) ဓမ္မာနုဿတိ (၃) သံဃာနုဿတိ (၄) သီလာနုဿတိ (၅) စာဂါနုဿတိ(၆) ဒေဝတာနုဿတိ (၇) မရဏာနုဿတိ (၈) ကာယဂတာသတိ (၉) အာနာပါနဿတိ (၁၀) ဥပသမာနုဿတိဟူ၍ အနုဿတိကမ္မဋ္ဌာန်း ၁၀-ပါး အပြားရှိပါပေ၏။

**ဗြဟ္မဝိဟာရ လေးပါး။** ။(၁) မေတ္တာ (၂) ကရုဏာ (၃) မုဒိတာ (၄) ဥပေက္ခာ ဆိုပြီးတော့မှရင် ဗြဟ္မဝိဟာရ ကမ္မဋ္ဌာန်း လေးပါး အပြားရှိပါပေ၏။

**အာရုပ္ပ လေးပါး။** ။(၁) အာကာသာနဉ္စာယတနစျာန် (၂) ဝိညာဏဉ္စာယတနစျာန် (၃) အာကိဉ္စညာယတနစျာန် (၄) နေဝသညာ နာသညာယတနစျာန် ဆိုပြီးတော့မှရင် အာရုပ္ပကမ္မဋ္ဌာန်း လေးပါး အပြားရှိပါပေ၏။

**သညာတပါး။** ။(၁).အာဟာရ၌ စက်ဆုပ်ရွံရှာဖွယ်ရာ ဟူသော အမှတ်သညာသည် တခုသော သညာ မည်၏။

**ဝဝတ္ထာန် တပါး။** ။ပထဝီ စသော ဓာတ်လေးပါးကို ပိုင်းခြားမှတ်သားခြင်းသည် တခုသော ဝဝတ္ထာန် မည်ပါပေ၏၊ ဤသို့ လေးဆယ်ဟူသော သချ်ာဖြင့် အကျဉ်း ပြအပ်ပြီးသော ကမ္မဋ္ဌာန်းတို့ကို အကျယ် ပြခြင်းအားဖြင့် အဆုံးအဖြတ်ကို သိအပ်ပေသည်။

**ဥပစာရသမာဓိကို ဆောင်နိုင်သော ကမ္မဋ္ဌာန်း။** ။(၁) ဗုဒ္ဓါနုဿတိ (၂) ဓမ္မာနုဿတိ (၃) သံဃာနုဿတိ (၄) သီလာနုဿတိ (၅) စာဂါနုဿတိ (၆) ဒေဝတာနုဿတိ (၇) မရဏာနုဿတိ (၈) ဥပသမာနုဿတိ (၉) တခုသောသညာ (၁၀) တခုသော ဝဝတ္ထာန်၊ ဤဆယ်ပါးသော ကမ္မဋ္ဌာန်းတို့သည် ဥပစာရသမာဓိကိုသာလျှင် ဆောင်နိုင်ကုန်၏။

အပ္ပနာသမာဓိကို ဆောင်နိုင်သော ကမ္မဋ္ဌာန်း။ ။(၁) ကသိုဏ်း ဆယ်ပါး (၂) အသုဘဆယ်ပါး (၃)ကာယဂတာသတိ (၄) အာနာပါနဿတိ (၅) ဗြဟ္မဝိဟာရလေးပါး (၆) အာရုပ္ပလေးပါး၊ ဤသုံးဆယ်သော ကမ္မဋ္ဌာန်းတို့သည် အပ္ပနာသမာဓိကို ဆောင်နိုင်ကုန်၏၊ ဤသို့ ဥပစာရနှင့် အပ္ပနာကို ဆောင်သောအားဖြင့် (အဆုံးအဖြတ်ကို သိအပ်ပေသည်)။

စျာန်အပြားကို ဝေဖန်ပြခြင်း။ ။အပ္ပနာကိုဆောင်နိုင်သော ကမ္မဋ္ဌာန်း သုံးဆယ်တို့တွင် (က) အာနာပါနဿတိ (ခ) ကသိုဏ်း ၁၀-ပါးတို့သည် ရူပါဝစရစျာန် ၄-ပါးတို့၏ အာရုံဖြစ်ကုန်၏၊ (စတုက္ကနည်း၏ အစွမ်းဖြင့် ရူပါဝစရစျာန် လေးပါး အာရုံ, ပဥ္စကနည်း၏ အစွမ်းဖြင့် ရူပါဝစရစျာန် ငါးပါးအာရုံကို ယူနိုင်သည်)။

(၁) ကာယဂတာသတိ (၂) အသုဘ ၁၀-ပါးတို့သည် ရူပါဝစရပဌမစျာန်၏ အာရုံရှိကုန်၏၊ (ပဌမစျာန်၏အာရုံဖြစ်ကုန်၏)။

ရှေ့ဖြစ်ကုန်သော မေတ္တာ, ကရုဏာ, မုဒိတာ ဟူသော ဗြဟ္မဝိဟာရ ၃-ပါးတို့သည် အောက်စတုက္ကနည်းအားဖြင့် ရူပါဝစရစျာန် ၃-ပါး၏ အာရုံဖြစ်ကုန်၏၊ (ပဥ္စကနည်းအားဖြင့် စျာန် ၄-ပါးအပေါင်း၏ အာရုံဖြစ်ကုန်၏)။

လေးခုမြောက်သော ဥပေက္ခာဗြဟ္မဝိဟာရနှင့် အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန, အာကိဉ္စညာယတန, နေဝသညာနာသညာယတန အားဖြင့် လေးပါး၊ဤ ၅-ပါးကုန်သော ကမ္မဋ္ဌာန်းတို့သည် (စတုက္က နည်းအားဖြင့်) စျာန် လေးပါးအာရုံဖြစ်ကုန်၏၊ (ပဥ္စက နည်းအားဖြင့် စျာန် ၅-ပါး အပေါင်း၏ အာရုံဖြစ်ကုန်၏၊) ဤသို့ စျာန်ကို ဝေဖန်သောအားဖြင့် (အဆုံးအဖြတ်ကို သိအပ်ပေသည်)။

လွန်ခြင်း ၂-မျိုး။ ။လွန်ခြင်း ဆိုသည်မှာ အင်္ဂါကို လွန်ခြင်းနှင့် အာရုံကို လွန်ခြင်း နှစ်မျိုး ရှိပါပေ၏။

အင်္ဂါကို လွန်ခြင်း။ ။ထိုနှစ်မျိုးတို့တွင် အလုံးစုံသော တိကစျာန်၏ အာရုံဖြစ်သော ရှေ့ဗြဟ္မဝိဟာရ သုံးပါး၊ စတုက္ကစျာန်၏ အာရုံဖြစ်သော အာနပါနဿတိနှင့် ကသိုဏ်း ၁၀-ပါးဟူသောကမ္မဋ္ဌာန်း၊ ဤ ၁၄-ပါးတို့၌ အင်္ဂါလွန်ခြင်းတို့သည် ဖြစ်ခဲ့ပေကုန်၏။

အဘယ့်ကြောင့် ဆိုခဲ့ပါသည်ရှိသော် ဝိတက် ဝိစာရ အစရှိကုန်သော စျာန်အင်္ဂါတို့ကို လွန်မြောက်၍ ထိုဆိုအပ်ပြီးသော တိကစျာန်ရှိကုန်သော ရှေးဗြဟ္မဝိဟာရ သုံးပါး၊ စတုက္ကစျာန်ရှိကုန်သော အာနာပါနတပါး ကသိုဏ်းဆယ်ပါး

ဟူသော အာရုံတို့၌သာလျှင် ဒုတိယစျာန် အစရှိသည်တို့၏ ရောက်အပ် ရအပ်သည်၏ အဖြစ်ကြောင့် မိန့်ဆိုတော်မူခဲ့ပါသည်။

လေးခုမြောက်သော ဥပေက္ခာတည်းဟူသော ဗြဟ္မဝိဟာရတရား၌ ထိုအတူပါပဲ အင်္ဂါကို လွန်ခြင်းသည် ဖြစ်ခဲ့ပါပေ၏။ အဘယ့်ကြောင့် ဆိုခဲ့ပါသော် အကြင့်ကြောင့် ထိုလေးခုမြောက်ဖြစ်သော ဥပေက္ခာတည်းဟူသော ဗြဟ္မဝိဟာရသို့လည်း မေတ္တာအစရှိသည်တို့၏ အာရုံ၌သာလျှင် ဝမ်းမြောက်ခြင်း 'သောမနဿ'ကို လွန်၍ ရောက်သင့် ရောက်ထိုက်ပါပေ၏။ ထိုကြောင့် အင်္ဂါကို လွန်မြောက်ခြင်း ဖြစ်ခဲ့ပါပေ၏။

**အာရုံကို လွန်ခြင်း။** ။လေးပါးအပြား ရှိကုန်သော အာရုပ္ပကမ္မဋ္ဌာန်းတို့၌ အာရုံကို လွန်ခြင်း ဖြစ်ခဲ့ပါပေ၏။ ရှေ့၌ ဖြစ်ကုန်သော အာကာသကသိုဏ်းသည် ကြဉ်အပ်ကုန်သော ကိုးပါးအပြားရှိသော ကသိုဏ်းတို့တွင် တပါးပါးသော ကသိုဏ်းကို လွန်၍ အာကာသာနဉ္စာယတနစျာန်သည် ရောက်သင့် ရောက်ထိုက်ပါပေ၏။ ကောင်းကင်ပညတ် စသည်တို့ကို လွန်၍ ဝိညာဏဉ္စာယတနစျာန် စသည်တို့သည်လည်း ရောက်သင့် ရောက်ထိုက်ပါပေ၏။

**လွန်ခြင်း ၂-မျိုး မရှိသော ကမ္မဋ္ဌာန်းများ။** ။အထက်ပါ ဆိုအပ်ခဲ့ပြီးသော ဗြဟ္မဝိဟာရ လေးပါး, အာနာပါနဿတိ, ကသိုဏ်း ၁၀-ပါး, အာရုပ္ပ ၄-ပါးတို့မှ ကြွင်းကုန်သော နှစ်ဆယ့်တပါးသော ကမ္မဋ္ဌာန်းတို့၌ အင်္ဂါနှင့် အာရုံကို လွန်ခြင်းသည် မရှိခဲ့ပေပြီ။ ဤသို့ အင်္ဂါနှင့် အာရုံကို လွန်မြောက်သောအားဖြင့် (အဆုံးအဖြတ်ကို သိအပ်ပေသည်။)

**ပွါးစေအပ်သော ကမ္မဋ္ဌာန်း။** ။လေးဆယ်ကုန်သော ကမ္မဋ္ဌာန်းတို့တွင် ဆယ်ပါးကုန်သော ကသိုဏ်းကမ္မဋ္ဌာန်းတို့ကိုသာလျှင် ပွါးစေအပ်ပါပေကုန်၏။ အကျိုးကား အကြင်မျှလောက်သော အရပ်သည် ကသိုဏ်းဖြင့် ပြန့်နှံ့ပါပေ၏။ ထိုမျှလောက်သော အရပ်အတွင်း၌ နတ်၏ နားနှင့်တူသော ဒိဗ္ဗသောတအဘိညာဉ်ဖြင့် အသံကို နာကြားခြင်းငှါလည်းကောင်း၊ နတ်၏ မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ရုပ်ဆင်းအင်္ဂါတို့ကို မြင်တွေ့ခြင်းငှါလည်းကောင်း၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်အပ်သော ဟဒယရုပ်ရှိကုန်သော တပါးသော သတ္တဝါတို့၏ စိတ်ကို မိမိ၏ စေတောပရိယအဘိညာဉ်စိတ်ဖြင့် ပိုင်းခြား၍ သိခြင်းငှါလည်းကောင်း စွမ်းနိုင်ပါပေ၏။

**မပွါးစေအပ်သော ကမ္မဋ္ဌာန်း။** ။ဆက်ကြဦးစို့၊ ကာယဂတာသတိကိုလည်းကောင်း အသုဘတို့ကိုလည်းကောင်း မပွါးစေအပ်ပေကုန်၊ အဘယ့်ကြောင့် ဆိုခဲ့ပါသော် မိမိတည်ရာအရပ်ဖြင့် ပိုင်းခြားအပ်သည်၏

အဖြစ်ကြောင့်၎င်း၊ အာနိသင် မရှိသည်၏ အဖြစ်ကြောင့်၎င်း မပွါးစေအပ်ကုန်၊ (မပွါးစေအပ်ဟူရာ၌ ချဲ့ထွင်ကျယ်ပြန့်အောင် မလုပ်ရဟုဆိုလိုသည်၊)တဖန် ဆက်ကြဦးစို့ ထိုကာယဂတာသတိ အသုဘတို့သည် မိမိ၏ တည်ရာအရပ်ဖြင့် ပိုင်းခြားသော အဖြစ်မှာ ဘာဝနာနည်း၌ ထင်ရှားပေါ် လွင်စွာ ပြဆိုလတ္တံ့၊ ထိုအသုဘတို့ကို ပွါးစေအပ်ကုန်သည် ရှိခဲ့ပါသော် အပုပ်ကောင်အစုသည်သာလျှင် ပွါးစေနိုင်ရာ၏၊ တစိုးတစိသော အာနိသင်သည် မရှိနိုင်ခဲ့ပေရာ။

**ပွါးစေအပ် မပွါးစေအပ်ဟူရာ၌ ရှင်းချက်။** ။တဖန် သောပါက သာမဏေ၏ ပြဿနာကို ဖြေဆိုရာ၌ "ဝိဘူတာ ဘဂဝါ ရူပသညာ,အဝိဘူတာ အဋ္ဌိကသညာ-ဟူသော ဤစကားတော်ကို မိန့်ဆိုတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကသိုဏ်းရုပ်လျှင် အာရုံရှိသော သညာသည် ပြန့်ပြောသော အာရုံရှိသည်၏ အဖြစ်ဖြင့် အလွန်ထင်ရှားပါပေ၏၊ အရိုးစုကို အာရုံပြုသော သညာသည် မပွါးစေအပ်သော နိမိတ်ရှိသည်၏ အဖြစ်ကြောင့် အနည်းငယ်သော အာရုံဖြစ်၍ မထင်၊ ထိုသုတ်၌ ပဋိဘာဂနိမိတ်၏ ပွါးခြင်း၏ အစွမ်းဖြင့် ကသိုဏ်းရုပ်လျှင် အာရုံရှိသော သညာကို ပြန့်ပြောသော အာရုံရှိသည်၏ အဖြစ်ဖြင့် အလွန်ထင်ပါပေ၏ဟု ဟောတော်မူအပ်ပေ၏။ အဋ္ဌိကသညာကို ပဋိဘာဂနိမိတ်၏ မပွါးခြင်း၏ အစွမ်းဖြင့် ပြန့်ပြောသော အာရုံရှိသည်၏ အဖြစ်ဖြင့် မထင်ပေဟု ဟောတော်မူအပ်ပေ၏။

ဆက်ကြဦးစို့ "အလုံးစုံ အကြွင်းမရှိသော ဤမြေကြီးကို အဋ္ဌိကသညာဖြင့် ပြန့်နှံ့စေပြီ"ဟု ဤကဲ့သို့သော စကားတော်ကို ဆိုခဲ့ပေပြီ၊ ထိုထိုသို့သော စကားတော်ကို လွန်ကဲသော ဝသီဘော်သို့ ရောက်ခဲ့ပါသော အဋ္ဌိကသညာရ ပုဂ္ဂိုလ်ထူးဖြစ်သော မထေရ်အား ထင်သော အခြင်းအရာ၏ အစွမ်းဖြင့် ဟောတော်မူအပ်ပေ၏။ (ပဋိဘာဂ နိမိတ်ကို ပွါးစေခြင်းအားဖြင့် ဟောတော် မူသော စကားမဟုတ်ပေ)။

**အဋ္ဌိကသညာ လွန်လွန်ကဲကဲ ထင်သော မထေရ်။** ။ထင်ရှားအောင် ပြဆိုဦးစို့၊ သိရိမ္ဗောသောကမင်းဖြစ်စဉ် အခါတုံးက ကရဝိက်ငှက်သည် ထက်ဝန်းကျင်မှ ကြေးမုံ မှန်ကပ်သော နံရံတို့၌ မိမိ၏အရိပ်ကို မြင်လတ်သော် "အလုံးစုံသော အရပ်မျက်နှာတို့၌ ကရဝိက်ငှက်ဖော် ရှိသည်"ဟု အမှတ်သညာ ရှိခဲ့သည်ဖြစ်ရကား သာယာစွာသောအသံကို တွန်ကျူးရင့် လေဘိသကဲ့သို့ ဤနည်းမခြား အလားတူစွာ (သိင်္ဂါလပိတ္တ) မထေရ်သည်လည်း အဋ္ဌိကသညာကို လွန်ကဲခြင်းသို့ ရောက်သော ဝသီဘော်ရှိသည်၏ အဖြစ်ကြောင့် "အလုံးစုံသော အရပ်တို့၌ အာရုံမူလေတိုင်း ဖွေးဖွေးထင်သော အဋ္ဌိက ပဋိဘာဂနိမိတ်ကို မြင်တွေ့သည်ဖြစ်ခဲ့၍ အလုံး

စုံ အကြွင်းမရှိသော မြေအပြင်သည်လည်း အရိုးစုံသာ ပြည့်နေလေဘိ၏” ဟု ကြံစည် အောက်မေ့တော်မူ၏။ ထို့ကြောင့် ထင်သော အခြင်းအရာ အားဖြင့် မိန့်ဆိုအပ်ပါပေ၏။

အသုဘနိမိတ်ကို အကယ်၍ မပွါးစေအပ်သည် ဖြစ်ငြားအံ့၊ ထိုသို့ မပွါးစေ အပ်သည် ရှိခဲ့ပါသော် အသုဘကို အာရုံပြုသော ဈာန်တို့၏ အတိုင်းမသိ ကြီး ကျယ်သော အာရုံရှိသည်၏ အဖြစ်ကို ဓမ္မသင်္ဂဏီ၌ ဟောတော်မူအပ်ပေပြီ၊ ထိုအပ္ပမာဏာရမ္မဏ၏ အဖြစ်သည် ဆန့်ကျင်ခဲ့ပေ၏။ ထိုသို့ စောဒနာပြုခဲ့ပါ သော် မဆန့်ကျင်ခဲ့ပေ၊ အချို့သော ပုဂ္ဂိုလ်သည် အကောင်အထည် ကြီးမား သော အကောင်ပုပ်၌ဎင်း အရိုးစု၌ဎင်း နိမိတ်ကို ယူ၏။ အချို့သောသူအား အကောင်ပုပ် တစိတ်သာဖြစ်၍ ငယ်သော (ခုဒ္ဒကသရီရ, ဒါရကသသရီရဖြစ် သော) အကောင်ပုပ်၌ဎင်း အရိုးစု၌ဎင်း နိမိတ်ကို ယူ၏။

ဤ အကြီးအငယ် ထူးသော အကြောင်းဖြင့် အချို့သောပုဂ္ဂိုလ်အား သေး ငယ်သော အာရုံရှိသော ဈာန်သည် ဖြစ်ခဲ့ပါပေ၏။ အချို့သော ပုဂ္ဂိုလ်အား ကြီးကျယ်သော အာရုံရှိသော ဈာန်သည် ဖြစ်ခဲ့ပါပေ၏၊ ထို့ကြောင့် မဆန့် ကျင့်ပေ။

**အသုဘနှင့် အာနာပါနတို့ကို မပွါးစေအပ် ဟူရာ၌အဖြေတနည်း**

တနည်း အကြင်ယောဂီသည် ထို အသုဘ နိမိတ်ကို ပွါးစေခြင်း၌ အပုပ်ကောင် အစုသာလျှင် ပွါး စေနိုင်ရာ၏၊ တစိုးတစိသော အာနိသင်သည် မရှိနိုင်ခဲ့ပေရာဟု ဟောတော်မူခဲ့ပြီး သော အပြစ်ကို မမြင်သည်ဖြစ်၍သာလျှင် ပွါးစေ၏။ ထိုအပြစ်ကို မမြင် ဆင် ကန်းတောတိုး ပွါးစေအပ်သော ယောဂီကိုရည်ညွှန်း၍ (ရည်ရွယ်၍) “အတိုင်း မသိ ကြီးကျယ်သော အာရုံရှိ၏”ဟု ဓမ္မသင်္ဂဏီ၌ ဟောတော် မူအပ်ပေပြီ။ ထိုသို့ အပြစ်ကို မမြင်သောသူကို ရည်ညွှန်း၍ ဟောတော် မူအပ်ပါသော်လည်း အာနိသင် တစိုးတစိမျှ မရှိသည်၏ အဖြစ်ကြောင့် (အသုဘနိမိတ်တို့ကို) မပွါး ပေအပ်ကုန်ဟူသော အဖြေကို မှတ်အပ်ပါပေ၏။

တဖန် ထိုအသုဘတို့ကို မပွါးစေအပ် ကုန်ဘိသကဲ့သို့ ဤနည်းမခြား အလားတူစွာ ကြွင်းသော အာနာပါနဿတိကမ္မဋ္ဌာန်း စသည်တို့ကိုလည်း မပွါးစေအပ်ပေကုန်၊ အဘယ့်ကြောင့် မပွါးစေအပ် ကုန်ဘိသနည်းဆိုသော် ထိုအာနာပါန ကမ္မဋ္ဌာန်းစသည်တို့တွင် ရှေးဦးစွာ အာနာပါနနိမိတ်ကို ပွါးစေ အပ်သော ယောဂီအား လေအစုတို့သည်သာလျှင် ပွါးစေနိုင်ဘိ၏။ နှာသီးဖျား နှင့် အထက်နှုတ်ခမ်း စသော တည်ရာအရပ်ဖြင့် ပိုင်းခြားအပ်သည်လည်း ဖြစ်ခဲ့ ပေ၏။ အဲဒီလို(လေအစုမျှသာ ပွါးခြင်းဟူသော) အပြစ်ရှိသည်၏အဖြစ်ကြောင့်

ၐင်း နှာသီးဖျားနှင့် အထက်နှုတ်ခမ်း စသော အရပ်ဖြင့် ပိုင်းခြားအပ်သည်၏ အဖြစ်ကြောင့်ၐင်း မပွါးများအပ်ပေ။

**ဗြဟ္မဝိဟာရတို့ကို မပွါးစေအပ်ဟူရာ၌ ရှင်းချက်။** ။ဗြဟ္မဝိဟာရတို့သည် သတ္တဝါ ပညတ်လျှင် အာရုံရှိပါပေကုန်၏။ ထိုဗြဟ္မဝိဟာရတရားတို့၏ နိမိတ်အာရုံကို ပွါးများသော ယောဂီအား သတ္တဝါအစုသည်သာလျှင် ပွါးစေရာ၏။ ထိုသတ္တဝါအစုကို ပွါးများသဖြင့် ပထဝီကသိုဏ်းစသည်ကို ပွါးစေခြင်း၌ကဲ့သို့ တစိုးတစိ အကျိုးရှိသည်လည်း မဟုတ်ခဲ့ပါပေ၊ ထိုသို့ တစိုးတစိ အကျိုးမရှိသည်၏ အဖြစ်ကြောင့် ထိုဗြဟ္မဝိဟာရတို့၏ အာရုံကိုလည်း မပွါးများအပ်ပေ။

ဆက်ကြဦးစို့ "တခုသော အရပ်ကို မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့် ပြန့်နှံ့၍" ဤသို့ အစရှိသော စကားကို မိန့်ဆိုအပ်ပါပေ၏။ ထိုစကားကို မသိမ်းဆည်းအပ်သေးသော ဘာဝနာ၏ အာရုံကို သိမ်းဆည်းသောအားဖြင့်သာလျှင် ဟောတော်မူအပ်ပါပေ၏။ (သိမ်းဆည်းပြီးသော အာရုံကို ပွါးစေသောအားဖြင့် ဟောတော်မူသည်ကား မဟုတ်ပါပေ)။

တခုသော ကျောင်းတိုက်၌ နေသော ပုဂ္ဂိုလ်, နှစ်ခုသော ကျောင်းတိုက်၌ နေသော ပုဂ္ဂိုလ် အစရှိသော အစဉ်ဖြင့် တခုသော အရပ်၌ သတ္တဝါတို့ကို သိမ်းဆည်း၍ ပွါးများစေသော ပုဂ္ဂိုလ်ကို တခုသော အရပ်၌ သတ္တဝါတို့ကို ပြန့်နှံ့ပါပေ၏ဟူ၍ မိန့်တော်မူအပ်ပါ၏။ နိမိတ်ကို ပွါးသောပုဂ္ဂိုလ်ကို တခုသော အရပ်၌ သတ္တဝါတို့ကို ပြန့်နှံ့ပါပေ၏ဟူ၍ ဟောတော် မမူအပ်၊ ဤဗြဟ္မဝိဟာရဘာဝနာ၌ အကြင် ပဋိဘာဂနိမိတ်ကို အကြင် ယောဂီသည် ပွါးများစေရာ၏။ ထိုသို့ ပွါးများစေရာသော သဘောရှိသော ပဋိဘာဂနိမိတ်သည်ပင်လျှင် မရှိသည်လည်း ဖြစ်ခဲ့ပါပေ၏။ ဤဗြဟ္မဝိဟာရဘာဝနာ၌ ပရိတ္တ အပ္ပမာဏာရမ္မဏတို့ကိုလည်း တယောက် နှစ်ယောက်သော သတ္တဝါကို သိမ်းဆည်းခြင်း, အများ သတ္တဝါကို သိမ်းဆည်းခြင်းဖြင့်သာလျှင် သိအပ်ပေကုန်၏။

**အာရုပ္ပတို့ကို မပွါးစေအပ်ဟူရာ၌ ရှင်းချက်။** ။အာရုပ္ပအာရုံတို့တွင်လည်း ကောင်း ကင် ပ ညတ် သည် ကသိုဏ်းကို ခွါခြင်းဖြင့် ရအပ်သည်၏ အဖြစ်ကြောင့် ယင်းပညတ်အာရုံကို မပွါးများအပ်ပေ။ ထင်ရှားစေအံ့၊ ထိုအာကာသကသိုဏ်းကို ကင်းကွာခြင်း၏ အစွမ်းဖြင့်သာလျှင် နှလုံးသွင်းခြင်းကို ပြုအပ်ပါပေ၏။ ထိုကင်းကွာလေသော ကသိုဏ်းထက် အလွန် ပွါးများသော်သူအား တစုံတခုသော အကျိုးသည် မဖြစ်ပေ၊ ပဌမာရုပ္ပဝိညာဏ်ကို သဘာဝတရားဖြစ်သည်၏ အဖြစ်ကြောင့် ယင်းဝိညာဏ်အာရုံကိုလည်း မပွါးများအပ်ပေ။

တဖန် သဘာဝတရားကို ပွါးများခြင်းငှါ မတတ်ကောင်းခဲ့၊ ပဉ္စမာရုပ္ပဝိညာဉ်၏ ကင်းခြင်း နတ္ထိဘောပညတ်ကို ပဉ္စမာရုပ္ပဝိညာဉ်၏ မရှိသည်၏အဖြစ်ကြောင့် ယင်းဝိညာဏ်အာရုံကိုလည်း မပွါးများအပ်ပေ။ နေဝသညာနာသညာယတနစျာန်၏ အာရုံကိုလည်း သဘာဝတရားဖြစ်သောကြောင့်ပင်လျှင် မပွါးများအပ်၊ ထိုဗုဒ္ဓါနုဿတိ စသော ဆယ်ပါးသော ကမ္မဋ္ဌာန်းတို့ကို ပဋိဘာဂနိမိတ်မဟုတ်သည်၏ အဖြစ်ကြောင့် မပွါးများစေအပ်ပေကုန်၊ ပဋိဘာဂနိမိတ်သည်သာလျှင် ပွါးများစေအပ်သော တရားမည်၏၊ ဗုဒ္ဓါနုဿတိ အစရှိသော ကမ္မဋ္ဌာန်းတို့၏လည်း အာရုံသည် ပဋိဘာဂနိမိတ်သည် မဟုတ်ခဲ့ဘိလေသောကြောင့် ထိုဗုဒ္ဓါနုဿတိ စသည်တို့၏ အာရုံကို မပွါးများအပ်ပေ။ ဤသို့ ပွါးစေအပ်၊ မပွါးစေအပ်သည်ကို ဝေဖန်သောအားဖြင့် (အဆုံးအဖြတ်ကို သိအပ်ပေသည်။)

## အာရုံကို ဝေဖန်ခြင်း

**ပဋိဘာဂနိမိတ် ထင်သော ကမ္မဋ္ဌာန်းများ။** ။လေးဆယ်ကုန်သော ဤကမ္မဋ္ဌာန်းတို့တွင် ကသိုဏ်းဆယ်ပါး အသုဘဆယ်ပါး၊ အာနာပါနဿတိ၊ ကာယဂတာသတိ၊ ဤနှစ်ဆယ့်နှစ်ပါးသော ကမ္မဋ္ဌာန်းတို့သည် ပဋိဘာဂနိမိတ်ဖြစ်သော အာရုံတို့ ဖြစ်ကြပေကုန်၏။ (ပဋိဘာဂနိမိတ်ကို အာရုံပြုကုန်၏။)

**ပဋိဘာဂနိမိတ် မထင်သော ကမ္မဋ္ဌာန်းများ။** ။အထက်ပါ နှစ်ဆယ့်နှစ်ပါးမှ ကြွင်းကုန်သော တဆယ့်ရှစ်ပါးသော ကမ္မဋ္ဌာန်းတို့သည် ပဋိဘာဂနိမိတ်၏ အာရုံတို့ မဖြစ်ကြပေကုန်။ (ပဋိဘာဂနိမိတ်ကို အာရုံမပြုကြကုန်။)

**သဘာဝဓမ္မ အာရုံရှိသော ကမ္မဋ္ဌာန်း။** ။ထိုမှ တပါး ဆယ်ပါး ကုန်သော အနုဿတိတို့တွင် အာနာပါနဿတိနှင့် ကာယဂတာသတိတို့ကို ချန်လှပ်၍ ကြွင်းကုန်သော အနုဿတိရှစ်ပါး၊ တပါးသောသညာ၊ တပါးသော ဝဝတ္ထာန်, ဝိညာဏဉ္စာယတနစျာန် နေဝသညာနာသညာယတနစျာန်၊ ဤတဆယ့်နှစ်ပါးကုန်သော ကမ္မဋ္ဌာန်းတို့သည် သဘာဝဓမ္မဖြစ်သော အာရုံတို့ ဖြစ်ပေကုန်၏။ (သဘာဝတရားကို အာရုံပြုကုန်၏)။

**နိမိတ်အာရုံရှိသော ကမ္မဋ္ဌာန်း။** ။ကသိုဏ်းဆယ်ပါး, အသုဘဆယ်ပါး, အာနာပါနဿတိ, ကာယဂတာသတိ၊ ဤနှစ်ဆယ့်နှစ်ပါးကုန်သော ကမ္မဋ္ဌာန်းတို့သည် ပဋိဘာဂနိမိတ်ဖြစ်သော အာရုံတို့ ဖြစ်ကြပေကုန်၏။ (ပဋိဘာဂ နိမိတ်ကို အာရုံပြုကြကုန်၏)။

**နဝတ္တဗ္ဗာရမ္မဏတာ အာရုံရှိသော ကမ္မဋ္ဌာန်း။** ။ဆိုအပ်ခဲ့ပြီးသော သုံးဆယ့်လေးပါးမှ ကြွင်းသော ဗြဟ္မဝိဟာရလေးပါး, အာကာသာနဉ္စာယတန, အာကိဉ္စညာယတနဟု ဆိုအပ်ကုန်သော ဤခြောက်ပါးကုန်သော ကမ္မဋ္ဌာန်းတို့သည် သဘာဝဟူ၍လည်း မဆိုအပ်၊ နိမိတ်ဟူ၍လည်း မဆိုအပ်ကုန်သော အာရုံတို့ ဖြစ်ပေကုန်၏။ (အာရုံကို အာရုံပြုကြကုန်၏)။

**လှုပ်သောအာရုံ ရှိသော ကမ္မဋ္ဌာန်း။** ။ထိုမှတပါး ဝိပုဗ္ဗကကမ္မဋ္ဌာန်း, လောဟိတက ကမ္မဋ္ဌာန်း, ပုဠုဝကကမ္မဋ္ဌာန်း, အာနာပါနဿတိ, အာပေါကသိုဏ်း, တေဇောကသိုဏ်း, ဝါယောကသိုဏ်း, အာလောက ကသိုဏ်း၌ နေစသည်တို့၏ အကြင်လေသောက် ပြူတင်းပေါက် အစရှိသည်တို့ဖြင့် ဝင်လာသော အရောင်ဝန်း အာရုံဟူသော ဤရှစ်ပါးကုန်သော ကမ္မဋ္ဌာန်းတို့သည် လှုပ်သောအာရုံတို့ ဖြစ်ကြပေကုန်၏။

> မှတ်ချက်။ ။ယိုထွက်သော ပြည်ရှိသည်၏ အဖြစ်ကြောင့် ဝိပုဗ္ဗကကိုငင်း, ယိုထွက်သော သွေးရှိသည်၏ အဖြစ်ကြောင့် လောဟိတကကိုငင်း, ပိုးလောက်တို့၏ လှုပ်ခြင်းကြောင့် ပုဠုဝကကိုငင်း, ဝါတာပါနဝိဝရစသည်တို့ဖြင့် အတွင်းသို့ဝင်သော နေရောင်ဝန်းစသည်၏လှုပ်သော အခြင်းအရာသည် ထင်ရှားရကား အရောင်အဝန်း အာရုံကိုငင်း စလိတာရမ္မဏဟူ၍ မှတ်ယူရပေမည်။

စင်စစ်မှာတော့ရင် ထိုရှစ်ပါးသော ကမ္မဋ္ဌာန်းတို့သည်လည်း ပဋိဘာဂနိမိတ်ဖြစ်သည်မှ (ပဋိဘာဂနိမိတ် မဖြစ်ပေါ်မီ) ရှေးအဘို့၌သာ လှုပ်သော 'စလိတ' ကမ္မဋ္ဌာန်းမည်ပါပေ၏။

**မလှုပ်သော ကမ္မဋ္ဌာန်း။** ။ပဋိဘာဂနိမိတ်သည်ကား 'မတုန်မလှုပ် ငြိမ်သက်သည်သာလျှင်ဖြစ်ပေ၏။ ထိုရှစ်ပါးမှ ကြွင်းကုန်သော သုံးဆယ့်နှစ်ပါးသော ကမ္မဋ္ဌာန်းတို့သည် မလှုပ်သောအာရုံတို့ ဖြစ်ပါပေကုန်၏။ ဤသို့ အာရုံကို ဝေဖန်သော အားဖြင့် (အဆုံးအဖြတ်ကို သိအပ်ပေသည်)။

## ကမ္မဋ္ဌာန်းလေးဆယ်ကို ဘုံအားဖြင့် ခွဲဝေပုံ

**နတ်ပြည်၌ မဖြစ်သော ကမ္မဋ္ဌာန်း။** ။လေးဆယ်သော ကမ္မဋ္ဌာန်း တို့တွင် အသုဘ ဆယ်ပါး, ကာယဂတာသတိ, တခုသောသညာ၊ ဤတဆယ့်နှစ်ပါးသော ကမ္မဋ္ဌာန်းတို့သည် ကာမာဝစရနတ်

ပြည်တို့၌ မဖြစ်ကြပေကုန်၊ ထိုကာမာဝစရ နတ်ပြည်တို့၌ အသုဘ တို့၏ရှင်း စက်ဆုပ်ရွံရှာဖွယ်ရာရှိသော အာဟာရ၏ရှင်း ဖြစ်ခြင်းသဘော မရှိလေသော ကြောင့် အထက်ပါ တဆယ့်နှစ်ပါးသော ကမ္မဋ္ဌာန်းများ မဖြစ်နိုင်၊ မရနိုင်ကြပေကုန်။

မှတ်ချက်။ ။ဤစကားသည် စတုမဟာရာဇ်, တာဝတိံသာ စသော နတ်ပြည် ခြောက်ထပ်မှာရှိသော နတ်များကို ရည်ရွယ်၍ ဆိုလိုပါသည်၊ စတုမဟာရာဇ်အဝင် ဘုမ္မဿိတ၊ ဝိနိပါတိကနတ်မှာ တော့ရှင် ရသင့် ရထိုက် ရကောင်းပါပေ၏။

**ဗြဟ္မာ့ပြည်၌ မဖြစ်သောကမ္မဋ္ဌာန်း။** ။ဆယ်ပါးသော အသုဘ, ကာယဂတာ သတိ, တခုသောသညာ, အာနာပါနဿတိ၊ ဤတဆယ့်သုံးပါးကုန်သော ကမ္မဋ္ဌာန်းတို့သည် ဗြဟ္မာ့ပြည်၌ မဖြစ်နိုင်ပေကုန်၊ အထူးမှာကား ထွက်သက်ဝင်သက်ဟု ဆိုအပ်ကုန်သော အဿာသ ပဿာသတို့ သည် ဗြဟ္မာ့ပြည်၌ မဖြစ်ခြင်းကြောင့် အာနာပါနဿတိကို ဗြဟ္မာ့ပြည်၌ မရ နိုင်ပေ။

**အရူပဗြဟ္မာ့ပြည်၌ ရသော ကမ္မဋ္ဌာန်း။** ။တဖန် အရူပလေးဘုံ၌ လေးပါး ကုန်သော အာရုပ္ပကမ္မဋ္ဌာန်းတို့ကို ချန်လှပ်၍ တပါးသော ကမ္မဋ္ဌာန်းတို့ကို မရနိုင်ပေ၊ (မဖြစ်နိုင်ပေ)။

**လူ့ဘုံ၌ အလုံးစုံသော ကမ္မဋ္ဌာန်းတို့ကို ရပုံ။** ။လူ့ဘုံမှာတော့ရှင် လေးဆယ် ကုန်သော ကမ္မဋ္ဌာန်းတို့ကို ရနိုင်ပေ၏၊ဤသို့ ဘုံအားဖြင့် သိရပေ၏။

ဤလေးဆယ်သော ကမ္မဋ္ဌာန်းတို့၌ မြင်အပ်သောဝတ္ထု, တွေ့အပ်သောဝတ္ထု, ကြားအပ်သော ဝတ္ထုဖြင့် ယူအပ်သည်၏ အဖြစ်ဖြင့်လည်း ဝေဖန်၍ သိအပ်ပါပေ၏။

**မြင်သည့်အတိုင်း မှတ်ယူအပ်သော ကမ္မဋ္ဌာန်းများ။** ။ထိုလေးဆယ်သော ကမ္မ ဋ္ဌာန်းတို့တွင် ဝါယော ကသိုဏ်းကို ချန်လှပ်၍ ကြွင်းကုန်သော ကိုးပါးအပြားရှိသောကသိုဏ်း, အသုဘ ဆယ်ပါး၊ ဤတဆယ့်ကိုးပါးသော ကမ္မဋ္ဌာန်းတို့ကို မြင်အပ်သော ဝတ္ထုဖြင့် မြင် အပ်သည့်အတိုင်း မနေသာတပ်တပ် ထင်အောင် မှတ်အပ်ကုန်၏၊(မြင်သည့်အတိုင်း ဖြစ်စေအပ်သော ဥဂ္ဂဟနိမိတ် ရှိပေကုန်၏၊) ဥဂ္ဂဟနိမိတ် မထင်မီ ရှေးအဖို့၌ မျက်စိဖြင့် အဖန်ဖန် ကြည့်၍ ထိုတဆယ့်ကိုးပါးသော ကမ္မဋ္ဌာန်းတို့၏ ဥဂ္ဂဟ နိမိတ်ကို မြင်သည့်အတိုင်း ထင်အောင် မနေသာဒွါရဖြင့် မှတ်အပ်ပေ၏၊ ကာယ

ဂတာသတိ၌ တစပဉ္စကကမ္မဋ္ဌာန်းကို မြင်အပ်သော ဝတ္ထုဖြင့် မြင်သည့်အတိုင်း မနေ့ာတပ်တပ် ထင်အောင် မှတ်အပ်၏။

**ကြားသည့်အတိုင်း မှတ်ယူအပ်သော ကမ္မဋ္ဌာန်းများ။** ။တစ ပဉ္စကမှ ကြွင်းသော ဝက္ကပဉ္စက စသည်ကို ကြားအပ်သော ဝတ္ထုဖြင့် (ကြားဘူးသော အခြင်းအရာဖြင့်) ကြားသည့်အတိုင်း ထင်အောင် မနေ့ာဒွါရဖြင့် မှတ်အပ်ပေ၏။

**မြင်, ကြားသည့်အတိုင်း မှတ်ယူအပ်သောကမ္မဋ္ဌာန်း။** ။အဲဒီလို ကာယဂတာသတိ၏ အာရုံကို မြင်အပ်သောဝတ္ထု, ကြားအပ်သောဝတ္ထုဖြင့် မြင်သည့်အတိုင်း ကြားသည့်အတိုင်း မနေ့ာတပ်တပ် ထင်အောင်မှတ်အပ်ပေကုန်၏။

**တွေ့သည့်အတိုင်း မှတ်ယူအပ်သော ကမ္မဋ္ဌာန်း။** ။အာနာပါနဿတိကို တွေ့ထိအပ်သော ဝတ္ထုဖြင့် တွေ့ထိသည့်အတိုင်း မနေ့ာတပ်တပ် ထင်အောင် မှတ်အပ်၏။

**မြင်တွေ့သည့်အတိုင်း မှတ်ယူအပ်သောကမ္မဋ္ဌာန်း။** ။ဝါယောကသိုဏ်းကို မြင်အပ်သော ဝတ္ထု, တွေ့အပ်သော ဝတ္ထုဖြင့် မြင်တွေ့ထိသည့်အတိုင်း မနေ့ာတပ်တပ် ထင်အောင် မှတ်အပ်၏။

**ကြားအပ်သောဝတ္ထုဖြင့် မှတ်ယူအပ်သော ကမ္မဋ္ဌာန်း။** ။ဆိုအပ်ခဲ့ပြီးသော နှစ်ဆယ့်နှစ်ပါးသော ကမ္မဋ္ဌာန်းမှ ကြွင်းကုန်သော တဆယ့်ရှစ်ပါးသော ကမ္မဋ္ဌာန်းတို့ကို ကြားအပ်သော ဝတ္ထုဖြင့် ကြားသည့်အတိုင်း မနေ့ာတပ်တပ် ထင်အောင် မှတ်အပ်၏။

**ရှေးဦးစွာ မပွါးအပ်သော ကမ္မဋ္ဌာန်းများ။** ။အထူးကို ဆိုဦးစို့၊ ဤလေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင် ဥပေက္ခာ တည်းဟူသော ဗြဟ္မဝိဟာရကမ္မဋ္ဌာန်းသည်၎င်း လေးပါးကုန်သော အာရုပ္ပကမ္မဋ္ဌာန်းတို့သည်၎င်း ရှိပါပေ၏၊ ဤကမ္မဋ္ဌာန်းတို့ကို လက်ဦးအစ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းအမှု၌ ယှဉ်သော ပုဂ္ဂိုလ်သည် ဘာဝနာကို စ၍ အားထုတ်သည်၏ အစွမ်းဖြင့် မဖြစ်စေအပ်ကုန်၊ (မပွါးများအပ်ကုန်)။

**ရှေးဦးစွာပွါးများသင့်သောကမ္မဋ္ဌာန်းများ။** ။ယင်း ကမ္မဋ္ဌာန်းငါးပါးမှ ကြွင်းကုန်သော သုံးဆယ့်, ငါးပါးသော ကမ္မဋ္ဌာန်းတို့ကိုလည်း လက်ဦးအစကမ္မဋ္ဌာန်း စီးဖြန်းခြင်းအမှု၌ယှဉ်သော ပုဂ္ဂိုလ်သည် ဘာဝနာကို အစအားထုတ်သည်၏အစွမ်းဖြင့် ယူအပ် ဖြစ်စေအပ်ပါ

ပေ၏။ ဤသို့ ယူအပ် မယူအပ်သည်ကို ဝေဖန်သော အားဖြင့် (အဆုံးအဖြတ်ကို သိအပ် ပေသည်)။

**အရူပဈာန် ရကြောင်းဖြစ်သော ကမ္မဋ္ဌာန်းများ။** ။ဤ လေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင် အာကာသ ကသိုဏ်းကို ချန်လှပ်၍ ကိုးပါး အပြားရှိသော ကသိုဏ်းတို့သည် အာ-ရုပ္ပဈာန်တို့၏ အကြောင်းတို့ ဖြစ်ပါပေကုန်၏။

**အဘိညာဏ်ရကြောင်းဖြစ်သော ကမ္မဋ္ဌာန်း။** ။ဆယ်ပါးသော ကသိုဏ်းတို့သည် အဘိညာဥ်၏အကြောင်းတို့သည် ဖြစ်ပါပေကုန်၏။

**သုံးပါးသော ပြဟ္မဝိဟာရတို့သည် စတုတ္ထပြဟ္မဝိဟာရ၏အကြောင်းဖြစ်ပုံ** မေတ္တာ, ကရုဏာ, မုဒိတာ ဟု ဆိုအပ်သော အောက်ဖြစ်သော ပြဟ္မဝိဟာရတို့သည် ဥပေက္ခာဟု ဆိုအပ်သော စတုတ္ထဖြစ်သော ပြဟ္မဝိဟာရ၏ အကြောင်းတရားတို့သည် ဖြစ်ပါပေကုန်၏။

**အာရုပ္ပကမ္မဋ္ဌာန်း၏ အကြောင်း။** ။အောက် အောက် ဖြစ်သော အာရုပ္ပကမ္မဋ္ဌာန်းသည် အထက်အထက်ဖြစ်သော အာရုပ္ပကမ္မဋ္ဌာန်း၏ အကြောင်းတရားတို့ ဖြစ်ပါပေကုန်၏။

**နိရောဓသမာပတ်၏ အကြောင်းဖြစ်သော ကမ္မဋ္ဌာန်း။** ။နေဝသညာနာသညာယတ နဈာန်သည် နိရောဓ သမာပတ်၏ အကြောင်းတရားသည် ဖြစ်ပါပေ၏။

အလုံးစုံသော ကမ္မဋ္ဌာန်းတို့သည်လည်း ပစ္စုပ္ပန်မျက်မှောက်၌ ချမ်းသာစွာ နေရခြင်း ဝိပဿနာရှုခြင်း,ဘဝ၏ပြည့်စုံခြင်း၏ အကြောင်းတရားတို့သည် ဖြစ်ပါပေကုန်၏။ ဤသို့ အကြောင်းကို ဝေဖန်သောအားဖြင့်(အဆုံးအဖြတ်ကို သိအပ် ပေသည်။)

**ရာဂစရိုက်ထူပြောသော ပုဂ္ဂိုလ်အား လျော်ကပ်သောကမ္မဋ္ဌာန်း** ဤ လေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင် အသုဘာဆယ်ပါး, ကာယဂတာသတိ၊ ဤတဆယ့်တပါးကုန်သော ကမ္မဋ္ဌာန်းတို့သည် ရာဂစရိုက် ထူပြောသောပုဂ္ဂိုလ်အား လျော်ကပ်ပါပေ၏။ (လျော်ပါပေ၏။) ရာဂကို ခွါခြင်း၏အကြောင်း ဥပါယ်တမည်ဖြစ်သည်၏ အဖြစ်ကြောင့် ပေတည်း။

ဒေါသစရိုက်ထူပြောသောပုဂ္ဂိုလ်အား လျော်ကပ်သောကမ္မဋ္ဌာန်း — ဗြဟ္မဝိဟာရလေးပါး၊ (နီလ, ပီတ, လောဟိတ, ဩဒါတဟူသော) ဝဏ္ဏကသိုဏ်းလေးပါး၊ ဤရှစ်ပါးသော ကမ္မဋ္ဌာန်းတို့သည် ဒေါသစရိုက်ထူပြောသော ပုဂ္ဂိုလ်အား သင့်လျော် လျောက်ပတ်ပါပေ၏။ ဒေါသကို ခွါခြင်း၏အကြောင်း ဥပါယ်တမည်ဖြစ်သည်၏ အဖြစ်ကြောင့်ပေတည်း။

မောဟနှင့် ဝိတက်စရိုက် ထူပြောသောပုဂ္ဂိုလ်အား လျော်ကပ်သော ကမ္မဋ္ဌာန်း — မောဟစရိုက် ထူပြောသော ပုဂ္ဂိုလ်အားရင်း ဝိတက်စရိုက် ထူပြောသော ပုဂ္ဂိုလ်အားရင်း အနုဿတိကမ္မဋ္ဌာန်းတို့တွင် တပါးသော အာနာပါနဿတိကမ္မဋ္ဌာန်းသည်သာလျှင် သင့်လျော် လျောက်ပတ်ပါပေ၏။

သဒ္ဓါစရိုက် ထူပြောသောပုဂ္ဂိုလ်အား လျော်ကပ်သော ကမ္မဋ္ဌာန်း — သဒ္ဓါစရိုက် ထူပြောသော ပုဂ္ဂိုလ်အား ရှေးဖြစ်ကုန်သော ခြောက်ပါးကုန်သော အနုဿတိ ကမ္မဋ္ဌာန်းတို့သည် သင့်လျော် လျောက်ပတ်ပါပေ၏။

ဗုဒ္ဓိစရိုက် ထူပြောသောပုဂ္ဂိုလ်အား လျော်ကပ်သော ကမ္မဋ္ဌာန်း — ဗုဒ္ဓိစရိုက် ထူပြောသော ပုဂ္ဂိုလ်အား မရဏဿတိ, ဥပသမာနုဿတိ, စတုဓာတုဝဝတ္ထာန်, တခုသော သညာဟု ဆိုအပ်ကုန်သော လေးပါးကုန်သော ကမ္မဋ္ဌာန်းတို့သည် သင့်လျော် လျောက်ပတ်ပါပေ၏။

စရိုက်အားလုံးနှင့်လျော်ကပ်သောကမ္မဋ္ဌာန်း။ ။လေးပါးသော ဝဏ္ဏကသိုဏ်းမှ ကြွင်းကုန်သော ခြောက်ပါးသော ကသိုဏ်းနှင့် လေးပါးကုန်သော အာရုပ္ပ၊ ဤကမ္မဋ္ဌာန်းတို့သည် အလုံးစုံသော စရိုက်ထူပြောသော ပုဂ္ဂိုလ်တို့နှင့် သင့်လျော် လျောက်ပတ်ပါပေ၏။

ဝိတက်စရိုက် ထူပြောသောပုဂ္ဂိုလ်အား လျော်ကပ်သော ကသိုဏ်းဝန်း — ဆက်ဦးစို့ ကသိုဏ်းတို့တွင် အကြင်တစုံတခုသော အိုးဖုံး စလောင်းကြီးအရွယ်, စကောငယ် အရွယ်မျှဖြစ်၍ငယ်သော ကသိုဏ်းသည် ဝိတက်စရိုက် ထူပြောသောသူအား သင့်လျော် လျောက်ပတ်ပါပေ၏။

**မောဟစရိုက် ထူပြောသောပုဂ္ဂိုလ်အား လျောက်ပတ်သော ကသိုဏ်းဝန်း**

ထိုထက်အလွန် ကောက်နယ်တလင်း ခန့်စသည် ကြီးကျယ်သော ကသိုဏ်းသည် မောဟစရိုက်ထူပြောသော ပုဂ္ဂိုလ်အား သင့်လျော် လျောက်ပတ်ပါပေ၏။ ဤသို့ ကမ္မဋ္ဌာန်းလေးဆယ်တို့၌ စရိုက်အား လျော်သောအားဖြင့် အဆုံးအဖြတ်ကို သိအပ်ပေသည်။

အထက်ပါ စကားရပ်များသည်ကား ဖြောင့်ဖြောင့် ဆန့်ကျင်ဖက်၏ အစွမ်းဖြင့်ရင်း၊ အလွန် သင့်လျော် လျောက်ပတ်သည်၏ အစွမ်းဖြင့်ရင်း ဆိုအပ်ခဲ့ပါပေ၏။ ထိုသို့ပင် ဆိုအပ်ခဲ့ငြားသော်လည်း (၁) ရာဂ အစရှိသည်တို့ကို မခွါတတ်သော ကုသိုလ်ဘာဝနာ မည်သည်ရင်း၊ (၂) သဒ္ဓါအစရှိသည်တို့အား ကျေးဇူး မပြုတတ်သော ကုသိုလ်ဘာဝနာမည်သည်ရင်း မရှိနိုင်ပေ။

မေဃိယသုတ်၌—

လေးပါးကုန်သော နှလုံးသွင်းအပ်သော တရားတို့ကို (သီလသမ္ပဒါ, ကလျာဏမိတ္တတာ, သပ္ပါယဓမ္မဿဝန, ဝီရိယ, ပညာ·ဟူသော ငါးပါးသော တရားတို့၌ တည်သည်မှ အထက်၌) ပွါးများအပ်ပါပေကုန်၏။

ရာဂကို ပယ်ခြင်းငှါ တဆယ့်တပါးသော အသုဘကမ္မဋ္ဌာန်း တရားတို့၌ ဘာဝနာနုယောဂကို ပွါးများအပ်ပါပေ၏။

ဒေါသကို ပယ်ခြင်းငှါ အနောဓိသ·ဩဓိသအားဖြင့်ဖြစ်သော မေတ္တာ ဘာဝနာကို ပွါးများအပ်ပါပေ၏။

မိစ္ဆာဝိတက်တို့ကို ဖြတ်ခြင်းငှါ တဆယ့်ခြောက်ပါးသော ဝတ္ထုရှိသော အာနာပါနဿတိ သမာဓိဘာဝနာကို ပွါးများအပ်ပါပေ၏။

ငါသာ လိမ္မာ, ငါသာ တတ်, ငါသာ မြတ်, ငါသာ ဖြစ်၏ ဟူ၍ စိတ်မြင့်သောအားဖြင့် ထောင်လွှားသော ကိုးပါးအပြားရှိသော မာန်ကို ကောင်းစွာ ဖြတ်ခြင်းငှါ အလုံးစုံသော သင်္ခါရတရားတို့သည် အနိစ္စချည်းပါတကား အစရှိသော နည်းဖြင့် ဖြစ်သော အနိစ္စာနုပဿနာကို ပွါးများအပ်ပါပေ၏။

ရာဟုလသုတ်၌လည်း—

"ရာဟုလာ မေတ္တာတည်းဟူသော ဘာဝနာကို ပွါးများလော့"၊ ဤသို့ အစရှိသော နည်းဖြင့် တပါတည်းသာ ဖြစ်ပါသော အရှင်ရာဟုလာအား ခုနစ်ပါးကုန်သော ကမ္မဋ္ဌာန်းတို့ကို ဟောအပ်ပါကုန်ပြီ။

ထို့ကြောင့်—

ဤမည်သော ကမ္မဋ္ဌာန်းသည် ဤမည်သော စရိုက်ရှိသော ပုဂ္ဂိုလ်အား လျောက်ပတ်ခြင်းသည် ဖြစ်ပါပေ၏ဟု ဤသို့ ဆိုအပ်ခဲ့ပြီးသော စကားရပ်

မျှဖြင့် ဆိုလျှင် ဆိုတိုင်း ခိုင်းမျည်းမှုမရှိ ယူမိယူရာ မြဲစွာစွဲလမ်း မှတ်သားခြင်းကို (လေ့နှံဒါးထစ် မမှတ်သားမူ၍) အလုံးစုံသော အရာတို့၌ ထိုအခြင်းအရာဖြင့် ဆိုအပ်သော စကားရပ်၏ လိုအပ်သော အဓိပ္ပါယ်ကို ရှာမှီးအပ်ပါပေ၏။ ဤ ဆိုအပ်ခဲ့ပြီးသည်ကား ကမ္မဋ္ဌာန်းနှင့်စပ်သော စကား အဆုံးအဖြတ်ပေတည်း။

**ကမ္မဋ္ဌာန်းဆရာထံ ကမ္မဋ္ဌာန်းတောင်းပုံ အစီအရင်။** ။ထိုယောဂီ ပုဂ္ဂိုလ်သည် ရှေး၌ ဆိုအပ်ခဲ့ပြီး ပါသော သီလ သီတင်း ဖြူစင်သည်ဖြစ်၍ ချစ်ခင်အပ်ပေသော ဂုဏ်စသည်တို့နှင့် ပြည့်စုံသော ကလျာဏမိတ်၏အထံသို့ ချဉ်းကပ်ပြီးတော့မှရင် သစ္စာဉေယျ ဓမ္မလုံးစုံ တရားပုံကို အကုန်သိကုန်သော ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံ တော်မူသော မြတ်စွာဘုရားရှင်အားရင်း, တလုံးတပါဒ တနုပ္ပဲပြင် သွန်သင်ပေ တတ် ဆရာမြတ်အားရင်း မိမိကိုယ်ကို(အပ်နှင်း)ဆောင်နှင်းပြီးတော့မှရင် ပြည့်စုံ သောအလိုရှိပြီး လျောက်ပတ် ကောင်းမြတ်သော နှလုံးသွင်းမှုရှိလျက် ကမ္မဋ္ဌာန်း တရားကို တောင်းယူအပ်ပါပေ၏။

**ကမ္မဋ္ဌာန်းအားမထုတ်မီ မိမိကိုယ်ကို ဘုရားရှင်အား စွန့်လှူဒါန်းရန်** ထိုခန္ဓာကိုယ်ကို အပ်နှင်း ရာ၌ ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့်ပြည့်စုံ တော်မူသား မြတ်စွာဘုရား ဘုရားတပည့်တော်သည် ဤခန္ဓာကိုယ် အတ္တဘောကို အရှင်မြတ်ဘုရားတို့အား စွန့်လှူဒါန်းပါ၏။ ဤသို့ သစ္စာဉေယျ ဓမ္မလုံးစုံ တရား-ပုံကို အကုန်သိကုန်သော ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်-မူသား မြတ်စွာဘုရားအား မိမိ၏ခန္ဓာကိုယ်ကို (အပ်နှင်း) ဆောင်နှင်း အပ်ပါပေ၏။

**ခန္ဓာကိုယ်ကို မစွန့်မလှူဒါန်းခြင်း၏ အန္တရာယ်။** ။ဤကဲ့သို့ မိမိ၏ ခန္ဓာကိုယ် ကို မလှူဒါန်း မဆောင်နှင်း အပ်ပါမူ အစွန်အနားဖြစ်ကုန်သော ကျောင်းတို့၌ နေသော ရဟန်းသည် ကြောက် မက်ဖွယ်ရာဖြစ်သော အာရုံသည် ထင်လာခဲ့ပါသည်ရှိသော် တည်တံ့စေခြင်းငှါ မတတ်နိုင်ကုန်သည်ဖြစ်၍ ရွာအနီးကျောင်းသို့ သွားပြီး လူတို့နှင့် ရောနှောလျက် နေခြင်းသို့ ရောက်၍ အပွါးအစီးကင်းသော ပျက်စီးခြင်းသို့ ရောက်ခဲ့ပေရာ၏။ အကယ်၍ (ထိုသို့ မဟုတ်ခဲ့ပါမူ) ဆောင်နှင်းအပ်သော အတ္တဘောရှိသော ထို ယောဂီပုဂ္ဂိုလ်အား ကြောက်မက်ဖွယ်ရာဖြစ်သော အာရုံသည် ထင်ခြင်းသို့ ရောက်ခဲ့ပါသော်လည်း ဘေးအန္တရာယ်သည် မဖြစ်ခဲ့ပါပေ။

**ခန္ဓာကိုယ်ကို ဘုရားရှင်အား လှူဒါန်းခြင်း အကျိုးနှင့် ဥပမာ**

ယောဂီ သင်ဟာ လက်ဦးမဆွက ပင်လျှင် မိမိ၏ ခန္ဓာကိုယ်ကို ဘုန်းတော် ခြောက်စုံ ဂုဏ်တော် အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားရှင်တို့အား ဆောင်နှင်းအပ်ပြီး သည် မဟုတ်ပေလော၊ အဲဒီလို ဆင်ခြင်သော ထိုယောဂီပုဂ္ဂိုလ်အား ဤသို့ များသော ဘေးအန္တရာယ်ရှိသော ဤခန္ဓာကိုယ် အတ္တဘောကို သင့်မြတ်သော အရာဌ်သာလျှင် အပ်နှင်းမိပါပေစွဟု ရှင်လန်းဝမ်းမြောက်ခြင်း သည်သာလျှင် ဖြစ်ခဲ့ပါပေ၏။

ထိုစကားရပ်ကို ထင်ရှား ပေါ်လွင်စွာ ပြကြပေဦးစို့၊ ယောကျာ်းအား မြတ်သော ကာသိတိုင်း၌ဖြစ်သော ပြေပြစ်သော အဝတ်သည် ဖြစ်ခဲ့ပေရာ၏။ ထိုအဝတ်ကို ကြွက်တည်းဟူသော သတ္တဝါတို့နှင့် ပိုးတည်းဟူသော သတ္တဝါတို့ သည် ခဲအပ်သည်ရှိသော် ထိုယောကျာ်းအား နှလုံးမသာယာခြင်းတို့သည် ဖြစ်ခဲ့ပေရာ၏။

ထိုသို့ မဟုတ်ခဲ့ပါမူ ထိုကာသိတိုင်း၌ဖြစ်သော အဝတ်ကို သင်္ကန်းမပြည့်စုံ သော ရဟန်းအား အကယ်၍ ပူဇော်လှူဒါန်းငြားအံ့၊ ထိုသို့လှူဒါန်းခဲ့ပါသည်ရှိ သော် ထိုကာသိတိုင်း၌ဖြစ်သော အဝတ်သင်္ကန်းကို ရရှိသော ရဟန်းသည် အပိုင်း အပိုင်း ပြုအပ်သည်ကို မြင်တွေ့ပါသော်လည်း ထို သင်္ကန်းဒါယကာအား ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်းသည်သာလျှင် ဖြစ်ခဲ့လေရာသကဲ့သို့ ဤသည့် မခြား အလားတူစွာသာလျှင် ဤဥပမာ၏ ပြည့်စုံမှုကို သိအပ်ပါပေ၏။

**ခန္ဓာကိုယ်ကို ဆရာရှင်အား စွန့်လှူဒါန်းပုံ။** ။ဆရာရှင်အား ဆောင်နှင်း အပ်ပါသော ယောဂီသည် လည်း "အရှင်ဘုရား ဘုရားတပည့်တော်သည် ဤ မိမိ၏ခန္ဓာကိုယ် အတ္တဘောကို အရှင်ဘုရားတို့အား စွန့်လွှတ် လှူဒါန်းပါပေ၏"ဟူ၍ ပြောဆိုအပ်ပါပေ၏။

**ခန္ဓာကိုယ် မစွန့်သူ၏ အပြစ်။** ။ဤသို့သောနည်းဖြင့် မဆောင်နှင်းအပ်ပါ သော် မိမိ၏ ခန္ဓာကိုယ် အတ္တဘောရှိသော သူသည် (က) အကြိမ်းအမောင်း မခံသည် ဖြစ်ခဲ့ပါပေ၏။ (ခ) ဆိုဆုံးမခက်သည် မူလည်း ဖြစ်ခဲ့ပါပေ၏၊ (ဂ) အဆုံးအမကို မလိုက်နာသည်မူလည်း ဖြစ်ခဲ့ပါပေ ၏။ (ဃ) အလိုရှိရာ(သွားလိုရာ)အရပ်သို့မူလည်း သွားခဲ့ပေရာ၏၊ ('ဆရာရှင်ကို မပန်ကြားမူ၍သာလျှင် အကြင် တစုံတခုသော အရပ်သို့ သွားရောက်ခြင်းငှါ အလိုရှိပါပေ၏)။

ထို သွားလိုရာရာ တစုံတခုသော အရပ်သို့ ထွက်သွားတတ်သော အလေ့လည်း ရှိပါပေ၏။ ထိုသို့ ဆုံးမသည်ကို မလိုက်နာ အာဏာကို လက်မခံ ကြိုက်နှစ်သက်

သောနေရာသို့ သွားတတ်သော သဘောရှိသော သူကို ဆွမ်းစသည်ဖြင့်ရင်း အဆုံးအမ ဩဝါဒ စသည်ဖြင့်ရင်း မသင်္ဂြိုဟ် မသိမ်းပိုက်၊ သစ္စာတရားလေးပါး, ပဋိစ္စသမုပ္ပါဒ်တရား, ဓာတ်တဆယ့်ရှစ်ပါး, အာယတန တဆယ့်နှစ်ပါး စသည်နှင့် စပ်ယှဉ်သော လျှို့ဝှက်နက်နဲ ခက်ခဲသော ကျမ်းဂန်ကို မသင်ပေးတော့ချေ။

နှစ်ပါးအပြားရှိသော သင်္ဂြိုဟ်သိမ်းပိုက်မှု တရားအစုကို မရသော ထိုယောဂီ ပုဂ္ဂိုလ်သည် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်၌ ထောက်တည်ရာကိုပင် မရနိုင်ပေ။ ထိုယောဂီသည်ပင်လျှင် မကြာမြင့်မီ ကာလအတွင်းမှာ ဒုဿီလ (သီလပျက်စီးသောသူ၏)အဖြစ်သို့ရင်း လူဝတ်ကြောင်အဖြစ်သို့ရင်း ရောက်ခဲ့ရ ပါပေ၏။

**ခန္ဓာကိုယ်ဆောင်နှင်းသူ၏ အကျိုးတရား။** ။ဆရာအား ဆောင်နှင်းအပ်သော ခန္ဓာကိုယ် အတ္တဘောရှိသောသူ သည် (က) အကြိမ်းအမောင်းမခံသည့် သဘောလည်း မရှိ၊ (ခ) မိမိသဘော ဖြင့် မိမိ ကြိုက်နှစ်သက်ရာ တစုံတခုသောအရပ်သို့လည်း မပန်ကြားပဲ သွားတတ် သော သဘောလည်း မရှိပေ၊ (ဂ) ဆိုဆုံးမလျှင်လည်း လွယ်ကူစွာ အာဏာကို မပယ်လှန်ပါပဲလျက်နှင့် နာခံလေ့ ရှိပါပေ၏၊ (ဃ) ဆရာနှင့် ဆက်စပ်သော အသက်မွေးခြင်းလည်း ရှိပါပေ၏။

ထိုဆရာအား ဆောင်နှင်းအပ်သော ခန္ဓာကိုယ် အတ္တဘော ရှိသည်ဖြစ်၍ အမိသဖွယ် ဆရာဝယ် ကပ်လျက် အပ်မအပ် ဆိုလွယ်သောသူသည် ဆရာရှင်ထံ မှောက်မှ နှစ်ပါးအပြားရှိသော သင်္ဂြိုဟ်သိမ်းပိုက် ချီးမြှောက်မှု တရားအစုကို ရခဲ့ပါသည်ဖြစ်၍ သာသနာတော်၌ ကြီးပွါးတိုးတက်ခြင်းသို့ရင်း၊ ရေသောက် မြစ်သဖွယ် သက်ရောက်ခြင်းသို့ရင်း စည်ပင်ပြန့်ပြောခြင်းသို့ရင်း ရောက်ခဲ့ပါ ပေ၏။

## စူဠပိဏ္ဍပါတိကတိဿမထေရ်ထံ နည်းယူရန်လာသော တပည့်သုံးဦးတို့ အကြောင်း

စူဠပိဏ္ဍပါတိကတိဿ မထေရ်မြတ်၏ တပည့် သုံးဦးတို့ကဲ့သို့ ပေတည်း၊ ထို တပည့်သုံးဦးတို့သည် ထိုမထေရ်မြတ်၏ အထံတော်မှောက်သို့ နည်းခံယူရန် ရောက်ခဲ့ကြပါသတဲ့။

**ပထမတပည့်၏ လျှောက်ထားချက်။** ။ထို တပည့်သုံးပါးတို့တွင် တပါးသော ရဟန်းသည် "အရှင်ဘုရား အသူတရာ နက်သော ကမ်းပါးပြတ်၌ ခုန်ဆင်းသဖြင့် အရှင်မြတ်တို့၏ တစိုးတစိသော

အကျိုးသည် ဖြစ်ခဲ့ပါပေ၏ဟု တစုံတဦးသောပုဂ္ဂိုလ်သည် ဆိုအပ်ခဲ့ပါသည် ရှိသော် ဘုရားတပည့်တော်သည် အသူတရာနက်သော ကမ်းပါးပြတ်၌ ခုန်ဆင်း ခြင်းငှါ ဝံ့ပါပေ၏''ဟု လျှောက်ထားပါပေ၏။

**ဒုတိယတပည့်၏ လျှောက်ထားချက်။** ။ဒုတိယမြောက်ဖြစ်သော ရဟန်းသည် ''အရှင်ဘုရား အရှင်မြတ် ဘုရားတို့၏ တစိုးတစိသော အကျိုးသည် ဖြစ်ခဲ့ပါပေ၏ ဟူ၍ တစုံတဦးသော ပုဂ္ဂိုလ်သည် ဆိုအပ်ခဲ့ပါသည်ရှိသော် ဘုရားတပည့်တော်သည် ဤခန္ဓာကိုယ် အတ္တဘောကို ဖနှောင့်မှ အစပြုပြီးတော့မှရင် ကျောက်ပြင်၌ ဆေးမြစ်ဖြစ်ပြီး သွေး၍ အကြွင်းမဲ့ ကုန်စေခြင်းငှါ ဝံ့ပါပေ၏''ဟု လျှောက်ထားပါပေ၏။

**တတိယတပည့်၏ လျှောက်ထားချက်။** ။တတိယမြောက်ဖြစ်သော ရဟန်းသည် ''အရှင်မြတ်ဘုရား ဘုရားတပည့်တော်၏ ထွက်သက်ဝင်သက်ကို ပိတ်သဖြင့် အရှင်မြတ်ဘုရားတို့၏ တစိုးတစိရောဂါ ပျောက်ခြင်း စသော အကျိုးသည် ဖြစ်ခဲ့ပါပေ၏ဟု တဦးသော ပုဂ္ဂိုလ်သည် ဆိုအပ်ခဲ့ပါသည်ရှိသော် ဘုရားတပည့်တော်သည် ထွက်သက်ဝင်သက်တို့ကိုပိတ်၍ သေခြင်းကို ပြုခြင်းငှါ ဝံ့ပါ၏ဘုရား''ဟူ၍ လျှောက်ထားပါပေ၏။

**တပည့်သုံးဦးတို့ အရဟတ္တဖိုလ် ရောက်ကြပုံ။** ။စူဠပိဏ္ဍပါတိကတိဿမထေရ်မြတ်သည် ''ထိုတပည့်ရဟန်း သုံးပါးတို့သည် စင်စစ် ကျွတ်သင့် ကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့ချည်းပေတည်း''ဟု (ဆင်ခြင်လျက်)ကမ္မဋ္ဌာန်းကို ဟောလေ၏။ သုံးပါးကုန်သော ထိုရဟန်းတို့သည် စူဠပိဏ္ဍပါတိကတိဿမထေရ်မြတ်၏ ဩဝါဒတရားတော်ကို နာကြားရပြီး ကျင့်ကြံအားထုတ်ကြပေကုန်သည်ဖြစ်၍ သုံးပါးလုံးပင်အရဟတ္တဖိုလ်အဆင့်သို့ရောက် ခဲ့ကြပါပေကုန်၏။ ဤဆိုအပ်ခဲ့ပြီးသည်ကား (မြတ်စွာဘုရားနှင့် ဆရာတို့အား) မိမိကိုယ်ကို အပ်နှင်းရာ၌ အကျိုးပေတည်း။

**တမျိုးမျိုးသော ဗောဓိဉာဏ်သို့ ရောက်ခြင်း။** ။ထိုယောဂီပုဂ္ဂိုလ်သည် အလောဘ အစရှိသည်တို့၏ အစွမ်းဖြင့် ၎င်း လောဘမဖြစ်ခြင်း အစရှိကုန်သော ခြောက်ပါးသော အခြင်းအရာတို့ဖြင့် ရှေးအဖို့၌ ဖြစ်ကုန်သော သီလပြည့်စုံမှု စသည်တို့ကို ပြီးစေသည်၏ အစွမ်းဖြင့် ၎င်း လောကုတ္တရာတရားတို့၏ ဥပနိဿယ၏ အဖြစ်ဖြင့် ပြည့်စုံလျှောက်ပတ် ကောင်းမြတ်သော အလိုသဘောရှိသည် ဖြစ်အပ်ပါပေ၏။ ဤသို့သော အခြင်း အရာအားဖြင့် ပြည့်စုံလျှောက်ပတ် ကောင်းမြတ်သော အလိုရှိခြင်းသဘော တရားရှိသောသူသည် (သာဝကဗောဓိ,ပစ္စေကဗောဓိ,သမ္မာသမ္ဗောဓိ) ဟူသော

သုံးပါးကုန်သော ဗောဓိဉာဏ်တို့တွင် တပါးပါးသော ဗောဓိဉာဏ်သို့ ရောက်ခဲ့ပါပေ၏။

တဖန် ခြောက်ပါးကုန်သော အလိုရှိခြင်း သဘောတရားတို့သည် သစ္စာလေးပါးမြတ်တရားတို့ကို သိထိုက်ကုန်သော အလောင်းလျာ သတ္တဝါတို့အား မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ သွတ်သွင်း ကိုင်းရှိုင်းကုန်သော အလောင်းလျာ သတ္တဝါတို့အား တောင်းထားသောဆု အလျောက် မိမိသည် ရောက်အပ် ရအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် ရင့်ကျက်ခြင်းငှါ ဖြစ်ကြပေကုန်၏။

**လောဘတရား၌ ဒေါသတရားဟု ရှုခြင်း။** ။သစ္စာလေးပါးကို သိမည့်အလောင်းလျာ သတ္တဝါတို့သည် မတပ်မမက်မောလိုသော အခြင်းအရာအားဖြင့် ဖြစ်သော အလိုရှိခြင်းသဘောတရား ရှိကြပါပေကုန်၏။ လိုချင်မက်မောခြင်း လက္ခဏာရှိသော လောဘ၌ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အပြစ်ဟု ရှုကြပေကုန်၏။

**ဒေါသတရား၌ ဒေါသဟု ရှုခြင်း။** ။သစ္စာလေးပါးကို သိမည့် အလောင်းလျာ သတ္တဝါတို့သည် အမျက် မထွက်လိုသော အခြင်းအရာအားဖြင့် ဖြစ်သော အလိုရှိခြင်းသဘော ရှိကြပေကုန်၏။ ပြစ်မှားခြင်း လက္ခဏာရှိသော ဒေါသ၌ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အပြစ်ကို ရှုကြပေကုန်၏(အပြစ်ဟု ရှုကြပေကုန်၏)။

**မောဟတရား၌ ဒေါသတရားဟု ရှုခြင်း။** ။သစ္စာလေးပါးကိုသိမည့် အလောင်းလျာ သတ္တဝါတို့သည် မတွေဝေလိုသော အခြင်းအရာအားဖြင့်ဖြစ်သော အဇ္ဈာသယလည်း ရှိကြပါပေကုန်၏။ တွေဝေခြင်း လက္ခဏာရှိသော မောဟ၌ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အပြစ်ကို ရှုကြပေကုန်၏။

**သရာဝါသတရား၌ ဒေါသတရားဟု ရှုခြင်း။** ။သစ္စာလေးပါးကိုသိမည့် အလောင်းအလျာ သတ္တဝါတို့သည် ရဟန်းတော်၏ အဖြစ်ကို အလိုရှိသော အခြင်းအရာအားဖြင့်ဖြစ်သော အဇ္ဈာသယရှိကြပါပေကုန်၏။ (ရဟန်းအဖြစ်သို့ ညွတ်ကိုင်းရှိုင်းသော အဇ္ဈာသယ ရှိကြပါပေကုန်၏။)အိမ်ရာထောင်သူ လူ့ဘောင်ဝယ် နေခြင်းတည်းဟူသော အမှု၌ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အပြစ်ကို ရှုကြပေကုန်၏။

**အပေါင်းအဖော်၌ ဒေါသတရားဟု ရှုခြင်း။** ။သစ္စာလေးပါးကို သိမည့် အလောင်းလျာ သတ္တဝါတို့သည် တခဏမျှဆိတ်ငြိမ်မှု 'တဒင်္ဂဝိဝေက'၊ ကိလေသာခွါပြီး၍ ဆိတ်ငြိမ်မှု

'ဝိက္ခမ္ဘနဝိဝေက'၊ ကိုယ်ခွါပြီး၍ ဆိတ်ငြိမ်မှု 'ကာယဝိဝေက'၊ စိတ်ခွါပြီး၍ ဆိတ်ငြိမ်မှု 'စိတ္တဝိဝေက' သို့ ညွတ်ကိုင်းရှိုင်းသော အခြင်းအရာအားဖြင့် ဖြစ်သော အဇ္ဈာသယလည်း ရှိကြပါပေကုန်၏။ အခြေအရံဟူသော အပေါင်းကို ကိလေသာဟူသော အဖော်နှင့် နှီးနှောပေါင်းဖက်ခြင်း၌ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အပြစ်ကို ရှုကြပေကုန်၏။

**အလုံးစုံသော ဘဝဂတိတို့၌ ဒေါသတရားဟု ရှုခြင်း။** ။သစ္စာလေးပါးကို သိမည့် အလောင်းလျာ သတ္တဝါတို့သည် ခပ်သိမ်းသော သင်္ခါရတရားတို့မှ ထွက်မြောက် လွတ်ကင်း သန့်ရှင်း မီးငြိမ်းသော နိဗ္ဗာန်ကို လိုချင်တောင့်တသော အခြင်းအရာအားဖြင့် ဖြစ်သော အဇ္ဈာသယလည်း ရှိပါပေကုန်၏။ အလုံးစုံသောဘဝ, အလုံးစုံသော ဂတိတို့၌ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အပြစ်ကို ရှုကြပေကုန်၏။

အချို့ကုန်သော အတိတ်အနာဂတ် ပစ္စုပ္ပန်တို့၌ဖြစ်ကြပေကုန်သော သောတာပန်,သကဒါဂါမ်,အနာဂါမ်,ရဟန္တာ ပစ္စေကဗုဒ္ဓါ,သမ္မာသမ္ဗုဒ္ဓတို့သည် ဖြစ်ကြပါပေကုန်၏။ အလုံးစုံသော ထိုသောတာပန်,သကဒါဂါမ်, အနာဂါမ်, ရဟန္တာ, ပစ္စေကဗုဒ္ဓါ,သမ္မာသမ္ဗုဒ္ဓတို့သည် ခြောက်ပါးကုန်သော ဤဆိုအပ်ခဲ့ပြီးသည်သာ လျှင်ဖြစ်ကုန်သော အလုဗ္ဘနအစရှိသော အခြင်းအရာတို့ဖြင့် မိမိ မိမိတို့သည် ရောက်အပ် ရအပ်သော တရားအထူးသို့ ရောက်ကြ ရကြပေကုန်ပြီ၊ ထို့ကြောင့် ခြောက်ပါးကုန်သော ဤဆိုအပ်ခဲ့ပြီးကုန်သော အလုဗ္ဘန အစရှိသော အခြင်းအရာတို့ဖြင့် ပြည့်စုံလျောက်ပတ် ကောင်းမြတ်သော အဇ္ဈာသယရှိသည် ဖြစ်အပ်ပါပေ၏။

အကြင် သမာဓိနိဗ္ဗာန်အကျိုးငှါ ဘာဝနာကို အားထုတ်ခြင်းကိုပြုအပ်ပါပေ၏။ ရဟန်းအဖြစ်သည်လည်း အကြင် သမာဓိနိဗ္ဗာန်ဟူသော အကျိုးရှိပါပေ၏။ ထိုသမာဓိနိဗ္ဗာန်ဟူသော အကျိုးသို့ ညွတ်သည်၏အဖြစ်ဖြင့် ပြည့်စုံလျောက်ပတ် ကောင်းမြတ်သော နှလုံးသွင်း ညွတ်ကိုင်းရှိုင်းခြင်းရှိသည် ဖြစ်အပ်ပါပေ၏။ သမာဓိသို့ ညွတ်သည်, သမာဓိကို အလေးပြုသည် သမာဓိသို့ ကိုင်းရှိုင်းသည် နိဗ္ဗာန်သို့ ညွတ်သည်, နိဗ္ဗာန်ကို အလေးပြုသည် နိဗ္ဗာန်သို့ ရှိုင်းသည် ဖြစ်အပ်ပါပေ၏။

## ကမ္မဋ္ဌာန်းစစ်ခြင်း

**ကမ္မဋ္ဌာန်းတောင်းသော တပည့်၏ စိတ်အပူအရာကို သိခြင်း** ဤဆိုခဲ့သည့်အတိုင်း ပြည့်စုံလျောက်ပတ် ကောင်းမြတ်သော အဇ္ဈာသယ နှင့် ပြည့်စုံလျောက်ပတ် ကောင်းမြတ်သော နှလုံးသွင်းခြင်း ညွတ်ကိုင်းရှိုင်းခြင်း

ရှိသည်ဖြစ်၍ ကမ္မဋ္ဌာန်းကိုတောင်းလျှင် စေတောပရိယအဘိညာဉ်ကို ရပေသော ကမ္မဋ္ဌာန်းဆရာသည် ထိုယောဂီ၏ စိတ်ဖြစ်သော အခြင်းအရာကို ကြည့်၍ စရိုက်တို့ကို သိအပ်ပါပေကုန်၏။

**တပည့်၏စရိုက် မေးမြန်းရခြင်း။** ။စေတောပရိယအဘိညာဉ်ကိုရသော ဆရာမှ တပါးသော ဆရာသည် သင်အရှင်သည် အဘယ်စရိုက် ရှိပါသနည်းဟူ၍ မေးအပ်ပါပေ၏။ ထိုသို့ မေးအပ်ပါသော်လည်း မသိပါဟူ၍ အကယ်၍ ပြောဆိုပေအံ့၊ သင့်အား အဘယ်တရားတို့သည်မူလည်း များစွာသေ့လာအပ်ကုန်ဘိသနည်း ဟူ၍ မေးအပ်ပါပေ၏။ အဘယ် ကမ္မဋ္ဌာန်းကိုမူလည်း နှလုံးသွင်းသော သင့်အား စိတ်တည်ကြည်သဖြင့် ချမ်းမြေ့မှုသည် ဖြစ်ခဲ့လေဘိသနည်း၊ အဘယ်သို့သော ကမ္မဋ္ဌာန်း၌မူလည်း သင်၏ စိတ်သည် ပြကတေ့အားဖြင့် အလွန်မွေလျော်သည်၏ အစွမ်းဖြင့် ညွတ်လေဘိသနည်း ဟူ၍သို့ အစရှိကုန်သော နည်းတို့ဖြင့် မေးအပ်ပါပေ၏။

**စရိုက်အားလျော်သော ကမ္မဋ္ဌာန်းပေးပုံ။** ။ဤသို့ မေး စိစစ်ပြီး၍ ကမ္မဋ္ဌာန်းနည်းပေးကြကုန်သော ဆရာတို့ကို သိအပ်ပေကုန်၏။ ဤသို့သောနည်းဖြင့် စရိုက်တို့ကို သိပြီးတော့မှရင် စရိုက်အားသင့်လျော်ပါပေသော ကမ္မဋ္ဌာန်းကို ဟောအပ်ပါပေ၏။ ဆက်ကြပေဦးစို့၊ ကမ္မဋ္ဌာန်းတရားကို (ကမ္မဋ္ဌာန်းပေးသော) ဟောတော်မူသော ဆရာအရှင်သည် သုံးပါးအပြားအားဖြင့် ဟောတော်မူအပ်ပါပေ၏။

(၁) ပြကတေ့ဖြင့် ယခု ရှုအံ့သော ကမ္မဋ္ဌာန်းကို သရဇ္ဈာယ်ခြင်းဖြင့်ငှင်း၊ နှလုံးသွင်းခြင်းဖြင့်ငှင်း လေ့လာသောသူအား တကြိမ်-နှစ်ကြိမ် စရိုက်ဆွေးနွေးရှိရုံ ထိုင်ခြင်း ဣရိယာပုထ်တို့ပတ်လုံး သရဇ္ဈာယ်ခြင်းကို မိမိရှေ့တော်မှောက်တွင် ပြုစေ၍ ကမ္မဋ္ဌာန်းတရားကို ပေးအပ်ပါပေ၏။

(၂) မိမိအထံမှောက်၌ နေသောတပည့်အား လာတိုင်း-လာတိုင်းသော ခဏ၌ စိတ်ဖြစ်သော အခြင်းအရာကို ကြားသိစေ၍ ဟောတော်မူအပ်ပါပေ၏။

(၃) သင်ယူ၍ တပါးသော အရပ်သို့ သွားလိုသော တပည့်အား မကျဉ်းလွန်း မကျယ်လွန်းသည်ကို ပြု၍ ဟောတော်မူအပ်ပါပေ၏။

ထိုသို့ ဟောတော်မူအပ်သော ကမ္မဋ္ဌာန်းတို့တွင် (အစဉ် ကျရောက်သော) ပထဝီကသိုဏ်း ကမ္မဋ္ဌာန်းကို ရှေးဦးစွာ ဟောတော်မူသော ဆရာရှင်သည်——

(က) လေးပါးအပြားရှိကုန်သော ကသိုဏ်း၏ အပြစ်တို့ကိုငှင်း၊

(ခ) ကသိုဏ်း လုပ်ခြင်းကိုငှင်း၊

(ဂ) လုပ်ပြီးသော ကသိုဏ်းကို ပွါးရာသော နည်းကိုငှင်း၊

(ဃ) နှစ်ပါးအပြားရှိသော ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်တို့ကိုင်း၊
(င) နှစ်ပါးအပြားရှိသော ဥပစာရသမာဓိ, အပ္ပနာသမာဓိတို့ကိုင်း၊
(စ) ခုနစ်ပါးအပြားရှိသော သပ္ပါယ, အသပ္ပါယတို့ကိုင်း၊
(ဆ) ဆယ်ပါးအပြားရှိသော အပ္ပနာ၌ လိမ္မာသည်၏ အဖြစ်ကိုင်း၊
(ဇ) ဝီရိယနှင့် သမာဓိ ညီမျှသည်၏ အဖြစ်ကိုင်း၊
(ဈ) အပ္ပနာ၏ အစီအရင်ကိုင်း——

အဲဒီ ကိုးပါးသော အခြင်းအရာတို့ကို ဟောတော်မူအပ်ပါပေ၏။

**ကမ္မဋ္ဌာန်းဆရာ၏စကားကို ရိုသေစွာ နာကြား မှတ်သားရခြင်း** 　ပထဝီကသိုဏ်း ကမ္မဋ္ဌာန်းမှ ကြွင်းသော ကမ္မဋ္ဌာန်းတို့၌လည်း ထိုထို ကမ္မဋ္ဌာန်း အား သင့်လျော် လျောက်ပတ်စွာ ဟောတော်မူအပ်ပါပေ၏။ ဤဆိုအပ်ခဲ့ပြီးပေသော နည်းဖြင့် ကမ္မဋ္ဌာန်းနည်းကို ပေးသော ဆရာရှင်သည် ကမ္မဋ္ဌာန်းကို ဟောအပ်ခဲ့ပါသည်ရှိသော် ထိုကမ္မဋ္ဌာန်း နည်းခံသော ယောဂီသည် အဘိုအစိတ်ဟူသော မှတ်အပ်သော နိမိတ်ကိုယူ၍ ထင်ထင်ရှားရှား မှတ်သား၍ နာကြားအပ်ပါပေ၏။

**ရိုသေစွာမှတ်သားနာယူခြင်း၏ အကျိုးတရား။** ။ဤသို့ မြဲစွာထင်သော သတိ ရှိသည်၏ အဖြစ်ဖြင့် ပုဒ်၏ အနက် အဓိပ္ပါယ် ဥပမာ အစရှိသော မိမိဉာဏ်အား ရှေ့ရှုထင်သော ထိုထိုအဘို အစိတ်ဟူသော မှတ်အပ်သော နိမိတ်ကို စေ့စေ့စပ်စပ် မှတ်သား စွဲယူ၍ ပညာ ဖြင့် ပြုလေ့ရှိသည်၏အဖြစ်ဖြင့် ရိုသေစွာနာကြားသောယောဂီသည် ကမ္မဋ္ဌာန်းကို သင်ယူအပ်သည် မည်ပါပေ၏။ ထိုသို့ သင်ယူအပ်ပါသည်ရှိသော် ထိုယောဂီအား ဆိုအပ်ပြီးသော အပြားရှိသော မြဲမြံစွာ မှတ်သား စွဲယူအပ်သော ထိုကမ္မဋ္ဌာန်း ကို အမှီသဟဲပြု၍ တရားအထူးကို ရခြင်းမည်သည် ပြည့်စုံပါပေ၏။ ထိုထို သို့သော အခြင်းအရာဖြင့် စေ့စေ့စပ်စပ် ကြပ်ကြပ်တည်းတည်း မယူ, လျော့ လျော့ လျည်းလျည်း ပြုသောသူအား တရားအထူးကို ရခြင်းမည်သည် မပြည့်စုံ နိုင်တော့ရာသတည်း။

ကမ္မဋ္ဌာနဂ္ဂဟဏကထာ ပြီး၏။

---

## ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အားသစ်လိုသော မတုန်မလှုပ် သက်ဝင်ယုံကြည် သော သဒ္ဓါတရားနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းကို အားသစ်

ခြင်းငါ့ သင့်လျော် လျောက်ပတ်သောကျောင်း၌ ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍ ပြင်ပမှ အာရုံကို မငဲ့ရှုပါမူ၍ ကမ္မဋ္ဌာန်းအာရုံ တခုတည်းကိုသာလျှင် ကောင်းစွာ စွဲလမ်းငြိကပ်သော စိတ်ရှိသည်ဖြစ်၍ 'အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏ-သမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသဒမ္မသာရထိ,သတ္ထာ ဒေဝ-မနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ'ဟူ၍ ပါဠိတော်၌ လာသောနည်းဖြင့် ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်၏ ဂုဏ်ကျေးဇူးတော် အသွယ်သွယ်တို့ကို ပုံနှင့်တင်ကာ ဟပ်၍ အဖန်တလဲလဲဆင်ခြင် အောက်မေ့အပ်၏။

**ဆင်ခြင်အောက်မေ့ပုံ။** ။ထိုဘုရားရှင်သည် ဤသို့သော အကြောင်းကြောင့်လည်း 'အရဟံ'မည်တော်မူပါပေ၏။ ပ ။ ဤသို့သော အကြောင်းကြောင့်လည်း 'ဘဂဝါ'မည်တော်မူပါပေ၏ဟု အဖန်တလဲလဲ အောက်မေ့ ဆင်ခြင် ပွါးများအပ်ပေ၏။

### အရဟံဂုဏ်တော်

**အရဟံဂုဏ်မည်တော်မူပုံ။** ။(က) အလုံးစုံသော ကိလေသာတို့မှ ဝေးကွာတော် မူတတ်သည်၏ အဖြစ်ကြောင့်ရင်း၊

(ခ) ကိလေသာတည်းဟူသော ရန်သူတို့ကို အရဟတ္တမဂ်တည်းဟူသော ဒါးသန်လျက်ဖြင့် ပယ်ဖျက်ခုတ်ထွင် သုတ်သင်တော်မူတတ်သည်၏ အဖြစ်ကြောင့်ရင်း၊

(ဂ) သံသရာ စက်ရဟတ်၏ အကန့်တို့ကို ချိုးဖဲ့ ဖျက်ဆီးတော်မူပြီးသည်၏ အဖြစ်ကြောင့်ရင်း၊

(ဃ) လူ နတ် ဗြဟ္မာ မင်းတကာတို့၏ လေးပါးသော ပစ္စည်းတို့ဖြင့် ပူဇော်အထူးကို ခံတော်မူထိုက်သည်၏ အဖြစ်ကြောင့်ရင်း၊

(င) မကောင်းမှု အကုသိုလ် ဒုစရိုက်ကိုပြုရာ၌ ဆိတ်ကွယ်ရာမည်သည် မရှိသည်၏ အဖြစ်ကြောင့်ရင်း 'အရဟံ'ဂုဏ်တော်မည်၏ဟူ၍ မှတ်ယူရပါမည်။

**(က) ကိလေသာတို့မှဝေးကွာတော်မူပုံ။** ။အရဟတ္တမဂ် ဒါး သန်လျက် ဖြင့် ဝါသနာနှင့်တကွ ဖြစ်ကုန်သော ကိလေသာတို့ကို ဖျက်ဆီးအပ်ပြီးသည်၏အဖြစ်ကြောင့် ထိုဘုရားရှင်သည် အလုံးစုံသော ကိလေသာတို့မှ ဝေးကွာတော်မူ၏။ (ထိုဘုရားရှင်သည် ကိလေသာ

တို့နှင့် လူးလည်း လိမ်းကျံခြင်း အလေ့မရှိသည်၏ အဖြစ်ကြောင့် ကိလေသာတို့မှ ဝေးကွာ၏ဟူ၍ မှတ်ကြရပေမည်။)

(ခ) **ကိလေသာရန်သူတို့ကို ပယ်သတ်ပုံ။** ။ဘုရားရှင်သည် အလုံးစုံသော ရာဂ ဒေါသ မောဟအစရှိသော ကိလေသာတည်းဟူသော ရန်သူတို့ကို (ဒုတ်ဒါးမဆောင် ကြိုးမနှောင်ပဲ) အရဟတ္တမဂ်တည်းဟူသော ဒါးသန်လျက်ဖြင့် ဝါသနာနှင့်တကွ အမြစ်ပါ မကျန်ရအောင် ပယ်သတ်အပ်ပါပေ၏ဟု မှတ်ယူရပေမည်။

(ဂ) **သံသရာစက်ရဟတ် အကန့်ကို ဖျက်ဆီးပုံ။** ။အဝိဇ္ဇာ ဘဝတဏှာဖြင့် ပြီးသော ပုံတောင်း၊ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရဟုဆိုအပ်သော အကန့်၊ ဇရာမရဏတည်းဟူသော အကွပ်၊ အာသဝဖြင့်ပြီးသော အဝိဇ္ဇာတည်းဟူသော ဝင်ရိုးဖြင့် လျှို၍ (ကာမ, ရူပ, အရူပ)ဟု ဆိုအပ်သော ဘဝ (၃)ပါ တည်းဟူသော ရထား၌ အညီအညွတ် ယှဉ်အပ်သော အစမထင်သော ကာလပတ်လုံး မပြတ်လည်သော အကြင်သံသရာတည်းဟူသော ရထားဘီးစက်သည် ရှိခဲ့ပါပေ၏၊ ထိုသံသရာတည်းဟူသော ရထားဘီးစက်ကို မြတ်စွာဘုရားသည် ဗောဓိမဏ္ဍိုင်ဝယ် ဝီရိယတည်းဟူသော ခြေတော်တို့ဖြင့် သီလတည်းဟူသော အောင်မြေအရပ်၌ ရပ်တော်မူ၍ သဒ္ဓါတည်းဟူသော လက်တော်တို့ဖြင့် အလုံးစုံသော ကံ၏ကုန်ခြင်းကို ပြုတတ်သော အရဟတ္တမဂ်တည်းဟူသော ပုဆိန်ကို ကိုင်ယူတော်မူပြီး အလုံးစုံသော ကိလေသာအကန့်တို့ကို ဖျက်ဆီးအပ်ကုန်ပြီ။

တနည်း ဗဲ့စကို သိခြင်းငှါ မစွမ်းနိုင်သော သံသရာဝဋ်ကို သံသရာစက်ဟူ၍ ဆိုအပ်ပေ၏၊ အဝိဇ္ဇာသည် ထိုသံသရာစက်ဝိုင်း၏ အကြောင်းရင်းမူလ ဖြစ်လေသောကြောင့် ပုံတောင်းမည်၏၊ ဇရာ, မရဏသည် အဆုံးဖြစ်သည်၏ အဖြစ်ကြောင့် အကွပ်မည်၏၊ ကြွင်းကုန်သော သင်္ခါရအစ ဇာတိအဆုံးရှိသော တရားတို့သည် အဝိဇ္ဇာလျှင် အကြောင်းရင်း မူလဖြစ်သည်၏ အဖြစ်ကြောင့်ငှင်း ဇရာမရဏလျှင် အဆုံးအကွပ်ရှိသည်၏ အဖြစ်ကြောင့်ငှင်း အထောက်အကန့်တို့ မည်ကြပေကုန်၏။

**အလင်္ကာလေးပါး။** ။ပဋိစ္စသမုပ္ပါဒ်၌—

(က) အဝိဇ္ဇာနှင့် သင်္ခါရတို့သည် တခုသော အလင်္ကာ၊

(ခ) ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့သည် တခုသော အလင်္ကာ၊

(ဂ) တဏှာ, ဥပါဒါန်, ဘဝတို့သည် တခုသော အလင်္ကာ၊

(ဃ) ဇာတိ, ဇရာ, မရဏတို့သည် တခုသောအလွှာ၊ ဤသို့ အလွှာ လေးပါးရှိပေ၏။

အစွန်းသုံးပါး။ ။(က) ရှေးဖြစ်သော အလွှာသည် အတိတ်အစွန်းမည်၏၊

(ခ) အလယ်အလွှာ နှစ်ခုတို့သည် ပစ္စုပ္ပန်အစွန်းမည်၏၊

(ဂ) နောက်ဆုံးအလွှာသည် အနာဂတ်အစွန်းမည်၏။ ဤသို့ အစွန်း သုံးပါး ရှိပေ၏။

အခြင်းအရာနှစ်ဆယ်။ ။(က) အဝိဇ္ဇာ, သင်္ခါရကို ယူသဖြင့် တဏှာ, ဉပါဒါန်, ဘဝတို့ကို ယူအပ်သည်ဖြစ်ခဲ့ပါမူ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဉပါဒါန်, ဘဝဟု ဆိုအပ်သော ဤတရား ငါးပါးတို့သည် အတိတ်ကာလ၌ဖြစ်သော ကမ္မဝဋ်မည်၏။

(ခ) ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ၊ ဤတရား ငါးပါးတို့သည် ပစ္စုပ္ပန်ကာလ၌ဖြစ်သော ဝိပါကဝဋ် မည်၏။

(ဂ) တဏှာ, ဉပါဒါန်, ဘဝကို ယူသဖြင့် အဝိဇ္ဇာ သင်္ခါရတို့ကို ယူအပ် သည်ဖြစ်ခဲ့ပါမူ တဏှာ, ဉပါဒါန်, ဘဝ, အဝိဇ္ဇာ သင်္ခါရ ဤ တရား ငါးပါးတို့သည် ပစ္စုပ္ပန်ကာလ၌ဖြစ်သော ကမ္မဝဋ် မည်၏။

(ဃ) ဇာတိ, ဇရာ, မရဏကို ညွှန်ပြသဖြင့် ဝိညာဏ် အစရှိသည်တို့ကို ညွှန်ပြအပ်သည် ဖြစ်ခဲ့ပါမူ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ၊ ဤတရား ငါးပါးတို့သည် အနာဂတ်ကာလ၌ ဖြစ်သော ဝိပါကဝဋ် မည်ပေ၏။

ဤသို့လျှင် အတိတ် ကမ္မဝဋ်ငါးပါး, ပစ္စုပ္ပန် ဝိပါကဝဋ်ငါးပါး, ပစ္စုပ္ပန်ကမ္မ ဝဋ်ငါးပါး, အနာဂတ်ဝိပါက ဝဋ်ငါးပါးဟူ၍ အခြင်းအရာ အာကာရအားဖြင့် နှစ်ဆယ်ရှိပါပေ၏။

အစပ်သုံးပါး။ ။(က) သင်္ခါရ ဝိညာဏ်တို့၏ အကြားသည် တခုသော အစပ်၊

(ခ) ဝေဒနာ, တဏှာတို့၏ အကြားသည် တခုသော အစပ်၊

(ဂ) ဘဝ, ဇာတိတို့၏ အကြားသည် တခုသော အစပ်ဟူ၍ အစပ် သုံးပါး ရှိပါပေ၏။

ဤသို့လျှင် ဘုရားရှင်သည် လေးပါးသောအလွှာ, သုံးဖြာသောအစွန်း, နှစ်ဆယ်သော အခြင်းအရာ, သုံးသွယ်သောအစပ်, ပဋိစ္စသမုပ္ပါဒ် ဒေသနာ တော်မြတ်ကို အလုံးစုံသော အခြင်းအရာဖြင့် သိတော်မူ မြင်တော်မူ လွန်စွာ သိတော်မူ ထိုးထွင်း၍ သိတော်မူပေ၏။

ထိုသို့ သိတော်မူခြင်းသည် သိတော်မူတတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့် ဉာဏ်မည်ပေ၏၊ ထိုးထွင်း၍ သိတော်မူတတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့် ပညာမည်ပေ၏၊ ထို့ကြောင့် အကြောင်းကို သိမ်းဆည်းခြင်း၌ သိတတ်သောပညာကို ဓမ္မဋ္ဌိတိဉာဏ်ဟူ၍ ဆိုအပ်ပါ၏၊ ဤဓမ္မဋ္ဌိတိဉာဏ်ဖြင့် ဘုရားရှင်သည် ပဋိစ္စသမုပ္ပါဒ်တရားတို့ကို ဟုတ်တိုင်းမှန်စွာ သိတော်မူပြီးမှရင် ပဋိစ္စသမုပ္ပါဒ်တရားတို့၌ ငြီးငွေ့တော်မူကာ တပ်စွဲခြင်း ကင်းတော်မူပါသဖြင့် ကင်းလွတ်တော်မူရကား ဆိုခဲ့ပြီးသော အပြားရှိသော သံသရာစက်၏ အကန့်တို့ကို ဖျက်ဆီး ချိုးဖွဲ့တော်မူခဲ့ပေပြီ။

(ဃ) ပူဇော်အထူးကို ခံတော်မူထိုက်ပုံ။ ။မြတ်သော အလှူကို ခံတော်မူထိုက်သည်၏ အဖြစ်ကြောင့်ရှင်း လေးပါးသော သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ဟူသော ပစ္စည်းဝတ္ထုတို့ကို အလှူခံတော်မူထိုက်သည်၏ အဖြစ်ကြောင့်ရှင်း လူ နတ် ဗြဟ္မာ မင်းတကာတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သည်၏ အဖြစ်ကြောင့်ရှင်း အရဟံ မည်တော်မူပါပေ၏။

ထို့ကြောင့် ဘုရားရှင် ပွင့်တော်မူသည်ရှိသော် အချို့သော တန်းခိုးကြီးကြပါတဲ့ နတ် လူတို့သည် ဘုရားရှင်မှတပါး အခြားမည်သူ့ကိုမျှ ပူဇော်ခြင်းကို မပြုကြပေကုန်၊ သဟမ္ပတိ မည်သော ဗြဟ္မာမင်းသည် မြင်းမိုရ်တောင်လောက်ပင် ပမာဏရှိသည့် ရတနာပန်းကုံးဖြင့် ဘုရားရှင်ကို ပူဇော်၏၊ တပါးသော လူ နတ်တို့သည်ရှင်း ဗိမ္ဗိသာရမင်း, ကောသလမင်း စသော မင်းတို့သည်ရှင်း အစွမ်းရှိသလောက် ဘုရားရှင်ကို ပူဇော်ကြပေကုန်၏။

-အသောကမင်းကြီးဆိုလျှင် ပရိနိဗ္ဗာန်စံလွန်ပြီးသော ဘုရားရှင်ကို အာရုံပြုပြီးတော့မှရင် ကိုးဆဲ့ခြောက်ကုဋေသော ဥစ္စာတို့ကို စွန့်လွှတ်လျက် ဇမ္ဗူဒိပ်တကျွန်းလုံး၌ ရှစ်သောင်း လေးထောင်သော ကျောင်းတို့ကို တည်ဆောက်စေ၏၊ ထိုမင်း စသည်တို့မှ တပါးကုန်သော သူတို့ဆိုလျှင်တော့ အဘယ်မှာ မပူဇော်ပဲ ရှိအံ့နည်း၊ ဤသို့လျှင် သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ဟူသော လေးပါးသော ပစ္စည်းတို့ကိုရှင်း ပူဇော်အထူးကိုရှင်း ခံတော်မူထိုက်သည်၏ အဖြစ်ကြောင့်လည်း အရဟံ မည်တော်မူပါပေ၏။

(င) မကောင်းမှုကို ပြုရာ၌ ဆိတ်ကွယ်ရာ မရှိပုံ။ ။လောက၌ ပညာရှိဟု မှတ်ထင်ပြီးတော့မှ နေကြကုန်သည့် အချို့သော လူမိုက်တို့သည် မကျော်ကြားမှာကိုပင် စိုးရိမ်သောကြောင့် ငါပြုသောအမှုကို တစုံတယောက်သောသူ မသိပါစေနှင့်ဟု ကြံစည်ပြီး ဆိတ်ကွယ်သော နေရာ၌ မကောင်းမှုဒုစရိုက်ကို ပြုသကဲ့သို့ ဤသည်နှင့်မခြား

အလားတူစွာ ဘုရားရှင်သည် တရံတခါမျှ မကောင်းမှု အကုသိုလ် ဒုစရိုက်ကို ပြုတော်မမူပေ၊ မကောင်းမှု အကုသိုလ်ဒုစရိုက်ကို ပြုခြင်း၌ ဆိတ်ကွယ်ရာ ဖြစ်သော အရပ်မည်သည် မရှိသည်၏ အဖြစ်ကြောင့် ဘုရားရှင်သည် လောက၌ 'အရဟံ' မည်တော်မူပါပေ၏။

**အရဟံမည်တော်မူပုံ အကျဉ်းချုပ်။** ။အလုံးစုံသော အခြင်း အရာအားဖြင့် အလုံးစုံသော ကိလေသာတို့မှ (က) ကင်းဝေးတော်မူတတ်သည်၏ အဖြစ်ကြောင့်ရင်း (ခ) ကိလေသာ တည်းဟူသော ရန်သူတို့ကို အမြစ်ပါ မကျန်ရအောင် သတ်ဖြတ်အပ်ပြီးသည်၏ အဖြစ်ကြောင့်ရင်း (ဂ) သံသရာစက်၏ အကန့်တို့ကို ချိုးဖဲ့ ဖျက်ဆီးအပ်သည်၏ အဖြစ်ကြောင့်ရင်း (ဃ) လေးပါးသော ပစ္စည်းတို့ကို အလှူခံခြင်းငှါ ထိုက်တော်မူသည်၏ အဖြစ်ကြောင့်ရင်း (င) ဆိတ်ကွယ်ရာအရပ်ဟူ၍ မရှိပါသဖြင့် မကောင်းမှု အကုသိုလ် ဒုစရိုက်ကို ပြုတော် မမူတတ်သည်၏ အဖြစ်ကြောင့်ရင်း ဘုရားရှင်သည် 'အရဟံ' မည်တော်မူပါပေ၏။

အရဟံဂုဏ်တော် ပြီး၏။

---

## (၂) သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

**သမ္မာသမ္ဗုဒ္ဓဂုဏ်တော်။** ။အလုံးစုံသော တရားတို့ကို မဖောက်မပြန် မှန်ကန်တိမတ်စွာ ကိုယ်တော်တိုင် သိတော်မူသည်၏အဖြစ်ကြောင့် 'သမ္မာသမ္ဗုဒ္ဓ' မည်တော်မူပါပေ၏။ ဘုရားရှင်သည် မဖောက်မပြန် ကိုယ်တော်တိုင်သာလျှင် အလုံးစုံသော တရားတို့ကို သိတော်မူ၏။

**သစ္စာလေးပါး သိတော်မူပုံ။** ။ထူး သောဉာဏ်ဖြင့် သိအပ်ကုန်သော ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ မဂ္ဂသစ္စာဟူသော သစ္စာလေးပါးမြတ်တရားတို့ကို ထူးသောဉာဏ်ဖြင့်–ပိုင်းခြား၍ သိအပ်ပါသော ဒုက္ခသစ္စာတရားတို့ကို ပိုင်းခြား၍ သိအပ်ပါပေ၏၊ ပယ်အပ်သော သမုဒယသစ္စာတရားတို့ကို ပယ်အပ်ပါပေ၏၊ မျက်မှောက်ပြုအပ်သော နိရောဓသစ္စာတရားတို့ကို မျက်မှောက်ပြုအပ်ပါပေ၏၊ ပွါးများအပ်သော မဂ္ဂသစ္စာတရားတို့ကို ပွါးများအပ်ပါပေ၏ဟု ဟောတော်မူအပ်ခဲ့ပေပြီ၊ထိုသို့ သစ္စာလေးပါးမြတ်တရားတို့ကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင်သိတော်မူသည်၏အဖြစ်ကြောင့် သေလသုတ်တော်၌ မြတ်ဘုရားရှင်က သေလပုဏ္ဏားကို—

"ပုဏ္ဏား ငါဘုရားသည် ထူးသောဉာဏ်ဖြင့် သိအပ်သော ဒုက္ခသစ္စာတရားကို ထူးသောဉာဏ်ဖြင့် သိအပ်ပေပြီ၊ ပွါးများအပ်ပေသော မဂ္ဂသစ္စာတရားကို

လည်း ငါဘုရားသည် ပွါးများအပ်ပေပြီ၊ ပယ်အပ်သော သမုဒယသစ္စာတရားကိုလည်း ငါဘုရားသည် ပယ်အပ်ပေပြီ၊ ထို့ကြောင့် ငါဘုရားသည် 'ဗုဒ္ဓ' မည်တော်မူ၏''ဟု ဟောကြားတော်မူပေ၏။

စက္ခုပသာဒသည် ဒုက္ခသစ္စာမည်၏၊ ထိုစက္ခုပသာဒ၏ အကြောင်းရင်း၏ အဖြစ်ဖြင့် စက္ခုကို ဖြစ်စေတတ်သော ရှေးဘဝ၌ ဖြစ်ပြီးသောတဏှာသည် သမုဒယသစ္စာ မည်၏၊ စက္ခု သမုဒယနှစ်ပါးတို့၏ မဖြစ်ခြင်း၏ အကြောင်းသည် နိရောဓသစ္စာ မည်၏၊ နိရောဓကို ထိုးထွင်း၍ သိတတ်သော အကျင့်သည် မဂ္ဂသစ္စာ မည်၏၊ ဤကဲ့သို့ တခုခုသော တရားတို့ကို ထုတ်သဖြင့်လည်း အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် မှန်စွာ သိတော်မူပေ၏။ (သောတ, ဃာန, ဇိဝှါ, ကာယ, မနတို့၌လည်း ဤနည်း အတိုင်းပင်တည်း။)

**အနုလောမအားဖြင့် ပဋိစ္စသမုပ္ပါဒ်အင်္ဂါတို့ကို ယှဉ်စေပုံ**

(က) ရူပါရုံ အစရှိသော ခြောက်ပါးသော အာယတန (ခ) စက္ခုဝိညာဉ် အစရှိသော ခြောက်ပါးသောဝိညာဉ် (ဂ) စက္ခုသမ္ဖဿအစရှိသော ခြောက်ပါးသော ဖဿ (ဃ) စက္ခုသမ္ဖဿဇာအစရှိသော ခြောက်ပါးသော ဝေဒနာ (င) ရူပသညာ အစရှိသော ခြောက်ပါးသော သညာ (စ) ရူပသဉ္စေတနာ အစရှိသော ခြောက်ပါးသောစေတနာ (ဆ) ရူပတဏှာအစရှိသော ခြောက်ပါးသော တဏှာ (ဇ) ရူပဝိတက်အစရှိသော ခြောက်ပါးသော ဝိတက် (ဈ) ရူပဝိစာရအစရှိသော ခြောက်ပါးသော ဝိစာရ (ည) ရူပက္ခန္ဓာအစရှိသော ငါးပါးသောခန္ဓာ၊

(ဋ) ကသိုဏ်း (၁၀) ပါး (ဌ) အနုဿတိ ၁၀-ပါး (ဍ) ဥဒ္ဓုမာတက သညာတို့၏ အစွမ်းအားဖြင့် သညာ ၁၀-ပါး (ဎ) ဆံပင်အစရှိကုန်သော ၃၂-ပါးသော ကောဋ္ဌာသ (ဏ) ၁၂-ပါးသော အာယတန (တ) ၁၈-ပါးသော ဓာတ် (ထ) ကာမဘဝအစရှိသော ဘဝ ၉-ပါး (ဒ) ပဌမဈာန် အစရှိသော ဈာန် ၄-ပါး (ဓ) မေတ္တာဘာဝနာအစရှိသော အပ္ပမညာ ၄-ပါး (န) အရူပသမာပတ် ၄-ပါး (ပ) ပဋိလောမအားဖြင့် ဇရာ မရဏအစရှိသော အနုလောမအားဖြင့် အဝိဇ္ဇာအစရှိသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါတို့ကို ယှဉ်အပ်ပေကုန်၏။

**တခုသောတရားကို အားထုတ်သဖြင့် အလုံးစုံသော တရားကို သိပုံ**

ပဋိစ္စသမုပ္ပါဒ်၌ တပုဒ်ခြင်း ယှဉ်စေရာ၌ ဇရာ, မရဏသည် ဒုက္ခသစ္စာ မည်၏၊ ဇာတိသည် သမုဒယသစ္စာ မည်၏၊ ထိုဇာတိ ဇရာ, မရဏတရားတို့၏ ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏၊ ထို နိရောဓသစ္စာ နိဗ္ဗာန်ကို ထိုးထွင်း၍ သိကြောင်းဖြစ်သော အကျင့်သည် မဂ္ဂသစ္စာ မည်၏။ ဤသို့ တခု

သော တရားကို အားထုတ်သဖြင့် အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် သိတော်မူ၏။ (အနုဗောဓဉာဏ်ဖြင့် သိတော်မူ၏) ပဋိဝေဓဉာဏ်ဖြင့် သိတော်မူ၏၊ ထို(သို့ သာမန်အားဖြင့်၎င်း, ဝိသေသအားဖြင့်၎င်း, တခုတခုသော တရားစုကို ထုတ်သောအားဖြင့် ကုန်အောင်စုံသောတရားတို့ကို သိတော်မူသည်၏အဖြစ်)ကြောင့် မဖောက်မပြန် မှန်ကန်တိမတ်စွာဖြင့် ကိုယ်တော်တိုင်သာလျှင် အလုံးစုံသော တရားတို့ကို သိတော်မူပြီးသည်၏ အဖြစ်ကြောင့် 'သမ္မာသမ္ဗုဒ္ဓ' မည်တော်မူ၏။

သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ပြီး၏။

---

## (၃) ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်

ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါးတို့နှင့်၎င်း၊ စရဏ တဆယ့်ငါးပါးတို့နှင့်၎င်း ပြည့်စုံတော်မူသည်၏ အဖြစ်ကြောင့် ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပါပေ၏။

**ဝိဇ္ဇာသုံးပါး။** ။(က) ပုဗ္ဗေနိဝါသဉာဏ် (ခ) ဒိဗ္ဗစက္ခုဉာဏ် (ဂ) အာသဝက္ခယဉာဏ် ဟူ၍ ဝိဇ္ဇာသုံးပါး။

**ဝိဇ္ဇာရှစ်ပါး။** ။(က) ဒိဗ္ဗစက္ခုဉာဏ် (ခ) ဒိဗ္ဗသောတဉာဏ် (ဂ) ဣဒ္ဓိဝိဓဉာဏ် (ဃ) စေတောပရိယဉာဏ် (င) ပုဗ္ဗေနိဝါသာနုဿတိဉာဏ် (စ) အာသဝက္ခယဉာဏ် (ဆ) ဝိပဿနာဉာဏ် (ဇ) မနောမယိဒ္ဓိဉာဏ် ဟူ၍ ဝိဇ္ဇာရှစ်ပါး။

**စရဏ တဆယ့်ငါးပါး။** ။(က) စတုပါရိသုဒ္ဓိသီလကို စောင့်ရှောက်ခြင်း 'သီလသံဝရ'၊ (ခ) စက္ခုစသော ဣန္ဒြေတို့၌ လုံခြုံစွာ စောင့်ရှောက်ခြင်း 'ဣန္ဒြိယေသု ဂုတ္တဒွါရတာ' (ဂ) အစာဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်း 'ဘောဇနေ မတ္တညုတာ' (ဃ) နိုးကြားခြင်းနှင့် ယှဉ်ခြင်း 'ဇာဂရိယာနုယောဂ (င) သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, သတိ, ပညာ ဟူသော သူတော်ကောင်းတရား ခုနစ်ပါး၊ (စ) ရူပါဝစရစျာန် လေးပါး ဟူသော စရဏတဆယ့်ငါးပါး ရှိပါပေ၏။

**စရဏမည်ပုံ။** ။ဤ တဆယ့်ငါးပါးသော တရားတို့ဖြင့် ဘုရားအစရှိသော သူတော်ကောင်းတို့၏ တပည့်သည် သေခြင်းကင်းသော နိဗ္ဗာန်သို့ သွားတတ်ပေ၏၊ ထို့ကြောင့် တဆယ့်ငါးပါးသော တရားတို့ကို စရဏဟူ၍ ဆိုအပ်ပေ၏။

**သတ္တဝါတို့ အကျိုးရှိသည်ကိုသာ ယှဉ်စေတော်မူပုံ။** ။မြတ်စွာဘုရားကို ဝိဇ္ဇာ တရားတို့နှင့်ရင်း စရဏ တရားတို့နှင့်ရင်း ပြည့်စုံတော်မူသည်၏ အဖြစ်ကြောင့် 'ဝိဇ္ဇာစရဏသမ္ပန္န' ဟူ၍ ဆိုအပ်ပါပေ၏၊ ထို ဝိဇ္ဇာ, စရဏ တရားနှစ်ပါးတို့တွင် ဝိဇ္ဇာတရားနှင့် ပြည့်စုံခြင်းသည် ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကို ပြည့်စုံစေ၍ တည်၏၊ စရဏနှင့်ပြည့်စုံခြင်းသည် ဘုရားရှင်၏ မဟာကရုဏာတော်ကို ပြည့်စုံစေ၍ တည်၏။

ထိုမြတ်စွာဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ဖြင့် အလုံးစုံသော သတ္တဝါတို့၏ အကျိုးရှိ အကျိုးမဲ့ကို သိတော်မူ၍ မဟာကရုဏာတော်ဖြင့် အကျိုးမဲ့ကို ကြဉ်ပြီး အကျိုးရှိသည်တို့ကို ယှဉ်စေတော်မူ၏၊ ဝိဇ္ဇာ, စရဏနှင့် ပြည့်စုံတော်မူသော ရှေးဘုရားရှင်တို့သည် ယှဉ်စေဘိသကဲ့သို့ ထို့အတူ ဂေါတမဘုရားရှင်သည်လည်း ယှဉ်စေတော်မူ၏၊ ထို့ကြောင့် ဘုရားရှင်၏ တပည့်သားတို့သော်လည်း အကျင့်ကောင်းကြပေကုန်၏၊ ဝိဇ္ဇာ စရဏနှင့် မပြည့်စုံ (မရှိကုန်)သော ဒိဋ္ဌိတို့၏ တပည့် ဖြစ်ကြကုန်သော အတ္တန္တပ အစရှိကုန်သော ဒိဋ္ဌိငယ်တို့သည် မကောင်းသောအကျင့် ရှိကုန်သကဲ့သို့ မကောင်းသော အကျင့် မရှိကြပေကုန်။

ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် ပြီး၏။

---

## (၄) သုဂတဂုဏ်တော်

တင့်တယ်သော သွားခြင်းရှိသည်၏ အဖြစ်ကြောင့်ရင်း, ကောင်းမြတ်သော နိဗ္ဗာန်တည်းဟူသော အရပ်သို့ ကြွသွားတော်မူတတ်သည်၏ အဖြစ်ကြောင့်ရင်း, မသွေမလွန် ကောင်းစွာ သွားတော်မူတတ်သည်၏ အဖြစ်ကြောင့်ရင်း, ကောင်းစွာ ဆိုတော်မူတတ်သည်အဖြစ်ကြောင့်ရင်း 'သုဂတ' မည်တော်မူပါပေ၏။

**တင့်တယ်သော သွားခြင်း။** ။မြတ်စွာဘုရား၏ သွားခြင်းသည် တင့်တယ်၏၊ စင်ကြယ်၏၊ အပြစ်ကင်း၏၊ အပြစ်ကင်း၏ ဟူသော သွားခြင်းသည် အရိယာမဂ်ပေတည်း။ အကြောင်းကား ထို မြတ်စွာဘုရားသည် အရိယာမဂ်တည်းဟူသော သွားခြင်းဖြင့် ဘေးကင်းရာဖြစ်သော နိဗ္ဗာန်တည်းဟူသော အရပ်သို့ အတားအဆီး ဘေးရန် အနှောင့်အယှက် မရှိမူ၍ ကြွသွားတော်မူတတ်၏၊ ဤကဲ့သို့ တင့်တယ်သော သွားခြင်း ရှိတော်မူသောကြောင့် သုဂတ မည်တော်မူ၏။

**မြတ်သောနိဗ္ဗာန်သို့ ကြွသွားတော်မူပုံ။** ။မြတ်စွာဘုရားသည် စင်စစ် ကောင်းမြတ်သော သေခြင်းကင်းသော(ဝါ) သေခြင်းမရှိသော နိဗ္ဗာန်တည်းဟူသော အရပ်သို့ ကြွသွားတော်မူပြီ။ ဤသို့ စင်စစ်

ကောင်းမြတ်သော နိဗ္ဗာန်တည်းဟူသော အရပ်သို့ သွားတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်း သုဂတမည်တော်မူပါပေ၏။

**ကိလေသာတို့ကို တဖန်မဖြစ်စေမူ၍ ကြွသွားတော်မူပုံ။** ။မြဲမြံစွာ ထိုထို မဂ်ဖြင့် ပယ်အပ်ကုန်ပြီးသော ကိလေသာတို့ကို တဖန် မဖြစ်စေမူ၍ ကြွသွားတော်မူတတ်၏၊ သင့်ပေစွ သောတာပတ္တိမဂ်ဖြင့် ပယ်အပ်ကုန်ပြီးသော ကိလေသာတို့ကို တဖန် မဖြစ်စေ, တဖန်ပြန်၍ မလာစေ၊ ထို့ကြောင့် သုဂတမည်တော်မူပါပေ၏။

သကဒါဂါမိမဂ်ဖြင့် ပယ်အပ်ကုန်ပြီးသော ကိလေသာတို့ကို တဖန်မဖြစ်စေ, တဖန်ပြန်၍ မလာစေ၊ အနာဂါမိမဂ်ဖြင့် ပယ်အပ်ကုန်ပြီးသော ကိလေသာတို့ကို တဖန်မဖြစ်စေ, တဖန်ပြန်၍ မလာစေ၊ အရဟတ္တမဂ်ဖြင့် ပယ်အပ်ကုန်ပြီးသော ကိလေသာတို့ကို တဖန်မဖြစ်စေ, တဖန်ပြန်၍ မလာစေ၊ ထို့ကြောင့် သုဂတမည်တော်မူပါပေ၏။

**အယုတ်တရားလေးပါးသို့ မလားမူ၍ လာတော်မူပုံ** သင့်လျော်သော ပဋိပတ်ဖြင့် သွားတော်မူတတ်၏၊ ဒီပင်္ကရာ မြတ်စွာဘုရား၏ ခြေတော်ရင်းမှ အစပြုပြီး ဗောဓိမဏ္ဍိုင်သို့ ရောက်သည့်တိုင်အောင် အမျှသုံးဆယ်သော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူလျက် ဘုရားအဖြစ်သို့ ရောက်စေခြင်း၌ မဖောက်မပြန် မှန်ကန်တိမ်းတိမ်းမတော်သော အကျင့်ဖြင့် အလုံးစုံသော သတ္တလောက၏ အစီးအပွါး ချမ်းသာကို ပြုတော်မူကာ သဿတအယူ ဥစ္ဆေဒအယူတို့သို့ မကပ်စေမူ၍ ကြွသွားတော်မူတတ်၏။ ကာမဂုဏ်ချမ်းသာကို ခံစားခြင်းအကျင့်,ကိုယ်ကို ဆင်းရဲပင်ပန်းစေတတ်သော အကျင့်တို့သို့လည်း မရောက်စေမူ၍ ကြွားတော်မူတတ်သည်၏ အဖြစ်ကြောင့်လည်း သုဂတမည်တော်မူပါပေ၏။

**သင့်သောစကားကို ဆိုတော်မူတတ်ပုံ။** ။မြတ်စွာဘုရားသည် အသင့်အားဖြင့် စကားကို ဆိုတော်မူတတ်၏၊ သင့်လျော် ကောင်းမြတ်သော အရာ၌ သင့်လျော် ကောင်းမြတ်သော စကားကိုသာလျှင် ဆိုတော်မူတတ်၏၊ ဤကဲ့သို့ သင့်လျော် ကောင်းမြတ်သော စကားကို ဆိုတော်မူတတ်သည်၏ အဖြစ်ကြောင့် သုဂတမည်တော်မူပါပေ၏။

**သက်သေသုတ္တန်ကား။** ။မြတ်စွာဘုရားရှင်သည်——

(၁) **မပြောဆိုသင့်သော စကား။** ။ထင်ရှားမရှိ, မဟုတ်မမှန်, အကျိုးစီးပွါးနှင့်လည်း မစပ်သော စကားကို သိတော်မူ၏၊ သူတပါးတို့သည် ထိုစကားကိုကား မချစ်မနှစ်သက်၊ ထိုစကားမျိုးကို မြတ်စွာဘုရားရှင် ပြောဆိုတော်မမူ။

(၂) **မပြောဆိုသင့်သော စကား။** ။မြတ်စွာဘုရားရှင်သည် ထင်ရှားရှိပြီး, ဟုတ်မှန်လျက်, အကျိုးစီးပွါးနှင့် မစပ်သော စကားကို သိတော်မူ၏၊ သူတပါးတို့သည် ထိုစကားမျိုးကို မချစ်မနှစ်သက်၊ မြတ်စွာဘုရားရှင်သည် ထိုစကားမျိုးကို ပြောဆိုတော်မမူ။

(၃) **ပြောဆိုသင့်သောစကား။** ။မြတ်စွာဘုရားရှင်သည် ထင်ရှားလည်း ရှိ၊ ဟုတ်လည်း ဟုတ်မှန်၊ အကျိုးစီးပွါးနှင့်လည်း စပ်သော စကားကို သိတော်မူ၏၊ သူတပါးတို့သည် ထိုစကားကို မချစ်မနှစ်သက်၊ ထိုစကားမျိုး ပြောဆိုရမည့်အခါကို မြတ်စွာဘုရားရှင်သည် သိတော်မူ၏။

(၄) **မပြောဆိုသင့်သော စကား။** ။မြတ်စွာဘုရားရှင်သည် ထင်ရှား မရှိ၊ မဟုတ် မမှန်၊ အကျိုးစီးပွါးနှင့် မစပ်သော စကားကို သိတော်မူ၏၊ ထိုစကားကိုလည်း သူတပါးတို့သည် ချစ်နှစ်သက်အပ်ကုန်၏၊ ထိုစကားမျိုးကိုလည်း မြတ်စွာဘုရားရှင်သည် ပြောဆိုတော်မမူ။

(၅) **မပြောဆိုသင့်သော စကား။** ။မြတ်စွာဘုရားရှင်သည် ထင်ရှားရှိ၊ ဟုတ်မှန်၊ အကျိုးစီးပွါးနှင့် မစပ်သော စကားကို သိတော်မူ၏၊ သူတပါးတို့သည် ထိုစကားကို ချစ်နှစ်သက်၏၊ ထိုစကားမျိုးကိုလည်း မြတ်စွာဘုရားရှင်သည် ပြောဆိုတော်မမူ။

(၆) **ပြောဆိုသင့်သော စကား။** ။မြတ်စွာဘုရားရှင်သည် ထင်ရှားလည်း ရှိ, ဟုတ်လည်း, ဟုတ်မှန်, အကျိုးစီးပွါးနှင့်လည်း စပ်သော စကားကို သိတော်မူ၏၊ သူတပါးတို့သည် ထိုစကားကို ချစ်နှစ်သက်ကြပေကုန်၏၊ ထိုစကားကို ပြောဆိုတော်မူရခြင်း၏ အခါကာလကို မြတ်စွာဘုရားရှင်သည် သိတော်မူ၏ဟူ၍ ဟောကြားတော်မူ၏။ ဤသို့လျှင် သင့်သော စကားကို ပြောဆိုတော်မူတတ်သောကြောင့် "သုဂတ"မည်တော်မူ၏။

သုဂတဂုဏ်တော် ပြီး၏။

---

## (၅) လောကဝိဒူ ဂုဏ်တော်

ဘုရားရှင်သည် အလုံးစုံသော အခြင်းအရာအားဖြင့် သိအပ်ပြီးသော လောက ရှိတော်မူသည်၏ အဖြစ်ကြောင့် လောကဝိဒူ မည်တော်မူပါပေ၏။

**လောကကို သိတော်မူပုံ။** ။မြတ်စွာဘုရားရှင်သည် ဒုက္ခသဘောအားဖြင့် တဏှာစသည်ကို စွဲလမ်းသော သမုဒယသဘောအားဖြင့် ဒုက္ခ သမုဒယနှစ်ပါးတို့၏ ချုပ်ရာနိဗ္ဗာန်၏ အဖြစ်အားဖြင့် ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယာမဂ်အားဖြင့် ဤသို့ အလုံး

စုံသော အခြင်းအရာအားဖြင့် သင်္ခါရလောကကို သိတော်မူ၏၊ ထိုးထွင်း၍ သိတော်မူ၏၊ ထို့ကြောင့် မြတ်စွာဘုရားရှင်က—

**နိဗ္ဗာန်ကို ခြေဖြင့်သွား၍ မရောက်နိုင်ပုံ။** ။အို ရောဟိတဿနတ်သား အကြင် နိဗ္ဗာန်၌ ပဋိသန္ဓေမနေ, မအို, မသေ, အဖန်တလဲလဲ မစုတေ, အဖန်တလဲလဲ ပဋိသန္ဓေမနေ၊ ထိုလောက အဆုံးဟု ဆိုအပ်သော နိဗ္ဗာန်ကို ခြေလျင်သွားသဖြင့် သိကောင်း မြင်ကောင်း ရောက်ကောင်း၏ ဟူ၍ ငါဘုရားသည် ဟောကြားတော်မမူ၊ ရောဟိတဿ နတ်သား လောက၏အဆုံးကို မရောက်သေးပဲနှင့် ဒုက္ခ၏အဆုံးကို ပြုနိုင်၏ဟူ၍ ငါဘုရားသည် ဟောကြားတော်မမူ၊ ရောဟိတဿနတ်သား လောက၏အဆုံးသို့ မရောက်သေးပဲနှင့် ဒုက္ခ၏ဆုံးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကိုလည်း ငါ ဘုရား ဟောတော်မမူပေ။

**ခန္ဓာဒိလောက စသည်ကိုသာ ဟောပုံ။** ။ငါ့ရှင် ရောဟိတဿနတ်သား စင်စစ် မူကား သညာနှင့် ဝိညာဉ်ရှိသော တလံ အတိုင်းအရှည်ရှိသော ဤကိုယ်ကောင်၌သာလျှင် (ခန္ဓာပဉ္စက)လောကကို ၎င်း လောက၏ ဖြစ်ကြောင်းဖြစ်သော သမုဒယကို၎င်း လောက၏ ချုပ်ရာ ဖြစ်သော နိဗ္ဗာန်ကို၎င်း လောက၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကို ၎င်း ငါဘုရား ဟောတော်မူခဲ့ပေ၏။

**လောကသုံးပါးကို သိပုံ။** ။လောကတို့သည် (က) သင်္ခါရလောက (ခ) သတ္တလောက, (ဂ) ဩကာသလောကဟူ၍ သုံးပါး ရှိပေ၏။ ထိုတွင် လောကသည် တပါးတည်းသာ အလုံးစုံသော သတ္တဝါတို့သည် အာဟာရတည်းဟူသော အကြောင်းကြောင့် တည်ခြင်းသဘော ရှိပေကုန်၏ဟု လာသောအရာ၌ သင်္ခါရလောကကို သိအပ်၏။ "လောကသည် မြဲ၏ဟူ၍၎င်း မမြဲပေကုန်" ဟူ၍၎င်း ဤသို့ လာသောအရာ၌ သတ္တလောကကို သိအပ်၏။ "အကြင်အရပ်၌ လ, နေ တို့သည် လှည့်လည်ကုန်၏၊ လ, နေ လှည့်လည်ရာ အရပ်တို့သည် နေရောင် လရောင်တို့ဖြင့် ထွန်းလင်းတောက်ပပေကုန်၏၊ ထိုမျှ လောက် ကြီးမားသော စကြဝဠာပေါင်း တထောင်ရှိသော လောကသည် ရှိပေ၏၊ ဤစကြဝဠာပေါင်း တထောင်၌ သင်၏ တန်းခိုးအစွမ်းသည် လွှမ်းမိုး၍ တည်ပါပေ၏"ဟု လာသောအရာ၌ ဩကာသလောကကို သိအပ်၏။ ထိုလောက သုံးပါးကို ဘုရားရှင်သည် အလုံးစုံသော အခြင်းအရာအားဖြင့် သိတော်မူပေ၏။

**သင်္ခါရလောကကို သိပုံ။** ။မှန်၏ ထိုဘုရားရှင်သည် လောကသည် တပါး တည်းသာ ရှိပါပေ၏၊ အလုံးစုံသော သတ္တဝါတို့ သည် အာဟာရသည်သာလျှင် ထောက်တည်ရာ ရှိပေကုန်၏၊ လောကတို့

သည် ရုပ်လောက နာမ်လောကဟူ၍ နှစ်ပါးရှိပါပေ၏၊ လောကတို့သည် ဝေဒနာသုံးမျိုးဟူ၍(ယူက) သုံးပါးရှိပါပေ၏၊ လောကတို့သည် အာဟာရ လေးပါးဟူ၍(ယူက) လေးပါး ရှိပါပေ၏၊ လောကတို့သည် ခန္ဓာငါးပါးဟူ၍ (ယူက) ငါးပါးရှိပါပေ၏။ လောကတို့သည် ခြောက်ပါးသော အတွင်း အာယ တနတို့ဟူ၍(ယူက) ခြောက်ပါး ရှိပါပေ၏၊ လောကတို့သည် ခုနစ်ပါးသော ပဋိသန္ဓေဝိညာဉ်၏တည်ရာ 'သတ္တဝိညာဏဋ္ဌိတိ'ဟူ၍ (ယူက) ခုနစ်ပါး ရှိပါပေ၏။

လောကတို့သည် ရှစ်ပါးသော လောကဓံတရားဟူ၍ (ယူက) ရှစ်ပါး ရှိပါပေ၏၊ လောကတို့သည် ကိုးပါးသော သတ္တဝါတို့၏နေရာ(ကိုးပါးသော သတ္တာ ဝါသ)ဟူ၍(ယူက) ကိုးပါး ရှိပါပေ၏၊ လောကတို့သည် ဆယ်ပါးသော ရုပ် အာယတနဟူ၍(ယူက) ဆယ်ပါး ရှိပါပေ၏၊ လောကတို့သည် တဆယ့်နှစ်ပါး သော အာယတနတို့ဟူ၍(ယူက) တဆယ့်နှစ်ပါး ရှိပါပေ၏၊ လောကတို့သည် တဆယ့်ရှစ်ပါးသော ဓာတ်တို့ဟူ၍ (ယူက) တဆယ့်ရှစ်ပါး ရှိပါပေ၏။ ဤသို့ သင်္ခါရလောကကို အလုံးစုံသော အခြင်းအရာအားဖြင့် သိတော်မူပါပေ၏။

**သတ္တဝါနှင့် စရိုက်စသည်တို့ကို သိတော်မူပုံ။** ။ဘုရားရှင်သည် အလုံးစုံသော သတ္တဝါတို့၏ အလိုဆန္ဒကို သိ တော်မူ၏။ သတ္တဝါတို့၏သန္တာန်၌ တည်နေပါသော ကာမရာဂစသော အနုသယ တို့ကို သိတော်မူပေ၏၊ရာဂစရိုက်အစရှိသော ခြောက်ပါးသော စရိုက်ကို သိတော် မူပေ၏၊ အဇ္ဈာသယဓာတ်(အလိုဆန္ဒ)ကို သိတော်မူပေ၏။ပညာမျက်စိ၌ ကိလေ သာမြူနည်းသော သတ္တဝါ၊ ပညာမျက်စိ၌ ကိလေသာမြူ ထူသော သတ္တဝါ၊ ထက်သော ဣန္ဒြေရှိသော သတ္တဝါ၊ နုံ့သော ဣန္ဒြေရှိသော သတ္တဝါ၊ ကောင်း သော ပကတိရှိသော သတ္တဝါ၊ မကောင်းသော ပကတိရှိသော သတ္တဝါ၊ တရား တော်ကို သိရန် လွယ်ကူသော သတ္တဝါ၊ တရားတော်ကို သိရန် မလွယ်ကူသော သတ္တဝါ၊ မဂ်ရခြင်းငှါ ထိုက်သော သတ္တဝါ၊ မဂ်ရခြင်းငှါ မထိုက်သော သတ္တဝါတို့ကို သိတော်မူပါပေ၏။ ထို့ကြောင့် ဘုရားရှင်သည် သတ္တလောကကိုလည်း အလုံး စုံသော အခြင်းအရာအားဖြင့် သိတော်မူပါပေ၏။

**စကြဝဠာ၏ အတိုင်းအတာ(ပမာဏ)ယူပုံ။** ။ဘုရားရှင်သည် သတ္တလောကကြီး ကို သိတော်မူဘိသကဲ့သို့ ဤနှင့် မခြား အလားတူစွာသာလျှင် ဩကာသလောကကြီးကိုလည်း သိတော်မူပေ၏။ သိတော်မူပုံကား— ဘုရားရှင်သည် တခုသော စကြဝဠာကား အလျားအားဖြင့် ၎င်း အနံအားဖြင့်၎င်း ရေတွက်ရာဝယ်—

(က) အလျားအနံမှာ–တသိန်းနှစ်သောင်းသုံးထောင်လေးရာ့ငါးဆယ်၊

(ခ) အဝန်းလုံးပတ်မှာ – သုံးသန်းခြောက်သိန်းတထောင့်သုံးရာငါးဆယ်ရှိ၏ဟု မိန့်တော်မူထားပေ၏။

**စကြဝဠာ မြေ ရေ လေအထုကို တိုင်းတာပုံ။** ။(က) မြေအထုမှာ–နှစ်သိန်းလေးသောင်း၊ (ခ) ရေအထုမှာ– လေးသိန်းရှစ်သောင်း၊ (ဂ) လေအထုမှာ– ကိုးသိန်းခြောက်သောင်းရှိပါသည်။

**မြင်းမိုရ်တောင်မြတ် တည်နေပုံ။** ။ထိုသို့ တည်နေသော စကြဝဠာလောကခေတ်တခု၏ အလယ်၌ ယူဇနာရှစ်သောင်းလေးထောင် ရေ၌ နစ်မြုပ်ပြီးတော့မှရင် ယူဇနာ ရှစ်သောင်းလေးထောင် ရေမှ အပေါ်သို့ တက်သော သိနေရု အမည်ရှိသော မြင်းမိုရ်တောင်တော်မြတ်သည် တည်ရှိပေ၏။

**မြင်းမိုရ်တောင်ကို ဝန်းရံ၍ တည်နေသော ကျောက်တောင်များ** ထိုမြင်းမိုရ်တောင်မြတ်မှ ထက်ဝက်ထက်ဝက် ယုတ်လျော့ နိမ့်ကျသော ပမာဏရှိပါသော နတ်တို့မြူးရွှင်ရာဖြစ်ပြီး အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်ကုန်သော(၁)ယုဂန္ဓိုရ်တောင် (၂) ဤသဓရတောင် (၃) ကရဝီကတောင် (၄) သုဒဿနတောင် (၅) နေမိန္ဓရတောင် (၆) ဝိနတကတောင် (၇) အဿကဏ္ဏတောင် ဟူ၍ ကျောက်တောင်ကြီး ခုနစ်လုံးတို့သည် မြင်းမိုရ်တောင်တော်မြတ်၏ ထက်ဝန်းကျင်မှ တည်ကုန်၏။ နတ်မင်းကြီးတို့၏ နေရာလည်း ဖြစ်ကုန်၏။ နတ်ဘီလူးတို့သည်လည်း မှီခိုအပ်ပေကုန်၏။

**ဟိမဝန္တာတောင်၏ အတိုင်းအတာပမာဏ။** ။ရှစ်သောင်း လေးထောင်သော တောင်ထွတ်တို့ဖြင့် တန်းဆာဆင်အပ်သော ဟိမဝန္တာတောင်သည် (က) အမြင့်အားဖြင့် ယူဇနာ ငါးရာတိုင်တိုင် မြင့်၏ (ခ) အလျားအနံအားဖြင့် ယူဇနာ သုံးထောင် အကျယ်ရှိပါပေ၏။

နဂသဒ္ဒါဖြင့် ခေါ်ဝေါ်အပ်ပေသော သပြေပင်ကြီး၏ အာနုဘော်ကြောင့် ဤကျွန်း(တောင်ကျွန်း)သည် ဇမ္ဗူဒီပါကျွန်းဟု ထင်ရှားပေ၏။

**သပြေပင်ကြီး၏ အတိုင်းအတာပမာဏ။** ။ထိုသပြေပင်ကြီးသည် (က) ပင်စည်လုံးပတ်အားဖြင့် တဆယ့်ငါးယူဇနာရှိ၏၊ (ခ) ပင်စည်၏ အစောက်အမြင့်သည် ကိုင်းခွတိုင်အောင် ယူဇနာ ငါးဆယ်ရှိ၏၊ (ဂ) ထက်ဝန်းကျင်မှ ယူဇနာတရာအထိ ပြန့်ပြောကျယ်၏၊ သစ်

ပင်၏ အဖျား အစွန်သို့ ရောက်အောင် ယူဇနာတရာတိုင်တိုင်လျှင် အထက်သို့ မြင့်၍ တက်၏။

**သစ်ပင်ကြီး ခုနစ်ပင်။** ။ဇမ္ဗုဒီပါပြေပင်၏ အတိုင်းအတာပမာဏကဲ့သို့ အသုရာနတ်တို့၏ ပြည်၌ ဆန်းကြယ်သော သခွတ်ပင်၊ ဂဠုန်တို့၏ ပြည်၌ လက်ပံပင်၊ အနောက်ကျွန်း၌ ထိန်ပင်၊ မြောက်ကျွန်း၌ ပဒေသာပင်၊ အရှေ့ကျွန်း၌ ကုက္ကိုပင်၊ တာဝတိံသာ နတ်ဘုံ၌ ပင်လယ်ကသစ်ပင်၊ ဤဆိုအပ်ပြီးသော သစ်ပင်တို့၏ ပမာဏကိုလည်း သိအပ်ပေကုန်၏။

**စကြဝဠာတောင်၏ အတိုင်းအတာ ပမာဏ။** ။စကြဝဠာ တောင်သည် ယူဇနာ ရှစ်သောင်း နှစ်ထောင် သမုဒ္ဒရာ ဆားငံရေထည်းမှာပင် နစ်မြုပ်၍ နေ၏၊ ထိုမှုလောက် ရှစ်သောင်း နှစ်ထောင် အပေါ်သို့ ပေါ်တက်ပြီးတော့မှရင် နေ၏။ ဤစကြဝဠာတောင်ကြီးသည် အလုံးစုံသော လောကဓာတ်ကြီးကို ခြံရံ၍ တည်နေပေ၏။

**လ နေ စသည်တို့၏ အတိုင်းအတာ ပမာဏ။** ။ထိုလောကဓာတ်၌ (က) လ၏ အဝန်းသည် လေးဆယ့်ကိုးယူဇနာ ရှိပေ၏၊ (ခ)နေ၏ အဝန်းသည် ယူဇနာ ငါးဆယ် ရှိပေ၏၊ (ဂ)တာဝတိံသာနတ်ဘုံသည် ယူဇနာတသောင်း ရှိပေ၏၊ (ဃ)အသုရာဘုံ, အဝီစိငရဲကြီး, ဇမ္ဗူဒိပ်ကျွန်းတို့သည် ယူဇနာတသောင်းစီ ရှိကြပေကုန်၏။ (င) အနောက်ကျွန်းသည် ယူဇနာ ခုနစ်ထောင် ရှိပေ၏၊ (စ) အရှေ့ကျွန်းသည် ယူဇနာ ခုနစ်ထောင် ရှိပေ၏၊ (ဆ) မြောက်ကျွန်းသည် ယူဇနာ ရှစ်ထောင် ရှိပေ၏။ ဤကျွန်းကြီး လေးကျွန်းတို့တွင် တခုတခုသော ကျွန်းကြီးသည် ငါးရာ ငါးရာစီ ကျွန်းငယ် အခြံ အရံ ရှိပေ၏။ ထို အလုံးစုံသည်ပင် တခုသော စကြဝဠာ တခုသော လောကဓာတ်ဟု ခေါ်ဆိုရပေသည်။

ထိုသုံးခု သုံးခုသော စကြဝဠာတို့၏ အကြားတို့၌ လောကန္တရိက် ငရဲတို့သည် ရှိကြပေကုန်၏။ ဤကဲ့သို့သော နည်းဖြင့် အဆုံး အပိုင်းအခြား မရှိသော စကြဝဠာ လောကဓာတ်တို့ကို ဘုရားရှင်သည် အဆုံး အပိုင်းအခြား မရှိသော သဗ္ဗညုတ ရွှေဉာဏ်တော်မြတ်ဖြင့် သိတော်မူပေ၏။

ဤသို့ ဘုရားရှင်သည် ဩကာသလောကကြီးကိုလည်း အလုံးစုံသော အခြင်းအရာအားဖြင့် သိတော်မူ၏၊ ဤသို့လျှင် အလုံးစုံသော အခြင်းအရာအားဖြင့် လောကကို သိတော်မူသောကြောင့် "လောကဝိဒူ" မည်တော်မူပါပေ၏။

လောကဝိဒူဂုဏ်တော် ပြီး၏။

## (၆) အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော်

**အနုတ္တရ မည်တော်မူပုံ။** ။အနုတ္တရဂုဏ်တို့ဖြင့် ဘုရားရှင်ထက် ထူးချွန်လွန်ကဲသော တစုံတယောက်သောသူ မရှိပေ၊ ထိုသို့ ထူးချွန်လွန်ကဲသောသူ မရှိလေသောကြောင့် ဘုရားရှင်သည် အနုတ္တရ မည်တော်မူပေ၏။

**တုပယှဉ်ပြိုင်နိုင်သူ ပုဂ္ဂိုလ်ဟူ၍မရှိပုံ။** ။ဘုရားရှင်သည် သီလ အစရှိသော ဂုဏ်ကျေးဇူးဖြင့်လည်း အလုံးစုံသော လောကကို လွှမ်းမိုးတော်မူနိုင်ပေ၏၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တို့ဖြင့်လည်း အလုံးစုံသော လောကကို လွှမ်းမိုးနိုင်၏၊ သီလဂုဏ်တို့ဖြင့်လည်း လောက၌ တူသော သူမည်သည် မရှိပေ၊ ရှေးဘုရားရှင်တို့နှင့်သာ တူတော်မူ၏၊ နှိုင်းယှဉ်စရာ ဥပမာမျှပင် မရှိ၊ တူသောသူမည်သည် မရှိပေ၊ တုပယှဉ်ပြိုင်နိုင်လောက်သောသူ ဟူ၍ပင် မရှိပေ၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တို့ဖြင့်လည်း တူသောသူတို့ပင် မရှိပေ။

**အဂ္ဂပသာဒသုတ်၌ ဟောတော်မူပုံ။** ။ရဟန်းတို့ အကြင်မျှလောက် အခြေမရှိသော သတ္တဝါ၊ အခြေနှစ်ချောင်းရှိသော သတ္တဝါ၊ အခြေလေးချောင်းရှိသော သတ္တဝါ၊ အခြေများစွာရှိသော သတ္တဝါ၊ ရုပ်ရှိသည်သာဖြစ်သော သတ္တဝါ၊ ရုပ်မရှိ နာမ်ရှိသည်သာဖြစ်သော သတ္တဝါ၊ သညာရှိသည်သာဖြစ်သော သတ္တဝါ၊ သညာမရှိသည်သာဖြစ်သော သတ္တဝါ၊ သညာရှိသည်လည်း မဟုတ် မရှိသည်လည်း မဟုတ်သော သတ္တဝါ၊ ဤအလုံးစုံသော သတ္တဝါတို့ထက် ပူဇော်အထူးကို ခံတော်မူထိုက်သော သစ္စာလေးပါး မြတ်တရားတို့ကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင်ပင် အမှန်သိတော်မူသော မြတ်စွာဘုရားရှင်ကို အမြတ်ဆုံးဟူ၍ ဆိုတော်မူအပ်ပေ၏။ ငါဘုရားရှင်ထက် သီလစသော ဂုဏ်တော်တို့ဖြင့် ဤလောကကြီးထဲ၌ မြင့်မြတ်သူဟူ၍ မရှိပေ။

**ပုရိသဒမ္မသာရထိ မည်တော်မူပုံ။** ။ဆုံးမ သွန်သင်ခြင်းငှါ ထိုက်တော်မူကုန်သော မယဉ်ကျေးသော လူယောကျ်ားနတ်ယောကျ်ား တိရစ္ဆာန်ယောကျ်ားတို့ကို ယဉ်ကျေးစေတတ်သောကြောင့် ပုရိသဒမ္မသာရထိ မည်တော်မူပေ၏။

**ပုရိသဒမ္မမည်ပုံ။** ။မယဉ်ကျေးကုန်သေးသော ဆုံးမပဲ့ပြင် သွန်သင်ခြင်းငှါ လျောက်ပတ်ကုန်သော တိရစ္ဆာန်ယောကျ်ား လူယောကျ်ား နတ်ဘီလူးယောကျ်ားတို့ကို ပုရိသဒမ္မဟု ဆိုရပေမည်။

**သတ္တဝါများကို နည်းမျိုးစုံဖြင့် ဆုံးမတော်မူပုံ။** ။ဘုရားရှင်သည် အပလာလ နဂါးမင်း စူဠောဒရ, မဟောဒရ, အဂ္ဂိသိခ, ဓူမသိခ, အရဝါဠ နဂါးမင်းတို့ကိုလည်း ဓနပါလဆင်ကိုလည်း ဤသို့ အစရှိသော တိရစ္ဆာန်ယောကျ်ားတို့ကို ဆုံးမအပ် ယဉ်ကျေးစေအပ် အမျက်ဒေါသ ကင်းပျောက်အောင် ပြုတော်မူအပ်ပေကုန်၏။ သရဏဂုဏ်နှင့်တကွ သီလဆောက်တည်စေအပ်ကုန်၏။

နိဂဏ္ဌ၏သား သစ္စကပရိဗိုဇ် အမ္ဗဋ္ဌလုလင် ပေါက္ခရသာတိပုဏ္ဏား သောဏဒဏ္ဍပုဏ္ဏား ကူဋဒန္တပုဏ္ဏား-စသော လူယောကျ်ားတို့နှင့် အာဠဝက ဘီလူး သူစိလောမဘီလူး ခရလောမဘီလူး သိကြားမင်း အစရှိကုန်သော နတ်ယောကျ်ားတို့ကိုလည်း ဆန်းကြယ်ကုန်သော ဆုံးမနည်းတို့ဖြင့် ဆုံးမအပ် ယဉ်ကျေးစေအပ်ကုန်၏။

ဘုရားရှင်သည် ဆိုဆုံးမခြင်းငှါ ထိုက်ကုန်သော အချို့ကုန်သော သတ္တဝါတို့ကို အနုနည်းအားဖြင့်လည်း အကြမ်းနည်းအားဖြင့်လည်း အကြမ်းအနုနည်းအားဖြင့်လည်း ဆိုဆုံးမတော် မူခဲ့ပေ၏။

**တစိတ်တဒေသယဉ်ကျေးပြီးပုဂ္ဂိုလ်တို့ကိုလည်း ဆုံးမတော်မူပုံ** အမှန်စင်စစ်မှာတော့ရင် ဘုရားရှင်သည် စင်ကြယ်သော သီလရှိကြကုန်သော ပုဂ္ဂိုလ်တို့အား ပဌမဈာန် အစရှိသည်တို့ကိုလည်း သောတာပန်ပုဂ္ဂိုလ် အစရှိသည်တို့အားလည်း အထက်မဂ်တို့ကို တက်ရောက်နိုင်ရန် တက်ရောက်နိုင်ကြောင်းဖြစ်သော အကျင့်တရားတို့ကိုလည်း ဟောကြားတော်မူသည်ဖြစ်၍ တစိတ်တဒေသ ယဉ်ကျေးပြီးဖြစ်သော ပုဂ္ဂိုလ်တို့ကိုလည်း ဆုံးမပဲ့ပြင် သွန်သင်တော်မူသည်သာလျှင်တည်းဟု မှတ်ယူအပ်ပေ၏။

ဘုရားရှင်သည် တခုသော တက်ဝယ် ပလ္လင်ဖြင့် ထိုင်နေတော်မူလျက် ရှစ်ပါးသော သမာပတ်ဟူသော အရပ်မျက်နှာတို့သို့ ဝသီဘော်သို့ ရောက်သဖြင့် မငြိမယှက်မူ၍ ပြေးသွားတော်မူနိုင်ပေ၏။ ထိုသို့သော အခြင်းအရာဖြင့် မယဉ်ကျေးသော လူယောကျ်ား နတ်ယောကျ်ား တိရစ္ဆာန်ယောကျ်ားတို့ကို ယဉ်ကျေးသိမ်မွေ့လာအောင် ဆုံးမတော်မူတတ်သောကြောင့် အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူပေ၏။

အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော် ပြီး၏။

## (၇) သတ္ထာ ဒေဝမနုဿာနံ ဂုဏ်တော်

**သတ္ထာမည်တော်မူပုံ။** ။ပစ္စုပ္ပန်၌ ဖြစ်သော အကျိုး တမလွန်၌ ဖြစ်သော အကျိုးထူး တရားတို့ဖြင့် ထိုက်သင့်သည်အားလျော်စွာ (လျော်ကန်သင့်မြတ်အောင်)ဆုံးမတော်မူတတ်သောကြောင့် သတ္ထာ မည်တော်မူပါပေ၏။

တနည်းလည်း လှည်းကုန်သည်မှူးကြီးနှင့် တူတော်မူသောကြောင့် ထို မြတ်စွာဘုရားသည် သတ္ထာ မည်တော်မူပါပေ၏။

**လှည်းကုန်သည်မှူးကြီးနှင့် တူပုံ။** ။လှည်းကုန်သည်မှူးကြီးသည် တပည့်ဖြစ်ကြကုန်သော လှည်းကုန်သည်အပေါင်းတို့ကို ဘေးရန် အလွန်များသော ခရီးခဲကို လွန်မြောက်စေဘိသကဲ့သို့ (က) ခိုးသူအပေါင်းတွေ စိုးမိုးအုပ်ချုပ်လျက် တည်နေသော ခရီးခဲကို (ခ) သားရဲတိရစ္ဆာန် စိုးမိုးထကြွလျက် တည်သော ခရီးခဲကို (ဂ) ငတ်မွတ် ခေါင်းပါးသော အစားအစာ ရခဲသော ခရီးခဲကို (ဃ) ရေမရှိသော ခရီးခဲကို လွန်မြောက်စေဘိသကဲ့သို့(ဘေးရန်ကင်းရာဌာနသို့ ရောက်စေဘိသကဲ့သို့)ဤအတူသာလျှင် လှည်းကုန်သည် မှူးကြီးသဖွယ် ဖြစ်တော်မူသော ဘုရားရှင်သည် ဝေနေယျသတ္တဝါတို့ကို သံသရာတည်းဟူသော ခရီးခဲ ခရီးကြမ်းမှ လွန်မြောက်စေတော်မူပါပေ၏။

ပဋိသန္ဓေ တည်နေရခြင်းတည်းဟူသော ခရီးခဲကို လွန်မြောက်စေတော်မူ၏။

**ဒေဝမနုဿာနံဟု ဆိုတော်မူပုံ။** ။နတ်တို့၏၎င်း လူတို့၏၎င်း မြတ်သော သတ္တဝါကို ပိုင်းခြားသည်၏ အစွမ်းအားဖြင့်၎င်း ကျွတ်သင့် ကျွတ်ထိုက်သော ပုဂ္ဂိုလ်ကို ပိုင်းခြားသည်၏ အစွမ်းအားဖြင့်၎င်း ဤ ဒေဝမနုဿာနံ ဟူသောစကားကို ဆိုအပ်ပေ၏။

**တိရစ္ဆာန်တို့အား အဆုံးအမကို ပေးတော်မူသဖြင့် ဆရာဖြစ်ပုံ** စင်စစ်မှာတော့ ဘုရားရှင်သည် တိရစ္ဆာန် သတ္တဝါတို့အားလည်း အဆုံးအမကို ပေးတော်မူခဲ့ပါသဖြင့် ဆုံးမပဲ့ပြင် သွန်သင်တတ်သော ဆရာမြတ် မည်ပါပေ၏။ ထိုတိရစ္ဆာန်သတ္တဝါတို့သည်လည်း ဘုရားရှင်၏ထံတော်မှောက်၌ တရားတော်ကို နာခံလိုက်ရပါသဖြင့် ဥပနိဿယနှင့် ပြည့်စုံခြင်းသို့ ရောက်ခဲ့ပြီးတော့မှရင် ဥပနိဿယနှင့် ပြည့်စုံခြင်းကြောင့် နှစ်ခုမြောက်သော ခန္ဓာကိုယ် အတ္တဘော၌၎င်း သုံးခုမြောက်သော ခန္ဓာကိုယ် အတ္တဘော၌၎င်း မဂ်ဖိုလ်ဟု ဆိုအပ်သော အဘို့ ရှိပါပေ၏။

**ဖားနတ်သား ဝတ္ထု။** ။ဘုရားရှင်သည် ဂဂ္ဂရအမည်ရှိသော ရေကန်၏ကမ်းနား၌ စမ္ပာပြည်သူပြည်သားတို့အား တရားတော်ကို ဟောတော်မူခဲ့ပါသည်ရှိသော် တကောင်သော ဖားသူငယ်သည် ဘုရားရှင်၏ အသံတော်၌ နိမိတ်ကို စွဲလမ်းနေပေ၏။ ထို ဘုရားရှင်၏ အသံတော်ကို ကြည်ညိုနေသော ဖားသူငယ်ကိုတယောက်သော နွားကျောင်းသားသည် ဒုတ်ကို ထောက်၍ ရပ်ခဲ့ပါသည်ရှိသော် ဖားသူငယ်၏ ဦးခေါင်း၌ ဒုတ်ဖြင့် ထောက်မိနေသည်၏ အဖြစ်ကို မမြင် မသိသည်ဖြစ်၍ ထို ဖားသူငယ်၏ ဦးခေါင်း၌ ဒုတ်ကို ဖိနှိပ်၍ ရပ်တည်လေ၏။

**တာဝတိံသာနတ်ပြည်၌ ဖားနတ်သားဖြစ်ပုံ။** ။ထို ဖားသူငယ်သည် ထို ခဏ၌ပင်လျှင် သေလွန်၍ တာဝတိံသာ နတ်ပြည်ဝယ် တဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန်၌ ဖြစ်လေ၏။ အိပ်ပျော်သော ယောကျ်ား နိုးသောလားကဲ့သို့ ရွှေဗိမာန်၌ နတ်သမီးအပေါင်း ခြံရံအပ်သော မိမိကိုယ်ကို မြင်၍—

**နတ်ဗိမာန်နှင့်တကွ ဘုရားထံ ချဉ်းကပ်ပုံ။** ။"အချင်းတို့ ငါသည် ဖားသူငယ် ဖြစ်လျက်လည်း ဤသို့ ရွှေအတိဖြင့်ပြီးသော နတ်ဗိမာန်ကြီး၌ ဖြစ်ရသည်ကား အဘယ်သို့သော ကောင်းမှုကုသိုလ်ကံကို ပြုဘူးခဲ့လေသနည်း"ဟု အံ့ဩလျက် ကြံဆင်ခြင်ခဲ့ပါသည်ရှိသော် ဘုရားရှင်၏ အသံတော်၌ ကြည်ညိုသော စိတ်ထားဖြင့် နိမိတ်ယူသည်ကို ကြည်ထားပြီးတော့မှုရင် နိမိတ်ယူသည်မှတပါး တစုံတခုသော ကုသိုလ်ကံ အကြောင်းတရားကို မမြင်ခဲ့ပေ။ ထို ဖားနတ်သားသည် ထို ခဏ၌ပင်လျှင် နတ်ဗိမာန်နှင့်တကွ လာ၍ ဘုရားရှင်၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပေ၏။

**ဘုရားရှင်က ဖားနတ်သားကို မေးတော်မူပုံ။** ။ဘုရားရှင်သည် သိတော်မူပါလျက်နှင့် လူအများအား ကံ၊ ကံ၏ အကျိုးတရားကိုငှင်း ဘုရားရှင်၏ တန်းခိုးအာနုဘော်ကိုငှင်း မျက်မှောက်ထင်ထင် အများသိမြင်စေခြင်းငှါ အောက်ပါ စကားတော်တို့ဖြင့် မေးကြားတော်မူလေ၏။

"နတ်တို့၏ တန်းခိုးဖြင့်ငှင်း နတ်တို့၏ အခြံအရံဖြင့်ငှင်း ထွန်းလင်းတောက်ပလျက် အလွန်နှစ်လိုဖွယ်သော အဆင်းအရောင်တို့ဖြင့် အလုံးစုံသော အရပ်မျက်နှာတို့ကို ထွန်းလင်းတောက်ပစေပြီး ငါဘုရား၏ ခြေတော်တို့ကို ရှိခိုး၍နေသောသူသည်ကား အဘယ်သူပေနည်း"ဟု မေးတော်မူလေ၏။

**ဖားနတ်သားက ပြန်၍ လျှောက်ထားခြင်း။** ။ရှင်တော်မြတ်ဘုရား အကျွန်ုပ်သည် ရှေးအတိတ်ဘဝက ရေ၌ပေါက်ဖွားပြီး ရေဝယ် ကျက်စားသော ဖားသူငယ် ဖြစ်ခဲ့ဘူးလေပြီ၊ ရှင်တော်မြတ်ဘုရား၏ ရွှေနှုတ်တော်မှ မိန့်ကြားတော်မူအပ်ပေသော သာယာဖွယ်ရာဖြစ်ပါသော အသံတော်မြတ်ဖြင့် ဟောတော်မူအပ်သော တရားတော်ကို နာကြားနေစဉ် နွားကျောင်းသားသည် အနီးသို့လာပြီး ဦးခေါင်းကို ဒုတ်ဖြင့် ထောက်လိုက်သည်ဖြစ်၍ အကျွန်ုပ်၏အသက်သည် ချုပ်ပျောက်ခြင်းသို့ ရောက်ခဲ့ပါပေ၏ဟု လျှောက်ထားလေ၏။

**ဖားနတ်သား သောတာပတ္တိဖိုလ်ဆိုက်ပုံ။** ။ဘုရားရှင်သည် ထို ဖားနတ်သားအား တရားဓမ္မစကားကို မိန့်မြွက်တော်မူ၏၊ ရှစ်သောင်းလေးထောင်ကုန်သော တရားတော်နာ သတ္တဝါအပေါင်းတို့မှာ သစ္စာလေးပါး မြတ်တရားကို မြင်ကြကုန်၍ ဖားနတ်သားသည်လည်း သောတာပတ္တိဖိုလ်၌ တည်ပြီး ပြုံး‌ရွှင်ခြင်းကို ပြုပြီးတော့မှရင် မိမိနေရာ တာဝတိံသာနတ်ပြည်သို့ ပြန်လည် ဖဲခွါသွားလေ၏။

သတ္တာ ဒေဝမနုဿာနံ ဂုဏ်တော် ပြီး၏။

---

## (၈) ဗုဒ္ဓေါဂုဏ်တော်

**ဗုဒ္ဓဂုဏ်တော် မည်တော်မူပုံ။** ။သစ္စာလေးပါး မြတ်တရားကို သိတော်မူပြီးသည်မှ တပါးသော သင်္ခါရ, ဝိကာရ, လက္ခဏာ, နိဗ္ဗာန်, ပညတ္တိဟု ဆိုအပ်သော ဉေယျမံတရားတို့သည် ရှိပေကုန်၏၊ အလုံးစုံသာလျှင်ဖြစ်သော တရားအပေါင်းကို အရဟတ္တဖိုလ်၌ဖြစ်သော ဝိမောက္ခန္တိကဉာဏ်၏အစွမ်းဖြင့် ဆရာမသင် ကိုယ်တော်တိုင်ပင် သိမြင်တော်မူသည်၏ အဖြစ်ကြောင့် ထိုမြတ်စွာဘုရားရှင်သည် ဗုဒ္ဓမည်တော်မူပါပေ၏။

တနည်း သစ္စာလေးဝ မြတ်ဓမ္မတို့ကို ကိုယ်တော်တိုင်လည်း သိတော်မူ၏၊ မိမိမှတပါးကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့ကိုလည်း သိစေတော်မူတတ်ပေ၏၊ ဤသို့အစရှိသော အကြောင်းတို့ကြောင့်လည်း 'ဗုဒ္ဓ' မည်တော်မူပေ၏။ ဤသို့သော အနက်ကို သိစေခြင်းငှါ သစ္စာလေးဝ မြတ်ဓမ္မတို့ကို သိတော်မူတတ်သောကြောင့်ရင်း ဝေနေယျသတ္တဝါအပေါင်းတို့ကို သိစေတော်မူတတ်သောကြောင့်ရင်း "ဗုဒ္ဓ" မည်တော်မူပါပေ၏။

ဗုဒ္ဓဂုဏ်တော် ပြီး၏။

## (၉) ဘဂဝါဂုဏ်တော်

**ဘဂဝါမည်တော်မူပုံ။** ။ဘဂဝါဟူသောစကားသည် ထိုမြတ်စွာဘုရား၏ သီလအစရှိသော ဂုဏ်တို့ဖြင့် ထူးသောကြောင့် အလုံးစုံသော သတ္တဝါတို့ထက် မြတ်သော အလေးပြုအပ် ရိုသေအပ်သော မြတ်စွာဘုရားအား ရိုသေလေးမြတ်သောအားဖြင့် ဆိုတော်မူအပ်သော အမည်ပေတည်း၊ ထို့ကြောင့် ရှေးဆရာတို့သည် 'ဘဂဝါ' ဟူသောစကားသည် ချီးမွမ်းအပ်၏၊ အထူးသဖြင့် ချီးမွမ်းအပ် မြတ်၏၊ ထို့ကြောင့် အလေးအမြတ်ပြုအပ်သော သီလ, သမာဓိ, ပညာဟူသော ဂုဏ်ကျေးဇူးအထူးတို့နှင့် ယှဉ်သော အရိုအသေ အလေးအမြတ်ပြုထိုက်သော ဘုရားရှင်ကိုယ်တော်မြတ်ကို 'ဘဂဝါ'ဟူ၍ ဆိုအပ်ပေ၏။

တနည်း— အကြင် မြတ်စွာဘုရားသည် ဘုန်းရှိတော်မူ၏၊ ထို့ကြောင့် မြတ်စွာဘုရားကို 'ဘဂဝါ'ဟု ဆိုအပ်၏၊ မင်္ဂဖိုလ်စသော အရိယာဂုဏ်, အရညစသော ဝိဝေကဌာနကို မှီဝဲလေ့ရှိ၏၊ သီလစသော ဂုဏ်အဘို့ရှိ၏၊ ဝေဖန်စိပ်ဖြာ၍ ဟောတော်မူတတ်၏၊ ရာဂစသော ကိလေသာအညစ်အကြေးတို့ကို ဖျက်ဆီးခြင်းကို ပြုတော်မူခဲ့ပေပြီ၊ ကျောက်ထီးတန္တုကဲ့သို့ အလေးပြုတော်မူအပ်ပါပေ၏၊ ဒါန သီလစသော ပါရမီတော်တို့၏ အထွတ်အထိပ်သို့ရောက်သော ဘုန်းရှိတော်မူပေ၏၊ များစွာသော ဘာဝနာ အစဉ်တို့ဖြင့် ကောင်းစွာပင် ပွါးများအပ်ပြီးသော သဘောရှိပေ၏၊ ဘဝ၏အဆုံးဖြစ်သော နိဗ္ဗာန်သို့ ရောက်တော်မူပါပေ၏၊ ထို့ကြောင့်လည်း 'ဘဂဝါ' ဟု ဆိုအပ်၏။

တနည်း မြတ်စွာဘုရားသည် အကြင်သို့သော အကြောင်းကြောင့် ဘုန်းရှိတော်မူ၏၊ ရာဂစသော ကိလေသာတို့ကို ဖျက်ဆီးတော်မူတတ်ပေ၏၊ ဣဿရိယစသည်ထွေပြား ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူပါပေ၏၊ (ယှဉ်တော်မူပေ၏)။ အလုံးစုံသော တရားတော်တို့ကို ဝေဖန်ခွဲခြား၍ ဟောတော်မူတတ်ပါပေ၏၊ ထူးကဲလွန်မြတ်သော တရားတော်တို့ကို မှီဝဲတော်မူတတ်၏၊ ဘဝသုံးပါးတို့၌ တဏှာကို ထွေးအန်တော်မူတတ်၏၊ ထို့ကြောင့် 'ဘဂဝါ'မည်တော်မူပါပေ၏။

> တနည်း ချိုးဖျက်အပ်ပြီးသော ရာဂရှိတော်မူ၏၊ ချိုးဖျက်အပ်ပြီးသော ဒေါသ ရှိတော်မူ၏၊ ချိုးဖျက်အပ်ပြီးသော မောဟ ရှိတော်မူ၏၊ အာသဝေါကင်းတော်မူ၏၊ ထို မြတ်စွာဘုရားသည် ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို ချိုးဖျက်တော်မူအပ် ကုန်ပြီ၊ ထို့ကြောင့် မြတ်စွာဘုရားကို "ဘဂဝါ"ဟု ဆိုတော်မူအပ်ပါပေ၏။

**ဘုန်းတော်ခြောက်ပါး။** ။ဘုန်းတော်ခြောက်ပါး ဟူသော်ကား ဣဿရိယ ဓမ္မ, ယသ, သိရီ, ကာမ, ပယတ္တ-ဟူ၍ ဘုန်းတော်ခြောက်ပါး ရှိပါပေ၏။

ဣဿရိယဘုန်းတော် ၈-ပါး။ ။ထိုမြတ်စွာဘုရားအား လွန်မြတ်သော မိမိ၏ စိတ်၌ အစိုးရခြင်း ရှိတော်မူပါပေ၏၊ တနည်း အဏိမာ, လဃိမာ, မဟိမာ, ပတ္တိ, ပါကမ္မ, ဤသိတာ, ဝသိတာ, ယတ္ထကာမ ဝသာယိတာဟု ဆိုအပ်ပေသော လူအပေါင်းတို့က အမြတ်ဟု သမုတ်အပ်သော အလုံးစုံသော အခြင်းအရာတို့နှင့် ပြည့်စုံသော ဣဿရိယ ဘုန်းတော်မြတ်သည် ရှစ်ပါးအပြား ရှိပါပေ၏။

(၁) အဏိမာ=မိမိကိုယ်ကို အနုမြူပမာဏ သေးငယ်အောင် ပြုတော်မူနိုင်သော တန်းခိုးတော်၊

(၂) လဃိမာ=မိမိကိုယ်ကို ပေါ့ပါးအောင်ပြု၍ ကောင်းကင်၌ သွားတော်မူနိုင်သော တန်းခိုးတော်၊

(၃) မဟိမာ =စကြဝဠာအလုံးကို ဖုံးလွှမ်းခြင်း စသည်ဖြင့် ကိုယ်တော်ကို ကြီးအောင် ဖန်ဆင်းတော်မူနိုင်သော တန်းခိုးတော်၊

(၄) ပတ္တိ =လိုအပ်ပါပေသော အရပ်သို့ ခဏချင်း ရောက်နိုင်သော တန်းခိုးတော်၊

(၅) ပါကမ္မ =အဓိဋ္ဌာန် စသည်၏ အစွမ်းဖြင့် လိုအပ်သောအမှုကို ပြုနိုင် ဖန်ဆင်းနိုင်သော တန်းခိုးတော်၊

(၆) ဤသိတာ=မိမိအလိုတော်သို့ လိုက်စေနိုင်သော အစိုးရခြင်း တန်းခိုးတော်၊

(၇) ဝသိတာ=ရေ မီး အစုံ အစုံသော ထူးဆန်းသော အရာတို့ကို ဖန်ဆင်းနိုင်ခြင်း, လျင်မြန်စွာ လေ့လာနိုင်ပါသော ဝသီဘော်တော် တန်းခိုးတော်၊

(၈) ယတ္ထကာမဝသာယိတာ=အလိုရှိရာ ပြုလိုတိုင်း အပြီးအဆုံးတိုင် အောင် ပြုလုပ်နိုင်ပေသော တန်းခိုးတော် (ဣဿရိယ ဘုန်းတော်များသည် ဣဒ္ဓိဝိဓတန်းခိုးတော်တွင် သက်ဝင်ကြပေ၏။ သူတပါးတို့နှင့် မဆက်ဆံသော အရာလည်း ဖြစ်၏)။

ဓမ္မဘုန်းတော်။ ။ထိုအတူ လောကုတ္တရာ တရားတည်းဟူသော 'ဓမ္မ'ဘုန်းတော်၊

ယသဘုန်းတော်။ ။လောကသုံးပါး၌ ပြန့်နှံ့သော ဟုတ်မှန်သော ဂုဏ်တော်တို့ကြောင့် ရအပ်ပေသော အလွန်စင်ကြယ်သော ကျော်စောသံသည် 'ယသ' ဘုန်းတော်။

**သိရီဘုန်းတော်။** ။ရူပကာယတည်းဟူသော အဆင်းတော်ကို ဖူးမြင်ခြင်းငှါ အားထုတ်ကုန်သော လူအပေါင်းတို့သည် မျက်စိကြည်လင်ခြင်းကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သော သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာတော်ငယ်စသော အလုံးစုံသော အခြင်းအရာအားဖြင့် ပြည့်စုံသော အလုံးစုံသော အင်္ဂါကြီးငယ်တို့၏ တင့်တယ်ခြင်း အသရေ တည်းဟူသော 'သိရီ'ဘုန်းတော်။

**ကာမဘုန်းတော်။** ။ထိုမြတ်စွာဘုရားသည် အကြင်အကြင် သို့သော ကိုယ်တော်၏ အစီးအပွါးကိုင်း သူတပါး၏ အစီးအပွါးကိုင်း အလိုရှိအပ် တောင့်တအပ်ပေပြီ၊ အလိုရှိတိုင်း တောင့်တတိုင်းသော အစီးအပွါးကို ပြည့်စေနိုင်သော 'ကာမ'ဘုန်းတော်။

**ပယတ္တဘုန်းတော်။** ။အလုံးစုံသော သတ္တလောက၏ ဆရာအဖြစ်သို့ ရောက်ခြင်း၏ အကြောင်းဖြစ်သော သမ္မာဝါယာမဟု ဆိုအပ်သော 'ပယတ္တ'ဘုန်းတော်။

ဤဘုန်းတော်ခြောက်ပါးတို့သည် အမှန်ပင် ရှိပါပေကုန်၏၊ ဤဣဿရိယစသော ခြောက်ပါးသော ဘုန်းတော်တို့နှင့် ယှဉ်တော်မူသည့်အဖြစ်ကြောင့် ထိုမြတ်စွာဘုရားရှင်အား ဘုန်းတော်ခြောက်ပါးတို့သည် ထင်ရှားမသေ့ ကေန်ပင် ရှိပါပေ၏၊ ဤသို့သော အနက်ကြောင့် "ဘဂဝါ"ဟု ဆိုအပ်ပါပေ၏။

ဘဂဝါဂုဏ်တော် ပြီး၏။

---

ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့် ဤသို့သော အကြောင်းကြောင့်ရင်း, ဤသို့သော အကြောင်းကြောင့်ရင်း ထိုမြတ်စွာဘုရားသည် 'အရဟံ'မည်တော်မူပါပေ၏ ။ပ။ ဤသို့သော အကြောင်းကြောင့်ရင်း, ဤသို့သော အကြောင်းကြောင့်ရင်း ထိုမြတ်စွာဘုရားသည် ဘဂဝါ မည်တော်မူပါပေ၏ဟု ဘုရားရှင်၏ ဂုဏ်ကျေးဇူးတို့ကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်သော ယောဂီပုဂ္ဂိုလ်အား ထိုသို့ ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို အောက်မေ့ဆင်ခြင်၍ နေသောအခါ၌—

**ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပွါးများရခြင်း၏ မျက်မှောက်ကျိုး** 　ရာဂသည် ထက်ဝန်းကျင်မှ ပြွမ်းပြွမ်း ထရာဖြစ်သော၊ ဝါ-ရာဂကြောင့် ထက်ဝန်းကျင် ထသောစိတ်မဖြစ်တော့ပေ၊ ဒေါသသည် ထက်ဝန်းကျင်မှ ပြွမ်းပြွမ်းထရာဖြစ်သော၊ ဝါ-ဒေါသကြောင့် ထက်

ဝန်းကျင် ထသောစိတ် မဖြစ်တော့ပေ၊ မောဟသည် ထက်ဝန်းကျင်မှ ပြွမ်းပြွမ်း လှုရာဖြစ်သော။ ဝါ-မောဟကြောင့် ထက်ဝန်းကျင်ထသော စိတ်မဖြစ်တော့ပေ။

ထိုအခါ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း အားထုတ်၍နေသော ယောဂီပုဂ္ဂိုလ်အား ဘုရားရှင်၏ဂုဏ်တော် ကျေးဇူးတော်ကို အာရုံပြု၍ဖြောင့်တန်းစွာလှ မဇ္ဈိမသမထ ခရီးလမ်းရိုးသို့ စိုက်စိုက်မတ်မတ် သွားသည်သာလျှင် ဖြစ်သော စိတ်ဖြစ်၏၊ ရာဂ စသည် ထက်ဝန်းကျင်မှ ထိုးကျင့်မှု မရှိခြင်းကြောင့် ခွါအပ်ပြီးသော နီဝရဏ ရှိသော ကမ္မဋ္ဌာန်းသို့ ရှေးရှုသည်၏အဖြစ်ဖြင့် ဖြောင့်တန်းစွာလှ မဇ္ဈိမသမထ လမ်းရိုးသို့ စိုက်စိုက်သွားသော စိတ်ရှိသော ထိုယောဂီအား ဘုရားရှင်ဂုဏ်တော် ကျေးဇူးတော်သို့ ညွတ်ကုန်သော ဝိတက် ဝိစာရတို့ ဖြစ်ကုန်၏။

ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို အဖန်တလဲလဲ ကြံသော အဖန် တလဲလဲ သုံးသပ်ဆင်ခြင်သော ယောဂီအား နှစ်သက်ခြင်းဖြစ်၏၊ ပီတိနှင့်တကွဖြစ် သောစိတ်ရှိသူအား ပီတိလျှင် နီးသောအကြောင်းရှိသော ငြိမ်းခြင်းဖြင့် ကိုယ်စိတ် ၏ပူပန်ခြင်းတို့သည် ငြိမ်းကုန်၏၊ ငြိမ်းပြီးသော ပူပန်ခြင်းရှိသူအား ကိုယ်စိတ်၏ ချမ်းသာခြင်းဖြစ်၏၊ ချမ်းသာသောသူအား ဘုရားဂုဏ်လျှင် အာရုံရှိသည်ဖြစ်၍ စိတ်တည်ကြည်၏။ ဤသို့ စိတ်တည်ကြည်သည်နှင့် တပြိုင်နက် ဈာန်အင်္ဂါတို့ဖြစ် ကုန်၏။

**ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းပွါးခြင်းဖြင့် ဥပစာရဈာန်ကိုသာ ရပုံ**

ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်တို့၏ နက်နဲသည်၏ အဖြစ်ကြောင့်ရင်း အထူးထူး အပြားပြား များစွာသော ဂုဏ်တော် ကျေးဇူးတော်တို့ကို အောက်မေ့ခြင်းဖြင့် သက်ဝင်လေးမြတ် ဆုံးဖြတ်ယုံကြည် သည်၏ အဖြစ်ကြောင့်ရင်း အပ္ပနာဈာန်သို့ မရောက်မူ၍ (အပ္ပနာဈာန်ကို မရ မူ၍) ဥပစာရဈာန်သည်သာ ဖြစ်၏။ ထိုဥပစာရဖြစ်သော ဈာန်သည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတို့ကို အဖန်တလဲလဲ အောက်မေ့ခြင်း၏ အစွမ်းဖြင့် ဖြစ်ခြင်းကြောင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းဟူ၍ ခေါ်ဆိုရပေမည်။

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း အလုံးစုံ ပြီး၏။

## ဗြဟ္မဝိဟာရကမ္မဋ္ဌာန်း

(ဝိသုဒ္ဓိ-ဋ္ဌ-ပ-၂၇၇)

ဗြဟ္မဝိဟာရကမ္မဋ္ဌာန်းဆိုသည်မှာ (က) မေတ္တာ (ခ) ကရုဏာ (ဂ) မုဒိတာ (ဃ) ဥပေက္ခာ ဟူ၍ လေးပါး အပြားရှိပေသည်။

### မေတ္တာဗြဟ္မဝိဟာရကမ္မဋ္ဌာန်း

**မေတ္တာကမ္မဋ္ဌာန်း ပွါးများလိုသော ယောဂီ၏ ရှေးဦးစွာ ဆင်ခြင်အပ်သော တရား** အဲဒီ လေးပါးသော ကမ္မဋ္ဌာန်းတို့တွင် ရှေးဦးစွာ မေတ္တာကမ္မဋ္ဌာန်းကို အားသစ်လိုသော ယောဂီပုဂ္ဂိုလ်မှာ ပလိဗောဓကို ဖြတ်ခြင်း, ဆရာ၏ အထံမှောက်မှ ယူအပ်, သင်အပ်ပြီးသော ကမ္မဋ္ဌာန်းရှိခြင်း, ဆွမ်း ခဲဖွယ် စသည်တို့ကို မှီဝဲပြီး ဆွမ်းဆိယစ်ခြင်းကို ပယ်ဖျောက်လျက် ဆိတ်ငြိမ်သော အရပ်၌ ကောင်းမွန် သန့်ရှင်းစွာ ခင်းထားအပ်သော နေရာဝယ် (ထက်ဝယ် ဖွဲ့ခွေပြီးတော့မှရင်) ချမ်းသာစွာနေသည်ဖြစ်၍ ရှေးဦးစွာ အမျက်ဒေါသ(ကြမ်းတမ်းခက်ထန်သော အမျက်ဒေါသ) ၌ အပြစ်ကိုရင်း သည်းခံခြင်းတရား၌ အကျိုးဆက်ကိုရင်း ဆင်ခြင်အပ်ပါပေ၏။

ဤ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများခြင်းဖြင့် ကြမ်းတမ်းသော အမျက်ဒေါသကို ပယ်အပ်၏၊ သည်းခံခြင်း ခန္တီတရားကို ရအပ်ပေ၏။

မမြင်အပ်သော အပြစ်ရှိသော တစုံတခုသော တရားကို ပယ်ဖျောက်ခြင်းငှါလည်း မတတ်ကောင်းခဲ့ပေ၊ မသိအပ်သော အာနိသင်ရှိသော တစုံတခုသော တရားကို ရခြင်းငှါလည်း မတတ်ကောင်းခဲ့ပေ။ ထို့ကြောင့် "ယောဂီတို့ သိရှိဘို့ရာကတော့ရင် ဒေါသဖြင့် ဖျက်ဆီးအပ်သောသူသည် ဒေါသဟူသော ပရိယုဋ္ဌာန်အားဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ (ကုသိုလ် ဖြစ်နိုင်ရာ ဖြစ်နိုင်ကြောင်းဖြစ်ပါသော အခွင့်ထူးကိုပင် မပေးမူ၍) ထက်ဝန်းကျင်မှ လုယူသော စိတ်ရှိသည် ဖြစ်ရကား သူတပါး၏ အသက်ကိုလည်း သတ်ဖြတ် ညှဉ်းဆဲ တတ်ပါပေ၏" ဤသို့ စသည်ဖြင့် ဒေါသ၏ အပြစ်ကို မှတ်ယူရပါမည်။

ခန္တီ ပရမံ တပေါ တိတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
ခန္တီဗလံ ဗလာနီကံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။

ခန္တျာ ဘိယျော န ဝိဇ္ဇတီတိ အာဒီနိ ဝသေန ခန္တိယံ အာနိသံသော ဝေဒိတဗ္ဗော။

**သည်းခံခြင်းသည် အကျင့်မြတ်။** ။တိတိက္ခာ၊ (သူတပါးတို့ ကဲ့ရဲ့ခြင်း, အကျိုးမဲ့ကိုပြုခြင်းစသည်ကို)သည်းခံခြင်းရှိသော။

ခန္တီ၊ (မတည့် ခိုက်ရန် သူကျူးလွန်လည်း မျက်မာန် ချုပ်တည်း)သည်းခံခြင်း

သည်။ ပရမံ တပေါ၊ အလွန်ပင် မြတ်ပါပေသော အကျင့်ကောင်းဟူ၍။ ဗုဒ္ဓါ၊ မြတ်စွာဘုရားရှင်တို့သည်။ ဝဒန္တိ၊ ချီးမွမ်းတော်မူကြကုန်၏။

**နိဗ္ဗာန်သည် အမြတ်ဆုံးတရား။** ။နိဗ္ဗာနံ၊ တဆယ့်တသီး[၁]သော မီးတို့၏ ငြိမ်းအေးရာမှန် မြတ်နိဗ္ဗာန်ကို။ ပရမံ၊ မြတ်ပါပေသော တရားဟူ၍။ ဗုဒ္ဓါ၊ မြတ်စွာဘုရားရှင်တို့သည်။ ဝဒန္တိ၊ မိန့်တော်မူကြပေကုန်၏။

**သည်းခံခြင်း အားရှိသူကို ရဟန္တာခေါ်ပုံ။** ။ခန္တိဗလံ၊ (အလွန်မြတ်သော မဂ်လာ ဖြစ်သော) သည်းခံခြင်းတည်းဟူသော အားရှိထသော။ ဗလာနီကံ၊ (ပဋိပက္ခကို ဖျောက်ခြင်းငှါ စွမ်းနိုင်သော) သည်းခံခြင်း အားတည်းဟူသော စစ်တပ်ရှိပေထသော။ တံ၊ ထိုသူကို။ ဗြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးသော ရဟန္တာပုဂ္ဂိုလ်ဟူ၍။ ဗြူမိ၊ ငါဘုရား ဟောတော်မူ၏၊

ခန္တျာ=ခန္တိယာ၊ သည်းခံခြင်းထက်။ ဘိယျော=ဥတ္တရိ၊ အလွန်။ (အဝဿယော၊ ကိုးကွယ်ရာသည်။) န ဝိဇ္ဇတိ၊ မရှိပေ။ ဣတိအာဒီနံ၊ ဤသို့ အစရှိကုန်သော။ သုတ္တာနံ၊ သုတ်တို့၏။ ဝသေန၊ အစွမ်းဖြင့်။ ခန္တိယံ၊ သည်းခံခြင်း၌။ အာနိသံသေ၊ အကျိုးဆက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်ပါပေ၏။

**အထက်ပါ ပါဠိစကားရပ်၏ စကားပြေ။** ။သည်းခံခြင်းလက္ခဏာရှိသော သည်းခံခြင်းသည် အလွန်ပင်မြတ်ပေသော အကျင့်ကောင်းဟူ၍ မြတ်စွာဘုရားရှင်တို့သည် ချီးမွမ်းတော်မူကြကုန်၏။ တဆယ့်တသီးသော (ရာဂ ဒေါသ မောဟစသော) မီးတို့၏ ငြိမ်းအေးရာမှန်ဝေကန်ဖြစ်သော မြတ်နိဗ္ဗာန်ကို မြတ်ပါပေသော တရားတော်ဟူ၍ မြတ်စွာဘုရားရှင်တို့သည် မိန့်တော်မူကြပါပေကုန်၏။

သည်းခံခြင်းတည်းဟူသော အားတော်နှင့် သည်းခံခြင်းအားတော်တည်းဟူသော စစ်တပ်ရှိတော်မူသော ထိုသူကို မကောင်းမှု အကုသိုလ်ဒုစရိုက်တို့မှ အပပြုပြီးသော ရဟန္တာပုဂ္ဂိုလ်ဟူ၍ ငါဘုရား ဟောတော်မူပါပေ၏ဟု မိန့်တော်မူ၏။

ထိုနောက် ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့် မြင်အပ်ပြီးသော အပြစ်ရှိသော အမျက်ဒေါသတရားမှ စိတ်ကို ခွါခြင်းငှါလည်း၊ သိအပ်ပြီးသော အာနိသင်ရှိသော သည်းခံခြင်းနှင့် မိမိကိုယ်ကို ယှဉ်ခြင်းငှါလည်း၊ မေတ္တာဘာဝနာတရားတော်ကို အားထုတ်အပ်ပါပေ၏။

---

၁။ မီးတဆယ့်တပါးကား- ရာဂမီး, ဒေါသမီး, မောဟမီး, ဇာတိမီး, ဇရာမီး, မရဏမီး, သောကမီး, ပရိဒေဝမီး, ဒုက္ခမီး, ဒေါမနဿမီး, ဥပါယာသမီးအားဖြင့် ၁၁-ပါး။

**ရှေးဦးစွာ မေတ္တာမပွါးထိုက်သူ ပုဂ္ဂိုလ်လေးယောက်** မေတ္တာစကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် အဦးအစ (လက်ဦးမဆွ)ကပင် ဤပုဂ္ဂိုလ်တို့၌ မေတ္တာကို အလုံးစုံတို့၏ ရှေးဦးစွာ မပွါးများအပ်ပေကုန်။ ထင်ရှားစေဦးအံ့၊ ဤမေတ္တာတရားကို မချစ်မနှစ်သက်အပ်သော 'အပ္ပိယ'ပုဂ္ဂိုလ်၌ရင်း, အလွန်ချစ်ခင်ထိုက်ပါပေသော အဆွေခင်ပွန်းဟု ဆိုအပ်သော 'အတိပ္ပိယသဟာယက' ပုဂ္ဂိုလ်၌ရင်း လျစ်လျူရှုခြင်းငှါ ထိုက်ပါပေသော 'မဇ္ဈတ္တ'ပုဂ္ဂိုလ်၌ရင်း, ရန်သူဖြစ်သော 'ဝေရီ'ပုဂ္ဂိုလ်၌ရင်း၊ ဤလေးယောက်သော ပုဂ္ဂိုလ်တို့၌ ရှေးဦးစွာ မေတ္တာတရားကို မပွါးများအပ်။

**မှတ်ချက်** (က) အကြင်ပုဂ္ဂိုလ်သည် မိမိ၏ရင်း၊ ချစ်အပ်သော သူ၏ရင်း၊ အကျိုးမဲ့ကို ပြုတတ်ပါပေ၏၊ ထိုပုဂ္ဂိုလ်ကို ရန်သူဟူ၍ မှတ်ရပေမည်။

(ခ) အကြင်ပုဂ္ဂိုလ်သည် မိမိ၏ရင်း ချစ်အပ်သော သူ၏ရင်း အကျိုးစီးပွါးကို မပြုတတ်၊ မုန်းအပ်သောသူ၏ အကျိုးစီးပွါးကို ပြုတတ်ပါပေ၏။

(ဂ) မိမိအကျိုးစီးပွါးကိုတော့ မကျင့်၊ မိမိမချစ်ခင်ထိုက် မမြတ်နိုးထိုက်သောပုဂ္ဂိုလ်၏ အကျိုးစီးပွါးကိုတော့ ကျင့်သည် အစရှိသည်ဖြင့်ရင်း။

(ဃ) ရန်ငြိုးဖွဲ့ခြင်း၏ အကြောင်းဖြစ်၍ ဖြစ်၏၊ ထိုပုဂ္ဂိုလ်သည် မုန်းအပ်သော ပုဂ္ဂိုလ်မည်ပါပေ၏၊ မလျော်သောဖြစ်ခြင်း ရှိပါပေသော အလိုမရှိအပ်သော ပုဂ္ဂိုလ်ဖြစ်ပါပေ၏။

**လိင်မတူသော မိန်းမစသည်၌ မေတ္တာ မပွါးများအပ်** ဣတ္ထိလိင်စသော လိင်အားဖြင့် မတူသောသူ၌ အသီးအခြား ဝေဖန်သော အားဖြင့် မပွါးများအပ်။

**သေပြီးသောပုဂ္ဂိုလ်၌ မေတ္တာ မပွါးများအပ်။** ။သေသွားသော သူ၌လည်း အချင်းခပ်သိမ်း မေတ္တာမပွါးများအပ်ပေ။

**ပုဂ္ဂိုလ်လေးယောက်တို့၌ မေတ္တာစပြီး မပွါးများရခြင်းအကြောင်း** မပွါးများသင့်သော အကြောင်း တရားကတော့ မေတ္တာကမ္မဋ္ဌာန်းကိုအားသစ်နေပါသော ယောဂီပုဂ္ဂိုလ်သည် မချစ်မနှစ်သက်အပ်သော 'အပ္ပိယ'ပုဂ္ဂိုလ်ကို ချစ်နှစ်သက်အပ်သော 'ပိယ'ပုဂ္ဂိုလ်အရာ၌ ထားသော် တရားအားသစ်နေသော ယောဂီပုဂ္ဂိုလ်သည် ပင်ပန်းပေ၏။

အလွန်ချစ်ခင်ထိုက်ပေသော အဆွေခင်ပွန်းကို အလယ်အလတ် ချစ်ခင်ခြင်းငှါထိုက်ပါသော 'မဇ္ဈတ္တ' ပုဂ္ဂိုလ်အရာ၌ ထားသော် တရားအားသစ်နေသော ယောဂီပုဂ္ဂိုလ်သည် ပင်ပန်းပေ၏။

အလွန်ချစ်ခင်ထိုက်ပါပေသော အဆွေခင်ပွန်းအား မပြောပလောက်သည့် အနည်းငယ်မျှလောက်သာ ဖြစ်ပါသော ဆင်းရဲမှုဒုက္ခသည် ဖြစ်ခဲ့ပါသည်ရှိသော် တရားအားသစ်နေသော ယောဂီပုဂ္ဂိုလ်သည် (ထိုအလွန်ချစ်ခင်ခြင်းငှါ ထိုက်ပါပေသော)အဆွေခင်ပွန်း၏ဒုက္ခကို မြင်တွေ့ကြားသိရပါသဖြင့် ငိုကြွေးအံ့သော အခြင်းအရာသို့ ရောက်အံ့ပါဘိသကဲ့သို့ ဖြစ်တတ်ပါပေ၏။

မမုန်းမချစ် လျစ်လျူရှုခြင်းငှါ ထိုက်ပါပေသောပုဂ္ဂိုလ်ကို အလေးပြုခြင်းငှါ ထိုက်ပါပေသော ပုဂ္ဂိုလ်အရာ၌ရင်း, ချစ်မြတ်နိုးအပ်သော ပုဂ္ဂိုလ်အရာ၌ရင်း, ထား၍ တရားအားသစ်လိုသော ယောဂီပုဂ္ဂိုလ်သည် ပင်ပန်းပါပေ၏၊ ရန်သူပုဂ္ဂိုလ်ကို အဖန်တလဲလဲ အောက်မေ့၍ တရားအားသစ်သောယောဂီပုဂ္ဂိုလ်အား အမျက်ဒေါသသည် ဖြစ်တတ်ပါပေ၏၊ ထိုသို့ ပင်ပန်းမှုအတိ လွယ်ကူမှုမရှိသည်၏ အဖြစ်ကြောင့် မချစ်မနှစ်သက် (မုန်းခြင်းငှါ ထိုက်ပါ)သော အပ္ပိယစသော ပုဂ္ဂိုလ်တို့၌ ရှေးဦးစွာ မေတ္တာတရားကို မပွါးများအပ်ပေ။

**လိင်မတူသောပုဂ္ဂိုလ်ကို မေတ္တာပွါးများခြင်းကြောင့် ဖြစ်ပေါ်လာသောဝတ္ထု၊**

ဆက်၍ဩဝိသအားဖြင့် မပွါးစေအပ်သည်ကို ဆိုလိုက်ပေဦးအံ့၊လိင်အားဖြင့် မတူသော ပုဂ္ဂိုလ်၌ လိင်မတူသော သူချည်းကိုသာလျှင် အာရုံပြုပြီးတော့မှ ရင် သူချည်း အသီးအခြား ဝေဖန်သောအားဖြင့် မေတ္တာကို ပွါးများစေသော ယောဂီပုဂ္ဂိုလ်အား ရာဂသည် ဖြစ်ခဲ့ပါပေ၏။ တယောက်သော အမတ်၏သားသည် ကုလူပကမထေရ်ကို "အရှင်ဘုရား အဘယ်သူအား မေတ္တာကို ပွါးများအပ်ပါသနည်း"ဟု မေးလျှောက်ပေသတတ်။ ကုလူပကမထေရ်သည် "ပိယပုဂ္ဂိုလ်၌ ပွါးများအပ်ပါ၏"ဟု အဲဒီလို မိန့်လိုက်ပါပေ၏။

ထိုအမတ်၏သားသည် တထောင့်ငါးရာကိုလေသာတို့ဖြင့် တွယ်စပ်ရစ်ပတ် ချစ်မြတ်နိုးအပ်သော မိမိမယားအား မေတ္တာပွါးများ စေခဲ့ပါသည်ရှိသော် တညဉ့်ပတ်လုံး နံ့ရံကို နွားသိုး တိုးဝှေ့သကဲ့သို့ တိုးဝှေ့ခြင်းကို ပြုပေ၏။ ထို့ကြောင့် လိင်မတူသော ပုဂ္ဂိုလ်၌ မေတ္တာကို မပွါးများအပ်ပေ။

**သေသောပုဂ္ဂိုလ်၌ မေတ္တာ မပွါးများရကြောင်း ဝတ္ထု။**

။အချင်းခပ်သိမ်း မေတ္တာမပွါးများ ထိုက်သောပုဂ္ဂိုလ်၌ မေတ္တာပွါးစေသော ယောဂီသည် အပ္ပနာသို့ မရောက်နိုင်

ပေ၊ ဉပစာရသို့လည်း မရောက်နိုင်ပေ။ တဦးသော ရဟန်းငယ်သည် ဆရာကို အာရုံပြု၍ မေတ္တာတရားကို ပွါးများပေ၏၊ ထိုရဟန်းငယ်အား မေတ္တာသည် အပ္ပနာသို့ မသက်ရောက်နိုင်ပေ။

ထိုရဟန်းငယ်သည် တဦးသော မဟာထေရ်၏ အထံတော်မှောက်သို့ သွား ရောက်ပြီးတော့မှရင် "အရှင်ဘုရား တပည့်တော်သည် မေတ္တာစျာန်သမာပတ်ကို အဝါးဝစွာ လေ့လာအပ်ပြီးပါပြီ၊ ထိုသို့ လေ့လာအပ်ခဲ့သည် ဖြစ်ငြားပါသော် လည်း ထိုမေတ္တာစျာန်သမာပတ်ကို ဝင်စားနိုင်ခြင်းငှါ မတတ်နိုင်ခဲ့ပေ၊ အဘယ် အကြောင်းကြောင့် မေတ္တာစျာန်သမာပတ်ကို မဝင်စားနိုင်ခဲ့ပါသနည်းဘုရား"ဟု လျှောက်ထားလေ၏။ မဟာထေရ်သည် "ငါ့ရှင် နိမိတ်အာရုံကို ရှာလော့"ဟု မိန့် ဆိုပေ၏။ ထိုရဟန်းငယ်သည် နိမိတ်အာရုံကို ရှာလိုက်ခဲ့ပါသည်ရှိသော် ဆရာမြတ် ၏ သေသည်၏အဖြစ်ကိုသိ၍ သေ်လွန်ပြီး ဆရာမြတ်မှတပါးသောသူကို အာရုံပြု ၍ မေတ္တာပွါးများသည်ရှိသော် သမာပတ်ကို ဝင်စားနိုင်ပေ၏။ ထို့ကြောင့် သေသောသူ၌လည်း မေတ္တာ မပွါးသင့်ပေ။

**မိမိကိုယ်ကို ရှေးဦးစွာ မေတ္တာပွါးရပုံ။** ။ရှေးဦးစွာ ပဌမ မိမိကိုယ်ကို မေတ္တာ ပွါးများသင့်သည်ကို ဆိုလိုက်ပေဦး အံ့၊ အလုံးစုံသော သူတို့၏ ရှေးဦးမဆွ ပဌမမှာရင် "ငါသည် ချမ်းသာခြင်းသို့ ရောက်သည် ဖြစ်ရပါလို၏၊ စိတ်ဆင်းရဲ မရှိသည် ဖြစ်ရပါလို၏"၊ "အတွင်းရန် အပရန် မရှိသည် ဖြစ်ရပါလို၏၊ ဗျာပါဒကင်းသည် ဖြစ်ရပါလို၏၊ ဉပဒ္ဒဝေါကင်း သည် ဖြစ်ရပါလို၏၊ ချမ်းသာခြင်းနှင့် ပြည့်စုံသည် ဖြစ်၍ မိမိ၏(ခန္ဓာကိုယ်)အတ္တ ဘောကို (နိဗ္ဗာန်)တည်းဟူသော သောင်ကမ်းသို့ တင်ဆောင်နိုင်ရသည်ကို ဖြစ် ရပါလို၏"၊ ဤကဲ့သို့ အဖန်တလဲလဲ (အကြိမ်ကြိမ်) မိမိ၌သာလျှင် ရှေးဦးမဆွ ပွါးများအပ်ပါပေ၏။

အဲဒီလို မိမိ၌ပင် မေတ္တာတရားကို ပွါးများ စေအပ်သည် ဖြစ်ခဲ့ပါသော် အပ္ပမညာ ဝိဘင်းပါဠိတော်၌—

**ဝိဘင်းပါဠိတော်လာ မေတ္တာပွါးများနည်း။** ။"ရဟန်းတို့ အဘယ်သို့သော အပြားအားဖြင့် ရဟန်းသည် မေတ္တာနှင့်တကွဖြစ်သော စိတ်ဖြင့် တခုသော အရပ်မျက်နှာ၌ နေသော သတ္တဝါ ကို နှံ့စေ၍ နေအပ်သနည်း၊ ဉပမာ မည်သည်မှာ ချစ်ခင်အပ် နှလုံးပွါးစေတတ် သော တဦးသော ပုဂ္ဂိုလ်ကို မြင်ပြီးတော့မှရင် မေတ္တာတရားကို ပွါးစေဘိသကဲ့သို့ ဤအတူသာလျှင် အလုံးစုံသော သတ္တဝါတို့ကို မေတ္တာရေချမ်းဖြင့် ဖျန်းလျက် နှံ့စေအပ်ပါပေ၏"ဟု ဟောတော်မူပါပေ၏။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ တော့ရင်—

**ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ မေတ္တာပွါးနည်း။** ။"ငါးပါးကုန်သော အဘယ်အခြင်းအရာတို့ဖြင့် မည်သူ မည်သူဟူ၍အပိုင်းအခြား မရှိသောအားဖြင့် ဖျန်းအပ်သော မေတ္တာစိတ်၏ လွတ်မြောက်ခြင်းသည် အဘယ်သို့ ဖြစ်လေဘိသနည်း၊ အလုံးစုံကုန်သော သတ္တဝါတို့သည် အတွင်းရန် အပရန် မရှိကုန်သည် ဖြစ်ကြပါစေကုန်သတည်း၊ ဗျာပါဒကင်းကုန်သည် ဖြစ်ကြပါစေကုန်သတည်း၊ ဆင်းရဲခြင်း ကင်းကုန်သည် ဖြစ်ကြပါစေကုန်သတည်း၊ ချမ်းသာခြင်းနှင့် ပြည့်စုံကုန်သည်ဖြစ်၍ မိမိ မိမိတို့၏ (ခန္ဓာကိုယ်) အတ္တဘောတွေကို (နိဗ္ဗာန်)တည်းဟူသော သောင်ကမ်းသို့ တင်ဆောင်နိုင်ကြပါစေကုန်သတည်း။

အလုံးစုံသော ထွက်သက် ဝင်သက်ရှိသော သတ္တဝါတို့သည်၊ အလုံးစုံသော ခန္ဓာကိုယ် ထင်ရှားရှိကြကုန်သော သတ္တဝါတို့သည်၊ အလုံးစုံကုန်သော ပုဂ္ဂိုလ်တို့သည်၊ အလုံးစုံကုန်သော အတ္တဘော၌ အကျုံးဝင်ကြကုန်သော ပုဂ္ဂိုလ်တို့သည် အတွင်းရန် အပရန် မရှိကုန်သည် ဖြစ်ကြပါစေကုန်သတည်း၊ ဗျာပါဒကင်းကုန်သည် ဖြစ်ကြပါစေကုန်သတည်း၊ ဆင်းရဲခြင်း ကင်းကုန်သည် ဖြစ်ကြပါစေကုန်သတည်း၊ ချမ်းသာခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ မိမိ မိမိတို့၏ (ခန္ဓာကိုယ်) အတ္တဘောတွေကို (နိဗ္ဗာန်)တည်းဟူသော သောင်ကမ်းသို့ တင်ဆောင်နိုင်ကြပါစေကုန်သတည်း။

**မေတ္တသုတ်တော်လာ မေတ္တာပွါးနည်း။** ။မေတ္တသုတ်တော်၌ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ချမ်းသာသုခနှင့် ပြည့်စုံကြပါစေကုန်သတည်း၊ ဘေးကင်းကြပါစေကုန်သတည်း၊ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းသို့ ရောက်ကြပါစေကုန်သတည်း။

> **မှတ်ချက်။** ။ဝိဘင်းစသော ပါဠိတော်တို့၌ မိမိကိုယ်ကို မိမိသည် မေတ္တာဘာဝနာအဖြစ်ဖြင့် မေတ္တာပို့သရန် ဟောတော်မမူခဲ့သောကြောင့် အထက်ပါ စကားများနှင့် ဆန့်ကျင်နေသလိုတော့ ဖြစ်နေပါသည်၊ မဆန့်ကျင်ပေ၊ ထိုဝိဘင်းစသည်တို့၌ ဟောတော်မူအပ်သော စကားသည် အပ္ပနာကို ဆောင်တတ်သော ဘာဝနာ၏ အစွမ်းဖြင့် ဟောတော်မူပေ၏။

ဤငါ၏ ခန္ဓာကိုယ်သည် ချမ်းသာခြင်းသည် ဖြစ်ရပါလို၏ စသည်ဖြင့် ဆိုအပ်သော စကားသည်မူကား မိမိကိုယ်ကို သက်သေအဖြစ်ဖြင့် ထားသည်၏ အစွမ်းဖြင့်သာ ဟောတော်မူခြင်းဖြစ်သောကြောင့် မဆန့်ကျင်ချေ။

**မိမိကိုယ်ကို ပွါးများရုံဖြင့် သမာဓိ မဖြစ်နိုင်ခြင်း** ထင်ရှားစေအံ့-အနှစ်တရာ,အနှစ်တထောင် တိုပတ်လုံး ငါသည် ချမ်းသာခြင်းသည် ဖြစ်ရပါလို၏ အစရှိသော နည်းဖြင့် မိမိကိုယ်၌ အကယ်၍ မေတ္တာတရား ပွါးစေခဲ့ပါမူကား ထိုယောဂီအား အပ္ပနာ မဖြစ်နိုင်ချေ။ ' တဖန် ဆက်ကြဦးစို့-ငါသည် ချမ်းသာခြင်းသို့ ရောက်သည် ဖြစ်ရပါလို၏။ အဲဒီလို ပွါးစေသော ယောဂီပုဂ္ဂိုလ်အား မိမိသည်ပင် ချမ်းသာခြင်းကို အလိုရှိသည်, ဆင်းရဲခြင်းကို စက်ဆုပ်သည်, အသက်ရှည်ခြင်းကို အလိုရှိသည်, သေခြင်းကို အလိုမရှိ(မသေလို)သည် ဖြစ်သကဲ့သို့ ဤအတူပါပဲ ငါမှ တပါးကုန်သော သတ္တဝါတို့သည်လည်း ချမ်းသာခြင်းကိုလည်း အလိုရှိသည်၊ ဆင်းရဲခြင်းကိုလည်း စက်ဆုပ်သည်၊ အသက်ရှည်ခြင်းကို အလိုရှိသည်၊ သေခြင်းကိုလည်း အလိုမရှိ(မသေလို)သည် ဖြစ်ပေကုန်၏။ အဲဒီလို မိမိကိုယ်ကို သက်သေပြုပြီးတော့မှရင် တပါးကုန်သော သတ္တဝါတို့၏ စီးပွါးချမ်းသာတို့ကို အလိုရှိသည့် အဖြစ်သည် ဖြစ်ခဲ့ပါပေ၏။

ဘဂဝတာပိ—

သဗ္ဗဒိသာ အနုပရိဂမ္မ စေတသာ၊
နေဝဇ္ဈဂါ ပိယတရမတ္တနာ ကွစိ။
ဧဝံ ပိယော ပုထု အတ္တာ ပရေသံ၊
တသ္မာ န ဟိံသေ ပရမတ္တကာမောတိ –
ဝုတ္တံ အယံ နယော ဒဿိတော။

သဗ္ဗဒိသာ၊ အလုံးစုံသော အရပ်မျက်နှာတို့သို့လည်း။ စေတသာ၊ စိတ်ဖြင့်။ အနုပရိဂမ္မ၊ အစဉ်လှည့်ပတ်၍။ ပရိယေသန္တာပိ၊ ရှာငြားပါသော်လည်း။ အတ္တနာ၊ မိမိထက်။ ပိယတရံ၊ အလွန် ချစ်မြတ်နိုးအပ်ပါသော။ အညံ၊ တပါးသော သတ္တဝါကို။ ကွစိ=ကတ္ထစိ ဒိသာယ၊ အချို့သော အရပ်မျက်နှာ၌။ နေဝဇ္ဈဂါ= နေဝ အဓိဂစ္ဆေယျ၊ မရနိုင်ရာ။

ဧဝံ၊ ဤသို့ပင် မိမိထက် ချစ်မြတ်နိုးရမည့်သူကို မရနိုင်သည်၏ အစွမ်းဖြင့်။ ပုထု=ဝိသုံ ဝိသုံ၊ အသီး အသီး။ ပရေသံ၊ မိမိမှ တပါးကုန်သော ထိုထို သတ္တဝါတို့သည်။ အတ္တာ၊ သူတို့၏ကိုယ်ကို။ ပိယော၊ ချစ်အပ်ပါပေ၏။ တသ္မာ၊ ထို့ကြောင့်။ အတ္တကာမော၊ မိမိ၏ အကျိုးစီးပွါး ချမ်းသာကို အလိုရှိသော သူသည်။ ပရံ၊ တပါးသော သတ္တဝါကို။ န ဟိံသေ၊ မညှဉ်းဆဲရာ။

ဣတိဧဝံ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူသော။ ဘဂဝတာပိ၊ မြတ်စွာဘုရားသည်လည်း။ အယံ နယော၊ မိမိကိုယ်ကို သက်သေထား၍ မေတ္တာဘာဝနာ တရားကို ပွါးများစေရာဖြစ်သော ဤနည်းကို။ ဒဿိတော၊ ပြတော်မူအပ်၏။

**မိမိကိုယ်ကို ရှေးဦးစွာ မေတ္တာပို့ရာ၌ ရှင်းချက်။** ။အလုံးစုံသော အရှေ့, အနောက်, တောင်, မြောက် အစရှိပါသော အရပ်မျက်နှာတို့သို့လည်း စိတ်ဖြင့် အစဉ် လှည့်ပတ်ပြီးတော့မှရင် ရှာဖွေငြားပါသော်လည်း မိမိထက် အလွန် ချစ်မြတ်နိုးအပ်ပါသော တပါး(တခြား)သော သတ္တဝါကို တစုံတခုသော အရပ်မျက်နှာတို့၌ မရနိုင်ခဲ့ပေရာ၊ အဲဒီလို မိမိထက် ချစ်မြတ်နိုးရမည့်သူကို မရနိုင်သည်၏အစွမ်းဖြင့် မိမိမှတပါးကုန်သော ထိုထိုသတ္တဝါတို့သည် သူတို့၏ကိုယ်ကို ချစ်အပ်ပါပေ၏။ ထို့ကြောင့် မိမိ၏အကျိုးစီးပွါးချမ်းသာကို အလိုရှိသောသူသည် တပါး(တခြား)သော သတ္တဝါကို မညှဉ်းဆဲရာ၊ ဤကဲ့သို့ ဟောတော်မူသော မြတ်စွာဘုရားသည်လည်း မိမိကိုယ်ကို သက်သေအရာမှာ ထားပြီးတော့မှရင် မေတ္တာဘာဝနာတရားကို ပွါးစေရာ ပွါးစေကြောင်းဖြစ်သော ဤနည်းကို ပြတော်မူအပ်ပါပေ၏။

**မေတ္တာဖြစ်လွယ်စေရန် ရှေးဦးစွာ ပို့ ရမည့်ပုဂ္ဂိုလ်** ထို့ကြောင့်ပင် မိမိကိုယ်ကို သက်သေအဖြစ်ဖြင့် ထားခြင်းအကျိုးငှါ ရှေးဦးစွာ မိမိကိုယ်ကို မေတ္တာရေဖြင့် ဆွတ်ဖျန်းရာ၏။ (ပို့သရာ၏။) မိမိကိုယ်ကို မေတ္တာရေဖြင့် ဆွတ်ဖျန်းပြီးတော့မှရင် (မိမိကိုယ်ကို မေတ္တာရေချမ်း သွန်းဖျန်းပြီးသည်၏ အခြားမဲ့၌) မေတ္တာဖြစ်လွယ်ခြင်း အကျိုးငှါ ထိုမေတ္တာကမ္မဋ္ဌာန်းကို အားသစ်သော ယောဂီပုဂ္ဂိုလ်၏ ချစ်ခင်အပ် နှလုံးကို ပွါးစေတတ်သော ကျောက်ထီးတန်ကဲ့သို့ အလေးပြုအပ်သော ဆရာအရှင်မြတ်ကို ဖြစ်စေ, သီလစသည် ဂုဏ်အဖြာဖြာနှင့် ပြည့်စုံသော ဆရာကိုပင် ဖြစ်စေ, (ဆရာလောက်ပင် အလေးပြုထိုက်သော ပုဂ္ဂိုလ်ကို ဖြစ်စေ), ဥပဇ္ဈာယ်ဆရာလောက်ပင် အလေးပြုထိုက်သော ပုဂ္ဂိုလ်ကို ဖြစ်စေ, အကယ်၍ အကြင်ဆရာအစရှိသော ပုဂ္ဂိုလ်တို့သည် ထင်ရှား ရှိငြားအံ့။

အဲဒီလို အာစရိယစသောပုဂ္ဂိုလ်၏ ဒါန ပိယဝစန အစရှိကုန်သော ချစ်ခင်ထိုက်သည်၏အဖြစ် နှလုံးကို ပွါးစေတတ်သည်အဖြစ်ဟု ဆိုအပ်သော အကြောင်းတရားတို့ကိုငှင်း သီလ, သုတအစရှိကုန်သော အလေးအမြတ်ပြုအပ်သည်၏အဖြစ် ချီးမွမ်းခြင်းငှါ ထိုက်သည်၏အဖြစ် အစရှိကုန်သော အကြောင်းတရားတို့ကိုငှင်း အဖန်တလဲလဲ ဆင်ခြင်အောက်မေ့ပြီးတော့ရင် "ဤသူတော်ကောင်းသည် ကိုယ်ရောစိတ်ပါ ချမ်းသာခြင်း ရှိသည်ဖြစ်ပါစေ,ဆင်းရဲခြင်း ကင်းသည် ဖြစ်ပါစေ"ဟု ဤသို့ အစရှိသောနည်းဖြင့် (ထိုအာစရိယစသောပုဂ္ဂိုလ်၌) မေတ္တာကို ပွါးအပ်ပါပေ၏။

(က) ဤသို့ ပိယ,မနာပ စသော သဘောရှိသော အာစရိယ စသော ပုဂ္ဂိုလ်၌ အပ္ပနာသည် စင်စစ် ပြည့်စုံပေ၏။

အဲဒီလို ပြည့်စုံပေငြားသော်လည်း ဤယောဂီရဟန်းတို့သည် ထိုသို့ အပ္ပနာ ပြည့်စုံကာမျှဖြင့် နှစ်သက်ရောင့်ရဲခြင်းသို့ မရောက်မူ၍ အပိုင်းအခြားကို ပယ်ဖျက်ခြင်း 'သီမာသမ္ဘေဒ'ကို ပြုလိုသည်ဖြစ်ရကား—

(ခ) ထို(ပိယ, မနာပ, ဂရု, ဘာဝနီယ ဖြစ်သော) ဆရာစသော ပုဂ္ဂိုလ်မှ အခြားမဲ့၌ အလွန်ချစ်ခင်ထိုက်ပါသော အဆွေခင်ပွန်းဖြစ်သော အတိပ္ပိယ သဟာယက ပုဂ္ဂိုလ် [၁]၌ မေတ္တာကို ပွါးများအပ်ပေ၏။

(ဂ) အတိပ္ပိယ သဟာယက ပုဂ္ဂိုလ်မှ အခြားမဲ့၌ လျစ်လျူရှု၍ ချစ်ခင်ခြင်းငှါ ထိုက်ပါသော 'မဇ္ဈတ္တ'ပုဂ္ဂိုလ်၌ မေတ္တာကို ပွါးများအပ်ပေ၏။

(ဃ) မဇ္ဈတ္တပုဂ္ဂိုလ်မှ အခြားမဲ့၌ ရန်သူဖြစ်သော 'ဝေရီ'ပုဂ္ဂိုလ်၌ မေတ္တာကို ပွါးများအပ်ပေ၏။

မေတ္တာကမ္မဋ္ဌာန်းတရားကို ပွါးသော ယောဂီသည်လည်း (ပိယ ဂရုဋ္ဌာနီယ, အတိပ္ပိယ, မဇ္ဈတ္တ, ဝေရီဟူသော) လေးပါးသော ပုဂ္ဂလကောဋ္ဌာသတို့တွင် တပါးပါးသော ကောဋ္ဌာသ၌ စိတ်ကိုနူးညံ့အောင် အမှု၌ ခံ့အောင်ပြုပြီးတော့မှ ရင် ထိုထိုကောဋ္ဌာသ၏ အခြားမဲ့၌ [၂] ဈာန်ကို ဆောင်အပ်၏ (ဖြစ်စေအပ်၏)။

**မဇ္ဈတ္တပုဂ္ဂိုလ်၌ မေတ္တာကို ဝေရီပုဂ္ဂိုလ်သို့ ပြောင်း၍ အားမထုတ်ရခြင်း**

အကြင် ယောဂီ အား ဝေရီ ပုဂ္ဂိုလ်လည်း မရှိ၊ အကြင် ယောဂီ အား ယောကျ်ားမြတ်တို့ သဘောရှိသည်၏ အဖြစ်ကြောင့် အကျိုးမဲ့ကို ပြုသည်လည်း ဖြစ်ပါသော သူတပါး၌ ဝေရိသညာပင် မဖြစ်ပေ။ ထိုယောဂီသည် "မဇ္ဈတ္တ ပုဂ္ဂိုလ်၌ ငါ၏ မေတ္တာစိတ်သည် အမှု၌ ခံ့ပါပေ၏။ ယခုအခါ၌ ထိုမဇ္ဈတ္တ ပုဂ္ဂိုလ်၌ မေတ္တာစိတ်ကို ဝေရီပုဂ္ဂိုလ်သို့ ဆောင်အံ့"ဟု အဲဒီလို အားထုတ်ခြင်းကိုပင်လျှင် မပြုအပ်ပေ။ အကြင် ပုဂ္ဂိုလ်အား ဝေရီပုဂ္ဂိုလ်သည် ရှိခဲ့ပါပေ၏၊ ထိုဝေရီပုဂ္ဂိုလ်ရှိသော သူကို ရည်၍ "မဇ္ဈတ္တပုဂ္ဂိုလ်၏ အခြားမဲ့မှာ ဝေရီပုဂ္ဂိုလ်၌ မေတ္တာတရားကို ပွါးများအပ်၏"ဟု ဟောတော်မူပြီ။

---

၁။ ဂရုဋ္ဌာနီယပုဂ္ဂိုလ်၌ ရအပ်ပြီးသော မေတ္တာနှလုံးသွင်းခြင်းကို အတိပ္ပိယသဟာယက ပုဂ္ဂိုလ်၌ ဆောင်လွယ်သောကြောင့် ကပ်၍(ပြောင်း၍) ဆောင်အပ်၏။

၂။ ထိုလေးပါးသော ကောဋ္ဌာသတို့တွင် အစဉ်သဖြင့် ရှေးဦးစွာ ပိယဂရုဋ္ဌာနီယ ကောဋ္ဌာသ၌ မေတ္တာဘာဝနာကိုရ၍ ဝသီဘော်သို့ ရောက်လတ်သော် ထိုအခြင်းအရာဖြင့် ဖြစ်သော စိတ်ကို တပါးသော ကောဋ္ဌာသသို့ဆောင်ခြင်းငှါ နူးညံ့ခံ့သည်ကိုပြု၍ ထိုမှအခြားမဲ့၌ အတိပ္ပိယသဟာယက၌ အတိပ္ပိယအဖြစ်ကိုခွါ၍ ပိယဘာဝမျှ၌ စိတ်ကိုထားသည်ဖြစ်၍ ဘာဝနာကို ဆောင်အပ်၏။ ဤကဲ့သို့ မေတ္တာစိတ်ကို ပြောင်းလွှဲ၍ ပွါးများခြင်းကို ဖြစ်စေအပ်၏။

ဝေရီပုဂ္ဂိုလ်၌ မေတ္တာကို ပိယစသေ ၁ပုဂ္ဂိုလ်သို့ ပြောင်း၍ ပွါးများခြင်း

ဝေရီ ပုဂ္ဂိုလ်၌ စိတ်ကို ဆောင်သော ထိုယောဂီအား ထိုဝေရီ ပုဂ္ဂိုလ်သည် ပြုအပ်သော အပြစ်ကို အဖန်ဖန် အောက်မေ့ခြင်းကြောင့် ဒေါသသည် ဖြစ်ခဲ့ငြားအံ့၊ အဲဒီလို ဖြစ်ခဲ့ပါသော် ဤယောဂီပုဂ္ဂိုလ်သည် ပိယ အစရှိသော ရှေးပုဂ္ဂိုလ်တို့တွင် အမှတ်မထား တပါးပါးသော ပုဂ္ဂိုလ်၌ အဖန်တလဲလဲ မေတ္တာဈာန်ကို ဝင်စားပြီး မေတ္တာဈာန်မှ ထခဲ့ပါသည်ရှိသော် အဖန်တလဲလဲ ဝေရီပုဂ္ဂိုလ်ကို မေတ္တာပြုလျက် ဒေါသကို ပယ်ဖျောက်အပ်၏။

အဲဒီလို အားထုတ်ငြားပါသော်လည်း ဒေါသသည် အကယ်၍ မငြိမ်းသည် ဖြစ်အံ့၊ ထိုသို့ မငြိမ်းသေးခဲ့ပါသော်—

ကကစူပမာ ဩဝါဒကို ဆင်ခြင်သောအားဖြင့် ဒေါသကို ပယ်ဖျောက်ခြင်းငှါ အဖန်တလဲတလဲ အားထုတ်အပ်ပေ၏။

ထို အားထုတ်ခြင်းကိုလည်း ဤ ဆိုလတ္တံ့သော အခြင်းအရာတို့ဖြင့် မိမိကိုယ်ကို ဆုံးမသည်ဖြစ်၍သာလျှင် အားထုတ်အပ်ပေ၏။ အချင်း အမျက်ထွက်လေ့ရှိသော ယောကျ်ားကို မြတ်စွာဘုရားသည်—

ချစ်သား ရဟန်းတို့ နှစ်ဖက်နှစ်ဌာနတို့၌ အရိုးရှိသော လွှကြီးဖြင့် ယုတ်မာသော အကျင့်ရှိကြကုန်သော ခိုးသူတို့သည် အင်္ဂါကြီးငယ်တို့ကို အကယ်၍ တိုက်ဖြတ်ကုန်ငြားအံ့၊ ထို အင်္ဂါကြီးငယ်တို့ကို ဖြတ်တောက်ကုန်သော ခိုးသူတို့၌ အကြင်ရဟန်းသည် နှလုံးဖြင့် ပြစ်မှားရာ၏၊ ထိုရဟန်းသည် အဲဒီလို နှလုံးဖြင့် ပြစ်မှားခြင်းကြောင့် ငါဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးသည် မမည်နိုင်ပေ။

အကြင်ရဟန်းသည် တပါးသူ ထွက်သော အမျက်ကို အတုံ့ပြန်သော အားဖြင့် အမျက်ထွက်ပေ၏။ ထိုရဟန်းသည် ထိုအတုံ့ပြန်သောအားဖြင့် အမျက်ထွက်ခြင်းဖြင့် ရှေးဦးစွာ အမျက်ထွက်သော သူထက်လည်း အလွန်ယုတ်မာပေ၏၊ မိမိအား အမျက်ထွက်သောသူကို တဖန်ပြန်လှန်၍ အမျက်မထွက်သောသူသည် ရိုးရိုး (ပုထုဇဉ်) လူသာမာန်တို့ အောင်နိုင်ခဲသော စစ်မြေကို အောင်မြင်သည်နှင့်မခြား အလားတူပေ၏။

အမျက်ဒေါသ ထောင်းထောင်းထသော တပါးသောသူကို သိ၍ အကြင်သူသည် သတိရှိသည်ဖြစ်၍ ငြိမ်းစေ၏။ ထိုသူသည် မိမိ၏ရင်း တပါးသောသူ၏ရင်း နှစ်ဦးကုန်သော သူတို့၏ရင်း အကျိုးစီးပွါးကို ကျင့်သည် မည်ပါပေ၏။

**ရန်သူတို့နှစ်သက်အပ်သော တရားခုနစ်မျိုး။** ။ရဟန်းတို့ ရန်သူတို့သည် နှစ်သက် မြတ်နိုး အပ်ကုန်သော ရန်သူတို့သည် ပြုအပ်ကုန်သော တရားခုနစ်ပါးတို့သည် အမျက်ထောင်းထောင်း ထွက်လေ့ရှိသော မိန်းမသို့ရင်း ယောကျ်ားသို့ရင်း ရောက်လာပေကုန်၏။ ခုနစ်ပါးသော တရားတို့ ဟူသည်မှာ—

**အဆင်းမလှသည်ကို မြင်လိုခြင်း။** ။(၁) လောကကြီးထဲ၌ ရန်သူတယောက်သည် ရန်သူတယောက်အား ဤ ငါ၏ ရန်သူသည် အဆင်းမလှသည် ဖြစ်ခဲ့ပါမူ ဩော် ကောင်းလေစွဟု ဤသို့ အဆင်းမလှသည်၏ အဖြစ်ကို အလိုရှိပေ၏။ ထိုသို့ အလိုရှိခြင်းသည် အဘယ့်ကြောင့် ဆိုသော် ရဟန်းတို့ ရန်သူတယောက်သည် ရန်သူတယောက်၏ အဆင်းလှပပေသည်ကို မနှစ်သက်နိုင်ပေ။

ရဟန်းတို့ အမျက်ထောင်းထောင်း ထွက်လေ့ရှိသော အမျက်ဒေါသသည် နှိပ်စက်အပ်ပါသော အမျက်ဒေါသသည် ပြင်းစွာနှိပ်စက်အပ်သော ထိုယောကျ်ား ပုဂ္ဂိုလ်သည် ကောင်းစွာ ရေမိုးချိုးခြင်း ကောင်းစွာ အမွှေးနံ့သာတို့ကို လိမ်းကျံခြင်း ရိတ်ဖြတ်ပြုပြင်အပ်သော ဆံ မုတ်ဆိတ်ရှိခြင်း သန့်ရှင်းစင်ကြယ်သော အဝတ်ပုဆိုးကို ဝတ်ခြင်းသည် အကယ်၍ ဖြစ်ခဲ့ပါမူ ထိုသို့ပင် ဖြစ်ငြားပါသော်လည်း ထိုယောကျ်ား ပုဂ္ဂိုလ်သည် ထောင်းထောင်းထသော အမျက်ဒေါသ နှိပ်စက်အပ်ရကား ရုပ်ဆင်းအင်္ဂါ လက္ခဏာတို့သည် မလှပနိုင်ပေ။

ရဟန်းတို့ ရှေးဦးစွာသော ရန်သူတို့သည် နှစ်သက်အပ်ပါကုန်သော ရန်သူတို့သည် ပြုအပ်ပါကုန်သော ဤသို့ ရုပ်ဆင်းအင်္ဂါ လက္ခဏာတို့သည် မလှပခြင်းတည်းဟူသော သဘောတရားသည် အမျက်ဒေါသ ထောင်းထောင်း ထလေ့ရှိပါသော မိန်းမသို့ရင်း ယောကျ်ားသို့ရင်း ရောက်၍လာပေ၏။

**ဆင်းရဲဒုက္ခ ရောက်နေသည်ကို မြင်လိုခြင်း။** ။(၂) ရဟန်းတို့ တဖန်လည်း တယောက်သော ရန်သူအား ဤ ရန်သူ၏ ဆင်းရဲဒုက္ခကို မြင်တွေ့လျှင် ဩော် ကောင်းလေစွဟု ဤသို့ အလိုရှိပေ၏။

**ပစ္စည်းဥစ္စာ မရှိသည်ကို မြင်လိုခြင်း။** ။(၃) မမြောက်များစွာသော ပစ္စည်းဥစ္စာများ မရှိခဲ့ပါမူ ဩော် ကောင်းလေစွဟု ဤသို့ အလိုရှိ၏။

**အသုံးမဆောင် မရှိသည်ကို မြင်လိုခြင်း။** ။(၄) အတွင်းအပ အသုံးအဆောင် မရှိ ဆင်းရဲနွမ်းပါး မွဲတေခဲ့ပါသော် ဩ ကောင်းလေစွဟု ဤသို့ အလိုရှိ၏။

**မထင်ရှားသည်ကို မြင်လိုခြင်း။** ။(၅) ထင်ရှားကျော်စောခြင်း (သီလ, သမာဓိ, ပညာ) ဂုဏ်ရောင်ရှိန် ကင်းမဲ့ခဲ့ပါမူ ဩ ကောင်းလေစွဟု ဤသို့ အလိုရှိ၏။

**အဆွေခင်ပွန်းမရှိသည်ကို မြင်လိုခြင်း။** ။(၆) အဆွေခင်ပွန်းမရှိ ကင်းမဲ့ခဲ့ပါသော် ဩ ကောင်းလေစွဟု ဤသို့ အလိုရှိ၏။

**ဘဝကောင်းသို့ ရောက်မှာ စိုးရိမ်ခြင်း။** ။(၇) ကိုယ်ခန္ဓာ ပျက်စီးပြီး သေသည်မှ နောက်ကာလ၌ ကောင်းမှုတရားတို့ကို ပြုကြကုန်သော သူတို့ လားရောက်ရာ ဖြစ်ပါသော လူ့ပြည် နတ်ပြည်သို့ မလားရောက်ခဲ့ပါသော် ဩ ကောင်းလေစွဟု ဤသို့ အလိုရှိ၏။ ထိုသို့ အလိုရှိခြင်းသည် တယောက်သော ရန်သူသည် တယောက်သော ရန်သူ၏ ကောင်းသော ကာမသုဂတိဘုံသို့ လားရောက်ခြင်းကိုပင် မနှစ်သက်ခဲ့ပေ။

ရဟန်းတို့ အမျက် ထောင်းထောင်း ထွက်လေ့ရှိသော အမျက်ဒေါသသည် နှိပ်စက်အပ်သော အမျက်ဒေါသသည်ပြင်းစွာ နှိပ်စက်အပ်သော ဤယောကျ်ား ပုဂ္ဂိုလ်သည် ကိုယ်ဖြင့် မကောင်းမှု အကုသိုလ် ဒုစရိုက်ကို ကျင့်၏၊ နှုတ်ဖြင့် မကောင်းမှု အကုသိုလ်ဒုစရိုက်ကို ကျင့်၏၊ စိတ်ဖြင့် မကောင်းမှု အကုသိုလ် ဒုစရိုက်ကို ကျင့်၏၊ ထိုယောကျ်ားသည် ကိုယ်နှုတ်စိတ်တို့ဖြင့် မကောင်းမှု အကုသိုလ်ဒုစရိုက်တို့ကို ပြုကျင့်မိပါသဖြင့် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်ကာလ၌ ချမ်းသာခြင်းကင်းသော အကုသိုလ်ဒုစရိုက်ထူပြောပြီး မကောင်းသောသူတို့ လားရာဖြစ်ပါသော ဖရိုဖရဲကျရောက်ရာ ဖြစ်သော ငရဲသို့ ကပ်ရောက်ရပေ၏။

**ထင်းကုလားတုံးဥပမာဖြင့် ရန်ငြိုးဖျောက်ခြင်း။** ။ရဟန်းတို့ ဥပမာတခု မိန့်ကြားရလျှင် နှစ်ဖက်အစွန်း၌ မီးလောင်၍ အလယ်၌ မစင်ကျင်ကြီးတို့ဖြင့် လိမ်းပေကပ်သော သူသေကောင်ဖုတ်သော ထင်းစ-သည် ရွာ၌ ထင်းကိစ္စကို မပြီးစေနိုင်၊ တော၌လည်း ထင်းအဖြစ် သုံးစွဲခြင်းငှါ မရပေ၊ ဤအမျက်ဒေါသ ထောင်းထောင်းထွက်သော ပုဂ္ဂိုလ်ကို ထိုသို့အသုံးမကျသော ထင်းတုံးနှင့်တူသော ဥပမာရှိ၏ ဟူ၍ ငါဘုရားသည် ဟောတော်မူခဲ့၏။

ယခုအခါ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းသော သင်ယောဂီသည် ဤသို့ အမျက်ထွက်ခဲ့သော် ဘုရားရှင်၏ အဆုံးအမတော်ကို လိုက်နာသည် မဖြစ်လတ္တံ့၊ တဖန်ပြန်၍ အမျက်ထွက်သော သင်သည်လည်း အမျက်ထွက်နေသော ယောကျ်ားထက် အလွန်ယုတ်မာသည်ဖြစ်၍ အောင်နိုင်ခဲသော စစ်မြေပြင်ကို မအောင်နိုင်လတ္တံ့၊ ရန်သူပြုကျင့်သော တရား၌လည်း မိမိသည်ပင်လျှင် ကိုယ်တိုင်ပြုရလတ္တံ့၊ သူသေကောင်ဖုတ်သော ထင်းစ(ထင်းကုလားတုံး)ကဲ့သို့ သင်ဖြစ်ရလတ္တံ့ဟု မိမိကိုယ်ကို ဆုံးမရာ၏။

အဲဒီလို ဆိုအပ်ခဲ့ပြီးသောနည်းတို့ဖြင့် စေ့ဆော်လျက် အမျက်ဒေါသ ပပျောက်မှုကို လို့လပြုသော ထိုယောဂီအား ထိုထောင်းထောင်းထ ထွက်နေသော အမျက်ဒေါသသည် အကယ်၍ ငြိမ်းအေးခဲ့ပါသော် ကောင်းပေ၏။ မငြိမ်းအေးခဲ့ပါသော် ထိုမိမိရန်သူဖြစ်သော ပုဂ္ဂိုလ်၏ အကြင်ကြင် သို့သော (ကိုယ်နှုတ်စိတ်) ကောင်းမွန်သော တရားသည် ကိလေသာတို့မှ ငြိမ်း၏၊ သန့်ရှင်းစင်ကြယ်၏၊ အောက်မေ့ခဲ့ပါသည်ရှိသော် စိတ်၏ကြည်လင်ခြင်းကို ဆောင်၏။ ထိုထို (ကိုယ်၊ နှုတ်၊ စိတ်)ကောင်းမွန်သော တရားတို့ကို အဖန်တလဲလဲ အောက်မေ့ပြီးတော့မှရင် ထောင်းထောင်း(ထ)ထွက်နေသည့် အမျက်ဒေါသကို ပယ်ဖျောက်အပ်ပေ၏။

**ကိုယ်အကျင့်ကိုသာ စောင့်စည်းခြင်း။** ။အကျယ်စကားကို ဆိုကြပေဦးစို့၊ အချို့သောသူအား ကိုယ်အကျင့်ကိုသာလျှင် စောင့်စည်းအပ်ပါပေ၏၊ များစွာသော ကျင့်ဝတ်ကို ပြုကျင့်သည်ဖြစ်၍ ထိုသူ၏ ကိုယ်ကျင့် ကောင်းစွာ စောင့်စည်းသည်၏အဖြစ်ကို အလုံးစုံသောသူတို့သည် သိကြပေ၏။ နှုတ်အကျင့် စိတ်အကျင့်တို့ကိုကား မစောင့်ကြပေ၊ ထိုသူ၏ စိတ်အကျင့် နှုတ်အကျင့်တို့ကို မကြံမူ၍ ထိန်းသိမ်းစောင့်ရှောက်အပ်ပါသော ကိုယ်အကျင့်၏ ငြိမ်းအေးခြင်းကိုသာလျှင် အဖန်တလဲလဲ အောက်မေ့အပ်၏။

**နှုတ်အကျင့်ကိုသာ စောင့်စည်းခြင်း။** ။အချို့သော ပုဂ္ဂိုလ်အား နှုတ်ကိုသာ စောင့်စည်း အပ်ပါပေ၏။ ထိုသူ၏ နှုတ်အကျင့်ကို စောင့်စည်းခြင်း ရှိသည်၏အဖြစ်ကို အလုံးစုံသော လူတို့သည် သိကြပေ၏။ ထိုပုဂ္ဂိုလ်သည် ပကတိသဘောအားဖြင့်သာလျှင် စေ့စေ့စပ်စပ် ပြောဆိုခြင်း၌ လိမ္မာ၏၊ ပြေပြစ်စွာ ပြောဆိုတတ်၏၊ တပါးသူ နားချမ်းသာအောင် ပြောဆိုတတ်၏၊ သဘောတူညီချက် ရယူလျက် နီးနှောပြောဆိုတတ်၏၊ ပေါ်လွင်ထင်ရှားသော မျက်နှာရှိ၏၊ (မျက်နှာထား ချို၏၊) သူတပါးနှင့်တွေ့ဆုံသောအခါမှာ နှုတ်ပေ့ါပါးစွာဖြင့် ရှေးဦးစွာ နှုတ်ဆက်လေ့ရှိပါသည်၊ သာယာ

သော အသံဖြင့် တရားကို ရွတ်ဆိုတတ်၏။ ထက်ဝန်းကျင် ပြည့်စုံပေကုန်သော ပုဒ်ဗျည်းတို့ဖြင့် တရားစကားကို ဟောပြောတတ်ပါပေ၏။

ကိုယ်အကျင့် စိတ်အကျင့်တို့ကိုတော့ စောင့်စည်းခြင်း မရှိ၊ ထိုသူ၏ ထိုစောင့်စည်း ထိန်းသိမ်းခြင်း မရှိသော ကိုယ်အကျင့် စိတ်အကျင့်တို့ကိုတော့ မကြံမူ၍ စောင့်စည်းထိန်းသိမ်းခဲ့ပါသော နှုတ်အကျင့်ကိုသာလျှင် အဖန်တလဲလဲ အောက်မေ့အပ်ပေ၏။

**စိတ်အကျင့်ကိုသာ စောင့်စည်းခြင်း။** ။အချို့သော ပုဂ္ဂိုလ်အား စိတ်အကျင့်ကိုသာလျှင် စောင့်စည်းအပ်ပေ၏။ ထိုသူ၏ စိတ်အကျင့်ကို စောင့်စည်းသည်၏အဖြစ်ကို ရှိသေစွာ စေတီအစရှိသည်တို့ကို ရှိခိုးနေသည်ကိုပင် ကြည့်ရှု၍ အလုံးစုံသော သူတို့သည် သိကြပေ၏။

ဆက်ကြဦးစို့၊ မစောင့်စည်းသော စိတ်ရှိနေပါသောသူသည် စေတီကိုရင်း ဗောဓိပင်ကိုရင်း မထေရ်ကြီးတို့ကိုရင်း ရှိခိုးခဲ့ပါသည်ရှိသော် ရိုရိုသေသေ ရှိမခိုးပေ၊ တရားနာရာဖြစ်သော မဏ္ဍပ်၌ ပျံ့လွင့်သော စိတ်ရှိသည်ဖြစ်၍ရင်း ငိုက်မျည်းသည်ဖြစ်၍ရင်း နေပေ၏။ ငြိမ်သက်တည်ကြည်သော စိတ်ရှိသောသူသည် သက်ဝင်ယုံကြည်သော သဒ္ဓါတရားဖြင့် ရှိခိုး၏။ စူးစူးစိုက်စိုက် နားထောင်လျက် မိမိကိုယ်ကို သူတော်ကောင်းတရားဖြင့် ထက်သန်သော ဆန္ဒရှိသည်ဖြစ်၍ ကိုယ်ဖြင့်ရင်း နှုတ်ဖြင့်ရင်း စိတ်၏ကြည်လင်ခြင်းကို ပြု၍ တရားတော်ကို နာကြား၏။ အဲဒီလို အချို့သော ပုဂ္ဂိုလ်အား စိတ်အကျင့်ကို စောင့်စည်းသဖြင့်သာလျှင် ငြိမ်းစေ၏။ ထိုသူ၏ ထိုစောင့်စည်း ထိန်းသိမ်းခြင်း မရှိသေးသော ကိုယ်အကျင့် နှုတ်အကျင့်တို့ကို မကြံမူ၍ စောင့်စည်းထိန်းသိမ်းခဲ့ပါသော စိတ်အကျင့်ကိုသာလျှင် အဖန်တလဲလဲ အောက်မေ့အပ်ပေ၏။

**ကရုဏာကိုဖြစ်စေရန် ရန်ငြိုးဖွဲ့မှုကို ငြိမ်းစေခြင်း။** ။အချို့သော ပုဂ္ဂိုလ်အား သုံးပါးကုန်သော ကိုယ်အကျင့် နှုတ်အကျင့် စိတ်အကျင့်တို့တွင် တပါးပါးမျှသည်လည်း မငြိမ်သက်ပေ၊ ကိုယ် နှုတ် စိတ် သုံးပါးစလုံး မငြိမ်သက်သောပုဂ္ဂိုလ်၌ ဤသူကား ယခုဘဝ၌သာလျှင် လူ့လောက လူ့နေပြည်၌ ကျင်လည်ရပေ၏။ စင်စစ်မှာတော့ရင် နှစ်ရက်သုံးရက် လွန်သောအခါဝယ် ငရဲကြီး ရှစ်ထပ် ဥဿဒငရဲငယ် တဆယ့်ခြောက်ရပ်တို့၌ ဖြစ်ရတော့မှာ ဧကန်ပါဟု သနားကြင်နာမှုကို ဖြစ်စေအပ်ပေ၏။ သနားကြင်နာမှု ကရုဏာကို အကြောင်းပြုလျက် ရန်ငြိုးဖွဲ့ခြင်းသည် ငြိမ်းအေးပေ၏။

အချို့သော ပုဂ္ဂိုလ်အား သုံးပါးကုန်သော ကိုယ်, နှုတ်, စိတ်တို့သည် ငြိမ်သက်ပေကုန်၏။ ထိုပုဂ္ဂိုလ်၏ အကြင်ငြိမ်သက်ပြီးသော ကိုယ်,နှုတ်,စိတ် သုံးပါး

တို့တွင် အလိုဆန္ဒရှိရာ ဖြစ်ပေသော တပါးပါးသော အကျင့်ကို အဖန်တလဲလဲ အောက်မေ့အပ်၏။ ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်မျိုး၌ မေတ္တာတရား ပွါးများအားသစ်ခြင်းသည် အလွန် လွယ်ကူပါပေ၏။

ရန်ငြိုး ပယ်ဖျောက်ကြောင်း တရားငါးပါး။ ။ငါ့ရှင် ရန်ငြိုးကို ပယ်ဖျောက်ကြောင်း ဖြစ်ကုန်သော ဤတရားတို့သည်ကား ငါးပါးတို့ပင် ဖြစ်ပါပေ၏။ အကြင် ရန်ငြိုးဖွဲ့အပ်သော ပုဂ္ဂိုလ်၌ ရန်မငြိမ်းသေးသော ယောဂီရဟန်းအား ဖြစ်သော ရန်ငြိုးကို အလုံးစုံသော အခြင်းအရာအားဖြင့် ပယ်ဖျောက်အပ်ပါပေ၏။ ထိုပုဂ္ဂိုလ်အား ဤသို့ လုံ့လစိုက်၍ အားသစ်ငြားပါသော်လည်း ရန်ငြိုးသည် တလုံတလဲလဲ ဖြစ်မြဲဖြစ်သေးခဲ့ပါသော် ထိုအခါမှာ ဤ ရှေး၌ မိန့်ဆိုလတ္တံ့ဖြစ်သော နည်းဖြင့် ယောဂီသည် မိမိကိုယ်ကို ဆုံးမအပ်ပေ၏။

(၁) ရန်သူသည် ဆင်းရဲစေခြင်းငှါ တတ်နိုင်ကောင်းပါပေသော သင်၏ ခန္ဓာကိုယ်၌ ဆင်းရဲမှုကို သင့်အား အကယ်၍ ပြုလာငြားအံ့၊ သင်သည် အဘယ့်ကြောင့် ထိုရန်သူ၏ အရာမဟုတ်သော မိမိ၏ စိတ်၌ ဆင်းရဲမှုကို ပြုခြင်းငှါ အလိုရှိလေဘိသနည်း။

များစွာ ကျေးဇူးရှိပါပေသော ငိုကြွေးနေသော မျက်နှာရှိကြပေကုန်သော မိဘ အစရှိသော ဆွေမျိုးတို့ကိုပင်လျှင် စွန့်လွှတ်နိုင်ပါလျက်နှင့်လည်း များစွာအကျိုးမဲ့သည်ကို ပြုတတ်သော ရက္ခိုသ်ဘီလူး ပူးဝင်သလို ကျရောက်တတ်သော ဒေါသရမက်ကို အဘယ့်ကြောင့် မစွန့်နိုင်ပါသလဲ၊ စွန့်နိုင်ဘို့ရာ အလွန်ကောင်းပါပေ၏။

(၂) သူတော်ကောင်း သင်သည် အကြင် ပါတိမောက္ခစသော သီလတော်တို့ကို စောင့်ထိန်း၏၊ ထိုပါတိမောက္ခ အစရှိသော သီလတို့၏ အရင်းအမြစ် ဖြစ်ပေသော ဟိရီ ဩတ္တပ္ပ ခန္တီ မေတ္တာ ကရုဏာ တရားတို့ကို ဖြတ်တတ်သော အမျက်ဒေါသရမက်ကို ဖြားယောင်းသွေးဆောင်ပြီးတော့မှ ထားခဲ့လေဘိ၏။ သင်နှင့် တူညီမျှသော သူမိုက်သည် အဘယ်မှာ ရှိနိုင်ပါတော့အံ့နည်း။

(၃) ပညာရှိ တပါးသောသူတို့သည် ယုတ်မာညစ်နွမ်းသော ပြစ်မှားမှုကို ငါ့အား ပြုကြလေပြီ ဆိုပြီးတော့မှုရင် သင်သည် အမျက်ဒေါသထောင်းထောင်းထ၏။ သင်သည် ထို ရန်သူပြုအပ်သည်နှင့် တူမျှသော ယုတ်မာညစ်နွမ်းသော ပြစ်မှားမှုကို မိမိကိုယ်တိုင် ပြုခြင်းငှါ အဘယ့်ကြောင့် အလိုရှိနေပါသနည်း။

(၄) ပညာရှိ အပြင်ပမှဖြစ်သော ရန်သူတယောက်ကပင် သင့်ကို အမျက်ဒေါသ ထောင်းထောင်း ထစေလိုသဖြင့် မနှစ်သက်ဖွယ်ကို အကယ်၍ ပြုခဲ့ပါသည်ရှိသော် သင်သည် ငါ့ကို ဤကဲ့သို့ ပြုရက်ပါပေဘိဟု အမျက်ဒေါသ ထောင်းထောင်း ထသဖြင့် ထိုရန်သူ၏ နှလုံးအလိုကို အဘယ့်ကြောင့် ဖြည့်စေခဲ့ဘိသနည်း။

(၅) သူတော်ကောင်း အမျက်ဒေါသ ထောင်းထောင်း ထနေသည့် သင်သည် မိမိ၏ရန်သူ ဆင်းရဲမှုကို ပြုနိုင်ပါပေတယ်လို့ ဆိုရပေမည်။ မပြုနိုင်ပါဟုလည်း ဆိုရပေမည်။ မိမိကိုယ်ကိုတော့ သင်သည် ယခု ချက်ခြင်းပင် အမျက်ဒေါသ ထောင်းထောင်းထခြင်း တည်းဟူသော ဆင်းရဲဒုက္ခနှင့် နှိပ်စက်လျက် ရှိနေပေပြီ။

မိမိ၏ အကျိုးစီးပွါး ဆုတ်ယုတ်သည်ကို ဆောင်တတ်ပါသော အမျက်ဒေါသ ထောင်းထောင်းထခြင်း တည်းဟူသော မှားသော လမ်းသို့ အကယ်၍ တက်သွားကြသည်လည်း ဖြစ်ပါစေ၊ အကယ်၍ မတက်သွားကြသည်လည်း ဖြစ်ကြပါစေ၊ အဘယ့်ကြောင့် သင်က နေပြီး အမျက်ဒေါသ ထောင်းထောင်းထနေပါသော ထိုရန်သူတို့၏ (နမူနာ)အတုကို ယူပြီးတော့မှ ထိုရန်သူတွေနှင့် မခြား အတုလိုက် ကျင့်လေဘိသနည်း။

**ရန်သူကို ပြန်၍ ရန်တုံ့မမူရန်။** ။အကြင် အမျက်ဒေါသကို အမှီပြုပြီးတော့မှရင် ရန်သူက သင့်အား မနှစ်သက်ဖွယ်ကို သာ ပြုနေပေ၏၊ ထို့ကြောင့် ထိုရန်သူ၏ မှီရာဖြစ်သော အမျက်ဒေါသကိုသာ လျှင် ဖြတ်လိုက်ပါလော့၊ အဘယ့်ကြောင့်ဆိုသော် အရာမဟုတ်သည်၌ ရန်သူကို တဖန် ပြန်၍ အမျက်ဒေါသ ထွက်သောအားဖြင့် ပင်ပန်းလေဘိသနည်း။

တဖန်—ပရမတ္ထတရားတို့ ဖြစ်ခြင်း စသည်တို့ဖြင့် ပိုင်ခြားအပ်သည်ဖြစ်၍ ကာလအနေနှင့် တခဏမျှသာ တည်သည်၏အဖြစ်ကြောင့် သင့်အား မနှစ်သက်ဖွယ်ကို ပြုနေပါသော ရန်သူတို့၏ ခန္ဓာတို့သည် ချုပ်ဆုံးကုန်ပြီ၊ ယခုအခါမှာ အဲဒီ ရန်သူ၏သန္တာန်၌ အဘယ်ခန္ဓာအား သင်ကနေပြီး အမျက်ဒေါသ ထောင်းထောင်း ထတော့မည်နည်း။

**ဆင်းရဲဒုက္ခကို ရှုလျက် အမျက်ဖျောက်ခြင်း။** ။အကြင်တယောက်သော ပုဂ္ဂိုလ်သည် အကြင် တယောက်သော ပုဂ္ဂိုလ်အား ဆင်းရဲဒုက္ခကို ပြုခဲ့၏၊ ဆင်းရဲဒုက္ခကို ပြုခြင်း၏ အာရုံဖြစ်သော ထို ပုဂ္ဂိုလ်ကို ကြည့်ပြီးတော့မှရင် အဘယ်သို့သောသူအား ထိုဆင်းရဲဒုက္ခကိုပြုသော

ပုဂ္ဂိုလ်သည် ဆင်းရဲဒုက္ခကို ပြုနိုင်ရာအံ့နည်း၊ အဲဒီလို ဖြစ်ခဲ့ပါသည် ရှိသော် သင်သည် မိမိကိုယ်တိုင်လည်း ဆင်းရဲဒုက္ခ၏ အာရုံဖြစ်ခဲ့သဖြင့် ဆင်းရဲဒုက္ခ၏ အကြောင်းပင် ဖြစ်ခဲ့ပေ၏။

အဲဒီလို ဆင်းရဲဒုက္ခကို ပြုသော ပုဂ္ဂိုလ်, ဆင်းရဲဒုက္ခကို ပြုခြင်း၏အာရုံဖြစ်သော သင်၊ ဤနှစ်ဦးသားတို့သည် ဆင်းရဲဒုက္ခ၏ အကြောင်းတွေသာ ဖြစ်ကြပါလျက် အဘယ့်ကြောင့် ဆင်းရဲဒုက္ခကို ပြုသောသူ စသော ထိုအမှုသည် တဦးတည်းကိုသာလျှင် ဒေါသအမျက် ထွက်လေဘိသနည်း၊ အမှုသည်တဦး ဖြစ်ပေတဲ့ သင့်ကိုယ်ကိုတော့ သင် အဘယ့်ကြောင့် ဒေါသအမျက် မထွက်လေဘိသနည်း၊ အဲဒီလို ဆင်ခြင်ပါ။

**ကံကိုသာ အာရုံပြုလျက် အမျက်ဖျောက်ခြင်း။**　　။အထက်ပါနည်းတို့ဖြင့် မိမိ၏ ကိုယ်ကို ဆုံးမငြားသော်လည်း ထိုယောဂီပုဂ္ဂိုလ်သည် အမျက်ဒေါသသည် အကယ်၍ မငြိမ်းခဲ့သည်ရှိသော် ဤအမျက်ဒေါသ မငြိမ်းအေးသော ပုဂ္ဂိုလ်သည် မိမိ၏ဥင်း သူတပါး၏ ဥင်း ကံသာလျှင် ဥစ္စာရှိနေပါသည်၏ အဖြစ်ကို ဆင်ခြင် အောက်မေ့အပ်၏၊ ထိုသို့ပင် ဆင်ခြင် အောက်မေ့ရာဝယ် မိမိကိုယ်ကို ကံသာလျှင် ဥစ္စာရှိသည်၏ အဖြစ်ကို ရှေးဦးစွာ ဤသို့ ဆိုလတ္တံ့သော နည်းအတိုင်း ဆင်ခြင်အောက်မေ့အပ်ပါပေ၏။

"အချင်း သင်သည် ထိုသူတပါးအား အမျက်ဒေါသ ထောင်းထောင်းထခြင်းဖြင့် အဘယ်သို့ ပြုပါအံ့နည်း၊ အမျက်ဒေါသသည်ပင် အကြောင်းရှိသော ဤမကောင်းမှု အကုသိုလ်ကံသည် သင့်အားသာလျှင် အကျိုးမဲ့ဖြစ်စေခြင်းငှါ ဖြစ်သည် မဟုတ်ပေလော။ မှန်ပေ၏၊ သင်သည် ကံသာလျှင် မိမိကိုယ်ပိုင် ဥစ္စာရှိပါပေ၏၊ ကံ၏ အမွေခံ ဖြစ်ပေ၏၊ ကံသာလျှင် အကြောင်းရှိ၏၊ ကံသာလျှင် အဆွေအမျိုးရှိ၏၊ ကံသည်သာလျှင် ကိုးကွယ် လည်းလျောင်းရာ ရှိပေ၏။

အကြင် ကံကို ပြုခဲ့အံ့၊ သင်သည် ထိုကံ၏ အမွေခံဖြစ်လတ္တံ့၊ သင်၏ အမျက်ဒေါသ၏ အစွမ်းဖြင့် ဖြစ်သော ကံသည် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ပြီးစေခြင်းငှါလည်း မစွမ်းနိုင်ပေ၊ ပစ္စေကဗောဓိဉာဏ်, သာဝကတို့၏ ဉာဏ်ကို ပြီးစေခြင်း ငှါလည်း မစွမ်းနိုင်၊ သာဝကဘုံသို့ ရောက်ခြင်းငှါလည်း မစွမ်းနိုင်၊ ဗြဟ္မာမင်း၏ အဖြစ်, သိကြားမင်း၏ အဖြစ်, စကြဝတေးမင်း, ပဒေသရာဇ်မင်း အစရှိသည်တို့၏ စည်းစိမ်တို့တွင် တပါးပါးသော စည်းစိမ်ကို ပြီးစေခြင်းငှါလည်း မတတ်နိုင် (မစွမ်းနိုင်ပေ)။

စင်စစ်သော်ကား သာသနာတော်မှ ရွေလျော၍ စားကြွင်း စားသောသူ အစရှိသော သူဆင်းရဲတို့၏ အဖြစ်ကိုဥင်း အပါယ်ဘုံ၌ ဖြစ်ခြင်းအစရှိသော ဆင်း

ရဲအထူးကိုရင်း သင်၏ဤအကုသိုလ်ကံသည် ဖြစ်ခြင်းရှိ၏၊ ကံကို ပြုပါသော သင်သည် နှစ်ဖက်သော လက်တို့ဖြင့် အလုံကင်းသော မီးကျီးခဲတို့ကိုရင်း မစင် ကျင်ကြီးတို့ကိုရင်း ယူပြီးတော့မှရင် သူတပါးကို ပုတ်ခတ်လိုသော ယောကျ်ားတို့ကဲ့သို့ မိမိကိုယ်ကိုသာလျှင် ရှေးဦးစွာ ပူလောင်ခြင်းကိုရင်း မကောင်းသော အနံ့ရှိသည်ကိုရင်း ပြုသည်မည်၏”ဟု အဲဒီလို ဆင်ခြင်အပ် အောက်မေ့အပ်၏၊ (မိမိကိုယ်ကို ဆင်ခြင်အပ်၏)။

**မိမိတို့၏ကံသာလျှင် အမွေခံရှိသည်ဟု ဆင်ခြင်လျက် အမျက်ဖျောက်ခြင်း**

ဤသို့ မိမိ၏ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၏ အဖြစ်ကို ဆင်ခြင်ပြီး၍ တပါးသူ၏လည်း ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်အဖြစ်ကို ဆင်ခြင်အပ်၏၊ ထိုတပါးသော သူကလည်း သင့်အား ဒေါသအမျက်ထွက်၍ အဘယ်ကဲ့သို့ ပြုနိုင်လတ့်နည်း၊ ထိုကံသည် တပါးသော သူ၏သာလျှင် အကျိုးမဲ့ခြင်းငှါ ဖြစ်လတ့်သည် မဟုတ်ပါလော၊ မှန်ပေ၏၊ ဤသူသည်လည်း ကံသာလျှင် ကိုးကွယ် လည်းလျောင်းရာ ရှိပေ၏၊ အကြင်ကံကို ပြုလတ့်၊ ထိုကံကို ပြုသောသူသည် ထိုကံ၏ အမွေခံသည် ဖြစ်လတ့်။

ထိုသူ၏ ဤကံသည် အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို ပြီးစေခြင်းငှါလည်း မစွမ်းနိုင်၊ ပစ္စေကဗောဓိဉာဏ်ကို ပြီးစေခြင်းငှါလည်း မစွမ်းနိုင်ပေ၊ သာဝကဘုံသို့ ရောက်ခြင်းငှါလည်း မစွမ်းနိုင်၊ ဗြဟ္မာမင်း၏အဖြစ်, သိကြားမင်း၏အဖြစ်, စကြဝတေးမင်း, ပဒေသရာဇ်မင်း အစရှိသည်တို့၏ စည်းစိမ်တို့တွင် တပါးပါးသော စည်းစိမ်ကို ပြီးစေခြင်းငှါလည်း မစွမ်းနိုင်ပေ။

စင်စစ်သော်ကား ထိုတပါးသောသူ၏ အမှုသည် သာသနာတော်မှ ရွေ့လျော၍ စားကြွင်းစား အစရှိသော သူဆင်းရဲတို့၏ အဖြစ်ကိုရင်း အပါယ်ဘုံ၌ ဖြစ်ခြင်း အစရှိသော ဆင်းရဲအထူးကိုရင်း ထိုပုဂ္ဂိုလ်၏ ဤကံသည် ဖြစ်စေခြင်း အကျိုးရှိပါပေ၏၊ ထိုသူသည် လေအောက်၌ ရပ်နေပြီး လေညာ၌တည်သော တပါးသောသူကို မြူမှုန့်ဖြင့် ကြဲလိုသော ယောကျ်ားကဲ့သို့ မိမိကိုသာ အမျက်ဒေါသ မြူမှုန့်ဖြင့် ကြဲလေဘိ၏။ ထို့ကြောင့်လည်း မြတ်စွာဘုရားရှင်က—

**မကောင်းမှုကံတို့သည် လေညာသို့လွှင့်သော မြူမှုန့်ကဲ့သို့ ပြန်လာပုံ**

အကြင်သူသည် မပြစ်မှားသင့် မပြစ်မှားထိုက်သော ကိလေသာ အညစ်အကြေးတို့မှ သန့်ရှင်း စင်ကြယ်သော ပုဂ္ဂိုလ်အား ပြစ်မှားခဲ့မိလေငြားအံ့၊ မိုက်မဲသော ထိုပြစ်မှားသောသူအား သာလျှင် မကောင်းမှု အကုသိုလ်ကံသည် ပြန်၍ လှည့်လာပေ၏၊ ဥပမာ လေညာသို့ လွှင့်လိုက်သော သိမ်မွေ့ပါသော မြူမှုန်သည် လွှင့်လိုက်သော မိမိ၏ အပေါ်သို့သာလျှင် ပြန်လှည့်လာဘိသကဲ့သို့ မှတ်သားရပေမည်။

အဲဒီကဲ့သို့သော နည်းအားဖြင့် ကံသာလျှင် မိမိ ကိုယ်ပိုင်ဥစ္စာရှိသည်၏ အဖြစ်ကို ဆင်ခြင်ငြားပါသော်လည်း ထိုယောဂီပုဂ္ဂိုလ်အား အမျက်ဒေါသသည် အကယ်၍ မငြိမ်းခဲ့သည်ရှိသော် မြတ်စွာဘုရား၏ ရှေးအခါက ကျင့်တော်မူဘူးခဲ့ပါသော ဂုဏ်ကျေးဇူးတော်တို့ကို ဆင်ခြင်အောက်မေ့ နှလုံးသွင်းအပ်ပေ၏။

**ဘုရားရှင်၏ဂုဏ်ကို အာရုံပြု၍ အမျက်ဖျောက်ခြင်း။** ။အိုရဟန်း သင်၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် လေးဝသစ္စာ ငါးတန်ဥေယျ မြတ်ဓမ္မတို့ကို မသိသေးသော ဘုရားလောင်း ဖြစ်တော်မူစဉ် အခါက လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလ တိုင်တိုင် ပါရမီတော်တို့ကို ဖြည့်ကျင့်ဆည်းပူးတော် မူခဲ့ပါသည်ရှိသော် (ပါရမီတော်တို့ကို ဖြည့်ကျင့် ဆည်းပူးတော်မူစဉ်) ထိုထို ဇာတ် နိပါတ်တော်တို့၌ သတ်ဖြတ်ညှဉ်းဆဲဘတ်ကုန်သော ရန်သူတို့ကို အနည်းဆုံး စိတ်မျှဖြင့်သော်လည်း မပြစ်မှားသည် မဟုတ်ပါလော။

သီလဝဇာတ်၌ မိမိ၏ မိဖုရားနှင့်တကွ မှောက်မှားစွာ ကျင့်ကြံခြင်းဖြင့် ပြစ်မှားသော အမတ်ယုတ်သည် ဆောင်ပို့အပ်သော ယူဇနာသုံးရာရှိသော တိုင်းပြည်ကို သိမ်းယူသော ရန်သူမင်းကြီးကို မညှဉ်းဆဲ၊ နှိပ်စက်ခြင်းငှါ ထကြွလုံ့လ ပြုကြကုန်သော အမတ်တို့အား လက်နက်ကိုမျှလည်း ကိုင်ခွင့် မပေးခဲ့။

တဖန် အမတ်တထောင်နှင့်တကွ လုတ်တိုင်း သင်းချိုင်း၌ လည်ပင်းမြုပ်သည့်တိုင် မြေကြီးကို တူးပြီးတော့မှရင် မြှုပ်အပ်ပါသည်ရှိသော် စိတ်ပြစ်မှားခြင်းကိုမျှလည်း မပြုမူ၍ သူသေကောင်ပုပ် စားအံ့သောငှါ လာကြကုန်သော မြေခွေးတို့၏ မြေမှုန့်ယက်ခြင်းကို အမှီပြုပြီး ယောကျ်ားတို့၏ လုံ့လကိုပြုလျက် အသက်ရှင်မှု ရရှိခဲ့သည်ဖြစ်၍ မင်းကြီး တရားဆုံးဖြတ်ခြင်းကို နှစ်သက်သော စိတ်ရှိသော ဘီလူးအာနုဘော်ဖြင့် မိမိ၏ အသရေနှင့်ပြည့်စုံသော တိုက်ခန်းသို့ သက်ဝင်၍ အသရေနှင့်ပြည့်စုံသော အိပ်ရာတွင် အိပ်နေသော ရန်သူမင်းကို မြင်ပါသော်လည်း အမျက်မထွက်မူ၍သာလျှင် အချင်းချင်း ကျိန်စာဖြင့် ကတိပြုကြ၍ ထိုရန်သူဖြစ်သော မင်းကို ရင်းနှီးလှစွာသော မိတ်ဆွေအရာ၌ ထားပြီးတော့မှရင်—

**လုံ့လဝီရိယကို အာရုံပြု၍ အမျက်ဖျောက်ခြင်း။** ။"အချင်းတို့ ပညာနှင့်ပြည့်စုံသော ယောကျ်ားမည်သည် အကြင် အကြင် အလိုရှိအပ်သော အစီးအပွါး၌ အပြစ်ကင်းသော အခြင်းအရာဖြင့် တောင့်တမှုအားသာကို ပြုရာသည်သာတည်း၊ ဤကဲ့သို့ ဆင်းရဲငြိုငြင် ပင်ပန်းခြင်းသို့ ရောက်သော ငါ့အား အဘယ်မှာ ချမ်းသာ၏အဖြစ်သို့ ရောက်နိုင်ပါအံ့နည်းဟု လုံ့လလျှော့မေ့ မငြီးငွေ့ရာ၊ အကြောင်းကတော့ရင် သင်တို့၏အရှင်ဖြစ်သော ငါသည် အပြစ်ကင်းသော အခြင်းအရာဖြင့် တစုံ

တယောက်သောသူအား နှိပ်စက်ညှဉ်းဆဲခြင်းကို မပြုပါပဲလျက် မင်းအဖြစ်၌ တည်သော မိမိကိုယ်ကို အလိုရှိပေ၏၊ ထိုလိုလားသည့်အတိုင်း ငါဖြစ်ချေပြီ၊ ရှေးကအတိုင်း မင်းဖြစ်ပါသော ငါ၏ကိုယ်ကို မြင်ရပေ၏၊ ထို့ကြောင့် မငြိုးငွေ့ရာ"ဟု ငါဆိုခဲ့ပေ၏။

ခန္တီဝါဒီဇာတ်၌လည်း ကာသိတိုင်းကြီးကို အစိုးရသော ပညာမဲ့သော ကာလာဗု မင်းကြီးသည် ခန္တီဝါဒီရသေ့ကြီးကို "အို ရဟန်း သင်သည် အဘယ် သို့သော ဝါဒကို ကျင့်သုံးသနည်း"ဟု မေးလိုက်သည်ဖြစ်ရကား "ငါသည် သည်းခံ ခြင်းတည်းဟူသော ဝါဒကို ကျင့်သုံးပါ၏"ဟူ၍ ဆိုလိုက်ခဲ့ပါသည်ရှိသော် သံဆူး တပ်ကုန်သော ကြိမ်လုံးတို့ဖြင့် ရိုက်နှက်၍ လက်ခြေတို့ကို ဖြတ်တောက်ငြားပါ ကုန်သော်လည်း အမျက်ဒေါသ ထောင်းထောင်းထခြင်းကို မပြုခဲ့ပေ၊ ဤကဲ့ သို့သော ခန္တီဝါဒီဇာတ်တော် အစရှိသည်တို့၌လည်း အလွန်ပင် အံ့ဩဖွယ်ရာ ကောင်းပေသည့် သည်းခံခြင်းတို့ကို ပြုတော်မူဘူးခဲ့လေပြီ။

**သည်းခံခြင်း၏ဂုဏ်ကို အာရုံပြု၍ အမျက်ဖျောက်ခြင်း။** ။ဤ ယခုအခါဝယ် သဗ္ဗညုတ မြတ်စွာ ဘုရားအဖြစ်သို့ ရောက်တော်မူပြီး နတ်နှင့်တကွသော လောက၌ တစုံတယောက် သောသူနှင့်မျှ တူတော်မမူသော သည်းခံခြင်း တည်းဟူသော ဂုဏ်ကျေးဇူး ရှိတော်မူသော ထို ဘုန်းတော်ခြောက်စုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ဆရာဟူ၍ ညွှန်ပြပေသော ယောဂီအား ဒေါသလွှမ်းမိုးသော စိတ်ကို ဖြစ်စေခြင်းမည်သည်ကား မသင့်လျော်ပေ၍ မိမိကိုယ်ကို မိမိ ငါလို ပါရမီ မရင့်သန်သေးသူဆိုလျှင် အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်းဟူ၍ ဆုံးမကာ မိမိ၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင်၏ ရှေးအခါတုံးက သည်းခံခြင်း တည်းဟူသော အကျင့်တို့ကို ကျင့်တော်မူဘူးခဲ့ပါသော ဂုဏ်ကျေးဇူး အသွယ် သွယ်တို့ကို အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်အပ်ပါပေ၏။

အဲဒီလို ဆင်ခြင် အောက်မေ့ငြားပါသော်လည်း နေ့ညဥ့်ရှည်ကြာစွာ ကိလေ သာကျွန် ဖြစ်နေပါသေးသော ယောဂီပုဂ္ဂိုလ်အား ထို အမျက်ဒေါသသည် အကယ်ပင် မငြိမ်းသေးခဲ့ပါသော် ထို ပုဂ္ဂိုလ်သည် ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ်ဖြစ်လျက် လည်ပတ်နေသော သံသရာဝဋ်အတွင်း ကျင်လည်ရဘူးသည်ကို ဟောထားပါသော အနမတဂ္ဂသုတ်တို့ကို ဆင်ခြင်အောက်မေ့အပ်ကုန်၏။ ထို အနမတဂ္ဂသုတ်၌—

**ရှေးဘဝကို အာရုံပြု၍ အမျက်ဖျောက်ခြင်း။** ။"ချစ်သား ရဟန်းတို့ ရှေး၌ အမိမဖြစ်စဘူး၊ အဘမဖြစ် စဘူး၊ အစ်ကို မဖြစ်စဘူး၊ နှမ မဖြစ်စဘူး၊ သား မဖြစ်စဘူး၊ သမီးမဖြစ်စဘူး၊ ထိုဘဝနီးဝေး ရှေးအခါတုံးက မိဘစသည် မဖြစ်စဘူးသောသူကို ရလွယ်သော

သဘောမရှိပေ(မိဘစသည့် မတော်စပ်ဘူးသော သူဟူ၍ မှတ်ယူခြင်းငှါ မလွယ်ကူပေ)”ဟူ၍ ဟောတော်မူခဲ့ပါ၏။

ထို့ကြောင့် ထိုပုဂ္ဂိုလ်၌ ဤကဲ့သို့ပင် စိတ်ကို ဖြစ်စေအပ်ပါပေ၏၊ ဤသူသည် ရှေးအခါက ငါ၏မွေးသည့် မိခင်ဖြစ်ခဲ့ဘူး၍ ဆယ်လတို့ကာလပတ်လုံး ဝမ်းဖြင့် လွယ်ပြီးတော့မှရင် ကျင်ကြီး ကျင်ငယ် တံထွေး နှပ်စသည်တို့ကို စန္ဒကူးအမွှေးနံ့သာကဲ့သို့ စက်ဆုပ်ရွံရှာခြင်း မရှိသည်ဖြစ်၍ သုတ်သင်ကာ ရင်ဖြင့် ဖုံးလွှမ်းလျက် ကိုယ်လက်အင်္ဂါတို့ဖြင့် ပွေ့ချီဆောင်သည်ဖြစ်၍ မွေးဘူးခဲ့ပေပြီ။

**ကျွေးမွေးစောင့်ရှောက်ခဲ့သည်ကို အာရုံပြု၍ အမျက်ဖျောက်ခြင်း**

အဘဖြစ်၍ ဆိတ်တည်းဟူသော သတ္တဝါတို့ သွားရာ ဖြစ်သော ခရီး၊ တံသင်းစို့ ရိုက်သွင်းပြီး ချိတ်ကာ ချိတ်ကာ ဆွဲတက်ရသော ခရီးစသည်တို့သို့ သွား၍ ရောင်းဝယ်ခြင်း အမှုကို ပြုကြလျက် ငါ၏အကျိုးငှါ အသက်ကို စွန့်၍ရင်း နှစ်ဖက်သော စစ်သည်တို့သည် ထိုးပစ်ရာဖြစ်သော စစ်တလင်းပြင်သို့ ဝင်၍ရင်း လှေဖြင့် သမုဒ္ဒရာသို့ သက်ဝင်ကူးသွား၍ရင်း တဖန် သွားလာကူးခပ်ခြင်းငှါ ခဲယဉ်းသော ခရီးတို့သို့ သက်ဝင်၍ရင်း ခဲယဉ်းစွာသော အမှုတို့ကို ပြုပြီး၍ သားငယ်သမီးငယ်တို့ကို လုပ်ကျွေးအံ့ဟု ထိုထိုသို့သော အကြောင်းဥပါယ်ဖြင့် ဥစ္စာကို ကောင်းစွာ စုဆောင်း၍ ငါ့ကို မွေးဘူးပေပြီ။

အစ်ကိုသည်ရင်း နှမသည်ရင်း သားသည်ရင်း သမီးသည်ရင်း ဖြစ်၍လည်း ငါ့အား ဤမည်သော ဤမည်သော အကြောင်းကို ပြုဘူးပေသတတ်၊ ထို့ကြောင့် မိမိအား မိခင် ဘခင်ဖြစ်၍ လုပ်ကျွေးခဲ့သော ကျေးဇူးရှိဘူးခဲ့သော သူတို့၌ စိတ်နှလုံးဖြင့် ပြစ်မှားခြင်းငှါ မလျော် မလျောက်ပတ်ပေ၊ ဤကဲ့သို့ စိတ်ကို ဖြစ်စေအပ်ပေ၏။

**မေတ္တာအကျိုး ၁၁-ပါးကို ဆင်ခြင်လျက် အမျက်ဖျောက်ခြင်း**

ဤကဲ့သို့ ဒေါသအမျက် ဖြစ်ငြားသော်လည်း စိတ်၏ ငြိမ်းအေးမှု မရရှိခဲ့ပါသည်ရှိသော် ထိုပုဂ္ဂိုလ်သည် ဤဆိုလတ္တံ့သောနည်းဖြင့် မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းသဖြင့် ရရှိနိုင်ပါသော အကျိုးအာနိသင်တို့ကို ဆင်ခြင်အောက်မေ့အပ်၏၊ တဆယ့်တပါးသော မေတ္တာ၏အကျိုးအာနိသင်[၁]ဟူသည်မှာ—

---

၁။ မေတ္တာပွါးများခြင်း၏ အကျိုးကဆယ့်တပါးကို အလွယ်တကူ ဆောင်ထားနိုင်ရန် လင်္ကာဖြင့် ဖော်ပြလိုက်ပါသည်။

အိပ်, နိုး ချမ်းသာ၊ ယုတ်မာမမက်၊ နှစ်သက် လူ, နတ်၊ စောင့်မှတ်, နတ်များ၊ ဆိပ်ကား မနှံ့၊ စိတ်ပြန့် တည်ကြည်၊ ရှင်သည်မျက်နှာ၊ သေခါမတွေ၊ လားလေဗြဟ္မာ၊ ဆယ့်တခါဟု၊ မေတ္တာနိသင်၊ ကျိုးဆက်ထင်သည်။ လူရှင်အများ ကျင့်ရာသော်။

(၁) ချမ်းသာစွာ အိပ်ရ၏၊
(၂) ချမ်းသာစွာ နိုးရ၏၊
(၃) ယုတ်မာကြမ်းကမ်းသော အိပ်မက်များကို မမြင်မက်ရ၊
(၄) လူတို့သည် ချစ်ခင်၏၊
(၅) နတ်တို့သည် ချစ်ခင်၏၊
(၆) နတ်တို့သည် စောင့်ရှောက်ကြကုန်၏၊
(၇) ထိုမေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းသော ပုဂ္ဂိုလ်အား မီးသည်၎င်း၊ အဆိပ်သည်၎င်း လက်နက်သည်၎င်း မရောက် မကပ်နိုင်၊
(၈) ပျံ့လွင့်တတ်သော စိတ်သည် အညီအညွတ် ကောင်းစွာတည်၏၊
(၉) မျက်နှာအဆင်းသည် ကြည်လင်၏၊
(၁၀) မတွေဝေပဲနှင့် စုတေ သေလွန်ရ၏၊

(၁၁) ထိုထက်အလွန်ဖြစ်သော မဂ်ဉာဏ်ကို မရခဲ့ပါသော် ဗြဟ္မာ့ပြည်သို့ လားရာ၏–ဟူသော မေတ္တာ၏ အကျိုးအာနိသင် တဆယ့်တပါးကို ဟောတော်မူထားသည့်အတိုင်း သင်သည် ဤစိတ်ကို အကယ်၍ မငြိမ်းစေသည်ဖြစ်အံ့၊ ဤမေတ္တာအာနိသင်တို့ကို မခံစားရပဲ ရှိလေအံ့ဟု ဆင်ခြင်အောက်မေ့ အပ်၏။

**ကောဋ္ဌာသအားဖြင့် ဆင်ခြင်လျက် အမျက်ဖျောက်ခြင်း။** ။ဤသို့ မေတ္တာ၏ အကျိုးအာနိသင်တို့ကို ဆင်ခြင်အောက်မေ့ အပ်ပါသော်လည်း ထိုအမျက်ဒေါသကို ငြိမ်းစေခြင်းငှါ မတတ်နိုင်ခဲ့ပါသည်ရှိသော် အဘယ်အရာကို အမျက်ထွက်သနည်း၊ ဆံပင်တို့အား အမျက်ထွက်သလော၊ ထိုသို့မဟုတ်မူ အမွေးတို့အား၎င်း ခြေသည်းလက်သည်းတို့အား၎င်း အမျက်ထွက်ပါသလော ။ပ။ ကျင်ငယ်အား၎င်း အမျက်ထွက်ပါသလော။

**ဓာတ်အားဖြင့် ဆင်ခြင်လျက် အမျက်ပျောက်ခြင်း။** ။တနည်း ဆံပင်အစရှိသည်တို့၌ ပထဝီဓာတ်အား အမျက်ထွက်ပါသလော၊ အာပေါဓာတ်အား၎င်း တေဇောဓာတ်အား၎င်း ဝါယောဓာတ်အား၎င်း အမျက်ထွက်ပါသလော။

**ခန္ဓာအာယတနစသည်ဖြင့် အောက်မေ့လျက် အမျက်ဖျောက်ခြင်း** အကြင် အကြင် ခန္ဓာ အာယတန ဓာတ်တို့ကို အစွဲပြုပြီး တော့မှရင် ဤပုဂ္ဂိုလ်ကို ဤအမည်ရှိပါပေ၏ဟူ၍ ဆိုအပ်ပါပေ၏၊ ထိုခန္ဓာငါးပါးစသည်တို့တွင် ရူပက္ခန္ဓာအား

အမျက်ထွက်ပါသလော၊ သို့မဟုတ် ဝေဒနာက္ခန္ဓာအားရင်း သညာက္ခန္ဓာအားရင်း သင်္ခါရက္ခန္ဓာအားရင်း ဝိညာဏက္ခန္ဓာအားရင်း အမျက်ဒေါသ ထောင်းထောင်းထပါသလော၊ တနည်း စက္ခာယတနကို အမျက်ထွက်ပါသလော။ပ။

တနည်း စက္ခုဓာတ်ကို အမျက်ထွက်ပါသလော။ပ။ မနောဓာတ်အားရင်း ဓမ္မဓာတ်အားရင်း မနောဝိညာဏဓာတ်အားရင်း အမျက်ထွက်ပါသလောဟု ဓာတ်တို့ကို ခွဲခြမ်းဝေဖန်ခြင်းကို ပြုအပ်၏။

အဲဒီလို ဓာတ်တို့ကို ခွဲခြမ်းဝေဖန်သော ပုဂ္ဂိုလ်အား ပွတ်ဆောက်ဖျား၌ မုန်ညင်းစေ့၏တည်ရာဌာနသည် မရှိသကဲ့သို့ရင်း ကောင်းကင်၌ ပန်းချီဆေးရေးအမှု၏ တည်ရာဌာနသည် မရှိသကဲ့ရင်း အမျက်ဒေါသ၏ တည်ရာဌာနသည် မရှိနိုင် (မဖြစ်နိုင်)တော့ချေ။

**ဆွမ်းစသော အာမိသကို အာရုံပြုလျက် အမျက်ဖျောက်ခြင်း။**　။ဆက်ကြဦးစို့ အဲဒီလို ဓာတ်တို့ကို ခွဲခြမ်းဝေဖန်ခြင်းကို ပြုခြင်းငှါ မတတ်နိုင်သော ပုဂ္ဂိုလ်သည် ဆွမ်းစသော အာမိသကို ခွဲခြမ်းဝေဖန်ခြင်းကို ပြုအပ်၏၊ မိမိ၏ ဥစ္စာကို ရန်သူအားပေးအပ်၏၊ ရန်သူ၏ ဥစ္စာကို မိမိသည်ပင် ယူအပ်၏၊ ရန်သူသည် မစင်ကြယ်သော အသက်မွေးခြင်းရှိသည် သုံးဆောင်ခြင်းငှါ မထိုက်သော အသုံးအဆောင်ပရိက္ခရာရှိသည် အကယ်၍ ဖြစ်ခဲ့ငြားအံ့၊ မိမိ၏ဥစ္စာကိုသာလျှင် ပေးအပ်၏။

အဲဒီလို ဝေဖန်ခြင်းကိုပြုသော ထိုပုဂ္ဂိုလ်အား စင်စစ်အားဖြင့် ထိုရန်သူဖြစ်သော ပုဂ္ဂိုလ်၌ အမျက်ဒေါသသည် ငြိမ်းပေ၏၊ ရန်သူသည်လည်း အတိတ်ဘဝမှ အစဉ်လိုက်ပါလာသော အမျက်ဒေါသသည် ထိုခဏမှာပင်လျှင် ငြိမ်းလေ၏။

**လှူဒါန်းခြင်းဖြင့် အမျက်ဖျောက်သော မထေရ်အကြောင်း။**　။စိတ္တလတောင်ကျောင်း၌ သုံးကြိမ်တိုင်တိုင် ရန်သူ မဟာထေရ်လာသည်ဖြစ်၍ ပြောင်းရွှေ့သွားရသော ပိဏ္ဍပါတိက မထေရ်သည် “အရှင်ဘုရား ရှစ်အသပြာ ထိုက်တန်ပါသော ဤသပိတ်ကို အကျွန်ုပ်၏ မယ်တော်ကြီးသည် လှူဒါန်းထားသောကြောင့် တရားသဖြင့် ရအပ်သော ပစ္စည်းဖြစ်ပါသည်ဘုရား၊ မယ်တော်ကြီး၏ စင်ကြယ်စွာ လှူဒါန်းထားပါသော ကောင်းမှုတည်းဟူသော သပိတ်ကို အလှူခံတော်မူပါဘုရား”ဟု ဆို၍ ပေးလှူသော သပိတ်ကိုရသော မဟာထေရ်သည် ရန်သူပုဂ္ဂိုလ်အား ရန်ငြိုးဖွဲ့ခြင်းကို ငြိမ်းအေးစေဘိသကဲ့သို့ ထိုသို့ ပေးကမ်းစွန့်ကြဲခြင်းမည်သည်ကား ကြီးစွာသော တန်းခိုးအာနုဘော်ရှိပါပေ၏။ထို့ကြောင့် မြတ်စွာဘုရားရှင်သည်–

**ပေးကမ်းစွန့်ကြဲလျက် အမျက်ဖျောက်ခြင်း။** ။ပေးကမ်း စွန့်ကြဲ ခြင်းသည် မယဉ်ကျေးသော သူကို ယဉ်ကျေးစေတတ်၏၊ ပေးကမ်း စွန့်ကြဲခြင်းသည် အလုံးစုံသော အကျိုးကျေးဇူးတို့ကို ပြီးစေတတ်၏၊ ပေးကမ်းစွန့်ကြဲခြင်းဖြင့်ရင်း ချစ်ခင်ဖွယ်ရာဖြစ်သော စကားကို ဆိုသဖြင့်ရင်း မျက်နှာပန်းပွင့်ပြီး မြင့်မြတ်တတ်၏၊ အလှူခံပုဂ္ဂိုလ်တို့သည်လည်း ပေးလှူသော သူကို ညွတ်ကိုင်း လာတတ်ကြကုန်၏။

အဲဒီလို ဤဆိုအပ်ကုန်ပြီးသော အခြင်းအရာတို့ဖြင့် ရန်သူဖြစ်သော ပုဂ္ဂိုလ်၌ အမျက်ဒေါသ ငြိမ်းစေအပ်ပြီးသော ယောဂီအား ချစ်ခင်အပ်သောပုဂ္ဂိုလ်, အလွန်ချစ်ခင်အပ်သော အဆွေခင်ပွန်း, လျစ်လျူရှုရမည့် ပုဂ္ဂိုလ်တို့၌ မေတ္တာကို ဖြစ်စေသည်၏ အစွမ်းဖြင့် စိတ်သည် ဖြစ်လေဘိသကဲ့သို့ ဤအတူ ရန်သူဖြစ်သော ပုဂ္ဂိုလ်၌လည်း မေတ္တာ၏အစွမ်းဖြင့် စိတ်သည် ဖြစ်ခဲ့ပေ၏။

**ပုဂ္ဂိုလ်လေးဦးတို့၌ မေတ္တာတူမျှစွာထားနိုင်ခြင်း။** ။ထို့နောက် ဤယောဂီသည် အဖန် တလဲလဲ မေတ္တာပွားသည်ဖြစ်၍ မိမိ၌ရင်း, မိမိချစ်ခင်အပ်သော 'ပိယ' ပုဂ္ဂိုလ်၌ရင်း, လျစ်လျူရှုအပ်သော 'မဇ္ဈတ္တ' ပုဂ္ဂိုလ်၌ရင်း, ရန်သူဖြစ်သော 'ဝေရီ' ပုဂ္ဂိုလ်၌ရင်း၊ အဲဒီ လေးဦးသော ပုဂ္ဂိုလ်တို့၌ မျှသော တူမျှသော စိတ်ရှိသည်၏ အဖြစ်ကို ပြည့်စုံစေ၍ အပိုင်းအခြားကို ပယ်ဖျက်ခြင်း 'သီမာသမ္ဘေဒ'[၁] ကို ပွားအပ်ပေ၏။

**သီမာသမ္ဘေဒ(အပိုင်းအခြားဖျက်ခြင်း)အကြောင်း။** ။ဤ ဆိုလတ္တံ့သည်ကား အပိုင်း အခြားကို ပယ်ဖျက်ခြင်း 'သီမာသမ္ဘေဒ'၏ လက္ခဏာပေတည်း၊ မိမိနှင့်တကွ မိမိချစ်အပ်သော 'ပိယ' ပုဂ္ဂိုလ်, လျစ်လျူရှုအပ်သော 'မဇ္ဈတ္တ'ပုဂ္ဂိုလ်, ရန်သူဖြစ်အပ်သော'ဝေရီ' ပုဂ္ဂိုလ်၊ ဤ ပုဂ္ဂိုလ် လေးယောက်တို့သည် တခုသော အရပ်၌ နေကြသည်ရှိသော် သူခိုး ဒါးပြတို့သည် လာကြပြီး "အရှင်ဘုရား အကျွန်ုပ်တို့အား တပါးသော ရဟန်းကို ပေးတော်မူပါ"ဟု ဆိုသည်ရှိသော် "အဘယ့်ကြောင့် ပေးရမည်နည်း"ဟု ဆိုခဲ့ပါသော် "ထိုရဟန်းကို သတ်ပြီးတော့မှ လည်ချောင်းသွေးကို ယူပြီး ယဇ်နတ် ပူဇော်ရန် အလိုရှိပါသဖြင့် ပေးတော်မူပါ"ဟု အကယ်၍ ဆိုငြားအံ့၊ ထိုလေးယောက်သော ပုဂ္ဂိုလ်တို့တွင် ထိုရဟန်းသည် "ဤမည်သော ရဟန်းကိုရင်း, ဤမည်သော ရဟန်းကိုရင်း ယူစေသတည်း"ဟု အကယ်၍ ကြံမိငြားအံ့၊ အပိုင်းအခြားကို ပယ်ဖျက်ခြင်း 'သီမာသမ္ဘေဒ'ကို မပွားသည်သာလျှင် ဖြစ်၏။

---

၁။ အပိုင်းအခြားကို ဖျက်ဆီးခြင်း(=တသားတည်း ဖြစ်စေခြင်း)။

"ငါ့ကိုပင် ယူကြပါ၊ အဲဒီ သုံးယောက်တို့ကို မယူကြပါနှင့်"ဟု ဤကဲ့သို့လည်း အကယ်၍ ကြံဌြားအံ့၊ အပိုင်းအခြားကို ပယ်ဖျက်ခြင်း 'သီမာသမ္ဘေဒ' ကို မပြုသည်သာလျှင် ဖြစ်၏၊ အဘယ့်ကြောင့် ဆိုခဲ့ပါသော် အကြင်အကြင်သို့သောသူအား ယူခြင်းကို အလိုရှိ၏၊ ထိုထိုသို့သော သူတို့၏ အစီးအပွါးမဲ့ကို အလိုရှိသည် ဖြစ်ရာ၏၊ ဤပုဂ္ဂိုလ်မှ တပါးသော သူတို့၏ အစီးအပွါးကို အလိုရှိသည်လည်း ဖြစ်ရာ၏၊ ထို့ကြောင့် အပိုင်းအခြားကို ပယ်ဖျက်ခြင်း 'သီမာသမ္ဘေဒ'ကို မပြုသည်သာလျှင် ဖြစ်၏။

**သီမာသမ္ဘေဒ ဖြစ်ပုံ။** ။အလျော်ကို ဆက်ကြဦးစို့၊ အကြင်အခါဝယ် လေးယောက်ကုန်သော သူတို့တွင် ခိုးသူတို့အား ပေးစကောင်းသော သူသည်ကား တယောက်ကိုမျှပင် မမြင်ပေ၊ မိမိ၌ဎင်း, သုံးယောက်ကုန်သော သူတို့၌ဎင်း ခိုးသူတို့အား ပေးစကောင်းသော သူသည်ကား တယောက်ကိုမျှပင် မမြင်ပေ၊ မိမိ၌ဎင်း, သုံးယောက်ကုန်သောသူတို့၌ဎင်း တူမျှသော စိတ်ကို ဖြစ်စေအံ့၊ ထိုအခါ အပိုင်းအခြားကို ပယ်ဖျက်ခြင်း 'သီမာသမ္ဘေဒ' ပြုခြင်းသည် ဖြစ်ပါပေ၏။

ထို့ကြောင့်လည်း ရှေးဆရာတို့သည်—

မိမိ၌ဎင်း, မိမိချစ်ခင်အပ်သော ပုဂ္ဂိုလ်၌ဎင်း, လျစ်လျူရှုအပ်သော ပုဂ္ဂိုလ်၌ဎင်း, ရန်သူဖြစ်သော ပုဂ္ဂိုလ်၌ဎင်း၊ အဲဒီ လေးယောက်သော ပုဂ္ဂိုလ်တို့၌ အကြင်အခါဝယ် ထူးခြားသည်၏ အဖြစ်ကို မြင်၏၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်ကို သတ္တဝါတို့၏ အစီးအပွါးကို လိုလား တောင့်တစိတ် ရှိသောသူပါကလား ဟူ၍ ဆိုအပ်ပေ၏။

မေတ္တာကို လိုတိုင်းရသောသူ ဟူ၍ဎင်း အလွန်လိမ်မာသောသူဟူ၍ဎင်း မဆိုနိုင်သေးပေ၊ အကြင်အခါ၌ကား အကြင်ရဟန်းအား မိမိကိုယ်စသော အပိုင်းအခြား (ဖြစ်သော လေးသိမ်) တို့သည် ပျက်ကုန်၏။

နတ်နှင့်တကွသော အလုံးစုံသော လောကကြီးကို မေတ္တာရေဖြင့် အညီအမျှ ဖျန်းပက်၏၊ အကြင်ရဟန်းအား ပုဂ္ဂိုလ်အသီးသီးတို့၏ အပိုင်းအခြားကို မသိ၊ ထိုရဟန်းသည် ထူးခြားစွာ ရှုမြင်အပ်သော မိမိကိုယ် မိမိချစ်အပ်သော စသည့်(အတ္တစသည်တို့၌ နာနတ္တကိုရှုသော) ရှေးပုဂ္ဂိုလ်တို့ထက် ဘာဝနာအားဖြင့် ကြီးမြတ် ထူးလွန်ခြင်းသည် ဖြစ်ခဲ့ပါပေ၏။

**သီမာသမ္ဘေဒဖြစ်မှ နိမိတ်နှင့်တကွ ဥပစာရသမာဓိရခြင်း** ဤ ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့် အပိုင်း အခြားကို ပယ်ဖျက်သည်နှင့်မျှသော ကာလ၌သာလျှင် ဤမေတ္တာကမ္မ

ဌာန်းကို အားသစ်နေသော ရဟန်းသည် နိမိတ်ကိုဂုဏ်း ဥပစာရဈာန်ကိုဂုဏ်း ရသည် ဖြစ်ခဲ့ပေ၏။

**နိမိတ်ကို အဖန်တလဲလဲ ပွါးများက အပ္ပနာသမာဓိ ရနိုင်ခြင်း**

အပ္ပနာ ရခြင်း၏ အကြောင်းကို ဆိုကြဦးစို့၊ အပိုင်းအခြား ပယ်ဖျက်မှုကို ပြုပြီးခဲ့ပါသော် ထိုနိမိတ်ကိုပင် မှီဝဲခြင်း ပွါးများခြင်း ကြိမ်ဖန်များစွာ လေ့လာခြင်း အမှုတို့တို့ ပြုခဲ့ပါသည်ရှိသော် လွယ်လွယ်ကူကူ မငြိုမငြင် မူ၍ သာလျှင် အပ္ပနာသို့ ရောက်နိုင်ပေ၏။

ဤကဲ့သို့သော ဘာဝနာကို အားထုတ်ခြင်းဖြင့် ဤ ယောဂီပုဂ္ဂိုလ်သည် အင်္ဂါငါးပါးကို ပယ်အပ်၏၊ အင်္ဂါငါးပါးနှင့် ပြည့်စုံ၏၊ သုံးပါးသော ကောင်းခြင်းရှိ၏၊ ဆယ်ပါးသော လက္ခဏာနှင့် ပြည့်စုံ၏၊ မေတ္တာနှင့်တကွဖြစ်သော ပဌမဈာန်ကို ရအပ်ပါပေ၏။

**ဈာန်အဆင့်ဆင့်တက်ပုံ။**

။ထိုပဌမဈာန်ကို ရခဲ့ပါသည်ရှိသော် ထိုနိမိတ်ကိုပင်လျှင် မှီဝဲခြင်း ပွါးများခြင်း ကြိမ်ဖန်များစွာ လေ့လာခြင်း အမှုတို့ကို ပြုခဲ့ပါမူကား–စတုက္ကနည်းအရ ဒုတိယဈာန် တတိယဈာန်တို့သို့ဂုဏ်း ပဥ္စကနည်းအရ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တို့သို့ဂုဏ်း ရောက်နိုင်ပါပေ၏။

ထိုမေတ္တာကမ္မဋ္ဌာန်းကို အားသစ်သော ယောဂီသည် ပဌမဈာန် အစရှိသည်တို့တွင် တပါးပါး၏ အစွမ်းဖြင့် မေတ္တာနှင့်အတူဖြစ်သော စိတ်ဖြင့် တခုသော အရပ်ကို ဖြန့်၍နေ၏၊ ထို့အတူ နှစ်ခုသော အရပ်ကို၊ ထို့အတူ သုံးခုသော အရပ်ကို၊ ထို့အတူ လေးခုသော အရပ်ကို ဖြန့်၍နေ၏။ ဤသို့ သဘောရှိသော နည်းဖြင့် အထက် အရပ်မျက်နှာ, အောက် အရပ်မျက်နှာ, ထောင့် အရပ်မျက်နှာများကိုဂုဏ်း ဖြန့်၍နေ၏။

အလုံးစုံသော အရပ်မျက်နှာတို့၌ အလုံးစုံသော သတ္တဝါရှိသော သတ္တလောကကို အယုတ် အလတ် အမြတ် မိတ်ဆွေ ရန်သူ လျစ်လျူရှုရမည့်သူ အစရှိကုန်သော သတ္တဝါတို့၌ မိမိကိုယ်နှင့် တူမျှစွာ ဉပါဒ် သည်မှ ဘင်တိုင်အောင် မေတ္တာနှင့်တကွ ဖြစ်သော ပြန့်နှံ့သော မဟဂ္ဂုတ်ဖြစ်သော အတိုင်းအရှည် မရှိသော သတ္တဝါလျှင် အာရုံရှိသော ဗျာပါဒမှ ကင်းသော မနောပဒေါသဟု ဆိုအပ်သော စေတသိက ဒုက္ခမှ ကင်းသော စိတ်ဖြင့် ပြန့်နှံ့၍ နေပေ၏၊ ပဌမဈာန် အစရှိသည်တို့၏ အစွမ်းဖြင့် အပ္ပနာသို့ ရောက်သော စိတ်ရှိသော ယောဂီပုဂ္ဂိုလ်အားသာလျှင် ဈာန်၏ ကွန့်မြူးစံပယ်ခြင်းဟူသော အပ္ပနာသည် ပြည့်စုံပါပေ၏။

ပဋိသမ္ဘိဒါမဂ်၌လည်း အနောဓိသ[၁] ဩဓိသ[၂] ဒိသာဖရဏ မေတ္တာစေတောဝိမုတ္တိဟူ၍ မေတ္တာတရားကို ပွါးများရန် ဟောတော်မူထားပါသည်။

**အနောဓိသ မေတ္တာစေတောဝိမုတ္တိ ၅-ပါး။** ။(က) အလုံးစုံသော သတ္တဝါတို့သည် (ခ) အလုံးစုံသော ထွက်သက် ဝင်သက်ရှိသော သတ္တဝါတို့သည် (ဂ) အလုံးစုံသော ကံကိလေသာကြောင့်ဖြစ်သော သတ္တဝါတို့သည် (ဃ) အလုံးစုံသော ပုဂ္ဂိုလ်တို့သည် (င) အလုံးစုံသော ခန္ဓာကိုယ် အတ္တဘော၌ အကျုံးဝင်ကုန်သော သတ္တဝါတို့သည် အတွင်းရန် အပရန်ဟု ဆိုအပ်သော ရန်မရှိကြကုန်သည်၊ ဗျာပါဒကင်းကြကုန်သည်၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်း ကင်းကြကုန်သည် ဖြစ်ကြပါစေ၊ ချမ်းသာစွာ မိမိတို့၏ ခန္ဓာကိုယ် အတ္တဘောကို ဆောင်နိုင်ကြပါစေ။

ဤသို့ ငါးပါးကုန်သော အခြင်းအရာတို့ဖြင့် သတ္တဝါကို မပိုင်းခြားသော (အပိုင်းအခြား မရှိသော) အားဖြင့် နှံ့စေအပ်သော မေတ္တာစေတော ဝိမုတ္တိကို သိအပ်ပေ၏။

**ဩဓိသ မေတ္တာစေတော ဝိမုတ္တိ ၇-ပါး။** ။(က) အလုံးစုံသော မိန်းမတို့သည် (ခ) အလုံးစုံသော ယောကျ်ားတို့သည် (ဂ) အလုံးစုံသော အရိယာတို့သည် (ဃ) အလုံးစုံသော ပုထုဇဉ်တို့သည် (င) အလုံးစုံသော နတ်တို့သည် (စ) အလုံးစုံသော လူတို့သည် (ဆ) အလုံးစုံသော ဝိနိပါတိက သတ္တဝါတို့သည် အတွင်းရန် အပရန်ဟု ဆိုအပ်သော ရန်မရှိကြကုန်သည်၊ ဗျာပါဒကင်းကြကုန်သည်၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်း ကင်းကြကုန်သည် ဖြစ်ကြပါစေ၊ ချမ်းသာစွာ မိမိတို့၏ ခန္ဓာကိုယ် အတ္တဘောကို ဆောင်နိုင်ကြပါစေ။

ဤသို့ ခုနစ်ပါးကုန်သော မိန်းမယောကျ်ား စသည်ကို ပိုင်းခြားသောအားဖြင့် နှံ့စေအပ်သော မေတ္တာစေတောဝိမုတ္တိကို သိအပ်ပေ၏။

**ဒိသာဖရဏမေတ္တာစေတောဝိမုတ္တိ ၁၀-ပါး။** ။(က) အလုံးစုံသော အရှေ့အရပ်၌ (ခ) အလုံးစုံသော အနောက်အရပ်၌ (ဂ) အလုံးစုံသော မြောက်အရပ်၌ (ဃ) အလုံးစုံသော တောင်အရပ်၌ (င) အလုံးစုံသော အရှေ့တောင့်အရပ်၌ (စ) အလုံးစုံသော အနောက်တောင့် အရပ်၌ (ဆ) အလုံးစုံသော မြောက်ထောင့် အရပ်၌ (ဇ)

---

၁။ အနောဓိ=အပိုင်းအခြားမရှိ မေတ္တာပြန့်နှံ့ခြင်း။

၂။ ဩဓိ=ပိုင်းခြား၍ မေတ္တာပြန့်နှံ့ခြင်း။

အလုံးစုံသော တောင်ထောင့်အရပ်၌ (ဈ) အလုံးစုံသော အောက်အရပ်၌ (ည) အလုံးစုံသော အထက်အရပ်၌ တည်ရှိကြကုန်သော သတ္တဝါတို့သည် အတွင်းရန် အပရန်ဟု ဆိုအပ်သော ရန်မရှိကြကုန်သည် ဖြစ်ကြပါစေ။

(က) အလုံးစုံသော အရှေ့အရပ်၌ (ခ) အလုံးစုံသော အနောက်အရပ်၌ (ဂ). အလုံးစုံသော မြောက်အရပ်၌ (ဃ) အလုံးစုံသော တောင်အရပ်၌ (င) အလုံးစုံသော အရှေ့ထောင့်အရပ်၌ (စ) အလုံးစုံသော အနောက်ထောင့်အရပ်၌ (ဆ) အလုံးစုံသော မြောက်ထောင့်အရပ်၌ (ဇ) အလုံးစုံသော တောင်ထောင့်အရပ်၌ (ဈ) အလုံးစုံသော အောက်အရပ်၌ (ည) အလုံးစုံသော အထက်အရပ်၌—

တည်ရှိကြကုန်သော ထွက်သက် ဝင်သက်ရှိကြကုန်သော သတ္တဝါတို့သည်ငှင်း၊ ကံကိလေသာကြောင့် ဖြစ်ကြကုန်သော သတ္တဝါတို့သည်ငှင်း၊ ပုဂ္ဂိုလ်တို့သည်ငှင်း၊ ခန္ဓာကိုယ် အတ္တဘော၌ အကျုံးဝင်ကြကုန်သော သတ္တဝါတို့သည်ငှင်း၊ မိန်းမတို့သည်ငှင်း၊ ယောကျ်ားတို့သည်ငှင်း၊ အရိယာတို့သည်ငှင်း၊ ပုထုဇဉ်တို့သည်ငှင်း၊ နတ်တို့သည်ငှင်း၊ လူတို့သည်ငှင်း၊ ဝိနိပါတိကာ အသုရာတို့သည်ငှင်း အတွင်းရန် အပရန်ဟု ဆိုအပ်သော ရန်မရှိကြကုန်သည် ဖြစ်ကြပါစေ ။ပ။ ချမ်းသာစွာ မိမိ မိမိတို့၏ ခန္ဓာကိုယ် အတ္တဘောကို ဆောင်နိုင်ကြပါစေ။

ဤသို့ ဆယ်ပါးကုန်သော အခြင်းအရာတို့ဖြင့် အရပ်မျက်နှာအားဖြင့် နှံ့စေအပ်သော မေတ္တာစေတောဝိမုတ္တိကို သိအပ်ပေ၏။

## ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ ၅၂၈-သွယ် မေတ္တာ

ဤမေတ္တာနှင့် စပ်လျဉ်း၍ မေတ္တာတရားသည် ၅၂၈-ပါး ရှိသည်ဟု အများပြောဆိုလျက်ရှိကြ၏။ စင်စစ်မှာ မေတ္တာတရားကိုယ်က ၅၂၈-မျိုးရှိသောကြောင့် မဟုတ်၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ လာရှိသောအတိုင်း မေတ္တာပွါးများရမည့် နည်းလမ်းပေါင်း ၅၂၈-မျိုး ရှိနေသည့်အတွက် မေတ္တာ ၅၂၈-ပါးဟု ပြောဆိုနေခြင်းဖြစ်သည်ဟု မှတ်အပ်၏။

၅၂၈-နည်း ဖြစ်ပုံမှာ ပုဂ္ဂိုလ်သတ္တဝါတို့ကို အပိုင်းအခြား မထားခြင်းတည်းဟူသော အနောဓိသ ငါးမျိုး ရှိ၏။ ထိုငါးမျိုးမှာ——

(၁) သဗ္ဗေ သတ္တာ=အလုံးစုံသော သတ္တဝါတွေ၊

(၂) သဗ္ဗေ ပါဏာ=အလုံးစုံ သက်ရှိသော အရာတွေ၊

(၃) သဗ္ဗေ ဘူတာ=အလုံးစုံသော ကိုယ်ထင်ရှားရှိသော အရာတွေ၊

(၄) သဗ္ဗေ ပုဂ္ဂလာ=အလုံးစုံသော ပုဂ္ဂိုလ်တွေ၊

(၅) သဗ္ဗေ အတ္တဘာဝပရိယာပန္နာ=အလုံးစုံ ကိုယ်အတ္တဘော အတွင်း၌ အကျုံးဝင်နေသောအရာတွေ၊ သုံးဆယ်တစ်ဘုံအတွင်းရှိသမျှ သတ္တဝါတွေကို ဤငါးမျိုးတွင် တမျိုးမျိုးဖြင့် ခေါ်ဆိုစိတ်ညွှတ်လိုက်လျှင်ပင် အလုံးစုံ မကြွင်းမကျန် ပါဝင်ကုန်တော့သည်။ ဤငါးမျိုးတွင် မပါဝင်သော သတ္တဝါဟူ၍ မရှိသော ကြောင့် ဤငါးမျိုးကို အနောဓိသ ငါးမျိုးဟု ခေါ်ကြ၏။ (အနောဓိသ ပုဂ္ဂိုလ် ငါးမျိုးဟူ၍လည်း ခေါ်ဆို၏၊) အနောဓိသဟူသော ပါဠိ၌ ပါရှိသည့် ဩဓိသဒ္ဒါ သည် အပိုင်းအခြားဟူသော အနက်ကို ဟော၏၊ အနောဓိသဟု ဆိုသော ကြောင့် အပိုင်းအခြား မထားဟူသော အဓိပ္ပါယ်ကို ရ၏။

**သတ္တဝါနှင့်ပုဂ္ဂိုလ်အထူး။** ။ပါဠိ၌ သတ္တဝါဟု ဆိုလျှင်လည်း သုံးဆယ်တစ်ဘုံရှိ သတ္တဝါ အလုံးစုံကိုပင် ရ၏၊ ပုဂ္ဂလ=ပုဂ္ဂိုလ်ဟု ဆို လျှင်လည်း ထိုအတူ သုံးဆယ့်တစ်ဘုံသား အလုံးစုံကိုပင် ရ၏၊ အဆင့်အတန်း ထူးခြား ကွဲပြားခြင်း တစုံတရာမျှ မရှိ၊ သတ္တဟု ခေါ်လျှင် ပုဂ္ဂလဟုလည်း ခေါ်နိုင် ၏၊ ပုဂ္ဂလဟု ခေါ်လျှင်လည်း သတ္တဟုလည်း ခေါ်နိုင်၏၊ မြန်မာဝေါဟာရမှာ ကား သတ္တဝါနှင့်ပုဂ္ဂိုလ်ကို အဆင့်အတန်း များစွာ ခွဲခြားထားလေသည်။ ယုတ် ညံ့သော အရာစုကိုသာ မိုက်မဲသောသတ္တဝါ ယုတ်ညံ့သော သတ္တဝါဟု ခေါ်ဝေါ် သုံးနှုန်း၍ မိုက်မဲသောပုဂ္ဂိုလ် ယုတ်ညံ့သောပုဂ္ဂိုလ်ဟူ၍ လုံးဝ ခေါ်ဝေါ်သုံးစွဲ ခြင်း မပြုကြ။

ပုဂ္ဂိုလ်ဟူသော စကားလုံးကို သုံးရာမှာလည်း မြတ်သော ပုဂ္ဂိုလ်ကြီးများ, ထူးကဲသော ပုဂ္ဂိုလ်ကြီးများစသည်ဖြင့် သုံးနှုန်းပြောဆိုကြသည်၊ မြတ်သော သတ္တဝါကြီးများ ထူးကဲသော သတ္တဝါကြီးများဟု သုံးစွဲခြင်း အလျဉ်းမပြုကြချေ။ ယုတ်ညံ့သော သက်ရှိဝတ္ထုကို သတ္တဝါဟု ခေါ်ဆိုသုံးနှုန်း၍ မြတ်သော သက်ရှိ ဝတ္ထုကိုကား ပုဂ္ဂိုလ်ဟူ၍ သုံးနှုန်းသည်ဟု ဆိုလိုရင်းဖြစ်သည်။

ဤသို့ ပါဠိ မြန်မာ အသုံးအနှုန်း ထူးခြားသည့်နေရာမှာ ထူးခြားနေသည်ကို လည်း သတိပြုရ၏။ ဩဓိသ=အပိုင်းအခြားထား၍ မေတ္တာပွားရာမှာလည်း—

(၁) သဗ္ဗာ ဣတ္ထိယော=အလုံးစုံသော မိန်းမတွေ၊
(၂) သဗ္ဗေ ပုရိသာ=အလုံးစုံသော ယောကျ်ားတွေ၊
(၃) သဗ္ဗေ အရိယာ=အလုံးစုံ မြင့်မြတ်သော ပုဂ္ဂိုလ်တွေ၊
(၄) သဗ္ဗေ အနရိယာ=အလုံးစုံ မမြင့်မြတ်သော ပုဂ္ဂိုလ်တွေ၊
(၅) သဗ္ဗေ ဒေဝါ=အလုံးစုံသော နတ် ဗြဟ္မာတွေ၊
(၆) သဗ္ဗေ မနုဿာ=အလုံးစုံသော လူတွေ၊
(၇) သဗ္ဗေ ဝိနိပါတိကာ=အလုံးစုံ ပြိတ္တာပျက်စီးနေသော ပြိတ္တာတွေ၊

ဤခုနစ်မျိုးတွင် တမျိုး တမျိုးလျှင် လိုရာကို ပိုင်းခြား သတ်မှတ်ထားသည် ချည်း ဖြစ်သောကြောင့် ဩဓိသ ခုနစ်မျိုးဟု ခေါ်ကြ၏။ (ဩဓိသပုဂ္ဂိုလ် ခုနစ် မျိုးဟုလည်း ခေါ်ဆို၏။)

ဤသို့လျှင် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ လာသောအတိုင်း အနောဓိသပုဂ္ဂိုလ် ငါးပါး၊ ဩဓိသပုဂ္ဂိုလ် ခုနစ်ပါးဟူ၍ မေတ္တာပွါးရမည့်ပုဂ္ဂိုလ် တဆယ့်နှစ်ပါးကို ရှေးဦးစွာ သိမှတ်ရာ၏။

ထို ပုဂ္ဂိုလ် တဆယ့်နှစ်ပါးတို့၌လည်း မေတ္တာ ပွါးများပုံ အခြင်းအရာ ကိုလည်း–

(၁) အဝေရာ ဟောန္တု=ရန်မရှိသည် ဖြစ်ကြပါစေ၊

(၂) အဗျာပဇ္ဇာ ဟောန္တု=စိတ်မချမ်းသာမှု ကင်းသည်ဖြစ်ကြပါစေ၊

(၃) အနီဃာ ဟောန္တု=ဆင်းရဲခြင်း မရှိသည် ဖြစ်ကြပါစေ၊

(၄) သုခီ အတ္တာနံ ပရိဟရန္တု=ချမ်းသာစွာ ကိုယ်စိတ် နှစ်ပါးကို ဆောင်နိုင်ကြပါစေ–ဟူ၍ လေးပါး ဟောကြားတော်မူ၏။

ပုဂ္ဂိုလ် တဆယ့်နှစ်ပါးတွင် တပါး တပါးလျှင် မေတ္တာပွါးခြင်း အခြင်းအရာ လေးပါးစီ လေးပါးစီ ရှိသောကြောင့် ပေါင်း တဆယ့်နှစ်ပါးလေးလီ(၁၂×၄= လီ)ဖြစ်ရကား လေးဆယ့်ရှစ်ပါး ရ၏။

အလုံးစုံသော သတ္တဝါတွေ ရန်မရှိသည် ဖြစ်ကြပါစေ၊ စိတ်မချမ်းသာမှု ကင်းသည် ဖြစ်ကြပါစေ၊ ဆင်းရဲခြင်း မရှိသည် ဖြစ်ကြပါစေ၊ ချမ်းသာစွာ ကိုယ်စိတ် နှစ်ပါးကို ဆောင်နိုင်ကြပါစေ–စသည်ဖြင့် ပုဂ္ဂိုလ် တဆယ့်နှစ်ပါး စေ့အောင် ပွါးကြည့်လေ၊ လေးဆယ့်ရှစ်ပါးရကြောင်း ကိုယ်တွေ့ သိလာပေလိမ့်မည်၊ ဤ လေးဆယ့်ရှစ်ပါးသည် အရပ်မျက်နှာ အထူး မမှတ်သားပဲ ပွါးအပ်သော မေတ္တာများ ဖြစ်ကြ၏။

တဖန် အရပ်မျက်နှာကို မှတ်သား၍ ပွါးသောအခါ အရှေ့အရပ်၊ အနောက် အရပ်၊ မြောက်အရပ်၊ တောင်အရပ်၊ အရှေ့တောင်အရပ်၊ အနောက်မြောက် အရပ်၊ အရှေ့မြောက်အရပ်၊ အနောက်တောင်အရပ်၊ အောက်အရပ်၊ အထက် အရပ်ဟူ၍ အရပ်ဆယ်မျက်နှာ ရှိသောကြောင့် တမျက်နှာ တမျက်နှာလျှင် လေးဆယ့်ရှစ်ပါးစီ ရနိုင်၍ ဆယ်မျက်နှာအတွက် ပေါင်းလိုက်လျှင် လေးရာ့ ရှစ်ဆယ်ဖြစ်၏။

အရှေ့အရပ်မျက်နှာ၌ အလုံးစုံသော သတ္တဝါတွေ ရန်မရှိသည် ဖြစ်ကြ ပါစေ၊ စိတ်မချမ်းသာမှု ကင်းသည်ဖြစ်ကြပါစေ၊ ဆင်းရဲမရှိသည် ဖြစ်ကြ ပါစေ၊ ချမ်းသာစွာ ကိုယ်စိတ်နှစ်ပါးကို ဆောင်နိုင်ကြပါစေ၊

အရှေ့အရပ်မျက်နှာ၌ အလုံးစုံ အသက်ရှိသောအရာတွေ ရန်မရှိသည် ဖြစ်ကြပါစေ၊ စိတ်မချမ်းသာမှု ကင်းသည် ဖြစ်ကြပါစေ၊ ဆင်းရဲခြင်း မရှိသည် ဖြစ်ကြပါစေ၊ ချမ်းသာစွာ ကိုယ်စိတ်နှစ်ပါးကို ဆောင်နိုင်ကြပါစေ–စသည်ဖြင့် ပုဂ္ဂိုလ်တဆယ့်နှစ်ပါး အရပ်ဆယ်မျက်နှာ စေ့ငအောင် ပွါးကြည့်လေ၊ လေးရာ့ရှစ်ဆယ် ရကြောင်း ကိုယ်တွေ့ သိလာပေလိမ့်မည်။

**ငါးရာ့နှစ်ဆယ်ရှစ်သွယ်မေတ္တာရေတွက်ပြခြင်း။** ။ဤအရပ်မျက်နှာကို မှတ်သား၍ ပွါးသော မေတ္တာလေးရာ့ရှစ်ဆယ်နှင့် ရှေးအရပ်မျက်နှာ မမှတ်သားပဲ ပွါးသော မေတ္တာ လေးဆယ့်ရှစ်ပါးတို့ကို ပေါင်းလိုက်လျှင် (၄၈၀+၄၈=၅၂၈) သွယ်သော မေတ္တာ ဖြစ်လာ၏။

ဤငါးရာ့နှစ်ဆယ်ရှစ်သွယ်သော မေတ္တာပွါးနည်းကို အကျဉ်းချုပ်အားဖြင့် ရှေးဆရာတော်များက "မေတ္တာ"ပွါးနည်းဟူသော အမည်ဖြင့် အစဉ်အလာ ဝတ်ရွတ်စဉ် ထားတော်မူခဲ့ကြ ပေသည်။ တကယ်စင်စစ် မေတ္တာပွါးလိုသောအခါ မေတ္တာပွါးနည်း (၅၂၈) နည်းတို့တွင် ပဌမဆုံးနည်းဖြင့် မေတ္တာပွါးလိုလျှင်(ပါဠိလို) "သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု·"ဟု ဆို၍ ပွါးလျှင် ပဌမဆုံး မေတ္တာပွါးနည်း မှန်ကန်တော့၏။

မြန်မာလို ပွါးသပွါးများလိုက "သတ္တဝါအားလုံး ဘေးရန်ကင်းကြပါစေ" ဟု ဆို၍ ပွါးများပွါးသလိုလျှင် ပဌမဆုံးနည်း ပြည့်စုံမှန်ကန်တော့၏။ ဤ ပဌမနည်း တနည်းဖြင့်ပင် နှုတ်မြွက်၍ အဖန်ဖန် ပွါးများနေလျှင် မေတ္တာဘာဝနာကို ပွါးသည် မည်၏။ ပဌမနည်းကို မပွါးလိုပဲ ဒုတိယနည်းကို ပွါးလိုက (ပါဠိလို) "သဗ္ဗေ သတ္တာ အဗျာပဇ္ဇာ ဟောန္တု"၊ (မြန်မာလို) "သတ္တဝါအားလုံး စိတ်မချမ်းသာခြင်းမှ ကင်းကြပါစေ"ဟု ဆို၍ ပွါးများလျှင် မေတ္တာဘာဝနာကို ပွါးသည် မည်၏။

ဤနည်းအတိုင်း ငါးရာ့နှစ်ဆယ် ရှစ်သွယ်စေ့အောင် ဉာဏ်ဖြင့် စဉ်းစား သိရှိရာ၏။ ယခု ပြဆိုအပ်ပြီးသော ငါးရာ့နှစ်ဆယ် ရှစ်သွယ်သော မေတ္တာ ပွါးနည်းသည် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ ဟောကြားအပ်သော နည်းဖြစ်၍ အလွန်ထင်ရှား အသုံးများသော မေတ္တာပွါးနည်း ဖြစ်ပေ၏။ ဤ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ငါးရာ့နှစ်ဆယ် ရှစ်သွယ်သော အပ္ပနာတို့တွင် အမှတ်မရှိ တခုခုသော အခြင်းအရာ၏ အစွမ်းဖြင့် မေတ္တာစေတောဝိမုတ္တိကို ပွါးများသော ယောဂီပုဂ္ဂိုလ်သည် ချမ်းသာစွာ အိပ်ရ၏-အစရှိသော နည်းဖြင့် တဆယ့်တပါးသော အကျိုးတရားတို့ကို ရရာ၏။

## မေတ္တာအကျိုး ၁၁-ပါး အကျယ်

**ချမ်းသာစွာ အိပ်ရခြင်း အကြောင်း။** ။မေတ္တာ စေတော ဝိမုတ္တိရသူမှ ကြွင်းသောသူတို့သည် လကျာ် နံတောင်းဖြင့်သာ မလျောင်းမစက် မှောက်ခုံပက်လက် ထက်ဝန်းကျင် လူးလည်းကုန်လျက် ဃုရှူး-ဃုရှူးဟု ထွက်သက်ရှူသည်၏ အစွမ်းဖြင့် စက်ဆုပ်ဖွယ် ဖောက်ပြန်သော အသံကို ပြုကုန်လျက် (ဟောက်ကုန်လျက်) ဆင်းရဲငြိုငြင်စွာ အိပ်ရကုန်သကဲ့သို့ ထိုအတူ ဆင်းဆင်းရဲရဲ ငြိုငြိုငြင်ငြင် မအိပ်ရမူ၍ ချမ်းသာစွာ အိပ်ရ၏၊ အိပ်ပျော်သော်လည်း သမာပတ်ဝင်စားသော ပုဂ္ဂိုလ်ကဲ့သို့ ဖြစ်၏။

**ချမ်းသာစွာ နိုးခြင်း အကြောင်း။** ။မေတ္တာစေတောဝိမုတ္တိကို ရသူမှ တပါးကုန်သော သူတို့သည် ငြီးတွားကုန်လျက် တဆန့်ကျင်ကျင် တလိမ်လစ်လစ် ဖြစ်ကုန်လျက် ထက်ဝန်းကျင် လူးလည်းကုန်လျက် ဆင်းရဲငြိုငြင်စွာ နိုးကုန်သကဲ့သို့ ဤအတူ ဆင်းရဲငြိုငြင်စွာ မနိုးကုန်မူ၍ ပွင့်သော ပဒုမ္မာ ကြာပန်းကဲ့သို့ ချမ်းသာစွာ ကိုယ်၏ဖောက်ပြန်ခြင်း ကင်းသည်ဖြစ်၍ နိုးရ၏။

**အိပ်ပက်ဆိုးကို မမြင်မက်ခြင်းအကြောင်း။** ။အိပ်မက်ကို မြင်မက်သော်လည်း ကောင်းမြတ်သော အိပ်မက်ကိုသာလျှင် မြင်မက်ရ၏။ စေတီတော်ကို ရှိခိုး, ပူဇော်ခြင်းကို ပြုသကဲ့သို့ရှင်း တရားတော်ကို ကြားနာရဘိသကဲ့သို့ရှင်း ဖြစ်၏။ တပါးသော သူတို့သည်ကား မိမိကိုယ်ကို ခိုးသူဒါးပြတို့သည် ဝန်းရံအပ်သကဲ့သို့ရှင်း ခြင်္သေ့ ကျားစသော သားရဲတို့သည် နှိပ်စက်အပ်သကဲ့သို့ရှင်း ကမ်းပါးပြတ်၌ ကျဘိသကဲ့သို့ရှင်း မြင်မက်ကုန်သကဲ့သို့ ယုတ်မာသော အိပ်မက်ကို မမြင်မက်ရပေ။

**လူတို့ချစ်နှစ်သက်ခြင်းအကြောင်း။** ။ရင်, လည်၌ ဆွဲ၍ တွဲလွဲကျသော ပုလဲသွယ်ကဲ့သို့ရှင်း, ပန်းဆင်အပ်သော ပန်းကဲ့သို့ရှင်း မြင်သူ ကြားသူ အောက်မေ့သူတို့သည် ချစ်ခင် လေးမြတ်အပ်သည် စိတ်နှလုံးကို ရွှင်ပြုံးကြည်လင်စေတတ်သည် ဖြစ်ပါပေ၏။

**နတ်ဘီလူးများ ချစ်ခင်ခြင်းအကြောင်း။** ။လူတို့သည် ချစ်ခင်မြတ်နိုးသကဲ့သို့ နတ်ဘီလူးတို့ သည်လည်း ချစ်ခင်မြတ်နိုးပေ၏၊ နတ်များ ချစ်ခင်နှစ်သက်ပုံကို **ဝိသာခမထေရ်၏** ဝတ္ထုဖြင့် ပြအပ်၏။

ထိုမထေရသည် ပါဋ္ဌလိပုတ်ပြည်၌ သူကြွယ် ဖြစ်သတတ်။ ထို ဝိသာခ သူကြွယ်သည် ပါဋ္ဌလိပုတ်ပြည်၌ နေစဉ် သီဟိုဠ်ကျွန်းသည် စေတီ အစဉ်တို့ဖြင့်

တန်းဆာဆင်အပ်သတဲ့၊ ရဟန်းတော်တို့၏ သက်နိုးရောင်တို့ဖြင့် တပြောင်ပြောင် တောက်ပသတဲ့၊ အလိုရှိရာ အလိုရှိရာ အရပ်၌ပင်လျှင် ထိုင်ခြင်း, အိပ်ခြင်းကို ပြုနိုင်သတဲ့၊ ဥတု၏ မျှတခြင်း, ကျောင်း, အိပ်ရာ နေရာ၏ မျှတခြင်း, ပုဂ္ဂိုလ်၏ မျှတခြင်း, တရားနာရာ၌ မျှတခြင်းဟူသော အလုံးစုံသော မျှတခြင်း'သပ္ပါယ' ကို ဤ သီဟိုဠ်ကျွန်း၌ ရလွယ်ပေ၏ဟု ကြားသတတ်။

ထို ဝိသာခသူကြွယ်သည် မိမိ၏ စည်းစိမ်ချမ်းသာကို သားမယားအား ဆောင်နှင်း အပ်နှံခဲ့၍ ပုဆိုးစွန်း၌ ငွေအသပြာတကျပ်ကို ထုတ်လျက် အိမ်မှ ထွက်ခဲ့ပြီ၊ သင်္ဘောဆိပ်၌ သီဟိုဠ်ကျွန်းထွက်မည့် သင်္ဘောကို မြော်လင့် ငံ့ဆိုင်း လျက် တလပတ်လုံး နေ၏၊ ထို ဝိသာခသူကြွယ်သည် ကုန်သွယ်ခြင်း၌ ကျွမ်းကျင် လိမ္မာသောကြောင့် ငယ်ခြင်း ရောင်းခြင်းကိုပြုလုပ်ရာ ထိုတလအတွင်းဖြင့်သာ လျှင် ဥစ္စာတထောင်ကို ရမိ စုရုံးမိပေ၏။ အစဉ်သဖြင့် သီဟိုဠ်ကျွန်းသို့ ရောက် လျက် မဟာဝိဟာရကျောင်းတိုက်သို့ လာ၍ ရဟန်းအဖြစ်ကို လျှောက်ထား၏။

ထို ဝိသာခသူကြွယ်သည် ရဟန်းပြုခြင်းငှါ သိမ်သို့ ဆောင်လေသော် ထို ဥစ္စာတထောင်ထုပ်သည် ခါးစနစ်လျက် ပခုံးထက် တင်အပ်သော ပုဆိုးတွင်း (ခါးပိုက်ကြား)မှ မြေ၌ ထွက်ကျလေ၏။ "ဤ ဝတ္ထုသည် အဘယ်နည်း"ဟု မထေရ်များက မေးလေသော် "အရှင်ဘုရား အသပြာ တထောင်ပါတည်း"ဟု လျှောက်ဆို၍ မထေရ်များက ဒါယကာ ရဟန်းပြုသော ကာလမှစ၍ စိစစ် စီရင်ခြင်းငှါ မတတ်ကောင်း။ ရဟန်းမပြုမီ ယခုအခါ၌သာလျှင် ထို ငွေအသပြာ တထောင်ကို စိစစ် စီရင်လော့ဟု မိန့်၏။

ထိုဝိသာခသူကြွယ်သည် မိမိ၏ ရဟန်းပြုရာသို့ လာသူတို့သည် အချည်းနှီး သက်သက် လက်ချည်းချည်းသာ မပြန်စေကုန်သတည်းဟု ဆို၍ ဥစ္စာတထောင် ထုပ်ကို ဖြေ၍ သိမ်အပြင်၌ ကြဲဖြန့်၍ ရဟန်း ပဉ္စင်း ပြုလေ၏။

ထိုဝိသာခရဟန်းသည် ရဟန်းငါးဝါမျှ ဒွေမာတိကာတို့ကို နှုတ်၌ လေ့လာ သည်ကို ပြု၍ ဝါကျွတ်သော် ပဝါရဏာပြု၍ မိမိအား လျှောက်ပတ်သော ကမ္မ ဋ္ဌာန်းကို ယူ၍ တကျောင်းတကျောင်း၌ လေးလ,လေးလမျှနေ၍ ထိုထိုသို့သော ကျောင်းတိုက်၌ အညီအမျှဖြစ်သော နေခြင်းကို ပြုလျက် လှည့်လည်၍ ကျင့်၏။ ဤသို့ ကျင့်သော်—

တောကြား၌တည်လျက် သီဟဂဇ္ဇိတကို ကြုံးဝါးတတ်သော ဝိသာခမထေရ် သည် မိမိ၏ ဂုဏ်ကျေးဇူးအပေါင်းကို ဆင်ခြင်လတ်သော် ဤအနက်ကို မိန့် ဆိုလေ၏—

"ဆင်းရဲကင်းသည့် အကြင်မျှလောက်သောကာလမှစ၍ ရဟန်းပြု၏၊ အကြင်မျှလောက်သော ကာလဖြင့် ဤတောအလယ်သို့ ရောက်၏၊

ဤကာလအတွင်း၌ ချွတ်ချော် တိမ်းယိမ်းသော အကျင့်မည်သည် မရှိပေ။

အကြင်သူတော်ကောင်းတို့ ရအပ်သော ဂုဏ်ကျေးဇူးတို့သည် ရှိကုန်၏၊ ထိုဂုဏ်ကျေးဇူးတို့ကို သင်သည် ဩော် အရတော်စွ”ဟု မိန့်ဆိုလေ၏။

ထိုဝိသာခမထေရ်သည် စိတ္တလပဗ္ဗတကျောင်းသို့ သွားသော် နှစ်ဖြာကွဲသော ခရီး(လမ်းနှစ်ခွရှိသောခရီး)သို့ ရောက်၍ “ဤခရီးသည် လမ်းမှန်လော, သို့မဟုတ် ဤခရီးသည် လမ်းမှန်လော”ဟု ကြံစည်လျက် ရပ်တည်နေစဉ် ထိုမထေရ်အား တောင်စောင့်နတ်သည် လက်ကို ဆန့်တန်း၍ “အရှင်ဘုရား ဤခရီးသည် စိတ္တလပဗ္ဗတကျောင်းသို့ သွားသော ခရီးတည်း”ဟု လျှောက်ဆို၍ ညွှန်ပြလိုက်လေ၏။ ထိုဝိသာခမထေရ်သည် ထိုစိတ္တလပဗ္ဗတကျောင်းသို့ သွား၍ ထိုစိတ္တလပဗ္ဗတကျောင်း၌ လေးလပတ်လုံးနေ၍ နံနက်မိုးသောက် အလင်းရောက်သော အခါ၌ သွားအံ့ဟု ကြံလျက် အိပ်၏။

စင်္ကြံဦး၌ရှိသော သပြေပင်စောင့်နတ်သည် စောင်းတန်းပျဉ် (လှေခါးထစ်ပျဉ်)၌ ထိုင်၍ ငို၏။ အရှင်ဝိသာခမထေရ်သည် “ဤငိုသသူသည် အဘယ်သူနည်း”ဟု မေး၏။ “အရှင်ဘုရား တပည့်တော် သပြေပင်စောင့် နတ်ပါဘုရား”ဟု လျှောက်သော် အဘယ့်ကြောင့် ငိုဘိသနည်းဟု မေး၏။ အရှင်ဘုရားတို့ ခရီးသွားမည်ကို အကြောင်းပြု၍ ငိုပါ၏ဟု လျှောက်၏။

“သပြေပင်စောင့်နတ် ဤစိတ္တလပဗ္ဗတကျောင်း၌ ငါနေသော် သင်တို့အား အဘယ်အကျိုးရှိသနည်း”ဟု မေး၏။“အရှင်ဘုရား အရှင်ဘုရားတို့သည် ဤစိတ္တလပဗ္ဗတကျောင်း၌ နေကုန်သော် နတ်ဘီလူးတို့သည် အချင်းချင်း မေတ္တာကို ရကုန်၏၊ ထိုနတ်ဘီလူးတို့သည် ယခုအခါ အရှင်ဘုရားတို့ ကြွတော်မူကုန်လတ်သော် အချင်းချင်း ခိုက်ရန် ပြုကုန်လတ္တံ့၊ ရှန့်ရင်းကြမ်းကြုတ်သော စကားကိုလည်း ပြောဆိုကုန်လတ္တံ့”ဟု လျှောက်သော် ဝိသာခမထေရ်သည်“ငါ ဤအရပ်၌ နေသော် သင်တို့အား ချမ်းသာစွာ နေရခြင်း ဖြစ်အံ့၊ ကောင်းပြီ”ဟု ဆို၍ နောက်ထပ် လေးလတို့ပတ်လုံး ထိုစိတ္တလပဗ္ဗတကျောင်း၌ပင်လျှင် နေ၍ ထို ရှေးအတူသာလျှင် သွားလိုသော စိတ်ကို ဖြစ်စေပြန်၏။

သပြေပင်စောင့်နတ်လည်း ထိုရှေးအတူသာလျှင် တဖန်ငိုလာပြန်၏။ ဤဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် ထိုဝိသာခမထေရ်သည် ထိုစိတ္တလပဗ္ဗတကျောင်း၌သာလျှင် နေ၍ ထိုစိတ္တလပဗ္ဗတကျောင်း၌သာလျှင် ပရိနိဗ္ဗာန်ပြုတော်မူ၏။

ဤသို့ မေတ္တာဖြင့် နေလေ့ရှိသော ရဟန်းသည်(ကို) နတ်ဘီလူးတို့သည် ချစ်ခင်(အပ်)သည် ဖြစ်၏။

**နတ်များ စောင့်ရှောက်ခြင်း အကြောင်း။** ။အမိအဘတို့သည် မိမိရင်၌ ဖြစ်သော သားကို စောင့်ရှောက်ကုန်သကဲ့သို့ မေတ္တာဖြင့် နေလေ့ရှိသော ရဟန်းကို နတ်တို့သည် စောင့်ရှောက်ကုန်၏။

**မီး, အဆိပ်, လက်နက်များ မကျရောက်ခြင်း အကြောင်း** မေတ္တာဖြင့် နေလေ့ရှိသော ပုဂ္ဂိုလ်၏ ကိုယ်၌ ဥတ္တရာမည်သော ဥပါသိကာမ၏ ကိုယ်၌ မီးမလောင်သကဲ့သို့ မီးသည် မူလည်း မကျရောက် (မလောင်) နိုင်။ သံယုတ္တနိကာယ်ကို ဆောင်သော စူဠသိဝ မထေရ်၏ကိုယ်၌ အဆိပ်သည် မကျရောက် မဝင်သကဲ့သို့ အဆိပ်သည်မူလည်း မကျရောက်မဝင်နိုင်။ သံကိစ္စသာမဏေ၏ ကိုယ်၌ လက်နက်သည် မစူး, မဝင်, မရှနိုင်သကဲ့သို့ လက်နက်သည်မူလည်း မစူး, မဝင်, မရှနိုင်။ ထိုမေတ္တာကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီပုဂ္ဂိုလ်၏ ကိုယ်ကို မနှိပ်စက် မဖျက်ဆီးနိုင်။

ဤလက်နက် မစူး, မဝင်, မရှသည်၏အဖြစ်၌ သားငယ်ရှိသော နွားမဝတ္ထုကိုလည်း ဆရာတို့သည် ဆိုကုန်၏။

တကောင်သော သားငယ် အမိဖြစ်သော နွားမသည် နွားသားငယ်အား နို့ရည်အယဉ် ယိုစေလျက် တည်သတတ်။ မုဆိုးတယောက်သည် ထိုသားငယ် အမိဖြစ်သော နွားမကို ထိုးအံ့ဟူ၍ လက်ဖြင့် ပြန်လှဲ့ အရှိန်ယူ၍ အရိုးရှည်သော လှံမကို လွှတ်၏၊ ထိုလှံသည် ထိုနွားမ၏ ကိုယ်ကို ထိ၍ ထမ်းရွက်ကဲ့သို့ ခွေလိပ်သွား၏။

> ဤကဲ့သို့ ခွေလိပ်သွားသည်ကား ဥပစာရမေတ္တာ၏ အစွမ်းဖြင့် ခွေလိပ်၍ သွားသည်ကား မဟုတ်ပေ၊ အပ္ပနာမေတ္တာ၏ အစွမ်းဖြင့် ခွေလိပ်၍ သွားသည်လည်း မဟုတ်ပေ၊ ဥပစာရ အပ္ပနာမေတ္တာနှင့် မရောမယှက် သက်သက်၊ ဝါ-အကြောင်းတပါးနှင့် မရောမယှက် သက်သက် မိမိ ရင်သွေး ရင်သား နွားသူငယ်၌ ပြင်းပြစွာဖြစ်သော မေတ္တာစိတ်ရှိသည်၏ အဖြစ်ကြောင့်သာလျှင် ခွေလိပ်၍ သွား၏။

မေတ္တာဘာဝနာသည် ဤရွှေလောက်ပင် ကြီးမားသော အာနုဘော် ရှိပေ၏။

**စိတ်တည်ကြည်ခြင်း အကြောင်း။** ။မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းသောပုဂ္ဂိုလ်၏ စိတ်သည် လျင်မြန်စွာ တည်ကြည်၏၊ ထိုမေတ္တာ ဝိဟာရီပုဂ္ဂိုလ်အား စိတ်၏ နှေးနှေး ဖြည်းဖြည်း ဖြစ်သည်၏ အဖြစ်သည် မရှိ။

**မျက်နှာအဆင်း ကြည်လင်ခြင်း အကြောင်း။** ။အညှာမှ ကြွေခါနီးသော ထန်းသီးမှည့်ကဲ့သို့ ထိုမေတ္တာဝိဟာရီပုဂ္ဂိုလ်၏ မျက်နှာသည် အထူးသဖြင့် ကြည်လင်သောအဆင်း ရှိ၏။

**မတွေဝေပဲ သေလွန်ခြင်းအကြောင်း။** ။မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းသော ပုဂ္ဂိုလ်အား တွေဝေလျက် သေရခြင်းမည်သည် မရှိ၊ အိပ်ပျော်ခြင်းသို့ သက်သကဲ့သို့ မတွေမဝေသည် ဖြစ်၍ သေရ၏။

**ဗြဟ္မာ့ပြည်သို့ လားခြင်း အကြောင်း။** ။မေတ္တာသမာပတ်ထက် အလွန်ဖြစ်သော အရဟတ္တဖိုလ်ကို ရခြင်းငှါ မတတ်စွမ်းနိုင်ပါမူ ဤဘဝမှ စုတေ၍ အိပ်ပျော်သော ယောကျ်ား နိုးသောလားသို့ ဗြဟ္မာ့ပြည်၌ ဖြစ်ရ၏။

## မုတ်ကျွန်းဆရာတော်ဘုရား မေတ္တာပွါးနည်း

မုတ်ကျွန်းဆရာတော်ဘုရား၏ တပည့် ယောဂီအပေါင်းတို့အား ဟောကြားအပ်သော မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းနည်း တနည်းကိုလည်း အောက်တွင် ထည့်သွင်း ဖော်ပြ လိုက်ပါသည်။

မေတ္တာပို့သောအခါ အောက်ပါအတိုင်း မေတ္တာပို့ရပါမည်။

(၁) ငါသည်–ကိုယ်ရော စိတ်ပါ, စိတ်ရော ကိုယ်ပါ ကျန်းမာ ချမ်းသာရပါလို၏။

ဆင်းရဲခပ်သိမ်း ကင်းငြိမ်းရပါလို၏။

ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းရပါလို၏။

စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းရပါလို၏။

နှလုံးစိတ်ဝမ်း အေးချမ်းရပါလို၏။

စိတ်နှလုံး ရွှင်ပြုံးရပါလို၏။

ဖရဏာပီတိ ဂွမ်းဆီအိုသကဲ့သို့ ဝမ်းသာခြင်းတည်းဟူသော ပီတိတွေနှင့်လည်း ဝေဖြာနိုင်ရပါလို၏။

အတွင်းရန်, အပရန်ဟုဆိုအပ်သော ရန်အပေါင်းမှလည်း ကင်းဝေးနိုင်ရပါလို၏။

အလုံးစုံသော ဘေးအပေါင်းမှလည်း ကင်းဝေးနိုင်ရပါလို၏။

ကိုယ်ရော စိတ်ပါ, စိတ်ရော ကိုယ်ပါ ကျန်းမာ ချမ်းသာစွာနှင့် မိမိ၏ ခန္ဓာကိုယ် အတ္တဘောကို နိဗ္ဗာန်တည်း ဟူသော သောင်ကမ်းသို့ တင်ဆောင်နိုင်ရပါလို၏။

(၂) အခြေနှစ်ချောင်းရှိသော လူ နတ် ဗြဟ္မာစသော သတ္တဝါအပေါင်းတွေ—

ကိုယ်ရော စိတ်ပါ, စိတ်ရော ကိုယ်ပါ ကျန်းမာ ချမ်းသာကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ၊ စိတ်နှလုံး ရွှင်ပြုံးနိုင်ကြပါစေ၊ ဖရဏာပီတိ ဂွမ်းဆီအိသကဲ့သို့ ဝမ်းသာခြင်းတည်းဟူသော ပီတိတွေနှင့်လည်း ဝေဖြာနိုင်ကြပါစေ၊ အတွင်းရန် အပရန်ဟု ဆိုအပ်သော ရန်အပေါင်းမှလည်း ကင်းဝေးနိုင်ကြပါစေ၊ အလုံးစုံသော ဘေးအပေါင်းမှလည်း ကင်းဝေးနိုင်ကြပါစေ၊ ကိုယ်ရော စိတ်ပါ, စိတ်ရော ကိုယ်ပါ ကျန်းမာချမ်းသာစွာနှင့် မိမိ မိမိတို့၏ ခန္ဓာကိုယ် အတ္တဘောတွေကို နိဗ္ဗာန်တည်းဟူသော သောင်ကမ်းသို့ တင်ဆောင်နိုင်ကြပါစေ။

(၃) အခြေလေးချောင်းရှိသော ဆင် မြင်း ကျွဲ နွားစသော သတ္တဝါအပေါင်းတွေ၊

(၄) အခြေလုံးဝ မရှိသော မြွေစသော သတ္တဝါအပေါင်းတွေ၊

(၅) အခြေမြောက်များစွာရှိသော ပင့်ကူစသော သတ္တဝါအပေါင်းတွေ၊

(၆) အတိပ္ပိယ-အလွန်အလွန် ချစ်ခင်ထိုက်ကုန်သော သတ္တဝါ အပေါင်းတွေ၊

(၇) မဇ္ဈတ္တပိယ-အလယ်အလတ် ချစ်ခင် ထိုက်ကုန်သော သတ္တဝါအပေါင်းတွေ၊

(၈) သာမညပိယ-မြင်တွေ့ကာမျှဖြင့် ချစ်ခင်ထိုက်ကုန်သော သတ္တဝါအပေါင်းတွေ၊

(၉) ဝေရိပုဂ္ဂလ-မိမိတို့သည် မည်သူ တဦးတယောက်၏ အပေါ်၌ ရန်သူကဲ့သို့ မပြုမူ မပေါင်းသင်း မဆက်ဆံသော်လည်း မိမိတို့အပေါ်၌ ရန်သူကဲ့သို့ ပြုမူပေါင်းသင်း ဆက်ဆံပြီး သကာလ-နေထိုင် ကြကုန်သော သတ္တဝါအပေါင်းတွေ၊

(၁၀) မြေအတွင်း မြေအပေါ် မြေအောက်၌ တည်ရှိကြကုန်သော သတ္တဝါ အနန္တ မှန်သမျှတွေ၊

(၁၁) ရေအတွင်း ရေအပေါ် ရေအောက်၌ တည်ရှိကြကုန်သော သတ္တဝါ အနန္တ မှန်သမျှတွေ၊

(၁၂) ကောင်းကင်အတွင်း ကောင်းကင်အပေါ် ကောင်းကင်အောက်၌ တည်ရှိကြကုန်သော သတ္တဝါအနန္တ မှန်သမျှတွေ၊

(၁၃) အနောဓိသမေတ္တာ, ဩဓိသမေတ္တာတို့ဖြင့် အပ္ပိခံထိုက်ကုန်သော သတ္တဝါအပေါင်းတွေ။

(၁၄) ဒိသာဖရဏမေတ္တာ, သဗ္ဗဒိသာမေတ္တာ, အာဝေဏိကမေတ္တာတို့ဖြင့် အပ္ပိခံထိုက်ကုန်သော သတ္တဝါအပေါင်းတွေ။

**အထက်ပါအတိုင်း—**အမှတ်စဉ် (၁) တွင်–မိမိကိုယ်ကို ရှေးဦးစွာ မေတ္တာပွါးသ ပြီးလျှင် အမှတ်စဉ်(၂)မှစ၍ အမှတ်စဉ် (၁၄) အထိ အစဉ်အတိုင်း (ခေါင်းစီး)များ ရွတ်ထားပြီးလျှင် ကျန်သော မေတ္တာများကို အစဉ်အတိုင်း အားလုံး အတူတူ ရွတ်ဆိုမေတ္တာပွါးသကြရန် ဖြစ်ပါသည်။

**အပြီးသတ်တွင် —** ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဝမ်းသာကြပါစေ၊ လန်းဖြာကြပါစေဟု ဆိုကာ နောက်ဆုံး အပြီးသတ်ပါ။

မေတ္တာဗြဟ္မ ဝိဟာရ ပြီး၏။

---

### ကရုဏာဗြဟ္မ ဝိဟာရကမ္မဋ္ဌာန်း

ကရုဏာဟူသော ဗြဟ္မဝိဟာရကမ္မဋ္ဌာန်းကို ပွါးများ အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ကရုဏာကင်းခဲ့သည်၏အဖြစ်ဟု ဆိုအပ်သော ညှဉ်းဆဲခြင်း၌ အပြစ်ကိုရင်း ကရုဏာ၏ အကျိုးအာနိသင်ကိုရင်း ရှေးဦးစွာ ဆင်ခြင်အောက်မေ့ပြီးတော့မှရင် ကရုဏာဘာဝနာ တရားကို အားထုတ်အပ်ပေ၏။

**ပိယပုဂ္ဂိုလ်၌ ကရုဏာဘာဝနာကိုစ၍ မပွါးများရခြင်း** ထိုကရုဏာ ဘာဝနာကို အားသစ်သော ယောဂီသည် ရှေးဦးစွာ ပိယအစရှိသော ပုဂ္ဂိုလ်တို့၌ အားမသစ်အပ်ပေ၊ အပြစ်ကို ဆိုဦးအံ့၊ အကြောင်းကတော့ရင် ပိယပုဂ္ဂိုလ်သည် ချစ်ခင်အပ်သော အရာ၌သာ တည်၏၊ အလွန်ချစ်ခင်အပ်သော အတိပ္ပိယပုဂ္ဂိုလ်သည် အလွန်ချစ်ခင်အပ်သော အပေါင်းအဖော်အရာ၌သာ တည်၏၊ လျစ်လျူရှုအပ်သော မဇ္ဈတ္တပုဂ္ဂိုလ်သည် လျစ်လျူရှုအပ်သော အရာ၌သာ တည်၏၊ မချစ်မနှစ်သက်သော ပုဂ္ဂိုလ်

သည် မချစ် မနှစ်သက်အပ်သော အရာ၌သာ တည်၏၊ ဒေါသအမျက် ထောင်းထောင်းထနေသော ရန်သူပုဂ္ဂိုလ်သည် ရန်သူအရာ၌သာ တည်၏။

လိင်မတူသောပုဂ္ဂိုလ် သေသောပုဂ္ဂိုလ်တို့သည် ကရုဏာဘာဝနာ ပွါးများ ရမည့်ခေတ်တွင် မပါဝင်သည်သာ ဖြစ်၏။ ထို့ကြောင့် ပိယပုဂ္ဂိုလ်စသည်တို့၌ ကရုဏာဘာဝနာတရားကို ရှေးဦးစွာ မပွါးများအပ်ပေ။ (အားမသစ်အပ်ပေ)။

**ရှေးဦးစွာ ကရုဏာဘာဝနာ ပွါးများ ထိုက်သောပုဂ္ဂိုလ်**

ရှေးဦးစွာ အားသစ်(ပွါးများ)သည်ကို ဆိုကြစို့—ရဟန်းသည် အဘယ်သို့သော အခြင်းအရာအားဖြင့် ကရုဏာနှင့်တကွ ဖြစ်သော စိတ်ဖြင့် တခုသောအရပ်ကို ပြန့်နှံ့ပြီးတော့မှ နေဘိသနည်း၊ ဥပမာမှာ စည်းစိမ် ဥစ္စာပျက်စီး၍ အလွန်ဆင်းရဲနေသော ကာယ ဒုစရိုက်စသည်တို့နှင့် ပြည့်စုံသော တဒယာက်သော ပုဂ္ဂိုလ်ကို မြင်၍ ကရုဏာ ဖြစ်ရာသကဲ့သို့ ဤနှင့်မခြား အလားတူစွာ အလုံးစုံသော သတ္တဝါတို့ကို ကရုဏာဖြင့် ပြန့်နှံ့၍နေ၏ ဟူ၍ ဝိဘင်းပါဠိတော်၌ ဟောတော်မူသည်၏ အဖြစ်ကြောင့်—

အလုံးစုံသော သတ္တဝါတို့၏ ရှေးဦးစွာ တစုံတယောက်သောသူအား ကရုဏာဖြစ်သင့် ပါသလော၊ ဖောက်ပြန်သော ရုပ်ဆင်းရှိသော အလွန်အမင်း ဆင်းရဲ ငိုကြွေးခြင်းသို့ ရောက်သော ဆင်းရဲဒုက္ခရောက်သော မကောင်းသော အကုသိုလ်ဒုစရိုက်ကို ပြုလေ့ရှိသော အစာအာဟာရပြတ်သော ခွက်ကို ရှေ့မှထားပြီး တောင်းရင် ကိုးကွယ်ရာ မရှိသောသူတို့ နေထိုင်ရာဖြစ်သော စရပ်၌ နေသော လက်ခြေတို့မှ တိုးထွက်သော ပိုးလောက်အပေါင်းတို့ဖြင့် ပြည့်သော အထီးကျန်ရှိသော ဆင်းရဲသား ယောကျ်ားကို မြင်၍ ဤယောကျ်ားသည် အလွန်ဆင်းရဲငိုကြွေး ပင်ပန်းခြင်းသို့ ရောက်နေပါတကား၊ အဲဒီ ဆင်းရဲဒုက္ခမှ လွတ်မြောက်ခဲ့ပါမူ ဩော် ကောင်းပါလေစွဟု ကရုဏာကို ဖြစ်စေအပ်ပေ၏။

**စည်းစိမ်ဥစ္စာ ရှိသူကိုလည်း ကရုဏာ ပွါးများရခြင်း**

ထို အထီးကျန်သော သူဆင်းရဲယောကျ်ားကို မရသော ယောဂီသည် ချမ်းသာ သုခရှိပါလျက်လည်း မကောင်းမှုကို ပြုလေ့ရှိသော ပုဂ္ဂိုလ်ကို အသတ်ခံရမည့်သူနှင့် နှိုင်းယှဉ်ပြီးတော့မှရင် ကရုဏာကို ဖြစ်စေအပ်၏၊ အဘယ်သို့သော ကရုဏာဖြစ်စေအပ်သလဲဆိုရင် ခိုးထားအပ်သော ဥစ္စာနှင့်တကွ ဖမ်းမိနေသော ခိုးသူကို ထိုခိုးသူကို သတ်ကြလေကုန်ဟု စေခိုင်းသော မင်း၏ အာဏာဖြင့် မင်း၏ အာဏာသားတို့သည် ချည်၍ လမ်းလေးခွရှိသောအရပ်၌ (နေရာ၌) များစွာသော ရိုက်နှက်ခွင့်ကို ပေးကုန်လျက် လူသတ်ရာဖြစ်သော သုသာန်သို့ ထုတ်ကြကုန်

၏၊ ထိုခိုးသူအား သနားကြင်နာသောသူတို့သည် ခဲဖွယ်ကိုငင်း ဘောဇဉ်ကိုငင်း ပန်းနံ့သာ နံ့သာပျောင်း ကွမ်းယာတို့ကိုငင်း ပေးကြကုန်၏။

ထိုခိုးသူသည် ထိုခဲဖွယ် ဘောဇဉ်တို့ကို ရသည်၏ အဖြစ်ကြောင့်ငင်း သုံးဆောင်ရသည်၏ အဖြစ်ကြောင့်ငင်း ချမ်းသာသုခကို ရရှိသကဲ့သို့ စည်းစိမ်ကို ခံစားရသကဲ့သို့ အကယ်၍ကား သွားရသည်ရှိသော် ထိုခိုးသူကို တစုံတယောက်သောသူသည် ဤသူကား ချမ်းသာပေစွတကား၊ များသော အသုံးအဆောင်ရှိပေစွတကားဟု မအောက်မေ့ မမှတ်ထင်ကြပေ၊ ဤသူသည် သနားဖွယ်ရာကောင်း၏၊ ယခု အခါ၌ပင် သေရပေတော့လတ္တံ့၊ ဤသူသည် အကြင် ခြေကို ချလှမ်း၏၊ ထိုထို ခြေလှမ်းဖြင့် သေခြင်း၏ အနီး၌ ဖြစ်ပါပေ၏ဟု ထိုခိုးသူကို လူအပေါင်းတို့သည် သနားကြင်နာသကဲ့သို့ ဤသည့်မခြား အလားတူစွာပင် ကရုဏာကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီသည် ချမ်းသာ သုခရှိပါလျက် မကောင်းမှု အကုသိုလ် ဒုစရိုက်ရှိသော သူကို ဤသို့ သနားကြင်နာမှု ကရုဏာကို ဖြစ်စေအပ်၏။

**စည်းစိမ်ဥစ္စာရှိသော်လည်း အပါယ်ဘေးကို ရှုလျက် ကရုဏာဖြစ်စေခြင်း**

ဤသူသည် ယခုအခါ၌ ချမ်းသာခြင်းသို့ ရောက်သည်ဖြစ်၍ ချမ်းသာသုခကို ကောင်းစွာ ခံစားအပ်၏၊ စည်းစိမ်တို့ကို အကယ်၍ကား သုံးဆောင်ရ၏၊ ထိုသို့ သုံးဆောင်ရပါသော်လည်း ဒွါရသုံးပါးတို့တွင် တခုခုသော ဒွါရဖြင့်လည်း ပြုအပ်သော ကောင်းမှုကံ မရှိခြင်းကြောင့် ယခုပင်လျှင် အပါယ်တို့၌ များစွာသော ကိုယ်၏ဆင်းရဲမှုကိုငင်း စိတ်၏ဆင်းရဲမှုကိုငင်း ခံစားရလတ္တံ့ဟု သနားကြင်နာမှု ကရုဏာရှိအပ်၏။

ဤသို့ ချမ်းသာသုခ ရှိပါလျက် မကောင်းမှု အကုသိုလ်ကို ပြုလေ့ရှိသောသူကို သနားကြင်နာမှုပြုပြီး၍ ထို့နောက်၌ ဤဆိုအပ်ခဲ့ပြီးသော အစီအရင်နည်းအတိုင်းသာလျှင် ချစ်ခင်အပ်သော ပိယပုဂ္ဂိုလ်၌ငင်း လျစ်လျူရှုအပ်သော မဇ္ဈတ္တပုဂ္ဂိုလ်၌ငင်း ရန်သူပုဂ္ဂိုလ်၌ငင်း ဤသို့ အစဉ်အတိုင်း သနားကြင်နာမှုကို ဖြစ်စေအပ်၏။

**ရန်ငြိုးဖျောက်နည်းကို မေတ္တာအတိုင်း ရှုရန် မှာထားချက်**

ထိုကရုဏာ ကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ်အား ရှေး မေတ္တာ ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီအား ဆိုခဲ့ပြီးသော နည်းအားဖြင့်ပင် ရန်သူပုဂ္ဂိုလ်၌ အမျက်ဒေါသသည် အကယ်၍ ဖြစ်ပေါ်အံ့၊ အဲဒီလို အမျက်ဒေါသ ဖြစ်ပေါ် ခဲ့ပါသည်ရှိသော် ထိုအမျက် ဒေါသ

ကို မေတ္တာကမ္မဋ္ဌာန်း၌ ဆိုအပ်ပြီးသော အမျက်ဒေါသ ပယ်ဖျောက်နည်းကို အမှီပြု၍သာလျှင် အမျက်ဒေါသကို ငြိမ်းစေအပ်၏။

ဤ ကရုဏာ၏ အာရုံဖြစ်ပါသော သတ္တဝါအပေါင်းတို့တွင် အကြင်သူသည် ပြုအပ်ပြီးသော အကုသိုလ်မကောင်းမှု ရှိပါပေ၏၊ ထိုအကုသိုလ် မကောင်းမှုရှိသောသူကို ဆွေမျိုးတို့၏ ပျက်စီးခြင်း ရောဂါနှိပ်စက် ပျက်စီးခြင်း စည်းစိမ်ဥစ္စာပျက်စီးခြင်း အစရှိသည်တို့တွင် တပါးပါးသော ပျက်စီးခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ရှင်း ကြား၍ရှင်း ထို ပျက်စီးခြင်းတို့သည် မရှိပင် မရှိငြားသော်လည်း သံသရာဝဋ်ဆင်းရဲကို မလွန်ဆန်နိုင်သည်၏ အဖြစ်ကြောင့် ဤသူသည် ဆင်းရဲခြင်းသို့ ရောက်သောသူပင်တည်း၊ အဲဒီ ဆင်းရဲဒုက္ခမှ လွတ်မြောက်ခဲ့ပါသော် ကောင်းပေစွဟု သနားကြင်နာခြင်း ကရုဏာကို ဖြစ်စေအပ်၏။

ဤသို့ အလုံးစုံသော အပြားအားဖြင့် ကရုဏာဘာဝနာကို ပွါးများစေ၍ မေတ္တာဘာဝနာ၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင် မိမိ၌ရှင်း ချစ်ခင်အပ်သော ပိယပုဂ္ဂိုလ်၌ရှင်း လျစ်လျူရှုအပ်သော မဇ္ဈတ္တပုဂ္ဂိုလ်၌ရှင်း ရန်သူပုဂ္ဂိုလ်၌ရှင်း လေးဦးသော ပုဂ္ဂိုလ်တို့၌ရှင်း အပိုင်းအခြားကို ပယ်ဖျက်ခြင်း (သီမာသမ္ဘေဒ)ကို ပြု၍ ထိုသမထနိမိတ်ကို ရိသေစွာ မှီဝဲသည်ဖြစ်၍ ပွါးများသည်ဖြစ်၍ အကြိမ်များစွာ လေ့လာခြင်းပြုသည်ဖြစ်၍ မေတ္တာကမ္မဋ္ဌာန်း၌ ဆိုအပ်ပြီးပါသောနည်းကို အမှီပြု၍သာလျှင် တိကစျာန် စတုက္ကစျာန်၏ အစွမ်းဖြင့် အပ္ပနာကို ပွါးစေအပ်ပေ၏။

**ဝေရီပုဂ္ဂိုလ်၌ ရှေးဦးစွာ ကရုဏာဖြစ်စေရမည် ဟူသော အရာဘဦး၏ ဝါဒ**

အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ ရှေးဦးစွာ ဝေရီပုဂ္ဂိုလ်၌ ကရုဏာဖြင့် ရောက်အပ်၏၊ ထိုဝေရီပုဂ္ဂိုလ်၌ စိတ်ကို နူးညံ့သည်၏ အဖြစ်ကို ပြုပြီးတော့မှုရင် ဆင်းရဲဒုက္ခရောက်နေသောသူကို ကရုဏာရောက်အပ်၏၊ ထို့နောက်မှ ပိယပုဂ္ဂိုလ်သို့ ကရုဏာရောက်အပ်၏၊ တဖန် ထို့နောက်မှပင် မိမိကိုယ်ကို ကရုဏာရောက်အပ်၏၊ ဤကဲ့သို့ အစဉ်ကို ဆိုခဲ့ပေ၏။ ထိုအစဉ်ကတော့ရှင် (ဒုက္ခိတံ ဒုရှပေတ)ဟူသော ပါဠိတော်နှင့် မညီညွတ်သည်၏ အဖြစ်ကြောင့် ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းသာလျှင် ကရုဏာကမ္မဋ္ဌာန်းဘာဝနာ ပွါးများခြင်းကို အားထုတ်၍ အပိုင်းအခြား မရှိခြင်း သီမာသမ္ဘေဒကို ပြု၍ အပ္ပနာကို ဖြစ်စေအပ် ပွါးများအပ်၏။

ထို့နောက်မှ ငါးပါးသော အခြင်းအရာရှိသော အနောဓိသကရုဏာ ပြန့်နှံ့ခြင်း၊ ခုနစ်ပါးသော အခြင်းအရာရှိသော ဩဓိသကရုဏာ ပြန့်နှံ့ခြင်း၊ ဆယ်ပါးသော အခြင်းအရာရှိသော ဒိသာဖရဏကရုဏာ ပြန့်နှံ့ခြင်းဟု ဆိုအပ်သော ဈာန်၏ကွန့်မြူးခြင်း အထူးထူးကိုပြုခြင်း ဝိကုဗ္ဗနာကိုရှင်း ချမ်းသာစွာအိပ်ရ၏

အစရှိသည်ဖြင့် ဟောတော်မူအပ်သော အကျိုးအာနိသင်တို့ကိုငှင်း မေတ္တာဘာဝနာ၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင် သိအပ်ပါပေကုန်၏။

ကရုဏာဗြဟ္မဝိဟာရဘာဝနာ ပြီး၏။

---

## မုဒိတာဗြဟ္မဝိဟာရကမ္မဋ္ဌာန်း

မုဒိတာဘာဝနာကို အားသစ်လိုသော ယောဂီသည် ရှေးဦးစွာ ပိယ အစရှိသော ပုဂ္ဂိုလ်တို့၌ မုဒိတာဘာဝနာကို အားမသစ်အပ်ပေ၊ အကြောင်းမူကား ပိယပုဂ္ဂိုလ်သည် ချစ်အပ်သော အဖြစ်မျှကြောင့်လျှင် မုဒိတာ၏ နည်းစွာသော အကြောင်းမဟုတ်၊ မဇ္ဈတ္တပုဂ္ဂိုလ်တို့သည်ကား အဘယ်မှာလျှင် မုဒိတာ၏ နည်းစွာသော အကြောင်းဖြစ်နိုင်ပါအံ့နည်း၊ လိင်မတူသောပုဂ္ဂိုလ်၊ သေသော ပုဂ္ဂိုလ်တို့သည်ကား မုဒိတာဘာဝနာ ပွါးများရန် ခေတ်မဟုတ်၊ ထို့ကြောင့် ပိယစသော ပုဂ္ဂိုလ်တို့၌ ရှေးဦးစွာ မုဒိတာဘာဝနာကို အားမသစ်အပ်ပေ။

မုဒိတာဘာဝနာ ရှေးဦးစွာ ပွါးများ အလွန်ပင် ချစ်ခင်အပ်သော အပေါင်း ထိုက်သောပုဂ္ဂိုလ် အဖော်သည် မုဒိတာ၏ နီးစွာသော အကြောင်း ဖြစ်ပါပေ၏၊ (ဖြစ်သင့်ပေ၏၊)

